မြန်မာ့ဂုဏ်ဆောင်၊ ပုဂ္ဂိုလ်ထူး

# ဆရာကြီးဦးဘခင်

(အတ္ထုပ္ပတ္တိ နှင့်
သာသနာပြုလုပ်ငန်းများ)



ဒုတိယ အကြိမ်

ဦးကိုလေး၊ (ဇေယျာမောင်)၊ အငြိမ်းစား၊ ဒုတိယ၊ အဓိပတိ
မန္တလေး၊ တက္ကသိုလ်

မြတ်ဗုဒ္ဓစာစဉ် (၂)

မြတ်ဗုဒ္ဓသာသနာ ရောင်ဖြာဝင်းစေဘို့

# သာရာကြီး ဦးဘခင်

ရန်ကုန်မြို့၊ အင်းယားမြိုင်လမ်း

မြန်မာပြည် ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၏

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန နှင့်

## ဓမ္မရောင်ခြည်စေတီတော်

ကို ဗဟိုပြု၍

ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းများ

ဆောင်ရွက်ခဲ့သော

## မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး

ဦးကိုလေး (ဇေယျာမောင်)၊ အငြိမ်းစား၊ ဒုတိယ အမိပတိ

မန္တလေးတက္ကသိုလ်။

F-A

# မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး ဆရာကြီးဦးဘခင်

## ( အတ္ထုပ္ပတ္တိနှင့် သာသနာပြုလုပ်ငန်းများ )

၁၉၈၀–ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

အုပ်ရေ ၃၀၀၀။

တန်ဖိုး ၂၅ ကျပ်

ဘာသာရေး ကြိုတင်ခွင့်ပြုချက်အမှတ် (၁၅၃၂)

အဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် ( ၁၄၆ )

ထုတ်ဝေသူ ကင်းလွတ်ခွင့်အမှတ် (၅၈၈)

*** စာရေးသူ ***

ဦးကိုလေး (ဇေယျာမောင်)

*** ဖြန့်ချိရေး ***

ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့
အမှတ် ၃၁ (က)၊ အင်းယားမြိုင်လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ ***

ဦးဘဖိုး၊ အတွင်းရေးမှူး
ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၊
၃၁(က)၊ အင်းယားမြိုင်လမ်း၊ ရန်ကုန်မြို့။

*** အတွင်း/အဖုံးပုံနှိပ်သူ ***

ဒေါ်ဝါ (၀၂၅၀)၊ အင်တာနေရှင်နယ်ပုံနှိပ်တိုက်
အမှတ် ၂၊ မူလာအီစမန်လမ်း
မြေနီကုန်း၊ ရန်ကုန်မြို့။

# မာတိကာ


ဆရာ ဦးသုခ အမှာစာ

နိဒါန်း

အခန်း (၁) အုံညြကုန်နိုင်ဘွယ်လေ့တည့်မှ

ကါ။ နယူးဒေလီမြို့ရှိ ရှင်မဟိန္ဒ .... .... ၇
ခ။ မစ္စတာဗင်ကာတာရာမန် .... .... ၁၄
ဂ။ ဗုဒ္ဓဓမ္မ၏ အဆီအနှစ် (WHAT BUDDHISM IS) ၁၉
ဃ။ မစ္စတာ ဂျေ၊ ဗီ၊ အင်မာစဖုတ် .... .... ၂၅
င။ အမေရိကန် သီလရှင် ဒေါ်ကုမိ .... .... ၃၄
စ။ ဒေါက်တာ အယ်လီဇာဘက် ကေ၊ နော်တင်ဟမ်း ၃၈
ဆ။ ဒေါက်တာ လီယွန်၊ အီး၊ ရိုက် .... .... ၅၀

အခန်း (၂) စာရင်းစစ်မင်းကြီးအဖြစ်မှ ဆရာကြီး (ဂုရုကြီး) ဘဝသို့

က။ စာသင်ခန်းမှ လုပ်ငန်းခွင်သို့ .... .... ၆၇
ခ။ စာရေးဆရာ "ခင်ရွှေချို" .... .... ၇၁
ဂ။ တရားရှာသူ ဦးဘခင် .... .... .... ၇၅
ဃ။ ရန်ကုန်မှ ဝေဘူလတောင်သို့ .... .... ၈၁
င။ ငွေစာရင်းမင်းကြီး (ဝါ) ဂုရုကြီး ဦးဘခင် .... ၈၅

အခန်း (၃) ဓမ္မရောင်ခြည်စေတီတော်နှင့် လင်းလွန်းပင်ပျို

က။ တမူထူးခြားသည့် စေတီပုံတော် .... .... ၈၉
ခ။ လင်းလွန်းပင်ပျို .... .... .... ၉၄
ဂ။ ဓမ္မာရုံ .... .... .... .... ၉၅
ဃ။ တရားအားထုတ်သူတို့အတွက် တည်းခိုရိပ်သာများ ၉၅
င။ နတ်ဥယျာဉ်တမျှ၊ သာယာလှတဲ့ .... .... ၉၆
စ။ နေရာရှာပုံနှင့် တည်ဆောက်ပုံ .... .... ၉၈
ဆ။ ကမ္ဘာကျော်ကြားသွားသော ဓမ္မရောင်ခြည်စေတီတော် ၁၀၀

# မာတိကာ


အခန်း (၄) ရောက်လာပစဲ၊ တသဲသဲ

ထူးခြားသော ပါရမီရှင်များ

ကll မစ္စတာ ကိုးလ်မင်းနှင့် တဝါ့ဝါစုဝန် .... ၁၀၇
ခll မစ္စစ် ဗြူလာစမ့်မစစ်(သ်) .... .... ၁၂၆
ဂll မစ္စစ်ရုသ်၊ ဒင်နီဆင် .... .... .... ၁၃၂
ဃll မစ္စတာ ရောဘတ်၊ အိဂျ်၊ ဟိုးဗား .... .... ၁၆၇

ကမ္ဘာကြီးကို ကယ်တင်လိုကြသူများ

ကll ဒေါက်တာ ဂျွန်၊ ဟစ်စလော့ပ် .... .... ၁၈၂
ခll မစ္စတာ အန်ထော်နီ ဘရွတ်ခ်စ် .... .... ၁၉၁

တက္ကသိုလ်ပညာရှင်နှင့် ဘာသာနာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ

ကll ဒေါက်တာ ဝင်စတန်ကင်းနှင့် ပဏ္ဍစ်ကင်း .... ၁၉၇
ခll ဒေါက်တာ ဇေနီ .... .... .... ၂၀၀

အခန်း (၅) အနန္တငါးပါး၊ ဝပ်တွားပူဇော်ရာ၊ စေတီရိပ်သာ

ကll ကျေးဇူးတော်ရှင် ဝေဘူဆရာတော်နှင့် အိုး၊ အပ်၊ မီ ၂၁၃
ခll ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် နှစ်ကျိပ်ရှစ်ဆူ
ဆရာတော်ကြီးများချီးမြှင့်သော အိုး၊ အပ်၊ မီ .... ၂၃၃
ဂll အိုင်၊ အမ်၊ စီ နှင့် (၁၂)လရာသီ အထူးပူဇော်ပွဲများ ၂၄၀

အခန်း (၆) ဆရာကြီးနှင့် ကျွန်တော်

ကll မိရိုးဖလာ၊ ဗုဒ္ဓဘာသာ .... .... .... ၂၄၅
ခll ပထမအကြိမ် ကမ္ဘာ့ဉာဏ်အားထုတ်ခြင်း .... ၂၅၁
ဂll ဆရာကြီး ဦးဘခင်ထံမှောက် ရောက်လာခြင်း .... ၂၆၁
ဃll ပထမတရားပတ်၌ တွေ့ကြုံရသော အတက်အခဲများ ၂၆၈
ငll ဒုတိယ တာဝန် .... .... .... ၂၇၃
စll ဆရာကြီး၏ ပွင့်လင်းသော ဩဝါဒ .... .... ၂၈၅
ဆll ဆရာကြီးနှင့် ကျွန်တော်၊ ဝေဘူဆရာတော်ထံ၌
မြင့်မြတ်သောဉာဏ်ကဝ ခံယူခြင်း .... — ၂၉၅

## မာတိကာ


### အခန်း (၇) ဆရာကြီး၏ အားကိုးစရာ၊ တပည့်ကျောင်း ဦးဂိုအင်ကာ

က။ အိန္ဒိယနွယ်ဘွားများနှင့် အိုင်၊ အမ်၊ စီ .... ၃၂၂
ခ။ အိန္ဒိယပြည်တွင် ဦးဂိုအင်ကာ သာသနာပြုလုပ်ငန်း စတင်ခြင်း .... .... .... .... ၃၃၃

### အခန်း (၈) သာသနာနှစ်ထောင့်ငါးရာ၊ ရောက်ချိန်ခါမို့

က။ ဆရာကြီး၏ ကျန်းမာရေးအခြေအနေ .... ၃၅၄
ခ။ လျှမ်းလျှမ်းတောက်၊ ဤချိန်ခါ .... .... ၃၅၉
ဂ။ ခေတ်ကောင်းကြုံခိုက်၊ လို့လစိုက် .... .... ၃၇၅
ဃ။ အနောက်တိုင်းသို့၊ လှမ်းမျှော်ကြည့်ခါ .... ၃၈၇

### အခန်း (၉) ဘဝနေမှိန်၊ ဆည်းဆာချိန်

က။ ချို့ယွင်းလာသည့် ကျန်းမာရေး .... .... ၄၀၀
ခ။ မလျော့စတမ်း၊ လွန်ကြိုးပမ်း .... .... ၄၀၅
ဂ။ သာသနာ့အရေး၊ အသက်ပေး .... .... ၄၁၈
ဃ။ ဘဝနိဂုံး .... .... .... .... ၄၃၂
င။ ဝမ်းနည်းတသ၊ ဂုဏ်ပြုကြ၏ .... .... ၄၄၃

### အခန်း (၁၀) ကွယ်လွန်ပြီးခါ၊ ဆယ်နှစ်ကြာ

က။ ဓမ္မရောင်ခြည် စေတီရိပ်သာနှင့် အစဉ်အလာ ပူဇော်ပွဲများ အခြေအနေ .... .... .... ၄၅၁
ခ။ ပြည်တွင်းသာသနာပြုလုပ်ငန်း အခြေအနေ .... ၄၆၅
- ၁။ ရိုးရိုးတရားပတ်များ .... .... ၄၆၅
- ၂။ နိုင်ငံခြားသားများ တရားပြပေးခြင်း .... ၄၆၇
- ၃။ (၂၅)နှစ်မြောက် အထိမ်းအမှတ်နှင့် ရှင်ပြု ရဟန်းခံပွဲများကျင်းပခြင်း .... ၄၇၄
- ၄။ ကျေးဇူးတော်ရှင် ဝေဘူဆရာတော် ဘုရားကြီးအား နောက်ဆုံးပူဇော်ကြခြင်း .... ၄၈၂
- ၅။ ဆရာမနှင့် ဦးချစ်တင်တို့ နိုင်ငံခြားသို့ ထွက်ခွာသွားခြင်း .... .... .... ၄၈၅

## မာတိကာ


၈။ ပြည်ပသာသနာပြု လုပ်ငန်းများ အခြေအနေ

**မဇ္ဈိမဒေသ၊ အိန္ဒိယပြည်**

၁။ ဆရာကြီးအား သတိတရ၊ ဂုဏ်ပြုကြခြင်း ၄၈၆
၂။ တိုးတက်ဖြောင်မြင်လာသော ဦးဂိုအင်ကာ၏
ဆောင်ရွက်မှုများ .... .... .... ၅၀၄
၃၊ အမြဲတမ်းဝိပဿနာကမ္မဋ္ဌာန်းဌာနဖွင့်လှစ်ခြင်း ၅၁၂

**အမေရိကန်၊ အင်္ဂလန်နှင့် ဥရောပတိုက်**

၁။ အမေရိကန်ပြည် .... .... .... ၅၂၈
၂။ အင်္ဂလန်နှင့် ဥရောပတိုက် .... .... ၅၃၇

အခန်း (၁၁) ဆရာကြီး ဟောကြားခဲ့သော တရားများ

၁။ နိဗ္ဗာန်ရှေးရှု တော်လှန်မှု .... .... .... ၅၄၄
၂။ ဓမ္မဓာတ်နှင့် ပါပဓာတ်တရား .... .... ၅၅၃
၃။ ဝါဒဆိုတရား .... .... .... .... ၅၅၄
၄။ ဗုဒ္ဓဘာသာဆိုတာ—ဒါဘဲ (အင်္ဂလိပ်ဘာသာ) .... ၅၆၆
၅။ လက်တွေ့ဗုဒ္ဓဓမ္မ၏ အဆီအနှစ်များ (အင်္ဂလိပ်ဘာသာ) ၅၆၇
၆။ ဗုဒ္ဓဘာသာ ဝိပဿနာတရား လုပ်ငန်း၏ တန်ဘိုးအစစ်
အမှန်များ (အင်္ဂလိပ်ဘာသာ) .... .... ၅၇၉
၇။ ဆရာကြီးဟောကြားသော တရားမျိုးစုံမှ ကောက်နုတ်
ချက်များ (အင်္ဂလိပ်ဘာသာ) .... .... ၅၈၃

အခန်း (၁၂) ကျေးဇူးရှင် ဆရာကြီးထံ တောင်းပန်လွှာနှင့်
ဂတိပြုအပ်စာတင်သွင်းခြင်း .... .... ၅၈၄

နောက်ဆက်တွဲ ၁။ သရေစည်သူဆရာကြီး ဦးဘခင်၊ အတ္ထုပ္ပတ္တိ
အကျဉ်းချုပ် အဓိကရအကြောင်းအရာ၊
နေ့စွဲ၊ ရက်စွဲများ ... .... .... ၅၉၁
၂။ ဆရာကြီး ဦးဘခင် ထမ်းဆောင်ခဲ့သော
အစိုးရတာဝန်ဝတ္တရားများ၊ အစိုးရဌာန
ကြီးများ၊ အထူးတာဝန် ဝတ္တရားများ .... ၅၉၆

## မာတိကာ


၃။ အိုင်အမ် စီ၏ သာသနာပြု လုပ်ငန်းစဉ်ကို အားပေးချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင်၊ ဆရာတော်၊ သံဃာတော်များ.... ၅၉၈

၄။ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ တရားအားထုတ်သူများ လိုက်နာရန် လိုအပ်သည့် အချက်များ .... .... .... ၅၉၉

၅။ မြန်မာ့ ဂုဏ်ဆောင် ကမ္ဘာ့ သာ သ နာ ပြု ပူဂိုလ်ထူး ဇေယျာမောင် .... .... ၆၀၀

၆။ ကွယ်လွန်သူ ဆရာကြီး ဦးဘခင် ဂုဏ်ပြုစာတမ်း ဦးကိုလေး.... .... .... ၆၀၃

၇။ ၁၉၈၀-ခု၊ မတ်လ(၂)ရက်နေ့တွင် ကျင်းပသော (၂၇) ကြိမ်မြောက် ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး သဘာပတိ ဦးတင့်ရိမ်နှိုခွန်း .... ၆၀၈

၈။ အထောက် အထား ပြု၊ စာ ရွက် စာ တမ်း၊ စာနယ်ဇင်းနှင့် ကျမ်းညွှန်းစာရင်း .... ၆၁၃

# ဤစာအုပ်အကြောင်း။

ဤစာအုပ်သည် ဗုဒ္ဓဒေသနာတော်များကို ရေးသားပြုစုထားသည့် ဓမ္မကျမ်းဂန်တခု မဟုတ်ပါချေ။

ဗုဒ္ဓဒေသနာတော် ကျင့်စဉ်အတိုင်း ကျင့်ဆောင် အောင်မြင်ခဲ့သောပုဂ္ဂိုလ်ကြီးတဦး၏ ကိုယ်တွေ့တရားများနှင့် ဓမ္မမိတ်ဆွေများအား တဆင့် သင်ကြား ပို့ချခဲ့သည့် အကြောင်းအရာများကို စုဆောင်းရေးသား ပြုစုထားသည့် အတ္ထုပ္ပတ္တိတခုသာ ဖြစ်ပါသည်။

အတ္ထုပ္ပတ္တိရှင်ကား မြန်မာနိုင်ငံတော်အစိုးရ ငွေစာရင်းဌာနမင်းကြီးစည်သူ၊ သရေစည်သူ ဆရာကြီးဦးဘခင် ဖြစ်ပါသည်။ ဆရာကြီးအား ကျွန်တော် မတွေ့ကြုံခဲ့ရဘူးပါ။

၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလဦးက ရခိုင်ပြည် ကျောက်ဖြူမြို့သို့သွားရာ ပြည်တော်ညွန့်သင်္ဘောပေါ်တွင် ခရီးဖော်အဖြစ် ဆုံခဲ့ရသော အမြတ်တော်ကြေးမင်းကြီး ဦးစံသိန်းထံမှ ဆရာကြီး၏ သာသနာပြု လုပ်ငန်းများအကြောင်းကို-စတင် ကြားနာခဲ့ရပါသည်။

ဦးစံသိန်းသည် ဆရာကြီး၏ တပည့်ရင်း ယောဂီတယောက်ဖြစ်ပါသည်။ ထိုစဉ်က သုတေသနညွှန်ကြားရေးဝန် ဆရာဦးဖိုးလတ်လည်း ပါလာလေရာ ဦးစံသိန်းနှင့် တရားဆွေးနွေးကြပြီးသည့် နောက်တနေ့နံနက်တွင် ထိုသင်္ဘောပေါ်၌ပင် ရုတ်တရက် ကွယ်လွန်သွားရှာသော ဦးစံသိန်း၏ ဝမ်းနည်းဘွယ်အဖြစ်အပျက်မှာ အမှတ်တရ ဖြစ်စေပါသည်။

ဆရာကြီးဦးဘခင်သည် သာသနာပြုရာတွင် တနည်းတဖုံထူးချွန် အောင်မြင်သော ပါရမီရှင်ကြီးတယောက်ဟု ဆိုရပါမည်။ ကမ္ဘာအရပ်ရပ်သို့ ကိုယ်တိုင်ကြွရောက် ဟောကြားခြင်းမရှိပါပဲလျက် သူ၏ ဩဝါဒခံ တပည့်ယောဂီကြီးများ ကမ္ဘာအနှံ့အပြား ရှိနေကြပါသည်။

အာရှ၊ ဥရောပ၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန်၊ ဩစတေလျစသည့် နိုင်ငံတော်တော်များများ၌ ဓမ္မရိပ်သာခွဲများပင် တည်ထောင် ဖွင့်လှစ်ထားရှိကြပါသည်။

# ဤစာအုပ်အကြောင်း

ဝိပဿနာတရားဟူသည် ဗုဒ္ဓဘာသာမြန်မာတဦးကိုပင် သဘောပေါက်အောင် (ဥာဏ်စဉ်မှီအောင်)မြန်မာစကားဖြင့် ဟောပြောပို့ချနိုင်ဘို့ အလွန်ခဲယဉ်းရကား နိုင်ငံခြားသား လူဦးရေ တော်တော်များများကို အင်္ဂလိပ်ဘာသာဖြင့် ယထာဘူတကျနပိုင်နိုင် ကျင့်စေနိုင်သည်အထိ ဆောင်ရွက်ခဲ့သည်မှာ အဟောဝတပင် ဖြစ်ပါသည်။

ဤကဲ့သို့ ပြုနိုင်စွမ်းသော ပါရမီသမ္ဘာရ မြစ်ဖျားခံရာအစကို ကြည့်မြှော်လိုက်ရမည်ဆိုလျှင် ကျေးဇူးတော်ရှင် လယ်တီ ဆရာတော် ဘုရားကြီးကို ရှိခိုးဦးတိုက်ရပါလိမ့်မည်။

မေခနှင့် မေလိခဟူသော မြစ်နှစ်သွယ် ပေါင်းစပ်လေသောကြောင့် မြစ်ကြီးဧရာဝတီ ဖြစ်လာသကဲ့သို့ ပရိယတ္တိနှင့် ပဋိပတ္တိ နှစ်သွယ်ပေါင်းစပ်လေသောကြောင့် လယ်တီဆရာတော် ဖြစ်လာသည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ ယင်းဆရာတော်ကြီးသည် မြန်မာပြည်တနံတလျားမှ လွန်၍ အင်္ဂလန်နိုင်ငံအထိ သာသနာပြုတော်မူခဲ့သည်။

"သာသနာ တဝက်သီသီ နင်းကာမှ၊ ကမ္ဘာမှာ ဓမ္မစက်ခြည်လင်းစေဘို့၊ သည်အသင်းအချိန်ကျပြီလို့ နှလုံးဝယ်ရည်၊ ထေရ်သနင်းမဟိန္ဒလိုပ၊ ဖုန်းလယ်တီ။"ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ထောပနပူဇာ လေးချိုးကြီးစ ခဲ့ရသည်။

ထိုသို့ မာတင်မုန်သောက် စွယ်စုံမြောက်သော တရားရှင်ကြီးထံဝယ် ဆယ်နှစ်ဆယ်မိုး အားသွန်ကြိုးလျက် နိုးနိုးကြားကြား ဖဝါးခြေကပ် ချဉ်းကပ်နည်းယူ တပည့်ရင်းဘွဲ့ ဆွတ်ချူနိုင်ခဲ့သူကား အနာဂါမ်ဆရာသက်ကြီး ဖြစ်သည်။

"နင့်ကို ငါ ပရိနိဗ္ဗာန်စံတဲ့အချိန်အထိ ပစ်မထားပါဘူး"ဟု လယ်တီဆရာတော်ကြီး ကိုယ်တော်တိုင် အာမဝန်တာခံ၍ ဆရာသက်ကြီးအား စောင့်ရှောက် သင်ပြခဲ့သည်ဟု သိရပါသည်။

ထိုလယ်တီအရှင်မြတ်ထံမှ လက်ထပ်နည်းယူခဲ့ရသော ထိုအနာဂါမ်ဆရာသက်ကြီးကဲ့သို့၊ ဤဆရာဦးဘခင်မှာလည်း၊ ထိုဆရာကြီးဆရာသက်၏ဥပနိဿယျခံဖူးဆည်းပူးခဲ့ရသည်။ ထိုအကြောင်းအကျိုး အဆက်အနွယ် ပါရမီဗီဇတို့ကြောင့်ပင် ဤ ဦးဘခင်သည်လည်း ကမ္ဘာအနှံ့ နိုင်ငံပြန့်အောင် ဗုဒ္ဓသာသနာ ဖြန့်နိုင်ပါပေသည်ဟုဆိုရန် ရှိပါသည်။

# ဤစာအုပ်အကြောင်း

ဦးဘခင်က ဝေဘူဆရာတော်ဘုရားအား သွားရောက် ဖူးမြော်သည်။ ပထမဦးစွာ ဆရာဒကာ တွေ့ဆုံသည့်အချိန်တွင်ပင် ဆရာတော်ဘုရားကဗျာဒိတ်စကားကဲ့သို့ မိန့်ကြားတိုက်တွန်းတော်မူလိုက်သည်။

''ဒကာကြီးက ပါရမီရှိပေတယ်၊ ကိုယ်သိတဲ့တရားနဲ့ အများကိုလဲ သာသနာပြုရမယ်'' ဟူသတည်း။

ကျွန်တော်တို့သည် ဆရာကြီးဦးဘခင် ကွယ်လွန်ပြီးခါမှ ဆရာကြီး တည်ထောင်ခဲ့သော အင်းယားမြိုင်လမ်း အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိမေမ္မရိပ်သာကို ရောက်ခဲ့ရပါသည်။ ဆရာကြီးက လက်မွန်မဆွပျိုးထောင်ခဲ့သော တရားဥယျာဉ်ကို ရှင်သန်ကြီးပွားအောင် တပည့်ရင်းများက ဆက်လက် ဆောင်ရွက်နေကြသည်။

တခါက နိုင်ငံပေါင်း နှစ်ဆယ်မှ ယောဂီဥပသကာ၊ ဥပါသိကာ လေးဆယ်လောက် စုဝေးလာရောက်၍ ရဟန်းခံကြသည်၊ ယောဂီပြု၍ တရားဝင်ကြသည်။ အနေအထိုင်၊ အပြောအဆို၊ အသွားအလာမှစ၍ သမဏသာရုပ္ပ သမဏ ပဿာဒ အပြည့်အဝ ကြည်ညိုခဲ့ရပါသည်။ အံ့ဩဝမ်းသာ စူးစမ်းကြည့်သောအခါ ဆရာကြီးဦးဘခင်က ပါတိမောက်အကျဉ်းကို အင်္ဂလိပ်ဘာသာဖြင့် စာစောင်တခုပြုကာ ဖြန့်ဝေထားသည်။ ဆယ်နှစ်လောက်ပင် ကြာရှိပြီ။ လုံးစေ့ပါဠိစေ့ နားလည်၍အချို့မှာ အာဂုံပင် ဆောင်နိုင်ကြကြောင်း သိခဲ့ရသည်။ ထိုပုဂ္ဂိုလ်များတွင် ကျောင်းဆရာ၊ စာရေးစာချီ၊ လုပ်ငန်းပိုင်ရှင်များမှ အစပြု၍ ပါမောက္ခ၊ ပါရဂူ၊ ဒေါက်တာ ဘွဲ့များအထိ လူတန်းစားအသီးသီးဖြစ်သည်။

ဆရာကြီးဦးဘခင်၏ ပါရမီကို ချီးကျူးရသည်။ ထိုမှဘဆက်တည်း

နိုင်ငံတပါး လူမျိုးခြားတို့က ဗုဒ္ဓသာသနာကို မည်သို့ သုံးသပ်ဆင်ခြင်ကြသနည်း။

မည်သို့ ကြည်ညိုကြသနည်း။

မည်သို့ တရားကိုယ်တွေ့ ရှိကြသနည်း။

ထို (နည်းပေါင်းများစွာ) ကို အကျယ်တဝင့် သိလိုသောဆန္ဒ ကျွန်တော့်မှာ တဖွားဖွားပေါ်ခဲ့ရပါသည်။

ဤစာအုပ်သည် ကျွန်တော်၏ ကာလရှည်ကြာ တောင့်တလာခဲ့သော ဆန္ဒကို ပြည့်ပြည့်ဝဝ ဖြည့်စွမ်းလိုက်ပြီ ဖြစ်ပါသည်။

# ဤစာအုပ်အကြောင်း

ဤစာအုပ်ကိုပြုစုသူ မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ (အငြိမ်းစား) ဆရာဦးကိုလေး (ဇေယျာမောင်)သည် ဆရာကြီး ဦးဘခင်ထံ နှစ်ပေါင်းရှည်ကြာ တပည့်ခံ၍ ဆက်ဆံငုံနိုးသူ ဖြစ်ပါသည်။ ဆရာကြီး၏ မဇ္ဈိမသက ဒြဲာ ါဒ ုန်းကို ဦးထိပ်ထက် ဆင်မြန်းခဲ့သူဖြစ်သည်သာမက ဆရာကြီးဦးဘခင်နှင့်အတူ ဝေဘူဆရာတော်ဘုရား ထံတော်ပါးမှာ ဥပသမ္ပဒါကံ ခံယူပြီး တရားဝင်ကာ စစ်ဆေးခြင်း ခံခဲ့လေသည်။

ဆရာကြီးနှင့် အတွင်းကျကျ အတူနေပြီး အပြည်ပြည်ရှိ ယောဂီတပည့်များထံမှ ဓမ္မရေးရာ စာပေးစာယူတို့ကို ဖတ်ရှုခဲ့ရသူ၊ ဆရာကြီး၏ အမိန့်အရ စာပြန်ခဲ့ရသူ ဖြစ်ရုံမျှမက ဆရာကြီး၏ အတွင်းရေးတို့ကိုပါ ကိုယ်တိုင် ဆွေးနွေးမေးမြန်းသိမှီးလာသော ဘဏ္ဍာတိုက်၊ ရတနာတိုက်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် စာပြုသူ ဆရာဦးကိုလေးအား ကျေးဇူးတင်ရပါသည်။

ဤစာအုပ်သည် ဇေယျာမောင်၏ ဗုဒ္ဓစာစဉ်အမှတ် (၁) မြတ်ဗုဒ္ဓဒေသနာကျမ်းထက် သက်ဝင်လှုပ်ရှား စိတ်ဝင်စားစရာအပြည့် ပါရှိနေကြောင်း ကျွန်တော် ပြောဝံ့ပါသည်။

သုခိအတ္တာနံ ပရိဟရန္တု။

.သုခ။

၂၅၊ ၇၊ ၈၀။

ရတနတ္တယံ၊ အဟံ ဝန္ဒာမိ။

# နိဒါန်း။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်သော ဘဝသက်တမ်း နှစ်အနည်းငယ်အတွင်းတွင် ကမ္ဘာကျော်ကြားသော၊ ကမ္ဘာက လေးစားဂုဏ်ပြုသော မြန်မာ့သားကောင်းရတနာ၊ ရဟန်းရှင်လူ၊ ပုဂ္ဂိုလ်မွန်များ ပေါ်ထွက်ခဲ့ပေပြီ။

ယင်းပုဂ္ဂိုလ်များတွင် ဆရာကြီး ဦးဘခင်ခေါ် သရေစည်သူ ဦးဘခင်သည် တဦးအပါအဝင် ဖြစ်ပေသည်။

လူပုဂ္ဂိုလ် အနေဖြင့်သော်၎င်း၊ ဆောင်ရွက်သော လုပ်ငန်းသဘောကြောင့်၎င်း၊ သရေစည်သူ ဦးဘခင်ကို ကမ္ဘာကလေးစားကြ၏။ ကြည်ညိုကြ၏။ ဂုဏ်ပြုကြ၊ ချီးကျူးကြ၏။

ထိုသို့ ကမ္ဘာက ချီးကျူးဂုဏ်ပြုသော သတင်းများ မြန်မာပြည်တွင် ပျံ့နှံ့မသွားမီ သရေစည်သူ ဦးဘခင်သည် ၁၉၇၁ ခု၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရှာသည်။ ထို့ကြောင့် ကမ္ဘာက သိသော ဦးဘခင်ကို မြန်မာအများက ကောင်းစွာမသိကြသေးသော အခြေအနေ၌ ရှိနေသည်ဟု ဆိုရပေမည်။

သရေစည်သူ ဦးဘခင်ကို ငွေစာရင်းမင်းကြီးအဖြစ်၊ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာန ညွှန်ကြားရေးမှူး အဖြစ်၊ အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ကျောင်းအုပ်ကြီးအဖြစ်၊ အစိုးရဌာန၊ ဘုတ်အဖွဲ့ ကော်ပိုရေးရှင်း၊ ဘဏ်များနှင့် ကော်မရှင် အများအပြားတွင် အဖွဲ့ဝင် လူကြီးအဖြစ်၊ အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဌာနတာဝန်ခံများကကောင်းစွာသိရှိကြပါ၏။ ထို့အတူ အထက်တန်း၊ ရာထမ်းမှ အောက်ဆုံးရုံးလုလင်များအထိ ပြည်သူ့ဝန်ထမ်း နယ်ပယ်မှ လူအပေါင်းသည်လည်း ဦးဘခင်နှင့် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ကြရသည်၊ ဦးဘခင်၏ လက်အောက်ခံအဖြစ် အမှုထမ်းခဲ့ကြရသည်။ ဦးဘခင်ထံမှ ပညာသင်ယူခဲ့ရသော တပည့်တပန်းများ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဦးဘခင်ကို သိကြသော လူပေါင်းများစွာ ရှိခဲ့ပါသည်။

သို့ရာတွင် ဤသို့သိပုံမျိုး ဆက်ဆံခဲ့ပုံမျိုးကို ဤနေရာ၌ ဆိုလိုသည် မဟုတ်ပါ။

# နိဒါန်း

ရန်ကုန်မြို့၊ အင်းယားမြိုင်လမ်း အလယ်ဗတိုလောက်တွင် လမ်းနှင့် ကိုက် (၂၀၀) ခန့်အကွာ တောင်ကုန်း ကမူကလေးပေါ်တွင် ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ ဖူးမြော်ရသော ဓမ္မရောင်ခြည်ဘွဲ့မည်တော်ရှိ စေတီတော် တဆူ တည်ရှိ၏။ ထိုစေတီတော်ကို မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာ အဖွဲ့မှ ကြီးမှူးလျက် ၁၉၅၂ ခုနှစ်က တည်ထားပူဇော်ခဲ့ကြ၏။ အင်းယားမြိုင်လမ်းပေါ်မှ ဥဒဟို ခရီးသွားနေကြသော လူအများသည် ကိုက် (၂၀၀) အကွာ၌ ဤသပ္ပာယ်သော စေတီတော် တည်ရှိနေသည်ကို သတိမူခဲလှပေသည်။ သိရှိသူ နည်းပါးလှပေသည်။

အဆိုပါ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၏ဥက္ကဋ္ဌနှင့် ဘာသာရေး ဆိုင်ရာ လမ်းညွှန်ပြပေးခဲ့သော ပုဂ္ဂိုလ်မှာ ဦးဘခင်ဖြစ်ကြောင်း၊ ဦးဘခင်သည် ဝိပဿနာအဖွဲ့ စတင်တည်ထောင်သည်မှ ကွယ်လွန်ချိန်အထိ ကမ္မဋ္ဌာန်းပြလုပ်ငန်းကို ဆောင်ရွက်သွားခဲ့သော ဆရာတဆူဖြစ်ကြောင်း ဓမ္မရောင်ခြည် စေတီရင်ပြင်သည် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၏ အချက်အချာနေရာ၊ အဖွဲ့တည်နေရာဖြစ်ကြောင်း။ ဤဌာနသို့ အမှန်တရားနှင့် ကိုယ်တွင်းငြိမ်းအေးမှုကို ရှာဖွေနေကြသူ ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်အမျိုးမျိုး ရောက်ရှိလာကြကြောင်း ဆရာကြီးထံမှောက်၌ အမြိုက်တရား အရသာကို သုံးဆောင်ခံယူသွားကြကြောင်း စသည်တို့ကို သိရှိသူ၊ သာလွန်၍ပင် နည်းပါးပေသည်။

အမှန်စင်စစ် ကမ္ဘာတဝှမ်းက ဦးဘခင်ကို မြန်မာနိုင်ငံမှ ထိပ်တန်းအစိုးရ အရာရှိကြီး သရေစည်သူ ဦးဘခင်အဖြစ် သိကြသည်မဟုတ်ပါ။ ဓမ္မရောင်ခြည် စေတီရင်ပြင်မှ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ၊ ကမ္မဋ္ဌာန်း တရားပြဆရာကြီးအဖြစ်သာ သိရှိကြသည်။ ထိုထိုသူများအတွက် သရေစည်သူ ဟူသော ဂုဏ်ထူးဘွဲ့ထူးမှာ ထူးခြားသောအဓိပ္ပာယ် မဆောင်ပါ။ ဆရာကြီး။ ဂုရုကြီးဟူသော ဂုဏ်ပုဒ်ကိုသာလျှင် အဓိပ္ပာယ်ရှိသည်။ လေးနက်သည်။ ကမ္မဋ္ဌာန်း တရားပြ ဆရာကြီးအဖြစ်သာ သူတို့က ဆရာကြီးကို သိကြသည်။ ကြည်ညိုကြသည်။ လေးစားကြသည်။

စာရေးသူအနေဖြင့်လည်း နာယဂုဏ်နှင့်ပြည့်စုံသည့် ဌာနအကြီးအကဲတဦး အဖြစ် ဆရာကြီးကို ကြည်ညိုခဲ့ခြင်းမဟုတ်ပါ။ အစိုးရ အမှုထမ်းခဲ့ကြစဉ်က အချင်းချင်း သိကျွမ်းခြင်းပင် မရှိခဲ့ကြပါ။ လောက၏ အထုအနှက်ကို ကြံ့ကြံ့ ခံနိုင်စေသော၊ နိဗ္ဗာန်ချမ်းသာသို့ ပို့ဆောင်ပေးနိုင်စွမ်းသော ဗုဒ္ဓ၏တရားထူး တရားမြတ်ကို လက်တွေ့ပြသ ပေးသနားခဲ့သည့် ပဋိပတ္တိအရာ သင်ဆရာကြီးအဖြစ်သာ ၁၉၆၀ ခုနှစ်မှ စ၍ မြတ်နိုးကြည်ညိုခဲ့ခြင်း ဖြစ်ပါသည်။

# နိဒါန်း

ဤနေရာတွင် ကျွန်တော့်မိတ်ဆွေ တဦး၏ ကိုယ်တွေ့ အဖြစ်အပျက် ကလေးတရပ်ကို တင်ပြလိုပါသည်။ ဤစာအုပ်ကိုရေးသားရန် အစီအစဉ်ပြုလုပ် နေစဉ် ထိုမိတ်ဆွေသည် ကျွန်တော့်ထံသို့ တနေ့တွင် ရောက်လာပါသည်။

ရောက်မဆိုက်ပင် သူက "ဒီတခါ ဘာအကြောင်းအရာတွေ ရေးမှာလဲ၊ သမိုင်းလား၊ နိုင်ငံရေးလား" ဟု မေးမြန်းရာ "ခင်ဗျား၊ အံ့ဩသွားမှာဘဲ နိုင်ငံ ရေးတော့ လုံးဝမဟုတ်ဘူး၊ သမိုင်းဝင် မှတ်တမ်းလို့တော့ ခေါ်နိုင်မယ်ထင် တယ်၊ ဒါပေမဲ့ ရိုးရိုးသမိုင်းမျိုးတော့ မဟုတ်ဘူး၊ ဗုဒ္ဓဘာသာ၊ သာသနာပြု မှတ်တိုင်တခုအဖြစ် ရေးနေတာဘဲ" ဟု ပြန်ဖြေလိုက်ပါသည်။

"ဘယ်လိုဗျ၊ သာသနာပြုမှတ်တိုင်"

"အင်း၊ ဒီလိုဘဲ ကျွန်တော်ယူဆတာဘဲ။ ခရီးလမ်းမကြီးများမှာပေါက် ရောက်ခဲ့တဲ့ ခရီးသိရအောင် မိုင်တိုင်ခေါ်တဲ့ အမှတ်အသားတွေ စိုက်ထူထား တယ် မဟုတ်လား၊ ဆရာကြီးဦးဘခင်ဆိုတဲ့ သာသနာပြုပုဂ္ဂိုလ်ကြီးရဲ့ ဗုဒ္ဓသာ သနာပြုလုပ်ငန်းမှာလဲ ဒီလိုဘဲ၊ ဘယ်လောက် ပြီးမြောက်အောင်မြင်ခဲ့တယ်ဆို တာ သိကြအောင် မှတ်တိုင်စိုက်တဲ့အနေနဲ့ သူ့အတ္ထုပ္ပတ္တိ ရေးမလို့ဘဲ"

"ဆရာကြီးဦးဘခင်........လွန်ခဲ့တဲ့ လထဲကကွယ်လွန်သွားခဲ့တဲ့ ငွေစာရင်း မင်းကြီးဟောင်း ဦးဘခင်အကြောင်းလား။ အေးဗျာ၊ သူ့အကြောင်း အမေ ရိကန်ရောက်မှ သိရတယ်။ အံ့ရော့။ မြန်မာပြည်မှာတုန်းက ကြားဘူးသလိုသာရှိ တယ်။ သတိမထားမိဘူး"

"အင်း ဟုတ်ပြီ၊ ပြောစမ်းပါဦး၊ ဆရာကြီးရဲ့ ကမ္မဋ္ဌာန်းတရားလုပ်ငန်း အကြောင်း မြန်မာပြည်က သိတ်မကြားသိကြဘူး၊ နိုင်ငံခြားမှာတော့ ဆရာ ကြီး ဆောင်ရွက်ပုံ အောင်မြင်ပုံတွေဟာ အတော်သတင်းမွှေးနေတာဘဲ"

"အစစ်ပေါ့။ ၁၉၆၀ လောက်က ထင်တယ် အလုပ်ကိစ္စနဲ့ ဝါရှင်တန် ရောက်တော့မှ ဆရာကြီးဦးဘခင်ရဲ့ ဗုဒ္ဓတရားပြပုံအကြောင်း ကျွန်တော်သိလာ ရတယ်။ ဖြစ်ပုံကဒီလို။ ကျွန်တော် ဝါရှင်တန်မှာရှိနေတုန်း ဝါဆိုလပြည့်လား၊ ကဆုန်လပြည့်နေ့လား တခုခုဘဲ၊ အဲဒီရက်နဲ့ကြုံလို့ ဗုဒ္ဓဘာသာဟောပြောပွဲ တခုလုပ်တယ်။ သံရုံးကလူတွေ သွားကြလို့ ကျွန်တော်လဲ လိုက်သွားတယ်။ ဗုဒ္ဓဘာသာမိတ်ဆွေအသင်း ဆိုလားဗျာ။ အဲဒီကဘိတ်ကြလို့ သီဟိုဠ်၊ အိန္ဒိယ၊ ယိုးဒယားနိုင်ငံက လူတွေလဲ လာကြတယ်။ အမေရိကန် ပြည်သူပြည်သားတွေလဲ တော်တော်များများတွေ့ရတယ်။ အဲဒီကဟောပြောတဲ့ အကြောင်းအရာက "ဗုဒ္ဓ တရား လက်တွေ့ကျင့်သုံးနည်း" တဲ့ဟောပြောတဲ့လူက နီဂရိုးပါမောက္ခတဦးဘဲ"

"သူ့နာမည် မှတ်မိသေးလား"

# နိဒါန်း

“မှတ်မိပေါ့ဗျာ။ ဒေါက်တာလီယွန်ရိုက်တဲ့။ သူ့နာမည်ရော၊ သူ့အကြောင်းရော သူဟောပြောတဲ့အကြောင်းရော။ ကျွန်တော် တသက်မမေ့ပါဘူး။ ဗုဒ္ဓတရားအဆီအနှစ်က အနိစ္စသဘောတရားဘဲတဲ့၊ အဲဒီ အနိစ္စဉာဏ်ကို မြင်အောင် ကိုယ်တွေ့ လေ့ကျင့်ရတယ်တဲ့။ ကျင့်ယူလို့လဲ ရပါတယ်တဲ့၊ သူကိုယ်တိုင် လွန်ခဲ့တဲ့ ၃နှစ်လောက်က၊ ရန်ကုန်မြို့ အင်းယားမြိုင်လမ်း ဓမ္မရောင်ခြည် စေတီနှင့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနမှာ လက်တွေ့သင်ယူခဲ့ပါတယ်တဲ့။ သင်ကြားပေးလိုက်သူက မြန်မာနိုင်ငံ အစိုးရရဲ့ ထိပ်တန်းအရာရှိကြီးတဦးဖြစ်သူ ဂုရုကြီး ဦးဘခင်ဖြစ်ပါသတဲ့။ အနိစ္စ သဘောတရားကို လက်တွေ့အစဉ် ကျင့်သုံးယင် မကောင်းတဲ့စိတ်တွေ အစဉ် ထိန်းချုပ်ထားနိုင်တယ်။ ကိုယ်တွင်းငြိမ်းအေးမှုလဲ ရနိုင်တယ်ဆိုပြီး ၅-မိနစ်လောက်တောင်တရားထိုင်ပြသွားတယ်။ အံ့ရောဗျာ”

“အဲဒီ ဒေါက်တာရိုက်၊ ဆရာကြီး ဦးဘခင်ထံမှ တရား ထိုင် သွားပုံအကြောင်း ကျွန်တော့်စာအုပ်မှာ တော်တော်များများ ရေးမလို့ဘဲ”

“ကောင်းဗျာ၊ ရေးစမ်းပါ။ ဒါနဲ့ ကျွန်တော် အံ့ရောလို့ ဆိုတာခင်ဗျား အဓိပ္ပာယ်နားလည်ရဲ့လား”

“နီးဂရိုးလူမျိုးတဦးက ကမ္မဋ္ဌာန်းထိုင်ပြတာ အံ့ဩတယ်လို့ ဆိုတာမဟုတ်လား”

“အင်း...အဲဒါလဲပါတာပေါ့။ ဒါပေမဲ့ ကျွန်တော် တကယ်အံ့တာက ရန်ကုန်သား၊ ရန်ကုန်ကြီး၊ တသက်လုံး ရန်ကုန်နေ၊ ရန်ကုန်မှာ အလုပ်လုပ်နေတဲ့ ကျွန်တော်ဟာ အင်းယားမြိုင်လမ်းက ဓမ္မရောင်ခြည် စေတီအကြောင်း အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနအကြောင်း ကောင်းကောင်းမသိခဲ့ဘူးဗျာ။ ဒေါက်တာရိုက်ပြောပြမှ သိတော့တယ်။ ငွေစာရင်းမင်းကြီး ဦးဘခင်ကို အလုပ်ကိစ္စနှင့်ပတ်သက်ပြီး တွေ့မြင်နေခဲ့ပါရဲ့ ကမ္မဋ္ဌာန်းတရား ပြပေးကြောင်း မသိခဲ့ဘူး။ အမေရိကန်ပြည်သား နီးဂရိုး ပါမောက္ခကြီးက ဝါရှင်တန်မြို့မှာ ရန်ကုန်သား၊ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာတဦးဖြစ်တဲ့ ကျွန်တော်ကို ပြောပြမှ သိရတော့တယ်၊ အံ့ရော...အံ့ရော”ဟု ကျွန်တော့မိတ်ဆွေက ရင်ဖွင့်ခဲ့ပါသည်။

စာရေးသူသည် ဆရာကြီးထံမှောက်သို့ ၁၉၆၀ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိပြီးကတည်းက ဆရာကြီး၏ အတ္ထုပ္ပတ္တိကို သိလိုသည်။ ဆရာကြီး၏ တရားပြသပေးရင်းအကြောင်းကိုသိလိုသည်။ဆရာကြီး တရားပြသပေးမှုကြောင့် ဗုဒ္ဓအဆုံးအမ၊ ဗုဒ္ဓတပည့်သားအဖြစ် ခံယူသွားသူများ အကြောင်းကို သိလိုသည်။ နောင်တွင် ဤအကြောင်းအရာများကို သိလာရသောအခါ၊ မိတ်ဆွေ

# နိဒါန်း

သင်္ဂဟအပေါင်းကို ပြန်လည်ပြောပြလိုသည်။ မိတ်ဆွေများကိုသာမက၊ ဤမျှ အတိုင်းအဆကြီးမားသော သာသနာပြုလုပ်ငန်းကြီးကို ဆရာကြီးဦးဆောင်၍ ကမ္ဘာတဝှမ်းလုံးတွင် အောင်အောင်မြင်မြင် ဆောင်ရွက်နေပုံကို မြန်မာပြည်သူ ပြည်သားများအား သိစေလိုသည်။ ထို့ကြောင့် ကလောင်ကိုင်၍ ဆရာကြီး၏ ကြိုးပမ်းမှုများကို ထိုအချိန်က သိသမျှတို့ကို မှတ်တမ်းတင်မိခဲ့သည်။ ၁၉၆၃ ခုနှစ်က ဖြစ်ပါသည်။

ထိုစဉ်က ရေးပြီးသမျှကို ဆရာကြီးအားပြကြည့်မိရာ၊ ဓမ္မမိတ်ဆွေများ သာ ဘတ်လိုက ဘတ်ကြပါစေ။ ပုံနှိပ်ထုတ်ဝေခြင်း မပြုပါနှင့်ဟု တားမြစ်ခဲ့ ပါသည်။ ဆရာကြီးမကွယ်လွန်မီ လပိုင်းအတွင်းကမူ ကျွန်တော် သိလိုသော ဆရာကြီး ငယ်ရွယ်စဉ်ကအကြောင်း၊ တရားရှာပုံအကြောင်း၊ တရားပြသပေး ရပုံအကြောင်းတို့ကို လိုလိုချင်ချင် ၂-ကြိမ်တိုင်တိုင် ပြောပြခဲ့ပေသည်။ "ငါ သေတော့ မင်း စာရေးချင်ရေးရအောင်" ဟု ပြော၍လည်း အရေးပါသော စာရွက် စာတမ်းများကို ပေးအပ်ခဲ့ပါသည်။ ထိုအချိန်အခါမှာပင် မစ္စတာ ကိုးလ်မင်းဆိုသူအား ဆရာကြီးထံမှ တရားရခဲ့ပုံအကြောင်း စာအုပ်ရေးခွင့် ပေးလိုက်ပြီဟု သိရှိရပါသည်။ ဆရာကြီး၏ သာသနာပြုလုပ်ငန်းကို နိုင်ငံခြား တွင် နိုင်ငံခြားသားများ သိရှိကြရလျှင် မြန်မာပြည်သူ ပြည်သားများလည်း သိရှိချိန်ရောက်ပြီဟု ယူဆ၍ ဤစာအုပ်ကို ရေးသားရခြင်းဖြစ်ပေသည်။ ထို့ ကြောင့် ကမ္ဘာကသိနေပြီဖြစ်သော အင်းယားမြိုင်လမ်း၊ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနမှ ဝိပဿနာ တရားနည်းလမ်းပြ ဆရာကြီး ဦးဘခင်၏ ဓမ္မဒူတလုပ်ငန်းများကို မြန်မာများသိစေရန်မှာ ဤစာအုပ်၏ ရှေးဦးရည်ရွယ် ချက် ဖြစ်ပေသည်။

ဆရာကြီး၏ သာသနာပြု လုပ်ငန်းများကို သမိုင်းမှတ်တိုင် အဖြစ် အမှန်တကယ် မှတ်တမ်းတင်ထားသင့်ကြောင်း ဤစာရေးသားရင်း ပိုမိုသဘော ပေါက်လာပြန်သည်။

မြန်မာပြည်သို့ ဗုဒ္ဓသာသနာ ရှေးဦးရောက်ရှိလာသည်မှ ယနေ့အချိန်ထိ သာသနာစည်ပင် ပြန့်ပွားတိုးတက်လာပုံကို လေ့လာဆန်းစစ် ကြည့်ပါလျှင်၊ သာသနာသုံးရပ်အနက် ပရိယတ္တိ သာသနာကိစ္စ အကြောင်းရပ်များ ကိုသာ လွယ်ကူစွာသိရှိနိုင်ပေမည်။ ပရိယတ္တိသာသနာ နယ်ပယ်တွင် စွမ်းစွမ်းတမံ ကြိုး ပမ်းတော်မူခဲ့ကြသော ဆရာတော်၊ သံဃာတော်ကြီးများ၊ စာသင်တိုက်ကြီး များ၊ ပို့ချတော်မူ ကြသော ကျမ်းကြီးကျမ်းငယ် သင်ကြား ပို့ချပုံနည်း နိဿယရည်းမှုပိုင် အာစရိယဝါဒ အစရှိသဖြင့် ထင်ရှားစွာရှိ၏။ ထို့ကြောင့်

# နိဒါန်း

ပရိယတ္တိသာသနာဆိုင်ရာ ကြိုးပမ်းမှု၊ တိုးတက်မှု၊ အောင်မြင်မှုတို့ကို အတော် အသင့် ပြည့်စုံစွာ ရှာဖွေရရှိ နိုင်ပေမည်။

ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ၂ ရပ်၏ အကြောင်းအရာများ မှာမူ များစွာတိမ်မြုပ်လျက်ရှိ၏။ ပဋိပတ္တိလုပ်ငန်းရပ်နှင့် ပတ်သက်၍ မဟာ သတိပဋ္ဌာနသုတ် ပါဠိတော်များ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ အဋ္ဌကထာ တွင် အကြုံးဝင်သည့် ဝိသုဒ္ဓိမဂ် စသည်တို့မှာ နေလကဲ့သို့ ထင်ရှားဘိ၏။ သို့ ထင်ရှားသည့်အလျောက် ပဋိပတ္တိကျင့်စဉ်များကို မြတ်စွာဘုရားဟောကြား တော်မူသော ဒေသနာတော်ကြီးများအရ လက်တွေ့ကျင့်ကြံ အားထုတ်တော် မူသွားသော သူတော်၊ သူမြတ်များမရှိမဟုတ် မုချရှိခဲ့ကြပေမည်။

သို့စဉ်လျက် ပဋိပတ္တိလုပ်ငန်းကို လက်တွေ့ကျင့်သုံး ဆောက်တည်သွား တော်မူကြသည့် ပဋိဝေဓသာသနာကို ဖွံ့ဖြိုးသွားစေခဲ့သော ရှေးခေတ် သူတော် သူမြတ်များ အတ္တုပ္ပတ္တိ အကြောင်းအရာ၊ ကိုယ်ပိုင် ကျင့်စဉ် ဟောကြား ပြသ တော်မူခဲ့ကြသော လက်တွေ့နည်းလမ်း ဆရာအစဉ်၊ တပည့်အစဉ် စသည်တို့ကို သိရှိလိုပါက များစွာခက်ခဲနေပေသည်။

စာရေးသူကိုယ်တိုင် သုတေသန အနည်းငယ်ပြုစု လေ့လာကြည့်ရာ၌ ခရီးမတွင်၊ မအောင်မြင်ခဲ့ပေ။ ရှေးအကျဆုံး သဲလွန်စမှာ မင်းတုန်းမင်းကြီး လက်ထက်က ထင်ရှားတော်မူခဲ့သော သီးလုံးဆရာတော်ဘုရားကြီးဖြစ်ပေသည်။ ရှမ်းပကားရွာ၊ သိမ်သမုတ်ပွဲ၌ သီးလုံးဆရာတော် ဘုရားကြီးက ကိုယ်တိုင် သဘောကျ၊ နှလုံးသွင်း၊ အားထုတ်သည့်အတိုင်း တရားဟောပြ ဆုံးမရာတွင် အနာဂါမိမဂ်ဖိုလ်တိုင်အောင် ဝိပဿနာရှုပုံ၊ ဝိပဿနာဉာဏ်များဖြစ်ပုံ၊ မဂ် ဖိုလ်သို့ရောက်ပုံ၊ ဖလသမာပတ်ဝင်စားပုံတို့ကို ကျနစွာဟောပြတော်မူသည်ဟု သိရသည်။

ထိုထက်ရှေးကျသော ပုဂ္ဂိုလ်မြတ်တို့၏ အကြောင်းအရာ အထောက် အထားများကို မြန်မာ့ဂန္ထဝင်တွင် မတွေ့ရှိမိပေ။

ဤအခြေသို့ဆိုက်ရခြင်းမှာ စာရေးသူ၏ ယူဆချက်အရ ရှေးဟောင်း သူတော်သူမြတ်ကြီးများသည် အဖွမာဒ ဝိပဿနာတရားတော်မြတ်ကိုကျင့်သုံး ရာ၌ ကိုယ်လွတ်ရုံး၍ တောရပ်မှီးလေ့ရှိကြ၏။ တွေ့ရှိသောတရားကို မိမိရင်ဝယ် ပိုက်၍ လောကပတ်ဝန်းကျင်နှင့် အဆက်ဖြတ်လိုက်ကြ၏။ သို့ဖြင့် ထိုထိုပုဂ္ဂိုလ် မြတ်များ၏ အကြောင်းအရာသည် လုံးဝတိမ်မြုပ် ကွယ်ပျောက် သွားခဲ့ရ ပေ၏။

# နိဒါန်း

တဖန် မိမိအားထုတ်ပုံများကို ဟောပြောပြလေ့ရှိသော ပုဂ္ဂိုလ်မြတ်များရှိခဲ့လျှင်လည်း သီးလုံးဆရာတော် ဘုရားကြီးကဲ့သို့ ကျမ်းပြုရန် ဝန်လေးတော်မူခဲ့ကြသဖြင့် နောက်လူတို့ ဆုံးရှုံးရပြန်သည်။ သီးလုံးဆရာတော်ဘုရားကြီး၏ များစွာသော တပည့်အပေါင်း ကလည်း ဆရာတော် ဘုရားကြီး၏ အတ္ထုပ္ပတ္တိကို မပြုစုခဲ့ကြသဖြင့် သီးလုံးဆရာတော်ကြီး မဂ်ဖိုလ်ရောက်ကိုယ်တွေ့တရားများ ဟောကြားခဲ့ဘူးသည်ဆိုသည့် အချက်မှလွဲ၍ အခြားသိသင့်လှသည့် အကြောင်းအရာများ မသိကြရတော့ပေ။

မျက်မှောက်ခေတ်တွင် ပဋိပတ္တိလုပ်ငန်းကို မြန်မာပြည်တဝှမ်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်မှာ သာသနာတော်အတွက် အားတက်ဝမ်းမြောက်ဘွယ်ရာ ဖြစ်တော့သည်။ ခယ၊ ဝယ၊ သာဝိကာတရားကို လက်တွေ့နှလုံးပြုနေသူများ ရှိသေးသ၍ သာသနာတော် တည်တံ့နေဦးမည်ဟု စိတ်ချယုံကြည်နိုင်ကြပေသည်။

မျက်မှောက်ခေတ် ပဋိပတ္တိလုပ်ငန်း အရပ်ရပ်များ၏ မြစ်ဖျားခံရာ ဆရာအစဉ်အဆက်ကို သိမှီကြသော ပုဂ္ဂိုလ်ထိုထိုတို့ ယခုတိုင် အသက်ရှင်လျက်ရှိသေးကြ၏။ မိမိတို့၏ ဆရာသမားများ အတ္ထုပ္ပတ္တိ၊ အာစရိယဝါဒအရ ကျင့်သုံးနည်း။ ကိုယ်တိုင်လက်တွေ့စမ်းသပ် ကျေနပ်၍ လိုက်နာပြသနေသောနည်းများစသဖြင့်၊ ကျမ်းဂန်အမျိုးမျိုး၊ စာပေအဖုံဖုံတို့ကိုလည်း ပြုစုလျက်ရှိကြ၏။ အထူးဝမ်းမြောက်ဖွယ်ပင် ဖြစ်ပေသည်။ ရှေးဟောင်းခေတ်ကကဲ့သို့ ပဋိပတ္တိလုပ်ငန်းကိစ္စအရပ်ရပ်နှင့် သူတော်သူမြတ်များ၏ အတ္ထုပ္ပတ္တိစသည်တို့ ကွယ်ပျောက်သွားမည်ကို စိုးရိမ်ဘွယ်မရှိတော့ချေ။ ယခုထက် ကျယ်ပြန့်ပြည့်စုံစွာ ဖော်ထုတ်ရေးသားကြရန် လိုသေးသည်ဟုတော့ စိတ်ထင်မိပါသည်။

ဆရာကြီး ဦးဘခင်ထံမှ ဝိပဿနာတရား လက်တွေ့ ကျင့်သုံးနည်းကို လေးလေးစားစား ခံယူခဲ့သော တပည့်တဦးဖြစ်သူ စာရေးသူလည်း ဆရာကြီး၏ ဝိပဿနာတရားလုပ်ငန်းနှင့် ပတ်သက်၍ ကိုယ်တွေ့သုတေသနပြုပုံ၊ သင်ကြားပြသပေးပုံ၊ မြန်မာပြည်နယ်နိမိတ်ကျော်လွန်၍ ကမ္ဘာအနှံ့ ဆရာကြီး ပြသမှုနည်းနာများကို ကျင့်သုံးလိုက်နာနေကြပုံနှင့်တကွ ဆရာကြီး၏ သာသနာပြုလုပ်ငန်းရပ်များအကြောင်း စသည်တို့ တိမ်မြုပ် ပျောက်ကွယ် မသွားရှိစေရန် မှတ်တမ်းတင် ထားရှိသင့်သည်ဟု ယူဆ၍ ဤကျမ်းကို ပြုစုရေးသားအပ်ပါသည်။

# နိဒါန်း

ဤသို့ ရေးသားခြင်းဖြင့် မူလရည်ရွယ်ချက်ကို ပြည့်စုံရုံသာမဟုတ် မျက်မှောက်ခေတ် ပဋ္ဌိပတ္တိလက်တွေ့ လုပ်ငန်းဆိုင်ရာ စာပေ၊ အတ္ထုပ္ပတ္တိစာပေတို့ကို အင်အားဖြည့်တင်းပေးရာ ရောက်နိုင်မည်ဟုလည်း ယုံကြည်ရပါသည်။

ဤကျမ်းတွင် အကြောင်းအရာတင်ပြပုံနှင့် စာရေးနည်းရေးဟန်တို့မှာ အလားတူ အခြားကျမ်းများနှင့် ကွဲပြားခြားနားသည်ကို စာရှုသူတို့ တွေ့မြင်ဖတ်ရှုကြရပေမည်။

ဟေ်ပဿိကော၊ လာလှည့်၊ ရှုလှည့်၊ စမ်းသပ်ကြည့်လှည့်ဟု ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်နိုင်သော ဗုဒ္ဓ၏ တရားတော်မြတ်သည် သိပ္ပံနည်းမှန်၊ စနစ်တကျရှိလှပါသည်။ သိပ္ပံနည်းစနစ်အရ တင်ပြ၊ ဆွေးနွေးခွဲစိပ်ကြည့်နိုင်သော အဓိပတိပညာရပ် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓတရားတော် လက်တွေ့ကျင့်သုံးခြင်းကို သိပ္ပံလက်တွေ့ဆိုင်ရာ တင်ပြပုံအတိုင်း တင်ပြနိုင်ရပါမည်။

သိပ္ပံဆရာတဦးသည် အကြောင်းခြင်းရာတခုခုကို သိပ္ပံပညာ လောကသို့ တင်ပြရာ၌ မိမိကိုယ်တိုင် ပြုလုပ်သော စမ်းသပ်မှုကို အတိအကျ အသေးစိတ် တင်ပြရပါသည်။ ၎င်းမှာ ( **Experiment** ) အဆင့်ဖြစ်သည်။ ၎င်းနောက် စမ်းသပ်ရာ၌ တွေ့ရှိရသော အချက်အလက်များကို စေ့စေ့ငငဖော်ပြရပါသည်။ ၎င်းမှာ ( **Observation** ) အပိုင်းဖြစ်ပါသည်။ ဤသို့ တွေ့ရှိရသော အချက်အလက်များကိုမှီ၍ မိမိယူဆသော ကောက်နုတ်ချက်ကိုဖော်ပြရပါသည်။ ၎င်းမှာ ( **Conclusion** ) ကဏ္ဍ ဖြစ်ပါသည်။ ဤသို့ အပိုင်း ၃ ပိုင်း ပါဝင်သော တင်ပြချက်ကို အခြားသိပ္ပံဆရာတို့က ဖတ်ရှုလေ့လာကြပါသည်။ ၎င်းနောက် စမ်းသပ်မှုကို မူလသိပ္ပံဆရာရေးသားချက်အတိုင်း ကိုယ်တိုင်အသီးသီး စမ်းသပ်ကြည့်ကြပါသည်။ ယင်းစမ်းသပ်ချက်များ၊ တွေ့ရှိချက်များသည် မူလတင်ပြသူ ဖော်ပြသည့်အတိုင်း ဟုတ်မှန်နေမူ၊ ၎င်း၏ယူဆချက်၊ ကောက်ချက်များ မှန်ကန်ပေသည်ဟု သိပ္ပံလောကမှ လက်ခံအတည်ပြုလိုက်ကြတော့သည်။ ဤကား သိပ္ပံဆိုင်ရာ လုပ်နည်းလုပ်ဟန် အကျဉ်းသဘောဖြစ်၏။

ဤစာအုပ်တွင် ဗုဒ္ဓ၏တရားတော်မြတ် လက်တွေ့ကျင့်သုံး ဆောက်တည်ပုံများကို သိပ္ပံဆိုင်ရာ နည်းစနစ်များအရ ဖော်ပြထား၏။ ရှင်တော်ဘုရား၏ ခယ၊ ဝယ၊ သခါရသဘောတရားကို သတိပဋ္ဌာန်ဒေသနာတော် လာရှိသည့်အတိုင်း ဆရာကြီးဦးဘခင်က လမ်းသွန်ပြ၍ စမ်းသပ်ကြည့်ရှုခိုင်း၏။ စမ်းသပ်ကြည့်ရှုသူများက မိမိတို့ စမ်းသပ်ပုံကို အတိအကျ ရေးမှတ်ထားကြ၏။ တွေ့ရှိရသော အကြောင်းခြင်းရာအားလုံးကိုလည်း အသေးစိတ် မှတ်တမ်းတင်ထားကြ၏။

# နိဒါန်း

မှတ်တမ်းတင်သွားသူများအနက် အနောက်တိုင်းမှ ထိပ်တန်းသိပ္ပံပါရဂူများ တက္ကသိုလ်ပါမောက္ခကြီးများ ပါဝင်ကြ၏။ ၎င်းတို့၏ မှတ်တမ်းများမှ သင့်တော်ရုံ ကောက်နုတ်၍ ဤစာအုပ်တွင် ဖော်ပြထားအပ်ပါသည်။ ဤမှတ်တမ်းများ၏ ထူးခြားချက်မှာ၊ ၎င်းတို့အသီးသီး တွေ့ရှိရချက်များကို ကျမ်းဂန်စကားများ မသုံးဘဲ၊ သာမန်အရပ်သားစကားဖြင့် ပြန်လည်ပြောပြထားခြင်း ဖြစ်ပေသည်။ အမှန်စင်စစ် ထိုထိုပုဂ္ဂိုလ်တို့သည် ကျမ်းဂန်တတ်များမဟုတ်ကြချေ။ စာရေးသူကိုယ်တိုင်လည်း ဘုန်းတော်ကြီးကျောင်းသား ဖြစ်ခဲ့ဘူးသည့်တိုင်အောင် ကျမ်းဂန်မတတ်ပါချေ။ ထို့ကြောင့် မှတ်တမ်းတင်သူတို့က မိမိတို့အသီးသီး ကိုယ်တွေ့မြင်သိခဲ့သည်ကို အင်္ဂလိပ်စကားပြေဖြင့် ရေးသားခဲ့၍၊ စာရေးသူက မြန်မာစကားပြေဖြင့် တဆင့် ပြန်လည်တင်ပြခြင်းသာ ဖြစ်ပေသည်။ ကျမ်းဂန်စကား၊ ကျမ်းဂန်အသုံးအနှုန်း ပါဝင်နိုင်စရာ မရှိတော့ပေ။

သို့ဖြစ်လင့်ကစား၊ အမှန်တရားကို ကိုယ်တွေ့သိမြင်ရ၍ သိမြင်သည့် အတိုင်း ပြန်လည်ပြောပြထားခြင်း ဖြစ်ရကား ၎င်းတို့၏ တွေ့ရှိရချက်များသည် ဗုဒ္ဓဟောကြားတော်မူသော ဒေသနာတော်များနှင့် မည်မျှကိုက်ညီပေသည်ဟု လေ့လာနိုင်ကြပေမည်။ အထူးသဖြင့် ဒေါက်တာနော်တင်ဟန်၊ မစ္စစ်အင်ဒါဆင်နှင့် မစ္စတာကိုးလ်မင်း၏ မှတ်တမ်းများတွင် သိမ်မွေ့ နက်နဲသော အနိစ္စသဘောတရားများကို ရှင်းရှင်းလင်းလင်း တင်ပြထားသည်များ တွေ့ကြရပေမည်။ တနည်းဆိုသော် ဗုဒ္ဓ၏ ခက်ခဲသော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားများကို စာသံ၊ ပေသံ၊ ကျမ်းဂန်သံမနှော၊ ပါဠိမရောဘဲ၊ လွယ်လွယ်ကူကူ အရပ်သုံးစကားဖြင့် ဖတ်ရှုကြရပေမည်။

အမှန်အဖြစ်အပျက်သည် ပုံပြင်ဝတ္ထုထက် ထူးဆန်းဘွယ်ကောင်း၏ဟု ဆိုရိုးစကားသည် မှန်လှပါ၏။ ဤစာအုပ်တွင် ဖော်ပြထားသော ဆရာကြီးဦးဘခင်ထံ လာရောက်၍ တရားဓမ္မ ရှာဖွေသွားကြသူများ၏ အမှန် အဖြစ်အပျက် အကြောင်းအရာတို့ကို ဝိပဿနာကမ္မဋ္ဌာန်း လုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်တို့သာလျှင် စိတ်ပါဝင်စားမည်မဟုတ်။ စာဖတ်ပရိသတ်အများပင်လျှင် ထူးဆန်းအံ့သြဘွယ်ကိုယ်တွေ့ဝတ္ထုတမျိုးအဖြစ် စိတ်ဝင်စားကြမည်ဟု ယုံကြည်ပါသည်။ အိန္ဒိယလူမျိုး ဆရာတော် ရှင်မဟိန္ဒ။ ယိုးဒယားပြည်မှ တက္ကသိုလ်ကျောင်းသား လူငယ်တဝေါ့ဝါစိုဝန်။ အမေရိကန်ပြည်သူ မစ္စစ်ဗြူလာစခစ်၊ သိပ္ပံပါရဂူ မစ္စတာဟိုးဗားတို့က တရားရှာဖွေပုံ၊ တရားတွေ့သွားပုံများသည် ကိုယ်တွေ့ဝတ္ထုတိုကလေးများသဖွယ် စာရှုသူတို့၏အာရုံကို ဆွဲဆောင်သွားကြလိမ့်မည်ဟု ထင်မြင်မိပါသည်။

# နိဒါန်း

နိဂုံးချုပ်အားဖြင့် ဖော်ပြရန်ရှိသည်မှာ၊ ဤစာအုပ်ကို ရေးဖြစ်နိုင်ရန် ကျေးဇူးရှင်ဆရာကြီးထံမှ အကူအညီ အများဆုံးရရှိပါ၏။ ဆရာကြီး၏တပည့်ရင်းတဦးဖြစ်သူ ဦးချစ်တင်ထံမှလည်း အချိန်မရွေး၊ အခါမရွေး၊ လိုအပ်သောအကူအညီများကို လုံး၀ အပြည့်အစုံရရှိခဲ့ပါ၏။ အပြည်ပြည်ဆိုင်ရာ ပဋ္ဌပတ္တိဌာနဆိုင်ရာ တာ၀န်ရှိပုဂ္ဂိုလ်များ ဖြစ်သော ဦးတင့်ရီ၊ ဦးဘဘိုးတို့ကလည်း ၀ိုင်း၀န်းကူညီခဲ့ကြပါ၏။ ယင်းဌာနပိုင် စာရွက်စာတမ်း ကိုးကားချက်များကိုလည်း ကြည့်ရှုသုံးစွဲခွင့် ရခဲ့ပါ၏။

သို့ဖြစ်လင့်ကစား ဤစာအုပ်ရေးသားရန် မူလဆန္ဒ ဖြစ်ပေါ်ခဲ့သည်မှာ မည်သူတဦးတယောက်ကမျှ တိုက်တွန်း၍မဟုတ်၊ အလိုအလျောက် ဖြစ်ပေါ်ခဲ့၏။ ရေးသားတင်ပြရန် အကြောင်းအရာ၊ တင်ပြပုံ နည်းဟန်၊ အစီအစဉ်၊ ဆွေးနွေးယူဆချက်အားလုံးမှာလည်း မည်သူနှင့်မျှ တိုင်ပင်ခြင်းမရှိ၊ တဦးတည်းစီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါ၏။ ထို့ကြောင့် ချွတ်ယွင်းချက် ရှိပါမူ၊ ထိုထိုပုဂ္ဂိုလ် အသင်းအဖွဲ့အစည်းများနှင့် မသက်ဆိုင်ပါပေ။ ကျွန်တော်တဦးတည်း၏ တာ၀န်သာ ဖြစ်ရပါမည်ဟု ဖော်ပြအပ်ပါသည်။

× × ×

အထက်ပါနိဒါန်းအပိုင်းနှင့် စာအုပ်အခန်း (၄) အထိ၊ ၁၉၇၁ ခုနှစ်က ရေးသားပြီးစီးခဲ့ပါသည်။ ကျန်အခန်း (၈) ခန်းကို ၁၉၇၉ ခု၊ မေလမှသာ တဖန် ဆက်လက် ရေးသားနိုင်ခဲ့ပါသည်။ ထို့ကြောင့် အကြောင်းအရာများ အနည်းငယ်ထပ်၍ ရေးသားဖော်ပြခြင်း၊ စာရေးသားပုံဟန် အနည်းငယ်ပြောင်းလဲသွားခြင်းတို့အတွက်၊ ခွင့်လွှတ်တော်မူနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပါသည် ခင်ဗျား။

ဇေယျာမောင်။

မေမြို့။

၁၃၄၂ ခု၊ ဒုတိယ၀ါဆိုလဆန်း ၁–ရက်။
၁၉၈၀ ခု၊ ဇူလိုင်လ ၁၃ ရက်။

# ဓါတ်ပုံကဏ္ဍ



ဓမ္မရောင်ခြည်စေတီတော်နှင့် ကမ္မဋ္ဌာန်းဂူများ။



အိဂတ်ပူရီမြို့၊ ဓမ္မဂီရိတောင်ပေါ်တွင် ဖွင့်လှစ်ထားသော
ကမ္မဋ္ဌာန်းဌာန၏ ဗဟိုစေတီတော်။



ဆရာကြီးဦးဘခင်နှင့် အင်ဒိုနီးရှားသံအမတ်ကြီး၊
၁၉၅၇-ခုနှစ်ဘွင် ဆန်အရောင်းအဝယ်စာချုပ်လက်မှတ်ရေးထိုးနေကြစဉ်။





ဓမ္မရောင်ခြည်စေတီ၊

ကျေးဇူးရှင်-ဝေဘူဆရာတော်၊ ဆရာကြီးဦးဘခင်။



ဦးတေဇိန္ဒ ဦးကိုလေး)၊ ဦးကုသလ (ဆရာကြီးဦးဘခင်)၊
ကျေးဇူးရှင်ဝေဘူဆရာတော်ဦးဆောင်၍ သိမ်မှထွက်လာစဉ်။



ဦးတေဇိန္ဒ(ဦးကိုလေး)နှင့် ဦးကုသလ (ဆရာကြီးဦးဘခင်)၊
ကျေးဇူးရှင်ဝေဘူဆရာတော်အား
နိုင်ငံခြားသာသနာပြု လုပ်ငန်းအကြောင်း လျှောက်ထားစဉ်။



ဝေဘူဆရာတော်ထံ ရဟန်းခံပြီးနောက်
တရားအားထုတ်နေသော ဦးကုသလ။



ဦးချစ်တင်၊ ဦးတင့်ရီ၊ ဦးဘဘိုး။



အိန္ဒိယပြည်ကို အခြေပြု၍ နိုင်ငံခြားသာသနာပြုလုပ်ငန်းတွင်
ဦးဆောင်နေသူ ဆရာကြီးဦးဘခင်၏ လက်ရုံးတပည့်
ဦးဂိုအင်ကာ။



ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာနတွင်
လက်ရှိဥက္ကဋ္ဌ-ဦးတင့်ရီ(ဝဲ)၊ အတွင်းရေးမှူး-ဦးဘဘိုး(ယာ)။



၁၉၇၈-ခုနှစ်တွင် ရဟန်းခံကြသည့် နိုင်ငံခြားယောဂီအချို့
(ထိုင်နေသောပုဂ္ဂိုလ်မှာ ဘိက္ခုရာဟုလာဘ္ဒဲရ၊ မစ္စတာကိုးလ်မင် ဖြစ်သည်)။



အပြည်ပြည်ဆိုင်ရာ ပဋ္ဌိပတ္တိလုပ်ငန်းဌာနတွင် ရဟန်းများအား ဆွမ်းလောင်းနေစဉ်၊
(ဆွမ်းလောင်းနေသူမှာ ဆရာမ-ဒေါ်မြသွင် ဖြစ်သည်)။



ဦးကိုလေး၊ ဦးချစ်တင်၊ ဦးတင်ကြီး၊ ဆရာကြီးဦးဘခင်၊
အန်ကယ်တင်၊ ဦးဘဘိုး၊ ဦးတင့်ရီ၊ ဦးဘွန်ရှိန်။



ဦးကိုလေး၊ ဆရာကြီးဦးဘခင်၊ အန်ကယ်တင်။

## အခန်း - ၁

# အံ့ဩကုန်နိုင်ဘွယ် လေတည်မှ

မိမိရည်မှန်းမျှော်လင့်သည်နှင့် မကိုက်ညီဘဲ ကွဲလွဲ၍ ကြုံတွေ့ရသောကိစ္စများတွင် အံ့ဩခြင်းတည်းဟူသော စိတ်လှုပ်ရှားမှုတရပ် ပေါ်ထွက်ရမြဲဖြစ်လေသည်။ ရန်ကုန်မြို့၏ လမ်းမကြီးတသွယ်ဖြစ်သော တက္ကသိုလ်ရိပ်သာလမ်းမှ ဖြာထွက်လာသည့် အင်းယားမြိုင်လမ်း ဝဲယာဘက်တွင် အထက်တန်း လွှာဟု ခေါ်ဆိုကြသော လူတစုတို့ မှီတင်းနေထိုင်ကြ၏။ နိုင်ငံခြား သံတမန်များ ခိုမှီးရာရိပ်မြုံလည်းဖြစ်၏။ သစ်လွင်သော ခေတ်မှီတိုက်တာ အိမ်ယာများ၊ သစ်လွင်သော ကားကြီး ကားငယ်များဖြင့် ခမ်းနားပြည့်စုံကြွယ်ဝသော အရိပ်အရောင်များကို ထင်ရှားစွာ တွေ့မြင်ရသည့် ဒေသလည်းဖြစ်၏။ ညစဉ်လိုပင် ထိုအိမ်အသီးသီးတို့၌ မီးရောင်စုံထွန်းလင်း၍ ရေဒီယိုသံ သီချင်းသံ ပျော်ရွှင် ကြည်နူးသံတို့ဖြင့် လောကစည်းစိမ်ကို ကောင်းစွာ ခံစားနေကြသည်ကို တွေ့မြင်နိုင်သည်။

ဤကဲ့သို့ ပတ်ဝန်းကျင်အခြေအနေရှိသည့် အင်းယား မြိုင်လမ်းမှ ဂိုက် ၂၀၀ ခန့်မျှသာလျှင် အတွင်းဘက်သို့ ဝင်သွားသည်ရှိသော်၊ တခုသောကုန်းမြေမြင့်ကလေးပေါ်၌ သပ်ရပ်စွာ တည်ထားသည့် စေတီကလေးတဆူကိုဋ်း၊ စေတီပတ်ဝန်းကျင်၌ တရားအားထုတ်သူများ နေထိုင်ရန် အဆောက်အဦး ကလေးများကိုဋ်း တွေ့ရှိရသော် အံ့ဘွယ်ရာ တခုဟု ဆိုရပေမည်။ စေတီ၏ တည်ဆောက်ပုံသဏ္ဌာန်မှာ သာမန်စေတီများကဲ့သို့မဟုတ်ဘဲ၊ အလယ် ဗဟို ခန်းကို ဝိုင်းရံ၍ ရှစ်မြှောင့်ပုံသဏ္ဌာန်အခန်း ရှစ်ခုရှိပြီး အောက် အ ဆင့်၌ ဂူပြုလုပ်၍ အခန်း ၁၇ ခန်း ဖွဲ့ထားသည်ကို တွေ့မြင်ရသောအခါ၌ အံ့ဩဘွယ်တရပ်ကို တွေ့ရှိရပြန်လေသည်။

ဤအံ့ဩဘွယ်ရာ စေတီယင်ပြင်၏ သာယာသော ရိပ်မြုံ အောက်သို့ ၁၉၆၀ ခုနှစ် မေလ၏ တခုသောညတွင် ကျွန်ုပ်ရောက်ရှိလာသည်မှာ ပို၍အံ့

ဩဘွယ်ရာ ကိစ္စတရပ်ဖြစ်ပြန်လေသည်။ အန်ကယ်နှင့် အန်တီကြီး (အခေါ် အဝေါ် အကျင့်ဖြစ်နေ၍ ဤစကားလုံးများ သုံးထားသည်ကို အခွင့်လွှတ်ပါရန် တောင်းပန်ရပါသည်။ စာရေးသူ) တို့က ဤဓမ္မရောင်ခြည် စေတီ၌ ဆောင်ရွက်လျက်ရှိကြသော ကမ္မဋ္ဌာန်းလုပ်ငန်း အကြောင်းများကို ရှေးနှစ်ပေါင်းများစွာကပင် ပြောကြားခဲ့ကြဘူးသည်။ တရားအားမထုတ်သည့် တိုင်အောင် တခါတခေါက်လာရောက်၍ ကြည့်ရှုရန် ဘိတ်ခေါ်ခဲ့ကြသည်။ သို့သော် အမှတ်မထင် ဂရုတစိုက်မရှိခဲ့ပေ။ အင်းယားမြိုင်လမ်းထဲသို့ မကြာခဏဝင်ရောက်ဘူးခဲ့သည့်တိုင်အောင် စေတီတော်တည်ရှိကြောင်း သတိမပြုမိခဲ့ပါ။ ထိုနေ့ ညတွင် အမှတ်မထင်အန်တီကြီးခေါ်ဆောင်၍လာရောက်ခဲ့သည်။ အချိန်မှာည ၈ နာရီခွဲခန့်ဟု မှတ်မိသည်။ စေတီ၏ ယင်ပြင်တွင် လူသူလေးပါးကင်းရှင်း၍ ဆိပ်ငြိမ်လှ၏။ မာကြျူရီမီးလုံး၏ အရောင်အောက်တွင် စေတီ၏ ရွှေသင်္ကန်းမှာ ရောင်ပြန်ဟပ်၍ ကြည်ညိုဘွယ်ရာ တွေ့ရှိရသည်။ ညဥ့်ဦးယံ လေပြေဖြန်းသောကြောင့် တချွင်ချွင် မြည်နေသော စေတီခေါင်းလောင်းသံကလေးများမှာ သာယာလှပေသည်။ အရှေ့တောင်စူးစူးရှိ လင်းလွန်းပင်ပျို၏ ရွက်နုသစ်ကလေးများကလည်း စိတ်ကိုကြည်နူးစေပြန်လေသည်။ ဤကဲ့သို့ စေတီယင်ပြင်တွင် ရပ်ရှိလျက် တည်ငြိမ်အေးချမ်းသောအရသာကို တစိမ့်စိမ့်ခံစားရင်း မကြာသေးမီကပင်တွေ့ရှိခဲ့ရသော အလားတူ အတွေ့အကြုံတခုကို ပြန်လည်သတိရမိသည်။

၁၉၆၀ ခု၊ ဧပြီလသင်္ကြန်ခါကဖြစ်သည်။ ရွှေဘိုမြောက်လက် ခင်ဦးနယ် အင်ကြင်းပင်တောရ၌ သီတင်းသုံးလျက်ရှိသော ဝေဘူဆရာတော် ထံ ပဌွင်းတက်ရန် ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများနှင့် သွားခဲ့သော အချိန်ကဖြစ်သည်။ မန္တလေးမှ ခရီးထွက်ကြ၍ ရွှေဘိုတွင် တထောက်နား ပြီးလျှင် အင်ကြင်းပင်တောရသို့ မော်တော်ကားကို ကိုယ်တိုင်မောင်း၍ လာခဲ့ရာ၊ ရာသီဥတုဒဏ်၊ ခရီးဒဏ်စသည်များကြောင့်ပေလားမသိ အလွန်ပင်ပန်းနွမ်းနယ်ခဲ့၏။ ရွှေဘိုမှထွက်၍ မဟာနန္ဒာကန်တော်ကြီး ဘောင်တလျှောက် ခရီးနှင်ခဲ့ရာ၊ နေဝင်ရီတရောအချိန်သို့ ရောက်ခဲ့၏။ လမ်းတလျှောက်တွင် ကိုယ်လက်မအီမသာဖြစ်၍၊ ဇက်လေးခြင်း၊ ခေါင်းခဲခြင်းစသော လေးလံထိုင်းမှိုင်းသည့် ဝေဒနာများကို ခံစားလာခဲ့ရသည်။ ဝေဘူဆရာတော်၏ ကျောင်းပရဝုဏ် အတွင်းသို့ မော်တော်ကားခေါင်းဦးတည်၍ ဝင်လိုက်မိသည်နှင့်တပြိုင်နက်၊ ထိုဝေဒနာများသည် ပိန်းကြာဘက်ပေါ်တွင် ရေမတင်သကဲ့သို့ လျော့ကျသွားသည်ကို အမှတ်တရသတိပြုမိသည်။ ကျောင်းဝင်းအတွင်းရောက်၍ မော်တော်ကား ပေါ်မှ

ဆင်းလိုက်သည်နှင့်တပြိုင်နက် ကိုယ်ရောစိတ်ပါ ပေါ့ပါးရွှင်လန်း၍ အလွန် ကြည်နူးနှစ်သိမ့်သော အရသာထူးကို ခံစားခဲ့ရဘူးသည်။

ယခု စေဟီယင်ပြင်ပေါ်တွင် ရပ်တည်ရှိစဉ် ထိုအရသာထူးမျိုး ပြန်လည် တွေ့ရှိရသည်ဟု ယုံကြည်မိသည်။ ဘေးပတ်ဝန်းကျင်၏ လောကီအာရုံအမျိုးစုံ တို့သည် ဤစေတီယင်ပြင်သို့ ရိုက်ခတ်လာခြင်းမရှိဘဲ အညစ်အကြေး ကင်းစင် သည့် ပကတိ တည်ငြိမ်အေးချမ်းသော အချိန်ကလေးကိုသာလျှင် တွေ့ထိခံစား နေရသည်။ သမုဒ္ဒရာအလယ်တွင် တည်ရှိသော ကျွန်းကလေး၌ အုန်းပင်၊ ငှက် ပျောပင်များဖြင့် သာယာစိုပြေလျက်ရှိသော ဧဟိုရပ်ကွက်ကို ဘေးပတ်ဝန်း ကျင်မှ လှိမ့်ခါလူးခါဖြင့် တိုက်ခိုက်လာသည့် လှိုင်းလုံးကြီးများသည် မရောက်ရှိ မထိပါးနိုင်ဘဲ၊ ကမ်းခြေစပ်တွင်သာ လွင့်ပျောက်တိမ်မြုပ်သွားရသကဲ့သို့ စည်း စိမ် ယစ်မူးကြသော ပြင်ပလောက၏ အရိပ်အယောင် အချိန်အဝါများသည် ဤစေတီ၏ ခြေရင်းတွင် ချုပ်ငြိမ်းပျောက်ကွယ်သွားကြ၍၊ စေတီယင်ပြင်ပေါ် တွင်မှာကား ကြည်နူးသာယာ အေးချမ်းဆိပ်ငြိမ်သော အသွင်အပြင် အချိန် အဝါကိုသာလျှင် တွေ့ကြုံခံစားခဲ့ရပေသည်။

သို့ဖြစ်လင့်ကစား၊ ထိုချမ်းရိပ်မြုံကလေးမှ ထိုညတွင် ထွက်ခွါလာခဲ့ ပြီးနောက် ပြင်ပလောကသို့ ပြန်လည်ချဉ်းကပ်ခဲ့သောအခါတွင် တဒင်္ဂတွေ့ကြုံ ခံစားခဲ့ရသော တည်ငြိမ်အေးချမ်းမှုကလေးသည် နေရောင်ခြည်တွင် လွင့်ပါးရ သော နှင်းမှုန်ဆိုင်ကလေးများကဲ့သို့ လွင့်ပါးပျောက်ပျက် သွားပြန်လေသည်။ ကြည်ညိုဘွယ်ရာသော စေတီကလေးကိုပင် မေ့ပျောက်ထားခဲ့သည်၊ အန္တရာယ် ထူပြောသော လောကကြီး၏ လှိုင်းလေများကြားတွင် နစ်ချီ မြုပ်ချီ ကူးချီ ဆန်ချီနှင့် လူးလွန့်၍ နေခဲ့ရပြန်သည်။

လပေါင်းများစွာ ကျော်လွန်သွားခဲ့သည်။ မမျှော်လင့်ဘဲ ၁၉၆၀ခု နှစ် ဒီဇင်ဘာလတွင် အန်တီနှင့် အပေါင်းအဖော် တစုတို့သည် မန္တလေးသို့ အလယ်အပတ် ခရီးထွက်ခဲ့ကြသည်။ ၎င်းတို့အား အိမ်ရှင့်ဝတ္တရားအတိုင်းကျွေး မွေးပြုစု စောင့်ရှောက်ခဲ့သည်။ မေမြို့၊ စစ်ကိုင်း၊ ရွှေဘိုစသော ဒေသများသို့ လည်း ဘုရားဖူး လိုက်လံပို့သခဲ့သည်။ ထိုရက်များအတွင်း အန်တီကသော်၎င်း၊ အခြား အပေါင်းအဖော်များက သော်၎င်း၊ အင်းယားမြို့ စေတီအကြောင်း၊ တရားအားထုတ်ခြင်းအကြောင်း စသည်တို့ကို စကားလည်းမစပ်မိ၊ လုံးဝလည်း မပြောမိခဲ့ကြ၊ ပြန်ခါနီး ရထားထွက်ခါနီး ကြမှသာလျှင် အန်တီနှင့် ပါလာ

သော အဖော်တဦးက စေတီသို့လာရောက်၍ တရားအားထုတ်ရန် ဘိတ်ခေါ်သည်။ ပလာဘဲ မနေရန် အပူတပြင်း ပြောဆို တိုက်တွန်းသည်၊ ရှာတရက်တွေ့ဆုံရသော အခြေအနေတွင် စဉ်းစဉ်းစားစားမရှိ၊ ရတ်တရက်သာ လျှင်လာခဲ့ပါမည်ဟု ဖြေကြားလိုက်ရသည်။ မိမိကိုယ်တိုင် မိမိမည်ကဲ့သို့ ပြောခဲ့မိသည်ကိုပင် သတိမပြုနိုင်ခဲ့။

သို့စဉ်လျက် ၎င်းတို့ပြန်သွားပြီးနောက် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အန်တီထံသို့ စေတီတွင် တရားအားထုတ်ရန် ရောက်လာခဲ့ပြီဟု သွားရောက်အကြောင်းကြားခဲ့သည်။ အန်တီကလည်း ထိုညတွင်ပင် စေတီသို့ ဒုတိယအကြိမ်လိုက်လံပို့ပြန်သည်။ ဤကဲ့သို့ မမျှော်လင့်ဘဲ တရားအားထုတ်ရန် စေတီသို့ရောက်ရှိလာခြင်းမှာ ကျွန်တော့ အတွက်သာမက၊ မိတ်ဆွေသင်္ဂဟ အပေါင်းအဖော်များ အားလုံးအတွက် အံ့သြဘွယ်ရာ ကိစ္စတရပ် ဖြစ်ခဲ့ပေသည်။

ဤဓမ္မရောင်ခြည် စေတီ၌ တည်ရှိသော ပဋိပတ္တိလုပ်ငန်း ဌာနသည် မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့မှ စတင်ခဲ့ပေသည်။ တရားပြသူနှင့်၊ စီစဉ်အုပ်ချုပ်သူများမှာ ဌာနအကြီးအကဲများဖြစ်၍ တရားအားထုတ်သူများမှာ ရုံးသူရုံးသားများသာဖြစ်ပေသည်။ ထို့ကြောင့် တရားတပတ်လျှင် ၁၀ ရက်မျှသာကန့်သတ်ထား၍ လစဉ်လတိုင်း ပထမသောကြာနေ့တွင် တရားပါတ် စမြဲဖြစ်ပေသည်။ သို့ပါလျက် အခြားသူများ တရားပါတ် မစမီ ဒီဇင်ဘာ လကုန်လောက်တွင် ကျွန်တော်သည် တရားဝင်ခွင့်ရခဲ့၍၊ ဇန်နဝါရီလ တရားပါတ်ထိုင်သူများ ရောက်လာစဉ်တွင် ကျွန်တော် တရားထိုင်ဆဲ။ ထိုလကုန်၍ ဖေဖော်ဝါရီလ တရားပါတ်ထိုင်သူများ ရောက်လာသောအခါတွင်လည်း ကျွန်တော် တရားထိုင်ဆဲ၊ တဖန် ထိုလကုန်ပြန်၍ မတ်လ တရားပါတ်စ၊ ၎င်းနောက် ထိုတရားပါတ် ပြီးဆုံးသည့်တိုင်အောင်လည်း ကျွန်တော် တရားထိုင်ဆဲဖြစ်ခဲ့ရာ၊ ကျွန်တော်၏မိတ်ဆွေ သင်္ဂဟ ဆွေမျိုးသားချင်းများအတွက် အံ့ဘွယ်တရပ် ဖြစ်ခဲ့ပေတော့သည်။ ဟာဇတွင် ကျွန်တော်အား မယုံကြည်နိုင်၊ လှောင်ပြောင် ကျည်ဖယ်ခဲ့သော လူများရှိခဲ့သည်။ အချို့ကလည်း တိတ်တဆိတ်ကဲ့ရဲ့ သရော်နေကြသည်။ မိတ်ဆွေကောင်းသူများ ကမူ မဖြစ်နိုင်ဟုထင်ရသည့်ကိစ္စ ဖြစ်လာရ၍ ... အံ့သြဘိ၏ဟုသာ သာမန် ပြောဆိုကြသည်။ ထိုနှစ် မြို့... စေတီမှ ... ဆွေမျိုးသားချင်းများနှင့် တဖန်ပြန်ရောက်လာကြ၍ ... တရားအားထုတ်ပြီးနောက် ၁၉၆၂ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ ၂ လ၊ ... ပြီးနောက် မြေလတကြိမ်၊ ၁၉၆၃ ခုနှစ် နိုဝင်ဘာ

လတကြိမ်၊ ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင် တကြိမ် စသဖြင့် အကြိမ်ကြိမ် စေတီရိပ်သာသို့ပြန်၍ တရားအဆီအနှစ်များ ဆက်တိုက်ရှာဖွေစုဆောင်းနေသော အခါတွင် မယုံကြည်နိုင် ရှိခဲ့သူများ၊ ကဲ့ သဲ့ပြု ပြုခဲ့သူများ အတွက် အံ့ဩ သထက် အံ့ဩစရာ ဖြစ်လာပြန်တော့သည်။

သာမန် ဘုရား တရား ကြည်ညိုကိုင်းရှိုင်းသည့် ပုဂ္ဂိုလ်တဦးအတွက်ပင် တဆင့်တက်၍ ဝိပဿနာဘာဝနာလုပ်ငန်း ဆောင်ရွက်ရန်ခဲယဉ်းလှ၏။ တကြိမ် တခါ သဒ္ဓါတရား ထက်သန်စဉ်နှင့် ကြုံကြိုက်၍ ကမ္မဋ္ဌာန်းရိပ်သာ တခုခုသို့ ချဉ်းကပ်ပြီးလျှင် ဘာဝနာကမ္မဋ္ဌာန်း စည်းဖြန်းနိုင်သည့်တိုင်အောင်၊ ဒုတိယ အကြိမ် ထပ်မံအားထုတ်ရန်ခဲယဉ်းဘိတောင်း၊ လောကတွင်းသို့ ပြန်လည်ချဉ်း နင်းပြီးနောက်၊ နောက်တကြိမ် ကမ္မဋ္ဌာန်းဌာနသို့ထပ်မံဆိုက်ရောက်နိုင်ရန်အလွန့် အလွန် ခဲယဉ်းသော ကိစ္စဟု ယူဆခဲ့ကြရကား၊ ကျွန်တော်၏ စေတနာ သဒ္ဓါနှင့် ဇွဲကို တွေ့မြင်နေကြရသော သိဟောင်းကျွမ်းဟောင်း မိတ်ဆွေအပေါင်းတို့ အတွက် သံသယ ကင်းရှင်းနိုင်သည် ဖြစ်သော်လည်း အံ့ဩ၍ပင်မဆုံး ဖြစ်နေ သေးသည်။ ကျွန်တော့အတွက်မူကား၊ ပထမအကြိမ် ရောက်ရှိလာခဲ့စဉ်ကအံ့ဩ ဘွယ်ဖြစ်သည်ဟု အောက်မေ့မိခဲ့သော်လည်း ယခုအခါတွင်မူ လုံးဝအံ့ဩစရာ ဟု မထင်မြင်တော့ပါ။ တရားအာရုံပြတ်၍ တရားဌာနသို့ လာရောက်ခြင်းလစ် လပ်ခဲ့လျှင်သာ အံ့ဩစရာဖြစ်မည်ဟု သဘောပေါက်သော အခြေတွင် ရပ်တည် မိသား ဖြစ်နေပြီဟု ယူဆတော့သည်။

ဤကဲ့သို့ကြိမ်ဖန်များစွာတရားဌာနသို့ ရောက်ရှိခဲ့ရာတွင် အံ့ဩဘွယ်ရာ အ ဖြာဖြာတို့ကို တွေ့ရှိခဲ့ရသည်။ ကျွန်တော်ကဲ့သို့ ပဋိပတ္တိလုပ်ငန်းနှင့်မနီးစပ်နိုင်ဟု ထင်မြင်ခဲ့ရသောပုဂ္ဂိုလ်အများအပြားကိုလည်း တွေ့ရသည်။ ဇာတ်အလွန်ကြီး၍ အခြားလူမျိုးကွဲများနှင့် လက်ရေတပြင်စည်း နေခြင်းငှာ ခဲယဉ်းကြသောဟိန္ဒူ ဘာသာဝင်များကို တွေ့ရသည်။ ဒိုဘိဝတ် ဘာဘူကြီးများနှင့်အတူ တရားထိုင် ရသည်။ ခေါင်းမြီးခြုံ ဆာဒီဝတ် ဘာဘူ ကုလားမကြီးများနှင့်အတူ တရားနာ ရသည်။ ဂါဝန်ဝတ် အမေရိကန် ပျိုဖြူတို့နှင့် ယှဉ်တွဲ၍လည်း တရားယူဘူး သည်။ ဘောင်းဘီဝတ် အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမန် ပုဂ္ဂိုလ်များနှင့်လည်း တရားဆွေးနွေးရသည်။ လောကဓာတ်ဆရာကြီးများကိုလည်း တွေ့ရသည်။ ပါ မောက္ခကြီးများနှင့်လည်း ဆုံဆည်းရသည်။ ဆရာဝန်ကြီးများနှင့်လည်း တွေ့ရ သည်။ သံအမတ်ကတော်ကြီးများ တရားအားထုတ်သည်ကိုလည်း မြင်ရသည်။

ကမ္ဘာလှည့်လည်ရင်း ခရီးသွားဟန်လွှဲ အထူးအဆန်းအဖြစ် ဝင်ရောက်ကြည့်ရှုကြသည်မဟုတ်ဘဲ ဤပဋိပတ္တိ လုပ်ငန်းအကြောင်း စုံစမ်းသိရှိလို၍ ငွေများစုဆောင်းပြီးလျှင် တရားအားထုတ်ရန်သက်သက် ရောက်ရှိလာကြသော ပုဂ္ဂိုလ်များကိုလည်း တွေ့ရသည်။ ဤဌာနတွင် ရရှိသော တရားဂုဏ်၏ ကျေးဇူးတော်ကြောင့် သာသနာ၏အပမှ လာခဲ့ကြသော်လည်း သာသနာအတွင်းသို့ ဆည်းကပ်ခိုလှုံ၍ သရဏဂုံ၌ တည်သွားကြသော ပုဂ္ဂိုလ်အများအပြားကိုလည်း အံ့ဘွယ်သရဲ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်များ ဤဌာနသို့ ဘယ်လိုဆက်သွယ်၍ ရောက်ရှိလာသည်၊ ဘယ်လို တရားအားထုတ်ကြသည်၊ ဘယ်ကဲ့သို့ တရားမျိုးများ ရသွားသည်၊ တရားများရပြီးနောက် ဘယ်ပုံဆက်လက်နေထိုင် သွားကြသည် စသည်တို့ကို ဤဌာနသို့ လာတိုင်း လာတိုင်း သိရှိလိုသော ဆန္ဒဖြစ်ပေါ်ခဲ့သည်။ ယခင်အခေါက်များက ကိုယ့်တရားကိုယ်အားထုတ်ရသည်က တဘက်၊ စုံစမ်းမေးမြန်းလျှင်လည်း တရားပြ ဆရာကြီးနှင့်တကွ တရားဌာန သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့က အသေးစိတ် ရှင်းလင်းပြနိုင်ရန် အချိန်မပေးနိုင်သောကြောင့်၎င်း၊ အလိုဆန္ဒ မပြည့်ဝခဲ့ပေ။

၁၉၆၃ ခု၊ ဇန်နဝါရီလ ရောက်ရှိလာသော အကြိမ်တွင် ကမ္ဘာဌာန စရိယဖြစ်သူ၊ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြားရေးဝန် သရေစည်သူ ဦးဘခင်က ပဋိပတ္တိလုပ်ငန်းဌာနနှင့်ပတ်သက်၍ စာပေးစာယူပြုလုပ်ခဲ့သော ဖိုင်တွဲများ၊ စာရွက်စာတမ်းများကို စီစစ်သုတ်သင်စေ၏။ စနစ်တကျဖြစ်ရန် ပိုင်းခြားခွဲထုတ်၊ ဖိုင်တွဲသစ်များ ပြုလုပ်ရန် စေခိုင်း၏။ ဤသို့ ပြုလုပ်ပေးရင်း ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအသင်း ဖွဲ့စည်းသည့်နေ့မှစ၍ ယနေ့တိုင် ဆောင်ရွက်ခဲ့သည့် ကိစ္စအရပ်ရပ်နှင့်ပတ်သက်သော စာရွက် စာတမ်းများ၊ နိုင်ငံအသီးသီးသို့ ပေးပို့သော စာရွက်စာတမ်းများ၊ ပုဂ္ဂိုလ်အသီးသီးသို့ရေးသားသော စာရွက်စာတမ်းများ၊ ၎င်းတို့က ရေးသားဆက်သွယ်ကြသော စာရွက်စာတမ်းများ အားလုံးတို့ကို စစ်ဆေးဘတ်ရှုခွင့်ရရှိခဲ့၏။ ထို့ကြောင့် ဤပဋိပတ္တိလုပ်ငန်းဌာနတွင် တရားအားထုတ်သွားသော ပုဂ္ဂိုလ် အမျိုးမျိုး တို့၏ တရားကိစ္စအရပ်ရပ်တို့ကို သိလိုသောဆန္ဒ ပြည့်ဝခဲ့ရပေပြီ။

၎င်းတို့၏ အကြောင်းအရာများကို ဘတ်ရှုရသောအခါ၌ ကျွန်တော် ပဋိပတ္တိလုပ်ငန်းဌာနသို့ ရောက်လာရသော အကြောင်းခြင်းရာ၊ တရားအားထုတ်ရာ၌ ကျွန်တော်ထားရှိခဲ့သော ဇွဲ၊ စေတနာသဒ္ဓါတရား၊ အားထုတ်စဉ် ကျွန်တော်ရရှိခဲ့သော တိုးတက်မှုအဆင့်အတန်းစသည်တို့ထက် ထူးကဲ အံ့ဩ ဘွယ်ရာ များ

ကိုယ်တိုင်သက်သေကာဓက အထောက်အထား အပြည့်အစုံဖြင့် တွေ့ရှိရပေ၏။ ကျွန်တော်အတွက် လွန်ကဲစွာ အံ့ဩဘွယ်ကိစ္စကြီးများဟု ထင်မြင်ရပြန်သည်။ ထိုအံ့ဘွယ်ကိစ္စများ အကြောင်းကို ကျွန်တော်တဦးတည်း အရသာရှိရှိဘတ်ရှုနေရုံမက မိတ်ဆွေသင်္ဂဟ အပေါင်းအားလည်း ပြန်လည်ပြောကြားလိုပိတ် တဖွားဖွားဖြစ်ပေါ်လာပြန်သည်။ ဤကဲ့သို့ ပြန်လည်ပြောနိုင်ရန်မှာလည်း သက်ဆိုင်ရာ စာရွက်စာတမ်းများမှ အကိုးအကားပြုပါမှ ပို၍လေးနက် အရသာ ပေါ်ထွက်နိုင်မည်ဖြစ်သည်ကို ရိပ်စားမိပြန်သည်။ ထို့ကြောင့် သက်ဆိုင်ရာစာရွက်စာတမ်းများကို ကိုးကားအသုံးပြုခွင့်ရရန် ဆရာကြီးထံသို့ ပန်ကြား၏။ ဆရာကြီးက 'ကျွန်တော်တွေ့ရှိရသော အံ့ဩဘွယ်ရာ အဖြာဖြာတို့ကို ဓမ္မမိတ်ဆွေအသိုက်အဝန်းအတွက်သာ မှတ်တမ်းတင်လိုတင်ထားပါ။ ပုံနှိပ်ထုတ်ဝေခြင်းမပြုပါနှင့်' ချင်းချက်ဖြင့် ခွင့်ပြုခဲ့ပါသည်။ ယခုမူ နိဒါန်းတွင် ရှင်းလင်း ဖော်ပြခဲ့သည့်အတိုင်း ဓမ္မမိတ်ဆွေများသာမက အများပရိသတ်ပါဖတ်ရှုနိုင်ရန် စာအုပ်အဖြစ် ရေးသားနိုင်ပါပြီ။ ကျွန်တော်ခံစားရသော ပီတိသုခမျိုးခံစားရအောင် ကျွန်တော်နှင့်အတူ ဖိုင်တွဲများကို လှန်လှော၍၊ စစ်ဆေးဖတ်ရှုရန် စာဖတ်မိတ်ဆွေအပေါင်းတို့အား ယခု ဘိတ်ခေါ်လိုက်ပါသည်။

## (က) နယူးဒေလီမြို့ရှိ ရှင်မဟိန္ဒ

ပထဦးဆုံး ၁၉၅၁ ခု၊ ဒီဇင်ဘာလတွင် နယူးဒေလီမြို့မှ ရန်ကြီးအောင်ဆိုသူက ဆရာကြီးထံသို့ ပေးပို့လိုက်သော စာတစောင် ဖတ်ရှုကြပါစို့။

နယူးဒေလီ
စင်္ကာပူ
၂၂-၁၂-၅၁

ရန်ကြီးအောင်
ကမ္ဘာ့ကုသိုလ်ကူ ကျန်းမာရေးအဖွဲ့အစည်း

ချစ်လှစွာသော ဦးလေး (ဝါ) ဆရာခင်များ၊

စိတ်အလိုဆန္ဒရှိသော်လည်း အကြောင်းကိစ္စအမျိုးမျိုးကြောင့် ယခုထက်စော၍ စာမရေးနိုင်ခဲ့သည်မှာ မလွှဲမရှောင်သာ ဖြစ်ခဲ့ပါသည်။ အမှန်မှာ ဘုန်းတော်ကြီးကို တွေ့ရှိပြီးသည်နောက် ချက်ခြင်း စာရေးခဲ့ဘို့ ဖြစ်ပါသည်။ နှောင့်နှေးခဲ့သည်ကို ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။ ဆရာသိရှိပြီးဖြစ်ကောင်း

ဖြစ်မည့်အတိုင်း ဆရာတော်မဟိန္ဒကို ၎င်း၏ဝိဟာရ၌ လွန်ခဲ့သည့် စက်တင်ဘာလအတွင်းက တွေ့ရှိခဲ့ရပါသည်။ မရပ်မနား အဆက်မပြတ် စုံစမ်းရှာဖွေ့မှ ၎င်းနေထိုင်ရာ ဒေသကိုသိရှိရ၍ ၎င်းအားတွေ့လျှင် တွေ့ချင်း ဆရာပေးခိုင်းလိုက်သော စာရွက်စာတမ်းများကို ဆက်ကပ်လိုက်ပါသည်။ ဤကဲ့သို့ ဆရာတော်နှင့် တွေ့ရှိရခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် မေ့နိုင်ဘွယ်ရာဟုတ်ဖြစ်ပါသည်။ ပထမအချက်မှာ ဆရာတော်သည် နယူးဒေလီမြို့ ခေတ်သစ်အထက်တန်းကျောင်းတွင် ကျောင်းဆရာ အလုပ်လုပ်နေ၍၊ ထိုအဆောက်အဦတွင်ပင် နေထိုင်ပါသည်၊ ကျောင်းအထက်ထပ်ရှိ ၎င်း၏အခန်းမှာ မြန်မာပြည်ရှိ ဘုန်းကြီးကျောင်းတကျောင်းမှ အခန်းတခန်းနှင့် တထေရာတည်းပင် ဖြစ်ပါသည်။ တဖန် ၎င်းမင်းအား ရှင်းရှင်းပြောရသော် ဗုဒ္ဓဘာသာမြန်မာပြည်မှ နှစ်ရှည်လများ ခွဲခွာခဲ့ပြီးနောက် ၎င်းသည် ဗုဒ္ဓဘာသာမြန်မာ ဘုန်းတော်ကြီးများ၏ သက်န်းတောင်ကို ဝတ်ရုံထားရှိနေဦးမည်ဟု မမျှော်လင့်ခဲ့ပါ။ ထို့ကြောင့် ဘာသာကွဲပြား နိုင်ငံခြား ဒေသပတ်ဝန်းကျင်တွင် ဘုန်းတော်ကြီးတပါးအဖြစ်ဖြင့် ရိုးရိုးကျင့်ကြံနေထိုင်သည်ကို ရင်ဆိုင်မျက်မြင် ရုတ်တရက်တွေ့ရသောအခါ၌ ကြည်နူးနှစ်သိမ့် ထူးဆန်းအံ့သြ ဖြစ်မိပါသည်။

၎င်းပုဂ္ဂိုလ်အား ဖူးမျှော်ရလျှင် ဖူးမျှော်ရခြင်း ထူကဲစွာကြည်ညိုစိတ်များ ပေါ်ပေါက်လာ၍ ၎င်း၏ ထက်ဝန်းကျင် အာဝါသမှာလည်း အေးချမ်းတည်ငြိမ်ခြင်းသာလျှင် ပကတိဖြစ်ဘိသည်။ ၎င်း၏အခန်းတွင်ထိုင်၍ ဘုရားစင်အနီးအနားတွင် ပဋိသန္ထာရ စကားများ ပြောကြားနေစဉ် အချိန်အခါလေးတွင် မြန်မာပြည်များ ပြန်ရောက်နေသလားဟု မတွေးတောမိဘဲ မနေနိုင်ခဲ့ပါ။ ၎င်းအား တွေ့မြင်ဖူးမျှော်ရသည်ကို အဘိုးထိုက်တန် လှသည်ဟု ယူဆသဖြင့် ထိုပထေရ်မြတ်နှင့် တွေ့ဆုံရန် ဖန်တီးပေးသော ဦးမင်းအား အထူးကျေးဇူးတင်လျက် ရှိရပါသည်။ ကျွန်တော်၏ စိတ်ဝယ် ၎င်း၏ ရုပ်ဆင်းသွင်ပြင်သည် အမြဲကိန်းအောင်းနေ၍ ၎င်းပြောကြားလိုက်သော စကားလုံးတို့သည် ကျွန်တော်၏နားပ၌ ထွက်ဘဲ ယနေ့တိုင် ကိန်းအောင်း တည်ရှိနေပါသည်။ "အိန္ဒိယအမျိုးသား အမြောက်အမြားသည် မြန်မာပြည်သို့ ကူးသွားကြ၍ ၎င်းတို့၏ ဆွေမျိုးသားချင်းများအတွက် ဘဏ္ဍာငွေများကို ယူဆောင်ပြီးလျှင် ဗမာပြည်မှ ပြန်ခဲ့ကြသည်။ ငါကတော့ မင်းတို့နိုင်ငံမှ သူတို့ယူဆောင်လာခဲ့တဲ့ ဘဏ္ဍာရွှေငွေများထက် အဘိုးအတိုင်းမကာ ထိုက်တန်၍ အလွန်ပိုမိုမွန်မြတ်သော ဗုဒ္ဓမြတ်စွာဘုရား၏ တရားစစ်တရားမှန်တည်းဟူသော မြတ်ရတနာများ

ကိုယူဆောင်၍ ပြန်လာခဲ့ပါသည်'' ဟု မိန့်ကြားလိုက်ပါသည်။ ဤစကားလုံးများကြားရသောအခါ၌ ကျွန်တော်ကိုယ်တွင်း၌ ဖြစ်ပေါ်လာသော ခံစားမှုကို ဖော်ပြခြင်းငှာ မစွမ်းနိုင်တော့ပါ။ ယခုစာရေးနေစဉ်ပင် ကျွန်တော်ရင်တွင်း၌ အလုံးဆို့တက်လာပါသည်။ ဘာကြောင့် ဘယ်လိုဖြစ်သည်ဆိုတာကိုတော့ ကျွန်တော် ရှင်းလင်းမပြနိုင်တော့ပါ။ ထိုထေရ်ရှင်အား မည်သည့် အကူအညီများ၊ လို–မလို လျှောက်ထားမေးမြန်းသောအခါ၊ သက်န်းတစုံနှင့် ထီးတလက်သာ လိုကြောင်း အမိန့်ရှိပါသည်။ ၎င်းဝတ္ထုပစ္စည်းများကို လှူပါမည်ဟုလျှောက်ထားခဲ့၍ ရန်ကုန်မှ မိတ်ဆွေတဦးအား မှာကြားလိုက်ပါသည်။ ထိုပစ္စည်းများ ယခုမရောက်သေးပါ။ ရောက်လာသောအခါတွင် သွားရောက် ဆက်ကပ်၍ ကျွန်တော်၏အိမ်သို့ ဆွမ်းဖိတ်ကျွေးမွေးရန် လျှောက်ထားမည်ဟု စိတ်ကူးထားပါသည်။ နယူးဒေလီမြို့တွင် နေထိုင်သောကာလအတွင်း ၎င်းအားမကြာခဏ ဖူးမျှော်၍ ၎င်းအကြောင်းကိုလည်း ဆရာအား စာဖြင့်ရေးသား အကြောင်းကြားပါမည်ခင်ဗျား။

## ပုံ–တပည့် ရန်ကြီးအောင်

ကဲ–စာဖတ်ပရိသတ်တို့ ဒီစာဖတ်ပြီးစိတ်ထဲမှာဘယ်လိုများခံစားကြရသလဲ၊ ဦးရန်ကြီးအောင်၏စာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထား၍ စကားလုံးအသုံးအနှုန်း အစီအစဉ်ချောမွေ့ ပြေပြစ်စွာဖြင့် ဆိုလိုသောအကြောင်းအရာကိုဖတ်ရသူ၏ မျက်စိတွင် လင်မြင်လာစေနိုင်စွမ်းသည်။ ယခု ဘာသာ ပြန်တွင် မူရင်းစာ၏ အရသာပေါ့ပျက်သွားမလားဟု စိုးရိမ်မိသည်။ ထိုစာကိုဖတ်ရစဉ်က ဦးရန်ကြီးအောင် ခံစားရသကဲ့သို့ ကျွန်တော်၏ ရင် တွင်း ၌ အ လုံး တက်လာ၍ လည်ချောင်းတွင်လည်း တစ်ဆို့ကြီး ဖြစ်နေခဲ့ပါသည်။ ဤကြည်ညိုဘွယ်သော အရှင်မဟိန္ဒသည် ဘယ်သူဖြစ်သနည်း။ ကုလားလူမျိုးဟုဆိုသည်။ မြန်မာပြည်သို့ ဘယ်တုန်းကရောက်လာသနည်း၊ ဗုဒ္ဓဘာသာရဟန်းဘဝသို့ဘယ်လိုကူးပြောင်းသွားခဲ့သနည်း။ ဤကမ္ဘာ့ဌာန်းဌာန၏ ကမ္ဘာ့ဌာနစရိယဖြစ်သောဆရာကြီးဦးဘခင်နှင့် ဘယ်ကဲ့သို့ အဆက်အသွယ်ရှိခဲ့သနည်း စသောသိလိုမှုစိတ်များလည်း တဖွားဖွားပေါ်ပေါက်ခဲ့ပေသည်။

သို့ပေါ်ပေါက်သည့်အလျောက် ဖိုင်တွဲများတွင် အဆိုပါ ရှင် [illegible] ပတ်သက်သည့် စာရွက်စာတမ်းများ တွေ့လိုတွေ့ငြားရှာဖွေရာ၊ နယူးဒေလီမြို့ရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဦးမဟိန္ဒသို့ဟု လိပ်စာတပ်၍ ၁၉၅၁ ခု၊ ဩဂုတ်

လ(၉)ရက်နေ့က ဆရာကြီးဦးဘခင်ကရေးလိုက်သော စာတစောင်နှင့် ၁၉၆၀ ခု၊ နိုဝင်ဘာလ(၁)ရက်နေ့စွဲဖြင့် အာသောကဝိဟာရ၊ နယူးဒေလီမှ ရှင်မဟိန္ဒ ကရေးလိုက်သော စာတစောင် ပေါင်းနှစ်စောင်သာ ဖိုင်တွဲများတွင် တွေ့ရှိသည်။ ပထမစာမှာ ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အလုပ်ဝတ္တရားဖြင့် သွားမည်ဖြစ်သော ဦးရန်ကြီးအောင်ကို ဆရာတော်နှင့် မိတ်ဖွဲ့ပေးလိုက်သော စာဖြစ်၍၊ ၎င်းစာတွင် ရန်ကုန်၌ ဝိပဿနာကမ္မဋ္ဌာန်းကိစ္စများအတွက် တွေ့ရှိခဲ့ကြပြီးနောက်၊ စာမရသတင်းမကြားကြောင်း၊ တရားများ ဆက်လက်အားထုတ်နေ၍ တိုးတက်မှုရှိလိမ့်မည်ဟုယုံကြည်ကြောင်း၊ တရားကိစ္စနှင့် ပတ်သက်၍ သိလိုသောအကြောင်းများ၊ လိုအပ်သောအကူအညီများကို ပေးရန် အဆင်သင့်ရှိကြောင်းဖြင့် ဆရာကြီးဦးဘခင်က ရေးသားလိုက်သောကြောင့် ထိုဆရာတော် ဦးမဟိန္ဒသည် ဆရာကြီးဦးဘခင်ထံတွင် တရားကိစ္စနှင့် ပတ်သက်၍ လာရောက်တွေ့ဆုံဘူးကြောင်း ထင်ရှားလေသည်။ ထိုမိတ်ဆက်စာကို ယူဆောင်၍ ဦးရန်ကြီးအောင်က အရှင်မဟိန္ဒအား ဒေလီမြို့တွင် ရှာပုံတော်ကြီးဖွင့်လှစ်ခဲ့ရာ၊ တွေ့ရှိသောအခါ၌ ၎င်း၏ဆရာ ဆရာကြီးဦးဘခင်ထံသို့ အကျိုးအကြောင်း ရေးသားလိုက်သည့်စာကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်လေသည်။

၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့စွဲဖြင့် နယူးဒေလီမှ ပေးပို့လိုက်သော ဒုတိယစာမှာ ရှင်မဟိန္ဒဟုလက်မှတ်ထိုး၍ ဂွင်းပိုတ်ဖြင့် အမ်၊ အာရ်၊ ဘဟာဒူး မီးရထားအင်ဂျင်နီယာဟောင်းဟု ဖော်ပြထားရာ၊ စာတွင် ဦးသိန်းညွန့်ကိုလည်း နှုတ်ဆက်လိုက်ကြောင်း ပါရှိပြန်သဖြင့် ဂွင်းဆက်တခုရရှိသည်ဟု ဝမ်းမြောက်ရသည်။ ဆရာကြီးဦးဘခင်သည် စစ်မဖြစ်မီအချိန်က မီးရထားဌာနတွင် စာရင်းစစ်အရာရှိ လုပ်ဘူးသည်။ ဦးသိန်းညွန့်ဆိုသည်မှာလည်း ယခုမီးရထားဌာန်စာရင်းစစ် အရာရှိဦးသိန်းညွန့်ကို ဆိုလိုဟန်တူသည်။ ရှင်မဟိန္ဒသို့မဟုတ် မစ္စတာ အမ်၊ အာရ်၊ ဘဟာဒူးမှာ ယခင်က မီးရထားဌာနတွင် အင်ဂျင်နီယာအဖြစ် အလုပ်လုပ်ကိုင်သွားဘူးဟန်ရှိသည်။ ထို့ကြောင့် ထို ၃ ဦး အဆက်အသွယ်ရှိနေဟန်တူသည်။ သို့ဖြစ်လျှင် မစ္စတာဘဟာဒူးသည် အဘယ်အချိန်က ရှင်မဟိန္ဒဘဝသို့ ကူးပြောင်းသွားခဲ့သနည်း၊ ၎င်း၏ စာထဲတွင် နယူးဒေလီ၌ (ဦးနု) က ကမ္မဋ္ဌာန်းဌာနတခု ဖွင့်မည်ဟုပါရှိသည်။ ဗုဒ္ဓမြတ်စွာဘုရားသတိပဋ္ဌာန်တရား ဟောကြားတော်မူခဲ့ရာ၊ ဒေသတိုက်တွင် ဘာဝနာကမ္မဋ္ဌာန်း "လက်တွေ့ကျင့်သုံးမှုများ" ပြန်လည်ပေါ်ထွန်းရန် "အချိန်အခါကို အထူးစောင့်မျှော်လျက်ရှိကြောင်းကိုလည်း ဖော်ပြထားသည်။

ဖိုင်တွဲများတွင် ဤမျှလောက်သာ ရှင်မဟိန္ဒအကြောင်း တွေ့ရှိရသဖြင့် ၎င်းထက်ပိုမိုသိရှိရန် ဆရာကြီး ဦးဘခင်အား ကိုယ်တိုင်မေးမြန်းရာ အံ့ဩဘွယ်ရာ အကြောင်းတရပ်ကို စိတ်ဝင်စားဘွယ်ရာ ကြားသိရပြန်လေသည်။ "အေးမင်းက စူးစူးစမ်းစမ်း မေးမြန်းလို့ရှိမှ ရှင်မဟိန္ဒအကြောင်း ပြောရသေးတာပေါ့၊ စိတ်ဝင်စားစရာတော့ အတော်ကောင်းတယ်၊ မင်းထင်တဲ့အတိုင်း ရှင်မဟိန္ဒ ကိုယ်တော်ဟာ စစ်မဖြစ်မီကထဲက မီးရထားဌာနမှာ အင်ဂျင်နီယာတဦး ဖြစ်တယ်။ အဲဒီတုန်းက ဆရာကြီးလဲ မီးရထားစာရင်းဌာနမှာအမှုထမ်းနေတော့ မစ္စတာ ဘဟာဒူးကို သိကျွမ်းခဲ့ဘူးတယ်။ စစ်ပြီးတဲ့နောက် ဂုတ်ထိပ်တံတားကြီးကို ပြန်လည်ပြုပြင်ရာတွင်၊ မစ္စတာ ဘဟာဒူးကို တာဝန်ခံ အင်ဂျင်နီယာ အဖြစ်ဖြင့် ခန့်ထားခဲ့တယ်။ ဂုတ်ထိပ်တံတားဆောက်လျက် မပြီးပြတ်မီ အတောအတွင်း တနေ့မှာ မစ္စတာဘဟာဒူးပျောက်သွားတယ်၊ နေ့စွဲတော့ အတိအကျ မမှတ်မိတော့ဘူး။ သူ့တပည့်သား မြေးများနှင့် မီးရထားဌာနက နေရာ အနှံ့အပြားလိုက်ရှာတော့ ဂုတ်ထိပ်တံတားကြီးအောက် လျှိုထဲက စမ်းချောင်းအနားမှာ သူ့အဝတ်အစားနဲ့ ဘိနပ်ကိုသာ တွေ့ကြရတယ်။ လူကိုတော့ အစအနရှာမတွေ့တော့ဘူး၊ ရေထဲခုန်ဆင်းပြီး မျောပါသွားလို့ အလောင်းမတွေ့ကြရတာလို့ ယူဆပြီး ဘဟာဒူးအကြောင်း မေ့မေ့ ပျောက်ပျောက် ဖြစ်သွားခဲ့တယ်။

နောက် လများများ ကြာတော့ သေသေချာချာတော့ မမှတ်မိဘူး၊ ဦးသိန်းညွှန့်နဲ့ မစ္စတာ ဘဟာဒူး သက်န်းဝတ်နဲ့ ပေါက်လာတယ်။ အဲဒီတုန်းက စိတ်တွေလဲ တော်တော် ဂယောင်ချောက်ခြား ဖြစ်နေဟန်တူတယ်။ဦးသိန်းညွှန့် ပြောပြလို့သိရတာကတော့ မစ္စတာ ဘဟာဒူးဟာ ဟိုတုံးက ဟိန္ဒူအယူဝါဒ ယူခဲ့သော်လည်း တရားစစ် တရားမှန်ကို အလွန်လိုလားခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ဟန်တူတယ်။ အိန္ဒိယယောဂီ သမထနည်းများနှင့် အပြင်းအထန် ကမ္မဋ္ဌာန်းထိုင်၍ တရားရှာခဲ့သည်ဟုလည်း သိရတယ်၊ ဂုတ်ထိပ်တံတားတွင် ပျောက်သွားစဉ်အခါက တရားရှာရန်နှင့် ၎င်း၏ မိဘဆွေမျိုးများ အနှောင့်အယှက်မှ ကင်းလွတ်ရန် လုံးဝခြေရာဖျောက် သွားခြင်းဖြစ်တယ်၊ ဂုတ်ထိပ်နှင့် မလှမ်းမကမ်း ကျောက်လိုဏ်ဂူကြီးများတွင် ဆံပင်မုတ်ဆိပ်များ ရှည်လျားလာအောင်ထား၍ ၎င်း၏ နဂိုရုပ်အား မမှတ်သားမိအောင် အခြေရောက်မှ ပြန်လည်ထွက်ခဲ့ပြီး နောက် မန္တလေးတောင် ရသေ့ကြီးတဦးထံသို့ သွားရောက်၍ အကူအညီတောင်းသည်ဟု အဆိုရှိတယ်၊ ၎င်းမှတဆင့် စစ်ကိုင်းတောင်ရိုးသို့ သွားပြီးလျှင်

အာနာပါန ကမ္မဋ္ဌာန်းကို လေ့လာသည်။ တဖန် စစ်ကိုင်းတောင်မှ မေမြို့သို့ ကူးပြောင်း၍ မြန်မာဘုန်းတော်ကြီး ကျောင်းတကျောင်းတွင် လူဝတ်လဲ၍ သာသနာ့ဘောင်သို့ ဝင်ခဲ့သည်။ မေမြို့တွင် ဟိန္ဒူဘာသာ ကျွမ်းကျင်သော ဆရာတော်တပါးထံ၌ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းအကြောင်းများကို လေ့လာခဲ့ပြီးလျှင်၊ ၎င်းဆရာတော် ညွှန်ကြားချက်အရ ရန်ကုန်တွင် ဝိပဿနာကိစ္စများ ဆက်လက်လုပ်ရန် ထွက်ခွာခဲ့သည်။ ရွှေဦးစွာ သာစည်မီးရထားဘူတာရုံတွင် စာရင်းစစ်ဌာန အရာရှိ ဦးသိန်းညွန့်အကြောင်းကို မေးမြန်းရာ မီးရထားဌာန ပုဂ္ဂိုလ်များက ၎င်းအား မှတ်မိသိရှိ၍ ပျောက်ဆုံးနေသောအင်္ဂလိယာ ဘဟာဒူး ဘုန်းကြီးဝတ်ဖြင့် တွေ့ရှိပြီဖြစ်ကြောင်း ရန်ကုန်သို့အကြောင်းကြားသည်။ ထို့နောက် ဦးသိန်းညွန့်နှင့် အဆက်အသွယ်ရပြီးလျှင်၊ အင်းစိန်ရှိ ကမ္မဋ္ဌာန်းဌာနတခုသို့ သွားရောက်ခဲ့သည်။ ဆရာကြီးထံသို့ ဦးသိန်းညွန့်က ဘဟာဒူးအကြောင်း၊ အကြောင်းကြားသောအခါ ထိုအင်းစိန်မြို့ ကမ္မဋ္ဌာန်းဌာနတွင် အခက်အခဲများ တွေ့ကြုံခဲ့ပြီးနောက် ဂယောင်ချောက်ခြားဖြစ်၍ ဦးသိန်းညွန့်က ၎င်း၏ အိမ်ဝင်းအတွင်းသို့ ပင့်ခေါ်ခဲ့သော အချိန်ဖြစ်သည်။

အဲဒီနောက် ဘဟာဒူးခေါ် ရှင်မဟိန္ဒသည် ဆရာကြီးကိုလာတွေ့ပြီး ဆရာကြီးပြသသော နည်းလမ်းအတိုင်း တရားအားထုတ်ချင်သည်ဟုပြောသည်။ အဲဒီတုန်းက ဒီစေတီမှာ ပဋိပတ္တိလုပ်ငန်းဌာန မဖွင့်ရသေးဘူး၊ ငွေစာရင်းမင်းကြီးရုံး အထက်ထပ် အခန်းမှာသာ ရုံးသူရုံးသားများကို တရားပြ၍ အဲဒီအခန်းမှာဘဲ တရားထိုင်ကြတုန်းဖြစ်တယ်။ မစ္စတာ ဘဟာဒူးကိုလဲဘဲ အဲဒီအခန်းမှာပင် တရားပြပေး၍ လူကောင်းပကတိ စိတ်ကြည်လင် ရွှင်လန်းချမ်းသာမှုကို ရသွားတယ်။ တရား၏ သဘောတရားများကိုလဲ အထူးနားလည် နှစ်ခြိုက်သွားတယ်။ အဲဒီနောက်တော့ ဘဟာဒူးကို ပြန်လည်တွေ့ပြီး သတင်းကြားလို့ သူ့သား အိန္ဒိယပြည်ကလိုက်လာတယ်။ အိန္ဒိယပြည်ကို ပြန်လိုက်ခဲ့ရန် မိဘဆွေမျိုးများက အခေါ်လွှတ်လိုက်ကြောင်း ပြောပြီး အိန္ဒိယပြည်သို့ အတင်းပြန်ခေါ်တယ်၊ ဒါပေမဲ့ သူက ဗမာပြည်မှာဘဲ သာသနာ့ဘောင်တွင် အရိုးထုတ်တော့မည်ဟုပြောပြီး အတင်းငြင်းဆန်တယ်။ နောက်ဆုံးတော့ ဘုရားအရည်တော် သင်္ကန်းကို ပချွတ်လဲရဘဲ ဘုန်းကြီးဝတ်ဖြင့်လိုက်ပြီး အိန္ဒိယမှာလဲ ဘုန်းကြီးဝတ်နှင့်ပင် ဆက်လက်နေခွင့်ရမှ ပြန်လိုက်မယ်ဟုပြောတော့ ၎င်းသားက သူ့သဘောကျအတိုင်း ဖြစ်စေရမယ်ဟု ကတိပေးမှ အိန္ဒိယပြည် ပြန်လိုက်သွားတယ်။

"သူပြန်သွားပြီးတဲ့နောက် ဆရာကြီးနဲ့ အဆက်အသွယ် မရှိတော့ဘူးလား"

"အေး မရှိတော့ဘူး၊ ဒါပေမဲ့ နယူးဒေလီမှာတော့ သီဘင်းသုံးတယ်လို့ သိနေရတယ်။ ဒါကြောင့် ရန်ကြီးအောင် နယူးဒေလီ ကမ္ဘာ့ကုလသမဂ္ဂကျန်းမာရေးအဖွဲ့ကြီးမှာ စာရင်းစစ်ရာထူး အခန့်ခံရတော့ မိတ်ဆက်စာရေးပေးလိုက်တယ်။ တွေ့အောင်ရှာပြီး သူ့သတင်းကို ပေးပို့ပါလို့လဲ မှာလိုက်တယ်"

ဦးရန်ကြီးအောင်စာက ၁၉၅၁ ခုနှစ်မှာ ရေးတာဘဲ၊ သူနဲ့တွေ့ပြီးနောက် ဆရာကြီးနဲ့ အဆက်အသွယ်များ ရှိသေးသလား "၁၉၅၁ ခုနောက်ပြီးတော့ စာလေး ဘာလေး ရေးသေး သလားတော့ မပြောတတ်ဘူး၊ မမှတ်မိတော့ဘူး၊ ၁၉၅၈ ၅၉ ခုနှစ် လောက်မှာကြတော့ ရှင်မဟိန္ဒနှင့် ကိုယ်တိုင် ရန်ကုန်မှာတဖန်ပြန်တွေ့ရတယ်။ အဲဒီကိစ္စကတော့ ပြောရခက်တယ်၊ တယ်တော့လဲမပြောချင်ဘူး၊ မင်းကမေးလို့ရှိတော့ နည်းနည်းတော့ပြောရတာပေါ့၊ အဲဒီအချိန်အခါလောက်က နိုင်ငံခြားမှာ သာသနာပြုဘို့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းကြီးတွေ တော်တော်များများလုပ်ခဲ့တယ်။ ဝိပဿနာ လုပ်ငန်းများအတွက် နိုင်ငံခြားက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို မြန်မာပြည်ပင့်၍ သင်တန်းများတက်စေခဲ့တယ်၊ ရှင်မဟိန္ဒလဲ အဲဒီသင်တန်းတက်ရန် ဗမာပြည်ရောက်လာခဲ့ခြင်းဖြစ်တယ်။ ဗမာပြည်ရောက်ပြီးတော့ ဘယ်မှာ သင်တန်းတက်ရတယ်၊ ဘာတွေလုပ်ရတယ်ဆိုတာတော့ မပြောတတ်တော့ဘူး၊ အတိုချုပ်ကတော့ ဆရာကြီးဆီရောက်လာပြန်တယ်။ အရင်တခါလိုဘဲ သူ့စိတ်တွေ ဘေဝရှုပ်ထွေးပြီး အလွန်အတိဒုက္ခဖြစ်နေတုန်းပေါ့၊ သူ့ကိုခေါ်လာတဲ့သူတွေကလဲ ဒီလိုအခြေအနေမှာ အိန္ဒိယကို ပြန်မပို့ဝံ့ဘူး။ ဆရာကြီး ကူညီစောင့်ရှောက်ပါအုံးလို့ ပြောကြတယ်။ အဲဒီတော့ တို့တရားလုပ်ငန်းလဲ ငွေစာရင်း မင်းကြီးရုံးကနေ ဒီဌာနကို ပြောင်းခဲ့ပြီ။ ဒီမှာ ရုံးသူရုံးသားနဲ့ လူဝတ်ကြောင်များကိုသာ တရားပြသပေးနေတဲ့နေရာဖြစ်လို့ ဘုန်းကြီးများကို တရားပြပေးခြင်းမလုပ်ပါဘူး၊ ပြီးတော့လဲ အခြားဌာနမှာဖြစ်လာတဲ့ အခက်အခဲအမွေဆိုးကြီးကို လက်ခံမယူချင်ဘူး၊ ဒါပေမဲ့ ခေါ်လာတဲ့လူတွေက မရမက ကယ်တင်ပေးပါအုံးဟု တောင်းပန်တာကတကြောင်း၊ သူကလဲဘဲ ဆရာကြီးက တရားယူပါရစေ၊ သင်္ကန်း ဝတ် နှင့်လက်မခံလျှင် လူဝတ်လဲ၍ တရားယူပါမယ်ဟု ဇွတ်အတင်းပြောပြီးလျှင် အင်္ကျီလုံချည်အဝတ်အစားများ တပါတည်းယူလာခဲ့တော့ ဆရာကြီးမှာ မလွှဲမရှောင်

သာဖြစ်နေတာပေါ့၊ ဒါကြောင့်မို့ ဆရာကြီးက သူ့ရဲ့အခက်အခဲကိုကူညီဖြေရှင်းပေးလိုက်ရပြန်တယ်။ ၎င်း၏စိတ်များ ကြည်လင်သန့်ရှင်းပြီး တရား၏သဘောအဆီအနှစ်များ ရရှိသွားပြန်လို့ အိန္ဒိယပြည်ကို ဝမ်းမြောက်ဝမ်းသာပြန်သွားနိုင်ပြန်တယ်။ အဲဒီနောက်တော့ ၁၉၆၀ ခုနှစ်လောက် ထင်ပါရဲ့၊ သူ့ဆီကစာတစောင်ရတယ်။ နယူးဒေလီမှာ ကမ္မဋ္ဌာန်းဌာနတခုဖွင့်၍၊ ဒီဌာနကနည်းများကို သင်ကြားပေးလိုတဲ့ ဆန္ဒရှိကြောင်း စသဖြင့် ရေးလိုက်တယ်။ ဒီနောက်တော့ အဆက်ပြတ်သွားပြန်တယ်''

ရှင်မဟိန္ဒ၏ အကြောင်းမှာ ဆရာကြီးပြန်ပြောသည့်အတိုင်း စိတ်ဝင်စားဘွယ်ကောင်းလှပါသည်။ နယူးဒေလီတွင် ၎င်းဖွင့်လှစ်လိုသည့် ကမ္မဋ္ဌာန်းဌာနမျိုးဖွင့်ဖြစ်လေသလား၊ သာသနာ့ဘောင်၌ပင် ရှိသေးသလား၊ လူ့လောကတွင်ပင် ရှိသေးသလား စုံစမ်းချင်စရာ အချက်အလက်တွေများဘိတောင်း၊ သို့သော်ဖိုင်တွဲများကို ဆက်လက်လှန်လှော ဖတ်ရှုရာ ရှင်မဟိန္ဒ၏ အကြောင်းအရာထက်ပိုမိုအံ့ဘွယ်ရာများ တွေ့ရှိရပြန်သဖြင့် ရှင်မဟိန္ဒကိစ္စ ဤတွင်ပင် တခဏ ရပ်ရပေမည်။

# (ခ) မဇ္ဈိမတာမင်ကာတာရာမန်

ဝိပဿနာသုတေသနအသင်း
မြန်မာပြည် ငွေစာရင်းမင်းကြီးရုံး၊
ရန်ကုန်မြို့။

နေ့စွဲ။ ၁၉၅၂ ခု၊ ဇူလိုင်လ (၁၀) ရက်။

မိတ်ဆွေကြီး ရှရီကျော့ခင်ဗျား၊

၁၉၅၂ ခု၊ ဇွန်လ (၂၆) ရက် နေ့စွဲဖြင့် ပေးပို့လိုက်သော စာကိုရရှိ၍ အထူးပင်ကျေးဇူးတင်ရှိပါသည်။ ''What Buddhism Is'' ဆိုသောစာအုပ် စာမျက်နှာ (၂၀) (၂၉) ၌ ဖော်ပြထားသော ဂုရုကြီး ဆိုသူမှာ ၎င်းစာအုပ်ကို ရေးသားသောသူပင်ဖြစ်၍ မြန်မာပြည် ငွေစာရင်းမင်းကြီး စည်သူ ဦးဘခင်ပင်ဖြစ်ပါသည်။ ၎င်း၏ တပည့်ဆိုသူမှာလည်း အခြားသူမဟုတ်ပါ

ကျွန်တော်ပင်ဖြစ်ပါသည်။ ဝိပဿနာသုတေသနအသင်း နိုင်ငံခြားဆက်သွယ်ရေး ဌာနအတွက် ၎င်း၏ အတွင်းရေးမှူးအဖြစ်ဖြင့် ယခု ကျွန်တော်ဆောင်ရွက်လျက် ရှိပါသည်။

ကျွန်တော် ဘယ်ကဲ့သို့ ဗုဒ္ဓဘာသာဖြစ်လာသည်ကို မိတ်ဆွေကြီး သိလိုပေလိမ့်မည်။ ၂ နှစ်ကျော်မျှ ကျွန်တော်သည် သွေးတိုးရောဂါဝေဒနာရှင်တဦးဖြစ်ခဲ့သည်။ သွေးတိုးချိန်မှာ ၁၉၆ - ၂၀၀ သို့ရောက်ခဲ့သည်။ ၎င်းရောဂါပျောက်ကင်းရန် မျှော်လင့်ချက်များ လုံးဝစွန့်လွှတ်ပြီးချိန်တွင် ဦးဘခင်၏ထံ၌ ဂုဏ်တိုသင်တန်းတက်ရုံမျှဖြင့် (Divine Light) ရရှိနိုင်မည်ဟုသိရှိရ၍ ထိုကဲ့သို့ ရရှိရန် ၎င်းထံတပည့်ခံလိုက်ပါသည်။ အကြောင်းမှာ ဟိန္ဒူဘာသာဝင်များအတွက် (Divine Light) နှင့် ရောယှက် ဆက်ကူး နေနိုင်သည်မှာ ကြီးမားသော အောင်မြင်မှု တရပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ရရှိသောအကျိုးတရားများမှာ လွန်စွာ အံ့ဩဘွယ်ရာများပင် ဖြစ်ပါသည်။ ဝိပဿနာ အဆင့်သို့ တက်ရောက်ပြီး၊ နောက်များမကြာမီ အလင်းရောင်ခြည်ကို ကျွန်ုပ်၏ရှေ့တွင် တည်ငြိမ်စွာထားရှိနိုင်သော အခြေသို့ရောက်ပါသည်။ ထို့ကြောင့် တရားအားထုတ်ဆဲကာလအတွင်းမှာပင် ဗုဒ္ဓဝါဒကို ရင်တွင်း သိမ်း ပိုက် လက် ခံ ယူ ရန် သံဓိဋ္ဌာန်ချမှတ်ခဲ့ပါသည်။ အမှန်မှာတော့ ဗုဒ္ဓတရား၏ ထူးမြတ်သော ဂုဏ်တော်များကို ကိုယ်တိုင်တွေ့မြင်သုံးသပ်ရခြင်းဖြင့် ကျွန်တော် ဗုဒ္ဓဘာသာဝင်တန်းဖြစ်လာရခြင်းဖြစ်ပါသည်။

အကြောင်းအားလျော်စွာ ကျွန်တော်၏ သွေးတိုးစံချိန်မှာလည်း လျော့ဆင်းသွားခဲ့၍ ကျွန်တော်၏ ကိုယ်အလေးချိန်အတွက် သာမန်ရှိသင့်သောသွေးအားအတိုးချိန်၊ ၁၆၂ သို့ ရောက်ရှိလာပါသည်။ ထို့ကြောင့် ကျွန် တော့ အပေါ်တွင် ကျွန်တော်၏ ဂုရုကြီး ကျေးဇူးများ မည်မျှ များပြား သည်ကို ခင်ဗျားတွေ့မြင်နိုင်ပါသည်။ ဗုဒ္ဓမမွှဖြန့်ချီသော သာသနာပြုလုပ်ငန်းတွင် ဂုရုကြီးအား အကူအညီပေးစွမ်းနိုင်ရန် ကျွန်တော်၏ ကိုယ်အား လှူဒါန်းပေးအပ်လိုက်ပြီးဖြစ်ပါသည်။

ခင်ဗျားဘတ်ရှုရန်အတွက် ဂုရုကြီး၏ မိန့်ခွန်းများမှ ကောက်နုတ်ချက်များကို ဤစာနှင့်ပူးတွဲ၍ ပေးလိုက်ပါသည်။ ဂုရုကြီးသည် အပြည်ပြည်ဆိုင်ရာပဋိပတ္တိ လုပ်ငန်းဌာန International meditation Centre တခု ပြုစုပျိုးထောင်ရန် အစီအစဉ်များ ရေးဆွဲလျက်ရှိပါသည်။ ထိုဌာနဖွင့်လှစ်ပြီးသော

အခါ၌၊ မိတ်ဆွေကြီးသည် ကျွန်တော်၏ဆရာ ဂုရုကြီးထံသို့ လာရောက်၍ တရားလုပ်ငန်းများ လုပ်ကိုင်နိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိပါသည်။

အထူးမေတ္တာပို့သလျက်
အက်စ်၊ ဗင်ကာတာရာမန်
အတွင်းရေးမှူး
ဝိပဿနာ သုတေသန အသင်း။

အထက်ပါစာမှ မစ္စတာ ဗင်ကာတာရာမန်ဆိုသော ဟိန္ဒူလူမျိုးတဦးသည် ဆရာကြီး ဦးဘခင်ထံတွင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း လုပ်ငန်းလုပ်၍ ဗုဒ္ဓတရားတော်၏ ဂုဏ်ကျေးဇူးများကို ကိုယ်တွေ့သိရှိ ခံစားရသောကြောင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသည်။ တရားတော်၏ ဂုဏ်ကျေးဇူးမှာ လောလောဆယ် ၎င်းခံစားနေရသော ကာယိကဒုက္ခ၊ စေတသိကဒုက္ခ တို့ကိုလည်း ပြေပျောက်စွမ်းနိုင်သည် စသောအချက်တို့ကို ထင်ရှားစွာသိရသည်။ ၎င်းပြင် ဆရာကြီး ဦးဘခင်သည် "**What Buddhism Is**" ဆိုသော စာအုပ်ကလေးကို ထုတ်ဝေဘူးသည်၊ မစ္စတာ ဗင်ကာတာရာမန် ဆိုသည်မှာ မည်သူနည်း။ "**What Buddhism Is**" စာအုပ်တွင် ဘာတွေများ ရေးထားသနည်း၊ စသော အချက်တို့ကို သိလိုစိတ် ဖြစ်ပေါ်လာသည်။ ယခု ကျွန်တော်လာ၍ တရားထိုင်နေသော ပဋိပတ္တိလုပ်ငန်း ဌာနမှာ မြန်မာပြည် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့မှစတင်ခဲ့၍ ယခုကဲ့သို့ **International meditation Centre** ဖြစ်ပေါ်လာခဲ့သည်ဆိုသော အချက်တို့လည်း ဤစာတွင် တွေ့ရှိရသည်။ ၎င်းကိစ္စရပ်များကိုလည်း ပိုမိုပြည့်ပြည့်စုံစုံ သိရှိလိုပြန်သည်။ ထို့ကြောင့် စာရွက်စာတမ်းများတွင် ထိုအကြောင်းအရာများကို ရှာဖွေကြပါအုံးစို့။

၁၉၆၀ ခုနှစ်၊ တရားအားထုတ်ရန် ပထမစတင် ရောက်ရှိလာသော အခေါက်က မစ္စတာ အက်စ် ဗင်ကာတာရာမန်ကို ပထမဦးဆုံး တွေ့ရှိခဲ့ရဘူးသည်ကို သတိရမိသည်။ ဤဌာနၵ တရားအားထုတ်ခဲ့ဘူးသူများသည် တရားပါတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စနေ၊ တနင်္ဂနွေနေ့များတွင် တရားလာ၍ အားထုတ်ကြသူများ ရှိမြဲဖြစ်သည်။ တနင်္ဂနွေနေ့ တရက်တွင် ထိုကဲ့သို့ တရားလာအားထုတ်သူများအနက် မစ္စတာ အက်စ် ဗင်ကာတာရာမန်လည်းပါလာခဲ့သည်။ ၎င်းတရားထိုင်၍ တရားအာရုံ၌ တည်ငြိမ်နေသည်ကိုလည်း တွေ့မြင်ခဲ့

ရဘူးသည်။ သူ၏ သွေးတိုးရောဂါနှိပ်စက်သဖြင့် နောက်ဆုံးကိုးကွယ်ရာအဖြစ် ဆရာကြီးထံ တရားရှာခဲ့ရာ သွေးတိုးရောဂါ ကောင်းစွာ ပျောက်ကင်းပြီး တရားနည်းလမ်းရခဲ့သူဖြစ်ကြောင်း မျှလောက်သာ ထိုစဉ်ကသိရှိခဲ့သည်၊ သတိပြုမိသည်၊ ယခု ၎င်း၏ ကိုယ်တိုင် မိတ်ဆွေဟဦးအား ဗုဒ္ဓဘာသာသို့ သက်ဝင်ကူးပြောင်းလာရခြင်း အကြောင်းကို လေးနက်စွာ ဖော်ပြဝန်ခံထားသည်ကို တွေ့ရပြန်သောအခါ၌ ပိုမို၍ စိတ်ဝင်စားလာပြန်သည်။

ဤပဋိပတ္တိ လုပ်ငန်းဌာနတွင် တရားအားထုတ်သူများအနက် ထူးထူးခြားခြား ရှိသော ပုဂ္ဂိုလ်များ မှတ်တမ်းတင်ရန် ပုံစံစာရွက်ကလေးများရှိသည်၊ ထိုပုံစံများတွင် သက်ဆိုင်ရာ ယောဂီကိုယ်တိုင် ၎င်း၏ကိုယ်တွေ့အကြောင်းအရာများ ဖြည့်စွက်ရေးသားရသည်။ ထိုပုံစံများကို ဖိုင်တွဲတခုပြုလုပ်၍ သိမ်းဆည်းထားသည်။ ထိုဖိုင်တွဲတွင် မစ္စတာ အက်စ်ဗင်ကာတာရာမန်၏ အကြောင်းအရာများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

**(၁) အမည်၊ အသက်နှင့် အလုပ်အကိုင်။**

မစ္စတာ အက်စ် ဗင်ကာတာရာမန်၊ အသက် (၄၂)
အထက်တန်းစာရင်းစစ်၊ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်
ညွှန်ကြားရေးဝန်ရုံး။

**(၂) ခံစားခဲ့ရသည့်ရောဂါ။**

သွေးတိုးရောဂါ၊ သွေးတိုးစံချိန်– ၂၆၀/၁၄၀

အလွန်ပြင်းထန်၍ အစဉ်နှိပ်စက်နေသည့် ခေါင်းကိုက်ခြင်းနှင့် မူးဝေခြင်းရောဂါ၊ ကျွန်တော်သည် ညများ၌ မအိပ်စက်နိုင်ပါ။ ရင်တွင်း၌လည်း ပြင်းပြစွာ နာကျင်သော ဝေဒနာကို ခံစားခဲ့ရပါသည်။ အသက်ရှူရန်လည်း ရှိုက်၍ရှိုက်၍ ရှူရပါသည်။ ဆရာဝန်များက Hyper tension ရောဂါဟု စစ်ချက်ထုတ်ခဲ့ပါသည်။

**(၃) ဝေဒနာ ခံစားခဲ့ရသည့် ကာလ။**

၁၉၄၂မှ ၁၉၅၁ ခုနှစ်အထိ (၉)နှစ်၊

**(၄) ဆေးဝါးကုသခဲ့ပုံများ။**

နာမည်ကျော် ဆရာဝန်ကြီး ဒေါက်တာ ကေ–စူပရာမန်နီယန် အမ်–ဘီ–ဘီ–အက်စ်က ဆာပေါစီး၊ အဒါလ်ဖိန်း၊ ဒစ်ဂျီတာလီးစ်

ရောဖီးယား၊ ဆာပင်တီးနား စသော ဆေးစွမ်းကောင်း များနှင့် အခြား ဆေးမြောက်မြားစွာတို့နှင့် ကုသခဲ့ပါသည်၊ ၎င်းနောက် အိုင်ဒီးလဲနားဆင်းဟုမ်းက ဒေါက်တာ ဒတ္တားကလည်း ထိုဆေးများနှင့် ကုသပြန်ပါသည်။

(၅) **ဆေးကုခြင်း ပျောက်မပျောက်**

သွေးတိုးစံချိန်သည် လျော့ပါး သွားသည် မရှိဘဲ မြင့်မားလျက်ပင် တည်ရှိသည်။ ဆရာဝန်များက ကျွန်တော့ ရောဂါမှာ ကုသမရနိုင်၊ မျှော်လင့်ချက်မရှိဟု ယူဆခဲ့ကြသည်။ ရာမာကရစ် ရှနားဆေးရုံတွင် ဒေါက်ဘာဂိုးရ်က ယာသီ သက်သာမှုကိုရရန် အကြိမ်များစွာ သွေးဖောက်ထုတ်ခဲ့ဘူးသည်။

(၆) **ဝိပဿနာသင်တန်းတက်ခြင်းများ**

ဂုရုကြီး၏ ရုံးခန်းတွင် ၁၉၅၁ ခု၊ ဩဂုတ်လ၌ ၇ ရက်သင်တန်း တက်ဘူးသည်။ သုံးရက်အတွင်း ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းနှင့် ရပ်တွင်း၌ နာကျင်ခြင်းတို့ လုံးဝပျောက်ကင်း သက်သာသွားသည်။

(၇) **တရားသင်တန်းတက်ခြင်းအကျိုး**

ပထမသင်တန်း ပါတ် (၇) ရက်ပြီးဆုံးသောအခါ၊ ဂုရုကြီး၏ညွှန်ကြားချက်အရ၊ ကျွန်တော်၏ သွေးတိုးစံချိန်ကို တိုင်းခဲ့သည်။ ထူးခြန်းအံ့သြဘွယ်ရာ သွေးတိုးစံချိန်မှာ ၁၆၀ သို့ ကျဆင်းလာသည်ကိုတွေ့ရသည်။ ဤစံချိန်အတိုင်း တည်နေရန် ယခုအထိ စွမ်းဆောင်နိုင်သည်။

(၈) **မှတ်ချက်များ**

ထိုအချိန်မှစ၍ ကျွန်တော်သည် အနည်းငယ်မျှ အနှောက်အယှက် မရှိဘဲ ညတိုင်းများတွင် ကောင်းမွန်နှစ်ခြိုက်စွာအိပ်ပျော်ပါသည်။ စားသောက်ရာတွင်လည်း အလိုရှိသလောက် အစာအာဟာရများကို စားနိုင်၍ ကျန်းမာရေးမထိခိုက်စေဘဲ၊ ပင်ပင်ပန်းပန်းအလုပ်များကိုလုပ်ကိုင်နိုင်ပါသည်။ သို့ရာတွင် တနေ့လျှင် အနည်းဆုံး (၁) နာရီ မှန်မှန်တရားအားထုတ်ရန်လိုပါသည်။

ပုံ—အက်စ်ဗင်ကာတာရမန်၊
အထက်တန်းစာရင်းစစ်
ကူးသန်းရောင်းဝယ်ရေး စစ်ညွှန်ကြားရေးဝန်ရုံး။

# (၈) ဗုဒ္ဓဓမ္မ၏ အဆီအနှစ်

မန်တာဗင်ကာတာရမန်၏ စာတွင် ဖော်ပြထားသော "**What Buddhism Is**" စာအုပ်ကလေးမှာ ပထမအကြိမ်တရားအားထုတ်ရန် ရောက်စဉ်က၊ ကျွန်တော်ရရှိဘူးသော စာအုပ်ကလေးဖြစ်ကြောင်း တွေ့ရသည်။ ဗုဒ္ဓဘာသာဟူသည် အဘယ်နည်း ဆိုသော မေးခွန်းကိုရှင်းလင်းလွယ်ကူတိကျပြတ်သားစွာ ဖြေကြားထားသော စာတမ်းကလေးဖြစ်လေသည်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်ဖြင့် ကြီးပွားလာခဲ့သော ကျွန်တော့်အတွက် ဗုဒ္ဓမြတ်စွာဘုရားနှင့် ဟောကြားတော်မူသော တရားတို့ကို တထိုင်တည်းဖတ်နိုင်၍ တကြိမ်တည်းနှင့် ရှင်းလင်းစွာ သိနားလည်စေခဲ့သော စာအုပ်မှာ ဤစာအုပ်ကလေးပင်ဖြစ်ခဲ့ပေသည်။ ယခု သေချာစွာ ပြန်လည်ဖတ်ရှုသောအခါ၌၊ ဤစာအုပ်ကလေးနှင့် ပတ်သက်၍ အံ့သြဘွယ်ရာ အကြောင်းအချက်အလက်များ တွေ့ရပြန်လေသည်။

ဤစာအုပ်ကလေးကို ရှေဦးစွာ စာအုပ်အဖြစ်ဖြင့် ရည်ရွယ်၍ ရေးသားခဲ့သည်မဟုတ်။ ငွေစာရင်းမင်းကြီးရုံးဝိပဿနာ အသင်းသားများကိုဒင်း၊ အခြားဗုဒ္ဓဘာသာဝင်များအားဒင်း၊ ရည်ရွယ်၍ ဖြစ်ပေါ်လာခဲ့သည်လည်းမဟုတ်၊ ရန်ကုန်မြို့ အလံပြဘုရားလမ်း၊ မက်သဒစ် ခရစ်ယန်ဘုရားရှိခိုးကျောင်းတွင် ခရစ်ယန်ဘာသာလေ့လာရေးအဖွဲ့တခုအား ထိုစဉ်အခါက ငွေစာရင်းမင်းကြီးဖြစ်သူ စည်သူဦးဘခင်က ဗုဒ္ဓဘာသာတရားအကြောင်း ရှင်းလင်း ဟောကြားရာတွင် အသုံးပြုခဲ့သော ဟောကြားချက်များကို စုပေါင်း၍ စာအုပ်ကလေးအဖြစ်ထုတ်ထားခြင်းသာဖြစ်သည်။ ဤခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ဗုဒ္ဓဘာသာတရားတော်မြတ်များကို တင်ပြဆွေးနွေးရန် စတင်စီစဉ်ဆော်သြသူတို့မှာ ထိုအချိန်အခါက မြန်မာပြည်တွင်ရှိသော အမေရိကန် ထောက်ပံ့ရေးအဖွဲ့မှ ပြန်ကြားရေးအရာရှိ မန်တာဂျေရောင်းဖီးလ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးအရာရှိ မစ္စတာ ရောဂျာစီသော့ တို့ဖြစ်ခဲ့သည်ကိုတွေ့ရသည်။ ဤမက်သဒစ် ခရစ်ယန်ဘုရားရှိခိုးကျောင်းတွင် ဆရာကြီးဦးဘခင်သည် "ဗုဒ္ဓဘာသာဆိုတာဒါဘဲ" ဟူသော အကြောင်းအရာများကို ၁၉၅၁ ခု၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ၃ ကြိမ်ဟောပြောခဲ့သည်။ ပထမအကြိမ် ဟောပြောပွဲတွင် ဂေါတမ ဗုဒ္ဓ၏ ပါရမီဖြည့်စဉ်များ၊ တောထွက်ပုံနှင့် တရားရှာပုံများ၊ သဗ္ဗညုတဉာဏ်ကို[illegible] ခူး၍ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ပွင့်တော်မူလာပုံကိုတင်ပြ၍၊ ဒုတိယ အကြိမ် ဆွေးနွေးရာတွင် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်၏ အဆီအနှစ်ဖြစ်သည့် ဓမ္မစကြာတရားများနှင့် မဂ္ဂင်ရှစ်ပါး တရားများကို ဆွေးနွေး

ရှင်းလင်းခဲ့ပေသည်။ တတိယအကြိမ်၌ ပဋိစ္စသမုပ္ပါဒ်တရားများကို တင်ပြရှင်းလင်း၍ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းလုပ်ငန်းများဖြင့် သံသရာတွင် ခန္ဓာဇာတ်သိမ်းပုံအကြောင်းဖြင့် နိဂုံးချုပ်လေသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်ခဲ့သော ကျွန်တော်၏ အတွက် ဗုဒ္ဓဝင်အကြောင်းအရာများ၊ မေ့ဇကြာ၊ ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန် စသော တရားများတို့ကို ကြားမိဘူး ဖတ်ရှုခဲ့မိဘူးသော်လည်း၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ ဟောကြားတော်မူလိုရင်း သဘောအဓိပ္ပါယ်များသည် အစပျောက်ခဲ့သည်။ ရှုပ်ရှုပ်ထွေးထွေးဖြစ်ခဲ့သည်။ ဤစာအုပ်ကို ဖတ်ရှုရမှ သံသရာတွင် ဒုက္ခသစ္စာသာ အရင်းခံသည်။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ရသည်။ ဒုက္ခသစ္စာမှ ထွက်မြောက်ရန် နိရောသစ္စာရှိသည်။ ထွက်မြောက်ရန်လမ်းမှာ မဂ္ဂင်သစ္စာတွင်ရှိတော့သည်ဟု ဆိုလိုရင်းအဓိပ္ပါယ်ကို အားလုံးခြုံ၍ သဘောရပါသည်။ အားလုံးငုံ၍ နားလည်ရတော့သည်။

ဤကဲ့သို့ ရန်ကုန်မြို့ရှိ ခရစ်ယန်သာသနာပြုကျောင်းတွင် အမေရိကန်လူမျိုးများ၏ ဆော်ဩမှုကြောင့် ဗုဒ္ဓဘာသာတဦးက ဗုဒ္ဓတရားတော်အဆီအနှစ်များ ကို ဟောပြော ဆွေးနွေး ရှင်းလင်းလာနိုင်ခြင်းသည်ပင် အံ့ဘွယ်ရာတရပ်ဖြစ်သည်။ ထိုထက်အံ့ဘွယ်ရာထား ရန်ကုန်မြို့တွင် ပြောဟောခဲ့သော ဗုဒ္ဓတရားတော်များအကြောင်းကို ဟောပြောရာ ရန်ကုန်မြို့ရှိ ခရစ်ယန်ဘုရားရှိခိုးကျောင်းအတွင်း၌သာ ပြီးဆုံးမေ့ပျောက်တိမ်မြုပ်မသွားဘဲ၊ ကမ္ဘာအရပ်ရပ်သို့တရားလေလှိုင်းများ လွင့်ပျံ့ရောက်ရှိသွားသည့်အချက်ပင်ဖြစ်သည်။

ထိုမက်သဒစ်ဘုရားရှစ်ခိုးကျောင်း ဘာသာရေးအဖွဲ့ဆွေးနွေးပွဲ ဥက္ကဋ္ဌမစ္စတာဝင်းဖီလ်က ၁၉၅၁ ခု၊ အောက်တိုဘာလ(၃၀)ရက်နေ့တွင် ဆရာကြီးဦးဘခင်ထံသို့ ကျေးဇူးတင်စကားရေးသားပေးပို့ရာ၌ "ကျွန်ုပ်တို့ဆွေးနွေးပွဲသို့ ဗုဒ္ဓဘာသာတရားအကြောင်း လာရောက်ရှင်းလင်း တင်ပြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆရာကြီး၏ ဆောင်ရွက်မှုမှာ ကျွန်ုပ်တို့ဆွေးနွေးပွဲကို များစွာအကူအညီအထောက်အပံ့ ရစေသည်သာမက၊ ဤကဲ့သို့ ဆွေးနွေးရသဖြင့်လည်း ဗုဒ္ဓဘာသာတရားအကြောင်းများကို ပိုမို၍ နားလည်မှုရရှိစေခဲ့ပါသည်" ဟု ဖော်ပြထားပေသည်။

ဝါရှင်တန်မြို့တော်ရှိ မြန်မာသံရုံး ပထမအတွင်းဝန် ဦးတင်မောင်ထံမှ၊ ဆရာကြီးဦးဘခင်ထံရေးလိုက်သည့် ၁၉၅၂ ခုနှစ် ဇွန်လ(၁၉)ရက်နေ့စာတွင်

အောက်ပါအတိုင်းတွေ့ရှိရပြန်ပါသည်။ "၁၉၅၂ ခု၊ မေလ(၂၀)ရက်နေ့စွဲ ထုတ် မြန်မာပြည် အပတ်စဉ် သတင်းစာစောင်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းနှင့် ဟောကြားတော်မူသော တရားတို့ကို ရာမာကရာစ်ရှနာမစ်ရှင် အသင်း၌ မေလ(၉)ရက်နေ့က ဦးမင်းဟောကြားသည့် သတင်းကို ဘတ်ရှုရ ပါသည်။ သို့ဘတ်ရှုရ၍ ဦးမင်းအား အထူးချီးကျူးပါကြောင်း ပြောကြား အပ်ပါသည်။ ထိုအပြင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော" What Buddhism Is "ဗုဒ္ဓဘာသာဆိုတာ ဒါဘဲ" ဟူသော စာအုပ်ကလေးကိုလည်း ဦးမင်းရေးကြောင်း ကြားသိရပါသည်။ ၎င်းစာအုပ်ကို ကျွန်တော်ကိုယ်တိုင် ဘတ်ရှုလိုလှ၍ ဗုဒ္ဓဘာသာတွင် စိတ်ဝင်စားသော၊ အမေရိကန်မိတ်ဆွေများ အားလည်း ဖြန့်ဖြူးလိုပါသဖြင့် ၎င်းစာအုပ်အနည်းငယ်မျှ ရနိုင် မရနိုင် ပြန် ကြားပါက အထူးကျေးဇူးတင်ရှိရပါမည်။ သံရုံးပိဋကတိုက်တွင် အင်္ဂလိပ်နှင့် ဂျာမန်စာရေးဆရာများ ရေးသားသော ဗုဒ္ဓဘာသာအကြောင်း စာအုပ် တအုပ်စ နှစ်အုပ်စသော်လည်း မြန်မာပညာရှိများက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်တအုပ်မျှမရှိပါ။ ဦးမင်းကိုယ်တိုင် ဘာသာရေး ကိစ္စများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို ဤအမေရိကန်ရှိ ကျွန်တော် များက အထူးနှစ်ထောင်းအားရလျက်ရှိကြ၍ ကမ္ဘာ့အရပ်ရပ်တွင် ဗုဒ္ဓမိန့်မြွက် ကြားသည့် တရားတော်များကို ပိုမိုသိရှိနားလည် နှစ်ခြိုက်ယုံကြည်လာမည့် အချိန်အခါသို့ မျှော်မှန်းလျက်ရှိကြပါသည်။"

ထိုနည်းတူစွာ ဩစတြေလီးယား၊ ယူဂိုစလေဗီးယား၊ လန်ဒန်စသော မြန်မာသံရုံးရှိရာ ကမ္ဘာ့အရပ်ရပ်မြို့ကြီး တိုက်ကြီးများမှ ဤစာအုပ်ငယ်ကလေး များ တောင်းခံကြသည့်စာများ တွေ့ရှိဖတ်ရှုရသဖြင့် ရန်ကုန်မြို့ မက်သဒစ် ဘုရားရှိခိုးကျောင်းမှနေ၍ ဆရာကြီး ဦးဘခင် ဟောကြား လိုက်သော ဗုဒ္ဓ မြတ်စွာ၏ တရားသံသည် ကမ္ဘာ့အရပ်ရပ်သို့ ပြန့်လွင့်သွားကြောင်း အံ့ဩ ဘွယ်ရာသိရှိရပေသည်။

ဤကဲ့သို့ ဟောပြောလိုက်သော မြတ်စွာဘုရား၏ တရားဓမ္မ များသည် အင်္ဂလိပ်ဘာသာဖြင့်သာ ကမ္ဘာ့အရပ်ရပ်သို့ ပြန့်နှံ့ သွား သည် မ ဟုတ် သေး ၁၉၅၈ ခု ဖေဖေါ်ဝါရီလ (၇) ရက်နေ့စွဲပါ ဆွီဒင် ဗုဒ္ဓဘာသာအသင်းသား တဦးဖြစ်သည့် မစ္စတာအာလင်းဂျိဟာန်ဆင်၏ စာအရ ဆွီဒင်ဘာသာဖြင့်လည်း ပြန်ဆိုရေးသား၍ ဆွီဒင်နှင့် စကင်ဒီနေဗီးယားနိုင်ငံများတွင် ပြန့်နှံ့သွားကြ သည်ဟု သိရှိရလေသည်။ ၁၄၅၀၄

ဆွီဒင်နှင့် ကပ်လျက်ရှိသော ဖင်လန်နိုင်ငံတွင်လည်း ဆရာကြီးဦးဘခင် ဟောကြားပြသသည့် တရားဓမ္မအကြောင်းများ ပေါက်ရောက်လျက်ရှိကြောင်း ကို အောက်ပါစာများမှလည်း စိတ်ဝင်စားဘွယ်ရာ တွေ့ရပြန်သည်။ ၁၉၅၄ ခု အောက်တိုဘာလ (၃၁) ရက်နေ့တွင် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့သို့ ထိုအချိန်အခါက ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့် အစည်းအဝေးသို့ တက်ရောက် ရန်လာမည်ဖြစ်သော ဖင်လန်ပြည် ဟဲလ်ဆင်ကီမြို့ ဗုဒ္ဓဘာသာ မိတ်ဆွေများ၏ အသင်းဟုခေါ်သော အဖွဲ့အစည်း၏ ချယ်ယာမင်း မစ္စတာမိုနိုနေဘ့(တ်) ဘာ့ဂ် ရေးသားလိုက်သောစာတွင် တွေ့ရသည်မှာ "ကွန်ဖရင့် အစီအစဉ် များအရ၊ ဘုရားဖူးထွက်ရန် စီစဉ်ချက်များပါရှိသည်ကိုတွေ့ရသည်။ သို့ရာတွင် ကျွန်တော်၏ ခွန်အားများကိုခြိုးခြံရမည်ဖြစ်၍ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ပုဂံသို့သွား မည့်အစီအစဉ်မှတပါး အခြားအစီအစဉ်များတွင် လိုက်ပါနိုင်မည် မဟုတ်ပါ။ ဤကဲ့သို့ခရီးထွက်မည့်အစား၊ ကမ္မဋ္ဌာန်းဘာဝနာ လုပ်ငန်းတွင် လေ့လာမှုများ ရယူလိုပါသည်။ လောလောဆယ် ကျွန်ုပ်၏ရှေ့တွင် ၁၉၅၂ ခု၊ ဒီဇင်ဘာလ (၂၂) ရက်နေ့စွဲဖြင့် ရေးသားထားသော နယ်သာလင်း ဗုဒ္ဓဘာသာ အသင်း ကြီး၏ ဥက္ကဋ္ဌ မစ္စတာဂျေ၊ ဗွီ၊ အင်မာစဖုဒ်၏ အစီရင် ခံစာနှင့် ပူးတွဲ၍ ၎င်း၏ ကမ္မဋ္ဌာန်းဆရာဖြစ်သော မြန်မာပြည် ငွေစာရင်းမင်းကြီး ဦးဘခင်၏ ရှင်းလင်း ချက်တစောင်ရှိပါသည်။ ထိုပုဂ္ဂိုလ်ကြီးထံမှ ရက်အနည်းငယ်မျှ တရားဓမ္မ နည်း ပြခံယူရန် စီစဉ်ပေးနိုင်ပါမူ အထူးကျေးဇူးတင်ရှိရမည်ဖြစ်ကြောင်း အထူးပြော ဘွယ်မလိုပါ။ ဤကဲ့သို့ တရားအားထုတ်နည်း၊ ဆည်းပူးရသည်က ဟိုဟိုဒီဒီခရီး သွားလှည့်လည်ခြင်းထက်ပိုမို၍အကျိုးရှိမည်ဟု ယူဆပါသည်။ ထို့ကြောင့်ကျွန် တော်ဆန္ဒရှိသော ကိစ္စအောင်မြင်ရန် အစီအစဉ်တရပ် ပြုလုပ်ပေးနိုင် လိမ့်မည်ဟု ယုံကြည်လျက်ရှိပါသည်။"

ဖိုင်တွဲများကို ဆက်လက်ဖတ်ရှုရာတွင် အောက်ပါ မမျှော်လင့်သော စာတစောင်ကို ဝမ်းနည်းစွာ ဖတ်ရှုရပြန်ပါသည်။

ဗုဒ္ဓဘာသာမိတ်ဆွေများအသင်း
ဟဲလ်ဆင်ကီ၊ ဖင်လန်ပြည်
၁၉၅၆ ခု၊ မတ်လ (၂၄) ရက်။

မိတ်ဆွေကြီးခင်ဗျား

အလွန် အကျုံးအထူးဝမ်းနည်းစွာဖြင့် ကျွန်တော်တို့၏ ဗုဒ္ဓဘာသာမိတ် ဆွေများ အသင်းကြီး၏ ဥက္ကဋ္ဌကြီးနှင့် စတင် တည်ထောင်ခဲ့သူဖြစ်သော မစ္စတာ

မိုနီနေ့ (တ်) ဘာ့ဂ်သည် အသက် (၇၂) နှစ် လွန်ခဲ့သည့် ဖေဖော် ဝါရီလ (၂၂) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း အကြောင်းကြားရပါသည်။ သူ၏နိုင်ငံတွင် ဗုဒ္ဓတရားများကို မကြောက်မရွံ့ မဆုတ်မနစ် ဟောကြားပြသသွားသော ဓမ္မကထိက ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားခဲ့ပါသည်။ ၎င်း၏ ဗုဒ္ဓဘာသာဆိုင်ရာ လုပ်ငန်းရပ် ကိစ္စရပ်များကြောင့်၊ ၎င်း၏ ဖွားရာဒေသဖြစ်သော ဖင်လန်ပြည်တွင်း သာမကဘဲ၊ အခြားစကင်ဒီနေဗီးယား နိုင်ငံများတွင်လည်း "ဗုဒ္ဓဓမ္မဟောကြားဖြန့်ချီသည်မှာ အမွန်မြတ်ဆုံးတာဝန်ဝတ္တရားတရပ်ဟုယူဆ၍ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီး" ဟု အသိအမှတ်ပြုခြင်းခံရပါသည်။ မစ္စတာ မိုနီနေ့ (တ်) ဘာ့ဂ်အား ကမ္ဘာ့အရှေ့ပိုင်းရှိ ဗုဒ္ဓဘာသာ ထွန်းကားရာ တိုင်းပြည်များတွင်လည်း ကောင်းစွာ သိရှိကြပါသည်။ ၎င်းကွယ်လွန်အနိစ္စရောက်ရာတွင် အစားထိုးယူနိုင်ရန် ခဲယဉ်းလှသော ပုဂ္ဂိုလ်ကြီးတဦး ဆုံးရှုံးရခြင်း ဖြစ်ပါသည်။

သဗ္ဗေသင်္ခါရာ အနိစ္စာ။

မေတ္တာစိတ်များဖြင့်၊

**ပုံ–လီယို၊ ဟဲလ်ဒင်။**

ထိုစာကို ၁၉၅၆ ခု၊ ဧပြီလ (၁၀) ရက်နေ့တွင် ဆရာကြီး ဦးဘခင်က ပြန်စာရေးသားလိုက်ရာ၌ "၁၉၅၆ ခု၊ မတ်လ (၂၄)ရက် နေ့စွဲဖြင့် မိတ်ဆွေကြီး ပေးပို့လိုက်သောစာတွင် မစ္စတာ နေ့(တ်)ဘာဂ် ကွယ်လွန်အနိစ္စရောက်သော သတင်းကို ဘတ်ရှုရ၍ အထူးဝမ်းနည်း မိပါသည်။ မစ္စတာ နေ့(တ်)ဘာ့ဂ်သည် ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးသို့ တက်ရောက်ရန် ရောက်ရှိလာစဉ်က ကျွန်ုပ်တို့၏ အပြည်ပြည် ဆိုင်ရာ ပဋိပတ္တိလုပ်ငန်း ဌာနတွင် ၁၉၅၄ ခု၊ ဒီဇင်ဘာလ (၇) ရက်နေ့မှ (၁၆) ရက်နေ့တိုင်အောင် တရားတပါတ် အားထုတ်သွား ဘူးပါသည်။ ဇရာဖိစီး၍ ကျန်းမာရေး မခိုင်လုံလှသော်လည်း သမာဓိကိုကောင်းစွာ ထိန်းသိမ်းနိုင်၍ ဝိပဿနာစခန်းတွင် အတော်ပေါက်မြောက်သည့်တိုင်အောင် အားထုတ်သွားခွင့်ရသွားရှာပါသည်။ ဤကဲ့သို့ ဝိပဿနာ ဘာဝနာပွားများ အားထုတ် သွားရခြင်း၏ အကျိုးကျေးဇူးများကြောင့် နောက်ဆုံး ဝိညာဉ်ချုပ်သည့်အချိန်အခါတွင် ကောင်းသော အာရုံများကို တွေ့မြင်ရရှိသွားမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ၎င်းကွယ်လွန် အနိစ္စရောက်ခြင်းဖြင့် တကယ် သဒ္ဓါယုံကြည်၍ ဗုဒ္ဓ

လမ်းစဉ်ကို လက်တွေ့ ကျင့်သုံးနေသော ပုဂ္ဂိုလ်ကြီးတဦး ဆုံးပါး သွားရလေခြင်းဖြစ်ပါသည်။'' စသဖြင့် ဖော်ပြထားပါသည်။

ဗုဒ္ဓသာသနာ ဖြန့်ချီရေး လုပ်ငန်းများနှင့် မနီးစပ်ခဲ့သော ကျွန်တော့်အတွက်မှာ ဤစာများ တွေ့ရသောအခါ၌ အံ့ဩဘွယ်တရပ်ကို တွေ့ရသကဲ့သို့ဖြစ်နေပါသည်။ ပါမောက္ခ မက်စ်မိုလာမှစတင်၍ ဂျာမဏီနိုင်ငံသို့ ဗုဒ္ဓစာပေများ၊ ပိဋကတ်တော်များ ရောက်ရှိနေသည်။ ပြင်သစ်နိုင်ငံတွင် မစ္စက်စ်လောင်းစ်ဗဲရီးဟုခေါ်သော အမျိုးသမီးကြီးက ဗုဒ္ဓတရားများ ဖြန့်ဖြူးလျက် ရှိသည်၊ လန်ဒန်တွင် ပါဠိစာပေ အသင်းကြီးရှိသည်။ မစ္စက်စ်ရီးစ်ဒေဗစ်တို့ ဇနီးမောင်နှံမှ စတင်ဆင်းသက်ခဲ့၍ ယခုတိုင် ပါဠိတော်နှင့် အဋ္ဌကထာများ၊ ၎င်းတို့၏ဘာသာပြန်များ ဖြန့်ချီနေကြသည်။ ခရစ်စမတ်ဟမ်ဖရေစသော ပုဂ္ဂိုလ်တို့၏အသိုင်းအဝိုင်း များကလည်း ၎င်းတို့၏နည်းနှင့် ၎င်းတို့ ဗုဒ္ဓတရားများကို စာအုပ်ရေးသား ဟောပြောဆွေးနွေးမှုများ ပြုလုပ်ကြသည်။ ပါမောက္ခ ကွန်ဇေသည် ပါဠိပိဋကတ်တော်မှ ကောက်နုတ်ချက်များကို ဘာသာပြန်၍ စာအုပ်များ ရေးသားနေသည်၊ အမေရိကန်တွင် ဟားဘာဒ်တက္ကသိုလ် အရှေ့တိုင်းဘာသာရပ်များ ဌာနမှ ဦးစီး၍ ဗုဒ္ဓစာပေများကို ဖြန့်ချီ ထုတ်ဝေနေသည်။ လွန်ခဲ့သော စစ်ကြီးပြီးသည့်နောက် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ သဘောအယူအဆ အမျိုးမျိုးတို့ဖြင့် ရေးသားကြသော၊ လေ့လာကြသော ပုဂ္ဂိုလ်အဖွဲ့အစည်းပေါင်း မြောက်မြားစွာ အမေရိကန်တွင် ပေါ်ပေါက်နေသည်။ ဩစတြေးလီးယားတွင်လည်း ဗုဒ္ဓဘာသာတရားများ လေ့လာလိုက်စားသူ တနေ့တခြား များပြားနေသည်။ မေရီဘိုင်းခေါ် အမျိုးသမီးတဦးပင်လျှင် ဩစတြေလီးယား မှလာ၍ မန္တလေး ဗောဓိရိပ်သာတွင် တရား အားထုတ်စဉ်ကကိုယ်တိုင်တွေ့လိုက်ရဘူးသည်။

ဤမျှ ဤမျှသာလျှင် အနောက်တိုင်းပညာဆိုအပ်သော ထိုထိုတိုင်းပြည်များ၌ ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် ကိစ္စရပ်များအကြောင်း အကြမ်းဖျင်းအားဖြင့်သိသည်။ ယခုကဲ့သို့ ဗုဒ္ဓဓမ္မရောင်ခြည်သည် မြန်မာပြည်နှင့် နိုင်ငံရေး၊ စီးပွားရေးအရ၊ ကွာဝေးလှသည့် နော်ဝေး၊ ဆွီဒင်၊ ဖင်လန်စသော စကင်ဒီနေးဗီးယားနိုင်ငံများ၌ ထွန်းလင်း တောက်ပြောင်လျက် ရှိကြောင်းကိုကား မသိရှိခဲ့၊ ကြားပင်မကြားဘူးခဲ့ပေ။ ဤဖိုင်တွဲများတွင်မှ မစ္စတာနေဒ့(တ်)ဘာဂ်အကြောင်းနှင့် ပတ်သက်၍၊ ၎င်းတို့အသင်းအဖွဲ့များအကြောင်း တွေ့မြင်သိရှိရသဖြင့် အံ့ဩရပေသည်။ စကောလားခေါ် စာပေပညာရှိကြီးများ အနေဖြင့်

ဗုဒ္ဓစာပေများကို လေ့လာလိုက်စားကြရုံသာမက၊ လက်တွေ့ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းသည့် အဆင့်အတန်းသို့ ရောက်နေကြသည်မှာ အံ့ဩဘွယ်လိလိပင်။မစ္စတာလီယိုဟဲလ်ဒင်က မစ္စာနေ့(တ်)ဘာဂ်ကွယ်လွန်အနိစ္စရောက်ကြောင်း အကြောင်းကြားစာတွင် "သဗ္ဗေသင်္ခါရာအနိစ္စာ" ဟု နိဂုံးသတ်သွားပုံမှာလည်း ဗုဒ္ဓဘာသာတရားကို လေးလေးနက်နက် သိရှိနားလည်နေကြကြောင်းထင်ရှားပြနသဖြင့်လည်း အံ့ဩရပေသည်။

## (ဃ) မစ္စတာဇေဂျ၊ ဗွီ၊ အင်မာစဖုတ်

အထက်တွင်ဖော်ပြခဲ့သော မစ္စတာနေ့(တ်)ဘာဂ်၏ စာတွင်ပါရှိသည့် နယ်သာလင်ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ မစ္စတာဂျေဗွီ၊ အင်မာစဖုတ်၏ အစီရင်ခံစာနှင့် ၎င်း၏ ဂုရုဒေ့ဝစာရင်းမင်းကြီး ဦးဘခင်၏ ရှင်းလင်းချက်တို့ကို ဖိုင်တွဲများတွင်၊ ရှာဖွေရာ တွေ့ရှိရုံသာမက တရားသမားများ၏ ကိုယ်တွေ့ အတွေ့အကြုံများဟူသော ခေါင်းစဉ်ဖြင့် စာတမ်းတစောင်ကို တွေ့ရှိရသည်။ ထိုစာတမ်းအရသိရသည်မှာ၊ မစ္စတာအင်မာစဖုတ်သည်နယ်သာလင်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဖြစ်၍ ၁၉၅၂ ခု၊ ဒီဇင်ဘာလတွင် ရန်ကုန်သို့ အလုပ်ကိစ္စတခုဖြင့် ရောက်ရှိလာသည်။ မြန်မာပြည်၌နေသော ရက်အနည်းငယ်အတွင်းတွင် စည်သူဦးဘခင်နှင့် လာရောက်တွေ့ဆုံ၍၊ ၎င်းထံမှ ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်း ထိုင်နည်းနိသျှည်းများကို လက်တွေ့တောင်းခံယူသွားသည်။ ၎င်း၏ အတွေ့အကြုံများကို ရန်ကုန်ကမထွက်မီကလေးတွင် စာတမ်းတခုအဖြစ်ဖြင့် ရေးသားထားခဲ့၏။ ယင်းစာတမ်းပေါ်တွင် ဆရာကြီးဦးဘခင်က ရှင်းလင်းချက်များ ဖော်ပြထားလေသည်။

"ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သည်မှာ (၁၈) နှစ်ခန့် ကြာခဲ့၍ မွန်ဂိုးလီးယားနှင့် တိဗက်တွင်လည်း သာသနာ့ဘောင်သို့ သက်ဝင်ခဲ့ပြီး သက်နှဲဆည်းခဲ့ဘူးပါသည်။ ထိုဒေသများတွင် လောကီရပ် သမထကိစ္စများကို အများအပြားဆောင်ရွက်ခဲ့ရာ၊ ဂုရု စည်သူဦးဘခင် လက်အောက်၌ ပြသည္ဆန်ကြားလျက်ရှိသော ဝိပဿနာလုပ်ငန်းများကို တွေ့ကြုံဘူးမည်ဝေးစွ၊ ကြားမှပင်မကြားဘူးခဲ့ကြောင်း ဖော်ပြလိုပါသည်။ ဖော်ပြရမည်ပင်ဖြစ်ပါသည်။ ရန်ကုန်သို့ အလုပ်ကိစ္စတခုဖြင့် (၇)ရက်တာမျှသာ ရောက်ခဲ့ရာ၊ ထိုတိုတောင်းသောအချိန်

အတွင်း ဂုရုကြီး၏ အကူအညီဖြင့် သမာဓိနှင့် ဝိပဿနာစခန်းများသို့ တက်ရောက်နိုင်ခဲ့သည်မှာ အခြားသူများအတွက်မပြောနှင့် ကျွန်ုပ်အတွက်ပင်လျှင် ယုံကြည်နိုင်ဘွယ်ရာမဟုတ်ပေ။

နာရီဝက်၊ နာရီဝက်နှစ်ကြိမ် ရှေးဦးစွာ အာနာပါနကမ္မဋ္ဌာန်း ထိုင်လိုက်ပြီးသည့်နောက်ပင်လျှင် အလင်းရောင်များကို ကောင်းစွာ မြင်ရတော့သည်။ ဆိုလိုသည်မှာ စိတ်သည် နီဝါရဏတရားများ ကင်းစင်၍ ကြည်လင်သန့်ရှင်း တည်ငြိမ်သောကြောင့် တောက်ပထွန်းလင်း အားကောင်းလာခြင်းသဘောပင်ဖြစ်ပေသည်။ ကမ္မဋ္ဌာန်းလုပ်နည်းလုပ်ဟန်မှာ လွန်စွာလွယ်ကူ၍ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းပြီး ဧကဂ္ဂတာစိတ် ရယူရန်ပင်ဖြစ်ပေသည်။ ထိုအကြောင်းများကို ဂုရုကြီးက ပိုမို၍ ပြောပြနိုင်ပေမည်။ ၁၉၅၂ ခု၊ ဒီဇင်ဘာလ(၂၀)ရက်နေ့ စနေနေ့ညတွင် အာနာပါနလုပ်ငန်းများကို စခဲ့၍ ဝိပဿနာစခန်းများသို့ ၁၉၅၂ ခု၊ ဒီဇင်ဘာလ (၂၁) ရက်နေ့ တနင်္ဂနွေ (၁၀)နာရီတွင် တက်လှမ်းခဲ့ပါသည်။ ကိုယ်တွင်း၌ ပူလောင်နေသည်များကို အာရုံစူးစိုက်၍ ဒုက္ခကိုရှုခဲ့ရာ ရေမျက်နှာပြင်ပေါ်တွင် ရေခိုးရေငွေ့များထသကဲ့သို့ ကျွန်ုပ်၏ ကိုယ်တွင်း၌ မခံမရပ်နိုင်အောင် ပူလောင်သည်ကို တွေ့ရပါသည်။

ထို့နောက် ကျွန်ုပ်၏ကိုယ်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော အလုံးစုံပူမှုသောဒုက္ခအစုစုအားလုံးကို ကြည့်ရှုလိုက်ရာတွင် သည်းမခံနိုင်လောက်အောင် ပြင်းထန်သော ဒုက္ခဝေဒနာများကို ခံစားရပါသည်။ နောက်ဆုံးတွင် ဝေဒနာဒဏ်ရာ ဒဏ်ချက်များကြောင့် အသက်သေဆုံးရတော့မည်ဟု မှတ်ယူရသဲအခါ၌ ကျွန်ုပ်၏အသဲနှလုံးများကို ကိုယ်တွင်းမှ ဆွဲယူထုတ်နှုတ်လိုက်သကဲ့သို့ ဒုက္ခပြင်းထန်လာပါသည်။ ဒုက္ခတို့မှ လွတ်ကင်းရာသို့ ရောက်ရှိလိုသော ဆန္ဒပေါ်ပေါက်လာသည်နှင့်တပြိုင်နက် ရုတ်တရက် ချက်ခြင်း အလင်းရောင်ကလေးဘာသည် ဝင်းကနဲ လက်ကနဲ ဖြစ်ပေါ်လာပြီးလျှင် ကျွန်ုပ်သည် ခံစားရသော ဒုက္ခများမှ ကင်းလွတ်ခဲ့ပါသည်။ စကားလုံးများဖြင့် သိကုံး၍မပြနိုင်သော ရှင်လန်းအေးချမ်းသည့် အရသာနှင့် နှစ်သိမ့်မှုများကို ခံစားရပါသည်။ ဤကဲ့သို့လွတ်မြောက်ခြင်းမှာ နေ့စဉ်နေ့တိုင်း တွေ့ကြုံဆုံဆည်းနေရသော ဒုက္ခအပေါင်းမှ လွတ်မြောက်ရခြင်းဖြစ်၍ ကိုယ်တိုင် တွေ့ကြုံမခံစားဘူးလျှင် နားလည်နိုင်မည့်အရာမဟုတ်ပေ။ အထူးအားရှိဘွယ်ရာအချက်မှာ (ပါရမီရှိသူ) လူတိုင်း ဤအခြေသို့ရောက်နိုင်သော အချက်ပင်ဖြစ်လေသည်။ သို့ရာတွင် ၎င်း၌ သန့်ရှင်းပြီးသော

စိတ်ရှိ၍ သမ္မာသက်ပ္ပနှင့် လိုအပ်သော အာရုံပြုမှု စူးစိုက်မှုတို့ကို လုပ်နိုင်ပြီးလျှင် သန့်ရှင်းနိုင်သမျှ သန့်ရှင်းစွာနေထိုင်သော ပုဂ္ဂိုလ်ဖြစ်ရပါမည်။ အခြားလိုအပ်သော အကြောင်းအချက်ထားခုမှာ စိုးရိမ်ကြောက်ရွံ့မှု လုံးဝကင်းဇင်၍ မိမိ၏ကမ္မဋ္ဌာန်းဆရာတွင် လုံးဝယုံကြည် အားထားနိုင်စွမ်းလည်းရှိရမည်။ ကျွန်ုပ်အားကူညီစောက်ရှောက်လိုက်ဘီးပကဲ့သို့ ဂုရုဦးဘခင်က ကယ်တင် ကူညီပေးနိုင်ရန်တပည့်ပေါင်းများစွာ ပေါ်ပေါက် လာပါစေဟု ကျွန်ုပ်၏စိတ်နှလုံးသားများနှင့် မျှော်လင့် ဆုတောင်းခဲ့ပါသည်။''

ပုံ ဂျေဗွီ၊ အင်မာစဖုတ်

ရန်ကုန်
၁၉၅၂ ခု၊ ဒီဇင်ဘာလ (၂၂) ရက်။

အထက်ပါ မစ္စတာ ဂျေဗွီအင်မာစဖုတ်၏ မှတ်တမ်းကို ရှင်းလင်းဖော်ပြသော စည်သူ ဦးဘခင်၏မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ရှေးဦးစွာ မစ္စတာအင်မာစဖုတ်နှင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ကမ္မဋ္ဌာန်းနည်းလမ်းများအနက် မည်သည့်နည်းလမ်းကို အသုံးပြု လိုက်နာကြမည်ဟူသောအချက်ကို ဆွေးနွေးကြပါသည်။ ဓမ္မစက္ကပဝတ္တနသုတ်တော်တွင် ထုတ်ဖော် မိန့်မြွက်သွားသည့် အရိယမဂ္ဂင်ရှစ်ပါးတွင် အကြုံးဝင်သော၊ ဇဝေဇဝါ အငြင်းပွားစရာမရှိသည့် သီလ၊ သမာဓိ၊ ပညာ ဟူသော အဆင့်သုံးဆင့်ကို တိကျမှန်ကန်စွာနှင့် အထူးဝီရိယရှိစွာ လိုက်နာကျင့်သုံးခြင်းသည် အကောင်းဆုံးလုပ်ငန်းစဉ်ဖြစ်သည်ဟု ကျွန်တော်တို့ သဘောတူကြလေသည်။

အဆင့်(၁)။ ။ကိုယ်ကျင့်တရား ထိန်းသိမ်း စောင့်ရှောက်မှု အတွက် သတ်မှတ်ထားသော သီလကို စောင့်ထိန်းရန်။

(သီလ)

အဆင့်(၂)။ ။ကေဂ္ဂဋ္ဌာစိတ် ရသည့် တိုင်အောင် သမာဓိ အား ထူထောင်ရန်။

(သမာဓိ)

အဆင့်(၃)။ ။မိမိကိုယ်တွင်း၌ ဖြစ်ပေါ်လျက်ရှိသော ပကတိ ပရမတ်တရားများကို မြင်သည့်အိုင်အောင် ရှုဆင်ခြင်ရန်။

(ပညာ)

မစ္စတာ အင်မာစဖုတ် သည် ကျွန်တော့်အား ပထမလာတွေ့စဉ်ကပင်လျှင် ၎င်း၏ သီလသိက္ခာကို ယုံမှားသံသယရှိစရာ မတွေ့ခဲ့ပါ။ ထို့ကြောင့် အာနာပါနသတိကို စတင်ထူထောင်ရန် ချက်ခြင်းခိုင်းခဲ့ပါသည်။ လုပ်ငန်း လျှင်စခြင်းကောင်းစွာ ဆောင်ရွက်နိုင်ပါသည်။ နာရီအနည်းငယ်အတွင်း ဇွဲဝီရိယသန်သန်ဖြင့် အားထုတ်ပြီးသည်နှင့် တပြိုင်နက် ပင်လျှင် ဧကဂ္ဂဋ္ဌာ ရသည့် တိုင်အောင်သမာဓိကို ထူထောင်နိုင်ပါသည်။ အမှန်မှာ ဝိပဿနာသို့ ကူးပြောင်းရန် ခေါ်ယူလိုက်သော အခါ၌ ၎င်း၏ စိတ်မျက်စိ ရှေ့တွင် အလင်းရောင် (ပဋိဘာဂနိမိတ်)ကို ကြာရှည်စွာထားရှိပြီးလျှင် ၎င်းနိမိတ်ကိုပင် စ၍ ကစားစ ပြုနေပေပြီ။ ပါရမီသေးငယ်လှသော ပုဂ္ဂိုလ်မဟုတ်ဟု ဆိုရပေမည်။

လောကဓာတ် ပညာအရ လောကဓာတ် တခုလုံးသည် အစဉ် လှုပ်ရှားပြောင်းလဲလျက်ရှိသော အီလက်ထရွန်များဖြင့် ပြည့်နှက်လျက်ရှိကြောင်း သိရသည်။ ကျွန်ုပ်တို့၏ ကရဇကာယမှာလည်း ဤသဘောအတိုင်းပင် ဖြစ်သည်။ မစ္စတာအင်မာစဖုတ်သည် ဤအချက်ကို သိရှိသည်။ ၎င်းအပြင် နာမ်၊ ရုပ်နှင့် ကလပ်များ၊ ၎င်းတို့ဖွဲ့စည်းထားပုံများ လက္ခဏာများနှင့် သဘာဝများကိုလည်း ကောင်းစွာသိရှိသည်။ သူထူထောင်ထားသော အင်အားကောင်းလှသည့် သမာဓိမှန်ပြောင်းဖြင့် ရုပ် နာမ်တို့၏ သဘောအစစ်အမှန်ကို ကိုယ်တွင်း၌ ခွဲမိ၍ထုတ်ဖော်၍ ကြည့်ရှုနိုင်ရန် သင့်တော်သောစခမ်းသို့ ရောက်နေပေပြီ။

ထို့ကြောင့် ၁၉၅၂ ခု၊ ဒီဇင်ဘာလ (၂၁) ရက်၊ တနင်္ဂနွေနေ့(၁၀) နာရီ အချိန်တွင် အချိန်သင့်တော်ပြီ ဖြစ်သည့်အတိုင်း မစ္စတာ အင်မာစဖုတ်အား ခေါ်ယူ၍ ၎င်း၏ကိုယ်တွင်းသို့ စူးစမ်းရှာဖွေကြည့်ရန်နှင့် ရေတွက်ခြင်းငှာ မတတ်နိုင်ကောင်းသော ကလပ်ကလေးများ၏ 'ဓွေ့ရမ်းလှုပ်ရှားမှုကြောင့်ဖြစ်ပေါ်လာသော အငွေ့အရှိန်များ၊ တုန်လှုပ်ခြင်းများ၊ ထိခိုက်မှုများ စသည့် ကိုယ်တွင်း၌ ဖြစ်ပျက်လျက်ရှိသည့် ကိစ္စအရပ်ရပ် တို့ကို ဆင်ခြင် စုံစမ်းရန်နှင့် နေရာမလပ် ထိတွေ့ခံစားနိုင်ရန် ကိုယ်တွင်းသို့ အာရုံပြုခိုင်းလိုက်သည်။

လူ၏ ကိုယ်ခန္ဓာတခုလုံးသည် မရေမတွက်နိုင်သော သန်းပေါင်းများစွာသော ကလပ်ကလေးများဖြင့်ပြီး၍ ၎င်းကလပ်ကလေးများသည် ဖြစ်သည်နှင့် တပြိုင်နက် အစဉ်အမြဲ ပျက်လျက်ရှိကြလေသည်။ ကလပ်ကလေး တခု သည် မျက်စိဖြင့်မြင်နိုင်သော မီးပွားကလေးတပွင့်နှင့် တူညီလှ၍ ၎င်းထက်များစွာ သေးငယ်သည်။ အမှန်မှာ လူ၏ ကိုယ်ခန္ဓာတခုလုံးသည် မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့မှ ဖြစ်ပေါ်လာသော အားစုတို့ဖြင့် ဖန်တီးထားသည့် အနုမြူအင်အားစုတရပ်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းတွင် ၂၅ စောင့်ရှောက်လျက်ရှိသော * နတ်ကောင်းနတ်မြတ်များ၏ စောင့်ရှောက်မှုကြောင့် မစ္စတာအင်မာစဖုတ်သည် ရုတ်ချင်းလိုပင် ကိုယ်ခန္ဓာတွင်းရှိ ထိုသဘောတရားများကို ရိပ်စားမိ၍ မိနစ်အနည်းငယ်အတွင်း၌ပင် ၎င်း၏ ကိုယ်တွင်း၌ ရှိန်ရှိန်၊ ရှိန်ရှိန်နှင့် ပေါ်ထွက်လာသော အပူငွေ့များ၊ ကိုယ်တွင်းတုန်လှုပ်မှုများနှင့် အတွင်းရှိ အီလက်ထရွန်အစုများ၏ ထိခိုက်မှုများကို စူးစူးရှရှပင် တွေ့ထိသိရှိလာ၍ နာရီဝက်အတွင်း၌ပင် တောမီးလောင်သကဲ့သို့ ကိုယ်ခန္ဓာတခုလုံးသို့ ပျံ့နှံ့လျက်ရှိသည်ကို သိမြင်လာတော့သည်။ ၎င်းအား အားထုတ်မှုကို လျော့မပစ်လိုက်ရန်နှင့် ပိုမိုဂရုစိုက်၍ ပိုမိုကြည်လင်သန့်ရှင်းစွာ ရှုမြင်နိုင်ရန်တိုက်တွန်းအားပေးရသည်။

မွန်းလွဲမတိုင်မီ မစ္စတာအင်မာစဖုတ်သည် အပူငွေ့၏ အရှိန်များကို ပြင်းပြင်းထန်ထန် ခံစားနေရလေသည်။ ထိုမျှသာမကသေး တကိုယ်လုံးမှ အလင်းရောင်များ ဖြက်ကနဲဖြတ်ကနဲ ဖြာ၍ ထွက်နေသည်ကိုလည်း ၎င်းက မြင်ရလေသည်။

"မစ္စတာအင်မာစဖုတ် လူ့ခန္ဓာကိုယ်တွင် အီလက်ထရွန်များသာ ပြည့်နှက်လျက်ရှိသည်။ ၎င်းတို့သည် အဆုံးအစမရှိ ဖြစ်လိုက် ပျက်လိုက်နှင့်သာ နေတော့သည်။ ဘာတခုမျှ တည်မြဲခိုင်မာလျက် ရှိနေသည် မဟုတ်ကြောင်း ယခုသဘောပေါက် တွေ့မြင်သိရှိပြီ မဟုတ်လား" ဟု ကျွန်တော်ကမေးမြန်းလိုက်ရာ –

"ဟုတ်ကဲ့၊ သံသယကင်းရှင်းစွာဖြင့် သဘောပေါက် ယုံကြည်ပါပြီ" ဟု ၎င်းကဖြေဆိုလေသည်။

"ဒါဖြင့်ရင် ကိုယ်မှဖြာထွက်နေသော အလင်းရောင်များကို အာရုံပြုလိုက်ပါ ၎င်းတို့သည်မမြဲသော အနိစ္စသဘာဝပင်ဖြစ်ကြောင်းကိုလည်း ရှုပါ"

ထိုသို့ပြောဆိုသည့်အတိုင်း ၎င်းက အလင်းရောင်များအား တရားရှုလိုက်ရာ အလင်းရောင်များသည် ကွယ်ပျောက် ချုပ်ငြိမ်း သွားကြလေသည်။ နောက်တွင် ထိုအလင်းရောင်များသည် ဩဘာသဟုခေါ်ကြောင်း ဥပက္ကိလေသာ(၁၀)ပါးတွင် တပါးအဖြစ်အကျုံးဝင်ကြောင်း၊ ၎င်းတို့အားကြာရှည်စွာလက်ခံထားပါက၊ ပီတိဝင်လာပြီးလျှင် ဘာဝနာလုပ်ငန်းလမ်းကြောင်းပြောင်းသွားမည်ဖြစ်ကြောင်းကို ရှင်းလင်းပြောပြရသည်။

ခေတ္တအစာစားရန် နာရီဝက်ခန့် နားသည်မှအပ မစ္စတာအင်မာစဖုတ်သည် တရားဆက်လက်၍ ရှုနေပြန်တော့သည်။ အကြောင်းမှာ ၎င်းသည် တရားအာရုံတွင်း၌ အဆက်မပြတ် စူးစိုက်နေသည်ဖြစ်၍ အဆက်မပြတ် တရားရှုမှ အောင်မြင်မှုရမည်ကို ကောင်းစွာ သဘောပေါက်လေသောကြောင့် ဖြစ်လေသည်။ ဒုက္ခ၏ သဘောတရားများကိုလည်း ကောင်းစွာ တွေ့မြင်နေပုံရသည်။

''ဒုက္ခသစ္စာကို ကိုယ်တိုင်တွေ့မြင်မှု၊ စိတ်ကူးဖြင့်မဟုတ်၊ အမှန်တကယ်တွေ့မြင်မှ ဒုက္ခကင်းငြိမ်းရာလမ်းစကို တွေ့မြင်ပေမည်။ အတ္တစွဲငါစွဲမှာ အလွန်ပြင်းထန်ခဲ့ရကား၊ အတွင်းဒုက္ခသဘောတရားကို တောင်းစွာသဘောမပေါက်သမျှ ၎င်းစွဲလန်းခြင်းကို စွန့်လွှတ်မည်မဟုတ်၊ ဒုက္ခမှလွတ်မြောက်လျှင် ရုပ်နမ်ကလည်းလွတ်မြောက်မည်။ ရုပ်နာမ်မှ လွတ်ငြိမ်းလျှင်၊ သံသရာမှလွတ်ငြိမ်းတာဘဲဖြစ်တော့သည်။ ကိလေသာသည် မီးကဲ့သို့ပူလောင်သည်။ ထိုကဲ့သို့ပူလောင်သောကြောင့် ဒုက္ခဖြစ်ပေါ်၍ ဝေဒနာခံစားရသည်။ ကိလေသာလောင်စာရှိနေသမျှ လောင်ကျွမ်းနေသည်ဖြစ်၍၊ အဇ္ဈတ္တသဏ္ဍာန်တွင် လောင်ကျွမ်းမှုသည် တည်ရှိနေလိမ့်မည်။ မရပ်မနားအနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားများကို ရှုလျက် ရှို့မြှိုက်ပစ်ပါလော့၊ ကိလေသာ ·လောင်စာများ အကုန်လောင်ကျွမ်းကုန်သောအခါသို့ မုချရောက်ရပေမည်။ တကယ်တော့ ခင်ဗျား၏ဇွဲသတ္တိကို စမ်းသပ်ကြည့်သော ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ ဒုက္ခသစ္စာ၏သဘောကို မြဲမြံစွာယုံကြည်သဘောပေါက်သည့်တိုင်အောင် ဇွဲဖြင့်သီးခံ၍ ရှုပါလော့၊ ဒုက္ခ၏ ပေါ်ပေါက်ရာ ရုပ်နာမ်ကြီးကို ကြောက်ရွံ့လာ၍၊ ရွံမုန်းလာ၍ စွဲလမ်းခြင်းကင်းသည့်တိုင်အောင်၊ မြင်အောင်ရှုပါတော့'' ဟု ကျွန်ုပ်ကတိုက်တွန်းသည်။

ညနေ(၄)နာရီထိုးခဲ့ပြီ၊ ကျွန်ုပ်၏ တပည့်အချို့တို့သည် တရားအားထုတ်ရန် ရောက်လာကြလေပြီ၊ ထိုအချိန်တွင် မစ္စတာအင်မာစဖုတ်သည်လဲလျောင်း၍ တရားရှုနေလေသည်။ ၎င်းအား အခန်း၏ ဒေါင့်တဒေါင့်တွင် တင်ပြင်ခွေထိုင်၍ ဒုက္ခကို ဆက်လက်ရှုပြီးနောက် ဒုက္ခမှလွတ်ငြိမ်းလိုသောစိတ်နှင့် တရားအာရုံမပြတ်ရန် အရှုခိုင်းလိုက်၏။ ကမ္မဋ္ဌာန်း အခန်းထဲတွင် အားလုံးငြိမ်သက်လျက်ရှိ၏။ (၄)နာရီ (၁၆)မိနစ်တွင် မစ္စတာအင်မာစဖုတ်သည် ဤငြိမ်သက်ခြင်းကို ဖျောက်ဖျက်လိုက်၏။ ၎င်းက လောင်ကျွမ်းလျက်ရှိသော အပူတို့သည် ရုတ်တရက် အအေးဓာတ်အဟုန်ဖြင့် လွှမ်းမိုးပျောက်ကွယ်သွားပြီဖြစ်၍၊ အလွန်လန်းဆန်းလျက်ရှိကြောင်း၊ လူသစ်တဦး ပြန်လည်

မွေးဖွားလာသကဲ့သို့ တွေ့ရှိရကြောင်း ပြောကြားသည်။ ကျွန်တော်သည် များစွာနှစ်ထောင်းအားရမိ၍ သာဓုသုံးကြိမ်ခေါ်ပြီးလျှင်၊ ၎င်းအား အောင်မြင်မှုအဘွက် ချီးကျူးလိုက်လေသည်။

ကျွန်ုပ်တို့၏ ရည်မှန်းသောပန်းတိုင်သို့ ရောက်ရပေပြီ၊ မစ္စတာအင်မာစဖုက်ာလှိ အထူးရှင်လန်းဝမ်းမြောက်၍ ကျေးဇူးဥပကာရ တင်ရှိနေတော့သည်။ မစ္စတာအင်မာစဖုတ်သည် ရန်ကုန်၌လုပ်ဆောင်စရာ လုပ်ငန်းရပ်များရှိသေးသည်။ ထို့ကြောင့် ၎င်းအား နောက်ထပ်အချိန်ကြာမြင့်စွာ ဆိုင်းမထားဘဲ ဘွားခွင့်ပြုလိုက်သည်။

ဤမျှအံ့ဩဘွယ်ရာ တိုတောင်းသောအချိန်ကာလအတွင်း ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မအဆီအနှစ်တို့၏ အရသာကို တွေ့ရှိခံယူသွားသော မစ္စတာအင်မာစဖုတ်သည် ပဋိပတ္တိလုပ်ငန်းဌာနမှ ထွက်ခွာ၍ ဟော်လန်ပြည်သို့ ပြန်သွားသောအခါတွင် မည်ကဲ့သို့ဆက်လက်နေထိုင်သွားသနည်း၊ ၎င်း၏ တရားအခြေသည် ဆက်လက် တည်တံ့နေသလော၊ ၎တ်ရှိုးကွယ်ပြောက် သွားသလော၊ သိချင်စိတ်ပေါ်လာပြန်သည်။ ဖိုင်တွဲများတွင် ၎င်းထံမှပေးစာများ ရှိ, မရှိ ရှာဖွေရာ စိတ်ဝင်စားဖွယ်ရာ တခုပြီးတခု တွေ့ရပြန်သည်။

၁၉၅၃ ခု၊ မေလ(၃၁)ရက်

ဂုရု ဦးဘခင် ခင်ဗျား။

ခရီးများထွက်ခွာနေသောကြောင့် ဆရာကြီးထံမှာ ဇန်နဝါရီလ (၁၉) နေ့စွဲဖြင့် ပေးသောစာကို လွန်ခဲ့သောအပတ်ကမှ ဘတ်နိုင်ပါသည်။ ဆရာကြီး ပေးလိုက်သော အကူအညီနှင့် လမ်းညွှန်ပြသမှုများအတွက် ကျေးဇူးအထူး တင်ရှိကြောင်း ထပ်မံပြောလိုပါသည်။

နေ့စဉ် တရားဝင်ပါသည်။ ရောင်ခြည်ပြန့်ထွက်မှုမှ မိုပိုများပြား၍ ပိုမို အေးငြိမ်းပါသည်။ ခံစားရသော ဒုက္ခမှာမူ ယခင်ကကဲ့သို့ပင် ဝေဒနာပြင်း ထန်ပြီး ကြောက်မက်ဘွယ်ရာဖြစ်သော်လည်း ကိုယ်နှင့်မသက်ဆိုင်သကဲ့သို့ ထင် မြင်ရပါသည်။ ဝေဒနာကိုခံစားရသော်လည်း **ကိုယ်ခံစားနေရသည်ဟု မထင် ရဘဲ ကမ္ဘာကြီး၊ ခုလုံးနှင့် သက်ရှိသတ္တဝါအများ အားလုံး ခံစားနေရသည်ဟု မှုမှိ၍ ထင်မြင်လာပါသည်။** ၎င်းပြင် ၎င်းဒုက္ခများမှ လွှတ်ငြိမ်းချင်သော ဆန္ဒ

တွင် အလိုဆန္ဒအလျောက် လွတ်ငြိမ်းနိုင်ပြီဖြစ်၍ ထိုအခါများတွင် ငြိမ်းမှုချမ်းသာကို ကျွန်တော်တဦးတည်းခံယူသည်ဟု မတွေ့ရှိဘဲ သက်ရှိသတ္တဝါအားလုံးများအား ဝေခွဲမျှဝေ ပြန့်ချီပေးလိုက်သည်ဟု ထင်မြင်ရပါသည်။ ဆိုလိုသည်မှာ ကမ္ဘာသူကမ္ဘာသားအားလုံးတို့၏ ဒုက္ခများကို ကျွန်တော်ခံစားရသလိုတွေ့ရှိ၍ ကျွန်တော်ရရှိသော သုခချမ်းသာကို ၎င်းတို့အားလွှဲပြောင်းဖြန့်ချီလိုက်သောအခါ၌ ၎င်းတို့လည်း သက်သာမှု ရရှိသွားသလို ထင်မြင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဤအကြောင်းအရာများ ခရေစေ့တွင်းကျ ပြောနေရသည်မှာ ကျွန်တော်အဦးတည်း မှန်သည်၊ မှားသည် မဝေခွဲနိုင်သောကြောင့် ကျွန်တော်ယုံကြည်အားထားရသော ဆရာကြီးထံ အကြောင်းစုံပြောပြ၍ အကြံဥာဏ်တောင်းခံရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တွေ့ကြုံနေရသော အတွေ့အကြုံများသည် လမ်းမှန်သို့ရောက်သည် မရောက်သည်ကို ဆုံးမ ဩဝါဒများ ပေးစေလိုပါသည်။

၎င်းအပြင် အခြားတချက်မှာ တရားထိုင်ပြီးသောအခါ၌ အေးငြိမ်းမှုအရှိန်လေးသည် ပြန့်လွင့်၍ ထွက်သွားသည်ဟု တွေ့သိရပါသည်။ ဤအေးငြိမ်းမှုကလေးသည် ကျွန်တော်ထံမှ သက်ရှိသတ္တဝါများထံသို့ ပြန့်လွင့်၍ ၎င်းတို့ထံမှ ကျွန်တော့်ထံသို့မှန်မှန်ပြန်လာသည်ကို အကြိမ်များစွာ တွေ့ထိမိပါသည်။ တကြိမ်တွင် ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာ ဘုရားကိုဖူးမျှော်ကတော့ရပါသည်။ အခြားပုဂ္ဂိုလ်ကြီးများ ခြံရံလျက် အလယ်ဗဟိုတွင် ရောင်ခြည်များ ဖြန့်လွှတ်လျက်မြတ်စွာဘုရားကို ဤအကြိမ်သာ ခပ်မှုံမှုံမွှားမွှား ဖူးမျှော်ကန်တော့လိုက်ရပါသည်။ တရားထိုင်သော နေရာကို လိုက်၍လည်း အခြားအရှိန်အာ ါများ ၀င်ရောက်လာသလားမပြောတတ်ပါ၊ ကျွန်တော့အား ဆက်လက်၍ တရားဓမ္မညွှန်ကြားပြသရန် ပန်ကြားအပ်ပါသည် ဂုရုကြီးခင်ဗျား။

မေတ္တာစေတနာဖြင့်
ဓမ္မကိုအစဉ်စောင့်ထိန်းလျက်
ပုံ—အင်မာစဖုက်

၎င်းစာကို ဆရာကြီး ဦးဘခင်က အောက်ပါအတိုင်း ပြန်ကြားလိုက်ပါသည်။

၁၉၅၃ ခု၊ ဇွန်လ (၂၅) ရက်။

၁၉၅၃ ခု၊ မေလ (၃၁) ရက်နေ့က ပေးပို့လိုက်သောစာကိုရရှိသည်။ နေ့စဉ်တရားဝင်သည်ဟု ကြားရသောကြောင့်များစွာဝမ်းမြောက်သည်၊ ဒုက္ခဝေဒနာခံစားရခြင်းမှာသဘာဝဓမ္မတာတရားများ၏ အကျိုးများဖြစ်၍အောက်တန်းအောက်ဆင့်ကျသော စိတ်ဓာတ်အင်အားများ ထုပြောသည့် နေရာများတွင် တရားထိုင်ပါက ဒုက္ခသဘောဝေဒနာမှာ ပိုမိုပြင်းပြပေမည်။ အထူးသဖြင့် ဟိုတယ်ဇသောနေရာများတွင် ကိလေသာ အင်အားများ ပိုမိုပြင်းထန်မည် အမှန်ဖြစ်သည်။ သန့်ရှင်းဇင်ကြယ်သည့် နေရာဌာနတွင် တရားဝင်စားပါက၊ သင်တွေ့ကြုံရသော အတွေ့အကြုံများ ရှိနိုင်မည်မဟုတ်ဟု ထင်မိသည်။ ထို့ကြောင့် သီးခြားတဲကလေးသော်၎င်း၊ သင်၏အိမ်အတွင်းတွင် တရားထိုင်ရန် နေရာတခုကို သီးခြားသတ်မှတ်၍သော်၎င်း၊ ဆောင်ရွက်ရန် အကြံဉာဏ်ပေးလိုက်သည်။

ရန်ကုန်တွင်သင်ပထမသင်တန်းတက်ခဲ့စဉ်အခါက၊ ဤကဲ့သို့ကြည်လင်သန့်ရှင်းအေးချမ်းသော စမ်းရေယဉ်ကလေးသဘွယ် အသင်၏ ကျောရိုးတလျှောက် စီးဆင်းသွားသကဲ့သို့ တွေ့ထိခဲ့ရသည်ကို မှတ်မိပေလိမ့်ဦးမည်။ နောက်ရက်များတွင် ဤအတွေ့အကြုံသည် ပိုမိုကြည်လင်အေးချမ်း၍ ပိုမိုအဟုန်ပြင်းစွာနှင့် နယ်နိမိတ်ကျယ်ပြန့်လာရကား၊ နားများအတွင်းမှပင် ယိုဖိတ် စီးဆင်း သည်ကို ထိတွေ့ရလောက်ပြီဟု ယုံကြည်မိသည်။ အသင်၏ တရားအရှိန် တိုးတက်ရင့်ကျက်လာရာတွင် နောက်ဆုံး၌ တရားမှ ထသောအခါတွင် အသင်၏ ကိုယ်ခန္ဓာ တခုလုံးရှိ မွေးညှင်းပေါက်ကလေးများမှ အအေးမြဆုံး အကြည်လင်ဆုံးသော ငြိမ်းချမ်းမှုသည် ယိုစီးထွက်ပေါ်လာသည်ကို တွေ့သိနိုင်လာလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ ထိုအဆင့်အတန်းမှာ လူဝတ်ကြောင်တို့ နောက် ဆုံး မျှော် မှန်း နိုင်သော တွေ့ကြုံမှုတရပ်ဖြစ်၍၊ ထိုအခါတွင် အားလုံးသော အညစ်အကြေးမှကင်းစင်သည့်စိတ်သည် ကိုယ်တွင်းကိုယ်ပ၌ တဖိတ်ဖိတ်လက်ပြောင် နေလိမ့်မည် ဖြစ်ကြောင်း အထူးပြောဘွယ်ရာမလိုတော့ပေ။

အကမ္ဘာလုံးရှိ သက်ရှိသတ္တဝါတို့အား ကြင်နာစိတ် ဖြစ်ပေါ်လာမှုနှင့်ရပ်းတို့ထံသို့ သင်၏ သန့်ရှင်းဖြူစင်သော မေတ္တာစိတ်များ အလိုအလျောက်ပြန့်လွှင့်၍ ပေးသည်ဟုဆိုသောကိစ္စများနှင့်ပတ်သက်၍ တကိုယ်ကောင်းစိတ်မထားသော ပုဂ္ဂိုလ်များသည် ဝဋ္ဋဒုက္ခဆင်းရဲမှ မလွတ်ကင်း ကြသေးသော အခြားသောပုဂ္ဂိုလ်များ၏ ကောင်းကျိုးကို ရှေ့ရှုကြသည်မှာ ဓမ္မတာ ဖြစ်သည်ဟုပင် ဆိုရပေမည်။

အသင်ရေးသားဖော်ပြလိုက်သော အခြေအနေ အကြောင်းအရာများကို သုံးသပ်လိုက်ရာ မှားယွင်းချက်မရှိဟု ကျွန်ုပ်ပြောဆိုလိုက်သည်။ တခုသာလျှင် သတိပေးလိုက်သည်၊ ရှေ့တွင် အလင်းရောင်များ ဖြစ်ပေါ်၍ ပဋိဘာဂနိမိတ်မြင် နေစဉ်တွင် အထက်စခမ်းသို့ တက်လှမ်းရန် မကြိုးစားဘို့ပင် ဖြစ်သည်။ ကြိုး စားပါက ဈာန်စခမ်းသို့ ရောက်သွား၍ လမ်းလွဲသို့ လိုက်မိပေလိမ့်မည်။ အစဉ် သဖြင့် ဒုက္ခနှင့် ဒုက္ခသစ္စာကို အာရုံပြု၍ တရားထိုင်တိုင်း၊ ထိုင်ဘိုင်း တကိုယ်လုံး သို့ဖြန့်ရှုပြီးလျှင်၊ နာမ်ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သဘောတရားတို့ကို ဆင် ခြင်သုံးသပ်ပြီးမှသာလျှင် တရားဝင်ပါလေ။"

## (၊င) ဒီလရှင် ဝေါကုမိ

မစ္စတာ အင်မာဇဖုတ်အား ဟော်လန်ပြည် ဟေဂ့်မြို့တွင် ထားရှိခဲ့၍ အတ္တလန်တိတ် သမုဒ္ဒရာကြီး ကျော်ဖြတ်ပြီးနောက် အမေရိကန်ပြည်ထောင်ပိုင်း လူဝီစီရဲနားနယ်၊ နယူးအော်လီယံမြို့သို့ ရောက်သွားရပြန်ပါသည်။ အကြောင်းမူ မစ္စတာ အင်မာဇဖုတ်၏ နောက်ဆုံးစာများကို ဘတ်ရှုပြီးနောက် ဖိုင်တွဲများ တွင် ဆက်လက်ရှာဖွေပြန်ရာ အောက်ပါစာတစောင်ကို အမှတ်မထင် သွားတွေ့ ရပြန်ပါသည်။

ဗောဓိသာလာ ဗုဒ္ဓသာသနာပြုဌာန
၁၂၂၀၊ မော့စ်လမ်း
နယူးအော်လီယံ–၁၉၊
လူဝီစီရဲနား၊ အမေရိကန်။

၁၉၆၀ ခု၊ စက်တင်ဘာလ (၆) ရက်။

သို့။

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၊
အင်ယားမြိုင်၊ ရန်ကုန်၊ ဗမာပြည်။

ဓမ္မနှင့် ပတ်သက်သော နောင်တော်ကြီးများရှင့်။

ဤစာရေးသူမှာ နယူးအော်လီယံမြို့တွင် ဗောဓိသာလာ ဗုဒ္ဓသာသနာပြု ဌာနကို ဖွင့်လှစ်ဆောင်ရွက်နေသူဖြစ်ပါသည်။ ဝိပဿနာ ကမ္မဌာန်းအကြောင်း အရာနှင့် ပတ်သက်၍ ရေးသားထားရှိသော စာရွက်စာတမ်း တစောင်ကျစီကို ပေးပို့စေလိုပါရန် ရိုသေစွာ စာရေးသားခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာ

ဖြင့် ရေးသားထားသည်များကိုသာ အသုံးပြုနိုင်ပါသည်။ ၎င်းစာရွက်စာတမ်းများ၏ ကုန်ကျစရိတ်နှင့်၊ စာပို့ခများကို ကျမတို့က ပေးဆပ်ပါမည်။ကျသင့်သမျှကို အကြောင်းကြားပါက ငွေများချက်ခြင်း ပေးပို့လိုက်ပါမည်။

မာလာယုပြည် ပီနန်မြို့မှ ဆရာတော် သုမင်္ဂလော (ရေဗ္ဘတ်အက်စ်ကလစ်(ဖ်)တန်)က Introduction to International Meditation Centre in Burma ခေါ် ဝိပဿနာလုပ်ငန်း နိဒါန်းစာအုပ်တအုပ်ကို ကျမတို့ထံသို့ ပေးပို့လိုက်ရာ ၎င်းစာအုပ်တွင် ဆရာတော် သုမင်္ဂလောက ဝိပဿနာလုပ်ငန်းနှင့်ပတ်သက်သော စာအုပ်စာတမ်းများ နောင်တော်ကြီးတို့၏ ဌာနတွင်ရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

နောင်တော်ကြီးတို့က ပေးပို့လိုက်သော စာရွက်စာတမ်းများကို လက်နှိပ်စက်ဖြင့် ရိုက်ကူးဖြန့်ဝေခွင့် ပေးပါရန်လည်း တပါတည်း တောင်းခံပါသည်။ ဤကဲ့သို့ ခွင့်ပြုပါက ဝေငှရာတွင် နောင်တော်ကြီးတို့ထံမှ ရရှိကြောင်း အပြည့်အစုံ အသိအမှတ်ပြု၍ ဖော်ပြပါမည်။ တဆင့် ကူးယူခွင့်မပြုရဟု ဆိုပါက မပြုရန် တာဝန်ယူပါမည်။

ဤဒေသတွင် ဗုဒ္ဓဘာသာ စာပေများ အထူးလိုအပ်လျက် ရှိပါသည်။ ကျမတို့၏ ဗောဓိသာလာသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ၊ ဤကဲ့သို့ စာပေများ ပို၍လိုနေပါသည်။ နယူးအော်လီယံမြို့ရှိ ဗဟိုဌာနအပြင် မစ္စက်စပီနယ်၊ ဘေးစ်စိန်လူဝီနှင့် ကော်လာရာဒိုနယ် ဒင်ဘာမြို့များတွင်လည်း သာသနာပြု ဌာနခွဲကလေး ၂ ခု ဖွင့်လှစ်ထားရှိပါသည်။

ဤနေရာဌာနသည် ခရစ်ယန်တို့၏ အခြေပြုစခန်းဖြစ်ခဲ့ရာ ယခုအခါတွင် ဗုဒ္ဓမြတ်စွာ ရှင်တော်ဘုရား၏ တရားတော်များ၌ လူအများ စိတ်ဝင်စားလာရန် ကျမတို့ဆောင်ရွက်သည်မှာ အောင်မြင်လျက်ရှိကြောင်း၊ နောင်တော်ကြီးတို့ ကြားသိရလျှင် ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်ကြလိမ့်မည်ဟုယုံကြည်ပါသည်။ ဗောဓိသာလာ၌ ဗုဒ္ဓဟူးနေ့တိုင်း ည (၈)နာရီတွင် တရားဓမ္မဆွေးနွေးမှု သင်အံလေ့လာမှုများ ပြုလုပ်ကြ၍ စနေနေ့ည (၈)နာရီတိုင်းတွင် သမထ ဘာဝနာလုပ်ငန်းများကို လေ့လာခြင်း၊ လက်တွေ့ ကျင့်သုံးခြင်းများပြုလုပ်ကြပါသည်။ ထို့ပြင် စာပေဖြင့် ဆက်သွယ်၍ ဗုဒ္ဓဘာသာ မဟုတ်သောပုဂ္ဂိုလ်များအား ဗုဒ္ဓတရားများကို ဖြန့်ဖြူးဝေငှ ပေးနေပါသည်။

ပုံ–ဒေါ်ကုမိ

ဗောဓိသာလာ ဗုဒ္ဓသာသနာပြုဌာန။

မမျှော်လင့်ဘဲ တွေ့ကြုံရလျှင် အံ့သြရမြဲ ဓမ္မတာဟု ဖော်ပြခဲ့သည်မဟုတ်ပါလား။ လူဝီစီရဲနားပြည် နယူးအော်လီယံမြို့သည် အမေရိကန်ပြည် တောင်ပိုင်းတွင်တည်ရှိ၏။ အသားအရောင်ခွဲခြားမှု ပြဿနာများ ပြင်းထန်စွာပေါက်ကွဲလျက်ရှိသော အရောင်ကွဲပြားမှုကလေး အတွက်ကြောင့် မောဟ၊ ဒေါသ၊ အရှိန်များ ဖိတ်ဖိတ်တောက်နေရာ၊ ထိုဒေသတွင် ဗုဒ္ဓဓမ္မ၏အေးမြသော အရိပ်အာဝါသသည် စတင်ကျရောက်လျက်ရှိကြောင်း မည်သူမှတ်ထင်ခဲ့ပေမည်နည်း။ တွေးတောမိကြမည်ပင် မဟုတ်ပေ။ ထို့ကြောင့် ဒေါ်ကုမိ၏ စာတွင် ဗုဒ္ဓ၏တရားမျိုးစေ့သည် ထိုနယ်တွင် ကျရောက်နေပြီးဖြစ်၍ အကိုင်းအခက်များပင်ဖြာထွက်လျက်ရှိသည်ကို သိရှိရသောအခါ၌ အတိုင်းအထက်အလွန် အံ့သြဝမ်းသာမိကြပေမည်။

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၏ အတွင်းရေးမှူးက အောက်ပါအတိုင်း ဒေါ်ကုမိထံ စာပြန်ကြားလိုက်သည်ကို ဘတ်ရှုရပြန်သည်။

၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့

ဆရာလေး ဒေါ်ကုမိခင်ဗျား။

စက်တင်ဘာလ (၆)ရက် နေ့စွဲဖြင့် ပေးပို့လိုက်သော စာကို ရရှိ၍ ကျွန်တော်များဌာနမှ ထုတ်ဝေသော စာရွက်စာတမ်းများ အလိုရှိကြောင်း သိရပါသည်။

ယနေ့ပင် လေကြောင်းဖြင့်—

(က) **What Buddhism Is.**

(ခ) **Introduction to the International Meditation Centre.**

တအုပ်စီကို ပို့လိုက်ပါသည်။ (**What Buddhism Is**) စာအုပ်အတွက် မူပိုင်မထားပါ။ ထို့ကြောင့် စာအုပ်ပါ အကြောင်း အရာများကို လွတ်လပ်စွာ ကူးယူနိုင်ပါသည်။ (**Introduction to the International Meditation Centre**) စာအုပ်တွင်မူ ဒေါက်တာ အယ်လီဇာဘက် (သ်) ကေ၊ နော်တင်ဟမ်းရေးသားပြုစုသော မြန်မာပြည် ဗုဒ္ဓဘာသာ ဝိပဿနာလုပ်ငန်းအကြောင်းနှင့်ပတ်သက်သည့် စာတမ်းပါနေပါသည်။ ဒေါက်တာ နော်တင်ဟမ်း၏ လိပ်စာမှာ နယူးရော့မြို့ ၊အမှတ် (၁) အက်စ်တန်အဲဗင်းနယူး၊ ဖေါရက်စ်ဟီးလ်ဖြစ်ပါသည်။ ၎င်း၏စာတမ်းတွင်ပါရှိသော အကြောင်းအရာများကို ကူးယူလျှင် ဒေါက်တာ နော်တင်ဟမ်းက ကန့်ကွက်လိမ့်မည်ဟု မထင်မှတ်သော်

လည်း တဆင့်ပုံနှိပ်ထုတ်ဝေလိုပါက ၎င်းထံအကြောင်းကြားသဘောတူညီချက် ရယူရန် အကြံဉာဏ်ပေးပါသည်။ အဆိုပါ စာအုပ်တွင် ပါရှိသော အခြား အကြောင်း အရာများကိုမူ ဆရာလေးတို့ သဘောရှိသလို အသုံးပြုနိုင်ကြပါ သည်။

ဤဌာနတွင် သင်ကြားပြသည့် ဝိပဿနာကမ္မဋ္ဌာန်း လုပ်ငန်းနှင့်ပတ် သက်၍၊ ပိုမိုပြည့်စုံစွာ သိရှိလိုပါက အဆိုပါ စာအုပ်ကလေး၏ စာမျက်နှာ (၁၂) တွင်ဖော်ပြထားသော ဤဌာန၌ တရားခံယူသွားကြဘူးသည့် အမေရိ ကန်မှပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ပြုလုပ်နိုင်ပါသည်။ အထူးသဖြင့် ဝါရှင်တန် မြို့မှ ဒေါက်တာ လီယွန်အီးရိုက်တ်၊ နယူးရောဗ့်မြို့မှ၊ ဒေါက်တာအယ်လီဇဘက်သ် ကော၊ နော်တင်ဟမ်းနှင့် ကာလီဖိုးနီးယား ဟောလီးဝုဒ်မှ မစ္စတာဂျွန်စမစ်သ် တစ်လေ့ဗ်တို့နှင့် ဆက်သွယ်ဆွေးနွေးရန် အကြံဉာဏ်ပေးအပ်ပါသည်။

မေတ္တာထားလျက်

ပုံ- ဘတိုး

အတွင်းရေးမှူး

ဤစာအုပ်ကို ဖတ်ရှုရပြီးနောက် ဆက်လက်၍ စုံစမ်းရှာဖွေရန် အ ကြောင်းများ ဖြစ်ပေါ်လာသည်။ ဝါရှင်တန် နယူးရောက်နှင့် ဟောလီးဝုဒ် တို့သည် အမေရိကန်နိုင်ငံ၏ ထိပ်တန်း မြို့တော်ကြီးများဖြစ်ကြသည်။ လောကီ ကာမဂုံအစုံစုံတို့ကို အာရုံမပြတ် ဒလစပ် ခံစားလျက် ရှိသော မြို့ကြီးများဖြစ် ဘိ၏။ ထို့ကြောင့် ကာမဂုံညွန့်တွင်း၌ ရနံ့သင်းသည့် ဝမ္ပကြာငုံ သုံးငုံတို့ သည် ဖူးပွင့်ကြိုင်လှိုင်လျက်ရှိကြသည်လော၊ ၎င်းတို့သည် ဒေါက်တာ ဘွဲ့ရထိပ် သီးပညာတတ်ပါရဂူကြီးများဖြစ်ကြဟန်တူသည်၊ ဘယ်အချိန်ဘယ်ကာလကစ၍ တရား၌ာနသို့ ရောက်ရှိလာကြ၍ တရားမျိုးစေ့များကို ပြန်ယူ သယ်ဆောင် သွားကြ၍ မည်ကဲ့သို့ တရားပင်ပျိုးများကို စိုက်ပျိုး ထူထောင် နေကြသနည်း၊ ၎င်းတို့ လေ့လာဆည်းပူးသွားသည့် ပင်မတရား ဌာနကပင်လျှင် ဗုဒ္ဓဘာသာ ဝိပဿနာ ကမ္မဋ္ဌာန်းဌာနကိစ္စများအတွက် မေးမြန်းစုံစမ်း နိုးနှောနိုင်ပါသည်ဟု ညွှန်ကြားဖော်ထုတ်ခြင်းခံရသော ပုဂ္ဂိုလ်များဖြစ်၍လည်း ၎င်းတို့သည် တရား အရာ၌ သာမန်မဟုတ်ဘဲ ထူးခြားစွာ ရင့်ကျက်သွားကြသော ပုဂ္ဂိုလ်များဖြစ် လေသလော၊ သိလိုလှပေသည်။

## (၂၈) ဒေါက်တာ အယ်လီဇဘက်သ်ကော၊ နော်တင်ဟမ်း

ဤတရားဌာနမှ ထုတ်ဝေသော စာအုပ်စဉ် အမှတ်(၁) Introduction to the International Meditation Centre တွင် မြန်မာပြည်ရှိ ဗုဒ္ဓဘာသာကမ္မဋ္ဌာန်း လုပ်ငန်းများအကြောင်း စာတမ်းကို ဒေါက်တာ အလယ်လီဇဘက်သ်ကော၊နော်တင်ဟမ်းကရေးသားသည်ဖြစ်သောကြောင့် ၎င်း၏ အကြောင်းအရာများကို ရှေးဦးစွာစုံစမ်းရှာဖွေကြပါစို့၊ ၎င်းစာတမ်း၏ ဥယောဇဉ်အဖြစ်ဖြင့် ဒေါက်တာ နော်တင်ဟမ်း အကြောင်းကို အောက်ပါ အတိုင်း ဖော်ပြထားပေသည်။

**ဒေါက်တာ နော်တင်ဟမ်း၊** ဤအမျိုးသမီးကြီးသည် လူမှုရေးရာ ပညာရပ်တွင် ဒေါက်တာဘွဲ့ရ၍၊ ရန်ကုန် တက္ကသိုလ်သို့ ၁၉၅၆ ခုနှစ် ဇွန်လမှ ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ စာပေသင်ကြားပို့ချရန် ဖူးလ်ဘရိုက်စီမံကိန်းနှင့် ရောက်ရှိလာသော ပါမောက္ခတဦး ဖြစ်ပေသည်။ ၎င်းသည် အင်းယားမြိုင် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတွင် ၁၉၅၇ ခုနှစ် ဩဂုတ်လအတွင်းက တရားတပတ်(၁၀)ရက်ကြာမျှ အားထုတ်သွားပြီးနောက် ၆ လ ခန့်မျှ တနင်္ဂနွေနေ့တိုင်းလိုလိုပင် ဌာနသို့လာရောက်၍ တရားအားထုတ်ခြင်း၊ ဆရာကြီးနှင့် ဆွေးနွေးမေးမြန်းခြင်းကို ပြုလုပ်သွားပါသည်။ အမေရိကန်ပြည် နယူးရောက်မြို့ရှိ ၎င်း၏နေရပ်သို့ ပြန်လည်ရောက်ရှိပြီးနောက် ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ(၁) ရက်နေ့တွင် အရှေ့တိုင်းဘာသာရပ်များကို အထူးလေ့လာ၍ သုတေသနပြုလျက်ရှိသည့် ဟားဗဒ်တက္ကသိုလ် Society for the Scientific Study of Religion ခေါ် ကိုးကွယ်သည့် ဘာသာအရပ်ရပ်တို့ကို စနစ်တကျ စူးစမ်းလေ့လာသည့်အသင်းကြီးသို့မြန်မာနိုင်ငံတွင်ဗုဒ္ဓတရားပွားများအားထုတ်ပုံဟူသော အမည်ဖြင့် စာတမ်းတစောင်ကို တင်ပြခဲ့ပါသည်။

ဤဌာနတွင် တရားအားထုတ် ဆွေးနွေးမေးမြန်းသွားသဖြင့် တရားအခြေခံပညာမျှ ရင့်သန်နေသည်ကို ဆရာကြီးဦးဘခင်၏ မှတ်ချက်မှ ရိပ်စားမိနိုင်ပါသည်။

"ဒေါက်တာ နော်တင်ဟမ်းက တရားဓမ္မသဘောကို နက်နက်နဲနဲသင်ယူဘဘ်မြောက်ခြင်း မရှိခဲ့သော်လည်း ကိစ္စများမြောင် လူတို့ ဘောင်အတွင်း ဝယ် ချမ်းမြေ့ရိပ်လှိုင်၊ စမ်းရေအိုင်ကလေးတခု လက်ကိုင်ပြုနိုင်အောင် ဤဌာနမှရှာဖွေနည်းကိုတော့ သင်ယူရရှိခဲ့ရပါသည်ဟု ရိုးရိုးသားသား နှိမ့်ချသော သ

ဘောဖြင့် ညှော်သည့်မှတ်တမ်းတွင် ရေးသားထားခဲ့သည်။ သို့ရာတွင် အထက် ဖော်ပြပါ ၎င်း၏ စာတမ်းကိုဖတ်ရှုသောအခါ ဗုဒ္ဓဘာသာ အကြောင်း အရာ များကို နက်နက်နဲနဲသိရှိနားလည်ပေသည်ကို တွေ့ရှိရသဖြင့် အံ့ဩဝမ်းမြောက်မိ ပေသည်။

(၁) နှာခေါင်း၏ အခြေတွင် သေးငယ်သော အလင်းရောင်ပျောက် ကလေးနှင့် ငွေ့ငွေ့ကလေးသာ ပါရှိသည့် စိတ္တ ကေဂ္ဂဋ္ဌာ အကြောင်း (စိတ္တဝိသုဒ္ဓိ)။

(၂) ရုပ်နာမ်ခန္ဓာများ ဖြစ်ပျက်ပြောင်းလဲခြင်းကို သတိပြုမှတ်ရှုရ သော အကြောင်းအရာများ (အနိစ္စ)။

(၃) မတည်မြဲသောကြောင့် ဒုက္ခဝေဒနာ ဖြစ်ရှိရသည်ဟု လက်တွေ့ သဘောပေါက်ခြင်း (ဒုက္ခ)။

(၄) ငါဟူ၍ ဘာတခုမှမရှိသော သဘောတရားများ (အနတ္တ)။

ထိုဉာဏ်မျက်စိဖြင့် ရှုမြင်ရခြင်းစသည်တို့ကို ဖော်ပြသွားနိုင်ပေရာ အထူး ချီးမွမ်းဘွယ်ရာဖြစ်ပေသည်။

၎င်းရေးသားသောစာတမ်းတွင် သီလ သမာဓိ ပညာစသော ဗုဒ္ဓဘာသာ အခြေခံတရားကြီးများကို လက်တွေ့ကျင့်သုံးသည်မှ ရရှိအပ်သည့် အသိဉာဏ် များဖြင့် တင်ပြဆွေးနွေးသွားသည်သာမက ဝိပဿနာကမ္မဋ္ဌာန်း လုပ်ငန်း အပေါ်တွင် နိုင်ငံခြားသားတဦး အမြင်များကို ဖော်ပြသွားရာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ဆင်ခြင်တွေးတောစရာများ ဖြစ်နေသည်ကို တွေ့ရပေသည်။

''အမေရိကန် လူမျိုးတို့၏ အမြင်အားဖြင့်ဆိုသော် အစိုးရဌာနတခု၌ အခြေပြုသည့် ဘာသာရေးအသင်းတသင်းက ဤကဲ့သို့သော ပဋိပတ္တိလုပ်ငန်း ဌာနကို တည်ထောင်ထားခြင်းများမှာ အံ့ဩစရာဖြစ်ကြောင်း ဖြစ်ပေလိမ့်မည်။

မြန်မာပြည်၌ပင်လျှင် ဤဌာန၌ သင်ကြားပြသလျက်ရှိသော ဆရာသည် ဘုန်းတော်ကြီးတပါးမဟုတ်ဘဲ၊ အစိုးရ၏ လုပ်ငန်းများတွင် ထင်ရှားသည့် အရာရှိကြီးတဦး ဖြစ်နေသည်မှာလည်း ထူးခြားချက်တရပ်ပင်ဖြစ်ပေသည်။

ဤလူမျိုးစုံ ပဋိပတ္တိလုပ်ငန်းဌာန၏ ဆရာ (အိန္ဒိယအခေါ်-ဂုရု) ဖြစ် သော၊ ဦးဘခင်သည် စင်စစ်အားဖြင့်၊ ဝိသေသပုဂ္ဂိုလ်တဦးဟု ဆိုရပေမည်။ ဤလုပ်ငန်းဌာနတွင် မိမိ၏ သန့်ရှင်းဖြူစင်သော စေတနာအလျှောက် အချိန်

များစွာအသုံးပြုရသည့် ကမ္ဘာ့ဌာန်းဆရာ၏ တာဝန်ဝတ္တရားများအပြင် ဦးဘခင်သည် နိုင်ငံတော်အစိုးရ၏ ကြီးလေးသောတာဝန်တို့ကို ထမ်းဆောင်လျက်ရှိသော အရာရှိကြီးတဦးလည်း ဖြစ်ပေသည်။”

အချိန်ကြာမြင့်စွာကပင် ကျွန်တော်သိရှိလိုခဲ့သော အကြောင်းတရပ်ကို ကံအားလျော်စွာ ဒေါက်တာနော်တင်ဟမ်းက ၎င်း၏ စာတမ်းတွင် ဖြေကြားသွားသည်ကို ဝမ်းမြောက်ဘွယ်ရာတွေ့ရသည်။ ဘာသာတိုင်းလိုမှာပင် ပုတီးစိပ်ခြင်း၊ ကမ္ဘာ့ဌာန်းထိုင်ခြင်းစသော လုပ်ဆောင်မှုများရှိကြသည်။ ၎င်းကိစ္စအားလုံးသည် မည်သည့်ဘာသာဝင်များက လုပ်ဆောင်စေကာမူ၊ သမထလုပ်ငန်းများပင် ဖြစ်သည်ဟု တွေးတောမိခဲ့သည်။

ကျမ်းဂန်များတွင် ဖော်ပြသောနည်း ၄၀ ရှိသည်ဟုဆိုသော သမထလုပ်ငန်းရပ်များတွင် အကျုံးဝင်လိမ့်မည်ဟု ထင်မြင်ယူဆခဲ့သည်။ ဟုတ်မဟုတ် ၎င်းတို့၏ နည်းအတိုင်း ကြင့်ကြံ အားထုတ်ကြည့်မှ သိနိုင်ပေမည်။ သို့မဟုတ် မိမိဘာသာကို သေချာစွာတတ်ကျွမ်းနားလည်သော ဘာသာခြားတဦးဦးက ဗုဒ္ဓဘာသာပဋိပတ္တိလုပ်ငန်းကို လုပ်ဆောင်၍ နှိုင်းယှဉ်ချက်များဖော်ထုတ်ပေးနိုင်ပါမှ သိရှိရမည့်ကိစ္စဖြစ်ပေမည်။ ဤအကြောင်းခြင်းရာနှစ်ရပ်စလုံး လွယ်ကူစွာဖြစ်မြောက်နိုင်မည့် အရာများမဟုတ်ပေ။ သို့ရာတွင် ကံအားလျော်စွာ ဒေါက်တာနော်တင်ဟမ်းက သိလိုသော အချက်များကို ဖော်ပြပေးသွားသည်။

“အနောက်တိုင်းသား တဦးတယောက်အတွက် ဤလူမျိုးစုံ ပဋိပတ္တိလုပ်ငန်းဌာနတွင် တရားအားထုတ်ရန်ကိစ္စသည် လွယ်ကူသည့်ကိစ္စမဟုတ်ပေ။ မိမိ၏စိတ်ကို တင်းတင်းထားပြီး ရင်ဆိုင်ရမည့်ကိစ္စတရပ်ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် စိတ်၏ ဆန်းကျယ်သော အတွေ့အကြုံများထဲတွင် ရှာဖွေစူးစမ်းမှုများကို ပြုနေရုံသာမက ထိုအတွေ့အကြုံများကို မိမိ၏ အစဉ်အလာအားဖြင့် ကိုးကွယ်မှုများ အရ ယုံကြည်ချက်များနှင့် တိုက်ဆိုင်လေ့လာမှုများကို မပြုဘဲ နေနိုင်မည်မဟုတ်ချေ။ ထိုမှတပါး ခရစ်ယန်ကျမ်းများဖြစ်သော ဓမ္မဟောင်း ဓမ္မသစ်ကျမ်းများ၌ ဖော်ပြထားရှိသည့် အချို့အကြောင်းအရာများနှင့် တကွ အချို့သောအခြင်းအရာများတို့သည် တရားအားထုတ်နေဆဲ မျက်ဝါးထင်ထင် တွေ့မြင်ရဘိသကဲ့သို့ အခိပ္ပါယ်ပေါ်လွင်ထင်ရှား၍ လာတော့ပေသည်။ ဥပမာအားဖြင့် ခရစ်ယန်ကျမ်းစာ (Bible) တွင် “သင်၏ (မျက်စေ့) အာရုံသည်

တခု၌ တည်နေခဲ့သည်ရှိသော် သင်၏ ခန္ဓာအိမ်တခုလုံးသည် အလင်းရောင်ဖြင့် ပြည့်နေမည်'' ဟူသော ဟောကြားချက် အတိုင်းပင်၊ ဤလုပ်ငန်းဌာနတွင် သမာဓိအလုပ်ကို လုပ်နေခိုက် စိတ်အာရုံ စူးစိုက်တည်ငြိမ်မှု ရနေသည့်အခါ ထိုကျမ်းစာတွင် ပါရှိသည့်အတိုင်း ကေန္တအားဖြင့် ထိုသို့သောအလင်းရောင်ဖြင့် ပြည့်နေရသည်ဟူသော ဟောကြားချက်အတိုင်းပင်၊ ကိုယ်တိုင် တွေ့ရှိနေတတ်ပေသည်။

အမှန်စင်စစ်အားဖြင့် ထိုကျမ်းစာများတွင် အနောက်တိုင်းသားများ အဘို့ အဓိပ္ပါယ်ပေါ်လွင်ခြင်း မရှိဘဲ၊ သင်္ကေတနှင့်အရိပ် –နိမိတ်အသွင်ကဲ့သို့သာ မှတ်ယူရသည့် အကြောင်းအရာများကို ဖော်ပြသည့် ဝါကျစာပုဒ် များစွာ ရှိလေရာ၊ ဤဌာနတွင် တရားအားထုတ်သည့်အခါ ထိုဝါကျစာပုဒ်များ၏ လိုရင်းအဓိပ္ပါယ်များပေါ်လွင်ထင်ရှားလာသဖြင့် (Judeo – Christianity) ဂျူဒီယို ခရစ်ယန်ဝါဒ၏ မျိုးစေ့သည် အနောက်တိုင်းမှမဟုတ် အရှေ့တိုင်းမှဖြစ်သည်ဟူသော ယူဆချက်ကို ပြန်လည်သတိရမိပါတော့သည်။

ဗုဒ္ဓဘာသာ၏ အယူဝါဒအချို့ကို လက်မခံနိုင်သေးသော အနောက်တိုင်းသား တဦးပင်ဖြစ်စေကာမူ၊ ဤလူမျိုးစုံ ပဋိပတ္တိလုပ်ငန်းဌာန၌သင်ကြားပြသည့်အတိုင်း ကျင့်သုံးဆောက်တည် သွားမည်ဆိုပါက ထိုပုဂ္ဂိုလ်သည် ရှေးအခါက မိမိကြုံတွေ့ခဲ့ဘူးသည့် စိတ်ချမ်းမှုနှင့်စာသော် ထူးကဲနက်နဲ၍ အလွန်တရာ အင်အားကြီးမားသည့် စိတ်၏တည်ငြိမ်မှု၊ ချမ်းမှုကြီးကို ကိုယ်တွေ့ခံစားနိုင်ပေမည်။ လူပုဂ္ဂိုလ်တို့သည် အခြေခံပါရမီ အားဖြင့်၎င်း၊ စိတ်ဝင်စားပွားများ အားထုတ်ရာ၌၎င်း တဦးနှင့်တဦးမတူ ခြားနားကွဲပြားခြင်းရှိလေရာ၊ စိတ်၏ နူးညံ့သိမ်မွေ့သော အခြေအနေသို့ရောက်ရှိ၍ ဗုဒ္ဓဝေါဟာရအရ သမာပါတ်ခေါ်သော ဇောချနိုင်၊ မချနိုင်မှာ ထိုကျင့်သုံးဆောက်တည်သော ပုဂ္ဂိုလ်၏ အပေါ်တွင် တည်ပါသည်။ မည်သို့ဆိုစေကာမူ သင့်ကြား ပြသပေးသည့်အတိုင်း အဟုတ်တကယ် လိုက်နာကျင့်သုံးသောပုဂ္ဂိုလ်သည် မိမိ၏စိတ်အစဉ်ကို မချကေနအားဖြင့် ထိန်းသိမ်းကွပ်ကဲနိုင်ပြီးလျှင် မိမိ၏စိတ်သည် သန့်ရှင်းကြည်လင်လာပုံ၊ အင်အားတိုးတက်၍ ရင့်ကျက်လာပုံ၊ နူးညံ့သိမ်မွေ့လျက်တည်ငြိမ် ချမ်းမှုနှင့် ပြည့်စုံလာပုံတို့ကို ကိုယ်တွေ့အားဖြင့် ခံစားရပေမည်။ ၎င်းပြင် ထိုသို့သော တည်ငြိမ်အေးချမ်းမှုကို အလိုရှိသည့်အခါတိုင်း ခံစားနိုင်စေမည့် နည်းနာ နိသျှတို့ကိုလည်း သင်ကြားရယူနိုင်ခွင့် ရှိပေသည်။

ယခုခေတ်အခါ၌ လူအပေါင်းတို့သည် စိတ်အနေအထားအားဖြင့်ကျဉ်းမြောင်းကြပ်တည်း၍ အမူအရာများအားဖြင့် ပြာရာခင်လျက် ရှိနေကြရာ ထိုသို့သော လောကလူသားများအတွက် ဤကဲ့သို့အလိုရှိတိုင်း ငြိမ်းမှုတွင် သက်ဝင်၍ နေနိုင်စေမည့် လုပ်ငန်းမျိုးကို အထင်အမြင်သေးစရာ အကြောင်းမမြင်ချေ။ ယခု ဤစာကို ရေးသားလူ၏ ထင်မြင်ယူဆချက် အရဆိုသော်၊ ဆိုခဲ့ပြီးသော ငြိမ်းမှုသို့ရောက်ရှိအောင် လိုရင်းအဓိကမှာ မိမိတို့၏ အစဉ်အလာအရကိုးကွယ်မှုကို ရုတ်တရက် စွန့်လွှတ်ပစ်ရန် မဟုတ်ဘဲ (ဖွင့်ထားသောစိတ်) ပွင့်လင်းသော စိတ်ဖြင့် ဆန်းသစ်မွန်မြတ်သော အတွေ့အကြုံနှင့်တကွ အရသာထူးကို ခံစားနိုင်အောင် ကြိုးပမ်းမည်ဟူသော စိတ်ပြဋ္ဌာန်းမှုပင် ဖြစ်လေသည်။ ဤပဋိပတ္တိ လုပ်ငန်းဌာန၌ ဂျူးလူမျိုးများ သို့မဟုတ် ခရစ်ယန် ဘာသာဝင်များကို ဗုဒ္ဓဘာသာသို့ သက်ဝင်ရမည်ဟု ပဋိဉာဉ်ခံစေခြင်းအမှုကိုမပြုလုပ်ပါ။ ဦးဘခင်သည် ဆရာအနေဖြင့် တရားအားထုတ်သူတို့အား မိမိတို့၏သဘောဆန္ဒအလျောက် ကောင်းသည်ထင်သည့် လုပ်ငန်းနှင့် သဘောတရားတို့ကို လက်ခံ၍ မိမိတို့ လက်မခံနိုင်သေးသော သဘောတရားတို့ကို လက်မခံဘဲ ထားရှိနိုင်ခွင့်ပြုပါသည်။ ဤဌာနသို့ ရောက်ရှိလာသော အနောက်တိုင်းသား မည်သူမဆို ဌာနသို့ ရောက်ရှိလာသည့် အခါမှစ၍ ဆရာ၏ ထူးကဲသော ခန္တီဓာတ်၊ မေတ္တာ၊ ကရုဏာဓာတ်တို့ဖြင့် လွှမ်းမိုးထားခြင်းကို ခံယူကြရ၏။ ထိုအခြင်းအရာသည်ပင်လျှင် တရားအားထုတ်ရန် ရောက်လာသော ပုဂ္ဂိုလ်တို့အား သမာဓိပညာလုပ်ငန်းကို စည်းကမ်းသေဝပ်စွာဖြင့် လိုက်နာဆောင်ရွက် နိုင်စေရန် အားပေးချီးမြှောက်ဘိသကဲ့သို့ ရှိပေသည်”

စစ်ပြီးနောက်၌ အနောက်တိုင်းတို့တွင် ဗုဒ္ဓတရားတော်များကို ပိုမိုဘတ်ရှုလေ့လာ သုံးသပ် ကျင့်ကြံအားထုတ်မှုများ ပေါများလာခဲ့ပေသည်။ အစစအရာရာ ထာဝရဘုရားသခင်က ဖန်ဆင်း၍ ဖြစ်ပေါ်ခဲ့သည်ဆိုသော အယူဝါဒကြီးကို တိုးတက်လျက်ရှိသော လောကဓာတ်ပညာရပ်များက ပယ်ဖျက်လိုက်ပြီးနောက် ဆောက်တည်ရာ၊ ကိုးကွယ်ရာဟူ၍ ၎င်းတို့၏ အခြေခံသည်ယိမ်းယိုင်လှုပ်ရှားခဲ့ပေသည်။ လောကဓာတ် ပညာရပ်များက ၎င်းတို့ တည်ဆောက်ရာရစေရန် သက်သာမှုကို မပေးနိုင်ခဲ့ပေ။ လောကီကိစ္စ အဝဝ တို့တွင် ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် လူသားအချင်းချင်း နှိပ်စက်ညှင်းပန်းမှုများ ပိုမိုပြင်းထန်လာသည်။ ငြိမ်းအေးချမ်းသာမှုဟူ၍ မိရိုးဖလာ ကိုးကွယ်ခဲ့ကြသည့် ဘာသာ တရားများကသော်၎င်း၊ လောကဓာတ် ပညာရပ်များကသော်၎င်း၊ ၎င်း

တို့အား ပေးစွမ်းနိုင်မှု မရှိခဲ့ပေ။ ထို့ကြောင့်ပင် ၎င်းတို့သည် ဗုဒ္ဓဘာသာ တရား၌ အေးချမ်းမှု ရနိုင်ကောင်းသည်ဟု ယုံကြည်ခဲ့သဖြင့် စူးစမ်းရှာဖွေ လေ့လာသုံးသပ် နေကြခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာတရား အဆီအနှစ်များကို သုတမယဉာဏ်မှ ကျော်လွန်၍ စိန္တာမယဉာဏ်ပင်လျှင် ပွင့်လင်းနေပြီဖြစ်သော အနောက်တိုင်းသား အများ အပြား ရှိနေပေသည်။ သို့ရာတွင် ၎င်းတို့၌ အခက်အခဲတခု ရင်ဆိုင်တွေ့ရှိကြ ၏။ ဗုဒ္ဓတရားကျင့်စဉ်များကို လိုက်နာကျင့်သုံး၍ လောကကြီးအတွင်းဝယ် လူသားတို့၏ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးစေရန် အားထုတ် ဆောင်ရွက်ရင်း တည်ငြိမ်အေးချမ်းမှုကို ရယူလိုကြ၏။ ၎င်းတို့ နားမဆံ့အောင် ဟောကြ၊ ပြောကြ၊ နားလည်ကြရသည်မှာလည်း ဗုဒ္ဓတရားကျင့်စဉ်သည် လောကနှင့် မသက်ဆိုင်သော လောကနှင့်ရင်ဆိုင်၍မဖြစ်၊ ဗုဒ္ဓတရားအား လက်ဝယ်ထား ပြီးနောက် လောကီဘောင်ကို စွန့်ခွာ၍ ငြိမ်းချမ်းမှုကို တကိုယ်တည်းရှာဖွေ ရန်သာဖြစ်သည်ဟု ဆိုကြသည်။ ထိုပြောဆို ဟောပြောချက်များကို ၎င်းတို့က လက်မခံလိုကြ။ လက်မခံနိုင်ကြ။ ကိုယ်လွတ်ရုန်း၍ လောကကို ပစ်ခွာပါက တကိုယ်ကောင်းအတွက် ကျင့်ကြံခြင်းသာဖြစ်သည်။ လောကီလူသားအပေါင်း တို့ အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်မှသာ မွန်မြတ်သောလမ်းစဉ်ဖြစ်သည်။ ဗုဒ္ဓ၏လမ်းစဉ်အရ လောကအတွင်းမှ ထွက်ခွာပြေးသွား၍ ရှာဖွေမှသာ ငြိမ်း ချမ်းမှုကို ရနိုင်ပေသလော၊ လောကကို ရင်ဆိုင်၍လည်း အများအကျိုး သည် ပိုးဆောင်ရွက်ရင်း တရားတော်၏ အမြိုက်အရသာများကို ခံယူနိုင်ပါသလော၊ ဤသို့ စောကြောစစ်ဆေး မေးမြန်းလာကြသည်။

ဒေါက်တာ နော်တင်ဟမ်း၏ စာတမ်းတွင် ဗုဒ္ဓတရားတော်ကို လေ့ လာလိုက်စားလျက် ရှိကြသော အနောက်တိုင်း ပညာရှင်တို့၏ ဤသို့မေးမြန်း ရှာဖွေချက် အများအပြားကို ရှင်းလင်းဖြေကြားထားသည်။ ''ဗုဒ္ဓဘုရား ကိုယ် တိုင် လက်တွေ့ပြအပ်သည့် သာဓကတရပ် ထင်ရှားရှိပေသည်။ ဤသည်ကား အခြားမဟုတ် ဗုဒ္ဓဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီးနောက် မိမိ ရရှိအပ်သော နိဗ္ဗာန်ချမ်းသာကို ဆိတ်ငြိမ်ရာ၌ တကိုယ်တော်တည်း ခံစား၍ နေရန် လောကကြီးကို စွန့်ခွာသွားခြင်းမပြုဘဲ သတ္တဝါများ၏ အကျိုးတရား ကို တိုးပွားစေခြင်းငှာ ဘုရားဖြစ်ပြီးသည့်နောက် ၄၅–နှစ်ပတ်လုံး အပင် ပန်းခံတော်မူခြင်းပင် ဖြစ်ပေသည်ဟု စံပြနမူနာကို ဖော်ထုတ်တင်ပြလိုက်သည်။

ဗုဒ္ဓ၏အဆုံးအမကို လက်တွေ့ကျင့်ကြံခြင်းဖြင့် ငြိမ်းချမ်းမှုကို ရရှိပြီးသူ အပေါင်းတို့သည် လောကကြီးမှ ထွက်ပြေးမသွားသင့်၊ လောကကြီးအတွင်း၌ အများအကျိုး သည်ပိုးဆောင်ရွက်သင့်သည်။ တရား၏ အမြိုက်အရသာကိုခံယူ ရရှိပြီးနောက် ဤကဲ့သို့ ဆောင်ရွက်နိုင်သည်။ ဆောင်ရွက်နိုင်သော အားအင် စွမ်းပကားလည်း ပြည့်ဝလာသည်။ ဤတရားဌာနတွင် ဤသဘောအယူအဆ နှင့် ကိုက်ညီစွာ ဆောင်ရွက်လုပ်ကိုင် နေထိုင်ကြသည်ဟုလည်း တွေ့မြင်ယုံကြည် သဖြင့် ၎င်း၏စာတမ်းတွင် အောက်ပါမှတ်ချက်များကို ထည့်သွင်းရေးသား ထားရလသည်။

"ဤလူမျိုးစုံ ပဋိပတ္တိလုပ်ငန်းဌာန၏ ဦးစီးခေါင်းဆောင် ဖြစ်သော အဖွဲ့ဝင်များသည် လောကဓံတရားတို့နှင့် များစွာ တွေ့ကြုံခဲ့ရသည့်အတိုင်း၊ ခေတ်ကောင်း၊ ခေတ်ဆိုး၌ဖြစ်စေ၊ ဒုက္ခကင်းချိန်၊ ဒုက္ခတွေ့ချိန်၌ဖြစ်စေ၊ နေ တတ်ထိုင်တတ်ရှိအောင် စိတ်၏တည်ငြိမ်မှုကို ပေးသည့် ပဋိပတ္တိ လုပ်ငန်းအရာ များကို မသင်ကြားလျှင် မဖြစ်သည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ကြသည်ဟု ယူဆပါသည်။

တိရိစ္ဆာန်တို့၏ အလေ့အကျင့်ကဲ့သို့သော နိမ့်ကျသည့် အပြုအမူတို့ကို ပယ်ရှား၍ ထူးကဲမြင့်မြတ်လှစွာသော စိတ်၏ငြိမ်သက်ချမ်းမှုကို ရာရာ၌ မိမိ တို့၏ ကြုံတွေ့ရသည့် သုခ၊ ဒုက္ခသဘောတရားတို့ကို အကြောင်းပြု၍ အချို့အ ဖွဲ့ဝင်တို့သည် ရှေးခေတ်ဗုဒ္ဓ အယူဝါဒ၏ အမှန်သဘောတရားတို့ကို တွေ့လျက် ရှိနေကြသည်။

ထိုမှတပါး ဤကမ္မဋ္ဌာန်းဌာနသို့ လာရောက်ကြသူများမှာ စီးပွားရေး ကိစ္စများဖြင့်၎င်း၊ အခြားအသက်မွေးဝမ်းကြောင်း ကိစ္စများဖြင့်၎င်း၊ အလုပ် များကြသူများဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့အတွက် တရားအားထုတ်ရန် အစီအစဉ်တို့ကို အခါအခွင့်သင့်လျော်အောင် ပြုပြင်စီစဉ်ထားရှိလေသည်။ ဤ ဌာနသည် လူပုဂ္ဂိုလ်ချင်းချင်းကို ရင်းရင်းနှီးနှီး ဖြစ်စေအောင် လူပုဂ္ဂိုလ်ဖြစ် သော ဆရာက၊ ခေါင်းဆောင်ပေးသည့် ဌာနဖြစ်သည်။ ဗုဒ္ဓလုပ်ငန်း ကမ္မ ဋ္ဌာန်းတရားကို ပေးရာ၌ ဆိတ်ငြိမ်သည့် ကျောင်းကန်ဘုရားများ၌ တရားအား ထုတ်မှုကိုသာ ပဓာနမထားဘဲ၊ အိမ်ယာထောင်သည့် လူ့ဘောင်လောက အ တွင်း၌ပင်၊ လောကီကိစ္စ အသွယ်သွယ်တို့၏ အကြားမှ တရားတော်ကို သက် ဝင်ယုံကြည်ပြီး တတ်အားသ၍ ကြိုးစားအားထုတ်နိုင်အောင် ရှေ့ဆောင်လမ်း

ပြပေးသည်။ ထို့အပြင် ဤကမ္ဘာ့ဌာနဲ့ဌာနသည် စိတ်တူသဘောတူ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးဖြင့် စည်းလုံးမိစေသည်။

ဥပမာအားဖြင့်ဆိုသော် ဤပဋိပတ္တိ လုပ်ငန်းဌာနကို စိတ်ချမ်းသာယာစွာဖြင့် တရားအားထုတ်နိုင်ရန် သို့မဟုတ် ဆရာထံမှနည်းနာခံခြင်း၊ အကြံဉာဏ်တောင်းဆိုခြင်းများ ပြုလုပ်နိုင်ရန် ဘနက်နေ့နေ့တိုင်း နံနက် ၇ နာရီမှ ညဉ့်ဦးယံအချိန်တိုင် ဖွင့်လှစ်ထားပေသည်။ ထိုနေ့အဘို့ အရေးအားထုတ်သူအချင်းချင်း ရင်းရင်း နှီးနှီးစုပေါင်းစားသောက်ကြခြင်း၊ တဦးနှင့်တဦး ပေါင်းသင်းဆက်ဆံမှု တိုးတက်စေခြင်းတို့ကိုလည်း ပြုနိုင်ခွင့်ရရှိလေသည်။ ဤဌာနတွင် မိမိတို့၏ စိတ်ရင်းစေတနာအလျောက် လာရောက်ကူညီကြသူ ပေါများကြပေ၏။ ဌာန၏ ပစ္စည်းများ ထိန်းသိမ်းမှု၊ မီးဖိုဆောင်၌ ချက်ပြုတ်မှု၊ အဆောက်အဦးများကို နေ့ညမတူ စောင့်ကြပ်ကြည့်ရှုပေးမှုများနှင့်တကွ နိုင်ငံခြား ဧည့်သည်များအား စောင့်ရှောက်ပြုစုသည့် ကိစ္စရပ်များအတွက် စေတနာ့ဝန်ထမ်းများ ပြည့်စုံလုံလောက်လျက်ရှိသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဤဌာန၏ လုပ်ငန်းကို ချီးမြှောက်အားပေးသူများ၊ မည်မျှများပြား၍ စိတ်ဝင်စားကြသည်ကို သိရှိနိုင်သည်။ ဤဌာနသို့ ကမ္ဘာ့ဌာန်းတရား ပွားများအားထုတ်ရန်လာရောက်သူဦးရေမှာလည်း တနေ့တခြား တိုးပွားများပြားလျက်ရှိရာ ဌာနတွင် လိုအပ်သည့် အဆောက်အဦးစသည်တို့အတွက် ရံပုံငွေများကိုလည်း အလှူယ်တကူဖြည့်စွမ်းကြသူပေါများပေ၏။ ထို့ကြောင့် ဤပဋိပတ္တိလုပ်ငန်းဌာနသည် လူအများတို့၏ လိုလားတောင့်တအပ်သည့် ချမ်းသာမှုကို တိုးတက် ပေးစွမ်း နိုင်လိမ့်မည်ဟု ယုံကြည်အပ်ပေသည်။''

ဒေါက်တာ နော်တင်ဟမ်းက ၎င်း၏ အယူအဆနှင့် ပတ်သက်၍ အောက်ပါအတိုင်း မေးခွန်းပုစ္ဆာကို အတိအလင်း ထုတ်ဖော်မေးမြန်းထားသေးသည်။

''ဤသို့ဆိုသော် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ခြင်းဖြင့် များစွာကုန်သော ဘဝအဆက်ဆက်တို့၌ တွေ့ကြုံခဲ့ရသော ဒုက္ခဝဋ်တို့မှ လွတ်မြောက်ရန် သို့မဟုတ် ယခုဘဝဒုက္ခအပေါင်းမှ လွတ်မြောက်ရန်မျှသာဟူ၍ မယူဆဘဲ၊ ယခုမျက်မှောက်လောကတွင်ပင်လျှင် လောကလူသားတို့အတွက် အကျိုးတရားပွားများစေနိုင်သည်ဟူ၍ မယူဆနိုင်ပါသလော။''

ဒေါက်တာ နော်တင်ဟမ်းသည် ဤတရားဌာနတွင် တရားအားထုတ်၍ မြန်မာပြည်မှ ပြန်သွားပြီးနောက် ဤတရားဌာန၊ ၎င်း၏ တရားလုပ်ငန်းကိစ္စ၊

တရားဌာနတွင် တွေ့ရှိသွားသော ဓမ္မမိတ်ဆွေအပေါင်းနှင့်တကွ တရားရေအေး အမြိုက်ဆေးကို ပေးအပ်လိုက်နိုင်သည့် မြန်မာပြည်ကြီးအား မေ့မေ့လျော့လျော့ ဖြစ်သွားသည်မဟုတ်ကြောင်း အထောက်အထားများတွေ့ရှိရသည်။

အထက်ဖော်ပြပါ စာတမ်းတွင် ၎င်းသိရှိခဲ့ရသည့် တရားလုပ်ငန်းများကို ဟားဗဒ်တက္ကသိုလ်တွင် စာတမ်းတင်ပြခဲ့သည်သာမကသေး နယူးရောက်အသံလွှင့် ရုံမှလည်း "ကျွန်ုပ်တို့နှင့်အတူတကွ နေထိုင်သော လူသားများအကြောင်း"ဟူ၍ ၂၆ ကြိမ် အသံလွှင့်ဟောပြောခဲ့၏။ မြန်မာပြည်နှင့် မြန်မာ လူမျိုးများ အကြောင်း ၅ ကြိမ်ပါဝင်၏။ ၎င်းတရားအားထုတ်သွားရာ ဤပဋိပတ္တိတရားဌာန အကြောင်းသက်သက်ကို တကြိမ်သီးသန့် အသံလွှင့်ဟောပြောခဲ့လေသည်။ ဤ တရားဌာနသို့လည်း မကြာမကြာ စာပေရေးသား၏။ တရားဌာနတွင် ကြည်နူး အေးချမ်းစွာ တရားရှာသွားရသည့် အချိန်အခါကလေးကို ပြန်လည် သတိရ ကြောင်းကိုလည်း အစဉ်သဖြင့် ၎င်းစာများတွင် ဖော်ပြလျက်ရှိသည်။

"အန်တီကော နေကောင်းရဲ့လား၊ မတ်လတုန်းက အန်တီနှင့် ဘုရား ကုန်းမြေစောင်း ကျောက်တုံးကလေးပေါ်မှာထိုင်၍ သူနှင့် စကားပြောနေပုံ၊ လေညှင်းကလေးလာရာတွင် ဘုရား၏ ဆွဲလွဲခေါင်းလောင်းကလေးများ တချွင် ချွင်မြည်သံသာသည်ကို ကြားရပုံတို့မမေ့နိုင်အောင် မြင်ရှိရသည့် အကြောင်း များလည်း ဖတ်ရှုရသည်။ မပြန်ခင်နေ့က ပျော်ပျော် ပါးပါး တရား သမား အားလုံးတို့နှင့် နေ့လည်စာ စားခဲ့ရသည်ကိုလည်း သတိရလျက်ရှိသေးပုံ၊ ၎င်း အား ခင်မင်ယုယစွာ ပြုစုလိုက်သော တရားသမားကလေး စုစုသည် ယခင် ဘဝက ၎င်း၏ တူမလေးများပင် တော်မလားဟု တွေးထင်မိပုံ၊ အန်တီမှာ လည်း ဆွေမျိုးပင်တော်ခဲ့မလားမသိ၊ ဘယ်နှယ်သဘောရသလဲ၊ ညီအမများ တော်ခဲ့သလား၊ စသဖြင့် မေးမြန်းလေ့ရှိပြီး အော်၊ ဗမာပြည် ဘယ်တော့ များ ပြန်လာနိုင်ပါ့မလဲဟု လွမ်းဆွတ်တမ်းတလိုက်ပုံကလေးများ ဖတ်ရှုရသော အခါ သနားစရာတမျိုးကလေးပင် ဖြစ်တော့သည်။

၎င်း၏စာများတွင် ၎င်းနှင့်တကြိမ်တည်း တရားထိုင်ဖော်ထိုင်ဖက်ဖြစ်ကြ သော ပုဂ္ဂိုလ်များ အကြောင်းကိုလည်း မေးမြန်းလေ့ရှိသည်။ စောရွှေသိုက်၊ ဦးလွန်းဘော်၊ ဒေါ်မြစိန်၊ ဒေါ်ခင်သက်တင်တို့ အကြောင်း မကြာခဏမေး မြန်းစုံစမ်းလေ့ရှိသည်။ ယင်း ပုဂ္ဂိုလ်များကို အားကျကြောင်း၊ ၎င်းတို့သည် တရားဌာနသို့ သွားလိုသော အချိန်အခါတွင် ပြန်လည်သွားကြ၍ ဆက်လက်

အားထုတ်နေနိုင်ကြကြောင်း၊ သူ့မှာတော့ အဝေးမှာပင် နေ့နေ့မှန်မှန်ဖြင့် ကြိုးစားနေရကြောင်း၊ တရားကိုမေ့ပျောက်ခြင်းမရှိဘဲ၊ အစဉ်သဖြင့် ဆောက်တည်လျက်နေသောကြောင့် တိုးတက်မှုများ အနည်းငယ်ရရှိကြောင်း စသည်တို့ကိုဖတ်ရှုရသည်။

၎င်းလွှမ်းဆွတ်တသလျက်ရှိသော မြန်မာပြည်သို့ ၁၉၆၂ ခုနှစ် မတ်လတွင် တဖန်ပြန်လည်လာ၍ ဤပဋိပတ္တိဌာနတွင် ရက်အနည်းငယ် နေနိုင်သွားသေးကြောင်း ဝမ်းမြောက်စွာတွေ့ရှိရသည်။ ဤတခေါက် ပြန်သွားပြီးနောက် ရေးလိုက်သော စာများမှာလည်း စိတ်ဝင်စားဘွယ်ရာနှင့် ဝမ်းမြောက်ကြည်နူးဘွယ်ရာများ တွေ့ရှိရသည်။ ဒုတိယ အခေါက်ပြန်သွား၍ မကြာမီ ရေးလိုက်သော စာတစောင်တွင် အောက်ပါအတိုင်း ဖတ်ရှုရသည်။ ၎င်းစာမှာ အမေရိကန်အပြန် ခရီးတထောက် ဝင်ရောက်နားရှိနေသော ကိုလံဘိုမြို့မှ ရေးလိုက်သောစာဖြစ်သည်။

ဂုရုကြီးရှင့်၊

တရားဌာနတွင် ဆရာကြီးနှင့် အတူတကွထိုင်၍ တရား မဆွေးနွေးခဲ့ရသည်မှာ ရက်ပေါင်းများစွာ ကြာရှိပြီဟုထင်မြင်ရပါသည်။ တနည်းအားဖြင့်လည်း ဆရာတို့နှင့်အတူတကွ နေခဲ့ရသော ပျော်ရွှင်ငြိမ်းချမ်းသည့် အရှိန်အဝါကလေးမှာ ယခုတိုင်တွေ့ထိခံစားနေရသေး၍ ခွဲခွာနေရခဲ့သည်မှာ မကြာခဲ့သေးဟုထင်မြင်ယူဆရပြန်ပါသည်။ အံ့သြဘွယ်ရာညွှေဝတ်ကျေပြွန်လိုက်သည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ဆရာကြီးအား ထပ်မံ ပြောကြား လိုပါသည်။ တရားဌာနရှိ အခြားဓမ္မမိတ်ဆွေများက ကြင်နာပြုစုစောင့်ရှောက်လိုက်ကြပြန်သည်များကိုလည်း အလွန်နှစ်သိမ့်ကျေးဇူးတင်ရှိပါသည်။ ပင်တိုင်စံမင်းသမီးကလေးတမျှ ယုယပြုစုလိုက်ကြသည်မှာ မမေ့နိုင်ဘွယ်ရာပင်ဖြစ်ပါသည်။ စုစုနှင့် အန်တီတို့နှင့် ပြန်လည်တွေ့ဆုံရသည်တို့ကို ယခုတိုင် တမြုံ့မြုံ့ နှစ်သိမ့်လျက်ရှိသေး၍ လှပသော သစ်ခွဥယျာဉ်ကလေးနှင့် ဘုရားဆွဲလွဲ၏ လေပြေအလာတွင် သာယာသော အသံကလေးများ၏ ကြည်နူးဘွယ်ရာများကို ပြန်လည်အရသာခံရသည်မှာ မမေ့နိုင်ဘွယ်ဖြစ်ပါသည်။ ဘုရားယင်ပြင်တွင်ထိုင်၍ အန်တီနှင့် ဆေးပေါ့လိပ်ဖွာရင်း စကားပြောရပုံများ၊ ဘေဘီနှင့် အခြားအမျိုးသမီးကြီးတို့ ချက်ပြုတ်ကျွေးမွေးသည်ကို မြိန်ယှက်စွာ စားသောက်ခဲ့ရသည်များကိုလည်း မေ့ပျောက်မပစ်နိုင်တော့ပါ။ ကျမကိုယ်စား ၎င်းတို့အား ကျေးဇူးတင်ကြောင်း

ပြောပြပေးပါရှင့်။ ဒီတခေါက် စေတီပြန်ရောက်လာရသည်မှာ မိမိ၏ ချက်မြှုပ်ရာ အိမ်ဂေဟာသို့ ပြန်လည် လာရောက်ခဲ့ရသည်နှင့် တူပေတော့သည်။

မိတ်ဆွေအားလုံးနှင့် ပြန်လည်တွေ့ဆုံရသဖြင့် ဝမ်းမြောက် ရွှင်လန်းရသည်နှင့်အမျှ ပဋိပတ္တိလုပ်ငန်း နည်းလမ်းများကို ဆရာကြီးနှင့် ပြန်လည် သုံးသပ်ခွင့်ရ၍၊ အချို့မရှင်းလင်းသည့် အချက်များတွင် ဆရာကြီးထံမှ မေးမြန်းဖြေရှင်းချက်များကို ရယူနိုင်ခဲ့ပါသည်။ လက်တွေ့လုပ်ငန်းတွင်လည်း ယခင်က ထက်တိုးတက်၍ စိတ္တဧကဂ္ဂတာနှင့် အဇ္ဈတ္တငြိမ်းချမ်းမှုများကို ပိုမိုရရှိနိုင်ခဲ့သဖြင့်လည်း မြန်မာပြည် လာခဲ့ရသည့် အကျိုးအထူးကျေးဇူးရှိလှပေသည်။

တရားဌာနသို့ ဝင်လိုက်လျှင် ဝင်လိုက်ခြင်း ရောင်ပြန်ရိုက်ဟပ်လာသော ကြည်နူးအေးချမ်းစေသည့် အရှိန်အဝါနှင့်တကွ ဆရာကြီး၏ ဟောကြားပြသသောတရားများကို အဘိုးမဖြတ်နိုင်အောင် ယန်ဘိုးထားပါလည်။ နောက်တကြိမ် မြန်မာပြည် ပြန်လာသောအခါ ဤပဋိပတ္တိလုပ်ငန်းဌာနတွင် ပို၍ ရက်ကြာကြာနေရန် စီမံခဲ့မည်ဟု စိတ်ပိုင်းဖြတ်ထားပါသည်။''

၁၉၆၂ ခု၊ နိုဝင်ဘာလတွင် ဒေါက်တာ နော်တင်ဟမ်းထံမှ ရေးလိုက်သောစာတွင် ၎င်းသည် မြန်မာပြည်၌ မည်မျှစိတ်ဝင်စားနေသည်။ တရားတော်၌ မည်မျှအာရုံသက်ရောက်နေ၍၊ တရားလုပ်ငန်းများကို အဆင့်အတန်းအမြင့်မားဆုံး ပေါက်ရောက်သည့်တိုင်အောင် မည်မျှဆောင်ရွက်နေကြောင်း အံ့သြဘွယ်ရာ ဖတ်ရှုရသည်။

ဆရာကြီးရှင့်၊

ဘင်ဂူရီယန်နှင့် ၎င်းအဖွဲ့သားများအား ပဋိပတ္တိတရားအကြောင်းများ ရှင်းလင်းဖော်ပြထားသော စာအုပ်ငယ်ကလေးကို လေကြောင်းမှ ပေးပို့လိုက်သည်ကို ရရှိပြီဖြစ်သဖြင့် အထူးဝမ်းမြောက်ရပါသည်။ ထိုစာအုပ် ကလေးတွင် တရားလုပ်ငန်းအကြောင်း ရှင်းလင်းပြပြီးနောက်၊ တရား၏ တန်ဖိုး အာနိသင်ကြောင့် ကျန်းမာရေးနှင့်တကွ၊ လောကီရေးရာလုပ်ငန်းများ ပိုမိုတိုးတက်ရရှိရပုံ သက်သေအထောက်အထားများ တွေ့ရှိရပါသည်။ **ရောဂါအန္တရာယ်ကို ကာကွယ်ပယ်ဖျက်၍ လောကကိစ္စ** ဆောင်ရွက်မှုအင်အား တိုးပွားခြင်းများသည် တရား၏ ရည်ရွယ်ရင်းမဟုတ် အစွယ်အပွားအဖြစ် ရရှိအပ်သော အကျိုး တရားများဟု ဆရာကြီး မိန့်ကြားထားသည်မှာ မှန်ကန်လှသော်လည်း အနောက်တိုင်း

ရှိလူအများက မေးကြားကြသော ပုစ္ဆာများကို ဤအချက်အလက်များဖြင့် ကောင်းစွာ ဖြေကြားနိုင်သဖြင့် စာအုပ်ကလေးကို တယုတယသိမ်းဆည်းထားမည်ဖြစ်ပါသည်။ဆရာကြီးအားလည်း အထူးကျေးဇူးတင်ပါသည်။

ဖြစ်ရပုံမှာ ဒရှူးတက္ကသိုလ်မှ ဘာသာရေးသမားများအား ဗုဒ္ဓဘာသာ ပဋိပတ္တိလုပ်ငန်း ကျမဟောပြောနေသောရက် နောက်တနေ့တွင် ဆရာကြီးထံမှ စာအုပ်ငယ်ကို ရရှိခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ကမ္မဌာန်းထိုင်၍ ဘာအကျိုးရှိသနည်း၊• လောကလူဘားတို့အကျိုး ဘာများဆောင်ရွက်နိုင်သနည်း၊ စသော လက်တွေ့အသုံးပြုနိုင် မပြုနိုင်နှင့် ပတ်သက်သည့် အကြောင်းအရာများကိုသာပင် မေးမြန်းဆွေးနွေးကြပါသည်။ ကံအားလျော်စွာ ဆရာကြီးဟောပြောသော ဟောကြားချက်များကို မြန်မာပြည်တွင်ရှိစဉ်က လက်နှိပ်စက်ဖြင့် ရိုက်ကူးထားသော မိတ္တူတစောင်ကို ရရှိခဲ့သဖြင့်၊ ၎င်းတို့မေးမြန်းသမျှ လက်တွေ့အသုံးချနိုင်၊ မချနိုင် ပုစ္ဆာများကို ဖြေကြားလိုက်နိုင်ပါသည်။

ယခုစာရေးနေသော အချိန်မှာ တနင်္ဂနွေနေ့နံနက် ကျမတို့၏ စံချိန် (၉)နာရီအချိန်ရှိပြီဖြစ်၍ ဆရာကြီးတို့သည် တရားဌာနတွင် အလှူအလုပ်များပြားစွာ ဆောင်ရွက်ပြီးနောက် အိပ်ရာဝင်ရန် စီစဉ်နေသည့်အချိန်ဖြစ်ပေလိမ့်မည်။ စနေနေ့ညများတွင် မကြာမကြာ ကျမသည် ရိပ်သာသို့သတိရမိပါသည်။ ထိုအချိန်အခါတွင် မြန်မာပြည်၌ တနင်္ဂနွေနေ့နံနက်ဖြစ်၍ တရားသမားများအားလုံး အဓိဋ္ဌာန်နှင့် တရားထိုင်နေသော အချိန်ဖြစ်ပေလိမ့်မည်ဟု သတိရမိခြင်းဖြစ်ပါသည်။

ဘယ်လိုကြောင့်လဲမပြောတတ်ပါ၊ တနေ့နေ့တွင် မပျက်မကွက် ဆက်ဆက် မြန်မာပြည်သို့ ပြန်လာနိုင်လိမ့်မည်ဟု စိတ်ထဲတွင် ထင်မြင်နေပါသည်။ ဒီတခါပြန်လာလျှင်တော့ ရိပ်သာတွင် ရက်များစွာကြာကြာနေထိုင်ပြီး ပဋိပတ္တိလုပ်ငန်းများဆက်လက်၍ လုပ်မည်ဟု သံဓိဋ္ဌာန်ပြုထားပါသည်ရှင့်။

ယခုစာနိဂုံးအချုပ်တွင် ဆရာကြီးတို့ထံမျှော်မှန်းကြည့်လိုက်ရာ မိုးကုန်၍ ရန်ကုန်မြို့တွင် ရာသီဥတုသာယာလျက်ရှိနေပြီး၊ သဇင်ပန်းဥယျာဉ်ကလေးနှင့် ယခုအခါ ဝေဝေဆာဆာဖြင့် ပွင့်လန်းလျက်ရှိသော ပန်းကလေးများကိုရင်း၊ ရိပ်သာတခုလုံးအားရင်း၊ မျက်စေ့ထဲတွင် ထင်ရောင်မြင်ရောင်ရှိလာ၍ ကျမသည် ဆရာကြီးထံရောက်နေသကဲ့သို့ပင် အောက်မေ့မိပါသည်။ တနေ့တွင် လူ

ကိုယ်တိုင် တဖန်ပြန်ရောက်လိမ့်ဦးမည်ဟု အထူးယုံကြည်နေပါသည်။ ဓမ္မမိတ်ဆွေအပေါင်း အားလုံးတို့အား နှုတ်ခွန်းဆက်သလိုက်၍ ဆရာကြီးအား အရိုအသေပြုလျက်။

ပုံ/အယ်လီဇဘက် ကေ၊ နော်တင်ဟမ်း

ဒေါက်တာနော်တင်ဟမ်းသည် တရားအရသာကို လက်တွေ့ ခံယူသုံးဆောင်သွားရ၏။ ၎င်းအရသာကို အမြဲသိရှိသုံးဆောင်လျက်ရှိ၏။ တချိန်တည်းပင် တရားတော်၏ မှန်မြတ်သော အရသာအကြောင်းများကို အမေရိကန်ပြည်နယ်ူးရောက်မြို့ကို အခြေပြု၍ တဆင့်ဖြန့်ချီလျက်ရှိ၏။ ဟောကြားလျက်ရှိ၏။ ရေဒီယိုမှ တရားသံလှိုင်းများလည်း သန်းပေါင်းများစွာသော အမေရိကန်နေအိမ်များသို့ ပေါက်ရောက်လျက်ရှိ၏။

ဤအံ့ဘွယ်ရာ လုပ်ငန်းကိစ္စရပ်များကို ဤအံ့ဘွယ်ရာအမျိုးသမီးကြီးက ၎င်း၏စေတနာသဒ္ဓါတရားအလျောက် ကိုယ်တိုင်ယုံကြည်မှုဖြင့်ဆောင်ရွက်လျက်ရှိရာ၊ အလားတူ အခြားပုဂ္ဂိုလ်များ ရှိပါသေးသလော၊ အထက်တွင် ဒေါက်တာလီယွန်၊ အီး၊ ရိုက်၏ အကြောင်းကို ဖော်ပြခဲ့သည်။ ၎င်းအားပဋ္ဌာန်းလုပ်ငန်းနှင့် ပတ်သက်၍ မေးမြန်းလိုက မေးမြန်းနိုင်သည် စုံစမ်းလိုက၊ စုံစမ်းနိုင်သည်ဟူ၍ ပဋ္ဌာန်းလုပ်ငန်းဌာန အတွင်းရေးမှူးက ညွှန်ကြားခဲ့သည်ကို ဘတ်ရှုခဲ့ရသည်။ ဒေါက်တာ လီယွန်၊ အီး၊ ရိုက်သည်၊ ဝါရှင်တန်မှ ဖြစ်သည်ဟု သိရသည်။ ၎င်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရှာဖွေကြည့်ရှုကြပါစို့။

## (ဆ) ဒေါက်တာလီယွန် အီး၊ ရိုက်။

ဤတရားဌာနနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဘတ်ရှုရာ၌ စိတ်ဝင်စားဘွယ်ရာများ တခုပြီးတခု တွေ့ရှိခဲ့ရသည်။ ရှေး တရုပ်ကပွဲများတွင် ပါဝင်ကပြကြသည့် စူ့ထက်စူ လူစွမ်းကောင်း ဆိုသည်များကဲ့သို့ မစ္စကာလီယွန်အီးရိုက် ကိုယ်တွေ့ အကြောင်းအရာများမှလည်း ဆထက်တိုး၍ အံ့သြဘွယ်ရာများ တွေ့ရပြန်သည်။မစ္စတာ လီယွန် အီး ရိုက် မှာ သဘာဝတ္တဗေဒနှင့် ဘာသာရေး ဆိုင်ရာ ဒေါက်တာ ဘွဲ့ရ ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။ အမေရိကန်ပြည်

ဝါရှင်တန်မြို့ ဟိုးဝါဒ်တက္ကသိုလ်တွင် ခရစ်ယန်ဘာသာ ပါမောက္ခတဦးဖြစ်ခဲ့၍ ၁၉၅၇ ခုနှစ်တွင် မြန်မာပြည် အာမရိကန်သံရုံး၌ ယဉ်ကျေးမှုအရာရှိအဖြစ်ဖြင့် ခန့်ထားခြင်းခံရ၍ ရန်ကုန်သို့ ရောက်လာခြင်း ဖြစ်ပေသည်။ ဒေါက်တာ ရိုက် သည် အသားမဲ့ နီဂရိုးလူမျိုးဖြစ်၍ ၎င်း၏ဇနီးမှာလည်း နီဂရိုး အမျိုးသမီး တဦးပင် ဖြစ်ပေသည်။ အသားရောင် ခွဲခြားမှု၏ ပဋိပက္ခများ အမေရိကန်ပြည်တွင်း၌ ဖြစ်ပေါ်နေခြင်းကြောင့်၊ ကမ္ဘာ့ဗိုလ်ပုံအလယ်တွင် အမေရိကန် များ မျက်နှာထားရ ခက်ခဲနေပေ၏။ ဒေါက်တာ ရိုက် ကဲ့သို့ နီဂရိုး လူမျိုး တဦးကို မြန်မာပြည်သို့ပို့လိုက်ရာ၌ ဝါဒဖြန့်သောရည်ရွယ်ချက်မျိုး ပါရှိသည် မရှိသည် ဟု ပြောဆိုနိုင်ရန် ခဲယဉ်းပေမည်ဖြစ်သော်လည်း ဒေါက်တာ ရိုက် အတွက်မူ ၎င်း၏ ရှေးပါရမီကံအလျောက်၊ ဗုဒ္ဓတရား၏ အဆီအနှစ်ကို မျက်ဝါးထင်ထင် တွေ့မြင်ခံယူရန် အချိန်အခါ ကျရောက်ပြီဖြစ်၍ လာရောက်ရသည်ဟု ဆိုရပေမည်။ ၎င်း၏စာများအရ ဒေါက်တာ ရိုက် ကလည်း ဤကဲ့သို့ပင် ယူဆပုံ ရပေသည်။

ဒေါက်တာ ရိုက် သည် မြန်စာပြည်သို့ လာရောက်ရမည် ရှိစဉ်ကပင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော အကြောင်းအရာများကို အတော်အတန် လေ့လာ ဆည်းပူးခဲ့ဟန်တူသည်။ မြန်မာပြည်သို့ရောက်ရှိပြီးနောက် အဖွဲ့အသီးသီး ဌာန အသီးသီးတို့ကို ရောက်ရှိဆက်သွယ်၍ ဗုဒ္ဓတရား များကို လေ့လာ ဆည်းပူးပြန်သည်။ ပုဂံသို့လည်း ဘုရားဖူးသွားသည်။ မန္တလေးမြို့သို့လည်း ရောက်ရှိသည်။ သာသနာ့ထိပ်သီး အကျော်အမော် သံဃာတော်အရှင်မြတ်များနှင့်လည်း တွေ့ဆုံသည်၊ မေးမြန်းသည်၊ စုံစမ်းသည်၊ နောက်ဆုံးတွင် ဗုဒ္ဓဘာသာ၏ အဆီ အနှစ်မှာ ပဋိပတ္တိလုပ်ငန်းဖြစ်၍ ထိုလုပ်ငန်းဖြင့် တရားတော်က ညွှန် ပြသော အယုတ္တိအမြတ်ဆုံးစခမ်းသို့ တက်လှမ်းနိုင်ပေသည် ဟု ယုံကြည် သဘောပေါက် သွားသည်၊ ထိုသဘောပေါက် ယုံကြည်လေသည့်အတိုင်း ဤဝိပဿနာဌာနသို့ ဗုဒ္ဓဘာသာတရား၏ လက်တွေ့လုပ်ငန်းရပ်များ လုပ်ကိုင်ရန် ရောက်ရှိလာခဲ့သည်။ ပထမတရားတပါတ်ကို အခြားသူများကဲ့သို့ (၁၀) ရက်တိတိ ဝင်ရောက် အား ထုတ်သွားသည်။ ထို့နောက်မူ မြန်မာပြည်မှ မပြန်မီအတွင်း သောကြာနေ့ များတွင် လာရောက်၍ တနင်္ဂနွေနေ့ညတိုင်အောင် တရားအားထုတ်လေ့ရှိသည် ဟု သိရှိရသည်။ တရားအားထုတ်သော ရက်အနည်းငယ်အတွင်းပင် ထူးခြား သော နိမိတ်အာရုံများ ကြည်လင်ပြတ်သားစွာ မြင်သွားခဲ့သူဟု တရားဌာနတွင် ယခုတိုင် အကျော်ဒေးယျ ဖြစ်ရှိနေသေးသည်။ တရား အဆင့်အတန်း အထူး

ကောင်းမွန်သွား၍ အိန္ဒိစ္စသဘာဝကို လက္ခဏာရသ ပြည့်စုံစွာသိရှိသွားသူ ဟူ၍လည်း နားလည်ရသည်။

တရားအားထုတ်ရာတွင် ဒေါက်တာရိုက်သည် ဒေါက်တာ နော်တင်ဟမ်း စသော အခြား အမေရိကန်ပုဂ္ဂိုလ်များကဲ့သို့ ချောမောပြေပြစ် လှသည် မရှိ အခက်အခဲများစွာတို့နှင့် ရင်ဆိုင်ရသည် ဟုလည်း ကြားသိရသည်။ အသား အရောင် ကွဲပြားမှု၏စနက်တံမှာ အမေရိကန်တွင်သာ မနေရစ်ဘဲ မြန်မာပြည်သို့ လိုက်၍လည်း ရှို့မြိုက်ခြင်း ခံရဟန်တူသည်။ အခြား မျက်နှာဖြူ အမေရိကန် လူမျိုးများအလယ်တွင် ပေါင်းသင်းဆက်ဆံနေထိုင်မှုမှာ အမေရိကန်မှာထက်ပင် ခက်ခဲဘွယ်ရာ ဖြစ်ရှိနိုင်ပေသည်။ ထို့အပြင် ခရစ်ယန်တဦးဖြစ်ရုံသာမက ခရစ်ယန် ဘုန်းကြီးလည်းဖြစ်၊ ခရစ်ယန်ဘာသာသင်ကြားပို့ချသော ပါမောက္ခတဦး လည်း ဖြစ်ပါလျက်နှင့် ဗုဒ္ဓဘာသာအကြောင်းအရာများကို လေ့လာဆွေးနွေး ရုံသာမကဘဲ၊ လက်တွေ့ကျင့်ကြံအားထုတ်နေသောအခါမူ တဘက်မှ အဖျက် တရားများ အတိုက်အခံများ မည်မျှပြင်းထန်စွာရှိသည်ကို တွေးတော၍ သိရှိနိုင် ပေမည်။ ဒေါက်တာ နော်တင်ဟမ်း ကဲ့သို့ လွတ်လပ်သော ဖူးဘရိုက်အထောက် အပံ့ခံ ပညာရေးဆိုင်ရာပုဂ္ဂိုလ်တဦးမဟုတ်ဘဲ အမေရိကန်သံရုံးမှ ယဉ်ကျေးမှု အရာရှိတဦး ဖြစ်နေခြင်းကလည်း ဒေါက်တာ ရိုက်၏ ပြဿနာများကို ပိုမို ရှုပ် ထွေး စေခဲ့သည်မှာ အမှန်ဖြစ်ပေသည်။ ယဉ်ကျေးမှုအရာရှိတဦး ခန့်ထားရာ၌ ၎င်းတို့၏ ယဉ်ကျေးမှုကို လူအများသိရှိစေရန် ဖြန့်ဖြူးစေခြင်း၊ လက်ခံလိုက်နာ ရန် ကျင့်သုံးစေခြင်း စသော ရည်ရွယ်ချက်များရှိပါက ဒေါက်တာရိုက်မှာ ၎င်း ကိစ္စများနှင့် တိုက်ရိုက်ဆန့်ကျင်ခါ ဆောင်ရွက်လျက်ရှိ၏။ မြန်မာပြည်၏ ယဉ် ကျေးမှုအဆီအနှစ်ကို စွဲမြဲလက်ခံ ကျင့်သုံး အားထုတ်နေသောကြောင့် အဆင် မပြေ ခက်ခဲမှုများ မလွှဲမသွေ ဖြစ်ပေါ်တွေ့ရှိခဲ့ရသည်။

ဤပြဿနာအရပ်ရပ်များကို ဒေါက်တာ ရိုက် သည် မည်ကဲ့သို့ ရင်ဆိုင် သွားသနည်း၊ မည်ကဲ့သို့ ကျော်လွှားခဲ့သနည်း၊ မည်ကဲ့သို့တရားအဆင့်အတန်းသို့ ပေါက်ရောက်ဆက်ကူးသွားနိုင်ခဲ့သနည်း၊ ၁၉၅၈ ခု၊ ဇူလိုင်လ (၁၉) ရက် နေ့စွဲဖြင့် ဝါရှင်တန်မှပေးပို့လိုက်သော ၎င်း၏စာတွင် အောက်ပါအကြောင်း အရာများ တွေ့ရသည်။

**ဆရာကြီး ခင်ဗျား၊**

အချိန်ကြာမြင့်စွာ စာမရေးခဲ့သော်လည်း ဆရာကြီးနှင့်တကွ တရား ဌာနမှ ပုဂ္ဂိုလ်များနှင့် ဝေးကွာနေသည့် တိုင်အောင် ခွဲခွာနေရသည်ဟု ထင်

မြင်ယူဆရန် မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ အစဉ်မပြတ်လိုပင် အနိစ္စတရားကို သဘောပေါက်လျက်ရှိရာ၊ ဤကဲ့သို့ အနိစ္စတရားကိုအာရုံပြုလိုက်တိုင်း ဆရာကြီးတို့ထံမှောက်သို့ ရောက်ရှိနေဘိသကဲ့သို့ တွေ့သိနေရပါသည်။ အလွန်အံ့ဩဘွယ်ရာ ဖြစ်ပါသည်။ လမ်းလျှောက်နေသည့်အခါသော်ငင်း၊ တဦးတည်းတရားထိုင်နေသည့် အခါသော်ငင်း၊ အနိစ္စလက္ခဏာ၏ ဖြစ်ပျက်သည့်သဘောတရားတို့ကို အလွယ်တကူ ဖော်ထုတ်ရှုမြင် နိုင်ပါသည်။ တရားဝင်စားသောအခါတိုင်းလည်း ဆရာကြီးအား အထူးကျေးဇူးတင်ပါသည်။ ဂုရုကြီးခင်ဗျား ဂုရုကြီး၏ ကျေးဇူးတော် အဟုန်ကြောင့်ပင် ဤတရားများ ကျွန်တော့်လက်ဝယ် ရောက်ရပါသည်။

ဆရာကြီးသည် ကျွန်တော့ အနီးအပါး၌ ရှိသည်ဟု ထင်ထင်ရှားရှား သိသိသာသာကြီး တွေ့ထိရသကဲ့သို့ ဆရာကြီးထံပါး၌ ကျွန်တော်အစဉ်ရောက်ရှိနေသည်ကိုလည်း တွေ့ထိသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော်၏ အတွက်မူ ဤအဆက်အသွယ်မှာ ဘယ်သောအခါမျှ ပြတ်နိုင်မည်မဟုတ်ပါ။ မြန်မာပြည်သို့ ပို့လွှတ်ခြင်းကို ကျွန်တော်ခံရသည်မှာ ဆရာကြီးနှင့် တွေ့ရန်ဖြစ်၍ အနိစ္စ၏တန်ခိုးသတ္တိများ တသက်လုံးသိရှိနားလည်ရန် ရောက်လာရခြင်းဖြစ်သည်ဟု ယုံကြည်ပါသည်။ မြန်မာပြည်၌ရှိစဉ် ပြောမပြနိုင်လောက်အောင် အခက်အခဲ ဆင်းရဲဒုက္ခများ တွေ့ရှိရသည်မှာ လောကတာဝန်များကို ထမ်းဆောင်ရန် လက်မလွှတ်နိုင်သည့် တန်ခိုးအင်အားများ ရရှိခဲ့သည်နှင့် ချိန်စစ်သော် ပေးရသောတန်ဘိုးမှာ မကြီးမားလှဟု ဆိုရပေမည်။

ဆရာကြီး အစဉ်မပြတ် သတိပြုရန် ပြောကြားလိုက်သော တဘက်မှ အတိုက်အခံ အဖျက်အဆီး အင်အားစုများအကြောင်းကို သတိရလိမ့်ဦးမည်ဟု ထင်မြင်ပါသည်။ မြန်မာပြည်တွင်ရှိစဉ် ကျွန်တော့အား တရားအားမထုတ်နိုင်ရန် အမျိုးမျိုး အခက်အခဲ အနှောက်အယှက်များ ပေးခဲ့ကြသည် သာ၍က အမေရိကန်သို့ ပြန်ရောက်၍ ယခုတိုင်အောင် အတိုက်အခံ အနှောက်အယှက်များနှင့် ရင်ဆိုင်နေရပါသည်။ သို့သော်လည်း မှန်မြတ်သော တရားကိစ္စတွင် အဖျက်အဆီး ပေါ်လာခြင်းမျှသာ ဖြစ်သည်ဟု သိရှိမှတ်သား၍ ၎င်းတို့အား ကျော်လွှားအောင်မြင်နိုင်ရန် ကြိုးစားအားထုတ်မှု မလျော့ဘဲ တည်နေလျက်ရှိပါသည်။ ဆရာကြီး ညွှန်ကြားပြသလိုက်သည့်အတိုင်း အဖျက်အဆီးဟူသမျှကို သိရှိသဘောပေါက်ပါသည်။။ ဒီဇင်ဘာလတွင် အမေရိကန်သို့ ပြန်ရောက်လျှင် ရောက်ခြင်း ဆရာကြီး ကြိုတင်ပြောလိုက်သည့်အတိုင်း၊ ပြင်းထန်သော

လေ့ပြင်းမုန်တိုင်းကြီးနှင့် ရှေးဦးစွာ ဝင်တိုးပါသည်။ ဤသည့်နောက်တွင်မူ စိတ်ပျက်ရခြင်း၊ အတိုက်အခံများ ဖြစ်ပေါ်လာခြင်း၊ အကြံအစည်များပျက်ရခြင်း စသည်တို့နှင့် ဆက်တိုက်ရင်ဆိုင်နေခဲ့ရပါသည်။ ၎င်းတို့ကား ကျွန်တော့အား ချေမှုန်းပစ်ရန် ပေါ်ပေါက်လာသော အဓမ္မအင်အားစုများသာဖြစ်ပါဘိသည်။ တရားသဘောအရ ကျွန်တော်မှာမူ ပိုမိုခိုင်ခံ့ မြဲမြံလျှ၍ တသက်တာတွင် ကြည်လင်သန့်ရှင်းမှု အများဆုံးရနေပါသည်။ အချိန်မပြတ် အဖွဲ့ကလေးများ ဖွဲ့စည်း၍ ၎င်းတို့ကို တရားဟောကြားပြီးလျှင် ၎င်းတို့နှင့် အတူတကွ ကမ္မဋ္ဌာန်းတရား အားထုတ်လျက်ရှိပါသည်။

ဂုရုကြီးခင်ဗျား –

ဗုဒ္ဓဘာသာ တရားအားထုတ်ခြင်းနှင့် ပတ်သက်သော နက်နဲသည့် အစိတ်အပိုင်းများ ဆရာကြီးက ကျွန်တော့အား ညွှန်ကြားပြသရန် မလွဲမရှောင်နိုင်သော ပါရမီက ဖန်တီးလို့ဆောင်ပေးလိုက်သည်ဟု ကျွန်တော် မြဲမြံစွာယုံကြည်ပါသည်။ ကျွန်တော်၏ ပါရမီအလျောက် ဆရာကြီးထံမှောက်သို့ရောက်လာရခြင်းဖြစ်သော်လည်း ထိုပါရမီ၏ ရင့်သန်ပြည့်ဝမှုအတွက် ဆရာကြီးက နည်းပေးလမ်းပြ သဒ္ဓါတရားတိုးပွား စိတ်အားတက်ကြွစေခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန် ချီးမြှင့်ထောက်ပံ့လိုက်ပေသည်။ ကျွန်တော် အသက်ရှင်နေသမျှကာလပါတ်လုံး အနိစ္စကို လက်ကိုင်ပြုထားမည်ဖြစ်၍၊ အနိစ္စကိုသိတိုင်းသိတိုင်းလည်း ထိုအနိစ္စကိုသိအောင် သင်ကြားပြသလိုက်သည့် ဆရာ၏ဂုဏ်ကျေးဇူးကို အထူးပင် အသိအမှတ်ပြု၍ နေပါအံ့။ ထိုဂုဏ်ကျေးဇူးပြုလိုက်သော ဆရာသည်ကား အခြားမဟုတ် ဆရာကြီးပင်ဖြစ်ရာ ကျွန်တော်၏ အရိုသေလေးစားမှုနှင့် ချစ်ခင်လေးစားမှုတို့ကို ဆရာကြီးအပေါ်တွင် အစဉ်ထားလျက်ရှိပါသည်။

ယခုနှစ် စက်တင်ဘာလတွင် ဟိုးဝါဒ်တက္ကသိုလ်သို့ ကျွန်တော်ပြန်လည်ရောက်ရှိခဲ့သည်ဖြစ်၍ ဝါရှင်တန်ရှိ အမေရိကန်တက္ကသိုလ်တွင်လည်း ဘာသာရေးနှင့်ပတ်သက်သော စာပေပို့ချမှုများ ပြုလုပ်ပါသည်။ ကျွန်တော့ တသက်တာတွင် ရှေ့လာမည့်နှစ်များသည် အဓိပ္ပာယ်လေးနက်ဆုံးသော အချိန်အခါများဖြစ်လိမ့်မည်ဟု ထင်မြင်နေပါသည် ခင်ဗျား။

ထိုစာကို ဆရာကြီး ဦးဘခင်က ၁၉၅၈ မှ၊ ဩဂုတ်လ (၂၄) ရက်နေ့စွဲဖြင့် ပြန်ကြားလိုက်ရာ စိတ်ဝင်စားဘွယ်ရာ စာပိုဒ်အနည်းငယ်ကို ထုတ်နှုတ်ဖော်ပြလိုက်ရပေသည်။ "၁၉၅၈ ခု၊ ဇူလိုင်လ (၁၉) ရက်နေ့က ပေး

လိုက်သော သင့်ထံမှစာကို ရရှိပါသည်။ ၎င်းစာအရ ဆရာနှင့် တပည့်ကြား တွင် အလိုအလျောက် ဆက်သွယ်မှုရှိခြင်း သဘောတရားကို သင်နားလည်နေ ပြီဖြစ်ကြောင်း တွေ့ရသည်။ ဒါနှင့်ပတ်သက်၍ ဝဂ္ဂလိဝတ္ထုကို သတိရသည်။ ဘုရားလက်ထက်တော်က မြတ်စွာဘုရား ကိုယ်တော်တိုင်ကို ပုဂ္ဂိုလ်အနေဖြင့် ကြည်ညိုလွန်းလှ၍ နက်ရှိုင်းသော တရားဓမ္မ အဓိပ္ပာယ်ကို မသိရှိ နားမလည် နိုင်သော ရဟန်းဝဂ္ဂလိဟူ၍ တပါးရှိခဲ့သည်။ ၎င်းအား မြတ်စွာဘုရားက အောက်ပါအတိုင်း ဆိုဆုံးမခဲ့ဘူးသည်။"

"တရားနှင့်နေသောသူသည် ယူဇနာများစွာပင် ဝေးကွာလျက်ရှိသော် လည်း ငါဘုရားနှင့် အတူတကွပင်ရှိသည်။ သို့သော် တရားနှင့်တတူတကွ မရှိ သောသူမှာ ငါဘုရားထံပါး၌ နီးကပ်လျက်ရှိသော်လည်း ငါနှင့်အတူတကွ နေသည်မမည်" ဟု မိန့်မြွက်ခဲ့ဘူး လေသည်။ အသင်လည်း အနိစ္စတရားနှင့် အတူတကွရှိနေသမျှ ကျွန်ုပ်တို့အလယ်တွင် ရောက်နေပေမည်။ ကျွန်ုပ်တို့အား လုံးလည်း အနိစ္စကို ပွားများကြည့်ရှုလျက်ရှိကြရာ အသင်၏ မနောအင်အား များသည် ဤနေရာသို့ ရောင်ပြန်ဟပ်လာမည်ဖြစ်၍ ကျွန်ုပ်တို့နှင့် အတူတကွ ရောက်ရှိနေသကဲ့သို့ပင် ဖြစ်ပေမည်။" အခြား စာတစောင်တွင် ဆရာကြီးက ဒေါက်တာရိုက်အား ဗုဒ္ဓ၏ ဟောကြားတော်မူသော အနိစ္စတရားများကို လော ကဓာတ်ပညာ အယူအဆများဖြင့် နှိုင်းချိန်ယှဉ်တွဲ၍ ရှင်းလင်းပြသလိုက်ပေ သည်။

"မနေ့တနေ့က အိုင်စက်အက်စီမော့ဗ် ရေးသားသော သိပ္ပံပညာ ဆိုင် ရာ စာအုပ်တအုပ်ကို ဖတ်ရှုရသည်။ ဒေါက်တာ အက်စီမော့ဗ်သည် ကိုလံဘီ ယာတက္ကသိုလ်မှ ပီအိပ်ချ် ဒီ ဘွဲ့ထူးရခဲ့သည်ဖြစ်၍၊ ယခု ဘော့တန်ဆေးတက္ကသိုလ် တွင် ဇီဝိတ ဓာတုဗေဒဘာသာဘက်ဆိုင်ရာ ပါမောက္ခ တဦး ဖြစ်လျက်ရှိသည်။ ၎င်းစာအုပ်၏ နိဒါန်းအခဏ်းတွင် ဖော်ပြထားသည်မှာ အရာဝတ္ထု အားလုံးတို့ သည် တခုနှင့်တခု ကွဲပြားခြားနားသည်ဟု ထင်မြင်ရသော်လည်း အားလုံးတူ ညီသော အချက်တရပ်ရှိသည်။ သစ်သား၊ သတ္တု၊ ပိုးထည်၊ ဖလ်၊ မှန်၊ အသွေး အသားအားလုံးတို့သည် သေးငယ်သော သီးခြားဒြပ်ကလေးများဖြင့် ဖန်တီး ထားခြင်းဖြစ်သည်။ ဤကမ္ဘာလောကကြီးနှင့်တကွ နေလ နက္ခတ်တာရာ အား လုံးတို့မှာလည်း ဤသေးငယ်သော ဒြပ်ကလေးများဖြင့် ပြီးလေသည်။ ၎င်း ဒြပ်ဝတ္ထုပစ္စည်းကလေးများအား မမြင်နိုင်သည်မှာ မှန်ပါသည်။ တကယ်ဆို တော့ စက္ကူစလေးတရွက်ကိုသော်၎င်း၊ သစ်သားတုံးကလေးတတုံး၊ သို့မဟုတ်

သတ္တုတုံးကလေးတတုံးကိုကြည့်ရှုက ဤကဲ့သို့ သီးခြားသေးငယ်သော ဒြပ်ဝတ္ထုကလေးများဖြင့် ပြုလုပ်ထားသည်ဟု ထင်မြင်နိုင်ရန်ခဲယဉ်းပါသည်။ အဆိုင်အခဲတလုံးတည်ရှိသည်ဟုပင် ထင်မြင်ရပါသည်။

အရာဝတ္ထုအားလုံးတို့တွင် ပါဝင်တည်ရှိသည့် ဒြပ်စိုင် အသေးကလေးများကို လောကဓာတ်ဆရာများက အနုမြူကလေးများဟု ခေါ်ကြပါသည်။ ၎င်းအနုမြူကလေးများကိုတဖန်အသေးစိတ်ပြန်လျှင် ပရိုတွန်၊ အီလက်ထရွန်နှင့် နယူးထရွန်တို့ပါဝင်ပြန်လေသည်။ ဤဒြပ်ဆိုင်ကလေးများသည် မည်မျှသေးငယ်သည်ဟူမူကား ဒေါက်တာ အက်စီမော့ဗ်၏ အဆိုအရ၊ တပေါင် အလေးချိန်ရှိသော အဆိုင်အခဲတခုဖြစ်ရန် ပရိုတွန် ပေါင်း ၂၄၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀ ပေါင်းပါဝင်ရသည်ဟု အဆိုရှိသည်။ ကျွန်ုပ်တို့ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားချက်အရ နေ့အခါတွင် ပြန့်လွင့်လာလျက်ရှိသော ရထားလှည်းဘီးမှ မြူမှုံတမှုံ၏ $\frac{၁}{၄၆၆၅၆}$ သည် ကလပ်တခု၏ အရွယ်ဖြစ်သည်ဟု ပြောကြားခဲ့ပေသည်။

ဤကဲ့သို့ မြတ်စွာဘုရားက နှစ်ပေါင်း ၂၅၀၀ ကျော်က ထုတ်ဖော်ခဲ့ပေသည်။

ကလပ်ကလေးတခုတွင် သဘောတရားမျှသာ လက္ခဏာရှိ၏။ ဓာတ်(၈) ပါးစုပေါင်း၍ အဆိုင်အခဲဖြစ်လာသည်။ ၎င်းဓာတ် (၈) ပါးမှာ

၁။ ပထဝီ ၂။ အာပေါ ၃။ တေဇော ၄။ ဝါယော ၅။ ဝဏ္ဏ ၆။ ဂန္ဓ ၇။ ရသ ၈။ ဩဇာ တို့ဖြစ်ကြသည်။

(ကျွန်ုပ်၏ **What Buddhism Is** စာအုပ် စာမျက်နှာ ၁၇ တွင် ကြည့်ပါ။)

ထို့ကြောင့် ယခုလောကဓာတ်ပညာက ရှာဖွေတွေ့ရှိသည့် အီလက်ထရွန် ပရိုတွန်ဟူသော အဆိုင်ကလေးများနှင့် ဆင်ဆင်တူစွာ အထက်ပါ အမူအရာ သဘောမျှဖြစ်သော ဓာတ်များမှ စုပေါင်း၍ ရုပ်ဖြစ်ပေါ်လာသည်။ ကျွန်ုပ်အကြိမ်များစွာ ပြောပြခဲ့သည့်အတိုင်း သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ၊ ကမ္ဘာလောကဓာတ်ကြီးတခုလုံး ဤကလပ်ကလေးများမှ ပေါ်ပေါက်ဖြစ်ပွားလာကြခြင်းဖြစ်သည်။ ကလပ်ကလေးတခု တခုသည်လည်း ဖြစ်ပြီးသည်နှင့် တပြိုင်နက် ပျက်ပြုန်းချုပ်ငြိမ်းသွားရသည်။

ထို့ကြောင့် လောကဓာတ်တခုလုံး၏ ဖွဲ့စည်းပေါင်းစပ်ထားသော အရာဝတ္ထုဟူသမျှသည် မမြဲသောသဘောကို ဆောင်ကြသည်။ အရာဝတ္ထုတခုခုဟု ထင်မြင်ယူဆရ၍သာ ခေါ်ဆိုရသည်။ အမှန်မှာ ဤကဲ့သို့ အရာဝတ္ထုဟူ၍ မရှိဖြစ်သည်။ ဤအချက်ပေါ်တွင် ဗုဒ္ဓ၏ ဓမ္မသည် အခြေခံထားသည်။ ၎င်းသဘောတရားများကို ကမ္ဘာလောကဓာတ်ရှိ လောကဓာတ်ဆရာအားလုံးတို့သည် တွေ့မြင်လျက်ရှိကြပေမည်။

မစ္စတာ၊ အက်ဖ်၊ အယ်လ်ဝုဒ်ဝဒ်ရေးသောဗုဒ္ဓဟောကြားချက်များဟူသော စာအုပ်စာမျက်နှာ ၂၂၅ တွင် ဒေဝရောဟိဒသအားဗုဒ္ဓဟောကြားချက်ကိုရေးသားထားသည်။ ဒေဝရောဟိဒသက မြတ်စွာဘုရားအား ဇာတိဇရာ မရဏကင်းငြိမ်းရာဒေသနှင့် ဘဝတဖန်ပြန်လည် မဖြစ်ထွန်းရန်ဌာနကို ဘယ်မှာရှာရင်ရှာဖွေတွေ့နိုင်မည်လဲဟု မေးမြန်းလေသည်။ ကမ္ဘာသို့ ဆုံးခန်းသို့ရောက်ရှိသည်ကိုမြင်နိုင်မမြင်နိုင်ကိုလည်း မေးမြန်းလေသည်။ ရှင်တော်မြတ်ဘုရားက ၎င်းသိရှိလိုသော အကြောင်းအရာများကို ဟိုဟိုဒီဒီ သွားရောက်ရှာဖွေမနေဘဲ အလျား ၆ ပေမျှရှိသော ၎င်း၏ **ကိုယ်ခန္ဓာအတွင်း၌** ပင် ရှာဖွေတွေ့ရှိရမည်ဟု မိန့်မြွက်တော်မူလေသည်။ ကိုယ်ခန္ဓာကို အာရုံများထိခိုက်၍ ဖြစ်ပေါ်လာသော စိတ်များ၊ အကြံဉာဏ်များသာလျှင် ကမ္ဘာလောကကြီးဖြစ်၍၊ ကမ္ဘာလောကကြီး၏ အစနှင့်အဆုံးမှာလည်း ကိုယ်ခန္ဓာမှာသာလျှင် တည်ရှိပေ၏။ ချုပ်ငြိမ်းခြင်း၏လမ်းစမှာလည်း ကိုယ်ခန္ဓာမှာပင်ရှိသည်။ ဆိုလိုသောအဓိပ္ပာယ်မှာ ဇာတိဇရာမရဏတို့၏ သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်လိုသူတို့သည် မိမိကိုယ်မှာတွင်ပင်လျှင် လွတ်ငြိမ်းရာလမ်းစကို ရှာဖွေရမည်ဖြစ်သည်။ မိမိ၏ ကိုယ်တွင်း၌ ဖြစ်ပေါ်လျက်ရှိသော အနုမြူကလေးများ၏ ဖြစ်ပျက် ပြောင်းလဲနေပုံ ပရမတ္ထသဘောတရားတို့ကို ဆင်ခြင်ခြင်းဖြင့်သာလျှင် လွတ်ငြိမ်းရာနည်းလမ်းကို ရှာဖွေရမည်ဖြစ်သည်။ ဒေါက်တာ အက်စ်မော့ဗ်ကို ဆရာကြီးက အောက်ပါအကြောင်းအရာများကို ရှင်းလင်းပြတ်သားစွာ သိစေလိုသည်။ ၎င်း၏ အသား အသွေး အရေ၊ အရိုး၊ အကြောနှင့် ကိုယ်ခန္ဓာရှိ အခြားအစိတ်အပိုင်း အားလုံးတို့သည် အီလက်ထရွန် အစုအဝေးကလေးများသာဖြစ်၍ အမြဲမပြတ် လှုပ်ရှားပြောင်းလဲနေပေသည်။ ဤကဲ့သို့ ၎င်း၏ ကိုယ်တွင်း၌ အနုမြူများ ပြောင်းလဲနေပုံကို ၎င်းကိုယ်တိုင်တွေ့ထိသိရှိခံစားရလျှင် ကိုယ်ခန္ဓာကြီးသည် ၎င်းထင်မြင်ယူဆသကဲ့သို့ ခိုင်မာသောဝတ္ထုပစ္စည်းမဟုတ်ဘဲ ကိုယ်ခန္ဓာဟုခေါ်ဆိုရမည်ဖြစ်သည့်ဘောင်အတွင်း၌ တည်ရှိဖြစ်ပေါ်နေသည့် အနုမြူအင်အားစုသာလျှင် ဖြစ်ကြောင်းသဘောပေါက်နိုင်ပေမည်။

ဒေါက်တာ၊အက်စီမေ့ဗ်သည် ၎င်းရေးသားစီရင်သော အနုမြူကလေးများအကြောင်းကို ဤကဲ့သို့ ၎င်းတို့၏ သဘာဝ သဘော တရားများ အတိုင်း ပြည့်စုံစွာသိရှိတွေ့ထိခံစားနိုင်ပါက ယခုထက်ပင် ဉာဏ်ပညာ ကြီးကျယ်သော ပုဂ္ဂိုလ်ကြီးတဦးဖြစ်ပေမည်။

ဤကား စကားအလျဉ်းသင့်၍ ဖော်ပြ ရေးသားလိုက်ခြင်း ဖြစ်သည်။ ဒေါက်တာရိုက်၊ သင့်အတွက်မှာမူ အနိစ္စဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမော၊ သုခေါဟု လာရှိသည်နှင့် အညီ အမှန်စင်စစ်အားဖြင့် စုပေါင်းဖွဲ့စည်းထားအပ်သော သင်္ခါရအားလုံးတို့သည် မမြဲကြပေ။ ၎င်းတို့၏ သဘာဝသဘောတရားသည် ဖြစ်လာပြီးနောက် ချုပ်ငြိမ်းသွားခြင်း သဘောသာရှိသဖြင့်၊ ရုတ်တရက် ဖြစ်ပေါ်ပြီးနောက် ရုတ်တရက် ချုပ်ငြိမ်းလျက်သာ ရှိနေကြပေသည်။ ဤကဲ့သို့ ဖြစ်ပျက်ချုပ်ငြိမ်းခြင်း အစဉ်ကြီး၏ ရပ်ဆိုင်းသွားခြင်းသည်သာလျှင် ငြိမ်းချမ်းရေးတရားအမှန် ဖြစ်ပေသည်ဟူသော တရားကိုယ်သာ အစဉ်အမြဲ လက်ကိုင်ထားပါလေ။''

ဤကဲ့သို့ မြင့်မားနက်ကျယ်လှသည့် တရားများကို လက်ခံနားယူလျက်ရှိသော ဒေါက်တာရိုက်သည် ဗုဒ္ဓတရားလုပ်ငန်းစဉ်တွင် မည်မျှမြင့်မားနေသည်ကို ခန့်မှန်းနိုင်ပေသည်။ ဤသို့ တရားအရာတွင် ရင့်ကျက်လျက်ရှိသော ဒေါက်တာရိုက်ကလည်း အမေရိကန်နိုင်ငံတွင် ၎င်းရယူသွားသော တရားမျိုးစေ့များကို ပြုစုပျိုးထောင် ဖြန့်ချီလျက်ရှိပေသည်။ ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ဝါရှင်တန်မြို့မှ ရေးသားလိုက်သော စာတစောင်တွင် ၎င်း၏ ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း အစီရင်ခံလိုက်သေသည်။

ဂုရုကြီး ခင်ဗျား။

ဆရာကြီးကြားသိပြီး သို့မဟုတ် သိနှင့်ပြီးဖြစ်သည့်အတိုင်း အမေရိကန်ပြည်ထောင်စုသို့ ပြန်လည် ရောက်ရှိသည့် အချိန်မှ စ၍ အားလပ်သည် ဟူ၍ မရှိပါ။ အထူးအရေးပါအရာရောက်သော ရဟူဒီဘုရားရှိခိုးကျောင်းများကိုင်၎င်း သီအောဆော်ဖီ အသင်းတိုက်များသို့၎င်း၊ ပရင့်တန်တက္ကသိုလ်၊ ဘော်ကနဲယ် တက္ကသိုလ်၊ ဟိုဝါဒ်တက္ကသိုလ်၊ အမေရိကန်တက္ကသိုလ် ကျောင်းများသို့၎င်း၊ ခရစ်ယန်ဘုရားရှိခိုးကျောင်းများသို့၎င်း၊အပြည်ပြည်ဆိုင်ရာ မျက်နှာစုံညီ ဘာသာရေးဆွေးနွေးပွဲများသို့၎င်း၊ ဘိတ်ကြားချက်များအရ ကိုယ်တွေ့လုပ်ငန်းဖြင့် တွေ့ရှိခဲ့ရသော ဗုဒ္ဓဘာသာ၏ အနှစ်သာရများကို အဆက်မပြတ် ဟောပြော

နေရပါသည်။ ထိုသို့တင်ပြရာ၌ လာကြသည့် ပရိသာတ်တို့က ကျွန်တော်၏ ဟောပြောချက်များကို တညီတညွတ်တည်း နှစ်သိမ့်အားရစွာ နာယူလက်ခံကြသည်မှာ အံ့ဩလောက်ဘွယ်ရာပင်ဖြစ်ပါသည်။ ဟောကြားတိုင်း ဟောကြားတိုင်းလည်း ဤကဲ့သို့ ကိုယ်တွေ့လုပ်ငန်းမှ သိရှိပြီးနောက် ရှင်းလင်းတင်ပြခြင်းသည် ဗုဒ္ဓဘာသာ၏ အကြောင်းအရာများနှင့် ပတ်သက်၍ ဟောကြားချက်များတွင် အကောင်းဆုံးသောတင်ပြဟောကြားချက်များဖြစ်သည်ဟု ချီးမွမ်းကြပါသည်။ ဗုဒ္ဓ၏ ဟောကြားဆုံးမသောတရားတော်ကို လက်တွေ့သင်ပြပို့ချနိုင်သော ဆရာကြီးအားလည်း ချီးကျူးထောပနာခြင်းကို ပြုကြ၍ အမေရိကန်ပြည်သို့လာရောက်၍ ဟောကြားပြသရန် စိတ်အားထက်သန်စွာနှင့် လေးစားစွာ တောင်းတလျက်ရှိကြပါသည်။ ကျွန်တော်၏ ပရိသာတ်တွင် ခရစ်ယန်ဘာသာဝင် တရားဟောဆရာများက ပိုမိုများပြားပါသည်။ ထိုခရစ်ယန်ဘာသာ ဂိုဏ်းဆရာများစွာတို့ပင်လျှင် ၎င်းတို့နှင့်တကွ တက္ကသိုလ်ကျောင်းသူ ကျောင်းသား မြောက်မြားစွာတို့သည်ယခုမှပင်လျှင် ဗုဒ္ဓဝါဒီကို ကောင်းစွာနားလည် ကြရပေတော့သည်ဟု ထုတ်ဖော်ဝန်ခံကြပါသည်။

ဆရာကြီး ခင်ဗျား။ ဆရာကြီး၏ ကျေးဇူးကြောင့် ကျွန်တော်သည် ၎င်းတို့အား ဗုဒ္ဓဝါဒကို တင်ပြနိုင်ခဲ့ရာ၊ ဗုဒ္ဓဝါဒ၏ လိုရင်းဖြစ်သည့် ကိုယ်တွေ့လုပ်ငန်း ကမ္မဋ္ဌာန်းတရားကို မည်မျှလေးနက်စွာလက်ခံ၍ စိတ်အားထက်သန်စွာဖြင့် အဘယ်ကဲ့သို့သော ကျေနပ်နှစ်သိမ့်မှုမျိုး ရရှိသွားကြပုံကို ဖော်ပြနိုင်ရန် ကျွန်တော့်မှာ စကားလုံးများကိုပင် ရှာ၍မရနိုင်တော့ပါ၊ ဆရာကြီး ယုံကြည်စေလိုသည်မှာ ယခု ကုန်ဆုံးခဲ့ပြီးသည့် သုံးနှစ်ကာလအတွင်း ကျွန်တော် ဟောကြား ပြသပြီးခဲ့သည့် ပရိသတ်ဦးရေမှာ ၁ သောင်းခန့် ရှိသွားပါပြီ၊ နောက်အဘို့ ထောင်ပေါင်းများစွာတို့ကို ဆက်လက်တွေ့ဆုံ သင်ကြားပြသရန် အစီအစဉ် ရှိနေပါသည်။ အမှန်စင်စစ်အားဖြင့် ကျွန်တော်၏ဘဝခရီး၌ ဘုရားမဘိ သကဲ့သို့ ရှိအပ်သောတိုးတက်မှုတို့သည်၎င်း၊ ကျွန်တော့်အားအကြောင်းပြု၍ မြောက်မြားစွာသော ပုဂ္ဂိုလ်အပေါင်းတို့၏ တိုးတက်မှုတို့သည်၎င်း၊ ဆရာကြီး၏ ကုသိုလ်ကောင်းမှုများပင် ဖြစ်ပေသည်။ ကျွန်တော်၏ ဘာသာပေါင်းစုံဆွေးနွေးပွဲများမှ တခုသောဆွေးနွေးပွဲ၏ လုပ်ငန်းအစီအစဉ်ကို ဦးစောထွန်းလင်း ထံမှ ရရှိပါလိမ့်မည်။ ထိုလုပ်ငန်းအစီအစဉ်အရ ကျွန်တော်၏ ဟောပြောပြသခြင်းတို့နှင့်ပတ်သက်၍ တရားနာပရိသတ်အပေါင်းတို့၏ တသံတည်း ထုတ်ဖော်ပြောဆိုချက်မှာကား "ဗုဒ္ဓဘာသာသည် အားလုံးတို့တွင် အကောင်းဆုံးသော ဘာ

သာရပ်ပင်ဖြစ်ကြောင်း အယ့်လူတကူ သိရှိနိုင်ပေသည်” ဟူ၍ပင် ဖြစ်ပါသည်။ ထိုဆွေးနွေးပွဲ ပြုလုပ်သည့် ခရစ်ယန်ဘုရားရှိခိုးကျောင်း၏ အကြီးအမှူးဖြစ်သည့် ဂိုဏ်းချုပ်ဘုန်းကြီး၏စာတွင်လည်း ဤအတိုင်းပင် ထုတ်ဖော်ရေးသားထားရှိပေသည်။”

ဤကဲ့သို့ စွမ်းစွမ်းတမန် သာသနာပြုလုပ်ငန်းများ အမေရိကန်ပြည်တွင် ဆောင်ရွက်လျက်ရှိသော ဒေါက်တာ ရိုက် ၏ အကြောင်းများကို ယခုတိုင် ဤပဋိပတ္တိလုပ်ငန်းဌာနၶ ပြောကြားလျက်ရှိကြသေးသည်။ အမှတ်တရ ရှိကြသေးသည်။ ၎င်း တရားအားထုတ်ရန် ရောက်လာပုံနှင့် တရားအားထုတ်စဉ် တွေ့ကြုံရသော အဖြစ်အပျက်များသည် စိတ် ဝင် စား ဘွယ် ဖြစ်သည့်အလျောက်၊ ဤတွင် မှတ်တမ်းတင်၍ ထားလိုပေသည်။

ထိုနှစ် နိုဝင်ဘာလလောက်ကဖြစ်သည်၊ မည်သူခေါ်လာ၍ရောက်လာသည် မသိ၊ အမေရိကန်သံရုံးမှ ယဉ်ကျေးမှုအရာရှိအနေဖြင့် ဤ ပဋိပတ္တိဌာနသို့ ပဌမအကြိမ် အလည်ရောက်လာသည်။ စေတီယင်ပြင်နှင့်တကွ တရားဌာနကို မြင်လျှင်မြင်ခြင်း သဘောကျနှစ်သက်သည်ဟု ပြောလေ၏။ ဤဌာနၶ တွေ့ရှိရသော အရှိန်အဝါကိုလည်း သဘောကျသည်။ ကြိုးစား၍ တရား လာထိုင်ပါဦးမည်ဟု ပြောသွားသည်။ ထို့နောက် ဧပြီလ ရုံးပိတ်ရက်တွင် တရားလာ၍ ဝင်ပါသည်။ တရားဝင်ကြသူများ ၄၀–ကျော်လောက်ရှိ၍ ယခုကဲ့သို့ ဌာနတွင် အဆောက်အဦ များများစားစားမရှိသေးသောကြောင့် ကျဉ်းကျဉ်းကြပ်ကြပ် နေထိုင်သွားရသည်။ တရားသူကြီး ဦးကျော် နှင့် မစ္စတာ ရိုက် တို့သည် တခန်းတည်းတွင် နေထိုင်ကြ၍ ကြမ်းပေါ်တွင်ထိုင်၊ ကြမ်းပေါ်တွင်အိပ်၊ မြန်မာများနှင့် ရောနှောစွာ ဖြစ်သလိုနေထိုင်သွားသည်။ နိုင်ငံခြားသားများအတွက် သီးခြားအဆောက်အဦများ၊ ရေချိုးခန်းနှင့် ရေဆွဲအိမ်သာများ၊ ယခုကဲ့သို့ သပ်သပ်ယပ်ယပ် ဆောက်လုပ်ခြင်းမရှိသေးသဖြင့် အနေအထိုင် ခက်ခဲစွာနှင့်ပင် တရားကို ရှာဖွေယူသွားသည်၊ ရယ်ဘွယ့်အကောင်းဆုံးနှင့် သနားစရာအကောင်းဆုံးမှာ ထမင်းစားသောအခါတိုင်းဖြစ်သည်။ ၆–ပေကျော်မြင့်သောအရပ်ကြီးနှင့် မလွတ်တလွတ် ထမ်းစားတဲကလေးထဲသို့ ကုန်း၍ဝင်လာရပြီးနောက်၊ဗမာ ထမင်းစားပွဲဝိုင်းကလေးတွင်ထိုင်၍ စားသောက်ရသည်မှာ ၎င်းအတွက် သက်သာလှသော အလုပ်မဟုတ်ပေ။ တင်ပြင်ခွေမထိုင်နိုင်၍ ထိုးထိုးထောင်ထောင် ဖြင့် ကြည့်မကောင်း ရှုမကောင်းနှင့်ပင် ဖြစ်သလို စားသောက်သွားရသည်။ တရားထိုင်ရာတွင် တင်ပြင်ခွေမထိုင်နိုင်သဖြင့် ဂူဒေါင်တွင် အိပ်ရာလိပ်ကို ခံပေး၍ ခြေထောက် တွဲလောင်းချပြီး ထိုင်စေရသည်။

ပြေလတရားပါတ်တွင်(၁၀)ရက်သာလျှင် တရားထိုင်သွားသည်၊ ၎င်း (၁၀) ရက်အတွင်းမှာပင် တရား လွန်စွာရင့်ကျက်သွားသည်။ နောက်သိတင်းပါတ်စဉ်တိုင်း စနေ၊ တနင်္ဂနွေ နေ့များတွင် တရားလာ၍အားထုတ်သွားသည်။ အာနာပါနလုပ်ငန်း စ၍လုပ်သည်နှင့်တပြိုင်နက် အလင်းရောင် ခဏခဏရသည်။ ထူးခြားသော သုံးမြှောင့်နိမိတ်ပေါ်သည်။ ဤတရားဌာနတွင် ၎င်းတဦးသာ ဤနိမိတ်မျိုး ပေါ်သည်ဟု သိရသည်။ သောကြာနေ့တွင် တရားဝင်၍ သမာဓိ အရှိန် လွန်စွာကောင်းသောကြောင့် တနင်္ဂနွေနေ့တွင် ဝိပဿနာသို့ ကူးပြောင်းတက်လှမ်းနိုင်ခဲ့သည်။ ဝိပဿနာသို့တက်ပြီးနောက် ထူးခြားသောအတွေ့အကြုံများနှင့်လည်း တွေ့ရှိသွားရသည် ဟု သိရသည်။ ဝိပဿနာကူးပြီးနောက်တနေ့တွင် ၎င်း၏အာရုံ၌ ဘီလူးတကောင် ပေါ်လာသည်ဟု ပြောလေသည်။

အနိစ္စရှုလျှင် ဘီလူးထွက်လာ၍ မျက်နှာနားတွင် မြင်မြင်နေရသည်ဟု ပြောသည်။ ဤတွင် ၎င်းအား ထွက်ပေါ်လာသောဘီလူးကိုလည်း အနိစ္စပင်ရှု၊ ပျောက်သွားလိမ့်မည်ဟု ပြောရသည်။ ပြောသည့်အတိုင်း တရားဆက်၍ ထိုင်သည်။ ထိုင်ရင်း ဘီလူးပေါ်လာ၍ အနားကို တိုးတိုးလာသဖြင့် အကူအညီ အော်၍ တောင်းလေတော့သည် "ပြော သလို ရှုပါသည်၊ ဒါပေမဲ့ ရှုလိုက်တိုင်း ဘီလူးက တိုးတိုးလာသည်။ သူ့ကိုမကြောက်ပါဘူး။ တရားထိုင်တာကို နှောက်ယှက်နေလို့ပါ။ ကောင်းတဲ့အလုပ် လုပ်ရက်နဲ့ ဘာ့ကြောင့် နှောက်ယှက်နေသလဲ ဟု သူကပြောပါသည်" ဒါဖြင့် သူစွဲလန်းတာရှိလိမ့်မယ်၊ ဒါကြောင့် လာနေတာ၊ အဲဒီစွဲလန်းတာကို ဖယ်ပစ်လိုက် ပျောက်သွားလိမ့်မယ် ဟု ညွှန်ကြားလိုက်ရာ ပြောလျှင်ပြောချင်း ၎င်း၏ အင်္ကျီအိတ်ထဲမှ အိတ်ရှုံ့ကလေးတခု ထုတ်ပေးပါသည်။ ၎င်းပစ္စည်းကို တရားဌာနမှ ဖယ်ရှားပစ်ပြီးနောက် သမာဓိကို ပြန်လည်ထူထောင်ပြီးလျှင် တရားဆက်လက်ရှုရန်ပြောလိုက်သည်။ ပြောသည့်အတိုင်းလုပ်ရာ ၎င်း၏အာရုံတွင် ရုတ်တရက် လေမုန်တိုင်းကြီး ပြင်းထန်စွာကျလာ၍ ဘီလူးကြီးမှာလည်း တဖြေးဖြေး ဘီလူးကလေးဖြစ်သွားပြီးလျှင် လေမုန်တိုင်းအတွင်း၌ သနားစရာ မျက်နှာကလေးဖြင့် လွင့်ပါသွားကြောင်း ၎င်းအား သနား၍ "ငါလို ကောင်းတဲ့အလုပ်ကိုလုပ်" ဟူ၍ ပြောလိုက်သေးကြောင်း ဒေါက်တာ ရိုက် က ပြန်ပြောလေသည်။

နောက် အနှောက်အယှက်မရှိ တရား အားထုတ်နိုင်သွားရာ ၂–ရက် ကျော်ကျော်လောက်တွင် တရားထူးရသွားခဲ့သည်။ ပဌမ ၅–မိနစ်၊ ၇–မိနစ် နောက်မပြန်မှီ ၁၀–ရက်အတွင်း တနာရီခွဲကျော်ကျော် တရားထူးမြင့်နိုင်သွား

သည်။ နောက်တနေ့တွင် တရားရှုနေစဉ် ဗုဒ္ဓကိုမြင်သည်။ ဗုဒ္ဓဘုရားနောက်က အရောင်တွေကိုမြင်သည်။ ရောင်ခြည်တော်များအောက်တွင် ပလ္လင်ပေါ်၌ထိုင်နေသည်။ အောက်က တတောင်လောက်ရှိသော ကပ္ပလီကလေးက ခုံဆုခုံဆုလုပ်နေသည်။ ကပ္ပလီကလေးကို သူလို့ဘဲထင်သည်ဟု သူမြင်သောအာရုံပြောပြဘူးလေသည်။ ထိုတရားပါတ်ပြီး နောက် နှစ်ခါ သုံးခါလာ၍ အားထုတ်သည်။ သောကြာနေ့ ညနေလာပြီးလျှင် တနင်္ဂနွေနေ့ ညနေပြန်လေ့ရှိသည်။ လာတိုင်း တနာရီခွဲမျှ တရားအာရုံစိုက်နိုင်သည်။ မေလတွင် ၎င်းတရားအားထုတ်သော အခန်းအပြင်ဘက်၌ ပန်းရံအလုပ်သမားများ အလုပ်လုပ်နေကြသည်။ ဘိလပ်မြေစက်ကြီးလည်၍ အသံများဆူနေရာ ၎င်းလုံးဝ မကြားရကြောင်း တွေ့ရသည်။

ဒေါက်တာရိုက် တရားအားထုတ်နေသော ကာလအတွင်း နံနက်(၄) နာရီခွဲ တရားဝင်ရန် ထသောအခါ၌ ငှက်ကလေးတကောင် နံနက်တိုင်း ပျံသန်းလာ၍ ဟေး....ဒေါက်တာရိုက်၊ ဟေး....ဒေါက်တာရိုက်ဟု ထူးခြားစွာ မြည်ကျူးလျက်ရှိကြောင်း တရားဌာနတွင် အမှတ်တရ ပြောကြားလျက် ရှိကြသေးသည်။

ဤကဲ့သို့ ထူးခြားလှသော ပါရမီဖြင့် တရားအဆင့်အတန်း မြင့်မားသွားသော ဒေါက်တာရိုက်သည် ဝါရှင်တန်မြို့ကို အခြေပြု၍ သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ဤတရားဌာနက ၎င်း၏လုပ်ငန်းရပ်များကို အားပေးအသိအမှတ်ပြုသည့် အနေဖြင့် ဂုဏ်ထူးလက်မှတ် တစောင် ဒေါက်တာရိုက်အား ထုတ်ပေးလိုက်ပါသည်။ ဤကဲ့သို့ ဒေါက်တာရိုက်အား ကမ္မဋ္ဌာနဆရာကြီး၏ လက်မှတ်အပ်နှင်းပွဲကို ၁၉၆၃ ခု၊ ဇန်နဝါရီလ (၂၄) ရက်နေ့က ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးတွင် အခမ်းအနားပြုလုပ်၍ အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့ပေသည်။ ဆရာကြီး၏ တပည့်တဦးဖြစ်ခဲ့သူ ဝါရှင်တန်မြို့ မြန်မာသံရုံးတွင် စာရင်းကိုင်ချုပ် ရာထူးဖြင့် ဆောင်ရွက်လျက်ရှိသော ဦးစိန်လင်းက အောက်ပါစာကို ဆရာကြီးထံ ပေးပို့လိုက်ပါသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ (၁) ရက်နေ့

ဆရာကြီးထံ ရိုသေလေးမြတ်စွာ အစီရင်ခံအပ်ပါသည်။

၂၃–၁–၆၃ နေ့စွဲပါ ဆရာကြီး၏စာကို လက်ခံရရှိပါသည်။ ဒေါက်တာ ရိုက်အား ဆရာကြီး၏လက်မှတ်အပ်နှင်းပွဲမှာ ၂၄–၁–၆၃ နေ့ကတခမ်း

တနား အောင်မြင်စွာ အထမြောက်သွားသဖြင့် များစွာဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစရာတရပ်ပင် ဖြစ်ပါသည်။ ဧည့်သည်တော်များအား သံအမတ်ကြီးမှ အစ ကျွန်တော်တို့အားလုံးပါဝင်ပြီး အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြပါသည်။ ရိပ်သာ၏ အကျိုးအကြောင်းနှင့် လုပ်ငန်းစဉ်ကို သိလိုသည့် ဧည့်သည်တော်များအား ဆရာကြီးပြုစုသည့် "What Buddhism Is" စာအုပ်ကလေး များပေးကမ်းခဲ့ပါသည်။ လိုအပ်သလို ထပ်မံဖြေရှင်းပြပါသည်။ ဒေါက်တာ ရိုက် ယခုကဲ့သို့ ဂုဏ်ထူးဆောင် လက်မှတ်ရသည့်အတွက် အမေရိကန်အချို့မှာ များစွာစိတ်ဝင်စားဟန် တူပါသည်။ ဒေါက်တာရိုက်နှင့် တက္ကသိုလ်တခုတည်း မှ ပါမောက္ခဖြစ်သည့် ဒေါက်တာဂျေဒီ–ရောဘတ်ဆိုသူက သူလည်း မကြာမီ အခွင့်သင့်ပါက ရိပ်သာသို့လာရောက်ရန် ဆန္ဒရှိကြောင်း ပြောပြပါသည်။

ဓာတ်ပုံနှင့် ရုပ်ရှင်ရိုက်ခြင်း၊ အသံသွင်းခြင်းအစီအစဉ်များကို ယူအက်စ် အိုင်အေနှင့် အမေရိကန်အသံ (ဗွီ–အို–အေ)တို့က တာဝန်ခံ ပြုလုပ်သွားပါ သည်။ ဗွီအိုအေမှလည်း အသံလွှင့်ပြီးဖြစ်ပါသည်။ ရုပ်ရှင်နှင့်သတင်း ထုတ်ဝေ ခြင်းကို ယူအက်စ် အိုင် အေမှ ရန်ကုန်ရှိ ယူ အက်စ် အိုင် အက်စ်သို့ ပေးပို့မည် ဟုသိရှိရပါသည်။"

ဤလက်မှတ် အပ်နှင်းပွဲ အခမ်းအနားတွင် မြန်မာပညာရေး သံမှူးက မိတ်ဆက်မိန့်ခွန်းစကားပြော၍ ဆရာကြီး၏တပည့်ဖြစ်သော စာရင်းကိုင်ချုပ် ဦးစိန်လင်းက အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၏ ကိုယ်စားလှယ်တော် အဖြစ်ဖြင့် ဒေါက်တာရိုက်၏ အတ္ထုပ္ပတ္တိနှင့် ဤပဋိပတ္တိဌာနတွင် တရားအား ထုတ် သင်ကြားခံယူခဲ့ပုံတို့ကို ပြောကြားပါသည်။ မြန်မာသံအမတ်ကြီး ဦးအုံး စိန်ကလည်း လက်မှတ်အပ်နှင်းရင်း မိန့်ခွန်းမြွက်ကြား ခဲ့လေသည်။ ဤအခမ်း အနားအကြောင်းနှင့်ပတ်သက်၍ ဝါရှင်တန် အီးဗနင်းစတား သတင်းစာတွင် ၁၉၆၃ ခု၊ ဇန်နဝါရီလ (၂၅)ရက်နေ့၌ ဓာတ်ပုံနှင့်တကွ သတင်းအစုံဖော်ပြ ပါရှိ၍ အာရှသံရုံးများမှ အရာရှိများ၊ အမေရိကန် နိုင်ငံခြားရေးဌာနမှ အရာ ရှိများ၊ ပြန်ကြားရေးဌာနမှ အရာရှိများနှင့် ဝါရှင်တန်မြို့ရှိ ဗုဒ္ဓဓမ္မမိတ်ဆွေ များအသင်း (Friends of Buddhism)မှ အသင်းသား၊ အသင်းသူ ၁၀၀ ကျော်လောက် တက်ရောက်ကြသည်ဟု ဖော်ပြပါရှိလေသည်။ ၁၉၆၃ ခု၊ ဇန် နဝါရီလ (၁၀)ရက်နေ့ ရန်ကုန်မြို့တွင်ထုတ်သောနေးရှင်းသတင်းစာတွင်လည်း အောက်ပါသတင်းတရပ်ကို ဘတ်ရှုရပြန်သည်။

## "ယခင်သံရုံးအရာရှိအား ဗိုဒ္ဓဘာသာဝင်များက ဂုဏ်ပြုခြင်း"

ဝါရှင်တန်၊ ဇန်နဝါရီလ (၂၄)ရက်။

မြန်မာသံရုံးတွင် ယခင်က မကျင်းပခဲ့ဘူးသော ညှော်ခံပွဲမျိုးတခုဖြင့် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနက အမေရိကန်ပညာရေး ဆိုင်ရာ ပုဂ္ဂိုလ်တဦးအား ဗုဒ္ဓဘာသာဝင် ပဋိပတ္တိလုပ်ငန်း သိရှိကျွမ်းကျင်၍ တဆင့်သင်ကြားနိုင်ကြောင်း အသိအမှတ်ပြုသော လက်မှတ်တစောင်ကို ပေးအပ် ချီးမြှင့်လေသည်။

ဤချီးမြှင့်ခြင်းခံရသောသူမှာ ၁၉၅၅ ခုမှ ၁၉၅၇ ခုနှစ်တိုင်အောင် ရန်ကုန်မြို့ အမေရိကန်သံရုံးတွင် သံမှူးအဖြစ်ဖြင့် အမှုထမ်းဆောင်ခဲ့ဘူးသော ဟိုးဝါဒ်တက္ကသိုလ်မှ ပါမောက္ခ၊ လီယွန်၊ အက်ဒ်ဝဒ်၊ ရိုက်ဖြစ်ပေသည်။ မြန်မာနှင့် အမေရိကန် အရာရှိများ ဝါရှင်တန်ရှိ ဗုဒ္ဓဓမ္မမိတ်ဆွေများ အသင်း သူအသင်းသားများနှင့် ဟိုးဝါဒ် တက္ကသိုလ် ပါမောက္ခအဖွဲ့ဝင်များရှေ့မှောက် တွင် မြန်မာ့သံအမတ်ကြီး ဦးအုံးစိန်က လက်မှတ်ကို ချီးမြှင့်ပေးအပ်လိုက်ခြင်း ဖြစ်လေသည်။ ဤကဲ့သို့ ပေးအပ်လိုက်သော လက်မှတ်တွင် အမေရိကန်သားတ ဦးအနေနှင့် ပထမဆုံး ဤကဲ့သို့ ဂုဏ်ထူးပြုခြင်းခံရသော ဒေါက်တာရိုက်သည် ဗုဒ္ဓဘာသာ ပဋိပတ္တိလုပ်ငန်းကို ကိုယ်တွေ့လုပ်ဆောင်ခြင်းဖြင့် ဗုဒ္ဓဝါဒ၏ အဆီ အနှစ်များကို သိရှိသဘောပေါက် နားလည်ပြီးနောက် ဗုဒ္ဓကျင့်စဉ်တွင်လည်း အထူးယုံကြည်သဘောပေါက်စွာ ဆောင်ရွက်ခဲ့ပြီးသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြထားလေသည်။

မြန်မာသံအမတ်ကြီး ဦးအုံးစိန်ကလည်း ဒေါက်တာရိုက်သည် ကျွန်ုပ် တို့တိုင်းနိုင်ငံသို့ လာရောက်ကြသော ဧည့်သည်တော်များအား ကျွန်ုပ်တို့က ဝမ်းမြောက် ဝမ်းသာ စွာ ဝေမျှဖြန့်ဖြူးလိုလှသည့် မြန်မာ့ ယဉ်ကျေးမှုကို ကောင်းစွာခံယူရရှိသောအရောင်အဝါများဖြာဟပ်လျက်ရှိကြောင်းကို မိန့်ကြား သွားလေသည်။ ဂုဏ်ထူးချီးမြှင့်ခြင်းခံရသော ဒေါက်တာရိုက်က ဤကဲ့သို့ဂုဏ် ထူးပြုခြင်းခံယူရာတွင် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာ ပြည်သူ ပြည်သား များ အား ၎င်းနှင့်၎င်း၏ မိသားစုတို့အား ကြည်ဖြူ ရှင်လန်းစွာနှင့် ကူညီစောင့် ရှောက်ခြင်းပြုလိုက်သည်ကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာပြည်သို့သွားနိုင်ရန် အခွင့်အရေး ဖန်တီးပေးသော ၎င်း၏အစိုးရအားလည်း ထိုနည်းတူစွာ ကျေးဇူး တင်ရှိကြောင်း၊ အမျိုးသားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကိစ္စများ

တွင် ပါဝင်ဆောင်ရွက်ရန် ၎င်း၏ဆရာများအား အားပေးအားမြှောက်ပြုသော ဟိုးဝါဒ်တက္ကသိုလ်သို့ရင်း ယခုကဲ့သို့ ပိုမိုကောင်းမွန်သော အမေရိကန် တဦး အနေနှင့် တရားဟောဆရာ တဦးဖြစ်ရှိလာရန် စိတ်အားထက်သန်စွာနှင့် စိတ်အားထက်သန်စေသော သင်ကြားပြသမှုများကို ပြုလုပ်ပေးအပ်လိုက်သော အပြည်ပြည်ဆိုင်ရာ လုပ်ငန်းဌာန၏ စတင်တည်ထောင်သူနှင့် ကမ္ဘာ့ဌာနစရိယဖြစ်သူ ၎င်း၏ဆရာ၊ ဆရာကြီးဦးဘခင်တို့အား၎င်း၊ အထူး ကျေးဇူး ဥပကာရ တင်ရှိကြောင်းစသဖြင့် မိန့်ကြားမြွက်ဆိုသွားလေသည်။

# အခန်း-၂

# စာရင်းစစ်မင်းကြီးအဖြစ်မှ ဆရာကြီး (ဂုရုကြီး)ဘဝသို့

ဤမျှရေးပြီးသမျှကို ဆရာကြီးအား ကျွန်တော် ပြသကြည့်မိပါသည်။ ၁၉၆၃ ခု၊ မတ်လအတွင်းက ဖြစ်ပါသည်။ ကျွန်တော်ရေးသားသည်များကို ဆရာကြီးဖတ်ရှုပြီးနောက် "ငါအသက်ရှင်နေသေးသမျှ ဒီအကြောင်းအရာတွေကို ပုံနှိပ်ထုတ်ဝေခြင်းမပြုပါနှင့်" ဟု တားမြစ်ပါသည်။ ဆရာကြီးကမည်သို့မျှရှင်းလင်းမပြောပြပါ။ ဆရာကြီး၏ သာသနာပြုလုပ်ငန်းအကြောင်းအရာ အမှန်များကိုသာ ဖော်ပြထားခြင်းဖြစ်သည်။ သို့သော် ပုဂ္ဂိုလ်အတွက်ငှင်း၊ လုပ်ငန်းအတွက်ငှင်း၊ ဝါဒဖြန့်ကြော်ငြာကမ်းခြင်းသဘောအဓိပ္ပာယ်လွဲမှားကောက်ယူနိုင်မည်။ သံသယဝင်နိုင်ပေမည်။ ဤသို့ ဆရာကြီးက ယူဆသောကြောင့် တားမြစ်ဟန်တူပါသည်။

ဆရာကြီးဟန့်တား၍ ထိုအချိန်က စာအရေးအသား ရပ်ဆိုင်းထားခဲ့ရ၏။ သို့သော် တနေ့နေ့တွင် ဤအံ့သြဘွယ်ရာ ဆရာကြီး၏ဆောင်ရွက်မှုများ၊ အောင်မြင်မှုများကို စာအုပ်ရေးသား၍ မှတ်တမ်းတင်ထားရှိမည်ဟု သန္နိဋ္ဌာန်ချခဲ့ပါသည်။ စာအုပ်ရေးသည် မရေးသည်အပထား၍ ကျွန်တော်အားတရားပြပေးသော ဓမ္မဆရာကြီး အတ္ထုပ္ပတ္တိကို ကျွန်တော် ကိုယ်တိုင် သိလိုပါသည်။ ကျွန်တော်တရားစထိုင်စဉ်က ဆရာကြီးသည် ငွေစာရင်းပင်းကြီးရာထူးမှ ပင်စင်ယူပြီးဖြစ်သည်ဟု သိရသည်။ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ထိုအချိန်က ဆရာကြီးသည် ကုန်သွယ်ရောင်းဝယ်ရေးစာရင်းစစ် ညွှန်ကြားရေးဝန်အဖြစ်ဖြင့်ငှင်း၊ နိုင်ငံတော်အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ကျောင်းကြီး၏ ကျောင်းအုပ်ကြီး အဖြစ်ဖြင့်ငှင်း၊ တွဲဘက်၍ ဆက်လက် အမှုထမ်းဆောင် နေဆဲ ဖြစ်သည်။ ဤလခ

၁၆၀၀ိ/–စား ထိပ်တန်းရာထူးကြီးများတွင် မည်သည့်ပညာ အရည်အချင်း၊ မည်သည့်လုပ်သက်တို့ဖြင့် ခန့်ထားခဲ့ရသနည်း။ ကြီးမားသော နိုင်ငံဝန်ထမ်း အလုပ်ကြီးများကို ထမ်းဆောင်ရင်းနှင့်ပင် နေ့စဉ်တရားအားထုတ်မပျက် အပတ်စဉ်တရားပြမပျက်၊ တရားဟောမပျက် ဆောင်ရွက်နေသော သာသနာရေးလုပ်ငန်းများကို မည်သို့စတင်ခဲ့သနည်း။ မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်နေသနည်း။ လောကုတ္တရာပညာ အခြေခံမည်မျှရှိ၍ မည်သို့ဆည်းပူးခဲ့သနည်း။ ဤပုစ္ဆာများ၏ အဖြေကို ကျွန်တော်သိလိုလှသည်။ သို့ဖြင့် ၁၉၆၃ ခုမှ ၁၉၇၀ ခုအထိ စေတီသို့ရောက်တိုင်း တရားပါတ် မဝင်ဖြစ်သည့် အခါများတွင် ဆရာကြီး၏ အတ္ထုပ္ပတ္တိကို ရှာဖွေစုဆောင်းခဲ့ပါသည်။ ဤသို့စုဆောင်းခဲ့ရာမှ အောက်ပါအကြောင်းအရာများကို တင်ပြနိုင်ခြင်းဖြစ်ပါသည်။

**ရန်ကုန်သား**

ဆရာကြီးသည် ရန်ကုန်မွေး၊ ရန်ကုန်ကြီး၍ ရန်ကုန်သား စစ်စစ်ဖြစ်ပါသည်။ ရန်ကုန်မြို့ အထက်ပုဇွန်တောင်၊ ပြုံးချိုရပ်ကွက်နေ ပွဲစား ဦးပေါနှင့် ဇနီး ဒေါ်စောမေတို့မှ ၁၂၆၀ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့တွင် ဖွားမြင်ခဲ့ပါသည်။ ငယ်စဉ်က ရပ်ရွာရှိ ဘုန်းကြီးကျောင်းတွင် ရှစ်နှစ်သားအရွယ်ထိ စာသင်ကြားခဲ့သည်။ ထို့နောက် မက်သဒစ်ကျောင်းသို့ ရောက်ခဲ့သည်။ ငယ်စဉ်ကတည်းကပင် ဉာဏ်ပညာ ထူးချွန် ထက်မြက်၍ အတန်းတိုင်း ပထမရခဲ့သည်။ အစိုးရစစ် ခုနစ်တန်းစာမေးပွဲတွင် အစိုးရ၏ စကောလားရှစ် ဆုကိုရခဲ့သည်။ ရှစ်တန်း။ ကိုးတန်း၊ ဆယ်တန်းတို့တွင် ထိုအချိန်က နာမည်ကြီးလှသော စိန့်ပေါကျောင်းကြီးသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ စိန့်ပေါကျောင်းတွင်လည်း အတန်းတိုင်းတွင် အမြဲတန်းပထမရရှိသည်ဟုသိရသည်။ ထိုကျောင်းတွင် ဆရာကြီးကျောင်းနေဖက် အတန်းသားတဦးမှာ ပညာမင်းကြီးဟောင်း ဦးဘိုးသုန်ဖြစ်သည်ဟု ပြောပြသည်။ ၁၉၁၇ ခု၊ မတ်လတွင် ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းစာမေးပွဲကို စကောလားရှစ်ဆုဖြင့် ထိပ်တန်းမှ အောင်မြင်ခဲ့ပြန်သည်။

## (တ) စာသင်ခန်းမှ လုပ်ငန်းခွင်သို့

ပညာရေးတွင် အလားအလာ လွန်စွာကောင်းမွန်လျက်ရှိသော မောင်ဘခင်ကလေးသည် ဆယ်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်၍ စကောလား

ရှစ်ဆု ချီးမြှင့်ခြင်းခံရသည်။ သို့သော် ထိုအချိန်က ရန်ကုန် ကောလိပ်ဟု ခေါ်သော တက္ကသိုလ်ကျောင်းတော်ကြီးသို့ ဆက်လက်မသွားခဲ့တော့ပါ။ ထိုအချိန်အခါတွင် ဆရာကြီး၏ မိဘ ၂ ပါးကွယ်လွန်သွားပြီးဖြစ်၍ ဆွေမျိုးသားချင်း၏ အကူအညီဖြင့် ပညာဆက်လက်မသင်ယူလိုတော့ပါ။ ထိုငယ်ရွယ်စဉ်အချိန်က ပင် သူတပါးအား မှီခိုအားထားလိုသော စိတ်မထားရှိခဲ့ပါ။ မိမိကိုယ်မိမိအား ကိုး၍ ဘဝခရီးလှမ်းတက်ရန် စိတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ကျောင်းမှထွက်ပြီးနောက် သူရိယသတင်းစာတိုက်တွင် ခေတ္တဝင်ရောက် အလုပ် လုပ် ခဲ့ သည်။ ၁၉၁၇ ခု၊ နိုဝင်ဘာလတွင် ငွေစာရင်းမင်းကြီးရုံးသို့ ပြောင်းရွှေ့၍ အောက်တန်းစာရေးဘဝအဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ငွေစာရင်းမင်းကြီးရုံးတွင် အောက်ဆုံးအဆင့်ဖြစ်သော အောက်တန်းစာရေးအခြေမှ အမြင့်ဆုံးရာထူးဖြစ်သည့် ငွေစာရင်းမင်းကြီးအဆင့်သို့ တလှမ်းပြီးတလှမ်းတက်ရောက်နိုင်ခဲ့ပေသည်။ ထိုအောင်မြင်မှုကပင် ဆရာကြီး၏ ပင်ကိုယ်ထူးခြားသော အရည်အချင်းများကို ပြသလျက်ရှိပေသည်။ ထိုအချိန် အခါက ငွေစာရင်းမင်းကြီးရုံးနှင့်မီးရထားဌာနရုံးတို့မှာ ကုလားလူမျိုးများ ကြီးစိုးရာလုပ်ငန်းခွင်ကြီးများဖြစ်ကြ၏။ကုလားရုံးများဟုခေါ်တွင်ကြ၏။ရုံးစောင့်ဒါရဝမ်၊ တံမြက်လှည်းမှစ၍ အထက်ဆုံးရာထူးကြီးတိုင် ကုလား လူမျိုး သာလျှင် လက်ဝါးကြီးအုပ် မိမိခန့်ခွဲနေသော ရုံးကြီးများဖြစ်၏။ ရာထူးလစ်လပ်သမျှအိန္ဒိယပြည်မှ ၎င်းတို့၏ ဆွေမျိုးသားချင်းများကိုခေါ်၍ ခန့်ထားပေးလေ့ရှိသည်။ မြန်မာလူမျိုးများအား အသိမပေး၊ အဝင်မခံခဲ့ပေ။ မြန်မာ လူမျိုး တဦး တယောက်စွမ်းစွမ်းပေါက်ပေါက်ရောက်ရှိလာလျှင်လည်း နည်းအမျိုးစုံဖြင့် ညှင်းပန်းနှိပ်စက်ခါ၊ ထိုရုံးများမှ ထွက်ပြေးစေခဲ့ကြသည်။ ဤနေရာတွင် အကြောင်းစပ်လျဉ်း၍ ဖော်ပြရသော် စာရေးသူကိုယ်တိုင် ငွေစာရင်းမင်းကြီးရုံးတွင်ခြောက်လခန့်ဝင်ရောက်လုပ်ကိုင်ခဲ့ဘူးသည်။ ၁၉၃၄ ခုနှစ်က ဖြစ်ပါသည်။ ငွေစာရင်းမင်းကြီးရုံးတွင် မြန်မာလူမျိုးများအား ရာထူးခန့်ထားခြင်း မရှိကြောင်းကို ထိုအချိန်အခါက ဥပဒေပြုလွှတ်တော်တွင် မေးမြန်းလာကြ၏။ သတင်းစာများ၌ ရေးသားလာကြ၏။ ထိုကြောင့် ငွေစာရင်းမင်းကြီးသည် ရန်ကုန် တက္ကသိုလ်မှ ဂုဏ်ထူးဖြင့် အောင်မြင်သူ လူငယ်ခြောက်ဦးကိုခေါ်ယူ၍ စာရင်းစစ်အလုပ်သင် စတင်ခန့်ထားပေးရတော့သည်။ ဤခြောက်ဦးတွင် စာရေးသူမှာ တဦးအပါအဝင်ဖြစ်ခဲ့သည်။

တက္ကသိုလ်မှလူငယ်ခြောက်ဦး ငွေစာရင်းမင်းကြီးရုံး ရောက်လာချိန်တွင် မှတ်မှတ်ရရ ၎င်းရုံး၌ မြန်မာလူမျိုးသုံးဦးသာလျှင် တွေ့ခဲ့ရသည်။ တဦးမှာ အိုင်

အေ အေအက်စ်ခေါ် အိန္ဒိယနိုင်ငံ စာရင်းစစ်ဝန်ထမ်းတို့ တိုက်ရိုက်ခန့်ထားခြင်း ခံရသော ဦးစံလွင် ဖြစ်သည်။ ထိုအချိန်က ၎င်းသည် လက်ထောက်ငွေစာရင်း မင်းကြီးအဖြစ်နှင့် အလုပ်သင်ဘဝတွင်သာ ရှိသေး၏။ နောင်တွင် ငွေစာရင်း မင်းကြီးနှင့် မြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ဖြစ်လာပေသည်။ ဒုတိယတဦးမှာ ထိုစဉ်က ဌာနခွဲတခုတွင် ရုံးဝန်ထောက်အဖြစ် ဆောင်ရွက်နေသော ဦးဘခင် ခေါ် သူဖြစ်ပါသည်။ ကျန်တဦးမှာ သာမန်စာရေး ရာထူး၌ ထမ်းဆောင်နေ သော ဦးဘချစ်ဆိုသူဖြစ်ပါသည်။ ကျွန်တော်တို့ခြောက်ဦး ငွေစာရင်းမင်းကြီး ရုံးသို့ အလုပ်ဝင်သည့်နေ့မှစ၍ ကုလားများ ကြီးစိုးသည့် အရှိန်ဒဏ်ကို ပြင်းပြ စွာခံခဲ့ကြရသည်။ တံမြက်လှည်း၊ မင်းစေကအစ ကျွန်တော်တို့အား မနှစ်မြို့ သောအကြည့်မျိုးဖြင့်ကြည့်၍ ရန်သူပမာ ဆက်ဆံပါသည်။ ကျွန်တော်တို့အသီး သီး၏ အထက်လူကြီးအဖြစ် တိုက်ရိုက်ဆက်ဆံရသော ရုံးဝန်ထောက် ကုလား များကလည်း ကျွန်တော်တို့အား မထေမဲ့မြင်ပြုကြပါသည်။ "တက္ကသိုလ်မှ ဂုဏ် ထူးနှင့်အောင်လာပြီး ဒါလောက်မှ နားမလယ်ဘူးလား"ဟု လှောင်ပြောင်လို့ လှောင်ပြောင် "မင်းတို့ဗမာတွေ ဂဏန်းလေးမှ ဖြစ်အောင် မပေါင်းနိုင်ဘူး လား" ဟု လှောင်ပြောင်ကဲ့ရဲ့လိုက်ကဲ့ရဲ့နှင့် နေ့စဉ် စိတ်မချမ်းမြေ့ဘွယ်ရာများ ကိုသာ တွေ့ခဲ့ရသည်။

စာရေးကြီးဦးဘချစ်သည် ကျွန်တော်တို့နှင့် နေ့စဉ် လဘက်ရည်ခန်းတွင် တွေ့၍ ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံပါသည်။ အားပေး စကားလည်းပြော ပါသည်။ စိတ်မပျက်ရန်လည်း တိုက်တွန်းပါသည်။ ကျွန်တော်တို့ရောက်ရှိလာ၍ သူလည်း အများကြီးဝမ်းသာကြောင်း၊ ကုလား (ကိုလိုနီ) ရုံးအဖြစ်မှ မြန်မာ ရုံးဖြစ်ရန် ကျွန်တော်တို့အားလုံး ကြိုးစားကြရမည် ဖြစ်ကြောင်း ပြောပြတတ် ပါသည်။

ကျွန်တော်တို့အား ခေါ်ယူစဉ်က အလုပ်သင် ခြောက်လ လုပ်ကိုင်ပြီး နောက် အိုင် - အေ -အေ - အက်စ် ရာထူးတွင် ဦးစံလွင်ကဲ့သို့ တိုက်ရိုက်ခန့်ထား ပေးမည်ကတိဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ဘည်။ ခြောက်လအချိန်စေ့ရောက်ခါနီးမှ ကျွန်တော်နှင့် ကိုသန်းစိန် (၂) ဦးကိုသာ လခ ၂၀၀ စား တိုင်းစာရင်းစစ် ရာထူး ခန့်ထားပေးမည်။ ကျန်လူများမှာ အလုပ်သင်စာရေးအဖြစ် ဆက်လက် နေကြရမည်ဟု ဆိုလာတော့သည်။ ထိုအချိန်တွင် ကျွန်တော်တို့အားလုံး မခံ မရပ်နိုင်ဖြစ်၍ ချက်ခြင်း အလုပ်ထွက်ကြရန် တိုင်ပင်ခဲ့ကြသည်။ ထိုအကြောင်း ကို ဦးဘချစ် သိရှိသောအခါ၊ လွန်စွာ စိတ်မကောင်းဖြစ်ရှာ၍ ကျွန်တော်တို့

အား ဖြောင့်ဖျပြောဆိုပါသည်။ ဗမာလူမျိုးထည်းမှ ရာထူးအကြီးဆုံးဖြစ်သော ဦးစံလွင်ထံသို့ ခေါ်သွားပြီးလျှင် အကြံဉာဏ်များ တောင်းခံစေပါသည်။ ဦးစံလွင် ရုံးခန်းတွင် ယခု ကျွန်တော့်ကို တရားဓမ္မပြပေးသည့် ဆရာကြီး ဦးဘခင်ကို ငွေစာရင်းမင်းကြီးရုံး၊ ရုံးဝန်ထောက် ဦးဘခင်အဖြစ် ပထမဆုံးအကြိမ် တွေ့မြင်ရခြင်းဖြစ်ပါသည်။ ဦးစံလွင်က ကျွန်တော်တို့ကဲ့သို့ လူငယ်ကလေးများ ရောက်ရှိလာ၍ ၎င်းတို့ အားရှိခဲ့ကြောင်း၊ ကျွန်တော်တို့အကူအညီဖြင့် ကုလားရုံးကို မြန်မာရုံးအဖြစ် တဖြည်းဖြည်း ပြောင်းလဲပစ်ရန် ရည်မှန်းခဲ့ကြောင်း၊ ဘွဲ့–ဒီဂရီ ဂုဏ်ထူးများ ရရှိထားသူများဖြစ်သဖြင့် အထက်တန်းရာထူးသို့ တိုက်ရိုက်ခန့်ထားခြင်း မခံရစေကာမူ၊ ဌာနဆိုင်ရာ စာမေးပွဲများ အလွယ်တကူ ဖြေဆိုနိုင်ကြမည်ဖြစ်၍ နှစ်အနည်းငယ်အတွင်း ရာထူးအဆင့်ဆင့် တိုးလာနိုင်မည် ဖြစ်ကြောင်း ပြောပြပါသည်။ ရုံးဝန်ထောက် ဦးဘခင်ကို နမူနာအဖြစ် ပြခဲ့ပါသည်။

ရုံးဝန်ထောက် ဦးဘခင်မှာ ကောလိပ်ပညာ မရခဲ့၊ ကောလိပ်ကျောင်းသို့ပင် မရောက်ခဲ့ဘူးပါ။ သို့ရာတွင် ကုလားများကြားတွင် သာမန်စာရေးဘဝဖြင့် စတင်ခဲ့၍ အခက်အခဲအမျိုးမျိုး ကျော်လွှားပြီး စာမေးပွဲအဆင့်ဆင့် ဖြေကြားနိုင်ခဲ့ကြောင်း၊ ယခု ရုံးဝန်ထောက် အဆင့်အတန်းသို့ ကိုးနှစ်အတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း ကျွန်တော်တို့မှာ ဤမျှကြာအောင်ပင် စောင့်ဆိုင်းရမည်မဟုတ်ကြောင်း၊ အစိုးရနှင့် ဥပဒေပြုလွှတ်တော်ကလည်း တိုက်တွန်းလာပြီဖြစ်၍ မြန်မာများကို နေရာပေးကြရတော့မည် ဖြစ်ကြောင်း အမျိုးမျိုး ပြောပြ၍ ငွေစာရင်းမင်းကြီးရုံးမှ ထွက်မသွားကြရန် တိုက်တွန်းနားချပါသည်။

သို့ရာတွင် နောင်အခါ ဒုတိယငွေစာရင်းမင်းကြီး ဖြစ်လာသော ဦးသန်းစိန်ကလွဲ၍ ကျွန်တော်အပါအဝင် ကျန် ငါးယောက်စလုံး ၎င်းရုံးကို စွန့်ပစ်၍ ထွက်ခွာခဲ့ကြပါသည်။ ဤသို့ ထွက်ခွာခဲ့ကြရာ၌ ကျွန်တော်တို့ အသီးသီးတွင် အကြောင်းအမျိုးမျိုး ရှိကြပေမည်။ ကျွန်တော်ထွက်ခွာခဲ့ခြင်းအကြောင်းမှာမူ ပညာမာန တခုတည်းသာ မဟုတ်ပါပေ။ ထိုအချိန်က တက္ကသိုလ်မှ ဂုဏ်ထူးဖြင့် ဘွဲ့ရထားသူများတွင် အိုင်စီအက်၊ ဘီစီအက်၊ ပညာတော်သင်ဆု စသည်ဖြင့် မျှော်မှန်းစရာ ပန်းတိုင်များ ရှိကြသည်။ အဖျင်းဆုံး (သပြုသီးမြို့အုပ်) ခေါ် လက်ထောက်မြို့ပိုင် ဖြစ်နိုင်သေးသည်။ ဤအခြေအနေတွင် ကုလားများကြား၌ ညှင်းပမ်းနှိပ်စက်ခံ၍၊ စာရေးဘဝဖြင့် မည်သူ နေထိုင်ချင်လိမ့်မည်နည်း။ ကျွန်တော် တွင် ဤကဲ့သို့စိတ်မျိုး ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် တဖက်မှ အမျိုး

သား စိတ်ဓာတ်ကလည်း လျှပ်ရှားလျက် ရှိပြန်ပါသည်။ ဦးစံလွင်မျှော်မှန်းသည့်အတိုင်း ကုလားများလက်မှ ရာထူးများ လုယူ၍ မြန်မာများလက်ဝယ် ရောက်အောင် ဆောင်ကျင်းလိုပါသည်။ ဗိုတီကလေး တန့်နံ့ဖြင့် ပမာမခန့်လှသော ကုလားအမျိုးမျိုးကို မောင်းထုတ်၍ ဤရုံးကြီးတွင် မြန်မာများအား အစားထိုးလိုပါသည်။ သို့ရာတွင် ခြောက်လမျှ လုပ်ခဲ့ပြီးသော် လုပ်ငန်းသဘောနှင့် ကျက်မှတ်ရမည့် စာရင်းစစ်ဆိုင်ရာ ဥပဒေနည်းလမ်းများ၊ အဆင့်ဆင့်ဖြေဆိုရမည့် စာရင်းစစ် စာမေးပွဲများကို မျှော်မှန်း ကြည့် လိုက်ရာတွင် ကျွန်တော်၏ စိတ်ကြိုက်နှင့် မကိုက်ညီသည်ကို တွေ့လာရသည်။နောက်ဆုံးတွင် လုပ်ငန်း၏သဘာဝကို မနှစ်ခြိုက်သဖြင့် ကျွန်တော့်အား တိုင်း စာရင်းစစ်ရာထူးကို စတင်ခန့်ထားပေးသည့်တိုင်အောင် လက်မခံဘဲ ထွက်ပြေးခဲ့ပေသည်။

ဤသို့နောက်ခံအခြေအနေရှိသော ကုလားရုံးတွင် သာမန်စာရေးကလေးဘဝမှ လွတ်လပ်ရေးမတိုင်မီ ကုလားများ ကြီးစိုးစဉ်အခါနက်ကပင် အရာရှိအဆင့်အတန်းသို့ တက်ရောက်နိုင်ခဲ့သော ဆရာကြီး ဦးဘခင်၏ ဇွဲသတ္တိမှာ လွန်စွာ ချီးမွမ်းဖွယ်ရာပင် ဖြစ်တော့သည်။ ငွေစာရင်းပင်းကြီးရုံးတွင် ရာထူးအဆင့်အတန်းတိုးတက်ရန် စာရင်းစစ် စာမေးပွဲ အဆင့်ဆင့်ကို အောင်မြင်ရပေမည်။ ၎င်းစာမေးပွဲအတွက် သင်ကြားရသော ဘာသာရပ်များသည် များပြားလှသည်။ လွန်စွာ တိကျသည်။ ပြင်ဆင်ချက်အမျိုးမျိုးလည်း ရှိသည်။ လူအများအတွက် လွန်စွာ ငြီးငွေ့ဖွယ်ရာလည်း ကောင်းသည်။ ထိုနည်းဥပဒေ ကျင့်ထုံး စသည်တို့ကို ဦးဘခင်သည် အရေကျိုသောက်နိုင်လောက်အောင် ကျက်မှတ် လေ့လာ ခဲ့ပေသည်။ ထူထဲသော စာရင်းစစ် ဥပဒေစာအုပ်ကြီးများမှ၊ စာပုဒ်များကို ပုဒ်ထီး၊ ပုဒ်မ၊ မကျန် အပြန်ပြန်အလှန်လှန် ရွတ်ဆိုနိုင်လောက်အောင် မှတ်ဉာဏ်ကောင်းလှသည်။ ထို့ကြောင့် ၁၉၂၆ ခု၊ နိုဝင်ဘာလတွင် အိန္ဒိယနိုင်ငံမှ ကျင်းပသော စာရင်းစစ်ဌာနဆိုင်ရာ စာမေးပွဲကို ကောင်းစွာအောင်မြင်နိုင်ခဲ့၍ ရုံးဝန်ထောက်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။ ၁၉၃၄ ခုတွင် ကျွန်တော်တို့ ငွေစာရင်းမင်းကြီးရုံး ရောက်သောအခါ ဦးဘခင်သည် ထိုရာထူးတွင် ထမ်းဆောင်နေခြင်း ဖြစ်ပေသည်။

အိန္ဒိယပြည်မှ မြန်မာနိုင်ငံကို ခွဲခွါလိုက်ပြီးနောက် ၁၉၃၇ ခု၊ ဧပြီလမှစ၍ မြန်မာနိုင်ငံတွင် သီးခြား စာရင်းစစ်ချုပ်ရုံးတခု ဖွင့်လှစ်လာရသည်။ ထိုရုံးတွင် အထူးရုံးဝန်ထောက်အဖြစ် ဦးဘခင်အား ရွေးချယ် ခန့်အပ်ခြ[illegible] ခံခဲ့ရ

သည်။ ၁၉၄၁ ခု၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မီးရထားဌာန ငွေစာရင်း အရာရှိအဖြစ် ရာထူးတိုးတက် ခန့်အပ်ခြင်း ခံရပြန်သည်။

## (၁၁) စာရေးဆရာကြီး "ခင်ရွှေချို"

ကုလားပိုင်နက် ငွေစာရင်းမင်းကြီးရုံး၌ မြဲမြံစွာအခြေစိုက်မိပြီဖြစ်သော ဦးဘခင်သည် စာရင်းစစ်လုပ်ငန်း၊ စာရင်းစစ်သံသရာတွင်သာ တဝဲလယ်လယ် နေခဲ့သည်မဟုတ်။ မြန်မာစာပေ နယ်တွင်လည်း ကျင်လည်ကျက်စားခဲ့သည်ဟု သိရှိခဲ့ရသည်။ တချိန်တခါတွင် စာရေးသူသည် ဆရာကြီး၏စာအရေးအသား ချောမောပြေပြစ် ခန့်ငြားပုံနှင့်ပါတ်သက်၍ ဆရာကြီးအား ချီးမွမ်းထောပနာ ပြုခဲ့ဘူးသည်။

"ဆရာကြီး၊ ရှေးဗိုလ်ကျောင်းထွက် အင်္ဂလိပ်စာအရေးအသား အဆင့်အတန်းမြင့်မြင့် ရေးနိုင်တာတော့ ထားပါတော့၊ ဗမာလိုလဲ စံချိန်မီ ရေးနိုင်တာကတော့ ဘယ်လိုကြောင့်လဲ၊ ဆရာကြီးတို့ လက်ထက်က ဗိုလ်ကျောင်းမှာ ဗမာစာ တော်တော်များများ သင်ပေးသလား။"

"ဗိုလ်ကျောင်းဆိုပေမဲ့၊ အစိုးရစစ် ဆယ်တန်းအတွက် အစိုးရပြဋ္ဌာန်းတဲ့ မြန်မာစာအဆင့်တော့ မှီအောင်သင်ပေးရတာပေါ့။ အဆင့်အတန်းကတော့ နိမ့်တယ်လဲမဆိုနိုင်၊ မြင့်လှတယ်လဲ မဟုတ်ပါဘူး။ ဝေဿန္တရာ၊ ဇနကဇာတ်တော်ကြီးဝတ္ထုတွေ သင်ခဲ့ရတာဘဲ။ ဗမာစာအခြေခံကတော့ ဆရာကြီး ဘုန်းကြီးကျောင်းက ရလာတယ်ဆိုရမှာဘဲ။ ဘုန်းကြီးကျောင်းမှာ မင်္ဂလာသုတ်၊ နမက္ကာရ၊ ရတနာရွှေချိုင့်စတဲ့ သင်ရိုးတွေအကုန် သဒ္ဒါ၊ သင်္ဂြိုဟ်အထိ သင်ခဲ့ဘူးတာဘဲ။"

ဤမျှထိ မေးမြန်းဖြေဆိုပြီး အချိန်ကာလ လွန်စွာ ကြာညောင်းသွားပြန်သည်။ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလဆန်းတွင် ဆရာကြီး ထံမှောက်သို့ တခေါက် ရောက်ပြန်သည်။ စာပေဗိမာန် ဘာသာပြန်ဆုယူရန် ရန်ကုန်သို့ ရောက်လာရင်း စေတီ၌ တည်ခိုအိပ်ခဲ့သည်။ ဆရာကြီးနှင့် ညဥ့်လုံးပေါက်နီးပါး စကားပြောကြသည်။ ဆရာကြီး၏ငယ်စဉ် အကြောင်းအရာများ၊ တရားအား ထုတ်ခဲ့ပုံများ၊ သာသနာပြု လုပ်ငန်းများအကြောင်း အချက် အလက်များ

မေးမြန်းမိပြန်သည်။ ကျွန်တော် စာပေရေးသားနေခြင်းနှင့်ပတ်သက်၍ "ငါလဲ ငယ်ငယ်က စာအတော်ရေးခဲ့တာဘဲ၊ ရွှေဥဒေါင်း၊ ပီမိုးနင်းတို့နဲ့ခေတ်အပြိုင်လောက်ကျမပေါ့။ အဲဒီတုန်းက ခေတ်စားနေတဲ့ ဝတ္ထုတွေ၊ ငါအများကြီး ရေးခဲ့ဘူးတာပေါ့။" ဟု ပြောပြရာ ကျွန်တော် လွန်စွာ အံ့အားသင့်သွားခဲ့ရသည်။ ဤအကြောင်းအရာနှင့် ပါတ်သက်၍ ယခင်က တစိုးတစိမျှ မသိခဲ့ရ။ ထိုအကြောင်းကို ဆရာကြီးအား ပြောလိုက်ရာ၊ ဆရာကြီးက "အေး ငါလဲ ကလေးကလား ရေးသားခဲ့တာတွေ မပြောချင်လို့ မပြောခဲ့တာဘဲ။ အခုတော့ မင်းကမေးလို့ ပြောပြတာ၊ အေဂျီရုံးမှာ အမှုထမ်း ရာထူးရပြီးတော့ ငါဗမာစာပေ တော်တော်လိုက်စားခဲ့တယ်။ ရှေးစာပေ အခြေခံလဲရအောင်လေ့လာ ဆည်းပူးတယ်။ ခေတ်စာပေလဲ အကုန်လုံးလိုလို ဖတ်တယ်။ ဖတ်ရာက အရေးအသားလေ့ကျင့်ပြီး စာတော်တော်များများ ရေးခဲ့ဘူးတယ်။ အဲဒီခေတ်တုန်းက ဆူးလေဘုရားပတ်လည်နှင့် သိမ်ကြီးဈေးမှာ တမတ်တန်ဝတ္ထု ထုတ်တဲ့လူတွေ အတော်များများရှိတယ်။ ကဒါးဆူလတန်တို့ ဘာတို့ပေါ့၊ နာမယ်တွေတော့ အကုန်မမှတ်မိတော့ပါဘူး။ ငါရေးတဲ့ဝတ္ထုတွေကို အဲဒီလူတွေက ဝယ်ပြီး တမတ်တန်ဝတ္ထုထုတ်ကြတာဘဲ၊ များများစားစားတော့ မရပါဘူး။ဝတ္ထုတပုဒ်မှ ငါးကျပ်၊ တဆယ်၊ အများဆုံး အစိတ်ဘဲရဘူးတယ်။"

ကျွန်တော်မှာ အံ့ဩသထက် အံ့ဩသွားရပြန်သည်။ နိုင်ငံအသီးသီးမှ ပုဂ္ဂိုလ်အမျိုးမျိုးကို ဗုဒ္ဓရှင်တော် ဘုရား၏ တရားမှန်၊ တရားမြတ်များ လက်တွေ့ သင်ကြားပြသပေးနေသည့် ဆရာကြီးကဲ့သို့ ပုဂ္ဂိုလ်ကြီးတဦးကို လေးပဲတန် ချစ်ခန်းကြိုက်ခန်းဝတ္ထုများ ရေးသားခဲ့သူ စာရေးဆရာတဦးအဖြစ်စဉ်းစား၍ မကြည့်မိခဲ့ပေ။ ဤဥပမာမှ ဘဝဟူသည် ရပ်တည်၍မနေဘဲ အတွေ့အကြုံ အမျိုးမျိုး၊ အဆင့်အမျိုးမျိုး လှမ်းကာတက်ခါဖြင့် သွားနေရသော ခရီးကြီး ပါပေတကား။ လူတဦး၏ ဘဝတခုတည်းမှာပင် အခြေအနေအမျိုးမျိုးပြောင်း လဲပါတကားဟု တွေးတောစဉ်းစားမိပါသည်။ ဆရာကြီး၏ ယခုရောက်ရှိနေသော ဘဝအခြေအနေတွင် ကလေးကလား အရေးအသားများဖြစ်နေကောင်း ဖြစ်နေမည် ဖြစ်သော်လည်း ဆရာကြီး၏ ငယ်မူလက်ရာများ ကြည့်ရှုဖတ်လိုသောကြောင့်—

"အဲဒီတုန်းက ရေးတဲ့စာတွေ တခုမှမရှိတော့ဘူးလား၊ နမူနာလေးတခုလောက် ကျွန်တော် ဖတ်ကြည့်ချင်လို့" ဟု ပြောမိရာ "တမတ်တန်ဝတ္ထုတွေတော့မရှိတော့ပါဘူး။ ဒဂုဏ်မဂ္ဂဇင်းမှာ ရေးခဲ့တဲ့ ဝတ္ထုတပုဒ်တော့ကူးယူ

ထားတာရှိလေရဲ့။ မင်းဖတ်ချင်ရင် ယူသွားပီး သိမ်းထားပေတော့။'' ဟုပြောကာ လက်နှိပ်စက်နှင့်ကူး၍ သေသေသပ်သပ် ဖိုင်တွဲထားသော စာမူတပုဒ်ကို ထုတ်ပေးပါသည်။ ၎င်းဝတ္ထုမှာ ၁၉၂၉ ခု၊ ဩဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်းတွင်ပါရှိသည့် ''သက်ဆုံးတိုင်'' ဝတ္ထုဖြစ်ပါသည်။ ကလောင် နာမည်မှာ ''ခင်ရွှေချို'' ဖြစ်၏။ ခင်မှာ ဆရာကြီး၏ နာမည်အရင်းဖြစ်၍ ရွှေချိုမှာ ဆရာကြီးနေထိုင်ရာ နေရပ်အမည် ဖြစ်သည်ဟု ပြောပြသည်။ ၎င်းဝတ္ထု ရေးသားပုံမှာ ထိုအချိန်အခါက မြန်မာစာပေ အရေးအသား၏ ကြေးမုံကဲ့သို့ဖြစ်သည်။ နဘေထပ်၊ ကာရံများဟပ်၍ ဝေဝေဆာဆာ ဖွဲ့ဖွဲ့နွဲ့နွဲ့ သီကုံးထားသော ဝတ္ထုတပုဒ်ဖြစ်ပေသည်။

ဆရာကြီး၏ ယဉ်မူလက်ရာ တခုအဖြစ်ဖြင့် ကောက်နုတ်ချက် အနည်းငယ် တင်ပြရသော်–

**ကေပိုဒ်–ရတု**

မိုင်းညိုပြာဝေ၊ လွမ်းဘွယ်ပေတည့်၊ စိမ်းဝေရှန်းစို၊ တောင်မိုမိုနှင့်၊ တိမ်ညိုတိမ်လိုင်း၊ ပတ်လည်ဝိုင်းအား၊ ရစ်သိုင်းခွေကာ၊ မြစ်ရောလည်း၊ ဖွေးစွာဖွေးဝင်း၊ သွယ်ဖြာဆင်း၏၊ အင်းအိုင်ပြည့်လျှံ၊ ကွင်းတတန်ဖြင့်၊ တောင်ရံကာဝိုင်း၊ မြတံတိုင်းသို့၊ ဆိုင်းညိုလွင်လွင်၊ ရှေ့တခွင်မူ၊ တောင်စဉ်တောင်တန်း၊ ရှုမခန်းရှင့်၊ မှန်းချင့်မသွေ၊ မျှော်ဆချေသော်၊ မေမြို့တခွင်၊ ဟိုဆီပင်တည့်၊ ကွင်းပြင်လယ်စောင်၊ ရန်ကင်းတောင်မှ၊ ဆောင်ဆောင်စံမန်း၊ စောင်းတန်းစေတီ၊ ရှယ်ရည်ဦးတင်၊ ရှိပန်ဆင်ငဲ့၊ တောင်ပြင်မြို့တော်၊ လှမ်းရှုမျှော်သော်၊ ကုသိုလ်တော်နှင့်၊ ရှုတိုင်းတင့်သား၊ ဆင့်ဆင့်မွမ်းမံ၊ စေတီယံဖြင့်၊ စန္ဒာမုနိ၊ ဝင်းမှည့်ပြောင်ထိန်၊ မာရဇိန်ကို၊ ဦးနှိမ်ဝတ်လျှိုး၊ လက်စုံမိုးလျက်၊ ရှိခိုးပန်ထွာ၊ ဖူးမျှော်ပါ၍၊ ရာဇဌာနီ၊ သိင်္ဂီစံနန်း၊ မှန်နန်းဆောင်ဆောင်၊ ပြောင်ပြောင်ဝင်းလျှပ်၊ ကျုံးပတ်လည်ဝိုင်း၊ တံတိုင်းမြို့ရိုး၊ ပြအိုးတွေထွေ၊ တွေဝေငေးရှု၊ ဆွေးမှုထပ်ပွေ၊ လွမ်းမပြေသည်၊ မန်းသေလာမှ၊ ခဏမျှော်ကာ၊ ရှုရင်းတည်း။

''ကာလသားလူပျိုတယောက်သည် မန္တလေးတောင်ခုလပ် ရပ်တော်မူဘုရားတန်ဆောင်းမှ တောင်စောင်း တောင်အောက်၊ အရှေ့နောက်နှင့်၊ တောင်မြောက်ပတ်လည်၊ မှုရိမှိုင်းမို့၊ ဆိုင်းညို့မှောင်ပေ၊ တောင်ထွေတွေနှင့်၊ စေတီဘုရား၊ အထားအနေ၊ မြို့အခြေကို သေချာစေ့ငုံ၊ မှန်းမျှော်ကာ ရှုပြီးလျှင်

အထက်ပါရတုကို လေးလေးတွဲ့တွဲ့၊ ဘွဲ့နွဲ့သီဆို၊ တကိုယ်တည်းမှိုင်တွေနေစဉ်" စသည့် အရေးအသားမျိုးဖြင့် ဝတ္ထုတပုဒ်ဖွဲ့ထားသည်ကို တွေ့ရပေသည်။

## (၈) တရားရှာသူ ဦးဘခင်

ငွေစာရင်းအရာရှိ စာရေးဆရာဦးဘခင် အဖြစ်မှ တရားရှာသူ ဦးဘခင် အဖြစ်သို့ တဆင့်တက်လှမ်းရောက်ရှိလာပုံမှာလည်း တမျိုးစိတ်ဝင်စားဘွယ် ဖြစ်သည်။ ဆရာကြီးထံ ချဉ်းကပ်၍ ပထမဦးစွာ တရားနာယူကျင့်သုံးစဉ်က ဆရာကြီးမည်သို့ တရားရှာဖွေခဲ့ပုံ မည်သို့စ၍ တရားပြသပေးလာပုံတို့ကို သိလိုခဲ့ပေသည်။

ဤအကြောင်းအရာများတွင် စိတ်စောနေခဲ့သဖြင့် ရှေးဦးစွာတရားအား ထုတ်ရာ၌ အခက်အခဲတွေ့ခဲ့ရသည်။ နောက်တွင် အနိစ္စရှုရန်ညွှန်ကြားပြသခြင်းကို အတိအကျလိုက်နာ ဆောင်ရွက်မည်ဟု သံဓိဋ္ဌာန်ချ ဆောင်ရွက်ပါမှ အခက်အခဲများ ပြေပျောက်ခဲ့ရသည်။ တရားလုပ်ငန်းများ ဆောင်ရွက်ပြီးသောအခါ၌မူ ဆရာကြီးအား ထိုအကြောင်းအရာများကို အတိအလင်း မေးမြန်းကြည့်ရှုရမှာလည်း ဝန်လေး၍ နေခဲ့သည်။ ဆရာကြီးသည် လက်တွေ့သမားဖြစ်၍ မိမိ၏အကြောင်းအရာများကို လူသိရှင်ကြား ပြောကြားလိုသော ဆန္ဒမရှိသည်ကိုလည်း သိထားသည်။ ထို့ကြောင့် မေးမြန်းရန် နောက်တွန့်ခဲ့ရ၏။ သို့ရာတွင် မမျှော်လင့်ဘဲ အခွင့်အရေးရခဲ့သည်။

၁၉၇၀ ခု၊ အောက်တိုဘာလ (၂၄) ရက်နေ့ညတွင် ဖြစ်သည်။ ထိုနေ့က ရန်ကုန်သို့ တခေါက်ရောက်ပြန်ရာ ဆရာကြီးထံမှောက်သို့ ကံတော့ရန်ရောက်ရပြန်၏။ ထိုနေ့ညတွင် ဆရာကြီးနှင့် ညဉ့်နက်သန်းခေါင်ကျော်ထိ စကားပြောခွင့်ရလိုက်ပြန်၏။ ထိုနေ့ညတွင် ဆရာကြီးနှင့် အခွင့်ကောင်းယူ၍ ဆရာကြီးတရားရှာပုံ၊ တရားအားထုတ်ပုံ၊ တရားပြလာခြင်း အကြောင်းများကို အတိအလင်း မေးမြန်းမိရာ၊ ဆရာကြီးက လိုလိုချင်ချင် အပြည့်အစုံ ပြောပြသွားပေသည်။ ထိုသို့ပြောပြသွား၍သာ ဤမှတ်တမ်းကို ရေးသားနိုင်ပေသည်။ "မင်းက စာရေးဆရာပီပီ၊ တယ်စာရေးချင်တာကိုး ငါသေတော့ ရေးနိုင်အောင် မင်းကိုအကုန်ပြောပြခဲ့မယ်။ မှတ်ယူပေတော့" ဆိုပြီး ခရားရေလွှတ် တတွတ်တွတ်ပြောပြပါသည်။ ကျွန်တော်နှင့် ဦးချစ်တင်တို့ လိုက်လံမှတ်ယူ ကြပါသည်။ သန်းခေါင်

ကျော်မှ ဆရာကြီးမောပန်းမည်စိုး၍ သိလိုသမျှ ပြည့်စုံသင့်သလောက် ပြည့်စုံပြီလည်းဖြစ်၍ အနားယူရန် တောင်းပန်ကြရပါသည်။

အရွယ်အနည်းငယ်ထောက် အသက် (၄၀) လောက် ရောက်လာသော ဦးဘခင်သည် ရိုးရိုးစာပေများ လိုက်စာ ရာမှ မြတ်စွာဘုရား ဟောကြားသော တရားစာပေများဖက်ဆီသို့ အလိုအလျောက် အာရုံ ညွတ်ပြောင်း လာခဲ့သည်။ ထိုအချိန်အခါက 'ခေတ်စားလျက်ရှိသော အာရုံအသင်း၊ ဝတ်ရွတ်အသင်းများတွင် အသင်းသားအဖြစ် အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လာသည်။ ဝတ်တက် ဝတ်ရွတ် အခမ်းအနားများတွင် တက်တက်ကြွကြွ ဦးဆောင်လှုပ်ရှား၍ ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ခဲ့သည်။ ဝတ်ရွတ်စဉ် အားလုံးကိုလည်း နှုတ်တက်ရွရွ အာဂုံဆောင်နိုင်၍ အသံသြဇာနှင့် ပြည့်စုံသဖြင့်လည်း ဝတ်အသင်းများတွင် ရှေ့ဆောင်လမ်းပြ တင်မြှောက်ခြင်း ခံခဲ့ရပေသည်။

လယ်တီဆရာတော်ဘုရားကြီး၏ သြဝါဒ တန်ခိုး လွှမ်းမိုး နေချိန် ဖြစ်၍လည်း ဆရာကြီး၏ ဒီပနီအမျိုးမျိုး၊ ကျမ်းစာအစောင်စောင်တို့ကို ဖတ်ရှုလေ့လာခဲ့ပေသည်။ ဆူ လေစေတီတော်ကြီးတွင် ဖွင့်လှစ်ခဲ့သော အဘိဓမ္မာပြန့်ပွားရေးအသင်း၌ ပါဝင်ခဲ့၍ အဘိဓမ္မာအရာတွင် ထင်ရှားကျော်ကြားခဲ့သည့် ဆရာကြီးဦးဖိုးလှိုင်၊ ဦးတာ၊ ဦးအောင်စသော ပုဂ္ဂိုလ်ကြီးများနှင့် အဘိဓမ္မာ၊ ပဋ္ဌာန်း၊ တရားတော်မြတ်များကို အပါတ်စဉ်မှန်မှန် လေ့လာဆွေးနွေးသင်အံကျက်မှတ်ခဲ့ပေသည်။

၁၉၃၄ ခု၊ ပတ်လည် လောက်တွင် မိုးညှင်းဆရာတော်ကြီး ထင်ရှားကျော်ကြားလာ၍ ရန်ကုန်သို့ တရားချီးမြှင့်ရန် ကြွလာရာ၌လည်း တရားမဏ္ဍာပ်ထိုးရာ၊ ဧည့်ခံကြိုဆိုရာ၊ တရားဟော အစီအစဉ်များ ပြုလုပ်ရာ၊ ကိစ္စအဝဝတို့တွင် ဆရာကြီး ဦးဘခင်သည် 'ထထကြွကြွ ပါဝင်ဆောင်ရွက်ပြန်သည်။

ဤသို့ပင် ဆရာကြီးသည် ရတနာသုံးပါး၌ ကိုင်းရှိုင်းသော ဗုဒ္ဓဘာသာတဦး ပြီသစ္စာ ဗုဒ္ဓဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စတို့ကို ကြည်ညိုလေးစားစွာဖြင့် ဆောင်ရွက်ခဲ့ပေသည်။ အစိုးရအလုပ်ဝတ္တရားများအရ အရပ်ရပ် လှည့်လည် ရောက်ရှိရာပင် ဘာသာရေးလုပ်ငန်းများ မပျက်မကွက် ဆောင်ရွက်ခဲ့ပေသည်။ လွန်ခဲ့သော အနှစ် (၄၀) ကျော်က ပုသိမ်မြို့သို့ စာရင်းစစ်ရန် ရောက်ရှိသည့်အခါ၊ ညစဉ် ရွှေမုဋ္ဌောဘုရားသို့ ဘုရားဖူး တက်ခဲ့သည့်

ဘုရားသွားဘက် အကျဉ်းထောင် ဒေါက်တာ ဦးမြတ်ကျော်ထံသို့ ၁၇—၁—၇၁ ရက်နေ့ (ဆရာကြီး မကွယ်လွန်မီ ၂ ရက်)က ရေးသားလိုက်သောစာတွင် "ကျွန်တော် သည်သည်း ပါရမီအလျောက် ပုသိမ်မြို့တွင် ရှိနေစဉ်ကပင် မဟာဗောဓိ ဘုရား ပတ်ဝန်းကျင်၌ တရားအားထုတ်ခြင်းအမှု ပြုလုပ်ခဲ့သည်ကို ဦးမြတ်ကျော် မှတ်မိပါလိမ့်မည်။ ထောင်မှူး မောင်ဘရင်ကိုလည်း အရက်ပြတ်အောင် သွန်သင် ဆုံးမခဲ့ပါသည်။ ထောင်တွင်း၌ပင်လျှင် အကျဉ်းသမားတဦးထံမှ အဘိဓမ္မာ စတင်သင်ယူခဲ့ပါသည်။ ထိုနောက် ရွှေမုဋ္ဌောဘုရား၌ ဦးတေဇဝန္တဆရာ တော်နှင့် တွေ့ရှိရာတွင် သက်သတ်လွတ်အမိဋ္ဌာန်ယူ၍ ရသမျှဖြင့်တင်းတိမ်ရောင့်ရဲ ခဲ့ပါသည်။ ဤသို့လျှင် ပါရမီအလျောက် တဖြေးဖြေး ဆည်းပူးခဲ့ရာမှ ရန်ကုန် မြို့သို့ ပြန်ရောက်လျှင် အဘိဓမ္မာပဋ္ဌာန်းအ ထိသင်ကြားလေ့လာပြီးသည့်နောက် ဘုရားဟောနှင့်ကိုက်ညီစွာ သမထဝိပဿနာတို့ကို ၁၉၃၇ ခု၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စတင် အားထုတ်ခဲ့ပါသည်။ လွန်ခဲ့သည့် နတ်တော် လပြည့် ကျော် တရက်နေ့က တရားပြသခဲ့သည့် နှစ်ကာလ အပိုင်းအခြား အားဖြင့် (၂၅) နှစ် မြောက်ခဲ့ပါသည်" ဟု ဖတ်ရပါသည်။ ပုသိမ်သို့သွားသောနှစ်မှာ ၁၉၃၁ ခုနှစ်ဖြစ်၍ ဆရာကြီး၏စာအရ၊ထိုအချိန်ကပင်၊ဆရာကြီးသည် တရား အားထုတ်ခြင်းအမှု ပြုလုပ်ခဲ့သည်ဟု ယူဆရပေမည်။ သို့ရာတွင် ဤသို့ တရား အားထုတ်သည်ဆိုသော်လည်း ထိုလုပ်ငန်းကို ဆရာကြီးကိုယ်တိုင် စနစ်ကျန သည် ဟု ယူဆဟန် မတူချေ။ ဘုရားဟောနှင့် ကိုက်ညီစွာ သမထဝိပဿနာတို့ကို ၁၉၃၇ ခု၊ ဇန်နဝါရီလ တရက်နေ့မှ စတင်အားထုတ်ခဲ့လည်ဟု အတိအလင်း စာတွင် ဆိုထား၍ ဖြစ်ပေသည်။

ကျွန်ုပ်တို့အားလည်း ဆရာကြီး ပထမစ၍ ဝိပဿနာတရားလုပ်ငန်းကို မမျှော်လင့်ဘဲ စတင်လုပ်ခဲ့ကြောင်း ပြောပြခဲ့ပေသည်။ ဖြစ်ပျက်လာပုံကား ဤသို့ပင်တည်း။ ၁၉၃၆ ခု၊ ဒီဇင်ဘာလ နောက်ဆုံးပိုင်းရက်တရက်တွင် ဆရာ ကြီး၏ ဆွေမျိုးတဦး ဥပုသ်စောင့်သွားရန် ဥပုသ်စောင့်ဖော်စောင့်ဖက်ဖြစ်သော ဦးမောင် ဆိုသူ မြန်မာကျောင်းဆရာတဦး၏အိမ်သို့ ဆရာကြီးက လိုက်ပို့ ရသည်။ ထို ဦးမောင် ဆိုသူကို ဆရာကြီး ယခင်က မတွေ့ဘူး။ မမြင်ဘူး။ ၎င်းတို့ဥပုသ်စောင့်သွားမည်မှာ သာမန် ရိုးရိုး ဥပုသ်စောင့်သွားခြင်း မဟုတ်၊ ရန်ကုန်တဖက်ကမ်း ဒလ-ပျော်ဘွယ်ကြီးရွာမှ ဆရာသက်ကြီး ဆိုသူထံ ကမ္မဋ္ဌာန်း တရား သွားယူကြမည်ဖြစ်ကြောင်း၊ ဆယ်ရက်အကြာ ပြန်လာမည်ဖြစ်ကြောင်း ဦးမောင်က ပြောပြသည်။

မည်သည့်အကြောင်းကြောင့်မသိ၊ ဆရာကြီးသည် ထိုကမ္မဋ္ဌာန်းတရားအကြောင်းကို လွန်စွာသိလိုစိတ်ဖြစ်ပေါ်လာသည်။ ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကမ္မဋ္ဌာန်းတရား ထိုင်လာသူများ ပြန်အလာ ကြို့ဆိုရင်း ဦးမောင်အိမ်သို့ ဆရာကြီး တခေါက်ရောက်ပြန်သည်။ ဦးမောင်နှင့်တွေ့လျှင်တွေ့ခြင်း ကမ္မဋ္ဌာန်းတရားထိုင်ရာတွင် လက်တွေ့ မည်သို့မည်ပုံ လုပ်ဆောင်ရသည်ကို တိတိကျကျ မေးမြန်းကြည့်သည်။ ဦးမောင်က အာနာပါနလုပ်ငန်း ပထမစတင်လုပ်ရသည်ဟု ပြောသည်။ ဤလုပ်ငန်းအတွက် မိမိ၏ ထွက်လေ ဝင်လေကို နှာသီးဖျားတွင်ထိခိုက်နေစဉ် သတိထား၍ မှတ်သားကြည့်ရှုရသည်ဟု ပြောပြလည်း။ ဦးမောင် အိမ်မှာပင် ၎င်းပြောသည့်အတိုင်း ဆရာကြီး လုပ်စမ်းကြည့်သည်။ နှာသီးဖျားကို ထိခိုက်နေသည့် ထွက်လေ ဝင်လေတွင် အာရုံပြုလိုက်သည်နှင့်တပြိုင်နက် ထွန်းလင်းတောက်ပြောင်သောနိမိတ် ပေါ်လာသည်ဟု ဆိုသည်။ ထိုနိမိတ်ကို လိုသလို ကစားကြည့်၍ရသည်ကိုလည်း တွေ့ရသည်ဟုဆိုသည်။ ဤသို့ ထူးကဲသော အဖြစ်အပျက်ကိုသိရှိရသဖြင့် ဦးမောင်ပင် အံ့သြထိတ်လန့်နေသည်။

အိမ်ပြန်ရောက်၍ တဦးတည်း အာနာပါန စီးဖြန်းရာတွင်လည်း နိမိတ်များ ပေါ်မြဲ ပေါ်နေသဖြင့် ဒလဘက် ဆရာ သက် ကြီး ထံ ကိုယ် တိုင် သွား ၍ နည်းနာခံမှ ဖြစ်တော့မည်ဟု သဘောပေါက်လာ၍ ဆရာသက်ကြီးထံ အရောက်သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။ အလုပ်ခွင်မှ ခွင့်ရက်ရှည်ယူ၍ ဆရာသက်ကြီးထံ အရောက်သွားသောနေ့မှာ ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်နေ့ ဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းမှ နံနက် (၅) နာရီတွင် သမ္ဗာန်တစင်းဖြင့် ထွက်ခဲ့ရာ ဒလဘက်ချောင်းထဲအဝင်၌ ဒီရေအကျနှင့် မိနေ၍ အခက်အခဲများ တွေ့ခဲ့ရသည်။ ဒီရေဆန်ပြီး တက်လာရာတွင်လည်း ဖျာစုဟု ခေါ်သော ရွာငယ်ကလေးအထိသာ သမ္ဗာန်ခရီး ပေါက်သည်။ ထိုမှ ဆရာကြီး နေထိုင်ရာ ပျော်ဘွယ်ကြီးရွာအထိ ကုန်းကြောင်း လျှောက်ရပေမည်။ ဆရာကြီးသည် မိမိတွင်ပါလာသော လွယ်အိတ်၊ စောင်နှင့် စားသောက်စရာအနည်းငယ်ကို ထမ်းပိုးပြီးလျှင် ဒီရေကျသွား၍ ကျန်ရစ်သောရွှံ့နွံထဲမှ လုံချည်ကိုပေါင်လယ်လောက်မပြီး ခက်ခက်ခဲခဲ ခရီးကြမ်းနှင်ခဲ့ရာ မွန်းလွဲ (၂) နာရီခွဲအချိန်မှ ဆရာသက်ကြီးထံမှောက်သို့ ရောက်ရပေသည်။

ဆရာသက်ကြီးအား အကျိုးအကြောင်း ပြောပြရာ၊ လိုလိုချင်ချင် လက်ခံ၍ တရားပြပေးမည်ဟု ကတိပေးလေသည်။ ထိုနေ့ညတွင်ပင် အာနာပါန

လုပ်ငန်းကို စလုပ်စေ၍ သမာဓိကို မြဲစွာ ထူထောင်ထားစေသည်။ ထိုအချိန် တွင် တရားအားထုတ်သူပေါင်း ၄-၅ ဦးရှိရာ၊ အင်းမကြီး သိမ်တောင်တောရ ဆရာတော် ဦးယုဂန္ဓရ ပါဝင်သည်ကို မှတ်မိသည်ဟု ပြောပြသည်။ ၎င်းဆရာ တော်သည် လယ်တီဆရာတော်ဘုရားထံတော်တွင် နှစ်ပေါင်းများစွာ ဆည်း ကပ်ခဲ့၍ ကမ္မဋ္ဌာန်းတရား နည်းမျိုးပေါင်း (၄၀) လုပ်ခဲ့ဘူးသည် ဟု ဆိုသည်။ နောက်တနေ့တွင် ထိုဘုန်းတော်ကြီးနှင့်အတူ ဆရာကြီး ဦးဘခင်အား ဆရာ သက်ကြီးက ၎င်းတည်ဆောက်ထားသော တန်ဆောင်းကြီးထဲတွင် ဝိပဿနာ တရားသို့ တက်လှမ်းပြသပေးလေသည်။

"သံသရဝဋ္ဋဒုက္ခတော၊ မောစနထာရစ၊ ဗီဇနထာရစ၊ ဝိပဿနာကမ္မ ဋ္ဌာနံ၊ ယာစာမိ" ဟု ဆရာသက်ကြီးက လိုက်ဆိုစေ၍ ဝိပဿနာတရားပေးလိုက် လျှင်ပေလိုက်ခြင်း ဆရာကြီးဦးဘခင်ကိုယ်တွင် အနိစ္စတရားများ တကိုယ်လုံး ချက်ခြင်းပေါ်လာသည်ကို တွေ့သိရသည်ဟုဆိုသည်။ ညတွင်ဆက်၍ ထိုင်ကာ တညလုံးလိုလို ရှုတွေ့နေရသည်ဟုဆိုသည်။ သန်းခေါင်ကျော်အချိန်တွင် ဘုန်း တော်ကြီး ဦးယုဂန္ဓရတ ၎င်း၏ ကိုယ်တကိုယ်လုံး ကြိုးဖြင့် ရစ်ပတ်တုတ်နှောင် ထားသလို ခံစားနေရသည်ဟု ပြောပြသည်ဆို၏။

နောက်တနေ့နံနက်တွင် ဆရာသက်ကြီးရောက်လာပြီးသော် တရားများ စစ်ဆေး၏။ ဆရာသက်ကြီးသည် ဤသို့ မနက်ယခေါ်၊ ညတခါ တရားစစ်ဆေး ၏။ ဆရာကြီး ဦးဘခင်၏ တရားအားထုတ်ပုံကို လွန်စွာ သဘောကြသဖြင့် ခုနစ်ရက်ဆက်၍ တရားထိုင်ခိုင်းဘည်။ တရားထိုင်စဉ် တဖက်ဖြူကို ရင်ဘွှ သိုင်း၍ ထိုင်စေသည်။ တန်ဆောင်းတံခါးအားလုံးကိုလည်း အပြင်မှ ပိတ်ထား သည်။ အဟာရစားသောက်ချိန်တွင်သာ တံခါးဖွင့်ပေး၍ အစားအသောက် ကျွေးမွေးသည်။

ဆရာတော် ဦးယုဂန္ဓာရက၊ ဆရာသက်ကြီးအား ထိုတရားဘယ်ကရ သလဲဟု မေးသဖြင့် လယ်တီဆရာတော် ဘုရားထံမှ ဆည်းပူးခဲ့ကြောင်း ပြန် လျှောက်ထားရာ။ "ကျုပ်လဲ လယ်တီဆရာတော်ထံ အကြာကြီး တရားထိုင်ခဲ့ တာဘဲ၊ ကျုပ်တော့ ဘာကြောင့်လုပ်မပေးသလဲမသိ" ဟု ပြောကြားသည် ဆို၏။ ထိုအခါ ဆရာသက်ကြီးသည် လယ်တီဆရာတော်ထံမှ ၎င်းတရားယူခဲ့ပုံကို ပြန်ပြောပြလေသည်။

ဆရာသက်ကြီး၏ ဇာတိကိုမူ မသိရပေ။ ဒလပျော်ဘွယ်ကြီးရွာတွင် လယ်ကောမြောက်မြားစွာပိုင်ဆိုင်၍ အတော်အတန် ကြွယ်ဝချမ်းသာသူ ဖြစ်ပေ

သည်။ ရွာ၏အရှေ့တွင် ဘုန်းတော်ကြီးကျောင်းတကျောင်းအနီး၌ ဘုရားတန်ဆောင်းကြီးတခုတည်ဆောက်၍ ၎င်းတန်ဆောင်းတွင်းတွင် လူအများကို ဝိပဿနာတရားပြသပေးနေ၏။ လူဦးရေ ၁၀၀၀ ပြည့်သည့်တိုင်အောင် တရားပြသပေးရန် သစ္စာဓိဋ္ဌာန်ပြုထားကြောင်း ပြောပြ၏။ နှစ်စဉ်နှစ်တိုင်း စပါးပေါ်ပြီးချိန်တွင် ငွေတထောင်ပိုက်ခါ ၎င်း၏တူ မောင်ညွန့်ဆိုသူနှင့် တရားရှာရန် ဒလ ပျော်ဘွယ်ကြီးရွာမှ အညာဆီသို့ ထွက်ခွာသွားခဲ့မြဲဖြစ်သည်။ စပါးစိုက်ချိန်ရောက်မှ တူဝရီးနှစ်ယောက် ရွာသို့ပြန်လာသည်။ ဤသို့ နှင့်နှင့် (၁၄) နှစ်လုံးလုံး တရားရှာခဲ့ပြီးမှ ယခုတရားပြနေခြင်းဖြစ်ကြောင်း သိကြရသည်။ ပထမ(၇)နှစ်တွင် ဆရာသက်ကြီးသည် သစ်ချတောင် ဦးဋ္ဌိလောကထံတွင် တရားဆည်းပူးခဲ့ရာ သမထလုပ်ငန်းကိုသာ လုံးဝလုပ်ခဲ့ရသည်ဟုသိရ၏။ သမထလုပ်ငန်းတွင် ထူးခြားစွာ ပေါက်ရောက်သောကြောင့် မျက်စေ့(၂)လုံး မှိတ်ထားသည့်တိုင်အောင် ပတ်ဝန်းကျင်ရှိ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံများ အားလုံးစုံ မြင်နေရသည်ဟုပြောပြလည်။ သစ်ချတောင် ဦးဋ္ဌိလောကထံမှတဆင့် ဆရာသက်ကြီးသည် လယ်တီဆရာတော်ဘုရားထံမှောက်သို့ ရောက်သည်။ လယ်တီဆရာတော်ဘုရားက သမထလုပ်ငန်း ပြင်းထန်လွန်းနေ၍ ဝိပဿနာမပေါက်ရောက်ကြောင်း ရှင်းလင်းပြောပြသည်။ ထိုနောက်လုပ်ငန်းစဉ်ကို ပြုပြင်ပေးသည်။ သမထကိုလျော့ပြီးလျှင် မိမိကိုယ်ပေါ် မတ်စေ့လောက် မတ်စေ့လောက် အကွက် ကလေးများချ၍ အနိစ္စအရေးမြင်အောင်ရှုရန် သွန်သင်ပြသပေးခဲ့သည်။ ဤသို့ဖြင့် သစ်ချတောင် ဦးဋ္ဌိလောကဆရာတော်ထံတွင် သမထလုပ်ငန်း (၇)နှစ်၊ လယ်တီဆရာတော်ဘုရားထံတွင် ဝိပဿနာလုပ်ငန်း (၇) နှစ် ပေါင်း (၁၄)နှစ် တရားအလုပ်အားထုတ်ပြီးနောက် လယ်တီဆရာတော်ဘုရားကြီး၏ ညွှန်ကြားတော်မူချက်အရ လူပေါင်း ၁၀၀၀ ပြည့်သည်အထိ တရားပြသပေးနေကြောင်း ဆရာသက်ကြီးက ရှင်းလင်းပြောပြသည်ဟု ဆရာကြီးက တဆင့်ပြောပြသည်။

(၇)ရက်ပြည့်မြောက်နေ့တွင် ဆရာကြီးဦးဘခင် တရားခွင်မှထွက်သည်။ ထိုနေ့ကျမှပင် ဆရာသက်ကြီးက ရွာနီးပတ်လည်ရှိ ဘုန်းတော်ကြီးကျောင်းနှင့် စေတီပုထိုးများကို လိုက်လံပြသ ဖူးမျှော်စေသည်၊ ရွာ့အနောက်ဖက် ဘုန်းတော်ကြီးကျောင်းတကျောင်း သွားရာတွင် လေတဟူးဟူးတိုက်ခိုက်နေရာ ဆရာသက်ကြီးက ဆရာကြီး ဦးဘခင်သို့ လှည့်၍ ''တရားသိနေတဲ့သူ။ မင်းတရားလေ တိုက်ခံရဲလား'' ဟု မေးမြန်းသည်ဟု ပြောပြသည်။ ဆရာကြီး

ဦးဘခင်သည် ရန်ကုန်ဖက်သို့ ပြန်ကူးလာ၍ အိမ်မှာပင် တရားလုပ်ငန်း ဆက်လုပ်ကိုင်ခဲ့သည်။ ထို ၁၉၃၇ ခုနှစ်မှ စ၍ နှစ်တိုင်းနှစ်တိုင်း ဆရာသက်ကြီးထံ သွားရောက်၍ နည်းနာနိသျှများခံယူခဲ့ပေသည်။ ဆရာသက်ကြီးကလည်း မကြာမကြာ ရန်ကုန်သို့ လိုက်လာ၍ ဆရာကြီးအိမ်တွင် ပူဇော်ကိုးကွယ်ခြင်းခံယူပြီး ဩဝါဒများကောင်းစွာ ပေးခဲ့ပေသည်။

## (ဃ) ရန်ကုန်မှ ဝေဘူလတောင်သို့

၁၉၄၁ ခုနှစ်တွင် ဆရာကြီးသည် မီးရထားဌာန စာရင်းကိုင်အရာရှိဖြစ်လာသည်။ ထိုအချိန်တွင် ကမ္ဘာ့အနောက်တခွင်၌ စစ်းမီးတဟုန်းဟုန်းတောက်လောင်လျက်ရှိပေပြီ။ မြန်မာ့ကောင်းကင်ပြင်တွင်လည်း စစ်ရိပ်စစ်ငွေ့များ ရှက်သန်းအုံ့ဆိုင်းလျက် ရှိနေပေပြီ။ ထိုနှစ်ဇူလိုင်လတွင် ဆရာကြီးသည် မြစ်သားဘူတာသို့ စာရင်းစစ်ရန် သီးသန့်မီးရထားတွဲဖြင့် လူစီးအမြန်စာပို့ရထားကြီးတွင် ချိတ်ဆက်ခါလိုက်ပါလာခဲ့သည်။ မြစ်သားတွင် အလုပ်ဝတ္တရားပြီးသည့်နောက် ဆရာကြီး၏ ရထားတွဲကို ကျောက်ဆည်ဘူတာသို့ ကုန်ရထားတစင်းဖြင့် ဆွဲယူလာခဲ့၏။ ကျောက်ဆည်ဘူတာတွင်း၌ ရက်အတန်ကြာ တာဝန်ဆောင်ရွက်ရင်း ရပ်တန့်နေခဲ့သည်။ ဘူတာအရှေ့တည့်တည့်တွင် တွေ့မြင်နေရသော ညို့ညို့မှိုင်းမှိုင်း ရွှေသာလျောင်းတောင်ကြီးသည် ဆရာကြီးအားဖိတ်ခေါ်လျက်ရှိပေရာ မဆိုင်းမတွပင် ကျောက်ဆည် လက်ထောက် ရုံပိုင်နှင့်အတူတကွ ဘုရားဖူးရန် ရွှေသာလျောင်း တောင်ပေါ်သို့ တက်ခဲ့လေသည်။

တောင်ပေါ်တွင် ဘုရားရှိခိုးဝတ်ပြုပြီးနောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုရင်း စိမ်းလန်းစိုပြေသော ရှုမြင်ကွင်း၌ ကြည်နူးနေခဲ့ပေသည်။ ရွှေသာလျောင်းတောင်ပေါ်မှ မြောက်ဖက်ယွန်းယွန်းတွင် တောင်ဆွယ်ကလေးတခု ထိုးထွက်နေသည်ကို မြင်ရ၍ ၎င်းအောက်ခြေတွင် ဆိတ်ငြိမ်သောဝါးတဲကျောင်းကလေးတကျောင်းကိုလည်း တွေ့လိုက်ရသည်။ ပါလာသူလက်ထောက်ရုံပိုင်အား စုံစမ်းမေးမြန်းကြည့်ရာ၊ ၎င်းကျောင်းကလေးတွင် အလွန်ကြည်ညိုဘွယ်ရာ ဆရာတော်တပါး သီတင်းသုံးနေထိုင်ကြောင်း၊ ဝေဘူယတောင်စွယ်ကလေးကို အစွဲပြု၍ ဝေဘူဆရာတော်ဟု ခေါ်တွင်ကြောင်း၊ အနီးအနားပါတ်ဝန်းကျင်မှ လူအများက ၎င်းဆရာတော်အား ရဟန္တာတပါးဖြစ်ကြောင်း ယုံ

ကြည်ကိုးကွယ်နေကြကြောင်း ပြောပြသည်။ ရုတ်ချည်းပင် ဆရာတော်ထံသို့ သွားရောက်ဖူးမျှော်လိုသော စိတ်ဆန္ဒဖြစ်ပေါ်လာရာ တောင်စွယ်ကလေး တလျှောက်မှ ဆင်းသွားရန် ခြေလှမ်းပြင်လိုက်သော ဆရာကြီးအား (ဆရာ ဒီက ဆင်းသွားလို့မဖြစ်နိုင်ပါဘူး၊ တောင်အောက်ခြေက ပမ်းပြီးမှ သွားနိုင်ပါတယ်၊ ညနေ ကျွန်တော်လိုက်ပို့ပါမည်။ ဒီအချိန်မှာလဲ ဆရာတော် လူတွေ့မခံဘူးလို့ ထင်ပါတယ်။) ဟု အဖေါ်လိုက်ပါသူ လက်ထောက်ရုံပိုင်ကလေးက ပြောဆိုလိုက်သည်။

ကျောက်ဆည်ဘူတာရုံသို့ ပြန်အရောက် နေ့လယ်စာစားပြီးနောက် ဆရာကြီး ဦးဘခင်သည် ၎င်း၏တွဲထဲ၌ တရားအာရုံယူ၍ ဝေဘူ ဆရာတော်အား မေတ္တာပို့ကာ ဆရာတော်အား လာရောက် ဖူးမျှော်မည့်အကြောင်း စိတ်ဖြင့် လျှောက်ထားလိုက်သည်။ ညနေ (၃) နာရီ အချိန်တွင် လက်ထောက်ရုံပိုင်ကို ခေါ်၍ အဖော်ပြု၍ မြင်းလှည်းတစီးဖြင့် ဝေဘူချောင်သို့ ထွက်ခွာသွားကြသည်။ ချောင်နှင့်မလှမ်းမကမ်း အရောက်တွင် မြင်းလှည်းမှဆင်း၍ ခြေလျင် ရှောက်ကြသည်။ ချောင်ထဲ၌ အလွန်ဆိတ်ငြိမ် သာယာလှသည်။ ကိုးနဝင်း ဘုရားနှင့် သိမ်ကို ရှေးဦးစွာ တွေ့မြင်ဖူးမျှော်ရသည်။ ထိုအခိုက် မယ်သီလရှင် (၂)ပါး တဖက်မှ ထွက်ပေါ်လာသည်။ အခြား မည်သူကိုမျှ မတွေ့ရ၊ ၎င်းတို့အား ဆရာတော်ကို ဖူးမျှော်လိုကြောင်းပြောပြရာ၊ ယခုအချိန်၌ မဖူးမျှော်နိုင်၊ နံနက် ဆွမ်းစားချိန်နှင့် ညတရားဟောချိန်မှာသာ ဖူးမျှော်ခွင့်ရနိုင်သည် ဟု ပြန်ပြောကြသည်။

ဆရာကြီးက မဖူးရလည်း နေပါစေ။ ဆရာတော် သီတင်းသုံးသည့် ကျောင်းကိုသာ ပြပေးပါ။ ကျောင်းအပြင်မှ ဦး တိုက် ပါ ရ စေ ဟု ပြန် ပြော သည်။ သီလရှင်များ ညွှန်ပြလိုက်သော ဝါးတဲကျောင်းကလေး၏ ဖိနပ်ချွတ် နေရာမှထိုင်၍ ဆရာတော်အား ရည်မှန်းကာ ဦးချပြီးနောက် "ရန်ကုန်က ဒါယကာများ ကံတော့ရောက်ပါတယ်ဘုရား" ဟု စိတ်ဖြင့်လျှောက်ထားလိုက်ရာ၊ ကလားတံခါးကလေး ရုတ်တရက်ပွင့်လာ၍ ဆရာတော်၏ မျက်နှာတော်ကို ဖူးမြင်ကြရတော့သည်။ ဆရာတော်က ဦးဆုံးမိန့်ကြားသည်မှာ "ဘာအလိုရှိလို့ ကံတော့သလဲ ဒကာကြီး"

ဆရာကြီး ။ ။"မဂ်ဖိုလ် နိဗ္ဗာန် အလိုရှိလို့ပါ ဘုရား။"

ဆရာတော်။ ။"အေး .. နိဗ္ဗာန်သွားချင်ရင် ဘယ်လိုသွားမလဲ"

ဆရာကြီ။ ။"ဝိပဿနာ ဉာဏ်ပညာတရားနဲ့ သွားရပါတယ်ဘုရား၊ အခုလဲ ဝိပဿနာတရားကို အာရုံပြုနေလျက်ပါဘုရား"

ဆရာတော်။ ။"အေး.... သာဓု၊ သာဓု၊ အဲဒီတရား ဘယ်လိုရသလဲ။" ဟု မေးမြန်းရာ ကျေးဇူးရှင် ဆရာသက်ကြီးဆီမှ ရှေးဦး (၇)ရက် တရားအား ထုတ်ပြီးနောက် ရယူခဲ့ကြောင်း၊ နောက်လဲ ဆက်လက် အားထုတ်ကြောင်း၊ ခရီးသွားရင်းလဲ အမြဲ မီးရထားပေါ်မှာ တရားအားထုတ်ကြောင်း ပြန်လည် လျှောက်ထားရာ—

"ဒီလိုဆို ဒကာကြီး ပါရမီရှိတယ်၊ ဘုန်းကြီး စိတ်ထဲမှာက တောထဲ သွားပြီး ပင်ပင်ပန်းပန်း လုပ်ခဲ့ရတယ် အောက်မေ့တယ်" ဟု ဆရာတော်က မိန့်ကြားလေသည်။

ဤသို့ မေးမြန်းလျှောက်ထားခြင်းဖြင့် ၁ နာရီကျော်ကျော်အချိန်ကြာ သွားခဲ့သည်။ နောက်တနေ့မနက် သက်သတ်လွတ်ဆွမ်းကပ်ရန် ခွင့်ပန်ကြားပြီး ပြန်ခဲ့ကြလေသည်။ နောက်မနက်တွင် အာရုံဆွမ်းအမှီ ချက်ပြုတ်ကြပြီးနောက် ဆွမ်းကပ်သွားပြန်ရာ၊ ဆရာတော်နှင့် တရားစကား လက်ဆုံကျပြန်၏။ အာရုံ ဆွမ်းကပ် ရောက်လာသူ ပုဂ္ဂိုလ်အများ ပြောကြားချက်အရ၊ ဘယ်တုန်း ကမှ ဆရာတော် ဒီလောက်စကားများများ မပြောကြားဟု သိရသည်။ ဆရာ တော်၏ နောက်ဆုံးမိန့်ကြားချက်မှာ "ဒကာကြီး ရရှိထားတဲ့ တရား သူများ ဝေမျှပြုရလိမ့်မည်။ အခု ဒကာကြီးနဲ့ ပါလာတဲ့ ဒီ ဒကာကလေးကို နောက် ဘယ်တော့ တွေ့ဦးမလဲ မသိနိုင်ဘူး၊ တွေ့တုန်းပေးခဲ့ပါ။ နည်းကလေးပြပေး ပေါ့။ ဒကာကြီးတို့ လူပုဂ္ဂိုလ်အနေနဲ့ ပီတိဖြူလဲပီး တရားပေးပါ။"ဟုတိုက် တွန်းနှိုးဆော်တော် မူလိုက်သည်။

ကျောက်ဆည်ဘူတာသို့ ပြန်ရောက်လျှင်ရောက်ခြင်း ဝေဘူဆရာတော် ဘုရား၏ ဩဝါဒကို နာခံလျက် မီးရထားတွဲကလေးထဲမှာပင် လက်ထောက် ရုံပိုင်အား စတင်တရားပေးပေတော့သည်။ ဤပုဂ္ဂိုလ်အား ဆရာကြီး ဦးဘခင် တရားစတင်ပြသခြင်း ခံယူရသူ ပထမဆုံး ပုဂ္ဂိုလ် ဖြစ်ပေသတည်း။ ၎င်း၏ အမည်ကို ဆရာကြီး ကောင်းစွာမမှတ်မိ၍ မေးမရတော့ပါ။ ယင်းသက်ဆိုင်ရာ ပုဂ္ဂိုလ်သည် ဤစာကိုဖတ်ရှုရပါက အင်းယားမြိုင်လမ်း အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိတရားလုပ်ငန်းဌာနနှင့် ဆက်သွယ်အကြောင်းကြားရန် ပန်ကြားအပ် ပါသည်။

ဤသို့နှင့်နှင့် အစိုးရတာဝန်မပျက်၊ လုပ်ငန်းမပျက် မီးရထားတွဲနှင့် သွားလေရာ ကိုယ်တိုင်တရားအားထုတ်၊ သူတပါးအား တရား ပြခြင်း စသော

သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်ဆဲ၊ မြန်မာ ပြည်သည် ဒုတိယ ကမ္ဘာစစ်ကြီး၏ စစ်တလင်းကြီးတခု ဖြစ်လာပေတော့သည်။ အင်္ဂလိပ်အပြေး၊ ဂျပန်အရောက် ဂျပန်ခေတ်ကာလလွှင်ဆရာကြီးဦးဘခင်သည် စာရပ်းနှင့် စာရင်း စစ်ညွှန်ကြားရေးဝန်အဖြစ် ကုလားလူမျိုးများ လက်လွှတ်ပစ်ပြေးသော ငွေစာ ရင်းဌာနကို အုပ်ချုပ်၍ ကြီးလေးသောတာဝန်များကို တိုးတက်ထမ်းဆောင် လာရသည်။ ထိုအချိန်တွင် ဆရာကြီးသည် ဘဒ်ရုတ် (Budd Road) လမ်း နေအိမ်၌ နေထိုင်လျက်ရှိသည်။ တနေ့တွင် မြန်မာ့အလင်း ဦးတင်၊ အိမ်သို့ အလယ်ရောက်လာရာ တရားအကြောင်း ဆွေးနွေးမိကြသည်။ လက်တွေ့သမား ဖြစ်သည့် ဆရာကြီးက တရားအကြောင်း ဆွေးနွေးရုံနှင့်မပြီး လက်တွေ့လုပ်မှ တရား၏ အရသာကို ဒိဋ္ဌခံစားနိုင်မည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်က (ဧဟိ ပဿိကော) လာရောက်ကြည့်ရှု စမ်းသပ်ကြည့်ကြပါဟု ဖိတ်ခေါ်ထားပြီးဖြစ်ရာ စမ်းသပ်ကြည့်လိုလျှင် ၎င်းက အကူအညီ ပေးနိုင်မည်ဖြစ်ကြောင်း ပြောပြ၏။ ဆရာကြီးထံမှ တရားယူခဲ့ပုံ၊ နည်းနာနိသျှခံခဲ့ပုံ၊ ဝေဘူဆရာတော် ဖူးမျှော်ခဲ့ရပုံ၊ ဆရာတော် ဩဝါဒအရ တရားပြသပေးနေပုံ အကြောင်းတို့ကိုလည်း မြန်မာ့အ လင်း ဦးတင်အား ပြန်ပြောင်း ပြောပြသည်။ မြန်မာ့အလင်း ဦးတင်ကို အ ကြောင်းပြု၍ ထိုအချိန်အခါက သမဝါယမဝန်ကြီး ဦးနုနှင့် ပညာရေးဝန် ကြီး ဦးလှမင်းတို့လည်း လိုက်ပါလာ၍ ဆရာကြီး ဦးဘခင်၏ (ဘဒ်လမ်း)နေ အိမ်တွင် တရားထိုင်ဖြစ်သည်။ ၎င်းတို့အားလုံး အာနာပါန ကမ္မဋ္ဌာန်းအဆင့် မျှသာ အားထုတ်သွားနိုင်ကြသည်။

၎င်းနှစ် ဒီဇင်ဘာလတွင် ဆရာကြီး ဦးဘခင်သည် ဆရာသက်ကြီးထံ သွား ရောက်၍ တရား အားထုတ်မည်ဟု ပြောကြား သောအခါ ဦးနု နှင့် ဦးတင် တို့လည်း လိုက်ပါကြရန် စီစဉ်ကြသည်။ ၎င်းတို့သည် အစိုးရ တာဝန်ဝတ္တရား များကြောင့် ဆရာသက်ကြီးထံမှောက်၌ တရားအားထုတ်ရန် ရက်အနည်းငယ် သာရနိုင်ကြသဖြင့် အားမလိုအားမရဖြစ်ကြရသည်။ ၎င်းတို့ တရားအားထုတ်နေ စဉ်တွင် ဆရာကြီး ဦးဘခင်က အခက်အခဲများကို ကူညီ ဖြေရှင်း ပေးရသည်။ ဆရာသက်ကြီးက ဦးနုနှင့် ဦးတင်တို့အား (ဆရာကြီးက ဆရာဝန်) ဆိုရင် မောင် ဘခင်ကို သူနာပြုအဖြစ်မှတ်ယူကြရမယ်၊ ဆရာဝန်က လူနာနား အစဉ်မရှိနိုင်၊ သူနာပြုကသာ ယုယုယယပြုစုစောင့်ရှောက်ပေးနိုင်တယ်၊ ဒါကြောင့်မို့ မောင် ဘခင်ရဲ့ တရားစကားများကို နားထောင်ရမယ်၊ သူ့ရဲ့သီလ၊ သမာဓိ၊ ပညာ များကို ယုံကြည်နိုင်ပါတယ်) ဟု ဆုံးမညွှန်ကြားလိုက်ခဲ့ပေသည်။

ထိုနောက်တွင် ဦးနုသည် ၎င်းနေထိုင်ရာ ရွှေတောင်ကြားလမ်းနေ အိမ်သို့ ဆရာသက်ကြီးကို ပင့်ခေါ်ပြီးလျှင် တလကြာမျှ ပူဇော်ကိုးကွယ်၍ တရားနည်းလမ်းများ ခံယူသင်ကြားသည်ဟု သိရသည်။

အင်္ဂလိပ်များ ပြန်အရောက် (CASB) ကာက်စတီ လက်ထက်တွင် ဆရာကြီးဦးဘခင်သည် ၁၉၄၅ ခု၊ မေလ(၁၆)ရက်နေ့မှစ၍ စာရင်းနှင့် စာရင်းစစ်ဝန်ထမ်း (ပထမ) တန်းသို့ ရာထူး အဆင့် အတန်း တိုးမြှင့်ခြင်းကို ခံယူရရှိပြီး လက်ထောက်ငွေစာရင်းမင်းကြီး ဖြစ်လာသည်။ ထိုအချိန်တွင် အလယ်တောရကျောင်းတွင်းသို့ ပြောင်းရွှေ့နေထိုင်စဉ် မျက်စေ့တွင် မျက်သားထက်ရောဂါဖြစ်လာ၍ ဒေါက်တာ ချန်တိတ်နှင့်ကုသခဲ့ရသည်။ မျက်စေ့ကို ခွဲစိတ်ကုသရာတွင် ရောဂါပိုးများ ဝင်သွားကာ မျက်စေ့တဝိုက် မျက်နှာ တခြမ်းလုံးယောင်ယမ်းလာ၏။ အပြင်းအထန် ဝေဒနာခံနေရစဉ် မီးအလင်း ကြည့်မရ၊ မှောင်ထဲတွင် နေထိုင်ရသည်။ ထိုအတောအတွင်း ဆရာသက်ကြီး ရန်ကုန်မြို့သို့ ရောက်လာကာ၊ လင့်ခ်လမ်းတွင် ဦးအုန်းမောင်ဆိုသူ၏အိမ်၌ တည်းခိုနေသည်ဟု ကြားသိရသည်။ ကျန်းမာရေး မညီညွတ်၍ ဆေးဝါးကုရန်၊ ရန်ကုန် သို့ ရောက်လာသည်ဟု ပြောကြသည်။ လင့်ခ်လမ်းနှင့် အလယ်တောရကျောင်းမှာ များစွာမဝေးကွာလှသော်လည်း ဆရာသက်ကြီးနှင့် ဆရာကြီး ဦးဘခင်တို့သည် အသီးသီးဝေဒနာရှင်များဖြစ်နေကြသည့် အလျှောက် တဦးနှင့်တဦး မတွေ့ဆုံနိုင်ကြပေ။ ထိုနောက်တွင် ဆရာသက်ကြီး ကွတ်လွန်အနိစ္စရောက်ကြောင်းဝမ်းနည်းဘွယ်သတင်းကို ဆရာကြီးဦးဘခင် ကြားသိရသည်။ ကွယ်လွန်မည့် ညတွင် ဆရာသက်ကြီးသည် ဆရာကြီးဦးဘခင်အား အိမ်မက်ပေး၍ ဓမ္မစကြာတရား ဟောကြားရန် အမိန့်ပေးသွားပေသေးသည်ဟုဆိုသည်။ ဆရာသက် ကြီးအား ယခုအာဇာနီကုန်းဟု ခေါ်သော ရွှေတိဂုံဘုရား မြောက်ဘက်ဘုန်းမြေမြင့်တနေရာတွင် ဂူသွင်း၍ သင်္ဂြိုဟ်လိုက်ကြသည်ဟု သိရှိရသည်။

## (၄၀) ငွေစာရင်းမင်းကြီး (၂၀၁) ဂုရုကြီးဦးဘခင်

မြန်မာနိုင်ငံ လွတ်လပ်ရေးရသော ၁၉၄၈ ခု၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ဆရာကြီးသည်၊ လွတ်လပ်သော မြန်မာနိုင်ငံငွေစာရင်းမင်းကြီးအဖြစ် ရွေးဦးစွာ ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်ကြီးဖြစ်လာ၏။ ငွေစာရင်းဌာနကြီးကို

ပြန်လည်ထူထောင်ရန် ကြီးမားသော တာဝန်ကြီးကို ထမ်းဆောင်လာရပေတော့သည်။ ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကုလားများ ကြီးစိုးသော ငွေစာရင်းမင်းကြီးရုံး၌ လခ ၄ဝိ စား၊ အောက်တန်းယာယီစာရေးကလေးဘဝမှ ထိုရုံး၏ အထက်ဆုံးရာထူးဖြစ်သော ၁၆ဝဝိ ကျပ် စား ငွေစာရင်းမင်းကြီးရုံးခန်းတွင် မိမိ၏ဇွဲ လုံ့လ ဝီရိယသက်သက်ဖြင့် ဝင်ရောက်ထိုင်နိုင်ပေပြီ။ ထိုကာလတလျှောက်လုံး အိန္ဒိယကုလားလူမျိုးများ ကြီးစိုးမှုကို တွန်းလှန်ပယ်ဖျက်၍ မြန်မာလူမျိုးများအား ဝင်ရောက် နေရာယူစေလိုသော ဆန္ဒအာသီသလည်း ယခုအခါ ပြည့်စုံလာရပေပြီ။ နိုင်ငံတော်တခုလုံး၏ အုပ်ချုပ်ရေးယန္တရားများကို ကြိုးကိုင် ထိန်းသိမ်း စီစစ်ပေးရာဌာနကြီး ဖရိုဖရဲမဖြစ်သွားစေဘဲ လုပ်ငန်းမကျွမ်းကျင်သေးသည့် မြန်မာလူငယ်များကို နှစ်ပေါင်း များစွာ စိုးမိုး ခဲ့သည့် အိန္ဒိယသားများ နေရာတွင် အစားထိုးယူရမည့် တာဝန်ကြီးမှာ လွန်စွာကြီးမားလှပေသည်။ သို့ဖြစ်လင့်ကစား ဆရာကြီး ဦးဘခင်သည် ကြီးမားသော အခက်အခဲများကို ကျော်လွှားနိုင်ခဲ့၍ လွတ်လပ်သော မြန်မာနိုင်ငံ၏ ငွေစာရင်းမင်းကြီးရုံးကို ကုလားရုံးဘဝမှ မြန်မာရုံးအဖြစ်သို့ ချောမော အောင်မြင်စွာ ပြောင်းလဲ ပြုပြင်ယူခဲ့နိုင်ပေသည်။

လောကီလုပ်ငန်းရပ်တွင် ဤမျှအောင်မြင်ခဲ့သော ဆရာကြီးဦးဘခင်သည် ၎င်း၏ လောကုတ္တရာ ဆောင်ရွက်မှုများကိုလည်း ရပ်နားခြင်းမရှိသည့်ပြင် ပိုမိုတိုးတက်၍ပင် စွမ်းဆောင်ခဲ့ပေသည်။ ထူးခြားသော အောင်မြင်မှုများကိုလည်း ရရှိလာခဲ့ပေသည်။ ဖဆပလ အစိုးရလက်ထက်တွင် ဦးနုကိုယ်တိုင်သာသနာရေးလုပ်ငန်းများ အားပေးချီးမြှင့်ပြုလုပ်နေပေရာ ဆရာကြီးကလည်း ဘာသာရေးလုပ်ငန်းများကို ဆထက်တံပိုးတိုး၍ လုပ်ကိုင်လာနိုင်ပေသည်။ ငွေစာရင်းမင်းကြီးရုံး အပေါ်ထပ်တွင် အခမ်းငယ်တခုကို ဘုရားခမ်းပြုလုပ်၍ မြတ်စွာဘုရား ဆင်းတုတော်တဆူကို ပူဇော်ထားရှိသည်။ ထိုရုံးခန်းမှာပင် ရုံးသူရုံးသားများအား သမထဝိပဿနာ တရားများကို ပြသပေးလေသည်။

ဆရာကြီး၏ ယခုတရားပြသသော လုပ်ငန်းမှာ ယခင်ကကဲ့သို့ ခရီးသွားဟန်လွှဲလုပ်ငန်းမျိုး မဟုတ်တော့ပေ။ သာသနာသက္ကရာဇ် ၂၄၉၅ ခု၊ ကောဇာသက္ကရာဇ် ၁၃၁၃ ခု ဝါဆိုလပြည့်နေ့တွင် (**Vipassana Research Association**) ခေါ် ဝိပဿနာဓာတ်ပညာအဖွဲ့ အသင်းတခုကို ငွေစာရင်းမင်းကြီးရုံးတွင် စံနစ်ယကျဖွဲ့စည်းတည်ထောင်လိုက်သည်။ ၎င်းအဖွဲ့တွင် ဆရာကြီး၏ တပည့်ရင်းများနှင့် အတူ သီလကို အခြေခံစေ၍ သမာဓိလုပ်ငန်းဖြင့်

စတင်ပြီး သမာဓိရင့်သန်မှ ဝိပဿနာအလုပ်ကို လုပ်ကြရာတွင် လောကဓာတ်ပညာ သုတေသနနည်းများအသုံးပြု၍ ဝိသုဒ္ဓိမဂ်နှင့် ကိုက်ညီ, မညီ ဗောဓိပက္ခိယတရား (၃၇) ပါးနှင့် ပြည့်စုံတိကျပြတ်သားစွာ ရှိ, မရှိ လေ့လာကြသည်။ စူးစမ်းကြသည်။ ရှာဖွေကြသည်။ တည်ထွင်ခြင်းတို့ကို ပြုခဲ့ကြပါသည်။ ဤသုတေသနပြုရာများမှ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ (၃) ပါးတရားတခြေခံသည့် ပဋိပတ္တိလမ်းစဉ်အမှန်ကို ရက်တိုတိုဖြင့် အားထုတ်နိုင်သောနည်းလမ်းကောင်းများ တွေ့လာပါသည်။ ထိုမှတဆင့် ထိုလမ်းစဉ်များအတိုင်း အားထုတ်ရာတွင် ဝိပဿနာဉာဏ်အစစ်အမှန်သို့ ရောက်ရှိသည်နှင့် တပြိုင်နက်၊ သမုဒယတဏှာ၊ ကိလေသာအညစ်အကြေးတို့ကို **ဆေးကြောသုတ်သင်ဖယ်ရှားနိုင်သည့် ဝိဇ္ဇာဓာတ်ထူး တကယ်ပေါ်ပေါက်လာသည်ကို တွေ့ကြရပေသည်။** ထိုဝိဇ္ဇာဓာတ်သတ္တိထူးကပင်လျှင် ခန္ဓာအစဉ်၌ ကိန်းဝင်နေသည့် အညစ်အကြေးတို့ကို ဆေးကြောသုတ်ဘိသကဲ့သို့ ဆောင်ရွက်သွားသဖြင့် ကိုယ်၏ချမ်းသာမှု၊ စိတ်၏ ချမ်းသာမှုနှင့် တကွ ပါရမီရှင်တို့အဖို့မူ သန္တိသုခရရှိနိုင်ကြောင်း ဆရာကြီးက လက်တွေ့ပြသနိုင်ခဲ့ပါသည်။

ဝိဇ္ဇာဓာတ်သတ္တိထူးမှာ သဘာဝထင်ရှားရှိနေသည်ကို တွေ့ရှိရသည့်အပြင် ထိုသတ္တိထူးကို ထိမ်းသိမ်းထားနိုင်ရန် နည်းလမ်းများကိုလည်း သုတေသနအရ တွေ့ရှိလာကြပေသည်။ ထိုမှတပါး ဝိပဿနာဉာဏ် အစစ်အမှန်ရောက်ရန်အားထုတ်သည်နှင့် တပြိုင်နက် ဖျက်ဆီးသော ဓာတ်သဘာဝ အမျိုးမျိုးအကြောင်းကိုလည်း တွေ့ရှိကြရာ ၎င်းတို့ဘေးအန္တရာယ်မှ ကာကွယ်နည်း၊ ထိန်းသိမ်းနည်းတို့ကိုလည်း သုတေသနအရ တွေ့ရှိမှတ်တမ်းတင်ခဲ့ကြပေသည်။ ၎င်းမှတ်တမ်းများကို စံနစ်တကျ စီစဉ်ရေးသားထားခြင်းဖြစ်ရာ လွန်စွာနက်နဲသောကိစ္စရပ်များဖြစ်၍ အပြည့်အစုံကြည့်ရှုခွင့်မရပါပေ။ လူအများသိသင့်သလောက်သော အချက်အလက်များကိုသာ ကြည့်ရှုခွင့်ရခဲ့ရာ အခန်း(၁)တွင် မစ္စမဓာအမ်မား (စ်) ဖုတ်နှင့် မစ္စတာကာတာရမန်တို့၏ အတွေ့အကြုံနှင့် တရားရပုံများကို တစိတ်တဒေသတင်ပြခဲ့ပြီးဖြစ်သည်။

ဆရာကြီး ငွေစာရင်းမင်းကြီး ဖြစ်လာသောအချိန်တွင် ငွေစာရင်းမင်းကြီးရုံး၌ အထက်တန်း ကုလားအရာရှိများ အချို့တဝက်ကျန်ရှိသေး၏။ ဆရာကြီးသည် ဗုဒ္ဓဘာသာ မြန်မာရုံးသူရုံးသားများသာလျှင် တရားပြသပေးသည် မဟုတ် ဗုဒ္ဓဘာသာမဟုတ်သူ ၎င်းကုလားအရာရှိများအားလည်း တရားပြသပေးခဲ့ပေသေးသည်။

၎င်းတို့အနက် လက်ထောက်ငွေစာရင်းမင်းကြီး မစ္စတာအေအင်ဒေးဗစ်၊ လက်ထောက်ငွေစာရင်းမင်းကြီး အေမူသီယာနှင့် မစ္စတာဘင်ကတာရာမန်တို့ ပါဝင်ခဲ့ကြသည်။ ၎င်းတို့မှာ ဟိန္ဒူလူမျိုးများ ဖြစ်သည့်အလျောက် အာနာပါနကမ္မဋ္ဌာန်းရပြီးသည့်နောက် အလင်းရောင်နိမိတ်များ မြင်ရရာတွင် ဆရာကြီးအား အလွန်အထူးကျေးဇူးတင်ကြ၍ ၎င်းတို့၏ ဂုရုကြီးဖြစ်လာရတော့သည်။ ၎င်းတို့အယူအဆအရ (Divine Light) ခေါ် အလင်းရောင် မြင်ရခြင်းမှာ ၎င်းတို့ ဘာသာရေးလုပ်ငန်းတွင် အဆင့်အတန်းအမြင့်ဆုံးဖြစ်ရကား ၎င်းတို့ ဘဝတသက်တာအတွက် မမျှော်လင့်ခဲ့သော ဘာသာရေး ဆုလာဘ်ကြီး ရရှိသွားကြခြင်းပင်ဖြစ်သည်။ မစ္စတာဘင်ကတာရာမန်မှာ ပါရမီရှင်တဦးဖြစ်သည့်အလျောက် အာနာပါနကမ္မဋ္ဌာန်းအဆင့်မှ ကျော်လွန်၍ ဝိပဿနာဉာဏ်အစစ်အမှန်သို့ ရောက်ရှိသွားရာ၊ **သန္တိသုခတိုင်အောင် တရားတော်၏** အကျိုးကျေးဇူး သဏ္ဌာန်ထူးများကို သုံးဆောင်သွားခဲ့နိုင်ပေသည်။ ၎င်း၏ ထူးခြားသော ပါရမီကြောင့် တရားထူးများတွေ့ရှိပုံကို၊ အဂ္ဂမဟာပဏ္ဍိတလေသာ ဆရာတော်နှင့် မစိုးရိမ်ဆရာတော်ဘုရားများကိုယ်တိုင် (A. G ) အေဂျီရုံး တရားခန်းသို့ ကြွရောက်စစ်ဆေး ကြည့်ရှုတော်မူသွားကြဘူး၍ ကြေနပ်လက်ခံသွားတော်မူခဲ့သည်။

ဤမျှ ကိုယ်၏ ချမ်းသာမှု၊ စိတ်၏ချမ်းသာမှုနှင့်တကွ ပါရမီရှင်တို့အဖို့ **သန္တိသုခတိုင်အောင် ဆရာကြီးက** လက်တွေ့ပို့ဆောင် ပြသပေးနိုင်လာသောအခါ ၎င်း၏ ရုံးသူရုံးသားများသာမက ရုံးသူရုံးသားများ၏ မိသားစုများ ဆရာကြီးထံ တရားယူကြရန် စိတ်ဝင်စားလာကြ၏။ ထိုအခါ အေဂျီရုံးအပေါ် ထပ်ရှိ တရားခန်းကလေးသည် ၎င်းတို့အတွက် နေရာထိုင်ခင်း မလုံမလောက်ဖြစ်လာတော့သည်။ ထို့ကြောင့် တရားရှာလိုသူ ရုံးသူရုံးသားနှင့် ၎င်းတို့ မိသားစုများအတွက် ကျယ်ပြန့်စွာ အေးချမ်းသော တရားဌာနအသစ်တခု ဖွင့်လှစ်ရန် အရေးကြီးလို့လာပေတော့သည်။

# အခန်း (၃)

# ဓမ္မရောင်ခြည်စေတီတော်နှင့် လင်းလွန်းပင်ပျို

## (က) တမူထူးခြားသည့် စေတီပုံတော်

ရန်ကုန်မြို့ အင်းယားမြို့င်လမ်း အလယ်ဗဟိုရိနီးပါးလောက်တွင် ခြံအမှတ် ၃၁ (က) တည်ရှိသည်။ ခြံအဝင် တံခါးဘေးတိုင် ၂ တိုင်၏ ထိပ် ကို ပေါင်းကူးလျက် ''အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန''ဟု ဆိုင်းဘုတ်တခု တပ်ဆင်ထားသည်။ ၎င်းဆိုင်းဘုတ်မှာ အတန်ငယ်မြင့်၍ စာလုံးများလည်း မကြီးလှသောကြောင့် ဖြတ်သွားသူများ သတိပြုမိခဲလှသည်။ ဆိုင်းဘုတ်အောက်မှ ဖြတ်၍ ဘေးခြံ ၂ ခြံ ရှိ လမ်းကြားကလေးအတိုင်း အတွင်းသို့ ကိုက်(၂၀၀) မျှ ဝင်သွားသော် မမျှော်လင့်ခဲ့သော မတောင်ကုန်းကလေးတခုကို ရုတ်တရက် တွေ့မြင်ရပေမည်။ တောင်ကုန်းကလေး၏ အမြင့်ဆုံးအပိုင်းတွင် ရွှေရောင်တဝင်းဝင်း တောက်ပလျက်ရှိသော ထူးခြားသည့် ပုံသဏ္ဌာန်ရှိသည့် စေတီတော်တဆူကို ဖူးတွေ့ရပေမည်။ ၎င်းစေတီကား မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီး ရုံးဝိပဿနာအဖွဲ့က တည်ထောင်ထားသည့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ် ငန်းဌာန၏ ဗဟိုရိချက်မ ဖြစ်ပေသည်။

တောင်ကုန်းခြေရင်းမှ တင်းရှူးပင်ပျို၊ သရက်ပင်ပျိုများ ဝန်းရံလျက်ရှိသော အုတ်လှေကားဖြင့် တက်၍သွားသော် ပေ (၂၀) ခန့်အမြင့်တွင် စေတီယင်ပြင်သို့ ဆိုက်ရောက်ပေမည်။ စေတီယင်ပြင်၏အတွင်း ပရင်္ဂဏ်အလယ်ဗဟိုရ်၌ ဖူးတွေ့ရသော စေတီတော်မှာ မြန်မာပြည်အရပ်ရပ် ဖူးတွေ့ကြရသောမည်သည့် စေတီ၊ ပုထိုးနှင့်မျှမတူဘဲ တမူထူးခြားလျက်ရှိသည်။ ဘိနပ်တော်ဟု ခေါ်ဆို

ရမည်ဖြစ်သော အောက်ခြေ အာလိန် ၂ ဆင့်ခံပြီးလျှင် ယင်းအပေါ်မှ ကုလားကျောင်း၊ ကုလားကျောင်းအပေါ်တွင် ပစ္စယာအဆင့်မပါဘဲ ကွမ်းတောင်ဆင့် တက်ထားသည်။ တဖန် ကွမ်းတောင်အပေါ်၌ စေတီအထွဋ်တင်ထားပေရာ ယေဘုယျသဘောအားဖြင့် ပုဂံအာနန္ဒာဘုရားကြီး တည်ဆောက်ပုံနှင့် အခြေခံ တူသယောင်ယောင်ရှိပေသည်။

သို့ရာတွင် အသေးစိတ်လေ့လာပါက အာနန္ဒာဘုရားကြီးနှင့် လုံးဝ မတူ ကွဲပြား ခြားနားနေသည်ကို တွေ့ကြရပေမည်။ ဤစေတီတွင် ကုလားကျောင်းမှာ ပုဂံဘုရားကဲ့သို့ လိုဏ်ဂူဖြစ်သော်လည်း လေးဖက်မုခ်ဝဖြင့် လေးထောင့်ပုံ မဟုတ်ဘဲ၊ မုဒ်ဝ ရှစ်ခုပါသော ရှစ်မြောင့်ပုံသဏ္ဍာန်ဖြစ်သည်။ တဖန် ကုလားကျောင်း အလယ်ဗဟိုရ်တွင် မည်သည့်ရုပ်ပွား တော် ဆင်းတုတော်မျှ တည်ထားခြင်းမရှိဘဲ၊ အဝိုင်းသဏ္ဍာန် ခန်းမကြီးသာ တည်ရှိသည်။ ၎င်းဗဟိုရ်ခန်းမကို ဝန်းရံ၍ ရှစ်မြောင့်ပုံအလိုက် အခန်းငယ်ရှစ်ခု ဖွဲ့ထားသည်။ ၎င်းအခန်းငယ်များ၏ ပြင်ပ တံခါးများမှာ ကုလားကျောင်း၏ မုဒ်ဝ ရှစ်ခု ဖြစ်တော့သည်။ အတွင်းတံခါး ရှစ်ခုဖြင့် ထိုအခန်းငယ်ရှစ်ခုကို ဗဟိုရ်ခန်းမကြီးနှင့် ဆက်ထားသည်။ အလယ်ခန်းမကြီးတွင် တရားပြသပေးသော ဆရာကြီးထိုင်၍ တရားသမားများသည် အခန်းငယ်များတွင် အသီးသီး နေရာယူကြသည်။

ဤ ကုလားကျောင်းလိုဏ်ဂူ အလယ်ဗဟိုရ်တည့်တည့်မှ အထက်သို့ မော့ကြည့်ပြန်လျှင်လည်း ကွမ်းတောင်အဆင့်တက်ရမည့်နေရာတွင် အလယ်တည့်တည့် ချွန်တက်သွားသော ငှက်ပျောဖူးသဏ္ဍာန် လိုဏ်ခေါင်းတခုကို တွေ့ရပေမည်။ တနည်းဆိုသော် ကုလားကျောင်း အထက်မှ ကွမ်းတောင်အဆင့်မှာလည်း အခိုင်အမာ ထုထယ်ကင်းပိတ်မဟုတ်ဘဲ၊ အတွင်းဖက် ဟာနေသော လိုဏ်ခေါင်း အသွင် ကွမ်းတောင်ဖြစ်နေပေသည်။

လိုဏ်ဂူအခန်းငယ်တခုတွင် မြတ်စွာဘုရား ရုပ်ပွားတော်တဆူကို ပလ္လင်တကဲတော်နှင့် စံပါယ်နေသည်ကို ဖူးတွေ့ရသည်မှတပါး အခြားစည်သည့်အရာမျှ မတွေ့မြင်ရသဖြင့် ရှေးဦးတွင် မြတ်စွာဘုရား၏ ဓာတ်တော် မွေတော် ရုပ်ပွားတော် စသည်ကို ပူဇော်ဌာပနာထားခြင်းမရှိဘဲလျက် စေတီအဖြစ်တည်ဆောက်ထားသည်ကို အံ့ဩသွားကြပေလိမ့်မည်။

သို့ရာတွင် အတွင်းပိုင်းနံရံများကို စေ့စေ့ငုသေချာစွာ တဖန်ထပ်မံလေ့လာလျှင် အဖိုးအနဂ္ဃပဖြတ်နိုင်စွမ်းသည့် ဓမ္မရတနာများကို အဓွန့်ရှည်စွာ တည်တန့်ခိုင်မြဲရန် စီမံပြုလုပ်၍ ဌာပနာထားသည်ကို တွေ့ရှိကြရပေမည်။

မြတ်စွာဘုရား ရုပ်ပွားတော် စံပယ်တော်တော်မူရာ အခန်းကလေး၏ အပေါ်နံရံတည့်တည့်တွင် အောက်ပါဒေသနာတော်ကို အထူး စီမံ ထားသည့် ကြေးပြားများ၌ ဖောင်းကြွစာလုံးများဖြင့် ထုထွင်း ခတ်နှိပ်ထားသည် တို့ကို တွေ့ကြရပေမည်။

(ဗောဓိဓာတ်ဖွင့်)

ဇယျမင်္ဂလာ ဂါထာတော်များ

အနေကဇာတိသံသာရံ၊
သန္ဓာဝိဿံအနိဗ္ဗိသံ၊
ဂဟကာရံဂဝေသန္တော၊
ဒုက္ခာဇာတိပုနပ္ပုနံ၊
ဂဟကာရကဒိဋ္ဌောသိ၊
ပုနဂေဟံနကာဟသိ၊
သဗ္ဗာတေဖာသုကာဘဂ္ဂါ၊
ဂဟကူဋံဝိသင်္ခတံ၊
ဝိသင်္ခါရဂတံစိတ္တံ၊
တဏှာနံခယ မဇ္ဈဂါ။



ဓာတ်ပညာအဖွဲ့တံဆိပ်

ဘုရား၊ တရား၊ သံဃာ ရတနာမြတ် (၃) ပါးတို့၏ ကျေးဇူးမြို၊ ကျေးဇူးကြေးတို့ကို ဝန်မလေးရအောင် ဆပ်ပေးပူဇော်သောအားဖြင့်–

"ဓမ္မရောင်ခြည်"

ဤစေတီတော်ကို တည်ထား ပူဇော်၍ (မဂ်ပညာ–ဖိုလ်ပညာ) တရားတော်ကို ပေးလှူခြင်းတည်းဟူသော ဓမ္မဒါနအမှုတို့ကို ပြုကြပါကုန်အံ့။

ဒေဝါသနင်း သကြားမင်းနှင့်တကွ၊ သာသနာတော်စောင့် နတ်မင်းကြီးအပေါင်းတို့ထည် လိုအပ်သောအား၊ လိုအပ်သော အစောင့် အရှောက်၊ လိုအပ်သော အကူအညီတို့ကို ပေးတော်မူကြပါစေကုန်သတည်း။

ဘခင်

၁၃၁၄ ခု၊ ကဆုန်လပြည့်နေ့။ ဥက္ကဋ္ဌ

၎င်းအဓိဌာန် စာတမ်း၏ ယာဘက်မှစ၍ လက်ျာလှည့်အလိုက် အခန်းရှစ်ခန်း၏ နံရံအထက်ပိုင်းများတွင် ဥဒါန်းပါဠိတော်၊ ဗောဓိဝဂ်ဥဒါန်း ၇ ါထာတော်များကို ကြေးပြားခုနစ်ချပ်တွင်၎င်း၊ ဓမ္မစက္ကပဝတ္တနသုတ္တကို ကြေးပြားငါးချပ်တွင်၎င်း၊ အနတ္တလက္ခဏသုတ္တကို ကြေးပြား (၃) ချပ်တွင် ၎င်း ကမ္မည်းထိုး၍ အဓိဌာန်စာတမ်း၏ ဝဲဘက်စွန်အရောက် အခိုင်အမာအုတ်နံရံများတွင် မြုပ်နှံပူဇော်ထားသည်။

၎င်းတို့အထက်ငှက်ပျောဖူးသဏ္ဍာန်၊ကွန်းတောင်လှိုဏ်ခေါင်း၏ အောက်ခြေပတ်ပတ်လည်၌ မင်္ဂလသုတ္တ၊ ရတနသုတ္တ၊ မေတ္တာသုတ်မှစ၍ မဟာသမယသုတ္တအထိ ဗုဒ္ဓဘာသာ လူမျိုးတိုင်း၏ လက်စွဲဖြစ်သော ပရိတ္တပါဠိတော်များကို ကြေးပရပိုက်လေးချပ်တွဲ ရှစ်တွဲဖြင့် ကမ္မည်းထိုးနှံကာ ပိုင်းရံ၍ ပူဇော်ထားပြန်သည်။ လှိုဏ်ခေါင်း၏ အတွင်းထိပ်ဖျား အပိုင်းကို ဟသ်ပြဒါးသုတ်၍ ရွှေအထပ်ထပ်ချထားရကား ဝင်းပြောင်ထိန်လက် ကြည်ညိုဘွယ် ကောင်းလှပေ၏။

ဤသို့ဖြင့် ဓမ္မရောင်ခြည် ဘွဲ့မည် ပေးထားသည်နှင့် ကိုက်ညီလှစွာ ဗုဒ္ဓဘုရား၏ တရားတော် အဆီအနှစ်များကို ကမ္ဘာရှည်စွာ တည်တန့်စေရန်ပြုပြင်စီမံ၍ ပူဇော်ဌာပနာထားသည် ဖြစ်ရကား ဤစေတီတော်သည် ဓစ္စစေတီတော် တဆူအဖြစ် ပူဇော်ထိုက်လှပေတော့သည်။

မြတ်စွာဘုရား၏ ဓမ္မအမွေတော်တို့ ပူဇော်ဌာပနာထားရာ ကုလားကျောင်းလှိုဏ်ဂူကို အထက်တွင် ရှစ်မြှောင့်ပုံ ကွန်ကရိအမိုးပြားဖြင့် ပိတ်ဆီးကာရံထား၏။ ဂူအခန်းငယ်တခုစီ၏ အပေါ်တည်တည့် အမိုးပြား ပေါ်တွင် သမရိုးကျစေတီငယ်ကလေးတဆူစီကို အုတ်ဖြင့်တည်ဆောက်ထား၏။ အလယ်ဗဟိုငှက်ပျောဖူးသဏ္ဍာန် ချွန်တက်လာသည့် ကွန်းထောင်လှိုဏ်ခေါင်းကို အပြင်မှ အုတ်များဖြင့် ဝန်းရံခါ၊ စေတီတဆူအဖြစ် ပုံဖော်ထားပေသည်။ ထို့ကြောင့် ကွန်းထောင်အဆင့်နှင့် စေတီအပိုင်းမှာ တထပ်တည်းဖြစ်နေ၍ စေတီအတွင်းကိုယ်ထည်မှာလည်း လှိုဏ်ခေါင်းပကတိသာဖြစ်ပေသည်။ စေတီ၏ ထီးတော်မှငှက်ပျောဖူးကို ဒေသနာတော်များ ခပ်နှိပ်ထားသော ကြေးပြားများ ကဲ့သို့ အထူးစီရင်ထားသည့် ကြေးသတ္တုဖြင့် ပြုလုပ်ထားခြင်းဖြစ်ပေသည်။

ဌာပနာတိုက်ခန်းဖြစ်သော ကုလားကျောင်းလှိုဏ်ဂူမှ အခန်းငယ်တခုကိုဖြတ်၍ အပြင်သို့ပြန်ထွက်ခဲ့လျှင် အုတ်နံရံနိမ့်နိမ့်ဖြင့်ပတ်ရန်လျက် အတွင်းပရ

ဝုဏ်ကို တွေ့ရ၏။ ထိုမှလွန်သော် အပြင်ပရဝုဏ် သို့မဟုတ် ရင်ပြင်သို့ ပြန်ရောက်ပေမည်။

ရင်ပြင်မှ တောင်ဘက်စူးစူးသို့ ရှုမျှော်လိုက်လျှင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တိုက်အိမ်၊ သစ်ပင်ထိပ်ဖျားများအထက်၌ မားမားမတ်မတ်ဖူးမြင်ရချေမည်။ ဤတွင် ဓမ္မရောင်ခြည် စေတီတော် အတွက် နေရာရွေးချယ်ပုံ၊ တည်ဆောက်ပုံ၊ စေတီ၊ ပရဝုဏ်၊ ရင်ပြင်စသည်တို့ တခုနှင့်တခု ဆက်သွယ်နေရာချထားပုံတို့ကို ဂရုတစိုက်လေ့လာလျှင် မချီးကျူး၊ မအံ့သြဘဲ မနေနိုင်ဘွယ်ရာ တွေ့မြင်ကြရပေမည်။

ဓမ္မရောင်ခြည် စေတီတော်တည်ရှိရာ ကုန်းမြေမြင့်ကလေးသည် တောင်နှင့်မြောက် ဖြောင့်တန်းစွာ တည်ရှိနေသည်။ ၎င်း၏ တောင်ဖက်စွန်းသည် ရုတ်တရက် နိမ့်ဆင်းငုံ့လျှိုးသွားရာမှ အလယ်တွင် ရွှေတောင်ကြားရပ်ကွက်ကိုကျော်ဖြတ်ပြီး ရွှေတိဂုံစေတီတော်ကြီး၏ သိင်္ဂုတ္တရကုန်းတော်တည်ရှိရာ၌ မြင့်မောက်ထွက်ပေါ်လာပြန်သည်။ ထို့ကြောင့် ၎င်းကုန်းကမူကလေးကို သိင်္ဂုတ္တရကုန်းတော်ကြီး၏ မြောက်ဖက်စွန်းအစွယ် အငူအဖြစ် အမှန်ယူဆနိုင်ပေသည်။ တနည်းအားဖြင့် ၎င်းကုန်းမြင့်ကလေးသည် သိင်္ဂုတ္တရကုန်းတော်ကြီးကို မြောက်ဖက်မှ ဦးတိုက်ကန်တော့နေဘိသို့လည်း ရှုမြင်နိုင်ပေသည်။

စေတီရင်ပြင်မှ ရွှေတိဂုံစေတီကို လှမ်းမျှော် ဖူးတွေ့ရသည့်နည်းတူ ကုလားကျောင်း လှိုဏ်ဂူတွင်း တောင်ဖက်ဆုံးခန်းရှိ ဆင်းတုတော်ကို ဝတ်ပြုတုတ်ကျိုး၊ လက်စုံမိုးလိုက်သည်နှင့် တပြိုင်နက် လေးဆူဓာတ်ပုံ ရွှေတိဂုံတော်မြတ်ကိုလည်း ပူဇော်ရို့ကျိုး၊ ရှိခိုးပြီးဖြစ်တော့၍ ကုသိုလ် ၂ ဆတိုးရသည်ဟု သဒ္ဓါယုံကြည် ဖြစ်နိုင်စရာ ရှိပေသည်။

စေတီတော်၏ ဗဟိုချက် အောက်မြေသားကို မြေသားအတိုင်းထား၍ ကျန်ပတ်ပတ်လည် စိုင်းရံနေသော ကုန်းမြေကို လှိုဏ်ဂူကြီးအဖြစ် တူးထားပြန်သည်။ ၎င်းလှိုဏ်ဂူကြီးကို ကမ္ဗဌာန်းခန်းကလေး (၁၇)ခန်းအဖြစ် အပေါ်မှ အခန်းများအတိုင်း ဖွဲ့၍ထားသည်။ အခန်းကလေးများ၏ပတ်လည်၌ စင်္ကြံနှင့်လမ်းငယ်ကလေးထားရှိ၍ လှိုဏ်ဂူနံရံကို ကွန်ကရစ်ကိုင်ထားရာ အပေါ်စေတီရင်ပြင်ကိုလည်း အထောက်အပင့်သဖွယ် ဖြစ်နေပေသည်။ မူလ လှိုဏ်ဂူခန်းကလေး (၁၇)ခန်းရှိရာမှ နောင်တွင်လှိုဏ်ဂူနံရံ တပိုင်းကို ဖောက်ထွင်းပြီးလျှင် ယခင်အခန်းအချို့နှင့် မျက်နှာချင်းဆိုင်တွင် ဂူအခန်းကလေး (၈)ခု ထပ်မံတိုးချဲ့ဆောက်ပြန်သည်။

အောက်လှိုဏ်ဂူအခန်းများသို့ သက်ဆင်းရန် တောင်ဖက်စွန်း၌လှေခါး တခု၊ အနောက်ဖက်၌ လှေခါးတခု တပ်ဆင်ထားရှိ၏။ ကျယ်ပြန့်သော ထိုလှေခါးပေါက်များသည် အောက်ဂူအတွက် လေဝင်လေထွက်ပေါက်များဖြစ်ကြသည်။ လှိုဏ်ဂူအခန်းငယ် အသီးသီးတွင် တံခါးများတပ်ဆင်ထား၍ အခန်းအတွင်းသို့ အလင်းရောင် မရောက်ရှိနိုင်ပေ။ တံခါးရွက်များတွင် တရုပ်ကပ်များ တပ်ဆင်ထားသောကြောင့်လည်း လေဝင်လေထွက်မျှတပြီး အသက်ရှူရန်ခက်ခဲခြင်းမရှိပေ။ အခန်းအသီးသီးနှင့် စင်္ကြံနံတွင် လျှပ်စစ်ခေတ်မီးများ တပ်ဆင်ထားသောကြောင့် လှိုဏ်ဂူအတွင်းသို့ တက်ဆင်းရာတွင် ဘေးရန်ကင်းရှင်းလွယ်ကူလှပေသည်။

## (၁၃) လင်းလွန်းပင်ပျို။

စေတီ၏ အရှေ့တောင်ယွန်းယွန်း အပြင်ပရဝုဏ် အလွန် လောက်တွင် လင်းလွန်းပင်ပျိုတပင်ကို အုတ်ခုံဝိုင်းရံလျက် စိုက်ပျိုးထားသည်ကို တွေ့ရှိရသည်။ တပေါင်းတံခူး နွေလဆန်းတွင် ရွက်ဟောင်းကြွေပျောက် ရွက်သစ်ရောက်လာချိန်၌ ပုရစ်ဖူးတန် အစီအရီ ထွက်ပြူလာပြီးနောက် ပန်းနုရောင်ရွက်သစ်ကလေးများ မြင်ရချိန်တွင် စေတီတော်နှင့် လင်းလွန်းပင်သည် လွန်စွာပနာရလှသည်။

၎င်းလင်းလွန်းပင်ပျို စိုက်ပျိုးနိုင်လာပုံ အကြောင်းမှာလည်း စိတ်ဝင်စားဘွယ်ရာ ကောင်းလှသည်။ ငွေစာရင်းမင်းကြီးရုံး ဘုရားခန်းကလေးထည်းတွင် ဝိပဿနာတရားများ ဆရာကြီး ဦးဘခင် စတင်ပြသပေးသည့် အချိန်လောက်တွင် ၎င်း၏နေအိမ် ဝရံတာရှိ ပန်းအိုးတအိုးတွင် ငှက်ချီလာသည့် မျိုးစေ့မှ ပေါက်ရောက်လာသည်ဟု မှတ်ထင်ရသော လင်းလွန်းပင်ငယ် (၂) ပင် တွေ့ရှိခဲ့ရသည်။ ၎င်းအပင်ငယ်ကလေးများကို ဆရာကြီးသည် အိုးခွဲ၍ ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့သည်။ ဓမ္မရောင်ခြည်စေတီတော် တည်ဆောက်ပြီးသောအခါတွင် လင်းလွန်းပင်ငယ်တခုကို ယခုနေရာသို့ ရွှေ့ပြောင်းစိုက်ထားရာမှ ပင်ပျိုရွယ်အဖြစ် ရောက်ရှိလာခြင်း ဖြစ်သည်။

## (၂၈) ဓမ္မာရုံ

စေတီတော်၏ အပြင်ပရင်္ဂဏ်အလွန် မြောက်ဖက်၌ (၃) ခန်း (၅) ခန်း အဆောက်အဦးတခုသည် ထိုဌာန၏ ဓမ္မာရုံဖြစ်ပေသည်။ မြောက်ဖက်စွန်းတွင် ဝါးထရံကာ အခန်း(၂) ခန်း ဖွဲ့ထား၍ စာအုပ်စာတမ်းများနှင့် ပရိဘောဂ များ ထားသိုရာ အခန်းများဖြစ်သည်။ တောင်ဖက်ပိုင်း အကာလွှတ်နေရာတွင် ဆရာကြီးသည် တပည့်တပန်းများအား တရားရှင်းလင်း ဟောပြောခြင်း၊ ပြင်ပ ဧည့်သည်များအား လက်ခံတွေ့ဆုံခြင်းများ ပြုလုပ်သည်။ ဤ နေရာ တွင် ပင် ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့ စသော နေ့ထူး ရက်မြတ်တို့၌ မြတ်စွာဘုရားအား ရည်မှန်း၍ သက်သတ်လွတ်ဆွမ်း၊ ပန်း၊ ရေ ချမ်း တို့ကို တပည့်တပန်းများနှင့် စေတီရှိရာ တောင်ဖက်သို့ မျက်နှာမူ၍ ပူဇော် ဆက်ကပ်မြဲ ဖြစ်သည်။ ဆရာတော်၊ သံဃာတော်တို့အား ဆွမ်း သင်္ကန်း၊ စသည့် အလှူအတန်း ကောင်းမှုကုသိုလ်ပြုရာ ဌာနလည်း ဖြစ်ပေသည်။

ဓမ္မာရုံဇရပ်ကြီးကို နောက်ကာလတွင် မစ္စတာဂိုအင်ကာ ခေါင်းဆောင် သော အိန္ဒိယလူမျိုးများ ကုသိုလ်ကောင်းမှုဖြင့် ဝါးထရံကာအခန်းများ သည် သစ်သားကာ၊ လုံခြုံသောအခန်းများ ဖြစ်လာကြ၏။ ဓမ္မာရုံတခုလုံး ကိုလည်း ခြင် လုံ သံဇကာများ တပ်ဆင်လိုက်သဖြင့် တရားနာပရိသတ်တို့ အချိန် အခါမရွေး ခြင်အနှောက်အယှက်မှ ကင်းဝေးကြရ၏။

ဤဓမ္မာရုံ ရှေ့ခန်းအလယ်တွင် လျှပ်စစ်ပန်ကာတခုအောက်၌ စေတီ တွင်း တရားပြချိန်၊ တရားစစ်ချိန်၊ ပန်းဥယျာဉ်တွင်း လှည့်လည်ကြည့်ရှုနေချိန်၊ အိပ်ချိန်တို့မှလွဲ၍ ဆရာကြီးကို ကုလားထိုင်တလုံးတွင် အစဉ်အမြဲ တွေ့ကြရ၏။

ဆရာကြီး ကွယ်လွန်သောအခါ ၎င်း၏ ရုပ်ကလပ်ကိုလည်း ဤနေရာ တွင်ပင် ပြင်ဆင်ထားရှိခဲ့၏။ တပည့်တပန်းများ၏ ပူဇော်ကန်တော့ခြင်းကို ခံ ယူသွားခါ ဤနေရာမှပင် ဖုတ်ကျွဲးသင်္ဂြိုဟ်မည့် ကြံတောသုသာန်သို့ ထွက်ခွာ သွားခဲ့ပေသည်။

## (၂၉) တရားအားထုတ်သူတို့အတွက် တည်းခိုရိပ်သာများ။

လင်းလွန်းပင်ပျို၏ တောင်ဖက်သို့ ထိုးထွက်လျက်ရှိသော ကုန်းပြန့် ကလေးပေါ်တွင် အုတ်ကြွပ်မိုး အုတ်နံရံကပ် အဆောက်အဦးကလေးသည်

တရားအားထုတ်လာသူ ယောကျ်ားများ တည်းခိုနေထိုင်ရာရိပ်သာဖြစ်ပေသည်။ တောင်ဖက်ဆုံးတွင် စာကြည့်ခန်း၊ အိပ်ခန်း၊ ရေချိုး၊ အိမ်သာအပြည့်အစုံ၊ သီးသန့် အခန်းတခုဖွဲ့ထားရာ ၎င်းအခန်းတွင် စေတီသို့ ဝေဘူဆရာတော်ဘုရားကြီး ကြွရောက်ချီးမြင့်စဉ်က သီတင်းသုံးသွားတော်မူခဲ့သည်။ ကျန်အပိုင်းများကို ယောဂီပုဂ္ဂိုလ်နှစ်ဦး သက်သာချောင်ချိစွာနေနိုင်ရန် အခန်းများဖွဲ့ထား၍ ရေ မီး အပြည့်အစုံ တပ်ဆင်ပေးထားသည်။

အမျိုးသမီး၊ အမျိုးသား အားလုံးအတွက် သီးသန့်ရေချိုးခန်းများနှင့် ရေဆွဲအိမ်သာများလည်း ၎င်းတို့ရိပ်သာခန်းများနှင့် မလှမ်းမကမ်းတွင် တည်ဆောက် ပေးထားရာ တရားသမားအားလုံး ချမ်းချမ်းသာသာ နေထိုင်နိုင်ကြပေသည်။

ဓမ္မာရုံ မြောက်ဖက်စွန်းတည့်တည့်၌ ဆရာကြီး၏ အိပ်စက်အနားယူ နေထိုင်ရာ သီးသန့် အုတ်နံရံကပ် တိုက်သစ်တခုရှိသည်။ စာရေး၊ စာ ဖတ် ပြု ရန် စာပွဲ၊ ကုလားထိုင်၊ မျက်နှာသစ်ရန် ကြွေခွက်၊ ရေပူရေနွေးရနိုင်သော ရေချိုး ခန်း၊ ရေဆွဲအိမ်သာ စသည်တို့ အပြည့်အစုံရှိသည်။ ဆရာကြီး တိုက် ခန်း မှ တောင်ကုန်းအောက်ခြေသို့သက်ဆင်းရန် အုတ်လှေခါးတခုရှိရာ ၎င်းအုတ်လှေ ခါးဘေးတွင်ကပ်လျက် အဆောက်အဦးတခု ရှိပြန်သေးသည်။ ၎င်းအဆောက် အဦးတွင်လည်း ပစ္စည်းကရိယာ အပြည့်အစုံ တပ်ဆင်ထား၍ အများအားဖြင့် နိုင်ငံခြားမှဧည့်သည်များ တည်းခိုရန်ဌာနအဖြစ် အသုံးပြုသည်။

အုတ်လှေခါးအဆုံးတွင် အဟာရဆောင်ဟုခေါ်သော စားသောက်ခန်း နှင့်ထမင်းဟင်းချက်ပြုတ်ရာ မီးဖိုခန်းတည်ရှိသည်။ တရားသမား အားလုံးတို့၏ စားသောက်ရေးကိစ္စတာဝန်တို့ကို ဤဌာနတွင် စုပေါင်းပြုလုပ်သည်။

အိန္ဒိယလူမျိုးများ စေတီတော်သို့ တရားအားထုတ်လာကြလျှင် ခြံအဝင် ဝ မော်တော်ကားရုံအနီး၌ ယာယီအစီအစဉ်ပြုလုပ်၍ ချက်ပြုတ်စားသောက်ကြ သည်။ နောင်တွင် ၎င်းတို့အတွက် သီးသန့်အဆောက်အဦးတခုကို ရိပ်သာ၏ အောက်ချိုင့်ဝှမ်းတနေရာတွင် ဆောက်လုပ်လှူဒါန်းထား၍ အမျိုးသားယောဂီ များတည်းခိုနေထိုင်ကြသည်။

## (၁၄) နတ်ဥယျာဉ်တမျှ သာယာလှဘိ

ရွှေရောင်ဖြင့် ဝင်းပလျက်ရှိသော စေတီတော်အား ဖူးမျှော်ပြီးနောက် ရင်ပြင်တော်တွင် ရပ်လျက် ပတ်ဝန်းကျင်အား လှေ့လာကြည့်မိလျှင် ပန်းမျိုး

စုံအပြိုင်အဆိုင်ပွင့်ဖူးဝေဆာလျက်ရှိသည့် နတ်ဥယျာဉ်တမျှသာယာလှသော ရိပ်မြုံတခုတွင်းသို့ ရောက်ရှိနေသည်ကို သိမြင်လာနိုင်ပေမည်။ စေတီတော်၏ အတွင်း ပရဝုဏ် စည်းအမှတ်အဖြစ် ခပ်နိမ့်နိမ့်၊ အုတ်တံတိုင်းကလေးဖြင့် ဝန်းရံထား၏။ ထိုအုတ်တံတိုင်းကလေးတွင် အကွာအဝေးညီစွာ ဘုတ်တိုင်များထည့်ထားသည်။ ၎င်းဘုတ်တိုင်များ အရေအတွက်မှာ(၂၄)ပစ္စည်း ကိုက် (၂၄) ခုရှိသည်ကို တွေ့ကြရသည်။ ဘုတ်တိုင်တခုတခု၏ ချိုင့်ဝှမ်းသော မျက်နှာပြင်တွင် မြေသားများထည့်ပြီး လှပသောပန်းပင်များ စိုက်ပျိုးထား၏။ ယခင်ကထိုပန်းအိုးဘုတ်တိုင်များတွင် အကောင်းဆုံး နှင်းဆီပန်းမျိုးတို့ မြိုင်မြိုင် ဆိုင်ဆိုင်ပွင့်ဖူးနေသည်ကို မြင်ခဲ့ရဘူး၏။ ယခုအခါတွင် နှင်းဆီပင်များနေရာ၌ ပန်းစက္ကူရောင်စုံမျိုးထူး၊ မျိုးဆန်းများကို သက်တန့်ရောင် ခြယ်ထားဘိအလား ရှုမြင်နိုင်ကြပေသည်။

ဓမ္မာရုံပတ်လည်တွင် ရွက်လှပင်မျိုးစုံနှင့် သန့်စင်ပန်း မျိုးစုံတို့ကို တိုင်များ၌ ဝေဝေဆာဆာယုယုယယစိုက်ပျိုးထားပေသည်။ ဓမ္မာရုံအနောက် မျက်နှာစာသရက်ပင်ကြီးအောက်တွင် ရေကန်ငယ်တခုရှိ၍ ၎င်းပတ်ပတ်လည်၌ ဂမုံး၊ သန့်စင်နှင့် သစ်ခွပင်များက ကြည်နူးသာယာဘွယ် ဖန်တီးနေကြပေသည်။ ဓမ္မာရုံအနောက်မြောက်စွန်းတွင် အထူးတည်ဆောက်ထားသော ခြံကလေးအတွင်း၌ သစ်ခွမျိုးပေါင်း မရေမတွက်နိုင်အောင် အများအပြားစုဆောင်းထားရှိသည်ကို တွေ့ကြရပေလိမ့်မည်။

အနောက်ဖက်သို့ မျက်နှာမူနေသည့် ကုန်းစောင်းတလျှောက်တွင်လည်း ပန်းပင်မျိုးစုံ အဆင့်ဆင့် အထပ်ထပ် အစီအရီ စိုက်ပျိုးပြုစုထားရာ စေတီဝင်းအတွင်း ဝင်လာသူတို့အတွက် သဘာဝပန်းချီကားတချပ်ကို ရှုကြည့်နေရဘိသကဲ့သို့ ကြည်နူးနှစ်သိမ့်သွားရပေမည်။

ဤအပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနသို့ တရားရေအေး ရှာဖွေသောက်သုံးရန် ရောက်ရှိလာသူ အပေါင်းသည် တရား၏ အမြိုက်အရသာကို မခံစားရမီ ဓမ္မစေတီ ရောင်ခြည်တော်၏ ရင်ပြင်တော်တွင် ခေတ္တရပ်တန့်၍ ပတ်ဝန်းကျင်ကို လေ့လာရုံမျှဖြင့် အထက်ဖော်ပြပါ ရှုမျှော်ခင်း၏ သာယာကြည်နူးဘွယ်သော အရသာကို တမဟုတ်ခြင်း ရှေးဦးစွာထိတွေ့ ခံစားရမည် အမှန်ဖြစ်ပေသည်။ ကျွန်တော်သည် စေတီကုန်းပြင်ပေါ်သို့ ပထမဦးဆုံးအကြိမ် ၁၉၆၀ ခုနှစ်၊ ဓမလည့ညတည့တွင် ပထမရောက်ရှိလာခဲ့စဉ်၊ စေတီရင်ပြင်ဝယ်

ဦးစွာရရှိခံစားခဲ့ရဘူးသော အေးငြိမ်းမှု အရသာလေး အကြောင်းကို ပထမ အခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ သာယာ ကြည်နူးဘွယ်ရာသော ခေါင်းလောင်းသံ ကလေးများအကြောင်းကိုလည်း မှတ်တမ်းတင်ခဲ့ပေသည်။ ဒေါက်တာ နေဘ်တင်ဟမ်ထံမှ စာများတွင်လည်း ဤစေတီရင်ပြင်တွင် ပြန့်ပွားလွှင့်တက်နေသော အေးချမ်းမှု အရှိန်အဝါအကြောင်းကိုရင်း၊ ကြည်နူးဘွယ် စေတီ၏ ဆွဲလွဲသံကလေးများ အကြောင်းကိုရင်း ဘတ်ရှုခဲ့ရပေပြီ။ ကျွန်တော်တွေ့ကြုံခံစားခဲ့ရသည်များသည် စိတ်ထင်မှုသာမဟုတ်၊ ဝေးလံသောနိုင်ငံခြားဒေသမှလာသည့် ပုဂ္ဂိုလ်ကိုပင်လျှင် ရောင်ပြန်ဟပ်နိုင်သည့် တန်ခိုးအရှိန်အဝါများဖြစ်တကားဟု ယုံကြည်အံ့သြရပေသည်။

## (စ) နေရာရှာပုံနှင့် တည်ဆောက်ပုံ။

ဤသို့ ကြက်သရေဂုဏ်အပေါင်းနှင့် သာယာတင့်ဆန်း ကြည်နူးဘွယ်တရားစခမ်းကြီးသည် နေ့ခြင်းညခြင်း ဖြစ်ပေါ်လာခဲ့သည်တော့ မဟုတ်ပါ။ နှစ်ရှည်လများ ပူဇော်ပျိုးထောင်၍ ဆရာကြီး၏ ထာဝစဉ် ဂရုဓမ္မစိုက်ထုတ်ခြင်းကြောင့် ယခုအခြေ သာယာစိုပြေနေသည်ကို တွေ့မြင်ကြရခြင်း ဖြစ်ပေသည်။ ငွေစာရင်းမင်းကြီးရုံး၏ ဝိပဿနာ အသင်းအဖွဲ့လုပ်ငန်းများ တိုးတက်များပြားလာပြီးနောက် ရုံးသူရုံးသားများ၏ မိသားစုများအတွက် ငွေစာရင်းမင်းကြီးရုံးခန်းရှိ ဘုရားခန်းကလေးသည် နေရာထိုင်ခင်း မလုံလောက်ရှိလာသောအခါ ကျယ်ပြန့်သော လွတ်လပ်သည့် နေရာတခု လိုအပ်လာကြတော့သည်။ ထို့ကြောင့် ဆရာကြီးသည် ၁၃၁၃ ခု၊ ပြာသိုလပြည့်နေ့ (၁၁–၁–၅၂)၌ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ဝင်များ အစည်းအဝေးခေါ်၍ ကိုယ်ပိုင်သာသနာ့မြေ ဝယ်ယူရန် ဆုံးဖြတ်ချက် ချမှတ်ကြသည်။ (၁၀) ဦးကော်မီတီဖွဲ့၍ ရံပုံငွေကောက်ခံရန် စီစဉ်ကြသည်။ အဖွဲ့ဝင်များသည် တစုလျှင်ကျပ်ငွေ (၁၀) စီဖြင့် အစုများဝယ်ယူ၍ ကုသိုလ်ပြုနိုင်ကြပေသည်။ ထို့နောက် ရန်ကုန်မြို့တဝိုက် သင့်လျော်သည့် နေရာဌာနကို ဆရာကြီးနှင့်တကွ တပည့်တပန်းတို့အပူတပြင်းလိုက်လံရှာဖွေရာမှ ဤနေရာဌာနကို တွေ့ရှိခဲ့ရပေသည်။

ယင်းသို့တွေ့ရှိပုံကို ဦးချစ်တင်၏ နေ့စဉ်မှတ်တမ်းမှ ကောက်နုတ်တင်ပြရသော် "သာသနာ့အောင်မြေ တွေ့ပြီ" (၁၅-၁-၅၂) နံနက် (၃း၁၅) နာရီ

သီလခံယူပြီး တရားအာရုံယူ၊ ရိုးတက်မတိုင်မီနှင့် ရိုးဆင်းချိန် တရားအားထုတ်သည်။ အာရုံတွင်ပေါ်သည့်အလျောက် သာသနာ့မြေကို ဆရာကြီး တွေ့ခဲ့ပြီ။ ယမန်နေ့က ကိုအုန်းတင်နှင့် မစ္စတာ ဗင်ကာတာရာမန်တို့ကို ခေါ်ပြီး ဆရာကြီး ကိုယ်တိုင် သွားကြည့်သည်။ ယနေ့ မွန်းလွဲ (၁) နာရီတွင် ဆရာကြီးနှင့်အဖွဲ့ တွင်ပါဝင်ကာလိုက်ကြည့်ရာ ယူနီဗာစီတီရိပ်သာလမ်းမှဝင်ရသော လမ်းနီလေး (ယခု အဖွဲ့တည်ရာ) ကိုရောက်၊ တောင်ကုန်းသာယာ၊ သို့သော် ဝါးရုံနှင့်သစ်တော ထူပြောနေသည်။ **ဗင်ကာတာရာမန် မြေပေါ်ထိုင်၍ တရားအာရုံယူစဉ် သာသနာတော်စောင့်နတ်ကြီး (၄) ပါး ကြွရောက်၍ အောင်မြေမှန်ကြောင်း** အမြန်ယူရန် တိုက်တွန်းသည်။ ဆရာကြီးအား ထီးမိုးပြီး အတူလာစဉ် ယခု စေတီတည်ထားသောနေရာသို့အရောက်၊ ဆရာကြီး ခေတ်အလွန်ဆွဲဆောင်ပြီး အရှေ့ဘက်သို့မျက်နှာမူကာ အာရုံနှင့်နေ၊ တောင်ဘက် (ယာဘက်) စောင်း၍ကြည့်စဉ် ရွှေတိဂုံ တောင်စူးစူးအရပ်၌ ဖူးတွေ့ကြရသည်။ (သာသနာ သိုက်သမိုင်းတခုတွင် ရွှေတိဂုံစေတီတော်၊ မြောက်စူးစူးအရပ်၌ နောင်သောအခါ သာသနာ ထွန်းပေါ်လိမ့်မည် ဟု ဆိုသည်ကို ကြားဘူးကြောင်း မိန့်ကြားသည်ကို နာခံခဲ့ရပါသည်။) ထိုနေရာကို မှတ်တိုင်စိုက်ခဲ့ကြသည်။

ဋင်းမြေကွက်ကို (၁၉၅၂) ခု၊ မေလတွင် နေလဝိဇ္ဇာ ဆရာခိုင် ထံမှ ဝယ်ယူ၍ တရားဌာန စတင်ဖွင့်လှစ်ခဲ့ပေသည်။ ခြံကိုဝယ်ယူစဉ်က သရက်ပင်၊ ပိန္နဲပင်၊ ငှက်ပျောပင်တို့ အပြည့်ဖုံးလွှမ်းလျက်ရှိသော တောကြီးတမျှသာ ဖြစ်ခဲ့သည်။ ပတ်ပတ်လည် အိမ်ဝင်းခြံများလည်း တည်ဆောက်စဖြစ်ရာ၊ ဤနေရာသို့ ဝင်ရန်လမ်း ဟူ၍ မရှိချေ။ သူတပါးပိုင် ခြံဝင်းကြားမှ ရှုံညှိများကို ဒူးဆစ်မြုတ် ဖြတ်ကျော်မှ ရောက်ရှိရသည်။ ဝင်းခြံတနေရာတွင် ပိုင်ရှင် အခွင့်မပေးဘဲ ကျူးကျော်တဲတလုံးဖြင့် ဝင်ရောက်နေထိုင်သော သက်န်းဝတ်တဦး၏ ပြဿနာကလည်း ရှိသေးသည်။ နေလဝိဇ္ဇာ ဆရာ ဆရာခိုင်ထံမှ ဝိပဿနာ အသင်းက အပြီးအပိုင် လွှဲပြောင်းဝယ်ယူပြီး ဖြစ်ကြောင်း၊ ဤနေရာတွင် တရားဌာနတခု ဖွင့်လှစ်မည်ဖြစ်၍ ဖယ်ရှားပေးရန် ပြောဆိုရာ မရ၊ ဇွတ်အတင်း တွယ်ကပ်နေထိုင်ခဲ့၏။

ဤသို့ အခက်အခဲများကြားမှ တောင်ကုန်းကလေးခြေရင်း သရက်ပင်ကြီးအောက်တွင် တဲကြီးတလုံး တည်ဆောက်ခါ တရားပြသော လုပ်ငန်းကို အဆက်မပြတ် ဆောင်ရွက်ခဲ့ကြပေသည်။ စနေနေ့တွင် ရုံးသူရုံးသား မိသားစုများ ဤတောကြီးဖုံးလွှမ်းရာတောင်ခြေသို့ စုရုံးရောက်လာကြ၍ တရားနာ၊

တရားယူ၊ တရားထိုင် စသည့် ကုသိုလ်ကောင်းမှုများကို ဇွဲကောင်းကောင်းနှင့် ပြုလုပ်ခဲ့ကြ၏။ ဤတွင် တရားသမားများ စုစုရုံးရုံးဖြင့် တရားလုပ်ငန်း လုပ်ဆောင်နေသောပတ်ဝန်းကျင်တွင် မနေနိုင်တော့သောသက်နီးဝတ်သည် အလို အလျောက်ပင် ရွှေ့ပြောင်းသွားတော့ရာ အခက်အခဲတခု ပြေပျောက် သွားတော့၏။

အနီးအနား ခြံမြေပိုင်ရှင်တို့နှင့် အကြည်အသာ စကားကမ်း လှမ်း ၍ ထွက်လမ်း၊ ဝင်လမ်းရရှိလာပြီး အင်းယားမြိုင်လမ်းကိုလည်း အကျအနဖောက် လုပ်လိုက်သောကြောင့် စေတီကုန်းမြေသို့ သွားလာ လွယ်ကူ လာတော့ သည်။ ထိုမှတဆင့် ကုန်းမြေတဖိုက်ခြုံနွယ်ပိတ်ပေါင်း ရှင်းလင်းထွင်ခြင်း၊ မသင့်လျော်သည့် သစ်ပင်များကို ဖြိုလှဲခုတ်ဖြတ်ခြင်း၊ သောက်ရေ၊ သုံးရေအတွက် ရေတွင်း တူးခြင်းစသည်တို့ကို တစတစပြုလုပ်ခဲ့ကြရာမှ ကုန်းမြင့်ပေါ်တွင် စေတီတော် တည်၍ ဓမ္မာရုံဆောက်ရန် အစီအစဉ်များ ရေးဆွဲလာကြရသည်။

ဤလုပ်ငန်းအားလုံးများနှင့် စေတီတော် တည်ဆောက်ရေးအတွက် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအသင်းက ကမကထပြုလုပ်၍ အသင်းသူ အသင်းသားမိသားစုတို့သည် ငွေကြေးဝတ္ထုပစ္စည်းဖြင့်သာ အလှူဒါန ပြုလုပ်ကြသည် မဟုတ်သေး၊ ဆရာကြီးကိုယ်တိုင် ဦးဆောင်မှုအောက်၌ အုတ်သယ်၊ ရေခပ် အင်တေဖျော်စသဖြင့် ကိုယ်ထိလက်ရောက် ကုသိုလ်ပါဝင် လုပ်အား ပေးခဲ့ ကြပေသည်။

## "ကမ္ဘာကျော်ကြားသွားသော ဓမ္မစေတီရောင်ခြည်တော်"

စေတီတော် တည်ဆောက်ပြီး၍ အနီးရှိဓမ္မာရုံ၌အခြေစိုက်ခါ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအသင်း၏ လုပ်ငန်းစဉ်များကို မလွှဲမရှောင်တိုးချဲ့ပေးလာရသည်။ ဆဋ္ဌသင်္ဂါယနာ အခမ်းအနားကြီးအတွက် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များ မြန်မာပြည်သို့ ရောက်ရှိလာရာတွင် ဗုဒ္ဓဘာသာတို့၏ လက်တွေ့ လုပ်ငန်းရပ်ဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းကို သိလိုကြသည်။ လက်တွေ့ စမ်းလိုကြသည်။ သို့ဖြင့် နိုင်ငံခြားသား တရားရှာသူ ပုဂ္ဂိုလ်များ အကျိုးငှာ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန(Intesnational Meditation Centre) ဖွင့်လှစ်ပေးရသည်။ ဤသို့ဖွင့်လှစ်ပြီးနောက် မကြာမတင် အင်္ဂလန်နိုင်ငံ ပါလီမန်လွှတ်တော်အမတ်(Chrtstopher Mayhew)ခေါ် ပုဂ္ဂိုလ်ကြီးတဦးရောက်ရှိလာတော့သည်။

လန်ဒန်မြို့ ဘီဘီစီအသံလွှင့်ဌာနကြီးက ဘာသာရေးနှင့် ပတ်သက်သည့် ရုပ်မြင်သံကြား အစီအစဉ်တခုကို ထုတ်လွှင့်ရန် စီမံကိန်းတခု ပြု လုပ် ခဲ့ သည်။ ၎င်းအစီအစဉ်တွင် ကမ္ဘာ့ဘာသာရပ်ကြီးများဖြစ်သော မူစလင်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ရေဝတီနှင့် ခရစ်ယန်ဘာသာများမှ အသီးသီး မိမိဘာသာ ရပ်များအကြောင်းကို ဆွေးနွေးပြောပြကြသည်။ ကိုယ်တိုင် မိမိတို့ဘာသာက ဆိုဆုံးမသည့်အတိုင်း လက်တွေ့လိုက်နာကျင့်သုံးလျက်ရှိသော ခေါင်းဆောင်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည်။ နှီးနှောဆွေးနွေးချက်များကို ရုပ်မြင်သံကြားရိုက်ကူးပြီး လန်ဒန်မြို့ ဘီဘီစီအသံလွှင့်ဌာနမှ ရုပ်မြင်သံကြား လွှင့်ပေးရန် ဖြစ်ပေသည်။ ၎င်းအစီအစဉ်ကို စီမံခန့်ခွဲ အကောင်အထည်ဖော်ပေးရန် ဗြိတိသျှ လွှတ်တော်အမတ်ကြီးတဦးဖြစ်သူ (**Christopher Mayhew**) အား ဘီဘီစီက တာဝန် လွှဲအပ်လိုက်ပေသည်။ (**Christopher Mayhew**)သည် ဘီဘီစီအသံလွှင့်ဌာနမှ ရုပ်ရှင်ရိုက်ကူးသူ၊ အသံသွင်းသူ၊ မှတ်တမ်းရေးသူများ ပါဝင်သည့် အဖွဲ့တဖွဲ့ဖြင့် ဥရောပနှင့် အာရှနိုင်ငံများသို့ လှည့်လည်ကာ နောက်ဆုံးတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာနသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ဆရာကြီး ဦးဘခင်ထံသို့ ဘီဘီစီကကြိုတင်၍ (**Men Seeking God Television Programme**) ဘုရားရှာ နေသော လူများ အကြောင်းရုပ်မြင်သံကြားတင်ပြရန်စီစဉ်လျက်ရှိကြောင်း၊ဗုဒ္ဓဘာသာဆိုင်ရာအခန်းတွင်ဆရာကြီးတို့၏ဌာနလုပ်ငန်းကိုနမူနာအဖြစ် မှတ်တမ်းတင်လိုကြောင်း၊ လိုသပ်သောအကူအညီများကိုပေးစေလိုကြောင်းစာရေးသားတောင်းပန်ထားပြီးဖြစ်ပေသည်။(ခရစ်တိုဖါမေတူး)ရောက်လာသောအခါ ဆရာကြီးဦးဘခင်၊ လွှတ်တော် တရားသူကြီးဟောင်း(အိမ်စောင့်အစိုးရလက်ထက်တွင်ဝန်ကြီးတဦးဖြစ်ခဲ့သူ)ဦးစံညွန့်နှင့်ဆရာကြီး၏ တပည့်များထဲမှတရားလုပ်ငန်းတွင်ထူးချွန်စွာတိုးတက်မှုရှိသူ (မစ္စတာဗင်ကာရာမန်) တို့အားတွေ့ဆုံ၍ ဗုဒ္ဓဘာသာအကြောင်းအရာများ မေးမြန်းသည်။ ဆွေးနွေးသည်။ ဝိပဿနာတရားလုပ်ငန်းအရ ကမ္မဋ္ဌာန်းတရား အားထုတ်နေပုံများကို ရုပ်ရှင်ရိုက်ကူးယူသည်။ ဓမ္မရောင်ခြည် စေတီတော်တွင် တရားလုပ်ငန်းနှင့် ပါတ်သက်သည့် လုပ်ဆောင်မှုအသီးသီးတို့ကိုရုပ်ရှင်ရိုက်ကူးအသံသွင်းမှတ်တမ်းတင်သွားပေသည်။ (၁၉၅၄) ခု၊ မေလ(၃)ရက်နေ့တွင် ၎င်းမှတ်တမ်းများကို ဘီဘီစီအသံလွှင့်ရုံကြီးမှ ဥရောပတိုက်တတိုက်လုံးသို့ ရုပ်မြင်သံကြားအဖြစ် တင်ဆက်ပြသလိုက်ရာ ရွှေရောင်တဝင်းဝင်းနှင့် အံ့သြဘွယ်ရာ ဤဓမ္မရောင်ခြည်စေတီတော်ကို ဥရောပတိုက်တတိုက်လုံးက တွေ့မြင်ဖူးမျှော်လိုက်ကြရပေသည်။

**မစ္စအင်ဒါဆင်။**

၁၉၅၇ ခု၊ ဧပြီလတွင် ဒေါက်တာလီယွန်အီးရိုက်သည် ပထမဆုံး အကြိမ် ပင့်ပတ္တ်လုပ်ငန်းဌာနသို့ လာရောက်ကြည့်ရှု၏။ ထိုစဉ်က ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ကမ္ဘာကျော် ကပ္ပလီအမျိုးသမီးအဆိုတော် (မစ္စမေရီယံအင် ဒါဆင်)လည်း လိုက်ပါလာသည်။ ခေတ္တခဏမျှလာရောက်သွားသော မစ္စအင် ဒါဆင်သည် စေတီရင်ပြင်တွင် ထူးခြားသော ကြည်နူးမှု ရရှိသွားသည်ဟုဆို သည်။ နောက်တနေ့တွင် စေတီသို့ အဖူးအမျှော်ရောက်လာပြန်၏။ ကမ္ဘာ အရပ်ရပ် ၎င်းသွားရာသို့ ထက်ချပ်လိုက်ပါနေရသော ကိုလံဘီယာအသံလွှင့် ဌာန (Columbia Broadcasting Corporation)မှ၊ အသံဖမ်းနှင့် ရုပ်ရှင် ရိုက်ကူးသောအဖွဲ့လည်း လိုက်ပါလာသည်။ ၎င်းတို့သည် စေတီတော်နှင့်တကွ ပတ်ဝန်းကျင် ဥယျာဉ်ပန်းမာလ်များ၊ တရားအားထုတ်နေပုံများကို ရောင်စုံ ရုပ်မြင်သံကြား ရိုက်ကူးသွားကြသည်။ ထိုနောက် (See It Now) ရုပ်မြင်သံ ကြား အစီအစဉ်တွင် ဤရုပ်ရှင်မှတ်တမ်းများကို တင်ပြလိုက်ရာ စေတီတော် နှင့် တရားလုပ်ငန်းဌာန၏ ဆောင်ရွက်ပုံများကို အမေရိကန်ပြည်တွင် လူအများ သိရှိသွားကြသည်။

**မစ္စမေရီယံဒစ်(စ်)။**

၎င်းနောက်များမကြာမီတွင် အမေရိကန်နိုင်ငံမှ မစ္စမေရီယံဒစ်(စ်)ခေါ် အမျိုးသမီးတဦး စေတီရှေ့မှောက်သို့ မမျှော်လင့်ဘဲ ရောက်ရှိလာပြန်သည်။ ၎င်းသည် ဒေါက်တာနော်တင်ဟန်နှင့် တချိန်တည်း တရားအားထုတ်သွားခဲ့ ပေသည်။ ဖိုင်တွဲများတွင် ၎င်းထံမှ စာတစောင်တည်းကိုသာ တွေ့ရှိရသည်။ ၎င်းသော် အံ့ဩဘွယ်ရာနှင့် ပြည့်စုံသော အကျိုးစီးပွားကို ဖြစ်စေသော ဝိဇ္ဇာဉာဏ်ကို ပွင့်လင်းစေသော ကိုယ်တွေ့များကို ရရှိခဲ့ရသဖြင့် ကျေးဇူး ဥပ ကာရအထူးတင်ရှိကြောင်း၊ တရားသဘောကို တစိမ့်စိမ့်နှစ်သိမ့်ကြည်နူးစွာခံယူ ခဲ့ရကြောင်း၊ ဤကဲ့သို့ ဝိဇ္ဇာဉာဏ်များ ဖြစ်ပေါ်ရခဲ့သည့် ဤထူးခြားသော ပင့်ပတ္တ် လုပ်ငန်းဌာနနှင့် အံ့ဩဘွယ်ရာကောင်းသော ဆရာကြီး၏ လုပ်ငန်း များအတွက် ကျေးဇူးတုန့်ပြန်နိုင်ရန် ဆောင်ရွက် အားထုတ်မည်ဖြစ်ကြောင်း၊ ဤဌာနမှ ခွန်အားပြည့်ပြည့်၊ ရွှင်လန်းကြည်နူး၊ သာယာအေးချမ်းစွာ ခွဲခွာခဲ့ သော်လည်း ဤအဘိုးထိုက်တန်သော တရားကိုရရှိရန် နီးနီးကပ်ကပ်နေထိုင်ကူ ညီလိုက်ကြသောကြောင့် ကိုယ်အားဖြင့် ဝေးကွာနေရသည့်တိုင်အောင် စိတ်၌မူ

အတူတကွပင် ရှိနေသေးကြောင်း စသော အကြောင်းအရာများကို ဖတ်ရှုရလေသည်။

တရားဓမ္မရရှိရန် ဝိုင်းဝန်းကူညီကြ၍ ဤတရားဌာနလုပ်ငန်းစဉ်များကို ရုပ်ရှင်ရိုက်ကူးနိုင်ရန် လိုအပ်သ၍ အကူအညီပေးလိုက်သည်ကိုလည်း ကျေးဇူးဥပကာရအထူးတင်ရှိကြောင်း အကြိမ်ကြိမ် အဖန်ဖန် ဖော်ပြ ထားသည်ကို ဖတ်ရှုရသည်။ ရုပ်ရှင်ကော်ပြား ဆေးကြောပြီးနောက် တနိုင်ငံလုံး လှည့်လည်၍ တရားဟောပြောမည့် အကြောင်းလည်း စာတွင် ဖတ်ရှုရသည်။

ဖိုင်တွဲများတွင် မစ္စမေရီယန်ဒစ်(စ်) နှင့်ပတ်သက်၍ ဤစာတစောင်ကို သာတွေ့ရှိရသည်။ သို့သော် စေတီတွင် ၎င်းအကြောင်းကို အမှတ် တရ ပြောလျက်ရှိကြသေးသည်။ စုံစမ်းရသမျှတို့ကို ပေါင်းစပ်လိုက်သော် မစ္စမေရီယန်ဒစ်(စ်) သည် အရှေ့တိုင်းနိုင်ငံများသို့ အကြောင်းအရာ မျိုးစုံကို ရုပ်ရှင်ဖြင့်မှတ်တမ်းတင်၍ အမေရိကန်နိုင်ငံတွင် ရုပ်မြင်သံကြား အစီအစဉ်များမှပြန်လည်ဟောပြောရန် ဆောင်ရွက်လျက်ရှိသော အမျိုးသမီးဖြစ်ကြောင်း သိရလေသည်။

ယခင်က ၎င်းသည် ကုလသမဂ္ဂ ရုပ်ရှင်ဌာနတွင် အကြီးအကဲ တဦးအဖြစ် ဆောင်ရွက်ခဲ့ဘူးသည်။ မြန်မာပြည်သို့ ၁၉၅၇ ခုနှစ်အတွင်းက ဆိုက်ရောက်လာရာတွင် ကိုးရီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဖော်မိုဆာ၊ ယိုးဒယားစသည့်တိုင်းပြည်များသို့ သွားရောက်ခဲ့ပြီး၍ ထိုတိုင်းပြည်များ၏ အကြောင်းကို ရုပ်ရှင်ဖြင့် မှတ်တမ်းတင် ယူခဲ့ပြီးဖြစ်လေသည်။ မြန်မာပြည်သို့လည်း ဤကဲ့သို့ ဆောင်ရွက်ရန် လာရောက်ခြင်းဖြစ်ရာ ထိုအခါက ဖူးဘရိုက် စီမံကိန်းဖြင့် ရန်ကုန်တွင်ရောက်နေသော ဒေါက်တာ နော်တင်ဟမ်းထံတွင် တည်းခိုနေထိုင်လေသည်။ ၎င်း၏ လုပ်ငန်းအစီအစဉ်မှာ တိုင်းပြည်တပြည်တွင် တနှစ်နီးပါးခန့် နေထိုင်၍ လယ်ယာစိုက်ပျိုးရေး၊ စီးပွားရေး၊ စက်မှုလက်မှု၊ ပညာရေး၊ အုပ်ချုပ်ရေးစသည်တို့ကို အသေးစိတ်လေ့လာပြီးမှ အမေရိကန်ပြည်၏ ရုပ်မြင်သံကြား ပရိသတ်အား တဖန်ဖောက်သယ် ပြန်ချခြင်းဖြစ်လေသည်။

မြန်မာပြည် ရောက် ပြီး နောက် အစ္စရေးပါရဂူများ အကူအညီဖြင့် ကျောက်မဲမြို့အနီးတွင် ခေတ်သစ်လယ်ယာစိုက်ပျိုးမှုများ တည်ထွင်လျက်ရှိသည့်ကို ရုပ်ရှင်ရိုက်ကူးရန် သွားရာ ရှမ်းဓားပြများ၏ တိုက်ခိုက်ခြင်းခံရသော ခရီးသည်တင်ကားတွင် အကြောင်းမသင့်၍ ပါဝင်သွားရလေသည်။ ၎င်းထံမှလက်

ပတ်နာရီနှင့် ရွှေငွေထည်များ အလုခံရ၍ နောက်ကြောကိုလည်း သေနတ်ဒင်ဖြင့် ထုရိုက်လိုက်သဖြင့် ဒဏ်ရာအနည်းငယ် ရရှိခဲ့လေသည်။ ကံအားလျော်စွာ၎င်း၏ ကင်မရာများမှာ ပျက်စီးဆုံးရှုံးခြင်းမရှိဘဲ ရန်ကုန်သို့ချောမောစွာပြန်ရောက်လာနိုင်ပေသည်။ ရန်ကုန်သို့ ရောက်သောအခါတွင် ၎င်း၏ အိမ်ရှင်ဖြစ်သော ဒေါက်တာ နော်တင်ဟမ်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤပဋိပတ္တိလုပ်ငန်းဌာနသို့ လာရောက်တရားအားထုတ်နေခိုက်ဖြစ်ရာ၊ ၎င်းကလည်း အနားယူရင်းနှင့် အတွေ့အကြုံသစ်တခုအနေဖြင့် တွေ့ကြုံဘူးရန် တရားဌာနသို့လာ၍ တရားအားထုတ်နေခဲ့လေသည်။

ဒေါက်တာ နော်တင်ဟမ်းနှင့်အတူ မစ္စမေရိယန်ဒစ်(စ်) သည် တရား၌ အဆင့်အတန်းရင့်ကျက်၍ ထိုက်သင့်သော ငြိမ်းချမ်းမှုများကို အလွန်တရာ ကြေနပ်နှစ်သိမ့်စွာ တွေ့ရှိခံစားခွင့်ရရှိသွားလေ၏။ ၎င်း၏ စိတ်ဓာတ်တွင် ၎င်းရရှိသည့် တရားမှာ မြန်မာပြည်၏ မွန်မြတ်ဆုံးသော ရတနာပင်ဖြစ်ပေသည်ဟု အထူးယုံကြည်သဒ္ဓါပွားများသွားပေသည်။ သို့ကိုယ်တွေ့ယုံကြည်သဒ္ဓါပွားများလာသည့်အလျောက်၊ အမေရိကန်ပြည်ထောင်စုတွင် မြန်မာပြည်အကြောင်းကို ရောဝ်စုံရုပ်ရှင်ဖြင့် တင်ပြသောအခါ၌ ဤဌာန၏ ဗုဒ္ဓဘာသာလက်တွေ့လုပ်ငန်းနှင့်တကွ ထိုလုပ်ငန်းကို အကြောင်းပြု၍ အေးငြိမ်းမှုရပုံတို့ကို သရုပ်ဖော်သည့်အပိုင်းဖြင့် ဇာတ်သိမ်းလိုကြောင်း တောင်းပန်ပြီးလျှင် ဆရာကြီး၏ ခွင့်ပြုချက်အရ ၎င်း၏ စိတ်ကြိုက်ရောင်စုံဓာတ်ပုံကားများ ရိုက်ကူး၍သွားပါသည်။ ဤကဲ့သို့ ရိုက်ကူးသွားပြီးနောက် အမေရိကန်ရုပ်ရှင် ပရိသတ်တို့အား မြန်မာပြည်ကားပြသည့်နေရာတိုင်းတွင် ဤဌာန၏ ပဋိပတ္တိလုပ်ငန်းအကြောင်း၊ ကမ္မဋ္ဌာန်းတရားမှ မိမိကိုယ်တွေ့ခံစားရသော အေးငြိမ်းမှု အကြောင်းကို စိတ်ပါဝင်စားစွာတင်ပြ၍ ဟောပြောလျက်ရှိလေသည်။

စစ်ကြီးပြီးနောက်၊ အတွင်းရန်၊ အပြင်ရန်များကြောင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးတို့တွင် လှုပ်ရှားဆူပူ၊ ဖရိုဖရဲ၊ ဗရမ်းဗတာဖြစ်နေသော မြန်မာပြည်ကြီး၏ ထိုစဉ်အခါက ပုံသဏ္ဍာန်အမျိုးမျိုးတို့ကို တင်ပြပြီးနောက် ဤကဲ့သို့ စိတ်မချမ်းမြေ့ဘွယ်ရာ အဖြာဖြာတို့ ပြည့်လျှမ်းနေသည့် မြန်မာတို့ဒေသတွင် ဤဒုက္ခအဖုံဖုံတို့ကို ရင်ဆိုင်နိုင်စွမ်းရှိရန် ခွန်အားကိုပေးနိုင်သည့် ငြိမ်းချမ်းရေးတရား၊မွန်မြတ်သော ရတနာစစ်တည်ရှိနေကြောင်း၊ ဤရတနာနှစ်ကိုလည်း ဤဓမ္မရောင်ခြည်စေတီ၊ ပဋိပတ္တိလုပ်ငန်း ဌာနတွင် စုံစုံလင်လင်ပြည့်ပြည့်ဝဝ လက်တွေ့ ခံစားရယူနိုင်ကြောင်း၊ ၎င်းကိုယ်တိုင်လည်း

ဤအောင်မြင်မှုအရသာကို ခံယူရရှိခဲ့သဖြင့် အကျိုး စီးပွား အလှန် များပြား ကြောင်း စသည်တို့ကို ရုပ်ရှင်ကား ပြသရင်း နိဂုံးချုပ် အနေဖြင့် ဟောပြော ရှင်းလင်းလေ့ရှိလေသည်။ ၁၉၅၉ ခု၊ ဧပြီလ (၁၂) ရက်နေ့ညတွင် ၎င်း၏ ရုပ်ရှင်ကားနှင့် ဟောပြောခြင်းများကို အမေရိကန်ပြည်ထောင်စု တဝှမ်းလုံးအ တွက် ရုပ်မြင်သံကြား အစီအစဉ်တွင် ပါဝင်ထည့်သွင်းခဲ့ရာ၊ ဤဌာန၏လုပ်ငန်း စဉ် အခန်းတခမ်းကိုပင်လျှင် (၁၅) မိနစ်ခန့် အချိန်ပေးခဲ့ကြောင်း သိရလေ သည်။

ဤသို့ဖြင့် ဆရာကြီးဟောပြောသော (What Buddhism Is)စာအုပ် ကလေးကြောင့်၎င်း၊ အထက်ဖော်ပြခဲ့သော ရုပ်မြင်သံကြား သတင်းလွှင့်ချက် များကြောင့်၎င်း၊ ဓမ္မရောင်ခြည်စေတီတော်နှင့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ် ငန်းဌာန၏ ဗုဒ္ဓတရားလက်တွေ့လုပ်ငန်းလုပ်ဆောင်မှုများသည် ဥရောပ၊အင်္ဂလန် အမေရိကန် စသော အနောက်နိုင်ငံ တလွှားတွင် ထင်ပေါ် ကျော်ကြား လူသိ များလာပေတော့သည်။

## အခန်း-၄

# ရောက်လာမစဲတသဲသဲ

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတည်ရှိရာ ဓမ္မရောင်ခြည်စေတီတော်ရင်ပြင်သို့ လူပေါင်းစုံ ရောက်ရှိလာခဲ့ကြသည်။ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၏ အသင်းသူအသင်းသားများနှင့် ၎င်းတို့၏ မိသားစုများသည် ဤစေတီတော်၏ ဒါယိကာများ ဖြစ်ကြသည့်အလျောက် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှင့် အခါကြီး ရက်ကြီး များတွင် အလိုအလျောက် ရောက်ကြသည်။ ပြင်ပမှ ပုဂ္ဂိုလ်များသည်လည်း ဆရာကြီး၏ အထူးခွင့်ပြုချက်ဖြင့် စေတီသို့ ရောက်ရှိကြသည်။ ပြင်ပပုဂ္ဂိုလ်များဟုဆိုရာတွင် ဝိပဿနာအသင်းနှင့် မပတ်သက်သော မြန်မာပြည်တွင်းမှ ပုဂ္ဂိုလ်များနှင့် ပြပမှပုဂ္ဂိုလ်များဖြစ်ကြပါသည်။

ကျွန်တော် သိရှိ နားလည်ခဲ့ရသလောက် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၏ ရည်ရွယ်ချက်မှာ ငွေစာရင်းမင်းကြီးရုံး၊ ရုံးသူရုံးသားများ၊ မိသားစုများနှင့် နိုင်ငံခြားသားများအတွက် သီးသန့် ပဋိပတ္တိလုပ်ငန်းဌာနအဖြစ် ထားရှိရန်ဖြစ်ပေသည်။ မြန်မာပြည်တွင်း၌ ဗုဒ္ဓဘာသာတရားဓမ္မလုပ်ငန်းရပ်များကို တာဝန်အရ ဆောင်ရွက်လျက်ရှိကြသည့် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် ဝိပဿနာတရားအဖွဲ့ အသီးသီးရှိပြီးဖြစ်သည်။ ထို့ကြောင့် မိမိတို့သက်ဆိုင်ရာ ဆည်းကပ်ရာ နီးစပ်ရာကျောင်းကန်ဘုရား၊ တရားဌာနများ၌ အလိုရှိသောတရားဓမ္မများကို ရှာဖွေယူနိုင်ကြရကား ပြည်တွင်းမှ လူအများကို အဆီးအတားမရှိ လက်မခံခြင်းဖြစ်သည်။

နိုင်ငံခြားသားများအတွက်မူ သက်သာချောင်ချိစွာ နေနိုင်ရန် နေရာထိုင်ခင်းများ ပြုလုပ်ထား၍၎င်း၊ သိရှိနားလည်ရန် အင်္ဂလိပ်ဘာသာစကားအပြင် ခေတ်သစ်အယူအဆများနှင့် ယှဉ်၍ ဗုဒ္ဓတရားများကို လက်တွေ့ရှင်းပြ

နိုင်သောကြောင့်ရင်း၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဗုဒ္ဓဘာသာ၌ စိတ်ဝင်စားသည်ဟု အထောက်အထားတစုံတရာ ပြနိုင်လျှင်ပင် ဤဌာန၌လက်ခံခဲ့ပေသည်။

ဤသို့ လူမျိုးမရွေး၊ သာသာမရွေး ရောက်ရှိလာကြသူများသည် ရည်ရွယ်ချက်အမျိုးမျိုး၊ ရည်မှန်းချက်အမျိုးမျိုးဖြင့် လာရောက်ကြသည်ကို တွေ့ရပေသည်။ ယင်းပုဂ္ဂိုလ်များတွင် မိမိတို့ဘာသာအသီးသီး၌ ယုံကြည်မှု၊ အားထားမှုမရှိတော့သောပုဂ္ဂိုလ်များ၊ ယခုခေတ်လောကခာတ် ပညာရပ်တွင်လည်း မှီခိုဆောက်တည်ရာ မတွေ့ရှိနိုင်သဖြင့် စိတ်၏ တည်ငြိမ်မှု၊ စိတ်ချမ်းသာမှုကို ကိုယ်တွေ့ရှာဖွေလိုသူများ အများအပြားပါဝင်ပေသည်။

အခြားလူတစုမှာ မွန်မြတ်သော စိတ်ကောင်း၊ စေတနာကောင်းများ ရှိကြ၍ ကမ္ဘာကြီးတခုလုံး မီးဟုန်းဟုန်းတောက်မျှ အတိဒုက္ခရောက်နေသည်ကို မရှုစိမ့်နိုင်ကြ၍ ငြိမ်းချမ်းရေး ပေးနိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေလိုသူများ ဖြစ်ကြသည်။ ၎င်းတို့သည် မိမိတို့ ရိုးရာဘာသာရေးကို ကိုင်းရှိုင်းသူများ ဖြစ်၍ အခြား ဘာသာများကိုလည်း လေးစားသူများ ဖြစ်ကြသည်။ လူအများကိုးကွယ်သည့် ဘာသာကြီးတိုင်းတွင် မြင့်မြတ်သော အကျင့်သဘောများ ရှိသည် ဟု ယုံကြည်ကြ၏။ ဘာသာတိုင်းမှ ကောင်းမြတ်သောအချက်တို့ကို စုစည်းပေါင်းစပ်၍ လူများတို့၏အကျိုးငှာ ငြိမ်းချမ်းရေးနည်းလမ်းကောင်းတခု ဖော်ထုတ်ယူနိုင်မည်ဟု မျှော်မှန်းနေသူများ ဖြစ်ကြသည်။

တတိယအုပ်စုတွင် တက္ကသိုလ်ပါမောက္ခကြီးများ၊ ပညာရှင်ကြီးများနှင့်၊ ဘာသာရေးဆိုင်ရာ ဘုန်းတော်ကြီးများ ပါဝင်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက်၊ အနောက်တိုင်းတခွင်တွင် ဗုဒ္ဓဘာသာကို ပိုမို၍ စိတ်ဝင်စား လာကြ၏။ ထိုပညာရှင်ကြီးများသည် ဗုဒ္ဓဘာသာမှ မည်သည့် အချက်အလက်များသည် အနောက်နိုင်ငံသူ နိုင်ငံသားတို့အတွက် သင့်လျော်မည်၊ မသင့်လျော်မည်၊ ၎င်းတို့ဘာသာနှင့် ဗုဒ္ဓဘာသာ မည်သည့်အချက်အလက်များ တူညီသည်၊ ကွဲပြားသည်၊ စသည်တို့ကို လေ့လာစုံစမ်း၍ စာအုပ်စာတမ်းရေးရန် ဟောပြောပို့ချရန် ရည်ရွယ်ချက်များဖြင့် လာရောက်ကြသူများဖြစ်သည်။

## ထူးခြားသော ပါရမီရှင်များ။

### (က) မစ္စတာကိုးလ်မင်းနှင့် တဝါ့ဝါရူဝန်

ဓမ္မရောင်ခြည်စေတီတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသူများ အနက် ပဌမအုပ်စုတွင်ပါဝင်သော လူသိုက်တို့သည် စိတ်၏တည်ငြိမ်မှု၊ စိတ်၏

ချမ်းသာမှုကို ကိုယ်တွေ့သက်သက် ရှာလိုသူများ ဖြစ်ကြသည် ဟု အထက်တွင် ဖော်ပြခဲ့ပြီ။ ဤသို့ တရားစစ်စစ် လာရောက်ရှာဖွေသူများတွင် ထူးခြားသော ပါရမီရှင်များကို တွေ့ရသည်။ ၎င်းတို့မှ အထူးခြားဆုံး ပုဂ္ဂိုလ်များ သုံးလေးဦး တရားရှာပုံ၊ တရား ရသွားပုံများကို ဤနေရာတွင် မှတ်တမ်း တင်လိုပါသည်။

မစ္စတာ ကိုးလ်မင်း ဆိုသူမှာ အမေရိကန် နိုင်ငံခြားရေးဌာနမှ အရာရှိ တဦးဖြစ်၍၊ လူငယ်များ စာရိတ္တပျက်ပြားခြင်း ကာကွယ်ထိန်းသိမ်းရန်၊ စိတ်ပညာ သုတေသန ဆောင်ရွက်ရန်အတွက် ယိုးဒယားအစိုးရ၏ ပါရဂူ အဖြစ်ဖြင့် နှစ်အတန်ကြာ ဆောင်ရွက်ခဲ့သူ ဖြစ်လေသည်။ ယိုးဒယားမှ အမေရိကန်သို့ ပြန်ရာတွင် ၁၉၅၈ ခု၊ မတ်လကုန်လောက်တွင် ရန်ကုန်သို့ဝင်၍ (စထရင်း) ဟော်တယ်မှာ ခရီးတထောက်နားနေစဉ် စိတ်ပညာ လေ့လာလိုက်စားသူ ဖြစ်သည့်အလျောက် ဗုဒ္ဓဘာသာဆိုင်ရာ ကမ္မဋ္ဌာန်းလုပ်ငန်းများ ခရီးသွား ဟန်လွှဲ သကဲ့သို့ စုံစမ်းရန်ဆန္ဒ ရုတ်ခြည်း ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်း ဌာနများအကြောင်း စုံစမ်းမေးမြန်းရင်း ဤတရားဌာနသို့ မမျှော်လင့်ဘဲ အစီအစဉ်မရဘဲ သာမန် ပေးမြန်းစုံစမ်းရန် ရည်ရွယ်ချက်ဖြင့် အမှတ်မထင် ရောက်ရှိလာခဲ့တော့သည်။ ဆရာကြီး ဦးဘခင်နှင့်တွေ့ရှိ၍ ပဋိပတ္တိလုပ်ငန်း အကြောင်းအရာများကို ဆွေးနွေးပြီးနောက် မြတ်စွာဘုရားက " ဧဟိ ပဿိကော " လာလှည့် ကြည့်လှည့် ဟု ဟောကြားတော်မူထားသည့်အတိုင်း ဤတရား ကိစ္စမှာ ဆွေးနွေး မေးမြန်းရုံဖြင့် သဘောပေါက် သိရှိနိုင်မည်မဟုတ်ဘဲ၊ လက်တွေ့ကျင့်ကြံ အားထုတ်မှ ဗိဒု ကိုယ်တွေ့ သိမြင်နားလည်မည့်ကိစ္စဖြစ်ကြောင်း ရှင်းလင်း ပြောကြားရာ၊ သဘောကျ နှစ်ခြိုက်သဖြင့် ၎င်း၏ လေယာဉ်ပျံခရီးစဉ်ကို ရုတ်ခြည်း ပယ်ဖျက်လိုက်ပြီးနောက် တရား၏အရသာကို လက်တွေ့ စူးစမ်း ရှာဖွေ လေတော့သည်။

ဤဌာနသို့ရောက်ရှိလာ၍ တရားတော်ကို လက်တွေ့ရှာမှီးလိုစိတ် ပေါ် ပေါက်သည်ကပင်လျှင် ထူးခြားသော ပါရမီရှင် ဖြစ်ပေလိမ့်မည်ဟု ယူဆနိုင်ပေ၏။ ၎င်း၏တရားတွေ့ပုံကို သိရှိရသောအခါ၌ ပါရမီရှင် အမှန်ဖြစ်ကြောင်း ယုံကြည်ရပြန်လေသည်။ စိတ်ပညာလိုက်စားခဲ့သူဖြစ်သဖြင့် အရှေ့တိုင်း၊အနောက်တိုင်း အဘိဓမ္မာများကို ကြားဘူးနား၀ ရှိခဲ့သူဖြစ်သော်လည်း လက်တွေ့အားဖြင့် ကမ္မဋ္ဌာန်း ဘာ၀နာတရားများကို ဆည်းဖြန်းခဲ့ဘူးသူ မဟုတ်ပေ။ အာနာပါန စသော ကာယာနုပဿနာ ကမ္မဋ္ဌာန်း လုပ်ငန်းများကို ကြားဘူးနား၀ပင် ရှိခဲ့သူ မဟုတ်ပေ။ သို့ဖြင့် အာနာပါနကမ္မဋ္ဌာန်းလုပ်ငန်းကို စတင်၍ နာရီပိုင်းအတွင်း

တွင် ကမ္မဋ္ဌာန်းအခန်းမှ အထိတ်တလန့် ထွက်ပြေးလာခဲ့သည် ဟု အမှတ်တရ ပြောလျက်ရှိကြသည်။ အကြောင်း မေးမြန်းရာ အာနာပါန ရှုလျက် နေစဉ် ရုတ်တရက် ချက်ခြင်း ဝင်း ကနဲ အလင်းရောင်ကြီးထွက်လာ၍ ၎င်း၏ တကိုယ်လုံးမှာ ထွန်းလင်းတောက်ပြောင်နေသောကြောင့် ဘာဖြစ်မှန်းမသိ လန့်ဖြန့်၍ ထွက်ပြေးလာသည် ဟု ပြောကြားသည်။ ၎င်းအား ရှင်းလင်း ပြောပြပြီး နောက် ဆက်လက်၍ တရားထိုင်စေရာ ဒုတိယနေ့တွင် ၎င်း၏အာရုံ၌ ရောင်ခြည် ခြောက်သွယ်ဖြင့်ပြီးသော နိမိတ်တခု ထင်ပေါ်လာသည် ဟု ပြောပြလေသည်။ ၎င်းနိမိတ်ပုံသဏ္ဍာန်မှာ လောက်လေးကိုင်းသဏ္ဍာန်ရှိသော နှစ်ဆင့်ထပ် သက်တန့်ကြောင်းကြီးနှစ်ကြောင်းဖြစ်၏။ အရောင်ခြောက်မျိုးဖြင့် ကြာ မြင့်စွာ ကွန့်မြူး ထွန်းလင်းတောက်ပလျက်ရှိသော အာရုံနိမိတ်များကို တွေ့နေရခြင်း ဖြစ်ပေသည်။ ဒုတိယနေ့တွင်ပင် ၎င်းအား ဝိပဿနာသို့ ကူးပြောင်း တက်စေခဲ့၏။

၎င်းထံမှ စာများ များစွာမရရှိပါ။ ရေးသားသောစာများသည် တိုတို တုတ်တုတ်ဖြင့် အဓိပ္ပာယ်ပါလှသည်။ တရားအရာ၌သာလျှင် ဉာဏ်ဌာန၌ မွေ့လျော်သွားသည်မဟုတ်သေး။ မြန်မာတို့၏ အနေအထိုင် အစားအသောက် စသည်တို့ကိုလည်း နှစ်ခြိုက်လှ၍ မြန်မာများအပေါ်တွင်လည်း အလွန်ရင်းနှီး ချင်ခင်သွားဟန်တူပေသည်။ ၁၉၅၈ ခု၊ ဩဂုတ်လ ၁၅)ရက်နေ့တွင် ဝါရှင်တန်မြို့မှ ရေးလိုက်သောစာ၌ ''ဆရာကြီး ညွှန်ကြားပြသသည့်အတိုင်း တရားအားထုတ်ပြီး၊ ရန်ကုန်မြို့မှ ထွက်ခွာခဲ့သည်ကစ၍ နေ့စဉ်နေ့တိုင်း သဘာဝ၏ အဖြစ်မှန်သနစ်မှန်တို့ကို ပိုမိုထင်လင်းနက်နဲစွာ တွေ့သိရှုမြင်လျက်ရှိပါသည်။ ကိလေသာအညစ်အကြေးတို့ ကင်းစင်သထက်ကင်းစင်ရန် လျှော့ဖွတ်မှုအလုပ်ကို ပြုလုပ်လိုသေး၍ ရန်ကုန်သို့ တခေါက်ပြန်လာနိုင်ရန် အထူးမျှော်လင့်ရော်ရမ်းလျက်ရှိပါသည်။''စသဖြင့် ရေးသားထား၍ ''ဗမာပြည်မှ ကျွန်တော်တို့၏ မိတ်ဆွေများ ဘယ်သူမဆို ဝါရှင်တန်သို့ ရောက်ပေါက်လာပါက ကျွန်တော်၏ တတ်လီဖုန်းနံပါတ်ကို ပေးလိုက်၍ ကျွန်ဘော်ထံသို့ တယ်လီဖုန်းဖြင့်ခေါ်ရန် မပျက်မကွက် ဆက်ဆက်မှာလိုက်ပါခင်ဗျား။ ၎င်းတို့နှင့် တဖန် ပြန်တွေ့၍ ညှော့ဝတ်ပြုစုပါလျှင် အလွန်ရွှင်လန်းဝမ်းမြောက်ရမည် ဖြစ်ပါကြောင်း'' စသဖြင့်လည်း ၎င်း၏ စေတနာများကို ဖော်ပြထားပေသေးသည်။

တရားစစ်တရားမှန်ကို ရှာဖွေလိုစိတ်ပေါ်ပေါက်လာ၍ ရှာဖွေသော အခါ၌လည်း တရား၏ အမြိုက်အရသာကို တွေ့ရှိခံစားနိုင်သော အခြေအနေသို့

ရောက်နိုင်သည်မှာ ထူးခြားသောပါရမီခံ ရင့်သန်မှသာ ဖြစ်ပေါ်နိုင်၏။ ထိုကဲ့သို့ ပါရမီမျိုး ဖူးပွင့်ထွက်ပြူလာနိုင်ရန်လည်း အခါသင့် အချိန်သင့် အကြောင်းသင့်မှသာ တိုက်ဆိုင်ပြည့်စုံနိုင်သော အခြင်းအရာတရပ်ဖြစ်သည်ဟု ဆိုရပေမည်။ အခြားပါရမီတမျိုးမှာကား မိမိသည်သာလျှင် တရားအမြိုက်အရသာကို ခံစားသုံးဆောင်သည်။ သုံးဆောင်လိုသည်သာ မဟုတ်သေးဘဲ သူတပါးအားလည်း သနားဇဲ့ညာ ကယ်တင်လိုစိတ်ရှိ၍ ကယ်တင်နိုင်စွမ်းရှိသော အင်အားမှာလည်း တမျိုးထူးခြားသော ပါရမီဟုဆိုရပေမည်။

ဤကဲ့သို့ ပါရမီနှစ်မျိုးလုံး မစ္စတာကိုးလ်မင်းတွင် ပြည့်စုံလျက်ရှိသည်ဟု ဆိုနိုင်မည်လား မပြောတတ်ပေ။ အထက်ပါစာတွင် တဆက်တည်း မစ္စတာကိုးလ်မင်းက ဖော်ပြထားသည်မှာ "ထိုင်းတက္ကသိုလ်တွင် ဒုတိယနှစ်၌ ပညာသင်ကြားလျက်ရှိသော ကျွန်တော်၏ ထိုင်းမိတ်ဆွေတဦးသည် ပဋိပတ္တိလုပ်ငန်းတွင် အလွန်စိတ်ဝင်စားနေပါသည်။

၎င်းအား တပည့်တယောက်အဖြစ်ဖြင့် ဆရာကြီးက လက်ခံ၍ တရားဓမ္မပြသပေးရန် ဆရာကြီးအား တောင်းပန်ပေးမည်ဟု ကျွန်တော်က ကတိပြုလိုက်ပါသည်။ ၎င်း ထိုင်းသူငယ်လေး၏ အမည်မှာ တဝါဝါ စူဝန်ဖြစ်၍ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ၎င်း၏ ကျောင်းပိတ်ရက် စပါသည်။ ဆရာကြီးက ခွင့်ပြုမည်ဆိုလျှင် ထိုကျောင်းပိတ်ရက်အတွင်း ဆရာကြီး ဌာနသို့လာ၍ တရားထိုင်နိုင်ပါသည်။ ဆရာကြီး ခွင့်ပြုလိမ့်မည်ဟုလည်း ယုံကြည်ပါသည်။ ခွင့်ပြုပါက ကျွန်တော်ထံသို့ စာရေး အကြောင်းကြား စေလိုပါသည်။ ရန်ကုန်သို့ တဝါ လာနိုင်ရန် လိုအပ်သော အစီအစဉ် အားလုံးကို ကျွန်တော် ဆောင်ရွက်ပါမည်ခင်ဗျား" ဟု တောင်းပန်တိုက်တွန်းစာများ ရေးလိုက်သေးသည်။

မစ္စတာကိုးလ်မင်း၏ တောင်းပန်ချက်အတိုင်း ယိုးဒယား တပည့်ကလေးအား တရားဌာနသို့ လာခွင့်ပြုလိုက်ပေသည်။ မစ္စတာကိုးလ်မင်း၏ စီစဉ်ချက်နှင့် ထောက်ပံ့ချက်ကြောင့် တဝါသည် ရန်ကုန်သို့ရောက်လာကြောင်း၊ တရားအားထုတ်ကြောင်း၊ တရားအားထုတ်ရာမှတိတ်တဆိတ်ထွက်ပြေးသွား၍ ရန်ကုန်လမ်းမအလယ်တွင် ၎င်းအား လိုက်လံရှာဖွေ၍ ပြန်လည်ခေါ်ယူခဲ့ရကြောင်း၊ နောင်တွင် တရား သဘောတရားများကို ကောင်းမွန်စွာ သိရှိသွား၍ တရားမျိုးစေ့ကို ဆောင်သွားနိုင်ကြောင်း စသည်တို့ကို စေတီတွင် ပြောဆို နေကြသည်။ တဝါသည် မစ္စတာကိုးလ်မင်းက ဝယ်ပေးလိုက်သော ဘီအိုအေစီ လက်မှတ်

ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာ၍ ကုန်သည်လမ်းတလျှောက်ကွင် ဆရာကြီးဦးဘခင်အားလိုက်လံစုံစမ်းမေးမြန်းနေခဲ့၏။ အခန့်သင့်စွာ(အိုင်ဒီးလ်နားစင်းဟုံးမ်)မှ ဒေါက်တာသန်းအောင် ထွက်လာသည်နှင့် ကြုံကြိုက်၍ "ဘယ်က ဦးဘခင်လဲ၊ ဘာအလုပ် လုပ်ကိုင်သလဲ" ဟု မေးမြန်းရာ "ဘာလုပ်သည်မသိ၊ သူ့ထံတွင် တရားအားထုတ်ရန် လာကြောင်း" သာ ပြောသဖြင့် ဒေါက်တာ ဦးသန်းအောင်က ဆရာကြီး ဦးဘခင်အား သိသောကြောင့် ဆရာကြီး အိမ်သို့ကိုယ်တိုင်လိုက်လံပို့လိုက်၏။ ၎င်းမှတဆင့် တရားဌာနသို့ ရောက်လာခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့၏ အိမ်နီးနားချင်း ယိုးဒယားပြည်မှ တက္ကသိုလ်ကျောင်းသားလေးသည် အမေရိကန် ဒါယိကာတဦး၏ စေတနာသဒ္ဓါအလျောက် မြန်မာပြည်၊ ဤဓမ္မရောင်ခြည်စေတီ ပဋိပတ္တိလုပ်ငန်းဌာနသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာလေရာ၊ မည်ကဲ့သို့သော တရားများကို ရရှိသွားသနည်း။ မြတ်ဓမ္မ၏ တရားသဘော အကျိုးထူးများကို မည်မျှ သိရှိ သွား သ နည်း၊ ၎င်း၏ ထံမှ အောက်ပါစာကလေးကို ဖတ်ရှု၍သာ စာဖတ်ပရိသတ်တို့ ဆုံးဖြတ် ကြပါတော့။

## ဂုရုကြီးခင်များ

ဘန်ကောက်မြို့သို့ ရက်များမကြာမီကပင် ပြန်လည် ရောက်ရှိပါသည်။ ကျွန်တော်သည် ကျောင်းသို့ ပြန်သွားမည်ဖြစ်၍ ကျောင်းမှ (၁၀)ရက် ပျက်ကွက်နေသည်ကို ဌာနမှူးက မည်သို့ပြောမည်လဲမသိသေးပါ။ ဘန်ကောက်သို့ ပြန်ရောက်သောအခါတွင် ကျွန်တော်ကိုယ် ကျွန်တော် အံ့သြနေပါသည်။ ကျွန်တော် ကျောင်းသို့ ပြန်ရောက်သောအချိန်တွင် ဒုတိယနှစ်ကျောင်းသားနှင့် စတုတ္ထနှစ် ကျောင်းသားများသည် ပဋိပက္ခဖြစ်၍ ခိုက်ရန်ဖြစ်ပွား ရန်စောင်လျက်ရှိကြပါသည်။ သို့သော်လည်း ၎င်းတို့ထဲတွင် ကျွန်တော် ပါဝင် လိုစိတ်လုံးဝမရှိပါ။ တရားဌာနသို့ ကျွန်တော်မလာမီအချိန်ကဆိုလျှင် ဒီလိုပွဲကြီး ပွဲကောင်းမျိုး ကြုံလျှင် ဝမ်းပန်းတသာ ကျွန်တော်ဝင်ရောက် မဆင်နွှဲဘူးလို့မပြောနိုင်ပါ။ အမျက်ဒေါသ ချောင်းချောင်းထွက်လျက်ရှိသောကြောင့် သူတို့အားလုံးသည် အတိဒုက္ခဖြစ်နေကြသည်ကို ကျွန်တော်မြင်နိုင်ပါသည်။ သူတို့ထဲတွင်လည်း အနိစ္စဆိုသည်မှာ ဘာဟု၍ မသိသည့် လူပေါင်းအမြောက်အမြားရှိလည်ဟု ထင်ပါသည်။

ကမ္မဋ္ဌာန်းလုပ်ငန်းကို ကျွန်တော်ပြီးဆုံးအောင် မဆောင်ရွက် နိုင်သော်လည်း ဒုက္ခအပေါင်းမှ ကာကွယ်ရန် အဖိုးထိုက်တန်သော သင်ကြားချက်များ ဆရာကြီးက ကျွန်တော်ကို ပေးအပ်လိုက်ပြီးဖြစ်ပါသည်။ ၎င်းသင်ကြားချက်များက ကျွန်တော်၏ တသက်တာတွင် ကောင်းရာသို့ ညွှန်ကြားပြသသွားမည် ဖြစ်ပါသည်။ ဂုရုကြီး သွန်သင်ဆုံးမ လိုက်သည့်အတိုင်း ဆောင်ရွက်နေနိုင်ခြင်းဖြင့် ကျွန်ုပ်၏ ကိုယ်အကြောင်းအရာကို ကျွန်တော်ပို၍ သိလာပြီးလျှင် ဘဝတသက်လျှာတွင် မည်မျှဒုက္ခများပြားသည်ကိုလည်း နားလည် နိုင်မည် ဖြစ်ပါသည်။ တရားဌာနသို့ အခွင့်ကောင်းရလျှင် ရခြင်း ပြန်လာပြီးလျှင် လက်စမသတ်ခဲ့ရသေးသော တရားလုပ်ငန်းများကို ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်ရဦးမည်ဖြစ်ပါသည်။ မစ္စတာကိုးလ်မင်းထံမှလည်း စာရပါသည်။ ကျွန်တော်တရားဌာနသို့ လာရောက်ပြီးလျှင် တရားအားထုတ်ဖြစ်ကြောင်း သူသိရှိရ၍ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် တရားထိုင်ခြင်းနှင့် ပတ်သက်၍ ကျွန်တော့်ထင်မြင်ချက်များ ပြောပြစမ်းပါဟု စာရေးမေးမြန်းပါသည်ခင်ဗျား။ ဦးဘတိုး၊ ဦးချစ်တင်နှင့် ဒေါ်စုစု၊ ဒေါ်မြသွင်တို့အား ကျွန်တော်က လွမ်းဆွတ်သတိရကြောင်း ပြောပြပါခင်ဗျား။ မြန်မာထမင်း၊ ဟင်းများကို ကျွန်တော် အလွန်ကြိုက်နှစ်သက်၍ တခါပြန်လာပြီးလျှင် စားသောက် ပါဦးမည်ဟုလည်း ပြောပြပေးပါခင်ဗျား။

ရိုသေလေးစားစွာဖြင့်
တဝါ့ဝါစူဝန်

အင်္ဂလိပ်ဘာသာဖြင့် ၎င်းရေးသားထားသောစာတွင် ဦးဘတိုး၊ ဦးချစ်တင်၊ ဒေါ်စုစု၊ ဒေါ်မြသွင်ဟူသော အမည်များကို မြန်မာစကားလုံးများဖြင့် ရေးသားထားပေသည်။ တရားလုပ်ငန်းတွင်သာမက မြန်မာနေမှုထိုင်မှု စားစားသောက်မှုနှင့် မြန်မာစာ အရေးအသားတွင်ပင်လျှင် ကျွမ်းကျင်သွားသည်ကိုထောက်၍ မြန်မာ့ယဉ်ကျေးမှု အရှိန်အဝါကို မည်မျှလက်ခံ နှစ်ခြိုက်သွားသည်ကို သိနိုင်ပေသည်။ ကျွတ်ချိန်တန်သော အချိန်ကိုရောက်ပြီဖြစ်၍ ကျွတ်ထိုက်သော သတ္တဝါဖြစ်သော ကြောင့်လည်း မြတ်စွာဘုရား၏ တရားတော်မြတ်ကို ဤဌာနတွင် လာရောက်၍ ခံယူသွားရသော ပုဂ္ဂိုလ်ကလေးတဦး ဖြစ်ပေသည်။ အကြောင်းမူ ထိုယိုးဒယား ကျောင်းသား တဝါ့ဝါစူဝန်သည် အိမ်ပြေးကလေးဖြစ်လေသည်။

ယိုဒယားပြည် မြောက်ပိုင်း မဲဆောက်နယ် အနီးတွင် ၎င်း၏ဇာတိဖြစ်၏။ ငယ်စဉ်ကပင် အိမ်မှထွက်ပြေးလာ၍ ဘန်ကောက်တွင် လေလွင့်နေခဲ့သော သူငယ်ကလေးဖြစ်လေသည်။ ၎င်း၏ ကံအားအကြောင်း ညီညွတ်သည့်အချိန်အခါတွင် မစ္စတာကိုးလ်မင်းနှင့်တွေ့ရှိ၍ စောင့်ရှောက် ထောက်ပံ့ ပညာသင်ကြားပေးသောကြောင့် တက္ကသိုလ်တွင် ဒုတိယနှစ်၌ ပညာသင်ကြားနေရပေသည်။ နှစ်ပေါင်းများစွာ ၎င်းပစ်ခွာခဲ့သော မိခင်ကြီးအား တရားအားထုတ်ပြီးခဲ့သည့်အခါတွင် အထူးသတိရတမ်းတလျက် ယိုးဒယားပြည်အပြန်လေယဉ်ပျံမှ ဆင်းလျှင် ဆင်းခြင်း ဘန်ကောက်သို့မဝင်ဘဲ မီးရထားဖြင့် မဲဆောက်သို့သွား၍ မိခင်ကြီးအား ကန်တော့လေသည်။ မပြန်မီရက်အတွင်း တရားခွင်မှထွက်သောအခါက ၎င်းစားသောက်ရသည့် ငါးသလောက် ပေါင်းကိုလည်း မိခင်ကြီးအား ကျွေးမွေးလိုသောကြောင့် ပေါင်းပေးရန် တောင်းပန် သဖြင့် အထူးတလည် ငါးသလောက်ပေါင်း ပြုလုပ်၍ ဂျိုင့်ကလေးဖြင့်ထည့်ပေးလိုက်ရကြောင်းကို စေတီတွင် ယခုတိုင်အမှတ်တရ ပြောလျက်ရှိကြသေးသည်။ ဤကဲ့သို့ ၎င်း၏ မိခင်ကြီးအား တရား၏မွန်မြတ်သော ဂုဏ်ကျေးဇူးတော်ကတိုက်တွန်းမှုကြောင့် သွားရောက်ကန်တော့သဖြင့် ကျောင်းပြန်အတက် နောက်ကျနေခြင်းဖြစ်ဟန်တူသည်။

တရားတော်၏ အမြိုက်အရသာကို လက်တွေ့ခံစားနိုင်သော ဤတရားဌာနသို့ အမေရိကန်ပြည်သား မစ္စတာကိုးလ်မင်း ရောက်ရှိလာ၍ တရားအရသာကို ၎င်းကိုယ်တိုင် ခံစားခံယူသုံးဆောင်သွားနိုင်ခဲ့၏။ လေလွင့်ဆိုးတေနေခဲ့သော ယိုးဒယားလူငယ်လေးတယောက်လည်း ၎င်း၏ ကူညီမှုကြောင့် ဤဌာနသို့ရောက်ရှိလာပြီးနောက် တရားတော်၏ အဆီအနှစ် သဘောများကို သိရှိနားလည်သွားခဲ့ရ၏။ ၎င်း၏ ရိုင်းစိုင်း ကြမ်းတမ်း ခဲ့သော စိတ်ဓာတ် များလည်း ယဉ်ကျေးသိမ်မွေ့လာသည် သာမက အနှစ်နှစ် အလလက တော်လှန်ပုန်ကန်ခဲ့သည့် မိဘများ ထံသို့ ပြန်လည် သွားရောက် ဝန်ချ ကန်တော့ခဲ့ ပြန်၏။ ကွယ်ပျောက်ဆုံးရှုံးနေခဲ့ပြီဟု ယူဆခဲ့ရမည်ဖြစ်သော သားဆိုးသားမိုက် တယောက်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကြောင့် ယဉ်ကျေးနူးညံ့စွာဖြင့် ၎င်းတို့၏ရိပ်မြုံသို့ ပြန်လည်ဝင်ရောက်လာသည်ကို တွေ့ရသော တဝါဝါ စုဝန်၏ မိဘများသည် မည်မျှ ကြည်နူးနှစ်သိမ့် ရွှင်လန်း ဝမ်းမြောက်ကြမည်ကို တွေးဆ၍ကြည့်လျှင်၊ ကြက်သီးတဖြန်းဖြန်း ထလောက်ဘွယ်ရာ အံ့သြဘွယ်ရာများကို တွေ့မြင်သိရှိနိုင်ကြပေသည်။

မစ္စတာ ကိုးလ်မင် သည် စာများများ ရေးသူမဟုတ်ပေ၊ ၁၉၅၀ ခုနှစ်တရားထိုင်၍ ပြန်သွားပြီးနောက် ဆရာကြီးထံသို့ စာ (၃) စောင်မျှသာ ရေးသားခဲ့ပြီး ၎င်းနှင့် အဆက်ပြတ်သကဲ့သို့ ရှိနေခဲ့သည်။ သို့ရာတွင် ၁၉၆၂ ခုနှစ် နိုဝင်ဘာလတွင် ဆရာကြီးထံ စာရေးပြန်ရာ ထိုစာများတွင် ရိပ်သာနှင့် တရားတော်များကို မေ့ပျောက်ပစ်သည်မဟုတ်၊ ၎င်း၏နှလုံးသား၌ အစဉ်ကိန်းဝပ်နေကြောင်း တွေ့ကြရသည်။ ၁၉၆၂ ခု၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ရေးသားလိုက်သောစာ၌ ၎င်းသည် အမေရိကန်အစိုးရအသုပ်မှ ထွက်လိုက်ပြီဖြစ်၍ လွတ်လွတ်လပ်လပ် ရှိနေပြီဖြစ်ကြောင်း။ ရန်ကုန်သို့ပြန်လာ၍ စေတီရိပ်သာတွင် တဖန် တရား အားထုတ်လိုကြောင်း၊ယခုစာရေးသားနေစဉ်တွင် လော့(စ) အင်ဂျီလိ(စ) မြို့တွင် ရောက်ရှိနေ၍ ရန်ကုန်လာရန် ခရီးစရိတ်အတွက် အလုပ်လုပ်၍ ငွေစုဆောင်းနေကြောင်း။ ပြန်လာခွင့်ပြုလျှင် မည်သည့်အချိန်မဆို လာနိုင်မည်ဖြစ်ကြောင်း အခွင့်တောင်းထားသည်။

၎င်း၏စာတွင် လိပ်စာအပြည့်အစုံမပါ၍ ရိပ်သာသို့ အရောက်နောက်ကျသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ရရှိသည်။ ဆရာကြီးက စာပြန်လိုက်သောအခါတွင်လည်း ၎င်းနှင့် လွဲသွားပြန်သည်။ ပြန်စာ စောင့်ဆိုင်းမနေပဲ၊ ကိုးလ်မင်းသည် လော့(စ)အင်ဂျီလိ(စ) မြို့မှ ထွက်ခွာခဲ့၍ ယိုးဒယားသို့ ရောက်လာသည်။ ၁၉၆၃ ခု၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ဘန်ကောက်မြို့မှ တဖန် စာပြန်ရေးသည်။ ၎င်းသည် အမေရိကန်အစိုးရထံတွင် အလုပ် မလုပ်တော့ဘဲ လွတ်လွတ်လပ်လပ် ရှိပြီဖြစ်ကြောင်း ဘန်ကောက်မြို့တွင် ရိပ်သာမှ ပြန်စာစောင့်ဆိုင်းရင်း မိတ်ဆွေတယောက်၏ ပုဂ္ဂလိကပိုင်စက်မှုလက်မှုကျောင်းတကျောင်းတွင် ဝင်ရောက်၍ စာသင်ပေးနေကြောင်း၊ သို့ရာတွင် ၎င်းလုပ်ငန်းမှာ ကူညီရုံမျှသာဖြစ်၍ ဆရာကြီးက ခွင့်ပြုသောနေ့တွင် ဓမ္မရောင်ခြည်စေတီတော်သို့ ပြန်လာ၍ ဒုတိယအကြိမ် တရားထိုင်လိုကြောင်း စာ ရေးသားပြန်သည်။

နောက်ဆုံးတွင် ၁၉၆၃ ခု၊ ဖေဖေါ်ဝါရီလ ၁၂ ရက်နေ့တွင် မစ္စတာကိုးလ်မင်းသည် ၎င်းအာသီသပြင်းစွာထားရာ ဓမ္မရောင်ခြည်စေတီတော်သို့ ဒုတိယအကြိမ်ရောက်လာပြန်ဘည်။ ဤအကြိမ်၌ ၎င်းတရားအားထုတ်သွားပုံများကို ၎င်း၏ နေ့စဉ်မှတ်တမ်းမှ အောက်ပါအတိုင်း ထုတ်နှုတ်ဖော်ပြပါအံ့။ ဤအကြောင်းအရာများကို ယခင်အခါကထုတ်ဖော်ရေးသားခြင်း မပြုခဲ့သော်လည်း ယခုအခါ မစ္စတာကိုးလ်မင်းကိုယ်တိုင် စာအုပ်တအုပ် ပြုစုရေးသားပြီး

ဖြစ်သဖြင့် မြန်မာပြည်မှ စာရှုသူပရိတ်သတ်အပေါင်းလည်း ဘတ်ရှုခွင့်ရသင့်ကြပြီဟုယူဆ၍ ဘာသာပြန် မသိပ်သည်းလှသော်လည်း အတတ်နိုင်ဆုံးမှုရင်းအကိုင်း တင်ပြအပ်ခြင်းဖြစ်ပါသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်။

ရိပ်သာသို့ ၁၅း၁၀ နာရီတွင် ရောက်ရှိသည်။ ဂုရုကြီးနှင့် အခြားမိတ်ဆွေများတွေ့သည်။ ဆွေးနွေးကြသည်။ ဒန့်ဒလွန်သီးချည်ရေ၊ ငါးသလောက်ပေါင်းနှင့် မြန်မာစစ်စစ် ထမင်းဟင်းစားရသည်။ ၁၉း၃၀ နာရီတွင် ကမ္ဘဌာန်းခန်းသို့ဝင်၍ သီလခံယူ တရားတက်သည်။ ၄၅ မိနစ်ခန့် အာနာပါနလေ့ကျင့်သည်။ လွန်ခဲ့သောရက်အနည်းငယ်မှစ၍ ဝမ်းဗိုက်အနည်းငယ် နာခဲ့သည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်။

အခန်းနီးခြင်းတရားသမားတဦး ပြူတင်းပေါက်ဖွင့်သံကြား၍ ဝ၄း၁၅ နာရီတွင် အိပ်ရာမှနိုးသည်။ တရားခန်းသို့ အာနာပါနတရား လေ့ကျင့်ရန်သွားသည်။ အစတွင် သမာဓိကောင်းသည်။ နောက်တွင် ကိုယ်ရော စိတ်ပါ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ဒူးဆစ်များနာစပြုသည်။ ဗိုက်ထဲမှ သိသိသာသာ နာလာသည်။ ထွက်လေဝင်လေကို ဆက်လက်၍ အာရုံစိုက်ထားသည်။ သမာဓိကောင်းလိုက်၊ ကိုယ်ရောစိတ်ပါ အနှောက်အရှက်များဖြစ်လိုက်၊ ဤသို့ အာရုံပြန့်လွင့်နေစဉ် ၃ကြိမ် ခဏအိပ်ပျော်သွား၏။ နိုးလာသောအခါ နှာသီးဖျားအောက်ခြေအနီးတွင် အလင်းရောင်တောက်ပြောင်မှု ပြောင်းလဲမြင်လာရသည်။ သမာဓိအားလိုက်၍ အလင်းရောင်တောက်ပြောင်မှု ပြောင်းလဲသည်။ တခါတရံ ဤအလင်းပျောက်ကလေးများသည် လွန်စွာထွန်းပြောင်၍ တောက်ပသော စိန်တလုံးကဲ့သို့ ထွန်းလင်းနေသည်။ ဤကဲ့သို့အလင်းရောင်အား ကြီးမားချိန်မှာ တမိနစ်ခန့်မျှ အချိန်တိုတိုသာဖြစ်သည်။ ၂၁း၀၀ နာရီတွင် အခြားတရားသမားများနှင့် စုပေါင်း၍ ၁၅ မိနစ် ကိုယ်မလှုပ်မရှား အဓိဋ္ဌာန်ပြု၍ တရားထိုင်ကြသည်။ ပဌမတွင် တည်ငြိမ်မှုအနည်းငယ်ရ၏။ ၎င်းနောက် ကိုယ်တွင်းပင်ပန်းဆင်းရဲမှု၊ နာကျင်မှုတို့ကို ပြင်းလွန်စွာခံစားနေရကြောင်း သိနေရသည်။ ၎င်းနောက် ဝန်ထုတ်ကြီး ကျသွားဘိသကဲ့သို့ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့ တွေ့သိရသည်။

တချိန်တွင် ဂုရုကြီးသည် အခန်းတွင်း၌ထိုင်နေစဉ် သမာဓိကို လွန်စွာ နက်ရှိုင်းစွာ ရခဲ့သည်။ ထိုအခါတွင် ခန္ဓာကိုယ်တခုလုံးသည် ထူးခြားစွာ ပိန်လိုက် ဖောင်းလိုက် ဖြစ်နေသည်ဟု ထင်ခဲ့ရသည်။ ခန္ဓာကိုယ်သည် ဖောင်း၍ ဖောင်း၍ ပြန့်လွင့်သွားသည်ဟု ထင်မှတ်ရသည်။ ၎င်းနောက် ချမ်းသာယာမှု တွေ့သိရသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်။

ဝ၅း ၃ဝ နာရီတိုင်အောင် အိပ်ရာမှမနိုး၊ သမာဓိအား ပိုမို၍ကောင်းလာသည်။ အချိန် ပိုကြာစွာလည်း သမာဓိရသည်။ သမာဓိရစဉ် လွန်စွာ တောက်ပသော အလင်းရောင်များ ဖြစ်ပေါ်သည်ကိုလည်း သိနေသည်။ ကိုယ်တွင်း၌ အဏုမြူများ ဆက်ခါဆက်ခါ ခုန်ခြင်း၊ ဆတ်ဆတ်ခါတုန်လှုပ်ခြင်းမျိုးဖြင့် လှုပ်ရှားနေလည်ကို ထင်ထင်ရှားရှားကြီး တွေ့သိနေရသည်။ နှာသီးဖျားတွင် အီလက်ထရွန်များ ဘရမ်းဘတာ လှုပ်ရှားထကြွနေကြသည်။ ဤအတွေ့အကြုံကို ချက်ခြင်း စာနှင့်ရေးသား၍ မှတ်သားလိုသဖြင့် စာရေးစက္ကူရှာရန်၊ ကမ္မဋ္ဌာန်းခန်းမှ ထွက်သွားသည်။ ဆရာကြီးက “တွေ့ကြုံနေရသည်ကို သိ၍သာနေရန်” အကြံဉာဏ်ပေးသည်။ သို့ရာတွင် မှတ်စုရေးရန် စိတ်အားထက်သန်နေသဖြင့် သမာဓိ ထူထောင်ရန် ပျက်ပြားသွားသည်၊ အာနာပါနလုပ်ငန်း လုပ်နေချိန် တချိန်တွင် ဦးခေါင်းတွင်း၌ တဒိတ်ဒိတ်တိုးနေသော ခံစားမှု တွေ့ရသည်။ ဦးခေါင်းပုံသဏ္ဍာန်လည်း တွန့်လိမ်ပိန်ရှုံ့၊ သဏ္ဍာန်အမျိုးမျိုး ဖြင်ပျက်နေဟန်တူသည်။ အခြားတချိန်တွင် ခန္ဓာကိုယ်သည် ဖြည်းညှင်းစွာ လှည့်ပတ်လျက်ရှိသော ဝဲသြဃတခုကဲ့သို့ ဖြစ်နေသည်ဟု ထင်မှတ်ရသည်။သိရှိခံစားမှုအားလုံးတို့သည် ဝဲသြဃအလယ်တွင် ပေါက်ကွဲထွက်လျက်ရှိသည်။လှုပ်ရှားတုန်လှုပ်လျက်ရှိသည်။ သမာဓိ ကောင်းစွာမရနိုင်၊စိတ်ပျက်အားငယ်စွာဖြင့် အိပ်ရာဝင်သည်။ တိုးတက်မှုမကောင်း၍ မကြေမနပ်ဖြစ်နေသည်။ ကောင်းစွာ အိပ်မရ၊ ဝ၄း ၁၅ နာရီတွင် နိုးလာသည်။ စိတ်သောကရောက်နေသည်ကို ကောင်းစွာ သိရှိသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်။

သမာဓိကောင်းသည်။ သမာဓိ ထူထောင်ပြီးသည်နှင့် အလင်းရောင်ပေါ်လာသည်။ ခြေထောက်တွင် အခံရခက်စွာ မသက်မသာဖြစ်နေသည်။လွန်

စွာ လှုပ်ရှားလျက် ဒုက္ခမှလွတ်မြောက်လိုသည်။ ဝ၇း၃ဝ နာရီတွင် ရှစ်ပါးသီလခံယူ၍ ဝိပဿနာလုပ်ငန်း စတင်သည်။ ဦးခေါင်းအလယ်တွင် အာရုံစိုက်ထားရာမှ အနိစ္စသဘောတရား စတင်သိရှိသည်။ ခြေဖဝါးတိုင်အောင် တကိုယ်လုံး ရှသွားသည်။ ခန္ဓာကိုယ်တွင်း၌ အဏုမြူများလှုပ်ရှားနေပုံကို ထင်ထင်ရှားရှားတွေ့သိရသည်။ ဦးခေါင်း၌ အနိစ္စသဘောတရားတင်၍ အာရုံပြုရာတွင် ဦးခေါင်းအဖြစ် ပျောက်ကွယ်၍ ပတ်ဝန်းကျင်လေဖြင့် တသားတည်းဖြစ်သွားသည်။ သမာဓိ ထူထောင်ရန် ခက်လာပြန်သည်။ အနိစ္စ သဘော တရားများတွင် အာရုံစိုက်ထားနိုင်ရန် ရုန်းကန်နေရသည်။ နံနက်စာ မစားမီအချိန်နာရီနှိုးစက်ကို မိနစ် ၃ဝ ချိန်ထား၍ အိပ်ရာပေါ်တွင် ကိုယ်လက် ဆန့်နေ လိုက်သည်။ ခန္ဓာကိုယ်တခုလုံးတွင်း၌ အနိစ္စသဘောတရားများကိုလည်းထင်ထင်ရှားရှားရှားသိနေရသည်။

တင်ပလင်ခွေထိုင်ရာတွင် ဒူးခေါင်းမှ နာကျင်မှုကြောင့် နေရာမပြောင်းဘဲ၊ သမာဓိကို အချိန်ကြာစွာ ထားရန်မရနိုင်ကြောင်း သတ်ပြုမိသည်။ ဤနာကျင်မှုကြောင့် သမာဓိကောင်းစွာ မထူထောင်နိုင်။ တင်းပါး အောက်တွင် ခေါင်းအုန်းတလုံး၊ ဦးခေါင်းအောက်တွင် ခေါင်းအုန်းတလုံးထား၍ ပက်လက်လှန်၍ ရှုစမ်းသည်။ ဤသို့ရှုရာတွင် နေသာထိုင်သာ ပို၍ရှိလာသည်။ သို့သော်အိပ်ချင်ပြီး အိပ်ပျော် သွားလောက်အောင်တော့ မနေသာပါ။ ဤနည်းကိုအသုံးပြု၍ သမာဓိကို ကြာရှည်စွာ ထိမ်းထားနိုင်သည်။ ခန္ဓာကိုယ်တခုလုံးတွင်ဖြည်းညှင်းစွာနှင့် မှန်မှန် အဆက်မပြတ် ဆက်ခါဆက်ခါ တုန်လှုပ်ခြင်း၊ ခုန်ခြင်းများဖြစ်ပေါ်နေသည်။ အနိစ္စသဘောတရား သိနေခြင်းမှာ များစွာထင်ရှား၍ တည်ငြိမ်နေသည်။ အပြင်ပ အတွေးစိတ်များ အနည်းငယ်သာ ဖြစ်တော့သည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်။

အနိစ္စသိလျက် အိပ်ယာဝင်သည်။ ဝ၄း၁၅ နာရီတွင် အနိစ္စသိလျက်နိုးလာသည်။ သို့ရာတွင် ပြန်အိပ်ပျော်သွားရာ ဝ၆း၀၀ နာရီမှ နိုးလာသည်။ နိုးလာစဉ် စိတ်လှုပ်ရှား၍ အနှောက်အရှက် ဖြစ်နေသည်။

သမာဓိထူထောင်ရန် ခက်ခဲနေလျှင် အာနာပါနကို အချိန် မိနစ် အနည်းငယ်ပြန်၍ လုပ်ခြင်းဖြင့် အခက်အခဲပျောက်သွားသည်။ ကိုယ်လှုပ်ရှားမှု

မရှိဘဲ တနာရီ အဓိဋ္ဌာန်ပြု၍ တရားထိုင်သည်။ အနိစ္စသဘောတရားကို အလွန် ထင်ရှားစွာ သိနေသည်။ တခါတရံ ကိုယ်ခန္ဓာသည် ပတ်ဝန်းကျင် တွင်းသို့ ပျောက်ကွယ်သွားပုံရသည်။ ဆရာကြီးက အလယ်ပိုင်းတွင် အာရုံ စူးစိုက်ရန် ညွှန်ကြားချက်ပေးသည်။ ကိုယ်ခန္ဓာ၏ အခြားအပိုင်းများတွင် အာရုံရောက် နေသည်မှ အလယ်ပိုင်းသို့ အာရုံ ပြောင်းလျက် ရှိသည်။ မကြာမီ ဦးခေါင်း အနီးတွင် အာရုံအားလုံး ရောက်ရှိနေ၍ အလယ်ပိုင်းသို့ပြောင်းရန်နှေးကွေး နေသည်။

တချိန်တွင် နှလုံးအနီးမှ စူးရှစွာနာကျင်လာ၍ ရှိသမျှအာရုံ ဤနေရာသို့ ရောက်သွားသည်။ အခြားအချိန်များတွင် ဤနေရာပတ်ဝန်းကျင်၌ တလှုပ်လှုပ် ဖြစ်နေသည်ကို ကောင်းစွာသိနေသည်။ နောက်တွင်သမာဓိပြန့်လွင့်သွားသည်။ အာရုံစူးစိုက်၍ မရ၊ မကောင်းသောအကြံအစည်များ စိတ်တွင်ဖြစ်ပေါ်လာ၍ အနှောက်အယှက်လွန်စွာဖြစ်ရသည်။ သမာဓိလုံးဝထူထောင်၍ မရတော့ချေ။

ဆရာကြီးအား ပြောပြရာတွင် အာနာပါနမှစ၍ သမာဓိ ပြန်လည် ထူထောင်ရန်ပြောသည်။ နောက်အနိစ္စရှု၍ အလယ်ဗဟိုလောက်တွင် အာရုံပြု ရန်ညွှန်ကြားသည်။ သမာဓိပြန်လည်ထူထောင်၍ ရလာသည်။ အလယ်ဗဟို တွင် အသိစိတ်ထင်ရှားစွာဖြစ်လာ၍ အာရုံခံစားချက်နေရာသည် အလွန်သေး ငယ်သော အစက်ကလေးအထိ ကျဉ်းမြောင်းလာသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၇ ရက်။

အနိစ္စသဘောတရား သိရှိမှုသည် များစွာပိုမို၍ သိမ်မွေ့လာသည်။ သတိကောင်းစွာထားရှိရန်များစွာလိုလာသည်။ အနိစ္စတရားသိလျက် အိပ်ရာဝင် သည်။ အိပ်ရာမှ နိုးလျှင်နိုးခြင်း အနိစ္စသိလျက်ရှိသည်။ ၀၇း၃၀ နှင့် ၀၈း၃၀ နာရီအကြား တနာရီကြာမလှုပ်မရှား အဓိဋ္ဌာန်နှင့် တရားထိုင်ရသည်။ ဤအချိန် အတွင်း ဒုက္ခနှင့် အနိစ္စသတောတရားများကို ပြင်းပြထင်ရှားစွာ သိရှိနေရ သည်။ တကိုယ်လုံးသည် အလိုဆန္ဒမပြည့်ဝမှု ပြင်းပျစွာဖြစ်ပေါ်နေသည်။ စိတ် ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ နာကျင်ခံစားရခြင်းတို့မှ လွတ်မြောက် ထွက် သွားရန် ပြင်းပျစွာဆန္ဒဖြစ်ပေါ်လျက်ရှိသည်။ ခံစားရမှုသည် ဆက်လက်ဖြစ် နေသည်။ လွတ်မြောက်ခြင်းကားမရ၊ ဒုက္ခသဘောတရားများကို ပိုမိုထင်ရှားစွာ သိနေသည်။ နေရာဘကာဒုက္ခရှိနေသည်။ နောက်တနာရီဆက်၍ မလှုပ်မရှား

အဓိဋ္ဌာန် ထိုင်ပြန်သည်။ နာကျင်ခံစားရမှု နည်းလာသည်။ အနိစ္စသဘောတရား ဆက်လက်သိနေသည်။ ဗဟိုတွင် စူးရှနာကျင်မှု ဆက်လက်ဖြစ်ပြန်သည်။ ထိုစဉ် ဆရာကြီးသည် အနားတွင်ထိုင်၍ မြတ်စွာဘုရား၏ တရားတော်များကို ဘတ်ပြနေသည်။

အမ်မားစ်ဖွတ်၏ တိုးတက်မှုရသွားပုံစာတမ်းကိုဖတ်ကြည့်သည်။ ၎င်းကဲ့သို့ပင် အောင်မြင်နိုင်ကောင်း၏ဟုတွေးမိသည်။ တရားသမားဖြစ်သူလူကြီးတဦးနှင့် စကားပြောကြည့်မိသည်။ မိမိ၏ တိုးတက်မှုမှာသာမည မျှလောက်သာရှိသေးသည်ဟု သဘောပေါက်မိ၍ များစွာစိတ်ပျက်သွားမိသည်။ ဤအကြောင်းကို ဂုရုကြီးအား ပြောပြမိရာ ဂုရုကြီး စိတ်အနှောက်အရှက်ဖြစ်သွားသည်။ ဂုရုကြီးက ကျွန်ုပ်၏ တိုးတက်မှုမှာ အမှန်စင်စစ်လွန်စွာ ကောင်းလှပေကြောင်း၊ တိုးတက်မှုမြန်ဆန်စေရန် ၎င်းက အထူးကြိုးစား၍ အာရုံပြုပေးနေသည်ကို သဘောမပေါက်၍ဖြစ်ကြောင်း ပြောပြသည်။ ၎င်းပြင် စိတ်ပျက် အားလျော့စရာမလိုကြောင်း ပိုမို၍ ဝီရိယထူထောင်ရန်သာလိုကြောင်း ရှင်းလင်းပြသည်။ တရားအားထုတ်ရာတွင် တရားသားတက်လာလေ ဆန့်ကျင်ဘက် ပါပအားများလည်း ပိုမိုခုခံလာလေ ဖြစ်သဖြင့် အထူးသတိရှိနေရန်လိုကြောင်း၊ ဤအဆင့်တွင် လုံးဝစိတ်ပျက်စရာမလိုဘဲ အခါတိုင်းထက် အထူးပိုမို၍ ဝီရိယ ထုတ်ပေးရန် လွန်မင်းစွာ အရေးကြီးကြောင်း ရှင်းပြသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်။

ဒုက္ခသဘောတရားများကို တွေ့သိနေရသည်။ နေရာတကာတွင် တွေ့မြင်နေရသည်။ မည်သို့ အခြေအနေ အကြောင်းခြင်းရာ၌မဆို ဒုက္ခရှိမြဲရှိနေသည်ကို တွေ့သိနေရသည်။

ဒုက္ခမှ လွတ်ထွက်ရန် အစဉ်သဖြင့် ကြိုးစားနေသည်ဟု သိမြင်နေသည်။ ဤသို့လွတ်ထွက်ရန် အခြေအနေတမျိုးမျိုး ပြောင်းလဲရန် ဂရုတစိုက်စောင့်ဆိုင်းနေသည်ကို သတိထားမိသည်။ ထိုင်နေလျှင် လဲလျောင်းရန် ဆန္ဒဖြစ်ပေါ်လာသည်။ လဲလျောင်းနေလျှင် မတ်တတ်ရပ်ရန်၊ သို့မဟုတ် တခုခုစားသောက်ရန် သို့မဟုတ် လမ်းလျှောက်ရန် ဆန္ဒဖြစ်ပေါ်လာသည်။ လက်ရှိပြုလုပ်နေရာမှ တခုခုသို့ ပြောင်းလဲလိုခြင်း ဖြစ်သည်။ သို့ရာတွင် သေချာစွာသတိထား၍ ဂရုတစိုက်ရှုကြည့်ပါက ဘယ်မှာဖြစ်ဖြစ်၊ ဘာဘဲ လုပ်လုပ် ဒုက္ခသည် ထပ်ချပ်မကွာကပ်၍ လိုက်နေသည်ကို တွေ့သိနေရသည်။

ဒုက္ခမှ လွတ်မြောက်ရန် အစဉ်သဖြင့် ကြိုးစားနေသည်။ ဤသို့ ဒုက္ခမှ လွတ်မြောက်စေရန် မကြာခဏ ပြုလုပ်ခဲ့သော နည်းလမ်းတခုမှာ ကြံစည်စိတ်ကူးမှုများ ဝင်လာစေခြင်းဖြစ်သည်။ သို့ရာတွင် သတိရှိစွာနှင့် ဂရုတစိုက်ရှု ကြည့်လိုက်လျှင် ဒုက္ခသည် ရှိမြဲရှိနေသည်။ အနာဂါတ် တချိန်ချိန်တွင် ဒုက္ခမှ လွတ်မြောက်ရလိမ့်မည်ဟု တောက်လျှောက်ပင် မျှော်မှန်းနေသည်။ ပစ္စုပ္ပန်မှ အနာဂါတ်သို့ စိတ်အကြံအစည် တွေးတောမှုများဖြင့် လွတ်မြောက်သွားရန် ကြိုးစားကြည့်သည်။ သို့သော် လွတ်မြောက်မှုမရခဲ့၊ ဒုက္ခရှိမြဲရှိနေသည်။ ဂုရုကြီး၏ ထိမ်းသိမ်းစောင့်ရှောက်မှုဖြင့် ဒုက္ခမှလွတ်မြောက်ရန် ကြိုးစားသည်။ သို့ရာတွင် မအောင်မြင်ချေ။ အလယ် ဗဟိုတွင် အာရုံသိမှုသည် လွန်စွာ ပြင်းပျလျက် ရှိသော်လည်း ၎င်းအားစွန့်လွှတ်၍မဖြစ်နိုင်ပေ။ ဂုရုကြီးက ဒုက္ခနှင့် အနတ္တသဘောများကို ဆင်ခြင်သုံးသပ်မှုရပ်ဆိုင်းထား၍ အနိစ္စတွင်သာ အာရုံပြု၍ ရှုရန် အကြံဉာဏ်ပေးလေသည်။ အနိစ္စရှုရာမှ ဒုက္ခနှင့် အနတ္တ သဘာတရားများ အလိုအလျောက် သိရှိနားလည်လာလိမ့်မည်ဟု ရှင်းပြသည်။ ဒုက္ခနှင့် အနတ္တ နားလည်ရန် ကြိုးစားမှုသည် အသိဉာဏ်ကစားခြင်း လုပ်ရပ် တခုသာ ဖြစ်ပေသည်။

ယနေ့ မွန်းလွဲပိုင်းတွင် စိတ်များစွာမတည်ငြိမ် ချောက်ခြားနေသည်။ ဗဟို၌ အာရုံစိုက်လိုက်သောအခါ တည်ငြိမ်ကောင်းမွန်သော အာရုံသိမှု ဖြစ်ပေါ်ပါ၏။ သို့သော် စိတ်သည် အတိုင်းအဆမရှိ ပြန့်လွင့်နေပါသဖြင့် ကြာရှည် တည်ငြိမ်ရန် တားမရပါ။

လွန်ခဲ့သောတလခွဲခန့်က သောက်ဆေးတမျိုးကို သောက်မိရာ၌ ယားယံမှုဖြစ်ပေါ်၍ ကိုယ်တွင် အလုံးအဖုကလေးများ ပေါ်ခဲ့သည်။ မနေ့ညက ဤဆေးကိုသောက်မိပြန်ရာ ယားယံမှုများ ဖြစ်လာပြန်သည်။ ဤဆေးကြောင့် ကိုယ်တွင်း၌ အညစ်အကြေးများ ဖြစ်ပေါ်လာနိုင်၍ အနိစ္စရှုခြင်းဖြင့် ကိုယ်ကာယ သန့်ရှင်းစေသည်ကို ဆေးက ခုခံနေဟန်တူသည်။ ယနေ့ည ဂုရုကြီးနှင့် ဤအကြောင်းအရာ ဆွေးနွေးကြည့်မည်။ မည်သို့ဖြစ်စေ ဆေးကိုဆက်မသောက်ရန် ဆုံးဖြတ်လိုက်သည်။

ကိုယ်တွင် အနိစ္စသိနေရာမှ လုံးဝ ပျောက်ကွယ်သွားသလောက် မှေးမှိန်သွားသည်။ သို့ရာတွင် သမာဓိကို ပိုမိုအားရှိစေသောအခါ၌ အခြားနေရာများတွင် အနိစ္စ သိလာပြန်သည်။ အနိစ္စသည် နေရာတကာ ရောက်နေသည်။

ယခင်က စူးရှပြင်းထန်သော နာကျင်မှုမျိုး သတိမပြုတော့ပေ။ နောက်ကွယ်၌ အသိကလေးမျှအဖြစ်သာ တွေ့ရသည်။ စူးရှသောနာကျင်မှုများ မရှိတော့ဘဲ ကမ္မဋ္ဌာန်းအာရုံ သက်သာစွာဖြင့် ရရှိသည်။

၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်။

အကြောင်းချင်းရာများမှ သဘောကောက်ယူ ဆင်ခြင်တွေးတောသော နည်းမျိုးဖြင့်မဟုတ်ဘဲ အလိုအလျောက် ရှင်းလင်းသိမြင်လာမှုသည် ထိုးထွင်း နားလည်မှုဖြစ်သည်။ ထိုနားလည်မှု ရရှိလာပေပြီ၊ ၎င်းနားလည်မှုကို အကျိုး အကြောင်း ဆင်ခြင်ခြင်း၊ တက္ကဗေဒပညာ အသုံးပြုခြင်း၊ ဉာဏ်ပညာအမျော် အမြင်များ အသုံးချ၍ ယုတ္တိရှိ၊ မရှိ ဆင်ခြင်ဉာဏ်ကစားခြင်း စသည်တို့ဖြင့် မရနိုင်ပါ။ စိတ်ကိုတည်ငြိမ်စွာထား၍၊ တည်ငြိမ်စွာသတိရှိနေခြင်းဖြင့် အလို အလျောက် ရုတ်တရက်သိမြင်နားလည်လာခြင်း ဖြစ်သည်။

မစ္စတာကိုးလ်မင်းသည် ဤတခေါက်တွင် သရဏဂုံ ဆောက်တည်ခံယူ ပြီးနောက် ဗုဒ္ဓဘာသာစစ်စစ်တဦး ဖြစ်သွားခဲ့၏။ လက်တွေ့ယုံကြည်ကိုင်း ရှိုင်း လာရသော ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး အကြောင်းကို စာ တွေ့လည်း ဆည်းပူးလိုလာပြန်သည်။ ထို့ကြောင့် တရားလုပ်ငန်းမှ အနားယူ စေ၍ ဗုဒ္ဓအဘိဓမ္မာ အခြေခံသဘောတရားများ၊ လယ်တီ ဒီပနီ ကျမ်းများနှင့် ဝိသုဒ္ဓိမဂ်မှ သင့်လျော်ရာ အခဏ်းများကို ဆရာကြီးက ပို့ချသင်ကြားပေးရ ပြန်သည်။ ရက်အချိန်ကြာရှည်စွာ မရသည့်တိုင်အောင် ဗုဒ္ဓတရားတော်များကို ပါရမီရှင်ဖြစ်သည်နှင့်အညီ လက်တွေ့လည်း ကိုယ်တိုင်သိမြင်ပြီးဖြစ်သည့် အ လျောက် အမြိုက်အရသာ အဆီအနှစ်များကို သဘောပေါက် နားလည်သွား နိုင်ခဲ့ပေသည်။ အခါအခွင့်သင့်လျှင် နောက်တကြိမ်ပြန်လည်လာ၍ ပြည့်စုံစွာ လေ့လာဦးမည်ဟု သံဓိဋ္ဌာန်ချမှတ်သွားခဲ့၏။ ၁၉၆၃ ခုနှစ် မတ်လ ၃ ရက် နေ့တွင် စေတီရိပ်သာမှ ထွက်ခွာမသွားမီ ညေ့သည် မှတ်တမ်း စာ အုပ် တွင် အောက်ပါအတိုင်း မှတ်ချက်များ ရေးသားသွားခဲ့ပေသည်။

၃–၃–၁၉၆၃ ခုနှစ်။

ရှေးပဝေဏီ နှစ်ပေါင်း များစွာကပင် "သင့်ကိုသင် သိလော့" ဟု လူတို့သည် အခြားလူများကို ဩဝါဒပေးခဲ့ကြပေသည်။ ယနေ့ တိုင်အောင် ပင် ကမ္ဘာကို လှည့်လည်၍ ပစ္စုပ္ပန်အရှိကို သတိပြုရှုကြည့်ပါဟု ဟောကြား နေသော လူအများရှိပေသည်။

လူတယောက်သည် မိမိ၏ သဘာဝ အစစ်အမှန်ကို ရှုမြင်နိုင်စွမ်းရှိပေသည်။ သို့ရာတွင် ဤသို့ရှုကြည့်ရန် အသုံးပြုသော အနည်းငယ်သော အချိန်ကလေးကို အလဟဿ စကားပြောဆိုခြင်း၊ မျှော်မှန်း ယမ်းဆတွေးတောခြင်းတို့ဖြင့် ဖြုန်းပစ်နေကြသည်။ လူ၏ အချိန်ကို အမှန်တရားမှ ရှောင်လွှဲသွားရာ၌ အဓိကအသုံးချပစ်ကြသည်။ အမှန်တရားဟူသည် မသာယာလှပေ၊ နှစ်မြို့ဘွယ်ရာမရှိပေ၊ ထို့ကြောင့် လူသည် ၎င်းမှ လွှဲဖယ်သွားရန် နည်းလမ်းများကို အစဉ်ရှာဖွေနေကြသည်။

အမှန်တရားသည် လူ၏ ကိုယ်တွင်း၌သာ ကိန်းဝပ်နေပေသည်။ လူက ရှာဖွေရှုကြည့်ရန် စောင့်ဆိုင်းနေပေသည်။ ဤအမှန်တရားကို ရှာဖွေထုတ်ဖော်ကြည့်ရန်၊ ကမ္ဘာ့ဌာန်းဌာနတခုဟူ၍ ရှိနေရန်မလိုပါ။ ဘယ်နေရာမဆို မိမိကိုယ်တွင်း၌ တရားကိုရှာဖွေယူနိုင်ကြပါသည်။ သို့ရာတွင် မိမိကိုယ်တွင်း၌ ရှိသော ဤအမှန်တရားကို လူသည် ရှာဖွေကြည့်ရှုပါမည်လောဟု အမေးပုစ္ဆာတခု ပြုလုပ်နိုင်ပါပေသည်။

အမှန်တရားသို့ ရောက်ရှိရန် သွားရာလမ်းကြောင်းသည်ခက်ခဲ၏။ ဆင်းရဲပင်ပန်း၏။ လမ်း၌ ခလုပ်ကသင်း ကျောက်တုံး ကျောက်ခဲများ တင်းကြမ်းပြည့်ရှိ၍၊ လမ်းပိတ်ဆို့ထားသော အတားအဆီးများလည်းရှိသည်။ ဤလမ်းမှ လူတို့သည် အစဉ်ရှောင်ဖယ်သွားကြသည်။ ဤလမ်းခရီးတွင် သွားမိနေသည့်တိုင်အောင် လွတ်ထွက်ရန် လမ်းကြို လမ်းကြားများကို မကြာခဏ ရှာဖွေနေကြသည်။

ဤသို့ဖြစ်ရကား လူကို သင့်ကိုယ်သင်သိရှိလော့ဟု ပြောရုံမျှနှင့် ကိစ္စမပြီးနိုင်ချေ။ သိမ်မွေ့နူးညံ့လှသည့် သစ္စတရား၏ သဘာဝကို အနှောက်အယှက် အဖျက်အဆီးရန်များမှ အတော်အတန် ကင်းရှင်းစွာဖြင့် ကြည့်ရှုလေ့လာနိုင်ရန် သင့်တင့် လျှောက်ပတ်သော ပတ်ဝန်းကျင်ရှိရန် လိုပေသည်။ ပရမတ္ထသဘောတရားကို အရိပ်အရောင်မြင်ရုံကလေးမျှ မြင်နိုင်ရန်ပင် သမာဓိ တရားကောင်းစွာ ရရှိရပေမည်။ ဤ နှောက် ယှက် ဖျက် ဆီး တတ် သော ဘေး ရန်တို့သည် အစစအရာရာ အဆင်ပြေလျက်ရှိသည့် ပတ်ဝန်းကျင် အခြေအနေမှာပင် အနှောက်အယှက်ပြုနိုင်ကြသည်။ ၎င်းပြင် ထိုသူအား ကိုယ်တိုင် ဤခရီးလမ်းကြောင်းတွင် သွားခဲ့ပြီး၍ ခရီးအကြောင်း ကျွမ်းကျင်ပြည့်စုံစွာ နားလည်ပြီး သူက မေတ္တာ-စေတနာ အပြည့်အဝဖြင့် ကရုဏာတရား ရှေ့ထား ကာ လမ်းညွှန်ပြသပေးရန် လိုပေသည်။

မိမိ၏ ဘဝသဘောတရား အတိအကျကို ကြည့်ရှုလေ့လာသည့် ခဲယဉ်း ပင်ပန်းသော လုပ်ငန်းလုပ်ဆောင်လိုပါလျှင် အပြည့်ပြည့်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာနသည် လိုအပ်သော အစီအစဉ်နှင့် ကောင်းမွန်သင့်မြတ်သော ပတ်ဝန်းကျင် အခြေအနေတို့ကို ပြုစုဖန်တီးပေးလျက်ရှိသည်။ ဤဌာနတွင် ရောက်ရှိပါက မိမိကိုယ်ကို မိမိရှာဖွေလိုသော ခရီးသည်သည် ခရီးလမ်းကြောင်းသတ်မှတ်ထားခြင်းမရှိပဲ လှိုင်းလေပြင်းထန်သော ၎င်းဘွားရမည့် ခရီးတလျှောက်တွင် တတ်ကျွမ်းသိရှိနားလည်စွာ မေတ္တာ-စေတနာ အပြည့်အဝဖြင့် လမ်းညွှန်ပြသပေးမည့် ဂုရုကြီး ဦးဘခင်၏ မေတ္တာရိပ် အောက်တွင် ခိုလှုံကြရပေမည်။ အသက် (၆၅) နှစ်ရှိပြီးဖြစ်သော ထူးခြားသည့် စွမ်းအင်များ ရှိသည့် ထူးထူးခြားခြား ပုဂ္ဂိုလ်ကြီးတပါးဖြစ်ပေသည်။ မိမိကိုယ် မိမိရှာဖွေသိရှိလိုသူတို့အား လမ်းညွှန်ပြသပေးသည့် လမ်းပြလုပ်ငန်း အပြင် လွန်စွာ အရေးကြီးသော ထိပ်တန်းအစိုးရ ရာထူးကြီးများ၏ တာဝန်ဝတ္တရားများကိုလည်း နာရီပေါင်းများစွာ အချိန်ပေးဆောင်ရွက်နေရသော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ဦးဘခင်သည် ၎င်း၏ ကိုယ်ပိုင်လောကီ အကျိုးစီးပွားများကို စွန့်လွှတ်ပြီးဖြစ်ပေသည်။ လူသားတို့ ဒုက္ခဆင်းရဲမှ ကူညီကယ်တင်ရန်ဖြစ်သည့် ၎င်း၏ တခုတည်းသော ရည်ရွယ်ချက် အောင်မြင်စေရန် ၎င်း၏ လောကုတ္တရာ အသိတရား ဖွံ့ဖြိုးမှုမှရရှိနိုင်သည့် အသီးအပွင့်တို့ကိုပင် မသုံးဆောင် မခံစားသေးဘဲ နေသူပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ဤသဘောတရားကား အစစ်အမှန် မြင့်မြတ်လှသော စိတ်ထားပင်ဖြစ်ပါပေသည်ဟု အမှန်တကယ်ပြောဆိုနိုင်ပါသည်။

သင့်ကိုယ်သင် သိလော့ဟု ဩဝါဒမိန့်ခွန်းသံကို နှစ်ပေါင်း များစွာ ကြားခဲ့ရပြီးနောက် အမှန်တရားကို သိလိုသူအား ၎င်း၏ ရှာဖွေရေး ခရီးပြီးဆုံးတိုင်ရောက်စေရန် အရိပ်အာဝါသ အကာအကွယ်နှင့် ကူညီ စောင့်ရှောက် လမ်းညွှန်ပြမှုတို့ကို ပေးကမ်းနေသည့် နေရာဒေသတခုသည်ရန်ကုန်မြို့ တနေရာတွင် ထွန်းကားပေါ်ပေါက်၍ လာချေပြီတကား။

(ဂျွန်၊ အီး၊ ကိုးလ်မင်း)

ဤဒုတိယခေါက် ၁၉၆၃ ခု၊ ဖေဖော်ဝါရီလတွင် လာသွားပြီးနောက် တပိုင်းတစသင်ကြားသွားသော ဗုဒ္ဓတရားဓမ္မများကို ပိုမိုပြည့်စုံစွာ လေ့လာရန်နှင့် တတိယအကြိမ်မြောက် တရားလုပ်ငန်းလုပ်ရန် ၁၉၆၃ ခု၊ အောက်တိုဘာလတွင် မစ္စတာကိုးလ်မင်းသည် ဓမ္မရောင်ခြည် စေတီရိပ်မြုံသို့ ခိုလှုံ

ရောက်ရှိ လာပြန်သည်။ ဤတကြိမ် ၎င်း၏ အားထုတ်မှုများကို အကျယ်တဝင့်ရေးပြဘွယ်မလိုတော့ပြီ။ တရား၏ **အမြိုက်အရသာကို ကိုယ်တိုင်သိရှိ၍ ကိုယ်ပိုင် အဖြစ်ရရှိ နေသော ကိုးလ်မင်းသည်** ထိုအချိန်တွင် မိမိတွေ့ရှိရသော တရားဓမ္မများကို အများဝေနေယျာ အတွက် ဖြန့်ဖြူး ဝေငှပေးရန် ပြင်းစွာ အာသီသ ဖြစ်ရှိနေပေသည်။ အမှန်တရားကို စမ်းတဝါးဝါးဖြင့် ရှာဖွေနေကြသည့် အနောက်တိုင်းရပ်မှ စိတ်မွန်ကောင်း ရှိသူ များ အပေါ်တွင် ကရုဏာ လွန်စွာဖြစ်နေသည်။ သို့ဖြင့် ၎င်းရရှိသော တရားဓမ္မနှင့်ပါတ်သက်၍ စာအုပ်တအုပ် ပြုစုရန် လိုလာကြောင်း ဆရာကြီးအား ခွင့်ပန်ကြားရာ ဆရာကြီးက အချိန်အနည်းငယ် လိုသေးကြောင်း။ မိမိ၏ကိုယ်မိမိ ပိုမို ပြည့်စုံစေရန် ဆက်လက်လုံ့လပြုရန်အကြောင်းတို့ကို ပြောကြားလိုက်သည်။

၁၉၆၈ ခုနှစ်၊ ဧပြီလ သင်္ကြန်အခါတွင်း၌ မစ္စတာ ကိုးလ်မင်းတရားဌာနသို့ တကြိမ် ရောက်ရှိလာပြန်သည်။ ဤတကြိမ်တွင် တရားလုပ်ငန်းလုပ်ရန် ရက်ရှည်လာခဲ့သည်မဟုတ်ဘဲ ခေတ္တ ခရီးသည်အဖြစ် ဝင်ရောက်လာခြင်း ဖြစ်သည်။ ၎င်း၏ဇနီးကိုလည်း ခေါ်လာသည်။ မိမိတရားရရှိသွားသော ဧရိပ်သာကလေးကို မိမိ၏ဇနီးအား ရောက်ဘူးစေရန် တမင်ခေါ်လာ၍ ပြခြင်း ဖြစ်ပေသည်။ ၁၉၆၈ ခု၊ ဧပြီလ ၁၅ ရက်နေ့ည ၈ နာရီကြော်တွင် ဇနီးမောင်နှံ ၂ ယောက် စေတီသို့ ရောက်ရှိလာရာ ၎င်းတို့အား မြန်မာထမင်းဟင်းဖြင့် ညစာ ကျွေးမွေး၍ ပြုစုလိုက်ကြသည်။ မစ္စတာ ကိုးလ်မင်း သည် ဆရာကြီး နှင့် တရားများ ဆွေးနွေး၍ ည ၁၀ နာရီခွဲတွင် စေတီကမ္မဌာန်းခန်း၌ဝင်၍ ၁၂ နာရီခွဲ အထိ တရားထိုင်သွားသည်။ ယခင် မိမိရရှိပြီး တရားများကို ကောင်းစွာ ထိမ်းသိမ်းထားနိုင်သည်ကိုသိရသဖြင့် ဆရာကြီးနှင့်တကွ တရားမိတ်ဆွေအပေါင်းတို့ များစွာ ဝမ်းမြောက် ကျေနပ်ကြရသည်။ ဧပြီလ ၁၆ ရက်နေ့ နံနက်စောစော ထ၍လည်း တရားထိုင်ပြန်သေးသည်။ ၇ နာရီခွဲအချိန်တွင် မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားသည်။

ဤတခေါက်ရောက်လာသောအခါတွင် မစ္စတာ ကိုးလ်မင်း၏ စေတနာအရင်းအမှန်ကို သိရှိလာပြီး ၎င်း၌လည်း ထိုက်သင့်သည့် ပညာပါရမီ ပြည့်စုံလာပြီဟု ယုံကြည်ယူဆ၍လား မသိပေ၊ ဆရာကြီးက မစ္စတာ ကိုးလ်မင်းအား ၎င်းရေးလိုသောစာအုပ်ကို ရေးရန် သဘောတူညီခွင့် ပြုလိုက်ပေသည်။

၁၉၆၉ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့စွဲဖြင့် ရေးလိုက်သောစာ၌ သူရေးသားသည့် စာအုပ်အကြောင်းအရာကို ဖတ်ရှုရပေသည်။

"ကျွန်တော်ရေးသားပြုစုပြီးသောစာအုပ်၏အမည်မှာ "Quiet Mind" တည်ငြိမ်သောစိတ်" ဖြစ်ပါသည်။ အရှေ့တလွားနှင့် ကမ္ဘာအရပ်ရပ်တွင် ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းသော လုပ်ထုံးလုပ်နည်းများ ရှာဖွေရင်း ကျွန်တော် ခရီးထွက်ခဲ့သည့်အကြောင်းအရာများကိုမူတည်၍ ရေးထားပါသည်။ဆရာကြီး၏ ရိပ်သာဌာနတွင် ကျွန်တော်ကြိုးစား တရား အားထုတ်ခဲ့ ပုံများကို အသေးစိတ် ဖော်ပြထားပါသည်။ တည်ငြိမ်သော စိတ်ရရှိရေးအတွက် ကမ္ဘာအရပ်ရပ် လှည့် လည်ရှာဖွေပြီးနောက် ယင်းကို ဆရာကြီး၏ကမ္မဋ္ဌာန်းဌာန ဆရာကြီး၏အရိပ်အာ ဝါသအောက် ရောက်ရှိမှသာ တွေ့ခဲ့ရပုံအကြောင်း ရေးသား ထားပါသည်။ ခေတ်ပုံ အမြောက်အမြား ပါဝင်မည်ဖြစ်၍ ထုတ်ဝေသူများသည် စာအုပ်ကို လူကြိုက်များလိမ့်မည်ဟု မျှော်မှန်း၍ လွန်စွာကြေနပ် နှစ်သက်နေပါသည်။

အနိစ္စ၊ ဒုက္ခသဘောတရားများနှင့် နောက်ဆုံး အနတ္တ သဘောတရား အစစ်အမှန်သိရှိရေးတို့ကို အထူးအလေးပေး၍ ရေးသားထားခြင်းဖြစ်ပါသည်။ စစ်မှန်သောတရားထိုင်ခြင်း ပြုလုပ်ရန် တကယ်လိုပေသည်ဟု စာအုပ် ဖတ်ရှုသူ များ သဘောပေါက်လာလိမ့်မည်ကို ကျွန်တော်မှုချယုံကြည်ပါသည်။ နောက် တဆင့် လုပ်ငန်းမှာ တရားလုပ်ငန်း စိတ်ပါဝင်စားလာသူတို့အား ကူညီပြသ ပေးနိုင်သည့် တရားပြပုဂ္ဂိုလ်များနှင့် နေရာထိုင်ခင်း အစီအစဉ်များ လိုလာပေ လိမ့်မည်။ ဤလုပ်ငန်းအတွက် ကြီးကျယ်ကြွယ်ဝသော အဖွဲ့ အစည်း များဖြင့် အခြေခံဆောင်ရွက်၍ ရမည်မဟုတ်ပေ။ ဆရာကြီး၏ ရန်ကုန်တွင် သင်ကြားပြသ နေသည့် နည်းလမ်းများသည် လူတဦးတယောက်၏ ထင်ပေါ်ကျော်ကြားမှုမ ဟုတ်ဘဲ လူသားတဦးစီ၏ တိုးတက်ရေးအတွက်သာ လုံးဝဂရုပြု၍ ပြသသော နည်းလမ်းဖြစ်၍ စစ်မှန်သော နည်းလမ်း၊ **သူ့မတူနည်းလမ်း** သာ ဖြစ်ရကား ဤတခုတည်းသော လမ်းစဉ်အတိုင်းသာလျှင် ဆောင်ရွက်ကြရပေမည်။

ယခုလက်ရှိ အလုပ်နှင့် စာချုပ်ပြီးဆုံးသွားသောအခါ ကျွန်တော်အိမ် ထောင်မိသားစုအတွက် လုံလောက်သော ပင်စင်လစာငွေ ရမည်ဖြစ်၍ ပူပင် သောကရောက်စရာမလိုတော့ပါ။ အသက်အရွယ်လည်း အတန်ငယ် ထောက် လာပြီဖြစ်သောကြောင့်၊ ဆရာကြီး၏ ဩဝါဒခံယူပြီးလျှင် ကမ္မဋ္ဌာန်း တရား များ ပြသပေးခြင်းဖြင့် ကျန်ရှိသော အချိန်များကို အသုံးချရန် စိတ်ကူးထား ပါသည်။ အင်္ဂလန်သို့ပြန်ပြီးနောက် ရက်သတ္တနှစ်ပါတ် အချိန်ရရန် သီးသန့် ထားပြီးလျှင် ဆရာကြီးထံမှောက်၌ နောက်တကြိမ် ကမ္မဋ္ဌာန်းတရား လာရောက် ထိုင်ရန် စီစဉ်လျက်ရှိပါသည် ဆရာကြီးခင်ဗျား။

ၚင်းစာရောက်ပြီးနောက် ကိုးလ်မင်းထံမှ ဆရာကြီးထံသို့ ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စာတစောင်ရေးသားလိုက်ပြန်သည်။ ဆရာကြီးသည် ၁၉၇၁ ခု၊ ဇန်နဝါရီလ ၁၉–ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်သွားပြီဖြစ်ရကား ထိုစာကို တွေ့ရှိဖတ်ရှုမသွားရပေ။ ယင်းစာတွင် စာအုပ်ထုတ်ဝေသူများအား ဆရာကြီးထံနှင့် ဆရာကြီး ပို့စေလိုသူများထံသို့ တိုက်ရိုက်ပို့ပေးရန် ၚင်းကညွှန်ကြား ထားပြီဖြစ်ကြောင်း ဖော်ပြထားသည်။ စာအုပ်များ အင်္ဂလန်ပြည်တွင် Riders & Co တွင် ထုတ်ဝေ သည် ဖြစ်၍ ၁၉၇၁ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ထွက်လာခဲ့ပေပြီ။ အမေရိကန် နိုင်ငံတွင် **Harper & Row** ကုမ္ပဏီမှထုတ်ဝေမည်ဖြစ်၍၊ မေလတွင်ထွက်လာခဲ့ကြောင်း သိရှိရသည်။ ယင်းနိုင်ငံ နှစ်နိုင်ငံတွင် ဤစာအုပ် ထုတ်ဝေသူတို့သည် ထိပ်တန်းအကျဆုံး ကုမ္ပဏီကြီးများဖြစ်ရကား ကမ္ဘာအရပ်ရပ် နံ့နံ့စပ်စပ် ဖြန့်ဖြူးနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ ထိုစာတွင် မစ္စတာကိုးလ်မင်း ဖော်ပြ ထားသည့် စာကြောင်းတကြောင်းကို ဖတ်ရှုရပြီးနောက် ဗုဒ္ဓဘာသာတဦးအနေဖြင့် လွန်စွာ နှစ်ထောင်းအားရဖြစ်မိပါတော့သည်။ "အနောက်တိုင်း တလွှားတွင် ဗုဒ္ဓဓမ္မကို ပြည့်စုံမှန်ကန်စွာ ဖြန့်ဖြူးရာ၌ အကူအညီဖြစ်စေရန် ဤစာအုပ်ကို ရေးသားလိုက်သည်ဟု ကျွန်တော်ယုံကြည်မိပါသည်။"

**မစ္စစ်ဖြူလာစမစ် (သ်)။**

ဆရာကြီးထံ တရားအားထုတ်ရန် ခွင့်ပန်ကြား၍ ဝေးလံလှသောအမေရိကန်မှ လာရောက်ကြသည့် ပုဂ္ဂိုလ်အမြောက်အမြားအနက် မစ္စစ်ဖြူလာစမစ်သ် အကြောင်းကိုလည်း မှတ်တမ်းတင်ရပေမည်။မစ္စစ်ဖြူလာစမစ်(သ်)သည် အမေရိကန်ပြည်၌ မစ္စစ် မေရီယံဒစ်၏ ရုပ်မြင်သံကြား အသံလွှင့်ဟောကြားချက်များကို ကြည့်ရှုနားထောင်ရာမှ ဓမ္မရောင်ခြည် စေတီတော်နှင့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနအကြောင်းကို ပဌမဦးစွာ သိရှိရခြင်းဖြစ်ပေသည်။ ဤသို့ သိရှိလျှင် သိရှိခြင်း ဆရာကြီးထံ ခွင့်ပန်စာရေး၍ အခွင့်ရသည်နှင့်တပြိုင်နက် မြန်မာပြည်သို့ ချက်ခြင်း ထွက်ခွါလာခဲ့ပေသည်။ စေတီတော်အကြောင်းကို မစ္စစ် မေရီယံဒစ် ဟောပြောနေစဉ် ရုပ်မြင်သံကြားစက်ကို ဖွင့်၍ နားထောင်လိုက်မိသော တိုက်ဆိုင်မှု၊ စေတီတော်ဖူးမြင်ရ၍ ဗုဒ္ဓတရား ဓမ္မအကြောင်းကြားကာမျှဖြင့် တရား၏အမြိုက်အရသာကို ကိုယ်တွေ့ ထုတ်ဖော် ခံစားယူလိုသည့် စိတ် ဖြစ်ပေါ်လာခြင်း၊ ဤအလိုဆန္ဒ တလုံးတဝတည်း ပြည့်ဝနိုင်စေရန် ဝေး

လံသောခရီးမှ လာရောက်ရသည့် စရိတ်အကုန်အကျများအတွက် ငွေကြေး ပြည့်စုံလုံလောက်ခြင်း၊ မြန်မာပြည်သို့လာရောက်ရန်လည်း ခက်ခဲခြင်းမရှိ လာ ရောက်နိုင်ခဲ့၍ စေတီတွင် တရားထိုင်ခွင့်ရရှိခဲ့ခြင်း စသည့် အကြောင်းအချက် များကို စဉ်းစားကြည့်လျှင် မစ္စစ်ဖြူလာမစ်(သ်) သည် ဗုဒ္ဓ၏ တရားဓမ္မနှင့် နီးစပ်ခဲ့သော ပါရမီရှင်တဦးဖြစ်ရမည်မှာ မလွဲပေ။

ဤဌာနသို့ ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဌမအကြိမ် တရား အား ထုတ်ရန် ကျွန်တော် ရောက်ရှိလာ၍ တရား အားထုတ်လျက်နေစဉ် ၇-ရက် မြောက်သောနေ့၌ မစ္စစ်ဖြူလာစမစ်(သ်) သည် အမေရိကန်မှ ဆိုက်ရောက်လာ သည်။ ၎င်းတရား အားထုတ်သည်မှာလည်း ကျွန်တော်တရားထိုင်သောဂူ၏ဘေး တွင် ကပ်လျက်ဖြစ်ရာ မစ္စစ်ဖြူလာစမစ်(သ်) တရားအားထုတ်ခြင်း အကြောင်း နှင့်ပတ်သက်၍ စာရွက်စာတမ်းများမှ သိရှိရသည်မဟုတ်ဘဲ၊ ကျွန်တော် ကိုယ်တွေ့ တလကျော်မျှ အတူတကွ နေထိုင်ပြီးလျှင် သိရှိလိုက်ရသောကိစ္စအကြောင်းအရာ များ ဖြစ်၍ မှတ်တမ်းတင်လိုခြင်း ဖြစ်ပေသည်။

မစ္စစ်ဖြူလာစမစ်(သ်) ကို လေယာဉ်ပျံကွင်းသို့သွားရောက်၍ ပဋိပတ္တိ လုပ်ငန်းဌာန အတွင်းရေးမှူးနှင့် အမျိုးသမီးတဦးတို့က ကြိုဆိုခဲ့ကြလေသည်။ ခရီးရောက်မဆိုက် ရွှေတိဂုံစေတီတော်ကြီးအားဖူးမျှော်စေပြီးနောက် မော်တော် ကားဖြင့် မြို့တွင်းသို့ တပါတ်လှည့်လည်ပြသပြီးလျှင် စေတီသို့ ခေါ်ဆောင်ခဲ့ ကြလေသည်။ ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ(၃၀) ရက်နေ့ဖြစ်သည်။ ညတွင်း ချင်းပင် ၎င်းအား အာနာပါနကမ္မဋ္ဌာန်း တက်ပေးလေသည်။ ကျွန်တော်၏ ဂူနှင့် ကပ်လျက် မစ္စစ်ဖြူလာစမစ်သ်အား နေရာချပေးထားသောကြောင့် ၎င်း အား တရားပေးနေသည်ကို ကျွန်တော်ကိုယ်တိုင်ကြားနေရပေသည်။ ထိုအချိန် က တရားဌာနတွင် လစဉ်တရားပါတ် ပြီးဆုံးနေချိန်ဖြစ်၍လည်း ကျွန်တော် နှင့် ၎င်းအမျိုးသမီးကြီး နှစ်ဦးသာလျှင် တရားထိုင်လျက်ရှိကြပေသည်။ ထို့ ကြောင့်လည်း ၎င်းအမျိုးသမီးကြီးအား ကောင်းစွာ အမှတ်တရရှိနေပေသေး သည်။ ၎င်းအား သတိတရရှိနေစေသော အခြား အကြောင်းအရာမျးလည်း ရှိပါသေးသည်။

၎င်းရောက်ပြီး နောက်တရက်တွင်ပင်လျှင် တသက်လုံး ၎င်းသုံးစွဲ ဝတ် ဆင်ခဲ့သည့် ပါဝန်အဝတ်အစားများကို လဲလှယ်၍ မြန်မာအမျိုးသမီးဝတ်စုံကို စတင် ဆင်မြန်းလေတော့သည်။ မြန်မာအဝတ်အစားများ ဝတ်ဆင်လိုသည် ဟူ၍ ၎င်း၏ ဆန္ဒကို ပြောပြသောကြောင့် တရားဌာနမှ ၎င်း၏ ဆန္ဒပြည့်ဝစေ

ခြင်း၄၁ နေ့ချင်း၊ ညချင်း ပြီးစီးရရှိရန် စီမံကြရသည်။ နိုင်လွန်ဖြူ အင်္ကျီလက်ပြတ်နှင့် အင်းလေးဆင်ပိုးလုံချီ မရမ်းရင့်ရောင် အဖြူအကြောင်းအနားနှင့် တဘက်ဖြူကို လက်ကတော့ထိုး၍ တရားခန်းသို့ဝင်ရန် လမ်းလျှောက်လာသော မစ္စစ်ပြူလာစမစ်သ်အား ယခုတိုင် မျက်စေ့တွင် မြင်ယောင်သေးသည်။ ယခုမှ ပဌမအကြိမ် ဝတ်စား ဆင်ယင်ရသော မြန်မာဝတ်စားတန်ဆာများဖြစ်လင့်ကစား မိရိုးဖလာတသက်တာလုံး ဝတ်စားဆင်ယင်လာခဲ့သော အဝတ်အစားများကဲ့သို့ ချပ်ချပ်ရပ်ရပ် သေသေသပ်သပ် ရှိလှသည်။ အခြားနိုင်ငံခြားအမျိုးသမီး အမျိုးသားများ မြန်မာဝတ်စုံကို ဝတ်ဆင်သကဲ့သို့ ထိုးထိုးထောင်ထောင် မညီမညွတ် မမြဲမမြံမဟုတ်။ ခါးပတ်စသော အကူအညီလည်း မပါမဝင်ဘဲ စိတ်ချလက်ချ တည်တည်ငြိမ်ငြိမ်ရှိလှသည်။ ကတ္တီပါဖိနပ်ကလေးကွင်းထိုးခါ ငြင်သာစွာ လျှောက်လှမ်းသွားနေသည့် မစ္စစ်ပြူလာစမစ်သ်ကို အသားဖြူခြင်းနှင့် ဆံပင်၏ဆင်ယင်ထုံးဖွဲ့မှုကွဲပြားခြင်းမှလွဲ၍ အသက် ၅၆ နှစ် ၅၇–နှစ်ခန့်ရှိသော ယဉ်ကျေးနူးနယ် သိမ်မွေ့လှသည့် မြန်မာအမျိုးသမီးကြီးတဦးဟုပင် ခန့်မှန်းရချေမည်။

မြန်မာအစားအသောက်များကိုလည်း ဆီများသည်၊ ငရုပ်သီးစပ်သည်စသဖြင့် နိုင်ငံခြားသားတို့ ငြီးငြူနေကြအသံများကို မကြားရဘဲ မြိန်ယှက်နှစ်ခြိုက်စွာ သုံးဆောင်နေသည်ကို တွေ့မြင်ရတော့သည်။ ဘဝ ဘဝက မြန်မာများနှင့် နီးစပ်ခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ ရုပ်မြင်သံကြား ပြခမ်းတွင် မြန်မာပြည်အကြောင်းနှင့် ဤပဋိပတ္တိလုပ်ငန်းဌာနအကြောင်းတကြိမ်မြင်ရသည်နှင့် မိုင် ၇၀၀၀ ကျော်ဝေးကွာလှသော မြန်မာပြည်သို့ငွေသောင်းချီ၍ စရိတ်စက အကုန်အကျခံခါတရားစစ် တရားမှန် ရှာဖွေလက်ခံရယူရန် လာခဲ့ခြင်းကပင်လျှင် ပါရမီအဆက်နီးစပ်ခဲ့ကြောင်း ထင်ရှားနေပေသည်။ တရားဌာနရောက်လျှင်ရောက်ခြင်းတွင်လည်း မြန်မာ့အသွင်အပြင်၊ မြန်မာ့အနေအထိုင်၊ မြန်မာ့အစားအသောက်တို့ကို ၎င်းကပင်လျှင် စတင်၍ တောင်းယူလက်ခံ အသုံးပြုလျက်ရှိရာ ဤထူးကဲသော အခြင်းအရာများကို အမှတ်တရမရှိဘဲ မနေနိုင်ခဲ့ပေ။

ထို့ပြင် တရားအားထုတ်ရာတွင်လည်း ကျွန်တော်၏ လုပ်ငန်းအခြေအနေဖြင့် နှိုင်းယှဉ်ချိန်ထိုးကြည့်နိုင်ခွင့် ရသည့်အလျှောက် ၎င်း၏ ထူးခြားစွာတိုးတက်မှုရခြင်းကိုလည်း အထူးအမှတ်တရဖြစ်နေပေသေးသည်။ ၁၉၆၀ ခုနှစ် ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျွန်တော်တရားစတင်ထိုင်ခဲ့၍၊ မစ္စစ်ပြူလာစမစ်(သ်)ရောက်လာသောအခါ၊ ကျွန်တော်၏တရားအားထုတ်ချိန်မှာရက်သတ္တ

တပါတ်ပင် ကျော်ခဲ့ပေပြီ။ တနည်းအားဖြင့်ဆိုသော်၍ကမ္မဋ္ဌာန်းလုပ်ငန်းတည်းဟူသော ပြေးပွဲကြီးတွင် ကျွန်တော်က ၇ ရက်မျှစော၍ ပန်းတိုင်မှ ထွက်ခွာခွင့်ရခဲ့သူဖြစ်လေသည်။ မစ္စစ်ဗြူလာ စမစ်(သ်)အား၊ အာနာပါနတရားပေးပြီးနောက် နေ့စဉ်တရားစစ်သံကိုလည်း ကြားခဲ့ရသည်။ ၎င်း၏ နိမိတ်ပြေး အလင်းရောင်ထင်မြင်လာသည်တို့ကို ပြောပြသည်ကိုလည်း ကျွန်တော်၏ အခန်းမှကြားသိနေရသည်။ ၂ ရက်တာ အချိန်ကာလအတွင်း ဝါဂွမ်းဆိုင်ကဲ့သို့ ဖြူဖြူငွေ့ငွေ့ အရာဝတ္ထုကလေးများ၊ ကြယ်ပြောက်ကလေးများကဲ့သို့ လက်ကန်၊ ဝင်းကန်၊ ပေါ်လာသော အလင်းရောင် ကလေးများ အကြောင်း ကိုလည်း ပြောသံကြားရသည်။

သို့နှင့် ၎င်း၏ သမာဓိအား အချိန် သင့်တော်လောက်ပြီဟု ယူဆရသော တတိယမြောက်နေ့တွင် ဝိပဿနာ ကမ္မဋ္ဌာန်းသို့ တက်လှမ်းကူးပြောင်းခွင့်ရသွားခဲ့သည်။ သို့ကူးပြောင်းသည်နှင့် တပြိုင်နက်လည်း ကိုယ်တွင်းနေရာ အနှံ့အပြား လစ်လပ်ချက်မရှိ၊ အနိစ္စသဘောတရားများကို ရှုတွေ့နေရပြီဟု အံ့ဘွယ်သရဲကြားသိရပြန်သည်။ အာနာပါန လုပ်ငန်းကို ၅ ရက်မျှ လုပ်ဆောင်ပြီးမှ ဝိပဿနာသို့ တက်လှမ်းခဲ့ရသော ကျွန်တော်၏ အတွက်မှာ နောက်မှရောက်လာသူက ခြေလှမ်း သွက် သွက် ဖြင့် လိုက်လာ နေသည် ဖြစ်သောကြောင့် အပြိုင်အဆိုင်သဘောဖြင့် ဆထက်တံပိုး တိုးတက်၍ ကြိုးစား အားထုတ်ရပြန်သည်။ ဝိပဿနာစခမ်းတွင် တရိပ်ရိပ်ဖြင့် မစ္စစ်ဗြူလာစမစ်(သ်) က မလှမ်းမကမ်း လိုက်လာနေချေပြီ။ ကျွန်တော့မှာမူ ဝိပဿနာ တက်ပြီးသည့်နောက် တကိုယ်လုံးတွင် အနိစ္စလက္ခဏာ သဘောတရားများ တွေ့ရှိဆင်ခြင်လျက် နေနိုင်သည်နှင့်အမျှ ဝေဒနာအမျိုးမျိုးလည်း ဖြစ်ပေါ်နေသည်ကို တွေ့သိရ၍ အနိစ္စရှုခြင်းဖြင့် ချေဖျက် တွန်းလှန်နေရပေသည်။ ၁၀ ရက် လွန်မြောက်၍ မစ္စစ်ဗြူလာစမစ်(သ်) ဝိပဿနာသို့ ကူးပြောင်းလာသည့် အချိန်တွင် ကျွန်တော့်တွင် ဝေဒနာများ ပေါ်၍ကောင်းတုန်း အချိန်ပင်ဖြစ်သည်။ နေရာအနှံ့အပြား ပူသည်၊ ခဲသည်၊ အောင့်သည်၊ နာသည်၊ တပြိုင်နက် ပူ၊ ခဲ၊ အောင့် နာသည်။ အခြား စီ ပူ၊ ခဲ အောင့် နာသည်။ အောင့်တာပျောက်လျှင် နာတာ ပေါ်သည်။ နာတာပျောက်လျှင် ကိုက်ခဲပြန်သည်။ အကိုက်အခဲ ငုပ်လျှင် အပူပေါ်သည်။ သို့နှင့် ဝိုင်းကြီးပတ်ပတ် ဒုက္ခတွေ ဝေနေခဲ့သည်။

မစ္စစ်ဗြူလာစမစ်(သ်)တွင်မူကား ပန်းတိုင်မှ လွတ်လိုက်သည်နှင့်တပြိုင်နက်၊ အခက်အခဲမရှိ တရိပ်ရိပ်ဖြင့် တရား တိုးတက်နေသည်။ ရေခဲပြင်ပေါ်

တွင် ကျွမ်းကျင်စွာ လှုပ်ရှားသွားလာနိုင်သူတဦးကဲ့သို့ တရှိန်တည်း ချောချော မောမော ခရီးနှင်လျက် နေလေသည်။ ၎င်းအား တရားစစ်လိုက်တိုင်း နာသည်ဟု မကြားရ၊ အောင့်သည်ကို မတွေ့ရ၊ ကိုက်ခဲသည်ကိုမသိရ၊ တကိုယ်လုံး အပူငွေ့ငွေ့ကလေးမျှသာလျှင် အနိစ္စသဘောများကို ရှုမြင်နေရသည်။ သို့ဖြင့် ၇ ရက်မြောက်သောနေ့တွင် ၎င်း အပူငွေ့ကလေးမျှကိုပင် တကိုယ်လုံး ပျံ့နှံ့နေသည်ဟု မတွေ့ရတော့ဘဲ၊ အလယ်ဘဝင်တွင် အနည်းငယ်စုခဲနေသည့်အစိုင်အခဲကလေးမျှသာ ကျန်တော့၍ ကိုယ်ရောစိတ်ပါ တည်ငြိမ်လျက်ရှိသည်ဟု အစစ်ခံနေသည်ကိုလည်း ကြားသိရသည်။ ၇ ရက်မြောက်သောညတွင် တရားစစ်တမ်းအဖြစ်ဖြင့် ၎င်းအား မှတ်ကျောက် အတင်ခံစေသည်။ ဤကဲ့သို့ မှတ်ကျောက် တင်ရန်အတွက် လိုအပ်သောညွှန်ကြားချက်များ ပေးနေသည်ကိုလည်း အတိုင်းသား ကြားသိနေရသည်။

ထိုနေ့ည တရားမထွက်မီ မစ္စစ်ဗြူလာစမစ်(သ်) သည် သရဏဂုံကိုခံယူ၍ ကိုယ်တွေ့ တရားဓမ္မ၏ ကျေးဇူးတော်ဂုဏ်ကြောင့် ဗုဒ္ဓဘာသာဝင်စစ်စစ်အဖြစ် ပြောင်းလဲခံယူသည်ကို ရွှင်လမ်း ဝမ်းမြောက်စွာ သာဓု အနုမောဒနာ ပြုခဲ့ရသည်။

တာအလွတ်တွင် (၇) ရက်လုံးလုံး ရှေ့မှ ကြိုတင်ပြေးထွက်နိုင်ခွင့် ရပါလျက် တာအထွက် ပတ်လည်တစိုက်တွင်သာ "တပမ်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တပင်ငြိုငြို၊ ဆင်းရဲပိုလျက်" ရည်မှန်းသော ပန်းတိုင်သည် ဘယ်ဆီဘယ်စခမ်း၌ ရှိလေဘိသနည်း ဟု မျှော်မှန်း ရော်ရမ်းလျက် နေရသေးသော ကျွန်တော့မျက်မှောက်တွင် နောက်မှလိုက်လာလျက် ဘေးမှ ပန်းတက်သွားခါ တရိပ်ရိပ်ဖြင့် တာစခမ်းကို ကျော်လှမ်း၍ ပန်းထိုင်သို့ဝင်ရောက်သွားကြောင်း၊ ပန်းတိုင်ဆီမှ သေနတ် ပစ်ဖောက်လိုက်သောအသံကို ကြားရ၍ သိရှိရရာ၊ ကျွန်တော့မှာ ဝမ်းနည်း ဝမ်းသာ ဖြစ်မိတော့သည်။ မိမိကြိုးပမ်းချက် မအောင်မြင်သေး၍ ဝမ်းနည်းမိခြင်းဖြစ်၍ ဝမ်းသာရသည်မှာ ဤမျှဝေးလံသောနေရာဌာနကို ငွေကြေး အကုန်အကျခံကာ တရားထူးတရားမြတ် လာ၍ရှာရသူပုဂ္ဂိုလ်တဦးသည် လိုအပ်သောမြတ်တရားကို ရရှိသွားနိုင်ပြီဖြစ်၍ ရွှင်လန်းဝမ်းမြောက်ရခြင်း ဖြစ်ပေသည်။

အမှတ်တရရှိသေးသည်။မစ္စစ်ဗြူလာစမစ်(သ်) တရားအားထုတ်၍ တလပြည့်သောနေ့တွင် တရားဌာနမှပုဂ္ဂိုလ်အပေါင်း ဆရာကြီးက ခေါင်းဆောင်၍

လှော်ကားတိုက်ကြီးသို့ ခရီးထွက်ကြသည်။ ဆရာကြီးသည် တရားသဘောများကို ရှင်းပြရာတွင် အကုသိုလ်အညစ်အကြေးများအကြောင်း၊ ၎င်းအညစ်အကြေးတို့ကို အနိစ္စရှုမှတ်ဖြင့် ဖွတ်လျှော်ဖြူစင်စေနိုင်သည့်အကြောင်း၊ အကုသိုလ်အညစ်အကြေးများမှာ မိမိ၏အဇ္ဈတ္တမှ လောဘ၊ ဒေါသ၊ မောဟ တို့၏ လှုံ့ဆော်ရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့်အကြောင်း၊ ဗဟိဒ္ဓမှ သူတပါး၏ လောဘ၊ ဒေါသ၊ မောဟ အရှိန်အဝါများလည်း မိမိကိုယ်သို့ အညစ်အကြေးအဖြစ် ဝင်လာဆိုက်ကပ်နိုင်ကြောင်း စသည်တို့ကို ရှင်းလင်း ဟောပြလေ့ ရှိသည်။

တိုက်ကြီးဈေးတွင် ခေတ္တရပ်နား၍ မစ္စစ်ဖြူလာ စမစ်(သ်)အား လိုက်လံပြသရာ၊ မြန်မာအမျိုးသမီး အဝတ်အစား အဆင်အပြင်နှင့် တွေ့မြင်ရသော "ဗိုလ်မကြီး" အား လူအများအပြားပင် ဝိုင်းဝန်းကြည့်ရှုကြသည်။ ဤကဲ့သို့ ကြည့်ရှုကြရာတွင် ဈေးဝယ်လည်းပါသည်။ ဈေးသည်လည်းပါသည်။ ဆိုက္ကားသမားကလည်း ကြည့်လိုက်သည်၊ ခေါ်တောကုလားကလည်း ကြည့်လိုက်သည်၊ မစ္စစ်ဖြူလာစမစ်(သ်)၏ အချောအလှ ကြက်သရေကို ချီးမွမ်းလိုက်ကြ သူများလည်း ရှိပေသည်။ အသားနီနီ ဆံပင်ဘုတ်သိုက်နှင့် ရီစရာကြီးဟု ကဲ့ရဲ့မေးငေါ့လိုက်ကြသူများလည်း ရှိနိုင်ပေမည်။ နိုင်ငံခြားသားဟု ခင်မင်ကြင်နာစိတ်ထားဖြင့် ကြည့်သူလည်းရှိပေမည်။ နိုင်ငံခြားသူဖြစ်နေ၍လည်း မလိုမုန်းထားလိုက်သောသူများလည်းရှိကြမည်။ လူပေါင်းစုံ အမျိုးစုံတို့၏ အာရုံညွှတ်ရာ ခံခဲ့ရသော မစ္စစ်ဖြူလာစမစ်(သ်)သည် ပျော်ပွဲစားမှအပြန်ထိုနေ့ညတွင် တရားဝင်ရာ၌ အခက်အခဲတွေ့ရသည်။ **အဖိုးထိုက်တန်သော ကျောက်မျက် ရတနာကလေးတခု လက်ဝယ်ရရှိပြီးမှ ကျဆုံ ပျောက်ကွယ်သွားရသည့် ကလေးသူ ငယ်**ကဲ့သို့ ၎င်း၏ တရားခန်းတွင် မစ္စစ်ဖြူလာစမစ်(သ်)သည်ချုံးပွဲချ၍ ငိုလေတော့သည်။ ယခင်က ၎င်းအလိုရှိသမျှ ရယူသုံးစွဲသည့် ငြိမ်းချမ်းမှု ပတ္တမြားကလေးကို လက်လွတ်ပျောက်ဆုံးသွားသောကြောင့် သောကပရိဒေဝ ရောက် ရခြင်းဖြစ်သည်ဟု နားလည်ခဲ့ရသည်။

ဤသို့ပင်လျှင် တရား၏အကြောင်းကို လက်တွေ့ ပြခြင်း ဖြစ်ကြောင်း၊ မိမိ၏ အညစ်အကြေးများကို မိမိက ဖြူစင်သန့်ရှင်းစွာ ရှိစေရန် ဖွတ်လျှော်ထားသည့်တိုင်အောင် ပြင်ပမှ အညစ်အကြေးများ ဝင်ရောက်လာက တရား၏တန်ခိုးမှာ ၎ုပ်လျှိုးမှေးမှိန်သွားတတ်သော သဘာဝဖြစ်ကြောင်း၊ ပုဝါထည်ကို ဖြူစင်အောင် ဖွတ်လျှော်၍ အခြောက်လှမ်းထားစဉ် လေတွင်လွင့်ပါးလာသော

ကြပ်ခိုး၊ မီးခိုးအစရှိသည့် အညစ်အကြေးများ တိုးဝင်ထိခိုက်ပါက ညှိုးမှိန်ရ ညစ်နွမ်းရဘိသကဲ့သို့၊ ထို့အတူ ပြင်ပ ပယောဂကြောင့်လည်း မိမိ၏ ရပြီးတန်ခိုးတို့ ညှိုးမှိန်ရကြောင်း၊ ထို့ကြောင့် မိမိ၏ တရားအင်အားကို အခါမလပ်၊ နေရာမပြတ် တိုးတက်ခိုင်မာရန် ပူဇော်ပွဲများ စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ အညစ်အကြေးကို ဖွတ်လျှော်ချေဖျောက်နည်း သိပြီးဖြစ်သည့်အလျောက် တည်ငြိမ်မှုရရှိရန် သမာဓိကို တဖန်ထူထောင်၍ **အနိစ္စတရားပွဲများပါက ပျောက်ဆုံးသော တရားရတနာကို ပြန်လည်တွေ့ရှိနိုင်ကြောင်း** အားပေး စကား ဖြင့် ဖြောင့်ဖျပါမှမစ္စစ်ဗြူလာစမစ်(သ်)မှာ ဆောက်တည်ရာ တဖန်ရရှိပြန်လေသည်။ ထိုနောက်တွင်မူ ၎င်းအလိုရှိသမျှ ငြိမ်းချမ်းရေးများကို အပြည့် အဝ ခံစားသွားနိုင်၍၊ ဤဓမ္မရောင်ခြည် စေတီတော်မှ တရားပင်ပျိုကလေးများကို ကြည်ဖြူသော သဒ္ဓါဖြင့် အမေရိကန်ပြည်ထောင်စုကြီးသို့ ပြန်လည်သယ်ပိုးသွားနိုင်ခဲ့သည်ကို ချီးမွမ်းအံ့ဩထောပနာပြုလျက် ဤနေရာတွင် မှတ်တမ်းတင်လိုက်ရပါသည်။

## (ဂ) မစ္စစ်ဒင်နီဆင်

မစ္စစ်ဒင်နီဆင်ဆိုသူ အမျိုးသမီးကြီးမှာ ဒဿနိကဗေဒဆိုင်ရာ သဘာဝအစစ်အမှန်ကို နှစ်ပေါင်းများစွာ ဝါသနာအလျောက် ရှာကြံလေ့လာလျက်ရှိသူ ဂျာမာန်အမျိုးသမီးတဦး ဖြစ်ပေသည်။ ၎င်း၏ ခင်ပွန်းသည် အမေရိကန်ပြည်၏ ရုပ်ရှင်မြို့တော်ဖြစ်သော ဟိုးလီးဝုတ်မြို့တွင် စိတ္တဇရောဂါဝေဒနာသယ်များအား ကုသပြုပြင်ပေးသည့် အမေရိကန်အမျိုးသား နာမည်ကျော် စိတ်ပညာဆရာဝန်ကြီးတဦး ဖြစ်ပေသည်။

၎င်းတို့ ဇနီးမောင်နှံနှစ်ဦး စေတီရိပ်သာသို့ ရောက်ရှိလာချိန်တွင် နှစ်စဉ်နှစ်တိုင်း ကျွန်တော် တရားတပါတ်ဝင်ချိန်နှင့် တိုက်ဆိုင်နေပြန်သဖြင့် ၎င်းတို့၏ တရားကိစ္စအဝဝတို့ကို ကိုယ်တွေ့သိခဲ့ရပြန်သည်။ ၁၉၆၂ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကမ္ဘာ့ဥာန်ဌာနသို့ ၎င်းတို့ရောက်ရှိလာ၍ တလနီးပါး နေထိုင်သွားကြပေရာ ထိုတချိန်လုံး ကျွန်တော်လည်း စေတီရိပ်သာတွင် ရှိခဲ့ပါသည်။

ရှေးဦးစွာ ရိပ်သာသို့ မည်သည့်အဆက်အသွယ်၊ မည်ကဲ့သို့ အစီအစဉ်ဖြင့် လာရောက်ကြသည်ဟု မသိရသော်လည်း စိတ်ပညာဆရာဝန်ကြီးသည်

၎င်း၏ စိတ္တဇရောဂါကုသရေးလုပ်ငန်းတွင် အရှေ့တိုင်းနိုင်ငံများမှ ဘာသာရပ်များ၊ အထူးသဖြင့် ဗုဒ္ဓဘာသာတရားတော်များမှ အထောက်အကူပေးစွမ်းနိုင်သည့် အချက်အလက်များ စူးစမ်းလေ့လာလိုခြင်းသာဖြစ်သည်။ ဗုဒ္ဓတရားကပေးစွမ်းနိုင်သော ကိုယ်ပိုင်ချမ်းမှုကို ရယူလိုသော စိတ်ဆန္ဒရှိ၍ လာရောက်ခြင်းမဟုတ်ဟု ကျွန်တော်ထင်မြင်မိပါသည်။ ၎င်း၏ ဇနီးဖြစ်သူ အမျိုးသမီးသည် ဆရာကြီးနှင့် ဆွေးနွေးနေသည်များကို သာ၍ပင် စိတ်ဝင်စားဟန်မတူပါ။ စေတီတော်၏ ပသာဒနှင့် ပတ်ဝန်းကျင် ဥယျာဉ်ပန်းမာလ်များတွင်သာ ငေးမောကြည်နူးလျက် နေဟန် တူပေသည်။ နောက်ဆုံးတွင်မူ ၎င်းတို့နှစ်ဦးစလုံး ကမ္မဋ္ဌာန်းတရား လက်တွေ့ထိုင်ကြည့်ရန် သဘောတူဆုံးဖြတ်ကြပါသည်။ ၎င်းတို့အား အဟာရဆောင်သို့ ဆင်းရာလှေကားဘေးရှိ အဆောက်အဦတွင် နေရာချထားပေး၍ ထိုညတွင်ပင် ကမ္မဋ္ဌာန်းတရားစတင်လုပ်ဆောင်စေပါသည်။ ယောကျ်ားဖြစ်သူ စိတ်ပညာဆရာကြီးသည် ဆရာကြီး၏ နည်းပေး ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာကျင့်ကြံခြင်းမရှိဘဲ၊ မိမိ၏ အနောက်တိုင်းပညာအခြေခံများဖြင့် ဗုဒ္ဓတရားလက်တွေ့ လုပ်ငန်းကို စူးစမ်း လေ့လာမှု သဘောဖြင့် ဆောင်ရွက်လုပ်ကိုင်ရင်း အချိန်ကုန်လွန်သွားခဲ့ပေသည်။ ဗုဒ္ဓတရား၏ အနှစ်သာရကို သေချာစွာ သိရှိသွားဟန်မတူပါ။

၎င်း၏ ဇနီးဖြစ်သူ ဂျာမန်အမျိုးသမီးသည် မူလတွင် ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း၏ အကျိုးသက်ရောက်မှုကို အတော်အတန် သံသယဖြစ်နေခဲ့ဟန်တူသည်။ ကမ္မဋ္ဌာန်းလုပ်ငန်း စတင်ပြီးနောက် မယုံကြည်သည့် လုပ်ငန်းတခုကို မိမိလုပ်မိလေခြင်းဟု ကိုယ့်ကိုယ်ကို ပစ်တင်နေမိဟန်တူသည်။ ဆရာကြီးနှင့် ဆွေးနွေးရာတွင်လည်း အငြင်းပွားလို၍ လှောင်ပြုံးကလေး ပြုံးလေ့ရှိသည်။ မထေမဲ့မြင် ပြောဆိုတတ်သည်။ ဤကဲ့သို့ ၎င်း၏ စိတ်တွင်း၌ ဖြစ်ပေါ်နေသော ပဋိပက္ခ ဒဏ်များကို ခံရပြီးနောက် လက်တွေ့အားဖြင့် မကြုံဘူးခဲ့သော အတွေ့အကြုံများ စတင်တွေ့ရှိလာရမှ လုပ်မိမှဖြင့် ပြည့်ပြည့်စုံစုံ လမ်းဆုံးရောက်အောင် လုပ်ပါတော့မည်ဟု သံဓိဋ္ဌာန်ချလိုက်ဟန်တူသည်။ ဤသို့ သံဓိဋ္ဌာန်ချလိုက်ပြီးနောက်မူသံသယရှိခြင်း၊ ဝေဖန်စဉ်းစားခြင်းတို့ကိုလုံးဝပယ်ဖျောက်လိုက်ပြီးဆရာကြီး၏ ဩဝါဒညွှန်ကြားချက်များကို တိတိကျကျ လိုက်နာ ကျင့်သုံးခဲ့ပေရာ ဗုဒ္ဓမြတ်စွာဘုရား၏ **တရားတော်မှ အသီးအပွင့်တို့ကို** မြိုင်မြိုင် **ဆိုင်ဆိုင်ကြီး ဆွတ်ခူး**သုံးဆောင်သွားနိုင်ခဲ့ပေသည်။ ၎င်း၏ ကိုယ်တွေ့ အဖြစ်အပျက်များ အကြောင်း ၎င်းကိုယ်တိုင် ရေးသားထားသော အောက်ပါ မှတ်စုများသည်

စာဖတ်သူများအတွက် လွန်စွာစိတ်ဝင်စားဖွယ် ဖြစ်လိမ့်မည်ဟု တထစ်ချ ယုံကြည်မိပါသည်။

"ဤကမ္မဋ္ဌာန်းဌာနသို့ မရောက်ရှိခင် ကျွန်မသည်ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းတရားကို မည်သည့်နည်းမျိုးနှင့်မျှ အားမထုတ်ခဲ့ဘူးပါ။ ထိုသို့အားထုတ်ခြင်းနှင့် ပတ်သက်၍လည်း စာတွေ့ဗဟုသုတ ဘာမျှမရှိခဲ့ပါ။ ဤကမ္မဋ္ဌာန်း ဌာနသို့ တရားအားထုတ်ရန် ကျွန်မရောက်ရှိလာခဲ့ခြင်းမှာ ခင်ပွန်းဖြစ်သူ၏ ကမ္မဋ္ဌာန်းတရားအားထုတ်ရာတွင် မည်သို့မည်ပုံ တွေ့ကြုံခံစားရမည်ကို သိလို၍သာဖြစ်ပါသည်။ ထိုအချိန်အခါက ကျွန်မသည် ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်း၏ အကျိုးသက်ရောက်မှုကို အတော်အတန်ပင် သံသယဖြစ်ခဲ့မိပါသည်။

ကျွန်မတို့သည် ဤကမ္မဋ္ဌာန်းဌာနသို့ ၁၉၆၂ ခု၊ အောက်တိုဘာလ (၂၆) ရက် ညနေပိုင်းတွင် ရောက်ရှိလာခဲ့၍ ဤဌာနကို တည်ထောင်သူနှင့် အမြဲတမ်း နေထိုင်၍ တရားပြသသူ ဦးဘခင်အား တွေ့ဆုံရပါသည်။

(ဤမှတ်စု၏ နောက်ပိုင်းတွင် ဦးဘခင်အား မြန်မာ အသုံး အနှုန်း အတိုင်း "ဆရာကြီး" ဟူ၍ပင် ခေါ်ဆိုရေးသားပါမည်။)

ကျွန်မတို့ ဤကမ္မဋ္ဌာန်း ဌာနတွင် နေထိုင်သရွေ့ ကာလပတ်လုံး နေ့တိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ဆွေးနွေးတိုင်ပင်ပြီးလျှင် ဆရာကြီးက အောက်ပါအတိုင်း သတ်မှတ်ပေးပါသည်။

| | | |
|---|---|---|
| နံနက်စောစောတရားအားထုတ်ချိန် | — | ၄–၃၀ မှ ၆ နာရီ |
| နံနက်စာစားချိန် | — | ၆ - နာရီ |
| နံနက်ပိုင်း တရားအားထုတ်ချိန် | — | ၇-၃၀ နာရီမှ ၁၀-၃၀ |
| နေ့လည်ထမင်းစားချိန် | — | ၁၀ နာရီ ၃၀ မိနစ် |
| ညနေပိုင်းတရားအားထုတ်ချိန် | — | ၁၂-၃၀ မှ ၅ နာရီ |
| နားချိန်နှင့်လဘက်ရည်၊ အဖျော်ယမကာ | | ၅ နာရီမှ ၆ နာရီ |
| ဆရာကြီးနှင့် ဆွေးနွေးရန်အချိန် | — | ၆ နာရီမှ ၇ နာရီ |
| ညဦးပိုင်း တရားအားထုတ်ချိန် | — | ၇ နာရီမှ ၉ နာရီ |

ဤသို့သတ်မှတ်ပြီးနောက် တရားအားထုတ်ရန် တရားခန်းသို့ဝင်ရောက်သည့်အခါ ကျွန်မတို့ စောင့်ထိန်းရန်ဖြစ်သည့် ငါးပါးသီလကို ဆရာကြီးက

တိုင်ပေးသည်။ ကျွန်မတို့က လိုက်ဆိုကြရပါသည်။ ထို့ပြင် ဆရာကြီး၏ ညွှန်ကြားချက်အတိုင်း တသွေမတိမ်း လိုက်နာပါမည် ဟု ဝန်ခံ ဂတိပြုရပါသည်။ ရှေးဦးစွာ သင်ကြားပြသသည်မှာ အာနာပါနလုပ်ငန်း ဖြစ်ပါသည်။ ဝင်လေထွက်လေ၏ တိုးဝှေ့လှုပ်ရှားမှုကြောင့် နှာခေါင်း၌ တွေ့ထိသိရှိ ခံစားရသည်ကို လေးလေးနက်နက် စူးစိုက်၍ အာရုံ တည်မြဲနိုင်သမျှတည်မြဲအောင် သတိထား၍ နေရန် ဖြစ်ပါသည်။

ပထမရက်ပိုင်းများတွင် ကျွန်မ၏ တွေ့ကြုံခံစားရမှုများကို မှတ်သားထားခြင်း မပြုမိခဲ့ပါ။ ကျွန်မ မှတ်မိသရွေ့မှာ ကမ္မဋ္ဌာန်းလုပ်ငန်းကို ထိုင်လျက်နှင့်ပင် တရား အားထုတ်ရမည်ဆိုပါက လွယ်လွယ်ကူကူ နှင့်ပင် ပြီးမြောက်အောင်မြင်လိမ့်မည်ဟု ယူဆမိပါသည်။ ဆရာကြီး၏ ညွှန်ကြားချက်များအရ ကြိုးပမ်းဆောင်ရွက်ရာ၌ တရား အားထုတ်ခြင်းဖြင့် မည်ကဲ့သို့သောအတွေ့အကြုံများကို တွေ့ကြုံရလိမ့်မည်ဟု သိချင်စိတ်ကလည်း အတော် ပြင်းထန်၍ လာပါသည်။ ထို့ကြောင့်ပင် မှောင်ချထားသည့် ကမ္မဋ္ဌာန်းဂူထဲ၌ အိုက်စပ် ပူလောင်ခြင်းဒဏ်ကို သည်းခံ၍ မလှုပ်မယှက် ထိုင်လျက်နှင့်ပင် ဝင်လေ ထွက်လေကို သတိချပ်၍ မှတ်ရှုခဲ့ပါသည်။ သို့ရာတွင် ဝင်လေထွက်လေအာရုံ၌ မည်မျှပင် သည်းခံပြီး ဇွဲကောင်းကောင်းနှင့် စိတ်ကိုစိုက်ထားစေကာမူ၊ သိမှတ်၍မရနိုင်အောင် ဖြစ်နေကြောင်း တွေ့ရှိလာပါသည်။ ထို့ကြောင့် ကျွန်မသည် စိတ်ပျက်စ ပြုလာပြီးဆန့်ကျင်ဘက်အတွေးအခေါ်များပေါ်ပေါက်လာကာ မကျေမချမ်း ဖြစ်နေပါတော့သည်။

ကျွန်မစိတ်၌ ဖြစ်ပေါ်လာပုံများမှာ ဤကဲ့သို့ တရား အားထုတ်ရာ၌ ထင်ရှားမရှိသည့်အာရုံ၌ စိတ်ကို ရပ်တည်ထားရေးသည် ဖြစ်နိုင်မည် မဟုတ်။ ဤအလုပ်သည် အလွန်မြင့်မြတ်သည့်တန်ခိုးရှင်များသာ လေးလေးနက်နက်နှင့် အကျိုးသက်ရောက်အောင် ဆောင်ရွက်နိုင်မည့်အလုပ်မျိုးဖြစ်သည်ဟု စိတ်တွင် ဖြစ်ပေါ်လာမိပါသည်။ ကျွန်မခင်ပွန်းနှင့် ဆွေးနွေးရာတွင်လည်း ကမ္မဋ္ဌာန်းလုပ်ငန်း၏ အကျိုးသက်ရောက်မှုကို သံသယဖြစ်ကြောင်း ပြောကြားမိပါသည်။ ဆရာကြီးနှင့် ညနေပိုင်း ဆွေးနွေးရာတွင်လည်း အတော်အတန် အငြင်းပွားခဲ့ပါသေးသည်။ ကျွန်မ၏ ပြောဆိုပုံမှာ ဆရာကြီး၏စိတ်ကို ထိခိုက်အောင် ကစားလိုက်သလိုဖြစ်သွားပါသည်။ ဆရာကြီး၏လုပ်ငန်းကိုပင် သံသယ မကင်းသလို ရန်မူသလိုပင် ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ဆရာကြီး၏တုန့်ပြန်ချက်မှာ အလွန်တရာ ပြင်းထန်တည်ကြည်၍ ခိုင်မာလှပါသည်။ 'မိမိ၏ ညွှန်ကြားချက်အတိုင်း

လိုက်နာဆောင်ရွက်မည်ဆိုပါက အကျိုးသက်ရောက်မှုကို ကေန်မလွဲ ရရှိမည်ဖြစ်ကြောင်း ရဲရင့်စွာ တာဝန်ယူသည်ဟု ဆိုပါသည်။ ဆရာကြီး၏အယူအဆတွင် ကျွန်မသည် ကမ္မဋ္ဌာန်းလုပ်ငန်းကို ရိုသေလေးစားမှုမရှိသည့်ပြင်၊ လေးလေး နက်နက် ယုံကြည်မှုလက်ခံမှုလည်း မရှိ ဖြစ်နေရာ၊ ထိုကဲ့သို့ဖြစ်နေသရွေ့ ကာလပတ်လုံး ကျွန်မသည် အောင်မြင်မှုကို ရရှိနိုင်မည်မဟုတ်ကြောင်း အတိအလင်း ရှင်းရှင်းပြတ်ပြတ် ပြောပါသည်။

ဆရာကြီး၏ ပြောဆိုချက်ကို ကျွန်မနားလည်သင့်သလောက် နားလည်ပါသည်။ ထိုကြောင့် မည်သို့မျှ တုန့်ပြန်ပြောဆိုခြင်းမပြုဘဲ ဆရာကြီးအပေါ်၌ မကြေချမ်းသည့်သဘောထားတို့ကို မြိုသိပ်၍ ထားခဲ့ပါသည်။ ကျွန်မ၏ ခင်ပွန်းအားလည်း ဤကိစ္စတွင် တုံဏှိဘာဝေ ဆိတ်ဆိတ်နေသဖြင့် ကျွန်မအပေါ်တွင် သစ္စာမဲ့သည်ဟု ယူဆကာ ၎င်းအားလည်း ရန်ထောင်မိပါသေးသည်။

ကျွန်မ၏ စိတ်တွင်မှု များစွာထိခိုက်နေပြီဖြစ်၏။ ညပိုင်းတရားအားထုတ်ချိန်တွင် ကမ္မဋ္ဌာန်းဂူအတွင်း ငြိမ်သက်စွာ တရားအာရုံယူနေရင်း ဆရာကြီးနှင့်ပတ်သက်သည့် အတွေးအခေါ် အမျိုးမျိုးပေါ်ပေါက်လာကြ၏။ နောက်ဆုံး၌ ကျွန်မသည် ဖြေမဆည်နိုင်တော့ဘဲ စိတ်တုန်လှုပ်ချောက်ချားကာ ပြင်းထန်စွာ ငိုးကြွေးမိပါတော့သည်။ စိတ်ထိခိုက်မှုမှာ အလွန်တရာ ပြင်းထန်သည့် အတွက် ငိုကြွေးမှုကိုရပ်ဆိုင်း၍ပင် မရတော့ပါ။ အတော်တန်ကြာမှ ဤဋ္ဌာနရှိ အမျိုးသမီးတဦးရောက်ရှိလာပြီး နှစ်သိမ့်ခြင်း ပြုမှသာလျှင် ငြိမ်သက်မှုကို တဖြည်းဖြည်းရရှိသွားပါသည်။ သို့ရာတွင် နောက်ပိုင်း၌ တရားအားထုတ်ချိန် ပေါင်းများစွာတို့မှာပင်လျှင် တရားအားထုတ်ခြင်းကို ဆန့်ကျင်ခုခံသည့် စိတ်ဓာတ်မှာ ပြင်းပျလျက်ပင်ရှိနေပါသေးသည်။ ကျွန်မသည် တဖက်တွင် တရားဝင်ရောက်အားထုတ်ရာ၌ ပေးမိသော ကတိဝန်ခံချက်၏ ချုပ်ချယ်ခြင်းကို ခံနေရပြီး တဖက်၌မူ တန်ဖိုးမရှိသည့် အလုပ်တခုကို ဝင်ရောက်လုပ်ကိုင် နေရပါဘကားဟု ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်ရှိနေပါသည်။

ဘာသာရေးဆိုင်ရာ စာပေများ၌ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြင့် ရရှိနိုင်သည့် စိတ်အေးချမ်းတည်ကြည်မှုစသော အကျိုးကျေးဇူးတို့ကို အတိအလင်း ဖော်ပြထားသည်ဟု ကျွန်မကြားဘူးပါသည်။ သို့ရာတွင် ထိုအတိုင်းဖြစ်မြောက်လိမ့်မည်ဟူ၍ ကျွန်မမယုံကြည်နိုင်ပါ။ ကျွန်မသည် ထိုသို့သောအကျိုးသက်ရောက်မှု အောင်မြင်မှုတို့ကို မျှော်မှန်းပြီး၊ ဤကမ္မဋ္ဌာန်း ဋ္ဌာနတွင် ဆက်

လက်၍ နေမည်ဆိုပါက ဆရာကြီး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန် ပွင့်ပွင့်လင်းလင်းလက်ခံရပေမည်။ ရင်းပြင် ဖြစ်ချင်ရာ ဖြစ်ပါစေ၊ ဆရာကြီး ညွှန်ကြားချက်နှင့်ကိုက်ညီစွာ အားထုတ်ပါတော့မည်ဟုစိတ်မာန်ကိုလျှော့ချပေး ရမည်ဟူ၍လည်း သိရှိပါသည်။ သို့ပါသော်လည်း ထိုအသိစိတ်မှာ လေးနက် ခြင်းမရှိခဲ့ပါ။ တရားအားထုတ်နေရင်း နောက်တကြိမ်တွင် ဆောက်တည်ရာမရ အောင် စိတ်လှုပ်ရှားလာကာ ပြင်းထန်စွာ ငိုကြွေးမိပြီးမှ ဤကဲ့သို့သော လေး နက်သည့် အသိတရားကို ရရှိပါသည်။ ထို့ကြောင့်ပင်လျှင် ညနေပိုင်းတွင် ကျွန်မ သည် စိတ်ကို ခပ်တင်းတင်းထား၍ ကြိုးစား အားထုတ် ပါသည်။ ဝင်လေ၊ ထွက်လေ၏ လှုပ်ရှားမှုကို ထိတွေ့သိရှိအောင် ကြိုးစားသော်လည်း မရနိုင်ဖြစ် နေပါသည်။ သို့ပါသော်လည်း ကျွန်မသည် စိတ်ကိုမလျှော့ဘဲ ပိုမိုတည်ကြည် ခိုင်ခန့်စေပြီး၊ နှာခေါင်းဝ၌ အာရုံမလွတ်အောင် တသမတ်တည်းစိတ်ကို စိုက်၍ ထားပါသည်။ ဤနည်းအားဖြင့် ခုခံလျက်ရှိသော ဆန့်ကျင်ဖက် စိတ်တွေကို တိုက်ပွဲဆင်ခဲ့ပါသည်။ ထိုအခိုက်အတန့်တွင် ကျွန်မရင်တွင်း၌ တင်းကြပ်၍ နေ ပါသည်။ မကြာမြင့်မီပင် သာမန်မျက်စိအားဖြင့် မမြင်နိုင်သော "ဓာတ်"အား တခုက ဆွဲငင်ပို့ဆောင်ဘိသကဲ့သို့ ခံစားလိုက်ရပြီး ဝင်လေ၊ ထွက်လေသို့စိတ် အာရုံရောက်ရှိ တည်တန့်လျက် လိမ်မော်ရင့်ရောင်ကဲ့သို့ မီးပန်း၊ မီးပွင့်ကလေး များ မျက်စိရှေ့တွင် တပြင်လုံးပေါ်လာပါတော့သည်။ ထိုနောက် အသွေးအ ရောင်နုသော မီးပန်း၊ မီးပွင့်ကလေးများသည် အထက်သို့ပျံ့နှံ့၍တက်ခါမျော် စင်၏သဏ္ဌာန် တည်ရှိနေကြပါသည်။

ကျွန်မ၏ ခန္ဓာအိမ်အတွင်းဝယ် ဆန့်ကျင်ဖက်ပြု၍ ခုခံလျက် ရှိခဲ့သည့် စိတ်ဓာတ်နှင့် ယခုထင်ရှားတွေ့ရှိနေရသည့် ရှုမြင်ကွင်း၌ တည်နေသော စိတ် ဓာတ်တို့သည် အားချင်းပြိုင်၍ လွန်ဆွဲဘိသကဲ့သို့ ဖြစ်နေရာ ခန္ဓာကိုယ် ထက် ခြမ်းကွဲမတတ်ပင် ခံစားလိုက်ရပါသည်။ မျက်စိအာရုံတွင် ပေါ်လွင်ခဲ့သည့် ရှုမြင်ကွင်းသည်လည်း ဖြတ်ကနဲပျောက်ပျက်၍ သွားသည်တွင်၊ ကျွန်မလည်း ကြမ်းပြင်ပေါ်သို့ ပျော့ခွေ၍ လှဲချကာ မျက်ရည်ဖြာဖြာဆင်းလျက် ရှိပါတော့ သည်။ ဤအကြိမ်တွင်မူ ရင်တွင်း၌ တင်းကြပ်ဆို့ပိတ်နေခြင်းတို့မှ ကင်းလွတ် သွားဘိသကဲ့သို့ဖြစ်ပြီး။ စိတ်မှာလည်း နူးညံ့ပျော့ပျောင်းကာ ပြေလည်၍ လာပါသည်။ ဆက်လက်ပြီး ကောင်းစွာ တရားအားထုတ်နိုင်ခဲ့ပါသည်။ ဤ အချိန်သို့ ကျရောက်မှသာလျှင် ကျွန်မအားထုတ်နေသည့်လုပ်ငန်း၊ ကမ္မဋ္ဌာန်း၏ တန်းဖိုးကို လေးလေးနက်နက်သဘောပေါက်၍ ယုံကြည်လာပါတော့သည်။

ကျွန်မ၏ တသက်တာတွင် တကြိမ်တခါမျှ ဤကဲ့သို့ စိတ်ကို အာရုံတခု၌ စူးစိုက်၍ မရခဲ့ပါ။ ယခုကမ္မဋ္ဌာန်းတရား အားထုတ်နေချိန်မှာကဲ့သို့ စိတ်ကိုလည်း ကိုယ်တွင်းမှာသွင်း၍ ထားနိုင်ခြင်းမရှိခဲ့ပါ။ ယခုမှာမူ ခန္ဓာအိမ်၏ အတွင်းဝယ် မိမိ၏ ဘဝအစဉ်မှတပါး အခြားရှာဖွေစရာ ဘာမျှမရှိတော့ဘိသကဲ့သို့ ဖြစ်နေပါသည်။

ကိုယ်တွင်း၊ ကိုယ်ပအနှောင်အဖွဲ့ဟူသမျှတို့နှင့် အတ္တစွဲတို့ကိုလည်း ပိုင်ပိုင်နိုင်နိုင် ဖြတ်တောက်လိုက်ဘိသကဲ့သို့ အသိစိတ်ဝင်လာပါသည်။

ဆရာကြီးက ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းသည် ကိုယ်စိတ်နှစ်ပါးတို့ကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ပေးခြင်းပင် ဖြစ်သည်ဟု ပြောဘူးပါသည်။ ကျွန်မသည် နှာခေါင်းဝ၌ စိတ်ကိုစူးစိုက်ထားပြီး လေ၏ အငွေ့တည်းဟူသော တခုသောအာရုံ၌ စိတ္တဧကဂ္ဂတာဖြစ်အောင် ကြိုးစားနေခိုက်၊ ထိုအချက်ကို ကောင်းစွာ သဘောပေါက်လာပါသည်။ ၎င်းပြင် ဤနည်းအားဖြင့် စိတ်၏ တွေးတောမှုတို့ကို ရပ်ဆိုင်းနိုင်စွမ်းရှိလိမ့်မည်ဟူ၍၎င်း၊ ပျံ့လွင့်နေသော စိတ်တို့ကိုဖယ်ရှား၍ တခုသောအာရုံ၌ စိတ်ကိုရပ်တည်နေအောင် ပြုနိုင်စွမ်းရှိလိမ့်မည်ဟူ၍၎င်း အသိတရားတမျိုးဖြစ်ပေါ်၍ လာပါသည်။ ယခုအချိန်အထိ ကျွန်မသည် တခုတည်းသောအာရုံ၌ အချိန်ကာလ အနည်းငယ်မျှသာ စိတ်တည်တံ့၍နေအောင် ပြုလုပ်နိုင်ပါသေးသည်။

တရားအားထုတ်၍နေစဉ် ရံဖန်ရံခါ၊ မှိတ်၍ထားသော ကျွန်မမျက်စေ့၏ လက်ဝဲဖက်မှ အလင်းရောင်များပေါ်ထွက်၍ နေတတ်ပါသည်။ အဝါရောင်စက်ဝိုင်းသဏ္ဌာန်အတွင်းတွင် အနီပြောက်ကလေးများက ဝင်ချီထွက်ချီ ပြုနေဘိသကဲ့သို့ ထင်ရပါသည်။ ဦးခေါင်းကို လှည့်လိုက်သည့်အခါ၌ ၎င်းတို့ပါရွေ့လျား၍ လာဘိသကဲ့သို့ တွေ့ရပါသည်။ ထိုနေ့တရားအားထုတ်ချိန် ကုန်ဆုံးကာနီးတွင် လျှပ်စစ်ကြိုးသွယ်ကဲ့သို့ အရောင်အလင်းများ ပေါ်ထွက်လာပြီး ၎င်းတို့မှ တောက်ပသော ပြာလဲ့လဲ့အရောင်များ ဖြာယှက်ကာ ပန်း၍ထွက်လာသည်ကို တွေ့မြင်ရပါသည်။ ထို့နောက် တောက်ပသော အလင်းရောင်ပြောက်ကလေးများအဖြစ်သို့ ပြောင်းလဲကာ ပျောက်ကွယ်သွားသည်ကို တွေ့မြင်ရပါသည်။ ကျွန်မ၏ အယူအဆအားဖြင့် ထိုကဲ့သို့ဖြစ်ပေါ်လာသော အလင်းရောင်များသည် မိမိကပုံသွင်းပေးသည့်အတိုင်း ဖြစ်ပေါ်လာခြင်းမဟုတ်။ စင်စစ်အားဖြင့် ဆရာကြီးပြောကြားထားသည့်အတိုင်း စိတ်ဓာတ်၏ကြည်လင်မှုမှ ရောင်

ပြန်ဟပ်၍ ထွက်ပေါ်လာသော အလင်းရောင်များပင် ဖြစ်ရမည်ဟု ကျွန်မ ယုံကြည်ပါသည်။

**ဒိုင်ယာရီ**

နိဝင်ဘာ (၃) ရက်။

"မဂ္ဂင်ခရီးလမ်းကို ကိုယ်စီကိုယ်ငှ ကိုယ်တိုင်ပင် တက်လှမ်းကြရမည်။" ဟူသော ဗုဒ္ဓ၏ ဩဝါဒကို ညွှန်ပြလျက် ဆရာကြီးက မိမိ၏ တာဝန်မှာလမ်း ညွှန်ပြသရန်နှင့် တတ်အားသရွေ့ ထောက်ပံ့ ကူညီ သွားရန် ဖြစ်ပြီး လုပ်ငန်း အောင်မြင်မှုအတွက် တရားအားထုတ်သူ၏ ယုံကြည်မှု၊ လုပ်ငန်းတန်ဖိုးကိုသဘော ပေါက် နားလည်မှု၊ ၎င်း၏ ကိုယ်တိုင်ကြိုးစားအားထုတ်မှုပေါ်တွင် လုံးဝတည် ရှိကြောင်း၊ အာနာပါန အလုပ်တွင် သမာဓိအခြေခံ ရင့်သန်မှုသည် အရေးကြီး ကြောင်း၊ သမာဓိအခြေခံ ရင့်သန်မှသာလျှင် စိတ်၏ သန့်စင် တည်ငြိမ်မှုတို့ကို ရရှိနိုင်ပြီး၊ သန္တိသုခဟု ဆိုအပ်သော အေးငြိမ်း ချမ်းသာမှုကို ဆန္ဒရှိသည့် အ တိုင်း ရယူနိုင်သည့် အခြေသို့ ရောက်ရှိမည် ဖြစ်ကြောင်း ရှင်းလင်းပြောပြပါ သည်။

ယနေ့တရားအားထုတ်ရာတွင် တွေးတောမှုများ ဝင်မလာအောင်အထူး သတိထားပါသည်။ တွေးတောမှုများ ဝင်လာသည်ကိုလည်းသတိပြုမိပါသည်။ ရံဖန်ရံခါ နှာခေါင်းဝ၌ သဘာဝ ဝင်လေ ထွက်လေ၏ သိမ်မွေ့စွာ ရှိနေမှု ကို မိမိရရ တွေ့ထိသိရှိပါသည်။ ချွေးများလည်း ယိုစီး၍ ကျနေပါသည်။ ထိုအတွင်း စက်ဝိုင်းသဏ္ဍာန် အလင်းရောင်များ ပေါ်ထွက်လာပြီး ကျွန်မ၏တဖ ပါးခွက်နေရာမှစ၍ အထက်ပိုင်းသို့ ရေပန်းပမာ ဖြာထွက် နေသည်ကို တင် ပျဉ်ခွေကာ ထိုင်ရှုနေရင်း၊ ထင်းလင်းစွာ တွေ့မြင်မိပါသည်။

တရားအားထုတ်ရန် သတ်မှတ်ထားသော အချိန်မဟုတ်စေကာမူ စား သောက်နေသည့်အခါ၊ အဝတ်လျှော်နေသည့်အခါ စသည့်အချိန်အခါမျိုးမှာ ပင် နှာခေါင်းဝမှာ စိတ်ကိုစိုက်ထားပြီး သဘာဝလေ၏ အငွေ့ကို တတ်စွမ်း နိုင်သမျှ သတိပြုနေရန်လည်း ဆရာကြီးက ညွှန်ကြားပါသည်။

နိဝင်ဘာလ (၄) ရက်။

ပျံ့လွင့်နေသည့်စိတ်ကို နှာဝသို့ရောက်အောင် သိမ်းသွင်းရာ၌ အတော် ပင် ကြိုးပမ်းရပါသည်။ စိတ်၏ ပျံ့လွင့်မှု ရပ်ဆိုင်းသည့် အခြေအနေသို့ရောက်

အောင် ထို့ထက်ပင် ပိုမို၍ ကြိုးပမ်းရပါသည်။ စိတ်အာရုံများ တခုပြီး တခု ပေါ်ပေါက်လာပုံ၊ ပျောက်ပျက်သွားပုံ၊ စိတ်အာရုံတခုစီ ဆက်သွယ်ပုံ တို့ကို သတိပြု၍ နေသည့်အခါ စိတ်အာရုံတခုနှင့်တခု ချိတ်ဆက်မိပြီး ချိန်းကြိုးပုံ သဏ္ဍာန်ပေါ်၍ လာပါသည်။ စိတ်အာရုံတို့ကို ထိန်းသိမ်းပေးရာ၌ ပြောင်း လဲဖြစ်ပေါ်ပုံတို့ကို ပိုမို၍ သိလာလေ၊ ထိုအာရုံတို့၏ ဆွဲငင်မှုမှ လျော့ပါးသွား လေဖြစ်ပါသည်။ ဤနည်းဖြင့် မရပ်မနား အာရုံပြုသွားရာတွင် တဖြည်းဖြည်း နှင့် စိတ္တေကဂ္ဂတာ သမာဓိအခြေသို့ ရောက်ရှိသွားပါသည်။ ထိုအခိုက် စိတ်၏ ဖြူစင်မှု ပေါ့ပါးမှုတို့ကို ကိုယ်တွေ့ခံစားရပြီး၊ လေ၏ အငွေ့ကို သိနေသည့် စိတ်အာရုံမှတပါး အခြားဘာမျှ မသိဖြစ်သွားပါသည်။ နှာခေါင်းဝ အောက် ခြေ၌မူ ပရွက်ဆိတ်များ တရွရွသွားနေဘိသကဲ့သို့ တွေ့ထိ သိရှိနေ ပါ သည်။ ထို အတွေ့သည် ရံဖန် ရံခါ နှုတ်ခမ်းဖျားများတိုင် ရောက်ရှိ သွားပါ လေ သည်။

နိဝင်ဘာလ (၅) ရက်။

လူ၏ခန္ဓာသည် ခိုင်မြဲခြင်းမရှိ ဟု ကျွန်မ ဖတ်လည်း ဖတ်ဘူးပါသည်။ ကြိမ်ဖန်များစွာလည်း ကြားသိဘူးပါသည်။ သို့ရာတွင် ကျွန်မ ထိုအချက်ကို မယုံကြည်ခဲ့ပါ။ ယနေ့ ကျွန်မ ကိုယ်တိုင်ကိုယ်တွေ့ တွေ့ကြုံရသည့်အခါ၊ မခိုင်မြဲ ဟု ဆိုသော အမှန်သဘောတရားကို ယုံကြည်၍လာပါသည်။ ကိုယ်တိုင်ကိုယ်ကျ မိမိခန္ဓာအိမ်၏ မမြဲသည့် အမှန်သဘောကို တွေ့ကြုံခံစားနေရစဉ်၊ မျက်ရည်တို့ သည် မိုးပေါက်ကဲ့သို့ ဖြာဆင်း၍ ကျွန်မ ခန္ဓာအိမ်ကိုပါ စိုစွတ်စေပါသည်။

နောက်ကြောင်းပြန်၍ စဉ်းစားလိုက်သည့်အခါ ရှေးဦးစွာ ကျွန်မ ခန္ဓာအိမ် အတွင်းတွင် လုံးဝ တည်ငြိမ်လျက်ရှိနေကြောင်း မှတ်မိပါသည်။ ထို နောက် ခြေကိုမပြင်ဘဲ တင်ပြင်ခွေထိုင်လျက် ဒူးနှစ်ဖက်သည် ထိုင်ခုံနှင့်ထိကာ ကြာမြင့်စွာ တရားအားထုတ်ခဲ့ပါသည်။ ပထမတွင် နေမထိထိုင်မသာ ဖြစ်လာ ၍ ခြေထောက်ကို ပြင်၍ ထိုင်ချင်စိတ် ပေါ်လာပါသည်။ သို့ရာတွင် စိတ်ကို တင်းတင်းထား၍ ပြောင်းလဲခြင်းမပြုဘဲ၊ ဝေဒနာခံစားမှုများကို မတွေ့တော့ သည့်တိုင်အောင် ဝင်လေ ထွက်လေ၏ လေအငွေ့ အာရုံတခု၌သာ တည်ငြိမ်မှု ရသည့်တိုင်အောင် သတိကြီးစွာထား၍ ထိုင်ခဲ့ပါသည်။ ထိုအခါ တွေးတောမှု များလည်း ဖြစ်ပေါ်၍ မလာတော့ပါ။ ဒုက္ခပေးသည့် ထုံကျဉ် ကိုက်ခဲ ယား နာ မှုများလည်း မရှိတော့ပါ။ နေရာရွှေ့ပြောင်း၍ ထိုင်လိုစိတ်များလည်း ဖြစ် ပေါ်၍ မလာတော့ပါ။ ခန္ဓာကိုယ်ကြောင့်ဖြစ်ပေါ်လာသော ဝေဒနာ များ

လည်း မရှိတော့ပါ။ ကိုယ်တွေ့၌ ဖြူစင်သန့်ရှင်း၍ ပေါ့ပါးပြီး ဟာလာဟင်းလင်းသို့ တွေ့သိနေရပါသည်။ ကျွန်မသည် ခန္ဓာအိမ်ကိုင်း၊ ခြေလက်တို့ကိုင်း၊ အစိုင်အခဲဟူ၍ ရှာမရနိုင်တော့ပါ။ ကျွန်မ၏ အတ္တစွဲသည်လည်း ပြိုပျက်၍သွားဟန် လက္ခဏာရှိပါသည်။ ထွက်လေ ဝင်လေ၌သာလျှင် အာရုံ စူးစိုက်၍ ထွက်လေ ဝင်လေ ဟူသော တခုသောအာရုံ၌သာ စူးစိုက်နေပါတော့သည်။

ဤကဲ့သို့ စိတ်နှင့် ထွက်လေ၊ ဝင်လေ တသားတည်းဖြစ်က၊ တနာရီကျော်ကျော်မျှနေပြီးနောက် ကမ္မဋ္ဌာန်းဂူမှ ထွက်လာသည့်အခါ ကျွန်မ ခန္ဓာကိုယ်သည် အလွန်တရာပင် ပေါ့ပါးလျက်ရှိနေပြီး ကျွန်မ၏ပတ်ဝန်းကျင်ရှိသမျှ တွေ့သမျှတို့အား ကြည်နူး နှစ်သိမ့်လျက်ရှိပါသည်။ဤကဲ့သို့အတွေ့အကြုံကြောင့် ကျွန်မသည် အနေအထိုင် ကျဉ်းမြောင်း ကျပ်တည်းသောကြောင့် စိတ်မချမ်းမသာ ဖြစ်ခဲ့မှုတို့မှုင်း၊ ကျွန်မခင်ပွန်းဖြစ်သူနှင့် ခွဲခွာ၍ တဦးတည်း နေထိုင်ရသဖြင့် ကြာမြင့်စွာ စိတ်ထိခိုက်နေမှုတို့မှုင်း၊ လုံးဝကင်းစင် ပပျောက်၍ သွားပါတော့သည်။ မှောင်ချ၍ထားသော ကျွန်မ၏ ကမ္မဋ္ဌာန်းဂူ ခန်းငယ်တွင် နေရသည်ကို သင်းချိုင်းဂူအတွင်း ထည့်သွင်း၍ ထားခြင်းခံရသလို စိတ်တွင် ခံစားမှုတို့မှာလည်း မရှိတော့ပါ။ ယခုသော် ဤဂူအခန်းတွင်းသို့ဝင်၍ တရား အားထုတ်ရမည့် ကာလအပိုင်းအခြားကိုပင် ကြိုဆို၍နေမိပါတော့သည်။ ဤအာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လုပ်ကိုင်နေရင်း ကျွန်မသည် သတ္တဝါအပေါင်းတို့၏ ဘဝအစဉ်ကို ထိန်းသိမ်းထားသည့် ဓာတ်သဘောကို တွေ့ဆမိသည်တွင် ကျွန်မ တရား အားထုတ်သောကမ္မဋ္ဌာန်းဂူ၏ ငြိမ်သက်မှုကို လေးနက်စေပြီးလျှင် ထိုဂူ၏အမှောင်ကို ခွင်းပစ်သောအလင်းရောင်ကို ပေါ်ထွက်စေခဲ့သည်ဟု ထင်မိပါသည်။

ကျွန်မသည် မလှုပ်မယှက် ငြိမ်သက်စွာ တင်ပျဉ်ခွေထိုင်၍ ကြာနိုင်သလောက်ကြာမြင့်စွာ ဆက်လက်၍ ကြိုးစားအားထုတ်ပါသည်။ ထိုသို့အားထုတ်ခြင်းဖြင့် ရံဖန်ရံခါ စိတ်ကို နက်ရှိုင်းစွာ စူးစိုက်နိုင်ပါသည်။ ကျွန်မ၏ ဦးခေါင်းတွင်းဝယ် တမျိုးတဖုံ အသံစ်ဖြစ်ပေါ်လာဘိသကဲ့သို့လည်း ထင်လိုက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မ၏ဦးခေါင်းသည် ရှေးအခါက ဤမျှလောက်ပေါ့ပါးခြင်း မရှိသည့်ပြင်. ဦးခေါင်းကို ဖြည်းညှင်းစွာ လှည့်လိုက်သည့်အခါတွင် ဤကဲ့သို့ ချောမောပြေပြစ်မှု မရှိခြင်းကြောင့် ဖြစ်ပါသည်။ ထိုနောက် ကျွန်မ၏ မျက်စိများလည်း အနိမ့်အမြင့် မညီညွတ်သကဲ့သို့ ရှိလာပြီး

မျက်နှာတဖက်မှာလည်း အခြားတဖက်ထက် ရှည်၍ လာသလို စိတ်မှာ ထင်ရောင်ထင်မှားဖြစ်လာပါတော့သည်။ ဤသို့ တွေ့ကြုံရာ၌ အယ်လ်အက်စ်ဒီခေါ် ဆေးတမျိုးကိုရှူရာ၌ တွေ့ကြုံခံစားရပုံမျိုးကို သတိရမိပါသည်။

နို့ဝင်ဘာလ(၆)ရက်။

ယနေ့နံနက်ပိုင်း တရားအားထုတ်ချိန်တွင် မောပန်းခြင်း၊ ခေါင်းကိုက်ခြင်းဝေဒနာများမှ ရုန်းကန်၍ နေရပါသည်။ ထို့ကြောင့် ခေါင်းအုံးပေါ်တွင် ခေါင်းတင်၍ လဲလျောင်းပြီး တရားအားထုတ်ပါသည်။ သို့ရာတွင် တရားအားထုတ်၍ မရနိုင်ခဲ့ပါ။ တရားအားထုတ်ရန် စိတ်တင်းထားသော်လည်း တဖြည်းဖြည်းလျော့ပါးပျောက်ပျက်၍ သွားပါတော့သည်။ အဘယ်ကြောင့်ဆိုသော် တရားအားထုတ်သည့်အချိန်ပိုင်း ကုန်ဆုံးသည့်အခါ၊ ကျွန်မသည် အိမ်မက်မက်၍ နေရာမှနိုးလာခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထိုနေ့အတွက် ဒုတိယတရားအားထုတ်ချိန် နံနက်ပိုင်းကာလတွင်မူ၊ ကျွန်မ၏ အတွေ့အကြုံမှာ ပြောင်းပြန်ဖြစ်၍ လာပါတော့သည်။ ကျွန်မသည် တသမတ်တည်းအားစိုက်၍ အားထုတ်သွားရာ တကြိမ်မျှသာ နေရာပြင်၍ ထိုင်ရပါသည်။ ပထမပိုင်းတွင် ခြေထောက်နှစ်ချောင်းကိုဆန့်၍ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်တင်ပြီး ထိုင်ပါသည်။ စသည်နှင့်တပြိုင်နက် လေးနက်စွာအာရုံပြု၍ ကြိုးစားအားထုတ်ရာတွင် မကြာခင်ချွေးများယိုစီး၍ နဖူးမှ လည်ပင်းသို့ လည်ပင်းမှ ရင်ပတ်သို့တိုင် ကျဆင်းလာပါသည်။ ၎င်းတို့ကို သုတ်ပစ်ရန် စိတ်တွင် ဖြစ်ပေါ်လာသော်လည်း၊ မသုတ်ဘဲလည်း ခံ၍ နေခဲ့ပါသည်။ စိတ်အားရုံတွင်းသို့ အတွေးအခေါ်များဝင်ရောက်၍လာရာ ဝင်ရောက်လာသမျှ အတွေးအခေါ်များသည် ဆပ်ပြာပူဖေါင်းများကဲ့သို့ ပျောက်ပျက်၍ သွားကြပါသည်။ ရံဖန်ရံခါလည်း ၎င်းတို့ကို တက်ချီသက်ချီတွေ့ရပါသည်။ အတွေးအခေါ်များမရှိတော့သည့်အခါ ကျွန်မ၏စိတ်သည် ဝင်လေ၊ ထွက်လေနှင့် တွေ့ထိသည့်နေရာတွင် ချည်နှောင်၍ ထားဘိသကဲ့သို့ စွဲမြဲတည်တံ့၍ နေပါတော့သည်။ ဤနည်းအတိုင်း စိတ်အာရုံစူးစိုက်ထားစဉ်တကြိမ်တွင် အလွန်တောက်ပသော နက်ပြာရောင်အပ်ချည်ကြိုးမျှင်ကဲ့သို့သော သဏ္ဍာန်များပေါ်လာပြီး လျှင်မြန်စွာ ပျောက်ကွယ်သွားပါသည်။ ကိုယ်တွင်း၌ ရံဖန်ရံခါ ဖြစ်ပေါ်လာသောအပူရှိန်သည်လည်း ရံဖန်ရံခါ ကျွန်မအား မျိုဝါးသွားတော့မည်ကဲ့သို့ ဖြစ်လာပါသည်။ တခါတရံ၌မူ နှာသီးဝ အထက်နှုတ်ခမ်းနေရာ၌ ဝင်လေ ထွက်လေ အသိစိတ် တည်မြဲလျက်ရှိသဖြင့် ပယ်ရှားစရာ အတွေးအခေါ်များလည်း မရှိတော့သည့်ပြင် အထက်

နှုတ်ခမ်းသည် ဖောင်းကြွလာပြီး ကြီးမားလာသကဲ့သို့ တွေ့ထိခံစားရပါသည်။ ထိုအခိုက်အတန့်တွင် အပူရှိန်များနှင့် တလှုပ်လှုပ် တရွရွအားဖြင့် တွေ့ထိခံစားရမှုများသည် ရုတ်ချည်း ပေါ်ပေါက်လာပြီး တကိုယ်လုံး ပျံ့နှံ့သွားတော့၏။ ဝင်လာသော အတွေးအခေါ်များကို ပျောက်သွားအောင် အားထုတ်စဉ်ကကဲ့သို့ ထိုတွေ့ထိခံစားမှုများကိုလည်း ပပျောက်သွားသောင် ကျွန်မ အားထုတ်နေမိပါတော့သည်။ သို့ရာတွင် ထိုတွေ့ထိမှုများ ပျောက်ကွယ်သွားအောင် မပြုလုပ်နိုင်ပါ။ ကျွန်မ ဆက်လက်၍ တရားအားထုတ်သွားရာ၊ ကျွန်မ၏ ခြေများ၊လက်မောင်းများ၊ အထူးသဖြင့် လက်သည် ရွေ့လျားနေသော ရွစိရွစိဖြင့် လှုပ်ရှားနေသော ဓာတ်မှုန့်ကလေးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသလို တွေ့နေရပါသည်။ ရံဖန်ရံခါလည်း ၎င်းတို့သည် တောင့်တင်းလာပြီး သစ်တုံးများ၊ သစ်မြစ်များကဲ့သို့ ခိုင်မာလျက်ရှိနေသည် ဟု တွေးထင်မိပါသည်။ အချိန် နှစ်နာရီနှင့် ဆယ့်ငါးမိနစ်ကြာသည့်နောက် ကျွန်မနေရာပြင်၍ ထိုင်သည့်အခါ ကျွန်မ ခြေထောက် အောက်ပိုင်းများသည် ရေခဲကဲ့သို့ အေးစက်နေပြီး၊ အထက်ပိုင်း ခန္ဓာကိုယ်မှာမူ ပူလောင်လျက်ရှိသည့်အတွက် အောက်နှင့်အထက် ဆန့်ကျင်ဖက် ဖြစ်ပေါ်နေပုံကို ထင်ရှားစွာ သိရှိရပါသည်။

နံနက်ပိုင်းအချိန်တွင် ကျန်ရှိသည့် (၄၅) မိနစ်အတွင်း ကျွန်မ သည် တင်ပျဉ်ခွေထိုင်ပြီး သမာဓိကို လျှင်မြန်စွာ ထူထောင်နိုင်ခဲ့ပါသည်။ တံတွေးမျိုချင်၍ မျိုချသည့်တခဏမျှ အာရုံလွတ်သည်မှတပါး၊ အခြားအချိန်များ၌ စိတ်အာရုံ စူးစိုက်လျက်ရှိပါသည်။ အချိန်ပြည့်၍ စိတ်အာရုံ ဖြေလိုက်သောအခါ၊ တရား အားထုတ်ချိန်အတွင်း ဖြစ်ပေါ်နေသော ချွေး ယိုစီး၊ ပူလောင်မှုတို့မှ ကင်းလွတ်ပြီး၊ ခန္ဓာအိမ်၏ အတွင်းအပြင်ကို စင်ကြယ်အောင် ဆေးကြောလိုက်ဘိသကဲ့သို့ သန့်စင်ရှင်းလင်းသွားပြီး ကိုယ်စိတ် ပေါ့ပါးမှုကိုလည်း တကြိမ်ပြန်၍ ခံစားရပါသည်။

ထိုနေ့ မွန်းတည့်ချိန်—

“ကုံကုံဘာဝေ ဆိတ်ဆိတ်နေပြီး၊ တရားထိုင်ရန်အခိဋ္ဌာန်” လွန်ခဲ့သည့် ဆယ်ရက်ကဆိုလျှင် ဤညွှန်ကြားချက်များကို အလွန်တရာ ခံပြင်းပေလိမ့်မည်။ “ကဲ–ဘယ့်နှယ်ရှိစ၊ သင်ရဲ့ ဆန့်ကျင်ဘက်အယူအဆတွေ ဘယ်နေရာ ရောက်ကုန်ကြပြီလဲ။ အခု တရား အားထုတ်တဲ့ နာရီပိုင်းအတွင်းမှာပင် ဆန့်ကျင်ဖက်အယူအဆတွေရဲ့ မှားယွင်းတဲ့သဘောတရားကို ထိုးဖောက်မြင်စွမ်းနိုင်ခွင့်ရရှိပြီး၊ ၎င်း

တို့ဟာ အတ္တစွဲကဖြစ်ပေါ်လာတဲ့ အယူအဆတွေဘဲလို့ တွေ့ရှိနေပြီ မဟုတ်ပါလား။''

ညနေ (၅) နာရီ။

စိတ်အာရုံ တည်တံ့၍နေအောင် ဆက်တိုက် အားထုတ်၍လာရာတွင် အနည်းငယ် ပင်ပန်း၍လာပါသည်။ သို့ရာတွင် ထိုပင်ပန်းခြင်းကို နိုင်နင်းအောင် ကြိုးစားခဲ့ပါသည်။

ကျွန်မခင်ပွန်း၏ သဏ္ဍာန်ကို မြင်တွေ့ရခြင်းမှာ သဏ္ဍာန်အရုပ်၊ နိမိတ် အသွင်ထင်၍ လာခြင်းပေလော။ သို့မဟုတ် အသိစိတ်ပေါ်နေခိုက်နှင့် အသိစိတ်ငုတ်လျှိုးနေသည့်စပ်ကြား အိပ်မက်များ မက်နေ၍ပင်လော။ ကျွန်မထင်ထင်ရှားရှား တွေ့ရှိရသည်မှာ ၎င်း၏ သဏ္ဍာန်တခုသည် တဖက်၌ သိမ်မွေ့စွာ ပြုံးနေဟန်ဖြစ်ပြီး၊ တဖက်ရှိ သဏ္ဍာန်တခုမှာမူ လေးနက် တည်ကြည် လှပေသည်။ ထိုသဏ္ဍာန်နှစ်ခု၏ အနောက်ဖက် ခပ်လှမ်းလှမ်း တွင်ကား၊ ဆံပင်ဖားလျားချ၍ ရပ်နေသည့် မိန်းမတဦး၏ သဏ္ဍာန် ဖြစ်ပါသည်။ ထိုမိန်းမသည် လက်နှစ်ဖက်ကို ဆန့်တန်းပြီး ကျွန်းမခင်ပွန်း၏ သဏ္ဍာန်နှစ်ခုကို တခုတည်းဖြစ်အောင် ပေါင်းစပ်၍ ပေးနေဘိသကဲ့သို့ မြင်တွေ့ရပါသည်။ ဤကဲ့သို့သော သဏ္ဍာန်များတို တွေ့ရသည့်အတွက် ကျွန်မ၏တရားအာရုံကို မထိခိုက်သည့်ပြင် စောစောပိုင်းက ပင်ပန်းနေသမျှတို့ကိုပင် ပြေပျောက် သွားစေပါသည်။ ထိုနောက် ကျွန်မသည် ခြေနှစ်ဖက်ကို စုဆွဲပြီး လက်မောင်းနှစ်ဖက်ကိုတင်ကာ နေရာပြင်၍ ထိုင်လိုက်ပါသည်။ ထိုကဲ့သို့ တင်းကြပ်စွာ စုစည်း၍ ထိုင်သည့်တွင် တရားအာရုံကို ရံဖန်ရံခါ ကောင်းစွာ မိကြောင်း တွေ့ရှိရပါသည်။

ည (၉) နာရီခွဲ

ညပိုင်းတွင် စိတ်မာန်ကို မတင်းစေဘဲ လျှော့ပြီး စိတ်ပါလက်ပါ ယုံယုံကြည်ကြည်ဖြင့် တင်ပျဉ်ခွေထိုင်လျက် မလှုပ်မယှက် ငြိမ်သက်စွာ တရားအာရုံ၌စူးစိုက်၍နေရာ၊ ခန္ဓာအိမ်တခုလုံး တောင့်တင်း ခိုင်မာ၍ လာပြီးလျှင် ဝင်လေထွက်လေ တွေ့ထိသိမှုမှတပါး အခြားသော အသိ အာရုံမျိုးမှ လွတ်၍နေပါသည်။ လေးလေးနက်နက်ပင် စိတ်ပါဝင်စားစွာ တရားအားထုတ်သည့်အတွက် ဝင်လေထွက်လေ၌ အာရုံမိနေပြီး၊ ရံဖန်ရံခါ တော်နှင့် ကပ်ထားဘိသကဲ့သို့ ကျွန်မစိတ်မှာ ထင်မိပါသည်။ နှာဝ၌ လေငွေ့နှင့် စိတ်ခါတ်ပေါင်းစပ်မိပြီး အပ်ဖျားလောက်မျှသော တနေရာ၌ ထိသိနေမှုမှတပါး အခြားသော

အသိစိတ်များ ဖြစ်ပေါ်၍ မလာတော့ပါ။ တခုသော အာရုံ၌ စိတ်တည်ငြိမ်နေမှု (ဧကဂ္ဂတာ) ကြောင့် မနောဓာတ်၏ တိုးတက်စင်ကြယ်လာမှုကို ကိုယ်တွေ့ခံစားမိပါသည်။ ထိုအခိုက်တွင် ဂေါ်လီလုံးသဏ္ဍာန် အလင်းရောင် တခုသည် ကျွန်မ၏ မျက်စိရှေ့၌ ရုတ်တရက်ပေါ်ထွက်လာပြီး ဝင်ရိုးတန်းတခုကို ရစ်ပတ်ကာ ချာချာလည်၍ နေသည်ကို တွေ့ရပါသည်။

ထိုအလင်းရောင်၏ ဝင်ရိုးပေါ်တွင် လှည့်ပတ်၍ နေပုံမှာ အလွန်ပင်လှပ၍ စိတ်ကြည်နူးဘွယ်ရာ ဖြစ်သည်သာမက ကျွန်မ စိတ်ဓာတ် သည်လည်း မြင့်မြတ်ဖြူစင်ပြီး နူးနူးညံ့ညံ့တည်တည်ငြိမ်ငြိမ် ဖြစ်သွားဘိသကဲ့သို့ ထင်လိုက်ရပါသည်။ ကျွန်မသည် တွေ့မြင်နေရသော အလင်းရောင်နှင့် ပိုမိုနီး ကပ်လာအောင် စူးစိုက်၍ အာရုံပြုလိုက်ရာ ထိုအလင်းရောင်နှင့် ကျွန်မသည် ပေါင်းစပ်ထားဘိသကဲ့သို့ရှင်း၊ ထိုအလင်းရောင်တွင် ချည်နှောင်မိကာ အလင်းရောင်နှင့်ရှေ့လျှား၍ ပါနေဘိသကဲ့သို့ရှင်း၊ အလင်းရောင်အတွင်းသို့ သက်ဆင်းလျက် အာကာသပြင်ကျယ် (တနေရာမှ တနေရာသို့) မျောပါနေဘိသကဲ့သို့ရှင်း၊ တွေ့သိခံစားရပါသည်။ ဤကဲ့သို့ ကြုံတွေ့ရပုံ၏ သိမ်မွေ့နူးညံ့လှစွာသော ခံစားမှုတို့ကို လောကသုံးစကားဖြင့်နားလည်အောင်ဖော်ပြနိုင်ရန် အလွန်တရာမှပင်ခက်ခဲလှပေမည်။ ကျွန်မ သက်တမ်းတလျှောက်လုံးတွင် မတွေ့ကြုံ မခံစားဘူးသော မြင့်မြတ်ဖြူစင်လှသည့် စိတ်ဓာတ် နတ်ရှိုင်းတည်ငြိမ်မှုပင်ဖြစ်ပါသည်။

ယနေ့အဖို့ တရားအားထုတ်ရန် သတ်မှတ်ထားသည့် အချိန်(၁၁)နာရီ အပြည့် အစွမ်းကုန်အားထုတ်ပါသည်။ အစားအစာဟူ၍ ဘာမျှမစားပါ။ ညပိုင်းတွင်လည်း (၄) နာရီခန့်မျှသာ အိပ်ပါသည်။ သို့ပင်ဖြစ်လင့်ကစား ပင်ပန်းနွမ်းနယ်ခြင်း လုံးဝမရရှိသည့်အတွက် ကျွန်မ အဟုတ်တကယ်ပင် များစွာ အံ့အားသင့်မိပါသည်။ အကယ်၍ ဖြစ်နိုင်မည်ဆိုလျှင် ပင်လယ်ကမ်းခြေ လှိုင်းလုံးကြီးများအကြားသို့ သွားရောက်၍ ရေကူးပြီးကစားလိုက်ချင်စပ်းပါဘိ။ ထိုမျှပင် ကျွန်မတွင် အားအင်စုံ၍ ဖျတ်လတ်သွက်လက် နေပါသည်။ ဤသို့ဖြစ်ရခြင်း၏ အရင်းအမြစ်မူလသည် လေးနက်ထိရောက်သော တရားအားထုတ်မှုပင် ဖြစ်လေသလော။

နို့ဝင်ဘာလ (၇) ရက်။

ကျွန်မသည် ယမန်နေ့က အတွေ့အကြုံမျိုးကို တိတ်တခိုးတောင့်တလျက် ယနေ့ တနေ့လုံး တရားအားထုတ်ပါသည်။ ဘာသာတိုင်းက ရရှိအောင်၊ ကြိုး

စားလျက်ရှိကြသည့် မွန်မြတ်သန့်ရှင်းလှစွာသော အလင်းရောင်၊ ထိုအံ့သြဘွယ် အလင်းရောင်ကို ထပ်မံ၍ ကျွန်မတွေ့ရှိလိုပြန်ပါသေးသည်။ သို့ရာတွင် ကျွန်ုပ်မည်သို့ပင် ကြိုးစား၍ အားထုတ်စေကာမူ အလင်းရောင်နှင့် နီးစပ်သည့်အခြေအနေသို့ မရောက်ခဲ့ချေ။ "ငါ" တည်းဟူသော အတ္တစွဲ၏ ပြင်းပြစွာစေ့ဆော်မှုကြောင့် ဖြစ်ပေါ်လာတတ်သော ဆန္ဒနှင့် လိုလား ချက်များ သည်ကား အောင်မြင်မှုအတွက် အထောက်အကူပြုဟန် မတူပေ။

နိုဝင်ဘာလ (၇၂) ရက်။

ကျွန်မလက်များကိုကွေး၍ ပေါင်ပေါ်မှာထားပြီး တင်ပျဉ်ခွေ ထိုင်ကာ မျက်စိကိုမှိတ်၍ နှုတ်ခမ်းကို မပွင့်တပွင့်ထားပြီး၊ ကြိုးစားအားထုတ်ပြန်ပါသည်။ ရှေးဦးအစတွင် ဝင်လေ ထွက်လေကို ခပ်ဆတ်ဆတ်ကလေးရှူသွင်း၊ ရှူထုတ်လုပ်ပေးပြီးမှ နှာဝတွင် လေငွေ့အာရုံ မိသည်တိုင်အောင် တဖြည်းဖြည်း ဝင်မလထွက်လေ အရှူအရှိုက်ကို လျှော့၍ သွားပါသည်။ သို့ရာတွင် လေငွေ့ကို ထိသိရမည့်နေရာမှာ ရံဖန်ရံခါ ပျောက်၍ သွားဟန်တူပါသည်။ ဤကဲ့သို့ လေငွေ့နှင့် ထိသိရှိမှုရအောင် လေ့ကျင့်ရာ၌ အလွန်တရာပင် ခက်ခဲနေကြောင်း တွေ့ရှိသည်တွင် ကျွန်မသည် ခန္ဓာကိုယ်တွင်း ဖြစ်ပေါ်၍ နေသော ရှိန်ရှိန်ရှရှ အတွေ့ဆီသို့ အာရုံပြောင်းလျတ် ထိုအာရုံ၌ စိတ်ကိုတည်တံ့စေပြီး၊ အနိုင်ယူလိုက်ပါသည်။ ကျွန်မ တွေ့ကြုံခံစားရချက်မှာ ကျွန်မသည် စိတ်အာရုံနှင့်တကွ ခန္ဓာကိုယ်တခုလုံး အထက်မှ အောက်သို့ တောက်လျှောက် ပြုဆင်းသွားသကဲ့သို့ဖြစ်ပြီး၊ အတွင်းအဇ္ဈတ္တ၌ တကြွကြွတရှရှနှင့် ဖြစ်ပေါ်နေသည်တို့ကို နှိုးဆွပေးလိုက်သကဲ့သို့ ဖြစ်သွားပါသည်။ ကျွန်မ၏ ကိုယ်တွေ့ခံစားချက်များအရ၊ လွင့်နေသောစိတ်များကို ·သိမ်းသွင်း၍ တည်တံ့အောင် ပြုလုပ်ရာ၌ ဤနည်းသည် အလွယ်ဆုံးနည်းပင် ဖြစ်ပါသည်။ ဤသို့ပြုလုပ်ရာတွင် စိတ်သည် ကိုယ်တွင်းသို့စိမ့်ဝင်သွားသကဲ့သို့ဖြစ်ပြီးတကိုယ်လုံးတွင် အပျို့အနှံ့ခံစားမှုများကိုတွေ့ထိသိရှိနေပြီးသည့်နောက် အတန်ငယ်ကြာမှ အာနပါန လုပ်ငန်းကို ပြန်ရောက်၍ ရယူနိုင်ခဲ့ပါသည်။ တခါတရံ၌မူ ကျွန်မသည် ဝင်လေ ထွက်လေကိုလည်း ဂရုမထား၊ အခြားအာရုံတခုကိုလည်း မယူဘဲ ကိုယ်တွင်းသို့ စိုက်လိုက်၍ အပူရှိန်နှင့်တတွ တောက်လောင်နေဘိသကဲ့သို့ရင်း၊ အပ်ကလေးများဖြင့် ထိုးဆွနေဘိသကဲ့သို့ရင်း၊ ဖြစ်ပေါ်သည့် ဝေဒနာတို့ဘက်သို့ ဖြည်းညှင်းသာယာစွာ သတိထား၍ လိုက်ပါသွားပြီး တကိုယ်လုံးကို တံမြက်စည်းဖြင့် လှဲချလိုက်သလို ဖြစ်သွားပါသည်။

ကိုယ်တွင်းအစျွတ္တဲ၌ ဤကဲ့သို့ သစ်ဆန်းစွာတွေ့ရှိနေရသည့် တရွရွ လှုပ်ရှား နေပုံ အာရုံကို လွတ်သွားမည်စိုးသဖြင့် ကျွန်မသည် ခန္ဓာကိုယ်ကို အနည်းငယ်မျှပင် လှုပ်ရှားခြင်းမရှိအောင် အထူး ဂရုပြု၍ နေရပါသည်။ ဤသို့ ဂရုပြု၍ နေရာ၌ ကျွန်မသည် နက်ရှိုင်းလှစွာသော ငြိမ်သက်မှုနှင့်တကွ ထွက်ပေါ်ရွေ့လျား၍နေသည့်အလင်းရောင်ကို ပြန်လည်ရရှိရန် မျှော်လင့်တောင့်တ မိပါသည်။ သို့ရာတွင် ကိုယ်တွင်း၌ ဖြစ်ပျက် ပြောင်းလဲနေလည့် ဝေဒနာများကို အာရုံပြု၍နေရင်း၊ လွန်ခဲ့သည့်တချိန်က အတွေ့အကြုံတို့၌ ငြိတွယ်နေခြင်းမှာ ဘာမျှ ကျေးဇူးရှိမည်မဟုတ်ဟု နောက်ဆုံးတွင် ကောင်း စွာ နား လည်သဘောပေါက်သွားပါတော့သည်။

နိဝင်ဘာလ (၉) ရက်။

ယနေ့နံနက် ကမ္မဌာန်းဂူမှ ထွက်လာသည့်အခါ၊ ကျွန်မ တွေ့ကြုံခံစားရချက်များကို ပြောပြစေရန် ဆရာကြီးက စောင့်လျက်ရှိနေပြီး ဂရုတစိုက်၊ နူးညံ့သိမ်မွေ့စွာ ကျွန်မအား လက်ခံပြောဆိုသည်ကိုတွေ့ရပါသည်။ယခုအကြိမ်ဆရာကြီးနှင့်တွေ့ဆုံရသည်မှာ ယခင်အခါများနှင့် မတူပါ။ ယခင်အခါများကမူ ကျွန်မ ပြောပြသရွေ့ကို ဆရာကြီးသည် အရေးပေးသင့်သလောက်မပေးပါ။ ကျွန်မအတွေ့အကြုံတို့ကို ပြောပြသော်လည်း လေးလေးပင်ပင် နားထောင်ခြင်း မပြုဘဲ၊ ပယ်ရှားလိုက်ပြီး အခြားကိစ္စရပ်များသို့ ရောက်အောင် လှီးလွှဲပြောဆိုသည် ဟု ကျွန်မ၏စိတ်တွင် စွဲမြဲစွာ မှတ်သား ထားရှိခဲ့ပါသည်။ သို့ရာတွင် ယနေ့မှာမူ ယခင်က အစွဲအလမ်းများ လုံးဝ ပြေပျောက်သွားပြီး ဆရာကြီးနှင့် တွေ့ဆုံရသည်ကိုပင် ကျွန်မမှာ များစွာ စိတ်ချမ်းမြေ့လှပါသည်။ ကျွန်မအမြင်အားဖြင့် ဆရာကြီးသည် ဂရုတစိုက် သိမ်မွေ့နူးညံ့စွာ ပြောဆိုလျက်ရှိပါသည်။ ထိုခဏ၌ပင်လျှင် ကျွန်မသည် ဆရာကြီး၏ နည်းပေးလမ်းပြမှုတို့ကို လေးနက်စွာယုံကြည်လာပြီး၊ ကျွန်မ အားထုတ်နေသည့် ကမ္မဌာန်းတရား၏ တန်ဘိုးကိုလည်း အလေးအနက် ယုံကြည်စွဲမှတ် လာပါတော့သည်။ ဆရာကြီးက ယခုအချိန်တွင် ကျွန်မမှာ သမာဓိအခြေခံ ရင့်သန်လာပြီ ဖြစ်၍ ရှေ့တဆင့်ဖြစ်သည့် ရုပ်တရား၊ နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရှုမှု ဟု ဆိုအပ်သော ဝိပဿနာလုပ်ငန်းသို့ တက်လှမ်းရန် အဆင့်သင့် ရှိနေကြောင်း ပြောပြပါသည်။

ဝိပဿနာလုပ်ငန်း ကမ္မဌာန်းတရားကို စေတီတော်၏လိုဏ်ဂူအတွင်းတွင် ပေးပါသည်။ ပတ်ဝန်းကျင် ကမ္မဌာန်းဂူငယ်များ ခြံရံလျက်ရှိသော ဗဟိုခန်းမ

၌ ဆရာကြီးကထိုင်၍ အခန်းငယ်တခုတွင် ကျွန်မကိုထိုင်စေပြီး ဆရာကြီး တိုင်ပေးသည့်အတိုင်း တရားအားထုတ်ရန် အမိန့်ပြုရပါသည်။ ထိုအမိန့်၏ သဘောမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ၊ ဝိပဿနာလုပ်ငန်း တရားဖြင့် ဆရာကြီးက ညွှန်ပြ ပို့ဆောင်မည်ပင် ဖြစ်ပါသည်။ ဆရာကြီးက လောကဓာတ်သိပ္ပံပညာဆိုင်ရာ စာတမ်းတခု ရည်ညွှန်းပြီး၊ ရုပ်ဟူသမျှ အမြဲ တစေ ပြောင်းလဲ၍နေသော သေးငယ်လှစွာသော အဏုမြူမှုန်များ (အက်တမ်များ၊ ဗုဒ္ဓဘာသာအခေါ် ကလာပ်များ ဖြင့် ဖွဲ့စည်းထားကြောင်း ရှင်းပြ၍ ကျွန်မ၏ခန္ဓာအိမ်အတွင်း၌ ထိုရုပ်ကလာပ်များသည် အမြဲတစေ ဖြစ်ပျက်လှုပ်ရှားနေသည့်အတွက် အနိစ္စဟုဆိုအပ်သော သဘာဝအစစ်အမှန် ခံစားသိရှိနိုင်အောင် လုပ်ငန်းဝင်ရမည်ဖြစ်ကြောင်းလည်း ရှင်းလင်းပြပါသည်။

ဤကဲ့သို့ရှင်းပြ၍ ဆရာကြီး၏ ညွှန်ကြားချက်များအတိုင်း တရားအားထုတ်ရာတွင် မရှေးမနှောင်းပင် ရှိန်ရှိန်ရွရွနှင့် ဖြစ်ပေါ်လာကြသည့် တွေ့ထိခံစားမှုများသည် ဦးခေါင်းမှ ပခုံးနှစ်ဖက်နှင့် လက်တို့သို့ ရောက်ရှိသွားပြီး တဖြည်းဖြည်း ကိုယ်လုံးဖောက်ထွင်း၍ ဝင်သွားကာ ပိုးမွှားများ၊ ပရွက်ဆိတ်များတွား၍ သွားနေသဖြင့် ခံစားရသော ဝေဒနာမျိုးကဲ့သို့သော ကိုယ်၌ တွေ့ထိသောဝေဒနာများကို တကိုယ်လုံးတွင်သိရှိနေပါတော့သည်။ ကျွန်မ၏ ခန္ဓာကိုယ်နေရာတိုင်းတွင် အရေပြားများအောက်၌ အပူရှိန်တို့ကိုင်း၊ တွန်းကန်လှုပ်ရှားမှုတို့ကိုင်း၊ ထိသိတွေ့ရှိရပါသည်။ ခန္ဓာကိုယ်တခုလုံး၌ ပရမာနုမြူရုပ်မှုန့်များသည် ကြွကြွရွရွနှင့် ကခုန်လှုပ်ရှားနေဘိသကဲ့သို့ ထင်မြင်မိပါသည်။ ခန္ဓာကိုယ်တွင်းသို့ စိတ်အာရုံစူးစိုက်၍ ရှုရသည့်လုပ်ငန်းတွင် ကျွန်မ ကောင်းစွာအောင်မြင်ပါသည်။ ယခင်ရက်များက ကျွန်မ တရားအားထုတ်ခဲ့သည်တို့ကို ပြန်ပြောင်း၍ ဆင်ခြင်မိသည့်အခါ ကျွန်မကိုယ်တိုင် မသိဘဲ ကျွန်မဘာသာ အနိစ္စအာရုံထဲတွင် နစ်မြုပ်၍ သွားခဲ့ကြောင်း အသိတရား ပေါ်ပေါက်လာပါသည်။ သမာဓိတရားအားကောင်း၍ အလင်းရောင်နှင့်အတူ တကွ မျော၍နေသည့် တချိန်ကဖြစ်ပုံကို သတိရသည့်အခါ ကျွန်မသည် အထက်တဆင့်သို့ တက်လှမ်းမိနေသည်ဟု ထင်မိပါသည်။ ဆရာကြီးက သမာဓိကြောင့် ဤကဲ့တို့ အနိစ္စလက္ခဏာ တင်ကြိုတွေ့ရှိတတ်ကြောင်း ပြောပြ၍ ယခုအခါ၌မူ မိမိညွှန်ကြားသည့်အတိုင်း အနိစ္စတရားဖြင့် ခန္ဓာတွင်းရှိ အညစ်အကြေးများကို တံမြက်စည်းလှဲသကဲ့သို့ ရှင်းလင်းပစ်ရန် တိုက်တွန်းပါသည်။

နို့ဝင်ဘာလ(၁၀)ရက်။

ယနေ့နံနက် ခါတိုင်းတရားအားထုတ်ချိန်ထက် နှစ်နာရီစော၍ နိုးလာရာ အနိစ္စကိုလည်း တပါတည်းသိလျက်နေပါသည်။ အနိစ္စ၌ စိတ်အာရုံထားရှိမှုသည် တညလုံး တချိန်တခါမျှ ပြတ်လပ်ခဲ့သည်ဟုမထင်ပါ။ ယခုလည်းကိုယ်တွင်းမှာပင် ရှိန်ရှိန်ရှရှနှင့် ပိုးမွှားကလေးများ ဖြည်းညှင်းစွာသွားနေသလို၊ ချွန်ထက်သည့်အရာများနှင့် ဆွပေးနေသလို ဝေဒနာမျိုးကို ခံစား၍ နေပါသည်။ ကျွန်မသည် အိပ်ချင်စိတ်မရှိ၊ လန်းလန်းဆန်းဆန်း ကြည်ကြည်လင်လင်နှင့် ယခင်ကမတွေ့မကြုံဘူးသည့် အတွေ့အမြင်မျိုးဖြင့် ကျွန်မခန္ဓာအိမ်၏ ပူငွေ့ငွေ့နှင့် သိမ်မွေ့နူးညံ့ပုံတို့ကို တွေ့ထိခံစားရပြီး၊ ဤတွေ့ထိသိရှိမှုမျိုးတွင် တည်မြဲ၍ နေအောင် တရားအားထုတ်လိုစိတ်များ ပေါ်ပေါက်လာပါသည်။ ကျွန်မ၏ ကိုယ်တွေ့မှာ အချိန်ကာလအပိုင်းအခြားလည်းမရှိသကဲ့သို့ ဖြစ်ပြီးငှက်ကဲ့သို့ပျံ့ခမန်း စိတ်၏ပေါ့ပါးမှုကို တွေ့ကြုံရပါသည်။

နံနက်ပိုင်း ဒုတိယအချိန် တရားအားထုတ်ရာတွင် ခန္ဓာကိုယ်ကို တနာရီ တိတိ မလှုပ်မယှက်စေဘဲ၊ တရားအားထုတ်ပါမည်ဟု အဓိဋ္ဌာန်ယူ၍ အားထုတ်ရပါသည်။ ကျွန်မ တင်ပျဉ်ခွေ၍ ထိုင်ပါသည်။ ဆရာကြီးက အဓိဋ္ဌာန်တနာရီ ဖြစ်ကြောင်း မြန်မာလို ရွတ်ဆိုပါသည်။ ကျွန်မ တင်ပျဉ်ခွေ ထိုင်နေရာတွင်၊ အတော်ပင် မခံမရပ်နိုင် ဖြစ်လာပါသည်။ သို့ရာတွင် နေရာရွှေ့ပြောင်းမည် ဆိုလျှင် တရားကို မရိုသေ မလေးစားရာ ရောက်ချေပည်။ ထိုကြောင့် ကျွန်မ သည် မလှုပ်မယှက်ဘဲ ဆက်လက်၍ အားထုတ်ပါသည်။စိတ်အာရုံသည် ကိုယ်တွင်းသို့ သက်ဝင်မိသည်နှင့် အပူရှိန်ငွေ့ငွေ့တို့သည် ထင်ရှားပေါ်ပေါက်လာပြီး ဟိုနေရာ ဒီနေရာတို့၌ စူးစူးရှရှ ဝေဒနာများကို ခံစားရပါသည်။ ၎င်းတို့သည် တကိုယ်လုံးသို့ ရွေ့လျားကာ ဝဲဂယက်ကဲ့သို့ လည်ပြီးနေသလို ထင်မိပါသည်။ ကျွန်မ ဦးခေါင်းများတွင် ဖြစ်ပေါ်လာသောဝေဒနာတို့သည် တိုး၍ တိုး၍ ပြင်းထန်စွာလာသဖြင့် ကိုယ်တွင်းသို့ စိတ်စိုက်ထားသည့် အာရုံများမှာ အတော်အတန် ပျက်ပြားလာပါသည်။ ကျွန်မသည် ထိုအာရုံပျက်ပြားမှုများကို လွှန်မြောက်စေရန်၊ တကိုယ်လုံးကိုမရှုတော့ဘဲ၊ ဝေဒနာထင်ရှားထည့် ဂုတ်ဆက်နှင့် လက်များသို့ အာရုံစူးစိုက်ပြီး ရှုကာ ရရှိသည့် အနိစ္စလက္ခဏာ၌ စိတ်ကို ထားရှိပါသည်။ ကျွန်မတကိုယ်လုံးလည်း ချွေးပြိုင်းပြိုင်း စီးကျလျက်ရှိရာ၊ ချွေးပေါက်တို့သည် နဖူးမှ မျက်ခုံး စသည်တို့သို့ရောက်ရှိပြီး၊ စိတ်ကို လှုပ်ရှားစေခဲ့ပါသည်။ ကိုယ်နေကိုယ်ထားပြုပြင်ပြီး၊ အဃား ပြေပျောက်အောင် ကုတ်

ချင်စိတ်ဘက်သို့ တွန်းပို့လျက်ရှိပါသည်။ ဦးခေါင်း၌ ဖြစ်ပေါ်လာသော ဝေဒနာများ ပြင်းထန်လာသည့်အခါတွင် သာ၍ပင် ရွေ့ပြောင်းချင်စိတ် ပေါ်လာပါသည်။

ထိုအချိန်တွင် ကျွန်မသည် ဖြစ်ပေါ်လာသောဝေဒနာတို့၌ အာရုံ စူးစိုက်၍ထားပြီး သေချာလေးနက်စွာ ဝေဒနာတခုစီ၏ဖြစ်ပေါ်လာပုံ၊ ရွေ့ရှားသွားပုံ၊ ချုပ်ဆုံး သွားပုံတို့ကို ရှုနေမိပါသည်။ ရှင်းရှင်း ပြောရမည် ဆိုလျှင် ဝေဒနာတခုစီကို ကျွန်မ၏စိတ်အာရုံဖြင့် ထိုးဖောက်၍သော်၎င်း၊ သိမ်မွေ့စွာ စမ်းသပ်တွေ့ထိ၍၎င်း၊ ဝေဒနာတို့၏ ဖြစ်ပုံ၊ ချုပ်ပုံကို နှလုံးသွင်း၍ နေမိပါတော့သည်။ တနာရီ အဓိဋ္ဌာန်ပြီးမြောက်၍ ဆရာကြီး၏ သတိပေး ရွတ်ဆိုသံကြားရသည့်အချိန်၌မူ၊ ကျွန်မ၌ ဝေဒနာခံစားမှု လုံးဝမရှိတော့သည့်ပြင် နေရာပြုပြင်ပြောင်းလဲခြင်းမရှိဘဲ၊ နောက်တနာရီတိတိ ဆက်လက်ကာ တရားရှု၍ နေနိုင်ပါသည်။ ထိုနောက် တရားအားထုတ်ရာတွင် ကျွန်မ၏ခြေထောက်များသည် သစ်မြစ်ကဲ့သို့မာကြောလာပြီး ကွေး၍ထားသောလက်များသည်လည်း လေထိုးသည့် ဘောလုံးကဲ့သို့ ပွ၍ကြီးထွားလာပြီးလျှင် အပူရှိန်နှင့်တကွ စူးစူးရှရှ တရွရွနှင့်နေသော ရုပ်ဘလပ်တို့သည် ထိုခြေလက်တို့၏အတွင်းဝယ် တိုးပွားလျက် ရှိနေသလို ထင်မိပါသည်။ ကျွန်မ၏ ခြေထောက်များသည် ရံဖန် ရံခါ တုန်လှုပ်လာပြီး ဆတ်ခနဲ ဖြစ်သွားပါသည်။ လက်များမှာလည်း ထိုနည်းအတိုင်း တကြိမ်ဖြစ်ခဲ့ပါသည်။ ဤသို့ ဆက်လက်အားထုတ်သွားရာ ကျွန်မ၏ တကိုယ်လုံးသည် တလှုပ်လှုပ်တရွရွဖြစ်လာပြီး ဝဲဂယက်များကဲ့သို့ လှည့်လည်မွှေနှောက်နေသော အပူရှိန်သဖွယ် ဖြစ်နေပါတော့သည်။ ဤကဲ့သို့ တွေ့ကြုံခံစားနေရမှုကို ပိုမိုလေးနက်စေခြင်းငှာ ကျွန်မသည် မကြာခဏ အတွင်းအဇ္ဈတ္တ၌ မည်ကဲ့သို့သော အခြေအနေရှိသည်ကို စူးစိုက်၍၎င်း၊ နားစွင့်၍၎င်း ကြည့်ပါသည်။ ဤသို့ အားထုတ်သွားရာ နောက်ပိုင်းတွင် ကိုယ်တွင်း၌ နက်ရှိုင်းစွာ တည်ငြိမ်ပြီး ပကတိအားဖြင့် ငြိမ်းအေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဗဟိဒ္ဓ၌တွေ့ရှိသမျှမှာလည်း ထိုနည်းတူစွာ များစွာ စိတ်ကိုတည်ငြိမ်အေးချမ်းစေလျက် ထူးခြား၍လှပလျက် ရှိနေသည်ဟု ထင်မိပါသည်။

နိဗ္ဗာန်ဘဝ (၁၁) ရက်။

ယနေ့ နံနက်စာစားပြီးနောက် မောပန်းပြီး စိတ်အနည်းငယ် ညှိုးငယ်နေသဖြင့် တရားအာရုံ၌ အထူးတလည် စူးစိုက်ခြင်းမပြုဘဲ ရေလိုက်ငါးလိုက်ပင် ညင်ညင်သာသာနှင့် အားထုတ်သွားရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် လဲ

လျှောင်းပြီး ပက်လက်လှန်ကာ စိတ်အစဉ်၌ အာရုံများ တခုပြီး တခု ဖြစ်ပေါ် ပြောင်းလဲသွားပုံကို သတိပြု၍နေပါသည်။ ဤသို့ သတိပြုနေရာမှ အသိဉာဏ် ပွင့်လင်းလာပြီးလျှင် နိုးနိုးကြားကြား ရှင်ရှင်လန်းလန်းနှင့်ပင် တရားအာရုံကို လွယ်ကူစွာ ပြန်လည်၍ ဖမ်းယူနိုင်ခဲ့ပါသည်။ မကြာမြင့်မီ သိမ်မွေ့သော ဝင်လေ ထွက်လေ လှိုင်းကလေးများကို စိတ်ငြိမ်သက်စွာ အာရုံပြုနေပါ တော့သည်။

ဤသို့ အာရုံပြုနေရင်း ကျွန်မသည် အနိစ္စလက္ခဏာကို ထင်ရှားစွာ တွေ့ရှိလာပြီး ခန္ဓာကိုယ်၏ ဗဟိုနေရာမှ တကြော့ပြီး တကြော့ ကြောက်ဖွယ် ကောင်းသော အပူရှိန်တို့သည် ပေါ်ထွက်လာပြီး ထိုနေရာမှ ခန္ဓာကိုယ်၏ အစိတ်အပိုင်းအားလုံးသို့ ပျံ့နှံ့သွားလေသည်။ ရေနွေးပူငွေ့ကဲ့သို့သော အပူလှိုင်း များသည်လည်း ကိုယ်တွင်းသို့ တောက်လျှောက် ဖောက်၍သွားပြီးလျှင် အတွင်း၌ စက်ဖြင့် လှည့်၍ လည်နေဘိသကဲ့သို့ ဖြစ်နေပါသည်။

တရားအားထုတ်ချိန်တွင်မူ ကျွန်မသည် ဦးခေါင်းနှင့် ခြေထောက်များကို နံရံနှင့်ထိကာ လဲလျောင်း၍ တရား ရှုနေမိပါသည်။ နံရံနှင့် ထိနေသည့် ဦး ခေါင်းနှင့် ခြေထောက်တို့မှာ အတော်ကလေးကြာလျှင် နာကျင် ကိုက်ခဲလာပြီး ကျွန်မ ခန္ဓာကိုယ် အသွင်အပြင်သည် ပြောင်းလဲ၍ သွားတော့သည်။ ကျွန်မ၏ ဦးခေါင်းသည်လည်း သေးငယ်သွားပြီး တခြမ်းမျှသာဖြစ်သည့် ခရုခွံ အတွင်း၌ ထည့်သွင်း၍ထားသလို စိတ်တွင် ထင်မြင်နေမိပါသည်။ ခြေမများသည် ယောင် ရမ်းတင်းမာလာပြီး ခြေဖနောင့်များမှာလည်း ကျောက်တိုင်ကျောက်ခဲ ကဲ့သို့ လေးလံလျက် နာကျင်နေပါသည်။ ၎င်းနောက် အပူလှိုင်းများ ဖြစ်ပေါ်လာ လျက်ပျံ့နှံ့၍ထွက်ကာ ခန္ဓာကိုယ်တခုလုံးကို တံမြက်လှဲချသလို တွေ့သိရပါသည်။ ထိုအခိုက် အရောင်အဆင်းများကလည်း ကြိုးကြား ပေါ်ထွက်လျက်ရှိပါသည်။ ထိုအရောင်အဆင်းတို့သည် အများအားဖြင့် အလွန်တရာမည်းနက်ပြီး ၎င်းတို့ အတွင်းမှ မီး၏အရောင်နှင့်တူသော မီးပန်းပွင့်များ တသမတ်တည်း ထွက်၍ နေပါသည်။ ခန္ဓာတွင်းရှိ ဓာတ်ကလာပ်စည်းများ(ဆဲလ်)များမှာလည်း တခုစီ တခုစီ မီးပန်းပွင့်ကလေးများသဖွယ် ပေါက်ကွဲလောင်ကျွမ်းလျက် ရှိပါသည်။ ကျွန်မ၏ အတွင်းသား၌လည်း အပ်များနှင့် ထိုးဆွသလို နာကျင် လှပါသည်။ ဝေဒနာခံစားမှုတခု ပျောက်သွားသည်နှင့်တပြိုင်နက် နောက်တခုဆက်၍ ပေါ် လာပါတော့သည်။ ဤသို့ ကိုယ်တွင်း၌ လောင်ကျွမ်း ချုပ်ဆုံးမှု၊ လှုပ်ရှားရွေ့ လျားမှု များသည်ကား ထူးခြားဆန်းကျယ် အံ့သြဖွယ် ကောင်းလှပေသည်။

ရှေးမည်သည့်အခါကမျှ ကျွန်မသည် ဤကဲ့သို့သော အတွေ့အကြုံမျိုးကို မတွေ့ကြုံဘူးပါ။

ကမ္မဋ္ဌာန်းဂူအတွင်း ပူလောင်လှသဖြင့် ချွေးများယိုစီးကာ မသက်သာလှသော်လည်း ကျွန်မ၏ စိတ်နှင့် ကိုယ်တို့သည် အံ့ဩလောက်အောင်ပင် အညီအညွတ်ပူးတွဲ တည်တံ့လျက်ရှိပါသည်။ ကျွန်မ၏ စိတ်သည် ကိုယ်နှင့်တသားတည်းဖြစ်နေသလို ကျွန်မ၏ ကိုယ်သည်လည်း စိတ်နှင့် တသားတည်းဖြစ်နေသည်ဟူ၍ငင်း၊ ကိုယ်စိတ်နှစ်ခုသည် တခုတည်း ဖြစ်၍ သန့်ရှင်းဖြူစင်လှစွာသော ဓာတ်တခုအနေဖြင့် တည်ရှိနေသည်ဟူ၍ငင်း ထင်မြင်မိပါသည်။

ညပိုင်းတရားအားထုတ်ရာတွင်လည်း ထိုကဲ့သို့ပင် စိတ်နှင့်ကိုယ် ပေါင်းစပ်မိပြီး ရုပ်ကလာပ်တို့၏ မရပ်မနား လှုပ်ရှားနေပုံ၊ ထိုးဆွနေပုံ၊ ငုတ်ချီ၊ ပေါ်ချီ၊ ရွေ့ချီ၊ ပြောင်းချီဖြင့် ဖြစ်ပျက်နေပုံ အလုံးစုံတို့ကို ကောင်းစွာသိရှိနေပါတော့သည်။

နို့ဝင်ဘာလ (၁၂) ရက်။

နှာဝကို စိတ်အာရုံ စူးစိုက်ထားသည့်ခဏ၌ပင် ရှိန်ရှိန်ရွရွ သဘာဝတို့ကို တွေ့ထိသိရှိနေရာမှ ၎င်းတို့သည် အထက်နှုတ်ခမ်းတပြင်လုံးသို့၎င်း၊ နှာခေါင်းအတွင်း နံရံများသို့၎င်း ပျံ့နှံ့သွားရာနှာခေါင်းအတွင်းဝယ်ပိုးမွှားများအုံကြွ၍ ထလာသကဲ့သို့ တွေ့ထိခံစားရပါသည်။

ကျွန်မဦးခေါင်းသည် မူလထက်ကြီးလာသလို ထင်ရပြီး အတွင်းမှ အပူရှိန်နှင့်တကွ လှုပ်ရှားမှုတို့ ရုန်းကန်ထွက်ပေါ်လာပြီး မျက်နှာတခုလုံး၊ အထူးသဖြင့် ပါးပြင်များတွင် ဖြစ်ပျက်မှု အနိစ္စလက္ခဏာကို ထင်ရှားစွာ တွေ့သိနေပါတော့သည်။ ဦးခေါင်းအတွင်း၌ ကေန္ဒအားဖြင့် ရုပ်ဓာတ်များသည် တဖျတ်ဖျတ်နှင့် လောင်းကျွမ်း ပေါက်ကွဲ နေဘိသကဲ့သို့ ဖြစ်နေလေရာ အချိန်ကာလများစွာပင် ကိုယ်တွင်း၌သည်း ဤကဲ့သို့ ဖြစ်ပျက်လျက် ရှိသည်ကို သိရှိနေပါသည်။ ကျွန်မ ဤကဲ့သို့ ထူးခြားလှစွာ ကိုယ်တိုင် တွေ့ထိ သိရှိရမှုတို့ အတွက် အံ့ဩ၍ မကုန်နိုင်ပါ။

နို့ဝင်ဘာလ (၁၃) ရက်။

ယနေ့နံနက် လေးနာရီ အချိန်တွင် အနိစ္စကိုသိလျက် အိပ်ရာမှနိုးလာပါသည်။ အိပ်နေရင်း တရားအားထုတ်နေသလို ရွေလျားသွားလာနေသော ပရွက်ဆိတ်အုံ ပေါ်တွင် လဲလျောင်း၍နေရသလို ယားယံခြင်း၊ မခံချိမခံသာ

ဖြစ်ခြင်းစသည့် ဝေဒနာတို့ကို ခံစားနေရပါသည်။ လောကဓာတ် သိပ္ပံပညာနည်းအရ၊ ရုပ်ဝတ္ထုပစ္စည်းများကို အခါမလပ် တလစပ် ပြောင်းလဲ နေသောဓာတ်ကလာပ်များဖြင့် ပေါင်းစုဖွဲ့စည်းထားကြောင်းသိရှိကြပါသည်။ သို့ရာတွင်မိမိ၏ ခန္ဓာကိုယ်တွင်းသို့ တိုက်ရိုက် အာရုံစူးစိုက်ပြီး ထိုကဲ့သို့သော အဖြစ်မျိုးကို ကိုယ်တွေ့ သိရှိနိုင်ကြောင်း မည်သည့် အခါကမျှ မကြားဘူး၊ မသိဘူးပါ။

ဤကဲ့သို့ဖြစ်ပျက်ပြောင်းလဲ ချုပ်ဆုံးလျက်ရှိသည့်သဘောကိုရက်ပေါင်းများစွာပင် တရားအားထုတ်ရင်း ကိုယ်တွေ့သိရှိခဲ့ရသဖြင့် ကိုယ်ခန္ဓာ၏ အနှစ်သာရ အခိုင်အမာဟူ၍ ဘာမျှမရှိသည်ကိုလည်း ကျွန်မကိုယ်တိုင် တွေ့ထိသိရှိလာပါသည်။ နိယာမ အစဉ်အားဖြင့် ကျွန်မ ရုပ်နာမ်တို့သည် အမြဲမရှိ၊ ထိုနည်းတူစွာ သတ္တဝါ အပေါင်းတို့၏ ရုပ်နာမ်တို့သည်လည်း အမြဲမရှိဟူသော အသိဉာဏ်သည် ကျွန်မ၌ အမြစ်တွယ်၍ လာပါသည်။ ကျွန်မ၏ ခန္ဓာကိုယ်ပေါ်၌ ယခုအမြင်သည် ယခင်က အမြင်နှင့် မတူတော့ပါ။ ယခုအတွေ့အကြုံများသည် ရှေးက အယူအဆတို့ကို တော်လှန်၍ ရယူလိုက်သည့် အတွေ့အကြုံများပင်ဖြစ်ပါသည်။ ရုပ်ကလာပ်များနှင့် နာမ်ဓာတ်အားတို့ နှစ်ပါးစုံတွဲကာ မြစ်ရေ အယဉ် တသွင်သွင်စီးဆင်းနေဘိသကဲ့သို့ ကျွန်မ ကြုံတွေ့ရသဖြင့် အတ္တစွဲသည်လည်း ဖယိုဖရဲပြိုကွဲ ကျေမွသွားရလေသည်ဟု မှတ်ယူမိပါသည်။

ကျွန်မလည်း ပတ်ဝန်းကျင် (သက်ရှိ) လောကနှင့် နီးစပ်၍ တထပ်တည်းဖြစ်ပြီး၊ သတ္တဝါအပေါင်းတို့၏ ဘဝအစဉ်ကို တွေ့ထိ ခံစား မိပါသည်။ အတ္တဟူသည်ကား အမြဲတည်တံ့နေသည့် အရာဝတ္ထုတခုဟူ၍ ကျွန်မ မှတ်ယူခြင်းမရှိတော့ပါ။ ယခုအသစ်ဖြစ်သော တွေ့ကြုံခံစားရမှုတို့ကြောင့် အခါခပ်သိမ်း အစဉ်တစိုက် ပြောင်းလဲလျက်ရှိသော ရုပ်အင်အားစုမျှသာ ဖြစ်သည်ဟု တွေ့မြင်ပါသည်။ အနိစ္စကိုလည်းသိ၍ နေသည့်အခါတွင် စိတ်ကို အတော်အတန်ပင် ချုပ်ထိန်းထားနိုင်ပါသည်။ ရှေးယခင် အခါများက စိတ်ထိခိုက်မှု ပြင်းထန်လာသည့်အခါ အမှားမှား အယွင်းယွင်း ပြုမိတတ်ပါသည်။ ထိုအခြေအနေမျိုးတွင် ယခုအခါ စိတ်ကိုတည်ငြိမ်စွာ ထားနိုင်ကြောင်း ကိုယ်တွေ့ဖြစ်ပါသည်။ စိတ်ထိခိုက်ရန် အကြောင်းတခုခု ဖြစ်ပေါ်လာသည့် ခဏ၌ပင်လျှင် သတိလွတ်မသွားဘဲ စိတ်ကိုထိန်းထားနိုင်ခြင်းပင်ဖြစ်ပါသည်။ သတိရှိနေသဖြင့်လည်း သတိတရားက ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားပြီး အကြည့်မှန်၊ အမြင်မှန်ကို ဖြစ်စေပါသည်။

ကျွန်မသည် မျက်စိဖြင့်ရင်း၊ နားဖြင့်ရင်း၊ ကိုယ်ဖြင့်ရင်း၊ တွေ့ထိခံစား မှုတို့ကိုသာမဟုတ် အတွင်း အဇ္ဈတ္တ၌လည်း စိတ်ဖြင့် တွေ့ထိ ခံစားနိုင်ကြောင်း တွေ့ရှိပါသည်။ နူးညံ့လှစွာ ရေမြုပ်စိုင်ကဲ့သို့ ပွရောင်းနေသည့် မြေနုအတွင်းသို့ ရေများစိမ့်ဝင် စိုစွတ်သွားဘိသကဲ့သို့ ကျွန်မ၏ ခန္ဓာအိမ်အတွင်းသို့လည်း အနိစ္စ သဘာဝတို့သည် အပြံ့အနှံ့ ဝင်ရောက် လွှမ်းမိုးသွား ဘိသကဲ့သို့ ခံစားမိပါ သည်။

နို့ဝင်ဘာလ (၁၅) ရက်

အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊ ကျွန်မ၏ တကိုယ်လုံးရှိ ရုပ်ကလာပ်တိုင်းသို့ အနိစ္စ အရှိန်အဝါတို့သည် ရောက်ရှိ တွေ့ထိလျက် တကိုယ်လုံး စိမ့်ဝင်သွားဘိ သကဲ့သို့ ခံစားမိပါသည်။ ထို့ပြင် တဖန် ရုပ်ကလာပ်များ၏ လောင်းကျွမ်း ချုပ်ငြိမ်းမှု၊ တွန်းကန်တိုးဝှေ့မှု၊ အဆက်မပြတ် တပျက်တည်းပျက်နေမှုတို့ကို သိ၍နေပါသည်။ အပူရှိန်လှိုင်းနှင့်တကွ လှုပ်ရှားရွေလျားနေမှုမှတပါး မည်သည် ကိုမျှ မသိတော့ပါ။ ထိုအခါတွင် ဖြစ်ပေါ်ခံစားနေရသည့် ဒုက္ခဒဏ်ချက်တို့မှ ရုန်းထွက်လိုသော ဆန္ဒပေါ်ပေါက်လာပြီး၊ ထိုသို့ ကြမ်းတမ်း ခက်ထန်သော ဒုက္ခဒဏ်ချက်များ လျော့ပါး၍ ပိုမိုချမ်း တည်ငြိမ်သော အခြေ အနေသို့ ရောက်ရန်လိုလားမိပါသည်။

ယနေ့တရားအားထုတ်နေသည့် အချိန်ပေါင်းများစွာတွင် ကျိုက်ကျိုက် ဆူသောရေနွေးအိုးကဲ့သို့ ပူလောင်ခြင်းခံရပြီး မှုန်မှုန်မွှားမွှား မြောက်မြားစွာ သော ရုပ်ကလာပ်တို့သည် လှုပ်ရှားလျက် မခံမရပ်နိုင်လောက်အောင် စူးစူးရှရှ တရွရွဖြစ်သော ဝေဒနာမျိုးကို ဖြစ်စေပါသည်။ တကိုယ်လုံး ထက်မြက်သော အပ်ကလေးများဖြင့် ထိုးဆွပေးဘိသကဲ့သို့ ဖြစ်ပါသည်။ အထူးသဖြင့် နဖူး၊ လက်နှင့် ဒူးခေါင်းများတွင် ထိုသို့ဖြစ်ပါသည်။ ထိုအချိန်တချိန်လုံးပင် ကျွန်မ သည် တင်ပျဉ်ခွေ ထိုင်လျက်ရှိပြီး ဝင်လေ ထွက်လေကို ခပ်တိုတို ခပ်ဆတ်ဆတ် ရှူသွင်း၊ ရှူထုတ် လုပ်ကာ နှာဝ၌ စိတ်တည်ငြိမ်မှုကို ရယူပါသည်။ ထိုသို့ပြု လုပ်သည့်အခါ နှာသီးဖျား၌ အနိစ္စလက္ခဏာများ ထင်ရှားလာပြီး ပါးစပ် တွင်းသို့ ရောက်ရှိသွားပါသည်။ နှာခေါင်း၏ အတွင်းအပြင်တို့တွင်လည်း ပူစပ် ပူလောင်ဖြင့် လှုပ်ရှား၍ နေပါတော့သည်။ အသက်ရှူလိုက်သည့်အခါ ထိုသို့ တွေ့ထိခံစားမှုတို့သည် တကိုယ်လုံး ပျံ့နှံ့၍သွားပါသည်။ နောက်တမျိုးတွေ့ကြုံ ရပြန်သည်မှာ ကျွန်မ အရေပြားသည် တောင့်တင်းမာဖေကျာ၍လာပြီးလျှင် မခံ သာအောင်ဖြစ်ပြီး အတွင်းမှ တွန်းကန်၍ထွက်သွားဘိသကဲ့သို့ဖြစ်ကာ၊ တဆတ်

ဆတ် တုန်လှုပ်လျက်ရှိပါသည်။ ထိုအချိန်၌ ချွေးများ အလွန်တရာ ထွက်လာပြီး တကိုယ်လုံးသို့ အနှံ့အပြား ကျဆင်းပါသည်။ ထိုခဏ၌ ကျွန်မသည် မျက်စိမှိတ်ကာ ဆိတ်ငြိမ်စွာပင် ငိုနေမိပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ အနိစ္စ ဒုက္ခ သဘောတရားတို့မှ လွတ်မြောက်လိုသော တောင့်တမှုအတွက်ဖြစ်လေသလော၊ သို့မဟုတ် ပေါက်ကွဲကြေမွပြီး၊ ငါတည်းဟူသော အမှတ်သညာ ပျောက်ဆုံးသွားမည်ကို ကြောက်ရွံ့ပင်လော—ကျွန်မသည် တညလုံး အနိစ္စ ဒုက္ခ အသိနှင့်ပင် ရှိနေပါတော့သည်။

နို့ဝင်ဘာလ (၁၆) ရက်။

လွန်ခဲ့သည့်ညက တညလုံးပင် အနိစ္စ၊ ဒုက္ခ အာရုံနှင့်ပင် ရှိနေပါသည်။ ခဏမျှသာ အိပ်ပါသည်။ သို့ရာတွင် အနိစ္စအသိနှင့် ဒုက္ခဒဏ်ချက်မှာ ကမ္မဋ္ဌာန်းဂူတွင် တရား ထိုင်နေစဉ်ကလောက် မပြင်းထန်ပါ။ အိပ်မက်ထဲမှာလည်း အနိစ္စကိုပင် တွေ့ထိ သိရှိနေပါသည်။ နံနက်ပိုင်း တရားအားထုတ်ချိန်တွင် အပူရှိန်နှင့် ဝေဒနာရော၊ ချွေးထွက်ခြင်းပါ လျော့ပါးသွားပါသည်။ ထိုအချိန်တွင် နူးညံ့ သိမ်မွေ့စွာ လှုပ်ရှားနေမှုနှင့် ပူ ငွေ့ငွေ့ ရှိန်ရှိန် ရွရွ မျှလောက်ကိုသာ သိနေပါသည်။ အသက်ရှူလိုက်သည့်အခါ ကိုယ်ခန္ဓာတွင်း တွေ့ထိခံစားမှု ပိုမိုထင်ရှား ဖြစ်ပေါ်လာသည်ကို သတိချပ်မိပါသည်။ မကြာခဏပင်လျှင် တရားအာရုံ မိနေသဖြင့် အတွင်း သို့မဟုတ် အပြင် ဟူ၍ ခွဲခြားမရတော့ပါ။ စိတ်နှင့် ကိုယ်လည်း တကွဲတပြား မဟုတ်တော့ပါ။ စိတ်နှင့် ကိုယ်တို့သည် လုံးဝပေါင်းစပ်မိပြီး ရုပ်ခာတ်အင်အား အရှိန်အဝါတွင် မျောပါသွားဘိသကဲ့သို့ ထင်မိပါသည်။

နို့ဝင်တာလ (၁၇) ရက်။

ယနေ့နံနက် အဓိဋ္ဌာန်ယူ၍ တနာရီထိုင်ရာတွင် လျှင်မြန်စွာ အချိန်ကုန်ဆုံးသွားပါသည်။တင်ပျဉ်ခွေထိုင်နေရာမှပေါင်ကြောများနာကျင်လာပါသည်။ ထိုသို့နာကျင်မှုကို သည်းခံနိုင်ရန် ကျော်လွန်နိုင်ရန်၊ ကျွန်မသည် နာကျင်မှုကို ဂရုမထားဘဲ အခြားသော ကိုယ်စိတ်လှုပ်ရှားမှုတို့ကို စူးစူးစိုက်စိုက် အာရုံပြုလိုက်ပါသည်။ ထိုအခါ ဆွဲငင်သကဲ့သို့သော ဒဏ်ချက်၊ စူးစူးယှယှ တရွရွနှင့် အပူရှိန် လောင်ကျွမ်းသည့် ဒဏ်ချက်တို့တွင် စိတ်ဝင်စားနေပြီး ဆက်တိုက် တပျက်တည်းပျက်နေသော ရုပ်းတရားတို့၏ ပျက်နေသည့် အစဉ်ကိုသိရှိနေပါသည်။ ခိုင်မြဲသည့် အရာဘာမျှမရှိ ဖြစ်ပေါ်သာသော ဝေဒနာ တခုစိမှာ

လည်း ဖြစ်ပေါ်လာပြီးခဏ၌ ချုပ်ဆုံး၍ သွားကြကြောင်း တွေ့ရှိရသည့်ပြင်၊ အသက် ရှင်လာခြင်း၊အသက်သေခြင်း၊ အသက်တဖန် ပြန်လည်ရှင်လာခြင်းတို့ သည်လည်း မပြတ်ဖြစ်ပေါ်နေသော ဖြစ်ပျက်အစဉ် ကြီးဟူ၍ မှတ်ယူမိပါသည်။ ကျွန်မအား ဆရာကြီးက ဝင်လေ ထွက်လေ၌ သတိထားမှုကို လျော့ပြီး ကိုယ်တွင်း အဇ္ဈတ္တမှ ဖြစ်ပျက်ပြောင်းလဲနေမှုကို အထူးအာရုံပြုရန် အကြံပေးပါသည်။ ထိုသို့အကြံပေးခြင်းမှာ ဝင်လေ ထွက်လေ အာရုံနှင့်တွဲပြီး ပီတိ၊ စသည့် အာရုံများဝင်မလာစေရန်အတွက် ဖြစ်ပါသည်။ ဆရာကြီး ပြောသည့် အတိုင်း ညနေပိုင်းနှင့် ညပိုင်း ဦးပိုင်းတို့တွင် အားထုတ်ပါသည်။ ရံဖန်ရံခါတွင် ကိုယ်တွင်းပိုင်း၌ နက်ရှိုင်းလှစွာသော နေရာမျိုးသို့ရောက်၍ စိတ်၏ တည်ကြည်ငြိမ်သက်မှုကို ရရှိပါသည်။ ကျွန်မ၏ ကိုယ်ခန္ဓာကိုလည်း ဖြစ်ပျက်ပြောင်းလဲနေသည့် ဓာတ်ရုပ်ကြီးကဲ့သို့ အလွန်ပင် ထင်ရှားစွာ တွေ့ရှိရပါသည်။

နို့ဝင်ဘာလ (၁၈) ရက်။

ယနေ့ ဆရာကြီး၏ ညွှန်ကြားချက်အရ၊ ခန္ဓာကိုယ်တခုလုံး၌ ဖြစ်ပေါ်နေသည့် အနိစ္စလက္ခဏာ ဝေဒနာတို့ကို ခွဲခြမ်းစိတ်ဖြာ၍ အာရုံမပြုတော့ဘဲရှခင်းနယ်ပယ်ကို တဖြေးဖြေးကျဉ်းမြောင်းစေခဲ့ရာ ခန္ဓာကိုယ်၏ ဗဟိုချက်ချာနေရာသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုအခါ နံရိုးအောက်တွင် စက်ဝန်းသဏ္ဍာန် ဖြစ်ပေါ်လာကာတင်းကြပ်၍ လာပါတော့သည်။ ထိုနေရာသို့အာရုံစူးစိုက်လေလေ၊ တရှရှနှင့်အနိစ္စသဘာဝကို ထင်မြင်လာလေ ဖြစ်သော်လည်း ကျောက်စိုင် ကျောက်ခဲကဲ့သို့ မာကျောသည့် ဝေဒနာကို ကိုယ်တွင်းသို့ ဝဲဂယက်များ ဆွဲငင်စုပ်ယူလျက် ရှိလေဘိသကဲ့သို့ ခံစားရပါသည်။

ထိုဝေဒနာကိုပင် အနိစ္စဟု ရှုရာတွင် အရေပြားများပါ တင်းကြပ်ရန်းကန်နေဘိသကဲ့သို့ ဖြစ်ပေါ်လာပြီးနောက် ကိုယ်တွင်း၌ တွေ့ထိသိရှိနေရသော အပူရှိန်နှင့် လှုပ်ရှားမှုတို့သည် တစတစလျော့ပါးသွားပြီး လက်နှစ်ဖက်မှတပါး အခြားသောနေရာများတွင် သိမ်မွေ့သော အပျက်သဘောကိုသာ တွေ့ရှိနေပါသည်။ ဆက်လက်၍ ရှုရာ ဖြစ်ပေါ်လာသော ဝေဒနာတို့သည် ထိုနေရာပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားပြီး ထိုနေရာသို့ပင် တဖန် ပြန်လည် ရောက်ရှိ အဆုံးသတ်သည်ကို မှတ်သားမိပါသည်။ ထိုနောက် ကြိမ်ဖန်များစွာပင် ကျွန်မသည် ပြင်းထန်စွာ နှလုံးတုန် ရင်ခုန်နေပါသည်။ ကြောင့်ကြစိုးရိမ်မှု ကြီးလာသည့်အခါ ဖြစ်တတ်သည့် သဘောမျိုးပင်ဖြစ်ပါသည်။ ညပိုင်းတရားအားထုတ်ချိန်

တွင်လည်း ဤကဲ့သို့ပင် ထပ်မံ၍ ဖြစ်ပြန်ရာ တရားအာရုံကို ကောင်းစွာစူးစိုက်၍ မရနိုင်ခဲ့ပါ။

နိုဝင်ဘာလ (၁၉) ရက်။

ယနေ့ တွေးတောမှုအဝင်အထွက် များပြီး စိတ် မငြိမ်မသက် ဖြစ်နေပါသည်။ ဤကမ္မဋ္ဌာန်းဌာနမှ ထွက်ခွာရမည့်အချိန်ကို စဉ်းစားမိသည်ပြင် ကျန်ရှိသည့်အချိန်အတွင်း လိုရာခရီးသို့ ရောက်မှ ရောက်ပါမည်လား ဟု အထင် ရောက်ကာ စိတ်မရှည်နိုင်သကဲ့သို့ ဖြစ်လာပါသည်။ သို့ရာတွင် ကျွန်မသည် "ပစ္စုပ္ပန်" ကိုသာ အာရုံပြုနေရမည် ဆိုသည့်အချက်ကို သတိလစ်သွားကြောင်း အသိမှန် ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် စိတ်တွင် ဖြစ်ပေါ်ခဲ့သမျှ အတွေးအခေါ်တို့ကို ဖြတ်တောက်လိုက်ပြီး ကျေနပ်နှစ်သိမ့်မှုနှင့်တကွ တည်ငြိမ်မှုကို ရရှိကာ ကောင်းစွာပင် ဆက်လက်၍ တရား အားထုတ်နိုင်ပြန်ပါတော့သည်။

နိုဝင်ဘာလ (၂၀) ရက်။

ယနေ့ တနေ့လုံးပင် ခန္ဓာကိုယ်၏ အလယ်ပိုင်းသို့ လေးလေးနက်နက် အာရုံပြု၍ တရား ရှုပါသည်။ အနိစ္စ အတွေ့များသည်လည်း တဖြည်းဖြည်း သိမ်မွေ့လာပါသည်။ ရံဖန်ရံခါ ကိုယ်တွင်း နက်ရှိုင်းသည့်နေရာ၌ ငြိမ်သက်စွာ တည်ရှိနေပြီး သိုင်းအိကလေးများသဖွယ် တကိုယ်လုံး ပျံ့နှံ့ လှုပ်ရှား သွားလာ နေဘိသကဲ့သို့ တွေ့ထိ သိရှိနေပါသည်။ ထိုသို့ အားထုတ်နေရင်း ကိုယ်ရေပြား များသည် တင်းမာလာ၍ ပြင်ပမှ အာရုံများကို လုံးဝ တားဆီးပိတ်ပင်ထားလိုက်သလိုဖြစ်ပြီး ကိုယ်တွင်း၌ စိတ်အာရုံ စူးစိုက်ထားရှိနေမှုကို ပိုမို လေးနက် စေပါသည်။

တခါတရံတွင်လည်း ကျွန်မ၏ ရုပ်ခန္ဓာမှာ အခိုင်အမာ ဟူ၍ ဘာမျှမရှိ၊ စိတ်အာရုံ စူးစိုက်ရန် ဗဟိုနေရာ သို့မဟုတ် အခြား သတ်မှတ်စရာ နေရာ ဟူ၍လည်း ရှာမတွေ့၊ အတ္တ၏ မှီခိုတွယ်ကပ်စရာလည်း ဘာမျှမရှိပါတကား ဟု သဘောပေါက် နေပါသည်။ ဖယိုဖရဲ ပြိုကွဲပျက်စီးလျက် ဆုံးခန်း မရှိအောင် ပြောင်းလဲနေသည့် ရုပ်အစဉ်နှင့်တကွ ဝေဒနာ ခံစားမှုအစဉ်သာ ဖြစ်သည်ဟူ၍ သိနေပါတော့သည်။

နိုဝင်ဘာလ (၂၁) ရက်။

ယနေ့လည်း ကျွန်မသည် ခန္ဓာကိုယ်၏ ဗဟိုနေရာကို အထူးပင် အာရုံစိုက်၍ ထားပါသည်။ ထိုနေရာမှာ ရေများ ဖြာထွက် စီးဆင်း နေသည့် ပမာ

အနိစ္စ လက္ခဏာတို့သည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းဟူသမျှသို့ နူးညံ့သိမ်မွေ့စွာ ပြာယှက်လျက်နေပါသည်။ ဤသို့သောအခါ အလွန့်အလွန် စိတ်ကြည်နူးဖွယ်ရာ တည်ငြိမ်မှုအရသာကို ကိုယ်တွေ့ခံစားမိပါတော့သည်။

နို့ဝင်ဘာလ (၂၂) ရက်။

ကျွန်မခန္ဓာကိုယ်၏ ဗဟိုနေရာသို့ တရားအာရုံယူ၍ ပိုမိုစူးစိုက်လေ၊ အတွင်းမှ ဆွဲငင်ဘိသကဲ့သို့သော ဝေဒနာကို ခံစားရလေ ဖြစ်ပါသည်။ အာရုံစူးစိုက်ထားသည့် နေရာသည် မာကျောသော အလုံးအခဲတခုကဲ့သို့ တွေ့ထိသိရှိနေရသည်မှာ ကာလအတော်ကြာမြင့်စွာဖြစ်ပါသည်။ ထိုအလုံးအခဲသည် ထွက်လေ ဝင်လေကိုလိုက်၍ ကျုံ့ဝင်သွားလိုက်၊ ပြန်ထွက် လာလိုက် ဖြစ်ကာ အနိစ္စလက္ခဏာတို့သည်လည်း ထိုနေရာတွင်ပင် တိမ်မြုပ်သွားသလို ထင်ရပါသည်။

ညပိုင်းတွင် ဆရာကြီးသည် ခန္ဓာကိုယ်၏ ဗဟိုနေရာ တွင်ပင် အနိစ္စလက္ခဏာကို စိတ်အာရုံ စူးစိုက်ကာ၊ သတိမလွတ်စေဘို့ ညွှန်ကြားပါသည်။ သို့သော်လည်း ပြင်းပျစွာ နှလုံးတုန်ရင်ခုန်ဖြစ်လာပြီး ဦးခေါင်းတွင်းသို့လည်း အပူရှိန်လှိုင်းတို့သည် တိုးဝင်နေဘိသကဲ့သို့ ဖြစ်လာသဖြင့် ထိုသို့ ဖြစ်လာခြင်းသည် လေးနက်တည်ငြိမ်စွာ တရားအာရုံယူခြင်း၏ အဟန့်အတား များပင်ဖြစ်၍ နေပါတော့သည်။ ထို့ပြင်လည်း ထိုင်ပုံနေရာမကျသဖြင့် နာကျင်ကိုက်ခဲသည့် ဝေဒနာနှင့် မသက်မသာ ရှိနေပါသည်။

ကျွန်မသည် ညပိုင်း တရားအားထုတ်ချိန်၌ ဆက်လက်၍ တရားအားထုတ်သွားရာ နံနက် (၃) နာရီအထိ ဖြစ်ပါသည်။ ထိုအချိန်တွင် ခန္ဓာကိုယ်ဗဟိုနေရာ၌ ကောင်းစွာစိတ်အာရုံ စူးစိုက်မိနေသဖြင့် ကျွန်မသည် သင်္ခါရတို့၏ ပြုပြင်ခြင်းမှ လွတ်ကင်းသည့်ဘက်သို့ ကူးပြောင်းရန် အဆင်သင့်ရှိနေပြီသောဟူ၍ပင် ယူဆမိပါသည်။

နို့ဝင်ဘာလ (၂၃) ရက်။

ဆရာကြီးသည် စေတီတော်၏ လှိုင်ဂူအတွင်းသို့ နံနက်ခင်း (၉) နာရီအချိန်တွင် ကျွန်မအား ခေါ်ယူပါသည်။ ဆရာကြီး တိုင်ပေးသည့် အတိုင်း အဓိဋ္ဌာန်ပြုပြီးနောက် အနိစ္စအာရုံ (သင်္ခါရနိမိတ်) ၌ စိတ္တေကဂ္ဂတာဖြစ်အောင် အထူးဂရုပြုပြီး စိတ်အာရုံစူးစိုက်ထားရန် ညွှန်ကြားပါသည်။ ခန္ဓာကိုယ်၏

ဗဟိုချက်ချာ၌ နက်ရှိုင်းသောနေရာတွင် သိမ်မွေ့လှစွာသော အနိစ္စ အာရုံ၌ စိတ်ကိုတည်တံ့စွာ ထားခိုင်းပါသည်။ ထိုအာရုံ၌ပင် စိတ်စိုက်ထားမြဲထားနေရာမှ စိတ်အာရုံစူးစိုက်မှုကို လျှော့ပစ်လိုက်ရန် သတိပေးပါသည်။

ထိုသို့စိတ်စိုက်ထားနေစဉ်၊ ဓာတ်အားတခုက ကျွန်မအား ချုပ်ချယ်ဘိသကဲ့သို့ဖြစ်ပေါ်လာပြီး ထိုအချိန်၌ပင် အတွင်း၌ စုပြုံ အုံကြွ တွန်းကန်လျက်ရှိကြသည့် လျှပ်စစ်ဓာတ်အားကဲ့သို့သော တွေ့ထိခံစားမှု တမျိုးဖြစ်ပေါ်လာပါသည်။ ၎င်းတို့ကိုပင် "အနိစ္စ၊ အနိစ္စ" ထင်၍ ရှုနေခိုက်၊ မှန်းကြည့်၍ မသိနိုင်သည့် ရှေ့ခရီးအတွက် ကြောက်စိတ်အနည်းငယ် ဝင်လာ မိပါသည်။ ချောက်ကမ္ဘားထိပ်၌ တည်လျက် ရှေ့မတိုးသာ နောက်မဆုတ်သာ လွတ်ပေါက်ကိုရှာနေသူလို ကယ်မည့်သူကို မျှော်လင့်နေသူလို ဖြစ်နေပါတော့သည်။ ထိုအချိန်၌ အနည်းငယ်မျှသာ တစ်ဆို့ဆို့ ဖြစ်လာသည့် ဝေဒနာကို "အနိစ္စ၊ အနိစ္စ" ဟု အာရုံစူးစိုက်ထားရာမှ အနိစ္စရှုရင်း ဖြည်းညှင်းစွာစိတ်ကို လျှော့ချလိုက်သည်တွင် တင်းကြပ်ဆို့ပိတ်မှုများ၊ ကြောက်စိတ်များ၊ မသက်မသာဖြစ်နေမှုများ၊ အာရုံတွေ့ထိခံစားမှုများ အားလုံးတို့မှ လုံးဝကျွတ်လွတ်သွားသကဲ့သို့ဖြစ်သွားပါသည်။ ကျွန်မသည် တည်ငြိမ်အေးချမ်းလှစွာသော အခြေအနေသို့ ငုပ်လျှိုး၍ သွားဘိသကဲ့သို့၎င်း၊ နက်ရှိုင်းသောရေတွင်းတခုတွင် အတွင်းမှ တဖြည်းဖြည်းဆွဲငင်စုပ်ယူသွားရာသို့ ပါသွားဘိသကဲ့သို့ ဖြစ်ပါသည်။ ဤကဲ့သို့သော အေးငြိမ်းမှုသဘောကို စကားအသုံးအနှုန်းဖြင့် ဖော်ပြရန်မှာ အခက်ဆုံးပင်ဖြစ်ပါသည်။ ကျွန်မတွင် ကိုယ်အလေးချိန် မရှိသကဲ့သို့ဖြစ်ပြီး၊ အလွန်တရာအေးငြိမ်း နက်ရှိုင်းလှစွာသော လိုဏ်ဂူကြီးအတွင်းနစ်မြုပ်၍ ပျောက်ကွယ်သွားဘိသကဲ့သို့ ထင်မိပါသည်။ ထိုအချိန်အခါ၌ မိမိခန္ဓာကိုယ်ကို၎င်း၊ အခြားတပါးအာရုံ၌၎င်း သိမှုမရှိတော့ပါ။

အာရုံခြောက်ပါးတို့ဖြင့် တွေ့ထိခံစားမှုမှာလည်း လုံးဝကင်းကွာ သွားဘိသကဲ့သို့ ဖြစ်ပါသည်။ အတွေးအခေါ် သညာန်အရိပ် အချိန်ကာလတို့သည်လည်း ရပ်နားလျက်ရှိပါတော့သည်။ ကိုယ်အတွင်း၌ မည်သည့်ဝေဒနာမျိုးကိုမှ တွေ့ထိသိရှိခြင်းမရှိ။ နှလုံးလှုပ်ရှားမှုမရှိသည့်ပြင် အသက်ရှူရှိုက်မှုလည်း မရှိသလောက်ဖြစ်ပါသည်။ ကျွန်မ၏ ခန္ဓာကိုယ်အသိုင်းအဝိုင်းကြီးကို အာကာသပြင်ကဲ့သို့မြင်ပြီး ဒိုးယိုပေါက်ကဲ့သို့ ဖြစ်နေဟန်တူပါသည်။ စိတ်ရောကိုယ်ပါချိန်ခွင်လျှာမှာ ညီညွတ်စွာတည်ထားဘိသကဲ့သို့ ပေါင်းစပ်တည်နေရာ တခုလည်း ဖြစ်၍နေပါသည်။ စိတ်နှင့်ကိုယ် ရောယှက်ကာ ငြိမ်းခြင်း၊ တည်ငြိမ်ခြင်းပင်

ဖြစ်ပါသည်။ ဖြစ်ပုံမှာ၊ အလွန်တရာ ဖြူစင်သန့်ရှင်းသည့် ခတ်အတွင်း၌ နှစ်မြှုပ်နေပြီး လောက၏ အာရုံအမျိုးမျိုးတို့မှ ဖြတ်တောက်ပိတ်ဆို့ထားသကဲ့သို့ဖြစ်ပါသည်။ အတိုချုပ်အားဖြင့် ပြောရမည်ဆိုသော် ကျွန်မ၏ ပတ်ဝန်းကျင်ရှိ ကမ္ဘာလောကကြီး ချုပ်ဆုံးသွားသလိုဖြစ်ပါသည်။ ကျွန်မသည် ထိုကဲ့သို့အခြေ၌ တနာရီနှင့် (၂၅) မိနစ်ကြာအောင် တည်ရှိနေပါသည်။ သို့ရာတွင် ထိုအခြေမှ ထလာသောအခါ၊ ထိုအချိန်ကာလသည် အနည်းငယ်မျှသော အချိန်ပိုင်းကလေးဟူ၍သာ ထင်ရပါသည်။"

မစ္စတာဒန်နီဆင်တို့၏ ဇနီးမောင်နှံ ကမ္မဋ္ဌာန်းတရား လုပ်ငန်းပြီးဆုံးသောအခါတွင်လည်း ကျွန်တော်သည် စေတီရိပ်သာတွင်ပင် ရှိပါသေးသည်။ ၎င်းတို့နှင့်ဦးအနက် မစ္စတာဒန်နီဆင်ကို ကြည့်ရသည်မှာ မျက်နှာကောင်းစွာ မရွှင်ပြ၊ လွန်စွာစိတ်ရှုပ်နေပုံရသည်။ ၎င်း၏ဇနီးမှာမူ လွန်စွာကြည်လင်အေးချမ်း၍ တရား၏ အမြိုက်အရသာကို ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာစွာဖြင့် သိရှိခံစားနေရပုံရှိသည်။ ထိုစဉ်က ၎င်း၏ နေ့စဉ်မှတ်တမ်းကို မမြင်ရမတွေ့ရ၊ ဘတ်ရှုခွင့် မရသေးသဖြင့် တရားအတွေ့အကြုံ အခြေအနေ မသိရသေးပါ။ ဆရာကြီးကလည်း အသေးစိတ် ပြောမပြပါ။ ပစ္စစ်ဒန်နီဆင် တရားအလွန်ကောင်းသည်ဟု သာမန်သိရသည်။ မစ္စတာဒန်နီဆင်အကြောင်းကိုမူ ဆရာကြီးက ဤကဲ့သို့ပြောပြပါသည်။

"မစ္စတာဒန်နီဆင်ကို အလွန် သနားစရာကောင်းပါတယ်။ သူ့ခမျာ တရားမှာယုံကြည်မှုမရှိတော့မဟုတ်၊ဒါပေမဲ့ ပြောစကားနားမထောင်ဘဲ သူ့ထင်တာတွေ လျှောက်လုပ်နေတယ်။ သူက ဒို့လုပ်နည်းလုပ်ထုံးတွေကို သူ့နည်းနဲ့သူ လေ့လာကြည့်တယ်။ ဒီလုပ်နည်းလုပ်ထုံးတွေ ဘယ်လို တည်ထွင်ယူခဲ့သလဲလို့ ကြံဆတွေးတောတယ်။ ပီးတော့ တချို့တရားပုဂ္ဂိုလ်တွေ တိုးတက်မှုရှိလို့နည်းလမ်းမှန်တယ်ဆိုရင် တချို့တရားပုဂ္ဂိုလ်ကျတော့ ဘာလို့မတိုးတက်ရသလဲလို့ အဖြေရှာကြည့်နေပြန်တယ်။ တိုတိုပြောရရင်ကွာ၊ ပြောတဲ့အတိုင်း ကမ္မဋ္ဌာန်းအာရုံမယူဘဲ ဒို့လုပ်ငန်းအားလုံးကို သူ့စိတ်ပညာအရ psychoanalysis လုပ်ကြည့်နေတာပါ။ အဲဒီတော့ ဘာဖြစ်သလဲဆိုရင် သူ့မိန်းမလို တရားသဘော ကြည်လင်သန့်ရှင်းစွာ မရ၊ အေးချမ်းမှုကိုမခံစားရတဲ့အပြင် ၊ ပင့်ကူတကောင်ဟာ သူ့အမျှင်များနှင့်သူ လှောင်ပိတ်မိနေသလို မစ္စတာဒန်နီဆင်လဲ သူ့ရဲ့ စိတ်ကူးတွေးတောကြံဆတာတွေက သူ့ကိုရစ်ပတ်ချည်နှောင်ပြီး သူ့စိတ်ထွက်ပေါက်ရှာမရသလို ဖြစ်သွားတာပေါ့။ ငါကတော့ မှာလိုက်ပါတယ်။ မင်းမိန်းမ

တရားတွေ့မြင်ပုံကို ဇေ ဆေးဆေးမေးမြန်းကြည့်၊ မင်အမှား မင်းမြင်လာလိမ့်မယ်လို့ ပြောပြလိုက်တယ်။"

မြန်မာပြည်မှ တွက်ခွာသွားကြပြီးနောက် မစ္စတာဒန်နီဆင်တို့ ဇနီးမောင်နှံသည် သီဟိုဠ်တွင် ခရီးတထောက်နားကြပြန်သည်။ ဤအတောအတွင်း ၎င်း၏ ဇနီးနှင့် တရားလုပ်ငန်းအကြောင်း အပြည့်အစုံဆွေးနွေးကြည့်၍ ၎င်မိန်းမ၏ ထူးခြားစွာပြောင်းလဲပုံကို သတိပြုလာမိဟန်တူသည်။ ထိုကြောင့် သီဟိုဠ်မှနေ၍ မြန်မာပြည်သို့ တခေါက်ပြန်လာပြီးလျှင် ၎င်းတဦးတည်း ဆရာကြီးထံ၌ တရားထိုင်လိုသေးကြောင်း ခွင့်တောင်းပြန်သည်။ ဆရာကြီးက တရားထိုင်ရန်ပြန်လာလိုသေးကပြန်လာနိုင်ကြောင်း၊ သို့ရာတွင် တရားအစစ်အမှန်ကို လိုလိုချင်ချင်၊ ရိုးသားသောစိတ်ဖြင့် မရှာဖွေဘဲ၊ယုံကြည်မှုကင်းမဲ့စွာဖြင့် မိမိ၏ အသက်မွေးမှုလုပ်ငန်းတွင်အသုံးချလိုသည့်စိတ်ထားဖြင့်တရားထိုင်ဦးမည် ဆိုပါက စိတ်အပျက်ကြီး ပျက်ရပြီးလျှင် အချိန်းနီးပင် ဖြစ်ပေလိမ့်မည် ဟု သတိပေး အကြောင်းကြားလိုက်သည်။ ဤသို့ သတိပေးပါလျက် မစ္စတာ ဒန်နီဆင်သည် (၁၉၆၃) ခု၊ မတ်လတွင် အမေရိကန်သို့အပြန် ရန်ကုန်သို့ ဝင်လာပြန်သည်။ သူ့မိန်းမနှင့် သီဟိုဠ်မှ လမ်းခွဲခဲ့၍ ဆရာကြီးထံ သူတဦးတည်း ပြန်လာခဲ့ခြင်း ဖြစ်ပေသည်။ ဤတကြိမ်၌လည်း သူသည် အခက်အခဲများနှင့် ရင်ဆိုင်ရပေသေးသည်။ သို့ရာတွင် ဗုဒ္ဓတရားတော်၌ သဒ္ဓါယုံကြည်မှုအပြည့်ရှိလာ၍ ၎င်း၏ မှားယွင်းချက်များကိုလည်း ကောင်းစွာ သဘောပေါက်သွားရာ ညှော့သည် မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်း မှတ်ချက်များ ရေးသားသွားပေသည်။

(၁၉၆၃) ခု၊ မတ်လ (၄) ရက် — ကျွန်တော့်အတွက် ကြီးမားသော သည်းခံစိတ်ဖြင့် အပင်ပန်းခံကာ အထူး ကြိုးစား ကူညီဆောင်ရွက် ပေးသည်ကို ကျေးဇူး တင်ရှိပါသည်။ ဆရာကြီး ခင်ဗျား၊ ကျွန်တော် ရင်ဆိုင်ခဲ့ရသည်မှာ အလွန်ကြီးမားသော အခက်အမဲကြီးများ ဖြစ်ပါသည်။ သို့ရာတွင် ဤအခက်ကြီးများ ကြားမှ အသိဥာဏ်ပညာ များစွာ တိုးခဲ့ရပါသည်။ အထူးသဖြင့် ကျွန်တော့်ကိုယ်အကြောင်း ကျွန်တော်က ပိုမိုသိရှိလာရပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည် အဖိုးအနဂ္ဃ ထိုက်တန်လှကြောင်း စိုးစိမျှ ယုံမှားဖွယ်မရှိပါ။ ၎င်းတရားတော်၏ အကျိုးကျေးဇူးများကိုလည်း ဤတရားဌာနတွင် ပြည့်ဖြိုးဝေဆာစွာ ခံစားနိုင်ကြောင်း ယုံမှားမှု မရှိနိုင်တော့ပါ။ နောင်တချိန်တခါတွင် ကျွန်တော့်ကိုယ် ကျွန်တော် အခက်အခဲဖြစ်စေရန် ပိုတ်ပင် တားဆီးမှုများ၊ ခေါင်းမာစွာ ပြုလုပ်တော့မည်မဟုတ် ဟု မျှော်မှန်းရပါ

သည်။ ထိုအချိန်အခါတွင် တရားတော်၏ သန့်စင်မွန်မြတ်သောအရသာကို ခံစားရကောင်းပါ၍ ဟု အောင်းမေ့ရပါသည်။ ဆရာကြီးနှင့် ဆရာကြီးပရိသတ်အားလုံး ကောင်းမြတ်သော မင်္ဂလာနှင့် ပြည့်စုံကြပါစေ။

ရှိသေလေးစား မေတ္တာပွားလျက်—

ဟင်နရီဒန်နီဆင်။

၎င်းတို့ဇနီးမောင်နှံ ဟိုးလီးဝုဒ်သို့ပြန်ရောက်သွားပြီးနောက် မြန်မာပြည်နှင့်တကွ ကမ္ဘာ့ဌာန်းတရား ထိုင်သွားကြသော စေတီရိပ်သာကို အမှတ်ရကြပါသေး၏လော။ ဗုဒ္ဓမြတ်စွာ ဘုရားတရားတော်၌ သက်ဝင်ယုံကြည်မှုသည် မည်မျှ တည်တန့်ခိုင်မြဲနေပေသေးသနည်း။ သိချင်စရာယ် အကြောင်းအချက်များ ဖြစ်ပေသည်။ အခြား တရားထိုင်သွားသူ ပုဂ္ဂိုလ်များကဲ့သို့ မိမိနေရပ် ပြန်ရောက်သွားပြီးနောက် ဆရာကြီးနှင့် စာပေးစာယူ အဆက်အသွယ် ပြုလုပ်ခြင်းမရှိခဲ့ကြပါ။ သို့ဖြင့် (၂) နှစ်နှင့် (၄) လမျှ ကြာသော အချိန်ကာလများ ကုန်ဆုံးသွားပြီးနောက် (၃၁–၃–၆၅) နေ့စွဲပါ စာတစောင် မစ္စစ်ဒန်နီထံမှ မမျှော်လင့်ဘဲ ရောက်ရှိလာပါသည်။ ထိုစာတွင် တရားတော်၏ တန်ဖိုးကို အလေးပြုလျက် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း၊ ၎င်း၏ ခင်ပွန်းသည်ကလည်း ဗုဒ္ဓတရားတော်၌ အထူးယုံကြည်လေးစားလျက် ၎င်းအတွက် သီးသန့်အခန်းတခု တရားအားထုတ်ရန် စီစဉ်ပေးထားကြောင်း စသည်တို့ကို အောက်ပါအတိုင်း အံ့ဩဘွယ် ဖတ်ရှုကြည့်နိုင်ကြပါသည်။

နေ့စွဲ။ ၃၁–၃–၆၅

ဆရာကြီးထံသို့ စာမရေးဘဲနေခဲ့သည်မှာ အတော်ပင် ကြာမြင့်သွားပါပြီ။ ထိုသို့ကြာမြင့်သွားသည့်အတွက် ခွင့်လွှတ်ရန် တောင်းပန်ဖို့ လိုမည်တော့မထင်ပါ။ အဘယ်ကြောင့်ဆိုသော် အများက ယူဆထားသည့် “အချိန်ကာလ” သည် ဆရာကြီးအဖို့ ဘာမျှအရေးကြီးသည့် ကိစ္စမဟုတ်ပါ။ ကျွန်မ၏ အယူအဆအားဖြင့် ဆရာကြီးသည် “အချိန်ကာလ” မှ လွတ်၍နေပါသည်။ ဆရာကြီးသည် အတိတ် ကိုလည်း ဂရုမပြု၊ အနာဂါတ် ကိုလည်း အရေး မထား၊ ပစ္စုပ္ပန်၌သာ အာရုံပြုလျက် ဘဝခရီးသွားနေသူ ဖြစ်ပါသည်။ ဆရာကြီးသည် အချိန်ကာလအားဖြင့် ပိုင်းခြားသတ်မှတ်ထားသည့် စည်းဝိုင်းအပြင်သို့ ရောက်ရှိလျက် အတွင်းအပြင်နှင့် ပတ်ဝန်းကျင်လောကတွင် ဘဝ၏ ပြည့်စုံမှုကို ရရှိထားလေပြီ။

ကျွန်မ၏နှာခေါင်းကို လက်ညှိုးညွှန်ပြလျက် "သင်၏ ခန္ဓာကိုယ်အတွင်း တွေ့ထိသိရှိနေရသည့် အနိစ္စလက္ခဏာသည်သာလျှင် သင်၏ အမြင့်မြတ်ဆုံးသော မိတ်ဆွေဖြစ်သည်" ဟူသော ပြောကြားချက်ကို ကျွန်မ၏ တသက်တာတွင် ဘယ်တော့မှ မေ့ပျောက်၍ ရမည်မဟုတ်ပါ။ ထိုပြောကြားချက်သည်ကား မှန်ကန်လှပါပေ၏။ ကျွန်မသည် ဆန္ဒရှိသည့်အခါ၊ အလိုရှိသည့်အတိုင်း အနိစ္စကို သိစွမ်းနိုင်ပါသည်။ အနိစ္စ၌ အာရုံစူးစိုက်၍လာလေ၊ အနိစ္စလက္ခဏာ ပိုမိုထင်ရှား၍ လာလေဖြစ်ပြီး အနိစ္စအာရုံ၌ပင် စိတ်ဝင်စား နေပါတော့သည်။ ကျွန်မသည် လူပုဂ္ဂိုလ်များနှင့် အရာဝတ္ထုတို့ကို သာမန်မျက်စိဖြင့်သာ မြင်နေသည်မဟုတ်ပါ။၎င်းတို့၏ ညစ်ညူးသော သို့မဟုတ် ဖြူစင်သော ဓာတ်သဘာဝကိုလည်း တွေ့ထိသိရှိနိုင်လာပါသည်။ ကျွန်မကိုင်တွယ်မိသည့် သက်ရှိသက်မဲ့ဟူသမျှတို့၏ သဘာဝဓာတ်အားတို့ကို တွေ့ထိခံစားနိုင်သည်သာမက၊ မကြာခဏပင် ထိုဓာတ်အားတို့သည် ကျွန်မကိုယ်တွင်း၌ ဓာတ်လိုက် သလိုဖြစ်ခါ ဓာတ်ချင်းပေါင်းစပ်သွားဘိသကဲ့သို့ သိရှိရပါသည်။ အချိန်ကြာမြင့်စွာ အနိစ္စလက္ခဏာကို ဆင်ခြင်သည့်အခါများတွင် ကျွန်မ၏ အဇ္ဈတ္တတွင် ဖြစ်ပေါ်နေကြသလို ကျွန်မ၏ ပတ်ဝန်းကျင်၌လည်း ဖြစ်ပေါ် နေကြသည်ဟု ထင်မြင်မိပါသည်။ စင်စစ်မှာကား အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့သည် ဖြစ်ပျက်သဘာဝတွင် တူမျှလျက်ရှိနေခြင်းကြောင့်ပင် ဖြစ်ပါသည်။

ကျွန်မသည် အနိစ္စလက္ခဏာတို့ကို ကိုယ်တွေ့သိရှိပြီး ဆရာကြီး၏ ဌာနမှ ထွက်ခွာလာခဲ့ရသည့် အချိန်မှစ၍ ကျွန်မ၏ ဘဝအမြင်နှင့်တကွ အတွေး အခေါ် အယူအဆတို့သည် လုံးဝပြောင်းလဲသွားခဲ့ပါသည်။ ကျွန်မ၏ ဘဝသည် ပိုမိုကြွယ်ဝကာ ပြည့်ဖြိုး၍လာပါသည်။ ထို့အပြင် ပိုမိုတည်ငြိမ်ပြီးလျှင် အမြဲလိုပင် စိတ်အေးချမ်းမှုကို ရရှိနေပါသည်။ ကမ္ဘာ့ဌာန်းတရား အားထုတ် ခြင်းဖြင့် ပုဂ္ဂိုလ်တစ်ဦးဟယောက်၏ စိတ်နေသဘောထားကို ဤမျှလောက် ပြုပြင်ပေးနိုင်လိမ့်မည်။ ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနတို့တွင် စိတ်၏တည်ငြိမ်မှု ညီညွတ်မျှတစေမှုကို ဤသို့ဖန်တီးပေးနိုင်လိမ့်မည်ဟု အိမ်မက်မျှပင် မမက်ဘူးခဲ့ပါ။

ယခုတော့ ကျွန်မသိရှိရပြီ။ လောက၏အနှောင်အဖွဲ့အတွင်း အကျဉ်းခံနေရသည့် ဒုက္ခမှ ချမ်းသာမှုရရန်၊ ပြင်ပတွင် ရှာဖွေ၍ တွေ့ရှိနိုင်မည်မဟုတ်ပါ။ ထိုအနှောင်အဖွဲ့အတွင်း အကျဉ်းခံနေရသည်မှာ မည်သူမပြု မိမိမှုကြောင့်သာဖြစ်သည့်အတွက် လူသတ္တဝါမှန်သမျှ လောက၏ အနှောင် အဖွဲ့မှ လွတ်မြောက်အောင် ရုန်းထွက်ဘိုရာ၊ မိမိကိုယ်ကိုသာ မိမိအားကိုးရမည်ဟု တရားသား

တုတ်ရင်း ရှင်းရှင်းလင်းလင်းကြီး သိရှိနားလည်သွားပါသည်။ ကျွန်မ၏ ခင်ပွန်းဖြစ်သူက တရားအားထုတ်ရန်အတွက် သီးသန့်တရားခန်းတခု တည်ဆောက်၍ပေးထားပါသည်။ တရားခန်းသို့ ဝင်ရောက်တရားအားထုတ်ကြိမ်ပေါင်း များလေလေ၊ ကျွန်မ၏ ဉာဏ်အမြင်မှာ ရှင်းလေလေဖြစ်ပါသည်။ ဗုဒ္ဓ မြတ်စွာ၏ ဓမ္မသဘာဝတို့ကို ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်တွေ့ထိခံစားရမှသာလျှင် ဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်မည်ဆိုသည့် ဉာဏ်အမြင်ပင် ဖြစ်ပါသည်။

ဆရာကြီးရှင့်၊ ကိုယ်တွင်း၌ အသက်ဝင် လှုပ်ရှားနေဘိသကဲ့သို့သော ရုပ်ကလပ်များ၏ သဘာဝကို တွေ့ထိသိရှိနေခြင်းအားဖြင့် ကိုယ်တွင်းဗဟိုနေရာသို့ စိတ်ကိုပို့ဆောင်ထားနိုင်ပါသည်။ ပြင်ပသို့ထွက်သွားသည့် စိတ်ကိုလည်း ကိုယ်ကွင်းသို့ပြန်လည်ရောက်ရှိအောင် အမြဲတန်းဆွဲဆောင်နိုင်ပါသည်။ တကိုယ်တည်းနေရခြင်းကြောင့် ဖြစ်တတ်သော ပျင်းရိငြီးငွေ့မှုတို့ကို ဖြေပျောက်စေသည့်ပြင်၊ မိမိစိတ်ကို ကိုယ်တွင်း၌ ထားရှိနိုင်သဖြင့် ကိုယ်၏ နေအိမ်အတွင်း ကိုယ်၏ အသိုင်းအဝိုင်းနှင့် နေရဘိသကဲ့သို့ နှစ်သိမ့်၍နေပါတော့သည်။ ကျွန်မ၏ စိတ်တွင်းခံစားရချက်တခုမှာ သေခြင်းတရား၌ ဘာမျှကြောက်ရွံထိပ်လန့်စိတ်မရှိခြင်းပင်ဖြစ်ပါသည်။ အမှန်ပြောရမည်ဆိုလျှင် ပုဖန်ရုပ်ခွံအိပ်၏ နက်ရှိုင်းလှစွာသော အတွင်းပိုင်း၌ အခိုင်အမာဟူ၍ ဘာမျှပရှိသည့် ဘဘာဝ တမျိုးကို မကြာမကြာပင် ထိတွေ့လျက်ရှိသည်ဟု ယုံကြည်မိပါသည်။ ထိုသဘာဝသည် စုတိစိတ်ကျပြီး ဘဝသစ်မဖြစ်မီ အာကာသပယနှင့် နှိုင်းယှဉ်ရမည်လားမသိပါ။ ဤကဲ့သို့သော ထိတွေ့ခံစားမှုမျိုးကို ဘဝအပိုင်းအခြားပထားဘဲ၊ အမြဲတန်းပင် ခံစားနေလိုစိတ်ပေါ်လာပါသည်။

ကျွန်မတို့နှစ်ယောက်စလုံးပင် ဆရာကြီး၏ အကြောင်းကို ပကြာဏပြောဆိုဆွေးနွေးကြပြီးလျှင် ဆရာကြီး၏ ဌာနတွင် တရားအားထုတ်ခဲ့ရသည့် အချိန်များကို ကျေးဇူးတင်စွာဖြင့် သတိရလျက်ရှိနေကြပါသည်။ ဆရာကြီး သိရှိသည့် အတိုင်း ကျွန်မ၏ ခင်ပွန်းသည် ၁၂ဩမ်းစိတ်ဖြာ စိတ်ပညာရှင် (Psycho-Analyst) အဖြစ် အသက်မွေးဝမ်းကြောင်း ရှာဖွေလျက်ရှိပါသည်။ အနောက်နိုင်ငံစိတ်ပညာနည်းဖြင့် စိတ္တဇဝေဒနာရှင်များအား ကုသရာ၌ နှုတ်ဖြင့်သာ ပြောဆိုကုသခြင်းဖြင့် ဝေဒနာရှင်အတွက် ထိရောက်သော အကျိုးသက်ရောက်မှု မဖြစ်စေနိုင်ကြောင်းကို တဖြည်းဖြည်း ပိုမို၍သိရှိလာပါသည်။ အနောက်နိုင်ငံများတွင် အသုံးပြုသော စိတ်ဖက်ဆိုင်ရာ နည်းနာနိသျှတို့သည် အကောင်အထည်အားဖြင့် ထင်ရှားမရှိသည်တို့ကို အခြေပြုထားသဖြင့် ခန္ဓာ

ကိုယ်မှုရင်း၊ ကိုယ်တွေ့သဘောမှုရင်း ကင်းကွာလျက်ရှိပါသည်။ သို့ပါ၍ ဆရာကြီးအား ကျွန်မတို့ထံသို့ လာရောက်၍ လူတိုင်းမိမိ၏ သဘာဝအမှန်ကို ရှာကြံရာ၌ အခြေခံဖြစ်သည့် ကမ္မဋ္ဌာန်းတရားကို သင်ကြား ပြသ စေလိုပါသည်။ အနောက်နိုင်ငံ စိတ်ပညာရှင်ကြီး အချို့တို့ကပင်လျှင် ဤကိစ္စမျိုးတွင် အရှေ့နှင့်အနောက် ညှိနှိုင်း၍ ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလျက်ရှိနေကြပါပြီ။”

ထိုနောက် ၂ နှစ်နှင့် ၈ လခန့် အကြာတွင် ဂျပန်ပြည် တိုကျိုမြို့သို့ အပြည်ပြည်ဆိုင်ရာ စိတ်ပညာဆရာကြီးများ၏ ကွန်ဖရင့်သို့ တက်ရောက်ရန် အသွား ဂုင်းတို့ဇနီးမောင်နှံ ဆရာကြီးရှေ့မှောက်သို့ ခေတ္တမျှရောက်လာကြပြန်သည်။ ရန်ကုန်မြို့၌ ၂ ညတာမျှရပ်နားနေစဉ် ဆရာကြီး၏ ဩဝါဒကို ခံယူ၍ တရားအားထုတ်ကြပြီးနောက် ပြန်လည်ထွက်ခွာမည့် (၄–၁၁–၆၇) နေ့တွင် လေဆိပ်သို့ မသွားမီ ဒြေသည်မှတ်တမ်းစာအုပ်၌ ဆရာကြီးအား အောက်ပါအတိုင်း ဂုဏ်ပြုသွားကြပြန်ပါသည်။

နေ့စွဲ။ ၄=၁၁–၆၇။

ဆရာကြီးထံမှောက်သို့ ရောက်လာခြင်းမှာ ယခုမှ သတိရ၍ ရောက်လာရခြင်းမျိုး မဟုတ်ပါ။ ဩကာသလောက၌ အချိန်ကာလတခုခု၌ တခါတရံ ဖြစ်တတ်သည့် ကိစ္စရပ်မျိုးလည်း မဟုတ်ပါ။ ကျွန်မအား အနိစ္စတရားကို သင်ကြားပေးသည့် ရှေးဦးဆရာအဖြစ်ဖြင့် ဆရာကြီးနှင့် အဆက်အသွယ်ပြတ်သည် ဟူ၍ မရှိပါ။ ကျွန်မ၏စိတ်တွင် ထိုအဆက်အသွယ်သည် “နိမိတ်” အသွင် ထင်၍နေပါသည်။ သာမန်စက္ခုဖြင့် မမြင်စကောင်းသော စကားအသုံးအနှုန်းဖြင့် ဖော်ပြရန်လည်း မဖြစ်ကောင်းသော တန်ခိုး သတ္တိထူး တမျိုးကပင်လျှင် ဆရာကြီးနှင့် အမြဲတန်း အဆက်အသွယ် ဖြစ်နေစေပါသည်။

ဆရာကြီးထံ၌ လွန်ခဲ့သည့် ငါးနှစ်ခန့်တွင် တရား အားထုတ်ခဲ့စဉ်အခါက ဝိပဿနာ ကမ္မဋ္ဌာန်းတရား၏ ထူးကဲလှသည့်တန်ဖိုးကို လေးလေးနက်နက် သဘောမပေါက်ခဲ့သေးပါ။ ဒြေသည်မှတ်တမ်းစာအုပ်တွင် “ကျောက်စူးမရှိသေးသော လှေအတွက် ကျောက်စူးတခု ရရှိလိုက်ဘိသကဲ့သို့ ကျွန်မ ထင်မြင်မိပါသည်” ဟူ၍ ထိုစဉ်အခါက ရေးသားခဲ့ရာတွင် ဝိပဿနာကမ္မဋ္ဌာန်းတရား၏ ထူးခြားချက်ကို အပေါ်ယံမျှသာ ယူဆ၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်မှအစပြု၍ ဆရာကြီး နည်းပေးညွှန်ပြသည့်အတိုင်း မဆုတ်မနစ်သော လုံ့လ ဝီရိယဖြင့် စိတ်အားထက်သန်စွာ အမြဲမပြတ် ကျင့်သုံး ဆောက်တည်လျက် ဝိပဿနာတရားကို မနေမနား ပွားများအားထုတ်ခဲ့ရာ၊ ယခုအခါတွင်မူ ကျွန်မ၏ ခန္ဓာကိုယ်တခုလုံးကို အနိစ္စဖြင့် လွှမ်းခြုံ၍ ထားရှိနိုင်ရုံသာမက အနိစ္စ၏ သဘာဝအတွင်း နစ်မြုပ်၍နေဘိသကဲ့သို့ရင်း၊ အနိစ္စလက္ခဏာတို့သည် ကျွန်မ၏ ကိုယ်တွင်းသို့ ဖောက်ထွင်း ဝင်လာဘိသကဲ့သို့ရင်း၊ လောင် ကျွမ်းချုပ် ဆုံး နေသည့် ရုပ်ကလာပ်တို့အကြား ငုတ်လျှိုး၍ သွားနေဘိသကဲ့သို့ရင်း သိရှိနေပြီး ရံဖန်ရံခါ အနိစ္စ၏အစွမ်းဖြင့် ဘဝချမ်းသာမှု အစစ်အမှန်ကိုလည်း ပြည့်ဝစွာ ခံစားနေမိပါတော့သည်။ နောက်ဆုံး၌ အနိစ္စသည် ကျွန်မ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းတခုလို ဖြစ်နေပါသည်။

ဤသို့လျှင် ကျွန်မသည် အနိစ္စ၌ သတိလွတ်သည်မရှိအောင်၊ အသိစိတ်ကိုလည်း ထူးကဲထက်မြက်အောင် ပြုပြင်ပေးစွမ်းနိုင်ခဲ့သည့်အတွက် စိတ္တဇေကဂ္ဂတာ ဟု ဆိုအပ်သော သမာဓိအခြေခံဖြင့် ရုပ်နာမ်တို့၌ စိတ်စူးစိုက်မှုကို ထိရောက်စွာ ရရှိခဲ့ပြီးလျှင် ဘဝအစဉ်၏ အထူးကဲဆုံး၊ အမှန်မြတ်ဆုံး၊ အသိမ်မွေ့ဆုံးဖြစ်သည့် အဆင့်တနေရာသို့ပင် ဝင်ရောက်နိုင်ခဲ့ပါသည်။

မည်သို့မျှ ရှင်းလင်းပြောပြ၍ ရနိုင်မည်မဟုတ်လောက်အောင်ပင် အထူးနူးညံ့သိမ်မွေ့လှစွာသော ရုပ်တို့၏ သဘာဝအစင်အမှန်ကို ကေန် တွေ့ထိသိရှိခြင်းအားဖြင့် သတ္တဝါအပေါင်းတို့၏ ချမ်းသာမှုတို့တွင် အထွဋ်အထိပ်ဖြစ်သော ချမ်းသာမှုကိုလည်း မျှော်မှန်း၍ စူးစမ်းလေ့လာ၊ ရှာဖွေမိပါသည်။ တဖန်ထိုဤသို့ ရှာဖွေရာ၌ ဝိပဿနာဉာဏ်ပညာတရား၊ တိုးပွားလာသည်နှင့် အမျှ၊ ကျွန်မ၏ဘဝကို နားလည်မှုမှာလည်း အတိုင်းအထွာအားဖြင့် ခန့်မှန်း၍မရနိုင်လောက်အောင်ပင် ကြွယ်ဝပြည့်ဖြိုး၍ လာခဲ့ပါသည်။ ထို့အပြင် သူတပါးတို့၏ဘဝကိုလည်း နားလည်မှု ရရှိလာပါသည်။

မိမိကိုယ် ကို (ဝိပဿနာတရားဖြင့်) နိုးနိုးကြားကြား ရှိကြပါစေ၊ ဤကား လူသားတို့အတွက် တန်ခိုးဂုဏ်နှင့် ပြည့်စုံစွာသော သဝဏ်လွှာပေတည်း၊ သန္တိသုခ ရရှိရန်အတွက် ကျွန်မတို့၏ထွက်ပေါက်သည် ကျွန်မတို့၏ ကိုယ်တွင်း၌သာ ရှိသည် ဟု အသိဉာဏ်ဝင်ပြီး ဆရာကြီးက နည်းပေးညွှန်ပြသည့် လမ်းစဉ်အတိုင်း ကျိုးစားအားထုတ်သွားကြမည်ဆိုပါက၊ ကျဉ်းမြောင်းလှသည့် ပိုးအိမ် အတွင်း တင်းကြပ်စွာ ရစ်ပတ် ပိတ်ဆို ခြင်း ခံနေသည့် ပိုးကောင်ငယ် ၏

ပမာ၊ ခံစားနေရသည့် ဒုက္ခအမျိုးမျိုးတို့မှလွတ်ကင်း၍ ထိုဒုက္ခမျိုးတို့ကို တွေ့ကြုံ ခံစားရတော့မည်မဟုတ်ပါ။

မဂ္ဂင်ခရီးကို ရှေ့ဆောင်လမ်းပြသည့် ပုဂ္ဂိုလ်ထူးတို့တွင် ဆရာကြီးသည် ကား တဦးအပါအဝင် ဖြစ်ပေသည်။ အနောက်တိုင်း နိုင်ငံများတွင် အပြောဖြင့်၎င်း၊ မျော်လင့်တောင့်တခြင်းဖြင့်၎င်း၊ ကြေနပ်နှစ်သိမ့်နေကြရသည့် ဘဝနှင့် ဆိုင်ရာကိစ္စရပ်များတွင် ဆရာကြီးသည် လက်ငင်းဒိဋ္ဌ၊ အကျိုးကျေးဇူး တရားများကို ကိုယ်တွေ့ ခံစားရအောင် စွမ်းဆောင်နိုင်ပါပေသည်။

ဆရာကြီး၏ဘဝ (ပါရမီ) အင်အားသည် ဆရာကြီးအား ဝိပဿနာဉာဏ်ပညာတရား ပြည့်ဝခြင်း (အထွဋ်အထိပ်) သို့ ရောက်အောင် ပို့ဆောင်နိုင်၍ ကျယ်ဝန်းသည့် ဤကမ္ဘာလောကကြီးတွင် လူသတ္တဝါ အပေါင်းတို့အား ယုံနိုင်ဘွယ်ရာမရှိလောက်အောင် ထူးခြားမြင့်မြတ်သည့် ဝိပဿနာ ဉာဏ်ပညာ တရားကို ဟောကြားပြသနိုင်ပါစေသတည်း။

ဂုဏ်ဒြပ်အားဖြင့် ကြီးမားမြင့်မြတ်သည့် ဆရာကြီး၏ ကျေးဇူး အဖုံဖုံတို့ကို အာရုံပြု၍ ဆရာကြီး၏ရှေ့မှောက်တွင် လေးမြတ်စွာ ညွှတ်တွားရိုကျိုး ရှစ်ခိုး ပူဇော်လျက် ရှိပါကြောင်း။

ရှယ်ဒင်နီဆင်။

## (ဿ) မစ္စတာ စရောဘတ်အိတ်(ချ) ဟိုးဗား

မစ္စတာရောဘတ်အိတ်(ချ)ဟိုးဗား၏ ပါရမီသည်လည်း တမျိုးထူးခြား၍ စိတ်ဝင်စားဘွယ်ကောင်းလှသည်။ ၎င်းသည် စက်မှုအင်ဂျင်နီယာ တယောက်ဖြစ်၍ တိုက်ချင်းပစ် ဒုံးပျံနှင့် အာကာသယာဉ် တည်ဆောက်ရေး လုပ်ငန်း၌ အထူးသုတေသန အရာရှိတယောက်ဖြစ်သည်။ မစ္စတာဟိုးဗားသည် ဒေါက်တာ ဟစ်စလော့(ပ)တို့၏ (Spiritual Regeneration Movement Foundation) ၏ အသင်းသားတဦးဖြစ်သည်။ (စာမျက်နှာ တွင် ဖတ်ရန်)အိန္ဒိယ ယောဂီပဟာရိရှိ၏ ညွှန်ပြမှုခံယူ၍ ဟိန္ဒူယောဂီကမ္မဋ္ဌာန်း လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ ဒေါက်တာ ဟစ်(စ)လော့(ပ) ပထမ အကြိမ် စေတီဌ တရားအားထုတ်ပြီးပြန်အသွားတွင် မစ္စတာဟိုးဗားအား ရန်ကုန်တရားဌာနအကြောင်း

ပြောပြသည်။ ထို့ကြောင့် ဆရာကြီးထံ၌ တရားလုပ်ငန်း လုပ်ကိုင်ရန် ၁၉၆၈) ခုနှစ် ဇန်နဝါရီလဆန်းတွင် ရန်ကုန်သို့ရောက်ရှိလာသည်။

၎င်းရောက်ရှိလာချိန်တွင် ကျွန်တော်နှင့် မစ္စစ်ဖြူလာစမစ်တို့ တရားထိုင်နေဆဲ အချိန်ဖြစ်သည်။ ရန်ကုန်သို့ မစ္စစ်ဖြူလာစမစ် ကဲ့သို့ပင် တရားထိုင်ရန် သက်သက်လာရောက်ခဲ့ခြင်းဖြစ်သည်။ အရှေ့တိုင်းနိုင်ငံသို့ တခါတခေါက်မျှမ ရောက်ဖူးသေးသော်လည်း တိုကျို၊ ဟောင်ကောင်၊ ဘန်ကောက်စသည့်မြို့များတွင် ခရီးတထောက်နား၍ လယ်ပတ်ခြင်းပင် မပြုလုပ်ခဲ့ပေ။ လော့(စ) အိန်ဂျယ်မြို့မှ လေယာဉ်ပျံနှင့် ထွက်လာရာ တိုကျိုတွင်လေယာဉ်ပျံပြောင်းစီးရသည်။ ထိုမှ ရန်ကုန်သို့ တိုက်ရိုက်လာခဲ့၍ (၁၉၆၁) ခု၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် စေတီသို့ရောက်ရှိလာသည်။ လေယာဉ်ပျံကွင်းမှ ကြိုပြီးလျှင် ရွှေတိဂုံစေတီဖူးမျှော်ရန် ခေါ်သွားသည်။ ၎င်းနောက် မြို့တပတ် မော်တော်ကား ဖြင့် လှည့်ပြ၍ စေတီသို့ရောက်လာသည်။ ၎င်းရရှိခဲ့သော အခွင့် တလ အချိန်ကို တရားလုပ်ငန်းတွင် လုံးဝအသုံးပြုသွား၍ ဖေဖော်ဝါရီလ (၅) ရက် နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ သွားသည်။ ဖေဖော်ဝါရီလ (၇) ရက်နေ့ အလုပ်ပြန်ဝင်၍ မဝင်မီ နာရီ အနည်းငယ်မျှစော၍ လော့ (စ) အိန်ဂျယ်သို့ ပြန်ရောက်သွားသည်။ လမ်းတွင် အရပ်အနား အလယ်အပတ် မပြုလုပ်ခဲ့ပေ။ ဤမျှဝေးလံသော ခရီးမှ ငွေကြေး အမြောက်အမြား အကုန်ခံကာ တရားလုပ်ငန်း အတွက် သက်သက်လာရောက်ခဲ့ခြင်းဖြစ်ရာ ၎င်း၏ စိတ်အားထက်သန်မှု မည်မျှပြင်းထန်သည်ကို အကဲခပ်နိုင်ကြပေမည်။

ကမ္မဋ္ဌာန်းခန်းသို့ ဝင်ရန် သင့်လျော်သော အဝတ်အစား မပါပါ ဆို၍ ရိပ်သာမှ မြန်မာလုံချည် (၂) ထည် ထုတ်ပေးရသည်။ ၎င်းလုံချည် (၂)ထည်ဖြင့်သာ တလလုံးလုံး နေထိုင်သွားခဲ့သည်။ စပို့ရှပ်လက်တို၊ ပလေကပ် လုံချည် ဆင်ဝတ်၍ တရားယူရန် စေတီဂူကလေးထဲသို့ ဝင်လာသော မစ္စတာ ဟိုးဗားကို ယနေ့တိုင် မျက်စေ့တွင် မြင်နေသေးသည်။ ကတုံးဆံတောက်နှင့် ကိုယ်ခန္ဓာ တောင့်တင်းခိုင်မာသည်။ အမေရိကန် လူမျိုးတယောက်အတွက် အချပ်ပုသည်ဟု ဆိုရမည်။ နာမည်ကျော် ရုပ်ရှင်မင်းသား ယူး(လ်) ဘရိုင်းနားနှင့် ခပ်ဆင်ဆင်တူသည်ဟုအောင့်မေ့ရသည်။ အာနာပါန ကမ္မဋ္ဌာန်းယူရန် ဆရာကြီးချပေးသည်ကို အခက်အခဲမရှိလိုက်ဆိုသည်။ ၎င်းနောက် သမာဓိလုပ်ငန်း စတင်လုပ်သည်။ (၃) ရက်မြောက်နေ့တွင် သမာဓိကို လုံလုံလောက်လောက် ထူထောင်ပြီးဟန်ရှိသည်။ထိုအခါတွင် ဆရာကြီးက ဝိပဿနာစခန်းသို့ တက်လှမ်းပေးသည်။

ဝိပဿနာလုပ်ငန်း စတင်လုပ်သည်နှင့်တပြိုင်နက် "မစ္စတာ"ဟိုးဗား‌သည် အခက်အခဲများ တွေ့ခဲ့ရသည်။ ကျွန်တော့်အတွက်မူ ကမ္မဋ္ဌာန်း လုပ်ငန်း၌ အတွေ့အကြုံ စုံစုံလင်လင် တွေ့မြင်လိုက်ရသည်။ ကျွန်တော်၏ ယာဘက်ရှိအခန်းတွင် မစ္စစ်ဗြူလာစမစ်(သ်)သည် ငြိမ်သက် အေးဆေးစွာ တရားအလုပ်၌ တရိပ်ရိပ် တိုးတက်မှုရသွားကြောင်း အထက်တွင် ဖော်ပြခဲ့ပြီ။ မစ္စတာ ဟိုးဗား ၏ အတွေ့အကြုံများမှာ ကြမ်းတမ်းသည်။ ပြင်းထန်သည်။ ဆူဆူပူပူ ရှိလှသည်။ မစ္စတာ ဟိုးဗားကို ကျွန်တော်နှင့် မျက်နှာချင်းဆိုင်အခန်းတွင် တရားပေးသဖြင့် အလယ်မှနေသော ကျွန်တော်က ၎င်းတို့နှစ်ဦး တရား အတွေ့အကြုံများကို သိနေရသည်။

သမာဓိထူထောင်၍ မိမိကိုယ်တွင်း၌ အနိစ္စသဘောတရားများကို ယယ်ထိပ်မှ စ၍ မြင်အောင်ရှုလော့ ဟု ဆရာကြီးက ပြောလိုက်သည်နှင့်တပြိုင်နက် မစ္စတာ ဟိုးဗား အခန်းမှ ငုန်းဝုန်း ဒိုင်းဒိုင်းဖြင့် ဆူညံသံများ ထွက်ပေါ်လာသည်။ ကြမ်းပြင်ကို ဒူးနှင့် ရိုက်နေသည့်အသံလိုလို အုတ်နံရံလက်ဝါးဖြင့် ရိုက်နေသည့်အသံလိုလို ထင်မှတ်ရသည်။ နောင်အခါ၌ ဆရာကြီးထံမှ သိရှိရသည်မှာ ဤကဲ့သို့ ပုတ်ခတ်ရိုက်နှက်နေသည်မဟုတ် တင်ပျဉ်ခွေထိုင်လျက်ပင် တကိုယ်လုံး တွန့်လိမ် ကွေးကောက် ဖြစ်နေသည်။ ရှေ့တိုး နောက်ငင် ယိမ်းထိုး နေသည်။ ဒေါင့်တန်းဖြတ်၍ အကြောများ ဆွဲနေသည်။ ဤလှုပ်ရှားမှုများ ပြင်းထန် လွန်းသဖြင့်၊ အသံ မြည်ထွက်နေခြင်း ဖြစ်သည်ဟု သိရသည်။ ဘုရားခန်း ပတ်ပတ်လယ်ရှိ အပေါ်ဂူတွင် ဆူညံလွန်းလှသဖြင့် ၎င်းအား အောက်လှိုဏ်ဂူမှ အခန်းတခါးသို့ ပြောင်းရွှေ့၍ တရား ထိုင်စေရသည်။ အသံ ဆူညံသည်မှ အပ မစ္စတာ ဟိုးဗားသည် ကျွန်တော်နှင့် မစ္စစ် ဗြူလာစမစ်(သ်) တို့အား အခြား အနှောက်အယှက်များကိုလည်း ဖြစ်စေခဲ့ပါသည်။ လေမုန်တိုင်း တိုက်သကဲ့သို့ ဝုန်းဝုန်း ဒိုင်းဒိုင်း တေင်ဖြစ်ရှိစဉ်က ၎င်း၏အခန်းသို့ အာရုံ ရောက်သွားရသည်။ ထိုအခါ မှိတ်ထားသော ကျွန်တော်၏ မျက်စိ အာရုံ ထဲတွင် မစ္စတာ ဟိုးဗား အခန်းမှ မဲနက်သော အခိုးများ ပြန့်လွင့်ထွက်နေ သည်။ ၎င်းအခိုးတို့သည် ကျွန်တော်နှင့် မစ္စစ်ဗြူလာစမစ်(သ်)တို့၏ အခန်းများဆီသို့ လွင့်ပါးလာနေသည်ဟု အာရုံမြင်ရသည်။ ထိုညတညလုံး ကျွန်တော်တို့နှစ်ဦး တရားထိုင်၍ မရကြပါ။

အောက်လှိုဏ်ဂူတွင်း၌ တရားသွားကိုင်ရာတွင်လည်း ဂျဲအခက်အခဲများ တောက်လျှောက် တွေ့နေသည်ဟု သိရသည်။ ဆရာကြီးသည် ၎င်းအား အထူး

စောင့်ရှောက်၍ အကူအညီပေးသည်။ တရားမရှုလျှင် ၎င်းမည်ကဲ့သို့မျှ ဒုက္ခမတွေ့ရပေ။ သမာဓိထူထောင်၍ ကိုယ်တွင်း၌ အနိစ္စသဘောတရား ရှုလိုက်သည်နှင့်တပြိုင်နက် အခက်အခဲများ ပေါ်လာရသည်။ တနေ့တွင် တရားဂူမှ ထွက်ပြီး နံနက်စာစားချိန်မရောက်မီ ၎င်း၏အိပ်ခန်းသို့ ပြန်သွားသည်။ စားသောက်ခန်းသို့ အချိန်မီမရောက်လာသဖြင့် သူငယ်ကလေးတယောက် ၎င်းအခန်းသို့ သွားရောက်ခေါ်သည်။ အိပ်ရာတွင် ပက်လက်လှန်လျက် ခြေလက်တုန်လှုပ် တကိုယ်လုံး မငြိမ်မသက်ဖြစ်နေသော မစ္စတာဟိုးဗားကိုမြင်ရ၍ လွန်စွာ ထိတ်လန့်သွားသည်။ ဝက်ရူးပြန်နေသည်ဟု ၎င်းက ထင်သည်။ ထို့ကြောင့် ၎င်း၏ခြေထောက်ကို အသာအယာကိုင်၍ "မာစတာ၊ မာစတာ" ဟု ခေါ်လိုက်ရာ ချက်ခြင်း ငြိမ်သွားသည်။ နောက် ထမင်းစားရန် လိုက်လာသည် ဟု ပြန်ပြောပြသည်။

မစ္စတာကိုးဗားတွင် တရားရှုတိုင်း အခက်အခဲတွေ့ရသည်။ တကိုယ်လုံး ရိုက်ထားသကဲ့သို့ နာကျင်ရသည်။ မီးနှင့်ရှို့မြှိုက်နေသကဲ့သို့ ပူလောင်ရသည်။ တရားခန်းမှထွက်လာတိုင်း ၎င်း၏အင်္ကျီမှ ချွေးများကို ရေစိုထားဘိသကဲ့သို့ ညှစ်ပစ်ရသည်။ သို့ရာတွင် တကြိမ်တခါမျှ မငြီးငြူ၊ မထိပ်လန့်၊ ဇွဲသတ္တိလွန်စွာကောင်းသည်။ တရားသဘောများကို ကောင်းစွာ သိလာ ပြီဟု ကြားသိရသည်။ နောင်တွင် ကျွန်တော်၏ တရားမိတ်ဆွေများနှင့် ရယ်စရာ ပင်ပြောမိသေးသည်။ မစ္စစ်ဗြူလာစမစ်ကတော့ ချမ်းငြိမ်သက်စွာရှိ၍ ဆရာကြီးက တရားအလွန်ကောင်းသည်ဟု ပြောသည်။ "ဟိုးဗားက တွန့်လိမ်ကွေးကောက်၊ ဒေါ်င့်တန်းဖြတ်ဆဲ့တယ်၊ ဒါလဲ တရားသသော တော်တော်ပေါက်ပြီလို့ ပြောတယ်။ အလယ်က လိုက်နေတဲ့ ကျွန်တော့်ကိုတော့ လိုသေးတယ်၊ မှန်မှန်ရှု၊ မှန်မှန်ရှုလို့" ပြောတယ်၊ ဘယ်လို သဘောရကြသလဲလို့ အချင်းချင်းရယ်ဘွယ်ပြောမိခဲ့သေးသည်။

မစ္စတာဟိုးဗားသည် (၂၆) ရက်လုံးလုံး တရားလုပ်ငန်းကိုသာ စူးစိုက်၍ လုပ်ဆောင်သွားသည်။ ဆရာကြီးမှတပါး မည်သူနှင့်မျှ ပြောဆိုခြင်း၊ ဆွေးနွေးခြင်းမပြုလုပ်၊ ဆရာကြီးကလဲ ရနိုင်သမျှအချိန်ကို အသုံးချ၍ တရားပြပေးသည်။ တရားသဘော ရှင်းပြပေးသည်။ ထိုအချိန်က ဆရာကြီးမှာ ကြီးလေးသောအစိုးရ အလုပ်ဝတ္တရားများကို ထမ်းရွက်ဆဲဖြစ်သည်။ နံနက် (၄) နာရီခွဲမှ (၉) နာရီအထိ တရားအာရုံယူခြင်း၊ တရားပြခြင်း၊ တရားစစ်ခြင်းများ၊ ပြုလုပ်၍ ရုံးသို့သွားရသည်။ ညနေ (၄) နာရီ (၅) နာရီမှ ပြန်လာပြီး တရား

စစ်ခြင်း၊ တရားဆွေးနွေးခြင်းများ ပြုလုပ်သည်။ ထိုကြောင့် ထမင်းစားချိန်မှာပင် မစ္စတာဟိုးဗားအား တရားအချက်အလက်များ ရှင်းလင်း ပြောပြပေးလေ့ရှိသည်။ ထမင်းစားဆောင်ဘ၄် ဆရာကြီးနှင့် ကျွန်တော်တို့က စားပွဲဝိုင်းတခုတွင် အတူစားသောက်ကြသည်။ မစ္စတာဟိုးဗားက မလှမ်းမကမ်းတွင် စားပွဲဝိုင်းတခု၌ တယောက်တည်း စားသောက်သည်။ အစားအစာမှာ သက်သတ်လွတ် မြန်မာထမင်းဟင်းများသာဖြစ်သည်။ စားသောက် ချိန်များတွင် အစားအစာကို အရသာခံ၍ မစားရန် အနိစ္စသဘောကို စားသောက်ရင်းလဲ ရှုမှတ်ရန် ပြောပြတတ်သည်။ ရံဖန်ရံခါ မြန်မာထမင်းဟင်းများ အကြောင်းရှင်းပြတတ်သည်။ စားသောက်သော ဟင်းရာများ မည်သည့်ဟင်းမျိုးဖြစ်ကြောင်း၊ မည်ကဲ့သို့ချက်ပြုတ်ထားကြောင်း ရှင်းလင်းပြတတ်သည်။ မစ္စတာဟိုးဗားသည် သခွားသီး၊ ပဲပင်ပေါက်နှင့် ပဲပြားအသုတ်၊ ခရမ်းချဉ်သီးနှင့် ပဲငပိ ရောချက်သော သက်သတ်လွတ် ငပိချက်၊ ဒန့်ဒလွန်သီးဟင်းချိုတို့ကို လွန်စွာ နှစ်သက်သွားသည်။

မစ္စတာဟိုးဗား ပြန်သွားမည့်နေ့တွင် ရိပ်သာ ပတ် ပတ် လည် ရောင်စုံဓာတ်ပုံများရိုက်ယူသည်။ ဆရာကြီးနှင့်တကွ တပည့် ရင်းချာတို့ကို စုပေါင်း၍ ဓာတ်ပုံတပုံရိုက်ယူသည်။ ထိုအချိန် တချိန်ကသာ ၎င်းနှင့် မျက်နှာခြင်းဆိုင်ခေတ္တ တွေ့ဆုံနှုတ်ဆက် စကားတလုံးစ နှစ်လုံးစ၊ ပြောလိုက်ရသည်။ တရားအကြောင်းနှင့်ပတ်သက်၍ မည်သို့မျှ မမေးမြန်းလိုက်ရ၊ မဆွေးနွေးလိုက်ရ၊ ၎င်း၏တရား တိုးတက်မှု အခြေအနေ၊ ကမ္မဋ္ဌာန်း လုပ်ငန်းနှင့် ပတ် သက် ၍ ၎င်း၏ သဘောထား စသည်တို့ကို ထိုအချိန်က သိနိုင်ခွင့်မရှိခဲ့ပေ။ သို့ရာတွင် ထိုနောက်ဆုံးနေ့တွင် ၎င်း၏ တရားသဘော မည်သို့ရှိသည်ကို ခန့်မှန်းနိုင်ရန် အဖြစ်အပျက်တခု တွေ့ကြုံခဲ့ပေသည်။ ၎င်းနေ့ ညနေခင်းတွင် လေယာဉ်ပျံကွင်းသို့ မသွားမီအချိန် ၊ ၂) နာရီမျှရရှိကာ ရိပ်သာ မှတ်တမ်းတွင် မှတ်တမ်းတခုရေးခဲ့သည်။ ၎င်းနောက် ကမ္ဘာအေးစေတီ ပွဲတော်ကျင်းပနေချိန်ဖြစ်သဖြင့် ပဋ္ဌိပတ္တိအသင်း အတွင်းရေးမှူးနှင့် အခြားဓမ္မမိတ်ဆွေတို့က လိုက်လံပြသရန် ခေါ်သွားကြသည်။ ရှပ်လက်တိုဝတ်၊ ပလေကပ်လုံချီနှင့် မြန်မာညှပ် ဖိနပ်ကိုပင် စီးထားသေးသည်။

စေတီစောင်းတန်း အဆင်းတွင် ခလုပ်တိုက်မိရာ ၎င်း၏ ခြေမကွဲသွားသည်။ သွေးဖြာဖြာစီးထွက်လာသည်။ ကျွန်တော်၏ အတွေ့အကြုံအရ ဤအချိန်အခါမျိုးတွင် အခြားအမေရိကန် တဦးဦးဆိုပါက အလွန်ပြာပြာသလဲဖြစ်

သွားပေမည်။ အနာကို ဆေးကြောသန့်ရှင်း၍ ဆေးထည့်မည်။ သောက်ဆေးသောက်မည်။ အေ တီအက်စ် ထိုးဆေးလဲ ပြေးထိုးလိုက် ပေလိမ့် ဦးမည်၊ မစ္စတာဟိုးဗားမှာမူ လုံးဝတုန်လှုပ်ခြင်းမရှိ၊ မြန်မာမိတ်ဆွေများက ဆေးထည့်ပေးရန် စီစဉ်ကြသည်ကိုပင် ၎င်းကတားမြစ်သည်။ ဘုရားပွဲသို့သာ သွားကြပါစို့ဟုပြော၍ မော်တော်ကားဖြင့် ထွက်သွားကြသည်။ ပွဲမှပြန်ရောက်လာကြသောအခါ ကမ္မဋ္ဌာန်းဂူထဲသို့ တန်းဝင်သွားပြီး တရားထိုင်နေသည်။ ၁၅-မိနစ်ကြာမှ ပြန်ထွက်လာသည်။ ဤအတောအတွင်း အတွင်းရေးမှူးက ဆရာကြီးအားပြန်ပြောပြသဖြင့် မစ္စတာဟိုးဗား ခြေမကွဲသွားသည်ကို သိကြရသည်။ ထိုစဉ် မစ္စတာဟိုးဗား ရောက်လာ၍ ဆရာကြီးက မေးမြန်းရာ ခြေမကွဲသွားသည်မှာ ဘာမျှအရေးမကြီးကြောင်း။ ကားပေါ်တွင် တရားရှုလိုက်၍ သွေးလဲမထွက်၊ နာကျင်မှုလည်း မရှိတော့ကြောင်း၊ တရားဂူထဲသို့ ကမန်း ကတန်းဝင်၍ တရားထိုင်ရသည်မှာ ဘုရားပွဲတွင် ဓာတ်အမျိုးမျိုးကြုံတွေ့ ကပ်ငြိလာသဖြင့် တရားနှင့်ချေဖျက် လိုက်ရခြင်းဖြစ်ကြောင်း၊ ဘုရားပွဲ၌ လူအုပ်ကြား သွားစဉ် အခိုးအငွေ့ လှိုင်းအမျိုးမျိုး ၎င်းအားလာ၍ ရိုက်ခတ်သည်ကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရကြောင်း၊ ၎င်းအခိုးအငွေ့များမှာ ပူလောင်စေတာလဲရှိသည်၊ နာကျင်စေတာလဲပါသည်။ ယားယံစေတာလဲပါသည်။ ၎င်းဓာတ် အားလုံးကို ဝင်လာသမျှ သိနေရသည်။ မိမိကိုယ်မိမိ တရားရှု၍ ခုခံကာကွယ် လာရသည်။ ယခု စေတီတွင် တရားရှုလိုက်ရာအားလုံးပြေပျောက် လွင့်ပါးသွားဖြစ်ကြောင်း အံ့ခမန်းပြောပြသည်။

ဆရာကြီးသည် ဤပြောပြချက်များကို သေချာစွာ နားထောင်နေပြီး လွန်စွာနှစ်သက် ကြေနပ်နေပုံရသည်။ ''အေး၊ ဒီ အတွေ့အကြုံတွေ့တွေ့ရအောင် မင့်ကို တမင်လွှတ်လိုက်တာဘဲ၊ ဘုရားမှာ ပွဲတွေ ဘာတွေက ဘာမှ အထူးအဆန်းမဟုတ်ပါဘူး။ မင်းလဲ စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုဒါ ငါသိပါတယ်။ ပြင်ပမှာ အညစ်အကြေးများ ဘယ်လိုပြန့်လွင့်နေတယ်၊ အဲဒီ အညစ်အကြေးတွေမဝင်အောင် ဘယ်လိုကာကွယ်ရမည်။ ဝင်လာရင်လဲ ဘယ်လို ဆေးကြောပစ်ရမယ်ဆိုတာတွေ လက်တွေ့စမ်းရအောင် မင့်ကိုလွှတ်လိုက်တာဘဲ၊ အခုတော့ ငါသိပ်ဝမ်းသာဘီ၊ မင်းစာမေးပွဲ ဂုဏ်ထူးနဲ့ အောင်ပြီ။ အဲ့ဒီအနိစ္စသဘောတရားကို တသက်လုံး မင့်ကိုယ်တွင်း၌ စွဲမြဲမှတ်သားထားပေတော့၊ လိုသလို အသုံးပြုပေတော့၊ မင့်ဘဝတသက်တာ ကြည်ရွှင်ချမ်းမြေ့ပါလိမ့်မယ်။ အခုအပြန်လမ်းခရီးမှာလဲဘေးရန်ကင်းရှင်းပြီး မင်းနေရပ်သို့ကောင်းမွန်ချောမောစွာပြန်ရောက်

ပါလိမ့်မည်'' ဟု ချီးကျူးစကားပြောကြားရင်း မစ္စတာဟိုးဗားအား သွားခွင့်ပေးလိုက်ပေသည်။ ဆရာကြီးက မြန်မာဝတ်စုံ တစုံ အမှတ်တရ လက်ဆောင် ချီးမြှင့်လိုက်သည်။ မစ္စတာဟိုးဗားသည် ဆရာကြီးအား ရိုသေစွာရှိခိုးကန်တော့ပြီး ဆရာကြီး၏ မေတ္တာများကို ခံယူသွားသည်။ ၎င်းအခန်းသို့ ပြန်သွား၍ မြန်မာ အဝတ်အစားချွတ်ခါ အနောက်နိုင်ငံ ဝတ်စုံဝတ်၍ လက်ဆွဲ သားရေ အိတ်တလုံးဖြင့် ယခင်ရောက်လာခဲ့သည့်အတိုင်း ရိပ်သာမှ ထွက်ခွာ သွားတော့သည်။ အတွင်းရေးမှူးက လေယာဉ်ပျံကွင်းသို့ အချိန်မှီ ပို့ပေးလိုက်သည်။

မှတ်တမ်းစာအုပ်တွင် မစ္စတာဟိုးဗား ရေးထားခဲ့သည်များကို အောက်ပါအတိုင်းတွေ့ရှိရသည်။

(၁၉၆၁) ခု၊ ဖေဖော်ဝါရီလ(၅)ရက်။

ဂုရုကြီး ဦးဘခင်သည် ယနေ့ကမ္ဘာလောကတွင် အင်အား ကြီးမားလှသော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ သူမတူ ထူးခြားလှသော ပုဂ္ဂိုလ်ကြီး ပါပေတည်း။ ဦးဘခင်သည် ထူးကဲသော စွမ်းရည်နှင့် ပြည့်စုံသော ဆရာကြီးဖြစ်၏။ မိမိပြသသည့် ပညာရပ်ကို ကောင်းစွာ နိုင်နင်းသည့် ဆရာလည်းဖြစ်၏။ မိမိ ဆောင်ရွက်နေရသည့် အစိုးရလုပ်ငန်းများတွင်လည်း မိမိဆည်းပူးထားရှိသည့် ကြီးမားသော အင်အားတို့ကို တိုက်ရိုက်အကျိုးဖြစ်စေနိုင်ရန် နေ့စဉ်နှင့် အမျှ လက်တွေ့အသုံးချနေသူလည်းဖြစ်ပေသည်။ ဆရာကြီး၏ သြဝါဒစကားကို နာခံမှတ်သား၍ သင်ကြားပို့ချသည်အတိုင်း လိုက်နာကျင့်သုံးသူများအား ဆရာကြီးသည် အကြီးဆုံးဆုလာဘ်ကြီးကို ချီးမြှင့်လျက်ရှိသည်။ ၎င်းဆုလာဘ်ကြီးသည်ကား လူသတ္တဝါတို့ အရေးအကြီးဆုံးလိုအင်ဆန္ဒရှိနေသည့် မိမိ၏စိတ်နှင့် စေတသိတ်တရားတို့ကို စိုးမိုးနိုင်စေသည့် တန်ခိုးသတ္တိပင် ဖြစ်ပေသည်။ ဤဆုလာဘ်ကြီးကို ဆရာကြီး ဦးဘခင်သည် အဟုတ် တကယ် ရရှိအောင် ပေးစွမ်းနိုင်သည့်အတွက် ပိုမို၍ အကျိုးကျေးဇူး ကြီးမားခြင်းဖြစ်ပေသည်။

ရှေးပဝေသဏီမှစ၍ ဘာသာတရားနှင့် လောကဓာတ် ပညာကို နီးစပ်လာအောင် ရှာမှီးလေ့လာသည့် ကိစ္စရပ်ကြီးတွင် ဆရာကြီး ဦးဘခင်သည် မိမိတယောက်တည်းတည်း ထိုနီးစပ်မှု၏ မျိုးစေ့ကို ချပေးခဲ့ပေသည်။ ပြုစုပျိုးထောင်လျက်ရှိ၏လေပြီ။ ဤသည်ကား အခြားမဟုတ်၊ ပကတိ သဘာဝလူ (Natural Man) ထူထောင်ပေးခြင်းပေတည်း။

လောကဓာတ်ပညာ စည်းစံနစ်တို့တွင် သင်ကြား လေ့ကျင့် ခဲ့ပြီးသူများအတွက် မှာကြားလိုသည်မှာ ကဗျာ၏ သဘောအဓိပ္ပာယ်ကို နာခံမှတ်သားဘိသကဲ့သို့ ဆရာကြီး၏ ဩဝါဒစကားတို့ကို မှတ်သားယူပါလေ။ ဆရာကြီး၏ စကားလုံးတို့ကို ခွဲစိတ်ဝေဖန်ခြင်း မပြုပါလေနှင့် ထိုစကားလုံးတို့သည် ဆရာကြီး၏ ထူးခြားသည့် အသုံးအနှုန်းများပင်ဖြစ်ပေသည်။

ကျွန်တော်အား ချီးမြှင့်လိုက်သည့် တန်ဖိုး မဖြတ် နိုင်သော အနိစ္စလက္ခဏာပညာဆုလာဘ်ကြီးအတွက်၎င်း၊အဆက်မပြတ် လွှမ်းခြုံအပ်သည့် ကြီးမြတ်လှသော မေတ္တာဓာတ်ကြောင့်၎င်း၊ စိတ်ဓာတ်အင်အား ကြီးမားကြံ့ခိုင်လာအောင် ဆရာကြီး၏ ရှေ့ဆောင်လမ်းပြမှုများကြောင့်၎င်း၊ ကျွန်တော်သည် ဖြစ်လေရာဘဝတို့၌ ဆရာကြီးအပေါ်တွင် အထူးကျေးဇူး ဥပကာရတင်ရှိလျက်နေရပါမည်။ ဆရာကြီး၏ "အေးရိမ်မြို့ကျွန်းမြတ်" ၏ ထက်အာကာဝေဟင်ဝယ် မြူတိမ်အပေါင်း ကင်းစင်ပပျောက် အမြဲတစေ ကြည်လင်တောက်ပနေပါစေသတည်း။

ရောဘတ်၊ အိတ် (ချ) ဟိုးဗား

မစ္စတာဟိုးဗား တရားလုပ်ငန်းနှင့် ပတ်သက်၍ ကျွန်တော်စိတ်ဝင်စားမှုရှိရာတွင် အဓိက အကြောင်းအချက် အခုရှိပါသည်။ ကျွန်တော့်တွင် လောကဓာတ်ပညာ အခြေခံနှင့် လောကဓာတ်ပညာ သုတေသန ဗဟုသုတ အတော်အတန်ရှိပါသည်။ လောလောဆယ် တရားထိုင်နေစဉ်တွင် တွေ့ကြုံမှု တို့ကို လောကဓာတ်ပညာ သဘောများနှင့် ယှဉ်၍ အဓိပ္ပာယ်ပြန်ကြည့်ခဲ့ဘူးသူဖြစ်ပါသည်။ မစ္စတာဟိုးဗားသည် စက်မှုလက်မှု အင်ဂျင်နီယာ တယောက်ဖြစ်သည်။ ၎င်း၏ အလုပ်အကိုင်မှာ တိုက်ချင်းပစ် ဒုံးပျံနှင့် အာကာသယာဉ်တည်ဆောက်ရေးလုပ်ငန်း၌ သုတေသန ပါရဂူ ဖြစ်ပေသည်။ ထို့ကြောင့် သိပ္ပံပညာအရာတွင် လွန်စွာအထက်တန်းကျ၍ နောက်ဆုံးပေါ် အယူအဆ နည်းစံနစ်များတွင် ကောင်းမွန်စွာ ကျွမ်းကျင်မည်မှာ ယုံမှားဘွယ်မရှိပေ။ ဤသို့ သိပ္ပံပညာ အခြေခံရှိသူ မစ္စတာဟိုးဗားသည် လက်တွေ့ ကမ္မဋ္ဌာန်း လုပ်ရာ၌ တွေ့ရှိရသမျှတို့ကို ကျွန်တော်ကဲ့သို့ပင် ဆက်စပ်ဆင်ခြင် စဉ်းစား ကြည့်မိမည်မှာလည်း အမှန်ပင်ဖြစ်ပေမည်။ ထို့ကြောင့် ၎င်း၏ ထင်မြင်ယူဆချက်များကို ကျွန်တော်သိလိုလှသည်။ သို့ရာတွင် ထိုအချိန် ကျွန်တော်၏ ဆန္ဒ မပြည့်ဝခဲ့ပါ။

(၁၉၆၁) ခုနှစ်နောက် စေတီသို့ ရောက်တိုင်း ရောက်တိုင်း မစ္စတာ ဟိုးဗား အကြောင်း မေးမြန်းစုံစမ်းကြည့်မိပါသည်။ ၎င်းထံမှ ရောက်ရှိလာသော စာများကို ရံဖန်ရံခါ ဖတ်ရှုခွင့်ရခဲ့သည်။ နောက်ဆုံး၌ စေတီနှင့်ပါတ်သက်သည့် စာရွက်စာတမ်းများကို ရှင်းလင်း၍ ဖိုင်တွဲရသောအခါ၌ မစ္စတာ ဟိုးဗား၏ အကြောင်းအရာ အလုံးစုံကို သိရှိခွင့်ရလာပါသည်။ ကာလီဖိုးနီးယားသို့ ပြန်ရောက်ပြီးနောက် ရေးလိုက်သော စာများအနက် ရှေးဦးစွာမှစ၍ပင် စိတ်ဝင်စားဘွယ်များကိုတွေ့ရသည်။ လော့ (စ) အိန်ဂျိလ် မြို့နှင့် အနီးအနားမှ စိတ်ဝင်စားသော အဖွဲ့များက ဖိတ်ကြား၍ ရန်ကုန်မြို့တွင် တရားထိုင်ခဲ့သည့်အကြောင်းများ ဆွေးနွေးပြောပြသည်။ အိမ်တွင်လည်း နေ့စဉ် ဆက်လက်တရားထိုင်ကြောင်း၊ ၎င်းစာများမှသိရသည်။ "နေ့စဉ် ညဥ့်နက်ချိန်တွင် တနာရီမှ ၂ နာရီခွဲကြာ ကျွန်တော် တရားထိုင်ပါသည်။ ခြေထောက်များတွင် ကိုက်ခဲခြင်းမရှိတော့ပါ။ တရားအာရုံ ကောင်းသော အခါများတွင် ၂ နာရီကြာ ကိုယ်မလှုပ်မရှား အဓိဋ္ဌာန်ထိုင်နိုင်ပါသည်။ စေတီမှာကဲ့သို့ပင် အထင်ရှားဆုံး တွေ့ကြုံနေရသည်မှာ ကိုယ်ခန္ဓာလှုပ်ရှားမှုများပင်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့ကို ကောင်းစွာထိန်းသိမ်းနိုင်ပါပြီ။"

"တနေ့တွင် ကျွန်တော်၏ ၂ နှစ်ခွဲ သမီးကလေးသည် အဖျားတက်၍ အော့အံနေပါသည်။ တနေ့လုံး လူးလွန့်နေပါသည်။ အလုပ်မှပြန်လာသောအခါ သမီးငယ်ကို ပွေ့ပိုက်၍ ဆရာကြီးတခါက အကြံဉာဏ်ပေးဘူးသည့်အတိုင်း ကျွန်တော်၏ တကိုယ်လုံးတွင် အနိစ္စသဘောကို အာရုံပြု၍ တရားရှုပါသည်။ (၁၀) မိနစ်ကြာသောအခါ သမီးကလေးသည် ရုတ်တရက် ခေါင်းထောင်ထ၍ နေကောင်းပြီဟု ပြောသည်။ ကျွန်တော့်ပေါင်ပေါ်မှ ခုန်ဆင်းသွားပြီး ပျော်ရွှင်မြူးတူးနေသည်။ အဖျားလဲ မရှိတော့ပါ။ ညစာလဲအများကြီးစားပါသည်။ အဲဒီကစပြီး အခုထိ နေကောင်းလျက်ရှိပါသည်။"

ဆရာကြီးက "အနိစ္စသဘောတရားကို မင်းကိုယ်တွင်း၌ တသက်ပတ်လုံးစွဲမြဲမှတ်သားထားပေတော့ လိုသလိုအသုံးပြုပေတော့" ဟုဩဝါဒပေးလိုက်သည့်အတိုင်း မစ္စတာဟိုးဗားက မိမိရရှိထားသော တရားကို လက်တွေ့အသုံးပြုလိုက်ခြင်းဖြစ်သည်။

မစ္စတာဟိုးဗားသည် တရားဌာနတွင် ကမ္မဋ္ဌာန်းထိုင်ပြီးနောက် အိမ်ပြန်ရောက်သောအခါ တရားလုပ်ငန်းကို မေ့ပျောက်ပစ်လိုက်သော လူစားမဟုတ

ကြောင်း အထောက် အထားများကို ၎င်းစာများမှ ဆက်လက်တွေ့ရပြန်သည်။ (၁၉၆၁) ခု၊ မတ်လ (၂၇) ရက် နေ့စွဲစာတွင် "မနေ့ညက ၁ နာရီမျှ တင်ပျဉ်ခွေ၍ တရားထိုင်ပြီးနောက် ပက်လက်လန် လဲကျသွားပါသည်။ မိနစ်အနည်းငယ်အတွင်း တကိုယ်လုံးတောင့်တင်းလာ၍ ခေါင်းနှင့်တင်ပါးအောက်တွင် ခုံများ ထိုးခံထားသလို စန့်စန့်ကြီးဖြစ်နေပါသည်။ ကြွက်သားများက တောင့်တင်းစွာ ဆွဲထားသလိုဖြစ်နေပါသည်။ တခါတရံ အလွန်နာကျင် ပါသည်။ ဤသို့ဖြစ်နေသည်မှာ ၁ နာရီကြာပါသည်။ တခါတရံ အသက်ပင်မရှူနိုင်ပါ။ လက်ချောင်းများနှင့် ခြေချောင်းများလည်း ကို့ယို့ကားယား ဖြစ်နေ ကြပါသည်။ လက်မောင်းများ ဝေ့ရမ်းခြင်းတော့မရှိပါ။ သို့သော် အနေအထား ဖြေးဖြေးခြင်းပြောင်းပါသည်။ နောက်ဆုံး၌ ကျွန်ုပ်ကုသိုလ် အမျှများ ယူ၍ ထွက်ခွာသွားကြပါလော့ဟု ပြောလိုက်မှ ဒုက္ခအားလုံးမှ လွတ်မြောက်ခဲ့ပါသည်။ အဲဒီနောက်မှာတော့ နံနက် ၁ နာရီခွဲပြီးဖြစ်သော်လည်း အလွန် လန်းဆန်းနေပါသည်။ ခွန်အားပြည့်ဖြိုးနေပါသည်။ အိပ်ချင်စိတ်လည်း လုံးဝမရှိပါ။ တရားထိုင်စဉ် အလင်းရောင်များသည် လွန်စွာတောက်ပပါသည်။ တော်တော်နှင့် ပျောက်ကွယ်မသွားကြပါ။"

ဤသို့ မစ္စတာဟိုးဗား တရားကမ္မဋ္ဌာန်းထိုင်တိုင်း ဒုက္ခမျိုးစုံ တွေ့ကြုံရသော်လည်း စိတ်ပျက် လက်လျှော့ခြင်း လုံးဝမရှိပါ။ (၁၉၆၁) ခု၊ မေလ ၃၁ ရက်နေ့စွဲပါစာတွင် "ညတိုင်းလိုပင် ၉ နာရီနှင့် သန်းခေါင် အချိန်တွင် ၁ နာရီမှ ၁ နာရီခွဲခန့် တရားထိုင်ပါသည်။ နံနက် ၄ နာရီခွဲနှင့် ၆ နာရီခြားတွင် နာရီဝက်မှ ၁ နာရီအထိ သတင်းတပါတ်လျှင် ၄ ရက်ထိုင်ပါသည်။ အိမ်မှာဖြစ်ဖြစ် အလုပ်ခွင်မှာဖြစ်ဖြစ် မနက်နှင့် မွန်းလွဲချိန်များတွင် နေ့စဉ်နာရီဝက်ဘော့ထိုင်ဖြစ်ပါသည်။ တနင်္ဂနွေနေ့များတွင်မနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ အဆက်မပြတ် ၂ နာရီ တရားထိုင်ဖြစ်ပါသည်။ အနိစ္စမျိုးစေ့ကလေးကို ဝိန်းသိမ်းစောင့်ရှောက်ထားရန် ကျွန်တော် အထူးကြိုးစားလျက် ရှိပါသည်။ ဆရာကြီး ညွှန်ကြားလိုက်သည့်အတိုင်း ကိုယ်တွင်း၌ အနိစ္စသဘောတရားများကို အိပ်သာဝင်စဉ်၊ မတ်တတ်ရပ်၊ ထိုင်၊ လဲလျောင်းနေရာပင်၊ အချိန်မရွေး သိရှိနေရန် အစဉ်တရားရှုလျက်ရှိပါသည်။ တရားထိုင်တိုင်းလည်း ဆရာကြီး၏ အာရုံပြု၍ အကူအညီကို တောင်းခံပါသည်။" စာတွင်ပင် ဆက်လက်၍ မစ္စတာဟိုးဗားသည် ဗုဒ္ဓဓမ္မကို လက်တွေ့ကျင့်သုံးနေသည်သာမဟုတ်သေး၊ စာတွင်လည်းဆည်းပူးလျက်ရှိကြောင်းသိရပြန်သည်။ "ဗုဒ္ဓဓမ္မကို ဖတ်လေ ဖတ်လေ

ဆရာကြီးအတွက် ကျွန်တော်မည်မျှ ပြဿနာဖြစ်ခဲ့မည်ကို ပိုမိုမြင်လေဖြစ်လာပါသည်။ ဂုရုကြီးခင်ဗျား ဘာသာရေးရာကိစ္စတွင် ဇနပုဒ်က၊ မိသားစုတဦးမျှသာ ကျွန်တော်ဖြစ်သည်ကို ကျွန်တော်ကောင်းစွာ သဘောပေါက်ပါသည်။ သို့ရာတွင် ကျွန်တော် ယခုနောက် မဆုတ်နိုင် တော့ပါ။ ဆရာကြီး သင်ပြလိုက်သည်မှာ ကျွန်တော့်ဘဝ တကယ့်အစစ်အမှန်ဆုံး တရားဖြစ်ပါသည်။ အနောက်နိုင်ငံ နေထိုင်မှုနှင့် ဖက်စပ်ယူရန် ခက်ခဲသော်လည်း ကျွန်တော်ပစ္စန့်လွှတ်နိုင်တော့ပါ။

"ဘဝများစွာ တဦး၊ တဦး အတွက် အလွန့် အကူအညီ ပေးကြရသည့် အကြောင်းနှင့် ပတ်သက်၍ ကျွန်တော်တို့ပြောဆို ဆွေးနွေး ခဲ့သည် များကို အမှတ်ရလျက်ရှိပါသေးသည်။ ဤသဘောတရားမှာ လွန်စွာမှန်မြက်လှပါသည်။ ဆရာကြီး၏ ကျေးဇူးများကို မည်ကဲ့သို့ တုန့်ပြန်ရမည်ကို စဉ်းစား၍ပင် မရနိုင်ပါ။ နေ့စဉ်နေ့တိုင်း ဆရာကြီးနှင့်ပတ်သက်၍ အကြောင်းအရာ တခုခုကို သတိရ တွေးတောမိလျက်ရှိပါသည်။ ဆရာကြီး ပြောဆိုသောအကြောင်းအရာ တခု၊ သို့မဟုတ် သုံးလိုက်သော အသုံးအနှုန်း တမျိုး၊ သို့မဟုတ် ဩဝါဒစကား တမျိုးမျိုး၊ တခါတရံ အားပေးစကား ပြောကြားပုံ၊ ဆရာကြီး စိတ်ရှည် လက်ရှည် ရှိပုံ၊ တရားထိုင်စဉ် အခက်အခဲများ တွေ့ကြုံရခိုက် တန်ခိုးသတ္တိအပြည့်နှင့် ဆရာကြီးကို တွေ့ရပြီးနောက် တကြိမ် နူးနူးညံ့ညံ့ ပြောဆိုညွှန်ကြားပုံ၊ ကျွန်တော်၏ တွေဝေမိုက်မှားခြင်းများကို အခွင့်လွှတ်ပုံ၊ ဆရာကြီး၏ ပိုင်နိုင် စွာ သင်ကြားပြသပုံ၊ နံနက်စာစားစဉ် နည်းပေးလမ်းပြလုပ်ပုံ အလုံးစုံတို့ကို တခုမဟုတ် တခု အစဉ် သတိရလျက်ရှိပါသည်။

ကျွန်တော့် ဘဝတသက်တာတွင် ဆရာကြီးနှင့် တွေ့ကြုံ ခဲ့ရ မှု သည် အရေးကြီးဆုံး ဖြစ်တော့သည်ဟု နေ့စဉ် တိုး၍ သဘောပေါက်လျက်ရှိပါသည်။

မစ္စတာ ဟိုးဗား တရားထိုင်သွား၍ တနှစ်မျှ ကြာ ရှိ သွား သော် လည်း ၎င်း၏တရားမှာ ကျဆင်းခြင်းမရှိ မြဲမြံလျက်သာ ရှိသေးကြောင်း သိရပေသည်၊ (၁၉၆၂) ခု၊ ဇန်နဝါရီလ (၁၆) ရက် နေ့စွဲပါစာတွင် "ကျွန်တော်ရိပ်သာတွင် တရားထိုင်ခဲ့သည်မှာ တနှစ်မျှသာ ရှိသေးကြောင်း ယုံကြည်နိုင်စရာပင်မရှိပေ။ ကျွန်တော့်ဘဝလမ်းကြောင်းသည် ဤတရားထိုင်သည့်အချိန်မှစ၍ လုံးဝ ပြောင်းလဲသွားခဲ့ပေသည်။ ဦးဘဖိုးက အနိစ္စသဘောကို အစဉ်အမြဲ စွဲကိုင်ထားပါ ဟု သတိပေး ရေးသားလိုက်သည်များအတွက် အထူး ကျေးဇူး တင်ရှိ

ပါသည်။ သူ စာမရေးမှီကပင် တရားလုပ်ငန်းကို ဆထက်တံပိုး ကြိုးစားလျက် ရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်းက တခါတရံ အနိစ္စမျိုးစေ့ ပျောက်ဆုံးသွားပြီလား ဟု ထင်မှတ်မိခဲ့ပါသည်။ သို့ရာတွင် တရက်နှစ်ရက် ကြာသောအခါ မျိုးစေ့သည် ပြန်ပေါ်လာပါသည်။ ရုတ်ခြင်း ပေါ်ပါသည်။ အနိစ္စ ရှုလိုက်လျှင် ကိုယ်တွင်း ကိုယ်ပ လျှင်မြန်စွာ သန့်ရှင်းသွားသည်ကို သိနေရပါသည်။

တနှစ်အတွင်း မစ္စတာ ဟိုးဗား ၏ တရားသဘောမှာ ပိုမို ရင့်ကျက်လာသည်။ တရား၌ အထူး ပျော်မွေ့နေသည်။ တင်းမတိမ် နိုင်လောက်အောင်ဖြစ်နေသည်။ တရားတော်၌ မှတ်သိပ်ခြင်းမှာ ဆထက်တံပိုး တိုး၍သာလာပါသည်။ "အနောက်တိုင်းသားတို့သည် ပါဠိဘာသာ သင်ကြားယူလျှင် တတ်မြောက်နိုင်ပါမည်လား၊ ကျွန်တော် သွားရမည့် ခရီးမှာ ဝေးလံစွာ ရှိသေးကြောင်း ကျွန်တော် ကောင်းစွာ သိပါသည်။ သို့ရာတွင် အခြားသူများအား ကမ္မဋ္ဌာန်းတရား ပြပေးလိုစိတ် တနေ့ထက်တနေ့ ဖြစ်ပေါ်လျက် လာပါသည်။ အကြိမ်များစွာပင် လူအများနှင့် တရားဓမ္မကို ဆွေးနွေးမိနေပါသည်။ ၎င်းတို့ကလည်း စိတ်ဝင်စားကြပါသည်။" တရားလုပ်ငန်း လေးလေးနက်နက် လုပ်ကိုင်ဘူးသူတိုင်း ဤစိတ်ဆန္ဒမျိုး ဖြစ်ပေါ်တတ်ကြပေသည်။ မိမိရရှိသောတရားကို အခြားသူများအား ဝေမျှပေးလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သို့ရာတွင် ဤ မှန်မြတ်သောဆန္ဒမှာ ကြာရှည် တည်မြဲနေသည်တော့ မဟုတ်ပေ။ အခြားသူအား ဝေမျှပေးရန် မဆိုထားဘိ၊ မိမိတွင် လက်ကျန်ကလေး အနိုင်နိုင်ကျန်ရှိရန် ကြိုးစားကြသူပင် အနည်းငယ်မျှသာရှိသည်။ သို့ရာတွင် မစ္စတာ ဟိုးဗားသည် ဤကဲ့သို့ ဇွဲ သတ္တိ ပါရမီ သေးငယ်သော ပုဂ္ဂိုလ်မဟုတ်ကြောင်း ကျွန်ုပ်တို့ ဆက်လက်တွေ့ကြရပေလိမ့်မည်။

မစ္စတာ ဟိုးဗား၏ တိုးတက်မှုများကို ဆရာကြီးက (၁၉၆၂)ခု၊ဧပြီလ (၁၀)ရက်နေ့တွင် ချီးကျူးစာတစောင် ရေးလိုက်ပေသည်။ သင့်အား ဆောက်တည် ကိုးကွယ်ရာဝမှအဖြစ် အနိစ္စတရားကိုပေးလိုက်သည်။ မိမိ၏ဘဝ နေ့စဉ်နေ့တိုင်း တွေ့ကြုံနေရသောအခြေအနေများအလိုက် အနိစ္စတရားကို လက်တွေ့အသုံးပြုနေသည်ကို သိရသောကြောင့် ဆရာကြီးက ဝမ်းမြောက်ဝမ်းသာ ချီးကျူးလိုက်သည်။ အနိစ္စလက်ကိုင်ထားနေသမျှ သင်သည် တရားဌာနတွင် ကျွန်ုပ်တို့နှင့် အတူတကွ ရှိနေသည်ပင် မည်သည်။ အနိစ္စသဘောတရားများကို သေချာမှန်ကန်စွာ ထိုးထွင်း သိရှိပါက သင့်ပြဿနာအားလုံး ပြေပျောက် သွားကြပေ

လိမ့်မည်။ အမေးပုစ္ဆာများထုတ်၍ အဖြေရှာကြည့်နေစရာပင် လိုတော့မည် မဟုတ်ပေ။ အနိစ္စသဘောတရား ကောင်းမွန်စွာ ရှင်းလင်းသောအခါ အဝိဇ္ဇာ မှောင်တိုက်သည် လွင့်ပါးကင်းစင်သွား ပေလိမ့်မည်။ သမာဓိဋ္ဌိရရှိရန် လမ်းရှင်း သွားသောအခါ၌ သို့လော သို့လော ယုံမှားခြင်းအားလုံးသည် အလိုအလျောက် ပျောက်ကွယ်သွားကြပေလိမ့်မည်။ ထိုအခါတွင် သင်သည် အရာအားလုံးကို အမှန်အတိုင်း သိမြင်လာပေလိမ့်မည်။ ယခုအတောအတွင်း သင်ဖတ်ရှုရန် စာအုပ်စာရင်းများကို ပေးပို့လိုက်သည်။

လက်တွေ့သမား မစ္စတာ ဟိုးဗားသည် စာတွေ့အဖြစ်ဖြင့် မည်သည့်ဗုဒ္ဓ ကျမ်းစာများကို ဘတ်ရှုပေသနည်း။ ဆရာကြီး ဟောပြောချက် (What Buddhism Is) စာအုပ်ကလေးကို ဘတ်ရှုပြီးမည်မှာ သေချာသည်။ အခြား မည်သည့်ကျမ်းစာများ လေ့လာသေးသနည်း။ ရှေးဦးစွာ ၎င်းလေ့လာသော ကျမ်းမှာ လယ်တီဆရာတော်၏ ဗောဓိပက္ခိယဒီပနီ ဖြစ်သည်။ နောက်ကျမ်း တစောင်မှာ အရှင်ဉာဏမောလိ ဘာသာပြန်သော ဝိသုဒ္ဓိမဂ်ကျမ်းကြီးကျမ်းခိုင် ပင်ဖြစ်တော့သည်။ ၎င်းစာအုပ်ကို သိဟိုဠ်မှမှာယူသည်။ အဘိဓမ္မာကျမ်း ၃ အုပ် ကို သိဟိုဠ်မှမှာထားသေးကြောင်းလည်းသိရသည်။အခြားကျမ်းများမှာ(Ranasingha's The Buddha's Explanation of the Universe; Sarath Chandra's "Buddhist Psychology of Pesrception; Rahula's 'What the Buddha taught') များဖြစ်သည်။ ဤစာအုပ်များ ဘတ်ပြီး ကြောင်းကို ၁၉၆၃ ခု၊ မေလ (၃)ရက် နေ့စွဲစာတွင် တွေ့ရသည်။ ၎င်းစာတွင် ပင် ဆက်လက်၍ ဓမ္မ၏အရသာကို ပိုမိုခံစားလေ အာသာမပြေနိုင် ဖြစ်နေလေ ဟု ဖော်ပြထားပါသည်။ "ဆရာကြီးခင်ဗျား— ကျွန်တော်၏ စိတ်ဝင်စားမှု ပေါ်လာသည့် အစဉ်ပြောင်းလဲလျက် ရှိနေပါသည်။ ကမ္မဋ္ဌာန်းလုပ်ငန်းကိုပြသရန် ဆန္ဒပြင်းပြနေပါသည်။ သာမန်ကာရှန်ကာ အပေါ်ယံသဘောမျိုးမဟုတ်ဘဲ ထိထိရောက်ရောက် အကျိုးကျေးဇူးရှိရန် သင်ကြားပေးလိုခြင်း ဖြစ်ပါသည်။ ကျွန်တော့်ဘဝတွင် ကမ္မဋ္ဌာန်းလုပ်ငန်းနှင့် ဗုဒ္ဓဓမ္မသာလျှင် အရေးအကြီးဆုံး ဖြစ်သည်ကို ပို၍ ပို၍ သဘောပေါက်နေပါသည်။ ဆရာကြီးလည်းသိပါသည်။ ကျွန်တော်လည်း ကျွန်တော်ကိုယ်တိုင်သိပါသည်။ ကျွန်တော်၏တိုးတက်မှု လို သေးကြောင်း၊ ထိုးထွင်းသိမှု လိုသေးကြောင်း၊ ပါရမီလည်း များများစားစား မရှိကြောင်း သိပြီးဖြစ်ကြပါသည်။ သို့ရာတွင် ကျွန်တော်၌ စိတ်ရှည်ကြောင်း၊ ဇွဲလုံ့လရှိကြောင်းကိုတော့ ဆရာကြီး သိပြီး ဖြစ်ပါလိမ့်မည်။"

၎င်း၏ တရားပြသပေးလိုသော ဆန္ဒနှင့်ပတ်သက်၍ ဆရာကြီးက အချိန်ကြာမြင့်စွာ အကြောင်းမပြန်သေးပါ။ တရားလုပ်ငန်း မှန်မှန်လုပ်ရန်နှင့် မည်သည့်ကျမ်းစာအုပ်များ ဘတ်ကြားရန်သာ ညွှန်ကြားလျက်ရှိသည်။ ထိုအတောအတွင်း တရားပြလိုသော ဟိုးဗားသည် မိမိ၏ဆန္ဒကို မပိတ်ပင် မတားဆီးနိုင်သဖြင့် ၎င်း၏ မိသားစုတသိုက်ကို စ၍ တရားပြနေသလား မပြောနိုင်ပါ။ စာတစောင်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ "ကျွန်တော်၏ (၆)နှစ်အရွယ် သားငယ် ဟားလ်သည် တင်ပျဉ်ခွေ ထိုင်ပါသည်။ လက်များပိုက်ထားပါသည်။ ကျောကိုဖြောင့်တန်းစွာ ထားရှိသည်။ သက်တောင့်သက်သာ ပင်ပင်ပန်းပန်းမရှိဘဲ တည်ငြိမ်စွာထိုင်ပါသည်။ အခြားကလေးများအားလည်း မေတ္တာဂရုဏာထားပါသည်။ သူ့မျက်လုံးများပိတ်ထားလျှင် ထိန်လင်းစွာထောက်ပနေသည်ဟု မကြာသေးမီကပြောပြပါသည်။"

မစ္စတာဟိုးဗား ဘတ်ရှုသော ကျမ်းစာများတွင် ဝိသုဒ္ဓိမဂ်ကို ပိုမိုအလေးထားလေ့လာဟန်တူသည်။ ၎င်း၏စာများတွင် ဝိသုဒ္ဓိမဂ်ကို ထပ်ခါထပ်ခါဖော်ပြလေ့ရှိသည်။ (၁၉၆၃)ခု၊ ဩဂုတ်လ(၅)ရက်နေ့စွဲပါစာ၌ ဝိသုဒ္ဓိမဂ်ကိုဘတ်လေ ဆရာကြီး၏ သင်ကြားပြသခြင်းနှင့် ကမ္မဋ္ဌာန်းလုပ်ငန်း လုပ်နည်းတို့မှာ လွန်စွာအရေးကြီးကြောင်း သဘောပေါက်လေ ဖြစ်ပါသည်ဟုဆိုသည်။ ၁၉၆၄ ခု၊ အောက်တိုဘာလ(၁၀)ရက်နေ့စာ၌ "တရားထိုင်ခြင်းနှင့် တရားဓမ္မသည် ကျွန်တော်၏ဘဝအတွက် အရေးအကြီးဆုံးဖြစ်ကြောင်း အထူးပြောပြစရာမလိုတော့ပါ။ ကမ္ဘာပေါ်တွင် အခြားအခြား ပညာရပ်များထက် တရားထိုင်ခြင်းနှင့် တရားဓမ္မတို့က ကျယ်ပြန့်နက်နဲလှကြပါပေသည်။ ကျွန်တော်၏သဘောတွင် လောကဓာတ်ပညာ၊ နိုင်ငံရေး၊ ဘာသာရေး၊ ဒဿနိကဗေဒ လူမှုရေးရာ၊ ဆေးပညာ စသည်စသည်တို့မှာ ကျယ်ဝန်းကြံ့ခိုင်လှသော ဗုဒ္ဓအဘိဓမ္မ၊ ဝိသုဒ္ဓိမဂ်နှင့် ဆရာကြီးသင်ပြသည့် လက်တွေ့တရားလုပ်ကိုင်နည်းတို့တွင် အကြုံးဝင်ပြီးသား အစိတ်အပိုင်းခွဲကလေးများသာ ဖြစ်သည်ဟုယူဆပါသည်။

(၁၉၆၃)ခု၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဟိုဗားထံစာပြန်ကြားရာ၌ ဆရာကြီးက ၎င်း၏ တိုးတက်မှုနှင့် ပတ်သက်၍ ချီးကျူးစကား၊ အားပေးစကားများ ရေးသားလိုက်သည်။ "သင်းထံမှရသောစာများအရ ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ စာတွေ့ကိုယ်တွေ့ စွယ်စုံတိုးတက်နေပြီဟု ငါမှချသိရသည်။ သို့သော်လည်း ဆရာနှင့် မနီးကပ်ရသဖြင့် ဓမ္မအရာတွင် မကြေညက်ဖြစ်နေသော အချက်

ကလေးများကိုလည်းတွေ့ရသည်။ ဇွဲကောင်းစွာ၊ စိတ်ရှည်စွာနှင့် ဓမ္မလုပ်ငန်းကို မှန်မှန်ဂရုစိုက် ပြုလုပ်ပါလျှင် အခက်အခဲများ ပြေပျောက်သွားပါလိမ့်မည်။

ဤတွင် မစ္စတာဟိုးဗား၌ တရားလုပ်ငန်းတွင် စိတ်ပါဝင်စားမှု ပိုမိုပြင်းထန်လာသည်ကို သိရှိရသည်။ လက်တွေ့ပြသပေးသော ဆရာကြီးထံသို့ ချဉ်းကပ်လိုပြန်သည်။ (၁၉၆၄)ခု၊ အောက်တိုဘာလ(၁၀)ရက်နေ့စာတွင် "ဆရာကြီးခင်ဗျား။ ဆရာကြီးထံပါးသို့(၁၉၆၅)ခု၊ ဇန်နဝါရီလဆန်းတွင် တနင်္ဂနွေ (၆)ပတ်မျှ တရားအလုပ်လုပ်ရန်၊ အလုပ်လုပ်ရန်၊ အလုပ်လုပ်ရန်လာရောက်ခွင့်ပြုပါမည့် အကြောင်း၊ တောင်းပန်လိုက်သည်။ ၎င်းစိတ်ဆန္ဒမည်မျှပြင်းပြနေသည်ကို အလုပ်လုပ်ရန်၊ အလုပ်လုပ်ရန်၊ အလုပ်လုပ်ရန်ဟု သုံးကြိမ်အလေးအနက် ရေးသားဖော်ပြလိုက်သည်ကသိသာနေသည်။

မစ္စတာဟိုးဗားသည် မြန်မာပြည်သို့ ဒုတိယအကြိမ်(၁၉၆၅)ခု၊ ဖေဖော်ဝါရီလတွင် လာရောက်သွားနိုင်ခဲ့သည်။ တရားလုပ်ငန်းကို ၁ လခွဲကြာမျှ လုပ်ကိုင်သွားနိုင်ခဲ့သည်။ ပထမအကြိမ် လာစဉ်ကမူ မစ္စတာဟိုးဗားသည် ဆရာကြီးနှင့် မနက်ပိုင်းနှင့်ညပိုင်းသာလျှင် တွေ့ခွင့်ရရှာသည်။ ဤဒုတိယအကြိမ်၌မူ ဆရာကြီးသည် အပြင်ပလုပ်ငန်းများအားလုံး အနားယူလိုက်ပြီဖြစ်သဖြင့် စေတီရိပ်သာတွင် တနေ့လုံးရှိနေသည်။ ဤအခွင့်အရေးကို မစ္စတာဟိုးဗားသည် အပြည့်အစုံ အသုံးပြုသွားခဲ့ပေသည်။ ဝိပဿနာကမ္မဋ္ဌာန်း ထိုင်ရုံသာမဟုတ်၊ ဤအကြိမ်တွင် ဆရာကြီးထံ၌ လယ်တီဆရာတော်၏ ဒီပနီများ၊ သင်္ဂြိုဟ်နှင့်အဘိဓမ္မာကျမ်းများ၊ ဝိသုဒ္ဓိမဂ်ကျမ်းတို့ကို ဘတ်ရှု၍ ခဲ့ရာခဲ့ဆစ်အဓိပ္ပါယ်များကို ရှင်းလင်းမှတ်သားသွားနိုင်ခဲ့သည်။ ဗုဒ္ဓ၏တရားဓမ္မကို စာတွေ့ လက်တွေ့ ကြေကြေညက်ညက်လေ့လာသွားခဲ့နိုင်ပေသည်။

ဤဉာဏ်သစ်လောင်းသင်တန်း ပြီးဆုံးသောအခါတွင် ညှော်သည်မှတ်တမ်း၌ အောက်ပါအတိုင်း မှတ်တမ်းရေးထားခဲ့ပြန်သည်။ "လွန်ခဲ့သော(၄)နှစ်ကကဲ့သို့ပင် ယခုအကြိမ်တွင်လည်း ဆရာကြီးချီးမြှင့်အပ်သည့် ဝိပဿနာတရားလုပ်ငန်းတည်းဟူသော ဆုလာဘ်ကြီးအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြရန်သင့်လျော်သည့် စကားလုံးများကိုရှာမရနိုင်တော့ပါ။ ဆရာကြီး၏ အဘိုင်းအဆမရှိ စိတ်ရှည်သီးခံမှု၊ မိမိ၏လုပ်ငန်း၌ နိုင်နင်းကြွမ်းကျင်မှု၊ သဒ္ဓါရှိမှုတို့ကြောင့် ဆရာကြီးအား ပို၍ပို၍ ကြည်ညိုလေးစားလာရပါသည်။

ကုန်ဆုံးခဲ့သော လေးနှစ်အချိန်တလျှောက် အနိစ္စကို အစဉ်အမြဲသိနေခြင်း၊ ဆရာကြီး၏ နည်းနာဩဝါဒများကို အစဉ်မှတ်သား နာယူခြင်း

တို့ကြောင့် ကျွန်တော်၏ ဘဝလမ်းကြောင်းသည် သိသိသာသာကြီး ပြောင်းလဲခဲ့ပါသည်။

ဆရာကြီးသည် ရှေးပါရမီအရှိန်အဟုန်ကြောင့် မြတ်စွာဘုရားအဆူဆူတို့၏ ဝိပဿနာတရားလုပ်ငန်း လက်တွေ့ကျင့်သုံးနည်းကို ကမ္ဘာတဝှမ်းလုံးတွင် ပြန်လည်ဖော်ထုတ်ပေးရန် တာဝန်ထမ်းဆောင်ရမည့် အဓိပတိပုဂ္ဂိုလ်ထူးကြီး ဖြစ်လာရမည်မှာ သေချာပါသည်။

ဤသို့ လက်တွေ့ဝိပဿနာလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာပါက အဘိဓမ္မာတရားမြတ်နှင့် ယနေ့လက်ရှိဘာသာတရားများ၊ အထူးထူးသော သိပ္ပံပညာရပ်များ သဘာဝအားဖြင့် ဆက်သွယ်နီးစပ်တည်ရှိနေပုံသည် ရုပ်လုံးပေါ်လာရချေမည်။

ရောဘတ်ဟိုးဗား။

## ကမ္ဘာကြီးကို ကယ်တင်လိုကြသူများ

ဓမ္မရောင်ခြည် စေတီရင်ပြင်သို့ ကမ္ဘာသူ ကမ္ဘာသား များအား ဘေးဒုက္ခအပေါင်းမှ ကယ်တင်၍ ကမ္ဘာကြီး ချမ်းစေရန် ဆောင်ရွက်လိုသူ ပုဂ္ဂိုလ်ကြီးများရောက်ရှိလာတတ်ကြသည်။ ထိုပုဂ္ဂိုလ်များအနက် မစ္စတာဟစ်စလော့ပ်ဆိုသူ အမေရိကန်ပြည်သား တဦး၏ အကြောင်းကို ရှေးဦးတင်ပြလိုပါသည်။

## (က) ဒေါက်တာ ရွန်ဟစ်စလော့ပ်

စပ်ပြီးခေတ်တွင် (Spiritu l Regener tion Movement) ခေါ် အဖွဲ့ကြီးတခု အမေရိကန်နိုင်ငံတွင် အခိုင်အမာ ပေါ်ပေါက် လာခဲ့သည်။ ၎င်းအဖွဲ့တည်ထောင်သူ ဂိုဏ်းဆရာကြီးမှာ အနောက် နိုင်ငံသား မဟုတ်ပေ။ ဘာလ်ဗရာ မာချာမဟေ ရှိမဟာရိရှိဟိုသူ ဟိန္ဒူယောဂီ ဆရာကြီး ဖြစ်သည်။ နာမည်ကျော် အင်္ဂလိပ်အဆိုတော်များဖြစ်သည့် (Beattes) အဖွဲ့ကို အိန္ဒိယပြည်တွင် တရားပြပေးစဉ်က ၎င်း၏ အကြောင်းများကို သတင်းစာတွင် ဖတ်ရှုလိုက်ကြရပေမည်။ မှတ်မိကြပေလိမ့်ဦးမည်။ မဟေ ရှိမဟာရိရှိယောဂီကြီးသည် ဟိမဝန္တာ တောင်တန်းတွင် တရား ထိုင်ခဲ့သည် ဆိုသည်။ ဝေဒ နည်းဖြင့်

ကမ္မဋ္ဌာန်းထိုင်လျှင် ငြိမ်းချမ်းမှု ပျော်ရွှင်မှုရသည်ဟုဆိုသည်။ ဤတရားကိုဖြန့်ဝေခြင်းဖြင့် လူတဦးတယောက်မှ သည်တတိုင်း ပြည်လုံး၊ တကမ္ဘာ လုံးတွင်သောက ဒုက္ခများ ကင်းငြိမ်းလာမည်။ လူသားတို့အတွက် သာယာဝပြောသောလောကကိုထူထောင်နိုင်ကြမည်ဟု ယုံကြည်လည်း။ ထို့ကြောင့် ၁၉၅၅ ခုနှစ်တွင် ဟိမဝန္တာတရားရိပ်သာမှ ထွက်ခွာခဲ့၍ အိန္ဒိယပြည် နေရာအနှံ့အပြားတွင်၎င်း၏ ကမ္မဋ္ဌာန်းတရားကို စတင်ပြသပေးသည်။ မဒရပ်မြို့တွင် (**Spiritual Regeneration Movement**) ကြီးကို ပထမ စတင်တည်ထောင်သည်။ ထိုမှပီနမ်၊ စင်ကာပူ၊ ဟောင်ကောင်မြို့များတွင် တရားဌာနများ ဖွင့်လှစ်၍ ဟိုနိုလူလူကျွန်း၊ ဟာဝေယံတွင် အခြေစိုက်ပြန်သည်။ ထိုမှတဆင့် ကာလီဖိုးနီးယား၊ လော့(စ)အိန်ဂျယ်၊ နယူးရောက်နှင့် လန်ဒန်မြို့များတွင် ၎င်း၏လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ပြန်သည်။ သွားလေရာတွင်၎င်း၏လုပ်ငန်းကိုနှစ်ခြိုက်သူ အားပေးသူ နောက်လိုက် ပုဂ္ဂိုလ် အများအပြားရှိလာသည်။

ယင်း (**S.R.M.**) အဖွဲ့သည် လူမျိုးမရွေး၊ ဘာသာမရွေး ဖိတ်ခေါ်လက်ခံသည်။ကောင်းမွန်သောစိတ်ထားရှိ၍ တကမ္ဘာလုံးဆင်းရဲဒုက္ခကင်းငြိမ်းလိုကြသောလူမှုရေး၊ ဘာသာရေး၊ ကုသိုလ်ရေး၊ နိုင်ငံရေး၊ အဖွဲ့အစည်း အသီးသီးတို့ကို ၎င်းအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်သည်။

အမေရိကန်ပြည်မကြီးပေါ်တွင် ၎င်း၏ အဖွဲ့ခွဲကို လော့(စ) အိန်ဂျယ်မြို့၌ (၁၉၅၉) ခုနှစ်တွင် တည်ထောင်ဖြစ်သည်။ ယင်းအဖွဲ့ခွဲကို (**Spiritual Regeneration Movement Foundation**) ဟု ခေါ်သည်။ အုပ်ချုပ်ရန် (**Board of Trustees**) ခေါ် ဂေါပက အဖွဲ့နှင့်တကွ စနစ်တကျ တည်ထောင်လိုက်သော အဖွဲ့ကြီး ဖြစ်သည်။ အဖွဲ့၏ နာယကမှာ ဂျွန်စမစ်ဟစ်စလော့ပ် ဆိုသူ ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။ ဟစ်စလော့ပ် သည် ကနေဒါတွင် မွေးဖွားသည်။ သို့ရာတွင် ကာလီဖိုးနီးယားတက္ကသိုလ်မှ ဘီ၊ အေ၊ အမ်၊ အေ နှင့် ဒေါက်တာ ဘွဲ့ထူးများ ရရှိသည်။ ၎င်းတက္ကသိုလ်တွင် ဆရာလုပ်ခဲ့၍ စီးပွားရေးဌာနတွင် ဌာနမှူးအဖြစ် (၁၀) နှစ်ကြာ ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် တက္ကသိုလ်လောကမှ ထွက်ခွာပြီးလျှင်စီးပွားရေးနယ်ပယ်သို့ ဝင်ခဲ့သည်။ **California City Development Co.** ကြီးတွင် ဒုတိယ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်နေသည်။ လော့စ်အိန်ဂျယ်မြို့ မြောက်ဖက် (၁၀၅) မိုင် အကွာတွင် ကာလီဖိုးနီးယားစီးတီး ခေါ် မြို့ကြီးတမြို့လုံးကို တည်ဆောက်နေသော ကုမ္ပဏီကြီး ဖြစ်သည်။

(၁၉၅၉) ခုနှစ်တွင် မဟေ့ရှိ မဟာရိရှိ ယောဂီကြီး လော့စ်အိန်ဂျယ် မြို့သို့ ရောက်လာသောအခါ မစ္စတာ ဟစ်စလော့ပ် နှင့် တွေ့ကြသည်။ သူကိုယ်တိုင်နှင့်တကွ ၎င်းမိသားစုနှင့် မိတ်ဆွေများသည် မဟေ့ရှိမဟာရိရှိ၏ ကမ္မဋ္ဌာန်းလုပ်ငန်းမှ အကျိုးတရားများကို ရရှိကြသည်ဟု ဆိုသည်။ ထို့ကြောင့် တကမ္ဘာလုံး ချမ်းရန် ဤကမ္မဋ္ဌာန်းလုပ်ငန်းသည် လက်တွေ့ဖြစ်မြောက်နိုင်သော လုပ်ငန်း ဖြစ်သည်ဟု မြဲမြံစွာ ယုံကြည်သွားသည်။ ထို့ကြောင့် လော့စ်အိန်ဂျယ် မြို့၌ တည်ထောင်သော မဟေ့ရှိမဟာရိရှိ၏ **Spiritual Regeneration Movememt** တွင် ကိုယ်ရောစိတ်ပါ၊ ပါဝင်ဆောင်ရွက်လာသည်။ ၎င်းအဖွဲ့ကြီး၏ ဂိုဏ်းခေါင်းဆောင်ကြီး ဖြစ်လာသည်။

အမေရိကန်နိုင်ငံတွင် စီးပွားရေးကုမ္ပဏီကြီးတခု၌ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ စသည့် ရာထူးများကို သာမန်အရည်အချင်းများနှင့် ရနိုင်သည် မဟုတ်ပေ။ အနည်းဆုံး တက္ကသိုလ်ပညာတဘ်မြောက်၍ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအတတ်များတွင် အထူး ကျွမ်းကျင်ရသည်။ နိုင်ငံတကာ စီးပွားရေးအမြင် ရှိရသည်။ ဘဏ္ဍာရေး၊ ငွေရေး၊ ကြေးရေး နားလည်ရသည်။ အလုပ်သမားဆက်ဆံရေးတွင် ပါးနပ်ရည်မွန်ရသည်။ လူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေး အဖွဲ့အစည်းများတွင် ဝင်ဆန့်နိုင်ရသည်။ ဟစ်စလော့ပ် ၌ ဤထူးခြားသော အရည်အချင်းများ အပြည့်အစုံရှိသည်။ ယင်း အရည်အချင်းများကို(S R.M) အဖွဲ့ကြီးအတွက် အားသွန်ခွန်စိုက် အသုံးပြုပေးလိုက်သည်။

ထို့ကြောင့် ၎င်းအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာများသည် တိုးတက်လာသည်။ ကျယ်ပြန့်လာသည်။ အထက်ဖော်ပြပါမြို့ကြီးများ၌ အဖွဲ့ခွဲငယ်များ ထူထောင်ရုံသာမဟုတ် ကမ္ဘာ့အရပ်ရပ်တွင် အလားတူ အဖွဲ့ခွဲများ ဖွဲ့စည်းရန် ခြေလှမ်း ပြင်လာကြသည်။ (၁၉၆၀) ခုနှစ်၊ ဇန်နဝါရီလတွင် ကမ္ဘာ ချီ၍ အဖွဲ့ခွဲငယ်များ တည်ထောင်ရန် (၃၂) နှစ် စီမံကိန်းကြီးကို လန်ဒန်မြို့၌ ရေးဆွဲကြသည်။ ဤစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာအနှံ့အပြား အဖွဲ့ခွဲများ တည်ထောင်နိုင်ရန် မဟေ့ရှိမဟာရိရှိ ယောဂီကြီး၏ ကမ္မဋ္ဌာန်းတရား ပြပေးမည့် ကမ္မဋ္ဌာန်းဆရာများ ရွေးဦး မွေးထုတ်ရန်ဖြစ်သည်။ ဟိမဝန္တာတောင်ခြေတွင် ကမ္မဋ္ဌာန်း သင်တန်းကျောင်းကြီးတခု ဖွင့်လှစ်မည်။ ၎င်းကျောင်းကြီး၌ (၃)လ သင်တန်း တပတ်လျှင် ကမ္မဋ္ဌာန်းပြဆရာ (၈၄) ဦး သင်တန်းတက်စေမည်။ တနှစ်လျှင် သင်တန်း (၄) ကြိမ် ပေးသွားမည်။ ပထမ သင်တန်းဆင်း (၈၄) ဦးသည် ကမ္ဘာ့အရပ်ရပ်တွင် ကမ္မဋ္ဌာန်းဌာနခွဲ (၈၄) ခု တည်ထောင်

ကြပေမည်။ ဤသို့လျှင် (၃) နှစ်အတွင်း၌ ကမ္မဋ္ဌာန်းပြဆရာ(၂၅၀၀၀)နှင့် ကမ္မဋ္ဌာန်း ဌာန (၂၅၀၀၀) ပေါ်ပေါက်ဖြစ်ထွန်းလာရန် စီမံကိန်းကြီးက ရာထားသည်။

ဤစီမံကိန်း အကောင်အထည်ပေါ်လာစေရန် မစ္စတာ ဟာစ်စလေ့ပ်က ပင် တာဝန်ယူထမ်းဆောင်ခဲ့သည်။ ဟိမဝန္တာတောင်ခြေတွင် သင်တန်းကျောင်း ကြီးတည်ဆောက်ရန်အတွက် သင့်လျော်သည့် မြေနေရာ ရွေးချယ်ရန်တာဝန် ဖြင့် (၁၉၆၀) ခုနှစ် မတ်လ အတွင်း ခရီးထွက်ခဲ့သည်။ ဤသို့ခရီးထွက်လာ ရာ အိန္ဒိယပြည် မသွားမီ ရန်ကုန်တွင် ၂ ရက်မျှ ခေတ္တနေထိုင်သွားသည်။ ထို စဉ် မစ္စတာ ဟာစ်စလေ့ပ်သည် ဆရာကြီးနှင့် တွေ့ဆုံမိကြသည်။ ဆရာကြီး၏ ဗုဒ္ဓဘာသာ ဝိပဿနာ တရားလုပ်ငန်း စုံစမ်းရန်နှင့် ဆွေးနွေးရန် စေတီရိပ် သာသို့ တမင်လာ၍ ဆရာကြီးနှင့် တွေ့ဆုံခြင်းဖြစ်သည်။ ဤသို့ နှီးနှော ရာမှ ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းတွင် လွန်စွာစိတ်ဝင်စားသွားခဲ့သည်။ ထို့ကြောင့် အိန္ဒိယပြည်တွင် မြေရှာဖွေရေး ကိစ္စပြီးသည်နောက် ရိပ်သာသို့ ပြန်လာပြီး ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ခွင့်ပြုရန် ဆရာကြီးထံ ပန်ကြားသည်။ ဆရာကြီးက ခွင့်ပြုလိုက်သဖြင့် အိန္ဒိယပြည်မှ အလျှင် အမြန် ပြန်လာ ပြီးလျှင် (၁၉၆၀) ခုနှစ် မေလတွင် ဗုဒ္ဓဘာသာတရားတော်အရ ဝိပဿနာလုပ်ငန်းကို စတင်အားထုတ်ပေသည်။

ဒေါက်တာဟာစ်စလေ့ပ်သည် တရားလုပ်ငန်းကို တလ နီးပါးမျှ လုပ် ကိုင်သွားနိုင်ခဲ့တည်။ ထိုအချိန်အတွင်း ဓမ္မရောင်ခြည် စေတီတော်သို့ ဝေဘူ ဆရာတော်နှင့် နောက်ပါ ရဟန်းသံဃာ အပါး ၂၀ ကြွရောက်လာ၍ ၅ ရက် တိတိ သီတင်းသုံး နေထိုင်သွားတော်မူသည်နှင့် ကြုံကြိုက်ခဲ့ရပေသည်။ ဗုဒ္ဓဘာ သာနှင့် လုံးဝနီးစပ်ခြင်းမရှိခဲ့သူ ဒေါက်တာ ဟာစ်စလေ့ပ်အတွက် အလွန်ထူး ခြားသော ကြုံကြိုက်မှုတခုဖြစ်ပေသည်။ ဗုဒ္ဓတရားတော်၏ အဆီအနှစ်ကို လက် တွေ့ကျင့်သုံးခွင့်ရသည်သာမက ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့က ဘုရားသားတော် များဖြစ်သော သံဃာတော်များကို ရိုကျိုးပြတ်ဝပ် ပူဇော် ကန်တော့ ကြပုံကို လည်း မျက်မြင်ရှုတွေ့ခွင့်ရသွားသည်။ နံနက်အာရုံဆွမ်းကပ်သည်မှစ၍ နေ့ခင်း တနေ့လုံး ဆရာတော်သီလပေးပုံ၊ ပရိသတ်များ သီလခံယူပုံ၊ ဤကုသိုလ်ရှင် အားလုံးတို့အား စိတ်ကြေနပ် ချမ်းမြေ့စေရန် မြောက်မြားလှသော ဆွမ်းပွဲ ထမင်းပွဲတို့ကို အစေ့အင ဆရာတော်လက်ခံသုံးဆောင်ပုံ၊ ညဦးအချိန်၌ ဆရာ တော်တရား ဟောကြားပုံ၊ ဝတ်ပြုပုံစသည်ဖြင့် ဗုဒ္ဓဘာသာကုသိုလ် ပြုမှုအရပ် ရပ်တို့ကို ခရေစေ့တွင်းကျ ကြည့်ရှုမှတ်သားခွင့်ရသွားသည်။

ဆရာကြီး၏ တရားပြသမှု၌ လုံးဝယုံကြည်မှုရှိ၍ အကျိုးကျေးဇူးရှိပုံကိုလည်း လက်တွေ့ခံစားနေရစဉ် ဝေဘူဆရာတော်ဘုရား၏ ကြည်ညိုဘွယ်ရာ ဂုဏ်သိက္ခာများကို မြင်တွေ့ရပြန်သောအခါ ဗုဒ္ဓမြတ်စွာဘုရားအား သဒ္ဓါကြည်ညိုစိတ်၊ တရားတော်၌ အားထားမှီခိုလိုစိတ်၊ သံဃာတော်၌ ဆည်းကပ်ကိုးကွယ်လိုစိတ်များ မစ္စတာဟစ်ငလော့ပ်တွင် အလိုအလျောက် တဖွားဖွားပေါ်လာခဲ့ပေသည်။ ထို့ကြောင့် ဝေဘူဆရာတော် ဘုရားကြီး၏ ထံမှောက်တွင် သရဏဂုံသုံးပါး ဆောက်တည်၍ ဗုဒ္ဓဘာသာဝင်တဦးအဖြစ် ကြည်ညိုစိတ်သန်စွာဖြင့် ခံယူလိုက်တော့သည်။

အမေရိကန်သို့ ပြန်လည်ထွက်ခွာမသွားမီ ရေးသည့် မှတ်တမ်းစာအုပ်တွင် အောက်ပါအတိုင်း ဆရာကြီးအား ချီးကျူး ဂုဏ်ပြု သွား ခဲ့ ပေ သည်။ "(၁၉၆၀)ခု၊ မေလ ၃၀ ရက်နေ့၊ ဆရာကြီး၏ ဘဝခရီးသည်ကား လွန်စွာအံ့ချီးဘွယ်ရာ ကောင်းပါပေ၏။ လွန်စွာထူးခြားပါပေ၏။ လူ့ဘဝ သက်တမ်းတွင် အမြင့်မြတ်ဆုံး အထွက်အထိပ်ကျဆုံး လုပ်ငန်းရပ်မှာ ဝဋ်ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်စေရန်နှင့် အမှောင်တိုက်မှ လွတ်မြောက်၍ အလင်းသို့ရောက်စေရန် လမ်းညွှန်ပြသပေးမှုပင်ဖြစ်ပေသည်။ ဤမွန်မြတ်လှသော လုပ်ငန်းကြီးကို ဆရာကြီးသည် ဆောင်ရွက်လျက်ရှိလေသည်။

"ကမ္ဘာ လောကကြီး၌ သူတပါးအား တကယ် စစ်မှန်သည့် ကူညီစောင့်ရှောက်မှုကို ပြုနိုင်သည့် ပုဂ္ဂိုလ်များမှာ လွန်စွာ နည်းပါး လှပေသည်။ တမ္ဘာတဝှမ်းလုံး၌ပင်လျှင် ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးမှာ အနည်းငယ်မျှလောက်သာ ရှိကောင်းရှိပေလိမ့်မည်။"

"ဆရာကြီးခင်ဗျား၊ ဆရာကြီး၏ ဘဝသက်တမ်းတလျှောက် ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် လူအပေါင်း၏ ရိုသေလေးစားမှု၊ ဂုဏ်ပြုမှုတို့ကို ခံယူထိုက်ပါတော့သည်။ ဤကမ္ဘာတွင် အမှန်တကယ်ကြီးမြတ်သည့် ပုဂ္ဂိုလ်ထူးတို့တွင် ဆရာကြီးသည် တဦးအပါအဝင် ဖြစ်နေကြောင်း ကျွန်တော်ယုံကြည်မိပါသည်။"

အမေရိကန်ပြည် ပြန်အရောက်တွင် ရေးလိုက်သော စာများ၌လည်း မစ္စတာ ဟစ်ငလော့ပ်သည် ဗုဒ္ဓတရားအစစ်အမှန်ကို လက်ဆုတ် လက်ကိုင် ရမိသွားသည်ဟု သိရှိနိုင်သည်။ "ဆရာကြီး၏ လင်းရောင်ခြည်ထွန်းရာ ကျွန်းရိပ်သာမှ ကျွန်တော်ရရှိခဲ့သော အတိုးမဖြတ်နိုင်သည့် ရတနာမြတ်သည်ကား ယခု

အချိန်တွင် သင်္ခါရဓမ္မတို့၏ အနိစ္စလက္ခဏာကို တိုးတက်ထင်ရှားစွာ သိနားလည်၍ လာမှုပင် ဖြစ်ပါသည်။''

''ကျွန်တော်သည် အနိစ္စသဘောတရားကို နှလုံးသွင်းမိသည့် အခါတိုင်း ဗုဒ္ဓမြတ်စွာအားရင်း၊ ဆရာကြီးအားရင်း၊ ဗုဒ္ဓမြတ်စွာ၏အလိုတော်ကျ အစောင့်အရှောက် အကာအကွယ် ပေးကြကုန်သော နတ်ဗြဟ္မာတို့အားရင်း ကျေးဇူးတင်မိပါသည်။''

''ကိလေသာ အညစ်အကြေးတို့ကို ကင်းဝေး ပပျောက် စေတတ်သည့် အနိစ္စလက္ခဏာတရားကို ထင်ရှားအောင် လမ်းညွှန်ပြသပေးသော ရွှေဉာဏ်တော်ရှင်အားလည်း ကျွန်တော်သည် နေ့စဉ်နေ့တိုင်း မြတ်နိုးကော်ရော် ပူဇော်လျက်ရှိပါကြောင်း'' စသည်ဖြင့် မကြာခဏ စာများရေးသားလေ့ ရှိခဲ့သည်။

အမေရိကန်ပြည်သို့ ပြန်လည်ရောက်သည်နှင့် တပြိုင်နက် လော့စ်အိန်ဂျယ် မြို့နှင့်တကွ အခြားဒေသများတွင် ၎င်းတရားအားထုတ်ခဲ့ပုံများကို အားပါးတရ ပြန်လည် ဟောပြောပြလေသည်။ ၎င်း၏ ဟောကြားချက် များကို အကြောင်းပြု၍ ကာလီဖိုးနီးယားပြည်နယ်မှ စေတီရိပ်သာတွင် တရားအားထုတ်ကြရန် ပုဂ္ဂိုလ်အများ ရောက်ရှိလာကြသည်။ ဤသို့ ဝေးလံလှသောအရပ်ဌာနမှ လိုလိုလားလား မြတ်တရားကို ရှာယူရန် ရောက်လာကြသူ များတွင် မစ္စတာ ဟာစ်စလော့ပ်၏ဇနီး မစ္စစ်ဟာစ်စလော့ပ်နှင့် ၎င်း၏ညီမတို့ ပါဝင်လာကြသည်။ ၁၉၆၁ ခု၊ မတ်လတွင် ထိုညီအစ်မနှစ်ယောက် ဗုဒ္ဓဘာသာ ဝိပဿနာ ကမ္မဋ္ဌာန်းထိုင်ရန် ရန်ကုန်သို့ရောက်ရှိလာစဉ် ကျွန်တော်လည်း ကျွန်တော်၏ မိသားစုအားလုံးနှင့် တရားထိုင်ရန် စေတီသို့ ရောက်နေခိုက်ဖြစ်၍ ၎င်းတို့အား ကောင်းစွာမှတ်မိနေပေသည်။ တရားတော်၏ အမြိုက်အရသာကို သိရှိသွားသော မစ္စတာ ဟာစ်စလော့ပ်သည်၊ ၎င်း၏ဇနီးနှင့် ခယ်မတို့အား ၎င်းကဲ့သို့ပင် တရားအရသာခံရစေရန် ရန်ကုန်သို့ အရောက်ပို့ လိုက်ရှာ၏။ ထိုနည်းတူကျွန်တော်လည်း ၁၉၆၁ ခု၊ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ (၃)လကြာ တရားအားထုတ်ပြီးနောက် မိမိ၏ မိသားစုကိုလည်း တရားတော်၏ အရသာထူးကို သိရှိခံစားစေလိုသောကြောင့် မတ်လတွင် တရားတပတ်ဝင်ရန် ရိပ်သာသို့ ခေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

ထိုညီအစ်မနှစ်ယောက်တို့တွင် မစ္စစ်ဟာစ်စလော့ပ်သည် မစ္စတာ ဟိုးဗားကဲ့သို့ပင် တရားထိုင်ရာ၌ အခက်အခဲ အတိ ဒုက္ခများနှင့် တွေ့ကြုံ ရသည်။

သို့ရာတွင် မစ္စတာ ဟိုးဗားနည်းတူ ဇွဲသတ္တိ ပြင်းထန်၍ ပါရမီ ရင့်သန်သူ ပုဂ္ဂိုလ်ထူး တဦးပင် ဖြစ်ပေသည်။ ဆရာကြီး၏ ကြီးမားသော စေတနာနှင့် ဂရုဏာ ရှေ့ထား၍ စောင့်ရှောက် ပေးမှုကြောင့် နောက်ဆုံးတွင် ဝဋ်ဒုက္ခအခက်အခဲများ ကျော်လွန်သွားနိုင်ခဲ့သည်။ ချမ်းမှု ရရှိသွားနိုင်ခဲ့သည်။ ရတနာသုံးပါးကို ဆောက်တည်ကိုးကွယ်ရာ ဟု သဒ္ဓါယုံကြည် ဖြစ်ပေါ်လာသည်။ ၎င်း၏ ခင်ပွန်းကဲ့သို့ပင် ညီအစ်မနှစ်ဦးစလုံး သရဏဂုံဆောက်တည်၍ ဗုဒ္ဓဘာသာအဖြစ် ခံယူသွားကြသည်။ ဤပထမအကြိမ် လာရောက်စဉ် စေတီရိပ်သာ၌ (၂) လ တိတိ တရား အားထုတ်သွားပြီးနောက် ဒုတိယ အကြိမ် (၁၉၆၁) နိုဝင်ဘာလတွင် စေတီရိပ်သာသို့ တဦးတည်း ပြန်ရောက်လာပြီး (၃)လနီးပါး တရား အားထုတ်သွားပြန်သည်။

(၁၉၆၅) ခု၊ ဇန်နဝါရီလတွင် ၎င်း၏ခင်ပွန်းနှင့်အတူ တတိယအကြိမ်မြောက် တရားထိုင်ရန် မစ္စစ် ဟစ်စလော့ပ် သည် ဆရာကြီးထံမှောက်သို့ ရောက်ရှိလာပြန်သည်။ ဤအကြိမ်တွင်လည်း (၂)လ တိုင်တိုင် တရားလုပ်ငန်းများ အားထုတ် လုပ်ဆောင်သွားခဲ့ပေသည်။ သို့ဖြင့် မစ္စစ် ဟစ်စ လော့ပ်သည် စေတီရိပ်သာ၌ တရား ရက်ရှည်ထိုင်ရာတွင် စံချိန် တင်ထားသူ ဖြစ်နေပေသည်။ တရားလုပ်ငန်းတွင် ကိုယ်တွေ့အခက်အခဲများ တွေ့ရာ၌လည်း စံချိန် တင်ထားသူ ဟု ဆိုရပေမည်။ ဆရာကြီး၏ ပြောပြချက်အရ ဆရာကြီး တရားပြခဲ့သည့်အချိန်မှ စ၍ မစ္စစ် ဟစ်စ လော့ပ် တရားထိုင်ရာလောက် ခက်ခဲနက်နဲသော ပြဿနာများကို မတွေ့ဘူး သေးခဲ့ ဟု သိရသည်။ ဤအခက်အခဲအားလုံးကို နိုင်နိုင်နင်းနင်း ဖြေရှင်းပေးလိုက်နိုင်ခြင်းအားဖြင့် ဆရာကြီး၏ ပေးမြော သော ဂုဏ်သတ္တိ များလည်း ပေါ်လွင်ထင်ရှားခဲ့ပေသည်။ တခုပြီးတခု ဖြစ်ပေါ်လာသောအနှောက်အရှက် အမျိုးမျိုးကို ပယ်ဖျောက် ဖြေရှင်း ပေးနိုင်၍လည်း ယခင် ၎င်းတို့ ယုံကြည် လေ့ကျင့်ခဲ့သော တရားများနှင့် ဗုဒ္ဓဓမ္မတို့ ကွဲပြား ခြားနားပုံကို ဒေါက်တာ ဟစ်စလော့ပ် တို့ ဇနီး မောင်နှံ မျက်မြင်ကိုယ်တွေ့ သိရှိ သွားခဲ့ကြသည်။

ဤတကြိမ်တွင် မြန်မာပြည်သို့ ရောက်ရှိလာကြရာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး (၃) ပါး၊ လက်တွေ့ ဆပ်ခြင်နားလည်ယုံသာမက ဗုဒ္ဓ တရား ကျမ်းစာများကိုလည်း စာတွေ့ သင်ကြား လေ့လာသွားကြပေသည်၊ အမှန်မှာ ပထမအကြိမ် တရား အားထုတ်ပြီးချိန်ကပင် ဗုဒ္ဓ စာပေ များ ကို အစဉ်တစိုက် ဆည်းပူး လေ့လာ နေခဲ့ကြပေပြီ။ ယခုအကြိမ်တွင် လယ်တီဆရာတော်၏ ဝိပဿနာဒီပနီ၊ စတုသစ္စာဒီပနီ၊ သမ္မာဒိဋ္ဌိဒီပနီ၊ မဂ္ဂင်ဒီပနီ၊ နိယာမ ဒီပနီ၊

ဗောဓိပက္ခိယဒီပနီ တို့ကို အထူး လေ့လာကြ၍ သင်္ဂြိုဟ်နှင့် အဘိဓမ္မာအခြေခံ များကိုလည်း ရရှိသွားကြပေသည်။

ဗုဒ္ဓ ဓမ္မတွင် နှစ်နှစ်ကာကာ သိရှိသဘောပေါက်သွားပုံကို အောက်ပါ ဒေါက်တာ ဟစ်ဇ လော့ပ်၏ ညွှန်းသည်မှတ်တမ်းမှတွေ့မြင်ရပေသည်။(၁၉၆၅) ခု၊ မတ်လ (၈) ရက် "ပညာရှိ ပုဂ္ဂိုလ်ထူးတို့သည် မိမိကိုယ်မိမိ သိလော့ ဟု ဩဝါဒစကား အစဉ် ပြောကြားခဲ့ကြသည်။ သို့ရာတွင် အဝိဇ္ဇာမှ လွတ်မြောက်၍ မိမိကိုယ်မိမိ သိလိုသောစိတ်ဆန္ဒ ရှိသည့်တိုင်အောင်၊ အောင်မြင်မှုရသည့် ပုဂ္ဂိုလ် အနည်းငယ်မျှသာ ရှိပေသည်။ ဤလုပ်ငန်းကား လွန်စွာ ခက်ခဲသော လုပ်ငန်း ဖြစ်ပေသည်။ တသက်တာ လိုက်ရှာ၍မှ မိမိကိုယ်မိမိ သိရှိပြီးနောက် အမှန်တရားကို လက်ကိုင်ထားရှိပြီးသူ တယောက်တလေမျှပင် တွေ့ကြုံမိရန် ခဲယဉ်း လှသည်။ လူသာမန်တို့၏ အသိဉာဏ်ပါရမီလောက်ဖြင့် မဖြစ်နိုင်လောက် သောကိစ္စ ဟု အများက ယူဆကြသည်။ စိတ်ဆိုသည်မှာ ရှုတ်ထွေး၏။ နူးညံ့ သိမ်မွေ့၏။ ကွေ့ကောက်လှ၏။ လမ်းမရှိ အဆုံးမရှိ။ အမှောင် ဖုံးနေသော တောအုပ်ကြီးကဲ့သို့ဖြစ်၏။ ထို့ကြောင့် မိမိကိုယ်မိမိ သိရှိရန် လုပ်ရမည့် လုပ်ငန်းမှာ စကားလုံးဖြင့် ဖော်မပြနိုင်အောင် ကြီးမားခက်ခဲပေ၏။ တသက်တာ ကြိုးပမ်းရမည့် လုပ်ငန်း ဟူ၍သာ ဖော်ပြနိုင်ပေမည်။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာများမှာ ဆရာကြီး၏ မယုံ နိုင်လောက်အောင် ထူးခြားသော ဂုဏ်ထူးဝိသေသများကို ပို၍ပင်ပေါ်လွင် စေပါသည်။ ဤမျှခက်ခဲသော မိမိကိုမိမိသိရှိရန် လုပ်ငန်းတွင် ဆရာကြီးသည် စေတနာအပြည့်အဝဖြင့် လမ်းညွှန်ပြသပေးသောကြောင့်ဖြစ်ပါသည်။ တသက် တာစောင့်ဆိုင်းမနေရဘဲ လောလောဆယ်ပင် မှောင်မဲနေသောတောကြီးကို ဖြတ်၍ လမ်းရှင်းပေးနိုင်သောကြောင့် ဖြစ်ပါသည်။ မိမိကိုယ်တိုင် ကြိုးပမ်း စေ၍ ရှုတ်ထွေးပွေလီနေသော ချုပ်တိတ်ပေါင်းများကို ဖောက်ထွင်းကာ မိမိ၏ ဘဝအစစ်အမှန်သဘောတရားကို မြင်နိုင်စေပါသည်။ ထိုသဘောတရားကား အခြားမဟုတ်၊ အနိစ္စသဘောတရားပင်ဖြစ်တော့သည်။ ဤမှန်မြတ်လှသော၊ သိမ့်မွေ့လှသော အဖိုးတန်ရှားပါးလှသော သစ္စာတရားသည်ကား ထုံသင်း မွှေးကြိုင်လှပါပေ၏။

ဂုဏ်ထူးဝိသေသကြီးမားလှသော ဆရာကြီးသည် ကျွန်ုပ်တို့အတွက် သူ မတူလမ်းညွှန်ပြသသူ ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါပေသည်။"

မစ္စတာဟာစ်စလေ့ပ်သည် ကျေးဇူးရှင် ဝေဘူဆရာတော်ထံမှောက်၌ သရဏဂုံ ဆောက်တည်ခဲ့ယူပြီးကတည်းက ၎င်းကြီးမှူးခဲ့သော (S R.M.) အဖွဲ့ကြီး၏ ခေါင်းဆောင်ရာထူးမှ နုတ်ထွက်ခဲ့ရုံသာမက၊ အဖွဲ့လုပ်ငန်းအဝဝနှင့် လုံးဝအဆက်ဖြတ်လိုက်တော့သည်။

မစ္စတာဟာစ်စလေ့ပ်မှာ မှန်မြတ်သောစိတ်ထားရှိသူဖြစ်သည်။ ဒုက္ခအံ့မျိုးမျိုး၊ ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသော ကမ္ဘာကြီးကို ကယ်တင်လိုသည်။ လူတို့၏ ကိုယ်ကျင့်တရားတို့ ပြုပြင်ပေးလျှင် ကမ္ဘာကြီးငြိမ်းချမ်းလိမ့်မည်ဟု ယုံကြည်သူလည်း ဖြစ်သည်။ ထိုကြောင့်ပင် (S.R.M.) အဖွဲ့ကြီးတွင် ကမကထဦးစီးခေါင်းဆောင်ပြု၍ ကြိုးပမ်းခဲ့ပေသည်။

ယခု ဆရာကြီးထံမှ ဗုဒ္ဓ၊ ဓမ္မလက်တွေ့ ကျင့်သုံးနည်းကို ခံယူပြီးနောက် မိမိရရှိထားသောတရားကို ဝေနေယျတို့အား ဖြန့်ဖြူးဝေငှပေးလိုစိတ် ပြင်းပြလာပြန်သည်။ ဗုဒ္ဓတရားတော်မှ မိမိနှင့်တကွ အိမ်သူအိမ်သားမိတ်ဆွေအများ ချမ်းမှုကို လက်တွေ့ရရှိနေကြသည်။ ဤနည်းဖြင့် အမေရိကန်ပြည်သူပြည်သားတို့ကိုလည်း ချမ်းမှုကို တွေ့ထိခံစားကြစေလိုသည်။ ၎င်းတို့ကို ဆရာကြီးအားတွေ့မြင်စေလိုသည်။ ဆရာကြီးအကြောင်း၊ ဓမ္မရောင်ခြည်စေတီတွင် တရားအားထုတ်ပုံအကြောင်းတို့လည်း ဟောပြောပွဲများတွင်ပြောပြထားသဖြင့် ဤအံ့သြဘွယ်သော တရားပြဆရာကြီးကို ပရိသတ်အများကလည်း လူကိုယ်တိုင်တွေ့မြင်လိုကြသည်။

ထို့ကြောင့် မစ္စတာဟာစ်လေ့ပ်သည်။ (S.R.M.)အဖွဲ့ကြီးကဲ့သို့ ဗုဒ္ဓဘာသာအဖွဲ့ကြီးတခု တည်ထောင်လိုပြန်သည်။ ဆရာကြီးအား အမေရိကန်သို့ ကြွရောက်ရန် မရမကဖိတ်ခေါ်သည်။ ဆရာကြီးနှင့် အဖွဲ့ဝင်(၃)ဦးအတွက် လေယာဉ်ပျံလက်မှတ် အသင့်ဝယ်ပြီးဖြစ်ကြောင်း၊ အကြောင်းကြားသည်။ ဆရာကြီး တရားပြသာဖွင့်လှစ်နိုင်ရန် ရန်ပုံတည်ထောင်ချက်ရှိသော ကာသီဖိုးနီးယားစီတီးမှ မြေတကွက်ကိုပင် ဆရာကြီးအား ပေးအပ်လှူဒါန်းလိုက်သည်။

ဆရာကြီးသည် အမေရိကန်ပြည်တွင် သာသနာပြုလုပ်ငန်းလုပ်ရန် စိတ်ဝင်စားခြင်းမရှိတော့မဟုတ်ပေ။ အမေရိကန်ပြည်မှ မစ္စတာဟာစ်စလေ့ပ်ထက်ဦးစွာပင် လာရောက်၍ တရားအားထုတ်သွားကြသူများရှိပေပြီ။ ထိုပုဂ္ဂိုလ်များကဲ့သို့ ဗုဒ္ဓတရားမျိုးစေ့ ခံယူနိုင်သူ အများအပြားရှိဦးမည်ဟု ဆရာကြီး မှချယုံကြည်ပေသည်။ သို့ရာတွင် အမေရိကန်သို့ ဆရာကြီးကိုယ်တိုင် ကြွရောက်ရန်

အချိန်အခါနှင့် တရားပြသရန် အစီအစဉ် စသည်တို့၌ ဆရာကြီးနှင့် မစ္စတာ ဟာစ်စလေ့ပ်တို့၏ စိတ်ကူးအကြံအစည်တို့ ကွဲပြားနေသည်ဟု စာရေးသူ ရိပ်စားမိခဲ့သည်။ (ဆရာကြီး၏ နိုင်ငံခြား သာသနာပြု အစီအစဉ်များကို ရှေ့အခန်း (စာမျက်နှာ) တွင် အကျယ်တဝင့် ဆွေးနွေးပါဦးမည်။)

ထို့ကြောင့် မစ္စတာဟာစ်စလေ့ပ်၏ အစီအစဉ်များကို ဆရာကြီးက လုံးဝငြင်းပယ်၍ မပစ်လိုက်သော်လည်း ၎င်းအလိုဆန္ဒရှိသကဲ့သို့ အပူ တပြင်း လောလောဆယ် ဆောင်ရွက်ကြိုးပမ်းခြင်းမပြုခဲ့ပေ။ ဆရာကြီးသည် ဤကိစ္စ၌ အချိန်ယူ၍ အေးအေးမှန်မှန်ပင် သူ့အစီအစဉ်အတိုင်း ဆောင်ရွက်သွားခဲ့ပေသည်။

အမေရိကန်ပြည် ဗုဒ္ဓသာသနာပြု လုပ်ငန်းတွင် ရှေ့ဆက်၍ မစ္စတာ ဟာစ်စလေ့ပ်သည် မည်သည့်အခန်းကဏ္ဍ၌ ပါလာဦးမည်ဟု မခန့်မှန်းနိုင်သေးချေ။ ဆရာကြီး ကွယ်လွန်ပြီး သည်နောက် ယခုစာရေးနေသည့် အချိန်ထိ၊ မစ္စတာဟာစ်စလေ့သည် ဗုဒ္ဓတရားကို မမှိတ်မသုံ ယုံကြည်ကာ ဆရာကြီးအားလည်း "သံယောဇဉ် အားလုံးဖြတ်တောက်၍ ဇာတိ၊ မရဏကင်းငြိမ်းရာသို့ လမ်းညွှန်ပြသပေးနိုင်သူ စေတနာမေတ္တာရှင်ကြီး" ဖြစ်ပါသည်ဟု ကြည်ညို လေးစားလျက်ပင် ရှိနေပေသည်။

## (ခ) မစ္စတာ အန်ထော်နီ ဘရွတ်ခ်စ်

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနသို့ လူမျိုးပေါင်းစုံ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များ ရောက်ရှိလာရာတွင် မစ္စတာ အန်ထော်နီ ဘရွတ်ခ်စ်ဆိုသူသည် အထက်တန်းလွှာ ထိပ်ဆုံးပိုင်းမှဖြစ်၍ ရာဇာမုဒ္ဒါဘွဲ့ခံ စော်ဘွားတဦးဖြစ်ပေသည်။ ဘော်နီယိုကျွန်းမြောက်ပိုင်း၊ ဆာရာဝါက်ပြည်နယ်တွင် ဘရွတ်ခ်စ် မိသားစုသည် ဆွေစဉ်မျိုးဆက် သုံးဆက်တိုင် နယ်စား ပယ်စားများဖြစ်ကြခဲ့သည်။ ၎င်းတို့ပိုင်နယ်ကို ဗြိတိသျှနှင့် အမေရိကန်တို့က လွတ်လပ်သော ပြည်ငယ်အဖြစ် (၁၈၄၁)ခုနှစ်မှစ၍ အသိအမှတ်ပြုခဲ့ကြသည်။

ဘရွတ်ခ်စ် မိသားစုမှာ ဗြိတိသျှလူမျိုး စစ်စစ်ဖြစ်ကြ၏။ ဆာရာဝါက်တွင် မည်ကဲ့သို့ နယ်စား ပယ်စားများ ဖြစ်လာ ခဲ့ကြသည်ကိုမူ မသိရပေ။

သတ္တုတူးဖော်ရင်း သို့မဟုတ် ကြက်ပေါင်စေးပင် စိုက်ပျိုးရင်းက နယ်ပါယ်ကို အပိုင်စားလိုက်ကြသည်ဟု ထင်မြင်ရစရာအကြောင်းရှိပေသည်။ မည်သို့ပင်ဖြစ်စေ၊ စစ်ပြီးခေတ် (၁၉၆၄) ခုနှစ်တွင် ဆာရာဝါက် စော်ဘွား နယ်ပယ်ကို မစ္စတာအန်ထော်နီဘရွတ်ခ်စ်၏ ဦးရီးတော်သူက ဗြိတိသျှကိုလိုနီ နယ်ပယ်အဖြစ် သွတ်သွင်းအပ်နှံလိုက်လေသည်။ ဤတွင် နယ်သူနယ်သားများ မကြေနပ်၍ နိုင်ငံရေးကန့်ကွက်မှုဖြစ်ပေါ်ခဲ့သည်။ ဤလှုပ်ရှားမှုများတွင် ၎င်း၏ ဦးရီးတော်ကို အတိုက်အခံပြုကာ၊ မစ္စတာအန်ထော်နီဘရွတ်ခ်စ်သည် နယ်သူ နယ်သားများ ဖက်မှ ရပ်တည်ခဲ့ပေသည်။ သို့သော်လည်း ၎င်းတို့ အရေးရှုံးနိမ့်၍ နောက်ဆုံးတွင် ဆာရာဝါက်ပြည်နယ်သည် မလေးရှားနိုင်ငံ၏ အစိတ်အပိုင်း ဖြစ်သွားပေသည်။

ပင့်ပတ္တွ်လုပ်ငန်းဌာနနှင့် အဆက်အသွယ် ပြုလုပ်ချိန်တွင် မစ္စတာ အန်ထော်နီ ဘရွတ်ခ်စ်သည် လန်ဒန်မြို့တွင် အခြေစိုက်သော ကမ္ဘာလှည့် ခရီးသည်တဦးဖြစ်နေပေသည်။ ကမ္ဘာပတ်၍ ခရီးသွားနေရာတွင် ဒေသန္တရ ဗဟုသုတ ရှာဖွေရန်သက်သက်ချည်းတော့ မဟုတ်ပေ။ အလွန်မြင့်မားသော ရည်ရွယ်ချက်ကြီးရှိပေသည်။ မစ္စတာ ဘရွတ်ခ်စ်သည်လည်း မစ္စတာ ဟစ်စလော့ပ် ကဲ့သို့ပင် ကမ္ဘာကြီးအား ကယ်တင်လိုသူ ပုဂ္ဂိုလ်တဦး ဖြစ်လေသည်။

ဤအနုမြူခေတ်ကြီးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးရစေရန်၊ အစိုးရအဖွဲ့ချင်း စေ့စပ်ဆွေးနွေးနေယုံဖြင့် မလုံလောက်တော့ပေ။ လူပုဂ္ဂိုလ်အသီးသီး ပါဝင်ဆောင်ရွက်ပေးကြရလိမ့်မည်ဟု မစ္စတာ အန်ထော်နီဘရွတ်ခ်စ်က ယုံကြည်ထားသည်။ လူသားများ၏ ကောင်းကျိုးလိုလားသူ၊ ကမ္ဘာကြီး ချေမ်းလိုသူ၊ စိတ်သဘောတူ ပုဂ္ဂိုလ်အချင်းချင်း၊ တဦးစီသော်၎င်း၊ အဖွဲ့အစည်းအလိုက်သော်၎င်း ပူးပေါင်းကြိုးပမ်းကြရန် လိုသည်ဟု ယူဆသည်။ စစ်အေးအခြေအနေမှ ကမ္ဘာကြီးအား ဟုံးဟုံးတောက်လောင်စေမည့် စစ်မီးကြီးအဆင့်သို့ ကူးပြောင်းမသွားစေရန် လူများ၏ အတွေးအခေါ် ပြောင်းလဲပစ်ရမည်။ ခံယူချက်ပြောင်းလဲကြရမည်။ လိုအပ်လျှင် အကြမ်းမဖက်သော တော်လှန်ရေးလုပ်ဆောင်မှုများ လုပ်ကြရမည်ဟု သူကဆိုသည်။

ဤခံယူချက်များဖြင့် "ကမ္ဘာ့ လူသားများ ကွန်ဖရင့်" ကြီးတရပ်ကို ၁၉၆၀ ခု၊ မေလတွင် ဆွစ်ဇာလံပြည်၊ ဂျီနီဗာမြို့၌ မစ္စတာ ဘရွတ်ခ်စ်က ဖိတ်ကြား ကျင်းပခဲ့လေသည်။ တိုက်ကြီး (၅)တိုက်မှ အစိုးရများနှင့် မပတ်သက်

သည့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယောကျ်ား၊ မိန်းမများစွာ တက်ရောက်ခဲ့ကြသည်။ မျက်မှောက်ကမ္ဘာလောကတွင် တွေ့ကြုံနေရသော ပြဿနာအရပ်ရပ်ကို လူမျိုးတမျိုး၊ နိုင်ငံတနိုင်ငံ အမြင်မျိုးဖြင့် မကြည့်ဘဲ၊ ကမ္ဘာ့လူသား မိသားစုတခုလုံး အကျိုးကျေးဇူး ဖြစ်မြောက်ရေး ရှုဒေါင့်မှကြည့်ရှု၍ ဖြေရှင်းရန် နည်းလမ်းများ ရှာဖွေခဲ့ကြသည်။ ဆွေးနွေးခဲ့ကြသည်။

ဤကွန်ဖရင့်အပြီးတွင် မစ္စတာ ဘရွတ်ခ်စ်သည် ကမ္ဘာ့အရပ်ရပ်သို့ ခရီးထွက်ခဲ့သည်။ ဥရောပတိုက်တွင် ရုရှ၊ ဟန်ဂေရီ၊ ပိုလံ၊ ချက်ကိုစလားဗီးယား၊ စကန်ဒီနေးဗီးယား နိုင်ငံများသို့ ရောက်ခဲ့သည်။ ရုရှနိုင်ငံတွင် ဘာသာရေးဆိုင်ရာ ဘုရားရှိခိုးကျောင်းများတွင် ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံ၊ မြန်မာပြည်၊ တရုတ်ပြည်သူ့သမတနိုင်ငံများသို့လည်း ရောက်ခဲ့ပြီးဖြစ်သည်။ ပဏ္ဍိတ်နေရူး၊ ဦးနု၊ ချောင်အင်လေးစသော နိုင်ငံခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးခဲ့ပေသည်။

၁၉၆၁ ခု၊ နှိဝင်ဘာလတွင် အထက်ပါ အကြောင်းအရာများ ဖော်ပြ၍ ဆရာကြီးထံ စာတစောင်ရေးသားလိုက်သည်။ ထိုစာတွင် ၎င်း၏ ဆောင်ရွက်ဆဲ လုပ်ငန်းများ အောင်မြင်စေရန်၊ မိမိကိုယ်တွင်း နက်ရှိုင်းစွာကိန်းအောင်းနေသော စိတ်နှင့် ထိတွေ့ရန်လိုကြောင်း သဘောပေါက်ပါသည်ဟု ဆိုသည်။ ဤသို့ မိမိ၏စိတ်ကို ဖော်ထုတ်၍ သန့်စင်စေရန်၊ ကြည်လင်စေရန် ကမ္မဋ္ဌာန်းလုပ်ငန်းတည်းဟူသော စိတ်လေ့ကျင့်ရေး၊ စိတ်ထိမ်းသိမ်းရေး လုပ်လိုပါ၍ ဆရာကြီးထံမှောက် လာရောက်ခွင့် ပြုပါမည့်အကြောင်း တောင်းပန်လိုက်ခြင်း ဖြစ်ပေသည်။ လော့စ်အိန်ဂျယ်မြို့မှ မိတ်ဆွေတဦးက ပြောကြားသဖြင့် ဤ တရားဌာနအကြောင်း သိရပါသည်ဟု ဆိုသည်။

ဆရာကြီး၏ ခွင့်ပြုချက်အရ (၁၉၆၁) ခု၊ မတ်လ ၂၂ ရက် နေ့တွင် မစ္စတာဘရွတ်သည် ဩစတြေးလီးယား နိုင်ငံမှအပြန် စေတီရိပ်သာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။ ရောက်သည့်ညတွင်ပင် ဆရာကြီးနှင့် အနည်းငယ်ဆွေးနွေးပြီး တရားခံယူသည်။ ဧပြီလ ၁၆ ရက်၊ သင်္ကြန်အခါလွန်မှ တရားထွက်သဖြင့် တလနီးပါး တရားအားထုတ်ခွင့် ရသွားသည်။ အခါကြီးရက်ကြီးများတွင် မြန်မာဗုဒ္ဓဘာသာတို့ ဗုဒ္ဓဘာသာစစ်စစ် ကုသိုလ်ရေးလုပ်ငန်းများ ဆောင်ရွက်ပုံကို မစ္စတာဘရွတ်ခ်စ် မျက်မြင်တွေ့သွားရသည်။

မစ္စတာဘာရှတ်ခ်ိစ် ရောက်လာချိန်တွင်၊ ကျွန်တော်သည် မိသားစုနှင့် စေတီတွင် ဒုတိယအကြိမ် တရားထိုင်ဆဲ အချိန်ဖြစ်၍ ၎င်းအား ကောင်းစွာ သိလိုက်ရသည်။ မစ္စတာဟိုးဗားနှင့် လုံးဝမတူ ကွဲပြားခြားနားပုံမှာ သိသာလှသည်။ အရပ်ထောင်ထောင် မောင်းမောင်း၊ ဥပဓိရုပ်ကောင်းသည်။ စကားပြောကောင်းသည်။ မစ္စတာဟိုးဗားကလူအများကိုရှောင်းကွင်းတတ်သလောက် စကားနည်းသလောက်၊ မစ္စတာဘာရှတ်စ်ခ်ိက လူစုစု ဝေးဝေးတွင် စကားပြောရန် ဆွေးနွေးရန် ခုံမင်သည်။ ဒဿဏိကဗေဒ၊ စိတ္တဗေဒ ဘာသာရပ်များ လေ့လာထားဟန်ရှိသည်။ အနည်းဆုံး ၎င်းဘာသာရပ်များဆိုင်ရာ စာအုပ်အတော်များများ ဖတ်ဘူးပုံရသည်။ "မှတ်ဉာဏ်ဆိုတာဘာလဲ" "အိပ်မက်များ မည်သို့ဖြစ်ပေါ်သလဲ" "နောက်ဘဝဖြစ်ပုံကို ဘယ်လိုရှင်းပြမလဲ" စသော အကြောင်းအရာများကို လွန်စွာဆွေးနွေးလိုသည်။

တရားဌာနမှ ထွက်ခွာမသွားမီ ၎င်းရေးသားခဲ့သော မှတ်တမ်းအရ၊ မစ္စတာဘာရှတ်ခ်ိစ်သည် တရားသဘောကို အတော်အတန် သိရှိသွားခဲ့ပေသည်။ သူတပါးအကျိုး ဆောင်ရွက်လိုသူ၊ကမ္ဘာတဝှမ်း ချမ်းစေလိုသူသည် မိမိကိုယ်တိုင် စင်ကြယ်မှု၊ ချမ်းမှုရရှိထားသူဖြစ်ရမည့်အကြောင်း၊ မိမိကိုယ်တိုင်မပြည့်ဝဘဲနှင့် သူတပါးအား ကူညီနိုင်မည် မဟုတ်သည်ကို သဘောပေါက်၍ ဤကမ္မဌာန်းဌာနသို့ တရားလာရှာရကြောင်းများ ဖော်ပြခဲ့သည်။

ဆရာကြီး၏ မမောနိုင် မပန်းနိုင် ကြိုးပမ်းပြသမှုကြောင့် ရက်အနည်းငယ်အတွင်း၌ပင် "ကိုယ်တွင်းအဲင်အား" အကြောင်းကို ကိုယ်တွေ့ သဘောပေါက်လာကြောင်း၊ ၎င်း "ကိုယ်တွင်းအင်အား" အကြောင်းကို ဘာသာရေးဆရာအများ ပြောဟောကြသော်သည်း သဘောပေါက် နားလည်အောင် ကူညီပြသမပေးနိုင်ကြောင်း ယခုမှ ထိထိမိမိသိရှိရသဖြင့် ဆရာကြီးအား ကျေးဇူးတင်ရှိလှကြောင်း၊စသဖြင့် မှတ်တမ်းတင်ခဲ့ပေသည်။ "ကိုယ်တွင်းအင်အား" ဆိုသည်မှာလည်း သဘာဝတရားသာဖြစ်၍ လူ၏ ရုပ်၊ နာမ်တွင် ဖြစ်ပျက်နေသော သဘောတရားများကို သတိမြဲစွာသိရှိနေရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း ကောင်းစွာယုံကြည်သွားပါပြီဟုလည်း ဆိုခဲ့ပေသည်။

ဆရာကြီး၏ သန့်စင်သော မေတ္တာ၊ ဆရာမနှင့်တကွ ဓမ္မမိတ်ဆွေ အပေါင်း၏ စေတနာများကြောင့် အနိစ္စသဘောတရားများကို သိရှိရကြောင်း၊ ထိသိရမှုကို တသက်ပတ်လုံး စောင့်ထိန်းထားရန် အဓိဌာန်ဖြင့် စေတီမှခွဲခွာ

သွားကြောင်း၊ တတ်နိုင်သမျှ အမြန်ဆုံး ပြန်လာဦးမည် ဖြစ်ကြောင်း များလည်း ရေးထားခဲ့သည်။

မစ္စတာအန်ထော်နီဘရွတ်ခ်စ်နှင့် စေတီတွင် ကိုယ်တိုင် တွေ့သိ လိုက်ရသည်။ ဆွေးနွေးခွင့်ရလိုက်သည်။ ၎င်း၏ ရည်ရွယ်ချက် မျှော်မှန်းချက်များနှင့် မှန်မြတ်သောစိတ်ထားတို့မှာ ချီးမွမ်းဘွယ်ရာပင် ဖြစ်သည်။ သို့ရာတွင် ကျွန်တော်၏ ဉာဏ်အမြင်ရှိသလောက် စဉ်းစားကြည့်ရာတွင် ၎င်း၏ ရည်ရွယ်ချက် ရည်မှန်းချက်များ အောင်မြင်နိုင်ဘွယ်ရာမရှိပါ။

ကမ္ဘာတဝှမ်းတွင် လူထူးလူဆန်းများ ပေါများပါပေ၏။ လွန်စွာကြွယ်ဝချမ်းသာသော တိုင်းနိုင်ငံများတွင် ယင်းလူစားမျိုး သာလွန်ပေါများပေ၏။ မိဘ အမွေအနှစ်များ ဆက်ခံရသဖြင့် အသက်မွေးဝမ်းကြောင်းအတွက် မပူပင်ရသူများဖြစ်၏။ ၎င်းတို့သည် ငွေကြေးချမ်းသာလှ၏။ ခေတ်ပညာ တတ်ကြ၏။ လောက စည်းစိမ်အမျိုးစုံခံစား‌ကြ၏။ အသတ် မွေးဝမ်း ကြောင်းအတွက် အလုပ်အကိုင်လုပ်စရာမလိုကြ။ ထို့ကြောင့် ၎င်းတို့၌ အချိန်ပိုများစွာရှိနေ၏။ အသိဉာဏ်ရှိသော သူများဖြစ်၍လည်း ယင်းအချိန်များကို အလဟဿဖြုန်းသုံးမပြစ်လိုကြပေ။ ထို့ကြောင့် အများကောင်းကျိုး၊ မြို့ရွာကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုး၊ ကမ္ဘာ့ကောင်းကျိုး စသည့်လုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်လာကြသည်။ ဥပမာ အမေရိကန်ပြည်မှ ကယ်နေဒီမိသားစုများဖြစ်၏။ ကယ်နေဒီ ညီအစ်ကိုတို့၌ အချိန်ပိုများစွာ ရှိနေသည်။ ထိုအချိန်ပိုများကို တိုင်းပြည်အတွက် အသုံးချမည်ဟုယူဆ၍ လွှတ်တော်အမတ်များလုပ်ကြ၏။ သမ္မတရာထူးယှဉ်ပြိုင်လုကြ၏။ ဤသို့လုပ်ဆောင်ရာ၌ အများအကျိုးတိုင်းပြည်အကျိုးဟုဆိုသော်လည်း မိမိ၏ကိုယ်ကျိုးအတွက် ဖြစ်နေသည်မှာ ထင်ရှား၏။ ငါတည်းဟူသော မာနမှာလည်း ပေါ်လွင်နေ၏။ မိမိ၏ကိုယ်ကျိုးအတွက် ငွေကြေးဥစ္စာဂုဏ်ထူး၊ရာထူး မက်မောစရာမလို ဆိုသည့်တိုင်အောင် ထင်ပေါ်ကျော်ကြားမှု၊ ထူးချွန်သော ခေါင်းဆောင်ကြီးအဖြစ် အသိအမှတ်ခံရမှုစသည်တို့ကို လိုလားကြသည်မှာ အမှန်ဖြစ်၏။ မိမိမာန တရားကို အကောင်အထည် ဖော်ထုတ်ခြင်းသာဖြစ်သည်။

မစ္စတာအန်ထော်နီဘရွတ်ခ်စ် ကဲ့သို့ ပုဂ္ဂိုလ်များသည်လည်း ပညာတတ်ချမ်းသာ ကြွယ်ဝသော လူတန်းစားဖြစ်သည်။ ကမ္ဘာအရပ်ရပ် လှည့်လည်သွားနေနိုင်ကြသည်။ ထိပ်တန်းရာထူးရှိ ပုဂ္ဂိုလ်အပေါင်းမှအစ နိုင်ငံ ခေါင်းဆောင်

များအား တွေ့နိုင်ခွင့် ဝင်နိုင်ခွင့်ရသူများဖြစ်သည်။ ၎င်းတို့တွင်လည်း အချိန်ပို များစွာရှိနေကြသည်။ ထိုအချိန်ပိုများကို လူသားတို့ကောင်းမှုအတွက် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် မှန်မြတ်လောလုပ်ငန်းများကို ဆောင်ရွက် လိုစိတ်ဖြစ်ပေါ်လာကြသည်။ ဖြစ်ပေါ်လာသည့် အတိုင်းသည်း ဆောင်ရွက်နေကြသည်။

ဤသို့ဆောင်ရွက်ရာ၌ အခြေခံမာနသဘောတရားကား မပေါ်လွင်လှပေ။ လှယ်လှယ်ကူကူမမြင်နိုင်ပေ။ မိမိကိုယ် မိမိလှည့်စားသလိုဖြစ်နေကြသည်။ အမှန်စင်စစ် သူက သမ္မတဖြစ်လျှင်၊ သူက နန်းရင်းဝန်ဖြစ်လျှင်၊ ငါက ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်ပေးနေသော ကမ္ဘာ့ခေါင်းဆောင်ကြီး ဖြစ်ရမည်ဟူသော မိမိ၏ မာနက လှုံ့ဆော်နေခြင်း ဖြစ်သည်ကို မိမိတို့ကိုယ်တိုင်ပင် မရိပ်မိကြပေ။ ထို့ကြောင့်ပင်ကိုယ်အခြေခံမှုမမှန်သဖြင့် ၎င်းတို့လုပ်ငန်းအောင်မြင်နိုင်မည်မဟုတ်ဟု ထင်မြင်ရခြင်းဖြစ်သည်။

၎င်းတို့၏ ရည်ရွယ်ချက်အတွက် ဆောင်ရွက်ပုံ ဆောင်ရွက် နည်းကိုလည်းကြည့်ပါဦး၊ လုပ်ငန်းစတင်ကတည်းက တကမ္ဘာလုံးဆိုင်ရာ ကွန်ဖရင့်ကြီးခေါ်ခြင်း၊ အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ရုံပုံငွေရှာခြင်း၊ တိုင်းနိုင်ငံအသီးသီး မြို့ကြီး ပြကြီးများတွင် အဖွဲ့ခွဲများ ဖွင့်လှစ်ခြင်း၊ ကိုယ်စား လှယ်များ ခန့်ထားခြင်း စသော စည်းရုံးမှု၊ ဖွဲ့စည်းမှု၊ အုပ်ချုပ်မှု စသည့် လုပ်ငန်းစဉ်များ ပါဝင်နေသည်။ ဤလုပ်ငန်းကြီးများလုပ်ကိုင်စဉ် ပြဿနာ အရပ်ရပ်ဆက်စပ်၍ ဖြစ်ပေါ်လာပေဦးမည်။ ဤပြဿနာများ ဖြေရှင်း နေရသည်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ သတ္တဝါအများ ကောင်းစားရေး ပန်းတိုင်ကြီးသို့ ရောက်နိုင်ဦးမည် မဟုတ်ချေ။

ထို့ကြောင့် စိတ်နှလုံးထားကောင်းမွန်သော၊ ရည်ရွယ်ချက်ကောင်းရှိသော မစ္စတာ ဟစ်စလော့ပ်၊ မစ္စတာ အန်ထော်နီဘရွတ်ခ်ိစ်ကဲ့သို့ ပုဂ္ဂိုလ်များက၊ ကမ္ဘာကြီးကို ကယ်တင်လိုသော ၎င်းတို့၏စိတ်ဆန္ဒနှင့် လုပ်ငန်းစဉ်များကို ဖော်ပြ ပြောဆိုလာတိုင်း ဆရာကြီးက ပြုံးပြုံးကလေးဖြင့် နားထောင်နေလေ့ရှိသည်။ ၎င်းတို့အား မည်သို့မျှ ဝေဖန်ပြောဆိုခြင်း မပြုချေ။ မိမိကိုယ်မိမိ တရားပြည့်ဝရန် အစဉ့်သဖြင့် ကြိုးစားနေပါ ဟူ၍သာ ပြောလေ့ရှိသည်။

မစ္စတာ အန်ထော်နီဘရွတ်ခ်ိစ် သည် စာရေးကောင်း၊ အပြောကောင်းသူ တဦး ဖြစ်သည်။ စေတီသို့ အမြန်ဆုံး ပြန်လာပါဦးမည် ဟု မှတ်တမ်း၌ ရေး

သွားတားခဲ့သည်။ သို့ရာတွင် ယနေ့တိုင် တခေါက်မျှ ပြန်မရောက်လာတော့ချေ။ စာအဆက်အသွယ်ပင် တခါတရံမျှလုပ်သည်ဟု အထောက်အထားမတွေ့ရတော့ချေ။ ၎င်း၏ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းကြီးမှာလည်း လေထဲတွင် လွင့်ပျောက်၍ လေအဖြစ်ဖြင့်သာ အဆုံးသတ်သွားပြီဟု ခန့်မှန်းရတော့သည်။

## တက္ကသိုလ်ပညာရှင်နှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးများ။

## (က) ဒေါက်တာဝင်စတန်ကင်းနှင့် မစ်စ်ကင်း

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိဌာနသို့ လာရောက်၍ ဗုဒ္ဓတရား လက်တွေ့လုပ်ငန်းများ လုပ်ဆောင်သွားကြသော တတိယအမျိုးအစား ပုဂ္ဂိုလ်များတွင် တက္ကသိုလ် အသီးသီးမှ ပါမောက္ခကြီးများနှင့် ခရစ်ယန်ဘာသာဝင် ဆိုင်ရာ ဘုန်းတော်ကြီးများ ဖြစ်ကြသည်။ အခန်း (၂)တွင် ဖော်ပြခဲ့သော ဒေါက်တာ နော်တင်ဂ်ဟန်နှင့် ဒေါက်တာ လီယွန်ရိုက်တို့သည် ယင်းကဲ့သို့ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ဤအခန်းတွင် အလားတူပုဂ္ဂိုလ် နှစ်ဦး သုံးဦးမျှ ဖော်ပြလိုသေးသည်။ တမျိုး ထူးခြား၍ စိတ်ဝင်စားဘွယ်ရှိသောကြောင့်ဖြစ်သည်။

ရှေးဦးစွာဖော်ပြလိုသည်မှာ ဒေါက်တာ ဝင်စတန်ကင်း ဆိုသူနှင့် ၎င်း၏ ဇနီး မစ္စစ်ကင်း တို့၏ အကြောင်းများ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် အနောက်တလွှားတွင် ဗုဒ္ဓဘာသာတရားတော်၌ စိတ်ဝင်စားသူ ပိုမိုများပြားလာကြောင်း၊ ဗုဒ္ဓဘာသာစပေ လေ့လာမှုများ တိုးတက်ပြုလုပ်လာကြကြောင်းများဖော်ပြခဲ့ပြီ။ဗုဒ္ဓဘာသာတွင် စိတ်ဝင်စားလာကြသည်မှာ အကြောင်းအမျိုးမျိုး ရှိသည်။ မိမိတို့၏ မိရိုးဖလာ ဘာသာ အယူဝါဒများ၌၎င်း၊ ထွန်းကားတိုးတက်လျက်ရှိသည့် သိပ္ပံပညာရပ်ကြီး၌၎င်း၊ ဆောက်တည် ကိုးကွယ်ရာ မရတော့သဖြင့် ဗုဒ္ဓဘာသာ၌ ကိုးကွယ်ရာ ရှာဖွေကြသူများ အများအပြားပင် ရှိသည်။ ယင်းသို့ ဗုဒ္ဓဘာသာတွင် စိတ်ဝင်စားမှု များပြားလာသည်နှင့်အမျှ အနောက်တိုင်းမှ ဘာသာရေးဆိုင်ရာခေါင်းဆောင်တို့သည် ထိတ်လန့်စိုးရိမ်လာကြသည်။ဗုဒ္ဓဘာသာတရားသည် လူအပေါင်းအား မည်သည့် အကြောင်းကြောင့် ဆွဲဆောင်နေသနည်း။ မည်မျှဆွဲဆောင်နိုင်စွမ်းရှိသနည်း။ ပင်လယ် ကမ်းခြေရပ်များတွင် ဒီလှိုင်းများ တရှိန်ထိုး၊ ထိုးတက်လာ၍ ပင်လယ်ရေ လွှမ်းမိုးသွား

သကဲ့သို့ ဗုဒ္ဓဘာသာသည် ၎င်းတို့၏ ဘာသာများကို တဟုန်ထိုး လွှမ်းမိုးသွားနိုင်သော အခြေအနေသို့ ရောက်သွားနိုင်ပါသလော။ စသည့် အချက်များကို ၎င်းတို့သိလိုကြသည်။ စိစစ်ချိန်ဆလိုကြသည်။ အကဲခတ်လိုကြသည်။

ဒေါက်တာကင်းသည် ဤကဲ့သို့ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓဘာသာအကြောင်းအရာစုံ လေ့လာရန် မြန်မာပြည်သို့ ၁၉၅၉ ခုနှစ်တွင် ရောက်လာ ခဲ့သည်။ ၎င်းသည် ခရစ်ယန်ဘာသာရေး ခေါင်းဆောင် ဘုန်းတော်ကြီးတပါးဖြစ်သည့်အပြင် ဘာသာရေးဆိုင်ရာ အဘိဓမ္မာနှင့် သမိုင်းပညာရပ်များကို ဂရင်းနယ်လ် တက္ကသိုလ်တွင် ပို့ချပေးနေသော ပါမောက္ခကြီးတဦးဖြစ်သည်။ ဘာသာရေးဆိုင်ရာ စာပေများကို ပြုစုနေသော ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။ ဖိုဒ်ဖေါင်ဒေးရှင်းထောက်ပံ့ငွေဖြင့် မြန်မာပြည်သို့ ရောက်လာရာတွင် ကမ္ဘာအေး ဗုဒ္ဓဘာသာစာပေဆိုင်ရာ လေ့လာရေး တက္ကသိုလ်တွင် အခြေပြု၍ ဗုဒ္ဓဘာသာအကြောင်းအရာများကို စေ့စပ်စုံလင်စွာ လေ့လာသွားခဲ့သည်။ မြန်မာပြည်သို့ မလာမီကပင် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ မည်သည့်ဌာနများတွင် မည်သည့် အကြောင်း အရာများ လေ့လာမည်။ မည်ကဲ့သို့ လေ့လာမည်။ မည်သည့် ဆရာတော် သံဃာတော်များ၊ မည်သည့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမည်၊ လေ့လာမည် စသည်ဖြင့် အသေးစိတ် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်တွင် ရနိုင်သမျှ အချိန်ကိုအသုံးပြု၍ ၎င်း၏ ရည်ရွယ်ချက်အောင်မြင်ရန် ဆောင်ရွက်သွားခဲ့သည်။ ၎င်းဗဟိုရုံပြုရာ ဗုဒ္ဓ တက္ကသိုလ်တွင်သာမက ရန်ကုန်တက္ကသိုလ် ပါဠိဌာနတွင်လည်း လေ့လာဆည်းပူးသွားသည်။ ၎င်းဌာနတွင် ဘာသာရေးများဆိုင်ရာ သမိုင်းနှင့် ဘာသာရေးအမျိုးမျိုးလေ့လာနှိုင်းယှဉ်ချက် စသည်တို့ကို ဟောပြောပို့ချသွားသည်။ ဆရာတော် ဦးသေဋ္ဌိလအစရှိသော ဆရာတော် သံဃာတော်မြတ်များထံသို့ ဆည်းကပ်၍လည်း ၎င်းသိလိုသမျှ ဗုဒ္ဓဘာသာအကြောင်းအရာများ နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းမေးမြန်းသွားသေးသည်။

ဤသို့စုံစမ်းလေ့လာရင်း ဗုဒ္ဓဘာသာတရား၏အဆီအနှစ်တကယ်သိလိုကလက်တွေ့လုပ်ဆောင်ရမည်ဟု အထပ်ထပ်ပြောကြသော သြဝါဒစကားများကို ကြားခဲ့ရလေသည်။ စာတွေ့အဖြစ် များစွာ ပြည့်စုံပြီ ဖြစ်သော ဒေါက်တာဝင်စတန်ကင်းသည် နောက်ဆုံးတွင် ဤသို့ပြောကြသော သြဝါဒစကားများအရ ဗုဒ္ဓဘာသာတရားတော်ကို လက်တွေ့ကျင့်သုံးခြင်း ဖြစ်သော ကမ္မဋ္ဌာန်းလုပ်ငန်းကို လုပ်ကိုင်ကြည့်ရန် ဆုံးဖြတ်လိုက်ဟန်တူသည်။ ထို့ကြောင့် ၎င်

သည် ဇနီးသည်နှင့်အတူ အင်ယားမြို့ရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိဌာနသို့ ရောက်ရှိလာသည်။ ဆရာကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် လက်တွေ့ သင်တန်းတက်ရန် ခွင့်တောင်းခံသည်။ ၁၉၅၉ ခု၊ နိုဝင်ဘာလအတွင်းတွင် ၎င်းတို့ဇနီးမောင်နှံ တရားတပတ်စတင်ထိုင်ကြသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၎င်းတို့သည် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကြသူများ မဟုတ်။ ခရစ်ယန်ဘာသာဝင်ဖြစ်သည့်အပြင် ဒေါက်တာကင်းမှာ ဘုန်းတော်ကြီးပင် ဖြစ်နေသေးသည်။ ကမ္မဋ္ဌာန်းတရား ထိုင်ရာတွင် မိမိမလုပ်ဖူးသော လုပ်ဆောင်မှုတရပ်ကို အတွေ့အကြုံရရှိရန်မျှသာ ရည်ရွယ်ရင်း ရှိသည်။ ဤသို့ မမှန်ကန်သောစိတ်ဓာတ်ဖြင့် အခြေခံရုံသာမဟုတ်သေး၊ တရားထိုင်စဉ်တလျှောက် တရားလုပ်ငန်းကို စဉ်းစားဆင်ခြင် ဝေဖန်နှိုင်းဆရင်း၊ အချိန်ကုန်လွန်ခဲ့သည်။ ရှေ့အခန်းတွင် ဖော်ပြခဲ့သော မစ္စတာ အန်ဒါဆင် ကဲ့သို့ပင် တွေးတော ကြံဆခြင်း၊ ဆင်ခြင်နှိုင်းဆခြင်း စသော ဉာဏ်ကစားရသည့် လုပ်ငန်းများ လုပ်ဆောင်နေသည်။ မိမိရေးသားမည့် စာအုပ်စာတမ်းများအတွက် အချက်အလက်များကို စဉ်းစား မှတ်သား၍သာအချိန် ကုန်လွန်ခဲ့သည်။ ဆရာကြီး ပြသပေးသည့် နည်းလမ်းအတိုင်း တွေ့မြင်သမျှကို စိတ်ဒိုးဒိုးချ၍ ရှုကြည့်မှု မလုပ်ခဲ့ပေ။ စိတ်နှစ်ခွနှင့် သံသယက ဦးဆောင်၍ ခုခံမှုပေးနေသည်။ ထို့ကြောင့် ကိုယ်တွင်း၌ သဘာဝအလျှောက် ဖြစ်ပျက် နေမှု များကို အပြည့်အစုံ ထိုးထွင်း၍ သိမြင်မသွားနိုင်ခဲ့ပေ။

အမေရိကန်သို့ ပြန်လည်ရောက်လျှင်ရောက်ခြင်း ၎င်း၏အတွေ့အကြုံများကို ချီကာဂိုတက္ကသိုလ်မှထုတ်ဝေသော ဘာသာရေးဆိုင်ရာ ဂျာနယ်တစောင်တွင် "မြန်မာပြည်၌ ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းလုပ်ငန်း အတွေ့အကြုံတရပ်" ခေါင်းစဉ်ဖြင့် စာတမ်းတစောင် ရေးသားလေသည်။ ထို့နောက် ဆက်လက်၍လည်း အောက်ပါ စာအုပ် သုံးအုပ်ကို ရေးသားထုတ်ဝေပြီး ဖြစ်လေသည်။ "ဗုဒ္ဓဘာသာနှင့် ခရစ်ယန်ဘာသာ" ခေါ် ရှေးဦး ရေးသားသောစာအုပ်တွင် ဗုဒ္ဓဘာသာ အယူအဆ သဘောတရားများနှင့် ခရစ်ယန်ဘာသာ အယူအဆ သဘောတရားများ၏ တူညီချက်၊ ခြားနားချက်များ ဖော်ပြရေးသားထားသည်။ ၎င်း စာအုပ် ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယန်ဘာသာအတွက် ပေါင်းကူး တံတားများ ဆောက်ပေးရန် ဖြစ်ပါသည်ဟု သိရသည်။

ဒေါက်တာကင်း ရေးသားသော ဒုတိယစာအုပ်မှာ "နိဗ္ဗာန်သို့ရည်မှန်းလျက်" အမည်ရှိ စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ဗုဒ္ဓဘာသာအကျင့်သီလ

ကို မူတည်၍ ရေးသားထားသော်လည်း မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓဘာသာမှုဆိုင်ရာ လုပ်ထုံး၊ လုပ်နည်း၊ အခမ်းအနားပွဲ သဘင် စသည်တို့ကို အပြည့်အစုံ ဖော်ပြထားသည်။ ဘာသာရေးနှင့် ယှဉ်စပ်လျက်ရှိသော လူမှုရေးရာကိစ္စများ၊ နိုင်ငံရေးရာ ကိစ္စများကိုလည်း ဖော်ပြထားသည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ထားရှိရန် ဆောင်ရွက်ခဲ့ပုံ များကိုလည်း ရေးသားထားသည်။ ကံအကြောင်း၊ ကံ၏ အကျိုးတရားများအကြောင်း၊ တမလွန်ဘဝအကြောင်း၊ နိဗ္ဗာန် အကြောင်းများကိုလည်း ရှည်ရှည်လျားလျား ဆွေးနွေးထားသည်။ စာအုပ်၏ နိဒါန်းတွင် အကြောင်းအရာ မှားယွင်းချက်၊ အယူအဆမှားယွင်းချက်များ ရှိနိုင်ပါသည်။ အချိန်တိုကာလအတွင်း လေ့လာရာ၌ ယင်းမှားယွင်းချက်များ မကင်းလွတ်နိုင်ကြောင်း ယုံကြည်ပါသည်။ သို့ရာတွင် ဤချို့ယွင်းချက်များမှာ တမင်သက်သက် ဗုဒ္ဓဘာသာတွင် ဟာကွက်ပြောက်ကွက်များကို ဖော်ထုတ်ဝေဖန်လို၍ ရေးသားခြင်း မဟုတ်ပါ။ အနောက်တိုင်း စာဖတ် ပရိသတ်နှင့် မိမိကိုယ်တိုင်အတွက်၊ ၎င်းတို့နားလည်သော အသုံးအနှုန်းစကားလုံးများဖြင့် ဗုဒ္ဓဘာသာတရားတော်ကို အဓိပ္ပာယ် ဖွင့်ထုတ် တင်ပြခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာမိတ်ဆွေများသည် မိမိနှင့် သဘောခြင်း မတိုက်ဆိုင်သည့်တိုင်အောင် စေတနာအရင်းခံကို သိရှိလိမ့်မည် ဟု မျှော်လင့်ကြောင်း စသဖြင့် ပြေပြေပြစ်ပြစ် ဖော်ပြထားသည်။ ဤသို့ရေးသားထားသည့်အတိုင်း အယူအဆ ကောက်ယူချက်မတူနိုင်စေကာမူ ဗုဒ္ဓဘာသာတရားအကြောင်း အတော်အတန်ပြည့်စုံစွာ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ကောင်းတအုပ်အဖြစ် တွေ့နိုင်ကြပေသည်။

ဒေါက်တာ ဝင်စတန်ကင်း၏ တတိယ စာအုပ်ကို (**A Thousand Lives Away**) ဟု အမည် ပေးထားသည်။ မျက်မှောက်ခေတ် ဗမာပြည်၌ ဗုဒ္ဓဘာသာ အခြေအနေ အကြောင်းအရာများကို ရေးသားထားသည်။ လက်ရှိ ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်း အခြေအနေများနှင့် အထက်ဆင့်၌ သုတ္တန်ဒေသနာတော်များ၊ အဘိဓမ္မာ ဒေသနာတော်များကို အပတ်တကုတ် လေ့လာကျိုးစားနေကြစဉ်၊ နိဗ္ဗာန်သို့ ရည်မှန်း၍ ဝိပဿနာကမ္မဋ္ဌာန်းများထိုင်နေကြစဉ်၊ အောက်ဆင့်၌ ဂိုဏ်းပေါင်းစုံများ၊ ဘုရားပွဲတော်များ၊ နတ်ကိုးကွယ်မှုများ စသည်တို့ရှိနေပုံကို စေ့စေ့စုံစုံတင်ပြထားသည်။ ဗုဒ္ဓဘာသာတရားတော်လာစာတွေနှင့် ဗုဒ္ဓဘာသာဝင်ဟု ခေါ်ဆိုသူတို့ လက်တွေ့လုပ်နေကြခြင်းများတွင် ကွာဟချက် ကြီးမားနေကြောင်းကိုလည်း ထောက်ပြထားသည်။ မြန်မာပြည်တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မျက်မှောက်အခြေအနေ အပြည့်အစုံကို

စေ့စေ့စပ်စပ်လေ့လာထားသော အသိဥာဏ်ရှင်၊ နိုင်ငံခြားသားတဦး၏ အမြင်များဖြစ်ပေသည်။ မြန်မာဗုဒ္ဓဘာသာတို့ သိရှိဆင်ခြင်စရာ အချက်ပေါင်းများစွာပါရှိသည်ကို တွေ့ရသည်။

ယင်းစာအုပ်နောက်ဆက်တွဲအဖြစ် ချီကာဂို တက္ကသိုလ်မှ ဘာသာရေးဂျာနယ်တွင် ရေးသားခဲ့သော "မြန်မာပြည်၌ ကမ္မဋ္ဌာန်းလုပ်ငန်း အတွေ့အကြုံတရပ်" စာတန်းကို ထည့်သွင်းဖော်ပြထားသည်။ ဤစာတမ်းတွင်အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာန၌ ဒေါက်တာ ဝင်စတန်ကင်း ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း အကြောင်းနှင့် ၎င်း၏ ကိုယ်တွေ့သိရှိသွားပုံ အကြောင်းများအပြည့်အစုံ ရေးသားထားသည်။ စမ်းသပ်ချက် တွေ့ရှိရချက်နှင့် ကောက်နုတ်ချက် ချချက်အဆင့်သုံးဆင့်ပါ၊ သိပ္ပံနည်းစံနစ်အရ ရေးထားသော စာတမ်းဖြစ်သည်။

ဓမ္မရောင်ခြည် စေတီတွင် တရားကမ္မဋ္ဌာန်းထိုင်သွားပြီးနောက် ဗုဒ္ဓဘာသာရေးရာများနှင့် ပတ်သက်၍ ၎င်း၌ မည်သို့ပင် အယူအဆ ရှိစေကာမူ ဒေါက်တာကင်းသည် မှန်မြတ်သော စိတ်ထားရှိသူတဦးဖြစ်ပေသည်။ ၎င်းအားတရားပြပေးလိုက်သော ဆရာကြီးကိုလည်း ယနေ့တိုင် လေးစား ကြည်ညိုလျက်ရှိပေသေးသည်။ ဆရာကြီးအပေါ် ၎င်းမည်သို့ အမြင်ရှိသည်။ မည်သို့ယူဆသည်တို့ကို အထူးထုတ် မဟာဗောဓိ ဂျာနယ်တွင် ၎င်းရေးသား ဂုဏ်ပြုလိုက်သော စာတမ်း၌ အောက်ပါအကြောင်းအရာများကို ဖော်ပြထားပေသည်။

"လူပုဂ္ဂိုလ် တဦးအနေဖြင့် ဦးဘခင်နှင့်ပတ်သက်၍ နောက်ကြောင်းပြန်ကာ အနည်းငယ်ပြောလိုက်ပါသည်။ ဦးဘခင်ဟုဆိုလျှင် ၎င်းနှင့်ပတ်သက်၍ မဖော်ပြလျှင် မပြည့်စုံနိုင်သော ထူးခြားသည့် ဂုဏ်ထူးဝိသေသ ၂ ရပ်ထင်ရှားစွာပေါ်လွင်လျက်ရှိပါသည်။ ၎င်းတို့မှာ ဦးဘခင်သည် မြန်မာပီသသူဖြစ်ခြင်းနှင့် ဗုဒ္ဓဘာသာဝင် အစစ်အမှန်ဖြစ်ခြင်းများ ဖြစ်ပေသည်။

မြန်မာ ပီသရာ၌ ဦးဘခင်သည် မြန်မာနိုင်ငံကို ချစ်မြတ် နိုးလျက် မြန်မာပြည်၌ မွေးဖွား ရခြင်းကို ကြေနပ် နှစ်သိမ့်မှု ရှိခြင်း ဖြစ်သည်။ မိမိနိုင်ငံကို မြတ်နိုးရာတွင် အခြားနိုင်ငံ အခြား လူမျိုးနှင့် ၎င်းတို့၏ ယဉ်ကျေးမှုများကို အထင်သေးခြင်း၊ အဖက်မတန်ဟူသော သဘောမျိုးထားခြင်း မရှိပေ။ ကံအကျိုး ပေးအတိုင်း မြန်မာပြည်၌ မွေးဖွား လာရ၍ မြန်မာလူမျိုး ဖြစ်ရသည်ကို လိုလိုလားလား ရှင်ရှင်ပြပြ ကြေနပ်နေမှုသဘောသာ ဖြစ်ပေသည်။

''ဤအကြောင်းနှင့်ပတ်သက်၍ တကြိမ်က အင်္ဂလန်ပြည်သို့ (ပထမဆုံးနှင့် နောက်ဆုံးအကြိမ်) အစိုးရတာဝန်ဖြင့် သွားရခါနီးတွင် ၎င်းပြောပုံကလေးကို မှတ်မိနေသေးသည်။ ''အင်္ဂလန်ကို ပထမဆုံးအကြိမ် သွားရောက်ရမှာမို့ စိတ်လှုပ်လှုပ်ရှားရှား မရှိဘူးလားလို့ ကျုပ်ကို မေးကြတယ်။ ကျုပ်တို့ဗမာပြည်မှာ သိရတဲ့ (၁၁) ဘုံထက် အင်္ဂလန်က ဘာများ ပိုပြီး အံ့ဩစရာ ကောင်းလို့လဲ'' ဟု ဦးဘခင်က ပြောပြဘူးသည်။ ဤသို့ ဦးဘခင်သည် အင်္ဂလန်ကို မနှစ်မြို့သည့် သဘောဖြင့် ပြောဆိုခြင်းလည်းမဟုတ်၊ မြန်မာနိုင်ငံသည် လူ့ဘုံတွင် ထိပ်တန်းနေရာယူထားသော နိုင်ငံဖြစ်သည် ဟုလည်း ဆိုခြင်းမဟုတ်။ မြန်မာပြည် မြန်မာလူမျိုးတို့သာလျှင် အဖက်ဖက်မှ ပြည့်စုံ ကောင်းမွန်လှသည်ဟု ဆိုလိုခြင်းလည်း မဟုတ်ပေ။ ၎င်း၏ ဆိုလိုရင်းမှာ ဗုဒ္ဓတရားတော်မြတ် ထွန်းကားရာ မြန်မာနိုင်ငံတွင် မွေးဖွား၍ ဗုဒ္ဓတရားတော်မြတ်ကို လေ့လာနိုင်သော အခွင့်အရေး ရရှိသည့် နိုင်ငံသား ဖြစ်ရခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက် ခြင်းသာ ဖြစ်သည် ဟု ဆိုလိုပေသည်။

ဤသည်ပင်လျှင် ဦးဘခင်အား ဗုဒ္ဓဘာသာ နှစ်နှစ်ကာကာ ပီသလှသော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဖော်ထုတ်ချီးကျူးရန်အချက် ဖြစ်ပေသည်။ ဦးဘခင်အား ခေတ္တခဏ သာမန်မျှသာမဟုတ်ဘဲ နီးနီးကပ်ကပ် တွေ့ဘူး မြင်ဘူးသူမှန်လျှင် ဦးဘခင်၏ အတွေးအခေါ်၊ မိန့်ဟချက်နှင့် လက်တွေ့လုပ်ငန်း ဟူသမျှတို့တွင် ဗုဒ္ဓတရားကို မဏ္ဍိုင်ပြုလျက်ရှိကြောင်း ယုံမှားကင်းကြပေလိမ့်မည်။ ထိုမျှသာမက နိုင်ငံအစိုးရနှင့် ပြည်သူလူထုအပေါ်တွင် သစ္စာရှိရှိ တာဝန် သိသိဖြင့်၊ နိုင်ငံရေးပရောဂ ကင်းရှင်းစွာ ငွေစာရင်းမင်းကြီးအဖြစ်နှင့် အမှုထမ်းရွက်လာပုံ၊ မိမိရုံးခန်း၌ ကမ္မဋ္ဌာန်းအားထုတ်မှုများ ပြုလုပ်စေခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုးတက်အောင်မြင်ခဲ့ပုံ၊ ကမ္မဋ္ဌာန်း စည်းမျဉ်းကို ရာသက်ပန် လိုက်နာကျင့်ကြံပုံတို့နှင့် စေတီရိပ်သာတွင် ကမ္မဋ္ဌာန်းတရား ပြသပေးနေပုံတို့ကို စဉ်းစားပါလျှင် ဦးဘခင်၏ ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်မှု လေးနက်စစ်မှန်ခြင်းမှာ အထူး ထင်လင်းလာပေတော့သည်။ လူဝတ်ကြောင်မျှသာ ဖြစ်စေကာမူ ဦးဘခင်၏ အဇ္ဈတ္တသန္တာန်၌ ဗုဒ္ဓဘာသာ၏ တရားစစ်တရားမှန်သည် နက်ရှိုင်းစွာ ထိုးထွင်းဝင်ရောက် ကိန်းဝပ်တည်နေဘိသကဲ့သို့ ဦးဘခင်ကလည်း ဗုဒ္ဓဘာသာတရားတော်၌ ၎င်း၏ကိုယ်ကို နက်ရှိုင်းစွာ မြှုတ်နှံ့ထားလျက် ရှိပေသည်။

သို့စဉ်လျက် ကိုးကွယ်သည့် ဘာသာတရားတို့၌ ပြင်းပြင်းထန်ထန် သဒ္ဓါထက်သန်သည့် အချို့သူများတွင် ကြုံတွေ့ရတတ်သော ဆတ်ဆတ်ထိ မခံခြင်းမှု

မျိုး၊ တယူသန်စိတ်မျိုးကား ဦးဘခင်၏သဏ္ဌာန်၌ မထင်ချေ။ အကြောင်းမူကား–ဦးဘခင်သည် ဗုဒ္ဓဘာသာ ပီသရုံသာမကသေး၊ ရှင်ကြည်သော သဘောထား ရှိသည့် လူသားစိတ် အစစ်အမှန်ထားရှိသော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပေသည်။ ဦးဘခင်သည် သူ၏ ကမ္ဘဌာန်းဌာနတွင် စိုက်ပျိုးထားသော နှင်းဆီပင်များကို အမြတ်တနိုး ရှိလှသည်။ သူ ပျိုးထောင်ထားသည့် လင်းလွန်းပင်ပျိုကလေးအားလည်း ချမ်းမြေ့ရှင်လန်းစွာ ဏ်ပလျက် အရိပ်တကြည့်ကြည့်နှင့်စောင့်ရှောက်နေခဲ့ပေသည်။ လူအများအပေါ် ဂရုဏာထားရာဝယ်၊ ဆူကြုံနိမ့် မြင့် မရွေးသော်လည်း လူ့သဘောထားကို သိနိုင်သည့်စွမ်းရည် သေးလှသူမဟုတ်ပါ။ စရိုက်သဘာဝကို ခွဲခြားသိမြင်နိုင်စွမ်းရှိသဖြင့် လူတဦးတယောက်၏အရည်အသွေးကို ဆန္ဒာဂတိမလိုက်၊ ဘယာဂတိ လိုက်ဘဲ အကဲဖြတ်တတ်၏။ သူတပါး ဆွဲဆောင်ရာသို့လည်း မပါတတ်၊ တပါးသူအပေါ် ပြစ်ပြစ်ခါခါလည်း သဘောမထားတတ်ပေ။

ဦးဘခင် ဟောပြောသော ပုံဝတ္ထုများစွာကို ကြားသိ ရခြင်းမှာလည်း ကျွန်ုပ်အဘို့ အံ့သြဘွယ် အတွေ့အကြုံတရပ်ဖြစ်ခဲ့ပေသည်။ ဦးဘခင်သည် စိတ်ပါလက်ပါနှင့် ရယ်သွမ်းသွေးလျက် ပြောတတ်၏။ သို့သော် အတွေ့အကြုံ ရင့်ကျက်လှသူဖြစ်သဖြင့် သူ၏ ရယ်ရှင်ဘွယ်စကားရပ်များမှာ အပြစ်အနာအဆာကင်းလျက် တည်ငြိမ်နက်နဲသော ထင်မြင်ယုံကြည်ချက်ဖြင့် ဟောပြော ခြင်းများဖြစ်ပေသည်။ ကမ္ဘဌာန်းဆရာတဆူ စစ်မှန်စွာ ဖြစ်လာခြင်းသည် ယင်းသို့သော အတွေ့အကြုံ ရင့်ကျက်မှုများ၏ ရလဒ်ပင်ဖြစ်ပေသည်။ ဦးဘခင်သည် တရားပြသူ ဆရာတဆူဖြစ်လာရေးအတွက် လူတို့ ရှုတ်တရက် အထင်ကြီးစေမည့် လုပ်ရပ်မျိုးကို မလုပ်ခဲ့ပေ။ လုပ်စရာမလိုခဲ့ပေ။ ဦးဘခင်၏ တရားပြပုံနည်းလမ်းများတွင် ကြင်နာတရားပါဝင်သည်။ အပင်ပန်းခံ၍ ဂရုတစိုက်ရှိသည်။ တရားပြရာ၌ တရားသေ သဘောမထားဘဲ၊ လူပုဂ္ဂိုလ်စရိုက်အရ၊ လိုက်လျောပေးပေသည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေးခင်မင်မှု၊ အားနာမှုတို့ကို အကြောင်းပြု၍ သက်သာလွယ်ကူစေမည့် လျှော့ပေါ့မှုများကို ခွင့်မပြုပေ။ ဤသို့ဖြင့် ဦးဘခင်၏ဂုဏ်ပုဒ်များကို ယခုပြန်လည်စဉ်းစားကြည့်ရာ၌ ဦးဘခင်သည် အမြော်အမြင်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ ကမ္ဘာအမြင်ဖြင့် မြင်ရသော မြင့်မြတ်သောလူသားတယောက်ဖြစ်နေကြောင်း တွေ့ရပေသည်။ ထို့ကြောင့် ဦးဘခင်သည် မြန်မာပီသသော ပုဂ္ဂိုလ်ကြီး၊ ဗုဒ္ဓဘာသာဝင် အစစ်အမှန် ပုဂ္ဂိုလ်ကြီး၊ ကြင်နာ တရားဖက်သည့် လူသားစိတ်ရှိသူ ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ဤဂုဏ်ပုဒ်များကို ဦးဘခင်

သည် အခက်အခဲမရှိ၊ ရှုပ်ထွေးခြင်းမရှိ၊ ဟန်ဆောင်မှုကင်းစွာ သက်သက်သာ သာပင်ခံယူထားနိုင်သူ ပုပ္ပိုလ်ကြီးဖြစ်ပါပေသတည်း။

"မစ္စစ်ကင်း"

ပထမတရားတပတ် ဆယ်ရက်ထိုင်ပြီးနောက် မစ္စတာကင်းသည် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနသို့ နောက်ထပ်တရားထိုင်ရန် ရောက်ရှိမလာတော့ပေ။ မပြီးပြတ်သေးသော ပရိယတ္တိဆည်းပူးမှု၊ ဆွေးနွေးမှု များကိုသာ မြန်မာပြည်မှ မထွက်ခွာမီအတွင်း ဆက်လက်လုပ်ကိုင်သွားသည်။ ၎င်း၏ဇနီးဖြစ်သူ မစ္စစ်ကင်းမှာမူ နောက်တကြိမ် တရားလုပ်ငန်းလုပ်ရန် လာသွားသေး၍ နောက်ထပ် ၁၇ ရက်မျှ တရားအားထုတ်သွားနိုင်ခဲ့သည်။ မြန်မာပြည်၌ရှိနေစဉ်တွင်လည်း စနေ၊ တနင်္ဂနွေနေ့များတွင် ညဉ့်အိပ် ညဉ့်နေ လာရောက်၍ တရားလုပ်ငန်းကြိုးစားသွားခဲ့သည်။

ဆရာကြီးသည် ဒေါက်တာကင်း၏ ရေးသားချက်များနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်များကို အထူးတလည် ပြောမပြဘူးပါ။ သို့ရာတွင် ၎င်းတို့ဇနီးမောင်နှံနှစ်ဦးအား လွန်စွာသနားသည်ဟု မကြာမကြာ ပြောခဲ့ဘူးသည်ကို အမှတ်ရသေးသည်။ မစ္စတာကင်းသည် ခရစ်ယန်ဘာသာဝင်တဦး ဖြစ်ရုံမျှမက ခေါင်းဆောင် ဘုန်းကြီးတဦးပင် ဖြစ်နေသေးသည်။ ဘာသာရေးအရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတို့ကို ၎င်းအတွက် လက်ခံနိုင်မည် မဟုတ်ချေ။ လက်ခံနိုင်သည့် အဆင့်သို့ရောက်ရှိရန်လည်း မကြိုးစားနိုင်၊ မကြိုးစားဝံ့ချေ။ လက်ခံနိုင်သည့်အသိဉာဏ် ဖြစ်ပေါ်မည်ကိုပင် လွန်စွာ စိုးရိမ် ပူပန်နေရမည့် အခြေအနေသို့ ရောက်နေသူဖြစ်သည်။ ထို့ကြောင့် သနားဘွယ်ကောင်းသည် ဟု ဆိုလိုဟန်ရှိသည်။

မစ္စစ်ကင်း မှာမူ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတို့ကို ကောင်းမွန်ရှင်းလင်းစွာ သိနားလည်သွားသည်။ ကိုယ်တွင်း ငြိမ်းချမ်းမှုကိုလည်း ထိုက်သင့်သလောက် ခံစားသွားနိုင်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓတရား၌ သက်ဝင် ယုံကြည်၍ ဆရာကြီးအားလည်း ဤမွန်မြတ်သောတရားတော်ကို လက်တွေ့ပြသပေးသူအဖြစ် အထူး ကျေးဇူးတင်လျက်ရှိသည်။ သို့စဉ်လျက် မိမိ၏အခြေအနေကို ထောက်ထား၍ ဗုဒ္ဓဘာသာတဦးအဖြစ် အတိအလင်း မခံယူနိုင်ပေ။ မိမိတွေ့ရှိသော အတွေ့အကြုံများကိုလည်း ဗုဒ္ဓဘာသာတရားများဟု အတိအလင်း

ထုတ်ဖော် ပြောနိုင်မှု မရှိချေ။ ထို့ကြောင့် ဒေါက်တာကင်း က ၎င်း၏စာတမ်းတွင် မစ္စစ် ကင်း သည် မိမိ တွေ့ရှိချက်များကို ခရစ်ယန်ဆိုင်ရာ အသုံးအနှုန်းများဖြင့် ဘာသာပြန်ယူသည်။ ဤသို့ ဘာသာပြန်ယူခြင်းကြောင့် ခရစ်ယန် မစ်စတစ် လုပ်ငန်းများနှင့်တူသည့် အတွေ့အကြုံများကို ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းလုပ်ငန်းတွင် တွေ့ကြုံရသည်ဟု ရေးထားသည်။ ဤသို့ ဝေ့လယ်လယ်ဖြစ်နေရသော အခြေအနေအတွက် မစ္စစ် ကင်း အား သနားစရာ ကောင်းသည်ဟု ဆရာကြီး ယူဆဟန်တူသည်။

၎င်းတို့အသိုင်းအဝိုင်းတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားများကို ထုတ်ဖော် ဝန်ခံခြင်း မပြုစေကာမူ၊ သရဏဂုံဆောက်တည်၍ ဗုဒ္ဓဘာသာအဖြစ် ခံယူခြင်း မရှိစေကာမူ မစ္စစ် ကင်း သည် ဗုဒ္ဓဘာသာတရားလုပ်ငန်း လုပ်ပြီးသည့်နောက်၌ စိတ်သစ် လူသစ် ဘဝသစ်သို့ ပြောင်းသွားခဲ့ပေသည်။ လုပ်ဆောင်မှုဟူသမျှ၌ ဗုဒ္ဓဘာသာစိတ်သဘောထားများ သက်ဝင်လျက်သာ ဆောင်ရွက်နေတော့သည်။ ဗုဒ္ဓဘာသာဆိုသော စကားလုံးကိုမသုံးဘဲ ဓမ္မ ဟု ခေါ်ဝေါ်သုံးစွဲ၍ ဓမ္မ ကိုသာလျှင် အမြဲမပြတ် နှလုံးသွင်းနေတော့သည်။ ဤအခြေအနေရှိနေသည်ကို အမေရိကန်ပြည်သို့ပြန်သွားပြီးနောက် ၁၉၆၀ ခုနှစ်မှ ယနေ့တိုင်အောင် ဆရာကြီးထံသို့၎င်း၊ တရားဌာန မိတ်ဆွေများထံသို့၎င်း မစ္စစ် ကင်း ကိုယ်တိုင် မကြာခဏ ရေးသားသောစာများ၌ အထောက်အထား ပြည့်စုံစွာ တွေ့ရှိရသည်။

"ကျမတို့ ရန်ကုန်မှ ခွဲခွာခဲ့သည်မှာ တနှစ်တိတိ ရှိသွားပေပြီ၊ သို့သော်လည်း မနေ့ကလောက်ပင်ဟု ထင်ရသည်။ ကျမ၏စိတ်တွင် ဓမ္မသည် အစဉ်အမြဲ ကိန်းအောင်းနေရကား ဆရာကြီးတို့နှင့် အကယ်စင်စစ် ဝေးကွာနေသည်ဟု မယူဆပါ။ ဤ ကုန်ဆုံးသွားခဲ့သောနှစ်အတွင်းက ဤအကြောင်း ထင်ရှားစွာ သိခဲ့ရပါသည်"

"ကျမ အလွန်အမင်း ချစ်ခင်စွဲလန်းခဲ့သော မြန်မာပြည် အကြောင်းပြောပြရာတွင် စေတီရိပ်သာ၌ တရားထိုင်ခဲ့သည့် အတွေ့အကြုံများ မပြောပြဘဲနှင့် ဘယ်တော့မှ နိဂုံးမချုပ်နိုင်ခဲ့ပါ။ ဤတရားလုပ်ငန်းသည် ကျမ မြန်မာပြည်တွင်နေစဉ်ကနှင့် စင်စစ် ကျမ တသက်တာလုံးအတွက် အထူးခြားဆုံးသော ဖြစ်ပျက်မှုများဖြစ်ပါသည်။"

"လွန်ခဲ့သောတနင်္ဂနွေအတွင်းက မီးဖိုးထဲတွင် ပုဂံခွက်ယောက်များဆေးကြော အလုပ်လုပ်နေခဲ့ပါသည်။ ကိတ်မုန့်များလဲ ဖုတ်နေပါသည်။ သို့ရာတွင် ဤလုပ်ငန်းများမှာ အသေးအဖွဲ့များသာဖြစ်ပါသည်။ အကြောင်းမူ ၎င်းတို့ကို လုပ်ဆောင်နေစဉ် ဝေဘူဆရာတော်နှင့် ဆရာကြီးတို့၏ တရားများ တိတ်ခွေသင်းယူခဲ့သည်ကို ပြန်လည်ဖွင့်လှစ်၍ နားထောင်နေသောကြောင့်ဖြစ်ပါသည်။ ဆရာကြီးဟောကြားသောတရားတို့ကို ပြန်လည် စဉ်းစား နေပါသည်။ နိုဝင်ဘာလ တညနေတွင် ပဋိစ္စသမုပ္ပါဒ် တရားတော်နှင့်ပတ်သက်၍ ဆရာကြီးဟောပြောသော တရားများကို ပြန်လည်သတိရနေပါသည်။ ထိုအချိန်က ဆရာကြီးပြောပြချက်များကို ကျမနားမလည်ခဲ့ပါ။ ယခုမူ ထိုညနေ အချိန်နှင့်စာလျှင် များစွာတိုးတက်မှုရှိလာပြီဟု ထင်ရပါသည်။"

(မှတ်ချက်။ ။ဤစာမှာ မစ္စစ်ကင်း အမေရိကန်သို့ ပြန်သွား၍ ၂ နှစ်ကျော်ကြာ ၁၉၆၂ ခု၊ ဧပြီလ ၂၁ ရက်နေ့တွင် ရေးလိုက်သောစာဖြစ်သည်။ ဤအချိန်အတောအတွင်း မစ္စစ်ကင်းသည် ၄၃ ဘာသာစာပေများကို အတော်အတန် လေ့လာ လိုက်စားခဲ့ပေပြီ။)

"ဆရာကြီးရှင့် ကျမ အမွန်မြတ်ဆုံး ယူဆသော ဂုဏ်ဒြပ်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှာ ဆရာကြီးပင်ဖြစ်နေပါသည်။ ဆရာကြီးဟောကြားသော ကိုယ်တွင်းငြိမ်းချမ်းရေးတရားကို ဆရာကြီးသည် လက်တွေ့ကျင့်သုံး၍ အကောင်အထည်ဖော်နေသူ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ အကောင်းဆုံး တရားသဘောများသည်ပင် စာတွေ့အနေ၌ထား၍ လက်တွေ့ မကျင့်သုံးပါက တန်ဘိုး မရှိနိုင်တော့ပါ။ ဤအချက်ကို ကောင်းစွာယုံကြည်၍လည်း ဆရာကြီးသည် ကျမ၏ဆရာတဆူဖြစ်လာရပါသည်။"

"ဆရာကြီးသည် ကျမ၏ ဆရာဘဆူဖြစ်၍ ဆရာကြီးထံမှ အခွင့်သဖြင့် တရားနည်းနာများ သင်ယူလျက် ရှိသည်ဆိုသည့် အချက်မှာ ဘယ်တော့မှ ပြောင်းလဲတော့မည် မဟုတ်ပါ။ အကြောင်းမှာ ကျမသည် မဂ္ဂင်ခရီးလမ်းကြောင်းမှ မည်သည့်အခါမျှ တိမ်းစောင်း သွေဖီ သွားနိုင် တော့မည် မဟုတ်ပါ။"

"မည်သည့် အလုပ် လုပ်ကိုင် နေစေကာမူ ကျမ နောက်ခံ အဖြစ်ဖြင့် တရားဌာနမှ အတွေ့အကြုံများသည် ကျမ အရာဝတ္ထုများကို ရှုမြင်ပုံရှုမြင်နည်း၊

စာများဖတ်ရှုပုံ ဖတ်ရှုနည်း၊ ၎င်းတို့ကို နားလည်ပုံ နားလည်နည်းများကိုလုံးဝ အပြောင်းအလဲ ဖြစ်စေခဲ့ပါသည်။ ၎င်းအတွေ့အကြုံများသည် ကျမ၏အတွက် အရှေ့နှင့် အနောက် သို့တည်းမဟုတ် ဇာတိအခြေခံ အမေရိကန် ယဉ်ကျေးမှုနှင့် နောက်ထပ်ခံယူသော မြန်မာ့ယဉ်ကျေးမှု ၂ ခုတို့ကို ပေါင်းကူး ပေးသော တံတားများသဖွယ် ဖြစ်ပါသည်။''

|

မြန်မာပြည်မှ မစ္စစ်ကင်း ခံယူရရှိသွားသော ယဉ်ကျေးမှုတွင် ဗုဒ္ဓတရားလုပ်ငန်းမှာ အသိမ်မွေ့ဆုံး၊ အမွန်မြတ်ဆုံးအပိုင်းဖြစ်ပေသည်။ သို့ရာတွင် သာမန် မြန်မာနေထိုင်မှု၊ စားသောက်မှုနှင့်တကွ မြန်မာစာပေကိုပင် မစ္စစ်ကင်းသည် ချစ်မြတ်နိုးစွာဖြင့် လေ့လာလိုက်စားခဲ့သည်၊ ယခုတိုင်လည်း မြန်မာမှုတို့ကို မြတ်နိုးလျက်ရှိသေးသည်။ မြန်မာပြည်တွင် နေထိုင်စဉ်က သင်ယူသွားသော မြန်မာစာကို အမေရိကန်တွင် ဆက်လက်လေ့လာလျက်ရှိသည်။ တခါတရံ တရားရိပ်သာမှ မိတ်ဆွေများထံသို့ မြန်မာစာဖြင့် စာရေးသားလေ့ရှိသည်။ ၁၉၆၂ ခု၊ မတ်လ ၁၇ ရက်နေ့စွဲဖြင့် စာတစောင်ကို နမူနာအဖြစ် တင်ပြလိုက်ပါသည်။

''ခင်မင်သောဆရာမ။ ။ဆရာမမွေးနေ့အတွက် ယခု ကျမ မြန်မာလို စာရေးလိုက်ပါသည်။ ကျမတို့ အမေရိကန်ပြည် အိုင်အိုးဝါးနယ်မှာ ရာသီဥတု အလွန်ပင် ချမ်းပါသေးတယ်၊ ဆောင်းဥတု ရှိသေးတယ်၊ နှင်းတွေလဲ သိတ်ကျတာဘဲ၊ ဘယ်နေရာမှာမဆို အဆင်းဖွေးဖွေးဖြူလျက်ရှိသည်။ ယခုအခါ မီးဖိုခန်းထဲတွင် **Tape Recorder** ကို စားပွဲကလေးပေါ်မှာ တင်ထားပါပြီ။ ဒီလို နေ့တိုင်း နေ့တိုင်း ဘယ်အချိန်ဖြစ်ဖြစ် ဆရာကြီး၏ ညွှန်ပြစကားများကို ကြားနာခွင့်ရပါသည်။

လွန်ခဲ့တဲ့အပတ်က ဂရင်းနဲတက္ကသိုလ်မှ မိန်းကလေး ဆယ်ယောက်ဘိုကို ဖိတ်၍ ညှော်ခံကျွေးမွေးရာတွင် အုန်းထမင်း၊ ကြက်သားဟင်း၊ ဟင်းချို၊ ဟင်းသီး ဟင်းရွက်ကြော်၊ လဘက်ရည်နှင့် လဘက်သုတ်တို့ဖြင့် ညှော်သည်တော်များအား ကျွေးရာ ကျွေးသမျှကို စားသောက်ပြီး လွတ်လွတ်လပ်လပ်ပျော်ကြရှင်ကြလေသည်။ မြန်မာ အစားအသောက် သိတ်သဘောကျကြတာဘဲ။

ကျမတို့ မြန်မာပြည်ကို ဘယ်တော့ ပြန်လာ နိုင်ဦးမည်ဆိုဒါ မသိပါ။ ဒါပေမဲ့ ၂ နှစ် ၃ နှစ်အတွင်းလောက်မှာ လာဖြစ်သိမ့်မည်ဟု မျှော်သင့်ရပါ

သည်။ ဆရာမတို့ အားလုံးနှင့်အတူ တဖန်ပြန်တွေ့ချင်ပါသေးတယ်။ လွန်ခဲ့တဲ့ လအတွင်းမှာ ပို့လိုက်တဲ့ပြက္ခဒိန်ရလို့ အထူးဝမ်းသာပါတယ်။

ကိုယ်စိတ် ၂ ပါး ရွှင်လန်းပါစေလို့ ဆုတောင်းလိုက်ပါသည်။

သတိရစွာဖြင့် –

ဂျက်စလင်ကင်း

အခြားစာတစောင်တွင် မြန်မာစာသင်ကြားနေခြင်းနှင့်ပတ်သက်၍ စိတ်ဝင်စားဘွယ် အချက်များတွေ့ရသည်။ ၎င်းစာ၌ "နံနက်တိုင်း တိတ်ဆိတ်ငြိမ်သက်၍ အနှောင့်အရှက်ကင်းသော တက္ကသိုလ် ပိဋကတ်တိုက်တွင် မြန်မာစာလေ့လာသည်။ မြန်မာပြည်သို့ ပြန်လာနိုင်ရန် မျှော်လင့်ချက်များစွာမရှိဘဲနှင့် မြန်မာစာ ဘာလုပ်သင်နေသလဲဟု မေးကြလိမ့်မည်။ အဖြေမှာ လွယ်လွယ်ပင်ဖြစ်ပါသည်။ပထမအချက်မှာမြန်မာစာသင်လိုသောဆန္ဒလွန်စွာပြင်းပြနေ၍ ဖြစ်ပါသည်။ ဒုတိယအချက်မှာ ဆရာကြီးတို့ မြန်မာလိုရေးကြပြောကြသည်ကိုဖတ်ချင်လို့၊ နားလည်ချင်လို့ဖြစ်ပါသည်။မြန်မာပြည်တွင်အစဉ်အမြဲ အခြေစိုက်၍ နေထိုင်လိုပါသည်။ ဤသို့မှ မပြုလုပ်နိုင်လျှင် တရားရိပ်သာသို့ တလလောက် လာရောက်နေထိုင်ရန် အခါအခွင့်သင့်ကောင်းပါရဲ့ဟု မျှော်လင့်ရပါသည်။"ဟု ရေးသားထားသည်။

ဤမျှ ၎င်းစွဲလန်းမြတ်နိုးလျက်ရှိသော မြန်မာပြည်နှင့် အင်းယားမြိုင်လမ်းမှ ပဋ္ဌပတ္တိဌာနသို့ မစ္စစ်ကင်းသည် ၁၉၆၆ ခု ဇူလိုင်လတွင် ခေတ္တခဏမျှ ရောက်ရှိ လာခဲ့နိုင်သည်။ ဒေါက်တာကင်းသည် တောင်ပိုင်း ဗုဒ္ဓဘာသာ အကြောင်းအရာများ လေ့လာပြီး၊ စာအုပ်များ ရေးသားပြီးနောက် မြောက်ပိုင်း ဗုဒ္ဓဘာသာ၊ ဈာန်ဗုဒ္ဓဘာသာ အကြောင်းအရာများ လေ့လာနေပြန်သည်။ ထို့ကြောင့် ဂျပန်ပြည်သွား၍ သုတေသန လုပ်ငန်းများ လုပ်ကိုင်ပြန်သည်။ ဂျပန်ပြည်မှအပြန် ရန်ကုန်တွင် ခရီးတထောက် နားစဉ် နာရီပိုင်းမျှ ရိပ်သာသို့ ဝင်ရောက်သွားနိုင်ခဲ့ခြင်း ဖြစ်သည်။ ဤမျှ တိုတောင်းလှသော အချိန် အတောအတွင်း မစ္စစ်ကင်းသည် တရားလုပ်ငန်း အနည်းငယ်လည်း အားထုတ်သွားနိုင်သည်။ ဆရာကြီးထံမှလည်း မရှင်းမလင်းသော အချက်များ မေးမြန်းသွားနိုင်ခဲ့သည်။ မိတ်ဆွေ အပေါင်းတို့နှင့်လည်း ဝမ်းမြောက်ဝမ်းသာ ပြန်လည် တွေ့ဆုံခွင့် ရရှိသွားသည်။ ဇူလိုင်လတွင် အမေရိကန်ပြန်ရောက်သည်မှ

လစဉ်လတိုင်း အမြဲမပြတ် ရိပ်သာသို့ စာရေးသားခဲ့သည်။ ရေးသားတိုင်းလည်း သာယာလှသော စေတီရိပ်သာအကြောင်း၊ ကျေးဇူးရှင် ဆရာကြီးအကြောင်း များ အစဉ်အမြဲ ဖော်ပြလေ့ရှိသည်။ ဇူလိုင်လတွင် "ကမ္ဘာပေါ်တွင် ဆရာကြီး၏ ကမ္မဋ္ဌာန်းရိပ်သာလောက် သာယာကြည်နူးဘွယ်ရာ ဌာန၊ ကျမအတွက် အိုးအိမ်အစစ်အမှန် ဖြစ်သောနေရာ၊ ဘယ်မှာမှ မရှိပါ။ ကျမတို့ အိမ်ပြန်လာသကဲ့သို့ ခင်မင်ဖော်ရွေစွာ ဧည့်ဝတ်ပြုလိုက်ကြသည်ကို ကျေးဇူး အထူးတင်ရှိပါသည်။ တရားဓမ္မနှင့် ပတ်သက်၍ ဆရာကြီးပေးလိုက်သော အကြံဉာဏ်များကို ကောင်းစွာ အသုံးပြုလျက် ရှိပါသည်။ ဆထက်တံပိုး တိုးတက်၍လည်း အားထုတ်လျက် ရှိပါသည်။" ဩဂုတ်လစာတွင် "ယခုအခါတွင် ကျမသည် ဆရာကြီး၏ လမ်းညွှန်မှုအောက်တွင် အစဉ်ရှိ၍ အကာအကွယ်လည်း ရရှိနေကြောင်း ကောင်းစွာ သိရှိရပါပြီ။ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူချိန်၌ ဟောကြားတော် မူခဲ့သော အဆုံးအမစကားများသည် ကျမအတွက်လည်း သက်ဆိုင်သည်ဟု ယူဆပါသည်။ ဤအဆုံးအမကား "မိမိကိုယ်မှလွဲ၍ အခြား ကိုးကွယ်ရာမရှိ၊ အမှန်တရားကို မီးရှူးတန်ဆောင်အဖြစ် စွဲမြဲစွာကိုင်တွယ်ထား၍ ဆောက်တည်ကိုးကွယ်ရာအဖြစ် ဆုပ်ကိုင်ထားရမည်။" ဟူသော ဒေသနာပင် ဖြစ်ပါသည်။ အောက်တိုဘာလအတွင်း၌ ရေးလိုက်သောစာတွင် ကျမစိတ်ကူးဖြင့် အစဉ်မျှော်မှန်း ရော်ယမ်း၍ ကြည့်ခဲ့သည့်အတိုင်း ရိပ်သာဌာနသည် သာယာလှပပါပေသည်။ အမှတ် (၃၁) (က) အင်းယားမြိုင်လမ်းသည် ကျမအတွက် ဤကမ္ဘာမြေပြင်တွင် လှပ သာယာဆုံး၊ အချမ်းငြိမ်းဆုံး နေရာဌာနဖြစ်ပါတော့သည်။ ဆရာကြီး၏သင်ကြားပြသမှုနှင့် အကူအညီပေးမှုတို့အတွက် မည်သည့်အခါမျှ ကျေးဇူးတင်ရှိ၍ ပြီးဆုံးနိုင်မည် မဟုတ်တော့ပါ" ဟု ရေးထားပါသည်။

ဤမျှလောက်ဖြင့် ဒေါက်ဘာကင်းနှင့် မစ္စစ်ကင်းတို့ ဇနီးမောင်နှံ ဗုဒ္ဓဘာသာတရား လုပ်ငန်းကို အတူတကွ အားထုတ်ခဲ့ကြပါလျက် ပါရမီ အရင့်အသန်လိုက်၍ မည်သူက မည်သို့၊ အေးချမ်းသာယာမှု တွေ့ရှိသွားသည်၊ မည်သို့သော အကြောင်းကြောင့် တွေ့ရှိသွားနိုင်သည် စသည်တို့ကိုရှင်းလင်းသိသာလောက်ပေပြီ။

## (၁) ဒေါက်တာ ဇေနီ၊ (အင်မအေ၊ ပီ၊ အိပ်ချ်ဒီ)

ဒေါက်တာ ဇေနီ သည် လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနှင့် အာဖရိက တိုက်ဆိုင်ရာ ဌာနကြီး (မြန်မာပြည်မှ ဒေါက်တာလှဖေ၊ စာပေပို့ချနေသော ဌာန)၌ ပါဠိ၊ သင်္သကရိုက်နှင့် ဗုဒ္ဓဘာသာ စာပေများကို သင်ကြား ပြသ လျက်ရှိသော ပါမောက္ခကြီးဖြစ်သည်။ ၎င်းသည် အိန္ဒိယ လူမျိုးဖြစ်၍ လန် ဒန်တက္ကသိုလ်မှ ပါရဂူဘွဲ့များမရမီ အိန္ဒိယပြည်တွင် ဗာရာဏသီ တက္ကသိုလ်မှ အင်မအေဘွဲ့နှင့် တိပိဋကစရိယဘွဲ့ထူးများ ဆွတ်ခူးထားပြီးသူဖြစ်သည်။ စာ ပေအရာ၌ ပိဋကတ်သုံးပုံ ခြောက်ခြားပေသည်ဟု ဆိုနိုင်ရအောင် ကျွမ်းကျင်လှ သည်။ ၁၉၆၁ ခု၊ ဇန်နဝါရီလ ကျောင်းပိတ်ရက် အတွင်း ရှေးဟောင်း ပါဠိစာပေများ စုဆောင်းရှာဖွေရန် အရှေ့တောင်အာရှတခွင်သို့ ခရီးလှည့် လည်ခဲ့သည်။

မြန်မာပြည်သို့လည်း ရောက်ရှိခဲ့၍ အထက်အောက် မြန်မာပြည် တခွင် ဘုန်းတော်ကြီးကျောင်းများသို့ လှည့်လည်၍ ပိဋကတ်တိုက်များမှ ပါဠိတော် နှင့် အဋ္ဌကထာ ပေမူများကို လေ့လာသည်။ ရှေးဆရာတော်ကြီးများ၏ ရှား ပါးသော အဋ္ဌကထာကျမ်းများကို ပေစာမှ ဓာတ်ပုံရိုက်၍ မိတ္တူအဖြစ်အများ အပြား ကူးယူသွားသည်။ ရန်ကုန်တွင် ရှိစဉ်၊ စိတ်အကြောင်းနှင့်ပတ်သက်၍ မရှင်းမလင်းဖြစ်နေသော ဝိဝါဒမကွဲပြားသော အချက်တခုကို ရှင်းလင်းဆွေး နွေးရန် ဆရာကြီးထံသို့ ရောက်လာသည်။ ဆရာကြီးက ၎င်း၏ ပြဿနာကို ဖြေရှင်းလိုလျှင် ဗုဒ္ဓဘာသာ ပီသစွာ ကမ္မဌာန်းလုပ်ငန်းဖြင့် မိမိ၏ ကိုယ်တွင်း စင်ကြယ်ခြင်း၊ စိတ်သန့်ရှင်း တည်ငြိမ်ခြင်းဖြစ်လာပါက စိတ်သဘာဝအစစ်အ မှန်ကို နားလည်လာလိမ့်မည်။ ထိုအခါ ပြဿနာလည်း အလိုအလျောက်ပြေ ပျောက်သွားလိမ့်မည်ဟု ပြောပြသည်။

ဒေါက်တာ ဇေနီသည် ဆရာကြီးပေးသော အကြံဉာဏ်ကို လက်ခံသ ဘောတူ၍ တရားလုပ်ငန်းကို ဆယ်ရက်တပတ် အားထုတ်ခဲ့သည်။ တရားတပတ် ပြီးဆုံးသောအခါ ၎င်းသိလိုသော စိတ်သဘာဝနှင့်ပတ်သက်သည့် အချက်အ လက်များ ကင်းရှင်းသွားရုံသာမကသေး၊ ၎င်းမမျှော်လင့်ခဲ့သော အကျိုးကျေး ဇူးများ တရားဓမ္မမှ ကောင်းစွာ ရရှိသွားခဲ့သည်။ စာပေတွင် ဖတ်ရသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သဘောတရားများကို မိမိကိုယ်တွင်း၌ လက်တွေ့တွေ့ ရှိသွားပေသည်။ ထို့ကြောင့် ၎င်း၏ မှတ်တမ်းတွင် အောက်ပါ အကြောင်း အရာများကို ဖတ်ရှုရပေသည်။

"ဆရာကြီးထံမှ မှန်မြတ်လှသော မင်္ဂလာတရားများ ရရှိသည့်အတွက် အထူးကျေးဇူးတင်လှသည်ကို ဖော်ပြနိုင်ရန် စကားလုံးရှာမတွေ့ပါ။ ဆရာကြီး ထံမှောက်သို့ ရောက်ရှိလာရသည်မှာ ကောင်းမြတ်သော ရှေးရေစက် ကြောင့် ပင်ဖြစ်ရပေမည်။ အကြောင်းမူ ကျွန်တော် ခရီးထွက်လာရာ၌ ဆရာကြီးနှင့် တွေ့ဆုံရန် အစီအစဉ်မရှိခဲ့ပါ။ ကြီးမားသော ဆရာကြီး၏ မေတ္တာ တန်ခိုး ကြောင့်ပင်လျှင် ဆရာကြီး ခြေရင်းသို့ ကျွန်တော် ရောက်ခဲ့ ရခြင်း ဖြစ်ပေ မည်။

မဆုံးနိုင်သော ဘဝသံသရာ၌ လှည့်ပတ်နေစဉ်တွင် နိဗ္ဗာန်ချမ်းသာရှာ ဖွေမှုအတွက် သတင်း တပတ် ၂ ပတ်မျှ အားထုတ်မှုသည် သမုဒ္ဒရာတွင် ရေ တပေါက်မျှလောက်ပင် အတိုင်းအထွာ မရှိလှပါ။ သို့စဉ်လျက် ခန္ဓာဇာတ်သိမ်း သည့်ခဏ၌ ကျွန်တော်တွင် ဤတရားအားထုတ်ခဲ့သည့် ခဏတာ အချိန်ကလေး မျှသာလျှင် ထောက်တည်ကိုးကွယ်ရာ ကျန်ရှိပေမည်။ ဤအချိန် ကလေးသည် ကျွန်တော့် တသက်တာတွင် အမွန်မြတ်ဆုံးသော ကာလပိုင်းဖြစ်၍ နောက် ဆုံးပန်းတိုင်သို့ ရောက်သည်အထိ တွယ်တာအားကိုးနေရမည် ဖြစ်ပါသည်။ ယခု လက်ခံရရှိသော တရားမျိုးစေ့ ကလေးသည် ကျွန်ုပ်၏ ကိုယ်တွင်း၌ ဗောဓိအ ဖြစ် ရှင်သန်ကြီးပွားပါစေသတည်း။"

ဆရာကြီး အကြံဉာဏ်ပေးသည့်အတိုင်း ဒေါက်တာ ဇေနီသည် ထိုအ ချိန်အခါက ရွှေဘိုမြို့ထွင် သီတင်းသုံးတော်မူလျက်ရှိသည့် ဝေဘူဆရာတော်ထံ သို့ သွားရောက်ဖူးမျှော် ကန်တော့ခဲ့သေးသည်။ ဝေဘူဆရာတော် ဘုရားအား ယခင်က ဝိပဿနာမကျွဲ့ခဲ့သည့် စိတ်နှင့် ပတ်သက်သော အကြောင်း အရာကို လျှောက်ထားကြည့်ပြန်သေးရာ ဆရာတော်ဘုရားက ဆရာကြီး၏ နည်းအတိုင်း အ ဖြေပြောကြားလိုက်သဖြင့် ဒေါက်တာ ဇေနီသည် လွန်စွာ ကြေနပ် နှစ်သက်၍ ရွှေဘိုမှ ပြန်လာခဲ့သည်။

ဒေါက်တာဇေနီသည် မြန်မာပြည်မှ စုဆောင်းရရှိသွားသော ပေမူများ ကို သုတေသနပြုလျက်ရှိသည်။ ၁၉၆၄–၆၅ ခုနှစ်တွင် အမေရိကန်ပြည် မီချီ ဂန်တက္ကသိုလ်သို့ သွားရောက်၍ တနှစ်တာမျှ စာပေပို့ချဘူးသည်။ ၎င်းစာ ပေပို့ချရာ၌ ဗုဒ္ဓဘာသာ အကြောင်းအရာများ ပါရှိတိုင်း ဆရာကြီးနှင့်ဆရာ ကြီး ကမ္မဋ္ဌာန်းလုပ်ငန်းများ အကြောင်းကို ထည့်သွင်း ဖော်ပြလေ့ ရှိသည်။ ဆရာကြီး ပြသပေးသော ဝိပဿနာ နည်းလမ်းဖြင့် ရုပ်၌၎င်း၊ စိတ်၌၎င်းတည်

ရှိသော အညစ်အကြေးများ ချေဖျက်ပစ်နိုင်ခြင်းကို ဒေါက်တာဇေနီသည် အထူးစိတ်ဝင်စားသည်။ ဤအညစ်အကြေးများ ချေဖျက်ပစ်ပုံကို မစ္စတာ ဂိုးဗား က လောကဓာတ်သိပ္ပံ သဘောများဖြင့် တိုက်ဆိုင်ရှင်းလင်းပြရန် အားထုတ်နေ၍လည်း ဒေါက်တာ ဇေနီသည် ဝမ်းသာအားရဖြစ်လေသည်။ လူ့လောကသမိုင်းတွင် ဤသုတေသန လုပ်ငန်းမှာ မှတ်တမ်းမတင်ရသေးသော နယ်ပယ်သစ်ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း ချီးကျူးစကားများ ပြောကြားလျက်ရှိသည်။

ဆရာကြီး ကွယ်လွန်အနိစ္စ ရောက်သည့်တိုင်အောင် ဒေါက်တာ ဇေနီသည် ဆရာကြီးထံ စာပေ အဆက်အသွယ်ပြု၍ ဆုံးမဩဝါဒများ ခံယူခဲ့ပေသည်။

# အခန်း (၅)

# အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် အပေါင်းအား ဝပ်တွားပူဇော်ရာ စေတီဒြိုပ်သာ

## (က) ကျေးဇူးတော်ရှင် ဘေဂူဆရာတော်ဘုရားနှင့် အိုင်၊ အမ်၊ စီ။

အထက်ပါ အခန်းများတွင် ရေးသားဖော်ပြခဲ့သည့် [illegible] အင်းယား မြိုင်လမ်း အမှတ် ၃၁ (အေ) တွင် တည်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာနသို့ တိုင်းပြည်အသီးသီးမှ လူမျိုးပေါင်းစုံသည် ရောက်လာမစဲ တသဲသဲ ဖြစ်လာသည်။ ပဒုမ္မာကြာအိုင်ကြီးမှ ကြာပန်းဝတ်ဆံနှင့် ဝတ်ရည်များကို စားသုံးရန်၊ သယ်ဆောင်ယူရန်၊ အရပ် (၈) မျက်နှာမှ ပျားပိတုန်းနှင့် လိပ်ပြာမျိုးစုံတို့ စုဝေး လာရောက်ကြဘိသကဲ့သို့ ဆရာကြီး ဦးဘခင်၏ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာန၏ ဗဟိုချက်ခြာ၊ ဓမ္မရောင်ခြည် စေတီရတနာသို့ တိုင်းပြည်ပေါင်းစုံမှ လူမျိုးအသီးသီး ပုဂ္ဂိုလ်အသီးသီးတို့ ရောက်လာကြသည်။ ဗုဒ္ဓ၏ အမြိုက်အရသာတို့ကို ခံယူ စားသုံးကြသည်။ မိမိတို့မြို့ရွာ ဒေသအသီးသီးသို့ သယ်ပိုး ယူဆောင်သွားကြသည်။

ထို့ကြောင့် ဓမ္မရောင်ခြည် ဓေဘီတော်သည် အနန္တဂုဏ်အင်၊ ကျေးဇူးတော်သခင် ဗုဒ္ဓ ရှင်တော်ဘုရားအား ဦးခိုက်ရာ၊ ပူဇော်ရာဌာနကြီး ဖြစ်လာပေသည်။ ထိုနည်းတူ အညစ်အကြေး ကိလေသာနှင့် အကုသိုလ် အပူတိုက်ပယ်တတ်၊ သတ်တတ်သော မဂ်တရား၊ ဖိုလ်တရားနှင့်တကွ ဒုက္ခ ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန် တရားတော်မြတ်ကို မျက်မှောက်ပြုနိုင်စေခြင်းငှာ လက်တွေ့

ကျင့်သုံးရာ၊ အားထုတ်ပူဇော်ရာ ဌာနကြီးဖြစ်ကြောင်းလည်း ထင်ရှားပေါ်လွင်ပေပြီ။ ဤအခန်းတွင် အနန္တဂိုဏ်းဝင် ဖြစ်တော်မူကြသော သီလဂုဏ်တော်၊ သမာဓိဂုဏ်တော်၊ ပညာဂုဏ်တော်များနှင့် ပြည့်စုံတော်မူကြပေသည့် ပရမတ္ထသံဃာ၊ သမ္မုတိသံဃာတော်များနှင့် တကွ မိဘ၊ ဆရာသမားတို့ကိုလည်း ဤအိုင်၊ အမ်၊ စီ (International Meditation Centre) ခေါ် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာန ဓမ္မရိပ်သာတွင် ပျပ်ဝပ်ရိုကျိုး မြတ်နိုးကော်ရော်၊ ပူဇော်ကန်တော့ကြပုံကို ဖော်ပြ ရေးသားရပေမည်။

အခန်း (၂) တွင် ဆရာကြီး ဦးဘခင်သည် ၁၉၄၁ ခုနှစ်တွင် ကျောက်ဆည်မြို့၊ ဝေဘူလချောင်တွင် ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားအား ပထမဆုံးအကြိမ် ဖူးမြော်ရပုံနှင့် ဆရာတော်ဘုရား၏ ဩဝါဒကို ဦးထိပ်ထား၍ ကျောက်ဆည်ဘူတာရုံ၊ မီးရထားဘဲ့ပေါ်တွင် လက်ထောက် မီးရထားရုံပိုင်အား ရှေးဦးစွာ ကမ္မဋ္ဌာန်းတရား လက်တွေ့ပြသပေးပုံတို့ကို ရေးသားခဲ့ပေပြီ။ ဆက်လက်၍ ဆရာကြီးသည် အလုပ်ဝဇ္ဇရားဖြင့် လှည့်လည်သွားလာရာ နေရာတိုင်း၌ ခရီးသွားဟန်လွှဲ တရားပြသပေးခဲ့ရာမှ၊ သာသနာသက္ကရာဇ် ၂၄၉၅ ခု၊ ကောဇာ သက္ကရာဇ် ၁၃၁၃ ခု၊ ဝါဆိုလပြည့်နေ့မှစ၍ မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီးရုံးတွင် ဝိပဿနာဓာတ်ပညာ အဖွဲ့အသင်း တခုကို စနစ်တကျ တည်ထောင်လိုက်ပုံကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဆရာကြီးသည် ၎င်းအဖွဲ့တွင် တပည့်ရင်းများနှင့်အတူ သီလကိုအခြေခံစေ၍ သမာဓိလုပ်ငန်းဖြင့် စတင်ပြီး၊ သမာဓိရင့်သန်မှ ဝိပဿနာ အလုပ်ကို လုပ်ကြရာတွင် လောကဓာတ်ပညာ သုတေသနနည်းများကို အသုံးပြု၍ မိမိတို့ဆောင်ရွက်မှုသည် ဝိသုဒ္ဓိမဂ်နှင့် ကိုက်ညီမညီ၊ ဗောဓိပက္ခိယ တရား ၃၇ ပါးနှင့် ပြည့်စုံတိကျစွာ ရှိမရှိ၊ လေ့လာကြသည်။ စူးစမ်းကြသည်။ ထိရောက်သော ကျင့်ထုံးနည်းတို့ကို ရှာဖွေခဲ့ကြသည်။ ဤသို့သုတေသန ပြုချက် များမှ သီလ၊ သမာဓိပညာ သိက္ခာ ၃ ပါး တရား အခြေခံသည့် ပဋိပတ္တိ လမ်းစဉ်အမှန်ကို ၎က်တိုတိုဖြင့် အားထုတ်နိုင်သော နည်းလမ်းကောင်းများ တွေ့ရှိလာပါသည်။ ထိုမှတဆင့် တက်၍ ထိုလမ်းစဉ်များအတိုင်း အားထုတ်ရာတွင် ဝိပဿနာဉာဏ် အစစ်အမှန်သို့ ကေန်ရောက်ရှိသည်နှင့်တပြိုင်နက်၊ သမုဒယတဏှာ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြော သုတ်သင် ဖယ်ရှားနိုင်သည့် ဝိဇ္ဇာဓာတ်သတ္တိထူး တကယ်ပေါ်ပေါက်လာသည်ကို တွေ့ကြရပါသည်။

ယင်းသို့ ဝိပဿနာခေတ် ပညာအဖွဲ့မှ ပဋိပတ္တိလုပ်ငန်း စူးစမ်းလေ့လာရာတွင် တွေ့ကြုံခဲ့ရသည်တို့ကို အခြေခံထား၍ အမှားအမှန်ကို ဓမ္မဝိဒ္ဒာန်ဖြင့် စစ်တမ်းထုတ်နိုင်စေရန် သဲလွန်စကို ဖော်ပေးသည့်အနေဖြင့် "ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိ အဖြေမှန်" စာတမ်းတစောင်ကို ဆရာကြီးရေးသား၍ ထုတ်ဝေခဲ့ပေသည်။ ယင်းစာတမ်း၌ "ကျွန်ုပ်တို့တွေ့ရှိချက်များကို ရေးသား ဖော်ပြရာ၌" ကျွန်ုပ်တို့၏ ယုံကြည်မှုအရ၊ ထင်မြင်ချက်မျှသာဖြစ်ပါ၍ ကျွန်ုပ်တို့ကိုယ်တိုင်ပင်လျှင် တထစ်ချမှန်သည်ဟု ကေန္တအားဖြင့် မယူဆသေးပါ၊ အမှားရှိလျှင် ပြင်ရန်အသင့်ပင်ဖြစ်ပါကြောင်း။

ပဋိပတ္တိအရာ၌ ကောင်းစွာရင့်ကျက်ပြီးသော ပုဂ္ဂိုလ်တို့မှသာလျှင် သိသင့်သိထိုက်သည်တို့ကို ဖော်ပြထားသဖြင့် သက်ဆိုင်ရာ ကမ္မဋ္ဌာန်းတရားကို များများကျင့်သုံးခဲ့ဘူးသော၊ များများကျင့်သုံးလျက်ရှိကြသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်တို့၏ အကြောင်းနှင့် အကျိုး ဆက်စပ်၍ မှတ်သား လိုက်နာဘွယ် ဖြစ်မည့် ဝေဖန်ချက်တို့ကို များစွာသိလား တောင့်တမိပါကြောင်း၊ ထိုဝေဖန်ချက်များကို အခြေပြု၍လည်း ဖြေရှင်းချက် ဝန်ခံချက်တို့ကို ဆက်လက်ဖော်ပြသွားရန် ရည်ရွယ်ထားပါကြောင်း။

ဦးဘခင်
ဥက္ကဋ္ဌ
ဝိပဿနာ ခေတ်ပညာအဖွဲ့
(၁၃၁၄) ဝါဆိုလပြည့်

စသည်ဖြင့် ရေးသားထား၍ ဝေဖန်ချက်၊ အကြံပြုချက်တို့ကို ဖိတ်ခေါ်ခဲ့လေသည်။

အထက်ပါအတိုင်းကမ္မဋ္ဌာန်းတရားများကို ပွားများကျင့်သုံးခဲ့ဘူးသော၊ ပွားများ ကျင့်သုံးလျက်ရှိသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန် တို့ထံမှ ဝေဖန်ချက်တို့ကို တောင့်တလိုက်ရာတွင် ဆရာကြီး ဦးဘခင်၏ စိတ်အာရုံတွင် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးအား ရှေးဦးမျှော်မှန်းရည်ရွယ်ခဲ့မည်အမှန်ဖြစ်ပေသည်။ ယင်း "ပရိယတ္တိ အခြေခံနှင့် ပဋိပတ္တိအဖြေမှန် စာတမ်းသည်" ဆရာတော်ဘုရားသြဝါဒဆုံးမတော်မူသည့်အတိုင်းဘုရားတပည့်တော် လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ ဝိပဿနာတရားများကို လက်တွေ့သပြ ပေးပါသည်။ ဤကဲ့သို့ အကျိုးထူး ရလဒ်များတွေ့ရှိရပါသည်။ ဟု ဆရာကြီးက ဆရာတော်ထံသို့ လျှောက်ထားသော လျှောက်ထား အစီရင် ခံချက်ပင် ဖြစ်ကြောင်း တ

နည်းအားဖြင့် ယူဆနိုင်ဘွယ်ရာရှိပေသည်။ အကြောင်းမူ ယင်းစာတမ်း မူကြမ်းကို ဆရာကြီးသည် ပုံနှိပ်မထုတ်ဝေမီ တပည့်တဦးအား စေလွှတ်၍ ဆရာတော်ဘုရားအား ဆက်ကပ်စေခဲ့ရာ ဆရာတော်ဘုရားကြီးက အောက်ပါ အတိုင်း ပြန်စာကို ဆရာကြီးအား သနားချီးမြှင့်တော်မူခဲ့ပေသည်။

ဆရာကြီး ဦးဘခင် ရေးသားသော ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိအဖြေမှန် စာမူကြမ်းကို ဝေဘူလဆရာတော်အားလျှောက်ထား ဆက်ကပ်ရာ၌ ဆရာတော်ဘုရားကိုယ်တိုင် ရေးသားပေးပို့သော သြဝါဒစကား မိန့်ကြားစာ၏ မိတ္တူ။

မောင်ဘိုကလေး၏ ဆက်ကပ်အပ်သော လျှောက်လွှာကိုရရှိ၍ မြတ်စွာဘုရား အဆုံးအမတော်ကို ခံယူရသည်မှစ၍ အစဉ်မပြတ် ဖြည့်ကျင့်အားထုတ်လာရာ ယခုငွေစာရင်းမင်းကြီးဘဝနှင့် အများအကျိုးငှာ ဗုဒ္ဓဘာသာ သာသနာရေးများကို လုံးပန်းနေသည်ဟု ကြားသိရပေသည်။

မြတ်စွာဘုရား ညွှန်ပြနည်းပေး တော်မူသောအတိုင်း ပါဠိတော်ကြီးများနှင့်အညီ သုံးပါးသော သိက္ခာကို သန့်ရှင်းကြည်လင်စွာ အဟုတ် လိုက်နာ ဖြည့်ကျင့်ကြသော သူတော်ကောင်း များသာလျှင် သိမြင်နိုင်သည် တို့ကို သိနိုင်သလောက်သိပြီး ကောင်းသော တောင့်တခြင်းတို့ဖြင့် တောင့်တ၍ ရေးသား လျှောက်ထားတော် ရပေသည်ဟု အလွန်နှစ်သက်ရလေသည်။

ဗုဒ္ဓအဖွဲ့ အစစ်အမှန် အများတို့၏ တောင့်တချည်သန် အလွန် လျော်ကန်သင့်မြတ်ပေသောကြောင့် သာသနာတော် အနှံ့အပြား ထွန်းကားပေလိမ့်မည်ဟုယုံကြည်မျှော်လင့် သင့်ကြောင်း။

အနုသာသနီ စကားကျယ်များလှ၍ "သတိရှိသင့်ပြီ"

အောင်ခမြ
သာသနာ့ရိပ်သာ ဝိပဿနာကျောင်းတိုက်
ရွှေဘိုမြို့

မိမိတို့ ဆောင်ရွက်လျက်ရှိသော ပဋိပဏ္ဍိကျင့်စဉ်နှင့် ထိုကျင့်စဉ်မှ ပေါ်ထွက်လာသော တရားထူး ရလာဒ်များကို ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်က၊ အတည်ပြု ထောက်ခံအားပေး ချီးမြှင့်တော်မူလိုက်သောအခါ ဆရာကြီး ဦးဘခင်နှင့်တကွ အဖွဲ့ဝင် တပည့်တပန်းအားလုံးတို့သည် လက်ပန်းပေါက်ခတ်၊ ဝမ်းမြောက် ရွှင်လန်းခဲ့ကြမည် အမှန်ဖြစ်ပေသည်။ ထိုအချိန် ၁၉၅၃ ခုတွင် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာနသည် ဓမ္မရောင်ခြည် စေတီကို ဗဟိုပြုလျက်၊ ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်များအား တရားရေအေး တိုက်ကျွေးခဲ့သည်မှာ တနှစ် ပြည့်မြောက်ပေတော့မည်။ ဆရာတော်၏ အတည်ပြု ထောက်ခံချက်ဖြင့် အားတက်လျက် ရှိသော ဆရာကြီး ဦးဘခင်သည် ကမ္ဘာ့ သာသနာပြု လုပ်ငန်းကို ပိုမို အရှိန်တိုးတက်မြင့်မားလာစေရန်၊ ဆရာတော်ဘုရားအား ဓမ္မရောင်ခြည် စေတီတော်သို့ ကိုယ်တော်တိုင် ကြွရောက်၍ သာသနာပြု ဓာတ်တော်ဖွင့်ပေးရန် လျှောက်ထားဖို့ အကြံဖြစ်ပေါ်လာခဲ့သည်။

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားသည် ထိုအချိန်အထိ ကျောက်ဆည် ဝေဘူချောင်၊ ရွှေဘို၊ အောင်မြေကျောင်းနှင့် ခင်ဦး၊ အင်ကြင်းပင်ကျောင်းတိုက်များတွင်သာ (၄) လစီ သီတင်းသုံးလျက် ရှိပေသည်။ ထိုဒေသများမှ လွဲ၍ အခြား မည်သည့်မြို့၊ မည်သည့်ဒေသသို့မျှ ကြွရောက်ချီးမြှင့်တော် မမူသေးချေ။ ဆရာတော်၏ သီလဂုဏ်တော်၊ သမာဓိဂုဏ်တော်၊ ပညာဂုဏ်တော် အပေါင်းတို့ကို မြန်မာပြည်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့လည်း ပူဇော်ကန်တော့ခွင့် ရသင့်ကြပေပြီဟု ဆရာကြီး ဦးဘခင်က ထင်မြင်သဘောပေါက်ခဲ့လေသည်။ ထို့ကြောင့် တချက်ခုတ် နှစ်ချက်ပြတ်သဘောဖြင့် ဓမ္မရောင်ခြည် စေတီတော်ဓာတ်ဖွင့်ရင်း ဆရာတော်၏ဂုဏ်တော်အပေါင်း ပွင့်လင်းလာစေရန် ဆရာတော်အား ရန်ကုန်သို့ပင့်၍ ပူဇော်ကန်တော့ကြရန် စီမံစိုင်းပြင်လေတော့သည်။

ဤစီမံချက်အရ၊ ဆရာကြီးသည် တပည့်ရင်းတဦးဖြစ်သူ လက်ထောက်ငွေစာရင်းမင်းကြီး ဦးဘွန်ရှိန်အား ကျောက်ဆည်သို့သွား၍ ဆရာတော်အား ပင့်ရန် စေလွှတ်လိုက်လေသည်။ ဆရာတော်အား ဆက်ကပ်ရန်စာကို အထူး ရေးမပေးလိုက်ဘဲ "ဆရာတော်အား ငါကလွှတ်လိုက်တယ်လို့ ပြောပြီး ဒီလိုဒီလို လျှောက်ထား၊ ဒီကနေပြီး ငါလည်း လျှောက်ထားမည်"ဟု ဆရာတော် လျှောက်ထားရန် အချက်များကိုသာ ပြော၍ ဦးဘွန်ရှိန်ကို စေလွှတ်လိုက်လေသည်။

"ဟာ၊ ဘုန်းရှိန်ကြီးပါလား၊ ဆိုင်းမဆင့်ဗုံမဆင့်နှင့် ဘာကိစ္စ အညာ ဆန်တော်မူလာပါသလဲ ခင်ဗျား"

မိမိအိမ်တွင်းသို့ မမျှော်လင့်ဘဲ ဝင်ရောက်လာသည့် ဦးဘုန်းရှိန်ကို တွေ့လိုက်ရသော သူ၏ ငယ်သူငယ်ချင်း၊ မန္တလေးမြို့ရောက်၊ လမ်းဝန်ထောက် ဦး ..က ဝမ်းသာစွာ ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ငါ့ဆရာကြီးက အထူးကိစ္စနှင့် လွှတ်လိုက်လို့ အစောဆုံးလေယာဉ်ပျံနှင့် လိုက်လာခဲ့တာ၊ ငါ ကျောက်ဆည်သွားရမယ်။ ကား စီမံ ပေး စမ်း ပါ သူငယ်ချင်း"

"မင်းဆရာကြီးဆိုတာက ဘယ်သူတုန်းကွ။ အထူးကိစ္စဆိုတာကကော ဘာများလဲ"

"ငွေစခင်းမင်းကြီးဦးဘခင်ပါ။ ဒို့ငွေစာရင်းမင်းကြီးရုံးက ဝိပဿနာအဖွဲ့ဖွဲ့ပြီး ကမ္မဋ္ဌာန်း တရားဌာနတခု ဖွင့်ထားတယ်။ စေတီတဆူလဲ တည်ထားကြတယ်။ အဲဒီစေတီရိပ်သာမှာ ဒို့မင်းကြီးက ကမ္မဋ္ဌာန်းတရား ပြသပေးတယ်။ ဒါကြောင့် အလုပ်ခွင်မှာသာ အကြီးအကဲဖြစ်ရုံမဟုတ်ဘူး၊ တရားပြသပေးတဲ့ ဆရာလဲဖြစ်လို့ ဒို့က ဆရာကြီးလို့ ခေါ်ကြတယ်။ အခု ဆရာကြီးက ဝေဘူဆရာတော်ကို ရန်ကုန်အပင့်ခိုင်းလိုက်လို့ ငါ ကျောက်ဆည်သွားရမယ်"

"ဟ ဘုန်းရှိန်၊ မင်ရူးနေသလား။ ဝေဘူဆရာတော်ကြီးကရန်ကုန်ဝေးလို့ မန္တလေးက ပင့်တာတောင်မလိုက်ဘူး။ သူ့ကျောင်းကနေ၊ ဘယ်မှမထွက်ဘူး ဘယ်သူမှ ပင့်လို့လဲမရဘူး။"

"အေးသူငယ်ချင်း၊ အဲဒါတွေငါမသိဘူး၊ ငါနှင့်လဲမဆိုင်ဘူး။ ငါ့တာဝန်က ဆရာတော်ထံ အရောက်သွားပြီး ဆရာကြီးက အလျှောက်ခိုင်းလိုက်တာတွေ လျှောက်ထားရုံဘဲ၊ ရန်ကုန်ကို ပင့်ဖိတ်တာ လက်ခံမခံ ဆရာတော်က အမိန့်ရှိလိမ့်မယ်။ ကျောက်ဆည်သွားဘို့ ကားသာ မြန်မြန်စီမံ ပေးစမ်းပါ။"

× × ×

နေ့ဆွမ်းစားချိန် ဆရာတော် ခြေတော်ရင်းသို့ ဦးဘုန်းရှိန် ဆိုက်ရောက်သွားခဲ့သည်။ နေ့ခင်းအခါများမှာကဲ့သို့ ဆရာတော် ဆွမ်းဘုန်းပေးတော်မူစဉ်၊ ပွဲကြီးပွဲငယ် ဆက်ကပ်လှူဒါန်းရန် ဝိုင်းအုံတိုးဝှေ့နေကြသော လူထုပရိသတ်

ကြီး မရှိသေးချေ။ သီလရှင်ကြီး ၂ ပါးနှင့် အမျိုးသမီး ၃–၄ ဦးမျှသာ တွေ့ရသည်။ ကပ္ပိယ ဒါယကာကြီး ဦးကျော်နှင့် ဘိုးထွန်းတို့က အနားတွင် ဝေယျာ ဝစ္စ ဆောင်ရွက်ပေးနေကြသည်။

“ဘုရားတပည့်တော် ရန်ကုန်က ဆရာကြီး ဦးဘခင်က စေလွှတ် လို့ ဆရာတော်ထံ လျှောက်ထားရန် ရောက်လာပါတယ်ဘုရား။”

ဆရာတော်ဘုရားက ဆွမ်းဘုန်းပေးတော်မူရာမှ ဦးဘွန်ရှိန်ကို တချက် မော့ကြည့်ပြီး၊ “အေး အေး” ဟုသာ မိန့်တော်မူခါ ဆက်လက် ဆွမ်းဘုန်း ပေးတော်မူလျက်ရှိသည်။ ဆရာတော်ဘုရား၏ မျက်နှာတော် အမူအယာနှင့် ကြည့်ရှုတော်မူပုံမှာ “အေး၊ မင်းရောက်လာမှာကို ငါသိထားတယ်။ ခဏနေ အုံး” ဟု မိန့်ဆိုဘိသကဲ့သို့ သိရှိ သဘော ပေါက် လိုက်သဖြင့် ဦးဘွန်ရှိန်သည် ရိုသေစွာ ဝပ်တွားလျက် စောင့်ဆိုင်းနေလိုက်၏။ ဆွမ်းအဟာရ ကိစ္စပြီးစီးသည် နှင့်တပြိုင်နက်၊ ဆရာတော်သည် ဦးဘွန်ရှိန်အား လှမ်း၍ကြည့်ပြီး။

“ဒကာကြီးက ရန်ကုန်ကတောင် လာခဲ့တာလားဗျာ့”

“မှန်ပါဘုရား၊ ရန်ကုန်က ဒကာကြီး ဦးဘခင်က စေ လွှတ် လိုက် လို့ ရောက်လာရခြင်းပါ ဘုရား”

“ဒကာကြီး ဦးဘခင်”

“မှန်ပါ ဒကာကြီး ဦးဘခင်ပါဘုရား၊ ဗမာပြည် စစ်ဘေးမရောက်မီက လေးအချိန် ၁၃၀၂ ခု၊ ဝါခေါင်လအတွင်းက ဒီဝေဘူချောင်မှာဘဲ ဆရာ တော်ဘုရားကို ဖူးမျှော်ကန်တော့ ရောက်ခဲ့တဲ့ ဒကာကြီးပါဘုရား။ ဆရာတော် ဘုရား ဆုံးမဩဝါဒပေးလိုက်လို့ အဲဒီအချိန်ကတည်းက ကမ္မဋ္ဌာန်းတရား ပြသ ပြီး သာသနာ စတင်ပြုခဲ့ပါတယ်ဘုရား။ စစ်ကြီးပြီးတော့ အဲဒီဒကာကြီး ဦး ဘခင်ဟာ မြန်မာပြည် ငွေစာရင်းမင်းကြီးဖြစ်လာပြီး၊ ရန်ကုန်မှာ အခြေစိုက် ပါတယ်ဘုရား။ ငွေစာရင်းမင်းကြီးရုံး၊ ဘုရားခန်းမှာ လက်အောက်တပည့်များ ကို ကမ္မဋ္ဌာန်းတရား ဆက်လက်ပြသပါတယ်ဘုရား။ နိုင်ငံခြားသား အချို့လဲ တရားခမ့်ခံယူကျင့်သုံးပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်လာကြပါတယ် ဘုရား။”

“မိမိ အစဉ်မပြတ် ဖြည့်ကျင့်အားထုတ်လို့ ရရှိခဲ့တဲ့တရားကို အများ အကျိုးအတွက် လုံးပမ်းနေတာ ကြားရလို့ အလွန်နှစ်သက်ရပါ့ဗျာ”

"မှန်ပါဘုရား၊ ငွေစာရင်းမင်းကြီး ဦးဘခင်ဟာ ၁၃၁၃ ခုနှစ်မှာ ရှီးသူရှီးသားအချို့ ပါဝင်တဲ့ ဝိပဿနာဓာတ် ပညာအဖွဲ့ဖွဲ့ပြီး ဝိပဿနာတရား ပြသရင်း သိပ္ပံနည်းစနစ်အရ လက်တွေ့ သုတေသန ပြုလုပ်စမ်းသပ်ပါတယ် ဘုရား။ တွေ့ရှိတဲ့ အတွေ့အကြုံများကို "ပရိယတ္တိ အခြေခံနှင့် ပဋိပတ္တိအဖြေ မှန်" စာတမ်းအဖြစ် ပြုစုရေးသားပြီး ဆရာတော်ဘုရားထံ ဆက်ကပ်ခဲ့ပါ တယ် ဘုရား။ ဆရာတော်ဘုရားက နှစ်သက်လက်ခံကြောင်း ထောက်ခံအားပေး တော်မူလို့၊ ဝိပဿနာ ဓာတ်ပညာအဖွဲ့ကို တိုးချဲ့ပြီး ရှီးသူရှီးသား အားလုံး ပါဝင်နိုင်ကြတဲ့ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ကို ၁၃၁၄ ခုနှစ်၊ကဆုန် လဆန်းမှာ ဖွဲ့ခဲ့ကြပါတယ် ဘုရား။ အဲဒီအဖွဲ့သစ်မှာ ရှီးသူ ရှီးသားများသာ မက သူတို့ရဲ့ မိသားစုများလဲ ပါဝင်ပြီး၊ တရားထိုင်နိုင်ကြလို့ ငွေစာရင်းမင်း ကြီးရုံး၊ ဘုရားခန်းမှာ နေရာမဆန့်အောင် ဖြစ်လာပါတယ်ဘုရား။ ဒါကြောင့် အင်းယားမြို့ငလမ်းမှာ မြေတကွက်ဝယ်ယူပြီး ရိပ်သာစခန်းသစ်ကို မနှစ်က ၁၃၁၄ ခု၊ကဆုန်လဆန်း (၈)ရက်နေ့မှာ စတင်ဖွင့်လှစ်ပြီး တရားပြခဲ့ပါတယ် ဘုရား။ အဲဒီနေရာသစ် တောင်ကုန်းကလေးမှာ ဓမ္မရောင်ခြည် စေတီတော် တဆူလည်း တည်ကြပြီး၊ နိုင်ငံခြား သာသနာပြုလုပ်ငန်း လုပ်ဖို့ ဗဟိုချက်ခြာ အဖြစ် သတ်မှတ်ဆောင်ရွက်ကြပါတယ် ဘုရား"

ဤကဲ့သို့ ဦးဘွန်ရှိန်က ရှည်လျားစွာ လျှောက်ထားနေစဉ် ဆရာတော် သည် မည်သို့မျှ မိန့်မြွက်ခြင်း၊ မေးမြန်းခြင်းမပြုဘဲ။ မေတ္တာတော် အပြည့် အဝဖြင့် ဦးဘွန်ရှိန်အား ကြည့်၍ နားထောင်တော် မူနေခဲ့ပေသည်။ ဦးဘွန် ရှိန်လည်း ဆရာကြီး ဦးဘခင် ညွှန်ကြားလိုက်သည့်အတိုင်း အကြောင်းအရာ အပြည့်အစုံကို ကရားရေလွှတ် တတွတ်တွတ် လျှောက်ထားနေပေသည်။

"အခု ရိပ်သာစခန်းသစ်မှာ စေတီတော်နှင့် တရားလိုက်ဂူ (၁၇) ဂူ လည်း ဆောက်လုပ်ပြီးစီးပါပြီ ဘုရား။ ဆရာတော်ဘုရား သီတင်းသုံးတော် မူရန် ကျောင်းဆောင် အဆောက်အဦးနှင့် ဓမ္မာရုံလည်း ဆောက်လုပ်ပြီးစီး ပါပြီ ဘုရား။ နေရာသစ်ရောက်လို့ တနှစ်ပြည့်တဲ့အထိမ်းအမှတ်နှင့် ဓမ္မရောင် ခြည် စေတီတော် ဓာတ်တော်ဖွင့်ပေးတော်မူရန်၊ ဆရာတော်ဘုရား ကိုယ်တော် တိုင် ရန်ကုန်သို့ ကြွရောက်ချီးမြှင့်တော်မူပါရန် ရှိခိုးအသနားခံဖို့ တပည့်တော် ဆရာကြီးက စေလွှတ်လိုက်တာပါ ဘုရား"

ဤသို့ လျှောက်ထားလိုက်သောအခါ ကပ္ပိယ ဒကာကြီးနှစ်ယောက် နှင့် ဆွမ်းကပ်လာသော ဒကာမကြီးများက အံ့အားသင့်စွာဖြင့် ဆရာတော်ကို

ငင်း၊ ဦးဘွန်ရှိန်ကိုငင်း လှမ်းကြည့်ကြသည်။ ဆရာတော်ကား မည်သို့မျှ မမိန့်မြွက်၊ တုံးဏှိဘာဝေ။ ဆိတ်ဆိတ်နေမြဲပင်။ ဦးဘွန်ရှိန်ကလည်း မရပ်မနား ဆက်လက်လျှောက်ထားလျက်ပင်။

''ဒကာကြီးဦးဘခင်က အထူးအလေးအနက် လျှောက်ထားဘို့ မှာလိုက်တာရှိပါသေးတယ်ဘုရား။ ဆရာတော်ဘုရား၏ သီလဂုဏ်တော်၊ သမာဓိဂုဏ်တော်၊ ပညာဂုဏ်တော်များကို ကျောက်ဆည်၊ ရွှေဘို၊ ခင်ဦးနှင့် အနီးအနားက ပရိသတ်များသာ ပူဇော်ခွင့်ရကြပါသေးတယ်။ ဆရာတော့် ထံပါးသို့ အလွယ်တကူ ရောက်ရှိမလာနိုင်ကြသေးတဲ့ ဗမာပြည်တဝှမ်းမှ အခြားဝေနေယျတို့မှာ အခွင့်အရေးဆုံးရှုံးနေကြပါတယ်ဘုရား။ ဆရာတော်၏ ပါရမီ ဘုန်းတန်ခိုးဖြင့် သာသနာပြုနိုင်မဲ့ စွမ်းအင်ဟာ အလွန်ကြီးမား လှပါတယ်ဘုရား။ ဆရာတော်ချီးမြှင့်တော်မူနေတဲ့ နယ်ပယ်ဟာ အလွန် ကျဉ်းမြောင်း နေပါသေးတယ်ဘုရား။ ကြီးမားသော မေတ္တာ၊ ကရုဏာ အရှင်ဖြစ်တော်မူသည်နှင့်အညီ ဗမာပြည် အရပ်ရပ်မှ ပရိသတ် အပေါင်းအား သနားသောအားဖြင့် သီတင်းသုံးတော်မူနေကြ ဌာနမှထွက်ခွာပြီး တတိုင်းပြည်လုံးသို့ ဒေသစာရီကြွချီ၍ တရားရေအေး တိုက်ကျွေးတော်မူပါရန် အခါကောင်း အချိန်ကောင်းဆိုက်ရောက်လာပြီဖြစ်ကြောင်း လျှောက်ထားရန် ဒကာကြီးက အထူးမှာကြားလိုက်ပါသည်ဘုရား။''

ဦးဘွန်ရှိန်၏ လျှောက်ထားချက်မှာ ဤတွင် ပြီးဆုံးသွားသည်။ အတော်မောပန်းသွားသဖြင့် အနားယူရင်း မျက်နှာမှ ချွေးပေါက်များကို လက်ကိုင်ပုဝါဖြင့် သုတ်ပစ်နေသည်။ ထို့နောက် ဆရာတော်ထံမှ မိန့်မြွက် သံကို စောင့်ဆိုင်းခါ ငြိမ်သက်နေလေသည်။ ဝါးကျောင်းကလေးတခုလုံး တိတ်ဆိတ်လျက်—

''ရန်ကုန်က ဒကာကြီးက ဒို့များဘယ်တော့ လာစေချင်တာတုန်းဗျ'' ဆရာတော်၏ အသံတော်သည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

''ဆရာတော်ဘုရား ဆန္ဒတော်အတိုင်း ဖြစ်ပါသည်ဘုရား'' ဦးဘွန်ရှိန်က တုန်တုန်ရီရီဖြင့် ပြန်၍ လျှောက်ထားလိုက်သည်။

''နက်ဖန်တော့ အချိန်မရဘူးထင်တယ်၊ သဘက်ခါပေါ့ဗျာ။ သဘက်ခါကြွကြရင် ဖြစ်ပါ့မလား။''

ဝမ်းသာလုံး ဆို့နေသော ဦးဘွန်ရှိန်သည် အသံထွက်နိုင်ရန် အတန်တန်ကြိုးစားလျက် "ဖြစ်–ဖြစ် နိုင်ပါတယ်ဘုရား။ အားလုံး အဆင်သင့်ဖြစ်ရန် တပည့်တော် ရန်ကုန်ချက်ခြင်း အကြောင်းကြားပါ့မယ်ဘုရား။"

ဆရာတော်သည် ကပ္ပိယ ဘိုးထွန်းကို ဦးဥာဏနှင့် ဦးသုမနတို့အား သွားရောက် ပင့်ရန် စေခိုင်းလိုက်လေသည်။ ကိုယ်တော်နှစ်ပါး ရောက်လာသောအခါ–

"ရန်ကုန်က ဒကာကြီးများ ချီးမြှောက်ရအောင် ဒို့များရန်ကုန်သွားကြမယ်ဗျ။ သံဃာတော် (၁၀) ပါးနှင့် ဒကာကြီး နှစ်ယောက် လိုက်ရအောင် ဟောဒီဒကာကြီးနှင့် လိုအပ်တာများ တိုင်ပင်စီစဉ်ကြဗျာ့။"

မိမိတို့နားကို မိမိတို့မယုံနိုင်လောက်အောင် အံ့သြနေကြသော ဦးဥာဏနှင့် ဦးသုမနတို့သည် ကျောင်းခန်းပြင်ဘက်သို့ ဦးဘွန်ရှိန်ကိုခေါ်ပြီး ထွက်ခဲ့ကြသည်။ ဦးဘွန်ရှိန်အား အကျိုးအကြောင်း မေးကြသည်။ ထို့နောက် ရန်ကုန်သို့ ပင့်ဆောင်ရေးအစီအစဉ်ကို တိုင်ပင်ကြသည်။ထိုနေ့သည် ၁၉၅၃ ခု၊ ဇူလိုင်လ (၃) ရက် သောကြာနေ့ဖြစ်ရာ၊ဆရာတော်ကို ရန်ကုန်သို့ ၁၉၅၃ ခု၊ ဇူလိုင်လ (၅) ရက်၊ တနင်္ဂနွေနေ့တွင် လေယာဉ်ပျံဖြင့်ပင့်ဆောင်ရန် သဘောတူ ဆုံးဖြတ်ကြသည်။

ဆရာတော်ကို အစီအစဉ် လျှောက်ထားရန်နှင့် ကန်တော့ရန် ကျောင်းခန်းထဲသို့ ဦးဘွန်ရှိန် ပြန်ဝင်ခဲ့ပြီးနောက်–

"ဘုရားတပည့်တော်တို့သည် ဆရာတော်နှင့် နောက်ပါသံဃာများကို သဘက်ခါ လေယာဉ်ပျံဖြင့် ရန်ကုန်သို့ ပင့်ဆောင်ပါမည်ဘုရား။ ရန်ကုန်မှာ သီတင်းသုံးနေခိုက် အထူးလိုအပ်မည့် အစီအစဉ်များ ဆန္ဒရှိတော်မူလျှင် နာခံရလိုပါသည် ဘုရား"

"သံဃာတော်များ သီတင်းသုံးဖို့နေရာနှင့် ကုဋီများ ဝိနည်းတော်အတိုင်း စီစဉ်ပါလို့ ရန်ကုန်ဒကာကြီး ပြောပါ။ အဲဒါဆို ပြည့်စုံပါပြီ"

"မှန်လှပါဘုရား" ဟု လျှောက်ထားယင်း ဆရာတော်အား ဦးချပြီးနောက် ဦးဘွန်ရှိန်သည် မန္တလေးသို့ ဒုံးစိုင်းပြန်ခဲ့သည်။ တယ်လီဖုန်းရုံးသို့ တိုက်ရိုက်သွား၍ ရန်ကုန်သို့ ဖုန်းဆက်သည်။

အစိုးရဌာနများအနက် ငွေစာရင်းမင်းကြီးရုံးသည် အရှိန်အဝါအလွန်ကြီးမားသည်။ ငွေစာရင်းမင်းကြီး ဦးဘခင်သည်လည်း ဩဇာတိက္ကမနှင့်ပြည့်စုံလှသည်။ ဦးဘွန်ရှိန်သည် မိနစ်ပိုင်းအတွင်း ဆရာကြီးနှင့် စကားပြောရ၍ သတင်းကောင်း ပါးလိုက်နိုင်သည်။ ထို့နောက် သူပြောပြသည်ကို မယုံနိုင်ဖြစ်နေသော သူ၏မိတ်ဆွေ လမ်းဝန်ထောက်ရုံးခန်းသို့ သွား၍ ဆရာကြီးထံမှ သတင်းကို စောင့်ဆိုင်းနေခဲ့သည်။ တနာရီအတွင်း ရန်ကုန်မှညွှန်ကြားချက်များ ရောက်လာသည်။ ဆရာတော်နှင့် သံဃာများ၊ ကပ္ပိယများနှင့် ဦးဘွန်ရှိန်အတွက် လေယာဉ်ပျံ နေရာယူပြီး၊ လက်မှတ်အတွက် စီစဉ်ပြီးကြောင်း၊ တနင်္ဂနွေနေ့ မန္တလေးမှ (၁၂) နာရီထွက်ပြီး ရန်ကုန်သို့ (၂) ချက်ခွဲခန့် ရောက်မည်။ လေယာဉ်ပျံကွင်းမှ အဆင်သင့်စောင့်ကြိုနေမည် ဖြစ်ကြောင်း သတင်းရရှိသည်။

× × ×

ကျေးဇူးရှင် ဝေဘူဆရာတော် ရန်ကုန်သို့ ဒေသစာရီ ကြွချီလာမည့် သတင်း ရကတည်းက စေတီရိပ်သာတွင် ဆရာတော်နှင့် သံဃာတော်များ ကြိုဆိုရန် စီစဉ်ကြပုံ၊ ယာယီ ကျောင်းသင်္ခမ်းနှင့် ကုဋီများ အပူတပြင်း ဆောက်ကြပုံ၊ ဆွမ်းကွမ်း ဝေယျာဝစ္စများအတွက် ပြည့်စုံရန် အသေးစိပ် စီမံကြပုံ၊ ဆရာတော်ကို (၇) ရက်လုံးလုံး ပူဇော်ကြပုံများကို ကျွန်တော် စေတီရိပ်သာသွားတိုင်း ပြန်လှန်ပြောပြသည်ကို ကြားခဲ့ရသည်။

ဆရာတော်နှင့် နောက်ပါသံဃာတော်များအား ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုလာသော ကားတန်းကြီး ရိပ်သာဝင်းအတွင်း ဝင်လာသည်နှင့်တပြိုင်နက် စောင်းတန်းလှေခါး တဖက်တချက်နှင့် စေတီရင်ပြင်တွင် ပရိသတ်များနေရာယူ၍ စောင့်ကြိုလျက်ရှိကြသည်။ အနောက်ဖက် စောင်းတန်းဦးတွင် ဆရာတော်၏ကားကို ရပ်တန့်၍ ဆရာကြီးဦးဘခင်ကိုယ်တိုင် ကားတံခါးဖွင့်ပေးသည်။ ဆရာတော်သည် ကားမှထွက်လာပြီး စေတီရင်ပြင်ဆီသို့ တချက် မော့ကြည့်သည်။ မကြာသေးမီကမှ ထီးတော်တင်၍ ရွှေအပြည့်ချထားသော စေတီတော်သည် အနောက်ဖက်မှ ထိုးထွက်နေသော နေရောင်အောက်တွင် ရွှေရောင်ဝင်းဖြာ၍ ကြည်ညိုဘွယ်ကောင်းလှပေ၏။ ဆရာတော်သည် စောင်းတန်းဦး၌ ခေတ္တရပ်နေပြီး၊ စေတီတော်ကို လက်အုပ်ချီလိုက်သည်။ ထို့နောက်မှ တဖြည်းဖြည်း စောင်းတန်းလှေခါးမှ စေတီရင်ပြင်သို့ ကြွချီတော်မူလာသည်။

စေတီရင်ပြင်ပေါ် ရောက်သည်နှင့် တပြိုင်နက် ဆရာကြီးသည် ဆရာတော်၏ ဘေးမှလက်အုပ်ချီ၍ လမ်းပြရင်း ကပ်လျှောက်လာသည်။ စေတီတော်ကို လက်ျာရစ် ၃ ကြိမ် ပတ်ပြီးနောက် မြောက်ဖက်ဂူပေါက်ဝမှ စေတီတွင်းသို့ ဆရာတော်အား ပင့်ဆောင်သွားလေသည်။ စေတီ လိုဏ်ဂူ တွင်းသို့ရောက်၍ တောင်ဘက်ဆုံးအခန်း၌ သပ္ပာယ်စွာ သီတင်း သုံးနေတော်မူသော ကျောက်ဆင်းတု ရုပ်ပွားတော်ကို ဖူးတွေ့လိုက်ရသည်နှင့် ဆရာတော်သည် ပုဆစ်တုပ်ကာထိုင်ချလိုက်ပြီးနောက် ရိုသေလေးမြတ်စွာ သုံးကြိမ်တိုင်တိုင်ရှိခိုး ကန်တော့လိုက်လေသည်။ ပြီးမှ အသင့်ပြင်ဆင် ထားသော နေရာတွင် သီတင်းသုံးတော်မူပေသည်။ ထို့နောက် ဓာတ်မီးချောင်းများ၏ အလင်းရောင်တွင် ရွှေရောင်တလက်လက် ထွန်းပြောင်းနေသည့် ကုလားကျောင်း လှိုင်ဂူကို မျက်စိဖြင့် လှည့်လည်သုံးသပ်တော်မူလိုက်ရာ နံရံပတ်လည်တွင် ရှင်တော်မြတ်ဘုရား၏ ဓမ္မခန္ဓာအဆီအနှစ်တို့ကို ထုထွင်းပူဇော် ဌာပနာထားသည့် ကြေးပြားပုရပိုက်တို့ကို သတိပြုမြင်တွေ့လိုက်လေသည်။ အခန်းများအတွင်းနှင့် စေတီပတ်လည်တွင် ဆရာကြီးဦးဘခင်၏ တပည့်ပရိသတ်များသည် ဆရာတော် ရှိရာသို့ လက်အုပ်ချီ၍ တရားအာရုံပြုခါ မျက်စိများစုံမှိတ်လျက် ရှိခိုးပူဇော်လျက်ရှိသည်။

ထိုအချိန်တွင် ဆရာတော့် ရှေ့မှောက်၌ လက်အုပ်ချီ ပုဆစ်တုတ်ထိုင်လျက်ရှိသော ဆရာကြီးဦးဘခင်ထံမှ သြဇာဖြင့်ပြည့်ဝ၍ လေးနက် ကြည်လင်သောအသံသည် ထွက်ပေါ်လာခဲ့လေသည်။

"ဘုရား၊ တရား၊ သံဃာ ရတနာမြတ် ၃ ပါးတို့၏ ကျေးဇူးမြို၊ ကျေးဇူးကြေး ဝန်မလေးရအောင် ဆပ်ပေးပူဇော်ရာဌာန၊ ကမ္ဘာအဝှမ်းသို့ မဂ်ပညာဖိုလ်ပညာတည်းဟူသော တရားတော်ကို ပေးလှူရာ၊ ဗဟိုချက်ခြာ ဌာနအဖြစ် ကျွန်ုပ်တို့ တည်ဆောက်ထားသော ဤဓမ္မရောင်ခြည် စေတီတော်သို့ သီလဂုဏ်တော်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အားဖြင့် အကျွန်ုပ်တို့၏ သာသနာပြု လုပ်ငန်းကြီးတွင် လိုအပ်သောအား၊ လိုအပ်သော အစောင့်အရှောက်၊ လိုအပ်သော အဆုံးအမတို့ ပေးသနားတော်မူရန် ကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်တော်မူပါသော ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီးထံ၌ သရဏဂုံ ဆောက်တည် သီလခံယူကြပြီးနောက် ကျွန်ုပ်တို့ အသီးသီးရရှိထားသည့် ကျင့်သုံးနေသည့်တရားတော်ကို အာရုံပြု၍ ကျွန်ုပ်တို့၏ ဆရာသခင် သုံးလူ့ထွဋ်ထား၊ သဗ္ဗညုရှင်တော် ဘုရားကြီးနှင့်တကွ ယခု ကြွရောက်တော်မူလာသည့် ကျေးဇူးတော်ရှင်

ဝေဘူဆရာတော်ဘုရားနှင့် နောက်ပါ သူတော်စင် သံဃာတော်အရှင်မြတ်တို့အား ဓမ္မာနု ဓမ္မာပဋိပတ်ဖြင့် ပူဇော်ကန်တော့ကြပါအံ့။ ဒေဝါသေဠ္ဌနင်းသကြားမင်းနှင့် စတုလောကပါလ သာသနာတော်စောင့် နတ်မင်းကြီးများ၊ သမာဒေဝ နတ်အပေါင်းတို့သည် ဤနေရာ၊ ဤဌာနသို့ ကြွရောက်သက်ဆင်းလာကြပါစေသတည်း။ ဗုဒ္ဓပူဇော်ခြင်း၊ ဓမ္မပူဇော်ခြင်း၊ သံဃာပူဇော်ခြင်းတည်းဟူသော ထွဋ်မြတ်သော ကုသိုလ်အမှု၌ ကျွန်ုပ်တို့နှင့် အတူတကွ ပါဝင်ဆောင်ရွက်တော်မူကြပါစေကုန်သတည်း။”

ဤကဲ့သို့ ဆရာကြီးဦးဘခင်က ‘မိန့်မြွက်လိုက်ပြီးနောက် ပရိသတ်သည် ဝေဘူ ဆရာတော်ဘုရားကြီးထံ၌ သရဏဂုံ ဆောက်တည်၍ သီလခံယူကြ၏။ ဆက်လက်၍ မိမိတို့ ရရှိကျင့်သုံးနေကြသည့် တရားတော်ကို အာရုံပြုကြ၍ ဓမ္မာနု ဓမ္မာဋိပတ် ကျင့်စဉ်ဖြင့် (၅) မိနစ်ခန့် မျက်စိမှိတ်ခါ ပူဇော်ကန်တော့ကြပြန်၏။

ထို့နောက် ဆရာကြီးဦးဘခင်က ၁၉၄၁ ခုနှစ်တွင်၊ ဆရာတော်အား ပထမအကြိမ် ဖူးမြော်ကန်တော့ခဲ့ပြီးနောက် ဆုံးမဩဝါဒ ပေးတော်မူလိုက်သည့်အတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်းတရား စတင်ပြသခဲ့ပုံ၊ ငွေစာရင်းမင်းကြီးရုံးတွင် ဝိပဿနာအဖွဲ့ဖွဲ့ပြီး ရုံးသူရုံးသားများ တရားပြသခဲ့ပုံ၊ နိုင်ငံခြားသားများ တရားရကြပုံ၊ ထိုမှ အဖွဲ့လုပ်ငန်း တိုးတက်လာ၍ အင်းယားမြိုင်စခန်းသစ်ရှာဂပုံ၊ သာသနာစောင့် နတ်အပေါင်းက သာသနာ့မြေအစစ် ဖြစ်ကြောင်းညွှန်ပြတိုက်တွန်း၍ ဓမ္မရောင်ခြည်စေတီ တည်ဆောက်ပုံ၊ ဓမ္မခန္ဓာ အဆီအနှစ်များကို ကြေးပြားတွင် ထုထွင်း၍ မည်သို့ ဌာပနာထားပုံ၊ ဤဌာနကို ဗဟိုပြု၍ ကမ္ဘာသို့ ဗုဒ္ဓဓမ္မ ဖြန့်ဖြူးရန် အပြည့်ပြည့်ဆိုင်ရာ ဝိပဿနာတရားလုပ်ငန်းဌာန (အိုင်၊ အမ်၊ စီ) ဖွင့်လှစ်ထားပုံတို့ကို မရပ်မနား၊ မထစ်မငေါ့လျှောက်ထားလေရာ၊ ဆရာတော်ဘုရားကြီး၏ ရွှင်ပြုံးကြည်လင်သော မျက်နှာတော်တွင် အားရနှစ်သက်ပုံရှိတော်မူပုံကို ထင်းလင်းစွာ မြင်ကြရပေသည်။ နိဂုံးချုပ်အားဖြင့် ကျောက်ဆည်တွင် ဆရာတော်အား ဦးဘွန်ရှိန်ကို အလျှောက်ထားခိုင်းလိုက်သည့် အဓိကအချက်ကို ဆရာကြီး ဦးဘခင်က ထပ်မံလျှောက်ထားပြန်လေသည်။ ယခုအခါ ဗုဒ္ဓဘာသာ သာသနာဝင် ရှင်လူအများတို့သည် ပရိယတ္တိ သာသနာတော်ကြီးအတွက် ပစ္စည်းလေးပါး ထောက်ပံ့မှု၊ စာပြန်ပွဲများ ကျင်းပမှု စသည့် သာသနာ့နုဂ္ဂဟအမှုတို့ကို ပြုလုပ်လျက် ရှိကြပုံ၊ ပဋိပတ္တိ ပဋိဝေဓ သာသနာတော်ကြီးအတွက် ဝိပဿနာကမ္မဋ္ဌာန်း လုပ်ငန်းရပ်

များကို အားကြိုးမန်တက် ဆောင်ရွက်လျက်ရှိကြပုံ၊ နိုင်ငံတော်အစိုးရကလည်း ဆဋ္ဌသံဂါယနာ တင်ခြင်းဖြင့် သာသနာတော်ကို ချီးမြှောက်ထောက်ပံ့လျက်ရှိပုံတို့ကို လျှောက်ထားပြီးနောက် ဆရာတော် ဘုရားကြီးမှာလည်း သီလ၊ သမာဓိ၊ ပညာဂုဏ်တော် လွန်စွာ ကြီးမားသည့်အလျောက် သာသနာပြုလုပ်ငန်းတွင် လွန်ကဲထူးမြတ်စွာ ဆောင်ရွက်နိုင်သည့် အင်အားများ ရှိနေ၍၊ ယခုအခါတွင် ကျောက်ဆည်၊ ရွှေဘို၊ ခင်ဦးနယ်များ အနီးအပါးမှ ပရိသတ်များကသာ ဆရာတော်ချီးမြှင့်သည့် မေတ္တာတော်ကို ခံယူနိုင်ကြပုံ၊ မြန်မာပြည်အရပ်ရပ်ရှိ ဝေနေယျ သတ္တဝါ အပေါင်းအားလည်း ဆရာတော်၏ ကြီးမားလှသည့် ကရုဏာစေတနာတော်များကို ဖြန့်ဖြူးသနားတော်မူထိုက်ပုံ၊ မြတ်စွာဘုရား အဆုံးအမ၌ ကောင်းစွာ မတည်ရှိကြသေးသူ အပေါင်းတို့အား ကယ်တင် ချီးမြှင့်တော်မူရန် အခွင့်ကောင်း၊ အချိန်ကောင်း ဆိုက်ရောက်လာပြီဖြစ်သဖြင့် ယခု သီတင်းသုံးလျက်ရှိသော ဓမ္မရောင်ခြည်စေတီတော်မှစတင်၍ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းကို တိုးဆင့်၊ ခတ်ဖွင့်တော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်လိုက်လေသည်။

ဤသို့ ဆရာကြီးဦးဘခင်၏ မရပ်မနား လျှောက်ထား နေသည်တို့ကို မျက်နှာတော်ရွှင်ပြုံးစွာဖြင့် ဆရာကြီးအားကြည့်၍ နားထောင်တော်မူခဲ့သော ဆရာတော်ကြီးက "ကျေးဇူးတော် အရှင်ကြီးရဲ့ အဆုံးအမကို လိုက်နာ ကျင့်သုံးတာဟာ ဆင်းရဲငြိမ်းဘို့ပဲ။ ကိုယ်တိုင်သိကြပါသဗျာ။ ကိုယ်တိုင် ရထားတဲ့ တရားကို သူတပါး ဖြန့်ပြူးပေးတာဟာ အလွန်မွန်မြတ်တာပဲ။ အလှူတကာတွင် အမြတ်ဆုံး အလှူပေါ့ဗျာ။ မြတ်စွာဘုရားရဲ့ ကျေးဇူးတော် ဂုဏ်တွေသိပြီး၊ တရားတော်နှင့် ပူဇော်တာလဲ၊ ပူဇော်တကာတွင် အမြတ်ဆုံး ပူဇော်ခြင်းပါ့ဗျာ။

ဒကာကြီးတို့က မြင့်မြတ်တဲ့နေရာဌာနမှာ မြင့်မြတ်တဲ့ အမှုတွေချည်း ပြုနေတာဆိုတော့ မြင့်မြတ်တဲ့အကျိုးတွေ ရကြမှာပါဗျာ။ ပါရမီ ဘုန်းကံတွေ ကြီးသလောက် အကျိုးတွေလဲကြီးမှာပါဗျာ။ ဝိရိယိဒ္ဓိထူထောင်ပြီး ဘုရားရှင်တော်၏ အဆုံးအမအတိုင်း အခုလိုလိုက်နာကြပြီဆိုတော့ ရသင့်သမျှ အကုန်ရတော့တာပါ့ဗျာ။

ကျေးဇူးတော်ရှင် ဘုရားရဲ့သာသနာတဝက်မှာ ကျွတ်ထိုက်သူ အများကျန်ရှိသေးတာ မှန်သဗျာ။ မြတ်စွာဘုရား၏ ကျေးဇူးတော်မြို၊ ကျေးဇူးတော်

ကြွေးမတင်ရအောင် ပေးဆပ်ရအောင်၊ ဒို့မျိုးလဲ သံဃာတော် အရှင်မြတ်များနဲ့ ဒို့ဒကာကြီးတို့ လျှောက်ထားတဲ့အတိုင်း လာခဲ့ရတာဗျ။ ရှေးအရှင်တွေဟာ မမေ့မလျော့ဘဲ သည်လိုသည်လို သွားကြတော့ တောင့်တတဲ့အတိုင်း ပြီးကြတယ်ဗျ။ အခုလဲအားလုံးသောသူတော်ကောင်း အစားစား တို့ဟာ ဝိရိယထူထောင်ပြီးတော့ ကြိုးစားကြလို့ အောင်ကြပေါ့ဗျာ။ အောင်ကြပါပြီ” အစရှိသဖြင့် ဝမ်းသာရွှင်လန်းစွာဖြင့် အားရ ပါးရ ချီးမြှင့်တော်မူလိုက်ရာ၊ စေတီရိပ်သာတခုလုံး တခဲနက်သော သာဓု၊ အနုမောဒနာ ပြုသံဖြင့် ဖုံးလွှမ်းသွားခဲ့လေတော့သည်။

× × ×

ကျေးဇူးရှင် ဆရာတော်ကြီးအား နားနေ သီတင်းသုံးတော်မူရန် ယာယီကျောင်း သခ်္ချိုင်းသို့ ပို့ဆောင်၍ ဝတ်ပြုကြပြီးနောက် နောက်ပါသံဃာတော်များကိုလည်း အသီးသီး တိုက်ခန်း၊ တဲခန်းတို့၌ နေရာ ချထား ပေးလိုက်ပြီး၊ သီတင်းသုံးတော်မူကြစေသည်။

ညနေ ၆ နာရီတွင် ဆရာတော်ကြီးနှင့်တကွ သံဃာတော် အပေါင်းအား ဓမ္မာရုံသို့ပင့်ဖိတ်၍ အဖျော်ယမကာများ ဆက်ကပ်လှူဒါန်းကြသည်။ မြို့တွင်းမှ ပရိသတ်အပေါင်းလည်း စုရုံးရောက်ရှိလာကြ၍ ဆရာတော်ဘုရားက တရားရေအေးတိုက်ကျွေးခါ သနားချီးမြှင့်တော်မူလေသည်။

နောက်တနေ့မှစ၍ သမတ စောရွှေသိုက်နှင့်တကွ တရားရေးဝန်ကြီးများ၊ ဝန်ကြီးအဖွဲ့ဝင်များနှင့် ရပ်ကွက် အသီးသီးမှ ပရိသတ်တို့သည် ဓမ္မရောင်ခြည် စေတီတော်သို့ အဆက်မပြတ် ရောက်လာကြကာ၊ ဆရာတော်ဘုရားအား ဆွမ်း၊ သင်္ကန်း၊ လှူဘွယ်ဝတ္ထုပစ္စည်းမျိုးစုံတို့ဖြင့် လှူဒါန်း ပူဇော် ကြ၏။ ဆရာတော်ကလည်း တနေ့ ၃ ကြိမ် လာရောက် ကန်တော့ကြသော သူတော်ကောင်းပရိသတ်တို့အား တရားချီမြှင့်တော်မူ၏။

ဤအချိန်တွင် အထူးတရားပတ် ဝင်နေကြသော ယောဂီပုဂ္ဂိုလ်အများအပြား စေတီရိပ်သာ၌ ရှိနေလေရာ၊ ယင်းတို့အား ပြုစုစောင့်ရှောက်မှု၊တရားပြမှု၊ တရားစစ်မှု တို့ကိုလည်း ဆရာကြီးသည် မလစ်လပ်အောင် ဆောင်ရွက်လိုက်သေး၏။နောက်ပါသံဃာတော်များကိုလည်း လိုဏ်ဂူများအတွင်း၌ တရားကမ္မဋ္ဌာန်း နှလုံးသွင်းနေထိုင်စေ၍ ဆရာတော်ဘုရားကြီး ကိုယ်တိုင်လည်း ညဉ့်။

နံနက်တိုင်း ဓမ္မရောင်ခြည်စေတီတော်၏ ဗဟိုခန်းမ၌ သိတင်းသုံးကာ ကမ္မဌာန်းဘာဝနာ စီးဖြန်းခြင်းဖြင့် ဗောဓိဓာတ်၊ ဓမ္မဓာတ်၊ နိဗ္ဗာန ဓာတ်အားတို့ကို စေတီတော်အတွင်း၌ ပြည့်ဖြိုး ဝေလျှံတော်မူစေခဲ့၏။

ဤသို့ဖြင့် ဆရာကြီးဦးဘခင်၏ အမြော်အမြင်ကြီးမှု၊ စေတနာမေတ္တာထားမှု၊ ငွေစာရင်းမင်းကြီးရုံးမှ ဝိပဿနာ အဖွဲ့ဝင်များ၏ ကြိုးပမ်းမှုတို့ကြောင့် ရန်ကုန်မြို့သူမြို့သားတို့သည် (၇) ရက်ပတ်လုံး၊ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ခွင့်နှင့် ပူဇော်ခွင့်၊ ဆုံးမဩဝါဒနာခံခွင့်တို့ကို ရရှိသွားကြရကား ဆရာကြီးနှင့် ဝိပဿနာအဖွဲ့အား ကျေးဇူးတင်မဆုံး ဖြစ်ကြရလေသည်။

(၇) ရက် ကုန်ဆုံးပြီးသောအခါ၌ဆရာတော်ကြီးနှင့် နောက်ပါသံဃာတော်များကို လှူဘွယ်ဝတ္ထုပစ္စည်းများနှင့်' တကွ မီးရထားတွဲဖြင့် ကျောက်ဆည်သို့ ပြန်လည် ပို့ဆောင်လိုက်ကြ၏။

× × ×

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးသည် အင်းယားမြိုင်လမ်း၊ ဓမ္မရောင်ခြည်စေတီရိပ်သာသို့ အထက်ပါအတိုင်း ကြွရောက်အပူဇော်ခံလိုက်သည်ကို ကြားသိသွားကြသော မြို့ရွာအသီးသီးမှ သာသနာ့ဘောင်တွင် သက်ဝင်ယုံကြည်ကြသော သူတော်ကောင်း အပေါင်းတို့သည် မိမိတို့မြို့ရွာဒေသသို့ ဆရာတော်ကြီးအား အလားတူ ပင့်ဆောင်ဖူးမြော်ရန် စိုင်းပြင်ကြတော့၏။ ရန်ကုန်မြို့တွင် သမတဟောင်း စောရွှေသိုက် ကြီးမှူးသော ဝေဘူဆရာတော် ပင့်ဖိတ်ရေး အဖွဲ့တဖွဲ့ ဖွဲ့စည်း၍ ၁၉၅၄ ခု၊ မေလတွင် ဆရာတော်အား ရန်ကုန်သို့ ပင့်ဖိတ်ပူဇော်ကြလေသည်။ ယင်းအဖွဲ့၏ ယာယီစံကျောင်းတွင် သိတင်းသုံးတော်မူရာမှ ၁၉၅၄ ခု၊ မေလ (၁) ရက်နေ့တွင် ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီးသည် အိုင်၊ အမ်၊ စီသို့ ကြွရောက်တော်မူလာ၍ မေ့ရောင်ခြည် စေတီတော်အတွင်းဝယ် ဆရာကြီးနှင့် တပည့်အပေါင်းတို့ပါ အတူတကွ ကမ္မဌာန်းဘာဝနာများကို စီးဖြန်းတော်မူလေ၏။ ထို့နောက် ညနေ(၅)နာရီ အချိန်တွင် ဓမ္မာရုံ၌ အဖွဲ့ဝင်များ၏ ဖူးမြော်ပူဇော်ခြင်းကို ခံယူပြီး တရားပရိသတ်အပေါင်းတို့အား တရားရေအေးတိုက်ကျွေး ဆုံးမတော်မူခဲ့လေသည်၊ ဆရာတော်ဘုရားအား အဖွဲ့မှ သင်္ကန်းကြီး အစရှိသော လှူဘွယ်ဝတ္ထုအစုံစုံဖြင့် ကပ်လှူပူဇော်ကြလေသည်။

အလားတူပင် ၁၉၅၅ ခု၊ မေလ ၁၀ ရက်၊ ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ ၁၃၁၈ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက် ၁၉၅၈ ခု၊မေ့ လ ၅ ရက် ၁၃၁၉ ခု၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့များတွင် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့မှ ပင့်ဖိတ်သည့် အဖွဲ့အစည်း၏ ယာယီစံကျောင်းမှ အိုင်၊ အမ်၊ စီသို့ ကြွရောက် အပူဇော်ခံခဲ့ပြန်လေသည်။ ကြွရောက်တော်မူတိုင်း ဓမ္မရောင်ခြည် စေတီတော်တွင်း၌ ဆရာကြီးနှင့် တပည့်အပေါင်းခြံရံလျက် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းတော်မူခဲ့သည်။ ဓမ္မာရုံ၌ အဖွဲ့ဝင်များ၏ ပူဇော်ခြင်းကို ခံယူ၍ ပရိသတ်အား တရားချီးမြှင့်ခဲ့သည်။ အဖွဲ့ဝင်များကလည်း သက်န်းကြီး အပါအဝင် လှူဘွယ်ဝတ္ထုပစ္စည်းများဖြင့် ကပ်လှူပူဇော်ခဲ့ကြလေသည်။

ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီးသည် အင်းယားမြိုင်လမ်း၊ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန တည်ရှိရာ ဓမ္မရောင်ခြည်စေတီတော်သို့ ပထမအကြိမ် ကြွရောက်ချီးမြှင့်ခဲ့သည်မှာ ၁၉၆၀ ခုနှစ်တွင် ၇ နှစ်ပြည့်မြောက်ပြီ ဖြစ်သောကြောင့်၊ ဆရာကြီးဦးဘခင်သည် ဆရာတော်ဘုရားထံသို့ အောက်ပါလျှောက်ထားလွှာကို ဆက်ကပ်ခဲ့လေသည်။

## မြန်မာနိုင်ငံငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့

ရန်ကုန်မြို့၊ ၁၃၂၁ ခု၊ နတ်တော်လဆန်း ၁၅ ရက်။

တပည့်တော် မောင်ဘခင် ရှိသေလေးမြတ်စွာလျှောက်ထားအပ်ပါသည် ဝေဘူလဆရာတော် အရှင်သူမြတ်ဘုရား။

၁၃၀၂ ခု၊ ဝါခေါင်လအတွင်းက မီရထားစာရင်းဌာနတွင် တာဝန်ခံအရာရှိအဖြစ် ဆောင်ရွက်နေစဉ် ကျောက်ဆည်မြို့သို့ ရောက်ရှိ၍ ဆရာတော်ဘုရားနှင့်တွေ့ဆုံခဲ့သည့် အချိန်အခါမှစ၍ ဆရာတော်ဘုရား၏ ဆုံးမဩဝါဒအတိုင်း သာသနာ့ကိစ္စအဝဝတို့ကို ဆောင်ရွက်ခဲ့ရာ ယခုအခါ အင်းယားမြိုင်လမ်း၌ ဓမ္မရောင်ခြည်စေတီတော်နှင့် တကဝ္ပဋိပတ္တိလုပ်ငန်းဌာနကြီးကို တည်ဆောက်အောင်မြင်ခဲ့ပြီးလျှင် ကမ္ဘာ့အရပ်ရပ်မှ နိုင်ငံခြားသားများ အပါအဝင် ပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာတို့ကို တရားဓမ္မ ပြသလျက် ရှိနေကြောင်း ဆရာတော်ဘုရား ကိုယ်တွေ့ပင်ဖြစ်ပါသည်ဘုရား။

၁၃၁၅ ခုနှစ် ဝါဆိုလအတွင်း ဆရာတော် ဘုရားသည် ရန်ကုန်မြို့ အင်းယားမြိုင်လမ်းရှိ တပည့်တော်များ၏ ပဋိပတ္တိ လုပ်ငန်းဌာနသို့ ဒေသစာရီ ကြွချီတော်မူလာခဲ့၍ ၇ ရက်တိုင်တိုင် သီတင်းသုံးတော် မူပြီးလျှင် တရားရေ အေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပြီးနောက် သာသနာ့ လုပ်ငန်းကြီး များအတွက် မျိုးစေ့ထူးများချ၍ စတင်ပျိုးထောင် ဆောင်ရွက်ခဲ့ကြောင်းကို လည်းမှတ်မိတော်မူပါလိမ့်မည်ဘုရား။

ထိုအချိန်မှစ၍ ၆ နှစ်ကျော်မျှ ဆရာတော် ဘုရားသည် မြန်မာပြည် ပြည်အရပ်ရပ်သို့ ဒေသစာရီ ကြွချီတော်မူ၍ သတ္တဝါများ၏အကျိုးကို အတိုင်း မသိအောင် သည်ပိုးရွက်ဆောင်ခဲ့ပြီးဖြစ်ရာ တပည့်တော်များ၏ ဘက်တွင်လည်း လုပ်ငန်းအခြေအနေအားဖြင့် ကြေနပ်လောက်အောင် တိုးတက်လျက် ရှိပါ သည်ဘုရား။

သို့ပါ၍ ၆ နှစ်လွန်မြောက်၍ ၇ နှစ်မြောက်ဖြစ်သော ယခုနှစ်အတွင်း ဆရာတော်ဘုရားနှင့်တကွ၊ တပည့်သံဃာများတို့သည် တပည့် တော်များ၏ ဓမ္မရောင်ခြည် စေတီတော် တည်ရာ ပဋိပတ္တိလုပ်ငန်းဌာနသို့ ၁၀ ရက်တာမျှ ကြွရောက်၍ သီတင်းသုံးနေထိုင်တော်မူပြီးလျှင် သာသနာ တော်၏ အကျိုး၊ သတ္တဝါတို့၏အကျိုး တိုးတက်ရာ တိုးတက်ကြောင်း ကောင်းမြတ် လှစွာသော ချီးမြှင့်မှုကို ပြုတော်တော်မူပါရန် အညွှတ်အနူး အထူးတောင်းပန်လျှောက်ထား အပ်ပါသည်ဘုရား။

ဆရာတော်ဘုရား ကြွရောက်ချီးမြှင့်မည်ဆိုပါက ဆရာတော်၏ ဆန္ဒအ တိုင်း ဖြစ်စေလိုပါသည်ဘုရား။

တပည့်တော်များ၏ ပဋိပတ္တိလုပ်ငန်းဌာနသည် ဆရာတော်ဘုရား များ စွာနှစ်သက်လိုလားသည့် ပဋိပတ္တိလုပ်ငန်းဌာဖြစ်သည့် အားလျော်စွာ ဆရာတော် ဘုရား၏ အရိပ်အာဝါသတွင် အခြံအရံဖြစ်ကြကုန်သော ရဟန်း ပရိသတ်၊ လူ ပရိသတ်ပေါင်းတို့သည်လည်း ဓမ္မရသတည်းဟူသောတရားတော်၏ အရသာများ ကိုထူးကဲစွာ ခံစားရယူနိုင်ခွင့်ရှိကြမည်ဖြစ်ပါသဖြင့် ကြီးမားလှစွာသောသနား ကရုဏာ မေတ္တာတရားရှိတော်မူ၍ သာသနာတော်၏အကျိုး ဆထက်တံပိုး တိုး ပွားစေရန် ရည်သန်တော်မူပြီးလျှင် တပည့်တော်များ၏ ဌာနတွင် ၁၀ ရက်မျှ

သီတင်းသုံးနေထိုင်တော်မူလိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက် ရိုသေလေးမြတ်စွာ လျှောက်ထား တောင်းပန်အပ်ပါသည် အရှင်သူမြတ်ဘုရား။

ပုံ—မောင်ဘခင်

(၁၄—၁၂—၅၉)

ပဋိပတ္တိလုပ်ငန်းဌာန။

အင်းယားမြိုင်လမ်း၊

ရန်ကုန်မြို့။

ဆရာတော်ဘုရားကြီးသည် ဆရာကြီး၏ လျှောက်ထားတောင်းပန်ချက်ကို လိုက်လျော ချီးမြှင့်တော် မူလိုက်သော်လည်း ဆရာကြီး အလိုဆန္ဒအတိုင်း ဓမ္မရောင်ခြည်စေတီတော်တွင် ၁၀ ရက် အချိန်ပေးတော်မမူနိုင်ခဲ့ပါ။ အခြားအဖွဲ့အစည်းများ၊ ပရိသတ်များကို ငဲ့ညှာ၍ ၁၉၆၀ ခုနှစ်၊ မေလ ၁၃ ရက်မှ ၁၇ ရက်အထိ၊ ၅ ရက် တည်းသာ ကြွရောက် သီတင်း သုံး တော်မူနိုင်ခဲ့ပေသည်။ ထိုအခါက်တွင် ယခင်အကြိမ်များကဲ့သို့ တရားချီးမြှင့်ပွဲ၊ ပူဇော်ပွဲတို့ ပြုလုပ်ခဲ့ရာမှ ထူးခြားသော ယုံကြည်ကိုးကွယ်မှုတရပ် ဖြစ်ပေါ်ခဲ့ပေသည်။ ထိုအကြောင်းရပ်ကို စာမျက်နှာ ( ) တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် အနည်းငယ် ပြန်လည်တင်ပြရသော်၊ ထိုအချိန်က အမေရိကန်ပြည်မှ ဒေါက်တာဟစ်စလော့ပ် ဆိုသူ ပုဂ္ဂိုလ်ကြီးတဦးသည် ကမ္ဘာ့ဌာနီးတရားလုပ်ငန်းကို တလနီးပါးမျှ လုပ်ကိုင်နေခဲ့စဉ်၊ ဓမ္မရောင်ခြည် စေတီတော်သို့ ဝေဘူဆရာတော်နှင့် နောက်ပါ ရဟန်းသံဃာအပါး (၂၀) ကြွရောက်လာ၍ (၅) ရက်တိတိ နေထိုင် သီတင်းသုံးတော်မူသည်နှင့် ကြုံကြိုက်သွားလေသည်။

ဆရာကြီး၏ တရားပြသမှု၌ လုံးဝယုံကြည်မှုရှိ၍၊ အကျိုးကျေးဇူးရှိပုံကိုလည်း လက်တွေ့ခံစားနေရစဉ် ဝေဘူဆရာတော်ဘုရား၏ ကြည်ညိုဘွယ်ရာဂုဏ်သိက္ခာများကို မြင်တွေ့ရပြန်သောအခါ ဗုဒ္ဓမြတ်စွာဘုရားအား သဒ္ဓါကြည်ညိုစိတ်၊ တရားတော်၌ အားထားမှီခိုလိုစိတ်၊ သံဃာတော်၌ ဆည်းကပ်ကိုးကွယ်လိုစိတ်များ မစ္စတာဟစ်စလော့ပ်တွင် အလိုအလျောက် တဖွားဖွား ဖြစ်ပေါ်လာခဲ့ပေသည်။ ထို့ကြောင့် ဝေဘူဆရာတော်ဘုရားကြီး၏ထံမှောက်တွင် သရဏဂုံသုံးပါး ဆောက်တည်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တဦးအဖြစ် ကြည်ညိုစိတ်သန်စွာဖြင့် ခံယူသွားခဲ့ပေသည်။

ထိုအခါက် ဓမ္မရောင်ခြည်စေတီတော်သို့ ဆရာတော်ဘုရား ကြွရောက်လာရာတွင် နိုင်ငံခြားသားတရားအားထုတ်သူအများကိုတွေ့သွားခဲ့သည်။ မစ္စတာဟာစ်စလေ့ပ်၊ သရဏဂုံ ဆောက်တည်ရန်လည်း ကိုယ်တော်တိုင် ချီးမြှင့်ခဲ့လေသည်။ ထို့ကြောင့် ဝမ်းမြောက် အားရလှစွာဖြင့် နိုင်ငံခြားသားများအား တရားပြသပေးရေးအတွက် ဆရာကြီးဦးဘခင်အား အထူး အားပေး တိုက်တွန်းနှိုးဆော်ခဲ့လေသည်။ နောက်ဆုံးနေ့ တရားပွဲတွင် နိုင်ငံခြားသားတို့အား တရားချီးမြှင့်ရေးကိစ္စကို အဓိကထား၍ ဟောကြားသွားတော်မူလေသည်။ "ဒို့မျှား သာသနာပြုလုပ်ငန်းလည်း ဒီဌာနကြီးက အစပြုခဲ့တာဗျာ" ဟု အကြိမ်ကြိမ်ဆည့်သွင်း မိန့်မြွက်သွားတော်မူခဲ့လေသည်။

၁၉၆၀ ခုနှစ်၊ နောက်ပိုင်းတွင် ရန်ကုန်သို့ ဆရာတော် ကြွရောက်လာတော်မူသောအခါ စေတီရိပ်သာသို့ တကူးတကန့် ပင့်ဖိတ်ခြင်း မပြုတော့ဘဲ၊ ဆရာတော် သီတင်းသုံးတော်မူရာ စခမ်းသို့ အိုင်၊အမ်၊စီ အဖွဲ့ဝင်တို့ တစုတရုံးသွားရောက် ပူဇော်ကန်တော့ကြသည်။ ဤသို့ဖြင့် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးသည် အိုင်၊အမ်၊စီခေါ် အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာနကြီး၏ကမ္ဘာတဝှမ်း သာသနာပြု လုပ်ငန်းကြီးကို အားပေးချီးမြှောက်တော်မူခဲ့သည်မှာ ၁၉၇၇ခု၊ ဆရာတော်ဘုရား ဘဝနတ်ထံ ပျံလွန်တော်မူသည့် အချိန်တိုင်အောင်ပင် ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး ရန်ကုန်သို့ မကြွရောက်တော်မူလာသော အခါများတွင် ဆရာတော် သီတင်းသုံးတော်မူရာ၊ ကျောက်ဆည်၊ ရွှေဘိုအောင်မြေဌာနများသို့ နိုင်ငံခြားယောဂီများနှင့် သွားရောက်ပူဇော်ကြပုံ၊ ဆရာကြီးနှင့်ကျွန်တော်တို့နှစ်ဦး ဆရာတော်သီတင်းသုံးရာ အင်ကြင်းပင် ကျောင်းတိုက်သို့ သွား၍ ပဗ္ဗဇ္ဇိတ၊ ဒုလ္လဘရဟန်းဝတ်ဖြင့် ပူဇော်ကန်တော့ကြပုံ၊ ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူသောအခါ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိအဖွဲ့ဝင်များသည် ခင်ဦး၊ အင်ကြင်းပင် ကျောင်းတိုက်သို့ သွားရောက်၍ နောက်ဆုံးပူဇော်မှုပြုလုပ်ပုံ အကြောင်းစုံများကို ရှေ့အခန်းများတွင် ဆက်လက် ဖတ်ရှုကြရန် ဖြစ်ပါသည်။

## (ခ) ကျေးဇူးတော်ရှင် အဘိဓဇမဟာ ရဋ္ဌဂုရု၊ မစိုးရိမ် ဆရာတော်ဘုရားကြီးနှင့် ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ဘုရားတို့၏ အားပေး ချီးမြှင့်ခြင်းခံရသော အိုင်၊ အမ်၊ စီ

ပဋိပတ္တိနယ်တွင် ထင်ပေါ်ကျော်ကြားလှသည့် ကျေးဇူးရှင်ဝေဘုဆရာတော်ဘုရားကြီးသာမက၊ ပရိယတ္တိအရာတွင် နေလသဘွယ် ထင်ရှား ကြသည့် ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ဘုရားနှင့်တကွ၊ ဥယျာဉ်တိုက် လေသာဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ခြောက်ထပ်ကြီး ဆရာတော်၊ ဗဟန်း ကန်ဦးဆရာတော်၊ အမရပူရ မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသ၊ မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓ၊ စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံဆရာတော် ဦးဥာဏုတ္တရ အစရှိသော ဂိုဏ်းပေါင်းစုံ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများသည်လည်း ဓမ္မရောင်ခြည် စေတီ ရိပ်သာသို့ အကြိမ်ကြိမ်ကြွရောက်၍ ဆရာကြီး ဦးဘခင်၏ သာသနာပြု လုပ်ငန်းကို အားပေးချီးမြှောက်တော်မူခဲ့ကြပေသည်။ ဤဆရာတော် ကြီးများသည် ဆရာကြီး ဦးဘခင်၏ ကမ္မဋ္ဌာန်းတရားပြလုပ်ငန်းကို ရှေးဦး စုံစမ်းမေးမြန်းကြ၏။ ဆရာကြီး၏ ပရိယတ်၊ ပဋိပတ္တိ အရည် အချင်း များကို စစ်မေးကြ၏။ အကဲဖြတ်ကြ၏။ ထို့နောက် ကြေနပ်နှစ်သက်တော်မူသွားချိန်မှစ၍ ဆရာကြီး၏ ဆရာဒါယကာအဖြစ် ခံယူကြပြီး လွန်စွာ ရင်းနှီးခဲ့ကြလေသည်။

အစောဆုံး ဆရာကြီးလုပ်ငန်းတွင် စိတ်ဝင်စားခါ စစ်ဆေး မေးမြန်းတော်မူခဲ့သည်မှာ ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးပင်ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီးသည် ၁၉၅၀ ခုက ဆရာကြီးထံ၌ တရားအားထုတ်၍ ဗုဒ္ဓဘာသာဝင်ဖြစ်လာသည့် အိန္ဒိယ အမျိုးသား ငွေစာရင်းအရာရှိနှစ်ဦး ဆွမ်းကပ်လှူပူဇော်ပွဲကိုကြွရောက်စဉ်ကပင် ဆရာကြီး၏ ဝိပဿနာ လက်တွေ့လုပ်ငန်းကို ရှေးဦးစွာ စိတ်ဝင်စားခဲ့ပါသည်။ ထိုအချိန်အခါက ဆရာကြီးသည် ရုံးသူ ရုံးသား များအား မိမိ၏ ရုံးခန်း ၌ပင် ဝိပဿနာလုပ်ငန်းတရားများကို ပြသလျက်ရှိပါသည်။ ပဋိပတ္တိလုပ်ငန်းများနှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီးနှင့် လေသာဆရာတော်ဘုရားတို့၏ မေးမြန်း

ချက်တို့ကို ဆရာကြီးက သဘာဝယုတ္တိအာဂမယုတ္တိတို့နှင့်တကွ ဆရာတော်ဘုရားကြီးများကြေနပ်အောင် ဖြေဆိုခဲ့ပါသဖြင့် ဆရာတော်ကြီးများက သာဓု အနုမောဒနာခေါ် ဆိုခဲ့ကြပါသည်။

အင်းယားမြိုင်လမ်းရှိ ပဋိပတ္တိလုပ်ငန်းဌာနကို ၁၉၅၂ ခုနှစ်တွင် တည်ဆောက်ပြီးသည့်နောက် ဆရာတော်ဘုရားကြီးသည် ဓမ္မရောင်ခြည် စေတီတော်သို့ ကြိမ်ဖန်များစွာ ကြွရောက်တော်မူလာ၍ နိုင်ငံခြားသားတို့အား တရားပြသရေးနှင့် ပတ်သက်၍ အားပေးချီးမြှောက် ထောက်ပံ့ခြင်းပြုလေသည်။ ဆရာတော်ကြီး ထူးခြားစွာ ချီးမြှောက်တော်မူသော နှစ်မှာ ၁၉၅၆ ခုနှစ် ဖြစ်ပေသည်။ ၁၉၅၆ ခု၊ နိုဝင်ဘာလ (၂၄) ရက်၊ ၁၃၁၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက် စနေနေ့တွင် ဓမ္မရောင်ခြည် စေတီတော်၏ (၄) နှစ်မြောက် အထိမ်းအမှတ် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြုလုပ်ပါသည်။ ထိုပူဇော်ပွဲသို့ ရှီးသူရှီးသားများ တရားအားထုတ်ပြီးသူများ၊ ဧည့်သည်တော်များ၊ နိုင်ငံခြား သံတမန်ကြီးငယ်များပါ တက်ရောက်ကြပါသည်။ ညနေတွင် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့်နောက်ပါ သံဃာတော် (၅) ပါး ကြွရောက်ပြီး၊ မစိုးရိမ် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဧည့်ပရိသတ်များအား တရားရေအေးတိုက်ကျွေး၍ဆုံးမဩဝါဒများပေးသနားတော် မူပါသည်။ ၁၉၅၆ ခု၊ နိုဝင်ဘာလ (၂၃) ရက် (၂၄) ရက်နေ့ ညဦးယံများတွင် ဓမ္မရောင်ခြည် စေတီတော်အား မီးမောင်းကြီးများဖြင့်၎င်း၊ ဝိပဿနာ ရိပ်သာအတွင်းတွင် ဓာတ်မီးရောင်စုံတို့ဖြင့်၎င်း ထွန်းညှိပူဇော်ပါသည်။ ၁၉၅၆ ခု၊ နိုဝင်ဘာလ (၂၅) ရက်နေ့ နံနက် (၅) နာရီတွင် မြတ်စွာဘုရားအား ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပြီး၊ နံနက် (၆) နာရီတွင် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် တကွ သံဃာတော် (၁၀) ပါးအား ဆွမ်းဘောဇဉ်ခဲဘွယ်တို့ဖြင့် ကပ်လှူ ပူဇော်ပါသည်။ နံနက် (၈) နာရီအချိန်တွင် အဖွဲ့ဝင်များက တရားတော်ဖြင့်ပူဇော်၍ ကုသိုလ်ကောင်းမှုအဘို့ အမျှပေးဝေကြပါသည်။ ထိုနေ့ညနေမှာပင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် နှစ်ပတ်လည်အခါတော်နေ့က တရားရေအေး တိုက်ကျွေးရသည်ကို တင်းတိမ်တော် မမူသဖြင့်၊ နောက်ထပ်တကြိမ် ဆန္ဒအလျောက် ကြွရောက်လာပြီး ရောက်ရှိနေသည့် ဧည့်ပရိသတ် အပေါင်းအား အဘိဓမ္မာတရားများကို ဟောတော်မူပြန်ပါသည်။ ဆရာကြီး၏လုပ်ငန်းသည် တနေ့တခြားတိုးတက်ကြီးပွားလာသည်ကို ကိုယ်တိုင်တွေ့ရသည့်အားလျော်စွာ ဆရာတော်ဘုရားသည် ''သန္တိဋ္ဌိက ဂုဏ်နှင့်ပြည့်စုံ၍သာ ဤသို့ တိုးတက်ကြီးပွားရပေသည်။ ''ဟု မိန့်ကြားတော်မူခဲ့လေသည်။

၁၉၆၀ ခုနှစ်၊ ၁၃၂၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁) ရက်နေ့တွင် အင်းယားမြိုင်လုပ်ငန်းဌာနသို့ တဖန် ကြွရောက်ချီးမြှင့်တော်မူသည့်အခါ နိုင်ငံခြားသားပုဂ္ဂိုလ်များတို့ စရိတ်ကြေးငွေ မြောက်မြားစွာ အကုန်အကျခံလျက် ကမ္ဘာ့အရပ်ရပ်မှ ဤဌာနသို့ လာရောက်၍ တရားအားထုတ်လျက်ရှိကြောင်းနှင့် ဆရာကြီးက လျှောက်ထားပြီးလျှင် နိုင်ငံခြားသားတို့၏ ကျေနပ်နှစ်သိမ့်စွာ ထုတ်ဖော်ဝန်ခံချက်များကို မြန်မာဘာသာသို့ ပြန်ဆို၍ ဆရာတော်ဘုရားအား ဆက်ကပ်ရာ ထိုဘာသာပြန်ဆိုချက်တို့ကို ပုံနှိပ်ထုတ်ဝေရာ၌ အသုံးပြုနိုင်ရန် "ဥယျောဇဉ်" ကို အောက်ပါအတိုင်း ရေးသားပေးပို့တော်မူလေသည်။

အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရား၏
ဥယျောဇဉ်

(၁၃၂၂) ခု၊ တပေါင်းလပြည့်နေ့။

(က) ယခုအခါ၌ ကမ္ဘာသူ ကမ္ဘာသား တော်တော် များများသည် ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်၌ လေ့လာလိုက်စားခြင်း၊ စူးစမ်းရှာဖွေခြင်း၊ လိုက်နာကျင့်သုံးခြင်းဖြင့် တရိပ်ရိပ်သက်ဝင် စီးဆင်းလျက်ပင်ရှိပေသည်။ ဆက်လက်၍ စံနစ်တကျ ညွှန်ကြားပြသလိုက်နာ ကျင့်သုံးနိုင် ကြပါမူကား ဗုဒ္ဓရှင်တော်မြတ်အလိုရှိသော သားကောင်းရတနာများ အမြောက်အမြား ပေါက်ဖွားလာအံ့သည်မှာ ယုံမှားစရာမရှိပေ။ ဤမျှသာမကက ကိုယ်တွင်း ဒုက္ခ စသော အန္တရာယ်ကြီးများ ဖိစီးလွှမ်းမိုးခြင်းခံနေရသော ကမ္ဘာသူ ကမ္ဘာသားတိုင်း ပြင်းပြဆာလောင်နေသော ငြိမ်းအေးမှုသည်လည်း အလိုအလျှောက်ပင်ရောက်ရှိလာပေလိမ့်မည်။ အကယ်ရောက်ရှိစေနိုင်သော နည်းလမ်းမှာလည်း ဤနည်းမှတပါး အခြားမရှိပြီ။

စမ်းသပ်တက်စီးလှည့်ပါ (ဧဟိပဿိက) ဟု ဖိတ်မန္တကပြုနေသော ဗုဒ္ဓရှင်တော်မြတ်၏ ရှစ်ပါးမဂ္ဂင်တရားယာဉ်၌ ပါဝင်တက်စီးသူတိုင်းပင် ဓမ္မရသ (တရားအရသာ) ကို မိမိတို့၏ အဆင့်အတန်း အခြေခံအားလျော်စွာ လက်တွေ့ (သန္ဒိဋ္ဌိက) ခံစားနိုင်ကြပေလိမ့်မည်။ ၎င်းရထားယာဉ်သာဖြင့် ငြိမ်းအေးမှုပြည့်ဝသော သုံးခုသော သုခဘုံသို့လည်း အမှန်ပင်ခုံလှုံ့နိုင်ကြပေသည်။

ရောက်ရှိခိုလှုံနိုင်သော သုခဘုံများကား—

(၁) တဒင်္ဂသန္တိ (တခဏငြိမ်းအေးမှု)
(၂) ဝိက္ခမ္ဘနသန္တိ (အတန်ကြာငြိမ်းအေးမှု) နှင့်—
(၃) သမုစ္ဆေဒသန္တိ (ထာဝစဉ်ငြိမ်းအေးမှု) တို့ပင် ဖြစ်၏။

ယင်းဘုံသုံးဆင့်သို့ ရောက်ရှိရန်မှာ မဂ္ဂယာဉ် စီးနင်း လိုက်ပါသူများ၏ ယုံကြည်မှုစွမ်းအားနှင့် ကြိုးစားမောင်းနှင်မှုသည်သာလျှင် အချက်အခြာဖြစ်ပေသည်။ ယင်းသို့ ဆိုသော် မဂ္ဂင်ယာဉ် ရထား၏ ကောင်းမွန် ခိုင်ခံ့မှု (သွာက္ခာတ)၊အသွားအလာမှန်ကန်မှု (သုပ္ပဋိပန္န)၊ မရှိလျှင်လည်း လိုရာသန္တိ (ငြိမ်းအေးမှု) စခန်းသို့ ချမ်းသာစွာမရောက်နိုင်၊လုံးဝမရောက်ဘဲ သော်လည်း ရှိနိုင်သည်ဖြစ်ရာ ယင်း မဂ္ဂင်ယာဉ်ရထား၏ ကောင်းမွန်ခိုင်ခံ့မှုရှိမရှိ၊ အသွားအလာမှန်ကန်မှုရှိမရှိကိုလည်း မစမ်းသပ် မစစ်ဆေးရပြီလော။ စမ်းသပ်စစ်ဆေးလျှင်လည်း ဘယ်သို့သောနည်းဖြင့် စမ်းသပ်စစ်ဆေးရမည်နည်းဟု မေးလိုပေမည်။ မေးလည်း မေးထိုက်ပေသည်။ ဤအမေးကို ဖြေဆိုနိုင်ရန်မှာ အောက်ဖော်ပြပါ အင်္ဂုတ္တရပါဠိတော် ဘာသာပြန် အကျဉ်းချုပ်ကို ဆက်လက် ဖတ်ရှုခြင်းအားဖြင့် နည်းယူဖြေဆိုနိုင်ပေသည်။

(ခ) တရံရောအခါ အရှင်အာနန္ဒာ မထေရ်သည် ကောသမ္ဗီမြို့ ဃောသိတာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်အတွင်း ဂူင်း၏တပည့်ဖြစ်သူ အာဇီဝက သူကြွယ်ရောက်ရှိလာလေသည်။ သူကြွယ်သည် မထေရ်အား အောက်ဖော်ပြပါ ပြဿနာများကို လျှောက်ထားသဖြင့် မထေရ်သည် အောက်ပါအတိုင်း ဟောပြောတော် မူခဲ့ဘူးလေသည်။

သူကြွယ်။ ။အရှင်ဘုရားအာနန္ဒာ ၁) လောက၌ အဘယ်ပုဂ္ဂိုလ်တို့၏ တရားမျိုးသည် တရားကောင်း (သွာက္ခာတ) မည်ပါသနည်း။
(၂) ဘယ်သို့သော ပုဂ္ဂိုလ်မျိုးသည် အကျင့်မှန်ကန်သူ(သုပ္ပဋိပန္န) မည်ပါသနည်း။
(၃) ဘယ်သို့သော ပုဂ္ဂိုလ်မျိုးသည် ကောင်းစွာပြုလုပ်ပြီးသူ (သုဂတ) မည်ပါသနည်း။

အာနန္ဒာ။ ။ကောင်းပြီ သူကြွယ်၊ ဤသို့ဆိုသော် သင့်အမေးကို သင့်အား ပင် ငါ ပြန်၍ မေးလိုသည်။ သင်သဘောကျ ဖြေဆိုလော။

လောကဥ္စ ရာဂ (လိုချင်တပ်မက်မှုလောဘ)၊ ဒေါသ (ကြမ်းကြုတ်ခက်ထန် မျက်မာန်ရှမှု)၊ မောဟ (မိုက်မဲတွေဝေမှု)များ ပပျောက်ရန် တရားနည်းလမ်းကို ဟောပြောပြသသူများ ရှိကြသည်။ ထိုသူတို့၏ ဟောပြောချက်(တရား)သည် တရားကောင်း မည်သလော၊ သို့မဟုတ် မမည်သလော။

သူကြွယ်။ ။ မည်ပါသည်ဘုရား။

အာနန္ဒာ။ ။ အို သူကြွယ်၊ လောကဥ္စ ယင်း ရာဂ၊ ဒေါသ၊ မောဟများ ပပျောက်ရန် ကျင့်ကြံအားထုတ်နေသူများ ရှိကြသည်။ ထိုသူများသည် အကျင့်မှန်ကန်သူများ မည်သလော၊ သို့မဟုတ်မမည်သလော။

သူကြွယ်။ ။ မည်ပါသည်ဘုရား။

အာနန္ဒာ။ ။ အို သူကြွယ်၊ ယင်းရာဂ၊ ဒေါသ၊ မောဟများ တဖန် ပြန်၍ မပေါ်ပေါက်အောင် အမြစ်ပြတ်ဖြတ်တောက်ပြီးသူများ ရှိကြသည်။ ထိုသူများသည် ကောင်းစွာ ပြုလုပ်ပြီးသူများ မည်သလော၊ သို့မဟုတ် မမည်သလော။

သူကြွယ်။ ။ မည်ပါသည်ဘုရား။

အာနန္ဒာ။ ။ အို သူကြွယ်၊ ယင်းသို့ဆိုသော် သင့်အမေးကို သင့်ကိုယ်တိုင်ပင် ဖြေဆိုပြီး ဖြစ်ပေပြီ။

သူကြွယ်။ ။ အံ့ဘွယ်ကောင်းလှပါပေသည် အရှင်ဘုရား။ ဤအရှင်ဘုရား၏ ဟောပြောချက်သည် မိမိတရားကိုလည်းမချီးမြှောက်၊ သူတပါးတို့၏ တရားကိုလည်း မနှိပ်ချ၊ လမ်းမှန်အတိုင်း ကျရောက်လှပါပေသည်။ မေးလျှောက်သော ပြဿနာကိုလည်း ဖြေဆိုပြီး ဖြစ်ပါသည်။ မိမိကိုယ်ကို "ငါသည် ဤပုဂ္ဂိုလ်မျိုးဖြစ်သည်" ဟုလည်း မညွှန်ပြပါ။ သို့အတွက် အရှင်ဘုရား၏ တရားတော်သည် တရားကောင်းပင်မည်၍ အရှင်ဘုရားသည်လည်း အကျင့်လမ်းစဉ် မှန်ကန်သူ ဖြစ်ပါပေသည်။ ကောင်းစွာပြုလုပ်အပ်ပြီးသူလည်း မည်ပါပေသည်။ အလွန်ပင်နှစ်သက်လှပါသည် အရှင်အာနန္ဒာ၊ အရှင်ဘုရားသည် မှောက်ထားသောဝတ္ထုကို လှန်၍ ပြသကဲ့သို့ရင်း၊ ပိတ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်၍ပြသကဲ့

သို့ငင်း၊ လမ်းခရီး၌ မှားယွင်းတွေဝေသူကို လမ်းမှန်ညွှန်ပြသကဲ့သို့။ မှောင်အတိကျရာ၌ ဆီမီးညှိ ထွန်းလိုက်သကဲ့သို့ငင်း၊ ကောင်းစွာ ဟောပြောတော်မူနိုင်ပါပေသည်။ တပည့်တော်ကိုလည်း ယခုအချိန်မှစ၍ ရာသက်ပန် တိုင်ကျအောင် ရတနာသုံးရပ်၌ ဆည်းကပ်ယုံကြည်သည့် သရဏဂုံတည်သော ဥပါသကာဟူ၍ အသိအမှတ် ပြုတော်မူပါဘုရား။

(ဂ) ယင်းသို့လျှင် တရားကောင်းနှင့် အကျင့်မှန်ဟူသည်ကို ကိုယ်တိုင်အကဲခတ်နိုင်လောက်ပေပြီ။ အနှစ်နှစ် အလလက ညစ်ထေးပေကျံ နေခဲ့သော စဖိုချောင်မှ လက်နှီးစုတ်တခုကို ဖွတ်လျှော်ရာ၌ မိနစ်ပိုင်း၊ နာရီပိုင်း မျှဖြင့် ဖြူစင်ရန်ကိုကား မျှော်လင့်၍ မဖြစ်စကောင်းပေ။ သို့ရာတွင် မိမိသဏ္ဍာန်၌ရှိသော လိုချင်တပ်မက်မှု၊ ခက်ထန်ကြမ်းကြုတ်မှု၊ မိုက်မဲတွေဝေမှုများပပျောက်သင့်သလောက် ပပျောက်၍ ငြိမ်းအေးမှုအဆင့်တန်းသုံးမျိုးတွင် တခုခုသော ငြိမ်းအေးမှုသို့ ရောက်လျှင်ပင် မဂ္ဂင်ယာဉ်ရထား၏ ကောင်းမွန် ခိုင်ခန့်မှု၊ အသွားအလာ ကန့်မှန်မှုရှိကြောင်းကိုကား လက်တွေ့(သန္ဒိဋ္ဌိက) သိမြင်နိုင်ခြင်းပင်မည်ပေသည်။

ယင်းသို့ သိမြင်နိုင်ပါလျက် တဆင့်ထက်တဆင့် မြင့်သထက် မြင့်အောင် လိုက်ပါစီးနင်းရန် နှောင့်နှေးကြံ့ကြာနေပါလျှင်ကား ရထားယာဉ်သာ၏ တာဝန်မဟုတ်တော့ပြီ။

ဥပမာ တနည်းအားဖြင့် ဆိုရသော် ဗုဒ္ဓရှင်တော်မြတ်ကလည်း ဤကိစ္စနှင့်ပတ်သက်၍—

သေဝမဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။

ဧတဉှိတုမှေ ပဋိပဇ္ဇထ၊ မာရသေနံ ပမောဟနံ။

ဧတဉှိတုမှေ ပဋိပန္နာ၊ ဒုက္ခဿန္တံ၊ ကရိဿထ ဟု သတိပေး တိုက်တွန်းစကား မိန့်ကြားတော်မူခဲ့ဘူးလေသည်။ ၎င်းဂါထာပါဠိ၏ အဓိပ္ပာယ်မှာဆင်းရဲတကာ ဆိတ်သုဉ်း၍ အမြင့်မားဆုံး ချမ်းသာကို ရရှိစေနိုင်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ ထွန်းလင်းတောက်ပြောင်ရန် အလို့ငှာ ကျင့်ကြံရန် နည်းလမ်း (သို့မဟုတ်)သန္တိသုခဘုံသို့ သွားရာလမ်းခရီးမှာ ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော ဗဟိုချက်မ (မဇ္ဈိမ ပဋိပဒါ) လမ်းရှစ်ဖြာပင် ဖြစ်ပေသည်။ ဤမှတပါးသော အခြားလမ်းခရီးဟူ၍ မရှိနိုင်ပြီ။ ဤလမ်းခရီးသည်သာ ဆင်းရဲတကာ၏ တရားခံ

ဖြစ်သော အကုသိုလ်မာရ်မင်း၏ မျက်ခြေပြတ်ရာဌာနဖြစ်၏။ သင်တို့သည် ဤလမ်းခရီးကို တွင်တွင် လျှောက်ကြ ကုန်လော့။ ဤလမ်းခရီးကို ဆက်လက်လျှောက်ကြပါမူ ရန်သူဖြစ်သော ဆင်းရဲတကာ၏ နယ်နိမိတ်ကုန်ဆုံးရာ သန္တိသုခဘုံသို့ ရောက်ပေလိမ့်မည်ဟု ဆိုလိုပေသည်။

ယင်းသို့လျှင် အတွင်းရန်သူ အပြင်ရန်သူများအကြား၌ ဆူးကြားသီးသောဗူးပမာ သွားလာနေကြရသော ကမ္ဘာသူ ကမ္ဘာသားတို့အတွက် မဂ္ဂင်ရှစ်ပါးတည်းဟူသော ပြေးထွက်ရန် လမ်းမကြီး ဖြောင့်ဖြူး သာယာနေပါလျက် ပြေးထွက်ရန် အားမထုတ်ကြလျှင်ကား လမ်းတွက်တာလမ်းတာဝန်မဟုတ်ပြီ။ ထို့ကြောင့် ရှေးဆရာကြီးများသည် "ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက် မဟုတ်ပေ" ဟူ၍ စပ်ဆိုသတိပေးတော်မူခဲ့ကြဘူးလေသည်။

ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့ ဘေးရန်ကင်းဝေး၍ ငြိမ်းအေးချမ်းသာ ကြပါစေသတည်း။

* ● *

## "ကျေးဇူးရှင် နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ဘုရား၏ အာသီသ"

မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ်၏ ပထမဥက္ကဋ္ဌနှင့် တိပိဋကစရေးရွေးချယ်ရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်တော်မူသော ရန်ကုန်မြို့ သရက်တောကျောင်းတိုက် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ နှစ်ကျိပ်ရှစ်ဆူဆရာတော်ဘုရားသည် ဆရာကြီးဦးဘခင်ထံတွင် တရားအားထုတ်သော ဆရာတော်ဘုရား၏ တပည့်ဒါယကာများကို အကြောင်းပြု၍ ၁၉၅၄ ခုနှစ်မှစ၍ အင်းယားမြိုင် ကမ္ဘာ့ဌာန်းဌာန၏ လုပ်ငန်းများကို စိတ်ပါဝင်စားတော် မူခဲ့၏။ ဆရာကြီး၏ပင့်ဘိတ်ချက်အရ ကြိမ်ဖန်များစွာ ဤဌာနသို့ကြွရောက်လာပြီးလျှင် ပဋိပတ္တိလုပ်ငန်း၏ ကိုယ်တွေ့ သဘောတရားတို့ကို အဆင့်ဆင့်အားဖြင့် ဘုရားဟောကျမ်းဂန်နှင့် ညှိနှိုင်းစစ်ဆေးတော်မူခဲ့ပါသည်။ ထိုသို့ စစ်ဆေးပြီးနောက် နှစ်ခြိုက်ကျေနပ်တော် မူသည့်အလျောက် ပဋိပတ္တိ ကိုယ်တွေ့တို့နှင့်ပတ်သက်၍ ဆရာကြီး ရေးသားထားရှိသော "ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိ အဖြေမှန်" စာတမ်းကိုလည်း အသေးစိတ် ဖတ်ရှုလေ့လာပြီးလျှင် အချို့သောနေရာတွင် ပိုမိုပြေပြစ်ပြီး ကျမ်းဂန်နှင့်ကိုက်ညီအောင် ပြုပြင်ပေးတော် မူခဲ့လေသည်။

ထို့ပြင် ဤဌာနတွင် နိုင်ငံခြားသားတရားအားထုတ်သူများ၏ ကျေနပ်နှစ်သိမ့်စွာ ထုက်ဖော်ဝန်ခံချက်များကို မြန်မာဘာသာ ပြန်ဆို၍ ဆရာတော်ဘုရားအား ဆက်ကပ်ရာ ဆရာတော်ဘုရားက အောက်ပါအတိုင်း ရေးသားမိန့်ကြားတော်မူလေသည်။

၁၃၂၂ ခု၊ တပေါင်းလဆုတ် (၃) ရက်နေ့။

"ဒါယကာကြီး၏ထံမှ ပို့လိုက်သော စာဝယ် ခြောက်နိုင်ငံလူမျိုးတို့၏ စိတ်ဓာတ်၌ သူတို့၏ ကိုယ်တွေ့ ဒိဋ္ဌ တွေ့ကြုံကြရသည်ကို ဟုတ်တိုင်းမှန်စွာ လိုလိုချင်ချင် အားအင်ပြည့်ပြည့် စိတ်ရှိရှိနှင့် ကိုယ်ဘိရင်ဘိ တည့်တည့်မတ်မတ် ပြတ်ပြတ်သားသား ဆိုမြွက်ကြားသော စကားတို့ဖြစ်ပေ၍ နောင်အခါ၌၎င်း၊ ယခုအခါ၌၎င်း၊ တရားတော်ကို လိုက်စားသူ အားထုတ်သူတို့နည်းယူ အားကျစိတ်ဆန္ဒပြင်းပြစွာဖြင့် လိုက်စားစေလို၍ တမူတမျိုး အားကြိုးမာန်တက် နှစ်နှစ်သက်သက် ဆက်လက်စွမ်းဆောင်နိုင်စေခြင်း အကျိုးကို ရည်မှန်းလျက် နိုင်ငံတပါး တိုင်းခြားသားတို့၏ အသိဉာဏ်ဖြစ်အင်ကို နမူနာပုံတင်၍ စာအုပ်ငယ်၌ ပြထားရပေမူ သင့်လျော်ကောင်းမြတ် လျှောက်ပတ်လိမ့်မည်ဟု ဘုန်းကြီးစိတ်ဝယ် ထင်မြင်မိကြောင်းကို ဒါယကာကြီးအား ပြန်ကြားလိုက်သည်"

အထက်ဖော်ပြပါ မိန့်ကြားချက်အရ ဆရာတော်ဘုရား၏ဆန္ဒအတိုင်း "ဗုဒ္ဓတရားနှင့် နိုင်ငံခြားသားများ၏ ကိုယ်တွေ့" ဓမ္မရောင်ခြည်စာစောင်ကို ၁၃၂၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့က ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

* * *

## (၈) အိုင်၊ အမ်၊ စီ၌ (၁၂)လရာသီ အထူးပူဇော်ပွဲများ နှစ်စဉ်မပြတ် ကျင်းပပုံ

ဂိုဏ်းပေါင်းစုံ မဟာနာယက ဆရာတော်ကြီးများ၏ ချီးမြှင့်အားပေးထောက်ခံခြင်း ခံယူရရှိသော အင်းယားမြိုင်လမ်းရှိ ဓမ္မရောင်ခြည် စေတီတော်တည်ရာ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတွင် ၁၂ လ ရာသီအလိုက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇနီယနှင့် မိဘဆရာသမားတို့အား ပူဇော် ကန်တော့ကြသော

အထူးပူဇော်ပွဲများကို နှစ်စဉ်မပြတ် အောက်ပါအတိုင်း ဆင်ယင်ကျင်းပ ကြပါသည်။

(က) တန်ခူးလ။ ။မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သတ္တဝါ အပေါင်းတို့၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ စေခြင်း အလို့ငှာ မေတ္တာတရား ပွားများပြီး၊ နံနက်တွင် မြတ်စွာဘုရားအား ဆွမ်းဘောဇဉ်ကပ်လှူခြင်း၊ နေ့လည်တွင် ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ကြပါသည်။ ညနေတွင် ဘုရားရေ သပ္ပာယ်သော နှစ်သစ် မင်္ဂလာကုသိုလ် အမှုပြုကြပါသည်။

(ခ) ကဆုန်လ။ ။ကဆုန်လပြည့် ဗုဒ္ဓနေ့တွင်ဝ် နံနက်အာရုံဦး၌ ဆွမ်းသစ်သီး ၁၀ မျိုး၊ ပန်းရေချမ်း၊ ဆီမီးလျှံ တို့ဖြင့် မြတ်စွာဘုရားအား ရည်စူး၍ ပူဇော်ပြီးလျှင် နေ့ခင်း၌တရားအားထုတ်ကြခါ၊ ဗောဓိဝင် ဥဒါန်း ဂါထာများ၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ကြပါသည်။

(ဂ) နယုန်လ။ ။နယုန်လပြည့်မဟာသမယ နေ့ထူးနေ့မြတ်ဝယ်နံနက်အာရုံတက်ချိန်၌ မြတ်စွာ ဘုရားအား ရည်စူး၍ ဆွမ်းသစ်သီးမျိုးစုံတို့ဖြင့် ပူဇော်ပြီး ဆရာကြီးနှင့် တပည့် အပေါင်းတို့က ပရိတ်တော်များကို ရွတ်ဖတ် ပူဇော် ကြသည်။ နေ့ခင်းအချိန်တွင် ပရိတ်တော်များဖြင့် ထပ်မံပူဇော်၍ ညနေ–နေဝင်လထွက်၊ မဟာသမယအခါတော်အချိန်တွင် မဟာသမယသုတ်တော်ကြီးနှင့်နောက်ဆက်တွဲ သုတ်ကြီး ခြောက်သုတ်ကို ရွတ်ဖတ် ပူဇော်ခါ မဟာသမယ အခါတော်ကို ဆင်ယင်ကျင်းပ ကြပါသည်။

(ဃ) ဝါဆိုလ။ ။ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့၊ နံနက်အာရုံတက်ချိန်တွင် မြတ်စွာဘုရားအား ဆွမ်းသစ်သီးမျိုးစုံတို့ဖြင့် ကပ်လှူကြပြီးနောက် ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် နေ့လည်တွင် တကြိမ်၊ ညနေ–နေဝင်လထွက်အချိန်တွင် တကြိမ်၊ ဓမ္မစကြာတရားတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

ကြသည်။ ထိုနေ့တွင် ဆရာကြီးအား တပည့်အပေါင်း တို့က ဝါဦးပူဇော်ပွဲအဖြစ်ပူဇော်ကန်တော့ကြပါသည်။

(င) သီတင်းကျွတ်လ။ သီတင်းကျွတ်လပြည့်အဘိဓမ္မတရားတော်နေ့တွင်မြတ်စွာ ဘုရားအား ဆွမ်း သစ်သီး ခဲဘွယ် တို့ဖြင့် အာရုံဆွမ်း ကပ်လှူကြပါသည်။ ၃ ရက်တိုင်တိုင် ဓမ္မရောင်ခြည် စေတီတော်အား ရောင်စုံမာတ်မီးတို့ဖြင့် ရှုမငြီး အောင် တန်ဆာဆင်၍ မီးမောင်းကြီးများ ထိုး၍ ၎င်း၊ ရိပ်သာတဝင်းလုံး သစ်ပင်ကြီးငယ်နှင့် ပန်းပင် မျိုးစုံတွင် ဓာတ်မီးရောင်စုံ ထွန်းညှိ၍၎င်း၊ ပူဇော်ကြ ပါသည်။ နေ့လယ်နှင့် ညနေပိုင်းတွင် ပဋ္ဌာန်းဒေသနာ တော်များနှင့် ပရိတ်တရားတော်များကို ရွတ်ဖတ်၍ ပူဇော်ကြပြီး၊ ဆရာကြီးဦးဘခင်အား တပည့်များက ဝါကျွတ်ပူဇော်ခြင်းဖြင့် ကန်တော့ကြပါသည်။

(စ) တန်ဆောင်မုန်းလ။ ၁၃၁၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်၊ (၁၉၅၂ ခု၊ နိုဝင်ဘာလ ၂ ရက်) တနင်္ဂနွေနေ့တွင် ဓမ္မရောင်ခြည်စေတီကို ထီးတော်တင်ပူဇော်ခဲ့သည်ဖြစ်ရာ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလတွင် ဓမ္မရောင်ခြည် စေတီတော်ဖွင့်ပွဲ နှစ်ပတ်လည်အထိမ်းအမှတ် ပူဇော်ပွဲ များ ကျင်းပမြဲဖြစ်၏။ လေးနှစ်မြောက်၊ ငါးနှစ်မြောက် အထိမ်းအမှတ် ပူဇော်ပွဲများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြ၍ ရုံးသူရုံးသားများ၊ တရားအားထုတ်ပြီး သူများ၊ ဧည့်သည်တော်များ၊ နိုင်ငံခြား သံတမန်ကြီး များ တက်ရောက်ခဲ့ကြလေသည်။ နံနက်အာရုံဦး ဆွမ်း တော်ကပ်ခြင်း၊ လှူဘွယ်ဝတ္ထုများ လှူဒါန်းခြင်းများ ပြုလုပ်၍ နေ့ပိုင်းနှင့် ညဦးယံတွင် ပရိတ်တရား တော်များ ရွတ်ဖတ်ပူဇော်ကြသည်။

(ဆ) နတ်တော်လ။ နတ်တော်လပြည့်ကျော် (၁) ရက်သည် ဆရာကြီးဦးဘ ခင်၏ ကျေးဇူးရှင် ဆရာသက်ကြီး ကွယ်လွန်သည့်နေ့ ဖြစ်၏။ ၁၃၁၄ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁)ရက် ၁၉၅၂ ခု၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် အင်းယား

မြို့ပင် ဓမ္မရောင်ခြည်စေတီရိပ်သာ၌ အိုင်၊ အမ်၊ စီ ခေါ် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန စတင်ဖွင့်လှစ်ခဲ့၏။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း နတ်တော်လပြည့်ကျော် (၁) ရက်နေ့တွင် ဓမ္မရောင်ခြည် စေတီရိပ်သာ၌ ပူဇော်ပွဲနှင့် အထိမ်းအမှတ်ပွဲ (၂) ခုကို ပူးတွဲဆင်ယင်ကျင်းပကြ၏။ မြတ်စွာဘုရားအား ရည်စူး၍ နံနက်အာရုံ၌ ဆွမ်းသစ်သီးတို့ဖြင့် ကပ်လှူခြင်း၊ ထေရ်သံဃာ (၂၅) ပါးတို့အား သက်သတ်လွတ် ဆွမ်းခဲဘွယ်၊ သစ်သီးမျိုးစုံတို့ဖြင့် ဆက်ကပ်ခြင်းများ ပြုလုပ်၍ ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကြပါသည်။

(ဇ) ပြာသိုလ။

(၁) ဇန်နဝါရီလ(၁)၊ကမ္ဘာ့နှစ်ဆန်း(၁)ရက်နေ့တွင် သတ္တဝါ အပေါင်းတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့လျက် မြတ်စွာသုရားအား ဆွမ်းသစ်သီးတို့ဖြင့် ပူဇော်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ကြသည်။

(၂) ဇန်နဝါရီလ (၄)ရက်၊ မြန်မာ့ လွတ်လပ်ရေးနေ့ နံနက်တွင် သာသနာ့လွတ်လပ်ရေး အထိမ်းအမှတ်ဖြင့် မြတ်စွာဘုရားအား ဆွမ်းသစ်သီးတို့ဖြင့်ကပ်လှူပူဇော်၍ ညနေပိုင်းတွင် ပရိတ်တရားတော်များ ရွတ်ဖတ်ကြပါသည်။

(၃) ၁၉၇၁ ခု၊ ဇန်နဝါရီလ (၁၉) နေ့ရက်သည် ဆရာကြီးကွယ်လွန်ခဲ့သော နေ့ဖြစ်ပေသည်။ နှစ်စဉ် ထိုနေ့ကျရောက်တိုင်း ထေရ်သံဃာ အပါး (၅၀) တို့ကို ပင့်ဖိတ်လျက် ဆွမ်းခဲဘွယ်ချိုချဉ်ရသာတို့ဖြင့်၎င်း၊သစ်သီးမျိုးစုံတို့ဖြင့်၎င်း ဆက်ကပ်ပြီးလျှင် သံဃာတော်များ လိုအပ်နေသော ဝတ္ထုပစ္စည်းနှင့် ဆေးဝါးများကိုပါ လှူဒါန်း ဆက်ကပ်ကြပါသည်။

ထို့အပြင် ဆရာကြီးကွယ်လွန်သည့်နေ့ မြန်မာရက်အားဖြင့် ပြာသိုလဆုတ် (၈) ရက်နေ့တွင်လည်း နံနက် (၂) နာရီတွင် မြတ်စွာဘုရားအားရည်စူး၍ ဆွမ်းသစ်သီးများဖြင့် ကပ်လှူပူဇော်ကြပါသည်။

(၈၂) တပေါင်းလ။ ။တပေါင်းလပြည့်နေ့ နံနက် အာရုံတက်တွင် မြတ်စွာဘုရားအား ရည်စူး၍ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း ဆီမီးတို့ဖြင့် ပူဇော်ကြပြီးလျှင် နေ့ခင်း၌ ပရိတ်တော်များ၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ကြပါသည်။ တပေါင်းလပြည့်ကျော် ၄ ရက်သည် ဆရာမ၏ မွေးနေ့၊ တပေါင်းလပြည့်ကျော် ၁၁ ရက်သည် ဆရာကြီး ဦးဘခင်၏ မွေးနေ့ဖြစ်၍ ထိုနေ့များတွင် တပည့် အပေါင်းတို့က ဆရာကြီးနှင့် ဆရာမတို့အား ဆရာသမားများအဖြစ်တဖုံ၊ မိဘများအဖြစ်တမျိုး ပူဇော်သောအားဖြင့် နံနက်တွင် မြတ်စွာဘုရားအား ဆွမ်းသစ်သီးမျိုးစုံတို့ဖြင့် ကပ်လှူပူဇော်ခြင်း၊ သံဃာတော် မထေရ်ရဟန်းများအား ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ကပ်လှူခြင်း၊ ကြွရောက်လာသည့် ပရိသတ်များအား မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုကြပါသည်။

ဤသို့ဖြင့် ဓမ္မရောင်ခြည် စေတသည် နေ့စဉ်၊ လစဉ် နှစ်စဉ်ပင်၊ အနန္တဂုဏ်အင် ကျေးဇူး တော်ရှင် အပေါင်းတို့အား ဝပ်တွားပူဇော်ရာ စေတီရိပ်သာဖြစ်နေပေတော့သည်။ ဆရာကြီးဦးဘခင် မကွယ်လွန်မီကစီစဉ် ပြုလုပ်ခဲ့သော အထက်ပါ ပူဇော်ပွဲများကို ဆရာကြီး၏ တပည့်အပေါင်းတို့က အစဉ်အလာ ထိန်းသိမ်း စောင့်ရှောက်ခါ ယနေ့ထက်တိုင် ကျင်းပ ပြုလုပ်လျက်ရှိကြပေသည်။

# အခန်း ၆

# ဆရာကြီးနှင့်ကျွန်တော်

## (က) မိရိုးဖလာ ဗုဒ္ဓဘာသာ

ပြီးခဲ့သော အခန်းများတွင် ဆရာကြီး၏ သာသနာပြု လုပ်ငန်းများကို ပုဂ္ဂိုလ်အသီးသီး၏ ကိုယ်တွေ့မှတ်တမ်းများဖြင့် ဖော်ထုတ်တင်ပြခဲ့ပေပြီ။ ဤအခန်းတွင် ဆရာကြီးအား တရားပြ ဆရာတဦးအဖြစ် ကျွန်တော် မြင်တွေ့ ရသည်များကို မှတ်တမ်းတင်ရပေမည်။

ဆရာကြီးထံမှောက်သို့ မရောက်မီ ကျွန်တော်သည် ဗုဒ္ဓဘာသာတဦး အဖြစ် မည်ကဲ့သို့ အခြေအနေတွင် တည်ရှိခဲ့သည်ကို ရှေးဦး ဖော်ပြထားရန် လိုပေသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး၊ မိဘနှစ်ပါးမှ ပေါက်ဖွားခဲ့သူဖြစ်ပါသည်။ အသက်အရွယ် ၅ နှစ်မှ ၁၀ နှစ်အရွယ်ထိ၊ စစ်ကိုင်းတောင်ရိုး သူတော်စင်များထံပါး၌ ကြီးပြင်းလာခဲ့ပါသည်။ သမိတ္တောဒယချောင်၊ သီလရှင်ဆရာကြီး ဒေါ်မာလာရီသည် ကျွန်တော်၏ ကျေးဇူးရှင် ရှေးဦးဆရာဖြစ်ပါဘိသည်။ ရန်ကုန်ဟံသာဝတီကွက်သစ်၊ သမိတ္တောဒယ၊ ရာမညတိုက်အုပ် သီလရှင်ဆရာကြီး ဒေါ်ညာဏစာရီသည် ကျွန်တော့်အား ကကြီး၊ ခခွေးမှ အစ အဘ္ဘောအကွရသည်တောအထိ တိုက်ရိုက်စာချ၊ စာတက်၊ စာစစ်ပေးခဲ့သောကန့်ကူလက်လှည့်၊ ပဲ့ပြင်ပေးခဲ့သူ ကျေးဇူးရှင်ဖြစ်ခဲ့ပါသည်။ သဒ္ဒါကြီးအရောက်တွင် သီလရှင်ကျောင်းမှ ထွက်ခဲ့ပြီး ကြံခင်းချောင် ဆရာတော်ကြီး ဦးစိတြာရာမထံ၌ သဒ္ဒါကြီးရှစ်စောင်တွဲနှင့် သင်္ဂြိုဟ်ပါဠိများကို ဆက်လက်သင်ယူခဲ့ပါသည်။

ဤသို့ ၆ နှစ်ပတ်လုံး သီလရှင်ဆရာများ၊ ဘုန်းတော်ကြီးနှင့် ဦးပဇ္ဇင်းများပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့သော ကျွန်တော့်တွင်ဗုဒ္ဓဘာသာရေးရာနှင့်ပတ်သက်၍ အခြေခံအသိဉာဏ်များမှာ အောက်ပါအတိုင်း ဖြစ်ပေါ် ခဲ့ပါသည်။ ဆရာတော် သံဃာတော်များနှင့် သီလရှင်များသည် သူတော်သူမြတ်များဖြစ်ကြသည်။ မြတ်စွာဘုရား၏ သားတော် သမီးတော်များ ဖြစ်ကြသည်။ လောကီ လူ့ဘောင် စွန့်လွှတ်၍ ဘုရား၏ အမွေအနှစ်ဖြစ်သောပရိယတ်များကို ထိန်းသိမ်းစောင့်ရှောက် နေကြသည်။ ဤလုပ်ငန်းမှာ ၎င်းတို့၏ အဓိကတာဝန်ဖြစ်သည်။ စစ်ကိုင်းတောင်ရိုးတလွှားတွင် ချောင်ပေါင်း၊ ကျောင်းတိုက်ပေါင်း များစွာတို့၌ ပရိယတ်တာဝန်ကို နေ့ညမပြတ် ထမ်းဆောင်ကြပေသည်။

ဤပရိယတ် စာပေသင်အံ၊ ပို့ချနေကြသော ရဟန်းသံဃာတော် သီလရှင်များအပြင်၊ ပိုမိုမြင့်မြတ်သော ပဋိပတ်အကျင့်ကို အားထုတ်နေကြသည့် သူတော် သူမြတ်များလည်းရှိသေးသည်ဟု နားလည်ခဲ့သည်။ ဤကဲ့သို့ပုဂ္ဂိုလ်အရေအတွက်မှာ မများလှပါ။ ကျွန်တော် ငယ်စဉ်အခါက စစ်ကိုင်းတောင်ရိုး၌ ပထမဂန္ဓာရုံချောင်တွင်သာ ကမ္မဋ္ဌာန်းလုပ်ငန်း လုပ်ကြသည်ဟု သိရသည်။ ပဋိပတ်အကျင့် ကျင့်သူများကို ကျွန်တော်တို့ ကိုးကွယ်သောဆရာတော်သံဃာတော်များကပင် အလေးအမြတ်ပြုကြသည်။ သာမန် ပုဂ္ဂိုလ်တို့ထက် ထူးခြားသူများဟုသိခဲ့ရသည်။ တရားထိုင်ခြင်း၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း ဆိုသည်မှာ လူတိုင်းပြုလုပ်နိုင်သော အရာမဟုတ်၊ သံဃာတော်များ၊ သီလရှင်များလည်း အားလုံးတရားအားထုတ်မှုမပြုနိုင်ကြ။ ပါရမီထူးကဲသူများ နိဗ္ဗာန်သို့လျင်မြန်စွာရောက်လိုသူများသာ အားထုတ်နိုင်ကြသည်။

ကမ္မဋ္ဌာန်းတရားအားထုတ်လိုလျှင်လည်း မြို့ထဲရွာထဲမဆိုထားဘိ စစ်ကိုင်းတောင်ရိုးကဲ့သို့ သူတော်သူမြတ်များ မှီတင်းနေထိုင်ရာမှာပင်၊ ချောင်တိုင်း၊ ကျောင်းတိုက်တိုင်း၌ တရားမကျင့်နိုင်၊ လူသူအရောက်နည်းသော ဂန္ဓာရုံချောင်ကဲ့သို့သော တောရကျောင်းတွင်သာ ကမ္မဋ္ဌာန်းကျောင်းငယ်၌ တဦးတည်းစီးဖြန်းရသော အမှုကိစ္စဖြစ်သည်။ လွယ်ကူသော အလုပ်မဟုတ်ပေ။ သာသနာ့ဘောင်သို့ ရောက်ရှိပြီးဖြစ်သော သံဃာတော်နှင့် သီလရှင်တိုင်းပင် မပြုလုပ်နိုင်သော အကျင့်တရားမှာ လူ့ဘောင်လောကမစွန့်ပစ်သေးသည့် ဝတ်ကြောင်တို့၏အရာမဟုတ်ဟု ငယ်ရွယ်စဉ်ကပင် စိတ်ထဲ၌ စွဲမြဲခဲ့ပေသည်။ တဖန် ကမ္မဋ္ဌာန်းအားထုတ်ရင်း စိတ်ခြောက်ခြားပုံ၊ အရိုးစုမြင်ရပုံတို့ကို လူကြီးများ ပြောဆိုသံ

ကြားခဲ့ရပြန်သောအခါ ကမ္ဘာ့ဌာန်းထိုင်သည်မှာ အသက်ဆံဖျားစွန့်၍ လုပ်ရသော ကြောက်မက်ဖွယ် လုပ်ငန်းတရပ်ဟု စွဲမှတ်ခဲ့ပေသည်။

စစ်ကိုင်းတောင်ရိုး ပတ်ဝန်းကျင်၌ လူဝတ်ကြောင်တို့ ပြုလုပ်သော အမှုကိစ္စများကိုလည်း မှတ်သားခဲ့ရသေးသည်။ လူငယ်များအနေဖြင့် ညဥ့်အိပ်ရာဝင် ဘုရားရှိခိုးရသည်။ ဆီမီးပူဇော်ရသည်။လူကြီးများလည်းဘုရားရှိခိုးပြီးမှ အိပ်ရာဝင်ကြသည်။ နံနက် အိပ်ရာထတွင် ဘုရားအား ဆွမ်းကပ်သည်။ ပန်း၊ ရေချမ်းကပ်လှူ ပူဇော်သည်။ သံဃာတော်များ ဆွမ်းခံကြွလာစဉ်၊ ဆွမ်း၊ ဆွမ်းဟင်း လောင်းလှူကြသည်။

(၇) နှစ်သားအရွယ်တွင် ရှင်ပြု နားထွင်းမင်္ဂလာ ပြုလုပ်သည်။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ (၄) ယောက်၊ ဝမ်းကွဲညီအစ်ကို နှစ်ယောက် စုပေါင်း၍ အလှူပေးခြင်းဖြစ်သည်။မဏ္ဍာပ်ကြီးထိုးသည်ကိုမှတ်မိသည်။ သံဃာ အပါး (၁၀၀)ဆွမ်းကျွေးပုံ၊ ဧည့်ပရိသတ်များ စည်စည်ကားကား လာကြပုံ၊ စီးပုံခေါ် ဦးခေါင်းတန်ဆာ လေးလေးလံလံကြီး ဆောင်းထားရပုံ၊ ပုဆိုး၊ ထိုင်မသိမ်းဝတ်၍ ကတ္တီပါဖိုကြီးပေါ်တွင် ထိုင်နေရပုံတို့ကိုလည်း အမှတ်ရသေးသည်။ ၎င်းနောက် ကြံခင်းချောင်မှ ဦးပဥ္စင်းတပါးက ဆံချပေးပုံ၊ ကြိုတင် ကျက်မှတ်ထားသော သင်္ကန်းတောင်းကို ရွတ်ဆို၍ သင်္ကန်းတောင်းပုံ၊ လုံချည်စွန့်၍ သင်္ကန်းဆီးရပုံ စသည်တို့ကိုလည်း သတိရနေသေးသည်။

အခြားမြို့ရွာများမှ အလှူရှင်များစွာ စစ်ကိုင်းတောင်ရိုး ရောက်လာကြပုံကိုလည်း မှတ်မိနေသေးသည်။ ၎င်းတို့သည် ကျောင်းဆောက်ကြသည်။ ဘုရားတည်ကြသည်။ သိမ်သမုတ်ကြသည်။ ရှင်ပြု၊ ရဟန်းခံ အလှူပွဲများလုပ်ကြသည်။ ဤအလှူပွဲ၊ ရေစက်ချပွဲများ၌ ဆရာတော်ကြီးများက တရားဟောကြသည်။ ကိုယ်ကျင့်တရားကောင်းမွန်ရန် ငါးပါးသီလစောင့်ထိန်းရန် အလှူဒါန ပြုကြရန် ဆိုဆုံးမတော်မူကြသည်။

ဝါတွင်းကာလ၌ စစ်ကိုင်းမြို့ ပတ်လည်တွင် ဘုရားပွဲတော်များကို သီတင်းပါတ်တိုင်း၊ အလှည့်စဉ် ကျင်းပကြသည်။ မြို့သူမြို့သားများ ဘုရားပွဲတော်သို့ သွားကြသည်။ ရပ်ကွက်တိုင်းမှ ဆွမ်းတော်ကြီး အဖွဲ့များက အာရုံဆွမ်း ကပ်လှူကြသည်။ ကျောင်းကန်ဘုရား၌ လူပရိသတ် စည်ကားလှသည်။ ဥပုသ်သီတင်း စောင့်ထိန်းကြ၍ နေစောင်းလျှင် အိမ်ပြန်ကြသည်။

ဤသည်ကား ငယ်ရွယ်သူ ကျွန်တော်၏ ဦးနှောက်၌ စွဲထင်လျက်ကျန်ခဲ့သည့် ဗုဒ္ဓဘာသာရေးရာ လုပ်ဆောင်မှုများဖြစ်သည်။ ဂေါတမမြတ်စွာဘုရားသည် အထွဋ်အမြတ်ဆုံးဖြစ်သည်။ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင်ပါရမီများ ဆည်းပူးပြီးမှ ရွှေနန်းစီးစိမ် စွန့်လွှတ်ခဲ့သည်။ သတ္တဝါအများကို ကယ်တင်တော်မူရန် တောထွက်ခဲ့၍ တရားကျင့်သည်။ နောက် သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိလာသည်။ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းများ ဟောပြော၍ သတ္တဝါများကို ချွတ်တော်မူခဲ့သည်။

ဆရာတော်၊ သံဃာတော်နှင့် သီလရှင်များသည် ဤဘုရားဟောဒေသနာတော်များကို သင်အံလေ့ကျက်ကြရသည်။ အစဉ်အလာအဖြစ် လက်ဆင့်ကမ်း လွှဲပြောင်း၍ ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ မြတ်စွာဘုရား၏ဝိနည်းပညတ်ချက်များအတိုင်း နေထိုင်ကျင့်သုံးရသည်။ သိက္ခာပုဒ်များ စောင့်ထိမ်းရသည်။

လောက လူ့ဘောင်မှ ဝတ်ကြောင်များသည် ဤဝိနည်းသိက္ခာပုဒ်များကို မစောင့်ထိန်းနိုင်ကြပေ။ ထို့ကြောင့် ငါးပါး သီလ ကိုသာ အစဉ်စောင့်ရမည်။ ရှစ်ပါးသီလကို ဝါတွင်းသီတင်းနေ့တွင် စောင့်ထိန်းကြရမည်။ ကုသိုလ်ကောင်းမှုပြုကြရမည်။ ပေးကမ်းစွန့်ကြဲကြရမည်။ ဆရာတော် သံဃာတော်များ၏ ဆိုဆုံးမစကားကို နားထောင်လိုက်နာကြရမည်။ အတိုချုပ် ဆိုလျှင် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ရမည်။ တရားတော်ကို နာယူ ကျင့်သုံးရမည်။ သံဃာတော်များကို ပူဇော်ရမည်။ ဝတ်ကြီးဝတ်ငယ်ပြုစုရမည်။ ၁၀ နှစ်သားအရွယ်က ကျွန်တော်နားလည်ခဲ့သည့် ဗုဒ္ဓဘာသာဝင်တဦး၏ လက်တွေ့ဆောင်ရွက်မှုများမှာ ဤမျှသာဖြစ်သည်။

မဂ်လသုတ် အစရှိသည့် ပရိတ်ကြီးရှစ်စောင်တွဲကုန်၍ သဒ္ဒါ၊ သင်္ဂြိုဟ်ထိသင်အံခဲ့သော စာများ၊ ဘုရားရှိခိုးရာ၌ရွတ်ဆိုခဲ့သော ဣတိပိသော၊ သွာက္ခာတော၊ သုပဋိပန္နော၊ ဟေတုပစ္စယော စသည့်စာများ မည်သည့် အဓိပ္ပာယ်ရှိသည်ဟု နားမလည်။ အချိန်တန်လျှင် ခရားရေလွှတ် ရွတ်ဆိုနိုင်ခဲ့သည်သာဖြစ်သည်။ ဤစာများ၊ ဝတ်ရွတ်စဉ်များ၏ အဓိပ္ပာယ်မသိရှိသည်မှာ အသက်အရွယ်ငယ်သေးသောကြောင့်သာ မဟုတ်ပါချေ။ ဤအကြောင်းအရာမျး သိရှိနားလည်ရန်မှာ လူဝတ်ကြောင်များ၏ အလုပ်ကိစ္စမဟုတ်၊ ရဟန်းသံဃာများ၏ လုပ်ငန်းရပ်သာဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်ခဲ့သည်။ သိရှိနားလည်လို

လျှင် ဘုန်းကြီးဝတ်၍ စာဝါတက်ရမည်။ ဘုန်းကြီးမဝတ်လိုလျှင် "အစိုးရ ကျောင်းသွား၍ အေ၊ ဘီ၊ စီ သင်ရန်သာရှိသည်။" ဤသို့သာလျှင် သဘော ပေါက်ခဲ့ပါသည်။

မိမိကိုးကွယ်ယုံကြည်သော ဗုဒ္ဓဘာသာရေးရာတွင် ဤသို့ ခံယူစွဲမှတ်ခဲ့ သော ကျွန်တော်သည် အသက် ၁၀ နှစ်တွင် အမျိုးသားကျောင်း၊ထိုမှတ ဆင့် "အစိုးရ" ကျောင်းသို့ ပြောင်း၍ "ခေတ်ပညာ" သင်ယူခဲ့သည်။ အ ထက်တန်းကျောင်းပညာပြီးဆုံးပြီးနောက် တက္ကသိုလ်တွင် ဆက်လက်သင်ကြား ရာ ဓာတုဗေဒဂုဏ်ထူးဖြင့် သိပ္ပံဘွဲ့ရသည်။ ၎င်းနောက် နိုင်ငံခြားပညာတော် သင်သွားခွင့်ရသေး၍ လောကဓာတ်ပညာနယ်ပယ်တွင် အတော်အတန် နှံ့စပ် စွာဆည်းပူးခဲ့ရသည်။

အလုပ်ခွင်သို့ဝင်၍ တာဝန်ထမ်းဆောင်ရသောအခါ ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးရှင်ဖြစ်လာသော ကျွန်တော်တွင် ဗုဒ္ဓဘာသာရေးရာ အသိဉာဏ်၌မူ ၁၀ နှစ်သားအရွယ် ဘုန်းကြီးကျောင်းသားဘဝကထက် ပိုမို၍တိုးမြင့်ခြင်းမရှိခဲ့ပေ။ ကျင့်သုံးဆောက်တည်မှုဆိုင်ရာ၌ တိုးတက်မှုအစား သိသိသာသာပင် ဆုတ်ယုတ် သွားခဲ့သေးသည်။ မြတ်စွာဘုရားနှင့် ဗုဒ္ဓဘာသာတရားတော်ကို အမြင်အားဖြင့် ယုံကြည် ကိုးကွယ်၊ လက်ခံဆဲဖြစ်သော်လည်း ရိုသေကိုင်းရှိုင်း၊ လေးစားမှု အရာ၌ လျော့ပါးသွားခဲ့သည်။ ညနံနက် ဘုရားရှိခိုးမှုပင် မရှိတော့ပေ။ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းကပ်ခြင်းကို မိခင်ကသာ ဆောင်ရွက်သည်။ နောင်တွင် ဇနီးဖြစ်သူက အိမ်ဦး၌ ဘုရားခန်းပြင်ဆင်၍ ဗုဒ္ဓဝေယျာဝစ္စများ ဆောင်ရွက် သည့်တိုင်အောင် အမှုမဲ့ အမှတ်မဲ့သာ နေလိုက်တော့သည်။ ကျောင်းကန်ဘုရား အရောက်အပေါက်နည်း၍ ဆရာတော် သံဃာတော်များထံ ဆည်းကပ်မှုလည်း ခေါင်းပါးလာသည်။

ဤသို့ဖြင့် နေထိုင်ခဲ့ရာ ဖဆပလခေတ် သံဂါယနာတင်ပွဲကြီး ကျင်းပ ပြီးနောက် ဘာသာရေးလုပ်ငန်းများ အားစိုက် ခွန်စိုက် လုပ်ဆောင် လာချိန် တွင် မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ရန် အသိဉာဏ်ပေါ်ပေါက်ခဲ့ပေသည်။ မိမိ ကိုးကွယ်နေသော ဗုဒ္ဓဘာသာတရားအကြောင်း မည်မျှ နားလည်ပါသနည်းဟု စစ်ဆေးမိလာသည်။ ဘုရား၊ တရား၊ သံဃာဆိုသည်မှာ အဘယ်နည်း။ ၎င်းတို့ နှင့်ပတ်သက်၍ ဘာများ နားလည်သနည်း။ ကိုယ်တိုင် ဘာများသိသနည်း။ ဘာနားလည်၍ ဘာကိုလက်ခံသနည်း။ မည်သူ့ကို ကိုးကွယ် သနည်း။ ဘာ

ကြောင့်ကိုးကွယ်သနည်းဟု ဆန်းစစ်မိသည်။ ဆက်လက်၍လည်း ကိုးကွယ်တယ် ဆိုတာကော ဘာလုပ်တာလဲ၊ ဘုရားကို ကိုးကွယ်တယ်ဆိုပြီး အိမ်၏အမြတ်ဆုံး နေရာတွင် ဘုရားခန်းပြုလုပ်တယ်။ ပန်းရေချမ်းကပ်လှူတယ်။ ဒီလိုဆိုရင် ဘာ ပြုလို့ အိမ်ခေါင်းရင်းတိုင်မှာ နတ်အုန်းသီးကို ဆွဲထားသလဲ၊ ငှက်ပျောပွဲနှင့် ပူဇော်ပသ သလဲ၊ အဲဒါက ဘယ်သူ့ကို ကးကွယ် တာလဲ၊ ဘာအဓိပ္ပာယ်ရှိ သလဲ။

ဤသို့ မိမိကိုယ် မိမိမေးမြန်းစစ်ဆေးလိုက်မိရာတွင် မိုးကြိုးထိမှန်သကဲ့ သို့ ပြင်းထန်စွာ တုန်လှုပ်သွားခဲ့ရပါသည်။ ခေတ် ပညာ တတ်၊ နိုင်ငံခြား တက္ကသိုလ်များမှ ဂုဏ်ထူးဘွဲ့ထူးတွေ ယူလာသူ မိမိကိုယ် မိမိအသိဉာဏ် ထက် သန်သူဟု ယူဆထားသူသည် ယခုတွင် မိမိကိုယ် မိမိစစ်ဆေးမခံနိုင်သောအခြေ တွင် တွေ့ရသောကြောင့်ဖြစ်ပါသည်။ အထက်ပါ ပုစ္ဆာများကို မိမိကိုယ်တိုင် ကြေနပ်လက်ခံနိုင်သော အဖြေများမပေးနိုင်ခဲ့ပါ။ အမှန်စင်စစ် ထိုအချိန်တွင် ကျွန်တော်၏ ဗုဒ္ဓဘာသာရေးရာ အသိဉာဏ်မှာ ၁၀ နှစ်သားအရွယ်က သိ ထားသော အသိဉာဏ်ထက် ပိုမိုခြင်းမရှိပါ။

ထို့ထက် ဆိုးဝါးသည်မှာ မိမိကိုးကွယ်သည့် ဗုဒ္ဓဘာသာ၌ မူလသ ဘောတရား အခြေမခိုင်သည်တွင် အခြားဝါဒသဘောများ မကြေမညက်ရော ယှက် ရှုပ်ထွေးလာခြင်းဖြစ်ပေသည်။ ဘာသာရေးဟု ခေါ်ဆိုကြသော ဂိုဏ်းအ ချို့၏ အယူအဆများ၊ သိပ္ပံပညာဆိုင်ရာ အတွေးအခေါ်များ၊ လူမှုဆက်ဆံ ရေး၊ စီးပွားရေးသဘောတရားများကို လေ့လာဖတ်ရှုရာမှ ဗုဒ္ဓဘာသာတရား အပေါ် အမြင်ရှုပ်ထွေးသွားခဲ့ပေသည်။

ဤသို့ တုန်လှုပ်ခြောက်ခြားသွားခဲ့ရပြီးမှ ယခင်က မိရိုးဖလာလက်ဆင့် ကမ်းခဲ့၍ မိမိလက်ဝယ် ရောက်ရှိလာရသော ဗုဒ္ဓဘာသာတရား၊ အမှုမဲ့အမှတ်မဲ့ လက်ခံခဲ့သော ဗုဒ္ဓဘာသာတရားနှင့် ပတ်သက်၍ အကြောင်းစုံသိချင်လာသည် သိရမှဖြစ်မည်ဟု သဘောပေါက်လာသည်။ဤအသိဉာဏ်မျိုး ယခင်ကမဖြစ်ပေါ် ခဲ့သည်ကိုပင် အံ့ဩနေမိသည်။ ယခုဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် ဗုဒ္ဓဘာ သာတရားအကြောင်း စုံးစမ်းလေ့လာရန် သံဓိဋ္ဌာန်ချမိတော့သည်။

## (၁) ပထမအကြိမ် ကမ္မဋ္ဌာန်းအားထုတ်ခြင်း။

ထိုစဉ်က အခြေအနေအရ ဗုဒ္ဓဘာသာတရားအကြောင်း လေ့လာရန် စာပေဖတ်ရှုယုံသာ ဆောင်ရွက်နိုင်ပေသည်။ အလုပ်ဝတ္တရားတဖက်ဖြင့် ဆရာတော်များထံ ချဉ်းကပ်ဆည်းပူးရန် အချိန်မရနိုင် ဖြစ်ခဲ့သည်။ အခြားအခက်အခဲမှာ ပိဋကတ်တော်များကို မြန်မာပြန်ဆိုပြီး မရှိဖြစ်နေပြန်သည်။ ဆရာမြို့ပြန်ဆိုသော ကျမ်းစာများလည်း ရှာဖွေမတွေ့နိုင်လောက်အောင် ရှားပါးနေကြောင်း သိရသည်။ လယ်တီဆရာတော် ဒီပနီများကို စတင်ဖတ်ကြည့်သည်။ အစီအစဉ်မတည့် ဖြစ်နေသည်။ စာအုပ်ဆိုင်ရောက်တိုင်း တွေ့သမျှ ဒီပနီများ ဝယ်ယူခဲ့မိရာ၊ ရှေးဦး ဖတ်သင့်သော ကျမ်း၊ နောက်မှ ဖတ်သင့်သောကျမ်း ဟူ၍ မခွဲခြားတတ် ဖြစ်နေသည်။ ၎င်းပြင် ဆရာတော်ကြီး၏ အာဘော်နှင့် မြတ်စွာဘုရားဟော ဒေသနာ မကွဲမပြားဖြစ်နေပြန်သည်။ မြတ်စွာဘုရားဟော ဒေသနာဆိုလျှင်လည်း မူရင်းပါဠိတော်ကို သိချင်ပါသည်။

သိပ္ပံပညာ သင်ယူပုံ နည်းလမ်းအတိုင်း စနစ်တကျ မြတ်စွာဘုရား၏ အကြောင်းအရာအားလုံးကို သိချင်သည်။ ဟောကြားတော်မူခဲ့သော ဒေသနာများကို အစီအစဉ် အမှန်အတိုင်း သိလိုသည်။ ဒေသနာတော်များ၏ အဆီအနှစ် အကျဉ်းချုပ်ကို ခြုံငုံ၍ သိလိုသည်။ လောကဓာတ်ပညာနှင့် ပတ်သက်၍ သိလိုသော အချက်အလက်တခုခုရှိမူ မည်သည့် စာအုပ်စာတမ်း၊ မည်သည့် ဂျာနယ်မဂ္ဂဇင်း၊ မည်သည့်အသင်းအဖွဲ့တွင် စုံစမ်းရမည်။ ရှာဖွေကြည့်ရမည်ဟု သုတေသနပြု နည်းများရှိပြီး ဖြစ်သည်။ သင်ကြားခဲ့ပြီးဖြစ်သည်။ ထိုသုတေသနနည်းလမ်းများကို အသုံးချ၍ ဗုဒ္ဓဘာသာတရားတော်များကို လေ့လာရန် ကိုယ်တိုင် ကျိုးပမ်းရတော့သည်။

ဤသို့ လေ့လာရာမှ ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းဖြစ်စဉ်ကို အတော်အတန် သိလာသည်။ သာဝကကြီးများနှင့် သံဃာတော်များ၏ အခန်းကဏ္ဍကို သိရှိလာသည်။ မြတ်စွာဘုရား၏ ဒေသနာတော်များကို ပုံကြမ်းအားဖြင့် ရေးရေး ထင်မြင်လာသည်။ ဟိန္ဒူဝါဒများ ရောနှောလာသည့် အန္တရာယ်နှင့် ဝင်ရောက် ရှုပ်ထွေးနေပုံတို့ကို သဘောပေါက်လာသည်။

ဆက်လက်၍ လေ့လာရာမှ ကျွန်တော့်တွင် ရှင်းလင်းပြတ်သားသော အသိအမြင် တခုကို ဖြစ်ပေါ်ခဲ့ပေသည်။ ထိုအသိဉာဏ်ကား ဗုဒ္ဓတရားတော်

အဆီအနှစ်ကို စာပေအမျိုးမျိုး ဖတ်ရှုလေ့လာခြင်း၊ ဆွေးနွေးခြင်း၊ သဘော အယူဝါဒ ဖလှယ်ခြင်းဖြင့် လက်ဆုတ်လက်ကိုင် မသိမမြင်နိုင်၊ ကိုယ်တိုင်တရား အားထုတ်ကြည့်မှ မြင်နိုင်မည်။ ကိုယ်တိုင်တွေ့ရှိမှ သဘောပေါက် နားလည် မည်ဟု ယူဆမိလာသည်။

ဤသို့ ယုံကြည်မိလာသည့်တိုင်အောင် လက်တွေ့ အကောင်အထည်ဖော် နိုင်ရန် မဆောင်ရွက်နိုင်ဘဲ အချိန်ကုန်လွန်သွားခဲ့ပြန်သည်။ ၁၉၆၀ ခုနှစ်၊ ဧပြီလအတွင်း၌မူ မမျှော်လင့်ဘဲ အခွင့်ကြုံလာရသည်။

* * *

ထိုနှစ် သင်္ကြန်မကျမီ (၂) ရက်အလိုတွင် ဆွေမျိုးတဦးအိမ် ရောက်ရှိ သွားသည်။ နောက်တနေ့ သင်္ကြန်အကြိုနေ့တွင် ခင်ဦးမြို့နယ်။ အင်ကြင်းပင် တောရသို့သွား၍ ဝေဘူဆရာတော်ထံမှောက်၌ ဒုလ္လဘရဟန်းခံရန် စီစဉ်နေကြ သည်။ ကျွန်တော်လည်း ရဟန်းခံလိုက လိုက်ခဲ့ပါဟု ဘိတ်မန္တကပြုသည်။ သူတို့ မှာ သင်္ကန်းပရိက္ခရာ အပြည့်အစုံဝယ်ပြီး ဖြစ်နေကြသည်။ ကျွန်တော့်အတွက် ဝယ်ရန် အချိန်မရတော့ပေ။ သို့ရာတွင် လိုသောပစ္စည်းများကို ဆရာတော့် ကျောင်းတွင် ငွေလှူဒါန်း၍ ရရှိနိုင်ကြောင်း သိရသဖြင့် ကျွန်တော်လည်း ဒုလ္လဘရဟန်းခံရန် ချက်ခြင်း ဆုံးဖြတ်လိုက်သည်။

နောက်တနေ့တွင် ခင်ဦးသို့ ခရီးထွက်ကြရာ ဝေဘူဆရာတော် သီတင်း သုံးနေတော်မူရာ အင်ကြင်းပင်ကျောင်းတိုက်သို့ ညနေစောင်းတွင် ရောက်သွား ကြသည်။ ကျွန်တော်တို့ မိသားစု ဆရာတော်ကျောင်းတိုက်သို့ ရောက်ရှိချိန် တွင် အခြားသူများ ရောက်နှင့်ကြပြီဖြစ်၍ ရေတွင်းနားတွင် အသီးသီးဆံချ ခေါင်းတုံးရိတ်ပြီးနေကြပြီ။ ထို့ကြောင့် ကျွန်တော်လည်း ၎င်းတို့နည်းတူ မော် တော်ကားမှ ဆင်းလျှင်ဆင်းခြင်း ခေါင်းတုံး ဝင်ရိတ်ရသည်။ ထိုနောက် ဘုန်းတော်ကြီးတပါးထံတွင် သင်္ကန်းတောင်းများရွတ်ဆို၍ လူဝတ်စွန့်ပြီး ရှင် သာမဏေအဖြစ် ပြောင်းလဲပေးလိုက်သည်။ ညချမ်းအချိန်တွင် အသစ်စက်စက် ကိုရင်ကြီး (၁၃) ပါးအား ဝေဘူဆရာတော် ထံမှောက်သို့ ခေါ်သွားကြ သည်။ ဝေဘူဆရာတော်က ရဟန်းအဖြစ်ခံယူရန် သိမ်မဝင်မီ ရှင်သာမဏေဘဝ သို့ ရှေးဦး ဝင်ရောက်ရကြောင်း ရှင်းပြသည်။ မြတ်စွာဘုရား၏ လမ်းစဉ်ကို လိုက်၍ လူ့လောကီကို စွန့်ပစ်ခါ ရဟန်းဘောင်ဝင်ရောက်သည်မှာ ထူးခြား

သော ပါရမီရင့်သန်မှ ဖြစ်မြောက်နိုင်သော ကိစ္စဖြစ်ကြောင်း၊ သံသရာခရီး တလျှောက်တွင် လူ့ဘဝခဏတာမျှ ရောက်လာနိုင်သည်မှာ လွန်စွာခက်ခဲသော အခြင်းအရာဖြစ်ကြောင်း၊ လူ့ဘဝရပြန်ကလည်း ဗုဒ္ဓမ္မကို သိရှိနားလည်၍ ရှင်တော်ဘုရား ဟောကြားတော်မူသည့်အတိုင်း ကျင့်ကြံနိုင်ရန်မှာ ပိုမို၍ခက်ခဲသော ကိစ္စဖြစ်ကြောင်း ဟောပြတော်မူသည်။ ဘုန်းတော်ကြီးကျောင်းတိုက်သို့ ယခုကဲ့သို့ တိုတောင်းလှသော အချိန်ကလေးအတွက် လာရောက် နေထိုင်စဉ် တရားဓမ္မ အနည်းငယ်မျှဖြစ်စေ၊ မြင်စွမ်းရန် ကြိုးစားကြဖို့မှာ မိမိတို့တာဝန် သာဖြစ်ကြောင်း၊ တရားဓမ္မကိုမြင်ရန် အခြေခံသဘောမှာ သီလကို လုံခြုံစွာ ထိန်းထိမ်းရန်ဖြစ်ကြောင်း၊ လူဝတ်ကြောင်များအတွက် သီလနှင့် ရဟန်းသံဃာ များအတွက် သီလမှာ ကွဲပြားကြောင်း၊ နောက်တနေ့ သိမ်ဝင်ပြီးသောအခါ တွင် ရဟန်းသီလ ထိန်းသိမ်းရန် နည်းလမ်းများကို ညွှန်ပြပေးမည်ဖြစ်ကြောင်း ရှင်းပြသည်။

သီလစောင့်ထိန်းပြီးနောက်၊ နောက်တဆင့် ပြုလုပ်ရန်ကိစ္စမှာ စိတ်ကို ဟိုမှသည်မှ လွင့်ပါးမသွားစေရန် ထိန်းချုပ်ပေးရန်ဖြစ်ကြောင်း။ ဤသို့ထိန်း ချုပ်ပေးမှသာလျှင် ထိုစိတ်သည် ကိလေသာညွန်တွင်း၌ လူးလွန့်ကျက်စား နေနိုင်မည်မဟုတ်ကြောင်း။ ဤသို့ စိတ်ကို ကောင်းစွာဆုံးမပြီးသောအခါတွင် သစ္စာတရားသိမြင်ရန် တံခါးပေါက်ကြီးသည် အလိုအလျောက် ပွင့်သွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာတော့်ကျောင်းတွင် ခေတ္တနေထိုင်ကြစဉ် စိတ် ကို ထိန်းသိမ်းသောလုပ်ငန်းကို ပြုလုပ်နေလျှင် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ စိတ်ကိုထိန်းသိမ်းရန် လက်တွေ့နည်းမှာ နှာသီးဖျားတွင် စိတ်ကိုထား၍ ထွက် လေ ဝင်လေများကိုသာ မှတ်သားသိရှိနေရမည်ဖြစ်ကြောင်း ညွှန်ကြား ပြသ တော်မူသည်။

"နှာသီးဖျားမှာ စိတ်ကို အစဉ်ထားရင် ဘယ်မှ လှည့်လည် မသွား အောင် ချည်နှောင်ထားတာဘဲမဟုတ်လား။ ထွက်လေဝင်လေကို အစဉ်စောင့် သိနေရတော့ အခြားဘာမှလဲ မစဉ်းစားနိုင်တော့ဘူးမဟုတ်လား။ စဉ်းစားနိုင် သေးသလားဗျာ" ဟု ဆရာတော်က မေးမြန်းတော်မူသည်။

"အဲဒီလို စိတ်ကိုစောင့်နေရတော့ မကောင်းတဲ့ အပြုအမူ မပြုလုပ် နိုင် တော့ဘူး။ မကောင်းတဲ့စကားများ မပြောနိုင်တော့ဘူး၊ စိတ်မှာလဲ မကောင်း တဲ့အကြံအစည်တွေ မဝင်ရောက်နိုင်တော့ဘူး။ မိမိထွက်လေ ဝင်လေကို ရှုကြည့်

နေတဲ့ လုပ်ငန်းဟာ ဘယ်နည်းနဲ့မှ မကောင်းတဲ့လုပ်ငန်း မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ နှာသီးဖျားမှာ မိမိစိတ်ထားရင် ကာယကံ၊ ဝစီကံ၊ မနောကံပြစ်မှုများကို သိမ်းဆည်းလုံခြုံပြီးဖြစ်ရော၊ ဒါကြောင့်လဲ အဲဒီအလုပ်ကို ဒီမှာတင် မဟုတ်ဘူး။ တသက်လုံး လုပ်ကြရမှာဗျ" ဟု ဆရာတော်က ဆိုဆုံးမတော်မူသည်။

"ဒီလိုအားထုတ်ရင် ကိလေသာ အညစ်အကြေးကင်းစင်ပြီးတော့ ကိုယ်ရောစိတ်ပါ အလွန်သန့်ရှင်းစင်ကြယ်တဲ့ အချိန်ကို မုချရောက်လာ လိမ့်မယ်။ အဲ့ဒီအချိန်အခါမှာ စိတ်တည်ကြည်မှု ကြည်လင်မှုတို့ရပြီး မြတ်စွာဘုရားဟောကြားတဲ့ တရားဓမ္မအစစ်ကို မြင်နိုင်လာလိမ့်မယ်။ အခုလိုအားထုတ်မှုကိုအာနာပါန နုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းတယ်လို့ခေါ်တယ်။ ဒီမှာနေသမျှ အချိန်တိုင်း ဒီကမ္မဋ္ဌာန်းကို လက်မလွှတ်ကြနဲ့တော့ အချိန်တိုင်း၊ အချိန်တိုင်း၊ ထိုင်တုန်း၊ ရပ်တုန်း၊ လဲလျောင်းတုန်း၊ စားသောက်တုန်း၊ ရေချိုးတုန်း၊ ဘယ်အချိန်မဆို အာနာပါန နုဿတိသာ လုပ်ပေတော့၊ အိပ်တဲ့ အချိန်တော့ ပြောရဦးမယ်၊ ဒီလာတာ အိပ်ဘို့လာတာမဟုတ်ဘူး။ မဟုတ်လား၊ အိမ်မှာ နေ့ရောညရော အိပ်ဘူးခဲ့ကြပြီဘဲ၊ ဒို့မြင်သလောက်တော့ အားလုံးအသက် ၄၀ ကျော်တာဘဲ၊ နှစ်ပေါင်း ၄၀ ကျော်တောင် အိပ်ခဲ့ဘူးပြီဘဲ၊ အဲဒီတော့ ဒီမှာရတဲ့ အချိန်ကလေးတွေကို အိပ်မပြစ်တော့ဘူးမဟုတ်လား၊ ရသမျှအချိန်တွေ၊ ဒို့ပြောသလိုလုပ်ကြမှာ မဟုတ်လား၊ ကိုင်; ဒါဖြင့်ရင် ဒီနေ့ ညကစပြီးတော့ အားထုတ်ကြပေတော့။"

ဤသို့ ဆရာတော်၏ ဩဝါဒကို ခံယူခဲ့ကြပြီးနောက် ကိုရင်ကြီး ၁၃ ပါးသည် ဆရာတော်ထံပါးမှ ထွက်ခွာခဲ့ကြသည်။ ထိုညသည် ကျွန်တော့် အတွက် စိတ်ဒုက္ခအရောက်ဆုံး၊ စိတ်လျော့ အားပျက်ဆုံး၊ ပူပင်သောကအဖြစ်ဆုံးနှင့် ထိတ်လန့်တုန်လှုပ်ဆုံး ညတညဖြစ်ခဲ့ပေသည်။ ကျွန်တော်တို့သည် သစ်ပင်များအောက်နှင့် ကျောင်းတိုက်ဗဟိုတွင်ရှိသော စေတီတော်ရင်ပြင်တွင် လူစုခွဲ၍ တရားအားထုတ်ရန် အသီးသီးနေရာယူကြသည်။ ထို့နောက် တင်ပျဉ်ခွေထိုင်၍ မျက်လုံးများမှိတ်ပြီးလျှင် နှာခေါင်းမှ ဝင်ထွက်နေသောလေကို စောင့်ကြည့်ရန် နှာသီးဖျားတွင် စိတ်ကိုတာဝန်ချထားပေးလိုက်သည်။ မကြာမီ ဤလုပ်ငန်းသည် အပြောလွယ်သလောက် အလုပ်ခက်ခဲသော ကိစ္စရပ်ဖြစ်ကြောင်းသိရှိလာရသည်။ ကျွန်တော့် တသက်တာတွင် ပထမဆုံး အကြိမ် စိတ်သည် ဖောက်ပြန်သည်။ လှုပ်ရှားသည်။ ပြန့်လွင့်သည်။ ထွက်ပြေးသည် ဆိုသည့်

တို့ကို ကိုယ်တွေ့သိရှိလာရသည်။ လူ့သဘာဝ စိတ်အပြောင်းအလဲမြန်ကြောင်း ဖတ်ဘူးကြသည်။ ပြောကြသည်။ ရေးကြသည်။ သို့ရာတွင် ဤသို့ ပြောဆို ရေးသားရာ၌ အများအားဖြင့် အခြားသူများ အကြောင်းကိုသာ ဆိုလိုခဲ့ကြသည်။ ချစ်သူနှစ်ဦးကြားတွင် ဆောင်းလေပမာ စိတ်မတည်ခြင်းအကြောင်း၊ ဂတိပြုထားသည်ကို ဂတိမတည်ခြင်းအကြောင်း၊ နိုင်ငံရေးရာ၌ သစ္စာမတည်ခြင်းအကြောင်း၊ အခြေအနေဟန်မကျမီ အောက်ကျို့ခြင်း၊ နှိမ့်ချခြင်း အမူအရာများပြ၍ အခြေအနေ မြင့်သည်နှင့်တပြိုင်နက် မာန်မာန ထောင်လွှားခြင်း၊ ကြွားဝါခြင်းစသည်တို့ကို ပြောဆိုရေးသားလေ့ရှိကြသည်။ ဤပြောင်းလဲချက်များမှာသူတပါး၏ စိတ်မတည်ငြိမ်မှုများသာ ဖြစ်သည်ဟု ယူဆခဲ့ကြ၍ မိမိစိတ်မှာမူ တည်ငြိမ်သည်။ မြဲမြံသည်။ ခိုင်ခန့်သည်။ ယုံကြည်စိတ်ချ အားကိုးနိုင်သည်။ နိုင်ငံရေးလေ ဟိုက်ခတ်သလို မလွင့်ပါ၊ ဘဝအခြေအနေအတက်အကျကြောင့်လည်း မတုန်လှုပ်ဟု မိမိကိုယ်မိမိထင်မြင်ယူဆခဲ့ကြသည်။

သို့ရာတွင် ပထမည ကမ္ဘာစစ်န်း ထိုင်ရာမှ ကိုယ်တွေ့အဖြစ်အပျက်များသည် ကျွန်တော့အား များစွာတုန်လှုပ်စေခဲ့သည်။ ဤအတွေ့အကြုံများသည် ယခင်က လုံးဝမတွေ့မကြုံဘူးခဲ့သော အသစ်အဆန်းများဖြစ်ပေသည်။ ထိန်းမနိုင် အုပ်မရဖြစ်နေသော မိမိ၏ စိတ်အကြောင်းကို သိရသဖြင့်လည်း ထိတ်လန့်ကြောက်ရွံ့သွားခဲ့တည်။ မိမိစိတ်နှင့် မိမိရင်ဆိုင်ရသော ရှေးဦးစစ်ပွဲတွင် ပင် ရှုံးနိမ့်ခဲ့ရသဖြင့်လည်း အရှက်ကြီး ရှက်နေရသည်။ စိတ်အပျက်ကြီး ပျက်ခဲ့ရသည်။

မိမိသည် မိမိ၏ တကိုယ်လုံးအား အုပ်စိုးပိုင်ဆိုင်သော ပိုင်ရှင်ဖြစ်သည်၊ မိမိ၏စိတ်မှာ တည်ငြိမ်သည်။ ခိုင်မြဲသည်။ စံနစ်တကျသေသေသပ်သပ်ရှိသည်။ ထားရာနေ၊ စေရာသွား ဖြစ်နိုင်သည်ဟု ယုံကြည်စိတ်ချနေခဲ့၏။ ယခုမူ မိမိ၏ ကျေးကျွန်ဟု ထင်မှတ်ခဲ့သော စိတ်ကလေးသည် နွားသီးဖျားတွင် တည်ငြိမ်စွာ နေရန် ရှင်းလင်းလွယ်ကူသော အမိန့်တရပ်ကို မနာခံဘဲ လုံးဝငြင်းဆန်တော်လှန်နေသဖြင့် အံ့သြထိတ်လန့် တုန်လှုပ်ခဲ့ရခြင်းဖြစ်သည်။

ထိုစိတ်ကလေးသည် ပွဲဦးထွက် အမိန့်ပေး လိုက်သည်နှင့် တပြိုင်နက် စတင်တော်လှန်ခဲ့ပေသည်။ နွားသီးဖျားတွင် အသာအယာ ရှဉ့်ကလေးတင်ထားရာမှ သက်န်းပေါ်ကို ချက်ခြင်းခုံဆင်းသွားခဲ့သည်။ ဝတ်ထားသော သင်္ကန်းသည် ကော်များနှင့် တောင့်တင်းမာကြောနေ၍ လုံချီဟောင်းဝတ်ပြီး ထိုင်

ရသျှင် ပိုပြီးသက်တောင့်သက်သာ ရှိမည်ဟု စိတ်ကူးနေမိသည်။ သက်နံးပေါ်မှတဖန် ခြေထောက်များသို့ ရောက်သွားသည်။ တင်ပျဉ်ခွေ၍ ထိုင်နေရာတွင် ခြေမျက်စေ့များ နာကျင်စပြုလာသည်။ ဤကဲ့သို့ မည်မျှ ကြာကြာ ထိုင်နေရာလဲဟု တွေးတောနေပြန်သည်။ ထိုမှတဖန် အနီးအနားမှာထိုင်နေသော အဖော်များဆီသို့ခုန်၍ ကူးသွားပြန်သည်။ သူတို့ခြေမျက်စေ့တွေလဲ အခုလောက်ရှိရင် ကျင်ပြီးပူနေရောပေါ့ဟု တွေး၍ ပြုံးနေမိပြန်သည်။ ဤသို့ပြုံးနေရာမှ မိမိခြေထောက်များနာကျင်ကိုက်ခဲနေသည်ကိုသတိရ၍နေရာပြောင်းထိုင်ရန်စိတ်ကူးပေါက်လာသည်။ ထိုသို့ စိတ်ကူးပေါက်သည့်အတိုင်း နေရာပြောင်းမိသည်၊ ထိုအခါကျမှသာလျှင် နှာသီးဖျားတွင် နေရာချထားသော စိတ်ကလေးသည် နှာသီးဖျားတွင်မနေဘဲ၊ ထိုမှ ဤမှ ခုန်ပျံသွားနေကြောင်း သတိပြု လာမိတော့သည်။ ထိုအခါတွင် အထူးလုံ့လပြု၍ အချိန်အနည်းငယ်ကြာ အသက်ပြင်းပြင်းရှူမိသည်။ ထို့နောက် စိတ်ကလေးကို ဒီတကြိမ်တွင် အသာ အယာ မဟုတ်ဘဲ မြဲမြံစွာ နေရာချထားပေးပြီးနောက် ထွက်လေဝင်လေကို မလွတ်တမ်းမှတ်နေပြန်သည်။

ဤတကြိမ်တွင်မူ အသက်ရှူမှုကို တိတိကျကျ မှတ်သားနေသည်။ ထွက်လေဝင်လေ လှုပ်ရှားတိုင်း နှာသီးဖျားတွင် မှုကလေးဖြစ်သည်ကိုတိတိကျကျဖမ်းမိစေရန်သတိပြုထားသည်။ ဤသို့မြဲမြံစွာသတိပြုနေနိုင်သည်မှာ(၁၀)စက္ကန့် (၁၅) စက္ကန့်လောက် ကြာမြင့်သွားသည်လား မဆိုနိုင်ပေ။ စိတ်ကလေးသည် အမှတ်မထင် လှည့်စား၍ ထွက်သွားသည်ကို မသိလိုက်ပြန်ပေ။ ဝမ်းဗိုက်ထဲတွင် ဆာလောင်လာသည်ကို ရုတ်တရက် သိလိုက်သည်။ ထိုနေ့ညနေတွင် မည်သည့်အစားအသောက်မျှ မစားသောက်ခဲ့ရသေးကြောင်း သတိရလာသည်။ကျောင်းဝင်းထဲရောက်၍ ကားမှ ဆင်းလိုက်သည်နှင့် တပြိုင်နက်၊ ကတုံးထုံး၍ သင်္ကန်းဝတ်ပြီးလျှင် ယခု ဘုရားယင်ပြင်၌ တင်ပျဉ်ခွေထိုင်၍ ထွက်လေနှင့်ဝင်လေကို ရှူနေသည်။ ညစာလုံးဝမစားရသေးပါကလား။ မိသားစုနှင့် မိုင်(၇၀)ကျော် ခေ်ာတော်ကားဖြင့် မန္တလေးမှ လာခဲ့ကြသည်။ ဒို့မိသားစုလဲ ဘာဖြစ်နေကြမလဲ၊ သူတို့ ထမင်းချက်စားကြသလား၊ ဒါမှမဟုတ် ယူဆောင်လာသော စားစရာ သရေစာများနှင့် ပြီးကြသလား၊ အခု သူတို့ ဘယ်မှာနေကြသလဲ၊ ဇရပ်တဆောင်ဆောင်မှာ နေရာရှာနေကြမှာပေါ့။ ဒါပေမဲ့ လူတွေအများကြီးရောက်နေတယ်။ တခြားမိသားစုတွေလဲ လိုက်လာကြတာဘဲ၊ ဒါလောက်လူများတော့ ဇရပ်ထဲမှာ ကျဉ်းကျဉ်းကြပ်ကြပ် ဖြစ်နေကြမှာပေါ့။ ဒါလောက်ဒုက္ခကလေး

တော့ ခံနိုင်ကြရမှာပေါ့။ ဒုလ္လဘရဟန်းခံပွဲလာတာ ကုသိုလ်အများကြီးရတာ ဘဲ၊ ဒီဒုက္ခလောက်တော့ အရင်းအနှီးထားရမှာပေါ့၊ ဒါလဲဘဲ တည္နစ်ညဘဲ၊ ပြီးတော့ သူတို့ မန္တလေးပြန်မှာဘဲ၊ ဒါနဲ့ ကားထဲမှာ ခတ်ဆီ လုံလုံလောက် လောက် ရှိကောင်းပါရဲ့။ မရှိယင်တော့ ဒါရိုင်ဘာက ခင်ဦးသွားဝယ်နေရ မည်။ (၃) ဂါလံလောက်ရရင် မန္တလေးရောက်နိုင်တာဘဲ၊ အံမယ်လေး ဗိုက် ထဲကလဲ ဆာလိုက်တာ၊ ကော်ဖီနဲ့ ဘီစကွတ်ကလေးစားလိုက်ရရင် ကောင်း မှာဘဲ။ ဒီလိုသာ ညစာမစားရရင် ကြာကြာမှ နေနိုင်ပါ့မလား။ မနေနိုင်လို့ မဖြစ်ဘူး။ နေနိုင်အောင် နေရမှာဘဲ၊ ဆရာတော်ကလဲဘဲ၊ သီလ လုံခြုံအောင် စောင့်ထိန်းရမယ်လို့ ပြောထားတယ်မဟုတ်လား။ ဒါနဲ့ ဆရာတော်က ဘာ ပြောလိုက်သလဲ၊ နှာသီးဖျားမှာ စိတ်ကလေးကိုထားပါ။ ထွက်လေဝင်လေကို စောင့်ကြည့်နေပါလို့ ပြောလိုက်တယ်။ အဲ–အဲဒီလို ပြောလိုက်တယ်။ ကဲ.... အခု ငါဘာတွေလုပ်နေတုန်း။ အဲ....စိတ်ကလေးလဲ ဘယ်ရောက်နေတုန်း၊ထွက် ချင်ရာ ထွက်လယ်နေတယ်။ ပြန်လာခဲ့၊ ပြန်လာခဲ့၊ အစကနေ ပြန်စကြဦးစို့"

ဤသို့ဖြင့် ညဥ့်လုံးပေါက် စစ်ပွဲကြီးကို ဆင်နွှဲခဲ့ရပေသည်။ မိနစ်ဝက် လောက် အချိန်ကြာစွာ စိတ်ကို နှာသီးဖျား၌ မြဲမြံစွာချည်နှောင်ထားနိုင်၍ အောင်ပွဲရခဲ့သော အချိန်များ ရှိသလို၊ လွတ်မြောက်ထွက်ပြေးသွား၍ လိုက်လံ ဖမ်းဆီး ပြန်လည်ချုပ်နှောင်ထားရသော အကြိမ်များလည်း မနည်းလှပါပေ။ ဇရပ်များတွင် တည်းခိုနေကြသောသူများ၊ စကားပြောသံများ၊ ဘုရားရင်ပြင် တော်ပေါ်၌ ကျယ်လောင်စွာ ဘုရားရှိခိုးနေကြသော အသံများ၊ ဘေးပတ် ဝန်းကျင် ရွာများမှ ခွေးဟောင်သံ၊ အူသံ၊ ဆူသံများ၊ ခရီးဝေး၌ ခုတ်မောင်း သွားသော မီးရထားစက်ခေါင်းသံနှင့် ဥသြဆွဲသံများသည် စိတ်ကိုနှာသီးဖျား၌ ချည်နှောင်ထားရန် လုပ်ငန်းအား ပိုမို၍ ခက်ခဲစေခဲ့သည်။ ဤနှောက်ရှက်မှု များကြောင့် စိတ်ကလေးသည် နှာသီးဖျားတွင် ထားရာနေရာမှ မကြာခဏ ခုန်ဆင်းသွားတတ်သည်။ ၎င်းအား လိုက်လံဖမ်းဆီး၍ ရှန်းကန်နေရင်း ချည် နှောင်ထားရာနေရာသို့ ပြန်ပြန်ပို့ရသည်။ တခါတရံမူ ဤပြင်ပအနှောက်အရှက် များသည် ဝေးလံရာသို့ စိတ်ကလေးကို သွေးဆောင် သယ်ယူသွားတတ်ကြ သည်။ ထိုအချိန်အခါများတွင် အခက်အခဲများစွာ တွေ့ရတတ်သည်။ ကျောင်း ဝင်းနှင့် မလှမ်းမကမ်း မီးရထားလမ်းတွင် ခုတ်မောင်းသွားသော ရထားများ ပေါ်သို့ အခမဲ့ စီးနင်းလိုက်ပါသွားရာ၊ မြစ်ကြီးနားသို့၎င်း၊ မန္တလေးသို့၎င်း ပါသွားတတ်သည်။ မန္တလေးတွင် အချိန်ကြာမြင့်စွာ နေတတ်၍ သကြြန်ရေ

သဘင်ပွဲဆင်နွှဲနေကြသော ပရိသတ်အပေါင်းနှင့် ရောယှောင်၍ ရေများပင် ဝင်ပက်နေသေးသည်။ ဤသို့ခရီးရှည်ကြီး သွားနေရာမှ တခါတရံ ကျွန်တော် မသိဘဲ နှာသီးဖျားပေါ်သို့ - တိတ်တဆိတ်ပြန်ရောက်လာတတ်ပေသည်။ အများ အားဖြင့်မူ နှာသီးဖျားတွင် မရှိမှန်းသိမှ လိုက်လံ၍ ဇွတ်အတင်း ဆွဲခေါ်ခဲ့ရ သည်။

နေရာပြန်ချပေး၍ တည်တည်ငြိမ်ငြိမ်ရှိနေပြီဟုလည်း စိတ်လက် ချမနေ နိုင်သေးပေ။ ထွက်လေ ဝင်လေများကို မလွတ်တမ်းကြည့်နေစဉ် လေအဝင် အထွက် အလျားမှာ တို၍ တို၍ လာသည်။ တိုသည်ထက် တိုသွားသော် နှာသီးဖျားတွင် လှုပ်ရှားမှုကလေး မျှလောက်သာ သိနေရသည်။ ဤအလွန် နူးညံ့သော လှုပ်ရှားမှုကလေးကို သိနေရသည်မှာ အလွန် ခက်ခဲလာသည်။ စက္ကန့် ၂၀ မျှလောက် ဤသို့သိနေရာမှ စိတ်ကလေးသည် မိမိ ထမ်း ဆောင်ရမည့် ဝတ္တရား ပျက်ကွက်သွားပြန်သည်။ ထွက်လေ ဝင်လေ စောင့် ကြည့်ရမည့် ဒါရဝမ်သည် ဖြည်းညှင်းစွာ အိပ်ပျော် သွားသည်။ ထိုအခါတွင် ကျွန်တော့်မှာထိုင်လျက် ခါးကိုင်း၍ ခေါင်းငိုက်စိုက်ကျပြီး ကျန်နေရစ်ခဲ့တတ် သည်။

ဤအခြေအနေတွင် ၅ မိနစ် ၁၀ မိနစ်မှ နာရီဝက်ကြာ ထိုင်လျက် အိပ်ပျော်နေသည်ကို ဘုရားဖူးသူများနှင့် ပဋ္ဌင်းတက်ဘက် မိတ်ဆွေများ တွေ့ မြင်သွားကြမည် အမှန်ဖြစ်ပေသည်။ အများအားဖြင့် နောက်ကြော တောင့် တင်းလာ၍ လည်ဂုတ်၌ စူးရှနာကျင်လာသောအခါမှ နိုးလာတတ်ရသည်။ တခါတရံတွင်မူ ကျွန်တော်၏ အနီးအနားမှာရှိသော ပဋ္ဌင်းတက်ဘက် မိတ် ဆွေတဦးသည် ကျွန်တော်ကဲ့သို့ပင် ခေါင်းငိုက်ဆိုက်ကျလျက် သော်၎င်း၊ အုတ် နံရံမှီ၍သော်၎င်း၊ အိပ်ပျော်နေရာမှ ဆိုင်းချက်ညီ ဟောက်သံများ ထွက်ပေါ် လာ၍ ကျွန်တော်လန့်နိုးရသည်လည်းရှိသည်။ တခါတရံ တွင်လည်း ညဉ့်လေ ပြေတိုက်ခတ်သောကြောင့် ပြန့်လွင့်လာသော သာယာကြည်နူးဘွယ် ကောင်း သည့် ဘုရားဆွဲလဲသံကလေးများကြောင့် နိုးကြားလာရခြင်းဖြစ်သည်။ ဤအ ချိန်အခါများတွင် နိုးတဝက် အိပ်တဝက် ဖြစ်နေစဉ် မိမိကိုယ်မိမိ မည်သည့် ဌာနရောက်၍ မည်ကဲ့သို့ပြုလုပ်နေထိုင်သည်ကို အတန်ကြာ မသိရှိဘဲ ဖြစ်နေ တတ်သည်။ ဤကဲ့သို့ နေရာမှ နှာသီးဖျားသို့ စိတ်ကလေးသည် ဖြည်းညှင်းစွာ ပြန်လည်ရောက်ရှိလာပြီး ထွက်သက်ဝင်သက် စောင့်ကြည့်သောလုပ်ငန်းကို ပြန် လည်လုပ်ကိုင်တော့မှ သတိပြည့်စွာဖြင့်နိုးကြားလာပြန်သည်။ ဤနည်းအားဖြင့်

တညဉ့်လုံးလုံး အကြိတ်အနယ် စစ်ပွဲကြီး ဆင်နွှဲခဲ့ရသည်။ နောက်တရက် နံနက် အာရုံတက် အချိန်တွင် ကျွန်တော်မှာ မိမိပိုင်ဆိုင်ခဲ့သည်ဟု ထင်မြင်သောစိတ် ကလေးသည် ဩဇာအာဏာကို လုံးဝမနာခံဘဲ မိမိကို အနိုင်ယူသွားကြောင်း မိမိသာလျှင် စစ်ပွဲတွင် ရှုံးသော စစ်သူကြီးဖြစ်နေကြောင်း သဘောပေါက် လာသည်။ စိတ်၌ နာကျင်မှု၊ မခံခြင်မှု၊ ဖြစ်ပေါ်၍ မိမိကိုယ်မိမိ ရှက်ခြင်း၊ ထိတ်လန့်ခြင်းများ ပေါ်ပေါက်ခဲ့သည်။

ကျွန်တော်ကဲ့သို့ပင် အခြား မိတ်ဆွေများလည်း ညဉ့်လုံးပေါက် မိမိတို့ စိတ်နှင့် စစ်ပွဲဆင်နွှဲခဲ့ရကြောင်း သိရသည်။ ကျွန်တော်ကဲ့သို့ပင် အားလုံးစစ်ပွဲ ရှုံးခဲ့ကြရသည်။ အချို့ကမူ မိမိတို့အရှုံးကို သာမာန်သဘောထား၍ လွန်ခဲ့ သောညက ရှုံးခဲ့သော စစ်ပွဲအကြောင်းကို ပျော်ပျော်ရွှင်ရွှင် ပြန်လည်ပြော ပြလျက် ရှိကြသည်။ ကျွန်တော်နှင့် အချို့မိတ်ဆွေတို့ကမူ ဤကဲ့ရှုံးသော စစ်ပွဲအတွက် စိတ်လက်မချမ်းမမြေ့ ဖြစ်နေကြသည်။ မိမိတို့အားတော်လှန်၍ အနိုင်ယူသွားသော စိတ်ကလေးအကြောင်းကိုသာ တနံနက်လုံးလုံး လေးလေး နက်နက် စဉ်းစားဆင်ခြင်နေမိသည်။

ဘုန်းတော်ကြီးများ နံနက်ဆွမ်းကျွေးပြီးနောက် သိမ်ဝင်အခမ်းအနားစတင်ကျင်းပသည်။ အနီးအနားမှ ရွာသူရွာသားများ ဝိုင်းဝန်းကူညီကြ၍ ထိုပဉ္စင်းခံပွဲမှာ ခမ်းနားစိုပြေလာသည်။ ရပ်ရွာရိုးရာဓလေ့နှင့် ကိုက်ညီလာရ သည်။ သိမ်အထွက်တွင် ပဉ္စင်း (၁၃) ပါးအား ဝေါဖြင့်ထမ်း၍ စည်များ ရှမ်းကာ ကျောင်းစိုင်းပတ်ပတ်လှည့်လည်၍ ကုသိုလ်ပြုကြသည်။ သိမ်မှအထွက် တွင်လည်း ဆရာတော်နှင့်တကွ သံဃာတော်အပေါင်းအား လှူဘွယ်ပစ္စည်း များဖြင့် အလှူဒါန ပြုကြသည်။

သိမ်ဝင်ပြီးနောက် ကျွန်တော်တို့သည် ဗုဒ္ဓ၏တပြည့် သားမြေးအဖြစ် သံဃာတော်ဂိုဏ်းဝင်များ ဖြစ်လာကြသည်။ မြတ်စွာဘုရား ချထားတော်မူခဲ့ သော (၂၂၇) ပါးသော သိက္ခာပုဒ်များကို စောင့်ထိန်းကြရပေတော့မည်။ ဤများပြားလှသော သိက္ခာပုဒ်များကို အကောင်းဆုံးနှင့် စိတ်အချရဆုံးစောင့် ထိန်းနည်းမှာ မြတ်စွာဘုရား၏ ဆိုဆုံးမတော် မူသည့်အတိုင်း မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နှင့် စိတ်တံခါးအားလုံးကို လုံခြုံစွာ ပိတ်ထားကြ ရမည်။ နှာသီးဖျားတွင် အာရုံထား၍ ထွက်လေဝင်လေကိုသာလျှင် ရှုမှတ် နေခြင်းဖြင့် ဤတံခါးပေါက် (၆) ပေါက်ကို အလုံအခြုံ ပိတ်ပြီးသား ဖြစ် လိမ့်မည်ဟု ဆရာတော်ကြီးက ဩဝါဒစကား ပြောကြားတော်မူလိုက်သည်။

ဤသို့ဖြင့် ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်စဉ်ကာလတလျှောက်လုံး နေ့ရောညဉ့်ပါ စစ်ပွဲများကို အကြိမ်ကြိမ် ဆင်နွှဲခဲ့ရသည်။ ကျွန်တော်၏ဆွေမျိုးတော်သူ ဦးပဥ္စင်းကြီးမှာ (၂) ရက်မြောက်နေ့တွင် လက်မြှောက်အရှုံးပေး၍ လူဝတ်လဲပြီး မန္တလေးသို့ ပြန်သွားသည်။ စတုတ္ထနေ့တွင် (၁၃) ဦးမှ (၃) ဦးသာလျှင် စစ်ပွဲကို ဆက်လက်ဆင်နွှဲရန် ကျောင်းတိုက်၌ ကျန်ရှိနေခဲ့သည်။ (၅) ရက်မြောက်နေ့တွင် ဆရာတော်သည် ရန်ကုန်သို့ ကြွသွားတော်မူသည်။ (ခမ္မရောင်ခြည် စေတီသို့ (၇) နှစ်မြောက် သွားသောအခေါက်) ကျွန်တော်တို့အား နောက်ထပ် ညွှန်ကြားချက်၊ ရှင်းလင်းချက်များ မိန့်ကြားမသွားဘဲ နှာသီးဖျားတွင် ထွက်လေဝင်လေကိုသာ သိရှိနေပါဟု မှာကြားသွားတော်မူခဲ့သည်။ ကျွန်တော်တို့သည် နောက်ထပ် (၄) ရက်ဆက်၍ ကမ္မဋ္ဌာန်းအားထုတ်သည်မှာ မည်ကဲ့သို့ အဓိပ္ပာယ်ရှိသည်။ မည်ကဲ့သို့အကျိုးရလာဒ်များ ဖြစ်ပေါ်လာမည်ကို သိလိုစိတ်ဖြင့် လုံ့လစိုက်ထုတ်ခဲ့ကြခြင်း ဖြစ်သည်။ မည်သည့်တို့ကို တွေ့ရှိ၍ မည်သည့်အချိန်ကျမှ ဆုံးခန်းရောက်မည်ဟုလည်း မသိခဲ့ကြပါ။ ဆရာတော် ကျောင်းတွင် ဆရာတော်ထံမှောက်၌ တရား အားထုတ်ခဲ့ဘူးကြသော ရဟန်းအိုကြီး (၄–၅) ပါးသာ ကျန်ရှိခဲ့သည်။ ၎င်း ရဟန်းတော်ကြီးများ ပြောပြချက်အရ မျက်စိမှိတ်ထားစဉ် အလင်းရောင်တွေ့မြင်ရသည့် တိုင်အောင် ကမ္မဋ္ဌာန်းအားထုတ်ရမည်ဟု သိကြရသည်။ ထိုအလင်းရောင်မှာ ကျွန်တော်တို့ အသက်ရှူရှိုက်တိုင်း နှာခေါင်းပေါက်မှ အဖြူအပြာ အရောင်ဖြင့် ထွက်လာသည်ကို မြင်ရသည်ဟု ပြောပြသည်။ ဤကဲ့သို့ မြင်ရလျှင် ကမ္မဋ္ဌာန်းလုပ်ငန်း ပထမပိုင်း ပြီးဆုံးပြီဟုဆိုသည်။ ထိုအခါတွင် ကျွန်တော်တို့ စိတ်အား ကောင်းစွာ ထိန်းသိမ်းနိုင်ပြီဖြစ်၍ ဒုတိယစခန်းသို့ တက်လှမ်းနိုင်ရန် အသင့်ဖြစ်ပေမည်။ ထိုသို့ အသင့်ဖြစ်ရန် ရက်သတ္တပတ်သော်၎င်း၊ ၁၀ ရက်သော်၎င်း ကြာလျှင် ကြာမည်။ သို့တည်းမဟုတ် တလသော်၎င်း၊ တနှစ်သော်၎င်း၊ ထို့ထက်အချိန် ပိုမိုကြာပြီးမှ အလင်းရောင်ကို မြင်ရကောင်း မြင်ရပေမည်ဟု ပြောပြကြသည်။ သို့သော်လည်း ကျွန်တော်တို့သည် စိတ်အားမပျက်သင့်ပါ။ မည်ကဲ့သို့မှ အောင်မြင်မှုမရသော်လည်း ကာယကံ၊ ဝစီကံ၊ မနောကံ ထိန်းသိမ်းထားနိုင်မှုအတွက် ကုသိုလ်ရရှိကြမည်အမှန်ဖြစ်သည်။ နောင်တွင် အသီးအပွင့်ဖြစ်လာမည့် ပါရမီမျိုးစေ့များကို စိုက်ပျိုးပြီးသားလည်း ဖြစ်ပေလိမ့်မည်ဟု အားပေးစကား ပြောကြားတော် မူကြသည်။

ဤတွင် ကျွန်တော်တို့သည် အားတက်သရောရှိလာပြန်သည်။ မျှော်လင့်ချက် ရည်မှန်းချက်များထားလာနိုင်ပြန်၍ ကမ္မဋ္ဌာန်းလုပ်ငန်းတွင် ပိုမို၍ စိတ်ဝင်

စားလာပြန်သည်။ ဤအချိန်တွင် ခုန်ပျံပြေးလွှား လှုပ်ရှားလျက်ရှိသော စိတ်ကလေးသည်လည်း တဖြည်းဖြည်း စည်းကမ်းသေဝပ်စပြုလာလေပြီ။ တိတ်တဆိတ် ထွက်ခွာသွားလျှင်လည်း အဝေးသို့ များစွာမသွားတော့ဘဲ အနီးအပါးတွင်သာ ရစ်ဝဲနေတတ်ပေသည်။ အကြိမ်များစွာပင် နှာသီးဖျားမှ ထွက်ခွာမည်ပြုစဉ် လက်ပူးလက်ကြပ် ဖမ်းမိနိုင်ခဲ့သဖြင့် သူ့နေရာ အရောက် ပြန်ပို့နိုင်ခဲ့ပေသည်

၇ ရက်မြောက်နေ့တွင် သက်တန့်ရောင်၊ အလင်းရောင်များကို အာရုံတွင်မြင်ခဲ့ရပေသည်။ ၎င်းရောင်စုံ အလင်းရောင်ခြည်များသည် ဆင့်ကာဆင့်ကာ ပျံ့ဝဲ၍ အထက်ဘက်သို့ ပြန့်လွင့်တက်သွားသည်။ အလင်းရောင်များ ဗဟိုတွင် ဗုဒ္ဓမြတ်စွာဘုရား တင်ပျဉ်ခွေ ထိုင်လျက်ပုံတော်ကို ဖူးမြင်လိုက်ရသည်။ ဤသို့အာရုံနိမိတ်များ မြင်တွေ့ရသည်မှာ တကြိမ်တခါမျှသာဖြစ်သည်။ အချိန်မှာလည်း ကြာမြင့်လှသည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကိုမြင်ရသည်မှာ လွန်စွာထင်ရှားပြတ်သားခဲ့သည်။ ယနေ့တိုင် အသေးစိတ် မျက်စိအာရုံတွင် ပြန်လည်မြင်ရောင်နေသေးသည်။ ထို့နောက်တွင်မူ မည်သည့်အာရုံ မည်သည့် အလင်းရောင် မည်သည့်နိမိတ်မျှ မတွေ့ခဲ့ရတော့ပါ။ ၉ ရက်မြောက်နေ့တွင် ရဟန်းသိက္ခာချ လူဝတ်လဲ၍ဘုန်းတော်ကြီးကျောင်းမှ ထွက်ခွာခဲ့သည်။ ကမ္မဋ္ဌာန်းလုပ်ငန်း၌ စိတ်အာသာမပြေဘဲ ပြန်လာရသည်။ လုပ်ငန်း၏ သဘောအဓိပ္ပာယ်နှင့် ကိုယ်တိုင်တွေ့မြင်ခဲ့ရသော အလင်းရောင်၊ အာရုံနိမိတ်များ၏ အကြောင်းအရာများကို ပိုမိုသိလိုလာသည်။ စူးစမ်းလိုစိတ် ဖြစ်ပေါ်လာသည်။ လုပ်ငန်းတခု၏ ရည်ရွယ်ချက်နှင့် သဘောအဓိပ္ပာယ်ကို နားမလည်သေးဘဲ၊ ဆောင်ရွက်၍ မပြီးဆုံးသေးဘဲ ရပ်ဆိုင်းခဲ့ရသည်ဟု စိတ်ထဲတွင် မကြေမလည် ဖြစ်နေခဲ့ရသည်။

## (ဂ) ဆရာကြီးဦးဘခင်ထံမှောက် ရောက်လာခြင်း။

ကမ္မဋ္ဌာန်းလုပ်ငန်းနှင့် ပတ်သက်၍ မရှင်းမလင်း စိုးတိုးဝါးတားဖြင့် ဝေဘူကျောင်းမှ ထွက်ခွာခဲ့ပြီးနောက် မန္တလေးသို့ပြန်အရောက်တွင်။ (Introduction to the Intesnational M·ditation Centre)ခေါ် စာအုပ်ငယ်ကို ပထမဆုံးအကြိမ် စိတ်ပါလက်ပါဖတ်ရှုကြည့်မိသည်။ ထိုစာအုပ်ငယ်ကလေး လက်ဝယ်ရောက်ရှိနေသည်မှာအချိန်အတန်ကြာခဲ့ပေပြီ။အန်ကယ်နဲ့ အန်တီတို့က အင်းယားမြိုင် ဝိပဿနာ တရားဌာနအကြောင်း ပြောပြဘူး၍ ထိုစာအုပ်ငယ်

ကလေးကို ဖတ်ရှုကြည့်ရန် ပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ပေးသူကပေး၍သာ ယူထားလိုက်ရသည်။ စာအုပ်အဖုံးပင် ဖွင့်၍ဖတ်မကြည့်ခဲ့ဘူးပေ။ ယခုမှ ပထမ အကြိမ် ဖတ်ရှုကြည့်မိရာတွင် အမေရိကန်သူ ပါမောက္ခ ဒေါက်တာ နေ့တင် (ဂ်) ဟန် တရားအားထုတ်သွားရာတွင် တွေ့ခဲ့သည့် အတွေ့အကြုံများကို ရေး သားထားသည်ကို ဖတ်ရှုရသည်။ ဝေဘူဆရာတော်ကျောင်းတွင် စတင်တွေ့ရှိ ခဲ့သော အလင်းရောင်နိမိတ်များ အကြောင်းကို ဒေါက်တာ နေ့(ဂ်) တင်ဟန် စာတမ်းတွင် ဖတ်မိပြန်ရာ ပိုမို ပြည့်စုံစွာ သိလိုလ၂ပြန်သည်။ လွန်ခဲ့သောနှစ် များစွာကပင် အတိအလင်း တမျိုး၊ သွယ်ဝိုက်၍တဖုံ ဓမ္မရောင်ခြည် စေတီ၌ ကမ္မဋ္ဌာန်းတရားလုပ်ငန်း လုပ်ဆောင်ရန် အန်ကယ်နှင့် အန်တီတို့၏ ဖိတ်ကြား ချက်များကိုလည်း ပြန်လည်၍ သတိရလာသည်။

ထို့ကြောင့် ၁၉၆၀ ခုနှစ်၊ မေလကုန်လောက်တွင် ရန်ကုန်သို့ မိသား စုများနှင့် အလည်အပတ် ရောက်ကြရာတွင် ဤတရားဌာနကို တည်ထောင်၍ တရားပြသပေးနေသော ဆရာကြီးနှင့် တွေ့ဆုံနိုင်ရန် စေတီဌာနသို့လိုက်ပို့ရန် ပြောကြားမိသည်။ စေတီရင်ပြင်သို့ ရောက်ရှိသွားချိန်တွင် ဆရာကြီးသည် အပြင်မှပြန်၍ မရောက်လာသေးပေ။ အချိန်ကား ည (၇) နာရီကျော်ကျော် လောက် ရှိပေပြီ။ ထို့ကြောင့် အခန်း (၁ တွင် ဖော်ပြခဲ့သည့်အတိုင်း စေတီ ရင်ပြင်၌ရပ်လျက် ဆရာကြီးအား စောင့်ဆိုင်းရင်း တရားရိပ်မြုံ ပတ်ဝန်းကျင်၏ ချမ်းသာယာသော အရသာကို တစိမ့်စိမ့် ခံစားနေမိသည်။ ကမ္မဋ္ဌာန်းဂူငယ် ကလေးများအနီး၌ ရပ်လျက်နေစဉ် ဂူထဲမှ တရားသမားအချို့ အညောင်း အညာဖြေရန် ထွက်လာကြသည်ကို တွေ့ရသည်။ တယောက်သော တရား သမားမှာ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားနေသော ဂျာမန်အမျိုးသမီး ကလေးတဦး ဖြစ်သည်။ ၎င်း၏ဖခင်မှာ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက် တွင် ကံထရိုက်အလုပ်ဖြင့် လာရောက်သုပ်ကိုင်နေသော ဂျာမန် စက်မှုလက်မှု ပညာရှင်တဦး ဖြစ်သည်။ အခြား တရားသမားတဦးမှာ အမေရိကန် အမျိုး သမီးကလေးဖြစ်၍ ဗုဒ္ဓဘာသာ သီလရှင်များ၏ အဝတ်အထည်ကို ဆင်မြန်း ထားပေသည်။ ဝေဘူချောင်တွင်ရှိစဉ်က ယင်း အမေရိကန် သီလရှင်ကလေး မေဓာဝီအကြောင်းကို ကြားလိုက်ရသည်။ သို့သော် မတွေ့ မမြင်လိုက်ရပေ။ ဆရာတော်နှင့် ရန်ကုန်သို့ လိုက်ပါသွားသောကြောင့် ဖြစ်သည်။

စေတီရင်ပြင်မှနေ၍ အဝေးရှိ မီးရောင်များဖြင့် ထိန်းလင်း နေသော ရွှေတိဂုံစေတီတော်ကြီးအား လှမ်း၍ ဖူးမျှော်နေစဉ် ကားတစင်းသည် ဝင်းခြံ

အတွင်းသို့ မောင်းဝင်လာသည်။ ၎င်း၏ ခေတ်မီးရောင်သည် တောင်ကုန်းက လေးအောက်ခြေကို ထိန်လင်းသွားစေသည်။ တောင်ကုန်းပေါ်သို့ တက်လာရန် လှေကားထစ်ဦး၌ ကားရပ်၍ လူတယောက်ဆင်းလာသည်။ ထိုလူသည် လှေကားထစ်များကို ကြွကြွရွရွ ဖျတ်ဖျတ်လတ်လတ် လှမ်းလာနေသည်။ လက်နှစ်ဖက်ကို ဆန့်တန်း၍ လုံချည်စနှစ်ဖက်ကို ဆွဲကိုင်လာသည်။ ဝဖြိုး တုတ်ခိုင်ပုံရှိသော သူတဦးအတွက် အနည်းငယ် မတ်စောက်သည့် လှေကားထစ် များကို တက်လာသည့်ခြေလှမ်းများမှာ သွက်လက်ဖျတ်လတ်လှပေသည်။ ရင်ပြင်ပေါ် ရောက်၍ ထိန်လင်းနေသော မီးရောင်အောက်တွင် ကောင်းစွာမြင်ရသောအခါ တွင် ထိုပုဂ္ဂိုလ်၏ အသက်မှာ (၅၅-၅၆) နှစ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ စေတီရင်ပြင်သို့ ရှက်တရက် တက်ရောက်လာရာတွင် ၎င်း၏ မျက်နှာ၌ ပင်ပန်းမှု၊ မောပန်းမှု၊ အရိပ်အရောင် အနည်းငယ်မျှ မတွေ့ရဘဲ၊ ရွှင်ပြုံးကြည်လင်၍ တည်ငြိမ်မှုကို ပြလျက်ရှိသည်။ အန်တီက မိတ်ဆက်ပေး၍ ထိုသူသည် ငွေစာရင်းမင်းကြီး ဦးဘခင်ဖြစ်ကြောင်း၊ အစိုးရ အမှုထမ်းမှ အငြိမ်းစားယူထားပြီး ကြောင်း၊ တို့ကိုသိရှိရသည်။ ထိုအချိန်တွင် ၎င်းအား နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး ဘုတ်အဖွဲ့ ချယ်ယာမင်အဖြစ် အစိုးရက ပြန်လည်ခန့်ထား၍ တာဝန်များ ဆက်လက်ထမ်းဆောင်နေဆဲဖြစ်သည်။ ထို့ကြောင့် ၎င်း၏ အသက်မှာ ၅၅ နှစ်ကျော် ၆၀ နီးပါး ရှိရမည်ဖြစ်၍ ဤအသက်အရွယ် ဤကိုယ်လုံး ကိုယ်ပေါက်နှင့် ဘုရားရင်ပြင်တော်သို့ မမောမပန်း ပေါ့ပါးသွက်လက်စွာ တက်ခဲ့နိုင်သည်မှာ ချီးမွမ်းအံ့သြဘွယ်ရာ ဖြစ်ပေသည်။ အမှန်စင်စစ် ထိုအချိန်က ဆရာကြီး အသက်မှာ ၆၂ နှစ်ရှိပြီ ဖြစ်ကြောင်း နောင်အခါကျမှသာ ကျွန်တော်သိရသည်။

နိုင်ငံခြား ဧည့်သည်များ၊ ညစာတည်ခင်း ဧည့်ခံနေရသဖြင့် နောက်ကျနေကြောင်း ဆရာကြီးက အန်တီကြီးအား ပြောပြနေသည်။ "ဒီထမင်းစားပွဲတွေ ဘာတွေ တက်ရတာ စိတ်မပါလှပါဘူး။ ဒါပေမဲ့ အလုပ် ဝတ္တရားနဲ့ ဖတ်သက်နေတော့ မရှောင်နိုင်ဘူးပေါ့။ ပီးပီးခြင်း ဒီပြန် ပြေးခဲ့တာဘဲ" ဟု ပြောပြသည်။

"စေတီပြန်ပြေးပြီး အညစ်အကြေးတွေ ဆေးကြောပစ်လိုက်ရေမဟုတ်လား ဆရာကြီး" ဟု အန်တီက စကားဆက်လိုက်သည်။

"အေး၊ ဟုတ်တယ်၊ ဟုတ်တယ်၊ အညစ်အကြေးတွေ၊ အညစ်အကြေးတွေ ဟား ဟား" ဟု ဆရာကြီးက အားရပါးရ ရယ်လိုက်သည်။

''အညစ်အကြေး''။ဘာတွေများ ပြောနေကြပါလိမ့်၊စာရှုသူ ဦးနှောက်ရှုပ်သွားပေမည်။ ထိုအချိန် ထိုစကားများ ကြားရစဉ်က ကျွန်တော်လည်း ဦးနှောက်ရှုပ်ခဲ့သည်။ ဘာတွေများ ပြောနေကြသလဲဟု အံ့ဩခဲ့သည်။ နောင်တွင် ဤအညစ်အကြေးများ မိမိကိုယ်သို့ လာရောက် တွယ်ကပ်သည်ကို သိရှိလာသောအခါမှသာ ၎င်းတို့ပြောကြသည့် စကားများ အဓိပ္ပာယ်ကို နားလည်လာရသည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍ ရှေ့တွင်ပြည့်စုံစွာ ဖော်ပြပါမည်။

''အစိုးရက ပင်စင်ပေးပြီး၊ ဆရာကြီးကို ပြန်ခိုင်းထားတယ်လေ။ အခု ဌာနကြီး (၃၊ ၄) ခု ကိုင်နေရတယ်။ အန်တီတော့ ဘာဌာနတွေလဲတောင် မသိပါဘူး။ ဒါပေမဲ့ ဆရာကြီးလုပ်ငန်းအစစ်က ဒီမှာဘဲရှိတာဘဲ။''ဟုပြော၍ စေတီပတ်လည် ဝန်းရံလျက်ရှိသော ကမ္မဋ္ဌာန်းခန်းများကို လက်ညှိုးထိုးပြသည်။ ''ဆရာကြီး တသက်တာဘဝကို ဒီတရားလုပ်ငန်းမှာ မြှုပ်နှံထားတာဖြစ်တယ်'' ဟူ၍လည်း ရှင်းပြသည်။

ဤသို့ ရင်ပြင်တွင် မတ်တတ်ရပ်၍ စကားပြောနေကြသည်မှာ အချိန်မကြာလှပါ။ ဆရာကြီးက ဤတရားလုပ်ငန်းဌာနသည် ၎င်း၏ ရှေးသူရှေးသားများနှင့် မိသားစုများအတွက်သာ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ အခု အခြေအနေအရ နိုင်ငံခြားသားများကို လက်ခံလာရကြောင်း၊ နိုင်ငံခြားသားများကို ဗုဒ္ဓ၏ တရားများ လက်တွေ့ပြသပေးကြောင်း၊ အဓိကလုပ်ငန်းမှာ လက်တွေ့သာဖြစ်ကြောင်း၊ တရားဟောပြောခြင်း၊ ဆွေးနွေးခြင်းနှင့် အဓိပ္ပာယ်ရှင်းပြခြင်းတို့ကို နည်းနိုင်သမျှ နည်းစေပြီး လက်တွေ့သာလုပ်စေကြောင်း ပြောပြသည်။

''အသင်းဝင်မဟုတ်ပေမဲ့၊ အန်တီကခေါ်လာလို့ တရားပြသပေးရတာပေါ့။ ဒါပေမဲ့၊ တကယ်အလုပ်လုပ်ဘို့ ဝီရိယစိုက်ရလိမ့်မည်။ ပထမ(၁၀) ရက် တရားတပတ်ကိုလည်း ရက်အပြည့်ထိုင်ရလိမ့်မည်။ အခုတော့ ဝေဘူဆရာတော်ကြွလာမှာမို့ တရားဌာနမှာ အလုပ်များနေကြတယ်။ ဆရာတော်က ဒီမှာ (၅) ရက် သီတင်းသုံးလိမ့်မယ်။ ဆရာတော် ပြန်ကြွသွားတဲ့နောက် ကြိုက်တဲ့ရက်မှာ လာခဲ့နိုင်ပါတယ်။''ဤသို့ပြောဆိုပြီးနောက် ဆရာကြီးသည် ကျွန်တော်တို့နှင့် ရပ်နေရာမှ ရုတ်တရက် ထွက်ခွာသွား၍ စေတီတော်၏ ဗဟိုကမ္မဋ္ဌာန်းခန်းကြီးထဲသို့ ဝင်သွားသည်။ တရားသမားများကို တရားစစ်၍ သူတို့အခက်အခဲများကို မေးမြန်းဖြေရှင်း မေးနေလိမ့်မည်ဟု အန်တီက ရှင်းပြသည်။

ထို့နောက် အန်တီသည် ကျွန်တော့်အား တရားသမားများနေထိုင်ရာ အခန်းများကို ပြသသည်။ အခန်းတခုတွင် လူနှစ်ယောက် အိပ်ရာထိုင်ခင်း မြင်ဆင်နေသည်ကို တွေ့ရသည်။ အန်တီက ၎င်းတို့နှင့်နှုတ်ဆက်၍ ၎င်းတို့သည် ဆရာကြီးရုံးမှ အရာရှိကြီးများဖြစ်ကြောင်း ရုံးချိန်ပြီးလျှင် စေတီသို့လာ၍ ဆရာကြီးအလုပ်တွင် အကူပေးကြကြောင်း၊ စေတီတွင်ပင် ညအိပ်ကြောင်းပြောပြသည်။

မေလကုန်တွင် တရားပတ်ဝင်ရန် အန်တီက အကြံပေး၍ လိုအပ်သော အစီအစဉ်များ ပြုလုပ်ရန် မန္တလေးသို့ ပြန်ခဲ့ပေသည်။

မန္တလေးပြန်အရောက်တွင် ဆရာကြီးထံ တရားထိုင်ရန်ကိစ္စနှင့်ပတ်သက်၍ သံသယများ ဝင်ရောက်လာခဲ့သည်။ ငယ်ရွယ်စဉ်က စွဲလမ်းသိရှိခဲ့သော အသိများ ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။ စစ်ကိုင်းတောင်ရိုးတွင် ဆရာတော်၊ သံဃာတော်များကြားတွင် နေထိုင်လာခဲ့စဉ်က ကမ္မဋ္ဌာန်းထိုင်သော လုပ်ငန်းမှာ သာမန်လူဝတ်ကြောင်များ မဆိုထားဘိ၊ ဘုရားသားတော်များဖြစ်နေကြသော ဆရာတော် သံဃာတော်တိုင်းပင်လျှင် လုပ်ကိုင်နိုင်သောအမှုကိစ္စ မဟုတ်၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကဲ့သို့သော တောရဆောက်တည်နေသော ဘုန်းတော်ကြီး များသာလျှင် ကျင့်ကြံ အားထုတ် နိုင် ကြ သည်။ ကမ္မဋ္ဌာန်းလုပ်ငန်းဟူသည် ဝတ်ကြောင်များ၏ ကိစ္စမဟုတ်၊ ဤအစွဲ အလန်းသည် ငယ်ရွယ်စဉ်က ကိန်းအောင်းခဲ့ရာ ယခု ပြန်ပေါ်လာဟန်ရှိသည်။ ကမ္မဋ္ဌာန်းလုပ်ငန်းသည် လူဝတ်ကြောင်များ အားထုတ်ရသည့် အလုပ်မထုတ်ဟု ဤသို့စွဲလန်းနေခဲ့သည့်အလျောက် တရားပြသခြင်းမှာ ဝတ်ကြောင် လူပုဂ္ဂိုလ်တို့၏ အရာလုံးဝမဟုတ်ဟု ယူဆခဲ့ပေသည်။ ထို့ကြောင့် ဖဆပလ အစိုးရခေတ်တွင် အနယ်နယ် အရပ်ရပ်၌ ကမ္မဋ္ဌာန်းရိပ်သာများ ဖွင့်လှစ်ခဲ့ကြစဉ် မန္တလေးမြို့ ဗောဓိကုန်းရပ်ကွက်၌ ဗောဓိကုန်း ကမ္မဋ္ဌာန်း ရိပ်သာဖွင့်လှစ်ရန် စီစဉ်ကြသည်။ ထိုအချိန်က ကမ္မဋ္ဌာန်းဆရာကြီး ဦးသိန်းသည် ကျွန်တော်၏ အိမ်သို့ကိုယ်တိုင်လာရောက်၍ ကမ္မဋ္ဌာန်းရိပ်သာဖွင့်လှစ်မည့်အကြောင်း၊ တတ်အားသမျှ အကူအညီပေးရန် အကြောင်းများပြောလာရှာသည်။ ရိပ်သာသို့ တခါတခေါက်လာရောက် အားပေးချီးမြှင့်ရန်လည်း ဘိတ်ကြားခဲ့သည်။ သို့ရာတွင် တရားကိစ္စနှင့်ပတ်သက်၍စုံစမ်းရန်၊ ဆွေးနွေးရန် ဗောဓိကုန်းရိပ်သာသို့တခေါက်မျှ မရောက်ခဲ့ဘူးပေ။ အထက်ဖော်ပြပါ အစွဲအလန်းက ခုခံတားမြစ်နေ၍ဖြစ်ပေသည်။ တဖန် မြို့နယ်အချို့၌ ဝတ်ကြောင်ကမ္မဋ္ဌာန်းပြ ဆရာများ၏ မဖွယ်မရာ အဖြစ်အပျက်များသတင်းကို ကြားသိ ဖတ်ရှုရပြန်သဖြင့်လည်း လူပုဂ္ဂိုလ်

များ တရားပြသပေးမှု၌ ယုံကြည်မှုကင်းနေခဲ့သည်။ သံသယရှိနေခဲ့သည်။ ထို့ကြောင့် ရန်ကုန်သို့ မေလကုန်တွင် တရားပတ်ဝင်ရန် အန်တီအား ပြောဆိုခဲ့သော်လည်း အစီအစဉ် မလုပ်ဖြစ်တော့ပေ။

× × ×

ဝေဘူဆရာတော်ထံတွင် အားထုတ်ခဲ့သော တရားလုပ်ငန်း တပိုင်းတစကလည်း အာသာမပြေဖြစ်နေပြန်သည်။ ဒေါက်တာ နေ့ာတင်ဟန်၏ စာတန်းတွင် ဖော်ပြထားသော အတွေ့အကြုံများကိုလည်း ကိုယ်တိုင်တွေ့ထိသိရှိလိုစိတ်ပြင်းထန်ဆဲဖြစ်နေသည်။ ထို့ကြောင့် ကျွန်တော်၏ လက်ဦးဆရာ သမားဖြစ်ခဲ့သော စစ်ကိုင်းတောင်ရိုး **သမိတ္တောဒယချောင်ဆရာကြီး** ထံ သွားရောက်၍ အကြံဉာဏ်နှင့် အကူအညီတောင်းခံခဲ့သည်။ ဆရာဘုရားက အဖက်ဖက်စဉ်းစား၍ ကျွန်တော့်အား အဆင်ပြေစွာ တရားပြသပေးနိုင်မည့် ဆရာတော် တပါးထံ ကိုယ်တိုင်ကိုယ်ကျ လိုက်လံ၍ အပ်နှံပေးရှာသည်။ ထိုဆရာတော်ကား ကျေးဇူးရှင် အဂ္ဂမဟာ ပဏ္ဍိတရွှေစေတီဆရာတော်ဘုရားပင်ဖြစ်သည်။ ထိုစဉ်က ဆရာတော်သည် မန္တလေးမြို့ အရှေ့ပြင် မောင်းထောင်တိုက်တွင် သီတင်းသုံးနေတော်မူသည်။ ဆရာတော်ထံတွင် ၁၉၆၀ ခုနှစ် စက်တင်ဘာလ တလလုံး ကမ္မဋ္ဌာန်းတရား အားထုတ်ဖြစ်ခဲ့သည်။ ဆရာတော် ပြသသောတရားနည်းလမ်းမှာ မဟာစည် ဆရာတော်၏ တရားနည်းလမ်းပင်ဖြစ်သည်။ မဟာစည်ဆရာ၏ တရားနည်းလမ်းများအကြောင်းအင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောစာအုပ်ငယ်ကလေးတအုပ်ကို ဆရာတော်က ဖတ်ရှုရန်ပေး၍ ထိုနည်းလမ်း အတိုင်း စတင်အားထုတ်ခဲ့ရသည်။ ထိုစာအုပ်ပါ နည်းလမ်းအတိုင်း လေ့ကျင့်ရာ၌ ပထမ အခက်အခဲ အနည်းငယ်တွေ့ခဲ့ရသည်။ ပိန်ဖောင်းကို ရှုမှတ်ရန် ဖြစ်သော်လည်း နှာသီးဖျားမှ ထွက်လေဝင်လေကိုသာလျှင် ရှုသိနေခဲ့သည်။ ရက် အနည်းငယ် ကြာမှ ဤအခက် အခဲများ ပြေပျောက် သွား သည်။ ဆရာတော့်ထံတွင် ထိုစဉ်က တရားအားထုတ်နေသူမှာ ပုသိမ်ကြီးနယ်မှ အဒေါ်ကြီး တယောက် ဖြစ်သည်။ ယင်း အဒေါ်ကြီးလည်း တလကျော်မျှ တရားအားထုတ်သွားခဲ့သည်။

တလပြည့်မြောက်ပြီးသော အချိန်တွင် ကျွန်တော်တို့နှစ်ဦးအား ဆရာတော်က ဉာဏ်စဉ်တရားများ ဟောကြားတော်မူ၍ မိမိ တွေ့ရှိခဲ့သောတရားများကို ကိုယ်တိုင်ပြန်၍ စစ်ဆေးစေသည်။ ရင်းနောက် ဆရာတော်က ထိုဌာနတွင်

ပင် တရားဆက်လက်အားထုတ်လိုက ဆက်လက်အားထုတ်နိုင်ကြောင်း သို့မဟုတ် မိမိစိတ်ကြိုက် တရားဌာနတခုခုတွင် ဆက်လက်လိုကလည်း ဆက်လက်နိုင်ကြောင်း အမိန့်ရှိတော်မူလိုက်သည်။ ဆရာတော့်ထံတွင် တရားအားထုတ်စဉ်ဝေဘူချောင်၌ တွေ့ရှိခဲ့ရသော တရားနိမိတ်ဆင်ဆင်များကိုအာရုံ၌ မြင်ရသည်။ စိတ်တည်ငြိမ် ချမ်းမှု ထိုက်သင့်သလောက် ရခဲ့သည်။ အထူးသဖြင့် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဟူသော လောကဓံတရားနှစ်ရပ်ကို ပြတ်သားစွာ သိမြင်၍ကြံ့ကြံ့ခံနိုင်သော စွမ်းရည်များ ရှိလာခဲ့သည်။ ဆရာတော်၏နောက်ဆုံးဩဝါဒစကားကို ယခုတိုင် စွဲမြဲစွာ မှတ်သားမိ၍ လိုက်နာလျက် ရှိသေးသည်။ ထိုဩဝါဒစကားကား၊ ဘီလုံးငှက်ငယ်ကဲ့သို့ ကျင့်ကြံ့နေထိုင်ပါလေဟူသည်တည်း။ ဘီလုံးငှက်ငယ်သည် မိမိကျက်စားနေထိုင်ရာ ဂေါစရဂံအရပ်ကို စွဲမြဲဆုတ်ကိုင်နေထိုင်လေ့ရှိသည်။ ၎င်းနေထိုင်ရာသည် နွားခြေရာကွက်ကလေးပင် ဖြစ်လင့်ကစားထိုဒေသ၌ ခိုအောင်းနေထိုင်ခြင်းဖြင့် သိမ်းငှက်တို့၏ ထိုးသုတ်ခြင်းဘေးရန်မှလွတ်ငြိမ်းနိုင်ကြောင်း၊ ထို့အတူ ယောဂီသည် မိမိ၏တရား၌ ခိုအောင်းနေရမည်ဖြစ်ကြောင်း မိန့်ကြားတော်မူလိုက်သည်။

ရွှေစေတီဆရာတော် ဘုရား၏ရိပ်သာမှ ထွက်ခဲ့ပြီးနောက် လပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။ ထိုအတောအတွင်း ရန်ကုန် အန်တီကြီးထံမှ ဓမ္မရောင်ခြည်စေတီတော်တွင် တရားအားထုတ်ရန် ကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ အကြောင်းကြားခြင်း မရှိခဲ့ပေ။ သို့ရာတွင် ပထမအခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း အန်တီနှင့် အပေါင်းအဖော် တစုတို့သည် မန္တလေးသို့ ရုတ်တရက်ရောက်ရှိလာကြသည်။ ထိုအပေါင်းအဖော်များသည် အင်းယားမြိုင်စေတီရိပ်သာတွင် တရားသမားများအား ကူညီစောင့်ရှောက် ပြုစုကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုလ တရားပတ်ပြီး၍ အနားယူရန် မန္တလေးသို့ အလယ်အပတ်ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။ မန္တလေးတွင် ၎င်းတို့ နေထိုင်စဉ်တလျှောက်လုံးစေတီအကြောင်း၊ တရားအားထုတ်ခြင်းအကြောင်း လုံးဝမပြောမိခဲ့ကြပေ။ ပြန်ခါနီး၊ ရထားထွက်ခါနီး နှုတ်ဆက်ရန် သွားသောအခါမှသာ နောင်အခါတွင် ဆရာမဟု သိလာသော ဒေါ်မြသွင်က စေတီသို့လာရောက်၍ တရားအားထုတ်ရန် ဘိတ်ခေါ်သည်။ မလာဘဲမနေရန် အပူတပြင်း ပြောဆို တိုက်တွန်းသည်။ ရုတ်တရက် စဉ်းစဉ်းစားစားမရှိဘဲ မုချလာခဲ့ပါမည်ဟု ဂတိပေးလိုက်သည်။ ထိုဂတိအတိုင်း ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် တရားအားထုတ်ရန်အင်းယားမြိုင် စေတီရိပ်သာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တော့သည်။

အန်တီနှင့် ဆရာမတို့အဖွဲ့သည် ယခင်က ဤကဲ့သို့ အပမ်းဖြေခရီး ထွက်ခဲ့ဘူးခြင်း မရှိခဲ့ပေ။ ထိုအချိန်အခါမှ အကြောင်းထူးမရှိဘဲ မန္တလေးသို့သွားလိုစိတ် ပြင်းပြသဖြင့် ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။ ဆုတ်ဆိုင်း နောက်တွန့်နေသော ကျွန်တော့်အား တရားရိပ်သာသို့ အရောက်ခေါ်ယူရန် ပါရမီတိုက်တွန်းသဖြင့် ခရီးထွက်ခဲ့ကြရခြင်း ဖြစ်တန်ရာသည်ဟု နောင်အခါတွင် ပြောစမှတ်ပြုနေကြသည်။

## (ဃ) ပထမတရားပတ်၌ တွေ့ကြုံရသော အခက်အခဲများ

စေတီရိပ်သာသို့ညချမ်းအချိန်ရောက်လာစဉ်ဆရာကြီးကိုယ်င်း၏ တိုက်ခန်းကလေး၌ ကုတင်ပေါ်တွင် လဲလျောင်း နေသည်ကိုတွေ့ရသည်။အန်ကယ် အန်တီ၊ ဆရာမ၊ ဦးချစ်တင်နှင့် အခြားပုဂ္ဂိုလ်(၃—၄)ဦး၊ ဆရာကြီးအနီးတွင်ထိုင်လျက်ရှိကြသည်။ ဆရာကြီးက (Introduction to International Meditation Centre) နှင့် (What Buddhism is) စာအုပ်ကလေးနှစ်အုပ်ကိုပေး၍ ဖတ်ထားရန်ပြောသည်။ ၇ နာရီတွင် ကမ္မဋ္ဌာန်းတရားစ၍ ပေးမည်ဟုပြောသည်။ ဦးချစ်တင်နှင့် အန်ကယ်က ကျွန်တော် နေထိုင်ရမည် ဖြစ်သော အခန်းငယ်သို့ လိုက်ပို့၍ နေရာချထားပေးသည်။

၇ နာရီထိုးတွင် ဓမ္မရောင်ခြည် စေတီ၏ အရှေ့တောင်စွန်း တရားခန်းကလေးထဲသို့ ဝင်ရောက်နေခဲ့ရသည်။ မကြာမီ ဆရာကြီးသည် အလယ် ဗဟိုခန်းမကြီးထဲသို့ ရောက်ရှိလာသည်။ ဘုရားကိုအာရုံပြု၍ သရဏဂုံဆောက်တည်စေသည်။ နောက် ၈ ပါးသီလ ခံယူရသည်။ ထို့နောက် မိမိကိုယ်ခန္ဓာကို မြတ်စွာဘုရားနှင့် ဆရာကြီးအား အပ်နှင်း၍ အာနာပါန ကမ္မဋ္ဌာန်းကို တောင်းခံယူရသည်။ နှာသီးဖျားတွင် ထွက်လေဝင်လေကို စောင့်သိနေရသော လုပ်ငန်းကို လုပ်ဆောင်ရန်ဖြစ်သည်။ ဆရာကြီးသည် ကျွန်တော်၏ ရှေ့တည့်တည့်တွင် တင်ပျဉ်ခွေထိုင်၍ ၎င်းကိုယ်တိုင်ကလည်း ကမ္မဋ္ဌာန်းတရားရှုနေသကဲ့သို့ မျက်စိပိတ်ထားသည်။ ၅ မိနစ်ခန့်ကြာသော် ဗဟိုခန်းမကြီးနှင့် ဆက်သွယ်သောတံခါးငယ်ကိုပိတ်၍ ဆရာကြီး အပြင်ထွက်သွားသည်။ ကမ္မဋ္ဌာန်းအခန်းငယ်တွင် ကျွန်တော်တဦးတည်း ကျန်ရှိရစ်တော့သည်။

နှာသီးဖျားတွင် စိတ်အာရုံထားရသည်မှာ အင်ကြင်းပင်ကျောင်းတိုက်မှာကဲ့သို့ အခက်အခဲမရှိလှပေ။ တဦးတည်း အမှောင်တွင်း၌ ဖြစ်နေစေသော

ကမ္မဋ္ဌာန်း အခန်းငယ်ကလည်း တရားလုပ်ငန်းကို အထောက်အကူဖြစ်စေသည်ဟု ထင်မှတ်ရသည်။ ထိုနေ့ည ၉ နာရီတွင် အခန်းငယ်မှထွက်လာစဉ် ဆရာကြီးနှင့် ဆရာမတို့က ဒေါက်ကာ ဟစ်စလော့ပ်၊ ဒေါက်တာကင်းနှင့် ဒေါက်တာရိုက်တို့ စေတီရိပ်သာတွင် တရားအားထုတ်သွားကြပုံ အကြောင်းပြောပြသည်။

နောက်တနေ့နံနက် ၄ နာရီတွင် အိပ်ရာမှထ၍ ကမ္မဋ္ဌာန်းခန်းသို့ လာရောက်တရားထိုင်ရသည်။ နံနက်ပိုင်း လုပ်ငန်းမှာ ကောင်း စွာ မ အောင် မြင်ခဲ့ပါ။ စိတ်မတည်ငြိမ်မှုကို ထိန်းသိမ်းရခြင်း အတွက် များစွာ မခက်ခဲလှသော်လည်း ငိုက်မြည်းခြင်းမှာ ပြဿနာဖြစ်လာသည်။ ထိုနေ့ တနေ့လုံး ထူးခြားမှုမရှိ၊ ဝေဘူဆရာတော် ကျောင်းတွင် လုပ်ဆောင် ခဲ့သော လုပ်ငန်းကို ဆက်လက်ပြုလုပ်နေသကဲ့သို့ ထင်မှတ်ရသည်။

ဒုတိယနေ့ နံနက်စောစောပိုင်းတွင် ယမန်နေ့ကကဲ့သို့ ငိုက်မြည်းခြင်းမရှိလှတော့ပေ။ နေ့လည်ပိုင်း တရားလုပ်ငန်း၌ စိတ်ပါဝင်စားမှု လျော့နည်းနေသည်။ လိုလိုချင်ချင် မရှိလှပေ။ ကိုယ်ခန္ဓာတခုလုံးလည်း ညောင်းညာ တောင့်တင်းလာသည်။ ကိုယ်လက် ကိုက်ခဲလာသည်။ ကမ္မဋ္ဌာန်း လုပ်ငန်း အချိန်ဇယားအတိုင်း အားထုတ် ရာတွင် နာရီပေါင်း ၁၄ နာရီ ထိုင် ရ သ ဖြင့် ညောင်းညာ ကိုက်ခဲလာသည်ဟု ထင်မှတ်ခဲ့ရသည်။

နောက်နေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ဆရာကြီးသည် စေတီရိပ်သာတွင် တနေ့လုံးရှိသည်။ မကြာမကြာ အလယ်ခန်းမမှလာ၍ ကျွန်တော်၏ အခန်းတည့်တည့်တွင် တင်ပျဉ်ခွေထိုင်၍ တရားရှုသည်။ ဤသို့ ဆရာကြီးလာရောက်ချိန်တွင် စိတ်အပြန့်အလွင့် နည်းသည်။ နှာသီးဖျားတွင် အာရုံမြဲမြံသည်။

တနင်္လာနေ့တွင် ကိုယ်လက်အကိုက်အခဲ သက်သာသွားသည်။ အာရုံတွင် တိမ်တောင်တိမ်သုပ်လိုလို၊ ဝါဂွမ်းဆိုင်များလှုပ်ရှားနေသလို တွေ့ရသည်။ မီးပွားသဏ္ဍာန် အလင်းရောင်ကလေးများလည်း မှိတ်ထားသော မျက်စိတွင် မကြာမကြာ ပေါ်လာသည်။ ထိုနေ့ညတွင် သင့်တော်သော သမာဓိရရှိပြီဟု ပြော၍ ဝိပဿနာစခန်းသို့ တက်လှမ်းစေပါသည်။

ဝိပဿနာစခန်းသို့ တက်ရောက်ရန်၊ သရဏဂုံဆောက်တည်၊ ရှစ်ပါးသီလ ခံ၍ ဝိပဿနာ ကမ္မဋ္ဌာန်းကို တောင်းခံရပါသည်။ ဆရာကြီးက ပါဠိစကားလုံးများရွတ်၍ လိုက်ဆိုရပါသည်။ ထို့နောက် မိမိထူထောင်ပြီးသောသမာဓိ

ကို အသုံးပြု၍ ကိုယ်တွင်း၌ ဖြစ်ပျက်နေပုံတို့ကို စေ့စေ့အောင် ကြည့်ရှုပါဟု ပြောပါသည်။ နေရာမလပ် ရှုကြည့်ရပါမည်။ သမာဓိကို မှန်ပြောင်းသဖွယ် အသုံးပြုပါ။ ယခင်မျက်စိနှင့် မတွေ့မြင်ဘူးသည်တို့ကို မှန်ပြောင်းဖြင့်မြင်အောင် ကြည့်ပါဟု ပြောပါသည်။ ထို့နောက် ဆရာကြီးသည် ကျွန်တော်၏ရှေ့တည့်တည့်၌ ထိုင်၍ တရားရှုနေပါသည်။

အလယ်ခန်းမတွင် ရောက်ရှိနေ၍ ဆရာကြီးနှင့် မလှမ်းမကမ်းတွင်ထိုင်နေသော ဆရာမက ဆက်လက်၍ သမာဓိမှန်ပြောင်းကို မည်သို့ လက်တွေ့အသုံးချရမည်ကို နည်းပြပါသည်။ နှာသီးဖျားတွင် အာရုံ မစိုက်တော့ဘဲ၊ ရှေးဦးစွာ ငယ်ထိပ်နေရာတွင် စိတ်ကိုထား၍ ရှုခိုင်းပါသည်။ ၎င်းနေရာတွင် စိတ်စိုက်လိုက်သည်နှင့် တပြိုင်နက်၊ ပူနွေးနွေး၊ မာတင်းတင်း ဖြစ်နေသည်ကို သိရသည်။ ငယ်ထိပ်မှ နောက်စေ့သို့ ပြောင်းရှုသည်။ အလားတူတွေ့ရသည်။ ထိုနောက် ဦးခေါင်းပိုင်း၊ ပခုံး၊ ဝဲဘက်လက်မောင်း လက်ဖျားများ အထိ၊ ယာဘက်လက်မောင်း လက်ဖျားများအထိ၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ကြော၊ ခါး၊ ဝဲဘက်ပေါင်၊ ဒူး၊ ခြေသလုံး၊ ခြေဖျားအထိ၊ ယာဘက်တွင် အလားတူရှုကြည့်ခိုင်းသည်။ ရှုကြည့်သည့်နေရာတိုင်း ပူနွေးနွေး၊ စူးတူးတူးတွေ့ရသည်။ ပထမအကြိမ် ဦးထိပ်မှ ခြေဖျားအထိ ရှုကြည့်ပြီးနောက် အပြန်ပြန် ထပ်ကြည့်ရပြန်သည်။ ဤအကြိမ်များတွင် ဆရာမက မည်သည့်နေရာကြည့်ရမည်ဟု မပြောတော့ပေ။ ကျွန်တော်ကလည်း စိတ်တွင် အထူးတလည် မှတ်သား၍ ပြောင်းရွှေ့ရန် မလိုတော့ပေ။ ငယ်ထိပ်တွင်စိတ်စိုက်ပြီးနောက်၊ ဖြင်းဖြင်း၊ ဖြင်းဖြင်း၊ ငွေ့ငွေ့၊ ငွေ့ငွေ့၊ ဖြစ်ပေါ်ရာများသည် ဒီရေကဲ့သို့ စိတ်ရှေ့က တဖြည်းဖြည်း တကိုယ်လုံးကို ပြန့်နှံ့သွားနေသည်။ စိတ်က ၎င်းသွားရာကို အလိုအလျောက် လိုက်၍သိနေပေပြီ။

ညတွင် ဆရာကြီးက တရားဟောရာ၌ "ဓာတ်" သဘောအကြောင်း ပြောပါသည်။ မကောင်းသောဓာတ် ဆိုးဝါးသောဓာတ်များ ပြန့်နှံ့နေပုံ၊ ကောင်းသောဓာတ်များလည်းရှိပုံ၊ တရားအားထုတ်သည်မှာ မကောင်းသောဓာတ်၊ မကောင်းသော အညစ်အကြေးများ ကင်းစင်စေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဤသို့ပြုလုပ်ရာတွင် စင်ကြယ်သန့်ပြန့်သော ရိပ်မြုံရှိရန်လိုကြောင်း၊ မေတ္တာရိပ်သာမှာ လောကီ မုန်တိုင်းအလယ်၌ တည်နေသော "ကျွန်းဖြူစင်" (Island of Purity) ကလေးဖြစ်နေကြောင်း၊ ဤသို့ဖြစ်လာရန်အထူးကြိုးစား တည်ဆောက်ထားရကြောင်းများ ပြောပြသည်။

ထိုနေ့ညတွင် ကောင်းစွာအိပ်စက်၍ မရပါ။ ကြောတွင် ငွေ့ငွေ့၊ ရင်ဘတ်တွင် ငွေ့ငွေ့ဖြစ်ပေါ်နေသည်ကို သိနေရသည်။ နံနက် ၃ နာရီမှ ခေတ္တမျှ အိပ်ပျော်သွားခဲ့သည်။ ခါတ်တွေကြွတက်လာခြင်းဖြစ်သည်ဟု ပြောပြသည်။

နောက်တနေ့တွင် နံနက်ပိုင်း တရားရှုရာ၌ အခက်အခဲမရှိ၊ ထူးထူးခြားခြားမတွေ့ရ။ နေ့လည်ပိုင်းတွင်မူ မကြာခဏ အလိုအလျောက် အသက်ရှုမြန်လာသည်။ ကိုခန္ဓာယိုင်တိုင်တိုင်ဖြစ်သွားသည်။ တကိုယ်လုံး ဖြန့်၍ရှုရာ ဖြုံးကနဲ ဦးခေါင်းမှ ခြေဖျားထိ လျှင်မြန်စွာပြေးသွားနေသည်ကို စိတ်ကအပြေးအလွှားလိုက်သိနေသည်။ တကိုယ်လုံးတွင် ကိုယ်ငွေ့နွေးနွေး၊ နွေးနွေး ရှိန်ရှိန်၊ ရှိန်ရှိန်ဖြစ်နေသည်။ ညနေပိုင်းတွင် စိတ်များ ပြန့်လွင့်နေသည်။ ကမ္မဋ္ဌာန်းအတွေ့အကြုံများကို စာအုပ်ရေးသားရန် စိတ်ကူးစီစဉ်နေသည်။

၇ ရက်မြောက်နေ့တွင် နံနက် (၇–၄၅) နာရီ၌ အဓိဋ္ဌာန်ဖြင့် တရားထိုင်ရသည်။ တနာရီတိတိ ကိုယ်ခန္ဓာမလှုပ်ရှား၊ နေရာမပြင်ဘဲ တရားရှုရခြင်းဖြစ်သည်။ အချိန်မတိုင်မီ၊ မြတ်စွာဘုရားအား ဓမ္မာနုဓမ္မာ ပဋိပတ္တိဖြင့်ပူဇော်ကန်တော့ပါအံ့။ ဓမ္မဓာတ်၊ ဗောဓိဓာတ်၊ နိဗ္ဗာန်ဓာတ်တို့သည် ဤနေရာ ဤဌာနသို့ ကိန်းဝပ်ပါစေသတည်းဟု ဆရာကြီးကအဓိဋ္ဌာန်ပြု၍ (၇–၄၅) နာရီတိတိတွင် "အဓိဋ္ဌာန်စပြီ" ဟု ကြေငြာသည်။

ထိုသို့ကြေငြာသည့်အသံကို ကြားရသည်နှင့်တပြိုင်နက် ဦးခေါင်းကိုက်လာသည်။ ဦးခေါင်းတခုလုံး တင်းကြပ်နေသည်။ လွန်စွာ ပြင်းထန်သောဝေဒနာကိုခံစားနေရသည်။ ဝေဒနာတွေ့ရာ နေရာကို စူးစူးစိုက်စိုက်ရှုကြည့်သည်။ ဝေဒနာ ပျောက်လိုက် ပေါ်လိုက် ဖြစ်နေသည်။ နောက် ဝဲဘက် ပေါင်နှင့်တင်ပါး ပြင်းထန်စွာ ကိုက်လာသည်။ မလှုပ်မရှက်ဘဲ ရှုနေစဉ် အံကြိတ် ခံရသည်ထိ မျက်ရည်ထွက်သည်အထိ နာကျင်ကိုက်ခဲလှသည်။ မခံမရပ်နိုင်လွန်း၍ တင်ပါး အနည်းငယ် လှုပ်ရှားသွားသည်။ ထူးထူးခြားခြား မခံမရပ်နိုင်အောင် ဝေဒနာ ပြင်းထန်လှသည်။

အချိန် တနာရီပြည့်ခါနီးတွင် ဆရာကြီးသည် ဗဟိုခန်းမသို့ ဝင်လာ၍ ဝိပဿနာ အန္တရာယ်များအကြောင်းပြောဟောသည်။ နောက်ကုသိုလ်ကောင်းမှု၏ အမျှကို ပေးဝေ၍ အဓိဋ္ဌာန် အချိန်စေ့ပြီ ဖြစ်ကြောင်း ပြောပြသည်။ ရုတ်တရက် ချက်ချင်း ဝေဒနာများ ပြေပျောက် သွားသည်။ ဦးခေါင်းတွင် အနည်းငယ်သာ အုံ၍ကျန်ရစ်သည်။

---
International F No 28

ခေတ္တ အနားယူ၍ (၉–၁၀) နာရီတွင် တရား ဆက်ထိုင်ကာ ၁ နာရီ မလှုပ်မရှားရှုပြန်သည်။ ဝဲရော ညာပါ ဝေဒနာပြသည်။ သို့သော် ကိုယ် နေရာမပြုပြင်ဘဲ သည်းခံ၍ ရှုနေနိုင်ခဲ့သည်။ ဦးခေါင်းတွင် လုံးဝ ရှင်း သွား သည်။ ဒူး ၂ ဘက် ညောင်းကျန်ရစ်သည်။ ခြေသလုံး ၂ ဘက်ပါညောင်း သည်။

ဤကဲ့သို့ ကိုယ်လက်ကိုက်ခဲ ညောင်းညာသည်များ ပြေပျောက်သွား သောအခါ တရက်တွင် တရားရှုတိုင်း ဘဝင်ကိုသာ အာရုံပြေး သွားသည်။ ဘဝင်တဝိုက်တွင် မာနေသည်။ တင်းနေသည်ဟု သိနေရသည်။ ထိုနေရာသို့ စိုက်ရှုလိုက်သည်တွင် ရုတ်တရက် ချောင်းဆိုးသည်။ နှာချေသည်။ အစိဋ္ဌာန် ထိုင်ရာ၌ တကိုယ်လုံး ဟိုနေရာမှာနာ၊ ဒီနေရာမှာကိုက်၊ လယ်ဂုတ်တွင် တင်း နေသည်။ ဣရိယာပုဒ်အမျိုးမျိုးပြင်၍ တရားရှုကြည့်သော်လည်း သက်သာမှု မရ၊ ကိုယ်လက်မအီမသာ ဖြစ်နေသည်။ အရာရာစိတ်ပျက်၊ စိတ်တိုင်းမကျဖြစ် နေသည်။ ညနေ (၄) နာရီခွဲတွင် တရားခန်းမှထွက်လာသောအခါ ခြေထောက် နှစ်ဘက်စလုံး အပူငွေ့ တရှိန်ရှိန်နှင့် ညောင်းကိုက်နေသည်။ ဆရာကြီးအား ပြောပြရာ ဤတွေ့ကြုံမှုတို့မှာ တရားကောင်းကြောင်း၊ တိုးတက်မှုရှိလာကြောင်း ပြသည်ဟုဆိုသည်။ စိတ်ပျက်ငြီးငွေ့ခြင်းမှာ လွတ်မြောက်လိုစိတ်၏ ရှေ့ပြေး ဖြစ်၍ ကောင်းသောလက္ခဏာများ ဖြစ်သည်ဟု ပြောပြသည်။

ထိုအချိန်တွင် ရိပ်သာ၌ ကျွန်တော်တဦးတည်း တရားထိုင်ခဲ့သည်မှာ (၁၀) ရက် ပြည့်မြောက်ပေပြီ။ ယခင် တရားနှစ်ကြိမ်ထိုင်ခဲ့သည်ထက် အတွေ့ အကြုံ ပိုမိုကြွယ်ဝလာခဲ့သည်။ မိမိခန္ဓာကိုယ်တွင်း၌ ဖြစ်ပျက်ပုံအမျိုးစုံ တွေ့ခဲ့ ရသည်။ သို့ရာတွင် ကမ္မဋ္ဌာန်းထိုင်ခြင်း၏ သဘောအဓိပ္ပာယ်နှင့် နောက်ဆုံး ပန်းတိုင်ဆိုသည်မှာ မည်သို့နည်းဟု မရှင်းလင်းသေးပေ။ ဝိုးတိုးဝါးတား၊ မကြေမလည်သာ ဖြစ်နေသေးသည်။ ကိုယ်ခန္ဓာတွင်း၌ ဖြစ်ပျက်ပုံအမျိုးစုံ၊ ပူမှု၊ မေ့မှု၊ ကျင်နာကိုက်ခဲမှု၊ တောင့်တင်းမှု တမျိုးပြီးတမျိုး တွေ့ရပါပြီ။ ဤအရာများတွေ့ရတော့ ဘာဖြစ်သလဲ။ အင်္ဂလိပ်ဘာသာဖြင့် (So What?)ဟု မိမိကိုယ်မိမိ မေးမြန်းမိသည်။ အဖြေမပေးနိုင်ခဲ့ပေ။ အမှန်စင်စစ် ထိုအချိန် တွင် ကမ္မဋ္ဌာန်းထိုင်ခြင်းသဘော အဓိပ္ပာယ် ပေါ်လွင်လာနိုင်မည့် အခြေသို့ နီးကပ်နေပေပြီ။ သို့ရာတွင် ကျွန်တော် မသိခဲ့ပေ။

ဆရာကြီးနှင့် ဆရာမတို့က ကောင်းစွာ ရိပ်စားမိကြသည်။ သို့သော် ကျွန်တော့်အား တရားဆက်လက်ထိုင်ရန် သူတို့ကိုယ်တိုင်က မတိုက်တွန်းကြ

ပေ။အန်ကယ်ကြီးသည် ကျွန်တော်ထံ့ သို့လာ၍ အကျိုးအကြောင်းပြောပြသည်။ ကမ္မဋ္ဌာန်းလုပ်ငန်း၌ (၁၀) ရက်အချိန်သည် အလွန်တိုတောင်းလှသည်။အလွန် ထူးခြားသည့် ပါရမီရှင်များသာလျှင် ရက်တိုတိုနှင့်သဘောပေါက်နိုင်ကြသည်။ ဆရာကြီးသည် မည်သည့်တရားသမားကိုမျှ (၁၀) ရက်အတွင်း တရားပေါက် မည်ဟု အာမခံ မပေးကြောင်း၊ ပါရမီမျိုးစေ့လောက်သာ ပေးနိုင်ကြောင်း၊ အလုပ်မအားသော ရိုးသူရိုးသားများအတွက် တရားပါတ် (၁၀) ရက်ဟု သတ် မှတ်ရကြောင်း၊ အချိန်အားရှိသူတို့အတွက် (၁၀) ရက် တရားပါတ်ပြီးနောက် တရားပါတ်များ ဆက်လက်အားထုတ်ရန် ခွင့်ပြုကြောင်း၊ ကျွန်တော့်မှာ အားလပ်နေသူဖြစ်၍ ဆက်လက် တရားအားထုတ်လိုက ဆရာကြီးနှင့် ဆရာမတို့ က ဝမ်းမြောက်ဝမ်းသာ ကူညီမည်ဖြစ်ကြောင်း ပြောလာသည်။ အမေရိကန်မှ မစ္စစ်ဗြူလာစမစ်ဆိုသူ အမျိုးသမီးလည်း တရားအားထုတ်ရန် ရောက်လာ၍ ဆရာကြီးက တရားပေးမည်ဖြစ်သဖြင့် ကျွန်တော့်အတွက် အထူးဆောင်ရွက် စောင့်ရှောက်ပေးနေရမည် မဟုတ်ကြောင်း ရှင်းပြသည်။

ဤတွင် မမျှော်လင့်ဘဲ ကျွန်တော်၏ လိုအင်ဆန္ဒ ပြည့်ဝလာရသည်။ (၁၀) ရက်တရားထိုင်ပြီးနောက် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော့် တွင် မကြေမလည် ဖြစ်နေသေးသည်။ စိတ်ကြေနပ်မှုမရှိသေးပေ။ ဆက်လက်၍ တရားထိုင်လိုသေးကြောင်း ခွင့်တောင်းရကောင်းမလား စဉ်းစားနေချိန်ဖြစ် သည်။ စေတီရိပ်သာ၌ လစဉ် တရားပါတ်မှာ ပထမ ကြာသပတေးနေ့ ညနေတွင် စ မြဲဖြစ်သည်။ ကျွန်တော့်အား တရားပတ် မကြုံဘဲနှင့် အား ထုတ်ခွင့်ပြုထားခဲ့ရာ နောက်တရားပတ်လည်း မစသေးမီ ရက်ကုန်ဆုံးခဲ့သည်။ ထို့ကြောင့် ဆက်လက်နေခွင့်ပြုမပြု မသိရ။ နေခွင့်တောင်းသင့် မတောင်းသင့် ချိန်ဆနေခဲ့စဉ် အန်ကယ်ကြီး လာရောက်ပြောပြချက်ကြောင့် ဆက်လက်တရား ထိုင်ခွင့်ရနိုင်ကြောင်း သိလာရသည်။ ထို့ကြောင့် မစ္စစ်ဗြူလာစမစ်နှင့်အတူ တရားဆက်လက်ထိုင်ဖြစ်လာပြန်သည်။

× × ×

## (၉၊) ဒုတိယ တရားပတ်

ဒုတိယပတ် ဆက်လက်တရားထိုင်သောအခါ ယခင်ကလောက် နာကျင် ကိုက်ခဲမှုများကို မတွေ့ရတော့ပေ။ တွေ့ရသလောက်မှာလည်း ကိုယ် အလေး ဒဏ်ကိုခံရသော တင်ပါးနှင့် ခြေထောက် ပိုင်းများကွင် ဖြစ်ပေါ်ကြ၏။ ထို့

ကြောင့် ကိုယ်ခန္ဓာ ဖိမှု၊ ကြာရှည်စွာ ထိုင်မှုများကြောင့်သာ ခံစားရသည်ဟု ယူမှတ်ခဲ့၏။

တကြိမ်တွင် တင်းပါးမှစ၍ အောက်ပိုင်းတခုလုံး ထုံနေသည်။ များစွာ မနာကျင်လှ၊ ထုံယုံသာထုံသည်။ ဆရာမက ဤသို့ထုံနေသည်ကိုသာ သိနေရန်အ ဆက်မပြတ် ရှုနေပါဟုပြောသည်။ ပြောသည့်အတိုင်း ရှုနေခဲ့သည်။ ရေနံဆီ၊ ဓာတ်ဆီတွင် မီးခြစ်ခြစ်၍ ထည့်လိုက်ရာ ရုတ်တရက် မီးထလောင်သကဲ့သို့ ကိုယ် အောက်ပိုင်းတခုလုံး ထုံနေရာမှ အပူရှိန်ပြင်းစွာဖြင့် မီးထလောင် တော့သည်။ အသိစိတ်ကို ထိုပူလောင်မှုပေါ်တွင်သာ ထားရှိပြီး ဆက်လက် ရှုနေ ခဲ့သည်။ ယာဘက်ပိုင်း၌ မကြာမီ ငြိမ်းအေးသွားပြီး၊ ဝဲဘက်မှာ အတန်ကြာဆက်လောင် နေသည်။ ရှုပေးလိုက်၊ အေးသွားလိုက်၊ ပူလောင်လိုက် ဖြစ်နေရာ နာရီဝက် ကျော်ကြာသည်။

ဆရာကြီးက ဓာတ်သဘောတရား အကြောင်းများ ပြောသည်။ ဆရာ ကြီး၏ ဓာတ်သဘော သီအိုရီဟု စိတ်တွင်မှတ်ထားလိုက်သည်။ ကောင်းသော ဓာတ်နှင့် မကောင်းသောဓာတ်တို့ ထိပ်တိုက်ဆုံမိကြ၍ လောင်ကျွမ်းမှု ဖြစ်ရ သည်။ အကုန်အစင် လောင်ကျွမ်းရမည်။ လောင်ကျွမ်းပြီးက အေးမှုကိုတွေ့ မည်။ ဓာတ်ခဲသည်ဟု ခေါ်သည်ဟု ပြောပြသည်။ လောင်ကျွမ်းမှုမှာ စိတ် ထင်မဟုတ် တကယ်ပင် ကိုယ်တွင်း၌ တွေ့သိနေရသည်။ လောင်ကျွမ်းမှု ရပ် ဆိုင်းသွားပြီးနောက် တရှိန်ရှိန်နှင့် အငွေ့ပျံနေသည်ပင် ၁၀ မိနစ်ခန့် ကြာခဲ့ သည်။ ခြေတလျှောက် အပူငွေ့များထ၍ ခြေဖဝါးများတွင် တရှိန်ရှိန်တငွေ့ ငွေ့ဖြစ်နေသည်။

ဤပူလောင်မှု၊ နာကျင်ကိုက်ခဲမှုများနှင့် ပတ်သက်၍ ဓာတ်သဘော များအကြောင်း ဆရာကြီး ရှင်းလင်းပြသည်ကို ကောင်းစွာသဘောမပေါက် ပေ။ လက်မခံနိုင်၊ လက်မခံချင် ဖြစ်နေရသည်။ ဤမှစ၍ တရားထိုင် စဉ်တွင် ပူလောင် နာကျင်မှုဖြစ်ပေါ်တိုင်း မည်သို့ကြောင့် ဖြစ်သည်ကို စဉ်စားတွေး တော၍ သီအိုရီ ထုတ်ကြည့်နေခဲ့သည်။ ဆန့်ကျင်ဘက် ဓာတ်များ ထိခိုက် မှုကြောင့်ဖြစ်သည်ဟု ဆရာကြီးကဆိုသည်။ ရှေးဦးစွာ ဆန့်ကျင်ဘက် ဓာတ် များဆိုသည်ကို နားမလည်။ ၎င်းဓာတ်များသည် တရားထိုင်နေသော ကျွန် တော်၏ ကိုယ်ခန္ဓာပေါ်သို့ မည်သည့်နည်းနှင့် ရောက်လာ၍ မည်သည့် အ ကြောင်းကြောင့် ပဋိပက္ခဖြစ်ရသနည်း။ ဤအကြောင်းရပ်လည်း မရှင်းလင်း

ကျွန်တော်၏ သီအိုရီမှာမူ ထိုကျင်ကိုက်ခဲခြင်းသည် အထိုင်များ၍ ဖြစ်သည်။ ဇလရိယာပုတ် မပူပြင်း၍ ဖြစ်သည်။ ဤမှတဆင့်တက်သော် ကိုယ်အလေးချိန် ဖိရာတွင် ပူလာရသည်။ ရူပဗေဒ သဘောအရ ဖိအားများရာတွင် အပူပေါ် လာခြင်းဖြစ်သည်။ ထိုအပူသည် ဖြစ်ပေါ်ရာ နေရာတွင် ပြင်းထန် လာသော် အခြားခန္ဓာ အစိတ်အပိုင်းသို့ စီးကူးသွားနေသည်။ ဤသို့ကြံစည်၍ ဖြေရှင်း ကြည့်မိသည်။ မိမိသီအိုရီ မှန်မမှန် နေရာအမျိုးမျိုး ပြင်ထိုင်ကြည့်သည်။ . နေ ရာပြင်လျှင် အပူအကိုက် သတ်သာသွားသောကြောင့် ကျွန်တော်၏ သီအိုရီ မှန်ကန်သည်ဟု လွန်စွာနှစ်ချိုက် သဘောကြဖြစ်နေမိသည်။ ဤသို့သီအိုရီများ ထုတ်နေသော ရတ်ပေါင်းများစွာတွင် ကျွန်တော် အဓိကပြုလုပ်ရမည့် လုပ် ငန်း၊ ပြုလုပ်ပါမည်ဟု ဂတိပြုထားသည့် လုပ်ငန်းပျက်ကွက်နေသည်ကို သတိ မမူခဲ့မိပေ။ ထိုလုပ်ငန်းမှာ မိမိခန္ဓာကိုယ်တွင် နေရာမလပ် ဖြစ်ပျက်လှုပ်ရှား ပူအေးနေသည်တို့ကို မျက်ခြေမပြတ် စောင့်ကြည့်သိနေရန်သာ ဖြစ်ပေသည်။ တနေ့တွင် တရားခန်းသို့ ဝင်ရောက်စအချိန်တွင် ဆရာကြီး ညွှန်ပြ ထားသည့် အတိုင်း အာနာပါန ထူထောင်သည်။ ထို့နောက် ကိုယ်တွင်း၌ အဖြစ်အပျက် အမျိုးမျိုးပေါ်လာသည်ကို တွေ့ရသည်။ နောက်ပိုင်း အချိန်ကာလ များတွင် ပူလောင်မှုကိုသာ အများဆုံးတွေ့ရသည်။ ဤသို့ ပူလောင်မှုတွေ့သည်နှင့်တပြိုင် နက် ကျွန်တော်၏ သီအိုရီထုတ်ခန်း ရောက်လာသည်။ ထိုမှစ၍ တနေ့လုံး တ ရားထိုင်စဉ် သီအိုရီထုတ်လိုက်၊ နေရာပြင်လိုက်လုပ်နေ၍ တနေ့တွက် တရား ထိုင်အပြီးတွင် အပူနှင့်သာ နိဂုံးချုပ်ခဲ့ရသည်။

ဆရာကြီးအား ကျွန်တော်၏ တွေးတောချက်များကို ပြောမပြခဲ့ပေ။ ပူ လောင် ကိုက်ခဲမှုများမှာ ကိုယ်အလေးချိန်ပိ၍ မဖြစ်နိုင်ပါလားဟူ၍သာ စော ဒက တက်မိသည်။ ကြမ်းပြင်နှင့် တိုက်ရိုက်ထိနေသော ဒူးအောက်နေရာ ခြေ မျက်စိနေရာများတွင် ပိုမိုနာကျင်ကြောင်း အပူပိုပြင်းကြောင်း၊ ထို့ကြောင့် ကိုယ်ခန္ဓာ၏ ဖိအားကြောင့် မဖြစ်နိုင်ပါလားဟု မေးမြန်းခြင်းဖြစ်သည်။ ဆရာ ကြီးက ကျွန်တော်မေးသမျှကို ပြုံး၍နားထောင်နေပါသည်။ ၎င်းနောက် ကိုယ် ခန္ဓာနှင့်ဖိ၍ နာကျင်ကိုက်ခဲမှု ရှိသင့်သလောက် ရှိကြောင်း၊ သို့ရာတွင် ဤအ ချက်မှာ အဓိကမဟုတ်ကြောင်း၊ ကုသိုလ် အကုသိုလ် ပဋိပက္ခမှုနှင့် အညစ်အ ကြေးများ လောင်ကျွမ်းမှုသာ အဓိကဖြစ်ကြောင်း၊ ဤပဋိပက္ခဖြစ်မှု၊ လောင် ကျွမ်းမှုများ ပြီးငြိမ်းသွားလျှင် အေးချမ်းသာယာမှုကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုအခါ ကိုယ်ခန္ဓာဖိခြင်းကြောင့် နာကျင်သည်ဆိုသည်မှာ မပြောပလောက်ရုံ

သာဖြစ်သည် တွေ့ရမည် ဖြစ်ကြောင်းပြောပြ၍ ခန္ဓာတွင်း၌ သိနေမှုကိုသာ အားထုတ်ရန် ဩဝါဒပေးပါသည်။ တွေးတောကြံစည်မှုများ လုံးဝ မပြုလုပ်ရန် ဆုံးမပါသည်။

ဆရာကြီးသည် ကျွန်တော်ထက်ဦးစွာ တရားထိုင်ရင်း တွေးတောသွားကြသူ သီအိုရီတွေ ထုတ်သွားကြသူပေါင်း များစွာကို တွေ့ကြုံခဲ့ဘူးပြီဟု ထိုစဉ်က ကျွန်တော် သတိမပြုမိပေ။ ကျွန်တော် တွေးတော ကြံစီခဲ့ပုံများကို ဆရာကြီး ကောင်းစွာ သိရှိ နေပေမည်။ ထို့ကြောင့် ကျွန်တော်၏ ပြောပြချက် များကို ပြုံး၍ နားထောင်နေခြင်း ဖြစ်ပေမည်။ စိတ်ထဲ၌မူ "ပြောစကားနားမထောင်ဘဲ၊ မိမိကိုယ်မိမိ ဟုတ်လှပြီထင်တဲ့ အတွေးသမားတဒယာက် လာပြန်ပါပကော" ဟု အောင်းမေ့နေမည် အမှန် ဖြစ်ပေသည်။

တရားထိုင်ရာတွင် ကျွန်တော် လမ်းမှားသို့လိုက်နေကြောင်း သွယ်ဝိုက်၍ ဆရာကြီး ဆုံးမပုံတမျိုးကို ကျွန်တော် ခံယူရလိုက်ပါသည်။ ထိုအချိန်တွင် ဇန်နဝါရီလ တရားပါတ်အတွက် တရားသမားများစွာ ဇေတီတွင် တရားထိုင်နေကြပါသည်။ ထိုနေ့နံနက် (၁၀) နာရီခွဲ တရားချိန်မစေ့မီ၊ (၁၀) နာရီပင် မထိုးမီ တစုံတဒယာက်သည် လင်းလွန်ပင်ပျို့အောက်တွင် ကြွေကျနေသော သစ်ရွက်ခြောက်များ တံမျက်လှဲပစ်နေသံကို အနီးရှိ ကျွန်တော်၏ ကမ္မဋ္ဌာန်းဂူထဲမှ ကြားလိုက်မိပါသည်။ မရှေးမနှောင်းပင် ဆရာကြီး၏ အော်ဟစ် ပြောသံကို ကြားရပါတော့သည်။

"ဒီမယ်၊ ဦး ...ခင်ဗျား ဘာလုပ်နေတာလဲ။ ဒီအချိန် ဂူထဲမှာ တရားထိုင်နေရမှာ ဘာလို့ တံမျက်ထွက်လှဲနေရတာလဲ"

"ကျွန်တော် မှားသွားပါတယ် ဆရာကြီး၊ လင်းလွန်ပင်အောက် သစ်ရွက်ခြောက်တွေ ကြည့်မရတာနှင့် ရှင်းပစ်မိတာပါ။ တရားသမားတွေ တံမျက်လှဲသံကြောင့် အနှောက်အယှက်များ ဖြစ်ကုန်သလား"

"ဦး...ပြောရတာ တော်တော်ခက်တာဘဲ။ အနှောက်အယှက်ဖြစ်တာ၊ မဖြစ်တာ ပြောလိုတာ မဟုတ်ဘူးဗျ။ ခင်ဗျား တရားမထိုင်တာ ပြောတာ။ ကျုပ်စကား နားထောင်ပြီး တရားထိုင်နေတဲ့ လူတွေဟာ တံမျက်စီးလှဲသံတောင် ကြားချင်မှ ကြားမှာ၊ ကြားလဲ အရေးမကြီးဘူး။ ခင်ဗျားသာ နားမထောင်ဘဲ တရားထိုင်ချိန် အပြင်ရောက်နေတာ"

"ကျွန်တော် အခုဘဲ ထွက်လာခဲ့တာပါ။ လင်းလွန်ရှက်ခြောက်တွေ နှင်းနှင်းသွားနေရတာ၊ စိတ်မချမ်းသာလွန်းလို့၊ ဒီနေ့တော့ သန့်ရှင်းပစ်မယ် စိတ်ကူးပြီး၊ အချိန်နည်းနည်းစော ထွက်လာမိပါတယ်"

"အဲဒါကို ကျုပ်ပြောချင်တာဘဲ။ ဦး....ဒီကို ခင်ဗျား လာတုန်းက လင်းလွန်ရှက်ခြောက် တံမျက်လှည်းဘို့လာတာ မဟုတ်ဘူး။ လင်းလွန်ပင်ရှိမှန်း တောင် ခင်ဗျား မသိဘူးမဟုတ်လား။ ကမ္မဋ္ဌာန်းတရား အားထုတ်ဘို့လာခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား"

"ဒီလိုဆိုယင် ဘယ်လို တရားအားထုတ်ပါလို့ ကျုပ်ပြောထားတယ်။ အဲဒီလိုသာလုပ်နေဘို့ ရှိတယ်။ အခု ခင်ဗျားက ကျုပ်ပြောသလို မလုပ်ဘူး။ ကိုယ်ခန္ဓာထဲမှာ စိတ်စိုက်ထားပြီး ကိုယ်တွင်းအဖြစ်အပျက် သိနေ၊ အနိစ္စကို ရှုနေပါပြောတယ်။ ခင်ဗျားစိတ်က ကိုယ်ခန္ဓာပေါ်မှာကို မရှိဘူး။ ကိုယ်ခန္ဓာ ပေါ်မှာကို မထားဘူး။ ဒီ (၁၀) ရက်အတွင်းမှာ ကမ္မဋ္ဌာန်းဂူထဲဝင်တဲ့အချိန် သာ မဟုတ်ဘူး။ အိပ်ချိန်ကလွဲပြီး အာရုံဟာ ကိုယ်ထဲမှာ စူးစိုက်ထားဘို့၊ ထိန်းသိမ်းထားဘို့ ပြောတယ်။ ခင်ဗျားအာရုံက ကိုယ်ထဲမှာကိုမနေဘူး။ ဟိုပြန့်၊ ဒီပြန့် သွားချင်ရာသွားနေတာဘဲ။ တနေ့ကလဲ အဝတ်ကြိုးတန်းကို ပြဿနာ တခုလုပ်ပြီး ပြောနေတယ်။ ဒီကြိုးတန်းကို ဒီနေရာ မထားသင့်ဘူး။ ဆရာကြီးလို ပုဂ္ဂိုလ်ဟာ ဒီကြိုးတန်းအောက် ဖြတ်သွားတာ မသင့်လျော်ဘူး။ ဘုန်းနိမ့်မယ် လေး၊ ဘာလေးနှင့်၊ ဒါတွေမြင်နေတာ၊ ပြောနေတာကိုက ခင်ဗျားလမ်းမမှန် တာပြနေတာဘဲ၊ ဦး....စိတ်ကူးမှားနေတာဘဲ၊ စေတီပရှုဂုဏ် သန့်ရှင်းရေးလုပ် တာ ကုသိုလ်ရတယ်။ ကုသိုလ်ရတဲ့အလုပ်လုပ်မယ်ဆိုပြီး ခင်ဗျား လုပ်တာဘဲ။ ကုသိုလ်မရဘူး ကျုပ်မဆိုလိုပါဘူး။ ဒါပေမဲ့ ဒီလာနေတဲ့ (၁၀) ရက်အတွင်း မှာ ဒီထက်အဆများစွာများတဲ့ ကုသိုလ်လုပ်ဘို့လာခဲ့တာကိုတံမျက်လှည်းနေလို့ မဖြစ်ဘူး။တံမျက်စီးက ဘတ်အခါဖြစ်ဖြစ်ဘယ်ဘုရားမှာဖြစ်ဖြစ် လှည်းနိုင်တယ်။ ဒီမှာ(၁၀,ရက်ကလေးအချိန်ရတာ (၁၀) ရက်မှာလဲ နာရီနှင့် အချိန်ကိုက်ပြီး စာရင်း ဇယားအတိုင်း အားထုတ်ရမည်လို့ သတ်မှတ်ထားတာ ဟိုနေရာ(၁၀) မိနစ် ခိုလိုက်၊ ဒီအချိန် (၁၅) မိနစ်လောက်ခိုလိုက် လုပ်နေလို့ မဖြစ်ဘူး။

"ကြိုးတန်းကိစ္စလဲ အခုခေတ်စကားနှင့်ပြောရင် ခင်ဗျား ကျုပ်ကို ဖော်လံဖားတာ၊ ကျုပ် ဘုန်းနိမ့်မှာတွေ၊ ဘာတွေ ခင်ဗျားခေါင်းထဲ စဉ်းကို မစဉ်းစားသင့်ဘူး။ ကြိုးတန်း ဒီနေရာမထားနှင့် ဟိုနေရာ ထားလို့ တရားဌာန

ရဲ့ အမှုကိစ္စတွေမှာ ဝင်ပြီး စီမံဆောင်ရွက်ဘို ခင်ဗျား လာခဲ့တာ မဟုတ်ဘူး။ ဘသူကမှလဲ စီမံမခိုင်းဘူး။ ခင်ဗျားလုပ်ငန်းက ရှင်းရှင်းကလေးဘဲ။ စိတ်ကို ကိုယ်တွင်းမှာ ထား၊ ဘယ်မှမသွားစေနှင့်၊ အပြင်ကိစ္စ ဘာမှ မတွေးနှင့်၊မကြံနှင့်၊ မပြောနှင့်၊ မျက်နှာလိုမျက်နှာရ လုပ်တဲ့ကိစ္စတွေလဲ မကြံနှင့်။ ဒါမျိုး ထွေက ဒီမှာ အပိုတွေဘဲ ဦး ...''

''ဟုက်ကဲ့ခင်ဗျ။ ကျွန်တော် နားလည်ပါပြီ။ ''

''ခင်ဗျား တကယ် နားမလည်သေးပါဘူး။ အမှန်စင်စစ်တော့ ခင်ဗျား အပြစ် မဟုတ်ပါဘူး။ ခင်ဗျား ဒီလိုစိတ်တွေဖြစ်၊ ဒီလိုပြော၊ ဒီလိုလုပ်နေတာတွေ၊ မရှိနတ်က လှည့်ခွေတာလို့ ကျုပ်တို့ခေါ်တယ်။ တရားထိုင်လို့ အမှန်တရား သိမဲ့အချိန်၊ အနိစ္စတရား မြင်မဲ့အချိန်ရောက်ရင် မရှိနတ်က နည်းအမျိုးမျိုးနှင့် ဖျက်တာဘဲ။ လှည့်ပတ်တာဘဲ။ အိမ်က အရေးတကြီး လိုက်လာတာတို၊ မိန်းမက စားကောင်းသောက်ဖွယ် ပို့လိုက်တာတို့ပေါ့။ ကိုယ်ခန္ဓာထဲ စိတ်စိုက်ထားပြီး အနိစ္စ ရှုမယ်။ မြင်မယ်လဲလုပ်ရော၊ စားကောင်းသောက်ဖွယ် ရောက်လာရော။ ခင်ဗျားစိတ်က ကိုယ်ထဲ မနေတော့ဘူး။ အိမ်ပြန်ရောက်သွား၊ သားတွေ မယားတွေ စိတ်ကူးမိရော။ အကောင်းဆုံး အသန့်ရှင်းဆုံး စိတ်ကူးတာတောင် တရားအလုပ်တော့ ပျက်ရော။ ငါ့မိန်းမ ငါတရား အားထုတ်နိုင်အောင် အကူအညီ ပေးရှာတယ်၊ ငါ့ကုသိုလ် အမျှပေးဝေရမယ်။ ငါ တရားထိုင်တာ ဘယ်နှစ်ရက် ရသွားဘီ၊ ကုသိုလ်တွေ အများကြီး ရပြီ။ မိန်းမရေ အမျှယူတော့'၊ အမျှ၊ အမျှလို့ အလွန် မွန်မြတ်တဲ့ စိတ်ကူးပုံ စိတ်ကူးမိတောင်၊ အနိစ္စတရားတော့ လွတ်သွားရော။ တရားလုပ်ငန်းလဲ ပျက်ရော။အဲ့ဒါ မရှိနတ် လှည့်ခွေပုံကလေးဘဲ။ ''

ဆရာကြီးနှင့် ဦး တို့သည် လင်းလွန်းပင်အောက်မှကမ္မဋ္ဌာန်းတရားခန်းမကြီးတွင်းသို့ ရောက်နေကြပေပြီ။ ကျွန်တော်တို့နံနက်ပိုင်း တရားအချိန်ပြီး၍ ဂူမှထွက်လာကြစဉ် ဆရာကြီးပြောဆိုနေသည်တို့ကို ကောင်းစွာ ကြားလိုက်ကြရသည်။ မစ္စတာကင်းကဆရာကြီး၏ဂုဏ်ပုဒ်များဖော်ပြရာတွင် ဆရာကြီးသည် တရားသမားများအား လိုက်လျောမှုရှိသည်။ သို့ရာတွင် တရားလုပ်ငန်းစည်းမျဉ်းဆိုင်ရာတွင် ပုဂ္ဂိုလ်ခင်မင်မှုမျက်နှာမလိုက်တတ်ဟုဆိုထားသည်မှာ ဦး....နှင့်ပတ်သက်သည့်ကိစ္စမျိုးကိုပင် ဆိုလိုရင်းဖြစ်ပေသည်။ အနောက်တိုင်းသားများ တင်ပျဉ်ခွေမထိုင်နိုင်သည်ကိုပင် ပက်လက်ကုလားထိုင်တွင် ထိုင်ခွင့်ပြုသည်။ အိပ်ရာလိပ် ပေါ်တွင် ခြေတွဲလောပ်းချ၍ တရားရှုခွင့်ပြုသည်။ မွန်းလွဲပိုင်းတွင် အစာ လုံးဝမ

စားဘဲ မနေနိုင်သူများအား ငါးပါးသီလ စောင့်ထိမ်းစေ၍ ကော်ဖီနှင့် သစ်သီး စသည်တို့ကို စားသောက်ခွင့်ပြုသည်။ ဤကဲ့သို့ လိုက်လျောပေးခြင်းဖြစ်သည်။ သို့ရာတွင် တရားထိုင်ချိန် စာရင်းဇယား ပျက်ကွက် လာလျှင်မူ ခွင့်လွှတ်မှုမရှိပေ။ တနေ့ ၁၄ နာရီနှုန်းဖြင့် ၁၀ ရက်တိတိ အားထုတ်ရန် အချိန်စာရင်းကို သုတေသနပြုလုပ်၍ အကောင်းဆုံး၊ အကျိုးများဆုံးဖြစ်စေရန် ရေးဆွဲထားခြင်းဖြစ်သည်။ ဇွဲဝိရိယဖြင့် ဟန်ဆောင်မှုကင်းစွာ အားထုတ် ကြစေချင်သည်။ ခိုကပ်၊ လိမ်ညာနေကြောင်း ဆရာကြီး သိရှိသည်နှင့်တပြိုင်နက် အထက်ပါအတိုင်း မညှာမထောက် မျက်နှာမလိုက် ပွင့်ပွင့်လင်းလင်း ထုတ်ပြောတတ်လေသည်။ ဤသို့ပြောရာ၌ အသံမြှင့်၍ မာမာတင်းတင်းရှိလှသည်ဟုထင်မှတ်ရသော်လည်း ပြောစရာပြီးဆုံးသည်နှင့် ဆရာကြီး၏ ကိုယ်အမူအရာများ ပျော့ပြောင်း နူးညံ့သွားသည်။ မျက်နှာရွှင်ပြ ကြည်လင်နေသည်။ ဆရာကြီး၏ ဤသို့ဆိုဆုံးမမှုများကို ကျွန်တော် ခံခဲ့ရသည်။ မစ္စတာဟိုးဗား၊ မစ္စတာဟစ်စလော့ပ်၊ မစ္စစ်ဒင်နီဆင်တို့လည်း ခံခဲ့ရသည်။ ၎င်းတို့ မှတ်တမ်း များနှင့် တကွ ကျွန်တော်၏ ကိုယ်တွေ့အရ ဆရာကြီးသည် အသံဩဇာ ကြီးမားစွာဖြင့် ကျွန်တော်တို့၏ မှားယွင်းချက်များကို ပွင့်ပွင့်လင်းလင်း ပြောပြတတ် သလောက် ၎င်း၏ မေတ္တာစေတနာကား ကြီးမားပါပေသည်ဟု ကျွန်တော်တို့ အားလုံး သဘောပေါက် နားလည်ကြပါသည်။ ထိုထို ပုဂ္ဂိုလ်များက ဤအချက်ကို ၎င်းတို့၏ မှတ်တမ်းများတွင် အတိအလင်း ဖော်ပြဝန်ခံခဲ့ကြပေသည်။

ဦး........... ၏ကိစ္စကို ကြားနာ ရပြီးနောက် ကျွန်တော်လည်း ကျွန်တော၏ အမှားကိုမြင်လာရသည်၊ ဦး........... ကဲ့သို့ တရားဂူမှ ထွက်၍ တံမြက်လှည်းခြင်း မဟုတ်သည့်တိုင်အောင် ကျွန်တော်သည် ဂူထဲမှာပင် အထိုင်မပျက် လိမ်ညာနေခြင်းဖြစ်ကြောင်း ထင်မြင်လာသည်။ ကိုယ်ခန္ဓာအတွင်း၌ စိတ်ကို ထား၍ အနိစ္စရှုကြည့်နေရမည့်အစား ရက်ပေါင်းများစွာ နာကျင်ကိုက်ခဲ ပူလောင်ခြင်းများ၏ သီအိုရီကို ကြံဆတွေးတောရင်း အချိန်များစွာ ကုန်လွန်ခဲ့ရပေပြီ။

ကျွန်တော်၏ သီအိုရီများသည် အခြေအမြစ်မရှိ မခိုင်လုံ ကြောင်းကို ထိုနေ့ည အဓိဋ္ဌာန် ထိုင်ရာတွင် ထင်ရှားစွာ သိလာရသည်။ အဓိဋ္ဌာန်စသည်နှင့် တပြိုင်နက် ဦးခေါင်းတွင် ပြင်းစွာ ပူလောင်လာသည်။ ဆံပင်များမှ အငွေ့ တထောင်းထောင်းထွက်နေသည်ဟုပင်ထင်ရသည်။ တချိန်တည်းမှာပင် ဝဲယာ ပခုံးနှင့် လက်မောင်းများတွင် နာကျင်ကိုက် ခဲ လာ သည်။ ထို့နောက် မှ သာ

ခန္ဓာကိုယ် အထက်ပိုင်းတခုလုံး အပူငွေ့များပြလာသည်။ ဤအချင်းအရာများကို ကျွန်တော်၏ သီအိုရီဖြင့် မည်သို့မျှ ရှင်းလင်း၍ မရနိုင်တော့ပါ။ ထိုင်လျှင် ထိုင်ခြင်း ပူလောင်မှုဖြစ်ခဲ့သည်။ ကိုယ်ခန္ဓာ အလေးချိန် လုံး၀ အဖိမခံရသည့် ပခုံးနှင့် လက်မောင်းများကစ၍ နာကျင်ကိုက်ခဲလာသည်။ ထို့ကြောင့် ကိုယ်ခန္ဓာဖိမှု ကြာရှည်စွာ ထိုင်မှုကြောင့် ပူလောင်ခြင်း၊ နာကျင်ခြင်းဖြစ်ရသည်ဟု ဆိုသော ကျွန်တော်၏ သီအိုရီများသည် ယိုင်လဲ ပြိုကွဲသွားကြရကုန်သည်။

နံနက်ပိုင်းထွင် ဆရာကြီး၏ ပြောပြချက်များမှ ကျွန်တော် လမ်းလွဲလိုက်နေကြောင်း သတိရ၍တကြောင်း၊ ကျွန်တော်၏ သီအိုရီများ မှားယွင်းနေသည်ဟု သိလာ၍တကြောင်း၊ ထိုနေ့ တရားထိုင်ရာတွင် ကိုယ်ခန္ဓာတွင်း၌သာ စိတ်ကိုထား၍ မှန်မှန်ရှုမိပြန်သည်။ ဤအလုပ်သာလျှင် လုပ်ရမည်ဖြစ်ကြောင်း သတိပြုမိလာခဲ့ပြန်သည်။ ထို့ကြောင့် ထိုညတွင် ကိုယ်ခန္ဓာတွင်း၌ ဖြစ်ပျက်မှုအမျိုးစုံကို ဂရုတစိုက် လေ့လာနေမိသည်။ ညောင်းညာနာကျင်မှု ယခင်ကထက် လျော့ပါးသွား၍ အပူရှိန်မှာလည်း ဦးခေါင်းပိုင်းတွင် သက်သာသလောက် ရှိသွားပေပြီ။ တကိုယ်လုံးတွင် အပူငွေ့ ရှိန်ရှိန်၊ ရှိန်ရှိန်ကလေး မျှကိုသာ အဆက်မပြတ် သိနေခဲ့သည်။

သို့ရာတွင် ဤသို့ နည်းလမ်းမှန်စွာ အားတုတ်မှုမှာ အချိန်များစွာ မကြာခဲ့ပါ။ နောက်တနေ့တွင် မစ္စစ်ဗြူလာစမစ်အား တရားစစ်မေးမြန်းနေသည်ကို ကျွန်တော်၏ ဂူခန်းမှ ကြားနေရသည့် အတိုင်း နားစွင့်နေမိသည်။ မစ္စစ်ဗြူလာစမစ်တွင် ကျွန်တော် တွေ့ကြုံရသော ပူမှုလောင်မှု၊ နာကျင်မှုတို့ မရှိကြောင်း ကြားသိရသည်။ ကိုယ်ခန္ဓာအတွင်း၌ လှုပ်လှုပ်ရွရွဖြင့် ပုရွက်ဆိတ်ကလေးများ သွားနေသည်ဟု ထင်ရကြောင်း၊ အပူငွေ့ ရှိန်ရှိန်၊ ရှိန်ရှိန်နှင့်ရှိသည်ဟုလည်း သိရကြောင်း၊ ကိုယ်ခန္ဓာ လေးလံခြင်းမရှိ၊ ပေါ့ပေါ့ ပါးပါးပင် ရှိကြောင်းတို့ကို ကြားသိရသည်။ ဤတွင် ကျွန်တော်၏ တွေ့ကြုံမှုများနှင့် လုံး၀ ဆန့်ကျင်ဘက်ဖြစ်နေ၍ တရားလုပ်ငန်းတွင် သံသယသဘောမျိုး ၀င်လာပြန်သည်။ ဆရာကြီး ပြသပေးနေသော နည်းလမ်းများ ဟုတ်မှန်ပါ့မလားဟု စိတ်တထင့်ထင့် ဖြစ်လာပြန်သည်။ ဤစိတ်များဖြင့် အချိန် ကုန်လွန်ခဲ့ရာ (၃၊ ၄) ရက်ခန့် တရားလုပ်ငန်းတွင် ထူးခြားမှု မရရှိခဲ့ပြန်ပေ။

ကံအားလျော်စွာ ထိုရက်ပိုင်းတွင် ဒု၀န်ကြီးချုပ်ဟောင်း ဦးလွန်းဘော်နှင့် စကားအနည်းငယ် ပြောမိပေသည်။ ကျွန်တော် တရားအားထုတ်ရန် စေတီသို့ရောက်ရှိသည်မှစ၍ ဦးလွန်းဘော်ကို စေတီတွင် တွေ့ရသည်။ ညစဉ်ညတိုင်း

စေတီတွင် လာရောက်၍ စေတီတွင် အိပ်သည်။ နံနက်မှ အိမ်ပြန်သွားခြင်းဖြစ်ပေသည်။ သို့သော် ထိုနေ့သို့တိုင်အောင် ၎င်းနှင့် ကောင်းစွာ စကားမပြောမိခဲ့ပေ။ ဦးလွန်းဘော်မှာ စကားနည်းသူဖြစ်သည့်ပြင် တရားသမားများအား မနှောက်ယှက်ရဟူသော စည်းမျဉ်းအရ အချင်းချင်း စကားမပြောဆိုခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့ညတွင် မစ္စစ်ဗြူလာစမစ်နှင့် ကျွန်တော်၏တွေ့ရှိမှုများ လွန်စွာ ကွာခြားနေခြင်းအကြောင်းကို ဆွေးနွေးမေးမြန်းလိုလှသဖြင့် ဦးလွန်းဘော်အား ကျွန်တော်က စတင် မေးမြန်းမိ၏။ ဦးလွန်းဘော်နှင့် ကျွန်တော်တို့မှာ ကောင်းစွာ ရင်းနှီး ကြပါသည်။ သစ္စာသမာဓိရှိသော နိုင်ငံရေးခေါင်းဆောင်တဦးအဖြစ် လေးစားခဲ့ပါသည်။ မန္တလေးတက္ကသိုလ် အဓိပတိဖြစ်ခဲ့သောကြောင့်လည်း ကျွန်တော်နှင့် နီးစပ်ခဲ့ပါသည်။ သာသနာရေးဌာန ကိုင်ခဲ့သော ဝန်ကြီးတဦး ဖြစ်ခဲ့ကြောင်းကိုလည်း ကျွန်တော် သိပါသည်။ ထို့ကြောင့် ဦးလွန်းဘော်အား ကျွန်တော် မေးမြန်းခဲ့မိခြင်း ဖြစ်ပါသည်။

ဤသို့ မေးမြန်းရာတွင် ကျွန်တော့်စိတ်တွင် သံသယဝင်မှုများရှိနေပုံကို သိမြင်သွားမလား မပြောနိုင်ပါ။ ဦးလွန်းဘော်က "ဦးကိုလေး တရားလာထိုင်ကတည်းက ကျုပ်တို့ အလွန် ဝမ်းသာနေကြတယ်။ တရားအခြေအနေတိုးတက်မှုများကို ကျုပ် ကြားသိနေရပါတယ်။ ကျုပ်လဲ ဒီဌာနမှာ တရားအားထုတ်ပြီး ကျေနပ်မှုကို ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဘာသာရေး သာသနာရေးများမှာ ကျုပ် လေ့လာလိုက်စားခဲ့ကြောင်း ဦးကိုလေး အသိပေါ့။ စာပေပရိယတ်အခြေခံလဲ တော်တော်ခိုင်ခဲ့ပါတယ်။ သင်္ဘာယနာတင်ကိစ္စတွေပြီးတော့ တရားအားထုတ်ဖို့ စိတ်ဆုံးဖြတ်ခဲ့မိတယ်။ ဘယ်မှာ တရားထိုင်မလဲလို့ နေရာရွေးချယ်တော့ သေသေချာချာစီစစ်ပြီးမှ ဒီဌာနကို လာခဲ့တာ ဖြစ်တယ်။ ဒါပေမဲ့ ဒီဌာနရောက်လာပြီးတော့ ကျုပ် ချက်ခြင်း တရား မထိုင်သေးဘူး။ဆရာကြီး နဲ့ ပြောဆိုပြီးတော့ ဒီဌာနရဲ့ တရားလုပ်ငန်း လုပ်နည်းများကို လေ့လာချင်သေးတယ်။ လေ့လာပြီးလို့ စိတ်တိုင်းကျမှ ကျုပ် တရားထိုင်လိုတယ်လို့ ပြောပြတယ်။ ဆရာကြီးကလဲ လိုက်လိုက်ရောရောဘဲ ကျုပ်ကြိုက်သလို လေ့လာပါလို့ အခွင့်ပြုခဲ့တယ်။ ကျုပ် ဘယ်လောက်ကြာ လေ့လာခဲ့တယ် မှတ်သလဲ၊ (၆)လ၊ (၆)လတိတိ ကြာခဲ့တယ်။ ဒီလိုဘဲ နေ့စဉ်ညတိုင်း စေတီ လာအိပ်ပြီး တရားပေးပုံ၊ တရားစစ်ပုံ၊ တရား ရှင်းပြပုံတို့ကို ကျုပ် သေသေချာချာ လေ့လာတယ်။ တရားသမားတွေ မေးမြန်းပြီး သူတို့ အတွေ့အကြုံကို စုံစမ်းတယ်။ တရားဌာနအတွင်း လုပ်ပုံ ကိုင်ပုံ၊နေထိုင်ပုံတို့ကို တစေ့တစောင်းကြည့်

ခဲ့တယ်။ ဒီဌာန တရားနည်းလမ်းများကို ကျုပ် ကိုးကွယ်တဲ့ စာတတ်ပေတတ် ဆရာတော် သံဃာတော်များကို လျှောက်ထားကြည့်တယ်။ အဲဒီလို (၆)လ စုံစမ်း ကြည့်ပြီးတော့ အစစအရာရာ အပြစ်အနာအဆာမရှိ စိတ်ချယုံကြည်ရမှ ကျုပ် တရားပတ် ဝင်ခဲ့ခြင်းဖြစ်တယ်။ ဒါကြောင့် ဦးကိုလေး ဘာမှ စိတ်ဒွိဟ သံသယ ရှိမနေနဲ့။ ဆရာကြီး ဩဝါဒအတိုင်း တသွေမတိမ်း လိုက်နာပြီး တရား အားထုတ်ပါ၊ အကျိုးကျေးဇူး ရှိပါလိမ့်မယ်'' ဟု ဦးလွန်းဘော်က ရှင်းလင်း ပြောပြပါသည်။

ဦးလွန်းဘော်ကဲ့သို့ ပုဂ္ဂိုလ်ကြီးက သေချာစွာ လေ့လာစုံစမ်းပြီးမှ ယုံကြည် အားထားခဲ့သော တရားနည်းလမ်းများကို ကျွန်တော် သံသယရှိဘွယ် မလိုတော့ပါ။ သို့ရာတွင် မစ္စစ်ဖြူလာစမစ် နှင့် ကျွန်တော်၏ တွေ့ရှိရချက်များ ကွာခြားနေခြင်းမှာ မရှင်းလင်းလှသေးပါ။ ထို့ကြောင့် စောဒက တက်မိပြန်သည်။

''ဒီ ကိုယ်ခန္ဓာထဲ ကြည့်တာခြင်းအတူတူ ကျွန်တော့်မှာတော့ နာလွန်း၊ ပူလွန်း၊ ကိုက်လွန်းလှတယ်။ မစ္စစ်ဖြူလာစမစ်ကတော့ အဲဒီဝေဒနာတွေ ဘာမှ မခံစားရဘူး၊ လှုပ်လှုပ်ရွရွကလေးလောက်သာ တွေ့သိရတယ်လို့ ပြောတယ်။ အဲဒီလို ဘာလို့ ကွာခြားရသလဲ။ ''

''ဒီကိစ္စက ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ အလွန်လွယ်တဲ့ ကိစ္စကလေးဘဲ။ ရိုးရိုး အသိဉာဏ်နဲ့လဲ ရှင်းနိုင်တာပါဘဲ။ လူပုဂ္ဂိုလ်တဦးနဲ့တဦး မတူဘူး ဆိုတာ ဦးကိုလေးကို အထူး ပြောဘို့ မလိုပါဘူး။ အဲဒီ သာမန်အရပ်စကားနဲ့ မတူဘူး ဆိုတဲ့ အချက်ဟာ တရား အားထုတ်ပြီး သေသေချာချာစစ်ကြည့်လိုက်တော့ မတူတာတွေ သေသေချာချာ ပေါ်လာတာပေါ့။ ကုသိုလ် အကုသိုလ် ကွာခြားတဲ့အချက်တွေ ပေါ်လွင်လာတာဘဲ ဆိုပါစို့။ စာပေမှာလဲ သုခပဋိပဒါ၊ ဒုက္ခပဋိပဒါတို့ကို အသေအချာ ရေးထားပါတယ်။ ဒါတွေ နောက်ကျတော့ ဦးကိုလေး ဖတ်ကြည့်ပေါ့၊ အခုတော့ အလုပ် လုပ်စရာ ရှိတာသာ လုပ်ပါ။ တရားသမားအချင်းချင်း ဘယ်လိုအတွေ့အကြုံ ကွာခြား ကွာခြား၊ နောင် အသိဉာဏ် ပေါ်တဲ့အခါ ချမ်းမှု ရတဲ့အခါကျတော့ အတူတူ ဖြစ်သွားမှာပါဘဲ။ ဘယ်သူက ဘာတွေတွေ့တယ်၊ ငါတွေ့ဘာနဲ့ မတူဘူး ဆိုပြီး ဘွေးမနေပါနဲ့။ သူများလဲ မေးမနေပါနဲ့။ ကိုယ့်ကိစ္စ ကိုယ်ပြီးဆုံးအောင်သာ ကြိုးစားပါ။ အားလုံး ရှင်းလင်းသွားပါလိမ့်မည်'' ဟု ဦးလွန်းဘော်က နှစ်သိမ့် အားပေး စကား ပြောကြားပေးပါသည်။

ဤသို့ ဦးလွန်းဘော်နှင့် ဆွေးနွေးပြီးနောက် ရက်အနည်းငယ် အတွင်း နည်းနှုန် လမ်းမှန် တရားရှုမိလာပြန်သည်။ ဆရာကြီးနှင့် ဆရာမတို့သည် ကျွန်တော်မည်သို့ ဖြစ်ပျက်နေတည်ကို ကောင်းစွာသိရှိကြပုံရပါသည်။ ထို့ကြောင့် "ဦးကိုလေးကိုယ်တွင်းမှာသာ သိနေပါ၊ အခြားကိစ္စတွေ တွေးမနေပါနဲ့" ဟု မကြာမကြာ သတိပေးကြပါသည်။ ထို့ထက်ပို၍တော့ မပြောကြပါ။ ကျွန်တော့်အား တဦးတည်း လွှတ်လပ်ခွင့် ပေးထားသကဲ့သို့ ထင်ရ ပါသည်။ နောင်အခါမှ ပြန်လည်တွေးကြည့်မိသည်မှာ ဆရာကြီးသည် ကျွန်တော့်အား သိသင့်သမျှကို ကိုယ်တိုင်သိရှိစေရန် အားထုတ်စေလို၍ တရားဟောခြင်း၊ ရှင်းလင်းပြောပြခြင်းများစွာ မပြုဘဲ လွှတ်ထားသည်ဟု သဘောပေါက်လာပါသည်။ ဦးလွန်းဘော်ကဲ့သို့ပင် မိမိဖာသာမိမိ သံသယကင်းရှင်းစွာ စိတ်ကြေနပ်မှုကို ရရှိစေလို၍ဖြစ်ပေသည်။

စိတ်ကြည်လင် သန့်ရှင်းစွာဖြင့် ဆက်လက်တရားအားထုတ်ရာတွင် ရက်အနည်းငယ်အတွင်း ဆရာကြီး မိန့်ဟသကဲ့သို့ မာရ်နတ်က လှည့်ဖြားခြင်းကိုခံနေရပြန်ကြောင်း ကျွန်တော်ကောင်းစွာ သတိမပြုမိဖြစ်ခဲ့ပြန်သည်။ တရားအားထုတ်မှု အတွေ့အကြုံများလာသည်နှင့် ဤအတွေ့အကြုံများကို စာပေပြုစုမည်ဟု စိတ်ကူးပေါက်နေပြန်သည်။ ဝေဘူဆရာတော်ထံတွင် တရား အားထုတ်ခဲ့ပုံ၊ မန္တလေး ရွှေစေတီ ဆရာတော်ထံတွင် တရားအားထုတ်ခဲ့ပုံ၊ နောက်ဆုံး ယခု တရားဌာနတွင် တရားအားထုတ်ခဲ့ပုံများ စုပေါင်း၍ အင်္ဂလိပ်ဘာသာဖြင့် (**My Experience of Vipassana**) စာအုပ်တခု ပြုစုရန်စဉ်းစားကြံစည်နေခဲ့သည်။ ကျွန်တော်၏ အတွေ့အကြုံ၊ မစ္စစ်ဗြူလာစမစ် အတွေ့အကြုံ များကို ဘော်ပြမည်။ အခမ်းကဏ္ဍများ မည်သို့ဖွဲ့မည်ဆိုသည်အထိ အသေးစိတ် တွေးတောနေခဲ့မိသည်။

ထိုမှတဖန် ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်မှုနှင့် ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ လေ့လာရမည်။ ရှေးပုဂံခေတ်ကစ၍ ယခုခေတ်အထိ ခေတ်အဆင့်ဆင့် ပဋိပတ်လုပ်ငန်းစဉ်များကို ရှာဖွေသုတေသနပြုမည်။ ဤတရားဌာနမှ ကိစ္စပြီးဆုံးပြီးနောက် အခြားတရားဌာနများသို့ လှည့်လည်သွားလာ၍ လေ့လာမည်။ ၎င်းတို့၏ တရားလုပ်နည်းများကို ကိုယ်တိုင် ကျင့်သုံး စမ်းသတ် ကြည့်မည်။ ၎င်းနောက် ထိုလုပ်ငန်း လုပ်ထုံးများကို အချင်းချင်းနှိုင်းယှဉ်ပြမည်။ ဝေဖန်သုံးသပ်ပြမည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍ (**Movements of Vipassana in Burma** နှင့် **Systems of Vipassana in Burma**) စာ

အုပ်နှစ်အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ကောင်းစွာရေးထုတ်မည်ဟု စိတ်ကူးဆုံးဖြတ်နေပြန်သည်။ ထိုစာအုပ်များ ရေးသားနိုင်ရန်အတွက် မိမိ၏ အတွေ့အကြုံများကို နေ့စဉ် အသေးစိတ် မှတ်တမ်းတင်ရသည်မှာလည်း အလုပ်ကြီးတခုဖြစ်ခဲ့ပေသည်။ ထိုသို့ရက်ကြာညောင်းခဲ့ပြန်ရာ မိမိကိုယ်ခန္ဓာတွင်တောင့်တင်းခြင်း ပူလောင်ခြင်းတို့မှာ လုံးဝမပြတ်စဲခဲ့ပေ။ ကျွန်တော်၏ တရားအသိဉာဏ် မှာလည်း မည်သို့မျှ တိုးတက်မှုမရှိခဲ့ပေ။'

သို့ရာတွင် အမေရိကန်မှ မစ္စတာ ဟိုးဗားဆိုသူ ရောက်ရှိလာပြီး ၎င်း၏ တရားအတွေ့အကြုံများကို ကြားသိလာရသောအခါ ဦးလွန်းဘော်၏ ရှင်းလင်းချက်များကို ကောင်းစွာ လက်ခံနိုင်ခဲ့ပေသည်။ မစ္စတာ ဟိုးဗားကို ဝိပဿနာ တက်ပေးပြီး သည်နှင့် တပြိုင်နက် ဝုံးစုံးဒိုင်းဒိုင်း အသံများ ထွက်ပေါ်လာသည်။ ကျွန်တော်၏ အခန်းမှ ကောင်းစွာ ကြားနေရသည်။ နပန်း သတ်ပုတ်နေသလို၊ လက်သီးဖြင့် ကြမ်းပြင်ကို ထုနှက်နေသလိုထင်ရသည်။ အမှန်မှာ မစ္စတာဟိုးဗားသည် အနိစ္စရှုလိုက်သည့်ခဏတွင် တကိုယ်လုံးပြင်းထန်စွာ တုန်လှုပ်လာ၍ ဒူးများ ပေါင်များနှင့် ကြမ်းပြင်ရိုက်ခတ်မိရာမှ အသံများ ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။ တရားခန်းဝင်တိုင်း မစ္စတာဟိုးဗားမှာ ဤကဲ့သို့ ဒဏ်များခံခဲ့ရပေသည်။ တရားခန်းမှ ထွက်သည့်တိုင်အောင်၊ တရားအာရုံမလွတ်သမျှ၊ တုန်လှုပ်၊ ဆွဲခါမှုကို ခံစားရကြောင်း၊ ရှေ့အခန်းတွင် ဖော်ပြခဲ့ပေသည်။ ဤသို့ဖြင့် တရားသမား တဦးနှင့်တဦး အတွေ့အကြုံကွဲပြားခြားနားကြောင်း ကောင်းစွာ သဘောပေါက်သွားခဲ့ပေသည်။

အချိန်မှာ ၁၉၆၁ ခု၊ ဖေဖော်ဝါရီလထဲသို့ ရောက်ခဲ့ပေပြီ။ တရားထိုင်ချိန် (၂) လနီးပါးသို့ ရောက်ခဲ့ပေပြီ။ စိတ်ကြေနပ်မှုဟူ၍ မရသေးပေ။ တရားလုပ်ငန်း၊ အမိပ္ပာယ်ဟူ၍ သဘောမပေါက်သေးပေ။စာအုပ်ရေးသားရန် အချက်အလက်များကိုတော့ များများစုမိပေပြီ။ ဖေဖော်ဝါရီလ တရားပါတ်အတွက် တရားသမားများ ရောက်လာပြန်သည်။ ၎င်းတို့အား တရားပေးသည်။ ဝိပဿနာအဆင့်သို့ တဦးပြီးတဦး တက်ပေးသည်။

ရက်ကိုလစား၍ အချိန်ပေါင်းများစွာ ကုန်လွန်သွားခဲ့လေပြီ။ ဖေဖော်ဝါရီလ တရားပါတ်ဝင်သော ပုဂ္ဂိုလ်အသီးသီးတို့လည်း အိမ်သို့ပြန်ကြပေပြီ။ အမေရိကန်မှ တကူးတက တရား လာရှာခဲ့ကြသော မစ္စစ်ဗြူလာစမစ်နှင့်

မစ္စတာဟိုးဗားတို့လည်း တရားဌာနမှ ထွက်ခွာ၍ နေရပ်သို့ ပြန်ကြလေပြီ။ တရားအကျိုးများကို ထိုက်သင့်သလောက် ရရှိသွားကြသည်ဟု ကြားသိရသည်။ တရားရိပ်သာတွင် တရားသမားဟူ၍ ကျွန်တော် တဦးတည်းသာ ကျန်ရှိနေတော့သည်။

× × ×

## (စ) ဆရာကြီး၏ ပွင့်လင်းသောသြဝါဒ

ထိုအချိန်အခါတွင် မိမိကိုယ်မိမိ သုံးသပ်မိပြန်သည်။ ဤသို့ ဆက်လက်၍ မယ်မယ်ရရ၊ မည်သည့်အကျိုးမှမရှိဘဲ ဆက်လက် နေထိုင်သင့်သေးသလော၊ ထိုက်သင့်သလောက် တရားသဘော မသိနိုင်သေးသည်မှာ၊ တရားလုပ်ငန်း ချို့ယွင်းချက်ပေလော။ မိမိ၏ ချို့ယွင်းချက်ပေလော။ ပြန်လှန်သုံးသပ်နေမိသည်။ ထိုအချိန်တွင် ဆရာကြီးသည် မမျှော်လင့်ဘဲ ကျွန်တော်၏ တရားဂူခန်း အပေါက်ဝသို့ ရောက်ရှိလာသည်။

"ဦးကိုလေး တရားလုပ်ငန်းလုပ်နေပုံနဲ့ ပတ်သက်လို့ ဆရာကြီးဝေဖန်ပြမယ်။ အခြားတရားသမားတွေနဲ့ အလုပ်များနေလို့ ဧေးဆေးဆေး ပြောရအောင် ဆရာကြီး စောင့်ဆိုင်းလာခဲ့တယ်။ ဆရာကြီး တရားပြလာတာ နှစ်ပေါင်း အစိတ်ရှိဘီ။ အတွေ့အကြုံ အများကြီးရခဲ့တယ်။ ဦးကိုလေးမှာ တရားလုပ်ငန်းနဲ့ ပတ်သက်လို့ အခက်အခဲ များများမရှိဘူးဆိုတာ ဆရာကြီး သိပြီးဖြစ်တယ်။ ကိုယ်တွင်းအစွဲကလေးများ၊ ချေချွတ်ပြစ်နိုင်ရင် ပြေပျောက်သွားမှာဘဲ။ အညစ်အကြေး ချွတ်တယ်လို့ ဆိုကြပါစို့။ ဒီအညစ်အကြေးတွေ ကိုယ်တိုင် ချွတ်ပစ်စေချင်လို့ အချိန်ပေးခဲ့တာဘဲ။ ဒါပေမဲ့ ဦးကိုလေးက ပြောတဲ့အတိုင်း မလုပ်ဘူး။ ဒါ ဆရာကြီးတို့ အကုန်လုံး သိတယ်။ နည်းလမ်းမှန်မှန်အတိုင်း လုပ်တဲ့ရက်တွေမှာ တိုးတက်မှုရှိတယ်။ တိုးတက်မှုကလေး ရလာမည်ဆိုယင် ဖောက်ဖောက်သွားပြန်ရော။ မာရ်နတ်ကလှည့်ခွေတာ ခံရပြန်ရော၊ ခွေပုံကလေးက ယဉ်ယဉ်ကလေးမို့ မသိမသာ လှည့်စားခံနေရတယ်။ ရှင်းရှင်း ပြောရင် တရားအလုပ် မှန်မှန်မလုပ်ဘဲ၊ ကိုယ့်ကိုယ်ကို လိမ်ညာနေတာဘဲ။ ဆရာကြီးတို့ကတော့ သိပြီးဘဲ။"

ဤသို့ ပြောနေရာတွင် ဆရာကြီး၏အသံသည် တဖြည်းဖြည်း မာမာလာသည်။ မျက်စိ မှိတ်ထားသောကြောင့် မျက်နှာထား မည်သို့ရှိသည်ကို မသိရ၊ အသံ မာလာသည်ဟု ဆိုသော်လည်း ဒေါသ အရိပ်အရောင်ကိုမူ မတွေ့ရ။ ပြောဆို လိုရင်းကို လေးနက်စွာသိစေလို၍ အသံမြှင့်ပေးခြင်း ဖြစ်သည်ဟု သိနိုင်ပေသည်။ ဆရာကြီးက ဆက်လက်၍ "ဒီကိစ္စမျိုးတွေ တွေ့ဘူးလှပါဘိ။ဒေါက်တာကင်း လာတုံးကလဲ အလုပ်ခိုင်းတာ မလုပ်ဘဲနဲ့၊ အတွေးအခေါ်တွေ ကြံစည်နေတာဘဲ၊ စာအုပ်ရေးဘို့ စိတ်ကူးနေတာဘဲ။ ဦးကိုလေးလဲ ဘယ်နှစ်အုပ်လောက် ပြီးဘီလဲ။ ပုတာက ဘာဖြစ်လို့၊ ကိုက်တာက ဘာဖြစ်လို့၊ ပုတာကိုက်တာ သိတော့ ဘာဖြစ်သလဲ။ အဲ့ဒါတွေ တွေးပြီးတော့ အဖြေရှာနေတာ တွေ့ဘီလား အဖြေ" ဤသို့ ရုတ်တရက် မေးလိုက်ရာ ကျွန်တော် လန့်ဖြန့်သွားရပါသည်။ ကျွန်တော်၏ စိယ်ကူးကြံစည်မှုအားလုံး ဆရာကြီး သိရှိနေသည်ကိုလည်း အံ့အားသင့်နေမိပါသည်။ အမှန်မှာ ဤကဲ့သို့ ဆရာကြီးသိရှိသည်မှာ ထူးဆန်းဘွယ် မဟုတ်ပါ။ အတွေ့အကြုံရင့်ကျက်လှပြီဖြစ်၍ ဒေါက်တာကင်းနှင့် ကျွန်တော် ကဲ့သို့ ပုဂ္ဂိုလ်များအကြောင်း ကောင်းစွာသိပြီး ဖြစ်ပေမည်။ ထို့ကြောင့်သာ ဗေဒင် အတတ်ဟောသကဲ့သို့ ကျွန်တော်၏ စိတ်ကူး အကြံအစည် များကို ပြောပြနိုင်ခြင်း ဖြစ်ပေမည်။ ဆရာကြီးအား ကျွန်တော်က မည်သို့မျှမပြောဘဲ ဘိတ်ဆိတ်စွာပင် နေခဲ့သည်။

ဆရာကြီးကဆက်ပြောပြန်သည်မှာ"ဦးကိုလေး တရားကိစ္စမှာ အလားအလာရှိကြောင်း၊ ပထမဆယ်ရက်အတွင်းက ဆရာကြီးတို့သိခဲ့တယ်။ အဲဒီ ဆယ်ရက်တုန်းကလို ဆက်လက် လို့လထုတ်ရင် ထိုက်သင့်သလောက် တရားအကျိုးခံစားရမယ်။ နိုင်ငံခြားက တကူးတက လာရတဲ့ ပုဂ္ဂိုလ်တွေကလဲ့ပီး ဘယ်သူမှ ဦးကိုလေးလို ရက်ရှည် တရားထိုင်ခွင့် မရကြဘူး။ ဒီလို ထူးတဲ့ အခွင့်အရေးကလေးကို ကောင်းကောင်း အသုံးပြုစမ်းပါ။ ကိုယ်ခန္ဓာထဲမှာ အာရုံစိုက်ပီး အနိစ္စသဘောကိုသာ သိနေပါ။ ဘာမှ မကြံပါနဲ့။ ဘာမှ မတွေးပါနဲ့။ အဖြေမရှာချင်ပါနဲ့။ အချိန်တန်တော့ အဖြေက သူ့အလိုလို တွေ့လာပါလိမ့်မယ်။ ဆရာကြီးတို့ ရှင်းပြဘို့တောင် မလိုပါဘူး။ ဆရာကြီးကို မေးစရာလဲ လိုတော့မှာ မဟုတ်ဘူး။ သိပ္ပံသမားတယောက်အနေနဲ့ သိပ္ပံစမ်းသတ်မှုတခုလုပ်သလို သဘောထားပြီး ပြောတဲ့အတိုင်း အတိအကျလုပ်ပါ။ စမ်းသတ်မှု မပြီးဆုံးသေးဘဲနဲ့ ကောက်ချက် မချနိုင်ဘူး မဟုတ်လား။ ဒါကြောင့် စမ်းသတ်မှုကို ပြီးအောင်သာ လုပ်ပါ" ကောက်ချက်တွေ ကြိုတင်ထုတ်မနေပါနဲ့။ ပြတ်ပြတ်ရှင်းရှင်းပင် ပြော၍ အခန်းမှထွက်သွားခဲ့သည်။

ဆရာကြီး ပြောသမျှ ဟုတ်မှန်လှပေသည်။ ဟုတ်မှန်လှပေသည်ဟု မိမိကိုယ် မိမိ ဝန်ခံ၍ ကျန်ရစ်ခဲ့သည်။ ပြောစကားအတိုင်း နားထောင်၍ တိတိကျကျ ဆောင်ရွက်တော့မည် ဟုလည်း သံဓိဋ္ဌာန် ချလိုက်သည်။ မည်သည့် အတွေး အခေါ် အကြံအစည် စိတ်ကူးမှုများကိုမှ မပြုလုပ်တော့ဘဲ ကိုယ်တွင်း၌ တွေ့မြင်သမျှကိုသာ ရှုမှတ်နေခဲ့သည်။ဤသို့ဖြင့် (၇) ရက်မျှ ဆက်လက်အားထုတ်ခဲ့ရာတွင် တိုးတက်မှု အတော်အတန်ရှိလာသည်ကို တွေ့ရပေသည်။ တရား အားထုတ်စဉ် ကျင့် နာ ကိုက်ခဲမှုမှာ မရှိသလောက်ပင် သျော့ပါးသွား၍ ပူလောင်မှု အရှိန်မှာလည်း ယခင်ကကဲ့သို့ မပြင်းထန်လှတော့ပေ။

သို့ရာတွင် ကိုယ်ခန္ဓာအတွင်း နေရာအချို့၌ အထူးသဖြင့် ညာဘက် လက်သန်း၊ ဒူးခေါင်း ၂ ခုနှင့် ခြေမျက်စေ့များတွင် မည်သည့်တွေ့သိမှုမျှ မရှိဘဲ ကွက်၍ ကွက်၍ ကျန်နေခဲ့ကြသည်။ တကိုယ်လုံးတွင် ရှုလိုက်သည့်နေရာတိုင်း၌ လှုပ်လှုပ်ရှရှဖြစ်နေသည်ကိုငင်း အပူငွေ့များ ရှိန်ရှိန်ထနေသည်ကို ငင်းတွေ့ရ၏။ အဆိုပါ နေရာများတွင်မူ မည်သည့်တွေ့ထိမှုကိုမျှ မသိခဲ့ရပေ။ အခြားနေရာများတွင် ကိုယ်ခန္ဓာ အစိတ်အပိုင်းဟူ၍ မသိရတော့ဘဲ၊ အပူငွေ့က လေးလောက်၊ အပူရှိန်ကလေးလောက်၊ နာကျင်မှုကလေးလောက် အဖြစ်သာ သိနေရချိန်တွင် ထိုနေရာများ၌ ဒူးခေါင်းအဖြစ် ခြေမျက်စေ့အဖြစ် အစိုင်အခဲကြီး အခြေ၌သာတွေ့နေရသည်။

တနေ့တွင် ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဆရာကြီးအား ပြောပြမိသည်။ ဆရာကြီးက "တရားတိုးတက်မှု ကောင်းလာသည်" ဟု ပြောသည်။ "တရားရှု၍ မရသော အစိတ်အပိုင်း များကို (Pock ts of Resistence) ရန်သူ၏ နောက်ဆုံးကတုတ်ကျင်းများဟု ပြောပြပေသည်။ အနိစ္စသဘောတရားမြင်ရာတွင် ကိလေသာ အညစ်အကြေး၊ အကုသိုလ် အကြွင်းအကျန်များ အလိုအလျောက် လောင်ကျွမ်းကုန်ဆုံးသွားရသည်။ အနိစ္စမြင်သည်နှင့် တပြိုင်နက် ထိုအညစ်အကြေးများကို ရှို့မြှိုက်ပစ်သော ခတ်မီးပွားကလေးများ ဖြစ်လာသည်။ (Sparks of Illumination) ဤမီးပွား ကလေးက အသွယ် တကူ လောင်ကျွမ်းနိုင်တဲ့ အညစ်အကြေးများကို လောင်ကျွမ်းစေတယ်။ ခက်ခဲတဲ့နေရာများ ကြွင်းကျန်နေခဲ့တာမှန်တယ်။ သစ်တုံးကြီးတတုံးကို မီးရှို့ရာမှာတတုံးလုံး မီးအလောင် မညီဘူးမဟုတ်လား၊ တချို့မှာ မီးဟုန်းဟုန်း ထလောင်တယ်။ တချို့နေရာမှာ မီးစွဲရုံစွဲတယ်။ တချို့နေရာမှာ မီးငွေ့ငွေ့ ကလေးဖြစ်ပြီး မီးခိုးအူ နေတယ်။ ထင်းတုံးကို လှည့်လှည့်ပြီး၊ ယပ်ခတ် ပေးရ

တယ်မဟုတ်လား။ ဒီအတိုင်းဘဲ တရားရှုရာမှာလည်း အနိစ္စသိသိပြီး ဆွဆွပေး၊ လောင်တဲ့နေရာလောင်သွားပြီး၊ ကျန်တဲ့နေရာလဲ လိုက်ပြီး လောင်လာလိမ့်မည်။ အကောင်းဆုံးကတော့ ငယ်ထိပ်က ခြေဖျား၊ ခြေဖျားက ငယ်ထိပ် အပြန်ပြန်အလှန်လှန် နေရာမလပ်သာ အနိစ္စရှုပေးပါ။ အနိစ္စရှုမရတဲ့ နေရာလဲ ရှုသာသွားပါ။ နောက် အလိုလိုနေရာတိုင်း အနိစ္စသိလာပါလိမ့်မယ်။ နေရာတိုင်း အနိစ္စသိဘို့သာ ရည်ရွယ်ပါ။ အဲဒီလို သိနိုင်ရင် အခုအခံမရှိ တောက်ရှောက်သိသွားနိုင်ရင် တရားလုပ်ငန်း အောင်မြင်တာဘဲ။ (Free Flow) ရ တယ်လို့ခေါ်တယ်။ ဘာမှမတွေး၊ မကြံစည်ဘဲ၊ အခုအတိုင်းသာ ဆက်အားထုတ်ပါ။'' ဟု ဩဝါဒပေးခဲ့သည်။

ဆရာကြီး၏ ဩဝါဒကို ယခုတကြိမ် ကျွန်တော် အတိအကျ လိုက်နာပါပြီ။ ကိုယ်ခန္ဓာအတွင်း၌ ဖြစ်ပျက်နေသမျှ သိရုံသာသိနေရန် အာရုံပြုထားပါတော့သည်။ တွေးတောကြံစည်မှုဟူသ၍ လုံးဝ အဝင်မခံတော့ပါ။ ဤသို့ ၄-၅ ရက်မျှ ဆက်၍ ကြိုးစားအားထုတ်ရာတွင် တိုးတက်မှု ၂ မျိုးကို သိနားလည်လာသည်။

ယခင်က ဦးခေါင်းမှ ရှရှ၊ ရှရှ ခါးမှ နာကျင်သည်။ ခြေထောက်တွင် ပူလောင်သည်ဟု သိခဲ့ရာမှ ယခုကိုယ်ခန္ဓာ အစိတ်အပိုင်းဟူ၍ မထင်မြင်တော့ပေ။ ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ကိုက်ခြင်းဟူ၍သာ အသိရှိလာသည်။

တဖန် ဤသို့ ဖောက်ပြန်ဖြစ်ပျက်နေခြင်းများကို သိနေရာမှ ဘာကြောင့် ဖြစ်ပါလိမ့်ဟု တွေးတောလိုက်မိလျှင် တွေးတောကြောင်း ချက်ခြင်း သိလာသည်။ အတွေးစိတ်ပေါ်ကြောင်း သိသည်နှင့်တပြိုင်နက် ထိုစိတ်ပျောက်သွား၍ ပူမှုမေ့မှု အသိစိတ် ပြန်ပေါ်သည်။ ယခင်က တွေးတောကြံစည်စိတ်များ ဖြစ်ပေါ်ပြီးနောက် အနိစ္စသိမှုသို့ အကြိမ်ကြိမ် ပြန်သွားခဲ့ဘူးပါ၏။ သို့သော် တမျော်တခေါ် အချိန်ကြာမြင့်စွာ စိတ်လွင့်ပါးနေရာမှ ရုတ်တရက် သဘိရပြီး၊ ကိုယ်ခန္ဓာအတွင်းသို့ ပြန်သွင်းယူခဲ့ရခြင်းများသာ ဖြစ်သည်။ ယခုမူ အနိစ္စသိနေရာမှ အခြားစိတ် ဖြစ်ပေါ်လာလျှင် ထိုစိတ်ဝင်လာကြောင်း ချက်ခြင်း သိသည်။ သိလျှင်သိခြင်း ထိုစိတ်ပျောက်သွားသည်။ စာအုပ်အတွက် အခန်းများဖွဲ့၊ အကြောင်းအရာများ စီစဉ်စိတ်ကူးလျှင်လည်း စိတ်ကူးကြောင်း ချက်ခြင် သိသည်။ သိလိုက်မိသည့်ခဏ ထိုစိတ်ပျောက်၍ ခန္ဓာတွင်း အနိစ္စသိစိတ် ပြန်ရောက်သည်။ ဤသို့ အပြောင်းအလဲဖြစ်လိုက်ကြောင်းကိုလည်း ကောင်းစွာ သိလိုက်ပြန်သည်။

အတိုချုပ်သော် စိတ်တခုပြီးတခု ဖြစ်ပေါ်လာသည်ကို ယခင်ကကဲ့သို့ အမှတ်မထင် သတိကင်းမဲ့ မဟုတ်တော့ပေ။ ဖြစ်ပေါ်လာတိုင်း သိသည်။ စိတ်တခုနောက်သို့ စိတ်တခု လိုက်နေသည်။နောက်က သိသိလိုက်နေလျှင်ရှေ့စိတ်က ပျောက်ပျောက်သွားသည်။ အခြားစိတ်များ ပျောက်သွားတိုင်း ပူမှုဗေမှု သိစိတ်သည် အချိန်မခြား ရှတ်ခြည်းပေါ်သည်။ အနိစ္စ သိနေသော စိတ်မှတပါး၊ အခြားစိတ်များ ဖြစ်ပေါ်ခွင့် မပေးတော့ပေ။ အနိစ္စသိမှုကိုသာ မြဲမြံစွာဆွဲကိုင်ထားသည်။ ဤသည်ကိုရည်၍ ဤလုပ်ငန်းကို သတိပဋ္ဌာန (သတိမြဲမြံစွာဖြစ်ခြင်း) လုပ်ငန်းဟု ခေါ်တွင်ကြောင်း သဘောပေါက်လာသည်။

ရုပ်ဖြစ်ပျက် ပြောင်းလဲမှုများကို သိနားလည်ခဲ့ရာမှ စိတ်ဖြစ်ပေါ်၊ ချုပ်ပျောက်ပုံများကို မြင်တွေ့လာရပြီး နောက်ထပ်တိုးတက်မှုများ ရလာပြန်သည်။ ပူမှု၊ အေးမှု၊ နာကျင်ကိုက်ခဲမှုများကို ဖြစ်ပေါ်ရာ နေရာများတွင်သိ၍ သိ၍နေရာမှ တဖြည်းဖြည်း ထိုအဖြစ်အပျက်များ လျော့ပါးသွားသည်နှင့် သိစရာအာရုံ မှေးမှိန်လိုက်လာသည်။ အပူငွေ့အနည်းငယ်မျှကိုသာ အာရုံစူးစိုက်နိုင်ပြီး ထိုအပူငွေ့ကလေးပင် လုံးဝပျောက်သွားသော အခါများ တွေ့လာရသည်။ ထိုအချိန်များတွင် အသိစိတ်သည် ထွက်လေ ဝင်လေ လှုပ်ရှားမှုပေါ်သို့ အလိုအလျောက် ပြန်ပြန်ရောက်သွားသည်။

ထွက်လေဝင်လေ လှုပ်ရှားမှုနှင့် သိသောစိတ်၊ အသက်ရှူနေမှုနှင့် သိနေမှု ဤနှစ်ခုကိုသာ တွေ့သိနေရသော အချိန်အခါ မကြာမတင်ရောက်လာခဲ့သည်။ ကိုယ်ခန္ဓာဟူ၍လည်း အသိမရှိတော့။ ပူခြင်း၊ အေးခြင်း၊ ထုံခြင်း၊ကိုက်ခြင်း၊ ဟူ၍လည်း အသိမရှိတော့ပေ။ ထွက်လေ ဝင်လေ ရှူရှုကလေးလှုပ်နေမှု သိသောစိတ်ကို ဟင်းလင်းပြင်တနေရာမှ စိတ်တခုက စောင့်ကြည့်နေဘိသကဲ့သို့ ထင်မှတ်ရသည်။

ထို့နောက်မူ ထွက်လေဝင်လေမှ အာရုံပြောင်း၍ ကိုယ်ခန္ဓာအလယ်ပိုင်း၊ ရင်ခေါင်းလောက်တွင် ကျပ်ပြားဝိုင်းအရွယ်မျှ နေရာ၌ အနည်းငယ်တင်းကြပ်နေသည်ကို သိလာသည်။ တခါတရံ ဤနေရာ၌ မခံမရပ်နိုင်လောက်အောင် စူးရှနာကျင်သည်။ ဤသို့ နာကျင်သည့် အခါများတွင် ကိုယ်ခန္ဓာ အခြားနေရာများမှ ပူမှု၊ အေးမှုများ ပြန်ပေါ်လာ၍ ကိုယ်ခန္ဓာ ရုပ်လုံးကြီးကိုပင် ထင်မြင်လာပြန်သည်။ ပေါ်သမျှအာရုံများကို သတိဖြင့် ပပြတ်မလပ် ရှုလိုက်ပြန်လျှင် ရင်ခေါင်းအလယ်၊ ကျပ်ပြားစိုင်းအရွယ်မျှသို့ ရှုကွက်ရှုခင်း ကျဉ်းမြောင်းသွားပြန်သည်။

ဤသို့ ရှုရင်း အာရုံကွင်းသည် ကျဉ်းလိုက် ပြန့်လိုက် ဖြစ်နေရာမှ အလွန်သေးငယ်သော အာရုံကွက်ကလေးသာ ဟင်းလင်းပြင်တွင် ကျန်ရှိနေတော့သည်။ ထိုမှတဖန် ၎င်း အာရုံကွက်ကလေးကို သေးငယ်သော ပိုးချည်မျှင် ကလေးဖြင့် ဆွဲလိုက်၊ လျှော့ပေးလိုက် ဖြစ်နေသကဲ့သို့ စိတ်အာရုံတွင် မြင်နေရသည်။ ထို့နောက် ပိုးချည်မျှင်ကလေးသည် ရုတ်ချည်း ပျောက်ဆုံးသွားခဲ့လေသည်။

ဤသို့ ပျောက်ကွယ်သွားသည်နှင့်တပြိုင်နက် တင်ပျဉ်ခွေ ထိုင်နေသော ကိုယ်ခန္ဓာသည် ရုပ်လုံးပေါ်လာသည်။ ဖြောင့်မတ်တည်ငြိမ်စွာရှိနေသော ကိုယ်ခန္ဓာအတွင်း၌ ငြိမ်းသော ခံစားမှုကို သိနေရသည်။ စိတ်သည် လွန်စွာ ပေါ့ပါး ကြည်လင်နေသည်။ ဘာတခုမျှ အခြေအမြစ် မရှိသည့် အနတ္တ သဘောတရားကို ဆင်ခြင်မိလိုက်သည်။ ဆင်ခြင်မိသည် ဆိုရာတွင် အချိန်ကြာမြင့်စွာ စဉ်းစား တွေးတော နေရသည် မဟုတ်ပါ။ ငါ ဆိုသည် ဘယ်မှာမျှ မရှိပါ တကား ဟု လျှပ်တပျက်အချိန်အတွင်း ထင်မြင် သဘောပေါက်လိုက်မိခြင်းကို ဆိုလိုပါသည်။

ထို့နောက် ဆရာကြီးအား တွေ့မြင်လိုသဖြင့် ကမ္မဋ္ဌာန်းအခန်းမှထွက်၍ ဓမ္မာရုံအဆောက်အဦးထံသို့ လာခဲ့သည်။ ဓမ္မာရုံသို့လမ်းလျှောက်လာစဉ် ကိုယ်ခန္ဓာမှာ လွန်စွာ ပေါ့ပါးနေသည်ဟု သတိပြုမိသည်။ ဆရာကြီးသည် ဓမ္မာရုံ အလယ်ဗဟိုရှိ ကုလားထိုင်တွင် တင်ပျဉ်ခွေ ထိုင်နေသည်။ မလှမ်းမကမ်း ကြမ်းပြင်ပေါ်တွင် ဆရာမက ထိုင်နေသည်။ ။နောက်ဆုံး တွေ့ မြင် ခဲ့ ရ သော တရား အာရုံများကို ဆရာကြီးအား ပြောပြရာ....

"အေး၊ ကောင်းတယ်....အဲဒါ လမ်းမှန်ဘဲ။ ဒီအတိုင်း ဆက်ကြိုးစားရုံဘဲ။ အချိန်တန်တော့ လမ်းဆုံးရောက်လိမ့်မည်။ဟုသာ ပြန်ပြောပါသည်။ အတန်ကြာ ငြိမ်သက်နေပြီးမှ အလင်းရောင်တွေကို သိပ်အာရုံမပြုနှင့်၊ ပိုးချည်မျှင်ကလေးလောက် အလင်းရောင်ကိုတောင် အာရုံမပြုနှင့်၊ အနိစ္စသဘောကိုသာ သိနေပါ" ဟု နောက်ဆုံး မိန့်ကြားလိုက်ပါသည်။

* ● ●

ဓမ္မရောင်ခြည် စေတီရိပ်သာ ဆရာကြီးထံမှောက်သို့ ရောက်ခဲ့သည်မှာ (၃) လကျော်ခဲ့ပေပြီ။ ကမ္မဋ္ဌာန်းလုပ်ငန်း၌ အခက်အခဲ အမျိုးမျိုး အတွေ့အကြုံ အမျိုးမျိုး တွေ့ကြုံခဲ့ပြီးနောက် ကမ္မဋ္ဌာန်းထိုင်ခြင်း၏ သဘောအဓိပ္ပာယ်

နှင့် နောက်ဆုံး ပန်းတိုင်ဆိုသည်ကို ရှင်းလင်းစွာ နားလည်ခဲ့ပေပြီ။ ကမ္မဋ္ဌာန်း ထိုင်နေစဉ်က နေ့စဉ် တွေးတောမိသော ပုစ္ဆာများ၊ ဆရာကြီးအား မေးမြန်းမည်ဟု ဦးခေါင်းထဲ၌ တေးမှတ်ထားသောအချက်များလည်း နေရောင်ခြည်တွင် လွင့်ပါးသွားသည့် ဆီးနှင်းမြူတိမ်ကဲ့သို့ ပျောက်ကွယ်သွားကြလေပြီ။ အသိဉာဏ်မှာ ရှင်းလင်းနေသဖြင့် ဆရာကြီးအား မေးမြန်းစရာ ဘာတခုမှ ရှာမတွေ့တော့ချေ။ ခိုင်မာသောယုံကြည်ချက်လည်း ပေါ်ထွက်လာခဲ့ပေပြီ။ ဆရာကြီး မိန့်မြွက်သည့်အတိုင်း မိမိသည် လမ်းမှန်ပေါ်တွင် လျှောက်သွားနေပေပြီ။ အချိန်တန်လျှင် လမ်းဆုံးသို့ မုချရောက်ရတော့မည် ဟု စွဲမြဲစွာ ခံယူ ထားနိုင်ပေပြီ။

မတ်လ နောက်ဆုံးအပတ်တွင် မန္တလေးသို့ ပြန်ခဲ့ပြီးနောက် အံ့ဘွယ်ကောင်းလှသော စေတီရိပ်သာအကြောင်းများ၊ ဆရာကြီး၊ ဆရာမ၊ အန်ကယ်နှင့် အန်တီကြီးနှင့်တကွ ရိပ်သာမှ ဓမ္မမိတ်ဆွေအပေါင်းတို့၏ စေတနာမေတ္တာကြီးမားပုံအကြောင်းများ၊ တရားအတွေ့အကြုံများကို စောင့်မျှော် နေကြသော မိသားစုအား ပြန်လည်ဖောက်သည် ချရပေသည်။

ထို့နောက် ဧပြီလ၊ သင်္ကြန်ခါချိန်အမီ စေတီရိပ်သာသို့ မိသားစုအားလုံးနှင့် တဖန် ရောက်ပြန်သည်။ ဇနီး၊ သမီးနှင့် အစ်မကြီး၊ တူ သား ကလေး နှစ်ယောက်နှင့် အိမ်ဖော်မကလေး စုစုပေါင်း (၇) ယောက် ဆရာကြီးထံမှောက်သို့ ရောက်လာကြပြီး တရားပါတ်ဝင်ကြပါသည်။

သင်္ကြန်ခါချိန်တွင် စေတီရိပ်သာသည် ထူးခြားသည့်အသွင် ဆောင်လျက် ရှိသည်။ နိုင်ငံခြားသား ယောဂီများနှင့် ပုံမှန် တရားသမားများသာမက၊ ဆရာကြီး၏ တပည့်အပေါင်း မိသားစုများလည်း စုရုံးရောက်ရှိလာကြ၍ ရိပ်သာတွင် လူငယ်ပရိသတ်အများနှင့် လှန်စွာ စည်ကားလျက်ရှိပေသည်။ (၅) ရက် တိုင်တိုင် နံနက် အာရုံတက်ချိန်တွင် ဆရာကြီးသည် ရိပ်သာရှိ ပရိသတ်အပေါင်း ခြံရံလျက်၊ မြတ်စွာဘုရားအား ရည်စူးခါ သစ်သီးမျိုးစုံဖြင့် ဆွမ်းခဲဘွယ် ဘောဇဉ်၊ ပန်း ရေချမ်း ဆက်ကပ်သည်။ ဆီမီးထွန်းညှိ ပူဇော်သည်။ တရား အာရုံယူကြ၍ ဓမ္မာနုဓမ္မ ပဋိပတ်ဖြင့်လည်း ပူဇော် ကန်တော့ကြသည်။ ကုသိုလ်ကောင်းမှုအဘို့ အမျှပေးဝေပြီးနောက် နံနက် လဘက်ရည် သောက်ကြရသည်။

ထို့နောက် ဆယ်နာရီခွဲ ထမင်းစားချိန်တိုင်အောင် ရိပ်သာဂူများတွင် တရားထိုင်ကြရသည်။ တဂူလျှင် တယောက်နှုန်းဖြင့် မလုံလောက်တော့သော

ကြောင့် (၂-၃) ယောက် ပူးတွဲထိုင်ကြရသည်။ ဂူပြင်ပနှင့် ဓမ္မာရုံတွင်လည်း နေရာယူကြရသည်။ နေ့လည်တွင် ဆရာကြီးကဦးဆောင်၍ တပည့်အပေါင်းတို့သည် ဗောဓိဝင်္ဂဒါန်းဂါထာများ၊ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ညချမ်းချိန်တွင် စေတီနှင့်တကွ ရိပ်သာတဝင်းလုံး ဆီမီးရောင်စုံထွန်းညှိ ပူဇော်ကြရာ၊ ကြည်နူးသာယာဘွယ်ရှိလှ၍ လူငယ်ပရိသတ်အပေါင်းများစွာ ပျော်ရွှင်ကြသည်။

သက်ရွယ်ကြီးသူများအား တရားပြခြင်း၊ တရားဟောခြင်း၊ ဩဝါဒပေးခြင်း ပြုလုပ်သော ဆရာကြီးကို ယခုအခါ လူငယ် လူရွယ်ကလေးများအား ယဉ်ကျေးလာအောင် ဆုံးမသွန်သင်ပေးသော မေတ္တာရှင်ကြီးအဖြစ် တွေ့နေရပေသည်။ တက္ကသိုလ်ကျောင်းသား၊ အထက်တန်းကျောင်းသားမှ မူလတန်းကျောင်းသူကျောင်းသားများအထိ အသက်အရွယ်အမျိုးမျိုး ပါဝင်သော လူငယ်ပရိသတ်သည် ဆရာကြီးကို ဋ္ဌေစာရင်းမင်းကြီးအဖြစ်လည်း သိသည်မဟုတ်၊ ဝိပဿနာကမ္မဋ္ဌာန်း တရားပြဆရာကြီးအဖြစ်လည်း ကောင်းစွာ နားလည်ကြသည်မဟုတ်။ မိမိတို့ကို ချစ်ခင်ကြင်နာစွာ ပြောဆိုဆုံးမနေသည့် ဘခင်ကြီးသဘွယ် ချစ်ခင်လှသောကြောင့် ဆရာကြီးအနား ဝိုင်းအုံ၊ စုပြုံနေကြခြင်းဖြစ်ပေသည်။

ဆရာကြီးကလည်း သူတို့ကို ပျော်ရွှင်စေရန်၊ စိတ်ချမ်းမြေ့စေရန် စီမံဆောင်ရွက်တတ်ပေသည်။ နံနက်စာ အဟာရမှာ သက်သတ်လွတ် ထမင်းဟင်းဖြစ်သော်လည်း မြိန်ရှက်စွာ စားနိုင်ကြရန် ဖွယ်ဖွယ်ရာရာ စီမံစေပါသည်။ အချိုပွဲအဖြစ် လူငယ်အကြိုက် ရေခဲမုန့်၊ ဖွာလူဒါ၊ သာကူ၊ ပေါင်မုန့်အုန်းနို့ဆန်း၊ ကျောက်ကျော၊ ရွှေရင်အေး အစရှိသည့် စားကောင်းသောက်ဖွယ်များကို အလဲအလှယ် ကျွေးမွေးပြုစုစေသည်။ ညနေပိုင်း တရားဟောချိန်တွင် လူငယ်များနှင့် သင့်တော်သည့် ဆုံးမဩဝါဒများ၊ သုတ္တံပုံပြင်များကိုသာ တမင်ရွေးချယ်၍ ဟောပြောလေ့ရှိရာ၊ လူငယ်များသည် တရားဟောချိန်ကို ကြောက်ရွံ့နေမည့်အစား နေ့စဉ် တောင့်တ၊ မျှော်လင့်လျက် ရှိကြပေသည်။ ဆရာကြီးတရားဟောသည်မှာ မိသားစု စကားဝိုင်း ပုံသဏ္ဍာန်ဖြစ်၍ ရင်းနှီး၏။ လူငယ်များအား ကြောက်ရွံ့မှု၊ ငြီးငွေ့မှု ကင်းစေ၏။ တခါတရံ တဝါးဝါးနှင့် လူငယ်များ ရယ်ကြရသည်မှာ ဆရာကြီးက တမင်တကာ ပွဲကျအောင်၊ ပျက်ယိုးထုတ်လိုက်၍မဟုတ်၊ ဟာသဖြစ်စေရန် အခြေအနေက ဖန်တီးလိုက်သည်ကို အမိအရ ဖမ်းယူ အသုံးပြုလိုက်သောကြောင့် ဖြစ်ပေသည်။ ငိုက်မောနေသော လူ

ယ်ကို ဆရာကြီးက ရုတ်တရက် လှမ်း၍ မေးခွန်း မေးလိုက်သောအခါများ၊ စောဒက တက်လာသော တက္ကသိုလ်ကျောင်းသားကို ဆရာကြီးက မေးခွန်းများ ထပ်ဆင့်ပြန်လှန်မေးခြင်းဖြင့်၊ ကိုယ့်ကိုကိုယ်၊ တုတ်ပြီး ချိုးပြီးမိနေသောအခါ များ၌ လူငယ်ပရိသတ်တို့ များစွာ ပွဲကျသွားရခြင်းသာဖြစ်ပေသည်။ ဆရာကြီး ဟောပြောသည်မှာ လေးနက်သော တရားအကြောင်းအရာများသာ ဖြစ်သော် လည်း စာသံ ပေသံ တရားသံ မန္ဒောဘဲ၊ လွယ်ကူရှင်းလင်းစွာ အရပ်သုံးစကား များဖြင့် ပြောပြနေခြင်းဖြစ်၍ လူငယ်များက လက်ခံနိုင်ကြပေသည်။ အထူး သဖြင့် အာနာပါနဘာဝနာ စီးဖြန်းရခြင်း၏ အကျိုးတရားများကို ရှင်းပြရာ တွင် ငိုက်မြည်း တွေဝေမှု လွတ်ကင်းပုံ၊ မိမိသင်ကြားရသည့်စာပေများကို ပိုမို ရှင်းလင်းစွာ နားလည်နိုင်ပုံ၊ မှတ်ဉာဏ် ကောင်းမွန်လာ၍ ကျက်မှတ်ရမည့် အကြောင်းအရာများကို စွဲမြဲစွာ မှတ်သားမိလာနိုင်ပုံတို့ကို လက်တွေ့ဥပမာများ ဖြင့် ပြောပြလေ့ရှိပေသည်။

× × ×

ဤသို့ မိသားစုအားလုံး ၁၉၆၁ ခု၊ ဧပြီလတွင် ဓမ္မရောင်ခြည်စေတီ ရိပ်သာ၌ ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ပြီးသည့်နောက် အခါအခွင့် သင့်တိုင်း ဆရာကြီး ထံမှောက်သို့ ရောက်ကြ၍ အဆုံးအမ ခံယူပြီး တရား အား ထုတ် လာခဲ့ကြပါသည်။ မိသားစု စုံညီ မရောက်နိုင်သည့် အချိန်အခါများတွင် ကျွန်တော် တဦးတည်း ရိပ်သာသို့ တနှစ်တကြိမ်နှစ်ကြိမ် ရောက်ခဲ့သည်သာ ဖြစ် ပေသည်။ ကျွန်တော့်အတွက် ရန်ကုန်သို့သွားသည်ဆိုလျှင် ဓမ္မရောင်ခြည် စေတီ ရိပ်သာ၌ တရား အားထုတ်သွားသည်ဟုသာ အဓိပ္ပာယ် သက်ရောက်လာပါ တော့သည်။

ပထမအကြိမ်(၃) လဆက်တိုက် တရားလုပ်ငန်း လုပ်ပြီးသောအချိန်က စ၍ ဆရာကြီးသည် ကျွန်တော့်အား တရားလုပ်ငန်းဆိုင်ရာ စာပေရိယတ် များကို အထူးလေ့လာ ဖတ်ရှုခိုင်းပါသည်။ ရှေးဦးစွာ သီဟိုဠ် ဆရာတော် ရေးသားတော်မူသော (What the Buddha Taught) ကျမ်းငယ်ကိုပေး၍ "ဒီစာအုပ် မင်းနှင့် အလွန်သင့်တော်မယ်။ အဲ့ဒီမှာ တရားတော်အဆီအနှစ်တွေ အကုန်တွေ့ရမယ်။ မင်း အဲ့ဒါကို လက်စွဲပြုပေတော့"ဟု ပြောခဲ့ပါသည်။

ယင်းစာအုပ်ကို အင်္ဂလန်နိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေခါစ ဖြစ်၍ ဆရာကြီး၏ တပည့်ဟောင်းတဦးက အင်္ဂလန်နိုင်ငံမှ ပေးပို့ လိုက်ပေသည်။ စာအုပ်ကို ဖတ်ရှုပြီးနောက်၊ လွန်စွာ ကြိုက်နှစ်သက်သဖြင့် ကုန်သည်လမ်းရှိ ပြည်သူ့စာအုပ်ဆိုင်တွင် မှာဟူရောင်းချရန် မိတ်ဆွေကြီး သခင်ကျော်စိန်အား တိုက်တွန်းခဲ့ပါသည်။ စာအုပ်ကို အကြိမ်ကြိမ်ဖတ်ရှုခဲ့၍ စာအုပ်ပါ ကျမ်းကိုးကျမ်းညွှန်းများကို လေ့လာဖတ်ရှုရာမှ ပိဋကတ်စာပေကို ကျယ်ကျယ်ပြန့်ပြန့် ဂရုတစိုက် ဖတ်ရှုမိခဲ့ပြန်ပါသည်။

ယင်းစာအုပ်ကို မူလက အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော်သည်း ပြင်သစ်၊ ဂျာမန်၊ စပိန်၊ တရုတ်နှင့် သီဟိုဠ်ဘာသာများဖြင့် ပြန်ဆိုထုတ်ဝေပြီးကြောင်း သိရသဖြင့် မြန်မာစာဖတ်ပရိသတ် အတွက်လည်း မြန်မာဘာသာ ပြန်ဆိုပေးရန် အာသီသ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် တရားကမ္မဋ္ဌာန်း အား မထုတ်သော ကြားကာလများတွင် ကြိုးပမ်း၍ မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့ပါသည်။ ''မြတ်ဗုဒ္ဓဒေသနာ'' ဘာသာပြန်စာအုပ်ကို နိုင်ငံတော် သာသနာရေး ဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေခဲ့ရာ၊ ယခုအခါ တတိယအကြိမ်မြောက် ဖြန့်ချိလျက် ရှိပေပြီ။

ကျွန်တော်သည် တရားလုပ်ငန်း လုပ်ကိုင်ရင်း၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်ကို ဖတ်ရှုလေ့လာရင်းဖြင့် ဓမ္မရောင်ခြည် စေတီရိပ်သာသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ရာမှ ဆရာကြီးနှင့် ရင်းနှီးသည်ထက် ရင်းနှီးလာခါ တပည့်ရင်း တဦးအဖြစ် ရောက်ရှိလာခဲ့ပေသည်။ ၁၉၄၆ ခုနှစ်က ကွယ်လွန်သွားခဲ့သည့် ကျွန်တော်၏ ဘခင်ကြီးနှင့် ဆရာကြီးတို့မှာ အံ့ဩလောက်အောင်ပင် ကိုယ်ပုံသဏ္ဌာန်၊ အရပ်အမောင်း၊ အသားအရည်စိုပြေ ပြည့်ဝပုံ၊ စကားပြောပုံ၊ လမ်းလျှောက်ပုံတို့ တူညီလှရကား၊ ကျွန်တော်သည် ဆရာကြီးအား တရားပြသပေးသော ဆရာတဆူအဖြစ်သာမက ကျွန်တော်၏ ဘခင်ရင်းသဘွယ် ကြည်ညိုချစ်ခင် လေးစားခဲ့ပါသည်။ ဆရာကြီးကလည်း မေတ္တာတုံ့ပြန်ကြောင်း ပြသခဲ့ပေသည်။ တရားတော်၌ လေးလေးစားစားရှိပုံ၊ ကြိုးပမ်းပုံနှင့် ဆရာကြီးအား အမှန်တကယ် ကြည်ညိုချစ်ခင်ပုံကို တွေ့မြင်ရသော အင်းယားမြိုင်ရိပ်သာအဖွဲ့ ကလည်း ကျွန်တော့်အား ၎င်းတို့မိသားစု အသိုင်းအဝိုင်းတွင် ကြည်ဖြူစွာ လက်ခံခဲ့ကြပေသည်။

× ⌛ ×

## (ဆ) ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဆရာကြီး ဦးဘခင်နှင့် ကျွန်တော်တို့ မြင့်မြတ်သောရဟန်းအဖြစ် ခံယူကြခြင်း။

ကျွန်တော်သည် ၁၉၆၀ ခုနှစ် ဧပြီလတွင် ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီးထံမှောက်သို့ မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့ပြီး သာသနာ့ဘောင်သို့ ယာယီဝင်ရောက်ခဲ့သည့် အချိန်မှစ၍ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူသည်အထိ ဆရာတော်ထံပါးသို့ မကြာခဏ သွားရောက်ဖူးမျှော်ခဲ့ပေသည်။ မန္တလေးတက္ကသိုလ်မှ အငြိမ်းစားယူမီ အချိန်က ဆရာတော်ကြီးသည် ကျွန်တော်၏ နေအိမ်သို့ နောက်ပါ သံဃာတော် (၁၀) ပါးနှင့် ကြွရောက်ချီးမြှင့်တော်မူသဖြင့် ဆွမ်းကပ်လှူ ပူဇော်ခဲ့ရဘူးသည်။ အငြိမ်းစား ယူပြီးနောက် ဝါတွင်းအချိန်တွင် ကျောက်ဆည် ဝေဘူချောင်သို့၎င်း၊ နွေအခါတွင် ခင်ဦး၊ အင်ကြင်းပင်တောရသို့၎င်း၊ ဆရာတော် သီတင်းသုံးတော်မူသည့် ဌာနများသို့ သွားရောက်၍ တတ်အားသမျှ အလှူဒါန ပြုဘူးသည်။ ဆရာတော်ထံသို့ အကြိမ်ကြိမ်ရောက်ရှိတိုင်း ရက်ရှည်၊ ရက်တို ဥပုသ်သီလစောင့်ထိန်း၍ ကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့ဘူးပါသည်။ ဤသို့ဖြင့် ဆရာတော်ဘုရားကြီး ထံပါး၌ နီးကပ်စွာ ပူဇော်ခြင်း၊ လျှောက်ထားမေးမြန်းခြင်း၊ ညအချိန်တွင် ဝတ်ပြုခြင်း စသည်တို့ကို ပြုခွင့်ကြုံသော တပည့်တဦး ဖြစ်ခဲ့ပါသည်။

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ထံပါးသို့ သွားရောက်ပူဇော်လိုက်၊ တရား အားထုတ်လိုက်၊ ရန်ကုန်ဓမ္မရောင်ခြည် စေတီရိပ်သာသို့သွားလိုက်၊ ဆရာကြီး ဦးဘခင်ထံ၌ တရား အားထုတ်လိုက်ဖြင့် နေထိုင်လာရာမှ ၁၉၆၅ ခုနှစ်၊ ဇွန်လတွင် မမျှော်လင့်ဘဲ ခင်ဦးမြို့ အင်ကြင်းပင်တောရ၌ သီတင်းသုံးနေတော်မူသော ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရား ထံပါးသို့ ဆရာကြီး ဦးဘခင် နှင့် ကျွန်တော်တို့နှစ်ဦး အတူတကွ ရောက်ရှိသွားခဲ့ကြပေသည်။ ထို့နောက် မြင့်မြတ်သော ရဟန်းအဖြစ် အတူတကွ ခံယူခဲ့ကြ၍ ဆရာတော်၏အဆုံးအမကို (၁၂) ရက်တိတိ ခံယူနိုင်ခဲ့ကြပေသည်။

ကြိုတင်စီမံမှုမရှိဘဲ ခင်ဦးမြို့ အင်ကြင်းပင်တောရ၌ပင်၊ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးကိုပင်၊ ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ်မြောက် ဒုလ္လဘ ရဟန်းခံနိုင်ရန် အကြောင်းဆိုက်လာပုံမှာ—

၁၉၆၅ ခု၊ ဧပြီလ သင်္ကြန်ချိန်ခါတွင် ကျွန်တော်တို့ မိသားစုသည် ဓမ္မရောင်ခြည် စေတီရိပ်သာသို့ ရောက်ကြပြန်သည်။အင်းယားမြိုင်မိသားစုများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ တရား အားထုတ်ကြပြီးနောက် ကျိုက်ထီးရိုးဘုရားဖူးရန် ထွက်ခွာသွားခဲ့ကြသည်။ ထိုမှ ခရီးဆက်၍ မော်လမြိုင်၊ ကော့ကရိတ်၊ စက်ဆဲ၊ ကျိုက္ခမိ၊ မုဒုံ၊ ဘီလူးကျွန်း စသည့် ဒေသများသို့ ဒေသန္တရဗဟုသုတအတွက် သွားရောက် လည်ပတ်ခဲ့ကြသည်။ အညာမပြန်မီ ဓမ္မရောင်ခြည်စေတီသို့ သွား၍ ဖူးမြော်ကြပြီးနောက် ဆရာကြီးအား နှုတ်ဆက် ကန်တော့ခဲ့ကြသည်။ ထိုအချိန်က ဆရာကြီးသည် ခရီးထွက်ရန် အစီအစဉ်ရှိသည်ဟု မပြောပြလိုက်ပါ။ ဝေဘူဆရာတော်ဘုရားထံ သွားရောက်ဖူးမြော်မည် ကြံရွယ်ကြောင်းလည်း မသိခဲ့ပါ။

ထို့ကြောင့် ၁၉၆၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ဆရာကြီးထံမှ မွန်လွဲ (၂-၄၀) စာပို့ရထားဖြင့် ထွက်လာမည်။ နက်ဖန်မနက် မန္တလေးမှ လာကြိုပါဟု တယ်လီဖုံးသတင်း ရရှိသောအခါ များစွာအံ့သြသွားခဲ့ရသည်။ စာပို့ရထားမှာ ဇွန်လ ၁၆ ရက်နေ့ နံနက် (၅=၄၅) မိနစ် ဆိုက်ရောက်မည်ဖြစ်သောကြောင့် ထိုနေ့ညတွင် မန္တလေးသို့ သွားအိပ်ရသည်။ နောက်တနေ့နံနက် စောစော မီးရထားဘူတာရုံသို့ မသွားရောက်မီ ဆရာကြီးသုံးဆောင်ရန် ကာဖီနှင့်တကွ ပေါင်မုန့် အစရှိသည်တို့ကို အဆင်သင့် ပြင်ဆင်ယူသွားခဲ့သည်။

မီးရထား ဘူတာရုံတွင် ဆရာကြီးထံ၌ တရား အားထုတ် ဘူးသော အိန္ဒိယ အမျိုးသား တပည့်အနည်းငယ်ကို တွေ့ရသည်။ ရထားဆိုက်လာသောအခါ ကျွန်တော် အံ့အားသင့်ရပြန်သည်။ ဆရာကြီးနှင့်အတူတကွ တပည့်ရင်းများ တယောက်မျှမပါလာပါ။ ရိပ်သာအဟာရ တာဝန်ခံစဖိုမှူး ကိုလှထွန်း တယောက်သာလျှင် ဆရာကြီးနှင့် လိုက်ပါလာသည်ကို တွေ့ရသည်။ သယ်ဆောင်လာသည့် ပစ္စည်းများလည်း များပြားလွန်းလှသည်။ ဆရာကြီး၏ခရီးသွားပစ္စည်းများအပြင် တရိစုံ၊ ဒိစုံသက်နံးအစုံများ၊ ပိဋကမြန်မာပြန်စာအုပ်ကြီးများ၊ ဘုန်းကြီးသုံးထီးများ၊ ဘိနပ်များ၊ ဖယောင်းတိုင်ကြီးငယ်နှင့် မုန့်သေတ္တာပုန်းကြီးများ၊ အိုဗာတင်း၊ ဟောလစ်၊ နို့မှုန့်ဘူးများ ကြက်မောက်သီး၊ မင်းဂွတ်သီးခြင်း တောင်းကြီးများ....

ဤမျှ များပြားစုံလင်လှသော ဝတ္ထုပစ္စည်းများကို ဆရာ တပည့် နှစ်ယောက်ထည်း ဘာကြောင့် သယ်ဆောင်လာသည်ကို မေးမြန်း စုံစမ်းနေရန်

အချိန်မရနိုင်ပါ။ ဆရာကြီးက လာရောက်ကြိုဆိုနေသူများကို နှုတ်ဆက်စကားပြောနေစဉ် ကျွန်တော်နှင့် ကိုလှထွန်းတို့သည် ပစ္စည်းများကို ဂရုတစိုက် ကြပ်မတ်ခါ ဘူတာပြင်သို့ သယ်ဆောင်လာပြီး၊ ကျွန်တော်၏ ဖို့ဒ်ပရီဖက် ကားငယ်ကလေးတွင် စနစ်တကျ နေရာချထားရသည်။ ပစ္စည်းနှင့် ကားငယ် မမျှမတဖြစ်နေရာ ဆရာကြီးကို ရှေ့ခန်းတွင် ထိုင်စေပြီး နောက်ခန်း၌ ခြေချစရာပင်နေရာမရှိတော့သဖြင့် ကိုလှထွန်းမှာ ထိုင်ခုံ တနေရာစာတွင် ဆောင့်ကြောင့်ထိုင်၍ ကုံ့ကုံ့ကလေးလိုက်ပါခဲ့ရရှာသည်။

ကျွန်တော်သည် မန္တလေး နန်းတော်ဟောင်း တစိတ်တဒေသကို ကိုလှထွန်းရှုမြင်နိုင်စေရန် ကျုံး၏ တောင်ဘက်နှင့် အရှေ့ဘက်မှ ပတ်၍ ကားကိုမောင်းခဲ့ပြီး အရှေ့ပြင် ဈေးလမ်းအတိုင်း အရှေ့စူးစူး၊ နောက်တောင်ဘက်သို့ ချိုးခါ မန္တလေးမြို့မှထွက်ခဲ့သည်။ အောင်ပင်လယ် ကန်ဘောင်ရိုးပေါ် လူရှင်းသောတနေရာတွင် ကားကိုရပ်လိုက်ပြီးနောက် ဆရာကြီးအား ခေတ္တရပ်နားပြီး၊ လဘက်ရည်မုန့်များဖြင့် ပူဇော်မည်ကို ပြောပြသည်။

အသင့်ယူလာသော စားသောက်ဖွယ်ရာများကို ထုတ်ယူ၍ ကိုလှထွန်းအကူအညီဖြင့် ကား "ဘောနက်" ပေါ်တွင် အခင်းခင်းခါ လဘက်ရည်ပွဲပြင်ဆင်ကြသည်။ ပတ်ဝန်းကျင်မှာ သာယာလှပေသည်။ နံနက် လေပြေလေညင်းကလေးက တဖြူးဖြူး တိုက်ခတ်လျက်ရှိသည်။ မလှမ်း မကမ်းတွင် မန္တလေးတောင်နှင့် ရန်ကင်းတောင်ထိပ်ရှိ စေတီပုထိုးများကို နံနက်ခင်း နေရောင်ခြည်အောက်တွင် ဖူးမျှော်ကြရသည်။

မော်တော်ကားဘေးတွင် မတ်တတ်ရပ်လျက် နံနက် လဘက်ရည်နှင့်မုန့်များ သုံးဆောင်ရင်း ဆရာကြီးက—

"ဒို့ ဒီကိုထွက်လာတာ မင်း အံ့သြနေမှာဘဲ။ အင်္ကြင်းပင်တောရသွားပြီး ဝေဘူဆရာတော်ကို ဖူးကြမလို့။ ၄၁ ခုနှစ် ကတည်းက ဆရာတော်ထံ မရောက်ရဘူး။ ဆရာတော်ကသာ ရန်ကုန်ကို ကြွလာပြီး ချီးမြှင့်လို့ ဖူးကြရတာ။ ဆရာတော် ခြေတော်ရင်း အရောက်သွားဘို့ ကြံစည်နေတာ ကြာလပါပြီ၊ အခုမှဘဲ အောင်မြင်တော့တယ်။"

မှန်ပါသည်။ ဆရာကြီး၏ အစိုးရ အလုပ်ဝတ္တရားများက ဤကဲ့သို့ ရန်ကုန် ပြင်ပသို့ထွက်၍ ဆရာတော်၏ထံသို့ အေးအေးလူလူ ဖူးမြော်ရန် သွားခွင့်မပေးခဲ့ပါ။ ဆောင်ရွက်ခဲ့ရသည့် တာဝန် ဝတ္တရားများကိုလည်း ကြည့်ပါဦး။

ဆရာကြီးသည် ၁၉၄၈ ခုနှစ်တွင် မြန်မာပြည် လွတ်လပ်ရေးရသည်နှင့် တပြိုင်နက် ပထမဦးဆုံး ငွေဇာရင်းမင်းကြီး ရာထူးကို ထမ်းဆောင်ရသည်။ ကိုလိုနီတခေတ်လုံး ကုလားများကြီးစိုးရာ ရုံးကြီးကို မြန်မာရုံးအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ရသည်။ စစ်အတွင်းက ဖရိုဖရဲဖြစ်ခဲ့သည့် ရုံးကြီး။ ကုလားဦးရေ လျော့ပါးသွား၍ တာဝန်ကျမ်းသူ အရာရှိများ၊ ဝန်ထမ်းများ မပြည့်မစုံ ဖြစ်နေသည့် ရုံးကြီးကို အစိုးရ စက်ယန္တရားကြီးအတွင်း၌ မှန်မှန်နှင့် မြန်မြန် လည်ပတ်လာနိုင်ရန် ဆရာကြီးသည် စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့လေသည်။ တမျိုးသားလုံးအပေါ် စေတနာ အပြည့်အဝ ထား၍ ဆောင်ရွက်ခဲ့ပေသည်။ ဆရာကြီး၏ ဆောင်ရွက်မှုကို အစိုးရက ၁၉၄၉ ခုနှစ်တွင် စည်သူဘွဲ့ချီးမြှင့်၍ အသိအမှတ်ပြုခဲ့သည်။

တစိုးရတာဝန်များ ထမ်းဆောင်ရင်း တချိန်တည်းမှာပင် ဘာသာရေး လုပ်ငန်းများ လုပ်ကိုင်ပုံ၊ ငွေစာရင်းမင်းကြီးရုံး၌ ဗုဒ္ဓသာသနာ့ အကျိုးဆောင် အသင်း တည်ထောင်ပုံ၊ ထိုမှတဆင့်တက်၍ ဝိပဿနာခေတ်ပညာအသင်း ဖွဲ့၍ ပဋိပတ္တိဆိုင်ရာ သုတေသန လက်တွေ့များ စမ်းသပ်ပုံ၊ ထို့နောက် ရုံးသူရုံးသား၊ မိသားစုများပါ ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်နိုင်ရန်။ အင်းယားမြိုင် စေတီရိပ်သာ ဖွင့်လှစ်ခဲ့ပုံ၊ ဓမ္မရောင်ခြည်စေတီ တည်ဆောက်၍ နိုင်ငံခြား သာသနပြု လုပ်ငန်းများ ကျယ်ပြန့်စွာ စတင် ဆောင်ရွက်ပုံတို့ကို အထက်ပါအခန်းများတွင် အလျဉ်းသင့်သလို ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

ဤသို့ လောကီ၊ လောကုတ္တရာ၊ နှစ်ဖြာသောအကျိုးငှာ သည်ပိုး ရွက်ဆောင်ရင်း အစိုးရလုပ်ငန်းမှ အငြိမ်းစားယူရန် အချိန်သို့ နီးကပ်လာသည်။ ဆရာကြီးသည် ၁၉၅၂ ခု၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှ စတင်၍ ပင်စင်သွားရန် ခွင့် လေးလ ယူလိုက်၏။ ၁၉၅၃ ခု၊ မတ်လ (၂၆) ရက်နေ့တွင် ခွင့် လေးလ စေ့ပြီးနောက် အစိုးရအလုပ်ခွင်မှ အပြီး အငြိမ်း အနားယူခါ ဓမ္မရောင်ခြည်စေတီ၌ တရားလုပ်ငန်းကို ဇောက်ချလုပ်တော့မည်ဟု ဆရာကြီးသည် စိတ်ကူးယဉ်ခဲ့ပေသည်။

သို့သော် ဆရာကြီး စီစဉ်ထားသကဲ့သို့ သာသနာပြုလုပ်ငန်းကို အချိန်ပြည့် မဆောင်ရွက်နိုင်ခဲ့ပေ။ အစိုးရ အလုပ်မှ အနားယူမည့်နေ့တွင်ပင် အစိုးရ တာဝန်ဝတ္တရားများကို အောက်ပါ အစိုးရ ပြန်တမ်းအရ ပြန်လည်ထမ်းဆောင် ခဲ့ရပြန်သည်။

ပြည်ထဲရေး ဘဏ္ဍာရေးနှင့် အခွန်တော်ငွေ ဝန်ကြီးဌာန၊

မြို့ပြဌာနခွဲ–၃။ ၂၂–၄–၅၉၊

အမှတ်။ ။အငြိမ်းစား ရိက္ခာတော်ရ ငွေစာရင်းမင်းကြီး စည်သူဦးဘခင်အား မြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ရုံးတွင် အထူးအရာရှိအဖြစ် ခန့်အပ်လိုက်သည်။

ဦးဘခင်သည် အထူးအရာရှိ ဝတ္တရားများကို (၂၆–၃–၅၃)နေ့နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်သည်။ ယင်းရာထူးတွင် ၁၉၅၆ ခု၊ မတ်လ ၁ ရက်နေ့ထိ ထမ်းဆောင်ခဲ့ပြီးနောက် ကုန်သွယ်မှု တိုးတက်ရေး ဝန်ကြီး ဌာနသို့ အထူးအရာရှိအဖြစ်နှင့်ပင် ပြောင်းရွှေ့ ထမ်းဆောင်ခဲ့ရသည်။ ယင်းသို့ထမ်းဆောင်ရင်း ၁၉၅၆ ခု၊ ဇွန်လ ၂၁ ရက်နေ့မှ ၁၉၅၉ ခု၊ မတ်လ ၁၆ ရက်နေ့ထိ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်ကြီးမားသောတာဝန်နှစ်ခုကို တပြိုင်နက်တည်း ဆောင်ရွက်ရပြန်သည်။

အစိုးရ အမှုထမ်းရာတွင် ပြောင်မြောက်စွာ ဆောင်ရွက် ခြင်းကြောင့် နိုင်ငံတော်အစိုးရက ၁၉၅၇ ခုနှစ်တွင် သရေစည်သူဘွဲ့ဖြင့် ဆရာကြီးအား ဂုဏ်ပြုပြီးနောက် ပိုမိုကြီးလေးသော တာဝန်ဝတ္တရားများကို ထပ်မံပေးအပ်ပြန်လေသည်။ ၁၉၆၅ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတော် ကုန်သွယ်ရောင်းဝယ်ရေး စာရင်းစစ်ဌာန ညွှန်ကြားရေးဝန် ရာထူးကိုလက်ခံရပြီး။ ၁၉၅၈ ခု၊ ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လွန်စွာ လိုအပ်နေသော နိုင်ငံတော်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်းကို ဖွင့်လှစ် ပေးခါ ယင်းကျောင်း၏ ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ရပြန်သည်။

ဤရာထူးကြီးများအရ တာဝန်ကို ပြည်တွင်း၌သာ ထမ်းဆောင်ရသည် မဟုတ်သေး။ ပြည်ပသို့လည်း သွားရောက် ဆောင်ရွက်ရန် ကိစ္စရပ်များပေါ်ပေါက်ခဲ့သေးသည်။ အီးဗင်းမယ်ဒီကယ် ဆပ်ပလိုင်း လီမိတက်နှင့် နိုင်ငံတော်အစိုးရတို့ ချုပ်ဆိုသည့် စာချုပ်ကို ရပ်စဲသည့် ကိစ္စနှင့်ပတ်သက်၍ စေ့စပ်ဆွေးနွေးရန်နှင့် ဆေးဝါးလုပ်ငန်းနှင့် အခြားစက်မှု လက်မှုလုပ်ငန်းရပ်များကို လေ့

လာရန်အတွက် ကိုယ်စားလှယ်တဖွဲ့ကို အင်္ဂလန်နိုင်ငံ အနောက်ဂျာမဏီပြည်နှင့် ဆွီဒင်တိုင်းပြည်များသို့ နိုင်ငံတော်အစိုးရက စေလွှတ်ရာ ဆရာကြီးသည် အဖွဲ့ဝင်တဦးအဖြစ် ပါဝင်ရသဖြင့် ၁၉၅၉ ခု၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် အနောက်နိုင်ငံသို့ ထွက်ခွာသွားခဲ့ရပေသည်။

အထက်ဖော်ပြပါ ရာထူးကြီးများသည် အုပ်ချုပ်ရေး လက်ရွေးစဉ်၊ ပထမတန်း အဆင့်ဝင်လခ (၁၆၀၀ိ/) စား၊ ထိပ်တန်းရာထူးကြီးများ ဖြစ်ပေသည်။ ခက်ခဲလှသော ဌာနလုပ်ငန်းများကို အုပ်ချုပ် စီမံကွပ်ကဲ ရသောကြောင့် လွန်စွာတာဝန်ကြီးလှပေ၏။ သို့စဉ်လျက် ထိုရာထူးကြီး (၃–၄)ခုကို တပြိုင်နက် ထမ်းဆောင်ရန် ဆရာကြီးအား တာဝန်ချထား ပေးလေသည်။

ကိုလိုနီလက်အောက်မှ လွတ်မြောက်လာသော မြန်မာပြည်တွင် ငွေစာရင်းအင်း ဆိုင်ရာကိစ္စများတွင် တတ်ကျွမ်းသော၊ အားကိုးရသော၊ တိုင်းပြည်နှင့် အမျိုးသားအပေါ် သစ္စာရှိသော စေတနာရှိသော အထက်တန်းအရာရှိများ ရှားပါးလှ၏။ လက်ချိုးရေတွက်မှ ဦးစံလွင်နှင့် ဦးဘခင် နှစ်ဦး၊ ၎င်းတို့က သင်ကြားပေးထားသည့် လူငယ် (၄–၅) ဦး—ဤမျှလောက်သာ ရှိခဲ့၏။ ထို့ကြောင့် အစိုးရအဆက်ဆက်က ထိုအရာရှိကြီးနှစ်ဦးအား လက်မလွှတ်နိုင်ခဲ့ကြပေ။ ဤတွင် လက်မလွှတ်နိုင်ဆိုသည်မှာ မိမိ ရသင့်ရထိုက်သော ခွင့်ရက် (၁) လလောက်မျှကိုပင် ခံစားခွင့်မပေးနိုင်လောက်အောင် ဖြစ်သည်ကို အောက်ပါအတိုင်း တွေ့ရှိနိုင်ကြပေမည်။

စာအမှတ်။ ဒီစီအော်/ဂျီပီဒီ/၄၂၉။ နေ့စွဲ ၁–၂–၆၀။
နိုင်ငံတော်ငွေစာရင်းစစ်ချုပ်။ လူကြီးမင်းခင်ဗျား။

ကျွန်တော် လွန်ခဲ့သည့် (၄) နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် တာဝန်ဝတ္တရားများ၏ ဇယားကို တင်ပြရင်း၊ ဤမျှ ကြီးလေးသော တာဝန်ဝတ္တရား မြောက်မြားစွာတို့ကို မနေမနား ကြိုးစားဆောင်ရွက်ရသဖြင့် ပင်ပန်း နွမ်းနယ်ပြီ ဖြစ်သည့်အတွက် အနားယူနိုင်ရန် ကျွန်တော်အား ယခုလဆန်း (၁၀) ရက်နေ့မှစ၍ ရထိုက်သည့်ခွင့် (လုပ်သက်ခွင့်) ၄ လပေးပါရန် လေးမြတ်စွာ မေတ္တာရပ်ခံအပ်ပါကြောင်း။

လေးစားစွာဖြင့်
ပုံ ဘခင်။ ညွှန်–ဝန်။

အလျှင်အမြန်။

ဒီအို၊ အမှတ်။ အေပီ–၈၆/၆၆။ နေ့စွဲ။ ၄–၂–၆၀။

ဦးဘခင် ခင်ဗျား။ ။ဦးဘခင်၏ ခွင့်ကိစ္စနှင့်ပတ်သက်၍ ၁–၂–၆၀နေ့စွဲပါ စာ–နှင့် ၃–၂–၆၀....ရည်ညွှန်းအပ်ပါသည်။

၂။ လွန်ခဲ့သည့်လေးနှစ်ကာလအတွင်း ဦးဘခင် စွမ်းစွမ်းတမံကြိုးစား ဆောင်ရွက်ခဲ့သော တာဝန်ဝတ္တရားများမှာ အခြားပုဂ္ဂိုလ်တဦး တယောက် အနေနှင့် အောင်မြင်စွာ ထမ်းဆောင်နိုင်မည် မဟုတ်သည့်ပြင် လွန်စွာများ မြောင်၍ ကြီးလေးသော တာဝန်များဖြစ်သည်ကို ကျွန်တော်ကိုယ်တိုင် အထူး သက်ဝင်ယုံကြည်ပါသည်။ ယင်းသို့ ''ဝန်နှင့်အား'' မမျှသည့် တာဝန်ဝတ္တရား များကို လေးနှစ်ကျော်ကာလပတ်လုံး အစဉ်တစိုက်ထမ်းဆောင်ခဲ့ရသည့်အတွက် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်၍ အနားယူကောင်း ယူချင်လိမ့်မည်ဟု ကျွန် တော် ကြိုတင်အောက်မေ့ခဲ့မိပါသည်။

၃။ သို့ရာတွင် ယခုအချိန်၌ ဗိုလ်ချုပ်ကြီးဦးစီးသော နိုင်ငံတော်အစိုးရ ကူးသန်းရောင်းဝယ်ရေး ဌာနအား အထူး ယုံကြည်အားထားပြီး ပေးအပ်ထား သည့် တာဝန်ဝတ္တရားများမှာ သာမန် လုပ်ရိုးလုပ်စဉ် ဝတ္တရားများသာမဟုတ် ဘဲ၊ ဦးဘခင်ကိုယ်တိုင် ကြပ်မတ်ကွပ်ကဲဦးစီး၍ ဗိုလ်ချုပ်ကြီး အစိုးရလက်ထက် တွင်ပင်လျှင် ဆုံးခန်းတိုင် ရောက်သည်အထိ ပိုင်ပိုင်နိုင်နိုင် ပြီးစီးထမြောက် အောင်မြင်အောင်၊ ဆောင်ရွက်ရန် တာဝန်ရှိသည့်လုပ်ငန်းများ ဖြစ်သည်ကို ဦးဘခင် အသိပင်ဖြစ်ပါသည်။ ဦးဘခင်မှလွဲ၍ ကူးသန်းရောင်းဝယ်ရေးဝန်ရုံးရှိ အခြားအရာရှိ တဦး ဦး အား လွှဲပြောင်းတာဝန်ပေးပြီး ထမ်းဆောင်စေရန် ယခုအချိန်တွင် ဖြစ်နိုင်လိမ့်မည်ဟု ကျွန်တော် မယုံကြည်ပါ။ နိုင်ငံတော်အစိုးရ အနေနှင့်လည်း ယုံကြည် ကိုးစား၍ ပေးအပ်ထားသည့် တာဝန်များကို ၎င်းတို့ ယုံကြည်ကိုးစားသည်နှင့်အညီ ပြီးစီး ထမြောက် အောင်မြင်အောင် အချိန်မီ ဆောင်ရွက် လိမ့်မည် ဟု ယူဆမည်မှာ အမှန် ဧကန်ပင် ဖြစ်ပါသည်။

၄။ မင်္ဂဖိုလ်နိဗ္ဗာန် ရည်သန်၍ ကုသိုလ်တရား ပွားများ အားထုတ်ရန် အတွက် တောင်းဆိုသည့် ခွင့်ကို ခွင့်ပြုရန် များစွာအာသီသ ရှိပါသော်လည်း၊ အထက်ဖော်ပြပါ အကြောင်းများကြောင့် ဦးဘခင်တောင်းဆိုသည့်ခွင့်ကို ယခု အခိုက်အတန့်တွင် ခွင့်ပြုရန်ခဲယဉ်းမည်ဖြစ်ပါသဖြင့်၊ ခေတ္တ ရွှေ့ဆိုင်းပြီး နောင်

ဆက်ခံမည့်အစိုးရ တက်ရောက်မှသာ ခွင့်ယူလိုပါက ယူသင့်ကြောင်း ဝမ်းနည်းစွာ အကြောင်းပြန်ကြားအပ်ပါသည်။

သစ္စာရှိစွာဖြင့် ပုံ-စံလွင်။

ဤသို့သောအခြေအနေအရ၊ အစိုးရတာဝန်များကို မနားမနေ ကြိုးပမ်းခဲ့ရ၏။ တဖက်တွင်လည်း ဓမ္မရောင်ခြည် စေတီရိပ်သာတွင် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်း၏ နိုင်ငံခြား သာသနာပြုလုပ်ငန်းမှာ တဟုန်ထိုး၊ တိုးတက်လျက်ရှိ၏။ နေ့မအား ညမအား လောကီ၊ လောကုတ္တရာ တာဝန်များကို မငြီးမငြူ ထမ်းဆောင်နေခဲ့ပုံကို ကျွန်တော် ကိုယ်တွေ့ မြင်သိပြီး ဖြစ်၏။ ၁၉၆၄ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အငြိမ်းစား ယူခဲ့သော်လည်း နှစ်ရှည် လများ မနိုင်သောဝန် ထမ်းခဲ့ရသော ဒဏ်များကြောင့် ခွဲစိတ်ကုသရသည်အထိ ရောဂါဝေဒနာ ခံစားခဲ့ရလေသည်။ ခရီးပြင်း မသွားနိုင်၍ ဆရာတော် ထံသို့ ဆောလျင်စွာ သွားနိုင်ခြင်း မရှိခဲ့ပေ။ ယခုမှ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာသဖြင့် ရန်ကုန်မှ ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

× × ×

"လှထွန်းအပြင် ဘယ်သူ့မှ မခေါ်ခဲ့တာက ဆရာတော်ထံ ဒုလ္လဘရဟန်းခံပြီး အဓိဋ္ဌာန်လုပ်ငန်း လုပ်မလို့။ မင်းလဲ ရဟန်းခံမလား"

"ဟုတ်ကဲ့ ဆရာကြီး" မဆိုင်းမတွပင် စိတ်အားထက်သန်စွာ ပြန်ပြောလိုက်မိ၏။

လဘက်ရည်ပွဲကို သိမ်းပြီးနောက် ကျွန်တော်တို့သည် မေမြို့သို့ ခရီးဆက်လက် ထွက်ခဲ့ကြပါသည်။ မမျှော်လင့်ဘဲ ရောက်ရှိလာသော ဘခင်သဖွယ်၊ ဆရာကြီး အား ကျွန်တော်၏ မိသားစုက ဝမ်းပမ်းတသာ ခရီးဦး ကြိုဆိုကြ၏။ အမွန်အမြတ် ကျွေးမွေးဧည့်ခံကြ၏။ ထို့နောက် ချမ်းသာယာစွာ သက်တောင့်သက်သာ တညတာ နားနေကြစေ၏။

× × ×

နောက်တနေ့ (၁၇-၆-၆၅) တွင် အိမ်မှ ချက်ပြုတ် ပြင်ဆင်ပေးလိုက်သော ထမင်းချိုင့်နှင့် ရေပုလင်းများကို ယူဆောင်၍ အင်ကြင်းပင် ကမ္မဋ္ဌာန်းဌာနသို့ ရှေ့ရှု၍ ခရီးထွက်ကြသည်။ မန္တလေး ဈေးချိုတွင် လူစီကား

တိုးဝှေ့မှု ရှောင်ရှားရန်နှင့် ခရီးမထောက်စေရန် ကျွန်တော့်အတွက် လိုအပ်သော **ပရိက္ခရာ** ပစ္စည်းများကို မဟာမြတ်မုနိဘုရားကြီး၏ အရှေ့စောင်းတန်းမှ ဆိုင်များ၌ ဝယ်ယူခဲ့ကြသည်။ ထိုအချိန် သက်န်းကြီး တရိစုံနှင့် ထီး၊ ဘိနပ်၊ သပိတ် အပါအဝင် **ပရိက္ခရာ** အစုံကို ငွေကျပ်တရာ ကျော်ကျော် မျှသာပေး၍ ဝယ်နိုင်ခဲ့သည်။

နံနက် ၁၁ နာရီ ကျော်ကျော်တွင် စစ်ကိုင်းမြို့၊ နန်းတော်ရာ ရပ်ရှိ ကျွန်တော့်မရီးနေထိုင်ရာအိမ်သို့ ရောက်ရှိကြ၏။ ယင်းအိမ် ညှော့ခမ်း၌ အသင့်ယူဆောင်လာသော စားသောက်ဖွယ်ရာများဖြင့် ထမင်းပွဲပြင်ဆင်၍ ဆရာကြီးအား နံနက်စာ သုံးဆောင်စေပါသည်။ ခရီးဆက်လက် ထွက်ခဲ့ကြပြီးနောက် လမ်းတွင် ကောင်းမှုတော်စေတီတော်ကြီးကို ခေတ္တဝင်ရောက်ဖူးမျှော်ကြသည်။ ရွှေဘိုမြို့တွင် ကျွန်တော်၏ကျောင်းနေဘက်ငယ်သူငယ်ချင်း အမိန့်တော်ရရှေ့နေ ဦးဖေတင် ဒေါ်မိမိကြီးတို့ နေအိမ်သို့ ဝင်ရောက် နားနေရင်း လဘက်ရည်သောက်ကြသည်။

ကျေးဇူးရှင် ဝေဘူဆရာတော် သီတင်းသုံးနေတော်မူရာ ခင်ဦးမြို့နယ် အင်ကြင်းပင်တော်ရသို့ ညနေ ၄ နာရီခွဲအချိန် ရောက်ရှိသွားကြသည်။ လမ်းတလျှောက်လုံး မိုးတိမ်များ အုံ့ဆိုင်းနေသဖြင့် နေပူဒဏ်မှ ကင်းလွတ်ခါ ပင်ပန်းနွမ်းနယ်မှုမရှိဘဲ၊ ဆရာတော်ထံမှောက်သို့ ရောက်ခဲ့ကြပေသည်။ ရောက်ရှိသည်နှင့်တပြိုင်နက် ဦးသုမနအား အကျိုးအကြောင်း လျှောက်ထားရာ ဦးသုမနက ဆရာကြီးဦးဘခင်နှင့် ဦးကိုလေးတို့ ရောက်ရှိလာကြောင်းနှင့် ရည်ရွယ်ချက်ကို ဆရာတော်အား သွားရောက် လျှောက်ထားလေသည်။

ဆရာကြီးနှင့် ကျွန်တော်တို့အား ရွှေဘိုခရိုင်၊ ဇီးကုန်းမြို့၊ ဆန်စက်ပိုင်ရှင် ဦးဘတူ၊ ဒေါ်မှင်တို့၏ ခေမာသိဂီတိုက်ကျောင်းဆောင်တွင် နေရာချထားပေးသည်။ ထို့နေ့ ညဦး ၇ နာရီအချိန်ခန့်တွင် ပေါက်တော ဆရာတော် ဦးသာသနက ဆရာကြီးနှင့် ကျွန်တော်အား သာမဏေအဖြစ်သို့ ချီးမြှောက်ပြီးနောက် ည၌ ၈ နာရီအချိန်တွင် ဆရာတော်ဘုရားကြီးထံသို့ သွားရောက် ဖူးမျှော်ကြသည်။ ဆရာကြီးက ဆရာတော်ထံ ရောက်ရှိလာသည့် အကြောင်းရင်းကိုလျှောက်ထား၍ ကျွန်တော်တို့နှစ်ဦး၏ ဥပဇ္ဈာယ် ဆရာအဖြစ် ခံယူတော်မူရန် တောင်းပန်သည်ကို ခွင့်ပြုတော်မူသည်။ ဆရာတော်ဘုရားက ဆရာကြီးအား ဘာနေ့သားဖြစ်သလဲ၊ ငယ်ရွယ်စဉ်က သာမဏေဘွဲ့ မှတ်မိသလားမေးရာ ဆရာ

ကြီးက တနင်းနွေဘွားဖြစ်ကြောင်း၊ ရှင်သာမဏေ ဝတ်စဉ်အခါက ရွှေဂုံတိုင် ဆရာတော်ဘုရားကြီးက ရှင်ကုသလဟု ဘွဲ့မည်ချီးမြှင့်ခဲ့ကြောင်း လျှောက်ထားသည်။ ''ဒကာကြီးနှင့် သင့်တော်တဲ့ ဘွဲ့ပေဘဲ၊ ရဟန်းဘွဲ့လည်း ရှင်ကုသလပေါ့'' ဟု မိန့်မြွက်တော်မူပါသည်။ ပထမအကြိမ် ပဥ္စင်းတက်စဉ်ကဘွဲ့ကို ဆရာတော် ကမေးမြန်းတော်မူရာတွင် ကျွန်တော်က မလျှောက်ထားနိုင်သဖြင့် ဆရာတော်က ခေတ္တစဉ်းစားပြီး။ ''စနေသားဆိုတော့ ရှင်တေဇိန္ဒပေါ့ဗျာ'' ဟု ကျွန်တော် အတွက် ဘွဲ့မည်သတ်မှတ် ပေးတော်မူလိုက်ပါသည်။

(၁၈–၆–၆၅) ရက်နေ့ နံနက် (၉) နာရီကျော်တွင် ပရိသတ်များ စုဝေးလျက်ရှိသော ဓမ္မာရုံသို့သွားရောက်၍ ဆရာတော်အား ဖူးမြော်ကြသည်။ တရားဓမ္မများ ဟောကြားပြီးနောက် ဆရာတော်က ရဟန်း လောင်း လှည့်ပွဲ အစီအစဉ်ကို ပြုလုပ်စေသည်။ ယခင်တကြိမ် ရဟန်းခံစဉ်ကအတိုင်းပင် ဂေါစရဂံ ရွာများမှ လူကြီးလူရွယ်များက ရဟန်းလောင်းများကို ဝေါများတွင်တင်၍ ပခုံးဖြင့်ထမ်းကြပြီး ကျောင်းဝင်းတပတ် လှည့်လည်ပူဇော်ခြင်းကို ခံယူရသည်။ ဝေါများနောက်မှ အမျိုးသမီးများက ကွမ်းတောင်၊ ပန်းတောင်များ ကိုင် ဆောင်၍ စီတန်းလိုက်ကြပြီး။ ဗုံကြီးအဖွဲ့၊ ဗျောအဖွဲ့များလည်း ပါဝင်ကြ သည်။ ထိုနေ့နံနက်တွင် ကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာမဏေ အပါး (၅၀) ကျော်ခန့်ကို ဆရာကြီးက ဆွမ်းအလှူဒါန ပြုလေသည်။

မွန်းလွဲ (၁) နာရီကျော်တွင် ဆရာကြီးနှင့် ကျွန်တော်တို့သည် ''တိ လောက သဗ္ဗညုစေတီ'' အရှေ့ဘက်၌ တည်ရှိသည့် သိမ်သို့ သွားရောက်၍ ကျောင်းရှိ သံဃာများနှင့်အတူ ခေတ္တ စောင့်ဆိုင်းနေကြရသည်။ ဆရာတော် ဘုရားကြီး ကြွရောက်တော်မူလာသောအခါ ဆရာကြီးနှင့် ကျွန်တော်တို့သည် ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ခံယူ၍ ပဗ္ဗဇ္ဇိတ ဒုလ္လဘ ရဟန်းအဖြစ် သာ သနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြသည်။ ကမ္မဝါဆရာတော်များမှာ ပေါက်တော ကျောင်း ဘုန်းကြီး ဦးသာသန၊ စေကြီးကျောင်း ဘုန်းကြီး ဦးအာစရ၊ ဝေဘူ ကမ္မဋ္ဌာန်းကျောင်း ဆရာတော် ဦးဥာဏ၊ အင်ကြင်းပင်တိုက် ဦးသုမန စသည် တို့ဖြစ်၍ မွန်းလွဲ (၂) နာရီ (၆) မိနစ်အချိန်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိ ကြသည်။ ထိုနေ့ နံနက်မှစ၍ မိုးအုံ့ဆိုင်းနေသဖြင့် နေ ဖဝါးတိုင်း၍ မရခဲ့ ပေ။ ဆရာတော်များ ချီးမြှင့်တော်မူလိုက်သည့် ရဟန်းခံ ရက်ချုပ်မှာ အောက် ပါအတိုင်း ဖြစ်ပေသည်။

## "ရဟန်းခံ ရက်ချုပ်"

တိလောကမျက်ရှု၊ သဗ္ဗညု၏ ခွင့်ပြုခဲ့ရာ၊ သာသနာနှစ်၊ သက္ကရာဇ် ကား၊ ၂၅၀၉-ခု၊ လူတို့ဝေါဟာ၊ ကောဇာရောက်လစ်၊ သက္ကရာဇ် ကား၊ ၁၃၂၇ ခု၊ ဥတုဂိမန္တ၊ နယုန်လဆုတ် (၄) ရက်၊ သောကြာနေ့ မွန်းလွဲ ၂း နာရီ ၆းမိနစ် အချိန်တွင် အင်ကြင်းပင် ကမ္မဌာန်းကျောင်း ဆရာတော်ဘုရား ကြီးကို ဥပဇ္ဈာယ်ပြု၍

ပထပကမ္မဝါဆရာတော်....ပေါက်တောကျောင်းဆရာတော်။

ဒုတိယ .... ။ ―― စောကြီးဆရာတော် ဦးသာသန၊ ဦးအာစရ။

တတိယ .... ။ .... ကမ္မဌာန်း ဦးဥာဏ။

အစရှိသော ကမ္မဝါဆရာ အသီးသီးတို့နှင့်တကွ ကာရကသံဃာတော် (၁၈) ပါးတို့၏ ရှေ့တော်မှောက်၌--ရှင်ကုသလ နှင့် ရှင်တေဇိန္ဒ တို့အား ယုတ် နိမ့်သော ရှင်သာမဏေဘဝမှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ချီးမြှင့်တော်မူ လိုက်သည်။

ရဟန်းဖြစ်မြောက်လာသည့်အခါ လူအများ တည်းခိုနေထိုင်ရန်အပိုင်း တွင် ရှိသည့် ခေမာသိဂီကျောင်းဆောင်မှ သံဃာတော်များ သိတင်းသုံးရာ အပိုင်းတွင်ရှိသည့် ရန်အောင်မင်္ဂလာတိုက်ကျောင်းသို့ ညနေ (၄) နာရီခွဲအချိန် တွင် ပြောင်းရွှေ့ကြသည်။ ကျောင်းဒါယကာ၊ ဒါယကာမများမှာ မုံရွာ ရှမ်းတောရပ်၊ ဈေးလမ်း၊ အထွေထွေကုန်သည် ဦးအောင်၊ ဒေါ်ရင် သား သမီးတို့ ဖြစ်သည်။ ထိုတိုက်ကျောင်းမှာ တထပ်တိုက် အသစ်စက်စက်ဆောက် ပြီးစဖြစ်၍ ဦးကုသလနှင့် ဦးတေဇိန္ဒတို့မှာ ထိုကျောင်းတွင် ပထမဦးဆုံးသိတင်း သုံးသော ရဟန်းများ ဖြစ်ကြပေသည်။ ရေပိုက်ဆက်သွယ်ထား၍ ရေဆွဲအိမ် သာ၊ ရေချိုးခန်း၊ လျှပ်စစ်ဓာတ်မီး စသည်ဖြင့် ပြည့်စုံသောကြောင့် အဆင် ပြေစွာ နေထိုင်ခဲ့ကြပေသည်။ ဆရာကြီး(ဦးကုသလ)က ကျောင်းတိုက်အဝင်ဝ ဦးခန်းတွင် နေရာယူ၍ ကျွန်တော် (ဦးတေဇိန္ဒ) က ရေချိုးခန်းနှင့် ကပ်လျက်ရှိ သော နောက်ခန်းတွင် နေထိုင်ခဲ့ပါသည်။ အဆင်သင့်စွာပင် ထိုကျောင်းတိုက် နောက်ဘက်၌ တယောက်ထိုင် ဝါးတဲကမ္မဌာန်းကျောင်းငယ်တခု တည်ရှိလေရာ ကိုလှထွန်းက ထိုတဲကျောင်း၌စခန်းချ၍ အာရုံဆွမ်း၊ဖျော်ရည် စသည့် အဟာရ များဖြင့် ပြုစုစောင့်ရှောက်ခဲ့ပါသည်။

ညနေ (၅) နာရီအချိန်တွင် ပိဋကတ် တိုက်ကျောင်း၌ သံဃာတော်အများနှင့် ဆရာတော်အား ဝတ်ပြုကြပြီးနောက် ညနေ (၆) နာရီခန့်တွင် ဆရာတော်ဘုရား၏ စံကျောင်းသို့သွားကြ၍ ဆရာကြီးက အောက်ပါပစ္စည်းများ ဆက်ကပ်လှူဒါန်းပါသည်။

(၁) ပိဋကတ်တော် ....(၁) စုံ။
(၂) သင်္ကန်းဒွိစုံ ....(၅) စုံ။
(၃) ထီး ....(၅) လက်။
(၄) ဖိနပ် ....(၅) ရံ။
(၅) ဗန္ဓုလကွမ်းစောင်....(၁) ထည်။

(၁၉-၆-၆၅)။ ၁၃၂၇ ခု၊ နယုန်လဆုတ် (၅) ရက်၊ စနေနေ့၊ ရဟန်းဘဝနှင့် နေထိုင်စဉ် အင်းယားမြိုင် စေတီရိပ်သာ အချိန်ဇယားနှင့်အညီ တရားအားထုတ်ရန် ဆုံးဖြတ်ထားသည့်အတိုင်း နံနက် (၄) နာရီမထိုးမီ အိပ်ရာမှထသည်။ ဆရာကြီးသည် ဘယ်အချိန်က ထနှင့်သည်မသိ။ ကုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်၍ တရား အာရုံပြုနေသည်ကို တွေ့ရသည်။ ယခင် ပထမအကြိမ် ရဟန်းဝတ်စဉ်က တရားအားထုတ်ခဲ့သည့် "တိလောကသဗ္ဗညု" စေတီရင်ပြင်၌ တရားရှုရန် ထွက်ခွာခဲ့ရာ၊ ဝေဘူဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ယာဂုဆွမ်းကပ်လှူပူဇော်နေသည်ကို ကြည်ညိုခဲ့ရသည်။ ဆရာကြီးလည်း မည်သည့်အချိန်က ရောက်လာသည်မသိ၊ ဆရာတော်ကြီး ဆွမ်းကပ် လှူနေခြင်းကို ကြည်ညိုသွားနိုင်ခဲ့သည်။

နံနက် အာရုံဆွမ်း၊ ယာဂုဆွမ်း စသည် သုံးဆောင်ပြီးနောက် ကျောင်းဆောင်မှာပင် တရား ဆက်လက်ထိုင်သည်။ ဆရာကြီးက မောဓိပင်ပျိုသို့သွား၍ ရေသွန်းလောင်းသည်။ မောဓိဓာတ်ဖွင့်သည်။ ပဋ္ဌာန်း ရွတ်ဖတ်သည်ဟု သိရသည်။

နေ့ဆွမ်း စားပြီးနောက်လည်း အင်းယားမြိုင် အချိန်ဇယားအတိုင်း တရားအားထုတ်ပြန်သည်။ ညနေ (၅) နာရီကျော်မှ (၉) နာရီတိုင်အောင် စင်္ကြံန်လျှောက်ခြင်း၊ဆရာတော်အား သွားရောက် ဖူးမျှော်ခြင်း၊ ဝတ်ပြုခြင်း ပြုလုပ်သည်။ (၉) နာရီမှ (၁၁) နာရီထိ၊ တရားအားထုတ်ပြီး အိပ်ရာဝင်သည်။ ဤသို့ဖြင့် ရဟန်းဘောင်ရှိနေစဉ်အတွင်း နေ့စဉ်ဆောင်ရွက်ခဲ့ရာ၊ ရဟန်း

သိက္ခာတော်များကို ယခင်အကြိမ်ကထက် ပိုမိုလုံခြုံစွာ စောင့်ထိန်းနိုင်ခဲ့သည်ဟု ယုံကြည်မိပေသည်။

ဆရာကြီးသည် တရားအာရုံပြုသည့်အချိန် နည်းပါးသော်လည်း ဗောဓိပင်ရိပ်တွင်၎င်း၊ ကျောင်းခန်းတွင်၎င်း၊ ဥဒါန်းဂါထာများ၊ ပဋ္ဌာန်း ဥဒ္ဒေသ၊ နိဒ္ဒေသ၊ ပဋ္ဌာန်း ပစ္စယဝါရနှင့် မဟာသမယသုတ်များ ရွတ်ဖတ်ပူဇော်ရန် အချိန်များစွာ အသုံးပြုခဲ့ပေသည်။

(၂၀-၆-၆၅) ရက် နံနက်အာရုံ ဆွမ်းအပြီး ကျောင်းဝင်း တပတ်လမ်းလျှောက်ထွက်ကြရာ၊ ဆရာတော်ဘုရား စင်္ကြန်လျှောက်တော်မူနေသည်ကို ဖူးတွေ့ရသည်။ လက်တွင် တံမြက်စည်းတချောင်းကို ကိုင်လျက် အမှိုက်သရိုက်တွေ့သမျှကို လှည်းကျင်းတော်မူသွားသည်။ အထူး သဖြင့် ၁၂ ရာသီပင်များမှ ကြွေကျနေသည့် ပန်းပွင့်များကို လှည်းကျင်း စုရုံးထားတော်မူခဲ့လေသည်။

× × ×

ယခင်က အင်ကြင်းပင်တောရသို့၎င်း၊ ကျောက်ဆည် ဝေဘူချောင်သို့၎င်း၊ ရောက်ရှိတိုင်း ဆရာတော်၏ တနေ့တာ ဆောင်ရွက်မှုများကို အသေးစိတ်လေ့လာ မှတ်သားခဲ့ဘူးသည်။ ည ၁၀ နာရီခွဲကျော်ကျော်ထိ ဆရာတော်အားဝတ်ပြုခဲ့ကြပြီးနောက် စံတော်မူရာ ကျောင်းတော်သို့ ဆရာတော်အားပို့ဆောင်ကြသည်။ ကျောင်းတွင်းမှ ဆရာတော်က တံခါးမင်းတုန်း ထိုးပြီးသောအခါ မိမိတို့တည်းခိုရာ ကျောင်းဇရပ်သို့ အသီးသီးပြန်ကြ၍ ညဥ့်လုံးပေါက် ကမ္မဋ္ဌာန်းတရား အားထုတ်ကြရသည်။

ကျောက်ဆည်တွင် ကျွန်တော်တည်းခိုသော (၄က်နီ လ ဘက် ခြောက်) ဦးလှပေါ်၏ ဇရပ်မှ ဆရာတော်၏ စံကျောင်းကို အတိုင်းသား မြင်နိုင်ပေသည်။ ကျွန်တော်မှတ်သားရသည့်အတိုင်း ဆရာတော့် စံကျောင်းမှ မီးရောင်သည် နာရီပြန် ၂ ချက်ကျမှ ငြိမ်းသွားလေ့ ရှိသည်။ နံနက် ၄ နာရီတွင် မီးရောင်ပြန်လင်းလာပြီး ဆရာတော်သည် ကျောင်းတိုက်မှ ထွက်တော်မူလာသည်။ နောက်မကြာမီ အာရုံဆွမ်း အလို့ငှာ ဆွမ်းစားကျောင်းသို့ ကြွတော်မူလာသည်။ အာရုံဆွမ်းဘုန်းပေးပြီးနောက် တံမြက်စည်း တချောင်းကိုင်စွဲ၍ ကျောင်းဝင်းတဝင်းလုံး အနှံ့အပြား လျှောက်သွားတော်မူသည်။ သံဃာ

တော်များ သတင်းသုံးရာ အထက်ပိုင်းမှ၊ အောက်ပိုင်း သီလရှင်များ နေထိုင်ရာ ဇရပ်ဝိုင်းအထိ ကြွတော်မူသည်။ တွေ့ရာ နေရာတွင် အမှိုက်သရိုက်များကို လှည်းကျင်းသွားသည်။ ညနေ ၄ နာရီကျော်ကျော်တွင်လည်း ဆရာတော်သည် ကျောင်းဝင်းထဲသို့ တကြိမ်လှည့်လည်တော်မူပြန်သည်။

ကျေးဇူးရှင် ဝေဘုဆရာတော်ဘုရားကဲ့သို့ပင် စစ်ကိုင်းဝါးချက်ရွာ မင်းကျောင်းဆရာတော်နှင့် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးများ သည်လည်း ထူးကဲသော ဝီရိယရှင်များ ဖြစ်တော်မူကြောင်း မှတ်သားခဲ့ရဘူးသည်။ ထိုဆရာတော်ဘုရားကြီးများသည် ကျောင်းနေသံဃာများ အိပ်ရာမှ မထကြသေးခင်၊ ကျောင်းဝင်းအတွင်း၌ တံမြက်လှည်းခြင်း၊ သောက်ရေအိုးများတွင် ရေအပြည့်ဖြည့်ခြင်းစသည့် ဝတ်ကိစ္စများကို အမြဲပြုလုပ်ကြသည်ဟု ကြားရဘူးသည်။

ဤ သူတော်အရှင်မြတ်များသည် ဘုန်းကံ ကြီးမားတော် မူကြသည်။ တပည့်ပေါင်း များစွာ ခြံရံလျက် ရှိကြသည်။ သို့စင်လျက် ဤသို့ အသေးအဖွဲ့ကိစ္စရပ်များကို အဘယ့်ကြောင့် ကိုယ်တော်တိုင် ဆောင်ရွက်နေကြပါသနည်းဟု ယခင်က စဉ်းစားကြည့်ခဲ့မိသည်။ ပါရမီ ဖြည့်ကြခြင်းဟုသာ သာမန်ထင်မှတ်ခဲ့သည်။ ယခုအကြိမ်တွင် ဆရာတော်များ၏ ကြီးမားသော မေတ္တာစေတနာတော်များကို မြင်မိလာ၍ အထူး ကြည်ညိုသဒ္ဓါ ပွားများရပေသည်။

သာမန်ပုဂ္ဂိုလ်များအတွက် ကမ္မဋ္ဌာန်းတရား လုပ်ငန်းတွင် ထိနမိဒ္ဓသည် ကြီးစွာသော အတားအဆီး မဟုတ်ပါလော။ ထိန မိဒ္ဓ ဆိုသည်မှာ တရားထိုင်နေစဉ် ငိုက်မျည်းခြင်း ဟူ၍သာ အဓိပ္ပာယ်ကောက်ယူလျှင် ပြည့်စုံမည် မဟုတ်ပါ။ မိမိခန္ဓာကိုယ်တွင်း၌ စွဲကပ် ကိန်းအောင်းနေပြီး တွေဝေထိုင်းမှိုင်း လေးလံမှု ဖြစ်စေသော အပျင်းဓာတ်ပင် ဖြစ်ပေသည်။ ယင်း အပျင်းဓာတ်၏ ညှဉ်းပမ်း နှိပ်စက်ခြင်းမှ လွတ်မြောက်ရန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဝီရိယိဒ္ဓိ ထူထောင်ပါ ဟု တရား ဟောကြားတော်မူတိုင်း တိုက်တွန်းတော် မူပေသည်။ မည်သို့ ထူထောင်ရမည်ကို ဆရာတော်က နေ့စဉ်ပင် လက်တွေ့ ပြသပေးနေတော်မူခြင်း ဖြစ်ရကား လွန်စွာ ကျေးဇူး ကြီးမားတော်မူလှပါ၏။

ဆရာကြီး ဦးဘခင်သည်လည်း ဝီရိယ ထူးကဲလှသည့် ပုဂ္ဂိုလ် ကြီး ဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ အစိုးရကိစ္စများကို တနေကုန် ထမ်းဆောင်ပြီးနောက် ဓမ္မရောင်ခြည် စေတီရိပ်သာသို့ ညနေ (၄) နာရီလောက်

တွင် ပြန်ရောက်သည်။ (မမွှေးရောင်ခြည်စေတီ တည်ဆောက်ပြီးကတည်းက ဆရာကြီး သည် မိသားစုနှင့် အိမ်တွင် အတူမနေတော့ဘဲ၊ ရိပ်သာတွင် အမြဲနေထိုင်သည်။ နံနက် ရုံးအသွားနှင့် ညနေ ရုံးအပြန်တွင်သာ အိမ်သို့ ခေတ္တ ဝင်လေ့ရှိသည်။ ) စေတီရောက်သည်နှင့် တရားစစ်၊ တရား ဟောပြော၊ ဆွေးနွေး တရား ပေးရသည်။ ညတွင် (၁၀) နာရီ တရားချိန်အပြီး၌ အိပ်ရာ ဝင်သည်။ ကျွန်တော်သည် နံနက် (၄) နာရီ တရားချိန်ဝင်ရန် အိပ်ရာ ထတိုင်းလိုပင် သူ အရိပ်တကြည့်ကြည့် ပြုစုပျိုးထောင်ထားသော သစ်ခွ၊ ဂမုန်း၊ သဇင်၊ နှင်းဆီ ပန်းပင်များကို ပိုက်လုံးဆွဲ၍ ရေဖျန်းပြီး ဖြစ်နေသော ဆရာကြီးအား တွေ့ရပေသည်။ (၆) နာရီ နံနက်လဘက်ရည်သောက်ပြီးနောက် တရားသမားများကို စစ်ဆေး မှာကြားပြီး (၉) နာရီတွင် ရုံးသို့ ထွက်သွားဘည်။ ဤသို့ဖြင့် အချိန်ကို အနည်းငယ်မျှ အလဟဿမဖြစ်စေဘဲ နေ့စဉ် ဝတ္တရားများကို မနားမနေ ဆောင်ရွက်ခဲ့ပုံများကို မြင်တွေ့ခဲ့ရသည်။

× × ×

ထိုနေ့နံနက် ဆရာတော်ကို တံမျက်စည်း ဆွဲကိုင်လျက် တွေ့မြင်ခဲ့ရာမှ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်တို့၏ ဝိရိယဆန္ဒ လွန်ကဲကြီးမားပုံကို ဆင်ခြင်သုံးသပ် နေမိခဲ့ပေသည်။

(၇) နာရီ (၂၀) ခန့်တွင် ဆရာတော်သည် ရန်အောင်မင်္ဂလာကျောင်းတိုက်ရှေ့သို့ ရောက်လာသည်။ ပတ်ဝန်းကျင်၌ သန့်ရှင်းရေးလုပ်ဆောင်နေကြသော ဒါယကာအချို့နှင့်အတူ တံမျက် လှည်းကျင်းပြီးနောက် ကျွန်တော်တို့ နေထိုင်သည့်ကျောင်းတိုက်တွင်းသို့ ဝင်ရောက်၍ချီးမြှင့်တော်မူသည်။ ဆရာတော်သည် ကျောင်းခန်း ဗဟိုအထိကြွတော်မူလာ၍ မတ်တတ်ရပ်လျက်ပင် ကျွန်တော်တို့၏ ကန်တော့ပူဇော်ခြင်းကိုခံယူတော်မူပါသည်။ နှုတ်မှခပ်မဆိတ်နေတော်မူသော်လည်း မျက်လုံးတော်အစုံဖြင့် အခန်းများကိုလှည့်ပတ်သုံးသပ်ပုံ၊ ကျွန်တော်တို့အား ကြည့်ရှုပုံတို့မှာ "ဦးပဉ္စင်းကြီးများ ချမ်းသာကြရဲ့လား၊ သပ္ပါယဖြစ်ကြရဲ့လား" ဟု ပဋိသန္ထာရ စကားများ ဖွင့်ဟမြွက်ဆိုသည့်နှယ် အဓိပ္ပာယ်ကြွယ်လှပေသည်။

ဆရာတော်ဘုရား၏ ချက်မြုပ်နေရာတွင် စေတီတည်ရန်အတွက် ကျပ်ငွေ ၃၀၀ိ/ လှူရန်နှင့် ဗောဓိပင်ပျိုးများ စိုက်ပျိုးထားရာ ဗောဓိပလ္လင်ကို ပိုမိုကောင်းမွန်အောင် မွမ်းမံ ပြုပြင်ရန်အတွက် ကျပ်ငွေ ၂၀၀ိ/ လှူဒါန်းရန်

ဆရာကြီးက လျှောက်ထားရာ ခွင့်ပြုတော်မူသည်။ ကျောင်းဝင်းအတွင်းစိုက်ပျိုးရန် ဂန့်ကော်၊ သရဖီ စသည့် ပန်းပင်များစုဆောင်း၍ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်ကိုလည်း လက်ခံတော်မူပြီး ပြန်လည် ကြွသွားတော်မူလေသည်။

ကျွန်တော်တို့ ရောက်ရှိသွားစဉ်က ဆရာတော်ဘုရား၏ ချက်မြုပ်နေရာတွင် စေတီတည်ထားရန် စီစဉ် စိုင်းပြင်းနေကြချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ဆရာတော်ဘုရား မွေးဖွားရာ အင်ကြင်းပင်ရွာသည် လက်ရှိကျောင်းတိုက်ကြီး၏ အရှေ့ဘက် (၄) ဖာလုံခန့်တွင် တည်ရှိပါသည်။ကျောင်းဝင်း အရှေ့မုဉ်မှ လှည်းလမ်းအတိုင်းလိုက်သွားလျှင် မကြာမီ အင်ကြင်းပင်ရွာသို့ ရောက်ပေမည်။ ရွာ၏ အနောက် ယွန်းယွန်း၊ ရွာစည်းရိုးနှင့် ကပ်လျက် ဆရာတော်မိဘများ အိမ်တည်ရှိရာ၊ ထိုနေရာတွင် ဆရာတော်၏ ရွှေချက်သို စေတီတည်ဆောက်ကြရန် စီစဉ်နေကြပေသည်။

ကျောင်းဝင်းအတွင်း အနောက်မြောက်ဖက်ထောင့်တွင် ဆရာတော်စိုက်ပျိုးထားသော ဗောဓိပင်ပျိုသည် တိုးတက် ကြီးပွားလာနေသည်။ နောက်ထပ်လည်း ဗောဓိပင်ငယ် (၂) ပင် စိုက်ပျိုးထားပြန်သည်။ ယင်းအပင်များဝန်းရံထားသော အုတ်ပလ္လင်များကို မွမ်းမံချထွင်ရန် ဆရာကြီးက အလှူငွေများ ပါဝင်ခဲ့ခြင်း ဖြစ်သည်။

(၂၂-၆-၆၅)ရက်နေ့ညဦးပိုင်းတွင် ရန်ကုန်အင်းယားမြိုင်ရိပ်သာသို့ ဆရာတော် ကြွရောက်တိုင်း လိုက်ပါတော်မူခဲ့ကြဘူးသော သံဃာတော်များထံ ဆရာကြီး သွားရောက်ဖူးမျှော်လေသည်။ ထိုနေ့နံနက် (၃) နာရီတွင် ဆရာတော်နှင့် သံဃာတော်များသည် စေတီတည်မည့် နေရာသို့ သွားရောက်ကြ၍ ပရိတ်ရွတ်ဖတ်ပြီးလျှင် စေတီပန္နက်ရိုက်ပြီးကြောင်း ကြားသိရသည်။ ညနေချမ်းတွင် ဦးသုမန ခေါင်းဆောင်သော ရွာသူရွာသားများသည် ပန္နက်တိုင်အုတ်မြစ်အတွက် မြေတူးကြလေသည်။

(၂၃-၆-၆၅) နေ့ညနေ(၅) နာရီကျော်တွင် အခြားသံဃာများနှင့်အတူ ဆရာတော်ထံ ဝတ်ပြုဝင်ကြသည်။ ဆရာတော်က မျှားဥပမာပြ၍ တရားအားထုတ်ကြရန် ဩဝါဒပေးသည်။ မိမိလိုရာသို့ ဖြောင့်ဖြောင့်တန်းသွားရန်အလိုရှိသော ဗောဓိဆုကို တောင်းကြပြီး ဝိရိယဒ္ဓိ ထူထောင်ခါ ကြိုးပမ်းကြ

ရန် တိုက်တွန်းသည်။ ထို့နောက် ဆင်းရဲနွမ်းပါးလှသည့် မိခင်ကြီးသည် မိမိအတွက် အမွန်အမြတ်ချက်ပြုတ်လှူဒါန်း၍ ကိုယ်တိုင်မှာမူ ဟင်းရွက်နှင့်ဆန်ကွဲကို ကြုံချက်၍သာ စားနေရသည်ကို သိသွားသော ရဟန်းသည် မိခင် အကျိုးဖြစ်စေရန် ကျောင်းပြန်သွား၍ ရဟန်းကိစ္စပြီးစီးအောင် အားထုတ်ပုံကိုပြောပြ၍ မိမိတို့အား ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပန့်ပူဇော်နေကြသော ဒါယကာ၊ ဒါယိကာမများ ကောင်းကျိုးအတွက် တရားအလုပ်၌ များများ ကြိုးပမ်းကြပါဟု ဆုံးမတော်မူလိုက်ပေသည်။

(၂၄-၆-၆၅) ရက်နေ့။ ယမန်နေ့က စေတီပန္နက်တိုင် ဘိနပ်တော်အတွက် အုတ်စီသည်မှာ ပြီးဆုံးသဖြင့် ယနေ့ပန္နက်တိုင် ထူကြသည်။ ကျွန်တော်နှင့် ဆရာကြီးတို့သည် စောကြီး ဘုန်းကြီး ဦးအာစရ၊ ကျောက်ဆည်ဆရာတော် ဦးဥာဏနှင့်အတူ အင်ကြင်းပင်ရွာသို့သွား၍ ပန္နက်တိုင်ထူရာ၌ ပါဝင်ကူညီကြသည်။ ပန္နက်တိုင်ခြေတွင် ကွန်ကရစ်လောင်းထည့်နေစဉ် ဆရာကြီးသည် တရားအာရုံပြုနေခဲ့ပေသည်။ ထိုအချိန်က တမိုးလုံးအုံ့ဆိုင်းလျက်ရှိရာ တခါ တခါနေရောင်အနည်းငယ် သန်းလာသည်။ ထို့နောက် တဖန် ပျောက်ကွယ်သွားပြန်သည်။ လောကတခုလုံး သိမ်မွေ့လှသည်။ အအေးဓာတ် ဆောင်နေဘိ သကဲ့သို့ပင်၊ နေ့ဆွမ်းစားပြီးချိန်လောက်ကျမှ နေပွင့်လာသည်။ သို့သော်လည်း မိုးရိပ်များကား ရှိဆဲပင်။

ယနေ့မွန်းလွဲအချိန်တွင် ရဟန်းခံပွဲတခုရှိ၍ ဆရာကြီးနှင့် ကျွန်တော်တို့သည် သိမ်တွင်းသို့ အရံသံဃာအဖြစ် ပါဝင်ခဲ့ရသည်။ သိမ်တွင်းနှင့် သိမ်ထွက်လမ်းတွင် ဆရာတော်နှင့်အတူ ဓာတ်ပုံအရိုက်ခံကြသည်။ ဆရာကြီး တဦးတည်း ဗောဓိပင်ခြေ၌ ဓာတ်ပုံရိုက်ခဲ့သေးသည်။ မိုးရိပ်တက်နေသဖြင့် အလင်းရောင်အားကောင်းစွာ မရခဲ့ပါ။

(၂၆-၆-၆၅) မနက်ဖန် ၁၃၂၇ ခု၊ နယုန်လဆုတ် ၁၃ ရက်နေ့တွင် ကျောင်းရှိသံဃာကုန်၊ သာမဏေ၊ သီလရှင်၊ ဝေယျာဝစ္စ အလုပ်သမားအလုံးစုံ၊ ပရိသတ် ၃၀၀ ခန့်ကို ဆရာကြီးက ဆွမ်းကျွေးမွေး လှူဒါန်းမည်ဖြစ်သဖြင့် ဦးသုမနက ဆရာတော်ကြီးအား လျှောက်ထား၍ လိုအပ်သည် များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုနေ့ညနေ သံဃာတော် အများနှင့် ဝတ်ပြုနေကြစဉ် ဆရာတော်ဘုရားက ''နက်ဖြန် ရန်ကုန်ဦးပ င်းကြီးများက ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းကပ်ကြမယ်။ သူတို့က တန်ခိုးကြီးတာဗျ။

တန်ခိုးပိုပြီးကြီးအောင် ကြာကြာလည်းခံအောင် အရှင်ဘုရားများက ချီးမြှောက်တော်မူကြပါ'' ဟု မိန့်မြွက်တော်မူခဲ့လေသည်။

(၂၇-၆-၆၅) ၁၃၂၇ ခု၊ နယုန်လဆုတ် ၁၃ ရက်၊ တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှ ၉ နာရီ ၅ မိနစ်အထိ ဆရာတော်၏ စံကျောင်းတွင် ဆရာကြီးနှင့် ကျွန်တော်တို့သည် ဆရာတော်အား အထူးသီးခြားဖူးမျှော်ခွင့် လျှောက်ထားခွင့်ရခဲ့ကြပါသည်။

ဆရာကြီးက စေတီရိပ်သာတွင် တရားလုပ်ငန်းလုပ်ရန် စောင့်ဆိုင်းနေကြမည်ဖြစ်သော တပည့်များနှင့် နိုင်ငံခြားသားများအား ငဲ့ညှာသော အားဖြင့် နက်ဖြန်တွင် သိက္ခာချပြီး၊ ရန်ကုန်သို့ ပြန်ရတော့မည် ဖြစ် ကြောင်း လျှောက် ထား သည်။ ထို့နောက် အခါ အခွင့် သင့်လျှင် နိုင်ငံခြားသို့သွား၍ သာသနာပြုရန် စီစဉ်နေကြောင်းနှင့် နိုင်ငံခြားသာသနာပြုကိစ္စအတွက် ဆရာတော်ဘုရား၏ ဩဝါဒခံအဖြစ် ဆောင်ရွက်ရန် လျှောက်ထားသည်ကို ခွင့်ပြုတော်မူသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သတိပြုဘွယ်အချက်များကို ဩဝါဒပေးတော်မူလိုက်သည်။

ကျွန်တော်က ဆရာတော်ဘုရားထံ ပထမ ရဟန်းခံ၍ အာနာပါန ကမ္မဋ္ဌာန်း လုပ်ငန်း စတင်လုပ်ခဲ့ပုံ၊ ကျေးဇူးရှင် ရွှေစေတီဆရာတော်ဘုရားထံ၌ တရား အားထုတ်ခဲ့ပုံ၊ ထို့နောက် ဆရာကြီးထံရောက်၍ တရားလုပ်ငန်း ဆက်လက် ကြိုးပမ်းပုံ၊ ဆရာတော်၏ ထံမှောက်သို့လည်း အကြိမ်ကြိမ် ရောက်ခဲ့ပြီးပုံများကို ပဏ္ဏာမပျိုး၍ ''ဘုရားတပည့်တော်စိတ်ထဲ၌ မရှင်းမလင်း ဖြစ်နေတာတခု လျှောက်ထားလိုပါသည်ဘုရား။ ငါးနှစ်ကျော် ပဓာနလုပ်ငန်းများ ကြိုးကြိုး ပမ်းပမ်း လုပ်ခဲ့ပါလျက်နှင့် စိတ်တိုင်းကျ တိုးတက်မှုမရသေးတာ ပါရမီများ မပါလေရော့သလား လို့ တွေးမိပါသည်ဘုရား '' ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးသည် ကျွန်တော် လျှောက်ထားသည်များ ကို စူးစူးစိုက်စိုက် နား‌ထောင်တော်မူခဲ့ပါသည်။ ထို့နောက် ''ဦးပဥ္စင်းကြီးတို့မှာ ပါရမီရှိပါသဗျာ။ ရှိသမှ နည်းပါဘူး။ အများ ကြီး ပါ ဗျာ။ သူ တို့ ကြ ည့် ဂမ်း (ကျောင်းခန်းပြင်တွင် လှမ်း၍မြင်ရသော တံမျက်လှည်းနေသည့် ကျေးရွာသား ၃-၄ ဦး ကို လက်ညှိုး ထိုးပြလျက်) သူတို့က နည်းနည်းလေး ရှိကြတာ၊ ဦးပဥ္စင်းတို့မှာက အများကြီးပါဗျာ။ ''

“ဦးပဥ္စင်းကြီးက အခု တိုက်နှင့် ဝင်းခြံကြီးနှင့် နေတာမဟုတ်လား ...ဟို အရင်နေတဲ့အိမ် ပြောတာမဟုတ်ဘူးလေ။ အဲတာက ကိုယ်ပိုင်မဟုတ်ဘူး။ အခု နေတဲ့ တိုက်နှင့်ခြံကိုပြောတာ၊ ပန်းပင်တွေနှင့် သစ်ပင်တွေနှင့်၊ ကိုယ်ပိုင်ပစ္စည်း တွေ အများကြီးပါဗျာ။ သူတို့မှာ မရှိကြပါဘူး။”

“ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမကို နာခံပြီး ဝိရိယိဒ္ဓိ ထူ ထောင်ခါ ဆောင်ရွက်မယ်ဆိုရင် လိုတာ အကုန် ပြီးပါသဗျာ” ဟု မိန့်မြွက် တော် မူလိုက်ပါသည်။

ဆရာတော် အမိန့်ရှိတော်မူလိုက်သည့် စကားအဓိပ္ပာယ်ကို ရုတ်တရက် ကောင်းစွာ နားလည်သဘောမပေါက်ပါ။ ဆင်ခြင်စဉ်းစားရန်လည်း အချိန် မရသေးပါ။ ဆရာတော်ကြီးထံမှ ထွက်ခွာလာခဲ့ပြီးနောက်၊ ဆွမ်းကျွေးရန် ပြင်ဆင်နေကြသည်များကို သွားရောက်ကြည့်ရှုသည်။ ဆရာတော်ဘုရားအား ဆရာကြီးနှင့်အတူ တကွ ဆွမ်းကပ်လှူဒါန်းကြသည်။ ထို့နောက် ကျောင်း ကုန်၊ သံဃာများ၊ သာမဏေများနှင့် သီလရှင်များအား ဆွမ်းကပ်အလှူဒါန ပြုရာသို့ သွားရောက်ကြည်ညိုခဲ့သည်။

နေ့လည် တရားအာရုံပြုချိန်၌ အိပ်ရာတွင် လဲလျောင်းခါ နံနက်က ဆရာတော်ဘုရား အမိန့်ရှိတော်မူလိုက်သည့် စကားများကို ပြန်လှန်စဉ်းစား ကြည့်မိသည်။ မိမိ၌ ပါရမီရှိမရှိ တွေးမိကြောင်း လျှောက်ထားခဲ့သည်။ ဆရာ တော်က ပါရမီအများကြီးရှိကြောင်း ပြောရာမှ မေမြို့တွင် တိုက်နှင့်ခြံနှင့် အခု နေကြောင်းတွေ ထည့်ပြောသွားသည်။ ဆရာတော် ဘယ်လိုသိသလဲ။ ဘာကို ဆိုလိုပါသလဲ။

မန္တလေးတက္ကသိုလ်ကျောင်းဝင်း နေအိမ်သို့ ဆရာတော် ကြွရောက် ချီး မြှင့်တော်မူဘူးသည်မှာ မှန်သည်။ အငြိမ်းစား ယူပြီးနောက် မေမြို့တွင် နေ ထိုင်သည်ကိုလည်း လျှောက်ထားဘူးသည်။ သို့ရာတွင် ဆရာတော်မှာ လောကီ ရေးရာ၊ ပုဂ္ဂိုလ်ရေးရာများတွင် လစ်လျူရှုတော်မူသည်နှင့်အညီ ကျွန်တော်က ဘယ်သောအခါကမျှ ခြံဝယ်သည်။ အငြိမ်းစား လခ ဘယ်လောက် ရသည် စသည့် အကြောင်းအရာများ လျှောက်ထားခဲ့သည် မဟုတ်ပါ။

သို့စဉ်လျက် ဆရာတော်က “ယခင် နေသောအိမ်မှာ ကိုယ်ပိုင်မဟုတ်၊ ယခုတိုက်မှာ ကိုယ်ပိုင် ပန်းပင် သစ်ပင် အများကြီးရှိသော ဝင်းခြံ” စသည်

တို့ကို ဘယ်ကဲ့သို့ သိနေသနည်း။ ဤအချက်ကို ကြာရှည်စွာ မစဉ်းစားရပါ။ ဆရာတော်မှာ သိနိုင်စွမ်းသော ဉာဏ်တော် ပိုင်ဆိုင်၍သာ ဤသို့ တိတိကျကျ မြင်တော်မူခြင်းဖြစ်ပေမည်။

သို့သော် ဤတိုက်ဝင်းခြံပိုင်ဆိုင်တာနှင့် ပါရမီရှိမရှိ ပုစ္ဆာ မည်သို့ ဆက်စပ်သနည်း။ တံမြက်စည်းလှည်းနေသော ရှာသားများနှင့်လည်းဘာကြောင့်နှိုင်းယှဉ်ပြတော်မူသနည်း။ ဘာကိုဆိုလိုပါသနည်း။ အပေါ်ယံ တွေးလျှင်တော့ လွယ်သယောင်ယောင်။

ရှာသားများက နွမ်းပါးကြသည်။ ကျွန်တော်က အမြင်အားဖြင့် သူတို့ထက်တော့ ကြွယ်ဝသည်ဆိုရမည်။ ထို့အတူ သူတို့မှာ ပါရမီ နည်းပါးကြသည်။ သူတို့နှင့် စာလျှင် ကျွန်တော်က ပါရမီအဆင့်အတန်းမြင့်သည်ဟု ဆရာတော်ဆိုလိုပါသလော။

အလွန်မြင့်မြတ်တော်မူသော ဆရာတော်ဘုရားသည် အဓိပ္ပာယ်မရှိသော စကားကိုဆိုတော်မူမည်မဟုတ်ပေ။ ပါရမီ အနည်း အများ နှိုင်းယှဉ် ပြလိုရုံသာ ဖြစ်လျှင် အဘယ့်ကြောင့် ''ယခင်အိမ်က ကိုယ်ပိုင်မဟုတ်၊ ယခုတိုက်နှင့်ခြံက ကိုယ်ပိုင်၊ကိုယ်ပိုင်ပစ္စည်းတွေ အများကြီးပါဗျာ'' ဟူသောအချက်များကိုထည့်သွင်း မိန့်တော်မူပါသနည်း။ အဖြေရှာ၍ မတွေ့နိုင်ခဲ့။

ကျွန်တော်သည် လဲလျောင်းရာမှထ၍ တင်ပျဉ်ခွေထိုင်ပြီး အာနာပါန ကမ္မဋ္ဌာန်းကို အတန်ကြာ စီးဖြန်းနေလိုက်သည်။ ထို့နောက် မိမိဘဝကို ပြန်လည်သုံးသပ်ကြည့်မိနေသည်။ ၁၉၆၀ ခုနှစ်၊ ဆရာတော်ဘုရားထံမှောက် ပထမအကြိမ်ရောက်သည်မှ ယခု ၁၉၆၅ ခုနှစ်၊ ဒုတိယအကြိမ် ရောက်သည်အသိ....

ဗုဒ္ဓဘာသာရေးဆိုင်ရာ အသိဉာဏ် အရာတွင် ၁၀ နှစ်သား အရွယ်က သိခဲ့သည့်အဆင့်အခြေအနေမှဘုရားရှင်ဒေသနာတော်မြတ်တွင် အရေးအကြီးဆုံး အဆီအနှစ်ဖြစ်သည့် တရားများ၏ အနက်အဓိပ္ပာယ် ကျင့်ဝတ်အသွယ်သွယ်တို့ကိုသိလာပြီ။ အရာရာဘင်သစ္စာဉာဏ်၊ ကိစ္စဉာဏ် ကတဉာဏ်ခွဲခြားနိုင်လာပြီး မြတ်စွာဘုရား၏ဂုဏ်တော်၊ တရား၏ဂုဏ်တော်၊ သံဃာ၏ဂုဏ်တော်များကိုကြားနာရ၍မဟုတ်၊ စာဖတ်ရ၍မဟုတ်ဘဲ၊ ကိုယ်တိုင် နှစ်နှစ်ကာကာ သိနားလည်လာသဖြင့် ဆထက်တံပိုးတိုး၍ တိုး၍ ကြည်ညိုသဒ္ဒါ ဖြစ်ပွားလာပြီ၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃ ရပ်ကို လက်တွေ့ကျင့်သုံးဆီးစူးနေပြီ၊ ကံ၊ ကံ၏

အကျိုးတရားများကို လေးလေးနက်နက် သိမြင်လာ၍ မကောင်းမှု ဟူသမျှ အမှန်တကယ် ကြောက်ရွံ့လာပြီ၊ ရှောင်ရှားနေပြီ၊ ဒါန၊ သီလ ကုသိုလ်ကောင်းမှုပြုရာတွင်လည်း ပကာသနမဟုတ်၊ ဉာဏသမ္ပယုတ်၊ မဟာကုသိုလ်စိတ်များဖြင့်သာ ပြုလုပ်လာတတ်ပြီ။ နှုတ်မှရွတ်ဖတ်ခြင်း၊ စိတ်ကူး ကြံစည်ခြင်းသာမဟုတ်ဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများ၏ သဘောလက္ခဏာများကို မိမိကိုယ်တွင်း၌ အမှန်တကယ် မြင်ရရန်၊ ရှုကြည့်လာနိုင်ပြီ၊ ယခင်ကပြုလုပ်ခဲ့သမျှ၊ ဆောင်ရွက်ခဲ့သမျှ၊ မိရိုးဖလာ အစဉ်အလာသာ၊ ယခု ပြုသမျှအသိဉာဏ်ပညာ၊ ကိုယ်ပိုင်သိက္ခာ ဒါတွေ အတော်များများ ဆီးပူးပြီးပါ ပလား။ ဒါတွေဟာ ပါရမီတွေဘဲပေါ့ ဆရာတော်ဘုရားကြီးကဒါကို ဆိုလိုတာပါ့လား၊ ငါ့မှာ ပါရမီတွေ အများကြီးရှိနေပါပြီလား။ ကိုယ်ပိုင်တွေးလေ....

ဤအသိဉာဏ် ဖြစ်ပေါ်လိုက်သည်နှင့် ဝမ်းသာလွန်းလှသဖြင့် ထ၍ခုန်ချင်စိတ်ပင် ပေါ်ပေါက်ခဲ့သည်။ ကမ္မဋ္ဌာန်းခွင်မှ ထ၍ မတ်တတ်ရပ်ခါ ဆရာကြီး အခန်းသို့ လှမ်းကြည့်မိလိုက်သည်။ ဆရာကြီးသည် သူ၏ကုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်၍ ပဋ္ဌာန်း ဥဒ္ဒေသ–နိဒ္ဒေသတို့ ရွတ်ဖတ်နေသည်။ သူ့ခေါင်းရင်း ပြူတင်းပေါက်မှနေ၍ ဆရာတော်၏ စံကျောင်းကို မြင်နေရပေသည်။

ပီတိပါမောဇ္ဇ၏ ဖုံးလွှမ်းခြင်းခံရသောကြောင့် ရုတ်တရက် သတိမပြုမိသော မောက်ကြွားမှု၊ တယ်ဟုတ်တဲ့ ပါရမီရှင်ကြီးပါလား ဟု ဘဝင်မြင့်သွားမှုတို့သည် ဆရာကြီးနှင့် ဆရာတော်ဘုရားအား အာရုံပြုလိုက်မိသည်နှင့်တပြိုင်နက် ချက်ခြင်းပင် ငြိမ်ဝပ်သွားကြပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် ဆရာကြီး ဦးဘခင်.... ယင်းသူတော်မြတ်ကြီးတို့၏ ဆည်းပူးပြီးပါရမီများကား လွန်စွာကြီးမားလှပေသည်။

အထက်ပုဂ္ဂိုလ်များကို လှမ်းမျှော်ကြည့်လျက် စိတ်အားငယ်စွာ မိမိကိုယ်မိမိ အားမရဖြစ်နေသော ကျွန်တော်၏ ခံစားချက်ကို ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးက ကောင်းစွာ ရိပ်မိတော်မူခဲ့ပေမည်။ ထို့ကြောင့် အထက်ဖက်ကို လှမ်းမမျှော်ဘဲ အောက်ကို ငုံ့ကြည့်ပါ။ တောင်တက်လမ်းမှာ ခရီးအတော် ပေါက်ခဲ့ပါပြီ။ စိတ်မပျက်ပါနှင့်၊ ဝီရိယရှိရှိနှင့် ရှေ့ဆက်၍သာ ခရီးနှင်ပါ”ဟု မိန့်မြွက်တော်မူလိုက်ကြောင်း။ ထိုအခါမှ သဘောပေါက် သိရှိသွားပါသည်။

တရားလုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်သော်လည်း ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတော်များကို ဆက်လက် ဆင်ခြင်နေမိသည်။

မှန်ပါသည်။ ဂေါစရဂံရွာသားများနှင့်စာလျှင် ကျွန်တော်တို့၌ အတော်အဘန် ပြည့်စုံနေပါပြီ။ သူတို့ခမြာများမှာ ရှေးပါရမီ ညံ့ခဲ့၍ လက်ရှိဘဝ၌ မဖွံ့ဖြိုးကြ၊ မဖွံ့ဖြိုးကြ၍လည်း ပါရမီမျိုးစေ့ မချနိုင်ပြန်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပါရမီများ ကောင်းစွာမဖြည့်ဆီးနိုင်ကြ။ ထိုအခြေအနေမှလွတ်ထွက်ရန် ဆရာတော်ကြီးက မေတ္တာကြီးမားစွာဖြင့် ကယ်တင်ပေးနေတော်မူရာသည်။ အင်ကြင်းပင်ကျောင်းတိုက်၌ ဆရာတော်ဘုရား သီတင်းသုံးတော်မူချိန်တွင် အနီးအပါးမှ ပရိသတ်အပေါင်း ပါရမီမျိုးစေ့များများ ကြဲချနိုင်ကြပေသည်။ ယုတ်စွအဆုံး မိမိကိုယ်တိုင် အလှူဒါန မပြုနိုင်သော သူများကို ကျောင်းတိုက်အတွင်း ဝေယျာဝစ္စ၌ ကူညီစေသည်။ ဘုရားတည် ကျောင်းဆောက်လုပ်ငန်းများ၌ ပါဝင်ကူညီစေသည်။ ရဟန်းခံ ရှင်ပြုပွဲများ ရှိလျှင် ရဟန်းလောင်း၊ သာမဏေလောင်းတို့ကို ဝေါများဖြင့်ထမ်း၍ လှည့်လည်ပူဇော်စေသည်။ ဆရာတော်ဘုရားအား ပူဇော်ကန်တော့လာတိုင်း သီလဆောက်တည်စေသည်။ ထွက်လေဝင်လေ ရှုမှတ်မှုပြုစေသည်။ အရပ်သုံးစကားဖြင့် ပြောရသော် ဆရာတော်ဘုရားကြီးက "ဇိကုတ်၍ နတ်ပြည်တင်ပေး" နေရှာတော်မူပေသည်။

အရိယာသံဃာတော်၊ သမုတိသံဃာတော် အရှင်မြတ်များ၏ ကျေးဇူးကား ကြီးမားလှပါပေသည်။ ပုညခေတ္တ၊ ကုသိုလ်မျိုးစေ့စိုက်ကြဲရန် လယ်ယာမြေကောင်းများ ဖြစ်ကြပေသည်။ ဤမြေကောင်းများ မရှိပါက၊ အဘယ်သို့မျိုးစေ့စိုက်ကြမည်။ မျိုးစေ့မချလျှင် အပင်ဘယ်လိုပေါက်ပွားလာမည်နည်း။ အပင်မရှိလျှင် ခက်လက်ဝေဖြာ၊ သီးပွင့်ဘယ်မှာ ထွက်လာအံ့နည်း။ ဘာကိုစားသုံးကြရမည်နည်း။သားတော်များ၏ဂုဏ်ကျေးဇူးများ ဤမျှကြီးမားပါလျှင် ဘခမည်းတော် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူးများကား၊ အပ္ပမေယျပါတကား၊ ဟောကြားတော်မူခဲ့သော တရားတော်မြတ်၏ ဂုဏ်ကျေးဇူးများကား အနန္တပါတကား....

ဤသို့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာတော်မြတ်ဂုဏ်တော်အပေါင်းတို့ကို ဆင်ခြင်ပူဇော်ရင်း နေ့လည်ပိုင်း တရားလုပ်ငန်း အချိန်ကုန်လွန်သွားခဲ့ပေသည်။

ညချမ်းချိန်တွင် ဆရာတော်ဘုရားထံသို့ အခြား သံဃာတော်များနှင့် အတူ သွားရောက်ဝတ်ပြုကြသည်။ ဆရာကြီးသည် ဗောဓိပင်သို့သွား၍ မွှေးနံ့သာများဖြင့် ညောင်ရေသွန်းလောင်းသည်။ ည၇ (၉) နာရီအထိ ဥဒါန်းဂါထာ၊ ပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်ခဲ့သည်။

(၂၈-၆-၆၅) ရက်နေ့ နံနက်အာရုံကျင်းလျှင် ဆရာတော်ဘုရားထံ၌ သိက္ခာချပြီးနောက် ပစ္စည်းများ သိမ်းဆည်းကြသည်။ ကျောင်းတိုက်အတွင်း၌ ကိုလှထွန်းအကူအညီဖြင့် သန့်ရှင်းရေးလုပ်ထားခဲ့ကြသည်။ ထို့နောက် ဦးသုမန နှင့် နီးစပ်ရာ သံဃာတော်များကို နှုတ်ဆက်ကန်တော့ပြီး အင်ကြင်းပင်တောရ ကျောင်းတိုက်မှ ထွက်ခွာခဲ့ကြသည်။

ခင်ဦးသို့ ခေတ္တဝင်ရောက်ပြီး အသင့်ရသမျှ ဓာတ်ပုံများ ရွေးယူခဲ့ကြသည်။ ရွှေဘိုတွင် ဦးဖေတင်၊ မိမိကြီးတို့အိမ်၌ ခေတ္တရပ်နားပြီး ကာဖီ၊ မုန့်များ စားသုံးကြသည်။ ထို့နောက် မြို့အထွက် ဆရာတော်ဘုရားကြီး၏အောင်မြေရိပ်သာသို့ သွားရောက်ပြီးလျှင် လှည့်လည်ကြည့်ရှုကာ၊ ဆရာတော်ဘုရား၏ ကျေးဇူးဂုဏ်တို့ကို အာရုံပြုသည်။

ခရီးဆက်ခဲ့ရာတွင် ကောင်းမှုတော်ဘုရားကြီးသို့ နံနက် (၁၁) နာရီခန့်တွင် ရောက်ရှိကြသည်။ စေတီကို နှစ်ပတ်မျှ လက်ျာရစ်လှည့်လည်ပူဇော်ကြပြီး ပန်း၊ ဆီမီး၊ အမွှေးတိုင်များ လှူဒါန်းကြသည်။ စစ်ကိုင်းသို့ ရောက်ရှိသောအခါ ကျွန်တော့်ဇနီး၏ အစ်မ၊ ညီမများ၊ အိမ်တွင် အသွားခရီးက ကဲ့သို့ပင် ခေတ္တဝင်ရောက် နားကြပြီး နံနက်စာ စားသုံးကြသည်။

ထို့နောက် ကျွန်တော်တို့သည် မေမြို့သို့ တိုက်ရိုက် မပြန်သေးဘဲ၊ ကျောက်ဆည်သို့ ခရီးဆက်ခဲ့ကြပါသည်။ ကျောက်ဆည် ဝေဘူတောရသို့ ရောက်ရှိသည့်အခါ ဆရာတော်ဘုရား သီတင်းသုံးသည့် တောင်ထိပ်ရှိစံကျောင်းတွင် ဆရာကြီးက အာရုံပြုနေရာ၊ မိုးစတင်ရွာလာသည်။ မိုးအနည်းငယ်စဲသည်တွင်၊ တောင်အောက်သို့ ပြန်ဆင်းခဲ့၍ လွန်ခဲ့သည့် (၂၄) နှစ်ခန့်က ဆရာတော်ဘုရားအား ဆရာကြီး ရှေးဦးစွာ ဖူးတွေ့ခဲ့သည့် နေရာတပိုက်၌၊ စေတီတော်၊ ဗောဓိပင်စံကျောင်း နေရာတို့ကို ဆရာကြီး အာရုံပြုနေစဉ် မိုးသည်းထန်စွာရွာချလာသည်။

ကျွန်တော်တို့သည် ရှင်စောလူးဘွဲ့တော်ရှိ ဘုန်းတော်ကြီးအား သွားရောက် ကန်တော့ကြသည်။ ကျောက်ဆည်ဝေဘူချောင်သို့ ကျွန်တော်ရောက်

တိုင်း ရှင်စောလူးကိုယ်တော်ကို တွေ့မြင်ခဲ့သည်။ သံဃာအပေါင်းတွင် ထူးခြားသော အိန္ဒြေရှိတော်မူ၍ တံရားကမ္မဋ္ဌာန်း လုပ်ငန်းကို လေးလေးစားစား ဆောင်ရွက်တော်မူသည်။ ဆရာတော်၏ ဩဝါဒကို ခံယူ၍ သိမ်ထဲ၌ တရားထိုင်ကြရာတွင် ညဉ့်လုံးပေါက် တည်ငြိမ်စွာ တရားအာရုံ ပြုတော်မူနိုင်သည်မှာ ယင်းကိုယ်တော်တပါးသာလျှင် ဖြစ်ပေသည်။ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားသည် အင်းယားမြို့ပ် ဓမ္မရောင်ခြည်စေတီသို့ ပထမအကြိမ် ကြွစဉ်ကပင် ဆရာကြီးလည်း ထူးခြားသော ရှင်စောလူးကိုယ်တော်အား သတိပြုမိခဲ့သည်။ ကြည်ညိုခဲ့သည်။ ရှင်စောလူး ဆရာတော်အား ဖူးမျှော်ကြပြီးနောက် ဝေဘူတောင်ခြေမှ ထွက်ခွာလာသည်တွင် မိုးရပ်စဲသွားခဲ့ပြီး နေထွက်လာသည်။ ထိုနောက် တိမ်သားများ တဖြည်းဖြည်း ကင်းစင်လာပြီး ဥတုရာသီ သာယာကောင်းမွန်လာသည်။ မန္တလေးသို့ ရောက်သောအခါ နေရောင်ပွင့်လင်းလျက်ရှိပေပြီ။

(၁၇-၆-၆၅) ရက်နေ့ နံနက် ၉ နာရီအချိန်တွင် မေမြို့မှ အင်ကြင်းပင်တောရသို့ ထွက်သည့်အချိန်မှ အင်ကြင်းပင်၌ ရဟန်းအဖြစ် ၁၀ ရက်ကျော်မျှနေထိုင်ခဲ့ပြီး ကျောက်ဆည်ခရီးပြီးဆုံးသည်အထိ တောက်လျှောက်မိုးအုံ့ဆိုင်းနေခဲ့သည်။ ခေတ္တခဏမျှလောက်သာ နေရောင် ပွင့်လင်း ခဲ့သည်။ ကျောက်ဆည်ခရီးပြီးဆုံးသည်တွင် မိုးသီးထန်စွာ ရွာချပြီးနောက် နေရောင်ခြည် ပြန်လည်ပေါ်ထွက်လာသည်ကို ကောင်းစွာမှတ်မိနေပေသည်။

မန္တလေးမှ ညနေ ၅ နာရီခွဲသာသာတွင် ခရီးလက်ဆက်၍ ထွက်ခဲ့ရာ မေမြို့သို့ ညဉ့် (၇-၄၅) မိနစ်တွင် ပြန်ရောက်ရှိကြသည်။

ဆရာကြီးသည် ကျွန်တော်တို့ မိသားစုအား ချီးမြှင့်သော အားဖြင့် ကျွန်တော်တို့အိမ်တွင် တရက်နားနေရန် သဘောတူခဲ့သည်။ ဤသို့နေထိုင်စဉ်အတွင်း ဆရာကြီးသည် တချိန်လုံး ဘုရားခန်း၌ တရားအာရုံပြုခါ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဘတ်သွားလေထည်။

(၁၀-၆-၆၅)ရက်နေ့၊ နံနက်စာကျွေးမွေးပြီးနောက် နေ့သည် ၁၂ နာရီတိတိအချိန်တွင် ဆရာကြီးအား မန္တလေးသို့ လိုက်ပို့သည်။ မန္တလေးဘူတာရုံသို့ ၂ နာရီခွဲထိုးမိ ရောက်ရှိကြသည်။ မန္တလေးဘူတာ၌ ဆရာကြီးသိကျွမ်းသည့် လစာဘက်ဆိုင်ရာ စာရေးကြီး ကိုအုံး အကူအညီဖြင့် သီးသန့် တွဲခန်း တခု၌ နေရာလက်မှတ်ဝယ်ယူရရှိကြသည်။ (၂-၄၀) အချိန်တွင် ဆရာကြီးတို့၏ မီးရထားသည် အချိန်မှန်ကွက်ခွာသွားသော်လည်းပျဉ်းမနားတွင်အရေးပေါ်ကိစ္စတ

ရပ်ကြောင့် တနာရီခန့် ရပ်ဘန့် ထားရသဖြင့် ရန်ကုန်သို့ တနာရီနောက်ကျ၍ (၁.၇.၆၅) ရက်နေ့ နံနက်(၆-၄၅)နာရီတွင်မှ ဆိုက်ရောက်ကြကြောင်း၊ သတင်းရရှိခဲ့ပေသည်။

ဆရာကြီးသည် နေ့စဉ်မှတ်တမ်း မှတ်သားလေ့ရှိသော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ဆရာကြီး၏ ဘဝသက်တမ်းတလျှောက်ဘွင် ဤအကြိမ် သာလျှင် ဒုလ္လဘရဟန်း အဖြစ် ခံယူဘူးသည့်အလျောက် ယင်းအကြောင်းအရာတို့ကိုလည်း အပြည့်အစုံ တိတိကျကျ မှတ်တမ်းရေးထားခဲ့ပေသည်။ အင်ကြင်းပင် တောရ၌ နေထိုင်ဆောင်ရွက်ခဲ့ပုံ အကြောင်းအရာများကို ဖော်ပြရာတွင် ဆရာကြီး၏မှတ်တမ်းများကို အသုံးပြုနိုင်သဖြင့်သာ ဤသို့တိကျပြည့်စုံစွာ ရေးသားနိုင်ခြင်းဖြစ်ပေသည်။

"ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၊ အင်ကြင်းပင်တောရ ကမ္မဋ္ဌာန်း ကျောင်းတိုက်သို့ ဝေဘူဆရာတော်အား ဖူးမျှော်ကန်တော့ရန် သွားရောက်ခြင်း" မှတ်တမ်းကို ဆရာကြီးသည် ရန်ကုန်ပြန်ရောက်ပြီးနောက် ၁၉၆၅ ခု၊ ဇူလိုင်လ ၆ ရက်နေ့တွင် ရေးသားခဲ့ပေသည်။ ယင်းမှတ်တမ်းကို တပည့်အပေါင်းအား ဝေငှခဲ့ပေရာ နိဂုံးချုပ်အဖြစ် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

ဆရာတော်ဘုရားအား အင်ကြင်းပင်သို့သွားရောက်၍ ပူဇော်ရာ၌ ဝတ္ထုပစ္စည်းများဖြင့်သာ မဟုတ် သံဃာ့ဘောင်သို့ဝင်၍ မြင့်မြတ်သော သီလကို ဆောက်တည်၍ ထူးမြတ်သော ဓမ္မာနုပဋိပတ္တိဖြင့်လည်း ပူဇော်ခဲ့ရပေသည်။ ဒါနကုသိုလ်တွင်လည်း ဆရာကြီး၏ တသက်တာ၌ မပြုဘူးသေးသော ဒါနကုသိုလ်တို့ ဖြစ်သည်။ ထိုကုသိုလ်တို့တွင် အဖွဲ့၏ကုသိုလ်၊ တပည့်များ၏ကုသိုလ်များလည်း ပါဝင်သဖြင့် သိက္ခာချ၍ လူဝတ် လဲပြီးမှ ဆရာတော်ထံမှောက်၌ ဆရာတော်၏ မေတ္တာဖြင့် ကုသိုလ်အဖို့ အမျှပေးဝေခဲ့သည်။

**ကုသိုလ်များ၏စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။**

| | | | |
|---|---|---|---|
| **ဒါနကုသိုလ်။** | ၁။ (က)အင်ကြင်းပင်စေတီတော်အတွက် | ကျပ် | ၃၀၀။ |
| | ဗောဓိပလ္လင် | ။ | ၂၀၀။ |
| | ကောင်းမှုတော်စေတီ | ။ | ၂၀။ |
| | (ခ) ပိဋကမြန်မာပြန် (၃) စုံ | ။ | ၆၀၄။ |
| | (ဂ)(၁)သက်န်းတရိစုံ (၂) စုံ | ။ | ၁၉၀။ |
| | (၂)သက်န်းဒွိစုံ (၆) စုံ | ။ | ၂၄၀။ |

| | | |
|---|---|---|
| (၃,ထီး (၅) လက် | ။ | ၄၀။ |
| (၄)ဘိနပ် (၇) ရံ | ။ | ၅၆။ |
| (၅)သားရေနွယ် (၂) ခု | ။ | ၁၀။ |
| (၆)သပိတ်ရေစစ် စသည့် (၂)စုံ | ။ | ၃၇။ |
| (၇)သင်ဒုံးဓား (၁)လက် | ။ | ၁၃။ |
| (၈)ဖယောင်းတိုင် အမွှေးတိုင်စသည် | | ၂၀။ |
| (၉)မုန့်သေတ္တာပုံးကြီး (၁) ပုံး | ။ | ၃၂။ |
| (၁၀)ဆွမ်းကျွေးစရိတ် ၂ ရက်တွက် | | |
| (၁၈–၆–၆၅) ရက်နေ့ | ။ | ၁၀၀။ |
| (၂၇-၆-၆၅) ရက်နေ့ | ။ | ၅၀၀။ |

ပေါင်း – ကျပ် ၂၄၄၂။

မှတ်ချက်။ ။ဆွမ်းကျွေးစရိတ်တွင် ဝိပဿနာအဖွဲ့၏ ငွေကျပ်(၂၂၀) ပါဝင်သည်။အထက်ပါဝတ္ထုပစ္စည်းများ အပြင် အိန္ဒိယ အမျိုးသားများဖြစ်သော တပည့်များက၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ မုန့်ပဲသရေစာများကိုလည်း လှူဒါန်းခဲ့ပါသည်။

သီလကုသိုလ် ၂။ မြင့်မြတ်သော ရဟန်းဘဝကိုခံယူ၍ ၂၂၇ ပါးသော သိက္ခာပုဒ်တို့ကို ရိုသေလေးစားစွာ စောင့်ထိန်း၍ သေးငယ်လှစွာသော သိက္ခာပုဒ်ကိုမျှပင် မပေါက် မကြိုးရအောင် အထူးကြိုးစား စောင့်ထိန်း ခဲ့သည်။ ထိုသို့သော သီလကုသိုလ်များကို ဤဘဝ၌ ရဟန်း အဖြစ်နေထိုင်ခဲ့သည့် ၁၀ ရက်ခန့်မျှသာ စောင့်ထိန်း ပွားများခဲ့ရပေသည်။

ဘာဝနာကုသိုလ် ၃။ ဗုဒ္ဓပူဇနိယ၊ ဓမ္မပူဇနိယ၊ သံဃပူဇနိယ ကိစ္စ များကို ဆောင်ရွက်နေသည့် ကာလများမှတပါး အခြားကာလတို့၌ ရနိုင်သမျှ အချိန်များတွင် တရားအာရုံ ပြု၍ ဘာဝနာ တရားပွားများခြင်းအားဖြင့် ဓမ္မာနု ပဋိပတ္တိဖြင့် ပူဇော်ခဲ့ရပေသည်။
နေ့စဉ် ဝတ်အဖြစ်ဖြင့်လည်း....

(က) နံနက် အာရုံ ဆွမ်း ရာဂု ဘုန်းပေး ပြီးနောက် ဗောဓိပင်ကို ညောင်ရေ သွန်းခြင်း၊ ဗောဓိပင် ရိပ်တွင် ဗောဓိဉာဏ် သုံးဆင့် ပွင့်တော်မူခန်း၊ ဥဒါန်းဂါထာ စသည်တို့ဖြင့် ပူဇော်ခြင်း။

(ခ) စံကျောင်းဆောင်သို့ ပြန်လည်ရောက်ရှိသည့် အခါ ပဌာန်း ဥဒ္ဒေသ နိဒ္ဒေသတို့ဖြင့် အထူး ပူဇော်ခြင်း။

(ဂ) မွန်းတည့်အချိန်တွင် ပဌာန်း ပညာ ဝါရဖြင့် ပူဇော်ခြင်း။

(ဃ) ညနေ ၄ နာရီ အချိန်တွင် မဟာသမယသုတ်တော် ဒေသနာနှင့် မဟာသမယ အခါ၌ ဟောကြားတော်မူသော ဓမ္မဒေသနာတို့ကို ရွတ်ဖတ် ပူဇော်ခြင်း။

(င) ည၌ ၉ နာရီ အချိန်မတိုင်မီ ဗောဓိပင်အောက် ဝယ် ဥဒါန်း ဂါထာတော်၊ အနေကဇာတိ၊ သံသရာဂါထာစသည်တို့ဖြင့် ရွတ်ဖတ်ပူဇော်ပြီး ၉ နာရီတိတိ အချိန်တွင် ဤဌာန တွင်ပြုလုပ်မြဲ အစဉ် အလာ အတိုင်း အာရုံပြုခဲ့လေသည်။

ဤသို့ပြုခဲ့ရသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်တို့၏ အဖို့ကိုရင်း၊ ဗုဒ္ဓပူဇနီယ၊ ဓမ္မပူဇနီယ၊ သံဃပူဇနီယ ကုသိုလ်တို့၏ အဖို့ကို ရင်း၊ ဆရာကြီး၏ ပါရမီကို ကူညီဖြည့်စွမ်းကြကုန်သော ဗြဟ္မာနတ်လူအပေါင်း တို့အားရင်း၊ အထူးသဖြင့် ဤပဋိပတ္တိလုပ်ငန်းဌာန၏ တာဝန် ဝတ္တရားတို့ကို ခံယူရွက်ဆောင်လျက်ရှိကြကုန်သော ဝိပဿနာ အဖွဲ့ဝင် အပေါင်းတို့အားရင်း၊ အထူး အမျှပေးဝေပါ၏။

အားလုံးကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်ဖြစ်၍ မဂ်ပညာ၊ ဖိုလ် ပညာတရားတို့နှင့် ပြည့်စုံကုန်ကြသည်ဖြစ်၍ လိုအပ်သော ဗောဓိဆုနှင့်ပြည့်စုံကုန် ကြသည်ဖြစ်ပါစေသတည်း။

(ဆရာကြီးဦးဘခင်)
ဥက္ကဋ္ဌ ဝိပဿနာအဖွဲ့၊
၃၁ (က) အင်းယား မြိုင်လမ်း။

နေ့စွဲ။ (၁၉၆၅) ခု၊ ဇူလိုင်လ ၆ ရက်နေ့။

# အခန်း ၇

# နိုင်ငံခြား သာသနာပြုလုပ်ငန်းတွင် ဆရာကြီး၏ အားကိုးစရာ တပည့်ကောင်း ဦးဂိုအင်ကာ။

## (က) မြန်မာပြည်တွင်းရှိ အိန္ဒိယမျိုးနွယ်များ ဓမ္မရောင်ခြည် စေတီရိပ်သာသို့ ရောက်လာကြပုံ။

၁၉၆၅ ခုနှောက်ပိုင်းတွင် ဆရာကြီးဦးဘခင်၏ အထွေထွေ ကျန်းမာရေးမှာ ကောင်းမွန်လျက်ရှိသော်လည်း ၁၉၆၃ ခုနှစ်က ခွဲစိပ်ကုသခဲ့ရသော ဆီးအိမ်ရောဂါမှာ ရှင်းလင်းစွာ ပျောက်ကင်း မသွားခဲ့ချေ။ အထူးကုဆရာဝန်ကြီးများနှင့် ကြပ်မတ် ကုသရဆဲပင်ဖြစ်သည်။ သို့စဉ်လျက် ဆရာကြီး သည် ကျေးဇူးရှင် ဝေဘူဆရာတော်အား လျှောက်ထားခဲ့သော နိုင်ငံခြားသား သာသနာပြုလုပ်ငန်းအတွက် အစီအစဉ်များ ရေးဆွဲခါ ပဏာမ လုပ် ငန်း များ ကို ဝီရိယကြီးစွာဖြင့် စတင် ဆောင်ရွက်နေပေသည်။

ဆရာကြီး၏ နိုင်ငံခြားသာသနာပြုလုပ်ငန်းတွင် ပွဲဦးထွက် နှင့် အဓိကတာဝန် နှစ်ရပ်ကို ယူဆောင် ထမ်းရွက်ခဲ့သူမှာ ဦးဂိုအင်ကာ ဖြစ်ပေသည်။

ယခုအချိန်အထိ ဆရာကြီးထံမှ ကမ္မဋ္ဌာန်းလုပ်ငန်းကို လက်ထပ်သင်ယူ၍ တပည့်ရင်း ဖြစ်လာကြသော ယောကျ်ားပုဂ္ဂိုလ်များအတွင် ကျွန်တော့်အမြင်အရ အထူးခြားဆုံး ပါရမီရှင်ဟု ဘွဲ့ထူး ခံယူနိုင်သူမှာ မန္တလေးမြို့သား အိန္ဒိယနွယ်ဘွား ဦးဂိုအင်ကာ ခေါ် မစ္စတာ ဆတ္တ်ယန်၊ နာရယန်၊ ဂိုအင်ကာပင် ဖြစ်ပါသည်။ ဆရာကြီး၏ သာသနာပြုလုပ်ငန်းများကို မှတ်တမ်းတင်ရာ၌ မစ္စတာ

ဂိုအင်ကာနှင့် မစ္စတာ ဂိုအင်ကာ၏ ဆောင်ရွက်မှုများကို မဖော်ပြဘဲ မဖြစ်နိုင်ပါ။ မြန်မာပြည်ရှိ အိန္ဒိယအမျိုးသားအများ ဝိပဿနာကမ္မဋ္ဌာန်းတရား ထိုင်၍ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြခြင်း၊ အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာပြု လုပ်ငန်းများ စတင်လုပ်ကိုင်ခြင်းတို့မှာ မစ္စတာ ဂိုအင်ကာ၏ အများဆုံး အကူအညီဖြင့် ဆရာကြီး ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ဖြစ်ပေသည်။

ဆရာကြီး၏ထံမှောက်သို့ မစ္စတာ ဂိုအင်ကာ ရှေးဦးစွာ ရောက်ရှိလာပုံနှင့် ယခုထိ သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပုံတို့မှာ လွန်စွာ ထူးခြားသော အကြောင်းအရာများ ဖြစ်ပေသည်။ စိတ်ဝင်စားဘွယ်ရာကောင်းလှပေသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် ထိုထိုတို့အတွက် အားကျအတုယူဘွယ်ရာလည်း ဖြစ်ပေသည်။

၁၉၅၅ ခု၊ ဇူလိုင်လကုန်လောက်တွင် စေတီရိပ်သာ ဆရာကြီး ထံမှောက်သို့ ထိုစဉ်က တရားရုံးချုပ် တရားသူကြီး ဦးချန်ထွန်းက စေလွှတ်လိုက်၍ မစ္စတာ ဂိုအင်ကာ ပထမဆုံး ရောက်ရှိလာသည်မှာ ဗုဒ္ဓဘာသာတရား အဆီအနှစ်များ သိရှိလိုသူ တဦးအဖြစ် ရောက်လာခဲ့ခြင်း မဟုတ်ပါ။ ဦးရည်းခေါင်းကိုက်နာ စွဲကပ်လျက်ရှိသော ရန်ကုန်မြို့မှ ဟိန္ဒူဘာသာဝင်တို့၏ ခေါင်းဆောင်ကြီး၊ ထိပ်သီး မာရဝါရီကုလားသူဌေးကြီးအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ မိမိ၏ ဦးရည်း ခေါင်းခဲဝေဒနာကို ဆွစ်ဇာလန်၊ အင်္ဂလန်၊ အမေရိကန် နှင့် ကမ္ဘာအရပ်ရပ်လှည့်၍ ငွေကို ရေလိုသုံးလျက် ဆေးဝါးကုသခဲ့ရာ လုံးဝ ပျောက်ကင်းမှုမရခဲ့ချေ။ ၎င်း ဦးရည်း ခေါင်းကိုက်ရောဂါမှာ ငယ်စဉ်ကပင် စွဲကပ်လာခဲ့ရာ (၁၂) ရက်တကြိမ် ရောဂါ ခံစားနေရသူ ဖြစ်သည်။ ရောဂါပေါ်လာတိုင်း ပေါ်လာတိုင်း၊ မော်ဖီးရားဆေးထိုး၍ သက်သာမှုကို ရှာနေခဲ့ရသည်။ လုံးဝ ပျောက်ကင်းသည်ဟု မရှိခဲ့ပေ။

မစ္စတာဂိုအင်ကာသည် မန္တလေးမြို့ (၂၇) လမ်း ဘာဘူတန်းတွင်မွေးဖွားခဲ့သူ ဖြစ်သည်။ မန္တလေးတွင်ပင် ပညာသင်ကြား၍ မာရဝါရီလူမျိုးရိုးရာ ကုန်သည်လုပ်ငန်း လုပ်ခဲ့သည်။ ကျောင်းမှထွက်ပြီးနောက် မိဘဆွေမျိုးတို့ လုပ်ငန်းခွင်သို့ မဝင်ရောက်မီ တဦးတည်း တောထွက်သွား၍ အေးချမ်းမှုတရားကို ရှာဖွေလိုသော စိတ်ထား အပြင်းအထန် ဖြစ်ပေါ်ခဲ့သည်။ မိဘဆွေမျိုးတို့ ကန့်ကွက်တားဆီးမှုကြောင့် မိမိ၏ စိတ်ဆန္ဒအတိုင်း မဆောင်ရွက်ရဘဲ စီးပွားရေးနယ်ပယ်သို့ ဝင်ခဲ့ရသည်။ ထိုစဉ်မှစ၍ ဦးရည်းခေါင်းခဲနာ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

စစ်ပြီးခေတ်တွင် မစ္စတာဂိုအင်ကာအား ရဲအဖွဲ့နှင့် တပ်မတော်သို့ စောင်များ အထည်အလိပ်များ ပေးသွင်းသော အစိုးရ ကံထရိုက်ကြီးအဖြစ် တွေ့ရသည်။ နိုင်ငံခြားကုမ္ပဏီကြီးများ၏ ကိုယ်စားလှယ်အဖြစ်လည်း လုပ်ဆောင်သည်။ ဆရာကြီးထံ ရောက်လာသော အချိန်တွင် ဗန္ဒုလစောင်စက်၊ ပလပ်စတစ်လုပ်ငန်းများ ပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ စသည်ဖြင့် စီးပွားရေးနယ်ပယ်တွင် မာရဝါရီလူမျိုးတို့၏ခေါင်းဆောင်ကြီး၊ ဘာသာရေးနယ်ပယ်တွင် ဟိန္ဒူဘာသာဝင်အပေါင်းတို့၏ ဦးစီးရှေ့ဆောင် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်နေပေပြီ။

ဆရာကြီးထံမှောက် ရောက်လာသောအခါ၌ ဆရာကြီးက အတိုချုပ်အားဖြင့် အောက်ပါအတိုင်း ပြောပြလိုက်သည်ဟု နားလည်ခဲ့ရသည်။ ဤအပြည်ပြည်ဆိုင်ရာ ဝိပဿနာ တရားလုပ်ငန်းဌာနသည် ရောဂါအမျိုးမျိုးကုသပေးနေသော ဆေးကုဌာနမဟုတ်၊ ဗုဒ္ဓမြတ်စွာဘုရား ဒေသနာတော်အတိုင်း ကျင့်စဉ်များကို လိုက်နာဆောင်ရွက်နေသော ဝိပဿနာတရားလုပ်ငန်းဌာနသာ ဖြစ်သည်။ ရောဂါပျောက်လိုသည့် စိတ်ဆန္ဒဖြင့်သာ ကမ္မဋ္ဌာန်းထိုင်၍ ရောဂါပျောက်နိုင်မည်မဟုတ်။ ဗုဒ္ဓလမ်းစဉ်အတိုင်း ယုံကြည်သဒ္ဓါစိတ်ဖြင့် တရားအားထုတ်ပါက ကိုယ်တွင်းအညစ်အကြေးများ၊ ကင်းစင်လာ၍သာ အနာရောဂါပျောက်ကင်းတတ်လေသည်။ အဓိကလုပ်ငန်းမှာ ကိုယ်တွင်းအညစ်အကြေးများ ချေချွတ်ပစ်ရန်ဖြစ်သည်။ ထိုအညစ်အကြေးများ ကင်းစင်သည်နှင့်အမျှ ရောဂါဝေဒနာတို့သည်လည်း ကင်းစင်စေရန် အကြောင်း ရှိသည်ဟု ရှင်းပြလိုက်ကြောင်း သိရသည်။

ဟိန္ဒူခေါင်းဆောင်ကြီးအား ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းလုပ်ငန်း ထိုင်စေရန် ပြောကြားရာ၌ ၎င်း၏စိတ်တွင် မည်သို့ တွေးတောမိမည် မသိနိုင်ပေ။ သို့ရာတွင် စေတီရိပ်သာသို့ ဝင်ရောက်လာကတည်းက ၎င်း၌ ထူးခြားသော အတွေ့အကြုံများ တွေ့နေရပုံ ရခဲ့သည်။ ၎င်းအား ညှင်းပန်းနှိပ်စက်နေသော ဦးရည်းခေါင်းကိုက် ရောဂါမှာလည်း သက်သာသွားပုံရသည်။ ထို့ကြောင့် ရှေးဦးစွာ တရားတပတ်ဝင်ရန် ၁၉၅၅ ခု၊ စက်တင်ဘာလ (၁) ရက်နေ့၊ ကြာသပတေးနေ့တွင် လာရောက်ပါမည်ဟု ဆရာကြီးအား ဂတိဝန်ခံချက်ပေးသွားသည်။

ထို့နောက် စေတီရိပ်သာမှပြန်သွားကတည်းက (၁၂) ရက် တကြိမ်ပေါ်နေသော ဝေဒနာ မပေါ်သာခဲ့ဟု သိရသည်။ အလုပ်ကိစ္စနှင့် မြန်မာပြည်နေရာအနှံ့အပြား သွားလာနေရ၍ တရားထိုင်ရန် ဂတိပေးထားချက်ကို သတိ

မပြုတော့ဟု ဆိုသည်။ စေတီရိပ်သာသို့လည်း တရားထိုင်ရန် ရက်ချိန်းအတိုင်း လာဖြစ် မလာဖြစ်ကိုလည်း အကြောင်းမကြားတော့ပေ။ သို့ဖြင့် ဩဂုတ်လ (၃၁) ရက် ဗုဒ္ဓဟူးနေ့တိုင် ရောက်ခဲ့သည်။ ထိုနေ့ညတွင် စေတီရိပ်သာ၌ ဆရာကြီးနှင့် ဆွေးနွေးပြီးကတည်းက မပေါ်ပေါက်ခဲ့သော ၎င်း၏ ဦးရည်းခေါင်းခဲနာသည် အပြင်းအထန် ဖြစ်ပေါ်လာခဲ့ပြန်သည်။ ထိုအခါမှသာလျှင် ၎င်း ဂတိပေးထားသည့်အတိုင်း ကမ္မဋ္ဌာန်းတရား ထိုင်ပါတော့မည်ဟု ဆုံးဖြတ်ချက် ဒိုးဒိုးချ၍ နောက်တနေ့နံနက်တွင် ဆရာကြီးထံမှောက်သို့ လာရောက်ခဲ့တော့သည်။

စေတီရိပ်သာတွင် မစ္စတာ ဂိုအင်ကာ တရား အားထုတ်ပုံ အကြောင်း အကျယ်တဝင့် ရေးသားရန် မလိုတော့ပြီ။ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ် အသီးသီးတို့အတိုင်း သီလ၊ သမာဓိ၊ ပညာ အဆင့်သုံးဆင့်အတွက် အားထုတ်ရပေသည်။ သမာဓိစခန်းတွင် သမာဓိ ရင့်သန်သည်နှင့်အမျှ အထိုက်အလျောက် အလင်းရောင် နိမိတ်များတွေ့ရသည်။ ဝိပဿနာစခန်းတွင် ကိုယ်တွင်းဖြစ်ပျက်နေသမျှကို တွေ့ရသည်။ နာခြင်း၊ ပူခြင်း၊ ယားယံခြင်း၊ လှုပ်လှုပ်လှုပ်လှုပ်၊ စစ်စစ်၊ စစ်စစ်နှင့် နေခြင်း စသော ရုပ်၏ ဖောက်ပြန်မှုလက္ခဏာတို့ကို ကိုယ်တွင်း နေရာမလပ် တွေ့ရသည်။ နောက်ဆုံး၌ ထိုက်သင့်သော ငြိမ်းချမ်းမှု ရရှိသွားသည်။ တရား စထိုင်ကတည်းကပင် ၎င်း၏ဦးရည်း ခေါင်းခဲဝေဒနာများလည်း လုံးဝ မပေါ်ပေါက်တော့ပေ။

တရား ထိုင်ရာ၌ မစ္စတာ ဂိုအင်ကာတွင် ဒေါက်တာကင်းမှာကဲ့သို့ အခက်အခဲဟူ၍ မတွေ့ရပါ။ ဟိန္ဒူဝါဒနှင့် လွန်စွာ ကွဲပြားနေသော အနတ္တ သဘောတရားပင် ၎င်းအား အခက်အခဲ မဖြစ်စေခဲ့ပါ။ ဆရာကြီး ညွှန်ကြား ပြသသည့်အတိုင်း တသဝေမတိမ်း လိုက်နာခဲ့၍ ဆင်ခြင်ကြံဆမှု၊ တွေးတောမှု၊ ဘာသာဝါဒနှစ်မျိုး နှိုင်းယှဉ်ကြည့်မှု စသည့် တရားလုပ်ငန်းအား အနှောက် အရှက်ဖြစ်စေမည့် အပြုအမူများ မလုပ်ခဲ့ပေ။ ထို့ကြောင့် ၎င်းသည် ကိုယ်တွင်း၌၎င်း၊ စိတ်တွင်း၌၎င်း ဖြစ်ပျက် ပြောင်းလဲနေပုံတို့ကို ထင်ထင်ရှားရှား ကိုယ်တိုင်တွေ့သိရသောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားများ ကို ပိုင်နိုင်ရှင်းလင်းစွာ သိသွားတော့သည်။ ဗုဒ္ဓမြတ်စွာဘုရားနှင့် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များတွင်လည်း သဒ္ဓါယုံကြည်မှု ဖြစ်ပွားလာလျက် သရဏဂုံ (၃) ပါး ဆောက်တည်ပြီးလျှင် တရားတပတ် မယွက်မီ အတွင်း ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသွားခဲ့သည်။

မစ္စတာ ဂိုအင်ကာသည် ၎င်းနှင့်အတူ မိသားစု အားလုံးအား ဆရာကြီး ထံမှောက်သို့ ခေါ်လာပြီးလျှင် ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားများ အားထုတ်စေ သည်။ ၎င်းတို့လည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်သွားကြပြန်သည်။ ထို့နောက် မစ္စတာ ဂိုအင်ကာ မိသားစုတို့သည် အိန္ဒိယပြည်သို့ ဘုရားဖူး ထွက်သွားကြ သည်။ အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်နေရာဌာန များ ဖြစ်သော မြတ်စွာဘုရား ဖွားမြင်တော်မူသော နေရာဌာန၊ ဘုရား ပွင့် တော်မူရာဌာန၊ တရားဦး ဟောတော်မူရာဌာန၊ ပရိနိဗ္ဗာန် စံတော်မူရာဌာန၊ သာဝတ္ထိပြည်ဟောင်း နေရာဒေသ စသည်များသို့ အနှံ့အပြား လှည့်လည်၍ မြတ်စွာဘုရားအား သက်တော်ထင်ရှား ရှိစဉ်ကကဲ့သို့ ရည်မှန်း၍ ဖူးမျှော် ကန်တော့ကြလေသည်။ နာလန္ဒတက္ကသိုလ်တည်ရှိခဲ့ရာ ဌာနသို့ ရောက်သော အခါတွင် ယခင် ဦးရည်း ခေါင်းခဲနာ တကြိမ်ပြန်၍ ပေါ်လာပြန်သည်။ တည်းခိုရာ ဌာနတွင်ပင် ရန်ကုန်ဓမ္မရောင်ခြည် စေတီတော်နှင့် ဆရာကြီးအား မျှော်မှန်း ဦးခိုက်လျက် မိမိသိရှိထားသော တရားနည်းလမ်းအတိုင်း ကိုယ်တွင်း ၌သက်ရောက်လာသည့် အညစ်အကြေးများကို တဦးတည်း ချေဖျက် ပစ်လိုက် သည်။ ဤသည့်နောက်မှစ၍ ယနေ့တိုင်အောင် နှစ်ပေါင်းများစွာ ၎င်းအား ညှင်းပမ်းနှိပ်စက်ခဲ့သောဦးရည်းခေါင်းခဲဝေဒနာသည် လွင့်စင်ကင်းပျောက်သွား ခဲ့တော့သည်ဟု သိရှိရသည်။

မာရဝါရီလူမျိုးများ အသိုင်းအဝိုင်းတွင်သာမက ဟိန္ဒူ ဘာသာဝင် အပေါင်းတို့တွင် ထင်ရှားကျော်ကြားသော မစ္စတာဂိုအင်ကာကဲ့သို့ ပုဂ္ဂိုလ် ကြီး၌ ငယ်စဉ်ကပင် စွဲကပ်ခဲ့သော ရောဂါဝေဒနာဆိုးကြီး ထူးခြားစွာပျောက် ကင်းသွားသည့်သတင်း၊ ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်သွားသည့် သတင်းမှာ ဂယက်ရိုက်၍ ပြန့်နှံ့သွားခဲ့မည်မှာ သေချာလှပေသည်။ မြန်မာပြည် အနှံ့အ ပြားမှ ဆွေမျိုးနီးစပ်များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ စီးပွားရေးနှင့်ပတ် သက်သူများသည် မစ္စတာဂိုအင်ကာထံသို့ အကျိုးအကြောင်း မေးကြရန် တဖွဲဖွဲ ရောက်ရှိလာကြသည်။ ရောက်ရှိလာကြသူ တိုင်းအားလည်း မစ္စတာဂိုအင်ကာ က သူ၏ကိုယ်တွေ့များကို ရှင်းလင်းပြောပြ၏။ ဤသို့ပြောပြရာ၌ ၎င်း၏ဦးရည်း ခေါင်းခဲဝေဒနာ ပျောက်ကင်းသည်မှာ အဓိက အရေးတကြီး အကြောင်းအ ရာမဟုတ်တော့ပါ။ မှန်မြတ်သော ဗုဒ္ဓဓမ္မ၏ အမြိုက်အရသာကိုသာလျှင် လေး လေးနက်နက် ရှေ့တန်းတင်၍ ပြောပေတော့သည်။ ဘဝသစ်သို့ ရောက်စေ သော တရားထူး တရားမြတ်ရရှိနိုင်သည့် ဓမ္မရောင်ခြည် စေတီတရားဌာန အ

ကျောင်းကိုင်၎င်း၊ ၎င်းအားတရားညွှန်ကြားပြသပေးသည့်ဆရာကြီးအား၎င်း၊ အခက်အခဲဟူသမျှ ကူညီဖြေရှင်းပေးသည့် မိခင်သဖွယ် စောင့်ရှောက် ပြုစုလိုက်သော ဆရာမအကြောင်း များကို၎င်း အားရ ပါးရ ပြန်လည် ပြောပြ ရပေသည်။

၎င်းတို့သည် မစ္စတာဂိုအင်ကာ၏ ထူးခြားသော ပြောင်းလဲ ချက်ကိုကြားနာရပြီးနောက် ဤထူးခြားသော တရားဌာနနှင့် လွန်စွာတန်ခိုးကြီးမားပုံရသော ဆရာကြီးကို တွေ့မြင်လိုသော ဆန္ဒဖြစ်ပေါ် လာရကား မစ္စတာဂိုအင်ကာသည် ၎င်းတို့အားလုံးကို စေတီရိပ်သာသို့ နဖွာန်ကူးတို့ပို့ပေးရတော့သည်။ ထိုအချိန်မှစ၍ ဓမ္မရောင်ခြည် စေတီတော်တွင် လစဉ်တရား အပတ်တိုင်း၊ ဒိဘီဝတ်၊ ဆာ္ရဲဝတ် အိန္ဒိယနွယ်ဘွားများ ပါဝင်လာခဲ့ကြသည်။ ၎င်းတို့၏ နေရေးထိုင်ရေးအတွက်မှာမူ တရားဌာနတွင် အိပ်ခန်း၊ ရေချိုးခန်း၊ ရေအိမ်သာ အစရှိသဖြင့် ပြည့်စုံပြီးဖြစ်၍ အခက်အခဲ မတွေ့ရပေ။ စားရေးသောက်ရေးမှာမူ သက်သတ်လွတ်နှင့် အသီးအနှံများကိုသာ သုံးဆောင် ကြသော ကြောင့် ရိပ်သာ၏ စီးကမ်းနည်းလမ်းများနှင့် ကိုက်ညီသော်လည်း သူတပါး ချက်ပြုတ်သည်ကို မစားမသောက်ရသော ဇာတ် အခက်အခဲက ရှိနေပြန်သည်။ ထိုပြဿနာများကို မစ္စတာဂိုအင်ကာက ဒိုင်ခံ၍ ဖြေရှင်းပေးသွားသည်။ တရားအပတ်တိုင်း အိန္ဒိယလူမျိုး တရားသမားအားလုံးအတွက် ၎င်း၏အိမ်မှ စားသောက်ဖွယ်ရာများ ပို့ပေးသည်။ ရိပ်သာ ကားဂိုဒေါင်တွင်လည်း သီးခြားစားဖိုဆောင်ပြုလုပ်၍ ချက်ပြုတ်ကြသည်။ရွှေစက်တော်၊ ကျိုက်ထီးရိုးဘုရားများသို့ ဗုဒ္ဓဘာသာ မြန်မာများ ဘုရားဖူးသွားစဉ် တပျော်တပါးချက်ပြုတ်စားသောက်ကြသကဲ့သို့ ၎င်းတို့လည်း စေတီရိပ်သာ၌ ပျော်ရွှင်စွာ စုရုံး ချက်ပြုတ်ကြသည်ကို ကျွန်တော် တရားပတ်ထိုင်တိုင်း တွေ့မြင်ခဲ့ရဘူးသည်။

ပထမတွင် မြန်မာစကား၊ အင်္ဂလိပ်စကား မပေါက်ရောက်သော အိန္ဒိယလူသိုက်အား တရားပြသပေးရာ၌ ဆရာကြီးတွင် အခက်အခဲများ တွေ့ခဲ့ရသည်။ ဆရာကြီးသိရှိသော ဟိန္ဒူ စတန်နီစကားလုံးများမှာ ကမ္မဋ္ဌာန်းခန်းတွင် မည်သို့တိုင်၊ မည်သို့ အသက်ရှူ၊ မည်သည့်နေရာတွင် စိတ်ထား၍ရှု စသည်တို့ကိုသာ ပြောဆိုနိုင်ရန် လုံလောက်ပေသည်။ တရားခန်းမှထွက်၍ တရားသဘောများ ရှင်းလင်းပြသောအခါ၌ ဆရာကြီးသိသမျှ ဟိန္ဒူစတန်နီစကားများသည် များစွာ အကူအညီ မပေးနိုင်တော့ပေ။ သို့ရာတွင် ဖြစ်သည့်နည်းဖြင့် လက်ပြ၊ ခြေပြ၊ ကုလားစကား၊ အင်္ဂလိပ်စကား၊ မြန်မာစကား၊ ရောနှော၍ဟောပြော

ပြနေသော ဆရာကြီးနှင့် ၎င်း၏တရားနာ ပရိသတ်တို့ကို တစေ့တစောင်း ဘေးမှ ကြည့်ရှုနားထောင်လေ့ရှိသော ကျွန်တော်တို့အတွက် ရှင်မြူးဘွယ်ရာ အဖြစ်အပျက်ကလေးများ၊ တွေ့မြင် ကြားသိခဲ့ရပုံကို မှတ်မိနေသေးသည်။ တကြိမ်တွင် စိတ်အာရုံများ ပြန့်လွင့်နေသည်ကို နွားသီးဖျားသို့ပြန်လည်ဆောက် အောင် ဆွဲယူရပုံမှာ နွားကလေးတကောင် ရုန်းကန်ပြေးနေသည်တွင် နဖား ကြိုးတပ်ချည်၍ တဖြည်းဖြည်း မိမိဘက်သို့ ဆွဲယူရပုံနှင့် တူသည့်အကြောင်းကို ဆရာကြီးက ရှင်းလင်းပြသနေရာတွင် "ဟို၊ ဂိုင်း၊ ဂိုင်း ဂျန်တာဟေး၊ ဂျန် တား၊ ဂိုင်းက နွားသီးဖျား (နွာခေါင်းကိုင်ပြ၍)ရတ်ဆီးဆေး၊ ဘန်းကတ်တား၊ ဖီရ်၊ အာစတေး၊ အာစတေး၊ အိုင်စားမာဖီး (ပူးလ်) "ဟု မြန်မာ၊ ဟိန္ဒူ၊ အင်္ဂလိပ်ဘာသာ စကားမျိုးစုံ ရောနှောပြော၍ လက်ဟန်ခြေဟန်ဖြင့် ဆွဲပြ နေရာ ကျွန်တော်တို့မှာ လွန်စွာရယ်ချင်လာသဖြင့် အဝေးသို့ ထွက်ပြေးခဲ့ကြ ရသည်။

ဦးဂိုအင်ကာတို့ မိသားစုသည် စေတီရိပ်သာတွင် တရားပတ်ရှိသည်ဖြစ် စေ၊ မရှိသည်ဖြစ်စေ နေ့ပိုင်း လုပ်ငန်းဆောင်တာများ သိမ်းဆည်းပြီးနောက်၊ ညဥ့်အချိန်များတွင် စေတီသို့ လာရောက်၍ တရားထိုင်လေ့ ရှိကြသည်။ ရိပ် သာရှိ ဓမ္မမိတ်ဆွေအပေါင်းတို့နှင့် အတူ အဓိဋ္ဌာန်အာရုံပြုပြီးသည့် (၉) နာရီ ကျော်မှ အိမ်ပြန်လေ့ရှိကြသည်။ ထိုအချိန်အခါများတွင် ဆရာကြီးဟောပြော သော တရားများကို အိန္ဒိယအမျိုးသားများအား ဦးဂိုအင်ကာက စကားပြန် လုပ်ပေးလေ့ရှိသည်။

မိမိ၏ စီးပွားရေးလုပ်ငန်းများကို လစ်လျူရှုလျက် ဦးဂိုအင်ကာသည် ဆရာကြီးထံတွင် တရားရက်ရှည် အားထုတ်လာသည်။ စာတွေ့ အဖြစ်ဖြင့် လည်း ဗုဒ္ဓတရားတော်များ လေးလေးနက်နက် သသောပေါက်သိရှိရန် အင်္ဂလိပ် ဘာသာပြန် အဘိဓမ္မသင်္ဂြိုဟ်နှင့် ဝိသုဒ္ဓိမဂ်များကို စံနစ်တကျ လေ့လာယူ သည်။ ၎င်း၏ မဂိုလမ်း နေအိမ်တွင် သီးသန့် တရားခန်းတခု မွမ်းမံ ပြုပြင်၍ ပလ္လင်တံကဲနှင့်တကွ ဗုဒ္ဓ ဆင်းတုတော်တဆူကိုလည်း ပူဇော် ကိုးကွယ် ထား သည်။ ဆရာတော်၊ သံဃာတော်များလည်း မကြာမကြာပင့်ဖိတ်၍ ဆွမ်းဝတ်၊ ကွမ်းဝတ် ပြုစုသည်။ အလှူဒါန အမျိုးမျိုး ပြုလုပ်သည်။

တချိန်တည်းမှာပင် ဗုဒ္ဓတရားတော်နှင့်ပတ်သက်၍ စာအုပ်စာတမ်းများ ကို ဟင်ဒီဘာဖြင့် ပြန်လည်ရေးသား ပြုစုလျက်ရှိသည်။ မင်္ဂလသုတ်တော်ကို ဟင်ဒီဘာသာဖြင့် အနက်အဓိပ္ပာယ် ရှင်းလင်းပြသသော ကျမ်းဂန်တစောင်ကို

လည်း ပြုစုသည်။ ၎င်းနှင့်အတူနေသော မိသားစုအားလုံးအား မင်္ဂလာသုတ်ကို နှုတ်တက် အရကျက်စေ၍ ဘုရားခန်းတွင်တရားမထိုင်မီ နေ့စဉ် နံနက်တိုင်း ရွတ်ဖတ်သရဇ္ဈာယ်စေသည်။ မင်္ဂလာသုတ်ပါဠိတော်ကို မဇ္ဈိမဒေသအသံထွက်ဖြင့် ဒှာန်ကဂိုဏ်းကျစွာ ရွတ်ဆိုကြသည်မှာ သာယာ နာ ပျော် ဘွယ် ရှိ လှ ပေသည်။

ယခုအခါတွင် အချိန်အား ရနေသော မစ္စတာ ဂိုအင်ကာသည် စေတီရိပ်သာ၌ တရားလုပ်ငန်းကိုသာလျှင် ၎င်း၏ အလုပ်အကိုင်အဖြစ် ယူဆ၍ လုပ်ကိုင် နေတော့သည်။ တောင်ငူ၊ မန္တလေး၊ ပြည်၊ ပေါင်းတည်၊ တောင်ကြီး စသော မြန်မာပြည်အရပ်ရပ်မှ ၎င်း၏ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းကိုလည်း စေတီရိပ်သာသို့ ဖိတ်ခေါ်၍ တရား အားထုတ်စေသည်။ ၎င်းတို့၏ စိတ်သောကပူပန်မှုကို ဗုဒ္ဓ၏ တရားမြတ်ဖြင့် အေးချမ်း သက်သာရာ ရစေသည်။ အိန္ဒိယပရိသတ်များ စေတီရိပ်သာသို့ ပိုမိုများပြားစွာ ရောက်ရှိလာရာတွင် ၎င်းတို့၏ နေရေး ထိုင်ရေး သက်သာမှုအတွက် အဆောက်အဦးနှစ်ခုကို ဆောက်လုပ်လှူဒါန်း ကြသည်။ တရားဟောဆောင်အဖြစ် အသုံးပြုသော ဓမ္မာရုံဟောင်းကြီးကိုလည်း အုတ် အင်္ဂတေများဖြင့် ပြင်ဆင်မွမ်းမံ၍ ခြင်လုံ သံစကာများ တပ်ဆင်လှူဒါန်းကြသည်။

ဤ အိန္ဒိယ ပရိသတ်များ တရား အားထုတ်စဉ် မစ္စတာ ဂိုအင်ကာသည် ဆရာကြီး နှင့် ဆရာမအနီးအပါးတွင် အစဉ် ရှိနေနိုင်လာသည်။ တရား ဟောပြောရာတွင် စကားပြန်အဖြစ် ဆောင်ရွက်ရုံသာ မဟုတ်တော့ဘဲ ၎င်းကိုယ်တိုင်ပင် တရား အရည်အသွေး အတော်အတန် ပြည့်ဖြိုးနေပြီဖြစ်ရကား တရား လုပ်ငန်း ၌ပင် အကူအညီ ပေးလာနိုင်သည်။ ယုံကြည်သဒ္ဓာစိတ် အပြည့်အဝရှိ၍ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အထူး ကောင်းမွန်လှသည့်ပြင် အသိဉာဏ်အရာ၌လည်း လျှင်မြန် ထက်မြက်လှသော မစ္စတာ ဂိုအင်ကာအား ဆရာကြီးသည် ၎င်း၏ သာသနာပြု လုပ်ငန်း အစီအစဉ်တွင် ထည့်သွင်း စဉ်းစားခြင်း ပြုလာဟန်ရှိပေသည်။ နေ့ရော ညဉ့်ပါ ၎င်းအား သွန်သင်ပြသပေး၍ မျှားမကြာမီ ဆရာကြီးယုံကြည်စိတ်ချရသော တပည့်ကောင်းတယောက် ဖြစ်လာတော့သည်။

ကျွန်တော်သည် စေတီရိပ်သာသို့ ရောက်ရှိတိုင်း မစ္စတာ ဂိုအင်ကာနှင့် ၎င်း၏ ပရိသတ်များကို သိုက်သိုက်ဝန်းဝန်း တွေ့ရှိရသည်မှာ အစဉ်လိုပင် ဖြစ်လာသည်။ ထိုစဉ်က မစ္စတာ ဂိုအင်ကာသည် ဆရာကြီး အတွက် စကားပြန်

အဖြစ် သာမန် အကူအညီပေးနေသည်ဟုသာ ထင်မှတ်ခဲ့သည်။ (၁၉၆၇)ခု၊ ဇန်နဝါရီလ ရောက်မှသာလျှင် မစ္စတာ ဂိုအင်ကာအား ဆရာကြီးက သာမန်တရာသမားအနေဖြင့် မယူဆတော့ဘဲ ၎င်း၏သာသနာပြုလုပ်ငန်းတွင် တဖက်တလမ်းမှ အကူအညီပေးနိုင်သည့် လက်ထောက်တဦးအဖြစ်ပင် ယုံကြည်အားကိုးလာကြောင်းသိရသည်။ ထိုနှစ် ဇန်နဝါရီလဆန်းတွင် ဆရာကြီး၊ ဆရာမ၊ ဦးချစ်တင်၊ မစ္စတာဂိုအင်ကာနှင့် မိသားစုအားလုံး မန္တလေးသို့ ရောက်ရှိလာကြသည်။ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ၈၃ လမ်းပေါ်ရှိ လေးထပ်တိုက်တလုံး၏ အထက်ဆုံးထပ်တွင် တည်းခိုစခန်းချကြသည်။

ဤသို့ ရောက်လာသည်မှာ ဆရာကြီး၏ လိုအင်ဆန္ဒကို မစ္စတာဂိုအင်ကာက အပြည့်အစုံ ဖြည့်စွမ်းပေးလိုက်ခြင်းဖြစ်သည်။ စစ်ကြီးမဖြစ်မီက ဆရာကြီးသည် အလုပ်ဝတ္တရားဖြင့် ရောက်လေရာ အရပ်၌ ပုဂ္ဂိုလ် တဦးစ နှစ်ဦးစ တရားပြသပေးခဲ့သည်။ စစ်ပြီးသည့်နောက် အစိုးရ လုပ်ငန်းအနေဖြင့် နယ်ထွက်ခွင့်မကြုံတော့ပေ။ တာဝန်ဝတ္တရား များပြားသဖြင့်လည်း ရန်ကုန်မြို့မှထွက်ခွာနိုင်ခြင်းမရှိပေ။ ထို့ကြောင့် တရားပြသပေးမှုကို ဓမ္မရောင်ခြည် စေတီတွင်သာ အခြေပြု၍ ဆောင်ရွက်ခဲ့ရသည်။ ဆရာကြီးထံမှ တရားနည်းလမ်းရှာဖွေလိုသူတို့သည် ဤဗဟိုဌာနသို့ လာရောက်နိုင်မှ တရားအားထုတ်နိုင်ကြတော့သည်။

ဆရာကြီးသည် မြတ်စွာဘုရား အဆုံးအမရှိတော်မူသည့်အတိုင်း သာသနာပြုလုပ်ငန်းကို နေရာအနှံ့အပြား လှည့်လည်၍ ပြုလုပ်လိုသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ဒေသစာရီ ကြွချီတော်မူ၍ သတ္တဝါအများအား တရားချီးမြှင့်ပေးတော်မူသည့်ထုံးကို ဆရာကြီးကလည်း နှလုံးပြုခဲ့သည်။ သို့သော်လည်း ၁၉၆၇ ခု၊ တိုင်အောင် အစိုးရ တာဝန်ဝတ္တရားများကြောင့် အခါအခွင့် မသင့်ခဲ့ပေ။ ထိုနှစ်တွင်မူ ဆရာကြီးသည် လောကီကိစ္စ အဝဝမှ အနားယူခွင့်ရလာနိုင်သည်။ ရန်ကုန်မှထွက်ခွာ၍ အရပ်ရပ် လှည့်လည် တရားပြသ ပေးလိုသော ယင်းဆန္ဒအတိုင်း ဆောင်ရွက်လာနိုင်တော့သည်၊ မစ္စတာဂိုအင်ကာတွင်လည်း ဆရာကြီး၏ လိုအင်ဆန္ဒပြည့်ဝစေရန် အခြေအနေများကို ဖန်တီးပေးနိုင်ချိန်ဖြစ်နေပေသည်။ ၎င်းသည်လည်း စီးပွားရေးလုပ်ငန်း အရပ်ရပ်မှ ရပ်နားနေချိန်ဖြစ်သည်။ ရန်ကုန်မြို့သို့ တကူးတကမလာရောက်နိုင်ကြသော အိန္ဒိယအမျိုးသား အပေါင်းတို့ကလည်း ဆရာကြီးအား မန္တလေးသို့ ပင့်ဖိတ်ပေးပါရန် တောင်းခံလာနေသော အချိန်အခါလည်းဖြစ်သည်။ မန္တလေးတွင် ဆရာကြီး၏ ပရိသတ်များ တည်းခိုနေထိုင်ရန်သာမဟုတ် တရားအားထုတ်သူအပေါင်း

အတွက်လည်း နေရာထိုင်ခင်း စီစဉ်ပေးနိုင်ရန် မစ္စတာဂိုအင်ကာ၌ အသိုင်းအဝိုင်း အပြည့်အစုံရှိသည်။ ထိုသို့အကြောင်းအမျိုးမျိုး ညီညွတ်ဆုံစီးလာသောကြောင့် ရန်ကုန်ဗဟိုဌာနမှ ခွဲခွာ၍ ရပ်ဝေး၌ ပထမဆုံးအကြိမ် တရားပြသပေးရန် ဆရာကြီးတို့အဖွဲ့ မန္တလေးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဤအစီအစဉ် ဖြစ်မြောက်ရန် လုံးဝတာဝန်ခံ ဆောင်ရွက် ပေးသူများမှာ မစ္စတာဂိုအင်ကာနှင့် ၎င်း၏ မိသားစုများ၊ ဆွေမျိုး မိတ်ဆွေ များနှင့် တပည့်တပန်းများဖြစ်သည်။ လေးထပ်တိုက် အမိုးပြန့်တွင် တရားသမား ၂၀ ကျော် နေထိုင်ရန်၊ တရားအားထုတ်ရန် ကြုထရံကာ၊ ဝါးကပ်မိုး အခန်းငယ်များ၊ ဆရာကြီးတို့ မရောက်မီကပင် အသင့်ပြင်ဆင်ပြီးဖြစ်သည်။ ရေ၊ မီး၊ ရေချိုးခန်း၊ ရေအိမ်သာ အပြည့်အစုံလည်းစီစဉ်ထားသည်။ ချက်ပြုတ်ခန်း၊ စားသောက်ခန်းများလည်း တပါတည်း အဆင်သင့်ဖြစ်သည်။ ထို့ကြောင့် ယာယီအစီအစဉ်ပင်ဖြစ်သော်လည်း တရားသမားအားလုံး ကိုယ်စိတ် ချမ်းသာစွာ တရားအားထုတ်နိုင်ကြပေသည်။ မန္တလေး ပရိသတ်အား တရားပြသပေးရာ၌ မစ္စတာဂိုအင်ကာသည် စကားပြန် အဖြစ်သာ မဟုတ်ဘဲ ဆရာကြီး၏ လက်ထောက်အဖြစ် စတင်ဆောင်ရွက် ခိုင်းခြင်းခံရသည့်။ အမျိုး သမီး များအား ညွှန်ကြားပြသပေးသော ဆရာမကလည်း လိုသောအကူအညီများ ပေးခဲ့သည်။ ဆရာကြီးက တရားပေးပြီးနောက်ပိုင်း၌ တရားစစ်ဆေးခြင်း လုပ်ငန်း၊ အခက်အခဲများ ကူညီဖြေရှင်းသောလုပ်ငန်း စသည့်များကို မစ္စတာဂိုအင်ကာအား ယုံကြည်လွှဲအပ်ခြင်းခံလာရသည်။ ဤသို့ဖြင့် ဆရာကြီး၏ နယ်လှည့်တရားပြသပေးသော လုပ်ငန်းကြီး ချောမောစွာ အောင်မြင်ကြီးဆုံးသွားခဲ့သည်။ တရားသမားအားလုံး ကြေနပ်နှစ်သိမ့်မှုရကြသည်။ ဆရာကြီးတို့အဖွဲ့လည်း ရွှင်လန်းဝမ်းမြောက်စွာဖြင့် ရန်ကုန်သို့ ပြန်သွားနိုင်ကြသည်။

ဤပထမ နယ်လှည့်တရားပေးပုံ အကြောင်းကို သိရှိသွားကြသောတရားထိုင်လိုသူ အခြားပုဂ္ဂိုလ်များက အလားတူချီးမြှင့်မှုများ ပြုလုပ်ပါရန် လူအတန်တန်၊ စာအတန်တန် တောင်းပန်လာကြပြန်သည်။ ထိုကြောင့် ထိုနှစ်ပြီလ သင်္ကြန်တက်ပြီးနောက် ဆရာကြီးတို့ ခရီးထွက်ကြပြန်သည်။ ဤတကြိမ်၌ အခြေစိုက်စခန်းအဖြစ် မေမြို့ကို ရွေးချယ် သတ်မှတ်ခဲ့ကြသည်။ ယခင် တရားပတ်ကို လွတ်သွားခဲ့သော မန္တလေးမှ ပရိသတ်များ၊ သီပေါ လားရှိုးဘက်မှ ပုဂ္ဂိုလ်များ မေမြို့သို့ စုဝေး၍ ရောက်လာကြသည်။ မေမြို့တွင် နေရာထိုင်ခင်း အတွက် မစ္စတာဂေဒီယားက တာဝန်ယူ၍ ဈေးအနောက်ဖက် ဟိန္ဒူတည်းခို

ရိပ်သာကြီးတွင် နေရာချထားပေးသည်။ အစစအရာရာ စီမံခန့်ခွဲမှုကို မစ္စတာဂိုအင်ကာပင် လုံးဝတာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။ တရားပေးရာ၊ တရားပြရာ၊ တရားစစ်ရာတို့၌ မစ္စတာဂိုအင်ကာအား ဆရာကြီးနံဘေး၌ထိုင်လျက် ပူးတွဲတာဝန်ယူစေသည်။ ဤသို့ဖြင့် မစ္စတာဂိုအင်ကာသည် ဆရာကြီးယုံကြည်လွှဲအပ်ခြင်းခံရသော တရားပြဆရာတဦးအဖြစ် အလိုအလျောက် ဖြစ်လာသည်ကို ကျွန်တော်မြင်တွေ့ခဲ့ရသည်။

ဆရာကြီး၏ နယ်လှည့်သာသနာပြု လုပ်ငန်းတွင် ပါဝင်ကူညီ ဆောင်ရွက်နေသော မစ္စတာဂိုအင်ကာ၏ သဒ္ဓါယုံကြည်မှု၊ စိတ်အားထက်သန်မှုတို့မှာ အံ့မခန်းလိလိပင်ရှိပေတော့သည်။ စီမံအုပ်ချုပ်မှု ကျွမ်းကျင်ခြင်း၊ အပြောအဆိုပြေပြစ်လိမ်မာခြင်း၊ မည်သည့်အခက်အခဲမဆို ဖြေရှင်းနိုင်ခြင်း၊ တရားပြသရာ၌ ပေါ်ပေါက်လာသော ပြဿနာအရပ်ရပ်များကိုပင် ပြေလည်အောင် ရှင်းလင်းပေးနိုင်ခြင်းစသော မစ္စတာဂိုအင်ကာ၏ ထူးခြားသော ဂုဏ်အရည်အချင်းတို့ကို ဤမေမြို့ တရားစခန်းတွင် ကျွန်တော်ကိုယ်တိုင် မျက်မြင် တွေ့လိုက်ရပါသည်။ မေမြို့နေ လူခံများအဖြစ် မစ္စတာကေဒီယားနှင့် ကျွန်တော် တို့သည် ဆရာကြီး၏ လုပ်ငန်းကိုကူညီရန် သွားရောက်ဝိုင်းဝန်းခဲ့ကြပါသည်။ သို့ရာတွင် မည်သည့်နေရာတွင်မျှ ကျွတော်တို့က ထိရောက်စွာ ကူညီပေးရသည်ဟု မတွေ့ရပါ။ အစစအရာရာ မစ္စတာဂိုအင်ကာကိုယ်တိုင်ပင် ဦးစီးဆောင်ရွက်၍ လုပ်ကိုင်သွားပါသည်။ မစ္စတာ ဂိုအင်ကာ၏ မိသားစု အားလုံး သား၊ သမီး၊ သမက်မကျန် လိုက်ပါလာကြ၍ ၎င်းတို့သည်လည်း ဆရာကြီးထံမှ တရားခံယူပြီးသူများပီပီ၊ သဒ္ဓါတရားထက်သန်စွာဖြင့် လိုလေသေးမရှိရန် ကူညီဆောင်ရွက်သွားကြပေသည်။ အထူးခြားဆုံး အစီအစဉ်မှာ နံနက်ပိုင်း တရားချိန်မစမီ ဘုရားကိုအာရုံပြု၍ မစ္စတာဂိုအင်ကာတို့၏ မိသားစုများ စုရုံးကာ မင်္ဂလာတရားတော်ကို ရွတ်ဘတ်သရဇ္ဈာယ်သော အခမ်းအနားပင်ဖြစ်သည်။ ဤသို့ ရွတ်ဘတ် သရဇ္ဈာယ်သံသည် လွန်စွာ သာယာနာပျော်ဘွယ် ရှိလှပေသည်။ စိတ်ကြည်နူးရပေသည်။ တရားလုပ်ငန်းအတွက် မွန်မြတ်သော နိဒါန်းကလေးပင် ဖြစ်သည်။ ဤဒုတိယအကြိမ် မေမြို့စခန်း၌ တရား ပြသရာတွင် လုံးဝ အောင်မြင်မှုရရှိသောကြောင့် အများပရိဿတ် ရွှင်လမ်း ဝမ်းမြောက် သာဓုအနုမောဒနာ ခေါ်ခဲ့ကြရပြန်သည်။

## (ခ) ဦးဂိုအင်ကာ အိန္ဒိယပြည်သို့သွားရောက်၍ သာသနာပြုလုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ပုံ။

၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဓမ္မရောင်ခြည်စေတီတော်မှ ထွက်ခွာ၍ ပြည်တွင်း၌ လှည့်လည်ကာ တရားနည်းလမ်း ပြသပေးခြင်းမှာ ဆရာကြီး၌ အကြောင်းထူး ရှိပေသည်။ ထိုအကြောင်းမှာ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သော ဆရာသက်ကြီးထံမှ ဗုဒ္ဓနည်းအရ ဝိပဿနာကို အခြေပြု၍ စိတ်သုတေသန လုပ်ငန်းလုပ်ခဲ့သည်မှာ ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် နှစ်ပေါင်း ၃၀ ပြည့်မြောက်ခဲ့ပေသည်။ တဖန် သာသနာသက္ကရာဇ် ၂၄၈၅ ခု၊ ကောဇာသက္ကရာဇ် ၁၃၀၁ ခု၊ ဝါဆိုလပြည့်နေ့တွင် ငွေစာရင်းမင်းကြီးရုံး၌ ဝိပဿနာစိတ်ပညာအဖွဲ့ ဖွဲ့စည်း တည်ထောင်ခဲ့သည်မှစ၍ တပည့်ရင်းများနှင့်အတူ စိတ်၏တည်ငြိမ်မှု၊ စိတ်၏ချမ်းသာမှုရရန် နည်းလမ်းများကို လေ့လာခြင်း၊ စူးစမ်းခြင်း၊ ရှာဖွေခြင်းနှင့် တီထွင်ခြင်းတို့ကို ပြုခဲ့သည်။ ထို့နောက် ရရှိသော အတွေ့အကြုံ ဗဟုသုတတို့ကို မှီငြမ်းပြု၍ အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတွင် လက်တွေ့သင်ကြားပြသမှုများကို ပြုလုပ်ခဲ့သည်။

ဓမ္မရောင်ခြည်စေတီကို ဗဟိုပြု၍ သာသနာပြုလုပ်ငန်းများ ဤသို့ကြိုးပမ်း ဆောင်ရွက်လာခဲ့သည်မှာ ၁၉၆၇ ခုနှစ်တွင် နှစ်ပေါင်း ၁၅ နှစ်တင်းတင်း ပြည့်ခဲ့ပေပြီ။ထိုအခြင်းအရာနှစ်ခုကို အမှတ်တရအထိမ်းအမှတ်အဖြစ် ၁၉၇၆ ခု၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ဖေဖော်ဝါရီလ ၇ ရက်နေ့ အထိ၊ တလတိတိ၊ ကမ္ဘာအရပ်ရပ်တွင် ဗုဒ္ဓအမွေအနှစ်ကို အောင်မြင်စွာ ဖြန့်ဖြူးပေးဝေနိုင်စေရန် အဓိဋ္ဌာန်ပြု၍ ဆရာကြီးသည် ထူးခြားသော ဗုဒ္ဓပူဇနိယ၊ ဓမ္မပူဇနိယ၊ သံဃာပူဇနိယ၊ ကုသိုလ်အမှုတို့ကို ပြုလုပ်ခဲ့ပေသည်။ (၁) ဗုဒ္ဓပူဇနိယအတွက် ကျပ်ငွေ ၇၀၀၀ိ အကုန်အကျခံ၍ ဓမ္မရောင်ခြည်စေတီတော်ကို ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး ဗုဒ္ဓပူဇနိယသဘင် ဆင်ယင်ကျင်းပခြင်း၊ (၂) ဓမ္မပူဇနိယအတွက် ကျပ်ငွေ ၂၂၇ဝိ/၇ဝါး ကျော် အကုန်ခံ၍ မန္တလေးမြို့သို့ သွားရောက်ပြီး နိုင်ငံခြား အမျိုးသား အမျိုးသမီး ၁၆ ဦးကို အောင်မြင်စွာ ဝိပဿနာတရားပြသခဲ့ခြင်း၊ (၃) သံဃာပူဇနိယအတွက် ရန်ကုန်ကန်ဦးကျောင်းတိုက်နှင့် ဗဟန်းတိုက်နယ်မှ သံဃာတော်များ၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်

သံဃာတော်များအားလုံးနှင့် မန္တလေး အမရပူရ ဆရာတော် အရှင်ဇနကာ ဘိဝံသ ကျောင်းတိုက်မှ သံဃာတော်များကို ဆွမ်း ကျွေးမွေး လှူဒါန်းပူဇော်ခြင်း ပြုခဲ့လေသည်။

မန္တလေးတွင် တရား ရကြကုန်သော ဟိန္ဒူ အမျိုးသား အမျိုးသမီး တို့ကို အကြောင်းပြု၍ မေမြို့မှ ပုဂ္ဂိုလ်များ၏ ပန်ကြားချက်အရ ထိုနှစ် သင်္ကြန်အလွန်တွင် မေမြို့ သွားရောက်၍ ဟိန္ဒူ၊ မြန်မာ ပုဂ္ဂိုလ်ပေါင်း (၁၈) ဦး တို့အား တရား ပြသပေးခဲ့ရကြောင်းကို ဖော်ပြခဲ့ပေပြီ။ မန္တလေး နှင့် မေမြို့ သို့ ခရီးထွက်၍ တရားဓမ္မ ပြသပေးခြင်းမှာ ဆရာကြီး တရား စတင်အားထုတ်သည့် နှစ် (၃၀) ပြည့်နှင့် နိုင်ငံခြားသာသနာပြုလုပ်ငန်း စတင်ဆောင်ရွက်သည့် (၁၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ်သာမက၊ နိုင်ငံခြား သာသနာပြု ခရီး အတွက် ပဏာမ လေ့ကျင့်မှုများအဖြစ် ဆောင်ရွက်ခဲ့သည် ဟု ယူဆနိုင်ပေသည်။ ထိုအချိန်မှစ၍ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ယခု ပြန်လည်စဉ်းစားကြည့်ရာတွင် မန္တလေး၊ မေမြို့ ခရီးစဉ်များသည် နောင်တွင် နိုင်ငံခြား အခြေအနေအမျိုးမျိုး၌ တရားစခန်းများကို ဖြစ်သည့်နည်းဖြင့် ဖွင့်၍ အခက်အခဲ အမျိုးမျိုးကြားတွင် အောင်မြင်စွာ တရား ပြသပေးနိုင်ရန် ဦးဂိုအင်ကာအား ဆရာကြီးက ကွင်းဆင်း လက်တွေ့သင်ခန်းစာများ ပေးရန် ထွက်ခဲ့ခြင်း ဖြစ်ကြောင်း သဘောပေါက်လာပေသည်။

× × ×

နိုင်ငံခြား သာသနာပြုလုပ်ငန်းအတွက် ရှေးဦးထွက်အနေဖြင့် ဆရာကြီး၏ တပည့်ရင်း ဖြစ်သော လက်ထောက် တရားပြဆရာ ဦးဂိုအင်ကာသည် အိန္ဒိယသို့ စတင်သွားရောက်၍ တရားပြနိုင်ရန် မမျှော်လင့်ဘဲ အခွင့် ဖြစ်ပေါ်လာသည်။ မစ္စတာ ဂိုအင်ကာ၏ မိခင်ကြီးနှင့် ဖခင်ကြီးတို့သည် မြန်မာပြည်မှ ထွက်ခွာပြီးနောက် အိန္ဒိယပြည် ဘုံဘေမြို့တွင် နေထိုင်လျက်ရှိကြသည်။ ၁၉၆၉ ခု၊ ဇွန်လအတွင်းတွင် ၎င်း၏ မိခင်ကြီး ပြင်းစွာ နာမကျန်း ဖြစ်နေကြောင်း ကြေးနန်း ရရှိသဖြင့် ဘုံဘေမြို့သို့ ကတိုက်ကရိုက် ထွက်ခွာသွားရသည်။ ဤသို့မသွားမီ ဆရာကြီးအား ပူဇော်ကန်တော့၍ မေတ္တာ ခံယူသွားသည်။ ဆရာကြီးက ၎င်းမိခင်ကြီးအား အကောင်းဆုံး အတတ်နိုင်စွမ်းဆုံး ဆေးဝါး ကုသပါလေ။ အမွန်မြတ်ဆုံးကုသိုလ်ပြုမှုအဖြစ်ဖြင့်လည်း ၎င်းတို့အတွက် ဝိပဿနာကမ္မဋ္ဌာန်း ကိုယ်တိုင် အားထုတ်၍ အမျှအတန်း ပေးဝေပါလေ ဟု ဩဝါဒပေးလိုက်သည်။

မြန်မာပြည်မှ မထွက်ခွာမီကပင် ဦးဂိုအင်ကာ သည် ၎င်း၏ မိဘနှစ်ပါးအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ ဤစိုးရိမ်ပူပန်မှုမှာ မိဘနှစ်ပါး ကျန်းမာရေး ကြောင့် သက်သက်မဟုတ်ပါ။ ၎င်း၏ မိဘများသည် အိန္ဒိယပြည်သို့ ပြန်မသွားမီက ရန်ကုန်မြို့တွင် ဆရာကြီးထံ၌ ဦးဂိုအင်ကာ၏ ဆော်သြတိုက်တွန်းမှုအရ ကမ္မဋ္ဌာန်း အားထုတ်သွားခဲ့ကြသည်။ ထိုစဉ်က ၎င်း၏အမိသည် ဝိပဿနာစခန်း၌ ကောင်းမွန်စွာ အောင်မြင်၍ အနိစ္စတရားကို နှလုံးသွင်း သွားနိုင်ခဲ့သည်။ ဖခင်ကြီးမှာမူ အာနာပါနစခန်းတွင် နိမိတ် အနည်းငယ်မျှသာ မြင်နိုင်၍ ဝိပဿနာလုပ်ငန်းတွင် အောင်မြင်မှု ရမသွားခဲ့ရှာပေ။ အိန္ဒိယပြည်သို့ ရောက်သွားသောအခါ ၎င်းတို့သည် တရားလုပ်ငန်းကို မေ့လျော့ သွားကြသည်။ ထို့ထက်ပင် အခြေအနေဆိုးနေသည်မှာ အိန္ဒိယပြည် မြို့ကြီး များသို့ လှည့်လည်၍ တရားပြနေသည် ဆိုသော........ဂိုဏ်းခေါင်းဆောင်ကြီး တဦးနှင့် ဆက်သွယ်နေကြခြင်းဖြစ်သည်။ ၎င်း၏ ညီဖြစ်သူ ရှမ်ဆန္ဒာသည် ယင်းဂိုဏ်းခေါင်းဆောင်ကြီး၏ လက်ရုံးဖြစ်နေကြောင်းကို ဦးဂိုအင်ကာ ကြားသိရသည်။ တရားထူးတရားမြတ် အစစ်အမှန်ကို လက်ဝယ်ရရှိထားသော ဦးဂိုအင်ကာအတွက် မိဘများ တရားလမ်းလွဲ လိုက်နေကြောင်း ကြားသိရသဖြင့် စိတ်နှလုံးမချမ်းမသာ ဖြစ်ရခြင်းဖြစ်သည်။ အိုမင်းလှပြီဖြစ်သော မိဘနှစ်ပါးအား စစ်မှန်သော တရားကို ရင်ဝယ်ပိုက်၍သာ ဘဝတပါး ပြောင်းသွား စေချင်ရှာသည်။

ဦးဂိုအင်ကာသည် ကလကတ္တားတွင် နာရီအနည်းငယ်မျှ ခရီးတထောက်နားစဉ် ဆရာကြီးပေးအပ်လိုက်သော တိစီဝရိတ်သင်္ကန်းတစုံကို မဟာဗောဓိအသင်းမှ ဘိက္ခုဇိနရတနအား ဆရာကြီး ကိုယ်စား လှူဒါန်း ပူဇော် ခဲ့သည်။ နောက်တစုံကို ဆရနတ် (မိဂဒါဝုန်) တွင် သီတင်းသုံးတော်မူသော ဘိက္ခုမမ္မရက္ခိတထံသို့ ပေးပို့လှူဒါန်းလိုက်သည်။

ဘုံဘေမြို့သို့ခြေချလိုက်သည်နှင့် တပြိုင်နက် ဦးဂိုအင်ကာသည် ၎င်းမမြင်ရသော ဓာတ်အားများဖြင့် လွှမ်းခြုံခံလိုက်ရကြောင်း ကိုယ်တွင် တွေ့သိရသည်ဟု ဆိုသည်။ ၎င်းနှင့် ထက်ချပ်မကွာ........ဂိုဏ်းဆရာကြီးသည် ဘုံဘေသို့ ရောက်ရှိလာသည်။ ဓမ္မစကြာပွဲတော်ဟု ဆိုသော ပွဲတော်တခု အစီအစဉ်ပြုလုပ်ရန် လာရောက်သည်ဟု ဦးဂိုအင်ကာ၏စာတွင် ဖော်ပြသည်။ ဦးဂိုအင်ကာက ဓမ္မစကြာပွဲတော်ဟု အဆိုသာရှိသော်လည်း အမှန်စင်စစ် မှော်ဆရာ များ သုံးဆောင်သော ကိရိယာတန်ဆာပလာ အစုံအလင်ဖြင့် ခင်းကျင်းသည့် လော

ကီစကြာပွဲတခုသာဖြစ်ပေသည်ဟုရေးသားသည်။ ဤသို့ပွဲကြီးပွဲကောင်း ဆင်နွှဲချိန်တွင် ဦးဂိုအင်ကာ ရောက်ရှိသွားရာ ဘုံဘေတမြို့လုံး အမိုက်တိုက်ဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ၎င်း၏ ကိုယ်တွင်လည်း ထိုဆန့်ကျင်ဘက် ဓာတ်များ၏ တိုက်ခိုက်မှုဒဏ်ကို သိသိသာသာ ခံနေရသည်။

ထိုအတိုက်အခံ ဓာတ်အားစုံများကို ဥပက္ခာပြုထားရန် ကြိုးစားသော်လည်း မအောင်မြင်ဟု ဆိုသည်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် မေတ္တာ၊ ကရုဏာ၊ ဘာဝနာများစီးဖြန်း၍ မိမိကိုယ်မိမိ အကာအကွယ်ယူရ သည်ဟုဦးဂိုအင်ကာက ရေးပြသည်။ အပြင်ပ၌ ပါပဓာတ်များ မည်မျှပင် သောင်းကျန်းထကြွနေစေကာမူ ၎င်း၏ ကိုယ်တွင်း၌ အနိစ္စတရား အဆက်မပြတ် သိနေခြင်းဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် အခြေအနေ မကောင်းလှသော်လည်း ၎င်းသည် စိတ်ပျက်မှု စိတ်အားငယ်မှု လုံးဝမဖြစ်ပေါ်ခဲ့ဟု ဆိုသည်။

မိခင်ကြီး၏ ရောဂါအခြေအနေမှာလည်း မကောင်းလှပေ။ အကောင်းဆုံးဆေးဝါးကုသမှုဖြင့် ပြုစုသော်လည်း သက်သာမှုမရပေ။ နေအိမ်တခုလုံးတွင်လည်း မာရ်နတ်၏ ဆိုးဝါးသောဓာတ်အားများကဖုံးလွှမ်းလျက်ရှိသည်။ မိဘနှစ်ပါးကလည်း လမ်းမှားလိုက်နေကြသည်။ လမ်းမှန်သို့ ပြန်လည်ဦးတည်ကြရန် ဇွတ်အတင်း အကြောက်အကန် ပြောဆိုရန်လည်း မဖြစ်နိုင်၊ ထို့ကြောင့် ဦးဂိုအင်ကာသည် ၎င်းတဦးတည်း ဝိပဿနာ ကမ္မဋ္ဌာန်းကို နေအိမ် တွင်ပင် စတင် စီးဖြန်းလေသည်။ ၎င်း၏ ညီငယ်သည် ထိုအချိန်တွင် မည်သို့မျှ အတိုက်အခံ မပြုသည့်ပြင် မိဘ နှစ်ပါးကိုလည်း ဦးဂိုအင်ကာနှင့်အတူ တရားထိုင်လိုက မကန့်ကွက်ကြောင်း ပြောလေသည်။ ဤသို့ ဦးဂိုအင်ကာ တရားလုပ်ငန်း စတင်ပြီးနောက် အခြေအနေမှာ ပြောင်းလဲလာသည်။ တရားထိုင်တိုင်း၊ ထိုင်တိုင်း မိဘနှစ်ပါးနှင့် ၎င်းတို့၏ ဂုရုဆိုသူအား မေတ္တာလှိုင်းများ ပို့လွှတ်၍ အာရုံပြုပေးခဲ့ခြင်းကြောင့် မိဘနှစ်ပါးနှင့် တူ၊ တူမသုံးယောက်တို့သည် နံနက်နှင့် ညပိုင်းများတွင် ၎င်းနှင့်အတူ ဝင်ရောက်၍ တရားထိုင်လာကြသည်။ မိမိကိုယ်တွင်း သန့်စင်စေလျက် မေတ္တာတရားများကို ရက်သတ္တတပါတ်လုံး ဆက်လက် ပြန့်လွှင့်ပေးရာ ၎င်း၏မိခင်သည် ဆရာကြီးထံ၌ ရရှိသွားခဲ့သော အနိစ္စသဘောတရားများ ရက်အနည်းငယ်အတွင်း ပြန်လည်သိရှိရသည်ဟု ဆိုသည်။ ၎င်း၏ ဖခင်မှာမူ ရန်ကုန် ဆရာကြီးထံမှောက်၌ပင် ဝိပဿနာတရားကို မမြင်မတွေ့ခဲ့သည့်အလျောက် အခက်အခဲကြုံနေရသည်။

ဤသို့ဖြင့် မိမိတို့အိမ်တွင် မိသားစုများသာ တရားထိုင်နေရာမှ မမျှော်လင့်သော အခြေအနေများ ပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်တွင် ဆရာကြီးထံမှ တရားယူခဲ့သော မစ္စတာဘာလ်ချန်ဆိုသူက ဦးဂိုအင်ကာဦးစီး၍ ဘုံဘေမြို့တွင် ဝိပဿနာတရားတပါတ် ပြသပေးရန် အဆိုပြုလာသည်။ ဦးဂိုအင်ကာ၏ တူတယောက်ကလည်း ထိုအဆိုကို ထောက်ခံ၍ အစားအသောက် နေရာထိုင်ခင်းနှင့်တကွ အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးပါမည်ဟု ဆိုလာသည်။ ဤသို့ မမျှော်လင့်ဘဲပေါ်ပေါက်လာသော တရားဘော်အတွက် အခွင့်အရေးကောင်းတခုကို ဦးဂိုအင်ကာကဲ့သို့ ဆရာကြီး၏ တပည့်ကောင်းဖြစ်သူ တဦးက လက်လွှတ်ခံမည်မဟုတ်ကြောင်း စိတ်ချနိုင်ပေသည်။ ဆရာကြီး၏လိုအင်ဆန္ဒကို မမျှော်လင့်ဘဲ ဖြည့်စွမ်းပေးနိုင်ရတော့မည်ဟု လွန်စွာ ဝမ်းမြောက် ဝမ်းသာဖြစ်နေပေသည်။ ထို့ကြောင့် ပေါ်ပေါက်လာသော အခြေအနေ အရပ်ရပ်တို့ကို ဆရာကြီးထံ ကြေးနန်းဖြင့် အစီရင်ခံ၍ တရားပြသပေးရန် အပူတပြင်း စီမံလေတော့သည်။

၎င်း၏တူ စီမံပေးသော နေရာဌာနမှာ ဒါရမ်ဆာလာခေါ် ဧည့်ရိပ်သာ တခုပင် ဖြစ်သည်။ သို့သော် မြန်မာ့ ဧည့်ရိပ်သာကဲ့သို့ ၎င်းတို့အားလုံး လွတ်လွတ်လပ်လပ် အသုံးပြုနိုင်သော အဆောက်အဦးကြီး မဟုတ်ပါပေ။ ဘုံဘေမြို့အလယ်ခေါင် အလွန်ဆူညံသော ရပ်ကွက်၌ တည်ရှိ၍ ၎င်းတို့အတွက် ခန်းမဆောင်ကြီးတခုဘေးမှ အခန်းသုံးခန်းနှင့်မီးဖိုတခုသာ အသုံးပြုခွင့်ရသည်။ အဆောက်အဦးမှာ သုံးထပ်တိုက်ဖြစ်၍ ၎င်းတို့အဘွက် ဒုတိယထပ်မှ တပိုင်းကိုသာ အသုံးပြုနိုင်သည်။ ကျန်အခန်းများနှင့် အထပ်များတွင် မိသားစုများ နေထိုင်ကြသည်။ မန္တလေးနှင့် မေမြို့များမှ အတွေ့အကြုံ ရရှိသွားသော ဦးဂိုအင်ကာအတွက် တရားပြဖြစ်ရန် နေရာထိုင်ခင်း စီစဉ်ယူရသည်မှာ ခက်ခဲသော ကိစ္စတရပ် မဟုတ်တော့ပေ။ ပိတ်အထည်စများ၊ ခန်းဆီးများဖြင့် တရားသမားများနေထိုင်ရန် အခန်းဖွဲ့၍၎င်း၊ ရှိပြီးအခန်းများကို တရားပေးရန်၊ တရားစစ်ရန် အခန်းများအဖြစ်၎င်း အရေးပေါ်စီမံကိန်းများ ပြုလုပ်လိုက်သည်။

တရားသမား စုစုပေါင်းဦးရေမှာ ၁၅ ဦးဖြစ်၍ အမျိုးသမီး ၃ ဦး ပါဝင်သည်။ ၎င်းအမျိုးသမီး ၃ ဦးတွင် ဦးဂိုအင်ကာ၏ မိခင် ကမလာဒေဝီနှင့် မဒရပ်မြို့မှ ဘရားထိုင်ရန် အထူးလာရောက်ခဲ့သော ၎င်း၏ ချွေးမ မဥ္ဇူတို့ ဖြစ်သည်။ တရားသမား ၁၅ ဦးအနက် မြန်မာပြည်တွင် တရားထိုင်ခဲ့ဘူးသော

ပုဂ္ဂိုလ် ၈ ဦးပါသည်။ ကျန် ၇ ဦးမှာ ဗုဒ္ဓကမ္မဋ္ဌာန်းလုပ်ငန်းနှင့် လုံးဝမနီးစပ်ဘူးသော ဘုံဘေမြို့မှ ပုဂ္ဂိုလ်အမျိုးမျိုး ပါဝင်သည်။

အစီအစဉ်များပြုလုပ်ပြီးနောက် ဆရာကြီးထံသို့ တရားထိုင်မည့်ဦးရေ၊ တရားထိုင်မည့် နေ့ရက် အချိန် သတင်းပေးပို့ပြီးလျှင် ဆရာကြီးနှင့် ဆရာမတို့ထံမှ မေတ္တာများ ခံယူသည်။ သဒ္ဓါယုံကြည်မှု ပြင်းစွာဖြင့် ၎င်းတဦးတည်း စွန့်စား၍ မမြင်စွမ်းနိုင်သည့် အတိုက်အခံများကြားတွင် ဗုဒ္ဓ၏ တရားတော်မျိုးစေ့များ ချပေးရာတွင် ဦးဂိုအင်ကာ၌ အခက်အခဲ များစွာတွေ့ရသည်။ ထိုတရားပါတ် အတွင်း ၁၉၇၉ ခု၊ ဇူလိုင်လ ၈ ရက်နေ့တွင် ရေးသားလိုက်သောစာ၌ ၎င်း တွေ့ကြုံရသည့် အခက်အခဲပြဿနာများကို စိတ်ဝင်စားစွာ အောက်ပါအတိုင်း ဖတ်ရှုရသည်။

"ယခု တရားပြရာ ဒါရမ်ဆာလာမှ ချွတ်ယွင်းချက် အများ ရှိသော်လည်း ရနိုင်သည့် နေရာဌာနများတွင် အကောင်းဆုံး ဖြစ်ပါသည်။ ပြင်ဖက်လမ်းပေါ်မှ ကား အသွားအလာ လွန်စွာ ထူထပ်သဖြင့် ဆူညံလှပါသည်။ အောက်ထပ်မှ ဈေးဆိုင်များ၊ ကုန်ရုံများကလည်း ဝိုင်းရံလျက် နေပါသည်။ ပတ်ပတ်လည် အိမ်များမှ ရေဒီယိုဖွင့်သံများ၊ ရုပ်ရှင်သီချင်းများကို အသံချဲ့စက်များနှင့် ပွက်လောရိုက်အောင် ဖွင့်နေကြပါသည်။ ဤမျှ မသင့်လျော်သော နေရာဌာနတွင် ကမ္မဋ္ဌာန်းလုပ်ငန်း ပြသပေးရန် လက်ခံ စီမံ ဝံ့ခြင်းမှာ ဆရာကြီး၏ မေတ္တာများ ခံယူရ၍သာ ဖြစ်ပါသည်။ ကျွန်တော်၏ အနီးပါးတွင် ဆရာကြီး အစဉ်ရှိနေသည်ကို သိရှိရသဖြင့်လည်း ဤအခက်အခဲများကို ရင်ဆိုင်နိုင်ရန် ကျွန်တော်၌ ဇွဲ သတ္တိနှင့် ခွန်အားများ ပြည့်ဝနေပါသည်။ အဝေးပြေးတယ်လီဖုန်းမှ ဆရာကြီးကချီးမြှင့်သော ဆုမွန်ကောင်းများနှင့် မေတ္တာဓာတ်အားကြောင့် လွန်စွာ အားတက်သွား၍ လုပ်ငန်းကြီး မုချအောင်မြင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်လျက်ရှိပါသည်။

"ဤ ဒါရမ်ဆာလာသို့ရောက်သော ပထမညတွင် မကောင်းသောဓာတ်အား များနှင့် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲရပုံကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။ တရား ပရိသတ်တို့ တရားထိုင်ကြသည့် ခန်းမကြီးတွင် မုန်တိုင်းဆင်သကဲ့သို့ လှုပ်ရှားတိုက်ခိုက်မှုကြီး ဖြစ်ပေါ်ခဲ့သည်။ တခါတရံ ကျွန်တော့် နောက်ကြောတခုလုံး အေးစက်၍ ကြက်သီးတဖြန်းဖြန်း ထခဲ့ရသည်။ ဓမ္မရောင်ခြည် စေတီတော် လင်းလွန်းပင်ဂူစခန်း၌ တရားထိုင်နေသကဲ့သို့ပင်ဖြစ်ပါသည်။ တချိန်လုံး ဓမ္မ ဓာတ်သည် ကျွန်တော့် ဦးခေါင်း၌ သက်ဆင်း ဝင်ရောက်၍

တကိုယ်လုံး ပြန့်နှံ့ဆင်းသွားစေခဲ့ပါသည်။ တရားသမားတယောက်သည် အလာ နောက်ကျ၍ နံနက် လင်းအားကြီး (၁) ချက်ခွဲ အချိန်မှသာ ရောက်လာပါ သည်။ ထိုအချိန်အထိ ကျွန်တော်မှာ အိပ်မပျော်သေးပါ။ အာရုဏ်ဖတက်မီ နာရီပိုင်းအတွင်းရောက်မှသာ ကျွန်တော် အိပ်စက်ရပါသည်။ ဤတိုက်ပွဲကြီး များတွင် ပဋ္ဌာန်းပစ္စယ ဒေသနာတော်ကလည်း များစွာအကူအညီ ပေးခဲ့ပါ သည်။ သာသနာတော်ကို စောင့်ရှောက်တော်မူလျက်ရှိကြသော နတ်ဗြဟ္မာ များနှင့်အတူတကွ၊ ဆရာသက်ကြီး၊ ဆရာကြီးနှင့် မိခင် ဆရာမတို့လည်း ကျွန် တော့် အနီးအပါးတွင် ဝိုင်းဝန်းကူညီနေကြသည်ဟု အစဉ်အမြဲ တွေ့သိနေရ ပါသည်။''

''အာနာပါနတရား ပေးထားသော ပဌမသုံးရက်တွင် တရားသမား အချို့၌ ကိုယ်တွင်း ထကြွ သောင်းကျန်းမှုများ တွေ့ကြုံရသည်။ ဓမ္မဓာတု နှင့် ထိတွေ့ရာတွင် ကိုယ်တွင်း အညစ်အကြေး ပါပဓာတ်အားလုံး လွင့်စင် ထွက်ခွာ သွားကြရပေမည်။ အချို့သည် ပြင်းစွာ အော့အံကြ၍ အချို့မှာ အဆက် မပြတ် ဝမ်းလျှောကြသည်။ သို့ရာတွင် အခက်အခဲအားလုံး ဝိပဿနာစခန်းသို့ တက်လှမ်းသောအခါ ပြေပျောက်သွားကြပါသည်။ ယခု စာရေးစဉ်တွင် အစစ အရာရာ ပြေပြစ်ချောမောလျက်ရှိပါသည်။ တရားသမားအချို့မှာ ကြေနပ် ဖွယ် တိုးတက်မှုရလျက် အချို့မှာမူ ပိတ်ဆို့ခက်ခဲမှု အနည်းငယ် တွေ့နေကြ ပါသည်။ ဓာတ်မီးလုံး တထောင်မျှလောက် တောက်ပသော အလင်း ရောင် များ တွေ့သူတွေ့ကြ၍ ကိုယ်တွင်း ကိုယ်ပ ကြည်လင်အေးမြသောအရောင်များ တွေ့သူများလည်းရှိပါသည်။ တယောက်ကမူ အထက်ဘုံမှ နတ်တပါးကို တွေ့ မြင်လိုက်သည်ဟု ပြောပါသည်။ ပီတိ၊ ပဿဒ္ဓိ သုခဟု ခေါ်ဆို အပ်သော ကိုယ်တွင်း ငြိမ်းချမ်းမှုများလည်း တွေ့ရှိနေရာ တရားသမား အချို့က အာ နန္ဒာဗြဟ္မာ ကြီးနှင့် တွေ့ပြီဟု ထင်နေကြသည်။ ကျွန်တော်က ဤငြိမ်း ချမ်းမှုမှာ ခရီးတထောက်မှ ဒါရမ်ဆာလာသာဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင် သို့ မရောက်သေးကြောင်း အတော်ရှင်းပြရပါသည်။''

''ဘီစိရှားဆိုသော တရားသမားသည် တရားဝင်ရန် နောက်ကျလာ၍ အာနာပါနကို နှစ်ရက်သာလုပ်ရသည်။ သုံးရက်မြောက်နေ့၌ ဝိပဿနာပေးခဲ့ ရပါသည်။ လုပ်ငန်း၌ ကောင်းသူဖြစ်သည်။ ပါရမီလည်း ကောင်းပါသည်။ စတင်ထိုင်ပြီးနောက်နေ့မှာ နိမိတ်ပေါ်ပါသည်။ လမင်း၏ အရောင်အလင်းလို ပေါ်သည်။ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကိုလည်း တွေ့ရသည်။ ငှက်ဖြူ သုံး

ကောင်လည်းမြင်သည်။ ထို့ကြောင့် ပီတိဝင်လာသည်ကို လက်မလွှတ် နိုင်သူဖြစ်သည်။ ဝိပဿနာ ပေးသည့်အခါ အနိစ္စကိုရှုလိုက်သည့် နေရာတို့၌ တုန့်လှုပ်လာပါသည်။ တနေရာရွှေ့လျှင် ပထမနေရာက အလှုပ်ရပ်ပြီး ရွှေ့သည့်နေရာတွင် လှုပ်ပါသည်။ ထို့ကြောင့် သူကြောက်စိတ် ဝင်လာပါသည်။ ကျွန်တော်က ဖြစ်ပျက်အခါရကို ဟောပြောရပါသည်။ တနင်းလာနေ့ညဦး၌ အမြတ်တော်ကြေးကိုစွကို သတိရပြီး သူပြန်ရမည့်အကြောင်း မပြန် မဖြစ် ကြောင်း ပြောလာပါသည်။ ကျွန်တော်က သူ့အိမ်သို့ ဖုန်းဆက်ခေါ်မှ သူ့သားလာပြီး သူကြည့်စီစဉ်မည်ပြော၍ မပြန်ဖြစ်ပါ။ နောင်တွင် သူ ဝိပဿနာကောင်းလာပါသည်။ ၄ ရက်မြောက်နေ့တွင် ယခင်ကဖြစ်ပေါ်သော ပီတိထက်ကောင်းသည့် ပီတိဝင်လာပြန်ပါသည်။ သူ၏ မျိုးဆက်မှာ နိဂဏ္ဌနာဋ ပုတ္တဂိုဏ်းဝင်ဖြစ်သည်။ သူတို့ဂိုဏ်း အလိုအရ ထိုပီတိမျိုးကို အလိုရှိပါသည်။ မိမိအလိုရှိသည်ကို ယခုရနိုင်ပြီဖြစ်၍ များစွာ ကြေနပ် နေကြောင်း သိရသည်။ ကျွန်တော်က ထိုစိတ်ကို ပယ်ရန်ပြောပြပါသည်။ သူ့အနေနှင့်ကတော့ ထိုသို့ ရရှိခြင်းကို တသက်လုံးမေ့နိုင်မည်မဟုတ်ကြောင်း၊ ကျွန်တော်အားလည်း တသက်လုံးကျေးဇူး မေ့နိုင်မည် မဟုတ်ကြောင်း ပြောပါသည်။ ထိုအဆင့် နောက်၌ နိဗ္ဗာန်သာ ကျန်တော့ကြောင်း သူကပြောသည်။ ဤအဆင့် ရောက်သည်ကိုပင် အတိုင်းထက်အလွန် နှစ်သက်နေပါသဖြင့် ကျွန်တော်က ဗုဒ္ဓ၏တရားတော်များကို ဟောကြားခဲ့ရပါသည်။ သူက ကျွန်တော့်ကို ကျေးဇူးဆပ်ချင်၍ နိဗ္ဗာန်ရောက်သည့် စခန်းတိုင်အောင် ကူညီမည် ဖြစ်ကြောင်း ပြောလာပါသည်။ ကျွန်တော်ကပြုံး၍သာ နားထောင်ပြီး နောင်တွင်မှ ဆက်လက် ဆွေးနွေးမည့်အကြောင်း ပြောထားရပါသည်။ လက်ရှိ တရားပတ်ရက်စေ့သွားအောင် ဆိုင်ရာလုပ်ငန်းကိုသာ ဆတ်လက်လုပ်ကိုင်ဘို့ တိုက်တွန်းရပါသည်။ ထို့နောက် ထိုစကားကို မပြောတော့ပါ။ ဂျိန်ဝါဒ အစွဲ မပျောက်သေး သော်လည်း ဗုဒ္ဓတရားကို လက်ခံပြီး၊ အားထုတ်မှုနည်းလမ်းကိုလည်း ကောင်းသော နည်းလမ်းတခုဟု လက်ခံပါလည်။''

''ကျွန်တော့်ချွေးမ၊ မဋ္ဌူသည် အာနာပါန လုပ်ချိန်တွင် ခတ်တော်တော်ခံရပါသည်။ ၃ ရက်လုံး အော့အန်ခြင်းဖြစ်ပါသည်။ မသက်သာလှပါ။ သူ့အမေရော သူပါ စိတ်သောကဖြစ်ကြသည်။ တနင်းလာနေ့ ဝိပဿနာ အားထုတ်စေတော့မှ အားလုံး အဆင်ပြေသွားပါသည်။ ကျွန်တော် တရားလိုက်ပြီးစစ်နေစဉ်အတွင်း ကျွန်တော်၏ကိုယ်ပေါ်၌ ယားယံသည့်အဖုံများပေါ်

လာပါသည်။ တကိုယ်လုံးလည်း နီရဲလာပါသည်။ ထိုယားယံခြင်းမပျောက်မီပင် ကျွန်တော်၏ ချွေးမကို တရားစစ်ရန် သွားရပြန်ရာ သူ့အား ရှေ့မှောက်၌ တရားအားထုတ်စေသည်။ တရားကို ရှုစေပါသည်။ သူ့ဆီက ပြန်လာပြီးသည်နှင့် သူလဲဘဲ ကျွန်တော်ဖြစ်သလို အဖုများထွက်လာ၍ ကျွန်တော်ထံသို့ ငိုယိုကာ လာရောက်ပြောပါသည်။ တရားရှုလိုက်တော့လည်း ပျောက်သွားပါသည်။ အာနာပါနလုပ်စဉ်က နှာသီးဝတွင် ဘူဘောင်းကြီးလို အလုံးကြီးသည် ၅ မိနစ်အတွင်း ပေါ်ခဲ့သူ ဖြစ်ပါသည်။

ဤနည်းနှင့် တရားသမား ၁၅ ဦးအတွက် ဦးဂိုအင်ကာတွင် ပြဿနာ ၁၅ မျိုး၊ အခက်အခဲ ၁၅ မျိုးနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ ဖြေရှင်းပေးခဲ့ရသည်။ အခက်အခဲကြုံတိုင်း အောင်မြင်မှု ရခဲ့သည်။ ၎င်း၏ မိဘနှစ်ပါးသည် ဦးဂိုအင်ကာ မတိုက်တွန်းရဘဲ ၎င်းတို့အလိုအလျောက် တရားတပတ်ဝင်ရောက် အားထုတ်ခြင်းပင်လျှင် ဦးဂိုအင်ကာအတွက် ကြီးစွာသော အောင်မြင်မှုတရပ်ဖြစ်ပေသည်။ ၎င်း၏ဖခင်သည် ဝိပဿနာ တရားကို မရနိုင်လျှင် တရားစခန်းမှ ချက်ခြင်း ထွက်ခွာသွားမည်ဟု ကြေငြာ၍ တရားထိုင်ခဲ့ပေသည်။ ၎င်းသည်ပင် အခြား တရားသမားနှင့် အတူတကွ ဝိပဿနာတရားကို ရခဲ့ပေသည်။ "ယနေ့မနက် ဒီစာရေးနေစဉ်တွင်ပင် ဖခင်ကြီးသည် အနိစ္စ တရားများကို ကောင်းစွာ မြင်တွေ့နေရသည်။ ယခုပင် အခန်းထဲသို့ ဝင်လာ၍ တကိုယ်လုံး အပူရှိန်တငွေ့ငွေ့ဖြင့် လောင်ကျွမ်းနေကြောင်း၊ မခံမရပ်နိုင်အောင်ပူလောင်လှကြောင်း တိုင်တန်းပြီး ငြိမ်းငြိမ်းသွားပါသည်။ အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊ ဤအောင်မြင်မှုများသည် ဆရာကြီးနှင့် ဆရာမတို့၏ မေတ္တာ၊ စေတနာနှင့် ကူညီစောင့်ရှောက်ပေးခြင်း မရှိလျှင် ဖြစ်မြောက်နိုင်မည် မဟုတ်ပါ။"

"ကျွန်တော်၏ မိဘနှစ်ပါးမှအပ၊ ယခင် တရားထိုင်ဘူးသူ အားလုံး ဇူလိုင်လ ၆ ရက် တနင်္ဂနွေနေ့ ၂ နာရီတွင် ဝိပဿနာတရား ကူးပြောင်းပေးပါသည်။ အားလုံး အောင်မြင်စွာ ရရှိကြပါသည်။ ထို့နောက် ၁၉၆၉ ခု၊ ဇူလိုင်လ ၇ ရက် တနင်္လာနေ့သည် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်အဖြစ် ရောက်လာပါသည်။ ထိုနေ့တွင် ကျွန်တော်၏ မိဘနှစ်ပါးနှင့် တရားမထိုင်ဘူးသေးသောလူသစ်များအား ဆရာကြီး၏ကိုယ်စားဝိပဿနာတရားကို ကျွန်တော် စတင်ပေးပါသည်။ ဆရာကြီးကိုယ်တိုင် အနီးအပါးတွင် ရောက်ရှိ၍ ညွှန်ကြား ပြသကူညီ စောင့်ရှောက်ပေးနေသည်ဟု ကျွန်တော် တွေ့သိရပါသည်။ နံနက် ၇ နာရီခွဲမှ ၁၀ နာရီတိုင်အောင် တစုပြီးတစု ဝိပဿနာတရားများ

ကို ကျွန်တော် ပြသပေးပါသည်။ လူတိုင်းပင် ကြည်လင် ထွန်းလင်းသည့် ဓမ္မရတနာများ ခံယူနိုင်ကြပါသည်။ ဤဗုဒ္ဓမြတ်စွာဘုရားများ ပွင့်တော်မူရာ မဇ္ဈိမဒေသတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ မှစ၍ ဓမ္မရတနာများ ပျောက်ဆုံးခဲ့ရသည်။ ယခု ဤပျောက်ဆုံးခဲ့သော ဓမ္မရတနာကို ပြန်လည်တွေ့ရှိ ထိတွေ့နိုင်ကြသဖြင့် ဤတရားပေးရာ အခန်းကြီးသည် ကံကောင်းလှပေစွ။ ဘုံဘေမြို့တော်ကြီးသည် ကံထူးလှပေစွ။ ဤဗုဒ္ဓဒေသဖြစ်သော မဇ္ဈိမဒေသ တနိုင်ငံလုံးသည်ပင် ပျောက်ဆုံးခဲ့သော ဓမ္မရတနာကို ပြန်လည်တွေ့ရှိရပြီဖြစ်သောကြောင့် မွန်မြတ်လှပေစွ။

ဤ ကြီးမားသော ကုသိုလ်ကောင်းမှုလုပ်ငန်းအတွက် ရွေးချယ်ခံရခြင်း။ ကျွန်တော်၏ရှေ့တွင်ရှိသော တရားသမားများအပေါ်သို့ ဓမ္မရောင်ခြည်စေတီတော်မှ တန်ခိုးအင်အား ကြီးမားလှသော နိဗ္ဗာန ဓာတ်တော်များကို ပင့်ဆောင်ပြီးလျှင် ဆရာကြီး၏ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူး ပေးနိုင်ခြင်းတို့မှာ ကျွန်တော့်အတွက် လွန်စွာ ကံကောင်းလှပါသည်။ နှစ်ထောင်းအားရ ဝမ်းမြောက် လှပါသည်။ ကျွန်တော်၏ ကုသိုလ်ကောင်းမှုအားလုံးကို ဆရာကြီးနှင့် မိခင်ဆရာမ တို့အား ဝေမျှအပ်ပါသည်။ ထိုနည်းတူစွာ ဗုဒ္ဓ၏တရားတော်ဖြစ်ပေါ်ရာ မူလဒေသတွင် မြတ်စွာဘုရားသခင်အား ကျေးဇူးဆပ်သောအနေဖြင့် သာသနာ ပြန်လည်ထွန်းကားရန် ဆရာကြီး ဆောင်ရွက်နေသည်ကို ဝိုင်းဝန်း ကူညီလျက်ရှိကြသော သာသနာတော်စောင့် နတ်ဗြဟ္မာအပေါင်းတို့အားလည်း ကျွန်တော်၏ ပူသမျှကုသိုလ်များ အမျှအတမ်းပေးဝေပါ၏။ မြန်မာပြည်တွင် ရှိကြသော တရားဌာနမှ မိတ်ဆွေအပေါင်းအားလည်း အမျှအတမ်း ပေးဝေပါ၏။'' စသဖြင့် စာရေးသား၍ ဘုံဘေမြို့တွင် ပထမဆုံးအကြိမ် ကျင်းပသော တရား တပတ်အကြောင်းကို ဆရာကြီးထံသို့ ပြည့်ပြည့်စုံစုံ အစီရင်ခံစာ ပို့ခဲ့ပေသည်။

ထိုနောက် ဦးဂိုအင်ကာသည် ၎င်း၏ ညီအစ်ကို မောင်နှမများရှိရာ မဒရပ်မြို့သို့ သွားရောက်ခဲ့ရာ မဒရပ်မြို့၌လည်း တရား ချီးမြှင့်ရပြန်သည်။ မဒရပ်မြို့၌ တရား ပြသရာတွင် တရား အားထုတ်သူပေါင်း (၁၅) ဦးရှိပြီး များစွာ အောင်မြင်လျက် ဓမ္မ ရသာကို ကိုယ်တိုင် ခံစား သွားကြရပေသည်။

မဒရပ်မြို့တွင်ပေးသော တရားပတ် အကြောင်းကိုလည်း အသေးစိတ် အစီရင်ခံခဲ့ပေသည်။ ၎င်း အစီရင်ခံစာမှ စိတ်ဝင်စားဘွယ်ရာ အကြောင်းအရာ အချို့ကို အောက်ပါအတိုင်း ကောက်နှုတ် တင်ပြအပ်ပါသည်။

"မဒရပ်မြို့သို့အရောက်၌ တရားပေးဌာန ဖွင့်ရမည့်နေရာကို ကျွန်တော် ပထမ ရွေးချယ်ရပါသည်။ ဘိက္ခုနန္ဒိသွာရာထံ သွားပြီး ကျောင်းနေရာကို ကြည့်ရှုသောအခါ အေးဆေးငြိမ်သက်သည့် ပတ်ဝန်းကျင်ဖြင့်၊ ဒုတိယအထပ်တွင် ၁၀ ပေပတ်လည် အခန်း (၂၀)၊ တတိယထပ်တွင် ခန်းမကြီးတဆောင် တွေ့ရသော်လည်း၊ အဆောက်အဦးမှာ မပြီးသေးပါ။ ရေပေးစံနစ်မှအစ အားလုံး ခေတ်မှီပါသည်။ ဘိက္ခု၏ တပည့်အချို့ တရား ဝင်မည်ကိုလည်း သိရပါသည်။ သို့သော် ထိုပတ်ဝန်းကျင်မှာ ကျွန်တော်နှင့် ရှန်ကာနှစ်ဦးလုံးအတွက် မသင့်မြတ်သော ဝန်းကျင် ဖြစ်နေပါသည်။ ရောက်လျှင်ရောက်ခြင်း လူတကိုယ်လုံး လေးပြီး၊ ခါးတောင့်၊ ခေါင်းတင်း ဖြစ်သွားပါသည်။ ဘိက္ခုမှာ ချိုသာပြီး ညှို့ဝတ်ကျေသော ပုဂ္ဂိုလ်ကြီး ဖြစ်စေကာမူ သူနှင့်တွေ့တိုင်း ကျွန်တော်တို့မှာ ထိုသို့သာ ခံစားရပါသည်။ ကျောင်းနေရာသည် ကျွန်တော် တည်းခိုသော နေရာနှင့် ဝေးသဖြင့် လိုအပ်သော အသုံးအဆောင်များ ရရှိရန် မလွယ်ကူသောကြောင့် လက်လွှတ်လိုက်ပါသည်။

နောက် နေရာ တခုပြီးတခု ရှာကြည့်ရာတွင်လည်း အပြစ်တခုခု မလွတ်ဖြစ်နေသည်ချည်း တွေ့ရပါသဖြင့် အာဂရာဝါလားတိုက်၊ ဒရမ်ဆာလာ ကို နောက်ဆုံး ရွေးလိုက်ပါသည်။ တိုက်၏ အပေါ်ဆုံးသုံးထပ်ကို ကျွန်တော်တို့ တရားပေးရန်အတွက် ရရှိပြီးနောက်၊ ဈေးနှင့်နီးနေသည့်အဖြစ်ကြောင့် ဆူညံမှုကို တဖန် ကြုံရပြန်ပါသည်။ ဘုံဘေထက်ပင် ဆိုးဝါးပါသေးသည်။ ထိုလမ်းထဲ၌ ကုလားဘုရား ပူဇော်ပွဲ အမြဲရှိနေသောကြောင့် သီချင်းသံ တညံညံပင် ရှိပါသည်။ တနင်္ဂနွေနေ့မှာမူ အနည်းငယ် အသွားအလာ နည်းသဖြင့် တရားပေးလိုစိတ်ရှိ၍ တရား ပေးမည့်ဆဲဆဲတွင် ကုလားဘုရား သီချင်းဆိုသူ တဦးက ဆူညံနေပြန်သဖြင့် တရားပေးချိန်ကို နာရီပိုင်းအားဖြင့် ရွှေ့ပြောင်းလိုက်ရပါသည်။

ဤမျှဆူညံသောနေရာတွင် တရားပေးရာ၌ အောင်မြင်ရန် အခွင့်အလမ်းနည်းလှပါသော်လည်း ဆရာကြီး၏ မေတ္တာဖြင့် အာရုံပြုမှုကြောင့် အောင်မြင်ခဲ့ရပါသည်။ တိုက်မှာ ငါးထပ်တိုက်ဖြစ်ပြီး အောက်ထပ်ကို ကုန်သည်များအား ငှားထားပါသည်။ ဒုတိယထပ်မှာ ဒရမ်ဆာလာရုံး၊ ပြည်သူ့ စာကြည့်ခန်း နှင့် စာကြည့်တိုက်များ ဖွင့်ထားပါသည်။ သုံးထပ်နှင့် လေးထပ်မှာ ခရီးသည်များ တည်းခိုရန် ဖြစ်ပါ၏။ ထိပ်ဆုံးထပ်မှာ ခန်းမဆောင်ကြီး ဖြစ်ပြီး လူထုစည်းဝေးပွဲများ၊ လူငယ်တို့၏ အိမ်တွင်းအားကစား စသည် တို့ အတွက် အသုံး ချပါသည်။

တရားပြမည့်အချိန်ပိုင်းတွင် အဆိုပါ သုံးထပ်၊ လေးထပ် ငါးထပ်တို့ ဆိုင်ရာ လုပ်ငန်းများ ပိတ်ထားချိန်နှင့် ကြုံသဖြင့် ကျွန်တော်တို့ကို ပေးအပ်ခြင်း ဖြစ်ပါသည်။ ၎င်း ဒါရမ်ဆာလာ သုံးထပ်စလုံးတွင် တခြားသူများ မဝင်ရအောင် တားမြစ်ပြီးနောက် ဓမ္မဓာတုဖြင့် လွှမ်းခြုံသွားပါသည်။

တရားမပေးခင်တနေ့ (၈) နာရီတွင် စည်းဝေးပွဲကျင်းပရာ၌ လူ ငါးဆယ်ခန့် တက်ရောက်ကြပါသည်။ ကျွန်တော်က တရား အကြောင်း ဟောပြောရန် တိုက်တွန်းချက်အရ တနာရီခွဲခန့် တရား ဟောခွင့် ရပါသည်။ ထိုနေ့တွင် ကျွန်တော် ချောင်းဆိုး နေပါသည်။ အဖျားလည်း အနည်းငယ် ရှိပါသည်။ တရားဟောချိန်အရောက်၌မူ သမာဓိ ကောင်းကောင်းတည်ပြီးနောက် ဓမ္မဓာတု သည် မိုး များ ရွာသလို တကိုယ်လုံး ပျံ့နှံ့လာသဖြင့် တရား ဟောရာတွင် အားရ ပါးရ ဟောနိုင်ခဲ့ပါသည်။ ကြားနာသူများလည်း အာရုံ ကောင်းစွာ စိုက်နေ ကြပါသည်။ ထိုနောက် ဓမ္မဓာတ်၏ အစွမ်းကြောင့် ထင်ပါသည်။ပတ်ဝန်းကျင် တခုလုံး ကောင်းမွန်သွားရုံမက၊ ချောင်းဆိုးနှင့် အဖျား ဝေဒနာပါ ပျောက် ကင်း သွားပါသည်။

မဒရပ်သို့ ရောက်စ ကတည်းက နေထိုင်မကောင်း ဖြစ်ပါသည်။ ထို အချိန်ကျမှ ပျောက်ခဲ့ရပါသည်။

ဒါရမ်ဆာလာ သုံးထပ်တွင် တရားသမားများအား နေရာ ချထားပေး ပါသည်။ စတုတ္ထထပ်၌ ခန်းမဆောင်တခုရှိရာ ၎င်းအဆောင်တွင် ကန့်လန့်ကာ ကာပြီးနောက် ကျွန်တော် နေရန် အိပ်ရန် အခန်းဖွဲ့ပါသည်။ တရားပေးရန် အခန်းတခန်းလည်း ဖွဲ့၍ ထိုအခန်း၌ တရားပေးခြင်း၊ အဓိဋ္ဌာန်ထိုင်ခြင်း တို့ကို ပြုလုပ်ပါသည်။

အထက်ပါအစီအစဉ်အတိုင်း တရားပတ် စလိုက်ရာတွင် ဘုံဘေမှာကဲ့သို့ တရက် နှစ်ရက် အိပ်မပျော်မှုမျိုးကို မတွေ့ရတော့ပါ။ ဓမ္မဓာတု အားကောင်း ခဲ့သဖြင့် အဆင်ပြေနေပါသည်ဟု ဆိုသည်။ ကြာသပတေးနေ့ တရားပတ်စပြီး သောကြာနေ့တွင် မိုးကြီးသည်းထန်စွာ ရွာသဖြင့် အပူဒါဏ် မိနေသော၊ ရေပြတ်နေသော၊ အအေးဓာတ်လိုအပ်သော လူတို့အဖို့ ဝမ်းအသာကြီး သာ သွားကြပါသည်။ တရားပတ်စေ့သည့် တနင်္ဂနွေနေ့ ညမှာလည်း အလားတူ မိုးသည်းထန်စွာရွာပြန်ပါသည်။ ဦးဂိုအင်ကာ၏ အထင်မှာ ၎င်းတရားပတ်

အတွင်း၌ ပါရမီထူးသူတဦး ပါဝင်သည်ဟု ထင်ပါသည်။ ထို့ကြောင့်သာ ထိုပုဂ္ဂိုလ်၏ နှစ်သက် ကြေနပ်မှုဖြင့် မိုးသည်းကြီးသည်းထန်စွာ ရွာခြင်း ဖြစ်ရပါလိမ့်မည် ဟု ဆိုသည်။

တရားသမားအချို့၏ အတွေ့အကြုံများကို အနည်းငယ်ဖော်ပြရသော် "ကျွန်တော်၏သား ဂီဒိုရီသည် မြန်မာပြည်မှ ထွက်လာကတည်းက တရားကောင်းစွာမထိုင်တော့၍ တရားအာရုံ မရှိတော့သူ ဖြစ်ပါသည်။ တရားတပတ်မှ ဝင်ပါတော့မည်လားဟု သံသယ ဝင်ခဲ့မိပါသည်။ သို့ရာတွင် သူသည် အလွန်အားတက်သရောရှိကြောင်း တွေ့ရပါ၏။ တရားပတ်မစခင် နှစ်နာရီလောက်အလိုတွင် ဆီးသွားရာ၌ သွေးနှင့်ပြည်များ ထွက်လာပါသည်။ ဆရာဝန်ပင်ဘာလုပ်ရမှန်းမသိ ဖြစ်သွားပါသည်။ ဘုံဘေမှာလည်း ဘာဘူလားလ်သားသျှဝါနှင့် ဝိမလတို့ကို တရားဝင်စေမည်အပြုတွင် ကျန်းမာရေးမကောင်းကြောင်းကို ချက်ချင်းတွေ့ရပြီး၊ ဆရာဝန်ပင် ရောဂါအမည် မဖော်နိုင်ခဲ့ကြောင်း ကြုံခဲ့ရသည်။ တရားတပတ် စေ့သည့်အခါတွင်မူ ကောင်းသွားကြသဖြင့် ယခုတရားပတ်မှာ ကျွန်တော့်သား ယခုလို ဖြစ်ခြင်းသည်လည်း၊ အဖျက်ကြောင့်ဘဲဟု သဘောရပြီး တရားသာ ဝင်စေပါသည်။ တရားခန်းသို့ အရောက်၌ ရောဂါဒုက္ခ မခံစားရတော့ပါ။ တရားပတ်၌ သူလည်း ဘာရားကောင်းခဲ့ပါသည်။ အာနာပါန လုပ်ကတည်းက ကိုယ်ထဲမှာ အခိုး အလွန်အမင်းထွက်၍ ကျွန်တော် သူ့နားမှာပင် မနေနိုင်အောင် ဖြစ်ပါသည်။ ဝိပဿနာပေးအပြီးတွင်လည်း မီးလောင်ဒဏ်ခံရသလို ခြေဖဝါး၊ လက်ဖဝါးတို့၌ ခံစားရသည်ဆိုပါသည်။ ထိုလက်များဖြင့် ကိုယ်ပေါ်တွင် ကိုင်တွယ်လျှင်ပင် ကိုင်သောနေရာ၌ အလွန်ပူကြောင်း တွေ့ရသည် ဆိုပါသည်။ ကံများစွာ ချေပစ်နေသည်ဟု ကျွန်တော် ထင်ပါသည်။ ( Free Flow ) တော့ မရသေးပါ။ တရားပတ်စေ့ချိန်တွင်မူ သူ့မျက်နှာမှာ တည်ငြိမ်ကောင်းမွန်ကြောင်း၊ လူလည်း ပေါ့ပါးကြောင်း သိရပါသည်။

"မစ္စစ်ဘကရစ်ရှာနား။ ဦးဂိုအင်ကာ အစ်ကိုကြီး၏ဇနီး။ ကျွန်တော် မဒရပ်သို့ရောက်မှ အစ်ကိုကြီးက နိုင်ငံခြားသွားသော သားနှင့် နှစ်ယောက်တရားထိုင်မည် ဆိုပါသည်။ ............အဖွဲ့က လူများက ဒေါသဖြစ်ကြပါသည်။ ကျွန်တော်၏ တရားပတ်ကို မဝင်ရဟု ဖိအားလာပေးကြပါသည်။ ထို့ကြောင့် တရားမဝင်တော့ဟု ပြန်ပြောလိုက်သည် ဆိုပါသည်။ ကျွန်တော် ကလည်း အတင်းအကြပ် မထိုင်ခိုင်းပါ။ အစ်ကိုကြီးက ..........အဖွဲ့ထက် ကျွန်တော်တို့

တရားကကောင်းသည်ဟုထင်ပါသော်လည်း ထိုသူများကိုသူမလွန်ဆန်နိုင်ခဲ့ပါ။ သူကိုယ်တိုင်က ကျွန်တော့်အပေါ် ယုံကြည်၍ အစစ စီစဉ်ပေးခဲ့သူ ဖြစ်ပါသည်။ တရားဟောရာတွင် ထာဝရဘုရားသည် အဆုံးစွန်မဟုတ်သေးကြောင်း ထည့်ပြောမိပါသည်။ တရားပွဲအပြီးတွင်လည်း အစ်ကိုကြီးကပင ဝမ်းမြောက်ကြောင်း ဆိုပါသေးသည်။ သို့ပါလျက် တရားမထိုင်ဖြစ်တော့ပါ။ ညစ္ခုနှစ် နာရီတွင် ကျွန်တော် စားသောက်ပြီး တရားပေးရာဆီသို့သွားရန် လှေကားမှ အဆင်း အစ်ကိုကြီး၏ ဇနီးမှာ ထမင်းဝိုင်းတွင် တရားထိုင်မည်ဟုမဆိုစေကာမူ ချက်ခြင်းဆိုသလို၊ ဘယ်သူဘာပြောပြော၊ အိပ်ရာလိပ်ပင် မယူတော့ဘဲ လိုက်မည်ဟု ဆိုပါတော့သည်။ ကားပေါ်လည်း လိုက်လာပြီး၊ ဒရဝမ်ကို အကျိုးအကြောင်း ပြန်စေပါသည်။ ကျွန်တော်ကလည်း“ပါရမီပေဘဲ” ဟု ဆိုရပါသည်။ အာနာပါန သုံးရက်အတွင်း၌ သူ အလွန် ဒုက္ခခံရပါသည်။ ကိုယ်မှာ အလွန်ပြင်းထန်သော ဒဏ်များခံရပါသည်။

ဝိပဿနာကို နှစ်နာရီ အချိန်ပေးပြီးသောအခါ ၄ နာရီ၌ မကောင်းသော အရာများ ထွက်ပါသည်။ အတင်းတွန်းထိုးပြီး တခုခုထွက်နေကြောင်း သူသိနေပါသည်။ ယင်းသို့ မကြာခဏ တကိုယ်လုံး၌ ကြုံသည် ဆိုပါသည်။ တခါတရံတွင် ထွက်သွားသောအရာကို သူ့မျက်စိဖြင့် မြင်သည်ပြောပါသည်။ ထွက်သွားသော မကောင်းဆိုးဝါးသည် အံကိုကြိတ်လျက် ထွက်သွားသည်ဟု မြင်ခဲ့ပါသည်။ ငါးနာရီအထိ ထိုအဖြစ်မျိုး ကြုံပါသည်။ ၆-နာရီ၌ တရားဟောရာတွင် ယင်းသို့ မကောင်းသောအရာများ ထွက်ခြင်း၏ ကောင်းပုံကို ရှင်းပြရပါသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်ခိုင်းပြီး ရှုစေရာ၌လည်း ထွက်သမျှကို ကျွန်တော်ကိုယ်တိုင် မြင်ပါသည်။ ကျွန်တော့်မှာ ဝမ်းနည်း ဝမ်းသာ ဖြစ်ပါသည်။ ဝမ်းနည်းခြင်းမှာ မကောင်းသောတရားအဖွဲ့၌ ဝင်မိကြ၍ ထိုသို့ဖြစ်ရခြင်းကို ဝမ်းနည်းမှု ဖြစ်ပါသည်။ ဝမ်းသာမှုမှာ ဤတရားထိုင်ရ၍ ယခုလို မကောင်းဆိုးဝါးများ ထွက်ခြင်းကို ဝမ်းသာမှု ဖြစ်ပါသည်။ ကာယကံရှင်ကိုယ်တိုင်ကလည်း ထိုအဖြစ်ကို သဘောပေါက်ပြီး ကြေနပ်ပါသည်။ ဝိပဿနာမပေးခင်က တခါတရံတွင် မည်မျှပင်ဆူညံနေနေ သူဘာမှ မသိအောင် ဖြစ်တတ်ပါသည်။ ဝိပဿနာ ပေးပြီးနောက် အင်္ဂါနေ့ထွင် ၂၄-နာရီ လုံးလုံး တရား အာရုံနှစ်မျိုးစလုံး ပျောက်သွားပါသည်။ အဓိဋ္ဌာန်ထိုင်ကာမှ၊ လေပြင်း တိုက်ခတ်ခြင်းကြောင့်၊ တံခါးများ၊ ပြူတင်းတံခါးများ ငုံးဝုံး ဒိုင်းဒိုင်း ဖြစ်အသွားတွင် သူ ပြန်၍ အာရုံထားနိုင်ပါတော့သည်။ ကျွန်

တော် ကလည်း တခုခုလာရောက်ခါ၊ နောက်ထွက်သွားပြီး အခြေအနေ ပြောင်းသွားသည် ထင်ပါသည်။

အလင်းထဲမှာ အနက်ကြောင်းများ၊ သူ နိမိတ်ထင်ပါသည်။ အဝေး၌ စိန် လုံး လိုလို မြင်ပါသည်။ တရား တပတ်အတွင်း ကိုယ်ခန္ဓာလှုပ်ရှားခြင်းမှာ တနေ့ထက်တနေ့ ရှော့သည်မရှိဘဲ တိုး၍တိုး၍ တုန်လှုပ်ပါသည်။ ဟိုးဗား၊ ရှန်ကာနှင့် ဆရာမတို့ အတွေ့အကြုံမျိုးလို ဖြစ်ခြင်း ဟု ထင်ပါသည်။ထို့ကြောင့် သူ့ကို မကြောက်ရန် ပြောရပါသည်။ ကောင်းဘို့အတွက် ဖြစ်လာကြောင်း ပြောကြရပါသည်။ မကောင်းဆိုးဝါး ထွက်သွားသည့်အခါ၊ တခါတရံ တွင် သူ့မှာ အားနည်းသွားသော်လည်း သူက မကြောက်တော့ပါ။ ထို့ကြောင့် ချက်ခြင်း ဆိုသလို တရား အာရုံဖြင့် နေနိုင်ပါသည်။ နောက်ဆုံးနေ့တွင် သူ၏ တုန်လှုပ်မှုမှာ အပြင်းထန်ဆုံး ဖြစ်ခဲ့ပါသည်။ ၆-နာရီမှ ၆-နာရီခွဲထိ တရား ထိုင်ရာတွင် လက်များ လှုပ်သည်။ ပေါင်များ လှုပ်သည်။ ထို့ကြောင့် ပေါင်နှင့် ကြမ်းနှင့် ရိုက်နေမိရာမှ ပေါင်အောက်တွင် နီရဲပြီး အညိုအမဲပင် စွဲပါသည်။ ကျွန်တော်ကမူ ဆယ်ရက်အရတွင် ကောင်းလာလိမ့်မည် ထင်သော်လည်း ယခုလို ဖြစ်လာသဖြင့် သူ့သဘာဝအတိုင်း ဖြစ်ကြောင်း၊ ကျွန်တော်လည်း ဘာမှ မတတ်နိုင်ကြောင်း ပြောပြရပါသည်။ ဝိပဿနာဓာတ်နှင့် မကောင်းသည့်ဓာတ်တွေ့လျှင် ယင်းသို့ ဒါဏ်ပြင်းကြောင်း၊ မကုန်သေး၍ ဒါဏ်ရှိနေသေးကြောင်းသာ ပြောရပါသည်။ သူ့မျက်နှာမှာ မကြည်လင်သေး၍ ယခုတိုင် မကောင်းသော အညစ်များ မကုန်သေး ဟု ယူဆရပါသည်။

အိမ် ပြန် ရောက်သည့် အခါ၌ မစ္စစ် ဘာလ်ကရစ်ရှနာမှာ အိပ် လို့ လဲ ကောင်းပါသည်။ ယခင်ကထက် ပို၍ ဖျတ်လတ်သွက်လက်လာပါသည်။ ယခင်က အိပ်မပျော်ရောဂါ စွဲကပ်သော်လည်း ယခု သက်သာသွားပါသည်။ ကိုယ်တွင်းမှ နာသော ကိစ္စလည်း အလွန် နေသာသွားပါသည်။ ယနေ့ထိ ဝိပဿနာကို လက်မလွှတ်ကြောင်း သိရပါသည်။

စီတာရမ် ဆိုသူမှာ တရားထိုင်ချင်၍ လာသူ မဟုတ်ပါ။ သူ့အစ်ကိုက တိုက်တွန်း၍ ထိုင်ဖြစ်သွားခြင်း ဖြစ်ပါသည်။ .......... အဖွဲ့တွင် တရားဝင်ဘူးသူ ဖြစ်၍ မကောင်းသော အညစ်အကြေးများ အလွန် ထွက်ပါသည်။ ကျန်သမျှ အညစ်လည်း မနဲသေးပါ။ ဝိပဿနာကို မိတခါ၊ လွှတ်တလှည့် ဖြစ်နေပါသည်။ ဝိပဿနာထိုင်၍ တရက်အရ၌ မျက်လုံးတဖက် ဖွင့်မရ ဟု ဆိုကာ ပြေးလာပါသည်။ ကျွန်တော်က ရေအေးနဲ့ဆေးပေးသော်လည်း မထူးခြားပါ။

..........အဖွဲ့ဝင်များနှင့် တွေ့စဉ်က ကျွန်တော်၏ တရားပတ်တွင် ယခင် လူဟောင်းများသာ ထိုင်ကြလိမ့်မည်ဟု အားလုံး နားလည်ကြသော်လည်း လက်တွေ့၌ ထိုအဖွဲ့ဝင်များလည်း တရားဝင်လာကြသည့်အခါ တဖက်ပုဂ္ဂိုလ် တစုမှာ မခံမရပ်နိုင် ဖြစ်ကြပါသည်။ စီတာရမ်း၏အစ်ကိုအားလည်း ဝိပဿနာ တရားကို လိုက်မည်ဆိုလျှင် ဒုက္ခပေးမည်ဟု ကြိမ်းဝါးပြန်ပါသည်။ သို့ဖြင့် တရားဝင်သူများမှာ ညဥ့်ညဥ့်၌ လည်ပင်း ဖြစ်ညှစ်ခံရသလိုလို ဖြစ်ကြောင်း ပြောလျက် ကျွန်တော့်ထံပြေးလာ အကူအညီတောင်းကြပါသည်။ ကျွန်တော် လည်း တရားအားနှင့် တရားအာဏာသာရှိသည်ဟု ပြောကာ တရားဟောပြ ပါသည်။ တရားအာရုံနှင့်နေလျှင် ဘာမှ ကြောက်စရာမရှိကြောင်း ဟောပြမှ သူတို့ စိတ်သက်သာရာ ရသွားပါသည်။ ဘာမှ ထပ်၍မဖြစ်ခဲ့ပါ။ စီတာရမ်း၏ မျက်စိကိစ္စမှာလည်း သူတို့ တခုခုလုပ်လိုက်ပြီဟု ထင်ပါသည်။ ထို့ကြောင့် ကျွန်တော် တရားထိုင်ပြီး သူ့ကို အားပေးကာ တရားဆက်ထိုင်ခိုင်းပါသည်။ နောက်တနေ့တွင် မျက်စိ ပြန်မြင်သွားပါသည်။ ကျွန်တော်လည်း ဆရာကြီး၊ ဆရာမတို့၏ ဂုဏ်ကျေးဇူးကို ပိုမိုလေးစားပြီး ထိုထို ဂုဏ်ကျေးဇူးများကြောင့် ယခုကဲ့သို့ အောင်မြင်သည်ဟု ယုံကြည်ပါသည်။

ဤသို့ အပျက်ပေါင်း မျိုးစုံကြားမှ တည်ကြည်လှသောသ ဒ္ဓါတရား၊ ခိုင်ခန့်သော သမာဓိတို့ဖြင့် အောင်မြင်စွာ တရားပြသပေးနေနိုင်သည်ကို တွေ့ မြင်ကြရသော ဗဒရပ်မြို့မှ ပုဂ္ဂိုလ်အပေါင်းတို့သည် နောက်ထပ် တရားတပတ် ပြသပါရန် တောင်းပန်ကြသဖြင့် မဒရပ်မြို့တွင် ဒုတိယ တရားတပတ် ပြသပေး ရပြန်ပါသည်။ ဤတရားတပတ်တွင်လည်း ထူးခြားသော အောင်မြင်မှုများရရှိ ခဲ့၍ တရားထိုင်သူ ပရိသတ်အပေါင်း ကြေနပ်နှစ်သက်သွားကြသည်ဟု သိရှိ ရသည်။ ထိုအတောအတွင်း ဘုံဘေမှ ဆွေမျိုးသားချင်းများထံက မိခင်ကြီး နှင့် ပတ်သက်၍ သတင်းရောက်ရှိလာသည်။ မိခင်ကြီး၏ ကျန်းမာရေး အခြေ အနေမှာ ကောင်းမွန်သော်လည်း တရားရှုရာတွင် ဦးခေါင်းပိုင်း၌ လေးလံ နောက်ကျိ၍နေကြောင်း သတင်းရသည်။ထို့ကြောင့် ဦးဂိုအင်ကာသည် ဘုံဘေ မြို့သို့ ခရီးထွက်ခဲ့ရပြန်သည်။ ဘုံဘေတွင် ဒုတိယအကြိမ် တရားတပတ်စီစဉ်၍ ၎င်း၏ မိဘနှစ်ပါးအား တရားထိုင်စေပြန်ပါသည်။ ၎င်းတို့နှစ်ဦးစလုံး သဒ္ဓါ ကြည်ဖြူစွာဖြင့် စိတ်ပါလက်ပါ တရားဝင်ကြရာ မိခင်ကြီးမှာ ဦးခေါင်းပိုင်း၌ လေးလံထိုင်းမှိုင်းနေခြင်းများပျောက်သွားပြီးလျှင် တကိုယ်လုံး၌ အနိစ္စတရားကို အတားအဆီးမရှိ ရှုမြင်နေနိုင်ပြန်သည်။ ဤတရားတပတ်တွင် ၎င်း၊မိခင်ကြီးသည်

ဘဝင်နေရာ၌ နှမ်းစေ့ခန့်အရွယ်ရောက်သည်တိုင်အောင် အာရုံစိုက်၍တရား ရှုနိုင်သော အဆင့်သို့ ရောက်သွားခဲ့သည်။ ဘုံဘေတရားပတ်တွင်လည်း ဆရာကြီးနှင့် ဆရာမတို့၏ ဂုဏ်ကျေးဇူး မေတ္တာများ ခံယူရရှိကြောင်း ဦးဂိုအင်ကာက စာရေးပြောကြားသည်။ ဤဘုံဘေတရားပတ်အတွင်း ဆရာမသည် စေတီရိပ်သာတွင် ငါးရက်မျှ ကိုယ်တိုင် တရား အားထုတ်၍ မေတ္တာဓာတ်များ ဘုံဘေသို့ ပို့လွှင့်ကြောင်း သိရသဖြင့်လည်း ဦးဂိုအင်ကာသည် စိတ်အားထက်သန်စွာ ယုံကြည်မှုအပြည့်ဖြင့် တရားပြသပေးနိုင်ခြင်း ဖြစ်သည်ဟုဆိုသည်။

ဘုံဘေနှင့် မဒရပ်မြို့ကြီးများတွင် တရားပြသပြီးနောက် ဗုဒ္ဓဘာသာတရားတော်၏ အမြိုက် အရသာကို ကိုယ်တိုင် ခံစားသွားကြရသော ပုဂ္ဂိုလ်တို့မှတဆင့် ဦးဂိုအင်ကာတရားပြသပုံသတင်း ပြန့်နှံ့သွားတော့၏။ အိန္ဒိယပြည်ရှိ အခြား မြို့ရွာဒေသများမှလည်း မိမိတို့ မြို့ရွာအသီးသီးသို့ လာရောက် တရားပြသပေးပါရန် ဖိတ်မန္တကပြုလာကြသည်။ အမှန်စင်စစ် မဒရပ်နှင့် ဘုံဘေတွင် တရားပြသပေးနေစဉ်အတွင်းမှာပင် လူကိုယ်တိုင်ရင်း၊ စာအားဖြင့်ရင်း၊ ဖိတ်ကြားလာကြပေသည်။ နိုင်ငံခြားသား အများလည်း တရားအားထုတ်လိုကြောင်း ပြောကြားလာသည်။

ဤ ဖိတ်ကြားချက်များသည် ဗုဒ္ဓဘာသာ၏ မူရင်းဒေသ မဇ္ဈိမဌာနၥ္၌ သာသနာပြု လုပ်ငန်းများ လုပ်ဆောင်ရန် ရည်မှန်းလျက်ရှိသော ဆရာကြီး အတွက် ကောင်းသော နိမိတ်သြဘာ မင်္ဂလာများ ဖြစ်ပေသည်။ ထို့ကြောင့် ဦးဂိုအင်ကာ အား မကြောက်မရွံ့ တည်ကြည်သော သဒ္ဓါတရားဖြင့် ဆရာကြီး ကိုယ်စား ဆက်လက် တရား ပြသပေးရန် နှင့် ဆရာကြီးကလည်း ဓမ္မရောင်ခြည် စေတီတော်မှနေ၍ ထောက်ပံ့ကူညီ စောင့်ရှောက်ပေးနေမည်ဖြစ်ကြောင်း အားပေး စကား ပြောကြားလိုက်သည်။ သို့ဖြင့် မိခင်ကြီး နာမကျန်းဖြစ်၍ ခေတ္တခဏမျှ အိန္ဒိယပြည်သို့ ၁၉၆၉ ခု၊ ဇွန်လက သွားခဲ့သော ဦးဂိုအင်ကာသည် ယခုတိုင် မြန်မာပြည်သို့ ပြန်လာနိုင်ခြင်း မရှိသေးပေ။ အိန္ဒိယပြည် အနယ်နယ်သို့ လှည့်လည်ကာ ဗုဒ္ဓဝိပဿနာ တရားတော်ကို ဆရာကြီး၏ လက်ထပ်ပြသပေးသည့် နည်းစံနစ်များအရ ပြသပေးနေရဆဲ ဖြစ်တော့သည်။

ဘုံဘေမှ အိန္ဒိယပြည် မြောက်ပိုင်းသို့ ခရီးထွက်ခဲ့ရာတွင် ရှေးဦးစွာ အိန္ဒိယပြည်၏ မြို့တော်ဖြစ်သော နယူးဒေလီမြို့တွင် အခြေစိုက်၍ ၁၉၆၉ ခု၊ စက်တင်ဘာလတွင် တရားတပတ် ပြပေးရသည်။ ထိုမြို့တွင်ပင် ၁၉၇၀-ခု၊ ဇန်နဝါရီလ၌ ဒုတိယပတ် တရား ပြပေးရပြန်သည်။ နယူး ဒေလီမြို့တွင် အမေ

ရိုကန်လူမျိုးများနှင့် ဥရောပတိုက်သား အမြောက်အမြား တရားထိုင်လာကြသည်။ နယူးဒေလီမှ ခရီးဆက်၍ ဗာရာဏသီ၊ ဆရနသ် ( မိဂဒါဝုန် ) တွင် တရားတကြိမ် ပြရပြန်သည်။ ဗာရာဏသီနေရာဌာနသည် နှယ်နှယ်ရရ နေရာမဟုတ်ပါပေ။ ပညာအရာတွင် ထူးခြားသည့် ပန်ဒစ်ကြီးများ၊ အယူသီး ဟိန္ဒူကြီးများ၏ အခြေစိုက်ဌာနကြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီး အများအပြားလည်း သီတင်းသုံး နေထိုင်တော်မူလျက် ရှိကြသည်။ ဤကဲ့သို့သော နေရာဌာနတွင် တဦးတည်း သွားရောက်၍ ယခင်က မကြားဘူး၊ မသိဘူးသော တရားလုပ်ငန်းများ ရှင်းလင်းပြသပေးဂဲ့သည့် အရည်အချင်း သတ္တိမှာ အံ့ဘွယ်လိလိပင် ဖြစ်ပါသည်။

ဦးဂိုအင်ကာ၏ အရည်အချင်း စွမ်းရည်သတ္တိတို့ကို ဗာရာဏသီတက္ကသိုလ်တွင် စာပေပို့ချလျက်ရှိသော ဆရာတော် ရှင်ရေဝတဓမ္မ(အမ်အေ၊ ပီအိပ်ချ်ဒီ) က ဆရာကြီးထံသို့ ၁၉၇၀-ခု၊ ဒီဇင်ဘာလအတွင်းက ပေးပို့လိုက်သော စာတစောင်တွင် အမှတ်မထင် ဖတ်ရှုရသည်။ ဆရာတော် အရှင်ရေဝတဓမ္မ သည် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့၏ အထောက်အပံ့ဖြင့် အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားရန် ထွက်ခွာသွားခဲ့သော ဘုန်းတော်ကြီးတပါး ဖြစ်ပါသည်။

"ဦးဂိုအင်ကာ၏ ဝိပဿနာလုပ်ငန်းများ အတော်အောင်မြင်သဖြင့် အိန္ဒိယမှ ပုဂ္ဂိုလ်များက ဒါယကာကြီးအား တွေ့လို၊ ဒါယကာကြီး၏ တရားများကို လိုက်နာကျင့်သုံး လိုနေကြပါသည်။ ယခုအခါ ဗုဒ္ဓဂါယာတွင် ဦးဂိုအင်ကာထံ အမေရိကန်နှင့် ဥရောပတိုက်သား ယောဂီ (၅၀) ကျော် တရား လေ့ကျင့်နေကြတာ တွေ့ရပါသည်။ ဦးပဍ္ဍင်ဆွို မြန်မာများ အနေဖြင့် ဦးဂိုအင်ကာ၏ ဝိပဿနာဆိုင်ရာ ဆောင်ရွက်ချက်များအတွက် များစွာ ဂုဏ်ယူ နှစ်သိမ့် နေကြပါသည်။ ဒါယကာကြီး၏ တရားပေးပုံ၊ လုပ်ငန်းစဉ် ရက်တိုတိုနှင့် ယောဂီများအား ဝိပဿနာတရား များများပေးနိုင်ပုံ၊ ဦးဂိုအင်ကာ၏ ဟိန္ဒီစကား၊ အင်္ဂလိပ်စကား ပြောရာ၌ အိန္ဒြေရပြီး တည်ငြိမ်မှုရှိပုံ တို့ကြောင့် အိန္ဒိယတွင် ဒါယကာကြီး၏ တရားလမ်းစဉ်သည် လူသားတို့အား ထာဝရ ငြိမ်းချမ်းရေး ပေးနိုင်မည့် လမ်းစဉ် ဖြစ်သည် ဟု ယုံကြည်နေပါတော့သည်။ ဒါယကာကြီး ဦးဂိုအင်ကာသည် ဗမာပြည်မှာမွေး၍ ဗမာပြည်မှာ ကြီးရသော်လည်း ဟိန္ဒီစာပေတတ်ကျွမ်း၍ စကားပြောပုံကျင်လည်သောကြောင့် အိန္ဒိယမှာပင်အတော် အထက်တန်းကျသောပညာရှိ အပြောအဟောကောင်း ပုဂ္ဂိုလ်စာရင်းတွင် ပါဝင်ထည့်သွင်းခံရပါသည်။ ၎င်း၏ ပြောပုံဟောပုံကို ဗာရာဏသီမှ ပဏ္ဍိတ်ကြီးတွေပင် ချီးမွမ်းနေရပါသည်။

ထို့ကြောင့် အိန္ဒိယတွင် သာသနာရေး ကိစ္စအတွက် ဦးဂိုအင်ကာ၏ ဆောင်ရွက်ချက်များသည် အလွန့်အလွန် တန်ဘိုးရှိပါသည်။ ဒါယကာကြီး အတွက် ဦးဂိုအင်ကာသည် အားကိုးစရာ တပည့်ကောင်းတယောက် ဖြစ်ပါ တော့သည်။"

ဤသို့ တရားလုပ်ငန်းများကို အိန္ဒိယပြည်၌ ဦးဂိုအင်ကာ တဦးတည်း ညွှန်ကြားပြသပေးနေသည် ဆိုသော်လည်း အကူအညီမဲ့ ဆောင်ရွက်နေသည်ဟု မယူဆနိုင်ပါ။ တရားတပတ်မစမီ ဆရာကြီးထံသို့ ကြေးနန်းဖြင့်၎င်း၊ စာဖြင့် ၎င်း၊အရေးကြီးလျှင်တယ်လီဖုန်းကိုပင်သုံး၍ တရားဝင်မည့် ပုဂ္ဂိုလ်ဦးရေ တရား ထိုင်မည့်နေ့ရက် အချိန်အတိအကျတို့ကို ဆရာကြီးထံသို့ကြိုတင်အကြောင်းကြား ပါသည်။ ဆရာကြီးက ပဋ္ဌိပတ္တိ လုပ်ငန်းဌာန၊ ဓမ္မရောင်ခြည် စေတီတော် တွင်းမှနေပြီး **ဓမ္မဓာတ်၊ ဗောဓိဓာတ်၊ နိဗ္ဗာနဓာတ်**တို့ဖြင့် အားယူလျက် ဦးဂို အင်ကာကို ကြိုးကြိုးစားစား ထောက်ပန့်ကူညီခဲ့ပါသည်။ တရားတပတ် ဆယ် ရက် အချိန်တလျှောက်လုံး တရားသမားများသည် စေတီရိပ်သာတွင် ကိုယ်တိုင် ရောက်ရှိ တရားထိုင်နေဘိသကဲ့သို့ ဆရာကြီးက တရားထိုင်ချိန်၊ အနားယူချိန် စသည့် အချိန်များကို ကိုက်ညှိ၍ အစဉ် စောင့်ရှောက် ပေး ခဲ့ပေ သည်။ ထို့ကြောင့် တရားအားထုတ်လျက်ရှိကြသော တရားသမား အပေါင်းတို့သည် ဦးဂိုအင်ကာ၏ ကိုယ်တိုင် ညွှန်ကြားပြသပေးမှုကြောင့်၎င်း၊ မြန်မာပြည်မှနေ၍ ဆရာကြီးက အာရုံပြုစောင့်ရှောက်ပေးခြင်းကြောင့်၎င်း၊ရန်ကုန်မြို့အင်းယားမြိုင် လမ်း၊ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၌ တရားအားထုတ်ကြရသကဲ့သို့ ပင် တိကျမှန်ကန်စွာ ဗုဒ္ဓတရားတော်မြတ်နှင့်အညီ တရားအားထုတ်နိုင်ခဲ့ကြပေ သည်။ ဓမ္မရသာကိုလည်း ထိုက်သင့်သလောက် ကိုယ်တိုင်ခံစားသွားကြရသည်။

အိန္ဒိယမြောက်ပိုင်း နယူးဒေလီနှင့် ဆရနသ်တို့၌ တရားအစီအစဉ်များ ပြီးဆုံးသောအခါ ဗုဒ္ဓဂါယာသို့ ဦးမခိုက်မီ ကာလကတ္တား မြို့ကြီးတွင်လည်း တရားတပတ် ပြခဲ့သေးသည်။ကာလကတ္တား တရားပတ်တွင် အနောက်နိုင်ငံခြား သားများ၊ ဟိန္ဒူပဏ္ဍိတ်များနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး အများအပြား ပါဝင်သည်ဟု သိရသည်။ ဘုန်းတော်ကြီးများအနက် ဘိက္ခုရပ်စတရည်ဘာလ် ခေါ် ရဟန်းတော်တပါးသည် ဦးဂိုအင်ကာ ပြသသော ဝိပဿနာ လုပ်ငန်းစဉ် များတွင် အထူးနှစ်ခြိုက် စိတ်ဝင်စားသွားသည်။ ၎င်းရဟန်း တော် သည် (ဒီ၊ ဖီးလ်) ခေါ် ဒေါက်တာဘွဲ့ရထားပြီး ပညာရှင်တဦးဖြစ်သည်။ (ဒီ၊လစ်) ခေါ် နောက်ထပ်ပါရဂူဘွဲ့အတွက် သုတေသနလုပ်ငန်းများ လုပ်နေသော

ပုဂ္ဂိုလ်ဖြစ်သည်။ ယင်း ပါရဂူဘွဲ့အတွက် တင်သွင်းမည့်စာတန်းမှာ ဗုဒ္ဓဘာသာ ဝိပဿနာကမ္မဋ္ဌာန်းဆိုင်ရာ သဘောတရားနှင့် လက်တွေ့လုပ်ငန်းစဉ် အကြောင်းများ ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ဦးဂိုအင်ကာ ၏ တရားပြသမှုများတွင် အထူး စိတ်ဝင်စားခြင်း ဖြစ်သည်။ ကာလကတ္တား၌ တရား အားထုတ်ပြီးနောက် ၎င်း၏ သုတေသနလုပ်ငန်းများကို ဘေးဖယ်ထားပြီးလျှင် ဝိပဿနာလုပ်ငန်းများကိုသာ နှစ်လကြာ ဆက်လက်အားထုတ်နေသည် ဟု သိရသည်။ ဆရာကြီး ၏ နည်းလမ်းများဖြင့် ဗုဒ္ဓတရားလုပ်ငန်းများ လုပ်ကိုင်ရာတွင် အထူး တိုးတက်မှုရ၍ ဘဝသစ်ရောက်ဘိသကဲ့သို့ ပြောင်းလဲမှုများ ဖြစ်ပေါ် ခဲ့သည် ဟု ဆိုသည်။

ကာလကတ္တားတွင် ပထမတရားပတ် ပေးပြီးနောက် ပရိသတ်များ ပွဲတောင်းသဖြင့် ဒုတိယ တရားပတ် ထပ်မံချီးမြှင့်ရပြန်သည်။ ထိုမှတဖန် အိန္ဒိယပြည်တောင်ပိုင်းသို့ လှည့်လည်၍ တရားပေးရပြန်သည်။ ထိုနောက် တွင်မူ အိန္ဒိယပြည်တဝှမ်းလုံး၊ တောင်ပိုင်း၊ အလယ်ပိုင်း၊ မြောက်ပိုင်း၊ စုံချည်ဆန်ချည်လှည့်လည်၍ တရားပြသပေးနေခဲ့ရာ ၁၉၇၀ ခု၊ ဧပြီလတွင်သာ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိမဏ္ဍိုင်ဒေသ ဗုဒ္ဓဂယာ၌ ပထမဦးဆုံးအကြိမ် တရားသပြပေးနိုင်ပေသည်။ အနောက်နိုင်ငံသား အများအပြားသည် နယူးဒေလီ၊ ဗုဒ္ဓဂယာနှင့် ဘုံဘေမြို့ တရားပတ်များတွင် ဝင်ရောက် အားထုတ်လာကြသည်။

၁၉၇၁ ခု၊ ဇန်နဝါရီလအထိ ဘုံဘေမြို့တွင် တရားပတ်လေးကြိမ်၊ မဒရပ်မြို့တွင် တရားပတ်သုံးကြိမ်၊ နယူးဒေလီမြို့တော်တွင် တရားပတ်နှစ်ကြိမ်၊ ဗုဒ္ဓဂယာတွင် တရားပတ်နှစ်ကြိမ် အပါအဝင် စုစုပေါင်း တရားပတ်ပေါင်း ၂၇ ကြိမ်၊ ယောဂီဦးရေပေါင်း ၈၇၉ ဦးမျှ တရား ထိုင်ခဲ့ပြီး ဖြစ်ကြောင်း အောက်ပါစာရင်းအရ သိရှိရသည်။

(၁) ၁၉၆၉ ခုနှစ်၊ ၆ လအတွင်း တရားပတ်ပေါင်း ၉ ကြိမ်။ အားထုတ်သူပေါင်း ၁၆၈ ဦး။

(၂) ၁၉၇၀ ခုနှစ်၊ ၁၂ လအတွင်း တရားပတ်ပေါင်း ၁၆ ကြိမ်။ အားထုတ်သူပေါင်း ၅၀၆ ဦး။

(၃) ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း တရားပတ်ပေါင်း ၂ ကြိမ်။ အားထုတ်သူပေါင်း ၂၀၅ ဦး။

ဤသို့ဖြင့် ထူးခြားစွာ အောင်မြင်လျက်ရှိသော ဦးဂိုအင်ကာအားဆရာကြီးနှင့် ဆရာမတို့သည် မြန်မာပြည်မှနေ၍ အဆက်မပြတ် အကူအညီများပေးခဲ့ပေသည်။ ၁၉၇၁ ခုနှစ်၌ ယနေ့တိုင်အောင် ဦးဂိုအင်ကာ၏ သာသနာပြုလုပ်ငန်းများသည် အိန္ဒိယပြည်တဝှမ်းတွင် တိုးတက်သည်ထက် တိုးတက်ခဲ့ရာမှ၊ ဥရောပ၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါနိုင်ငံ များအထိ ပြန့်ပွား စည်ပင်ဖွံ့ဖြိုးလျက်ရှိပေရာ၊ ထိုအကြောင်းအရာများကို ရှေ့အခန်းများ၌ ဆက်လက်ဖတ်ရှုနိုင်ကြမည်ဖြစ်ပါသည်။ ။

# အခန်း ၈

# "သာသနာ (၂၅၀၀) ရောက်ချိန်ခါမို့"

## (က) ဆရာကြီး၏ ကျန်းမာရေး အခြေအနေ

ဆရာကြီးထံမှောက်သို့ ပထမဆုံးအကြိမ် ကျွန်တော် ရောက်လာချိန်တွင် ဆရာကြီး၏ အသက်အရွယ်မှာ ၆၂ နှစ်ရှိပြီဖြစ်ကြောင်း ကျွန်တော်မသိခဲ့ပါ။ ကျွန်တော်မြင်တွေ့ရသည်မှာ ဆရာကြီးသည် ကျန်းမာနုပျို၍ ခွန်အား အပြည့်အဝရှိသည်။ သွက်လက်ဖြတ်လတ်လည်း။ ဉာဏ်ထက်မြက်သည်။ မှတ်ဉာဏ်လွန်စွာကောင်းသည်။ တရားဟောပြောရာတွင် သုတ္တံဒေသနာမှ အကိုး အကားများကို အထစ်အငေါ့မရှိ တောက်လျှောက် ရွတ်ဆိုပြနိုင်သည်။ ထိုစဉ်က အသက်အရွယ် ၅၅ နှစ်တွင် အစိုးရ အမှုထမ်းဘဝမှ အငြိမ်းစား ယူရသဖြင့် ဆရာကြီးသည် (၅၆–၅၇) နှစ် အရွယ်ပင် ရှိမည်ဟု ခန့်မှန်းမိခဲ့ပေသည်။ နောက်မှသာ ၆၂ နှစ်ရှိပြီဖြစ်ကြောင်း သိလာခဲ့သည်။

စေတီရိပ်သာသို့ ရောက်တိုင်း ဆရာကြီး၏ နေထိုင်ပုံ၊ စားသောက်ပုံနှင့် ကျန်းမာရေး အခြေအနေတို့ကို ဂရုပြုလေ့လာခဲ့သည်မှ ဆရာကြီးသည် အအိပ်အနေ နည်းပါးသည်။ သို့သော် အစားအသောက် လွန်စွာ ကောင်းကြောင်းသိခဲ့ရသည်။ ပင်စင်အငြိမ်းစားယူပြီးနောက် ဆက်လက်၍ ရာထူးကြီးများတွင် အမှုထမ်းနေရဆဲဖြစ်ရာ၊ နေ့စဉ် ဉပုသ်မစောင့်နိုင်ပါ။ အထက်တန်းတာဝန်ခံကြီးများ၏ အလုပ်သဘောအရ၊ မိမိက ညစာ ထမင်း စားပွဲ တည်ခင်းဧည့်ခံရသည်လည်းရှိသည်။ သူတပါး ဖိတ်ကြား၍ ညစာစားပွဲများ တက်ရောက်ရသည်လည်းရှိပေသည်။ ထို့ကြောင့် အခါကြီး ရက်ကြီးများမှ တပါး ဝိကာလဘောဇနာသိက္ခာပုဒ်ကို မစောင့်ထိန်းနိုင်ခဲ့ပါ။

ဆရာကြီးနှင့် ထမင်းစားပွဲတွင် အတူထိုင်၍ စားသောက်ခဲ့ရသဖြင့် ဆရာကြီးသည် အစားအသောက်ကို မြိန်မြိန်ရှက်ရှက် စားသောက် တတ် ကြောင်း၊

များများလည်း စားသောက်နိုင်ကြောင်းသိရသည်။ ခြေ ၄ ချောင်းအသား များ လုံးဝ ရှောင်ပယ် ထားသော်လည်း ငါးသလောက်ပေါင်း၊ ဘဲပေါင်း၊ ကြက်သားနှပ်နှင့် ပုဇွန်ထုပ်ဟင်းများကို နှစ်သက်သည်။ သီးမွှေးငှက်ပျောသီး၊ သရက်သီး၊ သစ်တော်သီး၊ လိမ်မော်သီးနှင့် ပိန္နဲသီးများကို နှစ်နှစ် ခြိုက်ခြိုက် စားလေ့ရှိသည်။ ကိုယ်တိုင်စိုက်ထားသော ပိန္နဲပင်များမှ ရာသီချိန်တွင် မွှေး ကြိုင်ချိုမြိန်လှသည့် ပိန္နဲကျွတ်သီးများကို ယောဂီတရားသမားများအား ကျွေး စေသည်။ ကိုယ်တိုင်လည်း အားရပါးရစားသည်။ ယခင်က ပိန္နဲသီးမကြိုက်ခဲ့ သော ကျွန်တော်ပင်လျှင် ဆရာကြီး၏ ပိန္နဲသီးများကို စားရပြီးနောက် ပိန္နဲသီး ကောင်း အရသာကို သိရှိလာပေသည်။ သရက်သီးပေါ်ချိန်၌လည်း သရက်သီး များဆွတ်ခူး၍ ယောဂီများအား ကျွေးမွေးစေပြန်ပါသည်။ ဆရာကြီး၏ သရက် သီးကိုမူ၊ ပိန္နဲသီးလောက် ကျွန်တော်မနှစ်ချိုက်ပါ။ မန္တလေးသရက် "အောင် ဒင်" ကို မမှီဟု ယူဆခဲ့ပါသည်။ ရိပ်သာတွင် မိမိစိုက်ပျိုး ထားသော သီး ပင်များမှ သစ်သီးများနှင့် တရားသမားများအား ပြုစုရသည်ကို ဆရာကြီး သည် များစွာကြည်နူးလျက် ရှိတတ်ပေသည်။

ဆရာကြီးသည် ခေါင်းတုံးပြောင်ပြောင် မဖြစ် စေရုံ လောက် ဆံပင် ထား၍ ခေါင်းတုံး ဆံထောက်ပုံ ညှပ်ထားသည်။ ဦးခေါင်း၌ တပိုင်းတစ မီးခိုးရောင် သန်းသော ဆံပင်များ ထွက်ပေါ် နေသော်လည်း ဆွတ် ဆွတ်ဖြူ ငွေရောင်အဖြစ်သို့ ပြောင်းလဲ သွားခြင်း မရှိခဲ့ပေ။ ၁၁-နှစ် လုံးလုံး ရင်းနှီးစွာ ဆက်ဆံ နေထိုင် လာခဲ့သည့် ကာလ တလျှောက်၊ ဆရာကြီး၌ သွားနာ၊ သွားကိုက်၊ သွားဖုံးရောင် ဝေဒနာများ ခံစားရသည်ဟု မကြားခဲ့ရဘူးပေ။ မျက်စိများမှာလည်း ရောဂါကင်းရှင်းပြီး ပကတိ ကောင်း မွန်လှသဖြင့် မျက်မှန်မဆောင်ရဘဲ သွားလာ လှုပ်ရှားခဲ့သည်။ တခါတရံ စာလုံးငယ်များ ဖတ်ရှုရန်အတွက်သာ မျက်မှန် အသုံးပြုကြောင်း မှတ်မိခဲ့သည်။ အသက်အရွယ် (၆၀) ကျော်သည့်တိုင်အောင် ဆံဖြူ၊ သွားကျိုး၊ မျက်စိမှုန် စသည့် ဇရာ၊ ဒုဗ္ဗလ၏ အရိပ်အရောင်များ မမြင်တွေ့ရသေးသည့်အပြင် အထွေ ထွေ ကျန်းမာရေးလည်း လွန်စွာကောင်းလျက်ရှိသော ဆရာကြီးအား မေး မြန်း ကြည့်ခဲ့မိသည်။

"ဆရာကြီး ငယ်ငယ်တုန်းက၊ ကျန်းမာရေး အတော်လိုက်စားခဲ့တယ် ထင်တယ်။ အားကစားနှင့် ကာယဗလလေ့ကျင့်ခန်းတွေ ဘာတွေ လုပ်ခဲ့ဘူး ပါသလား"

"မလုပ်ခဲ့ဘူး ပါဘူး"

"ဆရာကြီး အခုလို ကျန်းကျန်းမာမာရှိတာ။ ငယ်ငယ်က ကျန်းမာရေး လေ့ကျင့်ခန်းတွေ ဘာတွေ လုပ်ခဲ့သလားလို့ပါ"

"လေ့ကျင့်ခန်း ရယ်လို့ ထူးထူးခြားခြား လုပ်တာတော့ မရှိခဲ့ပါဘူး။ နေ့စဉ် ရုံးသွား၊ ရုံးပြန် ခြေလျင်လျှောက်တာ ဘဲ ရှိတယ်။ နေရေး ထိုင်ရေး တော့ ဂရုစိုက်ခဲ့သပေါ့။ အပျော်အပါး အသောက်အစား မရှိဘူး၊ ပွဲလမ်း သဘင် မသွားဘူး။ ဘယ်တော့မှ အိပ်ရေးပျက်မခံခဲ့ဘူး။ စားချိန်သောက်ချိန် လဲ မှန်အောင် သတိထားတယ်။ ဒါလောက်ပါဘဲ"

"ဆရာကြီး ငယ်ငယ်က ပြင်းပြင်းထန်ထန် နေထိုင်မကောင်းများ မဖြစ်ခဲ့ဘူး၊ ဘူးလား"

"ကျောင်းသား ဘဝကရော၊ အလုပ်ခွင်ဝင်တော့ရော၊ ပြင်းပြင်း ထန်ထန် ရယ်လို့ ဖျားတာ နာတာ မရှိခဲ့ပါဘူး။ သရိုးသရီတော့ တခါတရံ ဖြစ်သပေါ့"

"ဒါဖြင့် ဆရာကြီး နေထိုင်မကောင်းလို့ ဆေးရုံတက်ရတာတို့၊ ဆေး လက်မှတ်နှင့် ခွင့်ယူတာတို့ မရှိခဲ့ဘူးလား"

ဆရာကြီးက ကျွန်တော် စေ့စေ့စပ်စပ်မေးမြန်းနေသည်ကို ပြုံးလျက် နှုတ်ထောင်ရင်း—

"မင်းက တော်တော် သိချင်တာကိုး။ မင်းမေးတာလို ပြင်းပြင်း ထန် ထန် ဖျားတာ နာတာမျိုးတော့ မဟုတ်ဘူး။ ပထမအခါက ၁၉၂၄ ခုနှစ် လောက်ဆီက ထင်တယ်။ ဆေးလက်မှတ်နှင့် ခွင့်ယူခဲ့ဘူးတယ်။ ဒါလဲ ဖျားလို့ နာလို့ မဟုတ်ပါဘူး။ စာရင်းစစ်စာမေးပွဲတွေအတွက် စာကျက်ရလို့ ပင်ပန်း သွားတာပါ။ အနားယူချင်တာနှင့် ဆေးလက်မှတ်ပြပြီး ခွင့်ရက်ရှည် ယူလိုက် တယ်။ နောက်တခါ ယူတာကတော့ စစ်ကြီးအပြီး အင်္ဂလိပ်တွေ ပြန်ရောက်တဲ့ ကက်စဘီ အုပ်ချုပ်ရေးအချိန်ကပေါ့။ မပျော်လင့်ဘဲ မျက်စိရောဂါ ခွဲစိတ်ကုသ ခဲ့ရလို့ ခွင့်ရက်ရှည် ယူခဲ့ရဘူးတယ်။ ဒါတွေသိချင်ရင် မင်းဆီမှာရှိတဲ့ ဖိုင်တွဲ ထဲမှာ ရှာကြည့်ပေါ့"

မှန်ပါသည်။ ရိပ်သာမှာ ဆောင်ရွက်လုပ်ရှားမှုတိုင်း မှတ်တမ်းတင်ထား သော စာချက်စာတမ်းများ အပြည့်အစုံရှိပါသည်။ ကျွန်တော် ကိုယ်တိုင် ပင်

ယင်း စာရွက်စာတမ်းများကို အကြောင်းအရာလိုက် ခွဲခြားပြီး ဖိုင်တွဲများ ပြု လုပ်ခဲ့ပါသည်။ ဦးချစ်တင်က အပင်ပန်းခံပြီး ဆရာကြီး၏ လုပ်သက်မှတ်တမ်း ကို (ဆားဗစ်ဘွတ်ခ်) မှ အပြည့်အစုံ ကူးယူပေးထားပါသည်။ ထိုမှတ်တမ်း များ အရ၊ ဆရာကြီးသည် မျက်စိခွဲစိပ်ကုသရသောဒဏ်ကို အပြင်းအထန်ခံခဲ့ ရကြောင်း သိရှိရသည်။

ဆရာကြီး ခံစားခဲ့ရသော မျက်စိဝေဒနာမှာ မျက်ခွန်အောက်၌ အသား တက်လာသည့် "တရက်ကိုးမား" မျက်စိရောဂါ ဖြစ်ပေသည်။ ၁၉၄၅ ခု၊ နိုဝင်ဘာလတွင် စတင် ဖြစ်ခဲ့သည်။ ထိုအချိန်က ဆရာကြီးသည် လောင်းဝစ် လမ်း၊ အမှတ် (၁၁) (အလယ်တောရကျောင်းတိုက်) တွင် နေထိုင်လျက် ရှိ သည်။ စစ်ပြီးစ ထိုအချိန်က ရန်ကုန်မြို့၊ ဆေးရုံကြီး ပြန်လည်မဖွင့်လှစ်ရသေး ပေ။ ကက်စဘီ အခြေစိုက် ယာယီဆေးရုံသာ ရှိသေးသည်။ ထိုဆေးရုံမှ မျက်စိ ရောဂါ ခွဲစိတ်ကုပါရဂူ ဒေါက်တာ ချန်တိတ်ထံတွင် စတင်ကုသမှုခံယူခဲ့သည်။ ဆရာကြီး၏ မျက်စိ နှစ်ဖက်စလုံးကို ခွဲစိပ်၍ ကုသခြင်း ခံနေရချိန်တွင် ဒလ ပျော်ဘွယ်ကြီးရွာမှ ဆရာသက်ကြီး သည် လင့်ခ်လမ်း ဦးအုန်းမောင် နေအိမ် တွင် ဆေးဝါးကုသခံနေရာမှ ကွယ်လွန်သွားကြောင်း သတင်း ရခဲ့သည်။ မိမိ ၏ အခြေအနေရ၊ ကျေးဇူးရှင် ဆရာသက်ကြီးအား နောက်ဆုံး သွားရောက် မကန်တော့နိုင်သည့်အတွက် ကြေကွဲဝမ်းနည်း ဖြစ်ခဲ့ရရှာသည်။

ဒေါက်တာ ချန်တိတ်၏ခွဲစိတ်ကုသမှုမှာ ဝဲဘက်မျက်လုံးအတွက် ကောင်း မွန် အောင်မြင်သော်လည်း ယာဘက် မျက်လုံးတွင် ခွဲစိတ်အနာသည် ရုတ် တရက် မကျက်နိုင် ဖြစ်နေသည်။ ယာဘက်ပါး တခြမ်းလုံး မို့ဖောင်း ရောင် ရမ်းလျက် နီရဲနေသည်။ ထို့ကြောင့် (၂၃–၁၁–၄၅) နေ့မှစ၍ ဆေးလက် မှတ်ဖြင့် ပထမခွင့် (၇၅) ရက် ယူခဲ့သည်ကို နောက်ထပ် (၁၅) ရက် တိုး၍ ခွင့်ကောင်းခဲ့ရသည်။ (၂၆–၁၂–၄၅) နေ့ ခွင့်တလ စေ့သော အခါတွင် လည်း ယာဘက်မျက်လုံးအခြေအနေသည် တိုးတက်ကောင်းမွန်လာခြင်း မရှိ သေးပေ။ ပတ်တီးခွာလိုက်ပြီး ဖြစ်သော်လည်း စာတကြောင်း လောက် မှ ပင် မရေးနိုင်၊ မဖတ်နိုင်သေးပေ။ ထို့ထက် ပိုမိုထိတ်လန့်ဘွယ်ရာကောင်းသည်မှာ ယာဘက် မျက်နှာတခြမ်း သေ၍သွက်ချာပါဒဖြစ်ပည့်ဟန် အရိပ်လက္ခဏာများ ဖြစ်ပေါ်လာသည်။

ထိုအချိန်တွင် အထူးကု ဆရာဝန်ကြီးများသည် မိမိတို့၏ဆေးခန်းများ ကို စတင် ဖွင့်ကြပြီဖြစ်သဖြင့် ဆရာကြီးသည် မဂိုလမ်းမှ နယူဘားမားဖာမစီ

ဆေးခန်းသို့ ပြောင်းရွှေ့ ဆေးကုသခဲ့သည်။ မျက်လုံး ခွဲစိတ်ကုသရာတွင် "ကွန်ပလီ ကေးရှင်း" ဝင်လာသည်။ ထပ်ဆင့်ဝေဒနာ တိုးပွားလာသည်။ ယာဘက်မျက်နှာတခြမ်း အကြောများ ဆွဲနေသည်။ အနည်းဆုံး တလခန့် ဆေးဝါး ကုသရဦးမည် ဆိုသဖြင့် ခွင့်ရက် တလတိုး၍ တောင်းခံခဲ့ရပြန်သည်။

မဂိုလမ်း ဆေးခန်းတွင် ကုသသည်မှာ တလအတွင်း ထူးခြားချက်မရှိသောကြောင့် ဦးဝိစာရလမ်းတွင် ဖွင့်ထားသည့်"တိုက်ဂါးအယ်လီ"ဆေးခန်းသို့ ပြောင်း၍ ကုသပြန်သည်။ ထိုဆေးခန်းရောက်မှ ဆရာကြီး၏ ရောဂါအစစ်အမှန်မှာ (အီရီဆစ် ပဲလာစ်) ခေါ် အနာမီး အနာစက်ရောဂါ ဖြစ်ကြောင်း သိရသည်။ ဆေးအဘိဓာန်အရ " အီရီဆစ် ပဲလာစ် " ဆိုသည်မှာ "စတရက်ပ်တိုကောကပ်"မျိုးစု ဘက်တရီယားပိုးမွှားများ၊ အရေပြားအောက် ဝင်ရောက် နှိပ်စက်သဖြင့် အရေပြား ရောင်ရမ်းလာသော ရောဂါဟု သိရသည်။ မျက်မှောက်ခေတ် ခွဲစိတ်ကုသနည်းတို့မှာ အံ့သြဘွယ်ရာ တိုးတက်လျက်ရှိပါ၏။ သို့သော် ခွဲစိတ်ခုတွင် တနေရာရာ၌ ချွတ်ယွင်းမှု၊ လစ်ဟင်းမှုများ ရှိခဲ့လျှင် ဘက်တရီယား ပိုးမွှားများ ဝင်ရောက်သာတတ်သောကြောင့်၊ လူနာများ ဒါဏ်ခံကြရသည်ကို မကြာခဏ ကြားသိ တွေ့မြင်နေရ၏။

ဦးဝိစာရလမ်းမှ ဆေးခန်းတွင် တလနီးပါး ဆက်လက် ဆေးကုသပြီးနောက် ရောဂါ သက်သာလာ၍ (၂၀-၃-၄၆) နေ့တွင် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ပေသည်။ ထိုအချိန်အခါမှာ အစိုးရအမှုထမ်းတဦးသည် မိမိအလုပ်ဌာနတွင် ရှိနေရန် အရေးကြီးသော အချိန်အခါဖြစ်သည်။ ကက်စဘီ အုပ်ချုပ်ရေးမှ အချုပ်သားအစိုးရသို့ တာဝန်များ လွှဲအပ်နေချိန်၊ ရာထူးအပြောင်းအရွှေ့ အဘိုးအဆုဘ်များ စဉ်းစားဆောင်ရွက်နေချိန် ဖြစ်ပေသည်။ ဆရာကြီးသည် အချိန်မီခွင့်မှ ပြန်ခဲ့နိုင်ပေသည်။ နှစ်လခန့်ကြာသော် (၂၇-၅-၄၆) နေ့တွင် လက်ထောက်ငွေစာရင်းဝန်အဖြစ် မြန်မာနိုင်ငံ စာရင်းစစ်ဝန်ထမ်းအဆင့်(၁)သို့ ရာထူးတိုးမြှင့်ခြင်းခံရလေသည်။

နောက်တနှစ်ကျော်အချိန်တွင် အနာမီး အနာစက်ရောဂါ ပြန်ထလာပြန်သဖြင့် (၇ ၇-၄၇) နေ့မှစ၍ ခွင့်တလယူပြီး ရန်ကုန် ဆေးရုံ ကြီးတွင် တက်ရောက်ကုသရပြန်သည် ၁၀ ရက်ခန့် ဆေးရုံတက်ပြီး ထူးခြားမှုမရှိလှသဖြင့် ဆရာကြီးသည် မိမိရောဂါကို အမြစ်ပြတ်သွားစေရန် မည်သည့်ဆေးရုံ၊ ဆေးခန်း၊ မည်သည့်ပါရဂူမှ အားမကိုးတော့ဘဲ၊ ကိုယ်တိုင်ပင် ကုသတော့မည်ဟု စိတ်ဆုံးဖြတ်ခဲ့ကြောင်း ပြောပြလေသည်။ ကျန်ရှိသေးသည့် ခွင့်ရက်ပိုင်းတွင်

ဆရာကြီးသည် အစိဌာန်ဖြင့် ဥပုသ်ရက်ရှည် စောင့်လိုက်သည်။ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ပြီးနောက် မျက်နှာပိုင်းတွင် အနိစ္စလက္ခဏာကို အထူးမြင်အောင် တရားရှုခဲ့သည်။ အဟာရအဖြစ် တနေ့လျှင် ထမင်းသုံးဆုပ်မျှကိုသာ ဆီးဆားနှင့် သုံးဆောင်ခဲ့သည်။ ပခုံးအထက်ပိုင်း၊ လည်ပင်းနှင့် မျက်နှာပြင် တခုလုံး နှမ်းဆီသုတ်လိမ်း၍ နံနက်နေရောင်ခြည် ဖျော့ချိန်တွင် နေရောင်ခံခဲ့သည်ဟု ဆိုသည်။ ဤကုထုံးကို ရက်သတ္တတပတ်မျှ ဆောင်ရွက်လိုက်ရာ မျက်နှာမှ အပေါ်ယံအရေပြားများ အဖတ်ဖတ်ကွာထွက်ကုန်၍ ရောဂါ ကင်းစင်သွားခဲ့သည်ဆိုသည်။ နောင်တွင် ဤရောဂါ၏ ညှင်းပန်းခြင်းကို ထပ်မံမခံရတော့ဟု ဆရာကြီးက ပြောပြခဲ့ဘူးသည်။

## (ခ) လျှမ်းလျှမ်းတောက် ဤချိန်ခါ

ယင်းရောဂါသာ မဟုတ်သေး။ ၁၉၄၇ ခုနှစ်တွင် မြန်မာ နိုင်ငံတော် ငွေစာရင်းမင်းကြီးဘဝသို့ ရောက်ခဲ့သည်မှ ၁၉၆၃ ခုနှစ်တိုင်အောင် အခြားမည်သည့်ရောဂါ၊ ဖျားနာခြင်း စသည်မဖြစ်ခဲ့သဖြင့်ဆေးလက်မှတ်ဖြင့် ခွင့်ယူရသည်ကိုမတွေ့ခဲ့ရပေ။ ၁၉၄၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်ထိ ၁၅ နှစ်သောကာလသည် ဆရာကြီးအတွက် လျှမ်းလျှမ်းတောက် ကြီးပွားအောင်မြင်ခဲ့သော အချိန်သမယဖြစ်ခဲ့ပေသည်။ မိမိဌာနတွင် အန်မ့်ဆုံးလခ (၄ဝဝ) စား ယာယီ စာရေးငယ်ဘဝမှ ထိပ်ဆုံးငွေစာရင်းမင်းကြီးအဖြစ် ၁၉၄၇ ခုနှစ်တွင် ခန့်ထားခြင်းခံခဲ့ရလေပြီ။ တဖန် ၁၉၅၂ ခုနှစ်တွင် လုပ်သက်စေ့၍ ပင်စင်ယူခဲ့သော်လည်း အစိုးရ အဆက်ဆက်က ပထမတန်း လက်ရွေးစဉ်ဝန်ထမ်း ရာထူးကြီးများတွင် တာဝန်ပေးခဲ့ပြန်သဖြင့် ၁၉၆၄ ခုနှစ်အထိ ၁၂ နှစ်ကျော် အမှုထမ်းခဲ့ ရပြန်သည်။ ၁၉၄၉ ခုနှစ်တွင် စည်သူဘွဲ့၊ ၁၉၅၇ ခုနှစ်တွင် သရေ စည်သူ ဘွဲ့ထူးဂုဏ်ထူးများဖြင့် ချီးမြှင့်ခြင်းလည်း ခံခဲ့ရပေပြီ။ ဆရာကြီး ထမ်းဆောင် ခဲ့ရသော ရာထူးအသီးသီးနှင့် ပါဝင်ဆောင်ရွက်ခဲ့သော ဘုတ် ကော် ပို ရေး ရှင်း ကော်မရှင်၊ ကော်မတီများ၏ အပြည့်အစုံစာရင်းကို နောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။

ဤသို့ကြီးမားသော ရာထူးကြီးများတွင် အမှုထမ်းနေရသဖြင့် အစိုးရ လုပ်ငန်းနယ်ပယ်တွင် ဩဇာတိက္ကမ လွှမ်းမိုးမှုကြီးမားသည်။ တန်ခိုး အရှိန်အဝါ မြင့်မားသည်။ တပည့်တပန်း ပေါများသည်။ ဆရာကြီး သည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်နှင့်ပြည့်စုံ၍မျိုးချစ်စိတ်၊တိုင်းပြည်အပေါ် သစ္စာစောင့်ထိန်း

သည့် မွန်မြတ်သော စိတ်ထားများ အစဉ်တစိုက် ထားရှိခဲ့ပေသည်။ ဤသို့မထားရှိဘဲ၊ မိမိ၏ ဩဇာတန်ခိုးများကို မဖွယ်မရာ အသုံးပြုခဲ့မည်ဆိုလျှင် သိန်းချီ၍ ချမ်းသာသော ကိုယ်ကျိုးရှာဝန်ထမ်းတဦးကောင်းစွာဖြစ်ခဲ့နိုင်ပေသည်။ တော်လှန်ရေးကောင်စီ အစိုးရတက်ရောက်ခါစ၊ ဘဏ်တိုက်ကြီးများ၊ စက်မှုလက်မှုလုပ်ငန်းများ ပြည်သူပိုင်သိမ်းခြင်း၊ ၁၀၀ တန်။ ၅၀ တန်ငွေစက္ကူများ တန်ဘိုးလျှော့ချခြင်း စသည့် လွန်စွာအရေးကြီးသည့် လုပ်ငန်းကြီးများတွင် စာရင်းအင်းဆိုင်ရာ ကိစ္စရပ်ဟူသမျှကို ဆရာကြီးနှင့် ရုံးအဖွဲ့သား အပေါင်းတို့က တာဝန်ယူ၍ နေ့မအား ညမအားဆောင်ရွက်ပေးခဲ့ကြရပေသည်။ ရှောင်တခင်ခွင့်ရက် အနည်းငယ်မျှကိုပင် ခံစားခွင့် မရနိုင် လောက် အောင် အစိုးရ တာဝန်များ ထမ်းဆောင် ခဲ့ရပုံကို ရှေ့ အခန်းတွင် ဖော်ပြ ခဲ့ပြီးပေပြီ။

ဤသို့ လောကီရေးရာ အဖြာဖြာတွင် တိုးတက် အောင်မြင်မှု ရလျက် ထင်ပေါ်ကျော်ကြား၊ ဂုဏ်သတင်း ကြီးမားလာနေ ချိန်၌ပင်၊ ဓမ္မရောင်ခြည် စေတီ၌ အခြေချ ဆောင်ရွက်လျက်ရှိသော ပြည်တွင်း ပြည်ပ သာသနာပြု လုပ်ငန်းကြီးမှာလည်း တဟုန်ထိုး အရှိန်မြင့်မားလာခဲ့ပေသည်။

လစဉ်လတိုင်း ပထမ ကြာသပတေးနေ့ညနေမှစ၍ ၁၀ ရက် တရားပတ်ဖွင့်ပြီး ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ဝင်များကို အလှည့်ကျတရားပြပေး၏။ အဖွဲ့ဝင်များ၏ မိသားစုများနှင့် နီးစပ်ရာ ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်း ဆရာကြီးက မေတ္တာထား၍ တရားချီးမြှင့်ပေးခဲ့သဖြင့် နှစ်စဉ် နှစ်တိုင်း ပျမ်းမျှအားဖြင့် လူပေါင်း ၂၀၀ ကျော် တရား အားထုတ် ခဲ့ကြ ပေသည်။ ဤဦးရေသည် မြန်မာတိုင်းရင်းသား သက်သက် စာရင်း ဖြစ်ပေသည်။ နိုင်ငံခြားမှ လာရောက် တရားထိုင်သူများနှင့် ၁၉၅၅ ခုနှစ်၊ နောက်ပိုင်းတွင် တိုးတက်များပြားလာသော အိန္ဒိယ အမျိုးသားများ စာရင်းမပါဝင်သေးချေ။ ၁၉၅၅ ခုနှစ်ထက်စော၍ ယောဂီ ဦးရေမှတ်တမ်းများ မပြည့်စုံသောကြောင့် အတိအကျ ရေတွက်ရန် ခဲယဉ်းသော်လည်း ၁၉၇၁ ခုနှစ် မကွယ်လွန်မီ အချိန်ထိ ဆရာကြီး တရားပြသပေးခဲ့သောလူပုဂ္ဂိုလ်အပေါင်းမှာ ၃၅၀၀ မျှရှိသည်ဟု ခန့်မှန်းရပါသည်။ အိန္ဒိယလူမျိုး အပါအဝင် နိုင်ငံခြား ပရိသတ်မှာ ၃၀၀ ကျော်ခန့်ရှိပေမည်။

ဆရာကြီးဦးဘခင်ထံတွင် နည်းနာခံယူ၍ တရားအားထုတ်ကြပြီးသော သူများတွင် ပြည်တွင်းမှ နိုင်ငံတော် သမတဟောင်း စောရွှေသိုက်၊ လူမျိုးစု

လွှတ်တော် နာယက စကား စော်ဘွားကြီး စစ်ခွန်ကြည်၊ လွှတ်တော် ဥက္ကဋ္ဌ ဟောင်း မြန်မာ့အလင်း ဦးတင်၊ ဒုတိယဝန်ကြီးချုပ်ဟောင်း၊ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးလွန်းဘော်၊ ဝန်ကြီးဟောင်း ဦးစံညွန့်၊ တရားလွှတ်တော်ချုပ်တရား ဝန်ကြီး ဦးအောင်ခိုင်၊ ဦးဘိုကြီး စသည့် ဉာဏ်ပညာ အမြော်အမြင်ကြီးရင့်သူ ထိပ်တန်းပုဂ္ဂိုလ်ကြီး အမြောက်အမြားပါဝင်ခဲ့၏။

ပြည်ပမှလည်း အခန်း ၁ နှင့် ၄ တို့တွင် အပြည့်အစုံ ဖော်ပြခဲ့သည့် ဒေါက်တာအယ်လီဇာဘက်၊ နော့တင်ဂမ်၊ ဒေါက်တာအယ်လ်၊အီး၊ရိုက်၊မစ္စမယ် ရီရန်ဒစ် စသည့်ပုဂ္ဂိုလ်ထူးများသည် ဓမ္မရောင်ခြည် စေတီတော်သို့ ၁၉၅၆ ခု၊ ၁၉၅၇ ခုနှစ်တွင် ရှေးဦးရောက်ရှိလာကြပြီး တရား အားထုတ် သွားခဲ့ကြပေ သည်။ ယင်းလူမျိုးခြား ပညာရှင်ကြီးများသည် ဤဌာနၚ တရားအားထုတ်ပြီး ကြသောအခါ ဗုဒ္ဓတရားသည် ထူးထွေဆန်းကျယ်အံ့သြဘွယ်ဖြစ်ကြောင်း၊ မိမိတို့ အားလက်တွေ့အေးငြိမ်ချမ်းသာမှုကို ကေန်ပေးကြောင်း၊ တရားတော်၏အရသာ "ဓမ္မရသ" ကို စာတွေ့သာမက ငါတွေ့အဖြစ် တွေ့ကြုံရကြောင်း၊ ဗုဒ္ဓတရား၏ ကျင့်စဉ် လမ်းကြောင်းကို ဆရာကြီးက ကောင်းစွာ ညွှန်ပြသဖြင့် တွေ့ရပြီး၊ ထို လမ်းကြောင်းအတိုင်း ကျင့်ကြံအားထုတ်ရန်လည်း လိုအပ်သောပညာအား ကို ရရှိပြီဖြစ်ကြောင်း၊ မိမိတသက်တာတွင် ဤမျှကြီးကျယ်သော တွေ့ကြုံ ခံစားမှုမျိုး ယခင်က တခါမျှ မတွေ့ကြုံရခဲ့ဘူးကြောင်း စသဖြင့် ဧည့်သည် မှတ်တမ်းတွင် ရေးသားသွားခဲ့ကြပေသည်။

ဆက်လက်၍ ၁၉၅၈ ခုမှ ၁၉၆၀ ခုနှစ်အထိသည်း ထူးခြားသော ပါရမီရှင်အများ စေတီရိပ်သာသို့ ဆိုက်ရောက်ခဲ့ကြပေသည်။ မစ္စတာဟိုးဗား၊ မစ္စတာ ကိုးလ်မင်း၊ ဒေါက်တာကင်း၊ မစ္စစ်ကင်း၊ ဒေါက်တာ ဟစ်စလော့ပ်၊ မစ္စစ် ဟစ်စလော့ပ်၊ ဒေါက်တာ ဂျေနီ အစရှိသည့် ပုဂ္ဂိုလ်ထူးများ တရား အားထုတ်သွားခဲ့ကြသည့် အကြောင်းအရာအချို့ကို အထက်ပါအခန်းများတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ယင်း ပုဂ္ဂိုလ်ကြီးများသည် ဆရာကြီးထံသို့ ဗုဒ္ဓဓမ္မကို လက်တွေ့ကျင့်သုံး ခံယူရန်သက်သက် လာခဲ့ကြခြင်းဖြစ်၍ လစဉ် တရားပတ်နှင့် မတိုက်ဆိုင်ပါက၊ သူတို့အတွက် အထူး တရားပတ် ပြုလုပ်၍ တရားပြသပေးခဲ့ လေသည်။ ထို့ကြောင့် ထိုနှစ်များအတွင်း ပုံမှန် တလတွင် (၁၀) ရက် သာ တရားပတ် ဖွင့်သည်ဟု ဆိုသော်လည်း တခါတရံ တလလုံးလုံး တရား ပြသပေး ခဲ့ရပေသည်။ ဆရာကြီးသည် ဤကဲ့သို့ နားရက်ပရှိ၊ ဆက်တိုက် အစိုးရတာဝန် ထမ်းဆောင်ရင်း သာသနာ့ပြုလုပ်ငန်းကို စေတနာပြုမြဲစွာဖြင့် ဆောင်ရွက်

ခဲ့ပေသည်။ ''ကမ္ဘာလောကကြီးသည် ယခုအခါ စိုးရိမ်ဘွယ်ရာကောင်းလှသော ပြဿနာများ ရင်ဆိုင်လျက်ရှိပြီး၊ လူသတ္တဝါတို့အားလည်း မရှုမလှ ပျက်စီးစေနိုင်သော အကြောင်းများ ပေါ်ပေါက်မည်ကဲ့သို့ ဖြစ်နေပေသည်။ဤအချိန်အခါမျိုး၌ ဆရာကြီး ဦးဘခင်သည် လူတို့အား ကိုယ်တွင်း ချမ်းသာမှု၊ တည်ငြိမ်မှုများ ရရှိစေမည့် လမ်းကောင်းကို ညွှန်ကြားပေးလျက် ရှိပါသည်။''

''မိမိကိုယ်တိုင်သာမက သူတပါးတို့အားလည်း ဘဝခရီးကို သွားရာ၌ ချမ်းသာမှုကို ရရှိစေရန် ရှေ့ဆောင် လမ်းပြလျက် ရှိပေသည်။ ဆရာကြီးသည် ဘာသာတရားကို လေးစားယုံကြည်စွာ ပွားများ အားထုတ်လျက် သတ္တဝါအများတို့၏ စိတ်နေ စိတ်ထားတို့ကို နက်နဲစွာ လေ့လာနေရင်းပင်လျှင် လူ့လောကဝယ် မြားမြောင်လှစွာသော လုပ်ငန်းဆောင်တာတို့နှင့်တာဝန်ဝတ္တရားတို့ကိုလည်း တဲ့ဘက် ပွက်ဆောင်လျက်ရှိသည်ဖြစ်ရာ ထိုကဲ့သို့သောဆောင်ရွက်မှုများကြောင့် ဆရာကြီး သည် အကောင်းဆုံးသော ''စံပြ'' ပုဂ္ဂိုလ်ကြီးပင်ဖြစ်ပေသည်။''

''မြန်မာနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံခြားသားတယောက် အနေဖြင့် မြန်မာလူမျိုးတို့၏ နေထိုင်မှု ယူဆမှု စသည်တို့ကို လေ့လာလိုပါလျှင် ဆရာကြီး၏ နေရာဌာနသို့ လာရောက်၍ တမူကွဲပြားသည့် မြန်မာတို့၏ စိတ်နေ စိတ်ထား ပြုပြင်ပြောင်းလဲမှု သဘောတရားတို့ကိုပါ လေ့လာပါ။ ထိုသို့ မလေ့လာပါက မြန်မာပြည်၏အကြောင်းကို ကောင်းစွာနားလည်နိုင်မည်မဟုတ်ပေ'' စသည့် ယုံကြည်မှတ်တမ်းများကို ဖတ်ရှုရသောအခါတွင် ကြည်နူး ဝမ်းမြောက်ခဲ့မည် အမှန်ပင် ဖြစ်ပေသည်။ တဖန် ယခင်က ဗုဒ္ဓဘာသာကိုးကွယ်သူ မဟုတ်ခဲ့သော ပုဂ္ဂိုလ်အများသည် တရား အားထုတ်ပြီးနောက် မြတ်စွာဘုရား၏ အသုံးအနှုန်း တွင်လာကြပြီး မြတ်စွာဘုရား၏ အလိုကျအတိုင်း တသက်ပတ်လုံး [illegible]ကြိုးစားလုပ်သွား[illegible]မည်ဟု သူတို့အလိုအလျောက် ဝန်ခံ[illegible]တိုက်လာကြသောအခါ၊ သင်္ကေတကို ဆောက်တည်သွားခဲ့ကြသောအခါများတွင် မိမိ ရည်မှန်းချက်အတိုင်း [illegible]မြောက်ပေပြီ။ [illegible]ဝမ်းရကျိုး နပ်ပေပြီဟု မှင်လန်းဝမ်းသာ ပီတိဝေဖြာခဲ့ရမည်လည်း မုချဖြစ်ပေသည်။

[illegible]သော တရားတော်၏ အမှိုက် အ[illegible] သွားခဲ့သူများ၏ [illegible]ည်ပေးသပြောပြခြင်း၊ ဝအုပ်[illegible]တမ်းရေးသားကြခြင်း ရုပ်မြင်သံကြား အစီအစဉ်များမှ အသံလွှင့်ခဲ့ခြင်းတို့ကြောင့်၊ အင်း ယားမြိုင်

လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋ္ဌပတ္တိတရားလုပ်ငန်းဌာနသို့ တရားလက်တွေ့စမ်း သပ်ကြည့်ရှုရန် အခါအခွင့် မသင့်သေးသည့်တိုင်အောင် ဓမ္မရောင်ခြည် စေတီကို ဖူးမြော်ကြည်ညိုရန်နှင့် နာမည်ကြီးလှသော ဂုရုကြီးဦးဘခင်အား တွေ့ဆုံရန်၊ မေးမြန်းစုံစမ်းရန်လောက်သာ လာရောက်ကြသော ပရိသတ် ဦးရေမှာမနည်း ပါးလှပေ။ ဆရာကြီးထံသို့ ၁၉၅၆ ခုနှစ်ဆီက ရှေးဦးစွာ ရောက်ခဲ့ကြသော ပညာရှင်ကြီးများမှာ ပြင်သစ်လူမျိုး ပါမောက္ခ ဒေါက်တာ ပေါလ်မူးစ်၊ ဂျာ မန် ဗုဒ္ဓဘာသာဝင် တက္ကသိုလ် ပါမောက္ခ ဂလာ့ဆင်နက်ပ်နှင့် ရောမမြို့မှ ရိုမင် ကက်သလစ်ဘာသာဝင် ပါမောက္ခ ဒေါက်တာ မာရယားတို့ ဖြစ်ကြပေသည်။ ဒေါက်တာ ပေါလ်မူးစ်သည် အမေရိကန်ပြည် ဝါရှင်တန် တက္ကသိုလ်၌ ဗုဒ္ဓ ဘာသာကျမ်း စာသင်ကြားရေးဌာန သီးခြားဖွင့်လှစ်ရေးအတွက် မြန်မာပြည် သို့ လာရောက် လေ့လာသွားခြင်းဖြစ်သည်။ ဂျာမန် . ပါမောက္ခ ဂလာဆင် နက်ပ်သည်လည်း ဗုဒ္ဓစာပေပို့ချနေသူ၊ ရေးသားနေသူ ဗုဒ္ဓဘာသာဝင် နာမည် ကျော်ကျမ်းပြု ပုဂ္ဂိုလ်ကြီးဖြစ်ပေရာ ဆရာကြီး၏ လက်တွေ့သမထဝိပဿနာ တရားအားထုတ်နည်းများကို လေ့လာရန် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည်။ ဆရာကြီးက ရှင်းလင်း၍ ဟောပြောပြသည်ကို များစွာကျေနပ်နှစ်ခြိုက်သွား ပြီး မိမိကိုယ်တိုင် အခါအခွင့် သာယာပြေပြစ်သည့် အချိန်တွင် လာရောက် အားထုတ်မည်ဖြစ်ကြောင်း ပြောဆိုသွားပါသည်။

ဤသို့နှစ်စဉ် ဓမ္မရောင်ခြည် စေတီတို့ ကမ္မဌာန်းတရား အားထုတ်နည်း လမ်းကို လာရောက်လေ့လာကြသူများတွင် ကမ္ဘာ့အရပ်ရပ်မှ ပညာရှင်များ၊ သုတေသီပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာလှည့် ခရီးသည်များ ပါဝင်ခဲ့ပေသည်။

အထက်ပါဂ္ဂိုလ်များ အုပ်စုတွင် မပါဝင်ဘဲ၊ မြန်မာပြည်သို့ မိမိဆိုင်ရာ အလုပ်ကိစ္စနှင့် ရောက်ရှိနေစဉ်၊ မြန်မာပြည် အကြောင်းအရာ အမျိုးစုံကို သ တင်းအဖြစ်၊ ဗဟုသုတအဖြစ် သိရှိလေ့လာလိုသူ နိုင်ငံခြားသား ပညာတတ် လူတန်းစားတမျိုး ရှိပေသေးသည်။ ယင်း ပုဂ္ဂိုလ်များကား မြန်မာ ပြည်တွင် ရောက် နိုင်ငံခြား သံတမန်ကြီးများ၊ သံတမန်အဖွဲ့ဝင် အရာရှိ ကြီးငယ်များ၊ မြန်မာပြည်တွင်ရှိနေကြသော ကုလသမဂ္ဂအဖွဲ့၊ စားနပ်ရိက္ခာအဖွဲ့၊ ရောဘတ်နေ သန်အဖွဲ့၊ ကျွမ်းကျင်မှုဆိုင်ရာ အကူအညီပေးအဖွဲ့၊ ဖို့ဖေါင်ဒေးရှင်း၊ အေးရှား ဖေါင်းဒေးရှင်းအဖွဲ့ စသည့်တို့မှ ပုဂ္ဂိုလ်ကြီးများဖြစ်ပေသည်။ ယင်းတို့၏ ဦးရေ မှာ နည်းလှသည်မဟုတ်ပေ။ တရားဓမ္မ ဆွေးနွေး နားလည် လို၍ မဟုတ်ဘဲ၊ မြန်မာပြည် ရောက်ခိုက်တွင် မြန်မာလူမျိုးတို့၏ လူ့ပ်ရှား ဆောင်ရွက်မှုအသွင်

တခုဖြစ်ဖြင့်သာ ကြည့်ရှုလေ့လာလို၍ ဓမ္မရောင်ခြည်စေတီသို့ လာရောက်ကြသည့် ထိုပုဂ္ဂိုလ်များကို အစုလိုက် အဖွဲ့လိုက် ရက်ချိန်းများပေး၍ ဆရာကြီးက တွေ့ဆုံညှော်ခံခဲ့ရပေသည်။

ဆရာကြီးသည် တာဝန်ဝတ္တရား များပြား၍ အချိန်လပ်မရှိသလောက် ဖြစ်ရကား၊ တချက်ခုတ် နှစ်ချက်ပြတ် သဘောဖြင့် နိုင်ငံခြား လေ့လာရေး အဖွဲ့များကို ဓမ္မရောင်ခြည်စေတီတော်၏ အထိမ်းအမှတ်ပွဲနေ့၊ ဆွမ်းတော်ကြီး ကပ်လှူပွဲနေ့များတွင် ဖိတ်ကြားလေ့ရှိပေသည်။ ဤနေ့များတွင် နိုင်ငံခြား သားတို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအရ၊ အချင်းချင်း ပေါင်းသင်း ဆက်ဆံကြပုံများကို တပြိုင်နက်ထဲ တွေ့မြင်လေ့လာသွားခဲ့နိုင်ကြပေသည်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ ပြင်ပတ္တိ လုပ်ငန်းဌာန၊ ဓမ္မရောင်ခြည်စေတီတော် (၅) နှစ်မြောက် အထိမ်းအမှတ်၊ ဆွမ်းတော်ကြီးကပ်လှူပွဲကို ၁၉၅၇ ခု၊ နိုဝင်ဘာလ (၁၆) ရက်။ ၁၃၁၉ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁၀) ရက် စနေနေ့တွင် ကျင်းပပြုလုပ်ခဲ့လေသည်။ နိုင်ငံခြား ဧည့်ပရိဿတ်များနှင့် ရိုးသူရိုးသားများကို နိုဝင်ဘာလ (၁၅) ရက်နေ့၊ သောကြာနေ့ ညနေ (၅) နာရီမှ ည (၈) နာရီအထိ ဖိတ်ကြား၍ ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့က အကျွေးအမွေးဖြင့် ဧည့်ခံကြသည်။ ဆရာကြီးက နိုင်ငံခြား ဧည့်သည်များအား စေတီရိပ်သာ၏ နောက်ခံသမိုင်းကြောင်းနှင့် လှူပ်ရှား ဆောင်ရွက်မှုများ၊ ရည်ရွယ်ချက်များနှင့် ထိုနေ့အတွက် အစီအစဉ်များကို ရှင်းလင်း ပြောပြသည်။ သောကြာနေ့ ညဉ့်ဦးယံတွင် ဓမ္မရောင်ခြည် စေတီတော်နှင့် ဝိပဿနာရိပ်သာအတွင်း၌ မီးပုံးမီးရောင်စုံတို့ဖြင့် ထွန်းညှိ ပူဇော်ကြမည်။ ရိုးသူရိုးသားများနှင့် ဧည့်သည်တော်များက ဆွမ်းတော်ကြီး ကပ်လှူ ပူဇော်ရန်အတွက် မိမိတို့ [illegible]နှပ်သက်ရာ၊ သစ်သီးဝလံတို့ကို ဆောင်ယူလာ၍ လှူဒါန်းကြမည်။ ည [illegible]–နာရီအချိန်တွင် အဖွဲ့ဝင်များက ပရိတ်တော်များ ရွတ်ဖတ်ပူဇော်မည်။ နောက် တနေ့နံနက် ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆-ရက်နေ့ နံနက် ၅–နာရီအချိန်တွင် မြတ်စွာဘုရားအား ရည်မှန်း၍ ဆွမ်းတော်ကြီး ကပ်လှူ ပူဇော်မည်။ ၆–နာရီအချိန် သံဃာတော်များအား [illegible] ဆောင်၍ ဆွမ်းဘောဇ[illegible] ခဲ[illegible] ကပ်လှူ ပူဇော်မည်။ နံနက် [illegible]–နာရီ အချိန်တွင် အဖွဲ့ဝင်များက၊ တရားတော်ဖြင့် ပူဇော်၍ ကုသိုလ်အဖို့ အမျှ ပေးဝေကြမည်။ ဤသို့ ပူဇော်ပွဲအစီအစဉ်များကို ရှင်းလင်း ပြောပြပြီးနောက် ဧည့်သည်တော်များအား ကျွေးမွေးဧည့်ခံသည်။ ထို့နောက် ရိပ်သာအတွင်း လှည့်လည်ပြသ၍ ဧည့်ခံပွဲကို ရုတ်သိမ်းလေ့ရှိခဲ့သည်။

ဤကဲ့သို့ ညွှန်ခံ ရှင်းလင်းပွဲများ၌ ဆရာကြီးသည် ပရိသတ်နှင့် သင့်တော်ရုံလောက်သာ တရားဓမ္မအကြောင်းကို အနည်းငယ် ပြောပြသည်။ ဗုဒ္ဓ၏ ဟောပြ ညွှန်ကြားတော်မူသည့်အတိုင်း ကျင့်ကြံကြိုးပမ်းလျှင်၊ တကယ့် ငြိမ်းချမ်းမှုအစစ်အမှန် ရနိုင်ကြောင်း အာမခံသည်။ သို့သော် ထိုငြိမ်းချမ်းမှုခံစားရရန်၊ တရား နာရုံနှင့် မပြီး၊ ကိုယ်တိုင် လက်တွေ့ လာရောက်လုပ်ကိုင်ကြည့်မှ တွေ့သိ နိုင်မည်။ ဗုဒ္ဓ၏တရားတော်မှာ အစမ်း ခံနိုင်သောတရား၊ အကြည့်ခံနိုင်သော တရား ဖြစ်ကြောင်း၊ ထို့ကြောင့် ရိပ်သာသို့ (၁၀) ရက် တရားပတ် လာရောက် ထိုင်ကြည့်လှည့်ကြပါ။ နေ ထိုင် စားသောက်ရေး အ ဆင် ပြေ အောင် သက်သာချောင်ချိအောင် စီစဉ် ဆောင်ရွက်ပေးပါမည်။ တာဝန်ယူပါသည် ဟု ပြောပြ၍ အစဉ် ဖိတ်ကြားလေ့ရှိလေသည်။ ညွှန်သည်တော်များက ဖိတ်မန္တက ပြုသည့်အတွက် ကျေးဇူးတင်ကြောင်း။ ရိပ်သာလုပ်ငန်းများအကြောင်း သိရ၍ လွန်စွာ စိတ်ဝင်စားလာကြောင်း၊ ရှင်းလင်း ပြောပြချက်များကို ကြေနပ် နှစ်ခြိုက်ကြောင်း၊ အခါအခွင့်သင့်သည်နှင့် ကိုယ်တိုင်လာရောက်၍ တရား အားထုတ်မည်ဖြစ်ကြောင်း ယဉ်ကျေးဖွယ်ရာ စကားကောင်းကို ပြောဆို နှုတ်ဆက် သွားခဲ့ကြသည်ချည်း ဖြစ်သည်။

သို့သော် ကုသိုလ်ကောင်းမှုပြုခြင်း၊ ဆည်းကပ်ကိုးကွယ်ခြင်း၊ တရားအားထုတ်ခြင်းစသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် သဒ္ဓါယုံကြည်မှု၏ အခန်းကဏ္ဍမှာ အရေးကြီးလှပေသည်။ ပါရမီ၏ စေ့ဆော်ချက်ကိုလည်း ထည့်သွင်းစဉ်းစားကြရပါမည်။ ဓမ္မစေတီ ရောင်ခြည် အကြောင်းကို ကြားသိရရုံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ မြင်ရရုံနှင့် အင်းယားမြိုင်ရိပ်သာသို့ မဖိတ်ကြားဘဲ အလိုအလျောက် ရောက်လာကြသူများသည် အနည်းဆုံး ၁၀ ရက် တပတ် တရားထိုင်ခဲ့ကြသည်ချည်းဖြစ်သည်။ အချို့မှာ တလ၊ နှစ်လ ကြာမျှပင် ဆက်လက်အားထုတ်သွားကြသည်။ အများအားဖြင့် ပထမ တကြိမ် စေတီသို့ရောက်ပြီး နောက်အခါအခွင့် သင့်တိုင်း နှစ်ကြိမ်၊ သုံးကြိမ်၊ ရောက်ဘူးသူ အများရှိလာပေသည်။ ရန်ကုန်မြို့တွင် အဆင့်သင့် ရောက်နေ ကြပြီး အင်းယားမြိုင်မှ ဖိတ်ကြားသော ရှင်းလင်းညွှန်ခံပွဲများသို့ တက်ရောက် ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများထဲမှမူ အခါအခွင့်သင့်ချိန်တွင် လက်တွေ့လာရောက်လုပ်ကိုင်ပါမည်ဟု ဂတိပြုခဲ့ကြသည့်တိုင်အောင် အင်းယားမြိုင်စခန်းသို့ နောက်ထပ် တကြိမ် ဆိုက်ရောက်လာရန် ခဲယဉ်းလှပါပေသည်။

ထိုသူများအနက်မှ လက်တွေ့တရားအားထုတ်ကြည့်ပါမည်ဟု ဝန်ခံသည့်အတိုင်း ဓမ္မရောင်ခြည်စေတီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်လာကြသူပုဂ္ဂိုလ်ကြီးနှစ်ဦးသာလျှင် ရှိကြောင်း၊ မှတ်သားထားကြပေသည်။ တဦးမှာ ဗီယက်နမ် သမတနိုင်ငံမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ငူယင်ဘစ်ချ်လီယင် ထိုသူဖြစ်၍ ကျန်တဦးမှာ အစ္စရေးလ် သံအမတ်ကြီး မစ္စတာအီလီယားရှစ်(ဗ) ဘင်၊ ဟိုရင်းဖြစ်ပေသည်။

ဗီယက်နမ် ကောင်စစ်ဝန်ချုပ်သည် ဆရာကြီး သင်ကြားပြသပေးသည့် တရားနည်းလမ်းများကိုအမှန်တကယ်ပင် လိုလိုလားရှိသည်ဟု ယုံကြည် နိုင်ပေသည်။ အချိန်အား မရှိသောကြောင့် မြန်မာပြည်တွင် နေထိုင်စဉ် တချိန်လုံး ရိပ်သာသို့ မရောက်နိုင်ခဲ့ပါ။အလုပ်တာဝန်ကုန်ဆုံး၍ ဗီယက်နမ်သို့ပြန်လည်ထွက်ခွာမသွားမီ တရက်အလိုတွင်သာဆရာကြီးထံရောက်နိုင်ခဲ့ပေသည်။ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့က ဖြစ်ပေသည်။ ဆရာကြီးက ကြီးမားသော စေတနာ မေတ္တာဖြင့် တနေ့အတွင်း နာရီပိုင်းနှင့် တရားပြသပေးလိုက်ရာ ထိရောက်အောင်မြင် သွားခဲ့သည်ဟု မှတ်သားထားပေသည်။

အစ္စရေးလ် သံအမတ်ကြီး မစ္စတာ အီလီယားရှစ် (ဗ)ဘင်၊ဟိုရင်သည် ၁၉၆၁ နှစ်ဦးစကပင် ရိပ်သာသို့ ရောက်လာပေသည်။ တရားပတ်ကို ၁၀ ရက် အပြည့် အားထုတ်နိုင်သွားခဲ့ပေသည်။ ညွှန်သည့် မှတ်တမ်းတွင် အောက်ပါမှတ်ချက်ကို သံအမတ်ကြီး ရေးထားခဲ့ပေသည်။

''ဤဝိုတောင်းလှသည့် ၁၀ ရက် ကာလအတွင်း ဆရာကြီး၏ နည်းပေးလမ်းပြမှုကို ခံယူလျက် ကျွန်တော်၏ စိတ်ဓာတ်ကို တိုးတက် ကြည်လင်စေနိုင်ခဲ့၏။ သာမန် ပုဂ္ဂိုလ် တဦးတယောက်သည် မိမိ၏ ဘဝနေရေးတွင် အလားတူ အခွင့် အရေးကို အလားတူ ရက်ပိုင်း အတွင်း ရရှိနိုင်လိမ့်မည်ဟု မထင်ပေ။

ကျွန်တော်၏ပါရမီ အခြေခံမပြည့်စုံသေးသဖြင့် ကျွန်တော်၏ အောင်မြင်မှုတို့မှာ ခရီးရောက်သည့်သလောက် မရောက်ခဲ့သည်မှာ ပမ်းမှားဘွယ်ရာမဟုတ်ပါ။ သို့ရာတွင် ပိုမို၍ ကြိုးစားအားထုတ်ခြင်းဖြင့် တိုးတက်မှုများကို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မည်သို့ဆိုစေကာမူ ကျွန်တော်သည် ဆရာကြီးထံမှအပြန်တွင် အတော်အတန်ပင် တိုးပွားလာသည့် စိတ်ဓာတ် အင်အားနှင့် ဝသာ့ တည်ငြိမ်မှုတို့ကို ရရှိသွားပါကြောင်း။

တပည့်အပေါင်းတို့၏ လိုအင်ဆန္ဒပြည့်ဝစေရန် ကြံဆောင်ကြိုးပမ်းရာ၌ ဆရာကြီးသည် အကောင်းဆုံးသော စံပြပုဂ္ဂိုလ်ဟု ခေါ်ဆို အပ်ပါပေသည်။ ဆရာကြီး၏ ဉာဏ်ပညာ အမြော်အမြင်သည်၎င်း၊ စိတ်ရှည် လက်ရှည် သင်ကြားပြသပေးမှုသည်၎င်း၊ အစစအရာရာတွင် သည်းခံနိုင် စိတ်သည်၎င်း၊ ချစ်မြတ်နိုးခြင်း အရင်းခံသည့် စေတနာသည်၎င်း၊ ဆရာကြီး၏ ခြေရင်း၌ ဝပ်စင်းကြသည့် တပည့်အပေါင်းတို့၏ နှလုံးထဲတွင် မှတ်ကျောက်အသွင်ထင်၍ နေမည် ပင်ဖြစ်ပါသည်။ ဆရာကြီးအား၎င်း၊ ဆရာကြီးကို ရိုသေလေးစားစွာဖြင့် လာရောက်ကူညီလျက် ရှိကြကုန်သော တပည့်များအား၎င်း ကျွန်တော်သည် အလွန်အကြူး အတူးပင် ကျေးဇူးတင်ရှိနေပါကြောင်း။ ”

သံအမတ်ကြီးသည်အထက်ပါမှတ်ချက်တွင်ဖော်ပြခဲ့သည့်အတိုင်းတရား၏ တန်ဘိုးကို ထိုက်သင့်သလောက် သိမြင်သဘောပေါက် သွားခဲ့ပြီ။ ဆရာကြီးအားလည်း ထူးခြား မြင့်မြတ်သည့် ပုဂ္ဂိုလ်ကြီးအဖြစ် အမှန် ယူဆ သွားကြောင်း နောက်ဆက်တွဲဖြစ်ရပ်များမှ ထင်ရှားလာပေသည်။

အစ္စရေးလ်သံအမတ်ကြီး တရားထိုင်သွားပြီးနောက် သူ၏ ဇနီးကို အင်းယားမြိုင်ရိပ်သာသို့ ကမ္မဋ္ဌာန်းတရား အားထုတ်ရန် စေလွှတ်လိုက်လေသည်။ ထိုအမျိုးသမီးကြီး ရောက်လာချိန်တွင် ကျွန်တော်သည် ရိပ်သာ၌ ပထမအကြိမ် ၃ လဆက်တိုက် တရားအားထုတ်ပြီးနောက် ပရိယတ္တိ စာပေအနည်းငယ် ဖတ်ရင်း သက်သက်သာသာ နေထိုင်လျက်ရှိပါသည်။ မစ္စတာဟိုးဗားနှင့် မစ္စစ်ဗြူလာစမစ်တို့သည် အမေရိကန်သို့ ပြန်လည်ထွက်ခွာသွားကြပြီး နောက်လ အတွက် တရားပတ်လည်း မစသေးသဖြင့် ရိပ်သာတွင် ယောဂီအဖြစ် သူနှင့် ကျွန်တော် နှစ်ယောက်တည်းသာရှိပါသည်။ ဆရာကြီးသည် နံနက်တွင် တရားစစ်ဆေးပြီးနောက် ရုံးသို့ထွက်ခွာသွားပါသည်။ ထို့ကြောင့် ဆရာမနှင့် သံအမတ်ကတော်တို့ စကားပြောဆိုရာ၌ ကျွန်တော်က စကားပြန်အဖြစ် ဆောင်ရွက်ပေးခဲ့ရပါသည်။

လောကီစီးစိမ်၊ ကာမဂုံ အာရုံအဖုံဖုံတို့ကို ခံစားစံစားနေခိုက်တရားကို မမြင်နိုင်၊ မတွေ့နိုင်ဆိုသည်မှာ လွန်စွာမှန်လှကြောင်း သံအမတ်ကတော်အမျိုးသမီး[illegible] ဆွေးနွေးရာတွင် ပေါ်လွင်လာပေသည်။ အစ္စရေးလ် သံအမတ်ကတော်မှာ အမေရိကန်ပြည်တွင် မွေးဖွားကြီးပြင်း၊ ပညာသင်ယူ ခဲ့သူ ဖြစ်၍ အမေရိကန်သူတဦးကဲ့သို့ ပြောဆိုနေထိုင်သည်။ အရပ် ထောင်ထောင် မောင်း

မောင်း ရှိရာတွင် အသားအရေစိုပြေချောမွေ့၍ ခန့်ခန့်ညားညား ကြက်သရေ ရှိသူ အမျိုးသမီးကြီးဖြစ်ပေသည်။ ကျွန်တော်တို့သည် နေ့စဉ်ကြုံတွေ့ ဆက်ဆံခဲ့ရာမှ တဦးအကြောင်းတဦး အသင့်တင့်သိရှိနေကြပေပြီ။ တဦးနှင့်တဦး ခင်မင် ပွင့်လင်းစွာ စကားနိုးနှောနိုင်လာကြပေပြီ။

ထိုနေ့က နံနက်စာစားသောက်ပြီး အဟာရဆောင်မှ ပြန်တက်လာကြခါ၊ စောင်းတန်းထိပ် သရက်ပင်ရိပ် အောက်၌ရှိသော ခုံတန်းလျားတွင် နား နေခိုက်........

"ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ ဒီကမ္မဋ္ဌာန်း အားထုတ်တဲ့ ကိစ္စရဲ့ ရည်ရွယ်ချက်နှင့် အကျိုးကို ကျွန်မ လုံးဝသဘောမပေါက်သေးဘူး" ဟု ထိုနေ့ အတွက် ဆွေးနွေးပွဲ စတင်လိုက်ပါသည်။

"ဗုဒ္ဓဘာသာဝင်များကတော့ ဆင်းရဲခပ်သိမ်း ငြိမ်းချမ်းရာ နိဗ္ဗာန်မျက် မှောက် ပြုဘို့အတွက် ကြိုးပမ်းကြတာဘဲ၊ အခြားဘာသာဝင်တွေ အတွက်တော့ ဆရာကြီးက တမျိုးရှင်းပြသွားဘဲ၊ စိတ်၏တည်ငြိမ်မှု၊ စိတ်၏ အေးချမ်းမှုရဖို့ ရည်ရွယ်ပြီး ကမ္မဋ္ဌာန်းအားထုတ်ကြတာပါ။"

"စိတ်မငြိမ်တာ၊ စိတ်မချမ်းသာတာဟာ လူတွေဆင်းရဲလို့၊ စားဝတ် နေရေး မပြည့်စုံလို့မဟုတ်လား၊ အဲဒီတော့ စားဝတ်နေရေး ပြည့်စုံအောင် အစားအစာများကို စိုက်ပျိုး၊ လူသုံးကုန်တွေ များများထုတ်လုပ်ကြ၊ ဆေး ဝါးပစ္စည်းတွေ ပေါအောင်လုပ်၊ ဒီတော့မှ လူတွေချမ်းသာလာမည်။ စိတ် ချမ်းကြမည်မဟုတ်လား၊ ကမ္မဋ္ဌာန်းထိုင်ပြီး တရားရှုနေရုံနှင့် စားဝတ်နေ ရေးက ပြည့်စုံလာပါမလား"

သူ၏အမြင်ကို တင်ပြလိုက်ပေပြီ။ စကားရည်လုပွဲတခုအဖြစ် ယူဆပါ လျှင် ကျွန်တော်က ပြန်လှန်ထိုးနှက်နိုင်ရေ့ အခွင့်ကောင်း ပေါ်ခဲ့ပေပြီ။ သို့ သော် ကျွန်တော်တို့သည် စကားနိုင် လုနေကြခြင်းမဟုတ်ပေ။ ကျွန်တော်၏ အနေဖြင့် သူ၏ ပြောကွက်၊ ဟာကွက်များကို ဖမ်းယူဆုပ်ကိုင်လိုက်ပြီး အား စကားဖြင့် ချေမှုန်းပစ်လိုက်ရန် အချိန်အခါ မဟုတ်သေးပါပေ။ သူ၏အမြင်သည် အနောက်နိုင်ငံသားတို့၏ ရုပ်ဝါဒသက်သက် အမြင်သာ ဖြစ်ကြောင်း ထောက် ပြ၍ သက်ရှိလောက၊ အသူးသဖြင့် လူ့အဝတွင် ရုပ်၏ကာယကံ သာမက နာမ်၏ ကဏ္ဍကိုပါ ထည့်သွင်း ငြင်းဝေးမှ လောကတခုလုံးကို ပြည့်စုံစွာ သုံး သပ် နိုင်မည်ဖြစ်ကြောင်း ဥာဏ်မှီသမျှ ပြောပြရသည်။

"ခင်ဗျား ပိုမို နားလည်အောင် ဥပမာအဖြစ် ခင်ဗျားရဲ့ ကိုယ်ရေး ကိုယ်တာ ကိစ္စများကို အနည်းငယ် မေးမြန်း ဆွေးနွေးရပါမယ်။ အဲဒါကို ခွင့်လွှတ်ပါ။ အခု ခင်ဗျားရဲ့ ခင်ပွန်းက သံရုံးမှာ အကြီးအကဲတဦး။ ရာထူးအကြီးဆုံး၊ လခ ကောင်းကောင်း ဝင်ငွေကောင်းကောင်း၊ အိမ်နှင့် ခြံနှင့် မော်တော်ကားနှင့်၊ အစေခံနှင့်၊ အစစအရာရာ ပြည့်စုံလို့ ဘာမှ ပူစရာ၊ ပင်စရာမရှိ ခင်ဗျား လောကဟာ ချမ်းသာယာလို့ မဟုတ်လား"

"ဟုတ်တယ်လေ။ အဲဒါပြောတာပေါ့။ ကျွန်မမှာ အစစ အရာရာ ပြည့်စုံနေတော့ ဘာမှ ပူပင်စရာမရှိ။ စိတ်ချမ်းရတယ်။ လူတွေအားလုံးဟာ ကျွန်မလိုဘဲ စားဝတ်နေရေး ပြည့်စုံကြရင်၊ ကျွန်မလိုဘဲ ပျော်ရွှင် နေကြမှာဘဲ လို့ ကျွန်မ ပြောခဲ့တာ"

ကျွန်တော်က လက်ဝါး ကာပြရင်း "ခဏဆိုင်းပါအုံး။ ဒါက လောကီ ပန်းချီကားချပ်ရဲ့ တဖက်ထဲကိုသာ မြင်တာပါ။ အခြားတဖက် ကျန်ပါသေးတယ်။ ခင်ဗျားမှာ သားကလေးတယောက် သမီးငယ်တယောက် ရှိတယ်နော်။ ဘယ်အရွယ် ရောက်ပြီလဲ။ အခု ကျောင်းနေကြသလား။ မအေ တူ ကြ ရင်၊ မအေလို အချောအလှကလေးတွေ နေမှာပေါ့။ ခင်ဗျား သူတို့အတွက် ဂုဏ်ယူမှာ သေချာပါတယ်"

ပြုံးရယ်လျက် "သားကလေးက (၇) နှစ်၊ သမီးကလေးက (၆)နှစ်၊ အခု သံတမန်များရဲ့ စာသင်ကျောင်းမှာ စာသင်နေကြတယ်။ရှင်ထင်တဲ့အတိုင်း ကလေးတွေကို ကျွန်မ သိပ်ချစ်တယ်။ သူတို့ဟာ ကျွန်မဘဝကို များစွာပျော်ရွှင်စေပါတယ်"

"အဲ အခုလို အလွန်ပျော်ရွှင်နေတဲ့အခိုက်၊ ဆိုကြပါစို့။ ဖုန်း လဲ့ပါစေ၊ ဖယ်ပါစေ။ တယ်လီဖုံးလာတယ်။ ခင်ဗျားသား အကြီးကလေး ကျောင်းပေါက်ဝမှာ မော်တော်ကားတိုက်သွားလို့ အမြန် လိုက်ခဲ့ပါ တဲ့" ကျွန်တော်၏ စကားမဆုံးမီ သံအမတ်ကတော်သည် ပြုံးကနဲ ထိုင်ရာမှထ၍ လှေခါးဆီသို့ ပြေးသွားပါသည်။ ကျွန်တော် ကလှမ်းအော်ပြီး၊ အဟုတ် မဟုတ်ပါဘူး။ ကျွန်တော် ဥပမာ တင်ပြတာပါ"လို့ ပြောမှ ရှက်ကိုး ရှက်ကန်းနှင့် နေရာတွင် ပြန်ထိုင်သည်။ မျက်နှာတခုလုံးလည်း နီမြန်းလျက် စိတ်တုံလှုပ် ခြောက်ခြားသွားသည်ကို မြင်တွေ့နေရသည်။

ကျွန်တော့်မှာ အားတုံ့အားနာဖြစ်သွားသော်လည်း ကျွန်တော် ပြော လိုသည့် အကွက်၊ အကြံ ဆိုက်လာသဖြင့် ဆက်လက်၍ "အဲဒီလို မမျော်လင့်ဘဲ သတင်းဆိုး ကြားလိုက်ရရုံနှင့် ခင်ဗျားမှာ စိတ်မချမ်းမသာ ဖြစ်သွားမယ်။ ပူပင် သောက ရောက်သွားမယ် ဆိုတာ ထင်ရှားတယ် မဟုတ်လား။ လက်တွေ့သာ အမှန်ဖြစ်မယ်ဆိုလျှင် ပရိဒေဝအပူမီး တောက်လောင်တဲ့ အခြေကို ခင်ဗျား ရောက်သွားမယ်။ ဒီလို အပူမီး တောက်လောင်တာကို ခင်ဗျား ဘာနှင့် ကုစား မလဲ၊ သားကလေးအတွက် စိုးရိမ်ပူပန်တာတွေကို ခင်ဗျား ခင်ပွန်းကရော၊ သူ့ ရာထူးကရော၊ ခင်ဗျားတို့ရဲ့ ဥစ္စာပစ္စည်းတွေကရော၊ ဘာကမှ ငြိမ်းချမ်း အောင်လုပ်မပေးနိုင်ဘူး။ ဒီလိုအချိန်အခါမျိုးမှာ ကမ္မဋ္ဌာန်း ထရား ကသာ အေးချမ်းမှုပေးနိုင်ပါတယ်။ ဆောက်တည်ရာ ရစေနိုင်ပါတယ်။"

သံအမတ်ကတော်ကြီးထံမှ ဘာသံမှ ထွက်ပေါ်မလာပါ။ တွေတွေကြီး စိုက်၍သာ နားထောင်နေပါသည်။ ကျွန်တော်က ဆက်လက်၍ "ဒါကြောင့် လူ့ဘဝမှာ ရုပ်ပိုင်းဆိုင်ရာကိစ္စ၊ စိတ်ပိုင်းဆိုင်ရာ ကိစ္စရယ်လို့ ကိစ္စနှစ်ရပ်လုံး အတွက် စဉ်းစားရတယ်။ ဆောင်ရွက်ရတယ်။ ရုပ်ဖွံ့ဖြိုးတိုးတက်မှု အတွက် ဆောင်ရွက်ရသလို စိတ်ဖွံ့ဖြိုးမှုအတွက်လည်း လုပ်ဆောင်ရတယ်။ ကမ္မဋ္ဌာန်း ထိုင်တယ်ဆိုတာစိတ်ဖွံ့ဖြိုးမှုအတွက် လေ့ကျင့်ပေးတာဘဲလို့ ယူဆနိုင်ပါတယ်။"

"ပထမပိုင်းမှာ ထွက်လေဝင်လေရှုရတဲ့ လေ့ကျင့်ခန်းက၊ ပြန့်လွင့် နေတဲ့စိတ်ကို ငြိမ်အောင်၊ တနေရာရာမှ တည်နေအောင် လေ့ကျင့်ပေးတာ တော့ ဟုတ်ပါပြီ။ နောက်ပိုင်းကျတော့ ကိုယ်ခန္ဓာထဲမှာ လှုပ်လှုပ်ရွရွပူလိုက်၊ အေးလိုက်၊ ဖြိုကွဲ၊ ပျက်ပြုန်းနေတဲ့ ကလပ်စည်းကလေးတွေကို မြင်အောင် ကြည့်ရတာက ဘာအတွက်လဲ။ အဲဒါတွေမြင်တော့ ဘာဖြစ်သလဲ။"

"ဝိပဿနာလုပ်ငန်းရဲ့ ကိစ္စကို ခြုံငုံပြီး မေးလိုက်တာဘဲ။ ကျယ်ကျယ် ပြန့်ပြန့်တော့ ဆရာကြီးဟောပြောချက်တွေမှာ အဖြေတွေ့ပါလိမ့်မည်။ အဲဒီလို ဘာပြုလို့ ရှုရသလဲဆိုယင်၊ ဒီကိုယ်ခန္ဓာရဲ့ အစစ်အမှန်သဘောကို မြင်အောင် လို့ဘဲ။ ဒီကိုယ်ခန္ဓာကြီးကို ရုပ်ရယ်၊ နာမ်ရယ်လို့ နှစ်ပိုင်း ဖွဲ့စည်းထားတယ်။ အဲဒီနှစ်ပိုင်းစလုံးရဲ့ သဘောလက္ခဏာက မတည်ငြိမ်မှု၊ ပြောင်းလဲမှုဘဲ၊ ဒါကို မြင်ယင် သဘာဝအစစ်အမှန်ကို မြင်တာဘဲ။ သဘာဝအစစ်အမှန်၊ မမြဲတဲ့ သဘောတရားကိုသိမြင်ယင်၊ ဆင်းရဲခြင်းဆိုတဲ့သဘောကို နားလည်လာမယ်။ မမြဲလို့ဆင်းရဲရတာပါလား။ မမြဲဘူး။ အစဉ်ဖြစ်လိုက်၊ ချုပ်ဆုံးလိုက်ဖြစ်နေလို့

ဘာမှ မယ်မယ်ရရ၊ အကောင်အထည် မရှိပါလားဆိုတဲ့ သဘောတရားတွေကို နားလည်လာမယ်။ အမှန်တရားကိုမြင်လာမယ်။”

“အဲဒီလိုမြင်လာတော့ ဘာဖြစ်သလဲဆိုတာ သိချင်တာပါဘဲ”

“ဒါကတော့၊ ဒီမှာအားထုတ်ခိုင်းတဲ့အတိုင်း ကြိုးပမ်းရင်၊အမှန်ကိုတကယ် မြင်လာမယ်။ တကယ်မြင်လာတာနှင့် တပြိုင်နက်-မြင်တော့ ဘာဖြစ်သလဲလို့ မေးစရာမလိုတော့ဘူး။ မေးတော့မှာမဟုတ်ဘူး။မမြင်သေးတော့ မေးနေမှာဘဲ။ နည်းနည်းနားလည်အောင် ဥပမာတခုပြောပြမယ်။ ခင်ဗျား တောရွာတရွာ သွားလည်တယ် ဆိုပါတော့။ အဲဒီတောရွာက သုံးနေတဲ့ ရေအိုင်တခုရှိတယ်။ အဲဒီရေအိုင်က ရေကို ခင်ဗျားသောက်မလား”

“ဘယ်သောက်မလဲ။ ဝေးသေးတယ်”

“ဘာပြုလို့ မသောက်တာလဲ”

“ရေအိုင်ကရေက ညစ်ပတ်လို့”

“ခင်ဗျား ဘယ်လိုလုပ်သိသလဲ”

“အို၊ မျက်စိနှင့် မြင်နေရသားဘဲ။ အညစ်အကြေးတွေ၊ အမှိုက်သရိုက် တွေ ရေအိုင်မှာစုပြုံလို့။ ရွံစရာကြီး”

“အဲဒါလောက် မြင်တာ သိတာတောင် ခင်ဗျား ရွံနေပြီ။ အဲဒီအိုင်က ရေတစက်လောက်ကို မိုင်ကရိုစကုတ်အောက်မှာထားကြည့်စမ်း ရေထဲက မျက်စိ နှင့်မမြင်ရတဲ့ ပိုးမွှားတွေ၊ ရွတရွတနှင့် တလှုပ်လှုပ်သွားနေကြတာ မြင်ရလိမ့်မည်။ တိုက်ဖိုက်ပိုးတို့၊ ဝမ်းရောဂါပိုးတို့၊ အဲဒါတွေမြင်ပြီး ရေကို သောက်ချင်ဘို့ နေနေသာသာ ကြောက်စရာကြီးဘဲလို့ မြင်လာမယ်။ စက်ဆုတ်လာမယ်။ အဲဒီ အတိုင်းဘဲ ဝိပဿနာ ကမ္မဌာန်းထိုင်လို့ ခန္ဓာကိုယ်တွင်းမှ အစစ်အမှန်တရား၊ အနိစ္စတရား၊ မမြဲတဲ့သဘောကို ကွင်းကွင်းကွက်ကွက် မြင်လာပြီဆိုရင်၊ ဒီခန္ဓာ ကိုယ်ကြီး မစွဲမက်တော့ဘူး၊ ရွံမုန်းလာမယ်။ ကြောက်လာမယ်။ စွန့်လွှတ် ချင်လာမယ်။ အဲဒါ ဧချမ်းမှုရဘို့ လမ်းစပါဘဲ။ အတိုးခြုံလိုက်လျှင် ဒီခန္ဓာ ကိုယ်ကြီးကို စွဲမက်ပြီး၊ ဆွဲကိုင်ထားလို့ ဆင်းရဲဒုက္ခဖြစ်ရတာ။ အဲ့ဒါကြီးကို စွန့်လွှတ်လိုက်တာနှင့် ငြိမ်းချမ်းမှု ရလာမှာဖြစ်ပါတယ်”

ကျွန်တော်က တောက်လျှောက် နားလည်သမျှ အားရပါးရ ပြောပြ လိုက်မိသည်။ သံအမတ်ကတော်ကြီး မည်မျှ သဘောပေါက်သွားသည်ကိုတော့ မပြောပြနိုင်ပါ။ တရားခန်း ဝင်ချိန်ရောက်လာ၍ ထသွားပါသည်။

ညနေတွင် ဆရာကြီးရှိုးမှ ပြန်လာသောအခါ နေ့ခင်းက ဆွေးနွေးကြပုံအကြောင်းကို ပြောပြရာ ဆရာကြီးက ဘယ်သို့မျှ မှတ်ချက်မပေးဘဲ၊ ပြုံး၍သာ နားထောင်နေခဲ့ပါသည်။ ပြုံးပေမှာပေါ့။ ရေထဲက ပိုးမွှားများ ဥပမာမှာ ဆရာကြီး၏ (ဗုဒ္ဓဘာသာဆိုတာ ဒါဘဲ) စာအုပ်ထဲက ဥပမာပေဘဲကိုး....

× × ×

အစ္စရေးလ် သံအမတ်ကြီးနှင့် ဆက်စပ်၍ ရိပ်သာတွင် ပြုလုပ်ခဲ့ရသော ရှင်းလင်းဧည့်ခံပွဲတခု အကြောင်းကိုလည်း ဤနေရာတွင် မှတ်တမ်းတင်ခဲ့ရပေမည်။ ၁၉၆၁ ခုနှစ် ဒီဇင်ဘာလတွင်း ထိုအချိန်ကအစ္စရေးလ် နိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ မစ္စတာဘင်၊ ဂူရီယံသည် နိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအတွက် အလည်အပတ် လာရောက်ရန် စီစဉ်ခဲ့လေသည်။ သက်ဆိုင်ရာ မြန်မာအာဏာပိုင်များသည် အစ္စရေးလ် သံအမတ်ကြီးနှင့် ညှိနှိုင်း၍ ဝန်ကြီးချုပ် တွေ့ဆုံသင့်သော ပုဂ္ဂိုလ်ကြီးများ၊ သွားရောက်ကြည့်ရှုသင့်သော နေရာဌာနများ၏ စာရင်းပြုလုပ်ကြရလေသည်။ အစ္စရေးလ်သံအမတ်ကြီး၏ အကြံပေးချက်အရ အစ္စရေးလ်ဝန်ကြီးချုပ် မြန်မာပြည်သို့ ရောက်လာသောအခါ အင်းယားမြိုင်လမ်းရှိ ဓမ္မရောင်ခြည် စေတီရိပ်သာသို့ ကြွရောက်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနကို တည်ထောင် ကြည့်ကြပ်သူ ဆရာကြီးဦးဘခင်နှင့် တွေ့ဆုံ၍ ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်း လေ့လာရန် အစီအစဉ်ဘရပ်ကို ရေးဆွဲလိုက်ကြပေသည်။

အစ္စရေးလ်နိုင်ငံဝန်ကြီးချုပ်၏ ခရီးစဉ်ကို ကြေငြာပြီးသည်နှင့် တပြိုင်နက် အစ္စရေးလ်နိုင်ငံမှ စာနယ်ဇင်းဆိုင်ရာ၊ သတင်းထောက်၊ ဓာတ်ပုံဆရာတို့သည် မြန်မာပြည်သို့ ကြိုတင်ရောက်လာကြလေသည်။ ၁၉၆၁ ခု၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် တယ်လ်အဗီမြို့မှ မဂ္ဂဇင်း အယ်ဒီတာ မစ္စတာ ပွန်းဒိတ် ဆိုသူသည် အင်းယားမြိုင်ရိပ်သာသို့ လာရောက်၍ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် သူတို့ဝန်ကြီးချုပ် လည်ပတ်ရန် စီစဉ်ထားသော ဓမ္မရောင်ခြည် စေတီရိပ်သာနှင့် ဝန်ကြီးချုပ်ကို ဧည့်ခံကြိုဆိုမည့် ဆရာကြီးဦးဘခင်အကြောင်းတို့ကို ဦးဦးဖျားဖျားလေ့လာသွားခဲ့လေသည်။ တယ်လ်အဗီမြို့မှ "မားအရိဗ်" သတင်းစာ အယ်ဒီတာချုပ် မစ္စတာ ဂျိုးဇက်လပစ်သည်လည်း စာနယ်ဇင်းအဖွဲ့ကို

ခေါင်းဆောင်၍ ရိပ်သာသို့ ကြိုတင်လာရောက် စုံစမ်းခဲ့လေသည်။ ထိုသတင်းစာ မဂ္ဂဇင်း ကိုယ်စားလှယ်အဖွဲ့များနှင့် ပဏာမ ဆွေးနွေးကြသည်မှ သူတို့ သိရှိလိုသည့် အဓိက အချက်ကို ဆရာကြီး ရိပ်စားမိခဲ့သည်။

ယခင်က ဆရာကြီး ဖိတ်ကြား၍ ရှင်းလင်း ပြသခဲ့သော နိုင်ငံခြား သံအမတ်ကြီးများနှင့် ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့ စသည် တို့မှ ပုဂ္ဂိုလ်ကြီးများ သိလိုကြသည့် အကြောင်းအရာမှာ တမျိုးတဘာသာ ဖြစ်ခဲ့သည်။ ယင်း ပုဂ္ဂိုလ်ကြီးများသည် ဆရာကြီးအား တာဝန် ကြီးလေးသော အစိုးရဌာနကြီး ၃-၄ ခုကို တပြိုင်နက် ဦးဆောင်၍ ဆောင်ရွက်နေသည့် အရာရှိကြီး တဦး ဖြစ်ကြောင်း ကောင်းစွာ သိကြသည်။ ဘုတ်၊ ကော်ပိုရေးရှင်း စသည် လုပ်ငန်းအစည်းအဝေးပွဲများ၌ ဆရာကြီးကို နေ့စဉ်လိုပင် တွေ့မြင်နေကြ ဖြစ်ကြသည်။ သူတို့သိလိုကြသည်မှာ "ဒီအသက်အရွယ်၌ ဒီလို တာဝန်ကြီးများ ထမ်းဆောင်နိုင်ရန် ဘယ်က ခွန်အား ရသလဲ။ ဘယ်လို ရသလဲ" ဆိုသည့် အကြောင်းပင် ဖြစ်သည်။ ဆရာကြီးက သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် ဖြည့်ဆီး ကျင့်သုံးခြင်းကြောင့် အကျိုးရလဒ်အဖြစ် ဓမ္မခွန်အား၊ ဓမ္မဉာဏ်အား တို့ ပေါ်ထွက်လာပုံ၊ ထို ခွန်အား၊ ဉာဏ်အားတို့ကို လူသတ္တဝါများ ကောင်းကျိုး အတွက် အသုံးပြုနိုင်ပုံ တို့ကို ရှင်းလင်း ပြောပြခဲ့ရသည်။

ယခု အစ္စရေးလ်မှ ရောက်ရှိလာကြသော စာနယ်ဇင်း အဖွဲ့ဝင် တို့ကမူ ဆရာကြီး ဦးဘခင်ကို အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနမှ ကမ္မဋ္ဌာနာစရိယအဖြစ်သာ အဓိက သိထားကြ၏။ နိုင်ငံခြားသားများကို ဝိပဿနာတရား ပြသပေးနေသည် ဟု သံအမတ်ကြီးထံက ကြားသိခဲ့ရ၏။သူတို့က ထိုသို့ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြင့် လက်ငင်း မျက်မှောက် အကျိုး ခံစားရသလား။ ခံစား ရနိုင်သည် ဆိုလျှင် ဘယ်ကဲ့သို့ အကျိုးများနည်း။ တိတိကျကျ သာဓကများ ပြနိုင်မလား ဟု သိလိုကြသည်။ မေးမြန်းကြသည်။ အစ္စရေးလ်အဖွဲ့ဝင်များသည် အင်းယားမြိုင်ရိပ်သာမှ ထုတ်ဝေထားပြီး ဖြစ်သော (What Buddhism is) စာအုပ်နှင့် (Introduction to Buddhist Meditation in Burma) စာအုပ်တို့ကို တွေ့မြင်ဖတ်ရှုပြီး ဖြစ်ကြသည်။ ယင်း စာအုပ်များတွင် ဖော်ပြထားသည့် စိတ်တည်ငြိမ်မှု၊ ငြိမ်းမှု ရရှိခြင်းအကြောင်း၊ ဆင်းရဲ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်အကြောင်း စသည်တို့တွင် များစွာ စိတ်ဝင်စားမှု မရှိလှပေ။ ရုပ်ဝါဒီသမားများပီပီ၊ လက်တွေ့ လက်ငင်း အကျိုး ရှိ မရှိကိုသာ သိလိုပေသည်။ သူတို့၏ သဘောအမြင်အရ၊ လုပ်ငန်းတခုသည်

လက်ငင်း ချက်ခြင်း အကျိုးဖြစ်ထွန်းစေလျှင် ထိုလုပ်ငန်းသည် တန်ဘိုးရှိသည်။ လက်ငင်း အကျိုး မဖြစ်ထွန်းစေလျှင် တန်ဘိုးမရှိပေ။

ပဏာမဆွေးနွေးပွဲများမှ သူတို့သိလိုသည့် အချက်ကို သဘောပေါက်သွားသော ဆရာကြီးသည် အစ္စရေးလ်ဝန်ကြီးချုပ် လာရောက်လည်ပတ်သောအခါ လဘက်ရည်ပွဲဖြင့် ဧည့်ခံမည်။ ကိုဧည့်ခံပွဲတွင် သတင်းစာ ရှင်း လင်းပွဲအဖြစ် အစ္စရေးလ် ပရိသတ် သိလိုသောအချက်ကို စာတမ်းပြုစု၍ ဖြေရှင်း ပြမည် ဟု ဆုံးဖြတ်လိုက်သည်။ ထို ဆုံးဖြတ်ချက်အရ၊ နိုင်ငံတော်အစိုးရ သတင်းနှင့်ပြန်ကြားရေးဌာနနှင့် ညှိနှိုင်း၍ လဘက်ရည် တည်ခင်း ဧည့်ခံပွဲတရပ်ကို စီစဉ်လေသည်။ ထိုဧည့်ခံပွဲ၌ တင်ပြရန်စာတမ်းကိုလည်း ရုတ်ချည်း ရေးသားပြုစုခဲ့လေသည်။

၁၉၆၁ ခု၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အစီအစဉ်အတိုင်း အစ္စရေးလ် ဝန်ကြီးချုပ် မစ္စတာ ဘင်ဂူရီယံသည် အဖွဲ့ဝင်များနှင့်အတူ အင်းယားမြိုင် ရိပ်သာသို့ ကြွရောက်လာခဲ့သည်။ ရိပ်သာတွင်းသို့ လှည့်လည် ပြသပြီးနောက် စေတီယင်ပြင်တွင် တည်ခင်းထားသော လဘက်ရည်ပွဲဖြင့် ဧည့်ခံပြုစုသည်။ ထိုဧည့်ခံပွဲသို ပြည်တွင်းပြည်ပ စာနယ်ဇင်းကိုယ်စားလှယ် အစုံအညီနှင့် သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ ဧည့်ခံပွဲမှာ ခန်းနားလှပေ၏။ မြိုင်ဆိုင်လှပေ၏ - ဟုချီးကျူးကြကြောင်း ကြားသိခဲ့ရသည်။

ထိုဧည့်ခံပွဲတွင် ဆရာကြီးက အသင့်ပြုစု ရေးသားထားသော (The Real Values of the Buddhist Meditation) "ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းတရား၏ တန်ဘိုးအစစ်အမှန်များ" စာတမ်းကို ဘတ်ကြားရှင်းလင်းပြခဲ့သည်။ စာတမ်းကို အောက်ပါအခန်း(၆)ခန်းဖြင့် ခွဲခြားပြုစုထားပေသည်။(၁)ဗုဒ္ဓဘာသာဝင်တဦး၏ အခြေခံ။ (၂) ဗုဒ္ဓ-ဓမ္မ၏ အဓိကအဆီအနှစ်။ (၃)အရိယာမဂ္ဂင်လမ်း။ (၄) ကမ္မဋ္ဌာန်းတရား၏ အကျိုးအာနိသင်များ။ (၅) လူမှုရေးပေါင်းသင်း ဆက်ဆံရေး၌ အသုံးပြုပုံ။ (၆) ကျန်းမာရေး အပိုဆုလာဘ်များ စသည့် အကြောင်းအရာတို့ကို တိတိကျကျ လက်တွေ့သာဓကများ၊ စာရင်းဇယားများဖြင့် ဘင်ပြလိုက်ရာတွင် အစ္စရေးလ်အဖွဲ့ဝင်အားလုံးတို့က သူတို့သိလိုသမျှ သိကြရသဖြင့် ကြေနပ် နှစ်သိမ့်သွားခဲ့ကြောင်း သိရပေသည်။ (ယင်း စာတမ်းမှ အရေးကြီးသော ကောက်နုတ်ချက်များကို အခန်း (၁၁)တွင် ဖော်ပြထားသည်။ အခန်း (၁) ဒေါက်တာနေဒ်တင်ဟမ်ထံမှ ပေးစာကိုလည်း ပြန်၍ ဘတ်ရှုပါရန်။)

× × ×

## (ဂ) ခေတ်ကောင်းကြုံရိုက်၊ လုံ့လစိုက်။

ဆရာကြီးသည် ဗုဒ္ဓနည်းအရ၊ ဝိပဿနာအခြေပြုသည့် စိတ်သုတေသန အလုပ်ကို ပြုလုပ်ခဲ့သည်မှာ (၁၉၆၁) ခုနှစ်တွင် နှစ်ပေါင်း (၃၀) နီးပါးရှိခဲ့ပေပြီ။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များအားလည်း မိမိကဲ့သို့ပင်စိတ်၏တည်ငြိမ်မှု စိတ်၏ချမ်းသာမှု ရရှိအောင် ဗုဒ္ဓနည်းအရ ပြသကူညီခဲ့သည်မှာ (၁၅) နှစ်မျှ ရှိခဲ့ပေပြီ။

ဤသို့ ဖြူစင်သော စေတနာအရ၊ တရားလုပ်ငန်းတွင် ရှေ့ဆောင် နည်းပြပြုလုပ်ခဲ့ရာ၌ ဆရာကြီးတွင် ယုံကြည်ချက်နှင့် ရည်မှန်းချက်ပန်းတိုင် အတိအကျ ရှိခဲ့ပေသည်။ ဆရာကြီး၏ မျက်မှောက်ခေတ်တွင် ရှင်တော်ဘုရား၏ သာသနာတော် နှစ်ပေါင်း (၂၅၀၀) ပြည့်သည်နှင့် ကြုံကြိုက်လာရသည်။ သာသနာတော်နှစ် (၂၅၀၀) ပြည့်သည့် နောက်တနှစ်မှစ၍ ဝိမုတ္တိခေတ်ရောက် လာသည်။ ဝိမုတ္တိခေတ်တွင် မြတ်စွာဘုရား ရှေလက်ထက်တော် အခါက ကဲ့သို့ ပင် ဘုရားကိုယ်တော်မြတ်၏ အဆုံးအမကို လိုက်နာကျင့်သုံးပါက ဝိမုတ္တိရသ ကို ခံစားနိုင်ကြပေမည်။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို အမှန်တကယ် မျက်မှောက်ပြု နိုင်ကြပေမည်ဟု ဆရာကြီးက ယုံကြည်ခဲ့ပေသည်။ မိမိကိုယ်တိုင် ပါရမီ အလျောက် ဆရာသက်ကြီးထံရောက်၍ ဝိပဿနာကမ္မဋ္ဌာန်းနည်းလမ်းများ ရခဲ့ သည်။ထိုနည်းလမ်းများကို အခြေပြု၍ စိတ်သုတေသန လုပ်ခဲ့သည်မှာ နှစ်ပေါင်း များစွာ ကြာခဲ့ပြီဖြစ်ရာ ကမ္ဘာသူ၊ ကမ္ဘာသားတို့အား ဗုဒ္ဓတရားတော်တွင် စိတ်ပါဝင်စားအောင် စွဲဆောင်နိုင်မည့် အရည်အချင်းများ မိမိ၌ ပြည့်စုံ လုံလောက်ပြီဟုလည်း ယုံကြည်ခဲ့ပေသည်။ ဤသို့ ယုံကြည်ခဲ့သည်နှင့်အညီ မိမိ ရရှိထားသော လက်တွေ့တရားများကို ကမ္ဘာအနှံ့ ဖြန့်ဖြူးပေးဝေရန် ရည်မှန်း ခဲ့ပေသည်။ ဤရည်မှန်းချက်အရ၊ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း ပုဂ္ဂိုလ်များအတွက် အားကိုးအားထား ပြုနိုင်သည့် ကမ္မဋ္ဌာနာ စရိယသံဃာတော် အရှင်မြတ်များ၊ ကမ္မဋ္ဌာန်းရိပ်သာများ၊ များစွာရှိသဖြင့် ဆရာကြီး၏ ကြိုးပမ်းမှုမှာ နိုင်ငံခြားသားများအတွက် အထူးဦးတည်ခဲ့ပေသည်။

၁၉၅၂ ခုနှစ်တွင် အစိုးရတာဝန်များမှ အနားယူ၍ နိုင်ငံခြားသား များအား အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ လုပ်ငန်းဌာနတွင် ဝိပဿနာ ကမ္မဋ္ဌာန်းတရားပြသပေးရေးကို ဇောက်ချ ဆောင်ရွက်တော့မည်ဟု စိတ်စဉ်ခဲ့သော်လည်း အစိုးရက တာဝန်ဝတ္တရားများ ဆက်လက် ပေးအပ်ခဲ့ပုံကို

အထက်၌ ဖော်ပြခဲ့ပြီးပေပြီ။ ဤသို့ တာဝန်ပေးအပ်ခဲ့သည့်အတိုင်း ဆရာကြီး၊ သည် သစ္စာရှိစွာ ဝတ္တရားကြေပြွန်စွာ စွမ်းစွမ်းတမန် အမှုကိစ္စများကို ဆောင်ရွက်ပေးခဲ့ပါ၏။ ပြင်ပလောကမှ လူအပေါင်းကလည်း ဆရာကြီးအား အစိုးရအလုပ်တွင် ဆက်လက်အမှုထမ်းနေသော အရာရှိကြီးတဦးအဖြစ် မြင်ခဲ့ကြပါ၏။ သို့ရာတွင် ဆရာကြီးကိုယ်တိုင်ကမူ '၁၉၅၂ ခု၊ အိုင်၊ အမ်၊ စီ ဖွင့်လှစ်ပြီး စေတီရိပ်သာတွင် အမြဲနေထိုင်လာခဲ့သည့် အချိန်မှစ၍ အစိုးရ အလုပ်တာဝန်မှာ သာမည၊ ရိပ်သာ၌ နိုင်ငံခြားသားများအား လက်တွေ့ ကမ္မဋ္ဌာန်းတရားပြသပေးသည့် အလုပ်မှာ အဓိကဟူ၍ သဘောထားဆောင်ရွက်လာခဲ့ပေသည်။ အနီးနေ တပည့်တပန်း အပေါင်းကလည်းဆရာကြီးသည် ဤသို့သဘောထားဆောင်ရွက်နေကြောင်းကို ကောင်းစွာသိမြင်ခဲ့ကြပေသည်။

× × ×

၁၀ နှစ်တည်းဟူသော အချိန်သည် လျင်မြန်စွာ ကုန်လွန်သွားခဲ့ပေပြီ။ အင်းယားမြိုင် စေတီရိပ်သာတွင် အဖက်ဖက်မှ တိုးတက်မှုများရှိလာသည်ကို မြင်တွေ့ခဲ့ကြရပြီ၊ ဓမ္မရောင်ခြည် စေတီတော်အောက်တွင် တရားလိုဏ်ဂူများကို ပိုမိုတိုးချဲ့ဆောက်လုပ်ပြီးပေပြီ။ လိုဏ်ဂူတိုင်း၌ စေတီတော် အလယ် ဗဟိုခန်းမမှနေ၍ စကားပြောနိုင်သောအိမ်တွင်းသုံးတယ်လီဖုံးများတပ်ဆင်ထားပြီးပေပြီ။ ယောကျ်ားယောဂီ၊ အမျိုးသမီးယောဂီများအတွက် သီးသန့်နေရာထိုင်ခင်းများ တိုးချဲ့ဆောက်လုပ်ပေပြီ။ ဗဟိုဓမ္မာရုံကိုလည်း သွပ်မိုး၊ ပျဉ်ထောင်ကာ၊ ခြင်လုံဇရပ်ကြီးအဖြစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားပြီးပေပြီ။ အိန္ဒိယ မျိုးအနွယ်များအတွက် သီးသန့်တိုက်ခန်းလည်း ဆောက်လုပ်ပြီးပေပြီ။ ရေ၊ မီး၊ ရေဆွဲအိမ်သာ၊ ရေချိုးခန်း စသည့် ယောဂီများသက်သာချောင်ချိရေး အစီအစဉ်များလည်း ပြည့်စုံလုံလောက်နေပေပြီ။

ကမ္ဘာ့အရပ်ရပ်တွင် အိုင်၊ အမ်၊ စီ ၏ သတင်းများ ပျံ့မွှေးကြိုင် လှိုင်လျက်ရှိလေပြီ။ ဆရာကြီးထံတွင် တရားဓမ္မ၏ အရသာကို ဝဝ လင်လင်သုံးဆောင်သွားခဲ့၍ သရဏဂုံ၌ တည်မြဲနေသည့် တပည့်ဟောင်း ယောဂီအပေါင်းလည်း အနောက်တိုင်းနိုင်ငံများ၌ နှစ်စဉ်တိုးပွားလျက်ရှိလေပြီ၊ ကမ္ဘာစစ်ကြီးပြီးသည့်နောက် အထူးသဖြင့် သာသနာ ၂၅၀၀ ပြည့်ပြီးသည့် နောက်နှစ်မှစ၍ အနောက်တိုင်းနိုင်ငံများတွင် ဗုဒ္ဓသာသနာ ရောင်ဝါ ပိုမိုထွန်းတောက်လာ

ချေပြီ။ ဤသို့ ခေတ်ကောင်း၊ အခါကောင်း အချိန်အခါတွင် ဓမ္မရောင်ခြည် စေတီမှ စောင့်ဆိုင်း၍ တဦးချင်း၊ နှစ်ဦးချင်း ရောက်လာသူ၊ ပါရမီရှင်များ အား တရားမျိုးစေ့ကို ပေးကမ်းနေသည်ထက် လယ်ယာကောင်းများ ပေါ် ပေါက်နေရာ အနောက်တိုင်းဆီသို့ ကိုယ်တိုင်သွားရောက်ပြီးလျှင် တရားမျိုးစေ့ များကိုလက်နှင့်ဆုပ်၍ ဆုပ်၍ အားရပါးရကြဲဖြန့်ပေးရသော် တရားပင်ပျိုးများ မြောက်မြားစွာ ပေါက်ရောက်မလာနိုင်သလော။ ထိုမှဆင့်ပွား၍ အသီးအပွင့် များစွာ ဖြစ်မြောက်မလာနိုင်ပြီလော။ ဤသို့ အတွေးများသည် ဆရာကြီး၏ ဦးခေါင်းတွင်းသို့ ဝင်ရောက်စ ပြုခဲ့လေပြီ။ မစ္စတာ ဟာစ်စလော့ပ်ကဲ့သို့ ပုဂ္ဂိုလ် ကြီးများကလည်း ဆရာကြီးအား ကမ္ဘာသို့ထွက်၍ သာသနာပြုလုပ်ငန်းများ စတင် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ပြောကြားစ ပြုလေပြီ။

တော်လှန်ရေးကောင်စီ တက်ရောက်လာချိန်တွင် ဆရာကြီးသည် ကူး သန်း ရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြားရေးဝန် ရာထူးနှင့် အစိုးရ စာရင်း ကိုင်နှင့် စာရင်းစစ် သင်တန်း ကျောင်းအုပ်ကြီး ရာထူးကြီး နှစ်ခုကို တွဲဘက် ဆောင်ရွက်လျက်ရှိပါသည်။ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြား ရေးဝန် ရာထူးမှာ အိမ်စောင့်အစိုးရ လက်ထက်က တည်ထွင်ခဲ့သော ရာထူးဖြစ် ၏။ ဘုတ်များ၊ ကော်ပိုရေးရှင်းများ၏ ဘတ်ဂျက်စာရင်းများကို စစ်ဆေးရ ခြင်း။ ဘီအိုစီကုမ္ပဏီ။ မော်ချီမိုင်း လီမိတက်၊ အင်ဂလိုဘားမား သံဖြူကုမ္ပဏီ နှင့် အီးဗင်း ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများ၏ စာရင်းအင်းများကို စစ် ဆေး သုံးသပ်သော တာဝန်များ ထမ်းဆောင်ရ၏။ တော်လှန်ရေးကောင်စီ တက်ရောက်လာသည့်အချိန်တွင် ဤလုပ်ငန်းများ မပြီးပြတ်သေး၍ ဆက်လက် ဆောင်ရွက်ရဆဲပင် ဖြစ်လေသည်။

အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်းမှာ စတင်ဖွင့်လှစ် သည့်ပြင် တိုးချဲ့ရန် အစီအစဉ်များလည်း ပြုလုပ်လျက်ရှိ၏။ ယခင် ပညာရေး ဌာနက အုပ်ချုပ်ခဲ့သော အာရ်၊အေ သင်တန်းနှင့် စာမေးပွဲများကို ဤကျောင်း မှ ကြည့်ကြပ်ရမည့်ပြင်၊ အင်္ဂလန်ပြည်၊ အိန္ဒိယပြည် ချာတာစာရင်းကိုင်အဆင့် အတန်းထက် မနိမ့်သော သင်တန်းများကိုင်၊ တန်ဘိုးဖြတ်စာရင်း သင်တန်း များကိုင်။ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်နေချိန် ဖြစ်လေသည်။

တချိန်ထဲမှာပင် ဆရာကြီးသည် ကော်မတီနှင့် စီစစ်ရေးအဖွဲ့အမျိုးမျိုး ၌ အဖွဲ့ဝင်အဖြစ် သို့မဟုတ် ဥက္ကဋ္ဌ သဘာပတိအဖြစ် ဝတ္တရားများကို ထမ်း ဆောင် နေရ၏။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် (၆)

အထက်၌ ဖော်ပြခဲ့ပြီးပေပြီ။ ဤသို့ တာဝန်ပေးအပ်ခဲ့သည့်အတိုင်း ဆရာကြီး၊ သည် သစ္စာရှိစွာ ဝတ္တရားကြေပြွန်စွာ စွမ်းစွမ်းတမန် အမှုကိစ္စများကို ဆောင်ရွက်ပေးခဲ့ပါ၏။ ပြင်ပလောကမှ လူအပေါင်းကလည်း ဆရာကြီးအား အစိုးရအလုပ်တွင် ဆက်လက်အမှုထမ်းနေသော အရာရှိကြီးတဦးအဖြစ် မြင်ခဲ့ကြပါ၏။ သို့ရာတွင် ဆရာကြီးကိုယ်တိုင်ကမူ '၁၉၅၂ ခု၊ အိုင်၊ အမ်၊ စီ ဖွင့်လှစ်ပြီး စေတီရိပ်သာတွင် အမြဲနေထိုင်လာခဲ့သည့် အချိန်မှစ၍ အစိုးရ အလုပ်တာဝန်မှာ သာမည၊ ရိပ်သာ၌ နိုင်ငံခြားသားများအား လက်တွေ့ ကမ္မဋ္ဌာန်းတရား ပြသပေးသည့် အလုပ်မှာ အဓိကဟူ၍ သဘောထားဆောင်ရွက်လာခဲ့ပေသည်။ အနီးနေ တပည့်တပန်း အပေါင်းကလည်းဆရာကြီးသည် ဤသို့သဘောထား ဆောင်ရွက်နေကြောင်းကို ကောင်းစွာသိမြင်ခဲ့ကြပေသည်။

× × ×

၁၀ နှစ်တည်းဟူသော အချိန်သည် လျင်မြန်စွာ ကုန်လွန်သွားခဲ့ပေပြီ။ အင်းယားမြိုင် စေတီရိပ်သာတွင် အဖက်ဖက်မှ တိုးတက်မှုများရှိလာသည်ကို မြင်တွေ့ခဲ့ကြရပြီ၊ ဓမ္မရောင်ခြည် စေတီတော်အောက်တွင် တရားလိုဏ်ဂူများကို ပိုမိုတိုးချဲ့ဆောက်လုပ်ပြီးပေပြီ။ လိုဏ်ဂူတိုင်း၌ စေတီတော် အလယ် ဗဟိုခန်းမမှနေ၍ စကားပြောနိုင်သောအိမ်တွင်းသုံးတယ်လီဖုန်းများတပ်ဆင်ထားပြီးပေပြီ။ ယောကျ်ားယောဂီ၊ အမျိုးသမီးယောဂီများအတွက် သီးသန့်နေရာထိုင်ခင်းများ တိုးချဲ့ဆောက်လုပ်ပေပြီ။ ဗဟိုဓမ္မာရုံကိုလည်း သွပ်မိုး၊ ပျဉ်ထောင်ကာ၊ ခြင်လုံဇရပ်ကြီးအဖြစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားပြီးပေပြီ။ အိန္ဒိယ မျိုးအနွယ်များအတွက် သီးသန့်တိုက်ခန်းလည်း ဆောက်လုပ်ပြီးပေပြီ။ ရေ၊ မီး၊ ရေဆွဲအိမ်သာ၊ ရေချိုးခန်း စသည့် ယောဂီများသက်သာချောင်ချိရေး အစီအစဉ်များလည်း ပြည့်စုံလုံလောက်နေပေပြီ။

ကမ္ဘာ့အရပ်ရပ်တွင် အိုင်၊ အမ်၊ စီ ၏ သတင်းများ ပျံ့မွှေးကြိုင် လှိုင်လျက်ရှိလေပြီ။ ဆရာကြီးထံတွင် တရားဓမ္မ၏ အရသာကို ဝဝ လင်လင် သုံးဆောင်သွားခဲ့၍ သရဏဂုံ၌ တည်မြဲနေသည့် တပည့်ဟောင်း ယောဂီအပေါင်းလည်း အနောက်တိုင်းနိုင်ငံများ၌ နှစ်စဉ်တိုးပွားလျက်ရှိလေပြီ၊ ကမ္ဘာစစ်ကြီးပြီးသည့်နောက် အထူးသဖြင့် သာသနာ ၂၅၀၀ ပြည့်ပြီးသည့် နောက်နှစ်မှစ၍ အနောက်တိုင်းနိုင်ငံများတွင် ဗုဒ္ဓသာသနာ ရောင်ဝါ ပိုမိုထွန်းတောက်လာ

ချေပြီ။ ဤသို့ ခေတ်ကောင်း၊ အခါကောင်း အချိန်အခါတွင် ဓမ္မရောင်ခြည် စေတီမှ စောင့်ဆိုင်း၍ တဦးချင်း၊ နှစ်ဦးချင်း ရောက်လာသူ၊ ပါရမီရှင်များ အား တရားမျိုးစေ့ကို ပေးကမ်းနေသည်ထက် လယ်ယာကောင်းများ ပေါ ပေါက်နေရာ အနောက်တိုင်းဆီသို့ ကိုယ်တိုင်သွားရောက်ပြီးလျှင် တရားမျိုးစေ့ များကိုလက်နှင့်ဆုပ်၍ ဆုပ်၍ အားရပါးရကြဲဖြန့်ပေးရသော် တရားပင်ပျိုးများ မြောက်မြားစွာ ပေါက်ရောက် မလာနိုင်သလော။ ထိုမှဆင့်ပွား၍ အသီးအပွင့် များစွာ ဖြစ်မြောက်မလာနိုင်ပြီလော။ ဤသို့ အတွေးများသည် ဆရာကြီး၏ ဦးခေါင်းတွင်းသို့ ဝင်ရောက်စ ပြုခဲ့လေပြီ။ မစ္စတာ ဟစ်စလော့ပ်ကဲ့သို့ ပုဂ္ဂိုလ် ကြီးများကလည်း ဆရာကြီးအား ကမ္ဘာသို့ထွက်၍ သာသနာပြုလုပ်ငန်းများ စတင် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ပြောကြားစ ပြုလေပြီ။

တော်လှန်ရေးကောင်စီ တက်ရောက်လာချိန်တွင် ဆရာကြီးသည် ကူး သန်း ရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြားရေးဝန် ရာထူးနှင့် အစိုးရ စာရင်း ကိုင်နှင့် စာရင်းစစ် သင်တန်း ကျောင်းအုပ်ကြီး ရာထူးကြီး နှစ်ခုကို တွဲဘက် ဆောင်ရွက်လျက်ရှိပါသည်။ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြား ရေးဝန် ရာထူးမှာ အိမ်စောင့်အစိုးရ လက်ထက်က တည်ထွင်ခဲ့သော ရာထူးဖြစ် ၏။ ဘုတ်များ၊ ကော်ပိုရေးရှင်းများ၏ ဘတ်ဂျက်စာရင်းများကို စစ်ဆေးရ ခြင်း။ ဘီအိုစီကုမ္ပဏီ။ မော်ချီမိုင်း လီမိတက်၊ အင်ဂလိုဘားမား သံဖြူကုမ္ပဏီ နှင့် အီးဗင်း ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများ၏ စာရင်းအင်းများကို စစ် ဆေး သုံးသပ်သော တာဝန်များ ထမ်းဆောင်ရ၏။ တော်လှန်ရေးကောင်စီ တက်ရောက်လာသည့်အချိန်တွင် ဤလုပ်ငန်းများ မပြီးပြတ်သေး၍ ဆက်လက် ဆောင်ရွက်ရဆဲပင် ဖြစ်လေသည်။

အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်းမှာ စတင်ဖွင့်လှစ် သည့်ပြင် တိုးချဲ့ရန် အစီအစဉ်များလည်း ပြုလုပ်လျက်ရှိ၏။ ယခင် ပညာရေး ဌာနက အုပ်ချုပ်ခဲ့သော အာရ်၊အေ သင်တန်းနှင့် စာမေးပွဲများကို ဤကျောင်း မှ ကြည့်ကြပ်ရမည့်ပြင်၊ အင်္ဂလန်ပြည်၊ အိန္ဒိယပြည် ချာတာစာရင်းကိုင်အဆင့် အတန်းထက် မနိမ့်သော သင်တန်းများကိုရင်း၊ တန်ဘိုးဖြတ်စာရင်း သင်တန်း များကိုရင်း။ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်နေချိန် ဖြစ်လေသည်။

တချိန်ထဲမှာပင် ဆရာကြီးသည် ကော်မတီနှင့် စီစစ်ရေးအဖွဲ့အမျိုးမျိုး ၌ အဖွဲ့ဝင်အဖြစ် သို့မဟုတ် ဥက္ကဋ္ဌ သဘာပတိအဖြစ် ဝတ္တရားများကို ထမ်း ဆောင်နေရ၏။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် (၆)

အရဗုဒ္ဓသာသနာအဖွဲ့၊ စုံစမ်းစစ်ဆေးရေး ကော်မတီအဖွဲ့ကို ဖွဲ့လိုက်ရာ၊ ဦးလွန်းဘော်က ဥက္ကဋ္ဌ၊ ဦးလှမောင် (ယခု နိုင်ငံတော်ကောင်စီဝင်) က အတွင်းရေးမှူး၊ ဆရာကြီးက အဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်ခဲ့ရပေသည်။ တဖန် ဥက္ကဋ္ဌဖြစ်သူ ဦးလွန်းဘော် ကွယ်လွန်သည့်နေ့မှစ၍ အဖွဲ့ဝင်အဖြစ်သာ မက၊ ငွေရေး ကြေးရေး ကိစ္စများ အပါအဝင် ဗုဒ္ဓသာသနာအဖွဲ့ဆိုင်ရာ လုပ်ငန်းအရပ်ရပ် တို့ကို ကော်မတီ သဘာပတိအဖြစ် အခြေအနေအရ ကြီးကြပ်အုပ်ချုပ်၍ ဆောင်ရွက်ခဲ့ရလေသည်။ ထိုသို့ ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများ မှာ မသေးငယ်လှပါချေ။

ဤသို့သောအခြေအနေတွင် ဆရာကြီးသည် မိမိရည်မှန်းချက်ပန်းတိုင်ဖြစ်သော သာသနာပြုလုပ်ငန်းအတွက် အစိုးရတာဝန်ဝတ္တရားများမှ အနားယူခွင့် လျှောက်ထားရန် သင့် မသင့် ချင့်ချိန်စဉ်းစားရပေသည်။ မိမိအပေါ် အထင်အမြင် လွဲမှားမှုအန္တရာယ်ကို အထူး သတိပြုခဲ့ရပေသည်။

× × ×

ဤသို့ ချိန်ဆရင်း စဉ်းစားရင်းနှင့် ၁၉၆၃ ခု ဧပြီလသို့တိုင် ရောက်လာခဲ့သည်။ ထိုနှစ် ဧပြီလ (၁၀) ရက်နေ့တွင် သင်္ကြန်တွင်း တရားပယ်ဝင်ရန် ကျွန်တော်သည် ရိပ်သာသို့ရောက်သွားသည်။ ရိပ်သာဝင်းထဲ ဝင်မိကတည်းက ပင် ဒါဝိုင်းကဲ့သို ကြည်လင်ပေါ့ပါးမှုမရှိ။ တစုံတရာ ထူးထူးခြားခြား ဖြစ်နေကြောင်း စိတ်ထဲ၌ ထင်မြင်မိပါသည်။ ရိပ်သာတွင် တွေ့ရသော မိဘ်ဆွေ အပေါင်း ... ည်း ကျွန်တော့်ကို မြင်သောအခါ ယခင် အချိန်များမှာကဲ့သို့ ရွှင်ရွှင်ပြပြ နှုတ်ခွန်းဆက်ခြင်း မရှိကြပါ။ ဓမ္မာရုံတွင်းရောက်မှ ဦးချစ်တင်က ဆရာကြီး ကျန်းမာ၍ မရတနာ၊ နာဆေးရုံသို့ ပို့ထားကြောင်း ပြောပြပါ သည်။ ယို့နောက် မမျှော်လင့်ဘဲ ဆရာကြီးနေထိုင်မကောင်း ဖြစ်ခဲ့ပုံကို ပြောပြပါသည်။

" လ (၁) ရက်နေ့ညကပြီး ဖြစ်တာဘဲ။ (၁၁) နာရီလောက်မှာ ဆရာကြီး ဆီးသွားလို့မရဘူး ပြောတယ်။ တခါမှ ဆီးဒုက္ခပေးတာ ဆရာကြီး မပြောဘူးတော့ ကျွန်တော်တို့လဲ သာမန် ဆီးချုပ်တာဘဲ အောက်မေ့ပြီး ဆေးရာဝင်ကြတယ်။ နာရီပြန် ( ) ချက်လောက်ကျတော့ ဆရာကြီး ကျွန်တော်တို့ကို နိုးပြီး ပြောတယ်။ ဆီးသိပ်သွားချင်တယ်။ သွားလို့လဲမရဘူး။ ဆီးအိမ်မှာလဲတင်းပြီး မခံမရပ်နိုင်အောင် ထိုးနာတယ်လို့ ပြောတယ်"

"ဒါနှင့် ကျွန်တော်တို့ ဒေါက်တာဆူဗီထံ ဖုန်းဆက်ပြီး အကြောင်းကြားတယ်။ ဘာလုပ်ရမလဲလို့ လှမ်းမေးတယ်။ သူက သူ့ဆေးခန်းကို ခေါ်သွားပါ။ သူလာခဲ့မယ်လို့ ပြောလိုက်တယ်။ နံနက် (၄) နာရီမှာ ဒေါက်တာဆူဗီက အရေးပေါ် ပြုစုပေး၊ ဆီးခြုပေးလို့ ဆီးနည်းနည်းသွားရတယ်။ နည်းနည်း နေသာသလို ရှိသွားလို့ စေတီကို ပြန်ခေါ်ခဲ့တယ်။—ဒေါက်တာဆူဗီအကြံပေးချက်အရ၊ ဆေးရုံကြီးက ဆီးရောဂါအထူးကုဆရာဝန် ဦးကျော်သန်းနှင့် (၃)ရက်နေ့မှာ ဆက်သွယ်တယ်။ အဲဒီဆရာဝန်ရဲ့ညွှန်ကြားချက်အရ၊ သေသေချာချာ စစ်ဆေးနိုင်ရန် မြရတနာ နာဆင်းဟုမ်းသို့ ဆရာကြီးကို ပို့ထားရတယ်။ အဲဒီမှာ အခန်းသီးသန့်ရလို့ ဆေးရုံကြီးမှာထက် များစွာချမ်းသာပါတယ်။–နေ့စဉ် ရိပ်သာက ထမင်းပို့ပေးတယ်။ အပြင်ပမှ ထမင်းနှင့် အခြား အစားအစာ ဘာမှ မသုံးဆောင်ဘူး"

"ဆရာကြီး ဆေးခန်းရောက်တာ တပတ်ကျော်သွားပြီပေါ့။ အခု ဘယ်နှယ်နေသလဲ။ ဆရာဝန်ကကော ဘာပြောသလဲ"

"အခု ဆီးပိုက် တပ်ထားရတယ်။ ဆရာဝန်က သောက်ဆေးပေးပြီး စောင့်ကြည့်ရဦးမယ်လို့ ဆိုတယ်။ သောက်ဆေးနှင့် မသက်သာရင်တော့ ခွဲစိတ်ကုသရမယ်လို့ ပြောတယ်"

ဆရာကြီးထံ ညစာ ထမင်းချိုင့်ပို့ချိန် ရောက်လာသဖြင့် ကျွန်တော်လည်း ဆေးခန်းသို့ လိုက်သွားခဲ့ပါသည်။ ဆရာကြီးအား လန်းဆန်းရွှင်ပြုံးစွာတွေ့ရသည်။ ကျွန်တော် ရောက်လာသဖြင့် များစွာ ဝမ်းမြောက်နေသည်။ ဆီးပိုက်တပ်ထားရသည်မှလွဲ၍ ဆရာကြီးမှာ ပကတိ ကျန်းမာစွာ ရှိပေသည်။ အစားအသောက်လည်း ရိပ်သာမှာကဲ့သို့ စားသောက်နိုင်သည်ဟု သိရသည်။ ရောဂါမှာ ဆီးကြောအတွင်းက အကြိတ်ရောင်ရမ်းလာသဖြင့် ဆီးကြောင်းပိတ်ခြင်းဖြစ်ကြောင်း။ သောက်ဆေးနှင့် ရောင်တာသက်သာအောင် လုပ်နိုင်လျှင် ရောဂါပျောက်မည်။ မသက်သာလျှင် ခွဲစိတ်ကုသရမည်။ အခုတော့ အတိအကျ မသိနိုင်သေး။ စောင့်ကြည့်ရဦးမည်ဟု ဆရာကြီးက အေးအေးဆေးဆေးဖင် ရှင်းပြပါသည်။

ဆရာကြီး၏ မိသားစုများသည် အလှည့်ကျလာရောက် ပြုစုကြသည်။ ရိပ်သာမှလည်း သကြန်ရက်များပါ မကျန် နေ့စဉ်ထမင်းပို့၍ ကြည့်ရှုစောင့်

ရှောက်ကြပေသည်။ နှစ်ဆန်းတရက်နေ့ (၁၇-၄-၆၃) တွင် မေမြို့မပြန်မီ ဆရာကြီးအား သွားရောက် ကန်တော့ရင်း တနေ့လုံးလုံး ဆရာကြီး အနီးတွင်နေ၍ ပြုစုခဲ့သည်။

ဆရာကြီးသည် ဆေးတိုက်၌ ၁၀ ရက်ကျော် နေထိုင်၍ လှုပ်ရှားမှုမရှိဘဲ ဆေးဝါကုသမှု ခံယူနေခဲ့ရသော်လည်း ပင်ပန်းနွမ်းနယ်ပုံမရပေ။ ရွှင်ပြုံးစွာပင် စကာပြောလျက်ရှိသည်။ "အေး၊ တနည်းအားဖြင့်တော့ ကောင်းတာပေါ့ကွာ၊ ငါအနားယူသင့်တာကြာလှပြီ။ အခုတော့ ကိုယ်ခန္ဓာက ဇွတ်အနားယူခိုင်းလိုက်တာပါဘဲ။"

နောက်တနေ့ (၁၈-၄-၆၃) တွင် ကျွန်တော် မေ မြို့ သို့ နေ့လည် (၂-၄၀) ရထားဖြင့် ပြန်လာခဲ့သည်။ ဆရာကြီး၏ ကျန်းမာရေး အတွက် စိတ်အေးစွာဖြင့် ခွဲခွာခဲ့သည်။ ဆီးပိုက်မဖြုတ်သေးသော်လည်း ဆီးသွားနိုင်လာပြီ။ သောက်ဆေးနှင့် သင့်မြတ်ပုံရပေသည်။ ၁ ရက် ၂ ရက် ဆိုလျှင် ဆရာကြီး ရိပ်သာသို့ ပြန်ကြွနိုင်ပေမည်။

× × ×

ကျွန်တော် မျှော်မှန်းသကဲ့သို့ မဖြစ်လာပါ။ ရန်ကုန်မှ ထွက်ခဲ့ သော (၁၈-၄-၆၃) ရက်နေ့ ညနေတွင်ပင် ဆရာကြီးအား ဆေးရုံသို့ တင်ပို့ကြရသည်ဟု နောင်တွင်သိခဲ့ရသည်။

ကျွန်တော်သည်မေမြို့သို့ပြန်ရောက်ပြီးနောက်အောင်ချမ်းသာရွာသို့သွား၍ခြံလုပ်ငန်းလုပ်နေခဲ့သည်။ ထိုရွာအနီးတွင် ခြံတကွက်ဝယ်ထားရာ နာနတ်နှင့် သစ္စာပန်း စိုက်ပျိုးရန်အတွက် ရန်ကုန်မှ ပြန်ရောက်လျှင် ရောက်ချင်း တောစရှင်းသည်။ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်နှင့် နေ့စား အလုပ် သမား ၃ ယောက်ပေါင်း ၅ ယောက်သည် ၈ ကေခန့်ရှိသော တောရိုင်းကုန်းမြေကို ခုတ်ထွင် ရှင်းလင်း၍ နာနတ်စိုက်ကြသည်။ မြေနိမ့်ပိုင်းအကွက်၌ သစ္စာပန်းဥများချကြသည်။ ဝါဆိုလပြည့်ကျော်တွင် နာနတ်ပင်များ အတော်ဖြစ်ထွန်းလာ၍ ဝမ်းမြောက်ခဲ့ရသည်။ သစ္စာပန်းများ ပွင့်ဖူးလာကြ၍ ရောင်းချ နိုင်ခဲ့သည်။ ဤသို့ဖြင့် တဝါတွင်းလုံး အောင်ချမ်းသာရွာတွင် ခြံလုပ်ငန်း လုပ်ကိုင်ရင်း ကျွန်တော်သည် ရိပ်သာနှင့် အဆက်ပြတ်နေခဲ့ သည်။

တောင်ကျ ချောင်းရေကို အပေါ်စိုက်ကွင်းသို့ အလိုအလျောက်မြှင့် တင်ပေးနိုင်မည့် "ဟိုင်ဒရောလစ်ပန့်" ခေါ် ရေတင်စက်တလုံး ရှာဖွေဝယ်ယူ ရန် အောက်တိုဘာလ နောက်ဆုံးပတ်တွင် ကျွန်တော် ရန်ကုန်သို့ ဆင်းသွား သည်။ ဆရာကြီးကို ဓမ္မာရုံအတွင်း၌ ခေါက်တုန့်ခေါက်ပြန် ခြေလှမ်းသွက်သွက် စင်္ကြံရှောက်နေသည်ကို တွေ့ရသည်။ ဆရာကြီး၏ မျက်နှာမှာ အတန်ပင် ချောင်ကျသွား၍ ယခင်က မို့မောက်ပြည့်ဖြိုးခဲ့သော ကိုယ်ခန္ဓာမှာ အလေးချိန် သိသိသာသာ လျော့နေကြောင်း မြင်တွေ့ရသည်။ ဆေးရုံတွင် ခွဲစိပ်ကုသခဲ့ရပုံ၊ ဝေဒနာခံစားရပုံ၊ ခွဲစိပ်ထားသည့် အနာများတွင် ရောဂါပိုးမွှားများ ကပ် ရောက်လာ၍ အပြင်းအထန် နှိမ်နင်းရပုံတို့ကို ကြားသိရသောအခါ လွန်စွာစိတ် မချမ်းမသာဖြစ်ခဲ့ရပါသည်။ ၁၉၄၅ ခုနှစ်က မျက်စိရောဂါ ခွဲစိပ်ကုသရာ၌ ပြင်းထန်စွာခံခဲ့ရသော နောက်ဆင့်တိုး ပိုးမွှားဝင်ရောက်လာမှုဒဏ်မျိုးကို ဆရာ ကြီး ထပ်မံခံစားခဲ့ရရှာပေသည်။

ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံမှာ........ (၁၀-၄-၆၃) နေ့တွင်ဆရာဝန် ဦး ကျော်သန်းက ဆရာကြီးရောဂါကို သောက်ဆေးဖြင့် ချေဖျက်ရနိုင်မည်မထင် ကြောင်း၊ ခွဲစိပ်ကုရတော့မည်ဖြစ်၍ ဆရာကြီးအားဆေးရုံသို့တင်ပို့ရန်ညွှန်ကြား လေသည်။ ဆရာဝန်၏ အထူးခန်း၌ နေခွင့်ရသဖြင့် ချမ်းသာစွာ နေနိုင်ခဲ့သည်။ (၁၉-၄-၆၃) မှ (၂၁-၄-၆၃) ရက်နေ့ထိ ဆီး၊ ဝမ်း၊ သွေး၊ သွေးအားနှုန်း၊ နှလုံးခုန်နှုန်း စသည်တို့ကို စစ်ဆေး တိုင်းတာ မှတ်သားသည်။ နေ့စဉ် ဆီး ပိုက်တပ်ထားရသည်။ ကျန်းမာရေးကောင်းမွန်၍ အစား အသောက် မပျက်ခဲ့ ပေ။ (၂၂-၄-၆၃) ရက်နေ့တွင် ဒေါက်တာ ကျော်သန်း ကိုယ်တိုင် တီယူ .အာရ် အော်ပရေရှင်း ကုသနည်းဖြင့် ဆီးကြောင်းတွင်းမှအကြိတ်ကို ခွဲစိပ်ချေ ဖျက်ထုတ်ခဲ့လေသည်။ သို့သော် ခွဲစိပ်ကုသမှုမှာ စိတ်တိုင်းကျရာနှုန်းပြည့်မအောင် မြင်ခဲ့ပေ။ ဆရာဝန်က "ဆရာကြီးသည်သူတော်ကောင်းကြီးတဦးဖြစ်လင့်ကစား၊ ကံမကောင်းရှာပါ။ ခွဲစိပ်ကုသနေရင်း ဓာတ်မီးပျက်သွားခြင်း၊ ပရောစတိတ် ခေါ် အကြိတ်မှာ လွန်စွာမာကျောလှသဖြင့် သံမဏိကပ်ကြေး ၃ ချောင်းမျှ ကျိုးခဲ့ရခြင်းတို့ကြောင့် ခွဲစိပ်မှုသည် အောင်မြင် သင့်သလောက် မအောင်မြင် ပါ။ ၆၀ ရာနှုန်းမျှသာအောင်မြင်သည်။ အနေးနှင့်အမြန်ပြန်လည်ခွဲစိပ်ရန်လိုလိမ့် မည်"ဟု မှတ်ချက်ချခဲ့ပါသည်။ (၂၉-၄-၆၃)နေ့တွင် ဆရာကြီးသည် ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။ သို့သော် ဆက်လက်ကုသရန် လိုသေးသည်ဟု ဆရာဝန်မှာ ကြားသဖြင့် နေ့ည သူနာပြုဆရာမများကို ရှာဖွေစီစဉ်၍ ရိပ်သာသို့ ခေါ်ခဲ့ ရသည်။

ဆရာဝန်က ကင်ဆာရောဂါဖြစ်ကောင်း ဖြစ်နေလိမ့်မည် သံသယရှိသဖြင့် ခွဲစိပ်ထုတ်ယူထားသော သွေးကြိတ်အပိုင်း အစတို့ကို ဆေးကောလိပ်ကျောင်းနှင့် မင်္ဂလာဒုံစစ်ဆေးရုံသို့ ပေးပို့ပြီး ဓာတ်ခွဲခန်းများ၌ စစ်ဆေးကြည့်ရှုစေခဲ့ရသေး၏။ ကံအားလျော်စွာ ကင်ဆာရောဂါ မဟုတ်ကြောင်း သိကြရမှ စိတ်ချမ်းသာရာရသွားခဲ့ကြပါသည်။

ဆရာကြီး၏ ခွဲစိပ်ထားသော အနာများမှာ မာကျောသည့် သွေးကြိတ်များကြောင့်ရင်း၊ ဆီးအိမ်တွင်း၌ ဖြစ်နေသည့်အတွက်ကြောင့်ရင်း လျင်မြန်စွာအနာမကျက်နိုင် အသားနုမတက်နိုင် ဖြစ်နေခဲ့သည်။ သို့သော်လည်း အရေးကြီးသောလုပ်ငန်းများ၊ စည်းဝေးပွဲများ ရှိသောကြောင့် ဆရာကြီးသည် မေလအတွင်း အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့လေသည်။ အလုပ်ပြန်ဝင်၍ အလုပ်ခွင်၌ ထိုင်ပါများလာသည့်အခါ ရောဂါပြန်ကြလာသောကြောင့် (၃-၆.၆၃) ရက်နေ့တွင် ဆေးရုံကြီးသို့ ပြန်သွား၍ ဆီးလမ်းကြောင်းကို ချဲ့ထွင် ပေး ရပြန်သည်။ တဖန် (၂၄-၇-၆၃) ရက်နေ့တွင် ဆီးလမ်းကြောင်း မြှို့ ထွင် ရန် နှင့် ဘလာဒါခေါ် ဆီးအိမ်ကို ဆေးကြောပေးရန် ဆေးရုံကြီးသို့ သွား ခဲ့ ရပြန်သည်။ ဤသို့ ၃ လကျော်မျှ ဆေးကုသမှုခံခဲ့သော်လည်း ဆီးသွားရာတွင် အသားဆွေးများကဲ့သို့ အရိအရွဲများ၊ ပြာရည်ကဲ့သို့ အညစ်အကြေးများပါရှိလာပြီး၊ နေမကောင်း ထိုင်မသာ များစွာဖြစ်ခဲ့လေသည်။

ထို့ကြောင့် မင်္ဂလာဒုံစစ်ဆေးရုံမှ ဒု-ဗိုလ်မှူးကြီးကျော်စိန်ထွန်းနှင့်တိုင်ပင်ကြရတော့သည်။ ဒု-ဗိုလ်မှူးကြီး ကျော်စိန်ထွန်းသည် ဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်)ခေါ် တင်တင်မြင့်၏ မောင်ငယ်ဖြစ်၍ တအိမ်သားလုံး အင်းယားမြိုင်ရိပ်သာ၌ ကမ္မဋ္ဌာန်း တရား အား ထုတ် ပြီး ကြ သူ များ ဖြစ်ပေသည်။ ဗိုလ်မှူးကြီးကျော်စိန်ထွန်းသည် (၄-၈-၆၃) ၁၃၂၅ ခု၊ ဝါခေါင်လပြည့်တနင်္ဂနွေနေ့ ည ၁၀ နာရီအချိန်တွင် ဇေတဝန်ရိပ်သာသို့ ရောက်ရှိလာပြီး ဆရာကြီး၏ ကျန်းမာရေး အခြေအနေကို ကြည့်ရှုစစ်ဆေးလေသည်။ နောက်တနေ့နံနက် (၇)နာရီတွင် ဆရာကြီး၏ ဆီး ကို စစ်ဆေးရန် ဘီအမ်အိမ်ချ် သို့ ပို့ ပေးရသည်။

(?)-၈-၆၃ ခုနှစ်၊ ညနေ ၇-နာရီအချိန်တွင် ဒေါက်တာ ကျော်စိန်ထွန်း ဆေးစစ်ချက် အစီရင်ခံစာယူ၍ ရိပ်သာသို့ ရောက်လာသည်။ ခွဲစိပ်ထားသော အနာများ [illegible] ဆီးအိမ်[illegible] ရောဂါပိုး များ ကျရောက်နေကြောင်း တွေ့ရှိရသည် ဟု ဆိုသည်။ ထို့ကြောင့်ပင် ဆရာကြီး အား နှိပ်စက်နေသော ပိုးများကို အမြစ်ပြတ် သေ[illegible] ထိုးဆေးဖြင့် ဆေးကုသမှု စတင်တော့သည်။ ဒေါက်တာ

ကျော်စိန်ထွန်း သည် ဆရာကြီးအပေါ် ကြည်ညိုရင်းစွဲရှိသည်တွင် မွန်မြတ်သော စေတနာလည်း ထားရှိသည်။ စစ်ဗိုလ်မှူးကြီးတယောက် ဖြစ်သည်နှင့်အညီ ဆေးကုသမှုကို စစ်ဆင်ရေးတရပ်အနေဖြင့် စီစဉ်ရေးဆွဲပြီး ကိုယ်တိုင်အုပ်ချုပ်ကွပ်ကဲ ဆောင်ရွက်ခဲ့လေသည်။ ကိုယ်အား ဥာဏ်အားရှိသမျှ အစွမ်းကုန် အသုံးပြု၍ ဆရာကြီးအား ပြုစု စောင့်ရှောက်ပေးခဲ့သည်။ ၁၉၆၃ ခု၊ ဩဂုတ်လ၊ စက်တင်ဘာလ နှစ်လလုံးလုံး ဆေးကုသပေးပုံမှတ်တမ်းကို ဖတ်ရှုကြည့်ရာ အားရ ကြေနပ်ဘွယ် ကောင်းလှပေသည်။

ဆရာကြီး၏ ခန္ဓာကိုယ်တွင်း၌ ပုံးအောင်းနေသော ရောဂါပိုးမွှားများကို ချေမှုန်းရန်၊ အင်တီဘိုင်ရောတစ် ခေါ် ပိုးနိုင်ဆေး အမျိုးမျိုး တိုက်ကျွေးသည်။ မြန်မာပြည်တွင် အလွယ်တကူမရနိုင်သည့် နောက်ဆုံးပေါ် ဆေးများကို နိုင်ငံခြားမှ မရ၊ အရ ရှာကြံရယူသည်။ ဆရာကြီး ခွန်အား ယုတ်လျော့မသွားစေရန် ဗီတာမင် မျိုးစုံကို လိုအပ်သလို တွဲဖက်၍ သုံးဆောင်စေသည်။ မင်္ဂလာဒုံ စစ်ဆေးရုံတွင် များပြားလှသော တာဝန်များ ထမ်းဆောင်နေသည့်ကြားမှ အားလပ်ခွင့် ရလိုက်သည်နှင့် အင်းယားမြိုင်ရိပ်သာသို့ နေ့စဉ်အရောက်လာသည်။ တခါတရံ မနက်တကြိမ်၊ ညနေတကြိမ် နှစ်ကြိမ် လာရောက်၍ ဆရာကြီး၏ အခြေအနေကို ကြည့်ရှုသည်။ တရက်ခြား တခါ ဆီးစစ်စေသည်။ ဆီးထဲတွင်တွေ့ရှိရသော ပိုးမွှား အရေအတွက် အမျိုးအစားလိုက်၍ အင်တီဘိုင်ရောတစ် ဆေးများကို ပြောင်းလဲကုသသည်။ ပထမပိုင်းတွင် ကေမီစတင်၊ မေမီစတင် ဆေးတောင့်ကလေးများကို တိုက်ခဲ့ရာမှ အက်ခရိုမိုက်စင် ဆေးကို ပြောင်းပေးခဲ့သည်။ ဩဂုတ်လကုန်တွင် ဆီး အခြေအနေ ကောင်းမွန်လာ၍ ပိုးမွှားများ ကင်းစင်သလောက် ရှိလာချိန်ဝယ် ဆရာကြီး၌ ဝေဒနာတမျိုး ဖြစ်ပေါ်လာပြန်သည်။ စက်တင်ဘာလဆန်းတွင် နှာခေါင်းမှ သွေးယိုစီးကျလာသည်။ နေ့စဉ်ရက်ဆက် နှာခေါင်းသွေး ယိုလာသည်ကို ကာကွယ်တားဆီးရန် ကုထုံးနည်း တမျိုးပြောင်း၍ ကုသရပြန်သည်။

ဤသို့ဖြင့် ဗိုလ်မှူးကြီး ကျော်စိန်ထွန်း ကွပ်ကဲဆင်နွှဲခဲ့သော ဆရာကြီး၏ ရောဂါပိုး တိုက်ဖျက်ရေး စစ်ဆင်မှုကြီးသည် အောက်တိုဘာ လဆန်းတွင် အောင်မြင်ပြီးဆုံးသွားခဲ့လေသည်။ ထို့နောက် ဆရာကြီးသည် ဌာနဆိုင်ရာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်၍ တာဝန်ဝတ္တရားများကို စတင် ထမ်းဆောင်ခဲ့ပြန်သည်။ ကျွန်တော် ရောက်ရှိသွားသော အောက်တိုဘာလကုန်လောက်တွင် ဆရာကြီးသည် ဗုဒ္ဓသာသနာ့ကောင်စီ အစည်းအဝေးပွဲ၊ ပင်

လယ်ကူး သင်္ဘော ဘုတ်အဖွဲ့အစည်းအဝေး၊ ဆန်စက် ဖွဲ့နုစက်များ စုံစမ်းရေး ကော်မတီ အစည်းအဝေး စသဖြင့် ဌာနလုပ်ငန်းများသာမက၊ ပြင်ပ တာဝန်များကိုလည်း ညနေ (၄) နာရီ၊ (၅) နာရီအထိ၊အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသဖြင့် "ဆရာကြီး အလုပ်ကိစ္စတွေက မများလွန်းဘူးလား။ကျန်းမာရေးအခြေအနေကြည့်ပြီး လျှော့တန်သလောက် လျှော့ပစ်လို့ မရဘူးလား။ အမှန်စင်စစ် ကျွန်တော့်သဘောပြောရရင်တော့ ဆရာကြီးကို ပင်စင်ယူစေချင်ပါပြီ။ အခုလို ပြင်းပြင်းထန်ထန် မနားမကျန်း ဖြစ်မိုးမှတော့ ပင်စင်လျှောက်ရင် အစိုးရကလဲ ငြင်းဆန်မယ် မထင်ပါဘူး ဆရာကြီး" ဟု ပြောလိုက်မိပါသည်။

"ကျန်းမာရေးကတော့ စိတ်ချလောက်ပါပြီ။ နည်းနည်းတော့ ကိုယ်ရည်စစ်သွားသပေါ့။ကောင်းတော့ကောင်းကောင်းဘဲ။ပိုပေါ့ပါးတာပေါ့။ဇင်ဘာလဆန်းမှာ ဆရာဝန်ကျော်စိန်ထွန်းက စစ်ဆေးရုံမှာ "ဝှိုက်ယံပ်ချက်ကပ်" လုပ်ကြည့်မယ်လို့ ပြောတယ်- ပင်စင်ယူဘို့တော့ ဆရာကြီးလဲ စဉ်းစားနေပါပြီ။ မပြီးပြတ်သေးတဲ့အလုပ်တွေက ရှိနေသေးတယ်- ဆရာကြီးကိုယ်တိုင် လုပ်ပေးခဲ့ရမှာတွေ၊ ဒါတွေပြီးသွားရင်တော့၊ ဒီရိပ်သာက လုပ်ငန်းကိုသာ ဇောက်ချလုပ်တော့မှာပါ။"

ဒီဇင်ဘာလဆန်းတွင် စစ်ဆေးရုံ၌ ဆရာကြီး ဝေး စပ်ခံခဲ့သည်။ ဆီး၊ သွေး၊ ဝမ်း အကုန် စစ်ဆေးသည်။ ဓာတ်မှန်ရောင်ခြည်ပုံ ရိုက်၍ ကြည့်သည်။ ရင်ပတ်၊ နှာခေါင်းဆိုင်ရာ ပါရဂူများဖြစ်သော ဗိုလ်မှူးကာရွှေ . ဗိုလ်မှူးမောင်မောင်မြင့်တို့ကလည်း စမ်းသပ်စစ်ဆေးကြပြီးနောက် ကျန်းမာရေး ကောင်းမွန်ပြီဖြစ်ကြောင်း အစီရင်ခံခဲ့ကြသည်။ အောင်ချမ်းသာ ခြံတွင် ခြံလုပ်ငန်းဆက်လက် လုပ်ကိုင်နေစဉ် ထိုဝမ်းမြောက်ဘွယ် သတင်းများကို ကျွန်တော်ကြားသိခဲ့ရလေသည်။

ပင်စင်ယူရန် စဉ်းစားနေပြီဟု ဆရာကြီးက ပြောပြလိုက်သော်လည်း ကျွန်တော်နှင့်တွေ့ပြီး နောက်တနှစ်တိတိကြာမှ ၁၉၆၄ ခု အောက်တိုဘာလရောက်မှ အငြိမ်းစားယူဖြစ်ခဲ့သည်။ ဤကာလအတွင်း ဆရာကြီးသည် ယခင်ကျန်းမာရေးကောင်းခဲ့စဉ်က အတိုင်းပင် အစိုးရ အလုပ်ဝတ္တရားများကို မနားမနေ ဆောင်ရွက်ခဲ့သည်။ ဓေတိရိပ်သာတွင်လည်း ကမ္ဘာ့ကြီးတရားပြသခြင်းကို ယခင်ကထက်ပင် ကြိုးပန်းဆောင်ရွက်ခဲ့သည်။အိန္ဒိယအမျိုးသားများကို အဆက်

မပြတ် တရားပြပေး၍ နိုင်ငံခြားမှလာရောက်ကြသော တရားရှာ ပုဂ္ဂိုလ်များ လေ့လာရေးသမားများအား စိတ်အားထက်သန်စွာဖြင့် ကြေနပ်နှစ်သိမ့်မှုဖြစ်စေခဲ့သည်။

ဆရာကြီးသည် ကျွန်တော်နှင့် အောက်တိုဘာလတွင် တွေ့ပြီးနောက် ၁၉၆၃ ခု၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် နိုင်ငံတော် စာရင်းစစ်ချုပ်ထံသို့ သူ၏ ကျန်းမာရေး အခြေအနေအကြောင်း အစီရင်ခံရင်း၊ ခွဲစိပ်ကုသရာမှ အင်အားယုတ်လျော့လာသဖြင့် ရှေးကကဲ့သို့ ပင်ပန်းကြီးစွာ မလုပ်ကိုင်နိုင်တော့ကြောင်း၊ အကြောင်းကြားခဲ့သည်။ သို့သော် လုံးဝ အငြိမ်းစား ယူခွင့်ကို မတောင်းခံခဲ့သေးပေ။ ထိုအချိန်က ဆရာကြီးသည် ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ညွှန်ကြားရေးဝန်ရာထူးနှင့် နိုင်ငံတော်အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်းအုပ်ကြီးရာထူးကိုပါ တွဲဘက်ဆောင်ရွက်လျက်ရှိပေသည်။ ကျန်းမာရေး အခြေအနေအရ ကူးသန်းရောင်းဝယ်ရေးစာရင်းစစ် ညွှန်ကြားရေး ဝန်၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ရန် ဝန်နှင့်အားမမျှသည့် အခြေအနေသို့ ရောက်ရှိနေသဖြင့် ဆရာကြီးကိုယ်စား ကူးသန်းရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြားရေးဝန်တဦးကို ရွေးချယ်ခန့်ထားပေးပါဟုသာ မေတ္တာရပ်ခံခဲ့ပေသည်။ နိုင်ငံတော်အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းအုပ်ကြီး၏ တာဝန်ဝတ္တရားများကိုမူ၊ ဆရာကြီးပင် ဆက်လက်ထမ်းဆောင်မြဲ ထမ်းဆောင်ပါမည်ဟု အစီရင်ခံခဲ့ပေသည်။

ယင်းလျှောက် ထားချက်အပေါ် နိုင်ငံတော်အစိုးရက အမိန့်ချမှတ်ရန် ဝန်ကြီးဌာနသို့ တင်ပြနေရင်း၊ လပေါင်းများစွာ ကုန်လွန် သွားခဲ့ လေသည်။ ထို့ကြောင့် ဆရာကြီးသည် ရာထူးဘာဝန် နှစ်ခုကို တွဲဘက် ဆောင်ရွက်မြဲ ဆောင်ရွက်နေခဲ့ရပေသည်။ ၁၉၆၄ ခု၊ စက်တင်ဘာလ ၁၄ ရက်နေ့ တွင်မူ ဆရာကြီးသည် စာရင်းစစ်ချုပ်မှတဆင့် ဘဏ္ဍာရေးနှင့် အခွန်ဌာန အတွင်းဝန်ထံသို့ အစိုးရတာဝန်ဝတ္တရားများ ထမ်းဆောင်ခြင်းမှ ရပ်စဲ၍ လုံးဝအငြိမ်းစား သွားခွင့်ပြုရန် လျှောက်ထားလိုက်ပေသည်။ လျှောက်လွှာတွင် ဆရာကြီးက ယမန်နှစ်က ဆီးသွားလမ်းပိတ်ဆို့သဖြင့် ခွဲစိပ်ကုသရာမှအခက်အခဲများရှိခဲ့သောကြောင့် ကျန်းမာရေး အခြေအနေအတွက် အထူးဂရုပြု နေ ရ ကြောင်း ဖော်ပြ၍—

(၁) ယခုအခါ ဝေဒနာပြန်လည်၍ မဖြစ်ပေါ် ရေးအတွက် အထူး ဂရုပြု နေထိုင်ရသည်က တကြောင်း။

(၂) အသက်အရွယ်အားဖြင့်လည်း ကြီးရင့်ပြီဖြစ်သည့်အတွက် ဝန်နှင့်အား မမျှတသည်က တကြောင်း။

(၃) ကြီးလေးလှသော တာဝန်ပေါင်း မြောက်မြားစွာတို့ကို ထမ်းဆောင်ရာ၌ ပင်ပန်းကြီးစွာ မဆောင်ရွက်နိုင်သည့် အတွက် စိတ်တိုင်းကျ မပြီးစီးသည့် ကိစ္စရပ်များစွာရှိသည်ကို ဝန်ခံရမည် ဖြစ်သည်တကြောင်း။

(၄) မူလအစီအစဉ်အတိုင်း ဤကဲ့သို့သော အသက် ၆၆ နှစ်ကျော် အရွယ်၌ ကမ္မဋ္ဌာန်းတရားနှင့်သာ မွေ့လျော်နေထိုင်၍ မြန်မာ တမျိုးလုံးနှင့် ဗုဒ္ဓဘာသာဝင်အားလုံးတို့ ဂုဏ်ယူနိုင်လောက် အောင် အပြည့်ပြည့်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနမှနေ၍ ကမ္ဘာ့ သူကမ္ဘာ့သားတို့အား ထူးမြတ်လှစွာသော ဗုဒ္ဓအမွေအနှစ်တို့ကို ထိရောက်စွာ ဖြန့်ဖြူးပေးလိုသည်တကြောင်း။

အထက်ဖော်ပြပါ အကြောင်းများကြောင့် (၁-၁၀-၆၄) နေ့မှစ၍ ရသင့်ရထိုက်ရသော လုပ်သက်ခွင့်များ ပေးပါရန်နှင့် ထိုခွင့်ရက်များ ကုန်ဆုံးသည့်နေ့မှစ၍ အစိုးရတာဝန် ဝတ္တရားများကို ထမ်းဆောင်ခြင်းမှ ရပ်စဲခွင့်ပေးပါရန် မေတ္တာရပ်ခံလိုက်လေသည်။

ဆရာကြီး၏ ကျန်းမာရေး အခြေအနေနှင့် အသက်အရွယ်ကို ငဲ့ညှာသောအားဖြင့် ဆရာကြီးလျှောက်ထား မေတ္တာရပ်ခံလိုက်သည့်အတိုင်း အစိုးရက ၁၉၆၄ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာရ၊ "သရေစည်သူ ဦးဘခင်အား ၁၉၆၄ ခု၊ အောက်တိုဘာလ ၁ ရက်နေ့နံနက်ပိုင်းမှစ၍ လုပ်သက်ခွင့် ၂၁ ရက်ပေးလိုက်သည်။ အဆိုပါ ခွင့်ရက် ကုန်ဆုံးသောအခါ သရေစည်သူ ဦးဘခင်အား ကူးသန်းရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြားရေးဝန်၏ တာဝန်ဝတ္တရားများကိုရင်း၊ အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းအုပ်ကြီး၏ တာဝန်ဝတ္တရားများကိုရင်း အငြိမ်းအပိုင် စွန့်လွှတ်ခွင့်ပြုလိုက်လေသည်။"

× × ×

## (ဃ) အနောက်တိုင်းသို့ လှမ်းမျှော်ကြည့်ကာ။

ဆရာကြီးသည်အစိုးရအမှုထမ်းအဖြစ် ငွေစာရင်းမင်းကြီးရုံးသို့ ၁၉၁၇ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့က စတင် ဝင်ရောက်ထမ်းဆောင်ခဲ့ရာ။ အငြိမ်းစား ယူခွင့်ပြုလိုက်သည့် ၂၂-၁၀-၆၄ နေ့အထိ နှစ်ပေါင်း ၄၆ နှစ်၊ ၁၀လ၊ ၃ ရက်တိတိ အစိုးရတာဝန်များကို ထမ်းဆောင်ခဲ့ပေသည်။ ထိုသို့ ဆောင်ရွက် ခဲ့ရာတွင် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးကြိုးပမ်းပမ်း တာဝန်တို့ကို ထမ်းဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများစွာ တွေ့ရပေသည်။ မြန်မာ့ သားကောင်းတယောက် အနေဖြင့် အစိုးရ အဆက်ဆက်တွင် တိုင်းပြည်၏ တာဝန်ဝတ္တရားများကို အစိုးရများ စိတ်တိုင်းကျ ကျေနပ်လောက်အောင် ပြောင်မြောက်စွာ ဆောင်ရွက်ပြီးခဲ့ပေပြီ။

ယခုအခါ၌ ဆရာကြီးတွင် ပြင်ပကိစ္စဟူ၍ ဗုဒ္ဓသာသနာအဖွဲ့၊ စုံစမ်း စစ်ဆေးရေး ကော်မီတီ၏ အဖွဲ့ဝင်အဖြစ်ရှင်း၊ ယာယီသဘာပတိအနေဖြင့်ရှင်း၊ ဆောင်ရွက်ရခြင်းသာ ကျန်ရှိပေတော့သည်။ ထို့ကြောင့် ဆရာကြီးသည် ဓမ္မ ရောင်ခြည်စေတီရိပ်သာတွင် ၂၄ နာရီ နေထိုင်လာနိုင်၍ သာသနာပြုလုပ်ငန်း ကို အချိန်ပြည့် ဆောင်ရွက်နိုင်ပြီ ဖြစ်ပေသည်။

ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေး ကော်မီတီ၏ လုပ်ငန်းများမှာ ၁၉၆၂ ခု၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းပြီး နောက်၊ ပြီးဆုံးခဲ့ရန် ဖြစ်ပေသည်။ သို့သော်လည်း ရုပ်သိမ်းလိုက်သော ဗုဒ္ဓ သာသနာအမှုဆောင် အဖွဲ့၏ နေရာတွင် တာဝန် ထမ်းဆောင်မည့် ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့တခုအား ခန့်ထားခြင်းမပြုရသေးမီ အုပ်ချုပ်ရေး စက်ယန္တရား ကြီး ရပ်ဆိုင်းမသွားရအောင် ယင်းကော်မတီကပင် ဗုဒ္ဓသာသနာအဖွဲ့ ဆိုင်ရာ လုပ်ငန်းအရပ်ရပ်တို့ကို ကြီးကြပ်အုပ်ချုပ် လုပ်ကိုင်ဆောင်ရွက်နေကြရပေသည်။ ဗုဒ္ဓသာသနာအဖွဲ့၏ လုပ်ငန်းအရပ်ရပ်မှာလည်း နည်းပါးလှသည် မဟုတ်ပေ။ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဆရာကြီးဦးဘခင်၊ဦးလှမောင်နှင့် ဦးချစ်တင် တို့က သာသနာရေးလုပ်ငန်းဖြစ်သည့် ယင်းတာဝန်များကို မငြီးမငြူ၊ စေတနာ မှန်မြတ်စွာဖြင့် ထမ်းဆောင် ပေးခဲ့ကြပေသည်။

ဆရာကြီးသည် အစိုးရအလုပ်ဝတ္တရားများမှ အားလပ်ခွင့် ရသည်နှင့် တပြိုင်နက် သာသနာပြုလုပ်ငန်းများကို ဇောက်ချလုပ်တော့မည်ဟု သံဓိဋ္ဌာန်

အဘိဓမ္မာလာ စိတ်ပညာနှင့် ဝိပဿနာလုပ်ငန်းကို လက်တွေ့စိတ်ရောဂါ ကုသရေး၌ မည်သို့အသုံးချနိုင်မည်ကို အနောက်တိုင်းပညာရှင်များ လွန်စွာ စိတ်ဝင်စားလျက် ရှိကြပေသည်။

× × ×

၁၉၆၅ ခု၊ သင်္ကြန်ချိန်ခါ တရားပတ် ဝင်ကြရန် မိသားစု များနှင့် ရိပ်သာသို့ ဆိုက်ရောက်စဉ်က အထက်ပါအတိုင်း ဒဿနိကဗေဒနှင့် စိတ်ပညာ စာအုပ်များ ဆရာကြီးဖတ်ရှုနေသည်ကို တွေ့မြင်ခဲ့ရသည်။ ဆရာကြီး၏ ကျန်းမာရေးမှာလည်း များစွာကောင်းမွန်လျက် ယခင်ကကဲ့သို့ပင် ကိုယ်ခန္ဓာ ပြည့်ဖြိုးသန်စွမ်းလျက်ရှိလေပြီ။ တရားပြလုပ်ငန်းကို ပိုမိုဆောင်ရွက်နေပေရာ၊ လစဉ် ၁၀ ရက် တရားပတ်များသာမက၊ အထူးတရားပတ်များကိုလည်း ချီးမြှင့်နေပေသည်။ ရိပ်သာတဝှမ်း သာယာရေး၊ လှပကြက်သရေရှိရေးအတွက် သီးပင်၊ စားပင်၊ ပန်းပင်များ ဂရုတစိုက် ပြုစုစိုက်ပျိုးလျက်ရှိ၏။ နှင်းဆီမျိုးကောင်းများတွင် ဖျက်ပိုးများ ကျရောက်သည့်အတွက် ပိုးသတ်ဆေးကို လုံးဝသုံးခွင့်မပြုဘဲ တပည့်တပန်းများအား ခွဲဝေပေးလိုက်ပြီး ပိုးအန္တရာယ် ကင်းလွတ်သော စက္ကူပန်းရောင်စုံများကို စေတီပတ်လည်၌ အစားထိုးစိုက်ပျိုးလိုက်လေရာ စေတီရင်ပြင်သည် သာယာကြည်နူးဘွယ်ရှိလှပေသည်။ သီးသန့်ခြံတခုဆောက်လုပ်၍လည်း သစ်ခွမျိုးဆန်း၊ မျိုးစုံတို့ကို စုဆောင်း ပြုစု လျက်ရှိ၏။ ရခိုင် ပြည်မှ သဇင်ပန်းဥများကို အထူးမှာယူခါ ဆရာမနှင့် တပည့်အပေါင်းတို့ကို သဇင်ပန်းတိုင် မြောက်မြားစွာပြုလုပ်၍ စိုက်ပျိုးစေ၏။ မည်သည့်လုပ်ငန်းဆောင်တာမျိုးမဆို၊ စည်းကမ်းစနစ်တကျ ရှိလှသော ဆရာကြီးသည် ရိပ်သာတွင်း၌ သူကိုယ်တိုင် ကြီးကြပ်စိုက်ပျိုးထားသော သီးပင် စားပင် ပန်းပင်များ၏ စာရင်းကို ပြုစုမှတ်ထား ထားခဲ့ပေသည်။

ထိုနှစ်သင်္ကြန်တွင်းကလည်း တပည့်မိသားစုများသည် ရိပ်သာတွင်စုဝေးမိကြရာ ဆရာကြီးသည် လူကြီးပရိသတ်၊ အိန္ဒိယအမျိုးသားပရိသတ်၊ လူငယ်ပရိသတ် ဝိုင်းရံလျက် ပြုံးရွှင်ကြည်နူးနေပေသည်။ ထိုပရိသတ်အပေါင်းအား မမောနိုင်၊ မပန်းနိုင် အလှည့်ကျ တရားပေး၊ တရားစစ်၊ တရားပြ နေသော ဆရာကြီး၏ စေတနာ၊ မေတ္တာမှာ ချီးကျူးဘွယ် ကောင်းလှ ပေတော့ ၏။ ဤသို့ ဓမ္မရောင်ခြည် စေတီရိပ်သာ၌ပင် အချိန်ပြည့် အလုပ်များနေသော ဆရာ

ကြီးအား မြင်တွေ့ရသူများသည် နိုင်ငံခြား သာသနာပြု လုပ်ငန်းကို တဆင့်တိုး၍ ဆောင်ရွက်ရန် ကြံစည်စိတ်ကူး ပြင်ဆင်နေကြောင်း ရိပ်စား မိကြပေမည်မဟုတ်ပေ။ ကျွန်တော်ပင်လျှင် ဆရာကြီး၏ အစီအစဉ်များကို ရိုးတိုးရိပ်တိတ်မျှလောက်သာ သိရှိခဲ့ပေသည်။ ဆရာကြီးက အတိအလင်းဖွင့်ဟ ပြောမပြလိုက်ပေ။

ဆရာကြီးနှင့် ကျွန်တော်တို့သည် အင်ကြင်းပင်တောရသို့သွား၍ ကျေးဇူးရှင် ဝေဘူ ဆရာတော်ဘုရားထံတွင် ဒုလ္လဘရဟန်း ခံကြမှပင် ဆရာကြီး ၏ ပြင်းပြသောဆန္ဒကို သိလာရသည်။ ရဟန်းဘောင်မှ သိက္ခာချ၍ လူဝတ် ပြန်မလဲမီ တရက်က ဆရာတော်ဘုရားအား အထူး သီးခြားဖူးမြော်ခွင့် လျှောက်ထားခွင့် ရခဲ့ရာတွင် ဆရာကြီးက အခါအခွင့်သင့်လျှင် နိုင်ငံခြားသို့ သွား၍ သာသနာပြုရန် စီစဉ်နေကြောင်း၊ အပြည့်အစုံ လျှောက်ထားသည်။ နိုင်ငံခြား သာသနာပြုကိစ္စအတွက် ဆရာတော်ဘုရား၏ ဩဝါဒခံအဖြစ် ဆောင်ရွက်ရန် လျှောက်ထားသည်ကိုလည်း ဆရာတော်ဘုရားက ခွင့်ပြုတော်မူလိုက်သည်။ ထိုအခါကျမှပင် ဆရာကြီး အင်ကြင်းပင်တောရသို့ လာရောက်၍ ဆရာတော်အား ဖူးမြော်ရင်းအကြောင်း၊ ဒုလ္လဘရဟန်းခံခြင်းအကြောင်း၊ ဗောဓိပင်၌ ဥဒါန်းဂါထာများ၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဘတ်ခြင်းအကြောင်းတို့ကို ကောင်းစွာ သဘောပေါက်လာခဲ့ပါသည်။

၁၉၄၁ ခုနှစ်တွင် ကျော်ကြားသည့် ဝေဘူချောင်၌ ဆရာတော်အား ဆရာကြီး ပထမအကြိမ် ဖူးမြော်ခဲ့ရသည်။ ထိုစဉ်က ဆရာတော် ပေးတော်မူလိုက်သော ဩဝါဒကို ခံယူ၍ ဆရာကြီးသည် ဝိပဿနာ ကမ္မဋ္ဌာန်း တရား ကို ပြည့်တွင်း၌ စတင် ပြုသလာခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဓမ္မရောင်ခြည်စေတီတော်ကို ဖဟိုပူဇော်၍ နိုင်ငံခြား သာသနာပြုလုပ်ငန်း စတင်ချိန်ကလည်း ကျေးဇူးတော်ရှင် ဝေဘူ ဆရာတော်ဘုရားအား ရန်ကုန်သို့ ပင့်ဆောင်၍ ပူဇော်ခဲ့သည်။ ဩဝါဒ ခံယူခဲ့သည်။ နိဗ္ဗာနဓာတ် ဖွင့်ခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် ယခု ရှေ့သို့ ခြေလှမ်းသစ်လှမ်း၍ နိုင်ငံခြားသို့ မိမိကိုယ်တိုင် သွားရောက်ပြီး **ဓမ္မဓာတ်၊ ဗောဓိဓာတ် နိဗ္ဗာနဓာတ် များ** ပွင့်လင်းလာစေရန်၊ ဆောင်ရွက်မည်ရှိရာတွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ မေတ္တာကို လာရောက်ခံယူရမည် အမှန်ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသ ခိုကိုးရင်း မိမိ၏ ဓမ္မဓာတ် အင်အားများကို ဖြည့်တင်းရပေမည်။ ပြည့်ဝစေရမည် ဖြစ်ပေသည်။

× × ×

အင်ကြင်းပင်တောရ၌ စိတ်တိုင်းကျ ဓမ္မအင်အားများ ဖြည့်တင်းလာခဲ့ပြီးနောက် မကြာမီပင် ဆရာကြီး၏ တရားနည်းလမ်းများကို စူးစမ်းလေ့လာ၊ လက်ခံကြေနပ်သွားကြသော ပုဂ္ဂိုလ်အသီးသီးက ဆရာကြီးအား အမေရိကန်သို့ ကြွရောက်၍ တရားပြရင်း ဗုဒ္ဓ၏ လက်တွေ့ဝိပဿနာဓမ္မကို ကမ္ဘာသို့ ဖြန့်ချိပေးရန် ဘိတ်မန္တက ပြုလာကြသည်။ ယင်း ဘိတ်ကြားချက်များမှာ သာမန်ရိုးရိုး ဘိတ်ကြားခြင်းမျိုး မဟုတ်ဘဲ။ သူတို့နေထိုင်ရာဒေသသို့ ဆရာကြီး ကြွရောက်ပြီး အင်းယားမှုံလမ်းရှိ၊ ဓမ္မရောင်ခြည်စေတီမျိုး၊ ပဋ္ဌိပတ္တိ ကမ္မဌာန်းရိပ်သာမျိုး ပြုစု ပျိုးထောင်ပေးရမည့် ရေရှည်စီမံကိန်းများပါဝင်လာပေသည်။ ဆရာကြီးထံသို့ ရှေးဦး အဆိုပြုလာသူမှာ ဒေါက်တာ ဟာစ်စလော့ပ်ပင် ဖြစ်ပေသည်။ ဒေါက်တာ ဟာစ်စလော့ပ်၊ အမ် အေ၊ ဒီအီးဒီ သည် အမေရိကန်ပြည်ထောင်စု စိတ်ဓာတ် ပြန်လည်မြှင့်တင်ရေး၊ ဖောင်ဒေးရှင်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဟောင်း၊ ကာလီဖိုးနီးယား စိတ်မြို့တော်သစ် တည်ဆောက်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်၍ ဆရာကြီးထံ ဇနီးမောင်နှံနှစ်ဦးစလုံး အကြိမ်ကြိမ် တရားအားထုတ်သွားပြီးဖြစ်သော တပည့်ဟောင်းကြီးဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ တိုင်းပြည်အမျိုးမျိုး၊ လူမျိုးအသီးသီးတို့၏ ဘာသာရေးလုပ်ငန်းများကို စေ့ငုံသေချာစွာ လေ့လာခဲ့ဘူးသူ ပညာရှင်ကြီး ဖြစ်လေသည်။ ဆရာကြီးထံမှောက်သို့ အမှတ်မထင် ရောက်လာရာမှ ကမ္မဌာန်းတရား အားထုတ်ပြီးနောက်၊ ကျေးဇူးရှင် ဝေဘူဆရာတော်ထံတွင် သရဏဂုံဆောက်တည်ခါ ဗုဒ္ဓဘာသာဝင်သူတော်စင်ဖြစ်လာသူ ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။ ဒေါက်တာဟာစ်စလော့ပ်က ကာလီဖိုးနီးယားပြည် လော့စ်အိန်ဂျယ်လစ်မြို့မှ ၈၆ မိုင် ကွာဝေးသည့်နေရာတွင် တည်ဆောက်ပြီးစီးပြီဖြစ်သည့် ကာလီဖိုးနီးယား စိတ်မြို့သစ်မှ အောက်ပါ ခြံမြေ (**Lot no 86 of Track no.2596 in the County of Kern, State of California**) တကွက်ကို ဆရာကြီးအား လှူဒါန်း၍ ဆရာကြီး၏ ဓမ္မလုပ်ငန်းကို အခြေစိုက်ပါရန် တောင်းပန်လာသည်။

အလားတူပင် အမေရိကန်ပြည်ထောင်စု ဟာဝေယန်ကျွန်းမှ တပည့်ဟောင်း အမျိုးသမီးကြီး တဦး ဖြစ်သူ မစ်အဲပလင်းဆက်ဒလာချက်ကလည်း၊ ဆရာကြီး ကမ္မဌာန်း ဌာနသစ် ဖွင့်လှစ်တည်ထောင်ရန် ဟာဝေယန်ကျွန်း (**Tiki Garden Estate**) အမည်ရှိ၊ အေးချမ်းသာယာသည့် ဥယျာဉ်ရပ်ကွက်မှ၊ (**Lot no 13, Area 8100 sq. ft. of Block 72,situated at Kesau, District of Puna, Island and County of Hawaii**)

ခြံမြေ၊ အိမ်မြေနေရာတကွက်ကို လှူဒါန်းခဲ့ပြန်သည်။ မစ်အက်ဒလာချက်သည် ၁၉၆၁ ခုနှစ်က ကျွန်တော်နှင့် မရှေးမနှောင်းပင် ရိပ်သာသို့ရောက်လာပြီး တရားထိုင်ခဲ့လေသည်။ နောက်၌လည်း ရိပ်သာသို့ နှစ်ကြိမ်သုံးကြိမ် ထပ်မံရောက်ရှိခဲ့သူဖြစ်ကြောင်း သိရသည်။ ဆရာကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို အထူး လေးစားကြည်ညိုသူ၊ သူတော်မွန်အမျိုးသမီး ဖြစ်ပေသည်။

အမေရိကန်ပြည်ထောင်စု၊ မြောက်ပိုင်းမှ ခရစ်ယန်ဂိုဏ်းဝင်ဘုန်းတော်ကြီး ဒေါက်တာလီယွန်း၊ အီးရိုက်ကလည်း မြောက်များစွာသော ခရစ်ယန်ဘာသာ ဂိုဏ်းဆရာတို့ကပင်လျှင် ဆရာကြီးအား၊ အမေရိကန်ပြည်သို့လာရောက်၍ တရားဓမ္မပြသရန် စိတ်အားထက်သန်စွာနှင့် လေးစားစွာ တောင်းတလျက်ရှိကြောင်း အကြောင်းကြားလိုက်သည်။

အင်္ဂလန်၊ ဥရောပတိုက်နှင့် ကနေဒါနိုင်ငံများမှလည်း ဆရာကြီးကိုယ်တိုင် လာရောက်၍ ဗုဒ္ဓအမွေအနှစ်တို့ကို ဖြန့်ဝေပေးရန် များစွာလိုလား၊ စောင့်မျှော်လျက် ရှိကြသည်။ ဆရာကြီး၏တပည့်များတွင် အထူးချွန်ဆုံး တပည့်တဦးဖြစ်သူ မစ္စတာဂျေ၊ ဗင်၊ အင်မားစဖွတ်သည် ဟော်လန်နိုင်ငံလုံးဆိုင်ရာ။ ဗုဒ္ဓဘာသာ အသင်း၏ ဥက္ကဋ္ဌ ဖြစ်သည်နှင့်အညီ၊ ဆရာကြီး အနောက်တိုင်းသို့ ခရီးထွက်ပါလျှင် ဟော်လန်နိုင်ငံသို့ ရှေးဦးစွာ ကြွရောက်ပါမည့် အကြောင်း တောင်းပန်ထားသည်။ ဂျာမဏီနိုင်ငံ၊ ဘာလင်မြို့မှ ဖရစ်၊ ဝါးနားကုမ္ပဏီ၊ ဒါရိုက်တာဖြစ်သူ မစ္စတာဂူးဒေါ့၊ မေယာက ဆရာကြီး၏ ခရီးစဉ်တွင် ဂျာမဏီနိုင်ငံကို မေ့ချန်မထားခဲ့ပါရန် မေတ္တာရပ်ခံလေသည်။ အင်္ဂလန်နိုင်ငံ၊ လန်ဒန် တက္ကသိုလ်သင်္ချိုက်ရိုက်နှင့် ဗုဒ္ဓဘာသာဌာန အကြီးအကဲဖြစ်သူ ဒေါက်တာပီ၊ အက်စ်ဂျေးနိုကလည်း ဆရာကြီး၏ တပည့်ရင်းဖြစ်သည့်အားလျော်စွာ အင်္ဂလန်နိုင်ငံတွင် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးရန် တာဝန်ခံထားလေသည်။ ကနေဒါပြည်၊ ဗင်ကိုဗားမြို့ရှိ၊ စိတ်ပညာပါရဂူ ဒေါက်တာ ဟော်လ်ဒင်၊လံဒီနှင့် ဇနီးတို့ကလည်း အမေရိကန် ပြည်ထောင်စုသို့ရောက်လျှင် ၎င်းတို့ နေရပ်သို့ပါ ဆက်လက် ကြွရောက်ချီးမြှင့်ပါရန် ဘိတ်မန္တက ပြုထားကြလေသည်။

ဆရာကြီးသည် အထက်ပါ ဘိတ်ကြားချက်များကို လေးလေးနက်နက် စဉ်းစားခဲ့ပေသည်။ မိမိ၌လည်း ရည်ရွယ်ချက်ရှိပြီးဖြစ်၍ ဤသို့ ဘိတ်ကြားကြသည်ကို စိတ်ပါဝင်စားရှိခဲ့ပါသည်။ မြေနေရာ ကွက်များကို စာချုပ် စာတမ်းနှင့်တကွ လွှဲအပ်လှူဒါန်းလာသဖြင့် လက်ခံထားခဲ့သော်လည်း အမေရိကန်ကွင်

တရားပြလုပ်ငန်းအတွက် အခြေချရန် တိုက်တွန်းချက်ကိုမူ တိတိကျကျ မဖြေကြားခဲ့သေးပေ။ အကြောင်းမူ ' ဆရာကြီး၏ အစီအစဉ်မှာ လောလောဆယ် အမေရိကန်သို့ ခရီးထွက်ရန် မဟုတ်သေးချေ။ ဒေါက်တာ ဟစ်စလော့ပ် ရည်မှန်းသကဲ့သို့ အဆောက်အဦးကြီး တည်ဆောက်၊ အဖွဲ့အစည်းကြီး တည်ထောင်ပြီး မနိုင်မနင်းဖြစ်သွားမည့် လုပ်ငန်းရပ်ကို ရုတ်တရက် စတင်လိုဟန်မရှိချေ။ ဆရာကြီး၏ ဝါဒမှာ တရားပြ လုပ်ငန်းဌာနတခုကို အမှန်တကယ် ကြည်ညိုသဒ္ဓါရှိသူ၊ တရားရင့်သန်သူ၊ သီလ၊ သမာဓိ စင်ကြယ်သူ အနည်းငယ်မျှဖြင့်သာ ဖြည်းဆေးစွာ စတင်တည်ထောင်လိုပေသည်။ လုပ်ငန်းအခြေခိုင်မှ အလိုအလျောက်ကြီးပွား တိုးတက်လာသည်ကို မြင်ချင်သည်။ အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနသည်ပင် ဆရာကြီး၏ စိတ်ကြိုက် စံနမူနာဖြစ်ပေသည်။ စစ်မှန် ထိရောက်သော အလုပ်ဖြင့် စတင်ခြင်းမရှိဘဲ၊ ခမ်းနားကြီးကျယ်သော အဆောက်အဦးကြီးများကို ရှေးဦးတည်ဆောက်ခါ၊ ဂုဏ်ပကာသနလိုလား၍ ကျော်ကြားမှု၊ တန်ခိုးကြီးထွားမှု နောက်သို့ လိုက်တတ်သော ဟန်ဆောင်ပရိယာယ်တ်များနှင့် စတင်မဆောင်ရွက်မိစေရန် အထူးသတိပြုခဲ့ပေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဥရောပနှင့် အမေရိကန်ပြည်များမှ ဘိတ်မန္တကပြုကြသည်နှင့် မရှေးမနှောင်းပင် အိန္ဒိယနှင့် သီဟိုဠ်ပြည်မှသင့်တင့်လျောက် ပတ်သော အဘိယာစက အမှုပြုလုပ်သည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့လေသည်။ အိန္ဒိယပြည်နှင့် သီဟိုဠ်ပြည်မှ မဟာဗောဓိအသင်းကြီးသည် ဆရာကြီး၏ လက်တွေ့အကျိုးပြုသည့် ဗုဒ္ဓဓမ္မနည်းလမ်းများကို အဘက်ဘက်မှ သုံးသပ်လေ့လာပြီးနောက် စိတ်ချယုံကြည် လောက်သော အထောက်အထားများ တွေ့ရှိသည့်အားလျော်စွာ အိန္ဒိယပြည်သို့ ကြွရောက်၍ တရားဓမ္မပြသချီးမြှင့်ရန် ဘိမန္တပြုလာလေသည်း

သီဟိုဠ်ပြည် မဟာဗောဓိအသင်း (မဒရပ်) ၏ ညွှန်ကြား ရေးမှူးဖြစ်သော ဆရာတော် လော၀ါလာ၊ နန္ဒိဆ္ဆာရ၊ (M.' itt; B.A. London) ထံမှ (၁၄-၁-၆၆) နေ့စွဲဖြင့် ဆရာကြီးအား မဇ္ဈိမဒေသသို့ ကြွရောက် ပါရန် ဘိတ်မန္တကပြုသောစာတွင် အောက်ပါအချက်များကို တင်ပြလာသည်။

(၁) ဆရာတော်သည် မိမိနှင့် အသင်း၏ကိုယ်စား ဆရာကြီး အား ဘိတ်ကြားကြောင်း။

(၂) ဆရာကြီးသည် မြန်မာပြည်တွင် တပည့် အမြောက်အမြား တို့အား ဝိပဿနာတရား အားထုတ်မှု လုပ်ငန်းဖြင့် ချီးမြှောက် လျက်ရှိသည်ကို ကြားသိရကြောင်း။

(၃) ဤမွန်မြတ်သောတရား အားထုတ်ခြင်း လုပ်ငန်းမှာ အိန္ဒိယ ပြည်တွင် ကာလအတော်ကြာကပင် တိမ်ကော၍ မပျောက်ခဲ့ ပြီဖြစ်ကြောင်း။

(၄) ထိုတရားဓမ္မကို ဆရာကြီးက ထိန်းသိမ်းထားနိုင်ပြီး တပည့်အ ပေါင်းအား အောင်မြင်စွာ သင်ကြား ပြသလျက် ရှိသည်ကို သိရှိရကြောင်း။

(၅) ဗုဒ္ဓရှင်တော်ဘုရား ဟောကြားခဲ့သော ဒေသနာများနှင့်အညီ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဝိပဿနာတရား အားထုတ် မှုကို အိန္ဒိယပြည်၌ စိတ်ဝင်စားပြီး လိုက်နာကျင့်ကြံမည့်ပုဂ္ဂိုလ် အများအပြား ရှိနေကြောင်း၊ လမ်းညွှန်ပြသမည့် ဆရာကောင်း လိုအပ်နေကြောင်း။

(၆) မြန်မာပြည်သို့လည်း ထိုသို့ စိတ်ဝင်စားသောပုဂ္ဂိုလ် အမြောက် အမြား လာရောက်ပြီး တရားအားထုတ်ရန် ခဲယဉ်းလျက် ရှိ ကြောင်း၊ ထို့ကြောင့် ဆရာကြီးအား အိန္ဒိယပြည်သို့ ကြွ ရောက်၍ တရားဓမ္မ ပြသရန် မေတ္တာ ရပ်ခံရခြင်း ဖြစ်ကြောင်း။

(၇) ထိုသို့ ဆရာကြီး ကြွရောက် ချီးမြှင့်ခြင်းဖြင့် အိန္ဒိယပြည်တွင် ဝိပဿနာတရား အားထုတ်မှု ပြန်လည်ထွန်းပေါ်လာပြီး လူ အပေါင်းတို့အား ချမ်းသာမှု ဖြစ်ပေါ်စေလိုကြောင်း။

(၈) ဆရာကြီး ကြွရောက်လာသည့်အခါ တရားဓမ္မ ပြသမှု၌ ပါဝင် ကူညီရန် လိုအပ်သော ပုဂ္ဂိုလ်တို့အားလည်း ခေါ်ဆောင် လာ စေ လိုကြောင်း။

(၉) အိန္ဒိယမြောက်ပိုင်းအတွက် စရနသ် (မိဂဒါဝုန်)၊ ဗုဒ္ဓဂယာ နှင့် ရာဂူဟိ စသည့် မြို့များနှင့် နိုးစင်ရာကုင်တနေရာနှင့် တောင် ပိုင်းအတွက် မဒရပ်တွင် တနေရာ ပေါင်း နှစ်နေရာ တရားပြ စေလိုကြောင်း။

(၁၀) ဆရာကြီးနှင့် အဖွဲ့သားများအတွက် အိန္ဒိယပြည်တွင် ကုန်ကျသော စရိတ်အားလုံးကို မိမိတို့က ကျခံမည်ဖြစ်ကြောင်း။ ထို့ကြောင့် အိန္ဒိယသို့ လာရောက်ရာတွင် ဆရာကြီးတို့ အနေဖြင့် နိုင်ငံခြားငွေ ယူဆောင်လာရန် မလိုကြောင်း ဖော်ပြ၍ အိန္ဒိယတွင် ဝိပဿနာတရား ပြသပြီးနောက် သီဟိုဠ်နိုင်ငံ သို့လည်း ခရီးဆက်နိုင်ရန်၊ အစီအစဉ်များကို တပါတည်း ပြုလုပ်ခဲ့ပါမည့် အကြောင်း မေတ္တာရပ်ခံခဲ့ပေသည်။

ထိုသို့ မဟာဗောဓိအသင်းမှ အိန္ဒိယပြည်တွင် ဝိပဿနာတရားဓမ္မ ပြသရန် ဘိတ်ကြားချက်ကို ဆရာကြီး ဦးဘခင်က လက်ခံ၍ (၄-၂-၆၆) နေ့စွဲဖြင့် ပြန်ကြားစာ ပေးပို့လိုက်လေသည်။ အိန္ဒိယပြည်တွင် တရား ဓမ္မ ပြသရာ၌ ဆရာကြီးအား ကူညီရန် အောက်ဖော်ပြပါပုဂ္ဂိုလ်တို့အားလည်း ခေါ်ဆောင်သွားရန် လိုအပ်ပါသည်ဟု ပြန်ကြားစာတွင် ဖော်ပြထားရှိပေသည်။

(၁) ဆရာ ဒေါ်မြသွင် (ဦးချစ်တင်၏ဇနီး) နိုင်ငံခြား အမျိုးသမီးများ အပါအဝင် အမျိုးသမီးများ တရား ပြသရာ၌ ၁၃ နှစ်ခန့် ဆက်တိုက် အကူအညီ ပေးခဲ့သည်။

(၂) ဦးချစ်တင် (ဗုဒ္ဓသာသနာအဖွဲ့၊ အုပ်ချုပ်ရေးအရာရှိ)။ အင်းယားမြိုင်လမ်းရှိ ပဋိပတ္တိလုပ်ငန်းဌာနတွင် ၁၉၅၂ ခုနှစ်မှစ၍ ပဋိပတ္တိလုပ်ငန်း အောင်မြင်မှုအတွက် ဆက်တိုက် ကူညီ ဆောင်ရွက်ခဲ့သည်။

(၃) မစ္စတာ ဂိုအင်ကာ (ဗန္ဒုလစောင်စက်ဒါရိုက်တာ)။ ၁၉၅၅-ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ အဆက်မပြတ် တရားအားထုတ်ခဲ့ပြီး ယခုအခါ အိန္ဒိယ အမျိုးသား အမျိုးသမီးများကို တရား ပြသရာ၌ စကားပြန် အဖြစ်ဖြင့်၎င်း၊ ကူညီ၍ တရားပြခြင်းဖြင့်၎င်း တာဝန်ခံ ဆောင်ရွက်ခဲ့သည်။

ဤသို့ အိန္ဒိယနှင့် သီဟိုဠ်ပြည်မှ ဘိတ်ကြားလာသည်ကို ဦးစားပေး၍ လက်ခံခဲ့သည်မှာ ဆရာကြီး၏ သာသနာပြုလုပ်ငန်း အစီအစဉ်နှင့် အံဝင်ကိုက်ညီနေ၍ ဖြစ်ပေသည်။ ဆရာကြီး၏လုပ်ငန်းစဉ်အရ ပထမအဆင့်မှာ မဇ္ဈိမတိုင်း၊ အိန္ဒိယပြည်သို့ သွားရောက်ရန် ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ ပင်ရင်းဌာနဖြစ်သည့် မဇ္ဈိမတိုင်း၊ အိန္ဒိယပြည်တွင် ဗုဒ္ဓမြတ်စွာ၏ဒုတိယသာသနာခေတ် ဟု ခေါ်ဆိုကြ

ဝိမုတ္တိခေတ်အခါကြုံလာခိုက် ဗုဒ္ဓ၏ဓမ္မအမွေအနှစ်တို့ကို ခံယူနိုင်သော ပါရမီရှင်များ ကျန်ရှိရမည်ဟု ဆရာကြီးက ယုံကြည်ထားသည်။ ထို့ပြင် ဗုဒ္ဓအမွေအနှစ်တို့ကို ကမ္ဘာသူကမ္ဘာသားတို့အား ဖြန့်ဖြူးပေးရာ၌ ရှေးဦးစွာဘုမိနက်သန်မှန်ကန်ထူးမြတ်လှသည့် ဗုဒ္ဓဂယာရှိ ဗောဓိမဏ္ဍိုင်ကို ဦးတည်ဆောင်ရွက်ရန် ဆန္ဒရှိသည်။ မိဂဒါဝုန်တောရှိ ဓမ္မစကြာတရားဦး ဟောတော်မူခဲ့ရာ နေရာတွင်လည်း ဗုဒ္ဓမြတ်စွာ၏ ဓမ္မကာယကို ကြည်ညိုဦးတိုက်ရန် အထူးလိုအပ်ပေသည်။ ဤသို့ ရှင်တော်မြတ်ဘုရားအား ထူးကဲမွန်မြတ်သော နေရာဌာနများတွင် ပူဇော်ဦးတိုက်ပြီးနောက် မိဂဒါဝုန်မှစတင်၍ ဆရာကြီး၏ဝိပဿနာတရားပန်းကို ချရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။

ထိုမှတဆင့် ဒုတိယလုပ်ငန်းစဉ်အဖြစ်ဖြင့် လက်ာဒီပကျွန်း၊ သီဟိုဠ်နိုင်ငံသို့ အလက်ကျူးသွားရန် စီစဉ်ပေသည်။ သီဟိုဠ်နိုင်ငံတွင်လည်း ထိုက်သည့်အားလျော်စွာ တရားဓမ္မများကို လက်တွေ့ပြသပေးရန် ရည်ရွယ်ခဲ့လေသည်။ ဥရောပနှင့် အင်္ဂလန်၊ အမေရိကန်ပြည်များသို့ လှည့်လည် သွားရောက်ပြီး ဒေါက်တာဘွဲ့စလေ့ပ် အစရှိသည့် တပည့်ကြီးများ၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးရန်မှာ တတိယဆင့်၊ လုပ်ငန်းအစီအစဉ် ဖြစ်ခဲ့လေသည်။

× × ×

ပဋ္ဌာဂဏေဝါဒီအသင်း၏ ညွှန်ကြားရေးမှူး ဆရာတော် နန္ဒိဆွာရထံသို့ ဘိတ်ဖိတ်ကြားချက်ကို ဝမ်းမြောက်စွာ လက်ခံပါကြောင်း ပြန်ကြားစာပို့ပြီးနောက် ၁၉၆၆ ဇူလိုင်လတွင်၊ ဆရာကြီးသည် နောက်ပါတပည့်များနှင့်အတူ နိုင်ငံခြားသို့ သာသနာပြုလုပ်ငန်းအတွက် ထွက်ခွာခွင့်ပြုရန် နိုင်ငံတော်အစိုးရထံသို့ လျှောက်ထားလွှာ တင်ပို့ခဲ့ပေသည်။ ယင်းခွင့်တောင်းလွှာတွင် ဆရာကြီး၏ ဆောက်တာ ရည်မှန်းချက်ဖြစ်သော သာသနာပြု လုပ်ငန်းအကြောင်း။ ကမ္ဘာ့ကမ္ဘာသားတို့အား ထူးမြတ်လှစွာသော ဗုဒ္ဓအမွေအနှစ်တို့ကို ထိရောက်စွာ ဖြန့်ဖြူးဝေငှပေးနိုင်ရန် နှစ်ပေါင်းများစွာ စိတ္တသုတေသန လုပ်ငန်းများ၊ ပြင်ဆင်မှုများ၊ မည်မျှ ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါတွင် ကမ္ဘာသူကမ္ဘာသားတို့အား စိတ်ပါဝင်စားလာအောင် ဆွဲဆောင်နိုင်မည့် အခြေခံတို့ကို လက်ကိုင်ရရှိထားပြီး ဖြစ်ကြောင်း၊ ဤအခြေခံနည်းလမ်းတို့ဖြင့် လူမျိုးဘာသာ

မရွေး ပုဂ္ဂိုလ်ကြီးငယ်တို့အား၊ အင်းယားမြို့လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတွင် ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုများ ကေန်အမှန်ရရှိသည့်တိုင်အောင် ဝိပဿနာတရားများ ပြသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤသို့ပြသပေးနေသည့် ဆရာကြီး၏ လက်တွေ့ဓမ္မလုပ်ငန်းကို အဘက်ဘက်မှ သုံးသပ်လေ့လာပြီးနောက် စိတ်ချ ယုံကြည်လောက်သော အထောက်အထားများ တွေ့ရှိသည့်အားလျော်စွာ အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်းကြီးက မိမိကိုယ်တိုင် အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံတို့ကို ကြွရောက်၍ တရားလုပ်ငန်း ပြသ ချီးမြှင့်ပါရန် ဘိတ်မန္တကပြုလာပြီဖြစ်ကြောင်း။ ဤကဲ့သို့ ဘိတ်ကြားခြင်းပြုသည်ကို လက်ခံ၍ ဗုဒ္ဓအမွေအနှစ်ဖြစ်သော ဝိပဿနာတရားတော်ကို အိန္ဒိယနိုင်ငံတွင် ပြန်လည်၍ ပြန့်ပွားစေခြင်းအားဖြင့် မြန်မာလူမျိုးများနှင့်တကွ ဗုဒ္ဓတရားတော်၏ ဂုဏ်ရောင်ကို ထွန်းပြောင်နိုင်စေမည် ဖြစ်ကြောင်း အပြည့်အစုံ ဖော်ပြ၍ ဆရာကြီးဦးဘခင်နှင့် အဖွဲ့အား အိန္ဒိယပြည်သို့ သွားရောက်၍ တရားပြသနိုင်စေခြင်းငှာ နိုင်ငံကူးလက်မှတ် ထုတ်ပေးပါရန် မေတ္တာရပ်ခံခဲ့ပေသည်။

မူလ ဘိတ်ကြားခဲ့သည့် မဟာဗောဓိ အသင်းကြီးကလည်း ဆရာကြီးတို့ ဓမ္မအဖွဲ့ အိန္ဒိယသို့ လာရောက် တရားပြခြင်းဖြင့် အိန္ဒိယပြည်သူ မြောက်မြားစွာတို့ အကျိုးထူးများ ရမည်အမှန် ဖြစ်သောကြောင့်၊ လိုအပ်သော နိုင်ငံကူးလက်မှတ်ထုတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်ရိုက် ပန်ကြားလွှာပို့လိုက်လေသည်။ တချိန်တည်းမှာပင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့်က အိန္ဒိယပြည်မှ ပျောက်ဆုံးတိမ်မြုပ်သွားခဲ့သည့် ဝိပဿနာတရားစစ်ကိုပြန်လည်ဖော်ထုတ်ပေးရန်၊ နိုင်ငံခြားသားများအား နှစ်ပေါင်းများစွာ အောင်မြင်စွာ တရားပြသပေးနေသည့် ကမ္မဋ္ဌာနစရိယ ဆရာကြီးဦးဘခင်အား မဟာဗောဓိ အသင်းကြီးမှ ကမထပြုလုပ်၍ ဘိတ်ကြားခဲ့ကြောင်း၊ ဆရာကြီးသည် ကဆုန်လပြည့်အမီ အိန္ဒိယပြည်သို့ ကြွရောက်လာမည်ဖြစ်ပြီး အိန္ဒိယပြည်မြောက်ပိုင်းနှင့် တောင်ပိုင်း နှစ်နေရာတွင် ကမ္မဋ္ဌာန်းတရားများ ချီးမြှင့်မည်ဖြစ်ကြောင်း။ ဤကဲ့သို့ အခွင့်ကောင်းကြီးတရပ်ကို လက်မလွှတ်လိုသူများသည် မဟာဗောဓိ အသင်းကြီးနှင့် ဆက်သွယ်၍ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း စသည်ဖြင့် ကြေငြာ၍ အစီအစဉ်များ ပြုလုပ်နေခဲ့ကြလေပြီ။

× × ×

သို့ပါသော်လည်း ဆရာကြီး မျှော်မှန်းထားသည့် အထက်ပါ အိန္ဒိယပြည် သာသနာပြုခရီးစဉ်ကြီးသည် အကောင်အထည် မပေါ်လာခဲ့ပါချေ။ ဆရာကြီးတို့ ဆောင်ရွက်လိုသည့် ကိစ္စများအတွက် နိုင်ငံခြားသို့ ခရီးထွက်ရန်မှာ အစိုးရက ထိုစဉ်က ချမှတ်ထားသည့်မူနှင့် အကြုံးမဝင်၍ နိုင်ငံကူးလက်မှတ်ထုတ်ပေးခွင့်မရှိသဖြင့် ဆရာကြီးတို့အဖွဲ့သည် အိန္ဒိယပြည်သို့ ထွက်ခွာ မသွားနိုင်ကြတော့ပေ။

# အခန်း ၉

# "ဘဝနေဝင်ချိန်၊ ဆည်းဆာချိန်"

## (က) ချို့ယွင်းလာသည့် ကျန်းမာရေး

၁၉၆၃ ခု၊ ဒီဇင်ဘာလဆန်းတွင် မင်္ဂလာဒုံ စစ်ဆေးရုံကြီး၌ ကျန်းမာရေးစစ်ဆေးခဲ့ရာ ဆီးကြောင်းရောဂါ၊ ပိုးမွှားရောဂါ ကင်းစင်ပြီဖြစ်ကြောင်း သိရပြီးနောက် ဆရာကြီး၏ ကျန်းမာရေးမှာသိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အစိုးရတာဝန်မှ အငြိမ်းအငြိမ်း ရပ်နား ခဲ့၍ အင်းယားမြိုင်ရိပ်သာတွင် သာသနာပြုလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဇွန်လတွင် ကျေးဇူးရှင် ဝေဘူဆရာတော်ထံမှောက်၌ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး၊ နိုင်ငံခြားသို့ ကိုယ်တိုင်သွားရောက်ခါ သာသနာပြုရန် အဓိဋ္ဌာန်ချမှတ် ခဲ့လေသည်။

ဤသို့ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်အေးနိုင်လောက်သော အခြေအခြေတွင် ရှိနေစဉ် ၁၉၆၅ ခု၊ နိုဝင်ဘာလတွင် ဆီးကြောင်းပိတ် ရောဂါပြန်လည်ပေါ်ပေါက်လာကြောင်း အရိပ်နိမိတ် တွေ့လာရသည်။ နေ့အချိန်တွင် ဆီးကောင်းစွာ မသွားနိုင်ရာမှ ညအချိန်တွင် ၇ ကြိမ်၊ ၈ ကြိမ်မျှ အိပ်ရာမှ ထနေရသည်။ ပိုမို၍ ထိပ်လန့်ဘွယ် ကောင်းသည်မှာ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဆီးသွားရာ၌ တနေ့ပတ်လုံး သွေးပါလာခြင်းဖြစ်သည်။ တချိန်တည်းမှာပင် နေ့စဉ် ရက်ဆက် ဝမ်းချုပ်သော အခက်အခဲက ရှိလာလေသည်။ မစ္စတာဂိုအင်ကာက ဒေါက်တာ အုံးပရာကတ်ရှ်ကို ပင့်ဖိတ်၍ ဆရာကြီးကို ပြုစုစေခဲ့သည်။ ဒေါက်တာ အုံးပရာကတ်ရှ်သည် ကုလသမဂ္ဂ အဖွဲ့ရုံး၏ ဆေးဘက်ဆိုင်ရာ တာဝန်ခံဖြစ်ပြီး ဆရာကြီးထံ၌ ကမ္မဋ္ဌာန်းတရား လုပ်ငန်း လုပ်ပြီးသူတပည့်တဦးဖြစ်ပေသည်။ ဒေါက်တာ အုံးပရာကတ်ရှ်၏ ကုထုံးမှာ သဘာဝ ဓမ္မ

နည်းဆန်ပေသည်။ ပြင်းထန်သော ဆေးများ ရှောင်ရှား၍ ရက်အနည်းငယ် အစာမကျွေးဘဲ ထားသည်။ သံပုရာရည်၊ လိမ္မော်ရည်၊ ဘာလီရည်မျှသာ သုံးဆောင်စေခဲ့သည်။ ဇလုံတွင် ဖန်ရည်ထည့်၍ ဖန်ရည်စိမ်ခိုင်းခဲ့ပေသည်။ ဒေါက်တာအုံးပရာကတ်ရှ်၏ ကုသမှုကြောင့် ဒီဇင်ဘာလကုန်လောက်တွင် ဆရာကြီး၏ ကျန်းမာရေး ပြန်လည်ကောင်းမွန် စိတ်ချသွားရပြန်လေသည်။

ဆရာကြီး၏ ကျန်းမာ ရေးသည် ၁၉၆၆ ခုနှစ် တနှစ်လုံး လွန်စွာကောင်းမွန်နေပေသည်။ ထို့ကြောင့်ပင် မဇ္ဈိမဒေသမှအစပြုပြီး သာသနာပြုခရီးထွက်ရန် အစီအစဉ်များကို စိတ်ချလက်ချ ပြုလုပ်ခဲ့နိုင်ပေသည်။ ၁၉၆၇ ခုနှစ်တွင်လည်း နိုဝင်ဘာလထဲတွင် ဆီးသွားလမ်း၌ အနည်းငယ် နာကျင်သောဝေဒနာ ခံစားရသည်မှလွဲ၍ ကြီးကျယ်သော ပြဿနာ မကြုံတွေ့ခဲ့ရပေ။

၁၉၆၈ ခုနှစ်ဆန်းတွင် ဆရာကြီး၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးကြည့်ကြပြန်သည်။ ဆရာကြီး၏ တပည့်ရင်းတဦးဖြစ်သူ ဦးသိန်းဇော်၏ဇနီး ဒေါက်တာ ဒေါ်သိန်းကြည်ကိုယ်တိုင် ကြပ်မတ်၍ စစ်ဆေးမှု ပြုလုပ် ခဲ့သည်။ ဦးသိန်းဇော်၊ ဒေါ်သိန်းကြည်နှင့် မိသားစုအားလုံးသည် ဆရာကြီးထံ၌ကမ္မဋ္ဌာန်းတရား အားထုတ် ပြီးသူများ ဖြစ်ကြပေသည်။ (၁၀-၁-၆၈) နေ့စွဲပါ ဆရာကြီး၏ မှတ်တမ်း၌ "သွေးအား ၁၃၀/၇၀။ သွေးခုံနှုန်း ၆၀။ အဆုတ်၊ နှလုံး အားလုံး ကောင်းမွန်၊ အစားအသောက် ခြိုးခြံသည့်အတွက် ပေါ့ပါးပြီး၊ နေထိုင် ကောင်းလာပြီ" ဟု ဖတ်ရှုရသည်။

ဆရာကြီး၏ကျန်းမာရေးအတွက် စိတ်ချရပြီ ဟု အစ ကောင်းခဲ့သော ၁၉၆၈ ခုနှစ်သည် ဆရာကြီး၏ ဘဝတသက်တာတွင် ပြင်းစွာ ဝေဒနာခံစားခဲ့ရဆုံး အချိန်ကာလ ဖြစ်ကြောင်း မည်သူမျှ ထိုစဉ်က မသိနိုင်ခဲ့ကြပေ။ ထိုနှစ်တွင် ဆရာကြီး သည် ဆေးရုံသို့ နှစ်ကြိမ်တိုင် တက်ရောက်၍ နှစ်ကြိမ်တိုင် ခွဲစိပ် ကုသ ခံခဲ့ရ၏။ ထိုဒဏ်များကြောင့်ပင် ဆရာကြီး၏ ကျန်းမာရေး သည် တဖြည်းဖြည်း ချို့ယွင်း လာခဲ့ရ၏။ ထိုဒဏ်များကြောင့်ပင် နိဂုံးချုပ် သွားရရှာကြောင်း နောင်ခါကျမှပင် သိကြရပေတော့သည်။

၁၉၆၈ ခု၊ မတ်လ ၁၇ ရက်နေ့သို့ ရောက်ခဲ့လေပြီ၊ ထိုနေ့သည် ဆရာကြီး မွေးနေ့ ဖြစ်သည့်အတိုင်း၊ စေတီရိပ်သာတွင် နှစ်စဉ်ပြုမြဲ၊ ပူဇော်ပွဲကျင်းပကြသည်။ နံနက်တွင် ဆရာတော် သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ လှူဘွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ကုသိုလ် အမှု ပြုကြသည်။ နေ့ခင်း

တွင် ပဋ္ဌာန်းတရားတော်များ ရွတ်ဘတ်ပူဇော်ကြသည်။ ကြည်လင် ရွှင်ပြုံးစွာဖြင့် တပည့်အပေါင်းတို့၏ ကန်တော့ပူဇော်မှုခံယူနေသော ဆရာကြီး၏ ကျန်းမာရေး အခြေအနေသည် ရက်ပိုင်းအတွင်း၌ စိုးရိမ်ဘွယ်ရာ ပြောင်းလဲသွားခဲ့မည်ကို မည်သူမျှ မခန့်မှန်းနိုင်ခဲ့ကြပေ။

မတ်လ (၃၁) ရက်နေ့ နေ့လည် (၂) နာရီခွဲအချိန်၊ ဆရာကြီး ရေချိုးရင်း ဆီးသွားရာတွင် သွေးများ ပါလာသည်။ ဓာတ်ခွဲကြည့်ရန် ဆီးကို မစ္စတာဂိုအင်ကာထံသို့ ပို့ပေးခဲ့သည်။ ဆီးစစ်ဆေးချက်တွင် ရောဂါပိုးမွှား မပါရှိဟု သိရသဖြင့် စိတ်အေးကြရသည်။ အရံသင့်ဆောင်ထားသော ဆေးဝါးများ မှီဝဲသဖြင့် သက်သာရာ ရသွားခဲ့သည်။ ဤသို့ဖြင့် ထိုနှစ် သင်္ကြန်ချိန်ခါ ရောက်လာသည်။ ဆရာကြီး၏ တပည့်ကြီး မစ္စတာ ကိုးလ်မင်းသည် သူ၏ လက်ထပ်ပြီးစ ဇနီးနှင့်အတူ ဆရာကြီးထံ သင်္ကြန်တွင်း ကန်တော့ရန် ရောက်လာမည်ဖြစ်ကြောင်း ကြိုတင် သတင်းရထားသော်လည်း ထိုနှစ် သင်္ကြန်ခါက၊ ရိပ်သာသို့ ကျွန်တော်တို့ မရောက်ဖြစ်ခဲ့ကြချေ။ ဆရာကြီးသည် မစ္စတာကိုးလ်မင်းနှင့် ကျွန်တော်အား တွေ့ဆုံကြစေလိုသည်။ ရိပ်သာသို့ သူကအဝင်၊ ကျွန်တော်က အထွက်၊ ကျွန်တော်ကအဝင်၊ သူကအထွက်၊ တ‌ေလွဲ လွဲခဲ့ကြသည်မှာ အကြိမ်များခဲ့ချေပြီ။ ယခုအကြိမ်လာရောက်စဉ်လည်း မတွေ့လိုက်ရပေ။

မြန်မာနှစ်ဆန်းစ၊ ဧပြီလ (၁၈) ရက်နေ့တွင် ဆရာကြီး၏ ဆီး၌ သွေးများ ပါလာပြန်သည်။ ဓာတ်ခွဲကြည့်ရာမှ စိတ်မချရအခြေအနေ ရှိသောကြောင့် ဆီးရောဂါပါရဂူ ဒေါက်တာ ကျော်လင်းကို အကြောင်းကြားကြရသည်။ ဒေါက်တာကျော်လင်းသည် ဧပြီလ (၁၉) ရက်နေ့၊ နေ့လည် (၂)နာရီအချိန် ရိပ်သာသို့ လာရောက်၍ ဆရာကြီး အား စမ်းသပ်ကြည့်ရှုသည်။ သူ၏ အကြံပေးချက်အရ၊ (၃) နာရီအချိန်တွင် ဆေးရုံကြီးသို့ တင်ပို့ပေးရသည်။ ဤသို့ဖြင့် ဆရာကြီးသည် ဒုတိယအကြိမ် ဆေးရုံကြီးသို့ တက်ရောက်ရပြန်သည်။ တိုက်ဆိုင်လွန်းလှသည်။ လွန်ခဲ့သော (၅)နှစ်က ပထမအကြိမ် ဆေးရုံတင်ပို့ခဲ့ကြရသည်မှာလည်း မြန်မာနှစ်ဆန်းစ ဧပြီလ(၁၈) ရက်တွင်ပင်ဖြစ်ခဲ့လေသည်။ ထိုနှစ် ဧပြီလ (၁၉) ရက်နေ့တွင် ဆီးပိုက်တပ်၍ ဆေးစကုသည်။ ယခုလည်း ကုသပုံမှာ ထပ်တူထပ်မျှပင်။ ဧပြီလ (၁၉) ရက်နေ့ (၃း၀၅) အချိန်မှစ၍ ဆီးပိုက် တပ်ရပြန်သည်။ အထူးစောင့်ရှောက်ရန် ည သူနာပြုဆရာမများကို စီစဉ်ချထားရသည်။

ဆရာကြီး ဆေးရုံတက်ရပြန်ကြောင်း သတင်းရရှိသည်နှင့် ကျွန်တော် ရန်ကုန်သို့ သွားခဲ့လေသည်။ ယခုအကြိမ် ဆရာကြီး ဆေးရုံ တက်ရ သည်မှာ ယခင်ကကဲ့သို့ ချမ်းသာမှုမရှိလှပေ။ စနစ်သစ်မူဝါဒအရ ဆရာဝန်ကြီး များ၏ အထူးခန်းဟူ၍ သီးသန့်ခန်းများ မထားရတော့သဖြင့် အခြား လူနာ များနှင့် အတူ ဆရာကြီးအား နေရာချပေးထားသည်။ ထိုအခန်းတွင် လူနာ ၅၀ ခန့်မျှ ရှိသဖြင့် သက်သာချောင်ချိမှုမရှိလှပေ။ လူနာမေးလာသူများလည်း ညနေ ၄ နာရီမှ ၆ နာရီအတွင်း တကြိမ်လျှင် ၄ ဦးမျှသာ ဝင်ခွင့် ရသောကြောင့် ဆရာကြီး၏ တပည့်ပေါင်းများစွာတို့သည် ဆေးရုံအောက်မှ တန်းစီ၍မိမိအလှည့် ကိုစောင့်ဆိုင်းကြရသည်။ ဆရာကြီးအား တွေ့မြင်ရသည်မှာ ပင်ပန်းနွမ်းနယ် ပုံမရ။ လန်းလန်းဆန်းဆန်း၊ ရွှင်ရွှင်ပျပျပင် လာရောက်မေးမြန်းကြသူ မိတ် ဆွေများနှင့် တပည့်အပေါင်းအား ကြည်လင်ရွှင်ပြုံးစွာ စကားပြောဆိုလျက် ရှိသည်။ မိမိ၏ ခံစားနေရသည့် ဒုက္ခကို မပေါ်လွင်စေဘဲ၊ ဆေးရုံအောက်မှ တန်းစီစောင့်နေရသော တပည့်အပေါင်း၏ ဆင်းရဲမှုကိုသာ ဂရုပြုနေသည်။ နေရာကျဉ်းကျပ်ရာမလိုကြောင်း၊ မိမိအတွက် ဒုက္ခမခံစေလိုကြောင်း၊ အလုပ် ပျက်စေလိုကြောင်း၊ ဖြေပါဒပေးလွှတ်နေသည်။ ကျွန် တော့် အား မြန်မြန်ပြန်၍ ကိုယ့်အလုပ်ကိုသာ ပြန်ဂရုစိုက်ချေပါ။ ဆရာကြီး၏ ရော ဂါမှာ ဆိုးရွားပါ။ နေ့ညပြုစုလုပ်ကိုင်ရန်သာ ဆရာဝန်က ဆေးရုံ ခေါ်ထား ခြင်းဖြစ်သည်။ သောက်ဆေးနှင့် သက်သာသောမှာဖြစ်သည်ဟု ပြောပြီး မေမြို့ သို့ ပြန်ခိုင်းပါသည်။

ဆရာကြီး ပြောသည့်အတိုင်းပင် မျက်မြင်အားဖြင့် အခြေအနေမှာ စိုး ရိမ်ဘွယ်မရှိ၍ ၂ ရက်၊ ၃ ရက်ကြာနေထိုင်ပြီး မေမြို့သို့ ပြန်ခဲ့ပါသည်။ သို့ သော် ဆရာကြီး ထင်မြင်သည့်အတိုင်း ရက်အနည်းငယ်အတွင်း ဆေးရုံကမဆင်း ခဲ့ရပါ။ မေလ ၂၄ ရက်နေ့တွင် သီးအိမ်တွင်းသို့ ပြွန်လုံးသွင်း၍ စစ်ဆေး ကြည့်ရှုမှု (အပ်စတိုကောပ်) လုပ်ခဲ့ကြသည်။ ပေလ၊ တလလုံး ဆီးပိုက်ကိုဖြတ် မြင်းလိုက်၊ ပြန်တပ်လိုက်ပြုလုပ်ခဲ့ကြသည်။ မေ ၂၇ ရက်နေ့တွင် ယခင်တကြိမ် ကပြုလုပ်ခဲ့သည့် ကိုယ့်ဟူအသားကြောပေါ်ရေးရှင်းခေါ် ဆီးကြောင်းတွင်းမှ အကြိတ် ကိုခွဲစိပ်သောမှုပြုရပြန်သည်။ ၁၉၆၈ ခု၊ ၄ လ ၈ ရက်နေ့တွင် ဆေးရုံမှဆင်း ခွင့်ရသော်လည်း ရိပ်သာတွင် နေ့ညသူနာပြုများ ငှားရမ်းပြီး ဆက်လက်ကုသ နေခဲ့ရလေသည်။

ဆရာကြီးသည် ဆီးရောဂါသက်သာသည်နှင့်တပြိုင်နက် ရိပ်သာ၌တရား ပြလုပ်ငန်းများ၊ နိုင်ငံခြားညှော်သည်များနှင့် တွေ့ဆုံခြင်းများ ဆက်လက်ဆောင်

ရှက်လေသည်။ သို့သော် အသက်အရွယ်ကြီးလာမှ ခွဲစိပ်ကုသမှုခံရခြင်း၏ဒဏ်မှာ သေးငယ်လှသည်မဟုတ်ပေ။ ယခင်က တကြိမ်တခါမျှ ဖျားနာမှု မဖြစ်ခဲ့ဘူးသောဆရာကြီးသည် စက်တင်ဘာလအတွင်း၌ အပြင်းဖျား ခဲ့သည်။ အပူချိန် ၁၀၀-၂ မှ ၁၀၀-၆ ထိ တက်ခဲ့သည်။ ထိုကြောင့် ကျန်းမာရေးကို အထူးဂရုစိုက်လာရလေသည်။ သို့တိုင်အောင် ဆရာကြီး၏ ဆီးရောဂါသည်။ အမြစ်ပြတ်ပျောက်ကင်းမသွားပဲ၊ အကြိမ်ကြိမ်ပြန်ပေါ်လာခဲ့လေသည်။ ဆရာကြီး၏ မူလကျန်းမာရေး အခြေခံတောင့်တင်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ကြောင့် ပြင်ပအမြင်အားဖြင့် နဂိုအသွင်အတိုင်း မြင်နေကြရသော်လည်း ခန္ဓာအတွင်းပိုင်း၌မူ ယိုယွင်းလာပြီ ဖြစ်ကြောင်း အရိပ် လက္ခဏာများ မကြာ ခဏ ပြသ လာခဲ့လေပြီ။

၁၉၆၈ ခု။ နိုဝင်ဘာလ ၁၈ ရက်နေ့ နံနက် ၄ နာရီတွင် ဆီးသွားကြောင်း ပိတ်၍ ဆီးသွားရန် အခက်အခဲ တွေ့ရပြန်သည်။ ဆရာဝန်ကြီး ဦးကျော်လင်းထံ အကြောင်းကြား၍ ဆေးရုံကြီးသို့ နံနက် ၈ နာရီတွင် သွားခဲ့သည်။ ဆရာဝန်ကြီးက ဆီးသွားပိုက် တပ်ဆင်ပေးလိုက်ပြီး ရိပ်သာတွင်ပြန်၍ အနားယူစေသည်။ ထိုအတောအတွင်း ယခင်က တခါမှ မဖြစ်ပေါ်ဘူးသည့် ဝမ်းကိုက်ရောဂါ ဖြစ်ပေါ်လာသဖြင့် ကက်တစ်လ်၊ ဖူရိုမိုက်စသောဆေးများဖြင့် ကုသရပြန်သည်။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဆရာဝန်ကြီး ဦးကျော်လင်းက ဆီးပိုက်ကိုဖြုတ်ပေးသော်လည်း နောက်တရက်တွင် ပြန်၍ တပ်ဆင်ခဲ့ရပြန်သည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင်မူ ဆီးပိုက်တွင် သွေးများခဲ၍ ပိတ်ဆို့နေသဖြင့် ဆေးရုံကြီးသို့သွား၍ သွေးခဲများကို ဖယ်ရှားပစ်ခါ၊ ဆီးအိမ်ကိုပါ ဆေးကြောရပြန်သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်မူ၊ အခြေအနေ တိုးတက်ကောင်းမွန်မလာသဖြင့် ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တတိယအကြိမ်မြောက်တက်ရပြန်လေသည်။ ၁၉ ရက်နေ့တွင် ဆစ်စတိုစကုပ်ဖြင့် ဆီးအိမ်တွင်းသို့စစ်ဆေးကြည့်၍ သောက်ဆေးတိုက်ကျွေးရင်း စောင့်ကြည့်ခဲ့ပြန်ပါသည်။ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တတိယအကြိမ်မြောက် တီယူအာရ်အော်ပရေးရှင်း ပြုလုပ်၍ ကုသပြန်သည်။ ၁၉၆၉ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့ကျမှ ဆေးရုံကဆင်းခဲ့ရပြီး ရိပ်သာတွင် ဆေးဝါးမှီဝဲခဲ့ရသည်။ သူနာပြုဆရာမများနှင့် ဆက်လက်ပြုစုစောင့်ရှောက်ကြရပြန်လေသည်။

ဆရာကြီး၏ ကျန်းမာရေးအခြေအနေကား သိသိသာသာ ယိုင်လဲလာခဲ့ချေပြီ။ ၁၉၆၉ ခုနှစ်တွင် ဩဂုတ်လ ၁၅ ရက်နေ့မှ ၁၈ နေ့ရက်အထိရင်း၊

ဩဂုတ်လ ၂၇ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိရင်း၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၇ ရက်နေ့ထိရင်း၊ ဆေးရုံကြီးသို့ အကြိမ်ကြိမ် ပြန်လည်တက်ရောက်၍ ဆေးကုသခံခဲ့ရလေသည်။ ဆရာကြီး၏ ဆီးရောဂါမှာ အခြေအနေမှာ မတိုးတက်သည့် အပြင် ဆုတ်ယုတ် ပျက်ပြား၍သာ လာခဲ့ရချေပြီ။

× × ×

## (ခ) မလျော့စတမ်း၊ လွန်ကြိုးပမ်း။

အိန္ဒိယပြည်သို့ သာသနာပြုခရီးထွက်ရန် နိုင်ငံကူးလက်မှတ် မရနိုင်ကြောင်း သတင်းရရှိပြီးနောက်၊ သာမန်ပုဂ္ဂိုလ်များ အတွက်၊ အားပျော့၊ စိတ်ပျက်သွားခဲ့ဘွယ်ရာ ရှိသော်လည်း ဆရာကြီး၌ လောကဓံ၏ ထုနှက်မှုကို ခံနိုင်သော စွမ်းရည်အပြည့်အဝရှိပြီးဖြစ်လေသည်။ နိုင်ငံကူးလက်မှတ်လျှောက်ထားသည်ကိုလည်း အစိုးရက လုံးဝ ဖယ်ချခဲ့သည် မဟုတ်ပေ။ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ကိုယ်တိုင် ဆရာကြီးထံသို့ လာရောက်၍ အစိုးရ၏ ထိုစဉ်က ချမှတ်ထားသော မူဝါဒအကြောင်းကို ရှင်းလင်း ပြောပြခဲ့ပေသည်။ အချိန်အခါသင့်၍ အစိုးရမူဝါဒ ပြင်ဆင်လာသည်နှင့် တပြိုင်နက် ဆရာကြီးတို့၏ လျှောက်ထားချက်ကို ခွင့်ပြုနိုင်လိမ့်မည်ဟု မျှော်လင့်ချက်ရရှိထားခဲ့လေသည်။ ထို့ကြောင့်ပင် ၁၉၆၇ ခု၊ ဇန်နဝါရီလနှင့် ဖြေလတို့တွင် ပန္တလေးနှင့် မေမြို့သို့ ခရီးထွက်၍ ဦးဂိုအင်ကာအား တရားပြသမှု ကွင်းဆင်းသင်ခန်းစာများကို လက်တွေ့သင်ကြားပေးခဲ့ခြင်း ဖြစ်ပေသည်။ အင်းယားမြိုင်ရိပ်သာတွင်လည်း အခြား ကြိုတင်ပြင်ဆင်မှုများကို မနားမနေ ဆက်လက်ပြုလုပ်လျက် ရှိလေသည်။

ဆရာကြီးသည် ကိုယ်တိုင်ကြပ်မတ် တည်ဆောက်ထားသော ဓမ္မရောင်ခြည်စေတီတော်ကို လွန်စွာမြတ်နိုးသည်။ တရားအားထုတ်ရာ လိုဏ်ဂူများနှင့် တရားအားထုတ်သူတို့ နေထိုင် စားသောက်ရာ၊ နေရာ အဆောက် အဦးတို့ တည့်တန့်ခိုင်မြဲစေရန် အစဉ်ဂရုပြု ထိန်းသိမ်းစောက်ရှောက်သည်။ စေတီတော်ရင်ပြင်နှင့် ဝန်းကျင်တို့၌ ရှုခင်းသာယာစိုပြေနေအောင် ပန်းပင်ပေါက်ညှိယျခဲ့ကို အမြဲပြုစုပျိုးထောင်လျက်ရှိပေသည်။

အိန္ဒိယပြည်သို့ သာသနာပြုခရီး ထွက်သွားလျှင်လည်း စေတီတော်... ပ်သာတာမှ်း ကြည်ညိုဘွယ်၊ စိတ်ချမ်းမြေ့ဘွယ် တည်ရှိနေရစ်စေရန် ကိုယ်

တိုင်ကြီးကြပ် ဆောင်ရွက်နေပေသည်။ အုတ်လှေခါးနှင့် အုတ်ခင်းလူသွားလမ်းများကို ပန်းရံအလုပ်သမားများ ငှားရမ်း၍ ပြုပြင်မွမ်းမံသည်။ ရေချိုးခန်း၊ ရေဆွဲအိမ်သာ၊ အညစ်အကြေးကန် စသည်တို့ကိုလည်း ကြည့်ရှု ပြင်ဆင်စေသည်။ တရားလိုက်ဂူများနှင့် စေတီရင်ပြင်ကို နိုင်ငံခြားသား တရားသမားများ လှူဒါန်းကြသည့် နံရံသုတ်ဆေးများဖြင့် ရှုချင်စဘွယ်၊ တင့်တယ်စေရန် မွမ်းမံပေးစေ၏။ အတွင်းလိုဏ်ဂူအပေါ်အဝင် စေတီတော်ကြီးနှင့် အရံစေတီငယ်များကိုလည်း ရွှေချစေခဲ့ရာ (၂၉-၂-၆၀) ရက်နေ့တွင် အားလုံး ရွှေချ ပြီးခဲ့လေသည်။

၁၉၆၀ ခုနှစ်၊ စတင်ကျန်းမာရေး ကောင်းမွန်ခဲ့သည်နှင့်အညီ လစဉ် တရားပတ်များ မှန်မှန်ပေးလျက်ရှိလေသည်။ ကိုလံဘိုစီမံကိန်း ဧည့်သည်များ၊ အိန္ဒိယသံရုံးအဖွဲ့ဝင်များ၊ အမေရိကန် အထောက်အပန့်ပေးအဖွဲ့ဝင်များလည်း အဆက်မပြတ် ဆရာကြီးထံ လေ့လာရေးရောက်ရှိနေခဲ့ကြသည်။ ဤအချိန်အခါတွင် ဆရာကြီး၏ အထူးခြားဆုံး ဆောင်ရွက်ချက်မှာ ၁၉၆၀ ခု၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ၂ လ ဆက်လျက် ကိုယ်တိုင်အဓိဋ္ဌာန်ဖြင့် ၁၀ ရက် တရားပတ်ဝင်ခဲ့ခြင်းဖြစ်ပေသည်။ တရားပတ်မဝင်မီ၊ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓနှင့် ဆရာတော် ဉာဏုတ္တရအမှူးရှိသော ကမ္ဘာအေး၊ ဇမ္ဗူဒီပ ကျောင်းဆောင်တွင် ဆဋ္ဌသံဂါယနာ စာမူများ ကြီးကြပ်ရိုက်နှိပ်နေကြသည့် ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ သံဃပူဇော်မှု၊ ဆွမ်းအလှူဒါနပြုခဲ့လေသည်။ ထိုဆရာတော်များအား ဆရာကြီးသည် နောက်ဆုံးအကြိမ် ဖူးမျှော်ကန်တော့ သွားခြင်းဖြစ်ခဲ့ပေသည်။

အဓိဋ္ဌာန်ဝင်သည့်နေ့မှစ၍ ဆရာကြီးသည် အောက်ပါအတိုင်း **ဓမ္မ**ပူဇော်မှုများကိုလည်း ပြုလုပ်ခဲ့လေသည်။ ဗောဓိဝင်၊ ဥဒါန်းဂါထာ စသည်များ၊ နံနက်အာရုဏ် ၉ နာရီ၊ မွန်းတည့်၊ မွန်းလွဲ ၃ နာရီ၊ ညဉ့်နေ ၆ နာရီ၊ ညဉ့်ဦး ၉ နာရီ၊ သန်းခေါင် ၁၂ နာရီ၊ နံနက် ၃ နာရီ၊ အာရုဏ် ၃ နာရီ ခြား ပူဇော်သည်။ နံနက်အာရုဏ်တွင် ပဋ္ဌာန်း၊ ပညာဝါရဖြင့် အမွန်းတင်သည်။ နံနက် ၉ နာရီတွင် ပဋိစ္စသမုပ္ပါဒ်၊ ဥဒ္ဒေသ နိဒ္ဒေသဖြင့်ရင်း၊ မွန်းတည့် ၁၂ နာရီတွင် ပဋ္ဌာန်းပညာဝါရဖြင့်ရင်း၊ ညနေ ၃ နာရီတွင် ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်ဖြင့်ရင်း၊ ညနေ ၆ နာရီတွင် ပဋ္ဌာန်းပညာဝါရဖြင့်ရင်း၊ အမွန်းတင်၍ **နိဗ္ဗာနခေတ်ကို** ၁၀ ရက် ဆက်ဖွင့်ခဲ့ပေသည်။ အဓိဋ္ဌာန် ၁၀ ရက် အောင်မြင်ပြီးဆုံးသော ရက်များတွင်လည်း ဗဟာန်း၊ သရက်တော၊ ဘုရား

ကြီးအစရှိသော ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား အာရုံဆွမ်းကပ်လှူပူဇော်လေသည်။ အခိဋ္ဌာန်မှ ထွက်လာပြီးသည့် နောက်နေ့မှစ၍ အပတ်စဉ် တရားပြသမှုများ ဆက်လက်ပြုလုပ်ပြန်ပါသည်။

ဆရာကြီး၏ ဒုတိယ ထူးခြားစွာဆောင်ရွက်မှုမှာ ဆရာမ၏ ဓမ္မာနုဂ္ဂဟဝေယျာဝစ္စ လုပ်ငန်းများကို အတိအလင်း ထုတ်ဖော်ရှင်းလင်း၍ ဂုဏ်ပြုခြင်းဖြစ်ပေသည်။ အင်းယားမြိုင် ဓမ္မရောင်ခြည်စေတီရိပ်သာတွင် ကမ္မဋ္ဌာန်းတရားအားထုတ်ဘူးသူတိုင်း ဆရာမ၏ စေတနာ မေတ္တာကို ခံယူခဲ့ကြရသည်။ဆရာကြီးထံမှ တရား ခံယူပြီးနောက် (၁၀) ရက်အတွင်း တရား အားထုတ်နေစဉ် အနီးကပ် စောင့်ရှောက်ကူညီခဲ့သူမှာ ဆရာမ ဖြစ်ပေသည်။ အမျိုးသမီး တရားအားထုတ်သူများသာမက၊ အမျိုးသား ယောဂီများလည်း ဆရာမကို အားထားခဲ့ကြရသည်။ တရားလိုက်ဂူ အပြင်အပတွင်လည်း ရိပ်သာတွင်း ဆောင်ရွက်လုပ်ရှားမှုဟူသမျှ ဆရာမ၏ စီမံခန့်ခွဲမှု၊ ကြီးကြပ်ကွပ်ကဲမှု မကင်းလွတ်ခဲ့ပေ။ အဟာရဆောင်၌ တရားသမားများအတွက် ချက်ပြုတ်ပြင်ဆင်ရာတွင် ဆရာမသည် ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်နေကျဖြစ်သည်။

ဤ ဆောင်ရွက်မှုများအကြောင်းကို ဆရာကြီးက (၄-၂-၆၀) နေ့တွင် ကျင်းပသော ငွေစာရင်း မင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၏ (၁၅)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးတွင် တရားဝင် ထုတ်ဖော်ပြောပြ၍ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။ တက်ရောက်ကြသော တပည့်အပေါင်းကလည်း သာဓု ခေါ်ဆို၍ ကောင်းချီးသြဘာ ပေးခဲ့ကြသည်။ ဦးဂိုအင်ကာ ခေါင်းဆောင်သော အိန္ဒိယ အမျိုးသား များသည်၊ ဆရာမ၏ ကူညီစောင့်ရှောက်မှုကို အထူးခံယူခဲ့ရသည်နှင့် အညီ၊ ထိုနေ့မှစ၍ ဆရာမအား မိခင်အမှတ် ပူဇော်ကြ၍၊ မိခင်ဆရာမ ဟု အလေးအမြတ် ခေါ်ဝေါ်ခဲ့ကြသည်။ထိုနှစ်မှစ၍ နှစ်စဉ် တပေါင်းလပြည့်ကျော် ၄ ရက်နေ့တွင် ဆရာကြီးနှင့် အလားတူပင် ဆရာမ၏မွေးနေ့ ပူဇော်ပွဲကိုကျင်းပခဲ့ကြလေသည်။

ယင်း လထဲမှာပင် မစ္စတာ ဟစ်စလော့ပ် နှင့် ဇနီးကို ရိပ်သာသို့ လာရောက်လာ၍ တရားရက်ရှည် အားထုတ်ခဲ့ကြသည်။တရားအားထုတ်ပြီးနောက်၊ မစ္စတာ ဟင်စလော့ပ် က ဦးဆောင်၍ နိုင်ငံခြားသား တရားသမားများသည်၊ ဆရာကြီးနှင့် ဗုဒ္ဓဓမ္မ၏ အခြေခံသဘောတရားများကို နိုက်နိုက်ချွတ် ပေးမြန်းဆွေးနွေးလာသည်။ သူတို့သိလိုသော အကြောင်းအရာများကို ခြုံငုံ ဖြေကြားရန် ဆရာကြီးက ( Essentials of Buddha Dhamma in Practice )

"လက်တွေ့ဆိုင်ရာ ဗုဒ္ဓတရားတော် အဆီအနှစ်များ" စာတမ်းကို ပြုစု၍ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တင်ပြခဲ့သည်။ ဆရာကြီး၏ ဖြေရှင်းချက်များကို နိုင်ငံခြားသား အားလုံး ကြေနပ်နှစ်သက်စွာ လက်ခံသွားခဲ့ကြသည်။

ဆရာကြီး၏ တတိယမြောက်ထူးခြားသော ဆောင်ရွက်မှုမှာ ဆရာတော်တပါးအား မွေရောင်ခြည်စေတီရိပ်သာ၌ သီတင်းသုံးစေ၍ ကမ္မဋ္ဌာန်းတရားပြသပေးခဲ့ခြင်း ဖြစ်လေသည်။ အထက်ပါ အခန်းများတွင် ဖော်ပြခဲ့သည့် အတိုင်း၊ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် ပရိယတ္တိ၊ ပဋိပတ္တိဆိုင်ရာ သာသနာ့ တာဝန်များ ထမ်းဆောင်နေတော်မူကြသော ဆရာတော်၊ သံဃာတော် များ၊ ကမ္မဋ္ဌာန်း ရိပ်သာများ အနှံ့အပြား ရှိနေပြီး ဖြစ်ရာ အင်းယားမြိုင်ရိပ်သာတွင် နိုင်ငံခြား သားများကိုသာ အထူး အာရုံထား၍ တရား ပြသပေးနေပေသည်။ ပြည်တွင်းမှပုဂ္ဂိုလ်များတွင် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာ အဖွဲ့ဝင် မိသားစု များကို ဦးစားပေး၍ တရား ပြသပေးခဲ့လေသည်။ သို့ဖြစ်သောကြောင့် ရဟန်း တော်များနှင့် သီလရှင်များ၊ ဓမ္မရောင်ခြည်စေတီရိပ်သာ၌ တရား ထိုင်လိုကြ ကြောင်း ဆရာကြီးထံ အကြိမ်ကြိမ်ချဉ်းကပ်၍ မေတ္တာရပ်ခံခဲ့သည်များကို အစဉ်သဖြင့် ငြင်းပယ်ခဲ့သည်သာ ဖြစ်ပေသည်။ သို့သော် ၁၉၆၉ ခု၊ ဇွန်လ ၁၂ ရက်နေ့တွင်မူ မော်လမြိုင်မြို့၊ တောင်ဝိုင်းကြီး၊ ပုပ္ပာရုံတိုက်ကျောင်းမှ ဆရာတော် ဦးဇောတိတအား စေတီရိပ်သာ၌ ရဟန်းတော်များမှ ရှေးဦးအကြိမ် အဖြစ် ကမ္မဋ္ဌာန်း တရား နည်းလမ်းများကို ပြသပေးခဲ့သည်။

၁၉၆၉ ခုနှစ်ဦးပိုင်းတွင် ကျန်းမာရေး အခြေ အနေ အနည်းငယ် ကောင်းသည်နှင့်အမျှ ရိပ်သာတွင် ကုသိုလ်ကောင်းမှုများ အဆက်မပြတ်လုပ်ခဲ့ သည်။ မတ်လတွင် ဆရာမမွေးနေ့ ပူဇော်ပွဲ၊ ဆွမ်းကျွေးပွဲ၊ ဆရာကြီးမွေးနေ့ပူ ဇော်ပွဲ၊ ဆွမ်းကျွေးပွဲများ ကျင်းပ၍ ဧပြီလ တလလုံး တရားပတ် များစွာ ဖွင့်၍ တရားပြသပေးခဲ့သည်။ ယင်းလအတွင်းတွင်လည်း ထူးခြားသော စာတစောင်ကို ဆရာကြီးရေးသားခဲ့လေသည်။ ဧပြီလ ၂၄ ရက်နေ့စွဲဖြင့် နိုင်ငံခြား သာသနာပြု လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နိုင်မည့် ပါရမီရှင်များထံသို့ ဆရာ ကြီးသည် စာတစောင်စီ ပေးပို့ခဲ့ပေသည်။ ထိုစာများတွင် မကြာ သေးမီက အဓိဋ္ဌာန်တရား ၂ ပတ်ထိုင်ခဲ့ခြင်း၏ သဘောအဓိပ္ပာယ်နှင့် သာသနာပြုလုပ်ငန်း တွင် ဆရာကြီးခံယူထားသည့် အခြေခံမူဝါဒများကိုတွေ့ရှိရသဖြင့် အောက်တွင် အပြည့်အစုံဖော်ပြလိုက်ပါသည်။

၁၉၆၉ ခု၊ ဧပြီလ ၂၄ ရက်။

"

.........................

ကျွန်ုပ်၏ တသက်တာ ရည်မှန်းချက်သည် အနောက်တိုင်းနိုင်ငံများတွင် ဗုဒ္ဓဓမ္မကို လက်တွေ့သင်ကြား ပြသပေးရန်ဖြစ်ခဲ့သည်။ ဝိပဿနာတရား လုပ်ငန်းဆိုင်ရာ သုတေသနများ၊ လက်တွေ့စမ်းသပ်မှုများကို နှစ်ပေါင်း ၃၀ လုပ်ဆောင်ခဲ့ပြီးနောက်၊ ဗုဒ္ဓဝါဒ၏ ရည်မှန်းချက် ပန်းတိုင်သို့ရောက်အောင် ကြိုးပမ်းလိုသူ၊ ကမ္ဘာသူ ကမ္ဘာသားများအား လက်တွေ့ သင်ကြား ပေးနိုင်ရန် ကျွန်ုပ်ကောင်းစွာ အခြေခိုင်လုံ ပြည့်ဝပြီဟု ယုံကြည်ရပေပြီ။ ကမ္ဘာသူကမ္ဘာသားတို့အား ဝိပဿနာတရား လက်တွေ့သင်ကြားပေးနိုင်ရန် ၁၉၆၆ ခုနှစ်မှစ၍ နိုင်ငံရပ်ခြား သွားရေးအတွက် နိုင်ငံကူးလက်မှတ် လျှောက်ထားခဲ့ရာ ယခုအချိန်ထိ ခွင့်မိန့်မရရှိသေးပေ။ အစိုးရ အလုပ်တာဝန် ဝတ္တရားအတွက် သွားသူများနှင့် အပြီးအပိုင် မြန်မာနိုင်ငံမှ ထွက်ခွာ သွားလိုသူ များမှအပ၊ အခြားသူများအား နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားဆဲဖြစ်သည်။ ကျွန်ုပ်သည် ၇၁ နှစ် အရွယ်သို့ ရောက်ရှိလာခဲ့ပြီး၊ လွန်ခဲ့သောနှစ်တလျှောက် ကျန်းမာရေး ကောင်းမွန်လှသည် မဟုတ်ခဲ့ပါ။

သို့ဖြစ်သဖြင့် နိုင်ငံခြားမှ တပည့်များအတွက် အဝေးမှ "ထိန်းကွပ်သောစနစ်" ဖြင့် တရားပြသပေးရန် စမ်းသပ်မှုများကို အကြောင်းအားလျော်စွာပြုလုပ်ကြည့်ခဲ့သည်။ အံ့သြဘွယ်ရာ၊ အားတက်ဘွယ်ရာကောင်းသော အောင်မြင်မှုကို ရရှိခဲ့သည်။ ထို့ကြောင့် ဤစာကို သင့်ထံနှင့် အခြား ရွေးချယ်ထားသော ပုဂ္ဂိုလ်များထံသို့ ကျွန်ုပ်ရေးသား ပေးပို့လိုက်ခြင်းဖြစ်သည်။

လူသစ်များအား တရားပြသပေးစေရန် သင့်အား ရွေးချယ်လိုက်သည်ကို နောက်ထပ် သီးသန့် စာတွင် သင်တွေ့ရှိရလိမ့်မည်။ ထိုသို့တရားပြသပေးနိုင်ရန် သင်သည် ဆရာဖြစ် နည်းပြမွမ်းမံသင်တန်းတက်ရန် လိုပေသည်။ ထိုသို့သင်တန်းတက်ပြီးသည့်နောက် ကျွန်ုပ်၏ လက်တွေ့ကမ္မဋ္ဌာန်းနည်းကို ပြသနိုင်ခွင့်ပြုကြောင်း ခွင့်ပြုစာပို့ပေးမည်။

ကျွန်ုပ်၏ ကိုယ်စား၊ ကျွန်ုပ်၏ လက်တွေ့ကမ္မဋ္ဌာန်း နည်းကို ပြသပေးရာတွင် ရွေးဦး ပထမ တရားယူမည့်သူ အနည်းငယ်မျှကိုသာ သေချာစွာ စိစစ် ရွေးချယ်ရန် အထူး သတိပြု ရမည်။ ကိုယ်ခန္ဓာရောဂါ ကင်းရှင်း၍ စိတ်ဝေဒနာ ကင်းစင်သူ များကိုသာ လက်ခံရ

မည်။ တရားယူရန် ရွေးချယ်ခြင်းခံရသူများအား ဗုဒ္ဓဓမ္မ၏ အခြေခံသဘော တရားနှင့် ဤရိပ်သာတွင် လိုက်နာရသည့် တရားလုပ်ငန်း အချိန်ဇယားများ ကို ပထမ ရှင်းလင်းပြောပြပေးရမည်။

အထူးအရေးကြီးသည်မှာ မြန်မာစံတော်ချိန် နံနက် ၇နာရီနှင့် ည၇နာရီ အချိန်တို့တွင် ဓမ္မရောင်ခြည်စေတီလိုဏ်ဂူ၌ ကျွန်ုပ် တရားထိုင်၍ စိတ်ဓာတ် လှိုင်းများ ဖြန့်လွှင့်ပေးသည်ကို သင်က အမိအရ ဖမ်းယူရန် ဖြစ်ပေသည်။ ထို့နောက် သင်ရရှိသော ဓမ္မဓာတ်အားကို သင့်ထံ၌ တရားယူမည့် ပုဂ္ဂိုလ်တို့ အား တဆင့် ဖြန့်ဝေရပေမည်။

အလယ်ဗဟိုမှ တဖြည်းဖြည်း ကျယ်ပြန့်လာစေသည့် လုပ်ပုံလုပ်နည်းကို သာ ကျွန်ုပ် အယုံအကြည်ရှိသည်။ လူပုဂ္ဂိုလ်အမြောက်အမြားကို သိမ်းသွင်းရန် အလျင်တလို စိတ်မစောပါနှင့်။ တရား၌ သဒ္ဒါတရား အမှန်မရှိသူ၊ ထင်ပေါ် ကျော်ကြားလိုသူ၊ အာဏာနှင့် ငွေမက်သူများ၊ စုပြုံရောက်တတ်သည်။ မိမိ၏ အင်အားရှိသမျှနှင့်သာ စတင် အလုပ်လုပ်ကိုင်ပါ။ အညစ်အကြေးကို သန့်စင် စေနိုင်သည့် အနိစ္စသဘောတရားကို သင်က ထင်မြင်လာအောင် လက်တွေ့ပြသ ကူညီပေးနိုင်သည်နှင့်အမျှ၊ တရားယူလိုသူ ပုဂ္ဂိုလ်အမြောက်အမြား တိုးပွား လာပါလိမ့်မည်။

အစကနဦးအနေဖြင့် ၁၀ပေ ပတ်လည်မျှသော အခန်းကလေးသို့မဟုတ်၊ အိမ်ဝင်းခြံအတွင်းမှ တင်းကုတ်၊ တဲငယ်ကလေးတခု ရနိုင်လျှင် လုံလောက်ပါ ပြီ။ ကောင်းမွန်လှသော အဆောက်အဦး၊ နေရာထိုင်ခင်းရှိမှ တရားပေးမည် ဟု သဘောမထားပါနှင့်။ နိဗ္ဗာန်သဘောတရား လက်ကိုင်ပြု၍ သိမ်သိမ်ငယ် ငယ် အခြေအနေမှပင် စတင်၍ တရားပြပေးပါ။ ကျွန်ုပ်တို့လုပ်ငန်း၏ တခုတည်း သော ရည်မှန်းချက်မှာ လူ၌ ကိန်းအောင်းနေသည့် တဏှာ၊ မာန၊ ဒိဋ္ဌိကို ချိုးနှိမ်ပယ်သတ်ပစ်ရန်၊ အကူအညီပေးခြင်းဖြစ်ကြောင်း၊ အမြဲ သတိရနေပါ။ တရားဓမ္မ၏တန်ဘိုးကို သိလာလျှင် သင့်တော်သော အဆောက်အဦး နေရာ ထိုင်ခင်း စီစဉ်ရန် ငွေကြေး တတ်နိုင်သူများထံမှ ငွေများ အလိုအလျောက် ထွက်ပေါ်လာပါလိမ့်မည်။

ကျွန်ုပ်တို့၏လုပ်ငန်းသည် ဓမ္မတွင်အခြေခံကြောင်း၊လုပ်ငန်းအောင်မြင်မှု သည် တရားပြဆရာ၏ တရားရင့်ကျက်မှု၊"ပညာမြင့်မားမှုအပေါ်မှာသာ တည် ကြောင်း၊ လက်ဖြန့်ခံ၍ လူအမျိုးမျိုးက ထည့်ဝင်လာကြသည့် ငွေပေါ်မှာ မတည်ကြောင်း၊ ဘယ်အခါမှ မမေ့သင့်ပေ။ ကျွန်ုပ်ကိုယ်တိုင် ဘယ်အခါကမှ

လက်ဖြန့်ခံမတောင်းခဲ့။ သို့စဉ်လျက် ကျွန်ုပ်၏လုပ်ငန်းမှာ အောင်မြင်ခဲ့သည်သာ ဖြစ်သည်။

ကျွန်ုပ်တို့၏ ရိပ်သာထိန်းသိမ်း စောင့်ရှောက်မှု တာဝန်ကို ငွေစာရင်း မင်းကြီးရုံးမှ ကျွန်ုပ်၏ တပည့်ရင်းများ ပါဝင်သည့် အဖွဲ့ငယ်က ထမ်းဆောင် နေသည်ကို သင် သတိပြုကောင်း ပြုမိပေလိမ့်မည်။ ရိပ်သာကုန်ကျစရိတ်အတွက် ငွေ မေတ္တာရပ်ခံ တောင်းခံဘို့မပြောနှင့်၊ အရိပ်နိမိတ်မျှပင် မပြရန်၊ သူတို့ တဦးစီအား ကျွန်ုပ်က တင်းတင်းကြပ်ကြပ် ပညတ်ထားပေသည်။ ကျွန်ုပ်တို့ ရိပ်သာတွင် ဝင်ကြေးမရှိ၊ လစဉ်ကြေးမရှိ၊ သတ်မှတ်ကောက်ခံယူသည့် အလှူငွေ မရှိ။ ကျွန်ုပ်၏ တပည့်များထဲမှ တရားတော်၏ ဂုဏ်ကျေးဇူးတော်ကို သိသည့် အနေဖြင့် ဝတ္ထုပစ္စည်းသော်၎င်း၊ ငွေကြေးသော်၎င်း၊ သဒ္ဓါအလျောက် လှူဒါန်းလိုပါမူ၊ လှူဒါန်းနိုင်ကြပေသည်။

ကျွန်ုပ်၏ထံတွင် တရားယူခဲ့ပြီး အညစ်အကြေးများကို ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းဖြင့် ဆေးကြောသန့်စင်ပြီးသူ တပည့်များ၏ လှူဒါန်းထောက် ပန့်မှုကိုသာ လက်ခံ၍ အခြားမည်သူ၏ လှူဒါန်းကူညီမှုကိုမျှ လက်ခံခြင်းမရှိ ပါ။ ဤသို့ စည်းကမ်းထားခြင်းမှာ ကျွန်ုပ်တို့ ရိပ်သာကို စင်ကြယ်စွာတည်ရှိ နေရန်ဖြစ်ပေသည်။ ကျွန်ုပ်၏ထံတွင် စိတ်အညစ်အကြေးများ ကင်းစင်အောင် ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းဖြင့် ဆေးကြောသန့်စင်ပြီး မဟုတ်သူများ၏ အကူ အညီကြောင့် ရိပ်သာမညစ်နွမ်းစေရန်ဖြစ်သည်။ သူတို့၏ အလှူငွေမှာ မည် သို့ မည်ပုံရလာသည်ကို မည်သူသိနိုင်ပေမည်နည်း။ ကျွန်ုပ်တို့၏ ရိပ်သာကို သန့် ရှင်းစင်ကြယ်မှုပေါ်တွင် အခြေချပြီးမှ တိုးတက်ကြီးပွားလာစေလိုသောကြောင့် မသန့်စင်သော အလှူငွေများကို ဝင်လာခွင့်မပြုနိုင်ပါ။

ရှင်တော်မြတ် လက်ထက်တော်အခါက ဗုဒ္ဓမြတ်စွာဘုရားသည် ငွေကြေး အတွက်သော်၎င်း၊ ထောက်ပန့်ကူညီမှုများ အတွက်သော်၎င်း၊ ဘယ်သောအ ခါမျှ ကြောင့်ကြစိုက်မှုမရှိခဲ့ပေ။ ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ရောက် ရာဌာန၊ ရှိသည့်အခြေအနေတွင် ဖြစ်မြောက်အောင် ဆောင်ရွက်တော်မူခဲ့သည် သာဖြစ်သည်။ လွန်ပြီးသောဖြစ်ရပ်များကို ဂရုပြုတော်မမူ၊ နောက် တာဏ္ဍ ဖြစ်ပေါ်လာမည့် အကြောင်းအရပ်များကို ကြိုတင်မစဉ်းစားဘဲ၊ မျက်မှောက် အချိန်ပြုလုပ်ရမည့် ကိစ္စရပ်များပေါ်သာ အာရုံထား၍ ဆောင်ရွက်တော်မူခဲ့ ပေသည်။ ကျွန်ုပ်သည်လည်း ရှင်တော်ဘုရား၏ မူဝါဒအတိုင်း တတ်စွမ်းသမျှ ကိုလိုက်နာကျင့်သုံးနေလျက်ရှိသည်။ ကျွန်ုပ်ကိုယ်စား တရားပြသကြမည့် ပုဂ္ဂိုလ်

များလည်း ကျွန်ုပ်၏ နမူနာကိုအတုယူ၍ ဆောင်ရွက်စေလိုသည်။ ဤသို့ကျင့်ကြံပြုလုပ်မှသာ ထိုပုဂ္ဂိုလ်များသည် ဆိုးယုတ်သောမာရ်နတ်၏ ကွန်ယက်ကွင်းသို့ သက်ဆင်းကျရောက်ခြင်းမရှိဘဲ တည်တန့်နေနိုင်မည်။

တရားဓမ္မ၏ အကျိုးကျေးဇူးများ ခံစားရအောင် လူအများအား သင်က ကူညီပေးလျှင် လူအပေါင်းကလည်း တရားဓမ္မသည် သူတို့အား ဒိဋ္ဌ၊ လက်တွေ့၊ လက်ငင်း မျက်မှောက် ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်ကြောင်းသိရှိလာလျှင် ဓမ္မစည်ပင် ပြန့်ပွားရေးအတွက် ပိုမိုကောင်းမွန်သော နေရာထိုင်ခင်း၊ အဆောက်အဦးများ မဆောက်ကြပါနှင့်၊ မတည်ကြပါနှင့်ဟု တားဆီး၍ မရနိုင်လောက်အောင်ပင် သူတို့အင်အား အလျှောက် ထောက်ပန့်ကူညီလာကြမည် အမှန်ဖြစ်သည်။

ထို့ကြောင့် တရားဓမ္မတွင် စိတ်ဝင်စားသူများအား လက်တွေ့ပြသပေးရန်၊ ရှေးဦးစွာ သင်ကိုယ်တိုင်ပင်လျှင် တရားအင်အားပြည့်ဝရန်၊ ခိုင်ခန့်ရန်၊ ထူထောင်၊ ဖြည့်ဆီးထားဘို့ အထူးအရေးကြီးလှသည်။ နိုင်ငံကူးလက်မှတ်ပေးရေး စည်းကမ်းများ လျော့ပေါ့ပြီး၊ နိုင်ငံခြားသွားနိုင်ပြီဟု အစိုးရက မီးစိမ်းပြသည်နှင့်တပြိုင်နက် အနောက် တိုင်းများသို့ ခရီးထွက်ခဲ့ရန် ကြိုးပမ်းစီစဉ်ထားသည်။

ဆရာကြီး၏ အထူးမေတ္တာ စေတနာဖြင့်—

ပုံ—ဘခင်

အထက်ပါစာနှင့်အတူ ပူးတွဲ၍ ဆရာကြီးကိုယ်စား တရားနည်းပြ လုပ်နိုင်မည့်သူ အောက်ပါပုဂ္ဂိုလ် ၆ ဦးတို့ထံ တရားနည်းပြဆရာအဖြစ် သာသနာပြုကြရန် မေတ္တာရပ်ခံရင်း လိုအပ်သော ညွှန်ကြားချက်များ[illegible]ခဲ့လေသည်။ ဤညွှန်ကြားလွှာတွင် ဆရာကြီး၏ "အဝေးမှ ထိန်းကွပ်စနစ်" ဖြင့် တရား ပြသပေးပုံအကြောင်း အပြည့်အစုံ ပါရှိသဖြင့် စိတ်ဝင်စားဘွယ်ရာ ကောင်းလှပေသည်။

၁၉၆၉—ခု၊ ဧပြီလ (၂၃) ရက်။

" ...........................

မြန်မာပြည်၏ပြင်ပတွင် ရှိနေကြသော တပည့်များအား "အဝေးမှ ထိန်းကွပ်စနစ်" ဖြင့် တရားပြသပေးခြင်း နည်းလမ်းကို မကြာသေးမီက၊ကျွန်ုပ်

စမ်းသပ်ကြည့်ရာ၊ ကြေနပ်ဘွယ်ရာအောင်မြင်သဖြင့် စိတ်အားတက်စရာ ဖြစ်ပေသည်။ ဗုဒ္ဓတရား ပြသပေးရန်အတွက် နိုင်ငံခြားသို့ ကျွန်ုပ်ကိုယ်တိုင် ထွက်ခွာလာနိုင်ရန် အလားအလာမှာ မကောင်းလှသေးပေ။ ထို့ကြောင့် ရန်ကုန်တွင် ကျွန်ုပ်ထံ၌ တရားအားထုတ်ခဲ့ဘူးပြီး မွမ်းမံသင်တန်း တက်လိုသူ တပည့်များအား "အဝေးမှထိန်းကွပ်စနစ်" ဖြင့် တရား ပြပေးရန် ယခု ဆုံးဖြတ်ချက် ချလိုက်ပေပြီ။ ထိုတပည့်ဟောင်းများသည် မိမိတို့နေအိမ်အသီးသီးတွင် တရားဝင်ရန် သီးသန့်ပြင်ဆင်ထားသောအခန်း၌ပင် တရား ခံယူနိုင်ကြပေပြီ။

ထို့အပြင် အောက်ပါပုဂ္ဂိုလ်တို့မှ မွမ်းမံသင်တန်း တက်ရောက်ပြီးနောက် အရည်အချင်း ပြည့်ဝပြီဟု ယုံကြည်ရသောအချိန်တွင် ဗုဒ္ဓ ဝိပဿနာ ဘရား အားထုတ်လိုသူ လူသစ်များအား ကျွန်ုပ်၏ကိုယ်စား တရား ပြသပေးရန် ကျွန်ုပ်က တာဝန် အပ်နှင်း ပေးလိုက်မည်ဟုလည်း ဆုံးဖြတ်လိုက်ပေပြီ။

၁။ ဒေါက်တာ လီယွန်၊ အီးရိုက်၊ ဘာသာရေးဆိုင်ရာ ပါမောက္ခ။ ဝါရှင်တန်၊ အမေရိကန်ပြည်။
၂။ မစ္စတာ ရောဘတ်၊ ဟိုးဗား၊ ကာလီဖိုးနီးယား၊ အမေရိကန်ပြည်။
၃။ မစ္စစ်ရုသ်၊ ဒင်နီဆင်၊ ဟောလီဝုဒ်၊ အမေရိကန်ပြည်။
၄။ မစ္စစ်ဇာလင်လံဒီ၊ ဗြိတိသျှကိုလံဘီယာ၊ ကနေဒါပြည်။
၅။ မစ္စတာဂျွန်၊ အီး၊ ကိုးလ်မင်း။ အင်္ဂလန်ပြည်။
၆။ မစ္စတာ ဂျေ၊ ဗွီ၊ အမ်မာစဖွတ်၊ ဟော်လံပြည်။

မွမ်းမံသင်တန်းကို ၁၀ ရက်ဖြစ်စေ၊ ၁၀ ရက်ထက် ပိုမို၍ ဖြစ်စေ၊ ာပည့်တဦးစီ လိုအပ်သလို စီစဉ်ပေးမည်။ သင်တန်းချိန်အတွင်း မိမိ၏အလုပ် ုး ကိစ္စ၊ အိမ်ထောင်ရေးကိစ္စ ဟူသမျှအတွက် အဆက်အသွယ် လုံးဝ ဖြတ် ာားရပေမည်။ မွမ်းမံသင်တန်းကို မိမိ နှစ်သက်ရာ နေ့ရက် ရွေးချယ်၍ အာနာ ါန ကမ္မဋ္ဌာန်းအတွက် မြန်မာစံတော်ချိန် နံနက် ၈-နာရီတွင် စတင် ယူရမည်။ နောက် (၃) ရက် တိတိအကြာတွင် နံနက် ၈-နာရီမှာပင် ဝိပဿနာတရားသို့ ူးပြောင်းယူကြရမည်။ ကမ္မဋ္ဌာန်းလုပ်ငန်း မစမီ အောက်ပါ ပုဒ်ကိစ္စများကို ိတိကျကျ ဆောင်ရွက်ရန် အရေးကြီးပေသည်။

(က) ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ တည်းဟူသော သရဏဂုံ(၃)ပါး ခံယူ တည်ဆောက်ရန်။

(ခ) မိမိ၏ အကာ၊ အကွယ်၊ အစောင့်အရှောက်အတွက် မြတ်စွာဘုရားနှင့် ဆရာသမားထံ မိမိကိုယ်ကို အပ်နှင်းရန်။
(ဂ) ဗုဒ္ဓမြတ်စွာဘုရားထံမှ၊ အာနာပါနကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း တရားများကို ရိုသေ လေးမြတ်စွာ ပန် ကြား တောင်းခံရန်။

နေ့စဉ်မှန်မှန်၊ မြန်မာစံတော်ချိန် နံနက် (၇-၃၀)မှ (၈-၃၀)ထိ တကြိမ်၊ ည (၈)နာရီမှ (၉)နာရီထိတကြိမ်၊ နိဗ္ဗာနဓာတ် ဖြည့်တင်းထားသော ကျွန်ုပ်၏ စိတ်ဓာတ်လှိုင်းများကို လွှင့်ထုတ်ပေးနေမည် ဖြစ်သည်။ အသင်သည် မြန်မာပြည်၊ ရန်ကုန်၊ အိုင်၊အမ်၊ စီ သို့ အာရုံညွှတ်ခါ ယင်းလှိုင်းများကို အလွယ်တကူ ဖမ်းယူနိုင်ပေသည်။ အင်္ဂါ၊ ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် ည ၇ နာရီခွဲမှ ၈ နာရီအတွင်း အထူးလွှင့်ထုတ်ပေးမှုများ ရှိမည်ဖြစ်ရာ၊ အသင်၏ အနိစ္စသဘောတရား သက်ဝင် ထင်မြင်မှု မြင့်မားသလောက်၊ အကျိုးကျေးဇူးများကို တွေ့ထိခံစားနိုင်ပေလိမ့်မည်။

အထက်ပါ အစီအစဉ်မှာ ရေဒီယိုလှိုင်း ထုတ်လွှင့်မှု သဘောတရား အတိုင်းပင် ဖြစ်သည်။ ဝေးကွာလှသော ဒေသရှိ အသံလွှင့်ဌာနတခုခုမှ လွှင့်ထုတ်ပေးနေသော အသံကို ဖမ်းယူနားထောင်နိုင်ရန်၊ မိမိ၏ အသံဖမ်းစက်တွင် လိုအပ်သောဓာတ်အားများ ဖြည့်တင်းပြီးရှိရပေမည်။ ထို့အတူ ကျွန်ုပ်၏ တရားလိုက်ဂူမှ လွှင့်ထုတ်ပေးမည့် စိတ်ဓာတ်လှိုင်းများကို ဖမ်းယူနိုင်ရန်၊ သင်၏ အနိစ္စတရား ထင်မြင်မှုအင်အားမှာ ပြည့်ဝနေစေပြီး၊ စေတီရိပ်သာသို့ (မီတာ တင်ညှိသည့်နည်းတူ) တိကျစွာ အာရုံညွှတ်ထားရပါမည်။

အမြင့်မားဆုံးသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့မှ ဖြစ်ထွန်းပေါ်ထွက်လာသည့် ပါပဓာတ်ဆိုးတို့သည် ကမ္ဘာတဝှမ်းလုံး ဖုံးအုပ်၊ ပြန့်နှံ့နေကြောင်း သင်သတိပြုမိပေမည်။ ထို့ကြောင့် အကျွန်ုပ်ထံမှ စိတ်ဓာတ်လှိုင်းများ လွှင့်ထုတ်ပေးရာတွင် လမ်းခရီး၌ အနှောင့်အရှက် အတားအဆီးများ တွေ့ရမည် အမှန်ပင်။ သို့ရာတွင် စမ်းသပ်မှုများအရ၊ ကျွန်ုပ်၏ စိတ်ဓာတ်လှိုင်းများသည် ကမ္ဘာပေါ်တွင် မည်သည့်နေရာဒေသတွင်မဆို နေထိုင်ကြသည့် တပည့်များထံ ပေါက်ရောက်နိုင်ရန်၊ အင်အားပြည့်စုံ ကောင်းမွန်ကြောင်း တွေ့ရှိရသည်။ တပည့်များဘက်မှ၊ ယင်းဓာတ်လှိုင်းများ ဖမ်းမိစေရန်၊ မိမိ၏ကိုယ်ခန္ဓာ၌ အနိစ္စသဘောတရားကို ထင်မြင်လျက် (ဓာတ်လှိုင်းဖမ်းစက်ကို ဖွင့်ထားလျက်) အသင့်ပြင်ဆင်ထားရန်သာ လိုပေသည်။

သင်၏အတွက်၊ မွမ်းမံသင်တန်း အထူးအစီအစဉ်တရပ် ပြုလုပ်လိုလျှင် အာနာပါန-ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းနိုင်မည့် ရက်ကာလ အပိုင်းအခြားနှင့် လုပ်ငန်းစနိုင်မည့် နေ့ရက်ကို ကျွန်ုပ်အား ကြိုတင် အကြောင်းကြားပါလေ။

ပုံ–ဘခင်။

မေလတွင် အမေရိကန်မှ တပည့်ဟောင်း မစ္စတာဟိုးဗားက အထက်ပါ ဆရာကြီး၏ စာအရ သူ့အိမ်တွင် တရားတပတ်ဝင်မည် ဖြစ်ကြောင်း ဓမ္မ ရောင်ခြည်ရိပ်သာမှနေ၍ ဆရာကြီးက အာရုံပြု စောင့်ရှောက်ပေးပါရန် ကြေး နန်းဖြင့် ပေတ္တာရပ်ခံလာသည်။ ဆရာကြီးက မည်သည့်နေ့၊ မည်သည့်အချိန် တွင် ဓမ္မရောင်ခြည်စေတီ လိုဏ်ဂူမှနေ၍ အာနာပါန ကမ္မဋ္ဌာန်းပေးမည်။ မည် သည့်နေ့၊ မည်သည့်အချိန်တွင် ဝိပဿနာကူးပြောင်းပေးမည်။ တရားအာရုံပြု ပေးမည်။ အမေရိကန်၊ သူ့၏အိမ်ဝင်း၊ သီးခြားကမ္မဋ္ဌာန်းတဲတွင် အမေရိကန် နာရီအချိန်များနှင့် ညှိနှိုင်း၍ တရားယူပါဟု ညွှန်ကြားခဲ့သည်။ ၁၀ ရက် တရားပတ် ပြီးဆုံးပြီးသောအခါ စေတီရိပ်သာတွင် ဆရာကြီး၏ ရှေ့မှောက်၌ တရားထိုင်ခဲ့ရသကဲ့သို့ အနိစ္စလက္ခဏာများကို အောင်မြင်စွာ ရှုမြင်နိုင်ခဲ့သည်ဟု မစ္စတာဟိုးဗားက ပြန်လည် အစီရင်ခံခဲ့ပေသည်။

ဆရာကြီး၏ မလျော့သော ဇွဲလုံ့လကား အံ့မဆုံးနိုင်ပေ။ အမေရိကန် ပြည်သို့ လှမ်း၍ မစ္စတာဟိုးဗားအား မွမ်းမံသင်တန်း ပေးနေစဉ် ဆရာကြီး၏ ဆီးရောဂါမှာ အသွင်အမျိုးမျိုးဖြင့် ဒုက္ခပေးနေခဲ့ပေသည်။ မေလ ၇ ရက်နေ့ တွင် ခြေထောက်များ ရောင်အမ်းလာသဖြင့် ဒေါက်တာကျော်လင်းက ဆေးရုံ ကြီးသို့ ဆရာကြီးအား ပင့်ဖိတ်၍ စစ်ဆေးပြန်သည်။ သူမှတဆင့် ဒေါက်တာ ဒေါ်သိန်းကြည်၏ မောင်ဖြစ်သူ၊ ဆေးကုသရေးပါရဂူ ဆရာဝန်ကြီး ဦးထွန်း သင်အား အထွေထွေ ကျန်းမာရေးပိုင်းအတွက် စစ်ဆေး ကြည့်ရှုစေခဲ့သည်။ မေလ ၁၅ ရက်နေ့တွင် ဒေါက်တာကျော်လင်းက ဆီးစစ်ဆေးချက်အရ၊ ဆေး တမျိုး ပြောင်းပေးပြန်သည်။ တချိန်တည်းမှာပင် ဝမ်းကိုက်ရောဂါ ပေါ်လာ သည့်အတွက် သင့်တော်သော ဆေးကို တိုက်ကျွေးရပြန်သည်။

ဤသို့ ဝေဒနာ ခံစားနေရသည့် ကြားမှပင် အထက်၌ ဖော်ပြခဲ့သည့် အတိုင်း မော်လမြိုင်မှ ဆရာတော်ဦးဇောတိကအား ရိပ်သာသို့ပင့်၍ ကမ္မဋ္ဌာန်း နည်းလမ်းကို ပြသပေးလေသည်။ ဆရာတော် တရားထိုင်နေစဉ် အချိန်မှာပင်

မမျှော်လင့်ခဲ့သော အကြောင်းတရပ် ပေါ်ပေါက်လာခဲ့သည်။ အိန္ဒိယပြည်သို့ အပြီးအပိုင်ထွက်ခွာ၍ ဘုံဘိုင်မြို့တွင် နေထိုင်လျက်ရှိသော ဦးဂိုအင်ကာ၏မိခင်ကြီး ပြင်းထန်စွာ နာမကျန်းဖြစ်နေကြောင်း သတင်း ရောက်လာသည်။ ဆရာကြီး၏ ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်ရာတွင်၎င်း၊ ရိပ်သာ၌ အိန္ဒိယအမျိုးသားများအား တရားပြသရာ လုပ်ငန်းတွင်၎င်း၊ အထူးအားထားရသော တပည့်ရင်း ဦးဂိုအင်ကာသည် အိန္ဒိယသို့ ရုတ်တရက် ထွက်ခွာသွားခဲ့ရပေသည်။ သာမန် ပုဂ္ဂိုလ်တဦးတယောက် အတွက်ဆိုလျှင် ဤသို့ အားကိုးရသော ဦးဂိုအင်ကာ ရိပ်သာမှ ခွဲခွာသွားခြင်းကြောင့် ဝမ်းနည်းအားလျော့ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဆရာကြီးမှာမူ ကုန်လုပ်ထိခိုက်မှုမရှိဘဲ၊လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကိုသာ ဆက်လက် လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

၂၂-၆-၆၉ ရက်နေ့တွင် အိန္ဒိယပြည်သို့ ထွက်ခွာသွားသော ဦးဂိုအင်ကာအား ဆရာကြီးက တိစီဝရိတ်သက်န်း ၂ စုံ ပေးအပ်၍ မဟာဗောဓိအသင်းမှ အကြီးအမှူး ဆရာတော် ၂ ပါးအား လှူဒါန်းစေသည်။ မိခင်ကြီးအားလည်း အကောင်းဆုံး ဆေးဝါးကုသမှု ပြုလုပ်ပေးသည့်အပြင် မိမိကိုယ်တိုင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့် အမွန်မြတ်ဆုံး ကုသိုလ်ပြု၍ မိခင်အား အမျှပေးဝေပါဟု ဦးဂိုအင်ကာအား မှာကြား ပြောဆိုလိုက်လေသည်။ ဦးဂိုအင်ကာသည် ဆရာကြီး ဩဝါဒပေးလိုက်သည့်အတိုင်း မိဘများထံရောက်သည့်နေ့မှစ၍ မိမိတရားကို မိမိ စတင်အားထုတ်သည်။ နောက်နေ့များတွင် မိဘနှစ်ပါးနှင့်တကွ၊ တူ၊ တူမ ၃ ယောက်တို့က ဦးဂိုအင်ကာနှင့်အတူ ဘာရားထိုင်လာကြသည်။ မိခင်ကြီး၏ ကျန်းမာရေးလည်း တိုးတက် ကောင်းမွန်လာခဲ့သည်။ ထိုမှတဆင့်တက်၍ ယခင်က အင်းယားမြိုင်ရိပ်သာ၊ ဆရာကြီးထံမှ တရားယူခဲ့သူများ၏ တောင်းပန်မှုကြောင့်၊ ဘုံဘိုင်မြို့တွင် ဝိပဿနာတရား တပတ်ပြသပေးရန် အခွင့်ကောင်း ပေါ်လာခဲ့လေသည်။ အခြေအနေ အချပ်ရပ်တို့ကို ဆရာကြီးထံကြေးနန်းဖြင့် အစီရင်ခံသောကြောင့်၊ အထက်တွင် ဖော်ပြခဲ့သည့် "အဝေးမှ ထိန်းကွပ်သောစနစ်" ဖြင့် ဘုံဘိုင်တရားစခန်းသို့ လှမ်း၍ ကူညီထောက်ပံ့မှုပေးခဲ့လေသည်။ ၁၉၆၉ ခု၊ ဇူလိုင်လ ၃ ရက်နေ့ ညနေ ၈:၃၀ တွင် အာနာပါနတရား စပေးစဉ်က ဆရာကြီးသည် ဆီးစပ်ခံ နေရပြန်လေပြီ။ သို့သော် မိမိ၏ ကျန်းမာရေး အခြေအနေကို အလေးမပြုဘဲ၊ ဘုံဘိုင် တရားစခန်းသို့ အာရုံပို့လွှတ်ပြီး ကူညီနေခဲ့လေသည်။ ဇူလိုင်လ ၈ ရက်နေ့တွင် ဦးဂိုအင်ကာထံမှ ကြေးနန်းရောက်လာသည်။

"ရှိသေလေးစားလျက်၊ ဘခင်ကြီး အပါအဝင် တရားသမား အားလုံး၊ ဝိပဿနာတရား အောင်မြင်စွာ ရကြပါသည်။ တပည့် ဂိုအင်ကာ။ "။

ဤကဲ့သို့ ဝမ်းမြောက်ဘွယ် သတင်းကောင်း ကြားရပြီးနောက် ဆရာဝန် က စစ်ဆေးရာတွင် သွေးခုန်နှုန်း(၅၆) အထိ ကျဆင်းနေ၍ ဆေးပြောင်း တိုက်ကျွေးရသည်ကိုပင် ဆရာကြီးက ရွှင်ပြုံးမပျက် ရှိနေခဲ့သည်။ ဘုံဘိုင်မှ၊ မဒရင်၊ မဒရပ်မှ ကာလကတ္တား၊ နယူးဒေလီသို့ လှည့်လည်၍ တရားပတ်များ အဆက်မပြတ် အောင်မြင်စွာ ပြသနေရကြောင်း သတင်းကောင်းများ နေ့စဉ် လိုပင် ရောက်ရှိလာစဉ်က၊ ဆရာကြီး မည်မျှ အားရကြည်နူး၊ ပီတိဖြစ်နေမည်ကို လွယ်ကူစွာ ခန့်မှန်းနိုင်ပါလိမ့်မည်။

ထိုလ ၈-ရက် နေ့စွဲဖြင့် ဝိပဿနာတရား ပြသနေစဉ် ဦးဂိုအင်ကာ ရေး သား ပေးပို့လိုက်သော အစီရင်ခံစာကို အခန်း (၇) တွင် အပြည့်အစုံ တင်ပြ ခဲ့ပြီး ဖြစ်သည်။ ဆရာကြီး၏ "အဝေးမှထိန်းကွပ်" ၍ တရား ပြသပေးသော နည်းစနစ်သည် လက်တွေ့အမှန် ဖြစ်မြောက်နိုင်ကြောင်း၊ အောင်မြင်နိုင်ကြောင်း ကို ထိုအစီရင်ခံစာက သက်သေခံလျက် ရှိလေပြီ။

ဆရာကြီးသည် နိုင်ငံခြားသို့ ကိုယ်တိုင်သွားရောက်၍ သာသနာပြုလိုခဲ့ ၏။ လွန်စွာ ဆန္ဒ ပြင်းပြခဲ့၏။ မဟာဗောဓိအသင်းမှ ဘိတ်ကြားစာ ရောက် လာသောအခါ၊ အနောက်တိုင်း သာသနာပြုလုပ်ငန်းအတွက် စတင် ခရီးထွက် နိုင်တော့မည် ဟု ဝမ်းမြောက် အားတက်ခဲ့၏။ မျှော်မှန်းချက်အတိုင်း မဆောင် ရွက် နိုင်သောအခါမူ၊ အားလျော့ စိတ်ပျက်ခြင်းမရှိဘဲ မိုပို ကြိုးပမ်းခါ၊ နည်း လမ်း ကြံဆ ရှာဖွေခဲ့၏။ နိုင်ငံခြားသို့ ကိုယ်တိုင် မသွားနိုင်လျှင်၊ နိုင်ငံခြားမှ တပည့်ဟောင်းများအား ဓမ္မဆိမ်းတိုင်ကို ဆရာကြီးကိုယ်စား ထွန်းညှိပေးစေ မည်။ ထွန်းတောက် လာစေမည်။ ဆရာကြီးက ဓမ္မရောင်ခြည်စေတီမှနေ၍ ဓမ္မ ဓာတ်အား ပို့လွှတ်ပေးမည်။ ဤသို့ ရည်ရွယ်ချက်ဖြင့် ထူးဆန်းအံ့ဘွယ်ရာဖြစ် သည့် "အဝေးထိန်း" တရားပြနည်းကို မလျော့သော ဇွဲ လုံ့လဖြင့် တည်ထွင် ကြံဆလိုက်၏။

ယခု ဆရာကြီး၏ ရည်မှန်းချက်များ အောင်မြင်ခဲ့ပေပြီ။ ဆရာကြီး၏ ဘဝတသက်တာ မျှော်မှန်းချက်သည် အကောင်အထည် ပေါ်လာလေပြီ။ ဆရာ ကြီး အလိုဆန္ဒအတိုင်း မဇ္ဈိမဒေသမှစတင်၍ သာသနာပြုလုပ်ငန်းကို ဆောင် ရွက် နိုင်ပေပြီ။ ဆရာကြီး စိစဉ်ထားခဲ့သည့်အတိုင်း တပည့်ကြီး ဦးဂိုအင်ကာ

ကပင်၊ ဆရာကြီး၏ကိုယ်စား ဆရာကြီး၏ မျှော်မှန်းချက်များကို ပြည့်ဝလာရန် ဆောင်ရွက်ပေးနေပြီ။ ၁၉၇၀ ခု၊ နှစ်ဆန်းတွင် ဗုဒ္ဓဂါယာ၌ တရားပတ်များ ပြုလုပ်၍ အိန္ဒိယပြည်တဝှမ်း နိဗ္ဗာနဓာတ် ဖွင့်ပေးတော့မည်။ ထို့နောက် ကမ္ဘာအရပ်ရပ်ရှိ တပည့်များက ဦးဂိုအင်ကာ နည်းတူ ဓမ္မရောင်ခြည် စေတီမှ ဓမ္မ အားများကိုခံယူ၍ ဓမ္မဆီမီးတိုင်များကို ထွန်းညှိတောက်ပစေကြတော့မည်။

မိမိ၏ မလျှော့သော ဇွဲလုံ့လ၊ ကြီးမားသောစေတနာ၊ မြင့်မားသည့် ပညာတို့၏ အကျိုးရလာဒ်များကို ဆရာကြီး မျက်မြင် တွေ့ရှိလာပေပြီတကား။

## (၈) "သာသနာ့အရေး၊ အသက်ပေး"

"ဗုဒ္ဓမြတ်စွာ၊ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ။
လူ နတ် များစွာ ချမ်းသာရေးမို့
အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ၊ သာသနာအတွက်မို့
ငါ့ပါအသက် ဆုံးစေမည်။
နောက်မဆုတ်ပေါင်၊ ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်။ ။

အထက်ပါဆောင်ပုဒ်မှာ ကျေးဇူးရှင်၊ မဟာဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသ၏ သာသနာရေးနှင့် ပတ်သက်သည့် ခံယူချက် ဖြစ်ပေသည်။ဆရာ တော် သည် ဤခံယူချက်အတိုင်း အသက်ကို ပဓာနမထားဘဲ၊ သာသနာ့ အ ရေး ကိုသာ ဦးလည်မသုံ၊ ကျင့်သုံး ဆောင်ရွက် သွားတော်မူခဲ့ပေသည်။ ဆရာ တော် နှင့် ဆရာ-ဒါယကာ ဖြစ်သည့် ဆရာကြီး ဦးဘခင်သည်လည်း သာသနာ ရေးရာ ခံယူချက်တွင် ဆရာတော်နှင့် တသွေမတိမ်း၊ထပ်တူထပ်မျှပင်ဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ ၁၉၆၃ ခုနှစ် နောက်ပိုင်းမှစ၍ ဆီး ရောဂါ ဖိစီး နှိပ်စက်သဖြင့် ဆေးရုံသို့ အကြိမ်ကြိမ် တက်ရောက်ကုသနေရသည့် ကြားမှ ပင် နိုင်ငံခြား သာသနာပြုလုပ်ငန်းကြီးကို ခိုင်မာစွာ အခြေချမိသည့်တိုင်အောင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သွားခဲ့ပေသည်။

ဆရာကြီးသည် ၁၉၆၉ ခုနှစ်တွင် ဆေးရုံသို့ (၃) ကြိမ် တိုင်တိုင်၊ တက်ရောက်၍ ခွဲစိပ်ကုသမှု ခံခဲ့ရကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ပထမ နှစ်ကြိမ် ဆေးရုံတက်ခဲ့ရာတွင် ဆေးကုသထုံးမှာ ၁၉၆၀ ခုနှစ်ကကဲ့သို့ပင် ဆီးပိုက် တပ်ပေးခြင်း၊ တီယူအာရ် အော်ပရေးရှင်းလုပ်ခြင်း၊ ဆီးအိမ် ဆေးကြောခြင်းတို့ပင် ဖြစ်သည်။ ဆေးရုံမှ ဆင်းခဲ့ပြီးနောက် ရိပ်သာတွင် သူနာပြု ဆရာမများနှင့် ဆက်လက် ပြုစုပေးခဲ့ရသည်။ ဒီဇင်ဘာလတွင် တတိယအကြိမ် ဆေးရုံ တက်ရပြန်သည်မှာ ဆီးသွားရာတွင် သွေးနှင့် သွေးခဲများ အဆက်မပြတ် ကျဆင်းလာခြင်းကြောင့် ဖြစ်သည်။ ဤတကြိမ်တွင် ကုထုံးပြောင်း၍ ဆရာကြီး ၏ ကိုယ်ခန္ဓာတွင် သွေးများ သွတ်သွင်းပေးကြသည်။ အင်ဒရယ်နဆင်းခေါ် သွေးရပ်ဆေးကို တိုက်ကြသည်။ ဒီဇင်ဘာလ ၂၇-ရက်နေ့တွင် ဆီးထဲ၌ သွေး ကင်းစင်သွားပြီ ဖြစ်သဖြင့် ဆေးရုံမှ ဆင်းခွင့် ပေးလိုက်လေသည်။

ရိပ်သာသို့ ပြန်ရောက်သည်နှင့် ဆရာကြီးသည် စေတီလိုဏ်ဂူတွင် တရားလုပ်ငန်းများ ဆက်လုပ်ပြန်သည်။ ဆရာတော် အရှင်ဇနကာဘိဝံသ၏ သာသနာရေး ကံသည် "နှိပ်လေ ထလေ၊ ဖိလေ ကြွလေ၊ ဘော့လုံးပမာ မြေပေါ်မှာ နာနာပေါက်လေ၊ မြင့်မြင့်တက်လေ" ဖြစ်သည် ဟု ဆိုပါသည်။ ဆရာကြီး ဦးဘခင် သည်လည်း ဆီးရောဂါပိုး နှိပ်စက်လေ၊ ပို၍ တရား ပြပေးလေ။ နိုင်ငံခြား သာသနာပြုလုပ်ငန်းကို တိုး၍ ဆောင်ရွက်လေ ဖြစ်သည်ဟု ဆိုရပါမည်။

၁၉၇၀ ခု နှစ်ဆန်းကပင်စ၍ ရောဂါပိုးကျွမ်းလာသည့် အရိပ်လက္ခဏာများတွေ့ရသည်။ ဆေးစားနေစဉ် သွေးရပ်သွား၍ ဆေးဖြတ်ထားလျှင်သွေးပါလာပြန်သည်။ သွေးသက်သက်မဟုတ်၊ ပြည်များလည်း ကျဆင်း လာသည်။ ဤအတောအတွင်း ဘယ်အခါကမှ ဒုက္ခမပေးခဲ့ဘူးသော သွားနာရောဂါပေါ်ပေါက်လာ၍ သွားဆေးကုဆရာဝန်ထံ ဆေးကုခံရပြန်သည်။ သွားနာလျက်ပင် လစဉ် ၁၀ ရက်တရားပတ်ကို ပြသပေးပါသည်။ အိန္ဒိယပြည်မှလည်း တရားပတ်များ အဆက်မပြတ်ပြုလုပ်ပေးနေရကြောင်း၊ သတင်းများရောက်လာသည်။ စာနှင့်တ ု၊ ကြေးနန်းဖြင့်တပျိုး၊ တယ်လီဖုံးနှင့်တသွယ်၊ တရားပတ်ကျင်းပမည့်နေရာ၊ ဌာန၊ နေ့ရက်နှင့် အချိန်သတင်းများ ရောက်လာတိုင်း၊ မိမိ၏ ဝေဒနာကို ဂရုမပြုဘဲ၊ စေတီလိုဏ်ဂူမှနေ၍ ဦးဂိုအင်ကာ၏ တရား စခန်းသို့ မေတ္တာခါတ်များ ပို့လွှတ်၍ အာရုံပြုပေးလေသည်။

ဆေးမှတ်တမ်းများအရ ၁၉၇၀ ခုနှစ်တွင် ဆီးရောဂါသက်သာ၍ နေသာထိုင်သာရှိလှသော ရက်ပိုင်း၊ လပိုင်းဟူ၍ မရှိခဲ့သလောက်ပင်၊ လစဉ်ဆီးစစ် လစဉ်ဆရာဝန်စစ်ဆေး၊ ဆေးသစ်ပြောင်းပေး၊ အနည်းငယ် သက်သာလိုက်၊ တရားလုပ်ငန်းဆက်လုပ်လိုက်၊ ဆီးတွင် သွေးပါလာပြန်၊ ဆီးစစ်ပြန်၊ ဆေးပြောင်းပေးပြန်နှ ့် ဘဝနိဂုံးချုပ်သော ရက်သို့ ိုက်ရောက်ခဲ့ရလေသည်။

ဤသို့ ကျန်းမာရေး အခြေအနေမှာ အကောင်းဘက်သို့ မလှည့်လာတော့ဘဲ၊ ပိုမိုဆိုးဝါးလာနေသော်လည်း ဆရာကြီး၏ စိတ်ဓာတ်ကြံ့ခိုင်မှုကား အနည်းငယ်မျှပင် လျော့ပါးသည်မရှိ။ ညှိုးနွမ်းမှုမရှိ၊ အားမာန်အပြည့်အဝနှင့် လှုပ်ရှားသွားလာဆဲပင် ဖြစ်သောကြောင့် တပည့် အပေါင်းက ယိုင်နေပြီဖြစ်သော ဆရာကြီး၏ ကျန်းမာရေး အခြေအနေအမှန်ကို မသိမြင်ခဲ့နိုင်ကြခြင်းဖြစ်လေသည်။

၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ တနင်္ဂနွေနေ့နံနက်(ဂ၊၃၀) အချိန်တွင် မြန်မာနိုင်ငံတော် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၏ ၁၇ ကြိမ်နှစ်ပတ်လည် အစည်းအဝေးကို စေတီရိပ်သာ ဓမ္မာရုံ၌ ကျင်းပ ခဲ့လေသည်။ သဘာပတိ ဆရာကြီးဦးဘခင်က အစည်းအဝေးအဖွင့် မိန့်ခွန်းကို အောက်ပါပါအတိုင်း ပြောကြားခဲ့လေသည်။

“ပြီးခဲ့တဲ့နှစ်အတွင်းတော့ ဆရာကြီး တရားကောင်းကောင်း မပြနိုင်ခဲ့၊ ဆီးရောဂါက စက်တင်ဘာလကုန်အထိ ဖြစ်နေတယ်။ ဆရာကြီး နေမကောင်းသည့်အချိန်အတွင်း၊ ဝိုင်းဝန်းကူညီကြတဲ့ တပည့်များကို ကျေးဇူး တင်တယ်။ ၎င်းတို့၏ စေတနာအလျောက် နိဗ္ဗာန်ချမ်းသာကို ရပါစေလို့ ဆရာကြီးအထူး မေတ္တာပို့လျက်ရှိပါတယ်”

“ဆရာကြီးအနေနဲ့တော့ လောကီကိစ္စတွေကို အားလုံးဖြတ်ထားတယ်။ နေကောင်းသွားရင် တရားပြသနိုင်မယ်။ သို့သော်လဲ တရားအားထုတ်မည့်သူက ခတ်ရှားရှားဘဲ၊ မစ္စတာဂိုအင်ကာတို့ အိန္ဒိယပြည်တွင် တရား ပြသ နေတယ်။ တရားပြသရမှာ မလွယ်ကူပါ။ အခက်အခဲအမျိုးမျိုးကြားထဲက အောင်မြင်နေတာတွေ့ရတယ်။ ဒါဟာ သာသနာကြီး အိန္ဒိယပြည်မှာ ပြန်လည် ထွန်းကားလာမဲ့ အတိတ်နိမိတ်ဘဲ။”

“ဆရာကြီး အထူးပြောချင်တာကတော့ တပည့်အပေါင်းတို့ဟာ ဆရာကြီးထံမှ ရထားတဲ့ တရားများကို ထိန်းသိမ်းထားရန်ပါဘဲ၊ ကမ္ဘာကြီးဟာယခု နေအခါ ပါပဓာတ်ကြမ်းများ ဖုံးလွှမ်းနေတယ်။ ကုသိုလ်တရားများများပွားနိုင်မှ ဒီဓာတ်ကြမ်းတွေကို နှိမ်နိုင်မယ်။ ကုသိုလ် တရားများတွင် ဝိပဿနာကုသိုလ်ဟာ အမြတ်ဆုံးပါဘဲ။ ဒါကြောင့် ဒီကုသိုလ်ကို တပည့်အပေါင်းတို့က အမြဲပွားများရန် ဆရာကြီးလိုလားတယ်။

“အဖြစ်အပျက်တွေ စဉ်းစားကြည့်ရင် အံ့မခန်းဘဲ၊ တရား တော်ရဲ့ တန်ခိုးဟာ အလွန်ကြီးမားပါပေတယ်။ ဆရာကြီးတို့ရဲ့ မွန်မြတ်လှတဲ့ စေတ

နာနှင့်လုပ်ငန်းမှာ အတားအဆီးတွေ အနှောင့်အရှက်တွေ အလွန်များတယ်။ ကမ္ဘာလှည့်သာသနာပြုဘို့၊ အိန္ဒိယပြည်မှာ အခြေစိုက်ဘို့ ကြိုးပမ်းခဲ့တာအဖက်ဖက်က ဝိုင်းပိတ်ဆို့ထားသလိုဘဲ၊ ထွက်ပေါက်မမြင်ရသလောက်ဘဲ၊ ဟောအခုတော့ ဂိုအင်ကာမမျှော်လင့်ဘဲ အိန္ဒိယရောက်သွားရတယ်။ မမျှော်လင့်ဘဲ တရားစပြရတယ်။ အခုတနှစ်ကျော်သွားပြီ၊ တရားပတ်များ အဆက်မပြတ် ပေးနေတယ်။ အိန္ဒိယပြည်မှာ ကောင်းကောင်းအခြေစိုက်မိပြီး။ ဒီ အိုင်၊ အစ်၊ စီ လို ဌာနကြီး အိန္ဒိယမှာ ပေါ်ပေါက်လာမှာ သေချာတယ်။ ဂိုအင်ကာရဲ စွမ်းရည်သတ္တိနှင့် သဒ္ဓါတရားကို ဆရာကြီး ကောင်းကောင်းယုံကြည်တယ်။”

ဆက်လက်၍ ဆရာကြီးက သူ၏ မျှော်မှန်းချက်များကို ပြောပြနေပြန်သည်။ “အိန္ဒိယပြီးရင်၊ အနောက်ဖက်လှည့်ရမယ်။ အမေရိကန်နှင့် အင်္ဂလန်၊ အမေရိကန်မှာ ဟိုးဗားရှိတယ်။ အင်္ဂလန်မှာ ကိုးလ်မင်း ရောက်နေပြီ။ သူက အဲဒီမှာ အိမ်ယောင်ကျပြီး၊ အဲဒီမှာ အခြေစိုက်လိမ့်မယ်။ နှစ်ယောက် စလုံး ထူးခြားတဲ့ ပါရမီရှင်များဘဲ။ အနောက်တိုင်း သာသနာပြုလုပ်ငန်းမှာ သူတို့ ကိုပွဲဦးထွက် ပဏာမ ပျိုးခိုင်းရမယ်။ နှစ်ယောက်စလုံး ကိုယ်ပိုင် တရားတော့ အတော်အတန်ပြည့်စုံကြပါပြီ။တရားပြပေးဘို့၊ အားနည်းနည်းလိုကြသေးတယ်။ အဲဒီအားဖြည့်ကြပါ။ ဆရာကြီးကိုယ်စား တရားပြပေးဘို့ မွမ်းမံသင်တန်းတက်ကြပါ။ ဒီကိုပလာနိုင်ရင် ကိုယ့်အိမ်မှာဘဲ တရားပတ် ထိုင်ကြပါ။ ဒီကနေ လှမ်းပြီး အာရုံပြုပေးမယ်။ ကူညီပေးမယ်လို့ ဆရာကြီး စာရေး ထားတယ်။ ဟောဒါတွေဘဲ။”

အထက်တွင် ဖော်ပြခဲ့သော စာနှစ်စောင်ကို ထုတ်ပေးရင်း “အဲဒါတွေကို ပင်းသိမ်းထားပေတော့။ နောင်အသုံးပြုရအောင်၊ ဒါနဲ့ ပင်းဆီ ပို့လိုက်တဲ့ စာတဲ့ကြီးကော ရရဲ့လား။”

“ကျွန်တော် ရန်ကုန်မလာခင်ကလေး၊ ရခဲ့ပါတယ်။”

ဆရာကြီးသည် (၁၇-၁၀-၇၀) နေ့စွဲဖြင့် စာတွဲကြီး တတွဲကို မှတ်ပုံတင်ပြုလုပ်၍ ကျွန်တော့်ထံ ပို့ခဲ့ပါသည်။ ဆရာကြီး လက်ရေးဖြင့် ဖိုင်တွဲအပေါ်ဆုံး စာချွက်တွင် အောက်ပါအတိုင်း ရေးလိုက်ပါသည်။

“ဦးကိုလေး........

ဆရာကြီးနှင့် ပတ်သက်သည့် ဖိုင်တွဲပြည့်စုံရန် ဤစာရွက် စာတမ်းမိတ္တူများ၊ ပေးပို့လိုက်သည်။ ကောင်းစွာ သိမ်းဆည်း၍ ထားစေလိုပါသည်။”

ဘခင်

(၁၇-၁၀-၇၀)

ဆရာကြီးမှာကြားသည့်အတိုင်း ယင်းစာတွဲကြီးကို ယခင်စာတွဲများနှင့် အတူ ကောင်းစွာသိမ်းဆည်းထားခဲ့ပါသည်။ ထို့ကြောင့်သာ ယခုကဲ့သို့ ဆရာကြီး၏ အတ္ထုပ္ပတ္တိကို တိကျပြည့်စုံစွာ တင်ပြနိုင်ခြင်းဖြစ်ပါသည်။ မေမြို့သို့ပို့ လိုက်သောစာတွဲမှာ မဟာဗောဓိ အသင်းမှ ဖိတ်ကြားစာများ။ ပြန်ကြားစာ များနှင့် နိုင်ငံကူးလက်မှတ်ရရန် လျှောက်လွှာများ၏ မိတ္တူများဖြစ်သည်။ ထိုစာများနှင့် ယခုဆရာကြီး ပေးသော စာနှစ်စောင်ကို ဖတ်ကြည့်ပြီးမှ နိုင်ငံခြားသို့ သွားရောက်၍ သာသနာပြုနိုင်ရန် မည်မျှကြိုးပမ်း စီစဉ်ခဲ့သည် များကို အပြည့်အစုံ သိလာရပါသည်။

"ဝမ်းသာစရာကောင်းတာက ဆရာကြီး၏လုပ်ငန်းကို ပြည်တွင်းပြည်ပ မှာ ထင်ပေါ်ကျော်ကြားနေတဲ့ဆရာတော်ကြီးများက မှန်ကန်သည့်အကြောင်း၊ အားလုံးထောက်ခံကြတယ်။ ဒါကြောင့် ဆရာကြီး မှာကြားချင်တာက တပည့် အပေါင်းတို့ဟာ ရထားတဲ့တရားကို မပျောက်မပျက်စေဘို့ အစဉ်တစိုက် အား ထုတ်ရန် တိုက်တွန်းလိုကြောင်း"ဖြင့်......မိန့်ကြားသွားပါသည်။

ထို့နောက် အစီအစဉ်အရ လွန်ခဲ့သော နှစ်ပတ်လည် အစည်းအဝေး မှတ်တမ်းဘတ်ကြားအတည်ပြုခြင်း၊ အတွင်းရေးမှူး၏ အစီရင်ခံစာကို ဘတ် ကြား အတည်ပြုခြင်း၊ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၆၉ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ ငွေစာရင်းရှင်းတမ်းများကို ဘတ်ကြားအတည်ပြု ခြင်း၊ အမှုဆောင်သစ် ရွေးကောက် တင်မြှောက်ခြင်း စသော လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဆရာကြီးက သဘာပတိ နိဂုံးချုပ်မိန့်ခွန်း ပြောကြား သည်။

"ဒီနှစ်တော့ ကျန်းမာရေးအခြေအနေ ပိုကောင်းလာလို့ တရားပြနိုင် ပြီ၊ တရားပြတဲ့လုပ်ငန်းက ၂ ပိုင်းရှိတယ်။ တပိုင်းက ပြည်တွင်း၊ ကျန်တပိုင်းက ပြည်ပမှာ တရားပြဘို့ပဲ။ ယခုနေအခါမှာ အခက်အခဲအမျိုးမျိုးကြောင့် ပြည်ပ သို့ သွားရောက်ပြီး တရားမပြနိုင်သေးတော့ ဆရာကြီး ဒီဌာနကဘဲ (distant control) နဲ့ တရားပြနေတယ်။ နိုင်ငံခြားမှာ မစ္စတာဂိုအင်ကာ အောင်မြင် နေတာဟာ ဆရာကြီးက **ဒီနေရာကနေ ထောက်ပံ့ကူညီနေလို့** အောင်မြင်နေ တာဘဲ။ ထိုနည်းအတူ ကမ္ဘာအရပ်ရပ်ကို ပြန့်ပွားအောင်လုပ်ရန် အစီအစဉ်ရှိ တယ်။ အရေးကြီးတာကတော့ ဆရာကြီးကျန်းမာဘို့ဘဲ။ ယခုတော့ **ဆရာကြီး ရှန်းကန်ထွက်လာပြီး သာ**သနာကိစ္စကို **အသက်ပေးပြီး ဆောင်ရွက်သွားဘို့ အဓိဋ္ဌာန်ချထားပြီဖြစ်ကြောင်း။**"......ပြောကြားရင်းနိဂုံးချုပ်လိုက်ပါသည်။

ထို့နောက် ဆရာကြီးအား တပည့်အားလုံး ကန်တော့၍ ဆရာကြီးက ပြုသမျှကုသိုလ်အဖို့ အမျှအတန်းပေးရာ၊ သာဓု သုံးကြိမ်ခေါ်ဆိုကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

၁၉၇၀ ခုနှစ်၊ အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ သရေစည်သူဆရာကြီး ဦးဘခင်၊ အတွင်းရေးမှူး ဦးဘတိုး၊ ငွေထိန်း ဦးဘုန်းရှိန်၊ အမှုဆောင်များအဖြစ် ဝဏ္ဏကျော်ထင်ဦးချစ်တင်၊ ဦးတင့်ရှိနှင့် နောက်ထပ် အခြားအဖွဲ့ဝင် ၅ ဦးတို့အား သဘောတူ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အထက်ပါပုဂ္ဂိုလ်ကြီးများမှာ ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့ စတင်တည်ထောင်သည့် အချိန်မှစ၍ ထိုနေ့တိုင်အောင် ယင်းအဖွဲ့အစည်းကြီး၌ အဆက်မပြတ် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ငွေထိန်း၊ အမှုဆောင်လူကြီးများအဖြစ် တာဝန် ထမ်းဆောင်ခဲ့ကြပေသည်။

အစည်းအဝေး တက်ရောက်ကြသော ဝိပဿနာအဖွဲ့ဝင်အားလုံးတို့သည် မိမိတို့အသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို ဆရာကြီးသည် ထိုအကြိမ် နောက်ဆုံး တက်ရောက်ခြင်း ဖြစ်ကြောင်း မရိပ်စားမိခဲ့ကြပေ။ အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် နောက်ဆုံး နှုတ်ဆက်မိန့်ခွန်းပြောကြားသွားကြောင်း မည်သူမှ မသိနိုင်ခဲ့ပေ။ ဆရာကြီးကိုယ်တိုင်ကမူ၊ နောင်ဖြစ်ပျက်လာမည့် အခြေအနေများကို ကြိုတင်ခန့်မှန်းပြီးဖြစ်နေပေပြီလော။ စဉ်းစားစရာပင်။

၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် စာပေဗိမာန်ဆုပေးအခမ်းအနားပွဲသို့ တက်ရောက်ရင်း ဆရာကြီးထံပါးသို့ ကျွန်တော် ရောက်ခဲ့ပြန်သည်။ ဆရာကြီး၏မျက်နှာမှာ အတန်ပင် ချောင်ကျသွား၍ ကိုယ်အလေးချိန်လည်း သိသိသာသာလျော့နေသည်ကို မြင်တွေ့ရသည်။ ဆရာကြီးကမူ ရွှင်ပြုံးမပျက်ဘဲ၊ ကိုယ်အလေးချိန် ၁၀ ပေါင်ခန့်သာ လျော့ကြောင်း၊ စိုးရိမ်စရာမရှိကြောင်း၊ ပေါ့ပေါ့ပါးပါး နေလို့ပင် ကောင်းကြောင်း၊ ပြောပြသည်။ မမျှော်လင့်ဘဲ ကျွန်တော်ရောက်လာသဖြင့် ဝမ်းသာနေသည်။ ကျွန်တော် စာပေဗိမာန်ဆု ရ၍လည်း ဝမ်းမြောက်နေပုံရသည်။ ရိပ်သာတွင် တည်းအိပ်မည်ဟု ကျွန်တော်က ပြောသောအခါ ပို၍ဝမ်းသာသွားသည်။ ဆရာကြီးသည်ပျော်မြူးရွှင်ပြ၍သာ နေသည်။ အမှန်မှာ ထိုအချိန်က ဆီးတွင် သွေး ပါနေပြန်သဖြင့် ဆေးတပတ် သောက်နေရပြန်ကြောင်း ကျွန်တော် သိခဲ့ရသည်။

ထိုနေ့ညတွင် ကျွန်တော်နှင့် ဦးချစ်တင်တို့သည် ဆရာကြီး၏အခန်းထဲမှာပင် ဆရာကြီးအား စောင့်ရှောက်ပြုစုရင်း အိပ်ခဲ့ကြသည်။ ဦးဂိုအင်ကာက

ဆရာကြီးကိုယ်စား၊ အိန္ဒိယတွင် ပျောက်ကွယ်သွားခဲ့သော နိဗ္ဗာနဓာတ်ကို ပြန်လည်ဖွင့်လှစ်ပေးနေပုံအကြောင်း၊ ဆရာကြီးက အားရပါးရ ပြောပြနေပေသည်။ တရားပြရာတွင် ဦးဂိုအင်ကာ တွေ့ရသော အခက်အခဲများ၊ မည်သို့ အောင်မြင်ပုံများ ပြောပြ၍ သူ့တပည့်ကြီး ကြိုးပမ်းပုံကို ကြေနပ်ကြည်နူးနေပေသည်။ "အနိစ္စသဘောတရား အစစ်အမှန်ကို ထိုးထွင်း သိမြင်နိုင်တာဟာ၊ ဓမ္မအားပဲ။ အဲဒီ အားရလာလျှင် ပါပဓာတ်အနှောက်အရှက်ကို ချေဖျက်ပစ်နိုင်တာပေါ့" ဟု ဆရာကြီးက ရှင်းပြသည်။

ဆရာကြီးက ဆက်လက် ပြောပြန်ပါသည်။ "ကိုယ်တိုင်တရားပြပေးဘို့ မွမ်းမံသင်တန်း တက်ကြပါလို့ တိုက်တွန်းလိုက်တဲ့သူ (၆)ဦးအနက်က ဟိုးဗား ဆီကဘဲ ပြန်စာ ရသေးတယ်။ တချို့လဲ လိပ်စာ အပြောင်း အလဲ ရှိသလား မပြောတတ်ဘူး။ ဟိုးဗားကတော့ (၅) ရက် တရားပတ်တောင် ထိုင်ပြီးပြီ။ ဒီကနေ ထိန်းသိမ်းပေးတာ အောင်မြင်ပါတယ်။ ဂိုအင်ကာနဲ့လဲ ဒီနည်း သုံးတာဘဲ။ ဘယ်လောက် အောင်မြင်သလဲ၊ မိမိ ကိုယ်တွင်းမှာ ဓာတ်ခံ အား ကောင်းနေဘို့သာ အရေးကြီးတယ်။ အနိစ္စသဘောတရား ပိုင်ပိုင်နိုင်နိုင်မြင်လေ အား ကောင်းလေဘဲ။ ဟိုးဗားက အခု ပဋ္ဌာန်း ပစ္စယုဒ္ဒေသနည်းတွေကို လူနှင့် ပတ်ဝန်းကျင် အပြန်အလှန် ဆက်စပ်ရာမှာ ဘယ်လို အသုံးချနိုင်ပုံအကြောင်း စာအုပ် ရေးနေတယ်။ အဲဒါရေးပြီးရင် တရား ပြန်ထိုင်ခိုင်းရအုံးမယ်၊ ဒီတခါ မွမ်းမံသင်တန်း တက်ပြီးရင်တော့ အမေရိကန် မှာ တရား စပြ တော့လို့ ကိုယ်စားလည် လွှဲပေးလိုက်မယ် စိတ်ကူးတယ်။ ကိုးလ်မင်းလည်း "ကွိုက်ယက်မိုင်း" စာအုပ် ရေးနေတယ်။ ဒါကြောင့် စာမပြန်သေးတာနှင့်တူတယ်။"

ဤသို့ စိတ်အားထက်သန်စွာ စကားပြောနေသော ဆရာကြီးကို မြင်တွေ့နေရသဖြင့် ဆီးရောဂါ ဖိစီး နှိပ်စက်ခြင်း ခံနေရသူတဦး ဖြစ်သည်ကိုပင် ကျွန်တော်တို့ မေ့လျော့နေခဲ့ကြသည်။ ထို့ကြောင့် အခွင့်ကောင်းယူ၍ ဆရာကြီး ကိုယ်တိုင် တရား ရှာခဲ့ပုံ၊ တရားထိုင်ခဲ့ပုံ၊ တရား စပြပေးပုံ အကြောင်းတို့ကို မေးမြန်း ကြည့်လိုက်မိ၏။ ဆရာကြီးက လိုလိုချင်ချင်ပင်၊ ဆရာသက်ကြီးထံ ရှေးဦး ရောက်သွားပုံမှစ၍ ၁၉၄၁ ခုနှစ်တွင် ကျေးဇူးရှင် ဝေဘူဆရာတော် ထံမှောက်သို့ ရောက်သည်အထိ၊ အခန်း (၂) တွင် ဖော်ပြပြီးအတိုင်း၊အကြောင်းစုံ ပြောပြခဲ့၏။

ဆရာသက်ကြီး၏အကြောင်း ပြောရာမှ လွန်ခဲ့သော ၈-နှစ်၊ ၁၉၆၂ ခု၊ ပြည်ထောင်စုနေ့က၊ တပည့်ပရိသတ် (၂၀) ကျော်နှင့် မိမိ တရားပြ ဆရာကြီး

အား ဂါရဝပြုရင်း သူ၏ လက်ငုတ်လက်စ အခြေအနေများကို စုံစမ်းရန် ဒလ၊ ပျော်ဘွယ်ကြီးရွာ သွားခဲ့ကြပုံကို သတိရသွားဟန်တူ၏။ ထိုအဖွဲ့တွင် ကျွန်တော်လည်း လိုက်ပါသွားခဲ့ရသဖြင့်၊ ဆရာသက်ကြီး၏ ကုသိုလ်ကောင်းမှုဖြစ်၍ ဆရာကြီး ဦးဘခင် ပထမဆုံးအကြိမ် စနစ်တကျ ကမ္မဋ္ဌာန်းတရား အားထုတ်ရာ၊ ဓမ္မာရုံ ဇရပ်ကြီးနှင့် ဘုရားတန်ဆောင်းတို့ကို တွေ့မြင်ခဲ့ရ၏။ အဆောက်အဦးများမှာ ယိုယွင်း ပျက်စီးလျက်၊ ပြုပြင်ထိန်းသိမ်းမှု ကင်းမဲ့နေသဖြင့် စိတ် မချမ်းမသာ ဖြစ်ကြရ၏။ ဆရာသက်ကြီး၏တူ၊ ဦးညွန့်နှင့်တွေ့ဆုံပြီး၊ ဓမ္မာရုံနှင့် ဘုရားတန်ဆောင်းတို့ကို ပြန်လည်ပြုပြင်ထားရန် တိုက်တွန်း၏။ ဆရာကြီးတို့ အဖွဲ့မှလည်း ကုသိုလ်ပါဝင် ကူညီကြမည် ဟု အားပေးစကား ပြောခဲ့၏။ ဆရာသက်ကြီး တရားပြသရာ မူလဋ္ဌာနတွင် တရား ဆက်လက် ပြသနေနိုင်ရန် ကြိုးပမ်းကြဘို့လည်း ဆော်ဩ၍ ယခင်က တရားပြခဲ့သူများအား မှမ်းမံသင်တန်းတက်ရန်၊ စေတီရိပ်သာသို့ ပို့ပေးဘို့ ဆရာကြီးက မှာကြားခဲ့၏။

ဆရာကြီး မှာကြားထားခဲ့သည့်အတိုင်း ဒလ၊ ပျော်ဘွယ်ကြီးရွာမှပုဂ္ဂိုလ်အချို့ ဆရာကြီးထံ ရောက်လာ၍ တရား အားထုတ်သွားခဲ့သည်ကို ကျွန်တော်တွေ့မြင်ခဲ့ပါသည်။ အဆောက်အဦးများကို တတ်စွမ်းသမျှ ထိန်းသိမ်း ပြုပြင်ကြကြောင်း ကြားသိခဲ့ရ၏။ ယခု ဆရာကြီးက ဤအကြောင်းအရာ များကိုပြန်လည်သတိရလျက် –ဦးချစ်တင် အား၊

"ကိုညွန့်တို့ဆီကလဲ သတင်း မကြားပြန်ဘူး။ ချစ်တင်၊ စုံ စမ်း ကြည့်စမ်း ပါဦး။ ပြီးတော့ ဒီနှစ် ဆရာသက်ကြီး ပူဇော်ပွဲကို အထူး ပြုလုပ်ရမယ်။ ဆရာသက်ကြီးကွယ်လွန်တာ (၂၅)နှစ် မြောက်တဲ့နှစ်ဘဲ။အဲဒါ မမေ့ကြနှင့်။"

ညဥ့်နက်သန်းကောင် ကျော်သွားခဲ့ချေပြီ။ ဆရာကြီးအား မောပန်းမည်စိုးသဖြင့် အနားယူပါရန် တောင်းပန်ခဲ့ကြရသည်။ ဤအချိန်အခါသည် ဆရာကြီးအား အသက်ရှင်လျက် တွေ့မြင်ကန်တော့ရသော နောက်ဆုံး အကြိမ်ဖြစ်ကြောင်းကို ထိုစဉ်က ကျွန်တော်မသိနိုင်ခဲ့ပေ။

ကျွန်တော်တို့အား ပြောပြခဲ့သည့်အတိုင်း ထိုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်ဆရာကြီးသည် မစ္စတာဟိုးဗားထံ စာတစောင်ရေးပြန်သည်။ ထိုစာတွင် "ပစ္စတာဂိုအင်ကာသည် ဆရာကြီးကိုယ်စား အိန္ဒိယပြည်တွင် တရားပြသနေပြီဖြစ်ကြောင်း၊ တနှစ်ကျော်ကာလအတွင်း တရားပ၁် ၂၀ မျှပေး၍ ယုံကြည်မှုမျိုးစုံရှိသော လူမျိုးပေါင်းစုံ ၄၀၀ ကျော်ကို တရားပြပေးပြီး ဖြစ်ကြောင်း၊

ဆရာတော် အရှင်ဓမ္မရတန၊ အမ်၊ အေ၊ ဒီ၊ ဖီးလ် ကဲ့သို့ ပိဋကတ် စာတတ် ကျွမ်းသည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများလည်း သူ့ထံတွင် တရားယူပြီး ကြကြောင်း၊ ဒီလ ၁၁ ရက်နေ့တွင် မဟတ္တမဂန်ဒီ၏ဝါဒ လက်စွဲပြုသူများကို ဂန္ဒီရိပ်သာတွင် တရားတပတ်ပြ၍ ပြီးဆုံးသွားကြောင်း၊ ဒီလ ၁၃ ရက်မှစ၍ ဗုဒ္ဓဂါယာတွင်ရှိသော မြန်မာဇရပ်တွင် နိုင်ငံခြားသားများအား သီးသန့်တရား ပေးမည်ဖြစ်ကြောင်း အားလုံးအင်္ဂလိပ်ဘာသာ စကားပြောသူ တရားသမား ၆၀ ရှိမည်ဖြစ်၍ အမေရိကန် အများအပြားပါဝင်ကြကြောင်း၊ ထို့ရှိသော် သည် မစ္စတာဂိုအင်ကာ တရားပြလေရာ ဒါလဟိုဇီ၊ နယူးဒေလီ၊ ဘုံဘိုင်၊ ဗုဒ္ဓဂါယာသို့လိုက်၍ တရားထိုင်ကြကြောင်း ” ရေးသားထားသည်။

ဆက်လက်၍ “မစ္စတာဂိုအင်ကာထံ တရားယူသူများသည် အမေရိကန် သို့ပြန်ရောက်လျှင် ဘာလုပ်ရပါမလဲဟု စိတ်ပူနေကြသည်။ သင့်ထံသွား၍ တ ရားဆက်လက်အားထုတ်ကြဟုပြောလိုက်ရန် ကျွန်ုပ်က မစ္စတာဂိုအင်ကာသို့အကြံ ပေးလိုက်သည်။ ထို့ကြောင့် သင်သည် ဝိပဿနာတရားကို မလွှဲမသွေပြသပေး ရတော့မည်။ ဤလေးနက်မွန်မြတ်သော တရားတာဝန်အတွက် သင်သည် အ သင့်ဖြစ်နေရတော့မည်။ ဝိပဿနာတရားကို သင်ကောင်းစွာ ပြသပေးနိုင်ရန် ဒီဇေစတီလိုက်ဂူမှနေ၍ ကျွန်ုပ်က ကူညီပေးသွားမည်ဖြစ်သည်။ တရားရှာလာသူ အားလုံးအပေါ် ကြီးမားသော မေတ္တာစိတ်ထားရှိရန်ကိုသာ ကျွန်ုပ်သတိပေး လိုသည်။ သူတို့နေထိုင်ပုံမှုပုံ၊ မဖွယ်မရာရှိလျှင် သို့မဟုတ် သူတို့က အဓိပ္ပာယ် မဲ့သော၊ ကြောင်းကျိုးမဆက်စပ်သောရယ်ဘွယ်ဖြစ်သော မေးခွန်းများမေးလာ လျှင် ကောင်းစွာသည်းခံပါလေ။ သူတို့အား အပစ်မတင်ပါနှင့် သူတို့ကိုဖုံးလွှမ်း ထားသော မိုက်မဲမှုအဝိဇ္ဇာအပေါ်သာ အပစ်ဖို့၍ ဘယ်ဟာမှန်သည်။ ဘယ် ဟာမှားသည် မဝေခွဲနိုင်ရှာသူတို့ကို ကရုဏာသက်ဝင်ပါလေ။ နောက်ထပ်ရက် တိုမှပ်မိသင်တန်း ၅ ရက်မျှ အားထုတ်ပြီးလျှင် သင်လည်း ကျွန်ုပ် ကိုယ်စား ဝိပဿနာတရားပြသပေးရန် သင့်တော်ပေပြီဟု ကျွန်ုပ်ယုံကြည်သည်။ ဤသင် တန်းကို ဘယ်တော့တက်နိုင်မည်။ အကြောင်းပြန်ပါ” ဟု ရေးသား လိုက် လေသည်။

ဤအချိန်အတွင်းမစ္စတာဟိုးဗားရေးသားသော (Elements of Human Interaction) စာအုပ်ထွက်လာခဲ့လေပြီ။ ထိုစာအုပ်ထွက်လျှင် ထွက်ခြင်း ဆရာ ကြီးထံသို့ပို့လိုက်သည်။ စာအုပ်အဖုံးအတွင်း၌ မစ္စတာဟိုးဗားက အောက်ပါအ ကြောင်းများကို သူ၏ လက်ရေးဖြင့် ရေးသားပို့လိုက်သည်။

၁၉၇၀ ဒီဇင်ဘာလ ၂ ရက်။

ဆရာကြီးခင်ဗျား။ ဆရာကြီး၏ အရှိန်အဝါမရရှိပါက၊ ဤစာအုပ်ဖြစ်မြောက်နိုင်မည်မဟုတ်ပါ။ ထာဝရ ကျေးဇူးတင်လျက်

ဘော့ဗ်။

စာအုပ်နှင့် ပို့လိုက်သောစာတွင် "ကျွန်တော်သည် နေ့စဉ် တရားအားထုတ်ပါသည်။ သရဏဂုံဆောက်တည်ပါသည်။ အမျှအတမ်းဝေပါသည်။ တနေ့နေ့တွင် စခန်းသို့တက်လှမ်းနိုင်ရမည်ဟု ယုံကြည်လျက်ရှိပါသည်" ဟုရေးသားလိုက်သည်။

၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဆရာကြီးက စာအုပ်ရောက်လာသည့်အကြောင်း ကျွန်တော့်အား တယ်လီဖုန်းမှ ပြောပြပါသည်။ ၎င်းနောက် စာအုပ်ကို လူကြုံဖြင့်ပို့ပေးသည်။ ကျွန်တော်သိမ်းဆည်းထားရန်ဖြစ်သည်။ ဤကဲ့သို့ ကျွန်တော့်ထံ ဆရာကြီးက တယ်လီဖုန်းမှ စကားပြောသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ပြောစရာအကြောင်းအရာလည်း အရေးကြီးလှသည်မဟုတ်၍ အံ့သြနေမိသည်။ စေတီတွင် တရားထိုင်စဉ် ကျွန်တော်၏ ရှေ့တည့်တည့်၌ လာထိုင်၍ တရားရှုပေးနေသကဲ့သို့ ဆရာကြီး၏ အရှိန်အဝါကို တယ်လီဖုန်းပေါ်တွင် ထိတွေ့လိုက်ရသည်။ အမှန်စင်စစ် ဤအကြိမ်သည် ဆရာကြီး၏အသံကို ကျွန်တော် နောက်ဆုံး ကြားလိုက်ရခြင်းဖြစ်ပါသည်။

× × ×

မှတ်တမ်းများအရ ဆီးရောဂါ လွန်စွာကျွမ်းနေပြီဖြစ်သော ဆရာကြီးသည် ၁၉၇၀ ခု၊ ဒီဇင်ဘာလနှင့် ၁၉၇၁ ခု၊ ဇန်နဝါရီလ ဆန်းပိုင်းများတွင် မိမိ၏ သာသနာ့ပြုလုပ်ငန်းများကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်ဆဲပင်ဖြစ်ပေလည်။ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်ဆရာသက်ကြီးပူဇော်ပွဲကို အထူးစီမံကျင်းပသည်။ ထိုနေ့တွင် အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသော အောက်ပါအထိမ်းအမှတ် ကဒ်ပြားကို ပြည်တွင်းပြည်ပ လက်ရွေးစင် တပည့်များထံသို့ ပို့ပေးခဲ့သည်။

ဗုဒ္ဓဓမ္မလက်တွေ့ ကျင့်စဉ်တရားကို ပြသပေးရန်၊
ကျွန်ုပ်၏ ဆရာ၊ ဆရာသက်ကြီးက၊ တာဝန်ပေးအပ်သည်ကို၊
လက်ခံခဲ့သည့် နေ့၏ ၂၅ နှစ်မြောက်၊
အထိမ်းအမှတ်အဖြစ်၊ ကျွန်ုပ်၏ စေတနာ၊ မေတ္တာနှင့်၊
ဆုမွန်ကောင်းများ ပေးပို့လိုက်ပါသည်။
ဗုဒ္ဓမြတ်စွာ၏ အဖိုးတန်သားကောင်း၊ သမီးကောင်းများ၊
ပီသကြပါစေ။

ဆရာကြီး ဦးဘခင်။

ရန်ကုန်မြို့။
၁၉၇၀ ခု၊ ဒီဇင်ဘာလ ၁၄ ရက်။

ဇန်နဝါရီလဆန်းတွင် ဆရာမ၏ အဒေါ်နှင့်တူမများ ရန်ကုန်သို့ရောက် လာကြသဖြင့် ဘုရားဖူးလိုက်လံပို့ပေးပြီး ရိပ်သာတွင် တရားပတ် ဝင်စေရာ ဆရာကြီးကိုယ်တိုင် တရားပေးလိုက်သေးသည်။

၁၆–၁–၇၁ ရက် စနေနေ့ ညနေ ၃ နာရီတွင် အဂ္ဂမဟာပဏ္ဍိတ ခြောက်ထပ်ကြီးဆရာတော်ထံ အဖူးအမြော်သွားခဲ့သည်။ ဆရာတော်သည် သိမ် ကျောင်း၌ စာချနေ၍ ဝတ်ဖြည့်ကန်တော့ပြီး ပြန်ထွက်လာခဲ့သည်။ ထိုမှ တဆင့် ခြောက်ထပ်ကြီးဘုရားကြီးကို ကြီးကြပ်တည်ဆောက်နေသော နာယက ဆရာတော်ဦးစန္ဒောဘာသကျောင်းသို့သွား၍နာရီဝက်ခန့် စကားပြောလျောက် ထားသည်။ ဆရာတော်အား အနားယူရန် ရိပ်သာသို့ပင့်ရာ၊ ဆရာတော်က သဘောတူ၍ တနင်္လာနေ့ပင့်ရန် ချိန်းဆိုလိုက်သည်။ ယင်း ဆရာတော်သည် ဆေးရုံ၌ အတူရောက်ရှိ ဆေးကုသခံကြစဉ်က ကျေးဇူးပြုဘူးသဖြင့် ကျေးဇူး ဆပ်လို၍ ပင့်ခြင်းဖြစ်သည်ဟု ဦးချစ်တင်အား ပြောပြသည်။

ဆရာတော်သည် ကျန်းမာရေး မကောင်းမွန်သဖြင့် မည်သူပင့်ပင့်၊ ကြွရောက်ချီးမြှင့်ခြင်း မရှိခဲ့ပေ။ ယခု ဆရာကြီးပင့်သည့်အခါမူ ကြွမည်ဟု ဝန်ခံ ၍ အေးအေးလူလူ တရားအားထုတ်ပြီး၊ သီတင်းသုံးနေမည်ဟု ပြောလိုက်သည်။ ဆရာတော်ကြီးနှင့် အတူနေ ဦးဝါယမိန္ဒကိုယ်တော်ကလည်း တိပိဋကစာမေး ပွဲများရှိနေ၍ ယခု မလိုက်နိုင်သေးသော်လည်း လကုန်တွင် အားလပ်တော့မည် ဖြစ်ကြောင်း၊ ထိုအခါ တပည့်တော်ပါ ဆရာတော်နှင့် အတူ ဒါယကာကြီး ရိပ်သာတွင် လာရောက် တရားအားထုတ်နေပါမည်'' ဟု ဆရာတော်ကြီးအား လျှောက်ထားသည်။ ဆရာကြီးလည်း ဝမ်းမြောက်သွားသည်။

ထိုနေ့နှင့် နောက်တရက်တွင် ဆရာကြီးသည် ထူးခြားသော စာများစွာ ရေးသားခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က၊ ပုသိမ်မြို့၊ ရွှေမုဋ္ဌော ဘုရားသို့ ဘုရားဖူးတက်ခဲ့သည့် ဘုရားသွားဘက် ဒေါက်တာမြတ်ကျော်ထံ စာ တစောင်ရေးသည်။ ဒေါက်တာမြတ်ကျော်မှာ အသက် ၇၂ နှစ်ရှိပြီ ဖြစ်၍ ညောင်လေးပင်မြို့ဘူင် အငြိမ်းစားယူနေသည်။ ဆရာကြီးက ဦးမြတ်ကျော်အား အင်းယားမြိုင်ရိပ်သာသို့ ကြွရောက်ရန် ပင့်ဖိတ်၍ ဝိပဿနာတရားအားထုတ်ရန် တိုက်တွန်းသည်။ အင်းယားမြိုင်ရိပ်သာအကြောင်း စာရွက်စာတမ်းများနှင့် ဓမ္မ စာအုပ်များကိုလည်း ပေးပို့လှူဒါန်းလိုက်သည်။

နောက်စာတစောင်မှာ ရမည်းသင်းမြို့မှအငြိမ်းစားကျောင်းအုပ်ကြီးဦးလှ မောင်ထံရေးသားလိုက်သော စာဖြစ်သည်။ဦးလှမောင်သည် ၁၉၅၅ ခုနှစ်ခန့်က ဆရာကြီးထံတွင် တရားအားထုတ်သွားခဲ့ဘူးလေသည်။ ထိုနောက် ဆရာကြီးနှင့် လုံးဝအဆက်အသွယ်ပြတ်၍ရိပ်သာသို့တကြိမ်မျှပင်ပြန်မရောက်ခဲ့ပေ။ယင်းပုဂ္ဂိုလ် ကြီးထံ စာရေးသားခဲ့ကြောင်း မှတ်တမ်းတွင် တွေ့ရသော်လည်း စာ၏မိတ္တူကို ဖိုင်တွဲများတွင် မတွေ့ရတော့ပေ။ ဤသို့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ပြီးမှ စာရေးသား လိုက်သည်တွင် အကြောင်းထူး ရှိခဲ့ကြောင်း၊ ဦးလှမောင်ထံမှ အထောက်အထား ရရှိခဲ့ပါသည်။ ဆရာကြီးကွယ်လွန်ပြီးနောက် ပေးပို့လိုက် သော ချီးကျူးဂုဏ်ပြုလွှာတွင် ဦးလှမောင်က ထိုစာအကြောင်းကို ဖော်ပြထား ပေသည်။

ဆရာကြီးသည် လွန်ခဲ့သည့် ၁၅ နှစ်ကျော်က ကျွန်ုပ်အား သတိနှင့် သမာဓိတိုးတက်ရေးအတွက် ခိုင်မြဲသော အခြေခံကို ချပေးခဲ့ပါသည်။ သို့သော် မိမိ၏ တရားအရှိန်မှာ ညှံ့သည့်ဖက်၌ရှိကြောင်းကို မဖော်မဖြစ်၍ ဖော်ထုတ်ရ ပါမည်။ ကျွန်ုပ်သည် တရားအားထုတ်ရာ၌ တိုးတက်မှု နှောင့်နှေးခဲ့ပါသည်။ ယင်းသို့ဖြစ်ရခြင်းကား အခြားကြောင့်မဟုတ်၊ အနုသယအဖြစ် ကိန်းအောင်းနေ နေသော ညစ်ညူးသည့် စိတ်များသို့ ညွတ်ယိမ်းခြင်းနှင့် အထူး သဖြင့် စိတ် တက်ကြွမှုမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ မကြာသေးမီကမှ တရားလုပ်ငန်းတွင် စိတ်ထက်သန်လာခဲ့ရပါသည်။ သို့သော်လည်း ထိုထက်တက်ကြွအားသန်ဘို့ လို နေသေးသည်သာဖြစ်ပါ၏။

ဆရာကြီးဦးဘခင်သည် ၁၅ နှစ်ကျော်ကကျွန်ုပ်အားမြင့်မြတ်သောအမှန် တရားနှင့် ငြိမ်းချမ်းမှုတို့ကိုရနိုင်သည့် လမ်းကြောင်းပေါ်သို့ပို့ဆောင်ပေးခဲ့သူဖြစ် ပါသည်။ ယမန်နှစ်ကဆိုလျှင်(ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်နေ၍လားမသိ)ကျွန်ုပ်ထံသို့

ကျွန်ုပ်၏လက်ရှိတရားအရှိန်နှင့်ပတ်သက်၍ စာတစောင်ရေးခဲ့လေသည်။ ဆယ်နှစ်ကျော်ကျော်ဆရာကြီးနှင့် အဆက်အသွယ် လုံးဝမရှိခဲ့ရာမှ မမျှော်လင့်ဘဲ စာတစောင်ရရှိခဲ့ပါသည်။ ကျွန်ုပ်၏ ဉာဏ်အဆင့်သည် ရင့်ကျက်လုနီးပြီဟု သိဘိအလား၊ ဉာဏ်ရင့်သန်စေရန် "ပါရာဇ ိက -အာနာပါနကထာစာမှ ကောက်နုတ်ချက်များ"ဖြင့်ညွှန်ကြားလျက် အရာဝတ္ထုအားလုံး၌ ကိန်းအောင်းသောယိုယွင်းမှု ပျက်စီးမှုနှစ်ရပ်တို့နှင့် စပ်သော ဥဒယဝယဉာဏ်နှင့် ဘင်္ဂဉာဏ်ပေါက်လာအောင် အားတက်သရော ကြိုးစားကမ္မဋ္ဌာန်း ထိုင်ရန် ဆော်သြခြင်း ပြုလိုက်ပြန်ပါသည်။ အားရနှစ်ခြိုက်ဖွယ် ကောင်းလေစွ။

ဤသို့ဖြင့် ပုဂ္ဂိုလ်၏ အခြေ အနေကို သိလျက် အနည်းနည်း အဖုံဖုံ ကျွန်ုပ်တို့အား တရားချီးမြှင့်ခဲ့သော ဆရာကြီး၏ မွန်မြတ်သော လုပ်ငန်းသည် မြန်မာတနိုင်ငံလုံးသို့ ပြန့်ပွားရှိသန် ပါစေသတည်း။ ထိုမှတဆင့် အိန္ဒိယနိုင်ငံနှင့်တကွ ကမ္ဘာ တဝှမ်းလုံးသို့လည်း ပြန့်ပွားစည်ပင် ပါစေသတည်း။"

ထိုအချိန်တွင် အိန္ဒိယပြည် ဗုဒ္ဓဂါယာ၌ အမေရိကန်နှင့် ဥရောပ တိုက်သားများ၊ တိဘက်လားမား ဘုန်းတော်ကြီးများ အပါအဝင် တရား သမားအများအပြားအား တရားပြသပေးနေသော မစ္စတာ ဂိုအင်ကာ ထံ သို့ လည်း အားပေးချီးကျူး စာရေးလိုက်သေးသည်။ ထိုစာ၏ နောက်ဆက်တွဲ မှတ်ချက်အဖြစ် "ဒိုလဲ ကျန်းမာရေး ကောင်းနေ ပါသည်။ ဘခင်။(၁၆–၁–၇၁) ဟု ရေးလိုက်သည်။

(၁၂-၁-၇၁) နေ့စွဲဖြင့် မစ္စတာဟိုးဗားထံ နောက်ထပ်စာတစောင်ရေးခဲ့ရာတွင်လည်း ဒိုအလုပ်တိုးတက်မှု နှောင့်နှေးသွားရလောက်အောင် လွန်ခဲ့သည့် ၂ နှစ်က ကျန်းမာရေး အတော်ကျဆင်းခဲ့သည်။ အခုတော့ ကျန်းမာရေး ပြန်လည်ကောင်းလာပြီဖြစ်သဖြင့် ဆထက်တံပိုး၊ ကြိုးပမ်းဆောင်ရွက်နေသည်"ဟု ဖော်ပြခဲ့သည်။

× × ×

ဤရက်ပိုင်းများတွင် ဆရာကြီးဆောင်ရွက်နေပုံများ၊ ဆရာတော်များကို ရိပ်သာသို့ပင့်ရန် စီစဉ်ပုံများ၊ ဦးမြတ်ကျော်ကို တရားလာထိုင်ရန် ဖိတ်ကြားပုံများ၊ အိန္ဒိယနှင့် အမေရိကန်ရှိ တပည့်များထံ မိမိကျန်းမာရေး အခြေအနေ ကောင်းမွန်ကြောင်း၊ ရေးသားပုံများကို ထောက်ရှု၍ ဆရာကြီးသည်

အမှန်တကယ်ပင် မိမိကျန်းမာရေး ကောင်းမွန်လာပြီဟု ယုံကြည် နေကြောင်း ထင်ရှားသည်။ တဖက်တွင်လည်း ၃ နှစ် မှတ်တမ်းများ၌ နောက်ဆုံးနေ့များ အတွက် ကြိုတင်ပြင်ဆင်မှုဟု ယူဆရမည့် အထောက်အထားများကိုတွေ့ရှိရရာ စဉ်းစားဘွယ် ဖြစ်နေပြန်ပါသည်။

၁၉၇၁ ခု၊ ဇန်နဝါရီလ နေ့စဉ်မှတ်တမ်းထိပ်တွင် မိမိ၏ မွေးနေ့ ပြင်ဆင်ချက်ကို ရေးသားခဲ့သည်။ ဆရာကြီးသည် ၁၂၆၀ ခုနှစ်၊ တပေါင်းလ ပြည့်ကျော် ၁၁–ရက်နေ့တွင် မွေးဖွားခဲ့သည်။ အစိုးရအမှုထမ်း မှတ်တမ်း စာအုပ်တွင် ယင်း မွေးနေ့ကို (၂၆–၃–၉၇) ဟု ပြခဲ့ရာ၊ ယခု ဆရာကြီးက (၂၁-၃-၉၉) ဟု ပြင်ဆင် ရေးသားခဲ့သည်။ ထို့နောက် ဆရာကြီး၏ မှတ်တမ်းများတွင် (၁) ဆွေစဉ်မျိုးဆက် စာရင်းဇယား။

(၂) မိမိအား ကျေးဇူး ပြုခဲ့ဘူးသူ ပုဂ္ဂိုလ်များ စာရင်း။

(၃) ရိပ်သာ၌ စိုက်ပျိုးထားသည့် သီးပင်၊ စားပင်၊ ပန်းပင်များ စာရင်း။

(၄) ရိပ်သာ၌ တရား လာရောက် အားထုတ်ခဲ့သော ပုဂ္ဂိုလ်များ စာရင်း။

(၅) သူ၏တရားကို ထူးကဲစွာ ရရှိသွားသော ပုဂ္ဂိုလ်အမျိုးမျိုး။

(၆) ရိပ်သာသို့ ကြွရောက် ချီးမြှင့်တော်မူခဲ့သည့် ဆရာတော်၊ သံဃာတော် များ၏ စာရင်း စသည်တို့ကို ထည့်သွင်း၍ ရေးသား ထားခဲ့သည်။

အထူးခြားဆုံးမှာ၊ ဆရာမ အား အောက်ပါ ထောက်ခံချက် လက်မှတ်ကို ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မြို့၊ ၁၉၇၀၊ ဒီဇင်ဘာလ ၁၇-ရက်။

" သက်ဆိုင်ရာသို့ "

ဆရာမ ဒေါ်မြသွင် (အမျိုးသား မှတ်ပုံတင် အမှတ်၊ စီ အ က် ဖ်–၀၃၉၂၁၃) သည်၊ မြန်မာပြည်၊ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ပဋ္ဌပတ္တိ လုပ်ငန်းဌာနတွင် တိုင်းရင်းသား မဟုတ်သော နိုင်ငံခြားသားများအား တရားပြသရာတွင် ကျွန်ုပ်၏လက်ထောက် တရားပြ ဆရာမ ဖြစ်ကြောင်း၊ ကျွန်ုပ် ဘက် သေခံလက်မှတ် ရေးထိုးသည်။

ပုံ–ဘခင်။

သရေစည်သူ ဦးဘခင်။

ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပဋ္ဌပတ္တိလုပ်ငန်းဌာန။

အထောက်အထား အလုံးစုံကို အဖက်ဖက်မှ ပြန်လည်သုံးသပ် ကြည့်ပါက၊ ဆရာကြီးသည် ကျဆင်းလာသည့် မိမိ၏ ကျန်းမာရေးအခြေအနေကို မရိပ်စားမိမဟုတ်၊ မသိရှိမဟုတ်၊ သိရှိသည်။ သို့ရာတွင် ယိမ်းယိုင်လာသည့် ရုပ်ခန္ဓာကြီးကို မိမိ၏ ပြင်းထန်ခိုင်မာသော စိတ်ဓာတ်ဖြင့် ပြန်လည်တည့်မတ် ပေးမည်။ တည့်မတ် ပေးနိုင်ရမည်။ မလဲမပြိုစေရ ဟု သံဓိဋ္ဌာန်ဖြင့် ဆောင်ရွက်သွားခြင်း ဖြစ်ပေလိမ့်မည်။ တနည်းအားဖြင့် ကြည့်သော် ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ မှန်မြတ်လှသော စံနမူနာအတိုင်း သာသနာပြုလုပ်ငန်းအဖြစ် မိမိကူညီ၍ ချီးမြှင့်နိုင်သူများအား နောက်ဆုံးအချိန်ထိ၊ ဝေဒနာခံစားရင်း ချီးမြှင့်ရန် ကြိုးပမ်းသွားခြင်း ဖြစ်သည် ဟု ယူဆကြရပေမည်။

## (ဃ) ဘဝနိဂုံး။

၁၉၇၁ ခု၊ ဇန်နဝါရီလ ၁၉ ရက်....

ညနေ ၅ နာရီတွင် ရန်ကုန်မှ တယ်လီဖုန်းသတင်း ရောက်လာသည်။ "ဆရာကြီး၊ ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရုတ်တရက် ကွယ်လွန်သွားသည်။ ၂၁ ရက်နေ့ အန္တိမစျာပန ပြုလုပ်ဆောင်ရွက်မည်။" ဤသတင်းဆိုးကို ကြားလိုက်ရသည်နှင့် ကျွန်တော်တို့မိသားစုအားလုံး "ဟယ်" ဟုသာ အာမေဋိတ်ပြုနိုင်ကြပြီး ငိုင်သွားကြသည်။ ဘယ်လို ကွယ်လွန်သွားတာလဲ၊ ဆေးရုံမှာလား၊ ရိပ်သာမှာလား၊ မမေးလိုက်နိုင်ခဲ့။ တယ်လီဖုန်းပြောသူကလည်း စကားရှည်ရှည် ပြောမနေနိုင်၊ သတင်းပေးပြီးနောက် တယ်လီဖုန်းချသွားသည်။

ဆရာကြီး ရုတ်တရက်ကွယ်လွန်သွားသည် ဆိုသည်ကို မိသားစုက မယုံနိုင်လောက်အောင် ဖြစ်နေကြသည်။ လွန်ခဲ့သည့် နှစ်လခန့်က လူကိုယ်တိုင်တွေ့ခဲ့စဉ်က ဆရာကြီးသည် အိပ်ရာတွင်လဲနေသော လူမမာကြီးမဟုတ်ကြောင်း၊ ဆီးသွားရာတွင် သွေးပါနေသော်လည်း သွားလာ၊ လှုပ်ရှားလျက်၊ ထူထူထောင်ထောင်ပင် ရှိကြောင်း ပြောပြထားသည်။ ဆရာကြီး၏ အရှုံးမပေးသော စိတ်မာန်ဖြင့် ဆွဲဆောင် စေစားနေခဲ့သော ကိုယ်ခန္ဓာကြီးသည်၊ ဇ[illegible] ရုပ်အားဖြင့် ပုံပန်းမပျက်၊ သဏ္ဌာန်မပြောင်းဘဲ တည်နေခဲ့သော်[illegible]ည်း အ[illegible]င်း အင်္ဂါအစိတ်အပိုင်းများသည် ချွတ်ယွင်း ပျက်ပြုန်းကုန်ခဲ့ကြပြီလော။ လေပြင်းတချက်ဝှေ့ရမ်းသဖြင့် ပြိုလဲသွားသော အတွင်းဆွေး၊ သစ်ပင်အိုကြီးကဲ့သို့

ဆရာကြီးသည်လည်း ရောဂါတချက်အကြွတွင်၊ မထသော လဲလျောင်းခြင်းဖြင့် လဲလျောင်းသွားခဲ့ပြီလော။

၂၀ ရက်နေ့ ပထမဆုံးလေယာဉ်ပျံတွင် နေရာရရန်၊ မန္တလေးမှမိတ်ဆွေများ၏ အကူအညီဖြင့် စီစဉ်ပြီးနောက်၊ ညအိပ်ရာဝင်ရာတွင် ဆရာကြီး၏ ကျန်းမာရေးအကြောင်း ထပ်မံ တွေးနေမိပြန်ပါသည်။ ၁၉၄၅ ခုနှစ်က မျက်ခွံအသားတက်ရောဂါကို ခွဲစိပ်ကုသခံခဲ့ရာမှ ရောဂါပိုးဝင်၍ ဒဏ်ပြင်းစွာခံခဲ့ရသည်။ မျက်စိပါရဂူက ခွဲစိပ်ကုသပေးသော်လည်း နောက်ဆုံးတွင် ဆေးတိုက်အမျိုးမျိုးပြောင်း၍ ကုသခဲ့ရသည်။ ရောဂါအမြစ်မပြတ်၍ သဘာဝနည်းဖြင့် ကိုယ့်ကိုကိုယ် ကုသခဲ့ရသည်။

၁၉၆၃ ခုနှစ်တွင် ဆီးကြောင်းပိတ်သည့်အတွက် ခွဲစိပ်ကုသခံခဲ့ရပြန်ရာ၊ ရောဂါပိုးဝင်ခဲ့ပြန်သည်။ ပိုးနိုင်ဆေးများနှင့် အပြင်းအထန် နှိမ်နင်းရာတွင် နှာခေါင်းမှ သွေးယိုစီးကျခဲ့သည်။ ထိုဝေဒနာကို ပျောက်ကင်းစေရန်၊ ဆေးကုသခဲ့ရပြန်သည်။ ၁၉၆၄ ခုနှစ်တွင် ဆရာကြီး၌ အနာရောဂါ ကင်းစင်သလိုရှိခဲ့သော်လည်း ၁၉၆၅ ခုနှစ် ဂျာန်နဝါရီတွင် ဆီးကြောင်းပြန်ပိတ်သည်။ ဆီးသွားရာတွင် သွေးပါလာသည်။ ၁၉၆၆၊ ၁၉၆၇ ခုနှစ်များတွင် ကြီးကျယ်သော ပြဿနာမရှိခဲ့ပေ။ ၁၉၆၈ ခုနှစ် နောက်ပိုင်းမှစ၍ ရောဂါပြင်းထန်လာသည်။ ကုထုံးမှာလည်း ဆီးကြောင်းတွင်းသို့ ကိရိယာတန်ဆာများ ထိုးသွင်းရသည့်၊ ဆစ်စတိုစကုပ်နှင့် တီယူအာရ်အော်ပရေးရှင်းများဖြစ်သည်။ ဤကုထုံးများဖြင့် ကုသသော်လည်း အမြစ်ပြတ်ပျောက်သည်မရှိ၊ ခေတ္တသက်သာ၍ ပြန်ပေါ်လာသည်။ ပြန်ပေါ်လာလျှင် ဝေဒနာပိုပြင်းထန်သည်။ ဆီးတွင် သွေးပါရုံသာ မဟုတ်ဘဲ၊ ပြည်ပါလာသည်။ သွေးများခဲ၍ကျလာသည်။ ၁၉၆၉ ခုနှစ်တွင် ယခင်ကုထုံးအတိုင်း ထပ်မံ ခွဲစိပ်ကုသပြီးနောက်၊ အပြင်မှ သွေးသွင်းခဲ့ရသည်။

ဤအကြောင်းအရာများကို ပြန်လှန်စဉ်းစားရင်း၊ အနောက်တိုင်း ဆေးပညာ၊ အထူးသဖြင့် ခွဲစိပ်ကုသမှုပညာရပ်ကို သုံးသပ်ကြည့်မိသည်။ ဤပညာရပ်သည် အံ့သြဘွယ် တိုးတက်နေသည်။ လူ၏ နှလုံးကိုပင် အစားထိုး ကုသနိုင်ပေပြီ။ သို့ရာတွင် ခွဲစိပ်ကုသမှုတခု လုပ်မည်ဆိုလျှင် အန္တရာယ် ဖြစ်ပေါ်နိုင်သည့် အကြောင်းရပ်များလည်း များလှပေသည်။ သွေး စစ်ရမည်။ ဓာတ်မှန်ရိုက်ရမည်။ ခွဲစိပ် ကိရိယာ တန်ဆာပလာများ ပြည့်စုံရမည်။ မေ့ဆေးပေး ကိရိယာများ ပြည့်စုံရမည်။ ယင်း ကိရိယာများတွင် ရောဂါပိုးမွှား ကင်းစင်ကြောင်း

စိတ်ချရမည်။ ခွဲစိပ်ကုသမှု ကျွမ်းကျင်သူ၊ မေ့ဆေးပေးမှုကျွမ်းကျင်သူ ဆရာဝန်များ ရှိရမည်။ သူတို့ကို ကူညီရမည့် တတ်ကျွမ်းသော သူနာပြု ဆရာမများ ရှိရမည်။ ဤ လိုအပ်ချက်များ အားလုံး စိတ်ချရမှ၊ ပြည့်စုံမှ ခွဲစိပ်ကုသမှု အောင်မြင် ပေမည်။ တနေရာရာ၊ တခုတခု၊ တယောက်ယောက်၊ ချွတ်ချော်တိမ်းပါး သွားလျှင် လူနာမှာ ဒါဏ်ခံရမည် သေချာလှသည်။ တာဝန်ခံ ဆရာဝန်ကြီးများမှာ ပါရဂူများဖြစ်၍ သူတို့၏ပညာ၊ သူတို့၏ တတ်ကျွမ်းမှုကို ကောင်းစွာ စိတ်ချနိုင်ကြပါသည်။ သို့သော် သူတို့ကို ပန့်ပိုး ကူညီဆောင်ရွက်ရမည့် ကဏ္ဍအလိုက် အသိုင်းအဝိုင်းကို စိတ်ဒုံးဒုံး ချ၍ ယုံကြည်နိုင်ပါပြီလော။

ဆရာကြီး၏ ဆေးကုသမှုမှတ်တမ်းတွင် စတင်၍ ခွဲစိပ်ကုသမှုပြုချိန်မှစ၍ အဆင်မပြေမှုများတွေ့ခဲ့ရသည်။ ပထမအကြိမ်ခွဲစိပ်ရာတွင် ခွဲစိပ်ခန်း၌ ဓာတ်မီး ပျက်သွားသည်။သံမဏိဓား ၃-ချောင်း ကျိုးသွားသည်။ ဆီးကြောင်းပွင့်သွား၍ ဆီးသွားနိုင်သော်လည်း ဆီးကြောင်းနှင့်ဆီးအိမ်တွင်းသို့ ရောဂါပိုးမွှားဝင်ရောက် သွားခဲ့လေသည်။ တကြိမ်တွင်လည်း ဆရာကြီး၏ဆီး စစ်ဆေးရန် စနေနေ့တနေ့ တွင် ဓာတ်ခွဲခန်းသို့ ပို့ပေးခဲ့၏။ တနင်းလာနေ့တွင် ဆေးစာ လာယူပါ ဟု မှာလိုက်သည်။ တနင်းလာနေ့တွင် ဆေးစာ သွားယူသောအခါ စနေနေ့က ပေးပို့ခဲ့သော ဆီးပုလင်း ပျောက်သွား၍ နောက်ထပ် ဆီးပုလင်း ပို့ ပေး ခဲ့ရ ပြန်၏။ ဤမျှ စစ်ဆေးမှုများစွာ၊ လူပေါင်းများစွာ၊ ကိရိယာပေါင်းများစွာ အပေါ် မှီခိုနေရသည့် ခွဲစိပ်ကုသမှုကုထုံးကို လုံးလုံးပုံ၍ ယုံကြည်ခဲ့သည်မှာ မှား များ မှားခဲ့ကြပြီလော။ တိုင်းရင်းဆေးပညာကုထုံး တတ်ကျွမ်းသူ မြန်မာသမားတော် တဦးဦး၏ အကူအညီဖြင့် ဆရာကြီး၏ ဆီးရောဂါကို လွယ်လွယ်ကူကူ ကုသ၍ မရနိုင်ပြီလော။ ဤသို့ တွေးတောရင်း ညဥ့်နက်မှအိပ်ပျော်သွားခဲ့သည်။

× × ×

မင်္ဂလာဒုံ လေယာဥ်ပျံကွင်းသို့ အချိန်မှန် ၂-နာရီ ၁၅ မိနစ် ဆိုက်သည်။ ရိပ်သာသို့ ၃ နာရီတိတိ ရောက်သွားသည်။ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ အမှုဆောင်လူကြီးများ၊ဦးတင့်ရီ၊ ဦးဘဖိုး၊ ဦးချစ်တင်၊ ဦးဘွန်ရှိန်၊ ဦးတင်မောင်ကြီး၊ ဦးသိန်းဇော်၊ ဦးအောင်သန်း စသော တပည့်ရင်းကြီးများ၊ ဆရာကြီး၏ မိသားစုများ၊ စုံညီစွာ ရောက်ရှိနေကြပြီ။ ယင်းပုဂ္ဂိုလ်များ ဦးဆောင်၍ အခြားတပည့်များ၊ အိန္ဒိယအမျိုးသားများက လုပ်ဆောင်ဘွယ် ဟူသမျှ စေ့စပ် စုံညီစွာ လုပ်ဆောင်နေကြသည်။ ဆရာမက၊ နက်ဖန်နံနက်

ဆွမ်း အလှူဒါန ပြုကြရန်၊ အဟာရဆောင်၌ အမျိုးသမီးပရိသတ်နှင့် ဈေးဝယ်ချမ်း ချက်ပြုတ်နေကြသည်။

ဆရာကြီး၏ ရုပ်ကလပ်ကို ဓမ္မာရုံရှေ့ပိုင်း၊ တရားဟောနေကြ နေရာ၌၊ ကုလားထိုင်ကိုဖယ်ရှားပြီး ကုတင်သစ်တလုံး၌ သပ်ယပ်စွာ ပြင်ဆင်ထားသည်။ ဆရာကြီးအား ဝပ်ချကန်တော့ပြီးနောက် တပည့်ကြီးများထံမှ ဖြစ်ပျက်ရပုံ အမျိုးစုံကို မေးကြည့်ရသည်။ ဦးချစ်တင်က ဆရာကြီး ရုတ်တရက် ကွယ်လွန် အနိစ္စရောက်သွားပုံကို ပြောပြသည်။

"ဘယ်လိုဖြစ်တာလဲ အော်ပရေးရှင်း ထပ်လုပ်သလား"

"မလုပ်ဘူး (**Internal Haemorrhage**) ခန္ဓာတွင်း သွေးထွက်တဲ့ဝေဒနာပါ၊ သွေးရပ်အောင် မလုပ်နိုင်ဘူးသွေးထွက်လွန်ပြီးအသက်ပါသွားတာဘဲ"

"ဘယ်တုန်းကစဖြစ်တာလဲ၊ ဘယ်လောက်ကြာကြာခံသွားရသလဲ"

"၁၈ ရက်နေ့ နေ့လည်ဆေးရုံပို့ ၁၉ ရက်နေ့ ၂ နာရီခွဲပြန်ယူလာရတယ်။ စေတီလိုဏ်ဂူထဲရောက်၊ အိပ်ရာပေါ်လဲလျောင်းနေ၊ ဘေးကဝိုင်းပြီး တရားအာရုံပြုတုန်း၊ (၃၊၂၀) မှာ အသက်ပျောက်သွားတာဘဲ၊ ဒေါက်တာ ဒေါ်သိန်းကြည် တချိန်လုံးရှိနေတယ်"

ဦးချစ်တင်က ဆက်လက်၍ ၁၆ ရက်နေ့က သူနှင့်အတူ ခြောက်ထပ်ကြီးဆရာတော်ထံ ဖူးမြော်သွားပုံ၊ နာယက ဆရာတော် ဦးစန္ဒောဘာသကို ရိပ်သာမှာ အနားယူရင်း တရားထိုင်လာဘို့ ဆရာကြီး ပင့်ခဲ့ပုံများကို ပြောပြသည်။

"၁၇ ရက်နေ့ကလည်း နေကောင်းနေတာဘဲ၊ နံနက်စောစော အိပ်ရာထပြီး အပြင်ထွက်တယ်။ ဂူထဲဝင်ပြီး တရားအာရုံပြုတယ်။ တပည့်များနှင့်အတူ ၃ ကြိမ် အဓိဋ္ဌာန်တရားထိုင်ကြသေးတယ်။ မနက် (၇၊၃၀) မှ (၈၊၃၀) တကြိမ်၊ ညနေ ၃ နာရီမှ ၄ နာရီတကြိမ်၊ ည (၇၊၃၀) မှ (၈၊၁၅) ထိ တကြိမ်၊ ညမှာလည်း ကောင်းကောင်းအိပ်ပျော်ပါတယ်။"

ဦးချစ်တင်ထံမှ သိရသည်မှာ ၁၈ ရက်နေ့ နံနက်မှစပြီးဆရာကြီးကိုရောဂါပြင်းထန်စွာ ဖိစီးလာခဲ့လေသည်။ ရေချိုးခန်းဝင်ရာတွင် သွေးများပါလာသဖြင့် ယခင်ကကဲ့သို့ပင် ဆီးမှပါသော သွေးများဟု ထင်မှတ်ခဲ့ကြသည်။ သေချာစွာကြည့်ကြမှ ဆရာကြီး သွေးဝမ်းသွားနေကြောင်း တွေ့ကြသည်။ ဒေါက်

တာ ဒေါ်သိန်းကြည်အား ချက်ချင်းအကြောင်းကြား၍ ဆရာဝန်ရောက်လာပြီး သွေးတိတ်ဆေးတိုက်သည်။ သွေးအားမှာ (၁၃၀/၀၀) ဖြစ်သဖြင့် တိုးနေသည်။ ထိုနေ့တွင် ဆရာဝန်ကြီးများ မအားမလပ် ဖြစ်နေကြသည်။ မြန်မာပြည်သုံးဆိုင်ရာ ဆရာဝန်များညီလာခံတွင် ကိုယ်စီကိုယ်ငှ တာဝန်ထမ်းနေကြရသည်။ နာရီပြန် ၂ ချက်ကျော်တွင် သွေးဝမ်းမပြတ်သွားနေသည်။ နီ၊ မဲရောင်ဝမ်းများ၊ ဆီးများသွားနေ၍ ဆီး၊ ဝမ်းစစ်ရန် ပြင်ပဓာတ်ခွဲခန်းဖွင့် ထားသူ ဒေါက်တာရီနာဝေါင်းထံပို့၍ အရေးပေါ်စစ်ဆေးခိုင်းကြသည်။ ၅ နာရီထိုးတွင် သွေးဆင်းမသက်သာ၍ ညီလာခံတက်နေသော ဆရာဝန် ဦးခင်မောင်လတ်အား ညီလာခံမှ သွားရောက်ပင့်ကြရသည်။ သွေးအားမှာ (၁၅၀/၀၀) ဖြစ်နေပြီး၊ ဆီးဝမ်းစစ်ဆေးချက်အရ ခန္ဓာတွင်း သွေးထွက်လွန် (Internal Haemorrhage) နေ၍ သွေးသွင်းရမည်။ ဆေးရုံကြီးသို့ အမြန်ပို့ရမည် ဆိုသည်။

ကြက်ခြေနီ သူနာတင်ကားခေါ်မရ၍ ဆေးရုံကြီးမှကားနှင့်ပင် ဆရာကြီးအား ဆေးရုံကြီးသို့ ညနေ (၅၊၂၅) တွင် တင်ပို့ကြရသည်။ ညစောင့်ရန် သူနာပြုဆရာမများအား အပူတပြင်းလိုက်ရှာ၍ အလှည့်ကျ စောင့်ပေးစေသည်။ တပည့်ရင်းများမှ ကိုလှထွန်းအား ဆရာကြီး အနီးတွင်ပြုစုရန်တာဝန်ပေးသည်။ ဆရာမ၊ ဦးဘဖိုး၊ ဦးချစ်တင်နှင့် ဦးသိန်းဇော်တို့က ဆေးရုံအောက်မှ စောင့်နေကြသည်။ ဆရာကြီး၏သား ဦးသိန်းဇံ၊ ဦးသိန်းအောင်နှင့် အိန္ဒိယအမျိုးသား တပည့်များလည်းရောက်နေကြသည်။ ဒေါက်တာဒေါ်သိန်းကြည်သာလျှင် ဆေးရုံတွင်းသို့ အချိန်မရွေး ဝင်ထွက်နိုင်ပေရာ၊ အပေါ်ထပ်မှ အခြေအနေသတင်းများကို တပည့်များအား ပြောပြသည်။ အပေါ်ထပ်မှ လိုအပ်သည်များကို အောက်မှ စောင့်နေသူများက ရှာကြံ၊ ဖြည့်တင်းပေးကြသည်။

ဆရာကြီးအနားတွင် အစဉ်ရှိခဲ့သူ ကိုလှထွန်းပြောပြချက်အရ၊ ထိုညက တညလုံး ဆရာဝန်များ၊ ဆရာမများ အထူးကြိုးကြပ်၍ မနားမနေ ကုသကြသည်။ သွေး ၄ ပုလင်း သွင်းပေးသည်။ အနည်းငယ် သက်သာသလိုရှိသော်လည်း ညက ကောင်းကောင်းအိပ်မရခဲ့။ နံနက် ၃ နာရီတွင် သွေးများသွန်လာပြန်သည်။ ဆီးနှင့် ဝမ်းသာမက၊ နှာခေါင်းနှင့် ပါးစပ်မှလည်း သွေးများယိုစီးလာသည်။ ဆရာဝန်များ သွင်းပေးသည့်သွေးကို ဆရာကြီး၏ကိုယ်ခန္ဓာက လက်မခံဘဲ၊ ပြန်ထုတ်ပစ်နေသည်နှင့်တူသည်။ နံနက်တွင် သွေး ၃ ပုလင်း ထပ်သွင်းပြန်သည်။ အကုန်ပြန်ထွက်လာပုံ ရသည်။

ဆရာဝန်များ သွတ်သွင်းပေးသော သွေးကို ဆရာကြီး လက်မခံဟုဆိုသည်မှာ အံ့သြဘွယ်မဟုတ်ပါ။ ဆရာကြီးသည် ကိလေသာ အညစ်အကြေးဟု ခြုံ၍ခေါ်ဆိုအပ်သော လောဘ၊ မောဟ၊ ဒေါသ၊ ပါပဓာတ်များကို ဓမ္မဓာတ်အားဖြင့် ချေဖျက်ပစ်ရန် ကူညီနေသူဖြစ်သည်။အနိစ္စလက္ခဏာသဘောကို ထိုးထွင်းသိမြင်မှ ဤအညစ်အကြေးများကို ချေဖျက်နိုင်မည်ဟု နားလည်ထားသော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်သည်။ မိမိပတ်ဝန်းကျင်နှင့် မိမိ လုပ်ငန်းများသို့ ယင်း ပါပဓာတ်အညစ်အကြေးများ၊ နည်းလမ်းရှာ၍ ဝင်ရောက်မလာနိုင်ရန် အစဉ် သတိဝီရိယထား၍ ဆောင်ရွက်နေသူ ဖြစ်သည်။ ဓမ္မရောင်ခြည်စေတီ ရိပ်သာကိုလည်း စင်ကြယ်သန့်ပြန့်သော စခန်းအဖြစ် တည်ရှိနေစေလိုသဖြင့်၊ မိမိသံ တရားဆောက်တည်ပြီး၊ တပည့်များထံမှသာ အလှူငွေပစ္စည်း စသည်များကို လက်ခံသည်။ ပြင်ပသူစိမ်းများက ကုသိုလ်အမှုပြုလို၍ စားသောက်ဖွယ်များ ပို့ပေးသည်ကိုပင် မစင်ကြယ်သော ပစ္စည်းများဖြစ်နေနိုင်၍ ရိပ်သာတွင် သုံးဆောင်ခြင်းမပြုမိရန်၊ ဂရုစိုက်တားမြစ်သည်။

ကိုယ်သဘောထားကို လက်ကိုင်ပြု၍ ဆောင်ရွက်နေသူ ဆရာကြီး၏ကိုယ်ခန္ဓာတွင်းသို့ မည်သို့ အခြေ အဆင့်အတန်းရှိမည် မသိရသော၊ မိမိထံ၌ တရားဓမ္မကျင့်သုံးပြီးမဟုတ်သော ပုဂ္ဂိုလ်များ၏ သွေးများ သွင်းပေးသည် မည်သို့ လက်သင့်ခံနိုင်ပေမည်နည်း၊ ဖယ်ထုတ်ပစ်မည်သာ ဖြစ်ပေသည်။

ထိုအချိန်က ဆရာကြီး ခံစားနေရပုံကို၊ ကိုလှထွန်း ပြောပြချက်အရ၊ ကောင်းစွာ နားလည်နိုင်ပေသည်။ သူ့အခြေအနေကိုလည်း သူ ကောင်းစွာသိပြီးဖြစ်ကြောင်း ထင်ရှားသည်။ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ လောက်တွင် ဆရာဝန်များက အထူးကြပ်မတ်၍ သွေးထပ်မံသွင်းပေးရန် ကြိုးပမ်းနေကြသည်ကို ကြည့်နေရင်း၊ ဆရာကြီးက "လှထွန်းရယ်၊ ကံကြွေးရှိသမျှ ပေးဆပ်ရမှာပေါ့။ ဝဋ်ကြွေးရှိသမျှ ခံရမှာပေါ့။ သူတို့လဲ သူတို့တာဝန်အရ လုပ်ကြရပေမပေါ့။ ထူးတော့မထူးပါဘူး"ဟု ပြောဆိုသွားသည်ဟု သိရသည်။ တပည့်အပေါင်းကလည်း ဤသို့အခြေအနေတွင်၊ အကောင်းဆုံး၊ အပြည့်စုံဆုံးကုသမှုကို ဆရာကြီးအား ပြုစုကြရပေမည်။ နောင်တွင် ဤသို့ မပြုစုလိုက်ရလေခြင်းဟု စိတ် မကောင်းမဖြစ်လိုကြပေ။ ဆရာဝန်ကြီးများကလည်း မိမိတို့အားကိုး၍ အပ်နှံလာသော လူနာကို မိမိတို့တတ်ကျွမ်းသမျှ အစွမ်းကုန်ကုသပေးရမည်။ တာဝန်ကြေပွန်ကြရပေမည်။ တပည့်အပေါင်းနှင့် ဆရာဝန်များက စေတနာ အလျောက် ပြုထိုက်သူကို ပြုလုပ်နေကြသဖြင့် သူတို့အား မငြိုငြင်စေလို၊ စိတ်

မကောင်းမဖြစ်စေလို၍သာ သီးခံပြီး ဝေဒနာခံစားနေလိုက်သည်။ အကျိုးမှာဖြင့် ထူးခြားတော့မည်မဟုတ်ကြောင်း ဆရာကြီး ကောင်းစွာ သိနေပေပြီ။

၁၂-နာရီခွဲအချိန်တွင် ဆရာဝန်များသည် ဆရာကြီးအား အထူး ဆေးကု ခန်းသို့ ရွှေ့ပြောင်းယူသွား၍ အောက်ဆီဂျင်ဓာတ်ငွေ့ကို စတင် ပေးကြသည်။ နေ့ ၁-နာရီတွင် ဆရာမအိမ်၌ ဒေါက်တာ·ဒေါ်သိန်းကြည်၊ ဦးသိန်းဇော်၊ ဦးချစ်တင်တို့ အခြေအနေအရပ်ရပ် သုံးသပ်ကြသည်။ ၁-နာရီခွဲ တွင် ဆေးရုံသို့ ဆရာကြီး၏ မိသားစုများ ရောက်လာကြပြီ ဖြစ်၍ ဆရာကြီး အားရိပ်သာသို့ ပြန်ခေါ်ရန် သင့်ပြီဖြစ်ကြောင်း ဆုံးဖြတ်ကြသည်။ ၂-နာရီခွဲတွင် ဆရာကြီး အား သူနာတင်ကားဖြင့် တင်ဆောင်၍ ပြန်ခေါ်ခဲ့ကြရာ၊ သူ တရားပြနေကြ၊ တရား ထိုင်နေကြ၊ လိုဏ်ဂူ အတွင်း၌ (၃၊ ၂၀)၌တွင် ဘဝနိဂုံး ချုပ်သွားခဲ့ပေတော့သည်။

× × ×

ဆရာကြီး ရုတ်တရက် ကွယ်လွန်သွားကြောင်းသတင်းလျှောက်ထားရင်း၊ ဆရာကြီးကဲ့သို့ ပုဂ္ဂိုလ်ကြီးအတွက် အသုဘ ဈာပနကိစ္စကို မည်သို့ ဆောင်ရွက်သင့်ကြောင်း ဩဝါဒ နာခံရန်၊ ဦးချစ်တင်၊ ဦးတင့်ရီ၊ ဦးဘဖိုး တို့အဖွဲ့ သည် ခြောက်ထပ်ကြီး ဆရာတော်ဘုရားထံ သွားရောက်ခဲ့ကြသည်။ဆရာတော်ဘုရားက အခမ်းအနားမရှိသော ပကာသနကိစ္စ အရပ်ရပ်ကို ရှောင်ရှား၍ ဆရာကြီး၏ စရိုက်သဘာဝနှင့် ကိုက်ညီစွာ ရိုးရိုး ရှင်းရှင်းနှင့် သပ်ယပ် ခန့်ညားစွာ၊ ရုပ်ကလပ်ကို သုသာန်သို့ ပို့ဆောင်ပါ။ မီးသင်္ဂြိုဟ်ပြီးနောက်၊ ကြွင်းကျန်ရှိသော အရိုးပြာကို မြစ်လယ်တွင် ဖြန့်ကျဲ စွန့်ပစ်ပါ ဟု အမိန့်ရှိတော်မူလိုက်ကြောင်း သိရသည်။ ယင်းဩဝါဒကို နာခံ၍ လိုအပ်သည်များကို အပြည့်အစုံ စီစဉ်ပြီး ဖြစ်ကြပေပြီ။ ကျွန်တော်၏ ဖြည့်စွက်အကြံပေးချက်အရ၊ ဆရာကြီး၏အရိုးပြာကို မြစ်တွင်း၌ စွန့်ပစ်ရန် ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့မှ ဆရာကြီး တပည့်များ၏ အကူအညီဖြင့် ပင်လယ်ရေကြောင်းပြ ရေယာဉ်အကြီး တစင်းကိုလည်း အရံသင့် ပြင်ဆင်ထားကြလေပြီ။

ညတွင် ဆရာကြီးအား သတိရ ပူဇော်သော အားဖြင့် စေတီရိပ်သာ တဝင်းလုံး ဓာတ်မီးရောင်စုံ ထွန်းညှိဆင်ယင်ထားသည်။ စေတီလိုဏ်ဂူတွင် နေ့စဉ် ဝတ်ပြုမြဲအတိုင်း (၇၊ ၃၀) မှ (၈၊ ၄၅)အထိ တပည့်အပေါင်း အမြဲဌာန် တရား ထိုင်ကြသည်။ ထိုညတွင် ကျွန်တော်သည် ဦးစံမြင့်အောင်၊ ကိုလှထွန်း

နှင့်အတူ ဓမ္မာရုံတွင် ဆရာကြီး၏ရုပ်ကလပ်ကုတင်ခြေရင်း၌ အိပ်ခဲ့သည်။ အခြား တပည့်တပေါင်းတို့သည် မိမိတို့အခန်း အသီးသီး၌ သံဝေဂဉာဏ် ပွားများ နေကြပေလိမ့်မည်။ အချို့တပည့်များလည်း တာဝန်ပေးထားချက်အရ လိုက်ဂူများတွင် ညလုံးပေါက် အဓိဋ္ဌာန်တရား ထိုင်နေကြပေမည်။ ဓမ္မာရုံတွင်း၌မူ ကျွန်တော်တို့ ၃-ဦးသာရှိ၍ ဆရာကြီး၏ နောက်ဆုံးရက်၊ နောက်ဆုံးနာရီပိုင်း အကြောင်းကို၊ ကိုလှထွန်း ထံ မေးမြန်း စုံစမ်းနေခဲ့ကြသည်။ ထို့နောက် ဆရာကြီး၏ဂုဏ်ကျေးဇူးများကို အောင်းမေ့သတိရရင်း၊ ကျွန်တော်တို့လည်း သံဝေဂဉာဏ် ပွားများခဲ့ကြပါတယ်။

ဆရာကြီး သည် လက်တွေ့သမား သက်သက်ဖြစ်၍ တရား လုပ် ငန်း ကိုယ်တိုင် လက်တွေ့ ကျင့်ကြံ၍၊ စံနမူနာကောင်း ပြသသွားသော သူတော်မွန်ကြီး ဖြစ်ပေသည်။ "ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ" ဟူသော ဆောင်ပုဒ်အတိုင်း ရာထူး တာဝန် အလုပ်အကိုင်နှင့် ကိုယ်ရေးကိုယ်တာ ကိစ္စများတွင် မှတပေါင် မစွန်းငြိစေရန် နေထိုင်ပြသွားသည်။အကြံအစည်၌မူ၊ လူသာမန်တို့ တွေးဝန့်မှု မဟုတ်သည့် ကမ္ဘာတဝှမ်း ဗုဒ္ဓသာသနာပြု လုပ်ငန်းကြီးကို တွေးမြော်ကြံစည် အကောင်အထည် ပေါ်လာသည့်တိုင်အောင် ရှုတ်ရှုတ်ချွံချွံ ဆောင်ရွက်သွား ခဲ့ပေသည်။ ဦးဆောင်ဦးရွက် ပြုပေးခဲ့သည်။ မြဲမြံသည့်အခြေပန္နက်ကို ရိုက်နှ ပေးထားခဲ့ပေသည်။

ယခု ဓမ္မာရုံတွင် ရုပ်ကလပ်အဖြစ် တွေ့မြင်နေရသည့်တိုင်အောင် ဆရာကြီးက တရားပြပေးနေပေသေးသည်။ ဆရာကြီးသည် လောကီစည်းစိမ်များကို စက်ဆုတ်၍ မွန်မြတ်စင်ကြယ်သော သာသနာပြုလုပ်ငန်းကိုသာ အားသွန် ခွန် စိုက် ကြိုးပမ်းသွားသည်။ "သေတော့ ဒါတွေ ယူသွားနိုင်တာ မဟုတ်ပါဘူး။ မွေးတုန်းက လက်ချည်းလာခဲ့ပြီး၊ သေတော့လဲ လက်ချည်း သွားရမှာ" ဟု မကြာခဏ သတိပေးဆုံးမခဲ့သည့်အတိုင်း ဆရာကြီးက ရုပ်ကလပ်အားဖြင့် လက်တွေ့ တရားပြပေးနေပြန်ပါသည်။

ဆရာကြီး၌ ယူဆောင်သွားနိုင်စရာလည်း၊ ဘာပစ္စည်းမှ မရှိရှာပါ။ ရိပ်သာတွင် ဆရာကြီး၏ ကိုယ်ပိုင်ပစ္စည်းအဖြစ်၊ နေ့စဉ် လဲလှယ်ဝတ်ဆင်သည့် အဝတ်အစား၊ နေ့စဉ်အသုံးပြုသော ခါးပိုက်ဆောင် နာရီတလုံး၊ စားပွဲတင် နာရီတလုံးနှင့် ဖောင်တိန်တချောင်းသာ ကျန်ရှိနေစ်သည်။ဆရာကြီးကွယ် ... ချိန် ဇနီးဒေါ်အုံးသွင်နှင့် သားသမီးများသည်၊ အမှတ် (၁၁၁) မဥ္ဇူလမ်း၊ ပါရမီ ရိပ်သာတွင် နေထိုင်လျက်ရှိကြသည်။ ခေတ်ကာလအလျောက်၊ ထိုရပ်ကွက်ရှိ

အဆောက်အဦးများသည် ယခုအခါ တန်ဘိုး ကြီးမားနေပြီဟု သိရသည်။ အငြိမ်းစားယူပြီးနောက်၊ အစိုးရပိုင်နေအိမ်မှ ထွက်ခွာပေးရချိန်တွင် ဆရာကြီးသည် မိသားစုနေထိုင်ရန်၊ ထိုရပ်ကွက်၌ မြေနေရာတကွက်ကို ရှာ၍ဝယ်သည်။ ထို့နောက် မိမိရရှိသည့်ဆုငွေ၊ ပင်စင်နှင့် သင့်တော်ရုံ တိုက်အိမ်ကလေးတလုံးကို ဆောက်ပေးခဲ့သည်။ ထိုတိုက်အိမ်ကလေး ဆောက်နေစဉ်၊ ဆရာကြီးခေါ်သွား၍ ထိုရပ်ကွက်သို့ တကြိမ် ရောက်ခဲ့ဘူးသည်။ ကမ္ဘာအေးစေတီ လမ်းမှ အတွင်းဖက်သို့ဝင်သွားပြီး မြို့ပတ်မီးရထားလမ်းကို ကျော်၍ မြေလမ်းကျဉ်းကလေးအတိုင်း သွားခဲ့ရသည်။ ဆရာကြီးတို့၏ ဝင်းခြံဝယ်၊ ပတ်လည်တွင် စိုက်ပျိုးရေးသမားများ ဟင်းသီးဟင်းရွက် စိုက်ပျိုးလုပ်ကိုင်နေကြသည်။ နှစ်မည်ကျော် ဘောလုံးသမား ဗိုလ်မှူးဂွမ်ရှိန်ပိုင်ဆိုင်သော မြေယာများဖြစ်၍ သူက ခွဲစိပ်ရောင်းချနေသည်ဟု သိရသည်။ ဆရာကြီးက "မင်း မြေတကွက်လောက်ယူမလား"ဟု မေးမြန်းခဲ့ရာ "ဒီလိုခေါင်တဲ့နေရာမှာ လာမနေချင်ပါဘူး ဆရာကြီး"ဟု ပြန်ဖြေခဲ့သည်ကို အမှတ်ရမိသေးသည်။ မိသားစုအတွက် ဤမျှသာ သင့်တင့်ရုံ ဆောင်ရွက်ပေးခဲ့ပြီး၊ မိမိအတွက်မူ ငွေကြေးဥစ္စာ၊ ပစ္စည်းဘဏ္ဍာ ဟူ၍ ဘာတခုမျှ စုဆောင်းထားခဲ့ခြင်း မရှိဘဲ၊ လက်ချည်းသက်သက်ပင် ခွဲခွာသွားရှာလေပြီ။

အမှန်စင်စစ်၊ အမြင်အားဖြင့် လက်ချည်းသက်သက် ထွက်ခွာသွားသည်သာ ဆိုရသည်။ ဆရာကြီးကဲ့သို့ သူတော်စင်ပုဂ္ဂိုလ်ကြီးသည် ဝဋ်ဆင်းရဲခံနေရသော လူ့ဘဝကို စွန့်ခွာလိုက်သည်တွင် ပိုမိုမြင့်မြတ်သည့် ဘုံဌာနသို့ တက်လှမ်းသွားခဲ့မည် အမှန်ဖြစ်ပေသည်။ ထိုဘုံဘဝ၌ မပူပင်၊ မကြောင့်ကြ၊ အေးချမ်းစွာ စံမြန်းနေထိုင်ရန် ဆရာကြီး၌ ကမ္မဖလ၊ ဘဏ္ဍာပစ္စည်းအများအပြား စုဆောင်း ယူဆောင်သွားသည်ကို ကျွန်ုပ်တို့ မသိမဟုတ်ပါချေ။ ဤဘဝ၌ ဆရာကြီးပြုလုပ်ခဲ့သော သီလကုသိုလ်၊ ဒါနကုသိုလ်၊ ဘာဝနာကုသိုလ်တို့၏ အကျိုးပေး အရှိန်အဟုန်သည် လွန်စွာ ကြီးမားပေမည်။ ဤကုသိုလ်များတွင် ဓမ္မဒါနကုသိုလ်သည် သဗ္ဗဒါန၊ ဓမ္မဒါန၊ ဇိနာတိ ဟု အဆိုရှိသည်နှင့်အညီ အမွန်မြတ်ဆုံး ဖြစ်ရကား၊ အကျိုးပေးရာတွင်လည်း အထူး၌အထိပ်တက်ရောက်နေမည်မှာ ယုံမှားဘွယ်မရှိတော့ချေ။

× × ×

၁၉၇၁ ခု၊ ဇန်နဝါရီလ ၂၁ ရက် ကြာသပတေးနေ့တွင် ရိပ်သာစနစ်အတိုင်း မြတ်ဘုရားအား ရည်စူး၍ သစ်သီးဆွမ်းဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာကြီး၏ သက်စေ့ ဆရာတော်၊ သံဃာတော် ၇၃ ပါးအား ဆွမ်းကျွေးပူဇော်ကြသည်။ ထို့နောက် တိစီဝရိတ်သင်္ကန်း၊ ထီး၊ ဘိနပ်၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ ဆွမ်းဆန်၊ ဆီ စသော လှူဘွယ် ဝတ္ထုများ လှူဒါန်း ဆက်ကပ်၍ ရေစက်ချ၊ အမျှပေးဝေကြပါသည်။

ဆရာကြီး၏ အန္တိမစျာပနသို့ ကြွရောက် ဂါရဝပြုကြသည့် ပရိသတ်မှာ ကျွန်တော်၏ အတွေ့အကြုံတွင် အကြီးမားဆုံး၊ အစုံလင်ဆုံး လူထုကြီး တရပ်ဖြစ်ခဲ့လေသည်။ ရုံးနေ့ဖြစ်၍ ရုံးသူရုံးသားများအား အချိန်ပေး နိုင်ရန် ၂ နာရီတိတိတွင်မှ ဆရာကြီး၏ ရုပ်ကလပ်ကို ခေါင်းသွင်း၍ သယ်ယူကြသည်။ ဆရာကြီး၏ခေါင်းကို တပည့်အိန္ဒိယလူငယ်များက ထမ်းပိုး၍ ဓမ္မာရုံမှ ထွက်ခွာ ဓမ္မရောင်ခြည်စေတီတော်ကို ဦးတိုက်လျက် အနောက်ဘက် စောင်းတန်းမှ တောင်ခြေသို့ ပထမခရီးတထောက်အဖြစ် သယ်ဆောင်ခဲ့ကြသည်။ သပ်ယပ် တင့်တယ်စွာ ပြင်ဆင်ထားသည့် အသုဘယာဉ်မှာ ရိပ်သာလမ်းကျဉ်းအတွင်းသို့ မဝင်ရောက်နိုင်သဖြင့် အင်ယားမြိုင် လမ်းမပေါ်မှ စောင့်ဆိုင်း နေရသည်။ တောင်အောက်တွင် ဆရာကြီးအား နောက်ဆုံး ဂါရဝပြုလိုသူ အခြားတပည့်များက ခေါင်းကို တဆင့်ထမ်းပိုး သယ်ဆောင်ကြသည်။ များပြား လှသည့် လွှမ်းသူ့ပန်းခွေများကို ထရပ်ကားတစီးတွင် တင်ဆောင်ရသည်။ ၎င်းကား၏ နောက်မှ မိသားစုများ၊ ဝိပဿနာအဖွဲ့ အမှုဆောင်လူကြီးများ ကားများက စီတန်းလိုက်ခဲ့ကြ၍ အင်းယားမြိုင်လမ်းပေါ်သို့ ထွက်ကြရသည်။

ယင်းလမ်းမပေါ်အရောက်တွင် ခေါင်းကို အသုဘယာဉ်ပေါ်သို့တင်၍ အင်းယားမြိုင်လမ်းမှ တက္ကသိုလ်ရိပ်သာလမ်းပေါ်သို့ ကွေ့တက်လိုက်ရာ အသုဘပို့ရန် စောင့်ဆိုင်းနေသည့် ကားတန်းကြီးမှာ တမျှော်တခေါ်ကြီး မြင်တွေ့နေရသည်။ အင်းယားမြိုင်လမ်းတည်းမှာလည်း ကားတန်းကြီးမှာ ထွက်လာဆဲဖြစ်ရာ၊ အသုဘယာဉ်သည် ကမာရွတ်အကွေ့သို့ ရောက်သည့်တိုင်အောင် အင်းယားမြိုင်လမ်းထဲမှ ပရိသတ်များ ထွက်လာနေဆဲ ဖြစ်သည်ဟု သိရပေသည်။ ဆရာကြီးအား ကြည်ညိုလေးစားသူ၊ မေတ္တာထားသူများမှာ အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများ၊ အဝေါဟာပိုင် အဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်အကြီးအကဲများ၊ ကုလသဂ္ဂ အဖွဲ့ရုံးများ၊ ကြက်ခြေနီ အသင်းအဖွဲ့များ၊ ငွေစာရင်းမင်းကြီးရုံး၊ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်

ညွှန်ကြားရေးဝန်ရုံး၊ နိုင်ငံတော်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၊ နိုင်ငံတော်သာသနာရေးဦးစီဌာန အစရှိသည့်ဆရာကြီးနှင့်အလုပ်ဝတ္တရားအရတိုက်ရိုက်ဆက်ဆံခဲ့ရသည့်ရုံးအသီးသီး အဖွဲ့အသီးသီးမှ အမှုထမ်းပေါင်းစုံများဖြစ်ကြသောကြောင့် ဆရာကြီး၏ စျာပနမှာ ဤမျှသိုက်မြိုက်စည်ကားခြင်းဖြစ်ပေသည်။ ဤပရိသတ်မှာ ဝတ်တရားကျေရုံ အသုဘပို့လာကြသူများမဟုတ်ဘဲ၊ ဆရာကြီးအား လွန်စွာ လေးစားကြ၍ ဤမျှအဖိုးတန် ပုဂ္ဂိုလ်ကြီးတဦး ရုတ်တရက် ကွယ်လွန်ဆုံးရှုံးသွားခြင်းအတွက် နှမြောတသ၊ ကြေကွဲကြ၍ အလေးပြုရန် လာကြကြောင်း ထင်ရှားသည်။ ကြံတောသုဿန်တွင် လျှပ်စစ်ဓာတ်အားဖြင့် ဆရာကြီးအား မီးသဂြိုဟ်ပြီးသည့်တိုင်အောင် ပရိသတ်ထုမကွဲသေးဘဲ စောင့်ဆိုင်းခါ ဂါရဝပြုနေဆဲပင် ဖြစ်ခဲ့သည်။

× × ×

ဆရာကြီး၏ အရိုးပြာကို အုန်းရည်ကြည်ဖြင့် သန့်စင်စေ၍၊ မြေအိုးသစ်တလုံးတွင် ထည့်ယူ သယ်ဆောင်လာသည့် ကားတန်းကြီးသည် ဆူးလေဘုရားဗဟိုတံတားသို့ ၅ နာရီခွဲတွင် ဆိုက်ရောက်လာသည်။ အသင့် စောင့်ဆိုင်းနေသော ပင်လယ်ရေကြောင်းပြ ရေယာဉ်ပေါ်သို့ တပည့်အပေါင်းက ပြာအိုးကို ရွှေ့ပြောင်းယူလာကြသည်။ ယင်းပရိသတ်တွင် အိန္ဒိယအမျိုးသားများ အများအပြား ပါဝင်ခဲ့သည်။ ဆရာကြီးအား လေးလေးစားစား ဂါရဝပြုသူများ ဖြစ်ပါပေသည်။

ရေယာဉ်ကြီးသည် ပင်လယ်ကူး သင်္ဘောကြီးများ နံဘေးမှဖြတ်၍ ရာဝတီမြစ်ဝသို့ တရွေ့ရွေ့ခုတ်မောင်းလာသည်။ ဇင်ယော် ငှက်ငယ်များကလည်း ဆရာကြီးအား ဂုဏ်ပြုပူဇော်လိုသည့်နှယ် သင်းဘောနောက်မှ ပျံဝဲလိုက်လာကြသည်။ ရာဝတီမြစ်ရေနှင့် ပင်လယ်ရေ ဆုံစည်းမိကြသည့် စီးကြောင်းအနီးအရောက်တွင် အရိုးပြာများကို စတင်ဖြန့်ကျဲစွန့်ပစ်ကြသည်။ နောက်ဆုံးတွင် ပြာထည့်ခဲ့သော အိုးကိုလည်း သင်္ဘောပေါ်မှ ပစ်ချ လိုက်ရာ ရေလှိုင်း အနည်းငယ် ထိရိုက်ပြီးနောက် အိုးသည် နစ်မြုပ် ပျောက်ကွယ် သွားခဲ့လေသည်။ တချိန်တည်းမှာပင် ပင်လယ်ဝ မိုးကုတ်စက်ဝိုင်းဆီ၌ နေမင်းကြီးသည်လည်း ပင်လယ် ရေပြင်အောက်သို့ ငုတ်လျှိုး ပျောက်ကွ[illegible] တော့၏။

## (င) ဝမ်းနည်းတသ၊ ဂုဏ်ပြုကြ၏။

ဆရာကြီး ကွယ်လွန်သွားပြီးနောက် ရက်ပိုင်း၊ လပိုင်းအတွင်း ပုဂ္ဂိုလ်အသီးသီးက ဝမ်းနည်းလွှာ၊ ဂုဏ်ပြုလွှာများပေးပို့ကြ၏။ စာနယ် ဇင်းများတွင် ရေးသားကြ၏။ ယင်းတို့အနက်မှ ဆရာကြီး၏ ဝိသေသ၊ ဂုဏ်ဒြပ်တို့ကို အထူးပေါ်လွင်လာအောင် ရေးသားထားသည့် ဂုဏ်ပြုလွှာအချို့ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

(က) လောကီနှင့် လောကုတ္တရာအတွက် မီးရှူးတန်ဆောင် ဖြစ်သော ဆရာကြီး ဦးဘခင်။

အင်္ဂလိပ်၊ အမေရိကန်၊ ဒတ်(ချ်)၊ ဩစတြေးလျ၊ မော်ရိသျ၊ ကနေဒါ၊ အစရှိသည့် လူမျိုးခြားများအား ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မနှင့် ဝိပဿနာတို့ကို ညွှန်ပြလျက် အောင်အောင်မြင်မြင် သာသနာ ပြုနေရှာသော ငွေစာရင်းမင်းကြီးဟောင်းနှင့် ကူးသန်းရောင်းဝယ်ရေး၊ စာရင်းစစ်ညွှန်ကြားရေးဝန်ဟောင်း ဆရာကြီး ဦးဘခင်(၁၉-၁-၇၁) နေ့က ကွယ်လွန်အနိစ္စ ရောက်သွားရှာကြောင်း ကြားသိရသော သား တပည့်၊ သမီး တပည့်များ ဖြစ် ကြ သော ကျွန်တော်-ကျွန်မတို့အဘို့ ဝမ်းနည်းခြင်း၊ နှမြောတသခြင်းတို့ဖြစ်ကြရပါသည်။

တပည့်များအပေါ်၌ လောကုတ္တရာတွင် ထွန်းထွန်းပေါက်ပေါက် ဖြစ်မြောက် စေလိုသော ဆရာကြီး၏ တန်ဘိုးမဖြတ်စွမ်းနိုင်သော စေတနာနှင့် လောကီရေးရာဖြစ်သည့် ရုံးလုပ်ငန်းတွင် ကျွမ်းကျင် လိမ္မာ စေလိုသော၊ မေ့ပျောက်၍ မရနိုင်သည့် စေတနာများကို တပည့်ဖြစ်သူများက ထာဝစဉ် သတိရစွာဖြင့် ဆရာကြီး ကောင်းရာသုဂတိသို့ လားပါစေ ဟူ၍ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဆရာကြီးအား ဦးညွှတ်လျက်

(ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ညွှန်ကြားရေးဝန်ရုံး အမှုထမ်း ကြီး ငယ် များ)

(ခ)။ ။အမိမြန်မာပြည်တွင် လောကီ-လောကုတ် နှစ်ဖက်စလုံးတွင် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကြီးတယောက် ဆုံးရှုံးရလေပြီ။ သူ၏တာဝန်ဖြင့် ကျေပွန်သွားပါပြီ။ ကောင်းရာ သုဂတိသို့ ရောက်မည်မှာ သေချာ ပါတော့သည်။ သူ၏ စံနမူနာကိုလည်း နောင်လာ၊ နောက်သားတို့ အတုယူဖို့ရန် အလွန်ကောင်းပါပေသည်။ ကျွန်တော်ကဲ့သို့ပင် ၁၀-တန်းသာကျောင်း၍ ဝီရိယနှင့် သမာဓိအကျိုးအားဖြင့် အေ-ဂျီရုံးတွင် စာရင်းစစ် ဝင်လုပ်ရုံး၊

စာမေးပွဲများကို တဆင့်ပြီးတဆင့် အောင်ပြီးနောက် ထိပ်တန်းသို့ ရောက်ခဲ့၏။ အခြား အစိုးရ အရာရှိများနှင့်မတူပဲ၊အမှုထမ်းနေစဉ် ဗုဒ္ဓကျမ်းစာများကို အထူး သင်အံ လေ့ကျက်လာခဲ့သူ ဖြစ်သည်။ ယခု သေသည့်အချိန်တွင် ကမ္ဘာကျော် ဝိပဿနာဆရာကြီးတဦး ဖြစ်လာတော့သည်။

မြတ်ကျော်။
ညောင်လေးပင်။
(၂၁-၁-၇၁)။

(ဂ)။ ။မြန်မာပြည်၊ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၏ ဂုရု ဆရာကြီး ဦးဘခင်။

ဆရာကြီးသည် ဥပဓိရုပ်ကောင်း၍ ခန္ဓာကိုယ် ပြည့်ဖြိုး တင့်တယ်၏။ ကာယိန္ဒြေ တည်ငြိမ်၍ ဂုဏ်ဒြပ် မြင့်မြတ် ကြီးမား၏။ ခန့်ညား ထယ်ဝါ၏။ ပြုံး ယောင်ယောင် မျက်နှာသည် အစဉ် တည်ငြိမ်၍ ကြေနပ်နှစ်သိမ့်မှု အပြည့်အဝ ရှိသည်။

**လူမှုဆက်ဆံရေး။** ။ဆရာကြီးနှင့်အတူနေစဉ်၊ ဆရာကြီးက မိမိအား ဂရုစိုက်သည်၊ မေတ္တာ ထားသည်။ အခြားသူများထက် ပိုပိုလိုက်လျောသည် ဟု ထင်မြင် ခံစားရ၏။ ထူးဆန်းသည်မှာ လူတိုင်းကလည်း မိမိအပေါ် ဆရာ ကြီးက ဤသို့ သဘောထားရှာသည် ဟုသာ ယူဆကြခြင်း ဖြစ်သည်။ အမှန်မှာ ကြီး သည် ငယ်တည် ဟူ၊ ဆင်းရဲချမ်းသာ မရွေး၊ လူတိုင်းအပေါ် ထားရှိသော ဆရာကြီး၏ စေတနာ၊ မေတ္တာနှင့် ဂရုပြုမှုမှာ ညီတူညီမျှသာ ဖြစ်ပေသည်။ အတုန့်အပြန်အားဖြင့် ဆရာကြီးက ကျွန်ုပ်တို့ ဘာမျှမမျှော်လင့်၊ ပလိုလားပေ။ တရားဓမ္မကို အမှန်တကယ်လိုလား၍ ဟန်ဆောင်မှု လိမ်ညာမှုကင်းရှင်းသည် ကိုသာ မြင်လိုပေသည်။

**သည်းခံမှု၊ သဘောထားကြီးမှု။** ။မည်သည့် ဘာသာရေးရာ အယူဝါဒမျှ ဆရာကြီးသည် ပုတ်ခတ်ထိပါး ပြောဆိုခြင်း၊ ဝေဖန် ရှုံ့ချခြင်း၊ ကဲ့ရဲ့လှောင် ပြောင်ခြင်းမပြု သဘောထားကြီးစွာ ဆက်ဆံသည်။ သို့ရာတွင် ဗုဒ္ဓဓမ္မကိုသာ သူနားလည်သည့်အတိုင်း သင်ပြပေးသည်။ သူနားလည်သည်မှာလည်း လူပေါင်း များစွာ များစွာတို့ထက် သာလွန်ပါပေသည်။ သူပြသသည့်နည်းလမ်းများမှာ လွယ်ကူရှင်းလင်း၍ နှစ်လိုဘွယ်ရှိလှသည်။ လက်တွေ့လည်း ကျသည်။ ဆရာ ကြီးသည် ‘‘ငါ့စကား၊ နွားရ’’ တဇောက်သတ် မည်သည့်အခါမျှ မပြောဆို၊ သူ ပြောသမျှ လက်ခံရမည်ဟုလည်း အတင်းအကြပ် မတိုက်တွန်းချေ။ သူသည်

သူပြောသည့်၊ ဟောသည့်အတိုင်း ကျင့်ကြံနေထိုင်ပြသည်။ သူ့သဘောဝါဒကို ရှင်းလင်းပြပြီးနောက် မိမိကိုယ်တိုင် ဆင်ခြင် သုံးသပ် စေသည်။ ထို့နောက် သူ့တရားကို အပြည့်အစုံလက်ခံလိုကလက်ခံ၍၊ လက်မခံလိုကလည်း မိမိဆန္ဒအတိုင်း သဘောထားနိုင်ပေသည်။

**စရိုက်အလေ့။** ။ဆရာကြီးသည် ဆေးလိပ်မသောက်၊ အရက် မသောက်၊ မူးယစ်ဆေးဝါးမမှီဝဲချေ။ လဘက်ရည်နှင့် ကော်ဖီ သင့်တော်ရုံ သုံးဆောင်သည်။ အသက်အရွယ် ကြီးလာသောအခါ နွားနို့၊ အိုဗာတင် စသည်တို့ကို ပိုမိုနှစ်သက်သည်။ သက်သတ်လွတ်သမား - သက်သက်မဟုတ်သော်လည်း ကြက်သားနှင့်ငါး၊ ပုဇွန်ကိုသာ သင့်တော်ရုံစားသောက်၍ အသားကြီးများ ရှောင်ရှားသည်။ သူတပါး အသက်ကို လွန်စွာငဲ့ညှာထောက်ထားသဖြင့် ရိပ်သာဝန်းကျင်တွင် ခြင်၊ ယင် စသည်တို့ပင် သတ်ဖြတ် နှိမ်နင်းခွင့် မပြုပေ။ ရိပ်သာတွင် ခြင်နိုင်ဆေး၊ ပိုးသတ်ဆေးတို့ကို သုံးစွဲခွင့်မပြုပေ။

**သဘာဝပတ်ဝန်းကျင်၌ ကြည်နူးမှု။** ။ဆရာကြီးသည် သဘာဝ၏ အလှအပ၌ သာယာကြည်နူးစိတ်ရှိသည်၊ နုယဉ်သိမ်မွေ့ တင့်တယ်မှု၌ စိတ်နူးညွတ်သည်။ ရာသီလိုက်ပွင့်သော ပန်းများကို လွန်စွာနှစ်သက်သည်။ ထူးဆန်းရှားပါးသော ပန်းမျိုးများကို ရှာဖွေပြုစုလေသည်။ စေတီပရဂုဏ် ပတ်လည်တွင် လွန်စွာလှပသော ပန်းဥယျာဉ်ကိုလည်း ပြုစုထားသည်။ ပန်းပင်များကို ယုယစွာစောင့်ရှောက်ထား၍ ရိပ်သာရောက်လာသူ ဧည့်သည်များအား သူ၏ ပန်းပင်များအကြောင်းကို အချိန်ကြာမြင့်စွာ ပြောပြနေတတ်၏။

**ဟာသဉာဏ်ပြည့်စုံခြင်း။** ။ဆရာကြီးသည် ဟာသဉာဏ်ပြည့်ဝ၍ ဇဝနဉာဏ်ထက်သန်သည်။ အာဝဇ္ဇန်းရှင်သည်။ အပြစ်ကင်းမဲ့သည့် ရယ်ဘွယ်ကိစ္စတွေ့လျှင် အားရပါးရ ရယ်မောတတ်သည်။ ရိုးသား၊ သန့်ရှင်းသော ရယ်ဘွယ်အကြောင်းအရာများကို ပြန်လည်ပြောပြတတ်၍ နားထောင်နေသူများနှင့်အတူ သဘောကျစွာ ရယ်မောတတ်သည်။

**လူသားပီသမှု။** ။မျက်မှောက်ကမ္ဘာ့ဇာတ်ခုံမှ နိုင်ငံရေးနှင့် တိုးတက် [illegible] လောကဓာတ်ပညာ၊ စက်မှုလက်မှု အကြောင်းအရာတို့ကို ကောင်း [illegible] လာသည်။ ရေဒီယိုကို မှန်စွာနားထောင်၍ ပြည်တွင်း [illegible] ကို အမြဲဖတ်ရှုသည်။ လိုက်ဖ်နှင့် တိုင်းမဂ္ဂဇင်းများကို အကျူးနှင်သက် [illegible]

ဆရာကြီး၌ နိုင်ငံခြားသွား၍ (အထူးသဖြင့် အမေရိကန်) သူ၏ ကမ္မဌာန်းလုပ်နည်းကို လက်တွေ့ပြသပေးရန် ပြင်းစွာဆန္ဒရှိခဲ့ပေသည်။ ဤဆန္ဒကား မပြည့်ဝခဲ့ပေ။

သူ၏ ကမ္မဌာန်းနည်းလမ်းသည် လက်တွေ့ လေ့ကျင့်ရန် အလွယ်ကူဆုံးနှင့် ယုတ္တိအတန်ဆုံး ဖြစ်သည် ဟု သူ ယုံကြည်သည်။ သူ ယုံကြည်သည့်အတိုင်းလည်း မှန်ကန်လှပေသည်။ သူ၌ နိုင်ငံခြားသို့ သွားနိုင်ရန်၊ စရိတ်စကအတွက် လုံလောက် ပြည့်စုံသည်။ နိုင်ငံခြားမှ တပည့်များကလည်း ဆရာကြီးအား ဘိတ်မန္တက ပြုထားကြသည်။ သို့ရာတွင် နိုင်ငံကူးလက်မှတ် ရရန်အခက်အခဲကြောင့် အစီအစဉ်များ ဖျက်ခဲ့ရသည်။ ဤကိစ္စတခုမှလွဲ၍ လောကတွင် ဆရာကြီး၏ အလိုဆန္ဒအားလုံး ပြည့်ဝခဲ့သည်သာ ဖြစ်သည်။ သူ၏ဘဝကား လွန်စွာ ပြည့်စုံ လုံလောက်သော ဘဝ ဖြစ်ပေသည်။

ရောဂါဝေဒနာနှင့် နာမကျန်းဖြစ်လျှင် လွန်စွာ သည်းခံနိုင်စွမ်း ရှိလှပေသည်။ အသိဉာဏ် ထက်မြက်၍ ဆရာဝန်အား အခက်အခဲ မဖြစ်စေဘဲ၊ ကူညီဆောင်ရွက်တတ်သော လူနာကောင်းတယောက် ဖြစ်ပေသည်။ လောကကို အဆိုးဘက်မှ မသုံးသပ်။ အစဉ်သဖြင့် အကောင်းမြင်ဝါဒကို စွဲကိုင်၍ ဘဝကို မျှော်လင့်ချက်အပြည့်အဝဖြင့် လက်ခံသည်။

ရောဂါဝေဒနာ ခံစားရခြင်း၊ နာမကျန်း ဖြစ်ရခြင်းတို့မှာ၊ အတိတ်ကာလက မကောင်းမှုကံကြောင့် ဖြစ်ရသည် ဟု ဆရာကြီးက ဆိုသည်။ ဘဝဖြစ်ပေါ်လာလျှင် ဒုက္ခကို တွေ့ကြုံရမည့်အကြောင်း ပြောပြသည်။ မိမိ ခံစားနေရသည့် ဝေဒနာ လက္ခဏာများကို လျှော့လျှော့ပေါ့ပေါ့စဉ်းစားတတ်၍ ဘယ်တော့မှ ညည်းညူခြင်း မပြုချေ။ "လေ ရောဂါပါ" ဟု ပြောလေ့ ရှိသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်မှ ဆရာကြီးအား ဆွဲခေါ် ယူဆောင် သွား ခဲ့ သည့် နောက်ဆုံး ခံစားသွားရရှာသော ဝေဒနာကိုပင် ဆရာကြီးက ပေါ့ပေါ့တန်တန်သာ သဘောထား၍ "ဒုလာလိပ်ခေါင်း၊ သွေးတဂ္ဂနာပါ၊ တရက် နှစ်ရက်နေ ပျောက်သွားမှာပါ" ဟု ပြောခဲ့သေးသည်။ ဆရာဝန်များကမူ "ဆရာကြီး တွင် အန္တရာယ်ကြီးမားသော "ခန္ဓာတွင်း သွေးထွက်ရောဂါ" ဖိစီးနေပြီ ဖြစ်ကြောင်း သိကြ၍ ဆေးရုံသို့ အလျင်အမြန် တင်ပို့ခဲ့ရသည်။ မကြာသေးမီကပင် ဆီးကြောင်းမှ အကြိတ်ကို သုံးကြိမ်တိုင်အောင် ခွဲစိပ်ကုသခဲ့ပြီးနောက်၊ သွေးသွန်ကျဆင်း လာခဲ့သည် မဟုတ်ပါလော။

ဆရာကြီး သည် လွန်စွာ ဘာသာရေး၌ ကိုင်းရှိုင်းသူ သူတော်ကောင်းကြီး ဖြစ်ပေသည်။ သီလဝိသုဒ္ဓိနှင့် ပြည့်စုံလှ၍ လူတိုင်း၏ ကြည်ညိုလေးစားမှုကို ခံယူရပေသည်။

အုံးပရကတ်ရှ်။
အမ်၊ဘီ၊ ဘီ၊ အက်စ်။
အတိုင်ပင်ခံဆေးမှူး၊ ကုလသမဂ္ဂအဖွဲ့ခွဲ။
ရန်ကုန်မြို့။

ဒေါက်တာအုံး၊ ပရကတ်ရှ်မှာ ဆရာကြီး၏ ကျန်းမာရေး ကိုကြပ်မတ်ကြည့်ရှုပေးခဲ့သော လက်စွဲ ဆရာဝန်ကြီးတဦးဖြစ်ပေသည်။ ဆရာကြီး၏ တရားဓမ္မ ပြသမှုကို ခံယူခဲ့သော တပည့်တဦးလည်း ဖြစ်ပေသည်။ ရိပ်သာတွင် မှန်မှန် ကမ္မဋ္ဌာန်း အားထုတ်သူပုဂ္ဂိုလ်ဖြစ်ပေသည်။

(ဿ) ဆရာကြီး ဦးဘခင် ကွယ်လွန်သွားပြီးနောက် မြန်မာပြည်၌ ရတနာ့မွန်၊သင့်ဘဝ၊ ဂါဒီယန်မဂ္ဂဇင်းများနှင့် ဂါဒီယန် သတင်းစာ များတွင် စာရေးဆရာ ဇေယျာမောင်၊ မောင်ရဲလွင်၊ ခေတ်စန်းမောင်၊ ရွှေမှိုင်ကျော်ထင် တို့ကအင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်ဆရာကြီးအား အမှတ်တရ၊ ဂုဏ်ပြုစာများ ရေးသားနေကြစဉ်၊ အိန္ဒိယပြည်တွင်လည်း ဆရာကြီး၏ ဝိသေသဂုဏ်ပုဒ်များ ချီးကျူးလျက်ရှိကြပေသည်။ ၁၉၇၁ ခု၊ ဧပြီလထုတ် "အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ မဟာဗောဓိ" ဂျာနယ် အတွဲ ၇၉၊ အမှတ် ၄၊ စာမျက်နှာ ၁၂၁ တွင် ဆရာကြီး ကွယ်လွန်သွားကြောင်း ဝမ်းနည်းသတင်းကို အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

"ဆရာကြီး ဦးဘခင်"
ကွယ်လွန်သွားကြောင်း၊ ဝမ်းနည်းသတင်း။

မြန်မာနိုင်ငံမှ ကမ္မဋ္ဌာန စရိယများအနက် အထူးထင်ရှား ကျော်ကြားသော ဆရာကြီးဦးဘခင်သည် ကွယ်လွန်သွားရှာလေပြီ။ ရန်ကုန်မြို့ရှိသူ၏ ကမ္မဋ္ဌာန်းရိပ်သာတွင် ၁၉၇၁ ခု၊ ဇန်နဝါရီလ ၁၉ ရက်နေ့က ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ယခင်က ဆရာကြီးဦးဘခင်သည် မြန်မာနိုင်ငံတော်အစိုးရဌာနပေါင်းများစွာ၌ ဦးစီးကြီးကိုင်၊ အကြီးအကဲဖြစ်ခဲ့၍ ငွေစာရင်း မင်းကြီးအဖြစ်လည်း အမှုထမ်းခဲ့ပေသည်။ ဦးဘခင်သည် ငွေစာရင်းအရာရှိပေါ်အဖြစ် အမှုထမ်းနေစဉ်ကပင် လက်တွေ့ကမ္မဋ္ဌာန်းတရားများကို သူ၏ဆရာ၊ ဆရာ

သက်ကြီးထံမှ နည်းနာများကိုခံယူ၍ ပွားများအားထုတ် ခဲ့ပေသည်။ ဆရာသက်ကြီးသည် မြန်မာပြည်၌ ပရိယတ်၊ ပဋိပတ်စွယ်စုံ ပြောင်မြောက်၍ အထူးကြည်ညိုပူဇော်ခြင်းခံရသော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းကြီး ဖြစ်ခဲ့ပေသည်။

ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းသည် ငွေစာရင်းအရာရှိငယ် ဦးဘခင်အား ကျေးဇူးအထူးပြုပေသောကြောင့်၊ မကြာမီပင် သူရရှိထားသော တရားများကို သူနှင့် လုပ်ဖော်ကိုင်ဖက် တပည့်များအား စတင်ပေးဝေဖြန့်ဖြူးခဲ့လေသည်။ လက်တွေ့ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့်သူ၏တပည့်များတွင်ကိုယ်ကျင့်သိက္ခာကောင်းမွန်လာခြင်း၊ အချင်းချင်းဆက်ဆံရာ၌ အေးချမ်း ပြေပြစ်စွာ ရှိခြင်းတို့ အပြင်၊ ရုံးတာဝန်ကိစ္စများကိုလည်း ပိုမိုကောင်းမွန်၊ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြသည်ကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ဦးဘခင်ထံသို့ လက်တွေ့ ကမ္မဋ္ဌာန်းတရားဆိုင်ရာ ဩဝါဒခံယူရန် လူပေါင်းများစွာ ဆည်းကပ်လာခဲ့ကြပေသည်။ အစိုးရအမှုထမ်းရာမှ အငြိမ်းစားယူပြီးနောက် ဦးဘခင် ကိုယ်တိုင်လည်း တရားပွားများအားထုတ်၍ သူတပါးအားလည်း ကမ္မဋ္ဌာန်းတရားပြသပေးရန် မိမိဘဝကိုမြှုပ်နှံခဲ့လေသည်။

ဘာသာရေးရာ၊ ကြည်ညို ကိုင်းရှိုင်းမှုတွင် ဦးဘခင်သည် အရှေ့တိုင်းနှင့် အနောက်တိုင်းမှ တပည့်များစွာ၏ စံနမူနာပြဆရာ၊ သူတော်မွန်ကြီးဖြစ်ခဲ့ပေသည်။ ယင်းတပည့်အပေါင်းအား အစစ်အမှန် ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုရနိုင်သည့် လက်တွေ့ကျင့်စဉ်က တရားများကိုပြသပေးခဲ့၍ ဓမ္မစည်ပင်ပြန့်ပွားရေးအတွက်၊ အားသွန်ခွန်စိုက်ကြိုးပမ်းသွားခဲ့ပေသည်။ ၁၉၇၀ ခု ဇီဇင်ဘာလ ၁၄ ရက်နေ့တွင်ဦးဘခင်၏ သာသနာပြုလုပ်ငန်းသည် ၂၅ နှစ်ပြည့်မြောက်ခဲ့ရာ၊ ထိုနေ့တွင် ကမ္ဘာအရပ်ရပ်ရှိ သူ၏တပည့်များထံ၊ တရားဓမ္မဆိုင်ရာ နောက်ဆုံးဩဝါဒစကားများကိုပို့ပေးချီးမြှင့်ခဲ့ပေသည်။

ဤဂျာနယ်တွင် ယခင်က ဖော်ပြပြီးခဲ့သည့်အတိုင်း၊ ရှရီ၊အက်စ်၊အင်စ်၊ ဂိုအင်ကာသည် သူ၏ လက်ပွန်းတတီး တပည့်ကြီးတဦး ဖြစ်ပေသည်။ လွန်ခဲ့သော တနှစ်ခွဲမှစ၍ ရှရီ၊ ဂိုအင်ကာသည်အိန္ဒိယတိုက်နယ်၊ အရပ်ရပ်၌ ကမ္မဋ္ဌာန်းတရားများ ပြသလျက်ရှိပေသည်။ သူ၏ ဂုရုဆရာကြီး ဦးဘခင် ကွယ်လွန်သွားကြောင်း ဝမ်းနည်းဘွယ်သတင်းကြားရစဉ်က၊ ရှရီ၊ဂိုအင်ကာသည် ဗုဒ္ဓဂါယာတွင် ၂၇ ကြိမ်မြောက် တရားပတ်ပြသနေချိန် ဖြစ်သည်။ ယင်း သတင်းကို ရှရီ၊ ဂိုအင်ကာကပင်၊ ကျွန်ုပ်ထံ တဆင့်ပို့ပေးခဲ့ခြင်း ဖြစ်ပေသည်။

သူ၏ဆရာကြီးအား ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ်၊ ရှင်ဂိုအင်ကာသည် သူကိုယ်တိုင် ဗုဒ္ဓဂါယာတွင် ၁၀ ရက်တိတိ တရားအားထုတ်ပြီးနောက်၊ နိုင်ငံပေါင်းစုံ သံဃာတော် ၅၀ အပါအဝင်၊ သံဃာတော်ပေါင်း ၁၅၀ ကို ၁၉၇၁ ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဆွမ်းကျွေးမွေးပူဇော်၍ လှူဘွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းဆက်ကပ်ခါ၊ အမျှအတမ်းပေးဝေခဲ့ပေသည်။ အိန္ဒိယရောက်၊ မြန်မာဘုန်းတော်ကြီးအားလုံးသည် ဤအလှူပွဲသို့ တက်ရောက်ချီးမြှင့် အပူဇော်ခံခဲ့ကြပေသည်။

ဆရာကြီးဦးဘခင်အား ဂုဏ်ပြုသောအားဖြင့် သူ၏ အတ္ထုပ္ပတ္တိနှင့် သာသနာပြု လုပ်ငန်းများကို ဖော်ပြမည်ဖြစ်သော ကျွန်ုပ်တို့၏ မဟာဗောဓိဂျာနယ် အထူးစာစောင် တစောင်ကို ထုတ်ဝေရန် စီစဉ်လျက်ရှိပြီ ဖြစ်ပါကြောင်း—

"ဆရာကြီးဦးဘခင်၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပါစေသတည်း။"

× × ×

ဤအခန်း၏ နိဂုံးချုပ်အဖြစ် ကမ္ဘာကျော် အသံလွှင့်ဌာန ဖြစ်သော လန်ဒန်မြို့၊ ဘီ၊ ဘီ၊ စီမှ ဆရာကြီး ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း အသံလွှင့်ဂုဏ်ပြုခဲ့ပုံကို ဖော်ပြလိုပါသည်။

လူကြီးမင်းခင်ဗျား။

၁၉၇၁ ခု၊ ဇန်နဝါရီလ ၂၇ ရက် နေ့စွဲဖြင့် ပေးပို့လိုက်သော စာကို ရရှိသဖြင့် ကျေးဇူးအထူးတင်ပါသည်။

အဆင်မသင့်သဖြင့် စည်သူဦးဘခင်၏ အကြောင်းကို ဖော်ပြခဲ့သော ဗုဒ္ဓဟူးနေ့ အသံလွှင့်အစီအစဉ်ကို တိတ်ခွေဖြင့် အသံဖမ်းယူမထားခဲ့ပါ။ သို့ရာတွင် ၎င်းအစီအစဉ်အတွက် စာမူရှိသဖြင့် ယင်းစာမူမှ ကောက်နုတ်ချက်ကို ယခုစာနှင့်အတူ ပူးတွဲပို့ပေးလိုက်ပါသည်။

ကျွန်ုပ်တို့သည် ဦးဘခင်အား အစဉ်သဖြင့် လေးစား ကြည်ညိုကြပါသည်။ ချီးမွမ်းထောပနာပြုကြပါသည်။ ဦးဘခင်ကွယ်လွန်ကြောင်း သတင်းရရှိသောအခါ ကျွန်ုပ်တို့အားလုံး နှမြောတသ ဝမ်းနည်းကြရပါသည်။ ယခု ပူးတွဲပို့လိုက်သော စာမူတွင် အခြားအကြောင်းအရာများ အသံလွှင့်ပြောကြားဆဲ၌ ဦးဘခင်ကွယ်လွန်သွားသော သတင်းကို ကြားညှပ်ပြောရသဖြင့် တိုတောင်းနေ

ပါသည်။ ဤတိုတောင်းလှသော ကြေငြာချက်သည်ပင် ကျွန်ုပ်တို့ ဘီ၊ ဘီ၊ စီမှ ဦးဘခင်အား ဂုဏ်ပြုအထိမ်းအမှတ် ဖြစ်ကြောင်း ယူဆစေလိုပါသည်။

သစ္စာရှိစွာဖြင့်၊
ဘေဆယ်လ်၊ ကလပ်
မြန်မာပိုင်း အစီအစဉ်မှူး၊ ဘီဘီစီ၊ လန်ဒန်။

## "ဗြိတိန်မှ ပေးစာ" စာမူမှ ကောက်နုတ်ချက်။

၁၉၇၁ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် "ဦးသစ္စာ" အသံလွှင့် ဟောပြောသည်။

"....... မြန်မာပြည်ဆိုင်ရာ သတင်းအဖြစ်၊ ဘီဘီစီသို့ မှန်မှန်ရောက်ရှိလာသော မြန်မာသတင်းစာများတွင် စည်သူဦးဘခင် ကွယ်လွန် အနိစ္စရောက်သွားကြောင်း သတင်းဘတ်ရသဖြင့် ကြေကွဲဝမ်းနည်း ဖြစ်ရပါသည်။ ငွေစာရင်းမင်းကြီး ဟောင်း ဦးဘခင်သည် ဘီဘီစီမြန်မာပိုင်းအစီအစဉ် ဆိုင်ရာတို့နှင့် ရင်းနှီးစွာ ဆက်သွယ်ခဲ့သူ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ပဋ္ဌာန်းဌာနကြီးကို ဦးစီးတည်ထောင်ခဲ့သူ၊ သူတော်မွန်ကြီးဖြစ်ပါသည်။ နိုင်ငံခြားသားများအားဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားပြသပေးရာတွင် ပြိုင်စံဘက်ကင်းသော တရားပြဆရာကြီး ဖြစ်ပါသည်။ သောထရှင်တို့ မှတ်မိကြပါလိမ့်ဦးမည်။ မကြာသေးမီက ဤအသံလွှင့်အစီအစဉ်မှနေ၍ ဆရာကြီးဦးဘခင်ထံတွင် ကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့သော၊ မဉ္စူ—မြန်မာ အမည်ရှိ ဂျာမန်အမျိုးသမီးကလေးနှင့် တွေ့ဆုံမေးမြန်းခန်းကို အသံလွှင့် ပေးခဲ့ပါသေးသည်။

# အခန်း ၁၀

# ကွယ်လွန်ပြီးခါ (၁၀) နှစ်ကြာ

## (က) ဓမ္မရောင်ခြည် စေတီရိပ်သာနှင့် အစဉ်အလာ ပူဇော်ပွဲများ အခြေအနေ

ဆရာကြီး ဦးဘခင်၏ လူ့ဘဝ တသက်တာကား နိဂုံးချုပ် သွားခဲ့ပေပြီ။ သို့သော် သာသနာပြုလုပ်ငန်း တည်းဟူသောသူစတင်ခဲ့သည့်လမ်း၊ သူညွှန်ပြခဲ့သည့်လမ်း၊ သူကိုယ်တိုင် လျှောက်သွားခဲ့သည့်လမ်းကား မဆုံးသေးချေ။ မဆုံးသေးသည့်ပြင် သူဖော်ထုတ်ခဲ့သည့် လမ်းစ၊ လမ်းကြောင်းကို သူ၏တပည့်အပေါင်းက အာတ်တကုတ် ထိန်းသိမ်းစောင့်ရှောက်၊ ပြုပြင်မွမ်းမံတိုးချဲ့ တည်ဆောက်လျက်ရှိကြသောကြောင့် မူလလမ်းစ၊ လမ်းကြောင်းမှသည် ဖြောင့်ဖြူးသာယာလှသည့် လမ်းမကြီးအဖြစ်သို့ စည်ပင်တိုးတက် ပြန့်ပွားလျက်ရှိနေပေပြီ။ လမ်းမကြီးတလျှောက် သံသရာခရီးသည် အပေါင်းသည် သက်သာလွယ်ကူစွာ ဥဒဟိုလျှောက်သွားနေကြလေပြီ။ လမ်းစထွင်ခဲ့သူ၊ လမ်းညွှန်ပြခဲ့သူ ဆရာကြီးဦးဘခင်အားလည်း ကျေးဇူးတင်မဆုံး၊ ဦးညွှတ်မဆုံး ရှိကြလေပြီ။ ယင်းအကြောင်းအရာများကို ဤအခန်းတွင် မှတ်တမ်းတင်ရပေမည်။

ဆရာကြီး ချန်ထားခဲ့သည့် သာသနာပြု လုပ်ငန်းတာဝန် အရပ်ရပ်ကို မည့်သို့ ထိန်းသိမ်းစောင့်ရှောက်ကြမည်။ ဆက်လက်ဆောင်ရွက်ကြမည် စသည်တို့ကို ညှိနှိုင်းဆွေးနွေးကြရန် ငွေစာရင်းမင်းကြီးရုံးဝိပဿနာအဖွဲ့ အမှုဆောင်အဖွဲ့လူကြီးများသည် ၁၉၇၁ ဇန်နဝါရီလ ၃၁ ရက်နေ့၊ နံနက် ( ၁၀)ကွင် စည်းဝေးခဲ့ကြလေသည်။ ယင်း အစည်းအဝေးပွဲ၌ အမှုဆောင် လူကြီးများက ဓမ္မရောင်ခြည် စေတီရိပ်သာကို ဗဟိုပြု၍ လုပ်ဆောင်လျက်ရှိသော သာသနာပြုလုပ်ငန်းအားလုံးကို ဆရာကြီးရှိစဉ်ကကဲ့သို့ ပျက်ကွက်ခြင်းမရှိစေဘဲ ဆက်လက်လုပ်ဆောင်သွားကြရန် သဘောတူဆုံးဖြတ်ကြလေသည်။

သာသနာပြုလုပ်ငန်းတွင် အဓိကဖြစ်သည့် တရားပြသရေး တာဝန်ကို ထမ်းဆောင်ရန် အောက်ပါပုဂ္ဂိုလ်ကြီးများ ပါဝင်သော အဖွဲ့ငယ်တခုကို ဖွဲ့စည်းရန်၊ အမှုဆောင်အဖွဲ့က ဆုံးဖြတ်ခဲ့ကြသည်။

(၁) ဦးတင့်ရီ အဖွဲ့ငယ် ဥက္ကဋ္ဌ။ (၂) ဆရာမ ဒေါ်မြသွင် ပြင်ပမှအဖွဲ့ဝင်။
(၃) ဦးအုံးလွင် အဖွဲ့ဝင်။ (၄) ဦးဂိုအင်ကာ ၎င်း
(၅) ဦးဘဘိုး အတွင်းရေးမှူး။

ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၏ အခြေခံစည်းမျဉ်း ဥပဒေတွင် ပြင်ပပုဂ္ဂိုလ်တို့အား ၅၀ နှုန်းထက်မပိုဘဲ၊ အဖွဲ့ကိစ္စများတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ပြုထားသည့်အလျောက် ဆရာကြီး၏ သာသနာပြု လုပ်ငန်းတွင် တာဝန်အကြီးဆုံး ထမ်းဆောင်ရမည့် ဆရာမ ဒေါ်မြသွင်နှင့် ဦးဂိုအင်ကာတို့အား အဖွဲ့ငယ်တွင် ထည့်သွင်းခဲ့ပေသည်။ ဦးချစ်တင်အား ဆရာကြီးရှိစဉ်ကကဲ့သို့ ဆရာမနှင့်အတူ တူညီနိုင်ရန် အဖွဲ့ငယ်တွင် ပါဝင်စေရန် စဉ်းစားကြရာ လူမများစေလိုကြောင်း၊ လုပ်ငန်းတွင် မပါမဖြစ်သည့် အတွင်းရေးမှူးအား ပါဝင်စေသင့်ကြောင်း ဦးချစ်တင်ကရှင်းပြ၍၊ မိမိမှာ ဆရာမ ပါဝင်နေ၍ ယခင်ကကဲ့သို့ပင် အလိုအလျောက် ကူညီနေရမည်ဖြစ်ကြောင်း ပြောခဲ့သည်။ဖွဲ့စည်းလိုက်သည့် အဖွဲ့ငယ်သည် ဆရာကြီးရှိစဉ်ကတရားပြသခြင်း လုပ်ငန်း၊ ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများနှင့် တရားနှင့်သက်ဆိုင်ရာ အခြားလုပ်ငန်းများကို တာဝန်ယူ၍ ဆောင်ရွက်ကြရန် ဖြစ်ပေသည်။ အစပထမတွင် တရားပြသခြင်း ဆိုင်ရာ၌တရား အားထုတ်ပြီးသူ လူဟောင်းများကိုသာ အခြေမပျက် ဆက်လက်ထိန်းသိမ်းသည့် သဘောဖြင့် ကူညီ လုပ်ဆောင်သွားကြရန်၊ နိုင်ငံခြား၌ ဦးဂိုအင်ကာ လုပ်ဆောင်နေသော တရားပြသခြင်းလုပ်ငန်းကို ဆရာကြီး ရှိစဉ်ကကဲ့သို့ ဆရာမနှင့် ဦးတင့်ရီ တို့ ဦးစီးသော ဤအဖွဲ့ငယ်က ဆက်လက် အားပေးကူညီသွားရန်နှင့် အခြား နိုင်ငံခြား သာသနာပြုလုပ်ငန်းများကိုလည်း ထိုနည်းအတိုင်း လုပ်ဆောင် ကူညီသွားကြရန် သဘောတူခဲ့ကြလေသည်။

အထက်ပါ အမှုဆောင်အဖွဲ့၏ အစီအစဉ်များကို (၇-၂ ၇၁) နေ့တွင် ကျင်းပသော ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီးသို့ တင်ပြခဲ့ရာ၊ အဖွဲ့ငယ်ကို "တရားဘက်ဆိုင်ရာ အဖွဲ့ငယ်" ဟု အမည် ခေါ်ဆိုစေပြီး၊တင်ပြခဲ့သည့်အတိုင်း အများသဘောတူ လက်ခံခဲ့ကြသည်။ထို့နောက် အစည်းအဝေးကြီးက "ဆရာကြီးရှိစဉ်ကကဲ့သို့၊ အသင်းသူ အသင်းသားများသည် အဖွဲ့၏စည်းကမ်းများကို တိတိ

ကျကျ လိုက်နာ ဆောင်ရွက်ကြရန် များစွာ လိုအပ်သဖြင့်၊ စည်းကမ်းထိန်းသိမ်းကြရန် နှင့် စည်းကမ်း သေဝပ်စွာ လိုက်နာကြရန်နှင့် သတိရှိစွာဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်'' ဆော်ဩခဲ့ပေသည်။

\+ + + +

ဓမ္မရောင်ခြည်စေတီရိပ်သာတွင် ဆရာကြီး ကွယ်လွန် ပြီးနောက် ဆက်လက်၍ တရား ပြသသွားရန် တာဝန်ပေးခြင်းခံရသော ''တရားဘက်ဆိုင်ရာ အဖွဲ့ငယ်'' တွင် ပါဝင်ကြသည့် အဖွဲ့ဝင်တို့၏ အကြောင်းအရာ၊ အရည်အချင်း စသည်တို့ကို စာဖတ်သူတို့ သိရှိလိုကြပေမည်။ ယင်း ပုဂ္ဂိုလ်ကြီးတို့၏အမည်များကို ပြီးခဲ့သောအခန်းများ၌ မကြာခဏ ဖော်ပြခဲ့ရကား၊ ဤနေရာတွင် သူတို့နှင့် ပတ်သက်၍ သိသင့် သိထိုက်သမျှကို အနည်းငယ်စီ ဖော်ပြရပေမည်။

ဦးတင့်ရီ၊ ဦးဘတိုး၊ ဦးဘွန်ရှိန် တို့သည် ရန်ကုန် တက္ကသိုလ်မှ ဘွဲ့ရသူများ ဖြစ်ကြသည်။ ဆရာကြီး ဦးဘခင် သည် မြန်မာပြည် ငွေစာရင်းမင်းကြီး အဖြစ် ငွေစာရင်းမင်းကြီးရုံးကို မြန်မာရုံး ဖြစ်လာစေရန် ကြိုးပမ်းနေစဉ်၊ဆရာကြီး လက်အောက်၌ လက်ထောက် ငွေစာရင်းအရာရှိ ရာထူးများတွင် သူတို့ ၃ ဦး စတင်လုပ်ငန်း ဝင်ခဲ့ကြပေသည်။ နောင်တွင် ဆရာကြီး ဦးဘခင်က တာဝန်ယူ ဆောင်ရွက်ရသော ငွေစာရင်းဆိုင်ရာ ဌာနလုပ်ငန်းများ တိုးချဲ့လာသည်နှင့်အညီ၊ သူတို့ (၃) ဦးလည်း တာဝန်ပိုမိုကြီးမားသော ရာထူးကြီးများတွင် တိုးမြှင့်ထမ်းဆောင် လာခဲ့ကြရသည်။ ဦးတင့်ရီ သည် ဆရာကြီး တည်ထောင် ဖွင့်လှစ်ခဲ့သော အစိုးရ စာရင်းကိုင် စာရင်းစစ်၊ သင်တန်းကျောင်းတွင် ကထိကတဦး ဖြစ်ခဲ့၍ ပင်စင်မယူမီအချိန်က ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းရုံး၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၌ တာဝန် ထမ်းဆောင်ခဲ့သည်။ ဦးဘတိုးသည် ကူးသန်းရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြားရေးဝန်ရုံး၌ ဒု-ညွှန်ကြားရေးဝန် ဖြစ်ခဲ့ပြီးနောက် ကုန်သွယ်ရေးဌာန၌ တွဲဘက် မန်နေဂျာချုပ် ရာထူးမှ အငြိမ်းစား ယူခဲ့သည်။ ဦးဘွန်ရှိန် သည် အမျိုးသား စီမံကိန်းဌာနတွင်၊ ဒု-ညွှန်ကြားရေးဝန် (စာရင်း) ရာထူး၌ တိုးမြှင့် ထမ်းဆောင်ခဲ့သည်။

ဦးချစ်တင်မှာ မော်လမြိုင်၊ စိန့်ပက်ထရစ်ကျောင်းမှ (၁၀) တန်း အောင်မြင်ပြီးနောက် ငွေစာရင်းမင်းကြီးရုံးတွင် ဆရာကြီး ငယ်ရွယ်စဉ်ကကဲ့သို့ပင်၊ စာရေး အဆင့်အတန်းမှ ဝင်ရောက်အမှုထမ်းခဲ့သူ ဖြစ်လေသည်။ဆရာကြီးနည်းတူ၊စာရင်း၊စစ်၊ စာရင်းကိုင် စာမေးပွဲအဆင့်ဆင့် အောင်မြင်သောကြောင့် အရာရှိအဆင့်သို့ တိုးမြှင့်အမှုထမ်းလာရသည်။ထို့နောက် ငွေစာရင်းမင်းကြီးရုံး

မှဗုဒ္ဓသာသနာအဖွဲ့သို့၊စာရင်းကိုင်ချုပ်ရာထူးဖြင့် ပြောင်းခဲ့ရသည်။ ဗုဒ္ဓသာသနာ အဖွဲ့တွင် အုပ်ချုပ်ရေးအရာရှိချုပ်အဖြစ် တိုးမြှင့်ခန့်ထားခြင်း ခံရပြီးနောက်၊ အငြိမ်းစား ယူခဲ့သည်။ဆရာမဒေါ်မြသွင်မှာ ဦးချစ်တင်၏ဇနီး ဖြစ်ပေသည်။

ဦးအုန်းလွင်သည်လည်း ငွေစာရင်းမင်းကြီးရုံးမှ စတင်၍ အစိုးရအမှုထမ်းခဲ့ရာ ယခုအချိန်တွင် သာသနာရေးဦးစီးဌာန၌ တွဲဘက်ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ဆဲ ဖြစ်ပေသည်။

အထက်ပါ ပုဂ္ဂိုလ်ကြီးများသည် တာဝန်ကြီးလေးသော အစိုးရရာထူးကြီးများတွင် အမှုထမ်းခဲ့ကြသည့်အလျောက်၊ တာဝန်သိမှု၊တွေးခေါ်မြော်မြင်မှု၊ စီမံခန့်ခွဲမှု၊ ပေါင်းသင်းဆက်ဆံမှုတို့၌ အတွေ့အကြုံ ရင့်ကျက်ပြီးသူများဖြစ်ကြသည်။ လောကီရေးရာ၌ ဤသို့ အရည်အချင်း ကုံလုံပြည့်စုံကြသည်သာမက၊ လောကုတ္တရာဆိုင်ရာ၌လည်း လက်ပွန်းတတီး၊ တပည့်ရင်းများအဖြစ် ဆရာကြီးထံ၌ နှစ်ပေါင်းများစွာ လက်တွေ့ ဆည်းပူးခဲ့ကြပြီး ဖြစ်သည်။

ဦးတင့်ရီ၊ ဦးဘတိုး၊ ဦးဘွန်ရှိန်၊ ဦးချစ်တင်၊ ဦးအုန်းလွင်တို့သည် ငွေစာရင်းမင်းကြီးရုံးတွင် ဗုဒ္ဓဘာသာရေးရာ ဆောင်ရွက်လှုပ်ရှားမှုများ စတင်သည့် နေ့ကစ၍ ဆရာကြီးနှင့် လက်တွဲပါဝင်ခဲ့ကြသည်။ ၁၀-၁၁-၅၀ နေ့တွင် ငွေစာရင်းမင်းကြီးရုံး၌ ဗုဒ္ဓသာသနာ့အကျိုးဆောင်အသင်း တည်ထောင်ဖွဲ့စည်းခဲ့ရာ၊ အသင်းဝင်ဦးရေ (၄၉၇)ဦး၊ အမှုဆောင်ဦးရေ (၂၄) ဦးရှိခဲ့လေသည်။ အထက်ပါ (၅)ဦးမှာ အမှုဆောင် အဖွဲ့ဝင်များ ဖြစ်ခဲ့ပေသည်။ ယင်းအသင်းကြီး၌၊ သီလဝိသုဒ္ဓိဝေယျာဝစ္စအဖွဲ့၊ ဓမ္မာနုဂ္ဂဟအဖွဲ့၊ ဝိပဿနာအဖွဲ့ဟူ၍ အဖွဲ့ခွဲများကို လုပ်ငန်းအလိုက်ခွဲ၍ ဖွဲ့ထားခဲ့လေသည်။ ယင်းအဖွဲ့ခွဲများ၏ အတွင်းရေးမှူး။ ဆော်ဩမှူးစသည့် တာဝန်တို့ကို ဦးတင့်ရီတို့ ၅ ဦးပင် ခွဲဝေထမ်းဆောင်ခဲ့ကြလေသည်။

ဆရာကြီး ဦးဘခင်သည် မည်သည့်အမှုကိစ္စ ဆောင်ရွက်ရာတွင် မဆို၊ ကြိုတင်ပြင်ဆင်မှု၊ စနစ်ကျနမှု၊ စေ့စပ်သေချာမှု၊ တိကျပြတ်သားမှု၊ ပြန်လည်သုံးသပ်မှုစသည့် အင်္ဂါရပ်များဖြင့် ပြည့်စုံစွာ ဆောင်ရွက်လေ့ရှိသည်။ ဗုဒ္ဓသာသနာ့အကျိုးဆောင် အသင်းခွဲဖွင့်ပွဲကို ၁-၁-၅၁ နေ့တွင် ခမ်းနားစွာ ကျင်းပရန်၊ ရက်သတ်မှတ်ပြီးနောက်၊ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့လေသည်။ အသင်းဖွင့်ပွဲတွင် ပရိတ်တော်များ ရွတ်ဆိုရန် အစီအစဉ်ပါသည့်အလျောက် ကျင့်သားရစေရန်နှင့် ပီသပြတ်သားစွာ ရွတ်ဆိုနိုင်ရန်၊ ဓမ္မာနုဂ္ဂဟအဖွဲ့ဝင်များအား ဥက္ကဋ္ဌ ငွေစာရင်းမင်းကြီး ကိုယ်တိုင် ပရိတ်တော်များ ပို့ချ

သင်ကြားပေးခဲ့လေသည်။ ၁–၁–၅၁ နေ့မတိုင်မီ၊ ရုံးအားချိန်၊ ရုံးအားရက်များ၌ (၆)ကြိမ်တိုင် လေ့ကျင့်ခဲ့ကြရသည်။

တချိန်တည်း မှာပင်၊ ဝိပဿနာအဖွဲ့ဝင်တို့သည် နံနက် ရုံးမဘက်မီ နေ့လည်အားလပ်ချိန်နှင့် ညနေရုံးဆင်းချိန်များတွင် ဆရာကြီး၏ ရုံးခန်း၌စုဝေးကြ၍ ဝိပဿနာကမ္မဋ္ဌာန်းတရားများကို စတင် အားထုတ်ခဲ့ကြရသည်။

၁-၁-၅၁ နေ့ အသင်းဖွင့်ပွဲအတွက် ဓမ္မဒူတဂုဟာအဖွဲ့ကကြီးကြပ်၍ ၁၉၅၀ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ညနေကပင် စတင်ခါ၊ အစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြပေသည်။

| | | | |
|---|---|---|---|
| (၃၁-၁၂-၅၀) ညနေ | (၆) နာရီမှ | (၇) နာရီ | မဟာ သရဏဂုဏ်တော်ကြီး |
| ။ | (၇) ။ | (၈) ။ | ဝိပဿနာဘာဝနာ |
| ။ | (၈) ။ | (၉) ။ | ဓမ္မဒေသနာ |
| ။ | (၉) ။ | (၁၀) ။ | အားလပ်ချိန် |
| ။ | (၁၀) ။ | (၁၁) ။ | ဝိပဿနာ ဘာဝနာ |
| ။ | (၁၁) ။ | (၁၂) ။ | မဟာသမယသုတ် |
| ။ | (၁၂) ။ | (၁၂၊၃၀) | ဥပ္ပါတသန္တိဂါထာ |
| ။ | (၁၂၊၃၀) | (နံနက် ၄ ) နာရီ | အိပ်ချိန် (ပအိပ်လိုက၊ တရားအားထုတ်ရန်) |
| (၁-၁-၅၁) နံက် | (၄) နာရီမှ | (၅၊၃၀) | ဆွမ်းတော်ကပ် အမျှဝေ။ |
| ။ | (၅၊၃၀) ။ | | ဇယပရိတ္တ၊ မေတ္တာပို့။ |

ထို့နောက် သံဃာတော် အပါး ၂၀ ကြွရောက်လာ၍ ဆရာကြီး၏ရုံးခန်း၌ ပူဇော်ကိုးကွယ်ထားသော ဗုဒ္ဓမြတ်စွာ ရုပ်ပွားဆင်းတုတော်ကို အနေကဇာတင်တော်မူကြသည်။ ဆရာတော်များအား ဆွမ်းကပ် ပူဇော်၍ လှူဘွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြပြီးနောက် ပရိသတ်များအား ကျွေးမွေး[illegible]ကြသည်။

ဤကဲ့သို့ ဘာသာရေးဆိုင်ရာ အခြေခံ ဝေယျာဝစ္စလုပ်[illegible]များ[illegible]ပေ စပ်သေချာစွာ လုပ်ဆောင်တတ်ရန် ဗုဒ္ဓသာသနာ့ အကျိုးဆောင် အဖွဲ့[illegible] အား လက်တွေ့လေ့ကျင့် သင်ကြားပေးပြီးနောက် [illegible]ရာကြီး [illegible]းဘခင်[illegible] မိမိအစိက ရည်မှန်းထားသည့် ကမ္မဋ္ဌာန်းတရား ပြသ[illegible] အစီအစ[illegible] စတင်ပြုလုပ်ခဲ့လေသည်။ ရှေးဦးခြေလှမ်း အနေဖြင့် ([illegible]-၇-[illegible]) နေ့[illegible]

စာရင်းမင်းကြီးရုံး ဝိပဿနာ ခေတ်ပညာအဖွဲ့ကို ဖွဲ့စည်းလိုက်လေသည်။ ယင်းအဖွဲ့တွင် ဦးတင့်ရီတို့ ၅ ဦး ပါဝင်ကြပြန်သည်။

ဝိပဿနာခေတ်ပညာအဖွဲ့၏ ရည်ရွယ်ချက်မှာ သီလ၊ သမာဓိ၊ ပညာ လုပ်ငန်းစဉ် အမျိုးမျိုးမှ ရက်တိုတိုဖြင့် ထိရောက်အောင်မြင်မှု ရစေသောနည်းကို သုတေသနပြုလုပ်၍ ရှာဖွေကြရန်ဖြစ်ပေသည်။ တဆင့်တက်၍ ထိုနည်းလမ်းအရ၊ ကမ္မဋ္ဌာန်း တရားအားထုတ်ရာ၌ လုပ်ဆောင်မှုအဆင့်ဆင့်နှင့် တွေ့ရှိရချက်အဖုံဖုံတို့ကို တိကျစွာမှတ်သားစီစစ်၍ ကျမ်းဂန်နှင့် တိုက်ဆိုင်သုံးသပ်ကြည့်ကြရန်ဖြစ်လေသည်။

ဤခေတ်ပညာအဖွဲ့၏ လုပ်ငန်းများ သိပ္ပံနည်းမှန် စနစ်တကျဆောင်ရွက်ရာခဲ့မှ ရက်တိုတိုဖြင့် ထိရောက်အောင်မြင်မှုပေးနိုင်သော ကမ္မဋ္ဌာန်းတရားအားထုတ်ပုံနည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ကြပေသည်။ ယင်း နည်းလမ်းကိုကျမ်းဂန်နှင့် တိုက်ဆိုင်၊ သုံးသပ်ကြည့်ရှုမကာ၊ ပြီးခဲ့သော အခန်းများ၌ ဖော်ပြခဲ့သည့်အတိုင်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများကိုယ်တိုင် စမ်းသပ်စစ်ဆေးကြည့်ရှုတော်မူကြ၍ ကြေနပ်နှစ်သက် လက်ခံတော်မူကြလေသည်။

ထို့ကြောင့် ဆရာကြီးသည် မိမိတို့ သုသေသနပြုလုပ် ရရှိထားသည့် နည်းလမ်းအရ၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ကျယ်ကျယ်ပြန့်ပြန့်၊ ဖြန့်ဖြူးပေးဝေရန်၊ ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့ကို ၂၄-၄-၅၂၊ ကောဇာသက္ကရာဇ် ၁၃၁၄ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့တွင် ဖွဲ့စည်း တည်ထောင်ခဲ့လေသည်။ ယင်းအဖွဲ့တွင် ငွေစာရင်းမင်းကြီးရုံးမှ ရုံးသူ၊ ရုံးသားများသာမက မိသားစုများပါ ပါဝင်ခွင့်ပြုသဖြင့်၊ ငွေစာရင်းမင်းကြီး ရုံးခန်းတွင် တရားအားထုတ်ရန် နေရာမဆန့်ဖြစ်လာပုံ၊ အင်းယားမြိုင်လမ်းတွင် တရားဌာနသစ် စတင်ဖွင့်လာခဲ့ရပုံအကြောင်းစုံကို ဖော်ပြခဲ့ပြီးဖြစ်လေသည်။

ထိုအချိန်မှစ၍ ဝိပဿနာအဖွဲ့တွင် ဆရာကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးဘဘိုးက အတွင်းရေးမှူး၊ ဦးဘွန်ရှိန်က ငွေထိန်းနှင့် ဦးတင့်ရီ၊ ဦးချစ်တင်၊ ဦးအုန်းလွင်တို့က အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ခဲ့ကြသည်။ ဆရာကြီးကွယ်လွန်သည့်အခါ ဦးတင့်ရီက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးဘွန်ရှိန်က ၁၉၇၄ ခုနှစ်တွင် ကွယ်လွန်သွားရှာသည် အထိ၊ ငွေထိန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားခဲ့ပေသည်။

အင်းယားမြိုင်လမ်းတွင် နေရာရှာခဲ့ပုံ၊ ရိပ်သာစတင်ဖွင့်ပုံ၊ ဓမ္မရောင်ခြည်စေတီတည်ဆောက်ခဲ့ပုံ၊ နိုင်ငံခြားသားများ တရားပြရန် အပြည်ပြည်ဆိုင်ရာ

ကမ္မဋ္ဌာန်းလုပ်ငန်းဌာန ဖွင့်လှစ်ခဲ့ပုံ အကြောင်းစုံကို၊ ယခုအခါစာဖတ်သူတို့သိပြီ ဖြစ်ကြပေလိမ့်မည်။ ဤလုပ်ငန်းအားလုံး၌ ဦးတင့်ရှိတို့ ၅ ဦးသည် အောက်ခြေ သိမ်း ပါဝင်ဆောင်ရွက်ခဲ့ ကြရပေသည်။

အင်းယားမြိုင်ရိပ်သာ၌ ဝိပဿနာအဖွဲ့ဝင်များအား၊ လစဉ် ၁၀ ရက် တရားပတ်ပေးခဲ့ပေသည်။ ထို ၁၀ ရက်တွင် ဦးတင့်ရှိ၊ ဦးဘတိုး၊ ဦးဘွန်ရှိန်နှင့် ဦးချစ်တင်တို့သည် အိပ်ရာလိပ်ကိုယ်စီဖြင့်၊ ရိပ်သာသို့ညဘက် လာရောက်အိပ်ကြ ၍၊ တရားသမားတို့ လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြပေသည်။ ဆရာ ကြီး အနီးအပါး၌ နေထိုင်ကြ၍၊ ဆရာကြီး တရားပြပေးပုံ၊ တရားစစ်ဆေးပုံ၊ အခက်အခဲဖြေရှင်းပုံ၊ တရားဟောပုံတို့ကို လက်တွေ့ သင်ကြားယူခွင့် ရခဲ့ကြပေ သည်။ ကျွန်တော်တို့ ရိပ်သာသို့ရောက်တိုင်း "ဘတိုး၊ ဘွန်ရှိန်၊ ချစ်တင်" ဟု ဆရာကြီးက မကြာခဏ ခေါ်သည်ကို ကြားခဲ့ရသည်။ သူတို့ထက် အသက် အနည်းငယ် ကြီးပုံရသော ဦးတင့်ရှိကိုမူ ဆရာကြီးက တင့်ရှိဟု ခေါ်ခဲ့သည်၊ မောင်တင့်ရှိဟုသာ အခေါ်များသည်။

တရားပတ်မရှိသော ကျန်ရက်များတွင်လည်း ညတိုင်း ရိပ်သာသို့ရောက် ရှိကြ၍၊ ၈ နာရီမှ ၉ နာရီထိ အဓိဋ္ဌာန် ၁ နာရီ ထိုင်ပြီးမှ အိမ်ပြန်ကြသည်။ တဖန် စနေနေ့ညတိုင်း ရိပ်သာသို့ လာရောက်အိပ်ကြပြန်၍၊ တနင်္ဂနွေ နံနက်ရုံးချိန်အမီ ပြန်သွားကြသည်။ တရားပတ်နားချိန်တွင်၊ ဆရာကြီးက ယင်းတပည့်များအား အဘိဓမ္မာသင်္ဂြိုဟ်နှင့် ဝိသုဒ္ဓိမဂ်ကျမ်းများကို ပို့ချ သင် ကြားပေးခဲ့သည်။ ဤသို့ဖြင့် ဆရာကြီးကွယ်လွန်သွားချိန်၌၊ ဦးတင့်ရှိတို့ ၄ ဦးမှာ ကမ္မဋ္ဌာန်းတရားလုပ်ငန်းကို ဆရာကြီးထံမှ ၁၉ နှစ်ကျော်၊ အနှစ် ၂၀ နီးပါး စာတွေ့၊ လက်တွေ့၊ သင်ကြားအားထုတ်ပြီးခဲ့ကြလေပြီ။ ဦးအုန်းလှိုင်မှာ ပရိ ယတ္တိစာပေ တတ်ကျွမ်းသဖြင့်၊ ဆရာကြီးရှိစဉ်ကပင် စာပေဘက်ဆိုင်ရာ၌ များစွာ အကူအညီပေးခဲ့နိုင်သော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ဦးဂိုအင်ကာ၏ အရည်အချင်း များကို အခန်း ၇ တွင် အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်သည်။ ဆရာကြီး ကွယ်လွန် ချိန်၌ ဆရာကြီး၏ တိုက်တွန်းမှု၊ အားပေးကူညီမှုဖြင့် အိန္ဒိယပြည်တွင် တရားပတ် ပေါင်းများစွာပြသ၍ သာသနာပြုလုပ်ငန်းကို ရဲရဲဝန့်ဝန့်ဆောင်ရွက်လျက်ရှိနေ ချေပြီ။

ဆရာမ ဒေါ်မြသွင်မှာ ဦးချစ်တင်၏ ဇနီးဖြစ်သည်။ အင်းယားမြိုင် ရိပ်သာဖွင့်လှစ်ပြီး၊ ငွေစာရင်းမင်းကြီးရုံးမှ ရုံးသူရုံးသားများ၏ မိသားစုများ အား ကမ္မဋ္ဌာန်းတရား စတင်ပြသပေးသည့် အချိန်မှစ၍ ဆရာကြီး ယံမှောက်သို့

ရောက်လာခဲ့သော ပါရမီရှင်တဦးဖြစ်ပေသည်။ ဝိပဿနာလုပ်ငန်းတွင် ပေါက်မြောက်စွာ အားထုတ်ပြီးနောက် ထူးခြားသော အရည်အချင်းများပေါ်ထွက်လာသဖြင့် သမထဆိုင်ရာ ကသိုဏ်းလုပ်ငန်းများကိုလည်း ကြိုးပမ်း စေခဲ့သည်။ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ လုပ်ငန်းရပ်များကို ပိုင်နိုင်စွာအားထုတ်ပြီးသော ဆရာမ ဒေါ်မြသွင်သည်၊ ဦးချစ်တင်နှင့် လက်တွဲ၍ ဆရာကြီး၏ သာသနာပြုလုပ်ငန်းတွင် မိမိ၏ဘဝကို မြှုပ်နှံခဲ့ပေသည်။

ပထမတွင် အမျိုးသမီးများအား တရားပြရာ၌သာ ဆရာကြီးအားအကူအညီပေးခဲ့သည်မှ နောင်တွင် အမျိုးသားများနှင့် နိုင်ငံခြားသားများ၏ အားကိုးရာ မေတ္တာရှင်ကြီးဖြစ်လာပေသည်။ တရားပတ်များ အဘွင်း နေ့ခင်းပိုင်းတွင် ဆရာကြီးနှင့် ဦးတင့်ရီ၊ ဦးဘဘိုး၊ ဦးဘုန်းရှိန်၊ ဦးချစ်တင် ထိုသည် ဆိုင်ရာဆိုင်ရာ လုပ်ငန်းခွင်ဌာနအသီးသီးသို့ ထွက်ခွာသွားခဲ့ကြစဉ်၊ ရိပ်သာ၌ကျန်ရစ်သော တရားသမားများသည် အခက်အခဲ ကြုံတိုင်း ဆရာမကိုသာလျှင်မှီခိုအားထားကြရပေသည်။

တရားလိုဏ်ဂူအတွင်းမှသာမဟုတ်၊ ပြင်ပရိပ်သာတခုလုံးကိုလည်း ဆရာကြီးတို့ရုံးသွားစဉ်၊ ဆရာမက တာဝန်ယူ၍ စီမံခန့်ခွဲ အုပ်ချုပ် ခဲ့ရလေသည်။ နံနက် ၆ နာရီအချိန်တွင် လဘက်ရည်ပွဲများ ပြင်ဆင်နေရာ အဟာရဆောင်မှ ဆရာမအသံကိုကြားကြရသည်။ လဘက်ရည်သောက်ချိန် တရားသမား အပြည့်အစုံရောက်မရောက် ဆရာမက ကြည့်ရှု စစ်ဆေးသည်။ စားပွဲခုံများ၌ စားသောက်ဖွယ် အဆင်သင့်ဖြင့်စေသည်။ (၇၊၃၀) မှ (၈၊၃၀) ထိ၊ တရားသမားများနှင့်အတူ ၁ နာရီ တရားဝင်ထိုင်သည်။ ၉ နာရီထိုးတွင်ဆရာကြီးတို့အဖွဲ့ ရုံးမသွားမီစားသောက်သွားရန်နံနက်စာပြင်ဆင်နေကြောင်း၊ အဟာရဆောင်မှ ဆရာမအသံကြားသဖြင့် သိရသည်။ ၉ နာရီမှ ၁၀ နာရီအတွင်း၌၊ ဆရာကြီးနှင့် ဦးချစ်တင်တို့၏ အဝတ်အစားများကို ရေတိုင်တွင် လျှော်ဖွတ်နေသည်ကို တရားခန်းမှ ကြားနေရသည်။ စားဖိုဆောင်သို့လှမ်း၍ "လှထွန်း၊ လှထွန်း" ဟုခေါ်ပြီး လိုအပ်သည်များ ညွှန်ကြား နေသည် ကိုလည်း ကြားကြရသည်။ ၁၀ နာရီခွဲတွင် တရားသမားများ နံနက်စာအတွက် စားဖိုဆောင်တွင် ကိုယ်တိုင်ဝင်ရောက်နေပြန်သည်။ ၁၁ နာရီမှ ၁၂ နာရီ အားလပ်ချိန်တွင် အမျိုးသမီးများအား ရိပ်သာအကြောင်း၊ တရားသမားများ အကြောင်း၊ အားကျဘွယ်၊ အတုယူဘွယ်များပြောပြနေတတ်သည်။ ထို့နောက် နေ့ခင်းချိန်တရားခန်းသို့ မှန်မှန်ဝင်ကြရန် တရားသမားများအား ဆော်ဩနေပြန်သည်။ နေ့ခင်း ၁ နာရီမှ ၂ နာရီတွင် လိုဏ်ဂူအလယ်ခန်း၌ ခေတ္တလာရောက် အနားယူသည်။

၂ နာရီကျော်မှ ၅ နာရီအထွင်း တရားဂူများသို့ လှည့်လည်၍ တရားစစ်ဆေးသည်။ တရားသမားများအား အကူအညီပေးသည်။ အဖျော် ယမကာများ အဆင်သင့်ရှိရန် စီစဉ်နေသည်။ ဆရာကြီးနှင့်တကွ ဦးချစ်တင်တို့ ညစာ စားသောက်ရန် စားဖို ဆောင် သို့ ပြေး၍. စီမံ လိုက် ပြန်သည်။ ညဦးပိုင်းတွင် ရိပ်သာသို့ရောက်ရှိလာသော တပည့်ဟောင်းများအား ကြိုဆိုဧည့်ခံ၍၊ နေ့ခင်းမှ အဖြစ်အပျက် အကြောင်းအရာများကို ပြောပြနေတတ်သည်။ ဆရာကြီး အား တရားသမားများ၏ အတွေ့အကြုံများကိုအစီရင်ခံ တင်ပြသည်။

ည ၇-နာရီခွဲမှ ၉-နာရီထိ၊ တပည့်အပေါင်းတို့ စုဝေး၍ တရားအာရုံယူ၊ အဓိဋ္ဌာန် ထိုင်ကြရာတွင်၊ လိုဏ်ဂူ အလယ်ခန်းမ၌ ဆရာကြီး၊ ဦးတင့်ရီ၊ ဦးချစ်တင် တို့နှင့်အတူ တရား ထိုင်ပြန်သည်။ ဆရာမ သည် 'တနေ့တာလုပ်ငန်းများကို 'အဆက်မပြတ် ဆောင်ရွက်နေခဲ့ရ၍၊ ပင်ပန်းလှမည် ဖြစ်သော်လည်း နွမ်းနယ်ပုံမရ၊ ညည်းညူခြင်းမရှိရှာဘဲ၊ အိမ်ပြန်ကြမည့် မြို့တွင်းမှ တပည့်များအား ၉-နာရီခွဲ၊ ၁၀-နာရီတိုင်အောင် နှုတ်ဆက်စကားပြော၍၊ မှာစရာများကို မှာကြား နေတတ်သည်။ အိပ်ရာတွင် ဦးခေါင်းမချမီ၊ မနက်ဖန် အဟာရဆောင်၌ ကျွေးမွေးရေးအတွက် တာဝန်ခံ ကိုလှထွန်းနှင့် ညှိနှိုင်း တိုင်ပင်ပြီးမှ တနေ့တွက်လုပ်ငန်း ပြီးဆုံးရှာသည်။ ဤသို့ဖြင့် ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း များစွာ ဆရာကြီး၏ သာသနာပြုလုပ်ငန်းကို အထောက်အကူပြုခဲ့သောကြောင့် (၄-၂-၆၀) နေ့တွင် ကျင်းပသော ဇွဲစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ဆရာကြီး က ဆရာမ၏ ဓမ္မာနုဂ္ဂဟ ဝေယျာဝစ္စလုပ်ငန်းများကို အတိအလင်း ထုတ်ဖော်ရှင်းလင်း ပြရင်း၊ ဂုဏ်ပြု ချီးကျူးခဲ့ခြင်း ဖြစ်ပေသည်။ ဦးဂိုအင်ကာတို့ ပရိသတ်ကလည်း၊ "မေခင်ဆရာမ" မိခင်ဆရာမ ဟု ကြည်ညိုလေးစားစွာ ခေါ်ဝေါ်လာကြသည်။

အလျဉ်းသင့်သဖြင့်၊ ဆရာမသည် ကျွန်တော့်အား အထူး မေတ္တာ စေတနာထား၍ စောင့်ရှောက် ကူညီခဲ့၊ ကူညီဆဲဖြစ်သည့် ကျေးဇူးရှင် တဦး ဖြစ်ကြောင်း ဤနေရာတွင် မှတ်တမ်း တင်လိုပါသည်။ ဆရာကြီးကဲ့သို့ပင်၊ ဆရာမသည် တရား အားထုတ်သူ တပည့်အပေါင်းအပေါ် ညီတူညီမျှ မေတ္တာ စေတနာ ထားရှိမည် အမှန်ဖြစ်သော်လည်း၊ ကျွန်တော့်အား အထူး မေတ္တာပို့ခဲ့သည် ဟု ကျွန်တော် ယုံကြည်ရသည်မှာ၊ ဆရာမ၏ အဲ့ဆောင်ပုအရိန်အဝါဖြင့်သာ ဓမ္မရောင်ခြည်စေတီရိပ်သာသို့ ကျွန်တော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်

လာခဲ့နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ အခန်း (၆) တွင် ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်မြို့ပြင်ပသို့ ခရီး မထွက်ခဲ့ဘူးသော ဆရာမသည် ၁၉၆၇ ခု၊ ဒီဇင်ဘာလ တရားပတ် အပြီးတွင် ကျွန်တော့်အား ခေါ်ယူရန် လာဘီသကဲ့သို့ အန်တီကြီး နှင့် အတူ မန္တလေးသို့ ဆိုက်ရောက် လာခဲ့ပါသည်။ ဓမ္မရောင်ခြည်စေတီရိပ်သာ သို့ လာရန် နှောင့်နှေး တုန့်ဆိုင်းနေသော ကျွန်တော့်အား ရန်ကုန်သို့လာရန် တိုက်တွန်းသွားသည့်အတိုင်း ရက်မကြာမီ ဆရာကြီး ထံမှောက်သို့ ကျွန်တော် ရောက်လာပါသည်။ ထိုအခါ၌လည်း၊ ဆရာမ၏ ကူညီအားပေးမှုမရလျှင်၊ ယခု အခြေသို့ ဘယ်နည်းနှင့်မျှ ရောက်ခဲ့မည် မဟုတ်ပါ။

ပထမ ၁၀ ရက် တရားပတ်ပြီးဆုံး၍ မကြေမလယ် ဖြစ်နေသေးသော အခါ၊ တလကုန်ဆုံး၍ လမ်းမှန်သို့ မရောက်သေးသောအခါ၊ ၂ လကုန်ဆုံး၍ လမ်းမှန်ကိုတွေ့လျက်၊ ကြိုးကြိုးပမ်းပမ်း လမ်းမှန်အတိုင်း မလျှောက်သွားခဲ့ သော အခါများက ဆရာမသည် ကြီးမားသော မေတ္တာ စေတနာဖြင့် ကျွန် တော့်အား တွဲယူခေါ်ငင်ကာ၊ တရားတော်၏ အရိပ်အာဝါသ အောက်သို့ အရောက် ပို့ပေးခဲ့ရှာပေသည်။ တရားပတ် ပြီးဆုံးသွားတိုင်း စိတ်ပျက်၊ အား လျော့၍ လက်မြှောက် အရှုံးပေးမည် ကြံရွယ်နေသော ကျွန် တော့် ထံ သို့ အန်ကယ်ကြီး ရောက်လာ၍ အဲပေးစကား ပြောကြားခြင်း၊ စိတ်ဓာတ် ပြန် လည်မြှင့်ပေးခြင်း၊ တရားတော်၏ အမြိုက်အရသာကို လက်တွေ့ခံစားရသူများ အား အားကျအောင် ပြောပြခြင်း စသည်တို့မှာ နောက်ကွယ်မှ ဆရာမ၏ ဆော်သြ တိုက်တွန်းမှုများ ဖြစ်ကြောင်း၊ နောင်အခါ ကျမှသာ သိသာရ ပေသည်။

ဤစာအုပ်တွင် အကြိမ်ကြိမ်ဖော်ပြခဲ့သော အန်ကယ်ကြီးနှင့် အန်တီ ကြီးတို့မှာလည်း ကျွန်တော်၏ ကျေးဇူးရှင်ကြီးများ ဖြစ်ကြပေသောကြောင့်၊ အန်ကယ်ကြီးဆိုသူမှာ စည်သူ ဦးတင်ဖြစ်၍၊ အန်တီကြီးမှာ သူ၏ဇနီးဒေါ်ခင် သက်တင်ဖြစ်ပါကြောင်း အမည်ဖော်ပြ၍ ဂုဏ်ပြု မှတ်တမ်း တင်ခဲ့ပါသည်။ အန်ကယ်ကြီးနှင့် အန်တီကြီးတို့သည် စေတီရိပ်သာ တည်ထောင် ခဲ့ဘည်မှစ၍ ကွယ်လွန်သွားကြသည့်တိုင်အောင် ဆရာကြီး၏ သာသနာပြုလုပ်ငန်းတွင် ပါ ဝင်ကူညီဆောင်ရွက်ခဲ့သူ၊ သူတော်စင်ပုဂ္ဂိုလ်ကြီးများဖြစ်ကြပါသည်။ ရန်ကုန်မြို့ တော်စည်ပင် သာယာရေးအဖွဲ့၏ မြို့ပြအင်ဂျင်နီယာ၊ ဗိသုကာကြီးဖြစ်ခဲ့သည့် အလျောက် စေတ်တော်နှင့်တကွ ရိပ်သာအဆောက်အဦး ပြုပြင်ထိန်းသိမ်းရေး

ရေ၊ မီး၊ မိလ္လာသန့်ရှင်းရေးစသည့်အမှုကိစ္စများအတွက် အန်ကယ်ကြီးကတာဝန်ယူဆောင်ရွက်ခဲ့ပေသည်။ စေတီတော်အောက်၌ တရားလိုဏ်ဂူ တိုးချဲ့တည်ဆောက်ရန်အတွက်လည်း ပုံရေးဆွဲသည်မှ ဆောက်လုပ်ပြီးစီးသည်အထိ ကြပ်မတ်ဆောင်ရွက်ခဲ့ပေသည်။ အန်တီကြီးက ရိပ်သာဝေယျာဝစ္စအဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့် တရားသမားများ စိတ်အေးချမ်းစွာ နေထိုင်နိုင်ရန် တရားအားထုတ်နိုင်ရန် ဆရာမနှင့် အတူတကွ မွန်မြတ်သော စေတနာဖြင့် ကူညီဆောင်ရွက်ခဲ့ပေသည်။ ဒေါက်တာ နော်တင်ဂန်၊မစ္စစ်ကင်း၊ မစ္စစ်ဗြူလာစမစ် စသည့် နိုင်ငံခြား အမျိုးသမီးကြီးများသည်သူတို့တရားအားထုတ်စဉ်၊ အန်တီကြီးက ပြုစုစောင့်ရှောက်လိုက်သည်ကို သတိရကျေးဇူးတင်ဆဲပင် ဖြစ်ကြောင်း၊ ရိပ်သာသို့ စာရေးတိုင်း ထည့်သွင်းဖော်ပြလေ့ရှိကြပါသည်။

အင်းယားမြိုင်လမ်း၊ ဓမ္မရောင်ခြည် စေတီ ရိပ်သာ အကြောင်း၊ ဆရာကြီးဦးဘခင်အကြောင်း၊ နိုင်ငံခြားသားများ တရားရှာလာကြပုံ အကြောင်း၊ ကျွန်တော့်အား ရှေးဦးပြောပြခဲ့သူများမှာ. အန်ကယ်ကြီးနှင့် အန်တီကြီးတို့ပင်ဖြစ်ပါသည်။ ဆရာကြီးဟောပြောသော "ဗုဒ္ဓဘာသာ ဆိုတာ ဒါဘဲ" နှင့် ဒေါက်တာ နော်တင်ဂန် ပြုစုသည့် စာတမ်းတို့ကိုလည်း ကျွန်တော့်အား အန်ကယ်ကြီးကပေးခဲ့၍ ရိပ်သာသို့ ရောက်အောင် ဆရာမ၏ အကူ အညီဖြင့် ခေါ်ဆောင်ခဲ့သည်မှာ အန်တီကြီးဖြစ်ပါသည်။ သူတို့နှစ်ဦး၏ ကျေးဇူးကား ကျွန်တော့်အပေါ် လွန်စွာကြီးမားခဲ့ပါပေသည်။

× × ×

ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့က ဖော်ပြပါအတိုင်း "တရားဘက်ဆိုင်ရာ အဖွဲ့ငယ်" ကို ဖွဲ့စည်းတည်ထောင် ပေးလိုက်ပြီးနောက်၌ ဓမ္မရောင်ခြည်စေတီရိပ်သာ မိသားစုသည်။ ဆရာကြီးရုတ်တရက် ကွယ်လွန် သွားခဲ့သည့်အတွက် အားငယ်ညှိုးနွမ်း၊ စိတ်ပင်ပန်းနေခဲ့ကြရာမှ ရှင်လန်းတက်ကြွ၊ ရှေ့ရေးအတွက် စိတ်ဒုံးဒုံးချနိုင်ခဲ့ကြပေသည်။

ရိပ်သာလုပ်ငန်းများကို. စဉ်လာမပျက် ဆက်လက်ဆောင်ရွက်သည့် အနေဖြင့် ဆရာကြီးကွယ်လွန်ပြီးနောက် ၂ လအကြာ၊ ၁၉၇၁ ခု၊ မတ်လ ၂၁ ရက်နှင့် ၂၂ ရက်နေ့များတွင် ဆရာကြီးနှင့် ဆရာမမွေးနေ့ အထိမ်းအမှတ် ပူးပေါင်းပူဇော်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြသည်။ နှစ်စဉ်ပြုမြဲအတိုင်း မွေးနေ့အကြိုနေ့ မတ်လ ၂၁ ရက်နေ့တွင် နံနက် ၅ နာရီခွဲ၌ သံဃာတော် ၂၅ ပါးအား

ဆွမ်းဆက်ကပ်လှူဒါန်းကြခါ၊ နံနက် (၆၊၃၀) တွင် ဆရာကြီး ဓမ္မာရုံ၌ စကျင်ကျောက်ဆင်းတုရုပ်ပွားတော်တဆူကို ဆရာတော်၊ သံဃာတော်များက အနေကဇာတင်ကြပါသည်။ ထို့နောက် ဆရာကြီး၏ ခေါင်းပုံကြီးကို ချိတ်ဆွဲကြပြီး ပရိသတ်က သီလခံယူကြပါသည်။ (၇၊၃၀) (၁၁၊၀၀) ထိကြွရောက်လာသောပရိသတ်အား မုန့်ဟင်းခါး၊ ကော်ဖီတို့ဖြင့် ဧည့်ခံကြပါသည်။ ဆရာကြီး၏မွေးနေ့ (၂၂-၃-၇၀) တွင် နံနက် ၅ နာရီ၌ မြတ်စွာဘုရားအား ဆွမ်းသစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြ၍ တနေ့ပတ်လုံး ဓမ္မာနုဓမ္မ ပဋ္ဌိပတ်ဖြင့် ဆက်လက်ပူဇော်၍ ပဋ္ဌာန်းတရားတော်များကို စုပေါင်းရွတ်ဖတ်ခဲ့ကြသည်။

ကျေးဇူးရှင် ဆရာကြီးဦးဘခင် ကွယ်လွန်ပြီး တနှစ်မပြည့်မီအချိန်အတွင်း ဆရာကြီးအား သတိရဂုဏ်ပြုသောအနေဖြင့် ဆရာကြီးမြတ်နိုးသော ဓမ္မရောင်ခြည်စေတီတော် ကမ္မဋ္ဌာန်းလိုဏ်ဂူများ၊ ကမ္မဋ္ဌာန်းဇရပ်များနှင့် ဆရာကြီးတရားဟောကြားရာ ဓမ္မာရုံတို့ကို အထူးတလည် မွမ်းမံပြုပြင်ခဲ့ကြသည်။

တနှစ်အတွင်း ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်များ၊ ရက်ကြီး၊ အခါကြီးများတွင် မြတ်စွာဘုရားအား ဆွမ်းသစ်သီးတို့ဖြင့် ပူဇော်ကပ်လှူခဲ့ကြသည်။ ဓမ္မစကြာနေ့၊ မဟာသမယနေ့၊ အဘိဓမ္မာနေ့ စသည်တို့၌ သက်ဆိုင်ရာတရားတော်များနှင့် ပရိတ်တရားတော်များကို ရွတ်ဖတ် ပူဇော်ကြပါသည်။ သံဃာတော်အရှင်မြတ်တို့အားလည်း ရှေးအစဉ်အလာအတိုင်း ဆရာသက်ကြီးနေ့ အခြားနေ့ကြီးတို့၌ ဆွမ်းခဲဘွယ်တို့ကို ဆက်ကပ် လှူဒါန်း ခဲ့ကြပေသည်။

× × ×

## ကျေးဇူးရှင် ဆရာကြီးဦးဘခင် ကွယ်လွန်ခြင်း တနှစ်ပြည့်မြောက်နေ့ အထိမ်းအမှတ်ပွဲ။

၁၃၃၃ ခု၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ (၈-၁-၇၂) နေ့သည် ဆရာကြီး ကွယ်လွန်ခြင်း တနှစ်ပြည့်မြောက်သည့် မြန်မာရက်ဖြစ်ရာ၊ အင်းယားမြိုင်လမ်းရှိ ကမ္မဋ္ဌာန်းဌာနတွင် တပည့်ကြီးများနှင့် ဆရာမပါ တရားတပတ်အထူးဝင်ကြပါသည်။ မိမိတို့ဆန္ဒအလျောက် အထက်ပါနေ့ရက် အပါအဝင် ၇ ရက် ၁၀ ရက်စသည် အဓိဋ္ဌာန်ဖြင့် တရားအားထုတ်ကြ၍ ဆရာကြီးအား ဓမ္မာနုဓမ္မာ ပဋ္ဌိပတ္တိဖြင့် ပူဇော်ကြပါသည်။ (၈-၁-၇၂) မှ (၁၉-၁-၇ )နေ့ထိ၊ ပဋ္ဌာန်းပါဠိတော် ပ၊ ဒု၊ တ၊ စ၊ ပဉ္စာတွဲအားလုံး၊ အထူးသဖြင့် ပည၁၀ ရက်ကို ဦးချစ်တင်က ရွတ်ဖတ်ခဲ့ပါသည်။

(၁၉-၁-၇၂) နေ့၊ အင်္ဂလိပ် နေ့ရက်တွင်မူ အောက်ပါ သံဃာတော် အပါး ၅၀ ကိုပင့်၍ ဆွမ်းဆက်ကပ်လှူဒါန်းပါသည်။

(၁) အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော်ဦးဥာနုတ္တရ အမှူးရှိသည့် ကမ္ဘာ ဧဝမ္ဗူဒီပမှ သံဃာကုန် ၁၄ ပါး။

(၂) မော်လမြိုင်မှ ဆရာတော် (ရိပ်သာတွင် တရားအားထုတ်နေသူ) ၁ ပါး။

(၃) အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအာစိဏ္ဏ အမှူးရှိသည့် ဘုရားကြီးတိုက်၊ ခြောက်ထပ်ကြီးမှ ၁၀ ပါး။

(၄) ကန်ဦးဆရာတော် အမှူးပြုသည့် ဗဟန်းဒေသရှိ ကျောင်းတိုက်မှ သံဃာတော်များ (တကျောင်းတပါးကျ) ၂၀ ပါး။

(၅) သရက်တောတိုက်၊ သာသနောဒယကျောင်းမှ ၅ ပါး။

အထက်ပါ ဆရာတော်များမှာ ဆရာကြီးရှိစဉ်က ကိုးကွယ်ဆည်းကပ်ခဲ့သည့် ဆရာတော်များဖြစ်ပါသည်။ ထောပတ်ဆွမ်း၊ သစ်သီးမျိုးစုံ၊ အချိုပွဲတို့ဖြင့် ဆရာတော်များအား ဆွမ်းကပ်လှူရာတွင် ရိပ်သာ၌ ဆရာကြီးစိုက်သွားသည့် ကျွဲကော်သီးများကိုလည်း ဆက်ကပ်နိုင်ခဲ့ကြပေသည်။ သီလပေး၊ အမျှဝေ တရားချီးမြှင့်ရာ၌ အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော် ဦးဥာနုတ္တရ က ကွယ်လွန်သူဆရာကြီးအား ကမ္မဋ္ဌာန စရိယဂုဏ်ထူးဝိသေသများဖြင့် ချီးကျူးထောပနာသွားခဲ့ပါသည်။

သံဃာ ၁ ပါးလျှင် ကျပ် (၁၀-) တန်ဖိုးရှိသည့် ဆေးဝါးစသည့် လှူဘွယ်များကိုလည်း ဆရာတော်များအား ဆက်ကပ် လှူဒါန်း ကြပါသည်။ ရုံးပိတ်ရက်မဟုတ်သော်လည်း ၁၈-၁-၇၂ ရက်နေ့ညကပင် ရုံးသူ ရုံးသားနှင့် ပြင်ပတပည့်ပေါင်း ၂၀၀ ကျော်တို့ စုဝေးစုံညီစွာ ရောက်ရှိကြပြီး၊ ဆရာကြီးအား သတိတရ၊ ပူဇော်ကန်တော့ခဲ့ကြပါသည်။

× × ×

မဟူရောင်ခြည် စေတီရိပ်သာတွင် ၁၂ လရာသီအလိုက် ပူဇော်ပွဲများ ကျင်းပခဲ့ကြပုံကိုဖော်ပြပြီးဖြစ်ပေသည်။ ဆရာကြီးကွယ်လွန်သည့်နေ့ အထိမ်းအမှတ်ပွဲကိုလည်း အစဉ်အလာပူဇော်ပွဲတရပ်အဖြစ် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ခဲ့ကြရာ ၁၉၈၁ ခုနှစ်တွင် ၁၀ နှစ်တင်းတင်းပြည့်ပေတော့မည်။

၁၉၇၅၊ ၇၆၊ ၇၇ ခုနှစ်များတွင် ဆရာသက်ကြီးနေ့နှင့် ဆရာကြီး နှစ်ပတ်လည်နေ့ ပူဇော်ပွဲများကို ကျွန်တော်တက်ရောက်နိုင်ခဲ့ပါသည်။ ၁၉၈၀ ခုနှစ်တွင်လည်း သင်္ကြန်အခါတော်၌ စေတီရိပ်သာတွင် တရားတပတ် ဝင်နိုင်ခဲ့ ပါသည်။ ဆရာကြီး၏ တပည့်ကြီးများက တာဝန်သိသိ၊ စေတနာရှိရှိဖြင့် အ စဉ်အလာကို ထိမ်းသိမ်းထားကြ၍ သာသနာပြု လုပ်ငန်းများကို ဆရာကြီးချ မှတ်ထားသော လမ်းစဉ်နှင့်အညီ ဆောင်ရွက်နေကြသည်ကို တွေ့မြင်ခဲ့ရသော ကြောင့် ကြည်နူးဝမ်းမြောက်စွာ သာဓု၊ အနုမောဒနာ ပြုခဲ့မိပါသည်။

ဆရာကြီးကွယ်လွန်သွားပြီးနောက် ၁၀ နှစ် ပြည့်မြောက်ချိန်တွင် ဓမ္မ ရောင်ခြည်စေတီတော်နှင့် ရိပ်သာပရဝုဏ်တို့၏ အခြေအနေကိုလည်း ကျွန်တော် လေ့လာသုံးသပ်မိခဲ့ပါသည်။ ရိပ်သာပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းများကို နှစ်စဉ် တိုးတက်ဆောင်ရွက် နေသည်ကို တွေ့ခဲ့ရ၍ ဝမ်းမြောက်ခဲ့ရပါသည်။

၁၉၇၆ ခုနှစ်အတွင်း စေတီတော်၌ ရောင်စုံလျှပ်စစ်ဓာတ်မီးပူဇော်နိုင် ရန် ကြိုးများသွယ်တန်းခဲ့၏။နိုင်ငံခြားသား တရားအားထုတ်သူများကကောင်းမှု အဖြစ် ရောင်စုံမီးသီးများ လုံလောက်စွာ လှူဒါန်းကြသောကြောင့် ညစဉ် ဆီမီးရောင်စုံမီးပူဇော်နိုင်ကြ၏။တရားရိပ်သာ၏ လုံခြုံရေးကိုရှေ့ရှုလျက်၊ အရှေ့ ဘက် ခြံစည်းရိုးကို ဝါးထရံများဖြင့် ကာရံ၍ ကြခတ်ဝါးပင်များ စိုက်ပျိုး ထားကြ၏။ တရားသမားများ၏ အိပ်ခန်းများ၊ ရေချိုးခန်းများကို ပြုပြင်၍ ကုတင်အသစ် ၁၀ လုံး ဝယ်ခဲ့၏။ စေတီရင်ပြင်၌ တာရာဆို အုပ်ပြားများကို တိုးချဲ့ခင်းကျင်းထားနိုင်ခဲ့၏။

၁၉၇၇ ခုနှစ်တွင်း၌ ဆွေးမြေ့နေသော ဓမ္မာရုံ ပျဉ်ခင်းများအားလုံး ဖယ်ရှားပစ်ပြီး၊ ပျဉ်းကတိုးဆင့်များနှင့် ပျဉ်းကတိုးရှာထိုးများဖြင့် အသစ်လဲ လှယ်၍ ပြုပြင်ထားခဲ့၏။ ရေပိုက်လိုင်းများကိုလည်း ပြုပြင်ခြင်း၊ ဆေးကြော ခြင်း ပြုလုပ်ခဲ့ကြပေသည်။

၁၉၇၉ ခုနှစ်အတွင်းက ရိပ်သာတွင်းရှိ အဆောက်အဦးများ၊ လိုဏ်ဂူ တော်များ၊ အတက်အဆင်းလှေကားများ အစရှိသည်တို့ကို ဆေးသုတ်၍ အက် ကွဲနေသော အဆောက်အဦးများကို အင်္ဂတေများဖြင့် ပြန်လည် ပြုပြင်ခဲ့၏။ သွတ်မိုးများအားလုံးနှင့် အဆောက်အဦးများကိုလည်း အတွင်းအပြင်ဆေးသုတ် ထားပေရာ၊ ရိပ်သာတခုလုံး လှပတင့်တယ်၊ ရှုချင်စဖွယ် တွေ့မြင်ခဲ့ရသဖြင့် ကြည်နူးသာယာခဲ့ရပေသည်။

အထူး အားတက်ဖွယ်ရာကောင်းသည်မှာ ရိပ်သာ၏အခြားရံပုံငွေများ အပြင် ရိပ်သာထိန်းသိမ်းရေး ရံပုံငွေတရပ်ကို ဖွင့်လှစ် ထားရှိနိုင်ခြင်း ဖြစ်ပေသည်။ ဤရံပုံငွေသည် တဖြည်းဖြည်း ကြီးထွားလာသည်နှင့်အမျှ ရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြုပြင်မွမ်းမံရေးတို့ကို တနှစ်ထက်တနှစ် တိုးတက်၍ ဆောင်ရွက်သွားနိုင်တော့မည်မှာ မုချမလွဲ ဖြစ်ပေသည်။

× × ×

## (၂၁) ပြည်တွင်းသာသနာပြု လုပ်ငန်းအခြေအနေ

### (၁) ရိုးရိုးလစဉ် တရားပတ်များ။

“တရားဘက်ဆိုင်ရာ အဖွဲ့ငယ်” ဖွဲ့ပြီးသည့်နေ့မှစ၍ ဆရာမနှင့် ဦးတင့်ရီ ခေါင်းဆောင်ပြုခါ၊ တရားပြလုပ်ငန်းကို အဆက်မပြတ် လုပ်ဆောင်ခဲ့ကြပေ သည်။ ဆရာကြီးကွယ်လွန်သည့်နှစ်မှ ၁၉၇၄ ခုနှစ်ထိ ပြည်တွင်းမှတိုင်းရင်းသား များအတွက် လစဉ် တရားပတ်များကို ကန့်သတ်၍သာ ဖွင့်လှစ်နိုင်ခဲ့ကြပါ သည်။ ဆရာကြီး၏ မွေးလဖြစ်သည့် တပေါင်းလ (မတ်လ) တွင် တကြိမ်၊ မင်္ဂလာအခါတော်ဖြစ်သည့် မြန်မာနှစ်သစ်ကူး၊ တန်ခူးလ (ဧပြီလ)တွင် တကြိမ်၊ ဆရာကြီးကွယ်လွန်သောလ ဖြစ်သည့် ပြာသိုလ (ဇန်နဝါရီလ) တွင် တကြိမ် ပေါင်း ၃ ကြိမ်သာပြုလုပ်ခဲ့ကြပါသည်။ သို့ရာတွင် ကျေးဇူးရှင်ဆရာကြီး ဦးဘ ခင် ကွယ်လွန်သည့်နေ့မှစ၍ တပည့်အပေါင်းတို့သည် နေ့စဉ်နေ့တိုင်း၊ အောက်ပါ အစီအစဉ်အတိုင်း ရှေးယခင်က ဆရာကြီး ရှိစဉ်ကကဲ့သို့ ဓမ္မရောင်ခြည်စေတီ လိုဏ်ဂူများ၌ ဓမ္မာနု ဓမ္မ ပဋိပတ္တိပူဇော်မှုကို မပြတ်မလပ် ပြုလုပ်ခဲ့ကြပေသည်။

တနင်္ဂနွေနေ့ နံနက် ၀၇၊ ၃၀ နာရီမှ ၀၈၊ ၃၀ နာရီ(အဓိဋ္ဌာန် ၁ နာရီ)

အခြားရက်များ နံနက် ၀၆၊ ၃၀ နာရီမှ ၇၊ ၃၀ နာရီ (....၎င်း .)

နေ့စဉ်နေ့တိုင်း၊ ညနေပိုင်း ၁၉၊ ၃၀ နာရီမှ ၂၀၊၃၀နာရီ (....၎င်း ..)

**ထို့ပြင်လည်း** စနေနေ့တိုင်း ညဦးပိုင်းမှစတင်၍ တနင်္ဂနွေနံနက် ပိုင်း အထိ ဓမ္မရောင်ခြည် စေတီတော်ဝန်းကျင်ရှိ ဂူကျောင်းများ၊ ဇရပ်များ၌ တပည့်အပေါင်းတို့သည် အသီးသီး နေရာယူကြကာ၊ ဓမ္မာနုဓမ္မ ပဋိပတ္တိ ပူဇော်သောအားဖြင့် တရားအားထုတ်ကြပါသည်။ ကမ္ဘာ့အရပ်ရပ်ရှိ ဆရာ

ကြီး၏ တပည့်များသည်လည်း အထက်ဖော်ပြပါ အချိန်နာရီများကိုမှတ်သား လျက်၊ ယင်း အချိန်များအတိုင်း မိမိတို့ နေရာအသီးသီး၌ တပြိုင်နက် အတူ တကွ တရား အားထုတ်ကြကြောင်း သတင်း ရရှိခဲ့ပေသည်။ ယခုအခါ ထို အချိန်နာရီများသည် ကမ္ဘာအရပ်ရပ်ရှိ တပည့်အပေါင်းတို့အတွက် နေ့စဉ် တရား အားထုတ်ချိန်အဖြစ် အလိုအလျောက်သတ်မှတ်ထားပြီး ဖြစ်လာခဲ့ပေပြီ။

၁၉၇၄ ခုနှစ်မှစ၍မူ၊ ပြည်တွင်းမှ တရား အားထုတ်လိုသူများ၏ အ ဆက် မပြတ် တောင်းပန်မှုကြောင့် တရားပတ်များကို တိုးချဲ၍ ဖွင့်ပေးခဲ့ရရာ၊ ယခုအခါ၌ လစဉ်ပင် တရားပတ်များ ပြုလုပ်ပေးနေရပေပြီ။ ရှေးဦးပိုင်း၌မူ နိုင်ငံခြားမှ တရား လုပ်ငန်းအတွက် လာကြရှာသူများကို ဦးစားပေး၍ ပိုင်ပိုင် နိုင်နိုင် တရား ပြပေးနိုင်ရန် ပြည်တွင်းမှ ပုဂ္ဂိုလ်များအတွက် တရားပတ် ကန့် သတ်ခဲ့ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဆရာကြီး၏ တပည့်ကောင်းများ ပီသစွာ၊ တရား ရှာလိုသူတိုင်းအား အခွင့်အရေး လက်မလွတ်ကြစေရန် မွန်မြတ်သော စေတနာ ထားရှိကြပြီး၊ နိုင်ငံခြားသားများနှင့်အတူ တိုင်းရင်းသားများကို လည်း တပြိုင်နက် တရား ပြပေးခဲ့ကြသည်။

ဆရာမနှင့် ဦးတင့်ရီသာမက၊ ဦးချစ်တင်နှင့် ဦးဘတိုးတို့ပါ တရားပြသ ပေးရသော တာဝန်ကို ခွဲဝေ ထမ်းဆောင်ခဲ့ကြရပေပြီ။ ဆရာကြီး ရှိစဉ်က လ စဉ် မှန်မှန် တရားပတ် တပတ်သာလျှင် ရှိမြဲ ဖြစ်သည်။ နိုင်ငံခြားသား တရား သမားများ ရောက်လာချိန်၌သာ အထူး တရားပတ် ပေးခဲ့သည်။ တနှစ်လုံး အ တွက် အထူး တရားပတ်များ အပါအဝင်၊ ၁၀ ရက် တရားပတ် အကြိမ်(၂၀) အများဆုံးဖြစ်ခဲ့သည်။ တရားထိုင်သူ ဦးရေမှာလည်း တနှစ်လုံးအတွက် ပျမ်းမျှ (၁၅၀) မှ (၂၀၀) အတွင်းသာ ဖြစ်ခဲ့ပေသည်။ ယခုအခါ၌ တရားပတ်အကြိမ် ပေါင်း နှင့် တရားထိုင်သူ ဦးရေ လွန်စွာ တိုးတက် များပြားလျက် ရှိပေသည်။

၁၉၇၅ ခုနှစ်တွင် တနှစ်လုံးအတွက် တရားပတ်ပေါင်း (၃၂) ကြိမ် ပြုလုပ်ပေးခဲ့ရ၍ ဇန်နဝါရီလ တလအတွင်း၌ တရားပတ်အကြိမ် (၃) ကြိမ်၊ ဧပြီလတွင် (၅) ကြိမ် ပြုလုပ်ခဲ့ရသည်။ ၁၉၇၆ ခုနှစ်တွင် တရားပတ်ပေါင်း ၄၅ ကြိမ်နှင့် နိုဝင်ဘာလတွင် တရားပတ် ၆ ကြိမ် ရှိခဲ့သည်။ ၁၉၇၇ ခုနှစ် တွင် တနှစ်လုံးအတွက် တရားပတ် ၃၉ ကြိမ် ပြုလုပ်ခဲ့၍ ဇန်နဝါရီလတွင် ဂ ကြိမ်၊ ဖေဖော်ဝါရီလတွင် ၁၀ ကြိမ်၊ ဧပြီလတွင် ၁၀ ကြိမ် ဖြစ်ခဲ့ရာ၊ လ စဉ် တရားပတ်ပင်လျှင် ဆရာကြီး လက်ထက်က တနှစ်လုပ်ငန်း နီးပါး ဖြစ်နေ ပေသည်။ ၁၉၇၀ ခုနှစ်အတွက် စာရင်းမှာ တနှစ်လုံးအတွက် ၃၉ ကြိမ်၊

ဧပြီလအတွက် ၁၂ ကြိမ် ဖြစ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် တရားပတ်မှာ ၃၅-ကြိမ်ပင် ရှိခဲ့၍ နိုင်ငံခြားသား ဦးရေမှာ ၁၀၃ ယောက်ထိ တိုးတက်များပြားခဲ့လေသည်။

တရားသမားများအား ကျွေးမွေးပြုစုရသည့် ကြီးမားသောတာဝန်များကို နားရက်မရှိ၊ တနှစ်ပတ်လုံး စေတနာထား၍ ဆောင်ရွက်ရှာကြသော ကိုလုထွန်းစသည့်ဝေယျာဝစ္စအလုပ်သမားများကို ငဲ့ညှာသောအားဖြင့် ၁၉၇၈ ခုနှစ်မှစ၍ မိုးရာသီတွင် မေလသို့မဟုတ်၊ ဇွန်လတွင် တရားပတ်ပိတ်၍ နားခွင့်ပြုခဲ့ရပေသည်။

## (၂) နိုင်ငံခြားသားများ တရားပြပေးခြင်း။

ဆရာကြီးကွယ်လွန်ပြီး နောက်တလမှစ၍ နိုင်ငံခြားသားတရားသမားများ ရိပ်သာသို့ အဆက်မပြတ် ရောက်လာကြသည်။ ဒေါက်တာနော်တင်ဂန်၊ မစ္စတာကင်း၊ မစ္စစ်ကင်း၊ မစ္စစ်စတင်တန်စသော တပည့်ဟောင်းများမှာ ဆရာကြီး ကွယ်လွန်သွားသည့်အတွက် နှမြောတသ၊ ဝမ်းနည်းကြသဖြင့် ဓမ္မရောင်ခြည်စေတီရိပ်သာသို့ ကိုယ်တိုင် အရောက်လာကြ၍၊ ဂါရဝပြုကြခြင်း ဖြစ်သည်။ ကြုံကြိုက်ခိုက်ရရှိသည့် အချိန်အတွင်း တရားထိုင်သွားခဲ့ကြပေသည်။

ကျန်ပုဂ္ဂိုလ်တို့မှာ လူငယ်လူရွယ်များ ဖြစ်ကြသည်။ ရန်ကုန်သို့မရောက်လာမီ၊ အိန္ဒိယပြည်တွင် ဆရာကြီး၏တပည့်တရားပြဆရာ ဦးဂိုအင်ကာထံ၌ (၁၀) ရက်၊ တရားပတ် (၃)ကြိမ်၊ (၄)ကြိမ်မှ (၁၀) ကြိမ်ထိ တရားအားထုတ်ပြီးသူများ ဖြစ်ကြသည်။ တရားထူးကို ရရှိကြပြီးသူများ ဖြစ်ကြသည့်အားလျော်စွာ၊ ပင်မဖြစ်သော ဤပင်္ကိပတ္တိလုပ်ငန်းဌာနသို့ ရောက်လိုသည့်ဆန္ဒ ပြင်းပြကြသည်။ ဆရာကြီးအား ရည်မှန်းကာ ဆရာကြီး ပြုစုပျိုးထောင်သွားသည့် ဌာနမှနေ၍ ဂါရဝပြုလို၊ ပူဇော်လိုကြသည်။ ထို့ပြင်လည်း ဤဗဟိုဌာန၌ ကိုယ်တွေ့၊ လက်တွေ့ တရားအားထုတ်လိုကြသည်။ ယင်းသို့သော အာသီသဖြင့် မရောက်မနေကြိုးစားပြီး၊ ရောက်အောင် လာကြကာ တရားအားထုတ် သွားကြပေသည်။ ဧည့်သည်မှတ်တမ်းစာအုပ်တွင် ဤဌာနသို့ လာရကျိုးနပ်လှပြီး၊ တရားထူး၊ တရားမြတ်ကို ခံစားရရှိကြောင်း မှတ်တမ်းတင်သွားကြပေသည်။

ယင်း လူငယ်တရားရှာသူများသည် သဒ္ဓါတရား ကြီးမားစွာဖြင့် စေတီရိပ်သာသို့ အရောက်လာခဲ့ပြီးနောက်၊ပြည်တွင်းနေထိုင်ခွင့် ၇ ရက်သာရရှိသဖြင့်၊ တရားလုပ်ငန်း၌ ရောင့်ရဲတင်းတိမ်ခြင်း မရှိသေးဘဲ၊ မြန်မာပြည်မှ ပြန်လည်

ထွက်ခွာသွားခဲ့ကြရသည်။ အများသော ပုဂ္ဂိုလ်တို့မှာ ပြည်ဝင်ခွင့်အသစ်ဖြင့် ရိပ်သာသို့ တဖန် ပြန်လာတတ်ကြပေသည်။ သူတို့၏ ဆောင်ရွက်နည်းမှာ ရှေးဦး အိန္ဒိယပြည်မှ မြန်မာပြည်သို့ ဝင်လာခဲ့၍ ၇ ရက်ပြည့်နေ့တွင် ဘန်ကောက်သို့ ထွက်ခွာသွားကြသည်။ ဘန်ကောက်တွင် မြန်မာသံရုံး၌ ပြည်ဝင်ခွင့် ထပ်မံ လျှောက်ယူပြီး၊ မြန်မာပြည်သို့ ပြန်လာခဲ့ကြခြင်းဖြစ်သည်။ဤနည်းဖြင့် ရိပ်သာ တွင် ၇ ရက် တရားပတ် (၂)ပတ် ထိုင်သွားနိုင်ခဲ့ကြပေသည်။

၁၉၇၀ခုနှစ်၊ သင်္ကြန်ချိန်ခါက၊ "ဂျင်" ဟု ခေါ်သော အမေရိကန် လူငယ်တရားသမားကလေးကို စေတီရိပ်သာ၌ တွေ့ခဲ့ရသည်။ သူသည် ဂျပန်ပြည် တွင် အင်္ဂလိပ်စာပြဆရာအဖြစ် အသက်မွေးဝမ်းကြောင်းမှု ပြုနေသူဖြစ်သည်။ တနှစ်တွင် ၈ လခန့် ဝင်ငွေရအောင် ဂျပန်ပြည်၌ ရှာခဲ့ပြီးနောက်၊ ကျန်အချိန် ပိုင်းတွင် အိန္ဒိယပြည်၌ မစ္စတာ ဂိုအင်ကာ ထံတွင်၎င်း၊ ရန်ကုန်ရိပ်သာ တွင်၎င်း၊ အင်္ဂလန် အမေရိကန်မှ ရိပ်သာခွဲများတွင်၎င်း၊ ကိုယ်တိုင်တရားထိုင်၍ တရားပြသရာ၌ ကူညီစောင့်ရှောက်ပေးနေပေသည်။ ကျွန်တော်နှင့် တွေ့ရှိချိန် က စေတီရိပ်သာသို့ "ဂျင်" ရောက်ရှိသည်မှာ ၃၁ ကြိမ်မြောက် ဖြစ်သဖြင့် သူ၏ သဒ္ဓါတရားနှင့် တရားတော်၌ ယုံကြည်မှု၊ ကိုင်းရှိုင်းမှုသည် မည်မျှခိုင်မာ နေကြောင်း၊ ရင့်သန်နေကြောင်း ခန့်မှန်းကြည့်နိုင်ကြပေမည်။ ရိပ်သာမှ သူ့ အား "ကိုရွှေဂျင်" ဟု မြန်မာနာမည်ပေးထားကြသည်။ မြန်မာ စကားနှင့် မြန်မာစာကို မစ္စစ်ကင်း ကဲ့သို့ပင် ကောင်းစွာ ပြောနိုင်၊ ရေးနိုင်၊ ဖတ်နိုင် နေပေပြီ။

နိုင်ငံခြားသားများ တရားအားထုတ်မှုနှင့် ပတ်သက်၍ ထူးခြားချက်တ ရပ်မှာ ၅-၁၂-၇၉ နေ့မှစ၍ နိုင်ငံတော်တွင်းသို့ နေထိုင်ခွင့် ၇ ရက်နှင့် ဝင် ရောက်လာပြီး၊ နောက် ဆက်လက် နေထိုင်ခွင့် လျှောက်ထားပါက၊ ထပ်မံ၍ ၁၄ ရက်၊ ဆက်လက်နေခွင့်ပြုခြင်းပင်ဖြစ်ပါသည်။ ယင်း ခွင့်ပြုချက်မှာ ရိပ် သာတွင် ကမ္မဋ္ဌာန်းတရားများ အားထုတ်ရန်အတွက်သာလျှင် ဖြစ်ရမည်ဖြစ်ပြီး ဝိပဿနာ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အဖွဲ့ကိုယ်စား တာဝန်ယူကြရပါ သည်။ သာသနာရေးဦးစီးဌာန၊ **ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်ကလက်မှတ် ရေးထိုးထောက်ခံ** ရပါသည်။ ဤသို့အားဖြင့် ၂၁ ရက် တိုင်တိုင် တဆက် တည်းတရားအားထုတ်ခွင့်ရကြသဖြင့် တရား သမားများ အားလုံး လွန်စွာဝမ်း မြောက်ကြပြီး၊ သက်ဆိုင်ရာတို့အား အထူး ကျေးဇူး တင်လျက် သာဓု၊ အနု မောဒနာပြုလျက် ရှိကြပါသည်။

နိုင်ငံတော် အစိုးရထံမှ အခွင့်ထူးပေး လာသည်နှင့်အမျှ ဓမ္မရောင်ခြည် စေတီရိပ်သာသို့ နိုင်ငံခြားမှ လာရောက် တရားအားထုတ်လိုသူဦးရေ လွန်စွာ များပြားလာပါသည်။ ထို့ကြောင့် တကြိမ်တခါမျှ တရားမထိုင် ဘူးသူများ အား၊ ဓမ္မရောင်ခြည်စေတီသို့ တိုက်ရိုက်လာခြင်းကို လက်မခံဘဲ ပိတ်ပင်ထား ကြရသည်။ အိန္ဒိယပြည်တွင် ဦးဂိုအင်ကာထံ၌သော်ငင်း၊ ဥရောပ၊ အမေရိကန် ၌ မစ္စတာကိုးလ်မင်းထံ၌ငင်း၊ တရားအားထုတ်ပြီးသော ပုဂ္ဂိုလ်များကိုသာ စိစစ်ရွေးချယ် လက်ခံကြပါသည်။ နိုင်ငံခြားသား တဦးသည် ဦးဂိုအင်ကာ သို့ မဟုတ် မစ္စတာကိုးလ်မင်းတို့၏ ကြိုတင်ခွင့်ပြုချက်ရယူ၍ ၎င်းတို့၏ ထောက်ခံ ချက်ဖြင့်သာ ဓမ္မရောင်ခြည်စေတီသို့ လာရောက်တရားအားထုတ်နိုင်ကြပါသည်။ တနည်းအားဖြင့်ဆိုသော် ဦးဂိုအင်ကာနှင့် မစ္စတာကိုးလ်မင်း၏ ကမ္မဋ္ဌာန်းတရား ကောလိပ်ကျောင်းများမှအခြေခံဘွဲ့ယူနိုင်ခဲ့ပြီးမှသာအင်းယားမြှင့်လမ်း၊ အပြည် ပြည်ဆိုင်ရာ တရားလုပ်ငန်း ပင်မတက္ကသိုလ်ကြီးတွင် ဘွဲ့လွန်သင်တန်းတက်ခွင့် ရကြပေတော့သည်။

ဤသို့စည်းကမ်း သတ်မှတ်ဆောင်ရွက်လိုက်ခြင်းဖြင့် အစမ်းသဘော၊ အ မြိုးသဘောတရားထိုင်လိုသူ၊ ဟစ်ပီ အမျိုးအစား များကို သန့်စင်လိုက်ပြီးဖြစ် သွားပါသည်။ ဗုဒ္ဓ၏ အဆုံးအမအတိုင်း သီလ၊ သမာဓိ၊ ပညာဆိုင်ရာ သိက္ခာ ၃ ပါးကို မဂ္ဂင် ၈ ပါးတရားလမ်းကြောင်းအတိုင်း အမှန် တကယ် ကျင့်ကြံ ကြိုးစားလိုသူများသာ စေတီသို့ ရောက်လာကြပါသည်။ အမှန်တကယ်လည်း ပြင်းပြသောလိုအင်ဆန္ဒ၊ ကြီးမားသော ဝီရိယဖြင့် ကမ္မဋ္ဌာန်းတရား ကြိုးပမ်း အားထုတ်ကြသည်ကို တွေ့မြင်ရသဖြင့် ချီးကျူးဝမ်းမြောက်ကြရပါသည်။

× × ×

နိုင်ငံခြားသား တရားသမားများသည် အင်းယားမြှင့်ရိပ်သာသို့ ကမ္မဋ္ဌာန်း တရားအားထုတ်ရန် သက်သက် လာရောက်ခဲ့ရာမှ စေတီရိပ်သာ၏ အခြား ဘာသာရေး လုပ်ငန်းများဖြစ်သော ၁၂ လ ရာသီ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ နှင့် မိဘ ဆရာ ပူဇော်ပွဲများတွင် တဖြည်းဖြည်း ပါဝင်လာခဲ့ကြသည်။

၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဆရာကြီး ကွယ်လွန် သည့် ၅ နှစ်မြောက်နေ့ ဖြစ်သည့်အားလျော်စွာ နှစ်စဉ် ပြုလုပ်မြဲအတိုင်း ပူ ဇော်ပွဲ ကျင်းပခဲ့ပါသည်။ သံဃာတော် အပါး ၅၀ ပင့်ဖိတ်၍ မွန်မြတ်သည့် ခဲဘွယ်တို့ကို ဆက်ကပ်ကြပါသည်။ ဇန်နဝါရီလ တလလုံးလည်း တရားပတ် ဖွင့်ထားသဖြင့် နိုင်ငံခြားမှ တပည့် ၃၀ ခန့်တို့သည် ထိုရက်များအတွင်း တဦး

လျှင် ၃ ကြိမ်၊ ၄ ကြိမ်မျှ ဆက်တိုက် လာရောက်ခါ၊ တရားအားထုတ်ကြပါသည်။ ထို့နောက် ဆရာကြီး၏ ပူဇော်ပွဲတွင် ပါဝင် ကုသိုလ် ပြုခဲ့ကြပါသည်။ သံဃာတော်များအတွက် လှူဘွယ်ပစ္စည်းအဖြစ် သင်ဓုန်းဓားနှင့် အခြားအသုံးအဆောင် ပစ္စည်းများ ယူဆောင်ခဲ့၍ ဆက်ကပ်လှူဒါန်းကြပါသည်။ မြန်မာရက် ကျရောက်သည့် (၂၃-၁-၇၆) နေ့ အရှက်ဦးတွင်လည်း နိုင်ငံခြားသားတပည့်အပေါင်းတို့၏ အလှူဒါနများ ပါဝင်စေပြီး၊ သစ်သီးမျိုးစုံ၊ ဆွမ်းတို့ဖြင့် ဗုဒ္ဓရှင်တော်မြတ်အား ရည်စူးလျက် လှူဒါန်းဆက်ကပ်ကြပါသည်။

ဇန်နဝါရီလ ၁၉-ရက်နှင့် ၂၃-ရက် နေ့များတွင် ရန်ကုန်သို့ ကြွရောက်တော်မူလာသော ဝေဘူဆရာတော်ဘုရားကြီး ခေတ္တ သီတင်းသုံးရာ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ အင်းလေးဓမ္မာရုံသို့ နိုင်ငံခြားသား တပည့်များအား ပို့ဆောင်လျက်၊ ဆရာတော်အား ကြည်ညိုခွင့်ရရန် စီစဉ်ပေးခဲ့ကြသည်။ ရာဆတော် ဘုရားကြီးသည် ဆရာကြီးဦးဘခင်၏ တပည့်များဟု သိရှိပြီးနောက်၊ ဝမ်းမြောက် ဝမ်းသာ တရားရေအေး တိုက်ကျွေးတော်မူပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားထံသို့ နိုင်ငံခြားသားများအား ဦးဆောင်ခေါ်သွားသူ ဦးချစ်တင်က၊ ထိုပရိသတ်မှာ ဆရာကြီး ဦးဘခင်၏ တပည့်များဖြစ်ကြောင်း၊ ဆရာကြီး ကွယ်လွန်သည့် (၅) နှစ်မြောက်နေ့ ပူဇော်ပွဲအမှီလာကြ၍ တရား အားထုတ်နေကြကြောင်း၊ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ ဆွစ်ဇာလံ၊ သြစတြေးလီးယား၊ နယူးဇီလံ၊ မလေးရှား နိုင်ငံများက လာရောက်ကြကြောင်း ဆရာတော်အား လျှောက်ထားရာ၊ ဝေဘူဆရာတော်ဘုရားက "အေး-အေး-အေး" ဘုရားရွှေလက်ထက်တော်ကနှင့် တူသား....ဗျ။ ဘုရား ရွှေလက်ထက်တော်ကလဲဘဲ၊ ဘုရားရှင်ထံမှောက် အချိန် တခုမှာ တပြိုင်နက်ထဲ ရောက်ကြတာ၊ တနိုင်ငံထဲ၊ တမြို့ထဲ၊ တရပ်ထဲမဟုတ်ဘူး။ နိုင်ငံပေါင်းစုံ၊ မြို့ပေါင်းစုံ၊ သူတော်ကောင်း ပေါင်းစုံ တပြိုင်နက်ထဲရောက်၊ ဘုရားရှင် အသရေတော်ကို ကြည်ညိုရ၊ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ အားမရ၊ မရောင့်ရဲနိုင်၊ စိတ်အားဖြင့် ကြည်ညိုပြီးတော့ ပူဇော်ခြင်းပြုကြ....

မဟာဂရုဏာ အရှင် သခင် ဖြစ်သည့်အားလျော်စွာ၊ အစဉ်သနားလို့ ညွှန်ကြား ဆုံးမတော်မူတာကိုရ၊ သောဝစ္စသာတ ဂုဏ်တော် နှင့် ပြည့်ပြီးတော့ လိုက်ပါ....အခါမလင့် ဆိုက်လာ....သံသရာတလျှောက်လုံး တောင့်တ ရည်ရွယ်မှန်းထားတာတွေ ပြီးစီးအောင်မြင်လို့ နိဗ္ဗာန် စံဝင်သွားတော်မူကြတာ မှတ်သားလို့ မကုန်နိုင်အောင် များသဗျာ....

အဲ–အခုလဲ အချိန်အခါနှင့်၊ ဘဝညီတယ်–ရှေးအရှင်တွေလို အရယူမယ်၊ မြင့်မြတ်တဲ့ဆန္ဒ တပြိုင်နက်ထဲဖြစ်၊ စေတီရင်ပြင် ဗောဓိရင်ပြင်ရောက်၊ ဘုရားရှင်ထားတော်မူတဲ့ သာသနာတော် တည်မှုတွေကို အမြင်မျှားပြီးတော့ လိုတာချှားမရှိရအောင်ပြု။ အစဉ်သူနားလို့ ဆုံးမတော်မူတာရ၊ သောဝစ္စသတ ဂုဏ်နှင့် ပြည့်စုံပြီးတော့ အချိန် အချည်းနှီးမဖြစ်ရအောင် စိစစ်ခါ၊ အသီးသီးအောင်ကြတာ .. ဆောင်နိုင်ကြတာ ...ဝမ်းမြောက်ကြ။”

ထို့နောက် ဆရာတော်ဘုရားက မြန်မာဘာသာဖြင့် မိန့်ကြားတော်မူသည်ကို နားလည်ပါ့မလားဟု မေးမြန်းရာ၊ ကိုရွှေဂျင်က “နည်းနည်း၊ နားလည်ပါတယ်” ဟု လျှောက်ထားလိုက်သည်။

ဆရာတော်... ဟုတ်ပ့ါဗျာ။ အေးလေ နည်းနည်းနားလည်လဲဘဲ...ဘုရားရှင် ဆုံးမတော်မူတာက၊ နည်းနည်းပေမဲ့လဲဘဲ၊ ဆုံးမတော်မူတာ နည်းနည်းနားလည်သတဲ့ဆိုရင် မနည်းပါဘူး....ဘာတုန်း သံသရာတလျှောက်လုံး တောင့်တပြီးတော့ နေတာတွေရှိတယ်။ ဆုံးမတာကို နားလည်တော့၊ ဒီဆုံးမတာကို လိုက်ပါ။ သံသရာတလျှောက်လုံး တောင့်တပြီးတော့ နေကြတာတွေရှိတယ်.... ဘာတုန်း၊ ပစ္စုပ္ပန်လဲ ချမ်းသာချင်တယ်။ ဟုတ်လားဗျာ....အခုလဲ ချမ်းသာချင်တယ်။ အားလုံး တောင့်တတယ်မဟုတ်လား။ တောင့်တသနော်... ပစ္စုပ္ပန်ဆိုတာ ဘာတုန်း၊ အခုချက်ချင်း ချမ်းသာ–သံသရာ ချမ်းသာတာကတော့ ဘာတုန်း....အဲ....သံသရာကျင်လည်ရတာကိုက အိုရ၊ နာရ၊ သေရတယ်....ဟုတ်လား။ ဒီတော့ ဆင်းရဲတယ်...ဒီတော့ အိုမှု၊ နာမှု၊ သေမှုတို့ကို အကုန်ကြောက်တယ်။ မဟုတ်လားဗျာ ...။ ကြောက်တယ်....ကြောက်တော့ ဒီဆင်းရဲတာတွေနှင့် မနေချင်ဘူး မဟုဘ်လား။ ဟင်....မနေချင်ဘူးဗျ။

ဘယ်လိုဖြစ်ချင်တာတုန်းဆို....ဒီဆင်းရဲတွေမရှိတဲ့နေရာ၊ ဒီဆင်းရဲတွေမရှိလို့ ချမ်းသာတဲ့နေရာ၊ အိုမှု၊ နာမှု၊ သေမှု....ဒါတွေမရှိ၊ အလုံးစုံဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်....ဒါကို တောင့်တတာဗျ....ဒီတောင့်တတဲ့အတိုင်း ဘုရားဆုံးမတော်မူတာကို ရလို့လိုက်ပါတော့၊ အကုန်စလုံး ပြီးစီးအောင်မြင်ကြရတာ မဟုတ်လားဗျာ....။

ဟုတ်ကဲ့လား ...အေး၊ အခုလဲ နည်းနည်းလေးပေမဲ့လဲ၊ ဆုံးမတာရလို့ လိုက်ပါပြီ ဆိုတော့၊ စိတ်နှလုံးအလို တောင့်တမှုပြီးတာကတော့ နည်းပါ့မလား ဟင် .. နည်းပါ့မလား....မနည်းဘူး။ အေး အေး၊ ဒါကြောင့် နည်းနည်းကလေး ဥစ္စာ–ပြောလိုက်ရင် အကုန်နားလည်လိမ့်မယ်။ မဟုတ်လားဗျာ။နားလည်လို့ လိုက်ပါပြီဆိုလို့ရှိရင်— ဘာတုန်း၊ ဘာတုန်း၊ ချမ်းသာတွေ ရကြတာတွေဟာ

တော့၊ တလောကလုံးကြီးဟာ အကုန်မရနိုင်ဘူးလားဗျ.... လူရော၊ နတ်ရော၊ ဗြဟ္မာရော၊ တလောကလုံးကြီး အကုန်မရနိုင်ဘူးလား....အဲ၊ နည်းနည်းလေးပေမဲ့လို့၊ လိုချင်တာတွေ အကုန်မပြီးဘူးလား၊ ပြီးတာပေါ့....ကြားလား....

ဒါယကာကြီးက နည်းနည်းတော့ ဖြစ်သနော်....နည်းနည်းလေးပေမဲ့လို့ အဲသလို ဒို့ဘုရားရှင်ရှေလက်ထက်တော်က၊ အခုလိုဘဲ ပစ္စုပ္ပန် သံသရာ၊ ချမ်းသာတောင့်တလိုချင်ကြလို့မို့ တခါထဲ ရချင်ပြီးတော့ကို၊ ဘုရားရှင် ပွင့်တော်မူတဲ့ အချိန်မှာ လိုက်ရှာနေကြတာဗျ၊ ကြားလား။

ဘသူများပါတုန်းဆိုလို့ရှိရင်၊ တလောကလုံးကြီးပေါ့လေ....သို့သော်လဲ သွက်လက်ဖြတ်လတ်တယ်ဆိုတဲ့ အရှင်တွေဟာက၊ ဒို့ဘုရားရှင် တပည့်သား၊ မြင့်မြတ်တဲ့ တေဒဂ်ရာထူးတွေနဲ့ရတဲ့ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလန်တို့.... ဒါတော့ ဒကာကြီးသိတယ် မဟုတ်လား....ဟင် . ဟုတ်တယ်ဗျ၊ သူကလိုက်ရှာတာ။ လိုက်ရှာတော့ ဘုရားရှင်ဆုံးမတာရပြီး လိုက်ပါတော့။ တောင့်တတဲ့အတိုင်း ပြီးတဲ့ တပည့်ဖြစ်တဲ့ အရှင် အဿဇိနှင့် တွေ့ကြသကိုးဗျ...."

ဆက်လက်၍ ရှင်သာရိပုတ္တရာ အလောင်းက အရှင်အဿဇိထံ တရားမေးပုံ၊ ရဟန်းအဿဇိက၊ ရဟန်းပြုတာ မကြာသေးကြောင်း၊ ဘုရားဆုံးမတာ တော့ရပါရဲ့၊ များများမပြောတတ် နည်းနည်းသာပြောတတ်သေးကြောင်း၊ ပြန်ပြောပုံ၊ အရှင်သာရိပုတ္တရာက များများကြီးမလိုချင်ဘူး။ နည်းနည်းလေး ကြုံရရင် တော်ပါပြီဟု ပြောသဖြင့် ရှင်အဿဇိက ဘုရားဆုံးမတော်မူတာ နည်းနည်းကလေးဟောပုံ၊ "ယေဓမ္မာ ဟေတုပ္ပဘဝါ" တဂါထာပင်မပြည့်၊ နည်းနည်းကလေးဟောပုံကို မိန့်မြွက်ပြီးနောက်—

"ဒါကိုကြားရတဲ့အခါကျတော့ သူက သိပါသဗျာ ဒါလောက်ဆို.... သူ့ဟာက နည်းနည်းဆို အကုန်လုံး ဘုရားဆုံးမတာတွေ သိတာပေါ့ဗျာ.... ဟုတ်ကဲ့လားဗျာ... ဒီတော့ အခုလို ဟောတော်မူတာကို နည်းနည်း လေးနဲ့ ဥစ္စာဟာ....ဒီနည်းနည်းကလေးကို ကြားရတော့ သိတာဘာတုန်းဗျာ နည်းနည်းသိတာလားဗျာ....ဘယ်လောက်သိသွားတုန်း အကုန်စဝ နေရာကျသွားတာဗျ—ကြားရဲ့လားဗျာ....

အခုလဲ ဒကာကြီးတို့ နည်းနည်းလေးတော့ တတ်သနော်....ဟုတ်ရဲ့လား အဲသလို တတ်လို့ရှိရင် ဒီနည်းနည်းလေးဘဲ၊ ဘုရားဆုံးမတာ သိအောင် ဒို့က တော့....ဒို့လိုသာ ဘုရားဆုံးမတော်မူတာကို .. ဒို့ပြောသလိုသာ ပြောတတ်ဗျာ.... ဒကာကြီးတွေလိုတော့ မပြောတတ်ဘူး ... ဟုတ်ကဲ့လား။"

ဆက်လက်၍ ဆရာတော် "သူတို့လာကြတာ ဒီနေရာနှင့် ဆိုလို့ရှိလျှင် နီးသလား၊ နီးရဲ့လား ...အဝေးကြီးဗျာ....ကြားကြရဲ့လားဗျ....ဒီတော့ နောက်

ကဆည်းပူးထားတဲ့ ပါရမီဂုဏ်တွေ ပြည့်စုံလိုလောက်ပြီဖြစ်သောကြောင့်မို့.... ဒီနိုင်ငံသို့ အချိန်တခုမှာ....တပြိုင်နက် ကြီးရောက်ကြတာပါဗျ ....ကြားရဲ့လား ဗျာ....ရောက်တော့ ရောက်ရှိမက၊ ဘုရားဆုံးမတာတွေကို ဆုံးမပါတဲ့ အဆုံးအမ ကို သိလိုတာ....သိလိုတော့ကို....ဘုရားဆုံးမတာကို သိသလောက် ဆုံးမတဲ့အတိုင်း သူတို့ရယားကြတယ်မဟုတ်လား။ ရထားတော့ ဆုံးမတာကြားရလို့ မှတ်မိရုံ နှင့်သာ သာနေသလား....မနေဘူး။ ဘာလုပ်သတုန်း၊ လိုချင်တာ ရလောက်တဲ့ ဝိရိယတွေနှင့် သူတို့ အခု ထူထောင် နေကြ တာဗျာ....ဟင်_ဝိရိယ ထူထောင် တော့ ဝိရိယိဒ္ဓိပါတ်က ဘာတုန်း.... ဝိရိယအရှင်သခင်တွေရဲ့ သန္တာန်မှာ ဆိုက် လာတော့၊ ဝိရိယအရှင်သခင်တွေ ကိုယ်ရှိတဲ့ ဝိရိယလောက်ကတော့ ဆိုက်တာ တော့သိကြတယ်မဟုတ်လ းး....သိတယ်နော်....ဟုတ်ပါ့ဗျာ....အေး....ကောင်းပါ့ ဗျာ....ကောင်းပါ့ဗျာ...."

နောက်ဆုံးချီးမြှင့်သောအားဖြင့် ဆရာတော် "အင်း....အင်း....အေး.... အဲဒါ ဆည်းပူးခဲ့ဘဲ့ ပါရမီအဟုန်တွေ ပြည့်စုံလိုလောက်ကြတာဗျ၊ ကြားလား ဗျ။ ဒါကြောင့် ဘုရားရှင် ဆုံးမတော်မူတာကို ရကြလို့ လိုက်ပါပြီဆိုလို့ရှိရင် ဘုရားရှင်က ငါဘုရားရှင်နှင့် စကြာဝဠာခြားပြီးတော့ နေပေမယ်လို့ ငါဘုရား ဆုံးမတော်မူတာ လိုက်ပါမယ်ဆိုလို့ရှိရင် ငါဘုရားနှင့်အတူ သတင်းသုံးတာ နှင့်တူတယ်ကဲ့။ အဝေးမှာနေပေမယ့်လို့ဗျ၊ ဟုတ်ကဲ့လားဗျာ။

ငါဘုရားရှင်နှင့် နီးပြေးသကာလ သင်္ကန်းတော်အစွန်ကို ကိုင်ထားပေမဲ့ လို့ နီးပုံမရသေး၊ ဒုကုဋ်တော်အစွန်းကို ကိုင်ပြီးတော့ တားနေပေမယ်လို့ ငါဘုရား ဆုံးမတော်မူတာကို မလိုက်နာပါလျှင် ငါဘုရားရှင်နှင့် စကြာဝဠာ ကွာခြားတယ်။ ဝေးတယ်တဲ့ဗျ။ ကြားလား ...

အခုတော့ သူတို့ပြောတာ ဘယ်နိုင်ငံ၊ ဘယ်နိုင်ငံဆိုတော့ ဝေးတာ ဘဲ၊ ဝေးပေမယ်လို့ ဘုရားရှင်နှင့် ဘယ့်နှယ်တုန်းဗျာ။ ဝေးသလား။ လိုက် ပါကြတော့ ဘုရားရှင်နှင့် မဝေးဘူးဗျာ၊ ကြားလား။ အေး....ဒီတော့ ဆုံးမ တာ ရလို့....လိုက်ပါကြတော့....သံသရာ တလျှောက်လုံး တောင့်တ လာတာ တွေ ရှိတယ်....ပစ္စုပ္ပန်ချမ်းသာ၊ သံသရာချမ်းသာ နှစ်ဖြာ တောင့်တကြတယ်။ တောင့်တတဲ့အတိုင်း ဆုံးမတာ ရလို့ လိုက်ပါတော့ ပြီးစီးအောင်မြင်၊ ဘုရား ရှင်ရွှေလက်ထက်တော်က နိဗ္ဗာန် စံဝင်သွားတော်မူကြတာ မှတ်သားပြီး မကုန် နိုင်အောင် များသဗျ၊ အခုလဲဘဲ အချိန်နှင့်အခါ ဘဝညီမျှလို့....ဒို့လဲဘဲ ရှေး အရှင်တွေလိုဘဲ အရဟန္တာမယ်လို့ စေတီရင်ပြင်၊ ဗောဓိရင်ပြင်မှာ....နိုင်ငံပေါင်း စုံ။ ဟုတ်ကဲ့လားဗျာ....မြို့ပေါင်းစုံ၊ ဟုတ်ကဲ့လားဗျာ။ သူတော်ကောင်း ပေါင်း စုံတွေဟာ တပြိုင်နက်ထဲ ရောက်ပြီးတော့ အစဉ်သနားလို့ ညွှန်ကြား ဆုံးမ

တာကို သောဝစ္စသာတဂုဏ်နှင့်ပြည့်စုံကာ၊ ကိုယ်မှန်းထားတဲ့အတိုင်း ပြီးလောက်တဲ့ ဝိရိယတွေနှင့် ထူထောင်ကာ အသီးသီး ဆောင်နိုင်ကြတာ ဝမ်းမြောက်ကြ-

နောက်ပြီးတော့ ရှင်ရှင်ပျော်ပျော်နှင့် ဘုရား ဆုံးမတာ လိုက်နာတာ မြင်ရတာ။ ဒီနိုင်ငံက အားလုံးတို့ဟာ ဘာတုန်း၊ ဝပ်းမမြောက်ဘဲ၊ မကြည်ညိုဘဲ နေနိုင်ကြလားဗျာ။ အေး-အဲဒီတော့ အစီးအပွားတွေဟာ များကြတာ ကြားလားဗျာ။ အေး;....ကောင်း ပါဗျာ....''

အထက်ပါအတိုင်း ကျေးဇူးရှင် ဝေဘူဆရာတော်၏ အားပေး ဟောပြောမှုကြောင့် နိုင်ငံခြားသား တပည့်များသည် ဆထက်တိုး၍ ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့ကြသည်။ ထို့နောက် ရရှိသော တရားထူးများအကြောင်းကို ဦးဂိုအင်ကာ အား နှစ်ထောင်း အားရစွာ ပြန်လည်ပြောပြနိုင်ရန် အိန္ဒိပြည် သို့ ထွက်ခွာသွားခဲ့ကြပေသည်။

× × ×

## (၃) ၂၅-နှစ်မြောက်အထိမ်းအမှတ် ရှင်ပြု ရဟန်းခံပွဲများ ကျင်းပခြင်း။

၁၉၇၇-ခုနှစ်တွင် အင်းယားမြို့ပ်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်း တည်ထောင်ခဲ့ခြင်းသည် ၂၅ နှစ် ပြည့်မြောက်သဖြင့် အထိမ်းအမှတ်အဖြစ် အထူး ပူဇော်ပွဲများ စီစဉ်ကြရာတွင် ရှင်ပြု ရဟန်းခံပွဲများလည်း ပြုလုပ်ခဲ့ကြသည်။ ရက်အတိအကျအားဖြင့် ထိုနှစ် မေလတွင်မှ ၂၅-နှစ်တင်းတင်း ပြည့်မြောက်မည် ဖြစ်သော်လည်း ဇန်နဝါရီလတွင် ဆရာသက်ကြီးနေ့၊ ဆရာကြီး ကွယ်လွန်သည့်နေ့ စသော ပူဇော်ပွဲရက်များ ကျရောက်သဖြင့် ၂၅-နှစ်မြောက် အထိမ်းအမှတ်ပွဲဖြစ်သည့် ရှင်ပြု ရဟန်းခံ ပွဲများကိုလည်း ယင်းလ ၃၀ ရက်နေ့တွင်ပင် တပါတည်း ကျင်းပခဲ့ကြပါသည်။

၁၉၇၇ခု၊ ဇန်နဝါရီလ တလလုံးကို တရားပင် သတ်မှတ်ခဲ့ကြ၏။ ဇန်နဝါရီလ ၆ ရက် ဆရာသက်ကြီးနေ့၊ ဇန်နဝါရီလ ၁၉ ရက်နေ့ ဆရာကြီး ဦးဘခင် ကွယ်လွန်ပြီး ၆ နှစ်မြောက် နေ့များတွင် အထူးတရားပတ်များဖွင့်၍ တပည့်အပေါင်းက၊ ဆရာကြီးနှစ်ပါးအား ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်ကြ၏။ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဦးချစ်တင်နှင့် ဆရာမ ဒေါ်မြသင့်တို့၏ မြေးနှစ်ဦးအား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ပြီး၊ နိုင်ငံခြားသား အပါအဝင် ရဟန်း ၁၄ ပါးသည် သာသနာ့ဘောင်သို့ ဒုလ္လဘအဖြစ် ဝင်ရောက်ခဲ့ကြသည်။ ထိုရဟန်းခံရှင်ပြုပွဲ၌၊ ဆရာတော် သံဃာတော် ၂၄ ပါးအား၊ ''အိန္ဒိယပြည်မှ မစ္စတာဂိုအင်ကာ ပို့ပေးသော ဂွမ်းစောင်များ အပါအဝင် ရဟန်းသုံးပစ္စည်း ၁၀ မျိုးဖြင့် လှူဒါန်းခဲ့ကြပြန်သည်။

ပင့်သံဃာများတွင် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ပါဝင်ခဲ့သော်လည်း ကျန်းမာရေး အခြေအနေကြောင့် ရန်ကုန်မှ အညာသို့ ပြန်ကြွတော်မူခဲ့သဖြင့်၊ ရဟန်းခံပွဲသို့ ဆရာတော်ကြီး ကြွရောက်မချီးမြှင့်နိုင်ခဲ့ပေ။ ထို့ကြောင့် ဆရာမနှင့် ဓမ္မဆွေမျိုးတစုတို့သည် ထိုနှစ် မတ်လက ရွှေဘိုအောင်မြေကျောင်း၌ သီတင်းသုံးနေတော်မူသော ဆရာတော်ဘုရားကြီးထံသို့ ဖူးမြော်ကန်တော့ရန်နှင့် လှူဘွယ်ပစ္စည်းများ ဆက်ကပ်ရန်၊ ခရီးထွက်ခဲ့ကြပေသည်။

ထိုပထမအကြိမ် ရဟန်းခံပွဲနှင့် ရှင်ပြုပွဲတို့ကို သိုက်မြိုက်စွာ ကျင်းပခဲ့ပြီးနောက်၊ နှစ်စဉ်နှစ်တိုင်း ရဟန်းခံရှင်ပြုပွဲများ ကျင်းပပေးပါရန်၊ နိုင်ငံခြားသားများ၏ မေတ္တာရပ်ခံချက်အရ၊ ၁၉၇၀ ခုနှစ်တွင်လည်း အောက်ပါနေ့ရက်များ၌ အထူး သိုက်မြိုက်စွာ ဆောင်ရွက်ပေးခဲ့ကြသည်။

(က) **ပထမနေ့** — ၂၀-၁-၇၀ (စနေနေ့)။ ဒုလ္လဘရဟန်းခံပွဲ။

(၁) ဦးချစ်တင်အပါအဝင်၊ မြန်မာရဟန်း......၅ပါး။

(၂) နိုင်ငံခြားသား ဒုလ္လဘရဟန်း ........၅ပါး-ပေါင်း(၁၀)ပါး။

(ခ) **ဒုတိယနေ့** —၂၉-၁ ၇၀ (တနင်္ဂနွေနေ့)။ **ဒုလ္လဘရဟန်းခံပွဲ။**

(၁) နံနက်ပိုင်း-နိုင်ငံခြားသားများ .......၁၀ ပါး။

(၂) မွန်းလွဲပိုင်း........ရင်း........... ၂၀ ပါး ပေါင်း (၃၀)ပါး။

ဒုလ္လဘရဟန်းစုစုပေါင်း– (၄၀)ပါး။

## ရှင်သာမဏေပြုပွဲ

ယမန်နှစ်က ရှင်ပြုခဲ့ကြသည့် ဆရာမ ဒေါ်မြသွင်နှင့် ဦးချစ်တင်တို့၏ မြေးနှစ်ဦးနှင့် ဆရာကြီး၏တပည့်များ ဖြစ်ကြသော ဒေါ်ညား၏မြေး ၁ဦးနှင့်၊ ဒေါ်စီစီ၊ ဦးသိန်းဇော်တို့၏တူ ၁ဦး၊ပေါင်း ၄ ဦးတို့ကိုပါ ရှင်သာမဏေပြုလုပ်ပေးခဲ့ကြပေသည်။ ပင့်သံဃာ ၂၅ ပါးတို့အား အထူးထူးသော လှူဘွယ်ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းခဲ့ကြပေသည်။

ယင်း ရဟန်းခံရှင်ပြုပွဲအကြောင်းကို အလှူပွဲတက်ရောက်ခဲ့သည့် စာရေးဆရာ သင့်ဘဝ-ဦးရဲလွင်က "ကမ္ဘာမှာ မြန်မာအတွက်၊ ရှေ့တန်းခေါင်းဆောင်တနေရာ နိုင်ငံခြားသားလူငယ် ၃၅ ဦး မြန်မာနိုင်ငံသို့ လာရောက် စုပေါင်းရဟန်းခံပွဲ"ဆောင်းပါးဖြင့် ၁၉၇၀ခု၊မတ်လထုတ် ၂၅နှစ်မြောက်သင့်ဘဝမဂ္ဂဇင်းတွင် မှတ်တမ်း တင်ခဲ့ပေသည်။ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာ၊ သယုသုဘကလည်းယင်းအလှူပွဲအခမ်းအနားအကြောင်းကိုပင် ၁၉၇၀ပြည့်နှစ်၊ပေလ ၁ ရက်နေ့ထုတ်ဇေယျာမဂ္ဂဇင်းအတွဲ ၁ ၌ "ကြာပင်အောက်က ဖားဲ"ဟူသော ဆောင်းပါးကို ရေးသား၍ မှတ်တမ်းတင်ခဲ့ပြန်ပေသည်။

နိုင်ငံခြားသားတရားသမားများကလည်း အမေရိကန်၌သူတို့ထုတ်ဝေလျက်ရှိသော "ဝိပဿနာ၊ သတင်းလွှာ" တွင် ယင်းရဟန်းခံပွဲ အကြောင်း အရာကို ပြည့်စုံစွာ ရေးသားဖော်ပြခဲ့ပါသည်။ မြန်မာစာဖတ် ပရိသတ်များ စိတ်ဝင်စားမည်ဖြစ်သောကြောင့် အဆိုပါ ဆောင်းပါးကို မြန်မာဘာသာ၊ ပြန်ဆို၍ ဖော်ပြလိုက်ပါသည်။

**"ဝိပဿနာ၊ သတင်းလွှာ"**

ဘာကလီ၊ ကာလီဖိုးနီးယား။ ၁၉၇၈ ခု၊ မေလ၊
သာသနာသက္ကရာဇ် ၂၅၂၂ ခု။

**"အပြည်ပြည်ဆိုင်ရာ တရားလုပ်ငန်းဌာန၌ ကျင်းပခဲ့သည့်ရဟန်းခံပွဲ"**

၁၉၇၈ ခု၊ ဇန်နဝါရီလ။

၁၉၇၈ ခု၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဆရာကြီးဦးဘခင်ကွယ်လွန်သည့်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံခြားသား ၃၅ ယောက်နှင့် မြန်မာတပည့် ၅ ယောက်တို့သည် သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုကာ၊ တရားပတ်ဝင်ခဲ့ကြလေသည်။ မြန်မာလူငယ်ကလေး ၄ ယောက်တို့ကလည်း ရှင်သာမဏေဝတ်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတွင် အမျိုးသား တပည့်များသည် ရဟန်းဝတ်ဘဝဖြင့် တရားအားထုတ်နိုင်ရန် အခွင့်အရေးရကြသည်မှာ ဤအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပေသည်။

ရှင်ပြုရဟန်းခံပွဲကို ဆံချသော အခမ်းအနားဖြင့် စတင် ကျင်းပ ခဲ့လေသည်။ မြန်မာရဟန်းသံဃာတော်များက ဒုလ္လဘရဟန်းခံမည့် အမျိုးသားများကို ဆံချပေးနေစဉ်၊ မိခင်ဆရာမနှင့် မြန်မာအမျိုးသမီးများ၊ အနောက်တိုင်းအမျိုးသမီးများတ ဝတ်ဖြူစင်ကြယ်များဖြင့် ဆံပင်များကို ခံယူခဲ့ကြပေသည်။ အမျိုးသားများသည် ဦးပြည်းရိတ်ပြီးနောက် သန့်ပြန့်သော မြန်မာလုံချည်သစ် ရှပ်အင်္ကျီသစ်၊ ဝတ်ဆင်ခါ ဓမ္မာရုံအတွင်းသို့ ဝင်လာကြသည်။ ဓမ္မာရုံတွင်း၌ ရှင်ပြုရဟန်းခံ၊ အခမ်းအနားကို ကြည့်ကြပ်ဆောင်ရွက်ပေးလျက်ရှိသော မထေရ်ကြီးထံတွင် သင်္ကန်းကပ် သင်္ကန်းတောင်းများကို လျှောက်ထားတောင်းခံကြသည်။ သရဏဂုံ ဆောက်တည်၍ သီလခံယူပြီးနောက် ထိုသူတို့သည် ရှင်သာမဏေများဘဝသို့ ရောက်ခဲ့ကြသည်။ ရဟန်းဘဝသို့တဆင့်တက်ရန်မှာဘုန်းတော်ကြီးကျောင်း တကျောင်းတွင် သိမ်သို့ဝင်၍ ဆောင်ရွက် ကြရ ဦးမည်။ ထို့ကြောင့် ရဟန်းခံမည့် သာမဏေများသည် ကားကြီး ၂ စင်းဖြင့် ဥပဇ္ဈာယ်ဆရာဘုန်းတော်ကြီး ကျောင်းရှိရာ မြို့တွင်းသို့ ခရီးထွက် ကြရသည်။ သူတို့၏နောက်မှ လူဝတ်ကြောင် မြန်မာမိတ်ဆွေ အများအပြား လိုက်ခဲ့ကြသည်။

ပုဂ္ဂိုလ်အားလုံး ဦးပြည်းစိမ်းစိမ်းဖြင့် ရှိနေသောအခါ အမေရိကန်၊ ကနေဒါ၊ ဩစတြေးယား၊ ဆွစ်ဇာလန်၊ ဒတ်ချ်၊ ဩစတြေလီယန်၊ အင်္ဂလိပ်၊ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ တိုင်းပြည် အသီးသီးမှ လာရောက် ခဲ့ကြသူများကို မည်သူက ဆရာဝန်၊ မည်သူက ကျောင်းဆရာ မည်သူက လယ်သမား၊ မည်သူက အလုပ် သမား ဟူ၍ မခွဲခြားနိုင် တော့ပေ။ ရဟန်းလောင်းများကို အသက်အလိုက် ကြီး စဉ် ငယ် လိုက် စီတန်း ထိုင်စေသည်။ ရက်သတ္တ တပတ်အတွင်း ရဟန်းဘဝ၌ ဤအစီအစဉ်အတိုင်း ထိုင်ကြရမည် ဖြစ်သည်။ ရဟန်းအဖြစ်၌ ဤကဲ့သို့ အသက်အားဖြင့် လေးစားရယုံသာမက၊ ဝါအားဖြင့်လည်း အရိုအသေ ပြုကြရသည်။ မိမိထက်စော၍ ရဟန်းပြုသူအား ရိုသေမှုကို ပြရမည့်အပြင်၊ ဘန္တေ၊ အရှင်ဘုရား ဟု ခေါ်ဝေါ်လျှောက်ထား ကြရသည်။

ရဟန်းလောင်းများသည် မဖြေဘဲမနေရသော အမေး ပုစ္ဆာ များ ကို မလွှဲမသွေ ဖြေကြရသည်။ ဟုတ်ကဲ့ သူတို့သည် လူသား စင်စစ်များ ဖြစ်ပါသည်။ ဟုတ်ကဲ့ သူတို့သည် ယောကျ်ားများ အစစ်အမှန် ဖြစ်ကြပါသည်။ မဟုတ်ပါ။ သူတို့သည် အရှင်သခင်များထံမှ ခွင့်ပြုချက် မရရှိသော ကျေးကျွန် များ၊ သို့မဟုတ် အစေခံများ မဟုတ်ပါ။ မဟုတ်ပါ။ သူတို့တွင် ကြွေးမြီမကင်းသော သူမျာ်း မဟုတ်ကြပါ။ ဟုတ်ကဲ့၊ သူတို့၏ မိဘများထံမှ ခွင့်ပြုချက် ရရှိပြီး ကြပါသည်။ ရဟန်းအသုံးအဆောင်အဖြစ် အခွင့်ပြုသော သင်္ကန်း (၃) ထည်၊ သပိတ်၊ အပ်ချည်နှင့်အပ်၊ သင်ဓုန်းဓားနှင့် ရေစစ်များဖြစ်သော ပရိက္ခရာ ရှစ်ပါး အပြည့်အစုံ ရှိကြပါသည်။ ထို့ကြောင့် ရဟန်းအဖြစ် ချီးမြှင့် ပေးပါရန် ဆရာတော်ကြီး များအား၊ တောင်းပန်နိုင်ကြပေပြီ။

ရဟန်းဖြစ်လာသောအခါ၊သူတို့အား ရာဟုလာ(ဗုဒ္ဓသားတော်)၊ဝိမလ (စင်ကြယ်သော၊ အညစ်အကြေးကင်းသော) စသည့် ပါဠိဘွဲ့များကို ပေးအပ်ခြင်း ခံကြရသည်။ ယင်းဘွဲ့များ ရရှိသော ရဟန်းသည် မိမိ၏ ဘွဲ့အလိုက် ကျင့်ကြံ နေထိုင်သွားရမည်ဖြစ်၍ သူ့အတွက် စိမ်ခေါ်မှုကြီးတရပ် ဖြစ်ပေတော့သည်။ ထို့နောက် ရဟန်းသစ်များအား တိစီဝရိက်ပြည့်စုံရန် တတိယသင်္ကန်း တထည်ကို ပေးအပ်ခြင်း ခံရသည်။ ပထမသင်္ကန်း ၂ ထည်မှာ သာမဏေ ဖြစ်လာစဉ်က ရခဲ့ကြပြီး ဖြစ်သည်။ ရဟန်းခံ အခမ်းအနား၌ ပါဝင်ကူညီ ခဲ့ကြသော သံဃာတော်များက သင်္ကန်း ၃ ထည်ပေါ်တွင် မိန္ဒူ အပြောက်ကလေးများ ထိုးမှတ်ပေးခဲ့ပြီး ဖြစ်သည်။ ယင်းဗိန္ဒုပြောက်များသည် မိမိဆိုင်ရာသင်္ကန်းကို မှတ်သားထားရန်သာမက၊ ရဟန်းတော်တပါးသည် အသစ်စက်စက်သင်္ကန်းကို မဝတ်ဆင်ရ ဟူသော သိက္ခာပုဒ်နှင့် ကိုက်ညီရန် ဆောင်ရွက်ပေးခြင်းလည်း ဖြစ်ပေသည်။

အခမ်းအနား ပြီးဆုံးသောအခါ ရဟန်းများသည် သိမ်မှ ထွက်လာကြသည်။ သိမ်၏ ပြင်ပ၌ စီတန်း၍ အသင့်စောင့်နေကြသော လူဝတ်ကြောင်များက သူတို့၏ သပိတ်များတွင် လှူဘွယ်ဝတ္ထုပစ္စည်းမြောက်မြားစွာကို ဆက်ကပ် လှူဒါန်းကြသည်။ ဤသိမ်ထွက် အလှူဒါနသည် လွန်စွာ မွန်မြတ်သည်ဟု ယူဆကြသည်။ အလှူဒါနတခု၏ မွန်မြတ်မှုမှာ ဝတ္ထုပစ္စည်း၏ တန်ဘိုးပေါ်တွင်မတည်ဘဲ၊ အလှူခံပုဂ္ဂိုလ်၏ သီလ၊ သိက္ခာ၊ စင်ကြယ်မှု ပေါ်တွင်သာ တည်ရှိလေသည်။ သိမ်တွင်း၌ သာသနာ့ဘောင်သို့ တက်ရောက်ခဲ့သော အသစ်စက်စက် ရဟန်းသည် သီလဝိသုဒ္ဓိ အထူး ပြည့်ဝသည်ဟု ယူဆကြရပေသည်။ ရဟန်း သိက္ခာပုဒ်များကို များများစားစား ချိုးဖောက်နိုင်ရန် အချိန်မရကြသေး မဟုတ်ပါလော။ ဤသို့လှူဘွယ်ဝတ္ထုပစ္စည်း မြောက်မြားစွာရကြသည့် ရဟန်းသစ်များသည် များစွာ ရွှင်လန်းဝမ်းမြောက်ကြပေသည်။ မိမိတို့အတွက် ပစ္စည်းဥစ္စာများ လက်ခံရရှိသဖြင့် ဝမ်းမြောက်ကြခြင်းမဟုတ်ဘဲ၊ မြင့်မြတ်သော အလှူခံပုဂ္ဂိုလ် ရဟန်းများအဖြစ် အလှူဒါန ပြုသူများအတွက် ကောင်းကျိုးပြုနိုင်သောကြောင့် ဝမ်းမြောက်ကြခြင်းဖြစ်သည်။ လှူဘွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်း ကြသူ များ သည် ရဟန်းတပါးစီကို လှူဒါန်းခြင်းမဟုတ်ဘဲ သံဃာအား ရည်စူး၍၊ အလှူဒါန ပြုကြသည်ဖြစ်ကြောင်း၊ ထိုရဟန်းများက ကောင်းစွာ နားလည် ကြပါသည်။

ရဟန်းများသည် ပရိက္ခရာ ရှစ်ပါးသာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်။ သို့ရာတွင် လူဝတ်ကြောင် ဒါယကာများက လှူဒါန်းသောပစ္စည်းများကို သုံးဆောင်နိုင်ကြပါသည်။ လူဝတ်ကြောင် ပုဂ္ဂိုလ်တဦးက မည်သည့် ဝတ္ထုပစ္စည်း လိုအပ်နေကြောင်း လျှောက်ထားမေးမြန်းလာလျှင် ဘိနပ်အစရှိသော ဝတ္ထု ပစ္စည်းများလိုအပ်နေကြောင်း အသိပေးနိုင်ပေသည်။ ရဟန်းတပါးစောင့်ထိန်းရသော ၂၂၇ ပါးသော သိက္ခာပုဒ်များသည် လွန်စွာတင်းကြပ်ပုံရပေသည်။ သို့ရာတွင် ရဟန်းဖြစ်လာသော ပုဂ္ဂိုလ်များသည်။ ယင်းသိက္ခာပုဒ်များကို ကာလရှည်စွာ ဓမ္မတည်တန့်ရန်အတွက် မြတ်စွာဘုရားက ချမှတ်တော်မူခဲ့ကြောင်း၊ သဘောပေါက်ကြပါသည်။ မြတ်စွာဘုရားသည် တရားဒေသနာကို ရှေးဦးစတင်ဟောကြားစဉ်အခါက ဤဝိနယစည်းမျဉ်းများကိုမချမှတ်ခဲ့သေးပါ။ ယင်းအချိန်က တပည့်သားများက များသည်။ အကျင့်သိက္ခာများကိုကောင်းမွန်စွာ ထိန်းသိမ်းခဲ့ကြသောကြောင့်ဖြစ်ပေသည်။ သို့ရာတွင်သံဃာ့အဖွဲ့အစည်း ကြီးမားလာသည့်နှင့်အမျှ သိက္ခာချိုးဖေါက်မှုများ ဖြစ်ပေါ်ခဲ့ပေသည်။ အကျင့် သီလ ပျက်ပြားမှုတခုရှိတိုင်း သိက္ခာပုဒ်တခုကို ချမှတ်ပြဋ္ဌာန်းခဲ့ရသည်။ ဤနည်းအားဖြင့်သံဃာတော်တရပ်လုံး၊ တရားဓမ္မလုပ်ငန်းကို အနှောင့်အရှက်မရှိ၊ သာယာချမ်းမြေ့စွာကြိုးပမ်းအားထုတ်နိုင်ခဲ့ကြပေသည်။

ရဟန်းသစ်များသည်၊ ကားများပေါ် ပြန်တက်၍ အိုင်၊ အမ်၊ စီ ရိပ်သာသို့ ပြန်ခဲ့ကြပေသည်။ ယင်းရိပ်သာတွင် ရက်သတ္တပတ်မျှ သီတင်းသုံးကြ၍ အချိန်ရသမျှ ကမ္မဋ္ဌာန်းတရား အားထုတ်ကြပေမည်။ ဝိနည်းသိက္ခာ ပုဒ်တော် ၂၂၇ ပါးတို့ကို ရိုသေစွာ စောင့်ထိန်းသော ရဟန်းသည် မိမိ၏ ကမ္မဋ္ဌာန်း လုပ်ငန်းအတွက် သီလဝိသုဒ္ဓိ အခြေခံချပြီးဖြစ်ပေသည်။ ထို့အပြင် မိမိအား ဝေယျာဝစ္စပြုစုစောင့်ရှောက်သူများနှင့် သတ္တဝါအားလုံးတို့၏ အကျိုး ကျေးဇူးကိုလည်း ဆောင်ပေသည်။

၇ ရက်သောအချိန်ကာလသည် လျှင်မြန်စွာ ကုန်ဆုံး သွားခဲ့ပေသည်။ ရဟန်းများသည် မိမိတို့ စောင့် ထိန်းရမည့် သိက္ခာပုဒ် များကို နားလည်စေရန် မှတ်မိစေရန် လိုက်နာကျင့်သုံးရန် ကြိုးပမ်းအားထုတ်ကြရ၍ ကျန်အချိန်များတွင် ကမ္မဋ္ဌာန်းတရားအားထုတ်ကြရသည်။ ထို့မှလွဲ၍ အခြာ တာဝန် ဆောင်ရွက်စရာမရှိကြပေ။ ညနေတိုင်းတွင် သံဃာအပေါင်းစုရုံး၍ ဥပုသ်ပြုကြရသည်။ နေ့ခင်းပိုင်းက သိက္ခာပုဒ်တစုံတရာ ချိုးဖေါက်မိခဲ့သည်တို့ကိုမှတ်သားထားခဲ့ကြ၍ သံဃာတော်များအား ဖွင့်ဟဝန်ခံပြီးနောက် ခွင့်လွှတ်တော်မူကြပါရန် တောင်းပန်ကြရပါသည်။ နောင်တွင် သိက္ခာပုဒ် များအား မကျိုးမပေါက်၊ ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု အဓိဋ္ဌာန်ပြုကြရသည်။

ထိုရက်သတ္တတပတ်လုံးအတွင်း မိခင်ဆရာမ ကိုယ်တိုင်ခေါင်းဆောင်၍ သူတို့ကိုယ်တိုင်လည်း တရားအားထုတ်လျက်ရှိကြသော မြန်မာတပည့်များနှင့် နိုင်ငံခြားသားတပည့်အပေါင်းတို့သည် သံဃာတော်အပါး ၄၀ အတွက် များပြားလှသည့်ဆွမ်းကွမ်းဝေယျာဝစ္စများကို မငြီးမညူထမ်းဆောင်ခဲ့ကြပေသည်။ ဘုရားရင်ပြင်ပေါ်တွင် ဆွမ်းလောင်းလှူဒါန်းကြသော နံနက်သည်ကား အမှတ်ရဘွယ်နေ့ထူးနေ့မြတ်တခု ဖြစ်ခဲ့ပေသည်။ စေတီ ရင်ပြင် တော်တွင် တဖက် တချက်၊ စီတန်းနေကြသော ဒါယကာ ဒါယိကာမများကို ဖြတ်၍လျှောက်သွားရာတွင်၊ သံဃာတော်များအား ဆွမ်း သစ်သီးခဲဘွယ် ဘောဇဉ်များ၊ သပိတ်ပြည့် လှူဒါန်းခဲ့ကြပါသည်။ ရဟန်းသစ်များသည် ရိပ်သာမှ ဒါယကာပြု၍ သာသနာ့ဘောင်သို့ တက်ရောက်ခဲ့ကြသောကြောင့် နံနက်တိုင်း ဆွမ်းခံထွက်ရန် မလိုခဲ့ကြပါ။ ရိပ်သာမှသာ အစစအရာရာ ပြည့်စုံအောင် ဝတ်ပြုခဲ့ကြပေသည်။

လူ့ဘောင်သို့ ပြန်လည်ဝင်ရောက်ရန် အစီအစဉ်မှာ ရဟန်းဘောင် တက်ရသော အခမ်းအနားထက် ရှင်းလင်းလွယ်ကူပါသည်။ သက်ဆိုင်ရာရဟန်းက "သာသနာ့ဘောင်မှ ထွက်လိုပါပြီ"ဟု၊ သူ၏ ဆန္ဒကို ဖော်ပြရပေသည်။ ဘိက္ခုဦးကုမာရ၊ ကဿပ (ဦးချစ်တင်)က ပထမ ရဟန်းအား၊ အသင်သည်

လူဝတ်ကြောင်ဖြစ်ချင်ပြီလောဟု မေးမြန်းလိုက်၏။ မဖြစ်ချင်ပါဟု အဖြေပေးလိုက်သောအခါ အားလုံး ရယ်မောကြရ၏။ ရိပ်သာတခုလုံး မည်သူကမျှ ရဟန်းတို့အား လူဝတ် မလဲစေချင်ကြပါ။ သို့ရာတွင် သက်နှန်းချုပ်လို့ကြောင်း ဆန္ဒရှိမှ လူဝတ်ကြောင် ဖြစ်နိုင်ကြောင်း ရှင်းလင်းပြသောကြောင့် နောက်ဆုံးတွင် လူဝတ်ကြောင်ဘဝ ပြန်ရောက်လိုပါသည်ဟုပြောကြရရှာသည်။ ထို့နောက် "ကျွန်ုပ်သည် ရှင်သာမဏေ မဟုတ်တော့ပါ"ဟု သုံးကြိမ် ကြေငြာပြီး၊ လူဝတ်လဲရပေရာ ရဟန်းတဖြစ်လဲပုဂ္ဂိုလ်သည် သိသိသာသာ ဘဝခြားနားမှုကို ခံစားထိတွေ့ခဲ့ရသည်။

ဤတကြိမ်သည် စေတီရိပ်သာ၌ နိုင်ငံခြားသားများ၊ ရဟန်းဘဝနှင့် တရားအားထုဝ ခဲ့နိုင်ကြသည်မှာ ဒုတိယအကြိမ် ဖြစ်ပေသည်။ ရဟန်းဘောင်တက်ခဲ့ကြသော ကျွန်ုပ်တို့အားလုံးသည် ဆရာကြီးဦးဘခင်အား ဗုဒ္ဓ၊ ဓမ္မပြန့်ပွားရေးအတွက် ကြိုးပမ်းအားထုတ်ပေးခဲ့ပေသောကြောင့် အတိုင်းမသိ ကျေးဇူးတင်ကြရပါသည်။ အိုင်၊ အမ်၊ စီ ရိပ်သာတွင် တရားထိုင်သူတိုင်းအား၊ ကူညီပြသ၍ မေတ္တာစေတနာ များစွာထားရှိသည့် မိခင်ဆရာမအားရင်း၊ နိုင်ငံခြားသားများ မေးမြန်းကြသည်ကို စိတ်ရှည်စွာဖြင့် ဖြေကြားပေးခြင်း၊ ဘာသာပြန်ပေးခြင်း ပြုလုပ်ခဲ့ပေသော ဦးချစ်တင်အားရင်း၊ ရိပ်သာတွင် တတ်စွမ်းသမျှအချိန်ပေး၍ နိုင်ငံခြားသား ရဟန်းတော်များကို ဝေယျာဝစ္စအမှု ပြုလုပ်ပေးခဲ့ကြသော ဦးတင့်ရီ၊ ဦးဘဘိုးနှင့် ဦးသိန်းဇော်တို့အားရင်း၊ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ကြသော မြန်မာမိတ်ဆွေ၊ နိုင်ငံခြားသားမိတ်ဆွေ အားလုံးတို့အားလည်းကောင်း အထူး ကျေးဇူးတင်ရှိကြောင်း မှတ်တမ်း တင်အပ်ပါသည်။

သတ္တဝါအပေါင်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

သတ္တဝါအပေါင်း ပျော်ရွှင် ချမ်းမြေ့ကြပါစေ။

× × ×

၁၉၇၀ ခုနှစ်တွင် ရှင်ပြုရဟန်းခံများ နောက်ထပ် ကျင်းပပြုလုပ်ပေးခဲ့ရသေးသည်။ ၁၁-၄-၇၀ ခုနှစ်တွင် ဦးချစ်တင်အပါအဝင် မြန်မာရဟန်း ၆ ပါး၊ နိုင်ငံခြားသားရဟန်း ၁၉ ပါးနှင့် ရှင်သာမဏေ ၅ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့ပါသေးသည်။

## ဒလမြို့ပျော်ဘွယ်ကြီးရွာရှိ ဆရာသက်ကြီး၏ တရားပြသရာတန်ဆောင်း ပြုပြင်ရန် အလှူငွေ ထည့်ဝင်ကြခြင်း

အင်းယားမြို့ရိပ်သာသို့ လာရောက်တရားအားထုတ်ကြသော နိုင်ငံခြားသားများသည် ဆရာကြီးဦးဘခင်၏ ဆရာဖြစ်သော ဆရာသက်ကြီး၏ နေရပ်၊ ရန်ကုန်မြို့ တဘက်ကမ်းရှိ ဒလပျော်ဘွယ်ကြီးရွာသို့ သွားရောက်၍ ဆရာသက်ကြီး၏ တရားပြသရာ တန်ဆောင်းကို ကြည့်ရှုလိုကြကြောင်း မကြာမကြာပြောပြခဲ့ကြသည်။ ထို့ကြောင့် ရဟန်းခံရှင်ပြုပွဲများ မပြုလုပ်မီ ၁၉၇၀ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့က နိုင်ငံခြားတရားသမား စုစုပေါင်း ၃၀ အားဆရာမနှင့် ဦးချစ်တင်တို့က ဦးဆောင်၍ ရိပ်သာအဖွဲ့နှင့်အတူ ပျော်ဘွယ်ကြီး ရွာသို့ လိုက်ပို့ပေးခဲ့ရသည်။

ဆရာသက်ကြီး၏ ဘုရားတန်ဆောင်းတွင် တနာရီမျှတရားအာရုံပြုခဲ့ကြ၍ အမှတ်တရ ဓာတ်ပုံများ ရိုက်ယူခဲ့ကြပါသည်။ ယင်း တရားဌာန၏ လက်ရှိတာဝန်ခံအဖွဲ့ဝင် ပုဂ္ဂိုလ်များက ဧည့်ဝတ်ကျေပြွန်စွာဖြင့် ဝမ်းမြောက် ဝမ်းသာ ကြိုဆိုဧည့်ခံကြပါသည်။ ပျက်စီးနေသော ဆရာသက်ကြီး တန်ဆောင်းကို ပြန်လည်ပြုပြင်ရန်အတွက် အင်းယားမြို့ဌာနမှ ဆရာကြီးတပည့်များနှင့် နိုင်ငံခြားသားများက သဒ္ဓါအလျောက် အလှူငွေထည့်ဝင်ကြရာ၊ ကျပ်ငွေ ၃၃၃၃ ရရှိခဲ့ပါသည်။ ယင်းအလှူငွေကို ပျော်ဘွယ်ကြီးရွာမှ တာဝန်ခံအဖွဲ့သို့ တဆင့်ပို့ပေးလှူဒါန်းလိုက်ပြီးဖြစ်ပါသည်။

\+ \+ \+ \+

## မင်းဘူးမြို့ရှိ ကျောင်းတော်ရာနှင့် ရွှေစက်တော်ဘုရားသို့ သွားရောက်ဖူး မြော်ကြခြင်း

ဓမ္မရောင်ခြည် စေတီရိပ်သာ၌ တရားအားထုတ်ပြီးသော နိုင်ငံခြားသားယောဂီများအား မြန်မာပြည်၊ မြန်မာလူမျိုး၊ မြန်မာမှု ဇဟုသုတများပိုမိုရရှိစေရန်နှင့် ဘုရားဖူးနိုင်စေရန် တချက်ခုတ်နှစ်ချက်ပြတ်၊ အစီအစဉ်တချပ် ပြုလုပ်ပေးခဲ့သည်။ ၁၉၇၀ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဆရာမနှင့် ဦးချစ်တင်တို့ ဦးဆောင်၍ နိုင်ငံခြားသား စုစုပေါင်း ၃၄ ယောက်ကို ရိပ်သာအဖွဲ့ဝင်များနှင့်အတူ မင်းဘူးရှိကျောင်းတော်ရာနှင့် ရွှေစက်တော်ဘုရားသို့ ဘုရားဖူးပို့ပေးခဲ့ကြသည်။ ဘုရားဖူးအဖွဲ့သည် ရန်ကုန်မှ မီးရထားဖြင့် မင်းဘူးသို့အရောက်ခရီးထွက်ကြ၍ ကျောင်းတော်ရာ ဆရာတော်က နေရေး၊ ထိုင်ရေး၊ သွား

လာရေး၊ စားသောက်ရေးကိစ္စတို့ကို ပြေပြစ်အောင် ဆောင်ရွက်ပေးတော်မူခဲ့ပေသည်။

× × ×

## ၅။ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးအား အင်းယားမြို့ဝိပဿနာ အဖွဲ့ဝင်များက နောက်ဆုံးပူဇော်ကန်တော့ပွဲ

၁၉၇၇ ခု၊ မတ်လတွင် အင်းယားမြို့ရိပ်သာ အဖွဲ့သည် ဆရာမဦးဆောင်၍ ဝေဘူဆရာတော်ဘုရားကြီးအား၊ ရွှေဘိုမြို့ အောင်မြေ ကမ္မဋ္ဌာန်းဌာန၌ သွားရောက်ဖူးမြော်ရင်း လှူဘွယ် ဝတ္ထု ပစ္စည်းများကို လှူဒါန်းခဲ့ကြပေသည်။ ထို့နောက် ဆရာတော် ဘုရားကြီး သည် အောင်မြေကျောင်းတိုက်မှ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးနေတော်မူစဉ်၊ ၂၆-၆-၇၇ ရက်နေ့ည (၇၊ ၃၀) နာရီတွင်ခန္ဓာဇာတ်ငြိမ်းရာသို့ ကြွမြန်းတော်မူခဲ့ပေသည်။

ထို ဝမ်းနည်းဘွယ်သတင်းကို ကြားရပြီးနောက် မကြာမီပင်၊ ဆရာမနှင့် ဦးချစ်တင် ခေါင်းဆောင်သော ရန်ကုန်၊ ဓမ္မရောင်ခြည်စေတီရိပ်သာမှ တပည့်ကြီး (၁၀) ဦးပါဝင်သည့် ကိုယ်စားလှယ် အဖွဲ့သည် မန္တလေးသို့ ရောက်ရှိလာပေသည်။ ကျွန်တော့်အား လှမ်း၍အကြောင်းကြားသဖြင့် ကျွန်တော်လည်း ရိပ်သာအဖွဲ့ဝင် တပည့်ဟောင်းအဖြစ် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား နောက်ဆုံး ပူဇော်ကန်တော့ရန်၊ အင်ကြင်းပင်ကျောင်းတိုက်သို့ လိုက်ပါသွားခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့တွင် ဆရာကြီး၏တပည့်ဟောင်းတဦးဖြစ်သူ ပြန်ကြားရေးဌာန လက်ထောက်ညွှန်ကြားရေး ဝန်ဟောင်း၊ ဦးခင် (မောင်ချို ပြုံး) လည်း ပါလာပါသည်။ အစိုးရတာဝန်မှ အငြိမ်းစားယူပြီးနောက် လန်ဒန်၊ ဘီဘီစီသို့ ပြောင်းရွှေ့သွားရန်၊ စီစဉ်နေချိန်ကဖြစ်ပါသည်။ အဖွဲ့ဝင်အားလုံးတွင် ကျွန်တော်တဦးတည်းသာ အင်ကြင်းပင်ကျောင်းတိုက်သို့ ရောက်ဘူးသူဖြစ်သဖြင့်၊ မန္တလေးမှ ထွက်ကတည်းက ကျွန်တော်က လမ်းပြအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

လမ်းပြသူကိုယ်တိုင်၊ ယင်းကျောင်းတိုက်သို့ ၁၉၆၅ ခုနှစ်က ဆရာကြီးနှင့် ရဟန်းခံရန် အတူရောက်ခဲ့ပြီး နောက်ထပ်မရောက်တော့သဖြင့် ရွှေဘိုမှ မဟာနန္ဒာ ကန်ဘောင်ရိုးလမ်းမှာ မည်မျှပျက်စီးနေသည်ကို မသိခဲ့ပါ။ ထိုစဉ်က ယင်းလမ်းမှာ လွန်စွာ ကောင်းမွန်နေခဲ့ပါသည်။ လက်ရှိအခြေအနေ မသိဘဲနှင့် ကန်ဘောင်ရိုးလမ်းအတိုင်း လမ်းပြခဲ့သူ ကျွန်တော့်မှာ တဖွဲ့လုံး၏ငြို ငြင်မှုကို ခံခဲ့ရပါသည်။ ရွှေဘိုနှင့် ခင်ဦး ယခင်က ၄၅ မိနစ်မျှနှင့် ရောက်နိုင်

သည်ကို ယခု ၃ နာရီမျှကြာအောင် မောင်းခဲ့ရသည်။ ကျင်းများ၊ ချိုင့်များ၊ တံတားပျက်များကြောင့်၊ လမ်းတလျှောက်လုံး နံပါတ် ၁ ဂီယာမှ တက်၍ မမောင်းနိုင်ခဲ့ကြပါ။ အသစ်စက်စက်နီးပါး ခိုင်မာတောင့်တင်းသော လင်းရိုဗာကားဖြစ်၍သာ လမ်းခရီးတွင် သွင်သွင်ကြိုးပျက်မသွားဘဲ၊ ကျောင်းတိုက်သို့ အရောက်ပို့နိုင်ခဲ့ပါသည်။

ဆရာတော် ဦးသုမနထံ သတင်းပို့ပြီးနောက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်ပြင်ထားရာ၊ ကျောင်းတိုက်သို့သွားကြ၍ ခရီးရောက်မဆိုက် ရှိခိုးကန်တော့ကြပါသည်။ ဦးသုမနက၊ ဦးပဥ္စင်းကြီး ဘိုးမောင် တိုက်ကျောင်းတွင်၊ အင်းယားမြို့စေတီရိပ်သာအဖွဲ့အား နေရာချထားပေးပါသည်။ ဦးပဥ္စင်းကြီးဘိုးမောင်မှာ သာသနာ့ဘောင်သို့ ဝင်ရောက်၍ တရားအားထုတ်လျက်ရှိသော သံအမတ်ကြီးဟောင်း ဦးဘမောင် ဖြစ်ပါသည်။ သူ၏ တိုက်ကျောင်း၌ ခေတ်မီရေချိုးခန်းများတွင် ရေမိုးချိုး၍ ခရီးနွမ်းနယ်မှုတို့ ပြေပျောက်သွားကြစေပါသည်။ ညစာထမင်းကို စားပွဲဝိုင်းကြီး နှစ်ဝိုင်းဖြင့် မန္တလေး၊ တရုတ်ဟော်တယ်ကြီးများ လက်ရာအတိုင်း တည်ခင်းကျွေးမွေးပါသည်။ ဦးသုမနတို့ဦးစီးသည့် ဧည့်ခံအဖွဲ့၏ စပါယ်ရှယ်တရုတ်မီးဖိုမှ လက်စွမ်းပြဖြစ်ပါသည်။ တလမ်းလုံး၊ နာမည်ပျက်ခဲ့ရသော လမ်းပြသူ ကျွန်တော့်မှာ ဆရာတော်ဦးသုမနတို့၏ ဘုန်းတန်ခိုးကြောင့်၊ ရှင်ပြုံးလာနိုင်ပြီး နောက်ဆက်တွဲအဖြစ်၊ အိုဗာတင်း၊ ရန်ကုန်ကိတ်မုန့်၊ မန္တလေးကိတ်မုန့်၊ သပျက်သီး၊ ပန်းသီး၊ ယိုးဒယားချိုချဉ်၊ ၅ သုံးလုံးစီးကရက်ဗူးများ ဆိုက်ရောက်လာသောအခါ၊ ရင်ကော့ပြီး၊ လည်တိုင်မော့မော့၊ အသံမာမာ စကားပြောလာနိုင်သော အခြေသို့ ရောက်ခဲ့ပါသည်။

ညဦးယံတွင် ဆရာတော်၏ ရုပ်ကလပ်တည်ရှိရာကျောင်းသို့သွား၍ အဖွဲ့ဝင်အားလုံး၊ ၁၅ မိနစ်ခန့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အားရည်စူး၍ ဓမ္မာနုပဋ္ဌိပတ္တိဖြင့် ပူဇော်ကြပြီး၊ သံဝေဂ ဉာဏ်များ ပွားကြပါသည်။ ထို့နောက် အန္တိမစျာပန ကော်မတီတွင် အင်းယားမြို့ တရားရိပ်သာအနေဖြင့် အလှူငွေ ကျပ်ငွေ (၁၀၀၀ိ/) ပါဝင်လှူဒါန်းကြပါသည်။ ထိုစဉ်က လိုက်ပါသွားကြသော အဖွဲ့ဝင်များကလည်း မိမိတို့စေတနာအလျောက် ပါဝင်ကြသော အလှူငွေများကို ကော်မတီကြီးသို့ရင်း၊ ဦးသုမနတို့၏ ဧည့်ခံကော်မတီသို့ရင်း၊ ခွဲဝေ လှူဒါန်းကြပါသေးသည်။ အင်ကြင်းပင်ကျောင်းတိုက်သို့ အလာ ခရီးလမ်းတွင်လည်း ခင်ဦးမြို့သို့ဝင်၍ ဦးချစ်တင်က မြို့နယ်ကောင်စီသို့ ကျပ်ငွေ (၁၅၀၀ိ) ပေးအပ်ခဲ့ပါသေးသည်။ ယင်း ငွေများမှာ နိုင်ငံတော်အစိုးရ၊ သာသနာရေး ဦးစီးဌာနက ဆရာတော်၏ အန္တိမစျာပနအတွက် ထည့်

ဝင်သော အလှူငွေ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ ကိုယ်စား၊ ခင်ဦးမြို့နယ် ကောင်စီက ဈာပနကော်မတီသို့ တရားဝင် လွှဲအပ်ထည့်ဝင် ပေးရန် ဖြစ်ပေသည်။

လမ်းပြလုပ်သူက ဆရာမနှင့် အဖွဲ့ဝင်များအား၊ အင်ကြင်းပင်ကျောင်း တိုက် ဝင်းတွင် ဆရာကြီး သာသနာ့ဘောင်ဝင်ခဲ့စဉ်က၊ လှုပ်ရှား သွားလာခဲ့ သည့် နေရာဌာန အသီးသီး တို့ကို လိုက်လံ ပြသ ပေးပါသည်။ တရားဟောခမ္မာ ရှိ၊ ရဟန်းဘောင်တက်ခဲ့သည့် သိမ်၊ သိမ်နှင့် ကပ်လျက်တည်ရှိသည့် ဆရာတော် ဘုရား ရှေးဦး တည်ဆောက်သည့် လောကသဗ္ဗညုစေတီတော် (ကျွန်တော် ဤ စေတီရင်ပြင်တွင် အာနာပါန ကမ္မဋ္ဌာန်း ပထမဦးဆုံးအကြိမ် စည်းဖြန်းခဲ့ပုံကို လည်း ပြောပြသည်။ ယခု ဤစေတီ ပြိုကျ ပျက်စီးနေပြီ။) ဆရာကြီးနှင့်ကျွန် တော်၊ ဦးကုသလနှင့် ဦးတေဇိန္ဒဘဝက သီတင်းသုံးခဲ့ကြရာ ရန်အောင်မင်္ဂလာ တိုက်ကျောင်း နှင့် ဆရာကြီး နေ့စဉ် တရား အာရုံယူရာ၊ ပဋ္ဌာန်းဒေသနာ ရွတ် ဘတ်ရာ ဗောဓိညောင်ပင်ပျိုများကို လိုက်လံ ပြသခဲ့သည်။ ညောင်ပင်ပျိုများ ထိုအချိန် အတန်ပင် ကြီးထွား လာပေပြီ။

နောက်တရက် နံနက်စောစောတွင် ဆရာတော် ဦးသုမနအဖွဲ့က ညှော်ခံ သော လသက်ရည်နှင့် မုန့်များ သုံးဆောင်ကြသည်။ ထို့နောက် ဆရာမတို့အား အရှေ့ဘက် ကျောင်းဝင်းပေါက်မှထွက်၍ အင်ကြင်းပင် ရွာမသို့ ခေါ်ဆောင် သွားပါသည်။ ဦးကုသလနှင့် ဦးတေဇိန္ဒတို့ ပါဝင်တည်ဆောက်ခဲ့သည့် ဆရာ တော်ဘုရားကြီး၏ ရွှေချက်သို စေတီကို ဖူးမျှော်ကြစေရန် ဖြစ်ပါသည်။ မူလ စတင် တည်ထားခဲ့ကြသည့် စေတီငယ်ကို မြို့၍၊ ဥာဏ်တော် မြင့်တင်ထားသည့် စေတီကြီးကို ရွှေတဝင်းဝင်း ထုံးတဖွေးဖွေးဖြင့် ဖူးတွေ့ကြရသည်။ ဘုရား ပရဝုဏ်တွင် အာရုံခံ တန်ဆောင်း ၃ ဘက် ခြံရံ၍ ဘုရားဝတ်ပြုရန် နေရာအပြည့် အစုံဖြင့် တင့်တယ်သပ်ယပ်စွာ ရှိနေပေပြီ။ စေတီတော် မုခ်ဝအနီးတွင် အဝီစိ တွင်းမှ ရေများလည်း ၂၄-နာရီ ပန်းထွက်လျက်ရှိသည်ကို ရေကန် ပြုလုပ်၍ သိုလှောင် ထိန်းသိမ်းထား၏။ ယခင်က လွန်စွာ ခြောက်သွေ့ခဲ့သော ရွာငယ် သည် ယခု ဆရာတော်၏ ဘုန်းကံတော်ကြောင့် သာယာစိုပြေလျက် ရှိချေပြီ။ စေတီပရဝုဏ်နှင့် မလှမ်းမကမ်းတွင် ဘုရားပွဲတော်လာ ညှော်သည်များ တည်းခို နိုင်သည့် သာလာယံဇရပ် တဆောင် မကြာသေးမီကမှ ဆောက်လုပ်ထားဟန် ရှိ ပေသည်။ ထိုဇရပ်နှင့် တတန်းတည်း လှည်းလမ်းနှင့်ယှဉ်လျက် နတ်လမ်းများ၊ နတ်ဂူများ၊ စောင်းဘန်းများကို ဆရာတော်ဘုရား၏ ကျောင်းပေါက်ဝ အထိ အုတ်၊ အင်္ဂတေဖြင့် အခိုင်အမာ တည်ဆောက်ထားသည်မှာ ထူးခြားသည့်

အင်ကြင်းပင်ရွာမှ ကျောင်းတိုက်သို့ ပြန်ခဲ့ကြပြီးနောက် ဆရာတော်ဘုရားအား ရည်မှန်း၍ နောက်ဆုံးအကြိမ် ပူဇော်ကန်တော့ကြ၍ မန္တလေးသို့ ပြန်ခဲ့ကြပေသည်။ အပြန်ခရီးတွင် ဆရာတော် ဦးသုမန၏ အကူအညီဖြင့် ခင်ဦး၊ ရွှေဘိုတူးမြောင်း ဘောင်မှ ကားမောင်းခွင့် ရခဲ့သောကြောင့် ယမန်နေ့ကကဲ့သို့ ပင်ပန်းမှုမရှိဘဲ၊ ရွှေဘိုမြို့သို့ လျင်မြန်စွာ ပြန်ရောက်နိုင်ခဲ့ကြပေသည်။

× × ×

**၆။ ဆရာမနှင့် ဦးချစ်တင်တို့ နိုင်ငံခြားသို့ထွက်ခွာသွားခြင်း**

ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၊ အမှုဆောင်လူကြီးတဦးဖြစ်သူ၊ ဦးချစ်တင်သည် သာသနာရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူးအဖြစ်မှ ၁၉၇၈ ခု မေလတွင် အငြိမ်းစားယူခဲ့လေသည်။ အောက်တိုဘာလတွင် အင်္ဂလန်နိုင်ငံမှ ကုမ္ပဏီတခု၌ အလုပ်ရသဖြင့် ဆရာမနှင့်အတူတကွ မြန်မာပြည်မှ ထွက်ခွာသွားခဲ့သည်။

ဤကဲ့သို့ ဆရာမနှင့်ဦးချစ်တင်တို့ နိုင်ငံခြားသို့ ထွက်ခွာ သွားရသဖြင့် ဓမ္မရောင်ခြည်စေတီရိပ်သာ၊ လုပ်ငန်းများ ကျဆင်းသွားဘွယ်ရာ ရှိသည်ဟုထင်မှတ်ရသော်လည်း၊ အမှန်မှာ အရှိန်မပျက် ဆက်လက်ဆောင်ရွက်နိုင်လျက်သာ ရှိပေသည်။ ဦးချစ်တင်၏ ကုမ္ပဏီလုပ်ငန်းမှာ ဘုံဘိုင်မြို့တွင်အခြေပြု၍ အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလံ စသော နိုင်ငံများသို့ လှည့်လည် သွားရ ပေမည်။ ထို့ကြောင့် ဆရာမသည် အကူအညီလွန်စွာလိုနေသော ဦးဂိုအင်ကာ၏ အိန္ဒိယတိုက်နယ် သာသနာပြု လုပ်ငန်းတွင် ထောက်ပန့်ကူညီ အားပေးခြင်းပြုနိုင်ပေမည်။ အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများတွင် ဥရောပ သာသနာပြု လုပ်ငန်းကိုသာတာဝန်ယူနေသည့် မစ္စတာကိုးလ်မင်းအား ဆရာမကိုယ်တိုင် တိုက်ရိုက်ကူညီနိုင်ပေမည်။

ထို့ကြောင့် ရိပ်သာတာဝန်ခံ အဖွဲ့ဝင်များသည် ဆရာကြီး ကိုယ်တိုင် သွားရောက်ခြင်းမပြုနိုင်ခဲ့သည့် နိုင်ငံများသို့ ဆရာကြီးကိုယ်စား ဆရာမကသွားရောက်၍ သာသနာပြုလုပ်ငန်းကို တိုက်ရိုက်ဆောင်ရွက်နိုင်မည့်အတွက် လွန်စွာဝမ်းမြောက်ကြသည်။ ဆရာမနှင့် ဦးချစ်တင်တို့ မြန်မာပြည်မှ မထွက်ခွာသွားကြမီ၊ အမှုဆောင်အဖွဲ့ အစည်းအဝေးခေါ်ယူ၍ ပြည်တွင်းမှ သာသနာပြုလုပ်ငန်းများကို အင်တိုက် အားတိုက် မပျက်မကွက်၊ ဆက်လက် ဆောင်ရွက်ကြမည်။ ရိပ်သာလုပ်ငန်းအားလုံး ထိန်းသိမ်းစောင့်ရှောက် သွားကြမည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

ဆုံးဖြတ်ခဲ့သည့်အတိုင်း ဦးတင့်ရီနှင့်ဦးဘဘိုးတို့သည် စေတနာ အပြည့်[illegible]၊ [illegible]လုပ်ဆောင်နေကြပေသည်။ အခြား

အဖွဲ့ဝင်များကလည်း မိမိတို့ တတ်စွမ်းသည့် နေရာမှနေ၍ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအား ပန့်ပိုး၊ ဝိုင်းဝန်းကူညီနေကြသောကြောင့် ဆရာကြီး၏ သာသနာပြုလုပ်ငန်းကြီးသည် အရှိန်မပျက် ဆက်လက် တိုးတက် လျက်ပင် ရှိပေတော့သည်။

## (ဂ) ပြည်ပသာသနာပြု လုပ်ငန်းများ အခြေအနေ မဇ္ဈိမဒေသ၊ အိန္ဒိယပြည်

### (၁) ဆရာကြီးအား သတိတရဂုဏ်ပြုကြခြင်း။

၁၉၆၉ ခုနှစ်တွင် မိဘများ မကျန်းမာ၍ ဦးဂိုအင်ကာသည် အိန္ဒိယပြည်သွားခဲ့ရာမှ မမျှော်လင့်ဘဲ၊ ဆရာကြီးဆန္ဒ ပြင်းပြစွာ မျှော်မှန်းခဲ့သော နိုင်ငံခြား သာသနာပြုလုပ်ငန်းကြီးကို အိန္ဒိယပြည်တွင် စတင်အခြေစိုက်လာနိုင်ခဲ့ပေသည်။ ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဦးဂိုအင်ကာသည် အိန္ဒိယ တိုက်နယ်တဝှမ်း လှည့်လည်၍တရားပြသခဲ့ရာ ၂၆ ကြိမ်ရှိသွားခဲ့ချေပြီ။ ဤသို့ထူးခြားစွာ အောင်မြင်လျက်ရှိသော တပည့်ကြီးအား ဆရာကြီးနှင့် ဆရာမ တို့သည် မြန်မာပြည်မှနေ၍ အဆက်မပြတ် အကူအညီပေးခဲ့ပေသည်။

၁၉၇၁ ခု၊ ဇန်နဝါရီလ ၁၆ ရက်တွင် ဆရာကြီးကိုယ်တိုင် ဦးဂိုအင်ကာထံသို့ အားပေးစကား ရေးလိုက်သေးသည်။ ထိုအချိန်အခါတွင် ဦးဂိုအင်ကာသည် ဗုဒ္ဓဂယာ၌ အမေရိကန်နှင့် ဥရောပတိုက်သားများ၊ တိဘက်လားမား ဘုန်းတော်ကြီးများ အပါအဝင် တရားသမား အများအပြား တရားပြပေးနေစဉ်ဖြစ်သည်။ စေတီမှ မိတ်ဆွေအပေါင်းလည်း ဤသတင်းကြားသိရ၍ များစွာနှစ်ထောင်းအားရရှိနေကြသည်။ ထိုစာတွင် ဆရာကြီးက အထူးမေတ္တာပို့လျက်ရှိကြောင်း၊ ဦးဂိုအင်ကာ တရားတပတ်ပြသနေစဉ် မိဘနှစ်ဦးအတွက် ပူပင်မှုမဖြစ်စေရန် ဆရာကြီးတို့က အထူးအာရုံပြုလျက်ရှိကြောင်းနှင့် ဆရာကြီးနှင့်ဆရာမတို့သည် အိန္ဒိယ ပြည်သူပြည်သား များနှင့်တကွ နိုင်ငံခြားသားများအား တရားပြသပေးမှု ဆက်လက်အောင်မြင်စေရန် အစဉ်မေတ္တာများ ချီးမြှင့်နေကြောင်း ယုံကြည်စိတ်ချစွာ ရှိပါလေဟု အားပေးစကား ပြောကြားရေးလိုက်သည်။ သာသနာကို စောင့်ရှောက်လျက်ရှိသော နတ်ဗြဟ္မာများထံမှ အကူအညီလိုပါလျှင် တောင်းခံရန် မမေ့ဘိုလဲ သတိပေးစကား ပြောကြားလိုက်သေးသည်။

စာ၏ နောက်ဆက်တွဲအဖြစ် "ဒို့လဲကျမ်းမာရေးကောင်းနေပါသည်။"

ပုံ–ဘခင်

(၁၆-၁-၇၁)

ဟု ရေးသားထားချက်ကလေးကို ဖတ်မိတိုင်းစိတ်ထိခိုက်ရပါသည်။ အကြောင်းမူ ထိုစာရေးပြီးနောက် ၃ ရက်အကြာတွင် ဤသာသနာ့ပြုလုပ်ငန်းကြီး၏ ဗဟို မဏ္ဍိုင်ဖြစ်သော ဆရာကြီးသည် မမျှော်လင့်ဘဲ ရုတ်တရက် ယိုင်လဲပြိုကွဲသွား သောကြောင့် ဖြစ်ပေသည်။

ဆရာကြီး၏ လက်ရုံးတပည့်ကြီးဖြစ်သော ဦးဂိုအင်ကာသည် ဆရာကြီး လိုအင်ဆန္ဒ ပြင်းပြသည့် သာသနာ့ပြုလုပ်ငန်းကြီးကို ဗောဓိမဏ္ဍိုင် အချက်အ ချာဌာန၊ ဗုဒ္ဓဂယာဒေသတွင် တရားပရိသတ် တရားကျော်အား တရားပြသ ပေးလျက် ဆောင်ရွက်နေစဉ်၊ ၎င်း၏ မှီခိုအားထားရာ ဖြစ်သော ဆရာကြီး မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်သွားကြောင်း အကြောင်းကြား ရမည့် ကိစ္စမှာ ကြီးလေးသော ပြဿနာတရပ် ဖြစ်လာခဲ့သည်။ ဦးဂိုအင်ကာ ကဲ့သို့ ပုဂ္ဂိုလ်ကြီးအား ဆရာကြီး ကွယ်လွန် အနိစ္စ ရောက်သွား ကြောင်း အသိမပေး၍ မဖြစ်ပေ။ လွန်စွာ ကြီးမားသော လုပ်ငန်း ကြီးကို ထမ်း ဆောင်နေစဉ်၊ ဤသတင်းကို ပေးပို့ လိုက်ခြင်းကြောင့် လုပ်ငန်း ထိခိုက် သွားလေမလား ဟူ၍လည်း စိုးရိမ်ပူပန်ကြရသည်။ နောက်ဆုံးတွင် တရားပြည့် ဝပြီးသူ၊ တရားနှင့် မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်သူ ဖြစ်ကြောင်း ကောင်းစွာ ယုံကြည်၍ ဦးဂိုအင်ကာကို အကြောင်းကြားလိုက်ကြရသည်။ ယုံကြည်စိတ်ချ ရသည့်အတိုင်းပင်၊ ဦးဂိုအင်ကာထံမှ ပြန်ရောက်လာသည့် ကြေးနန်းစာမှာ တရားသံဝေ အပြည့်ပါလာတော့သည်။

"မိခင်ဆရာမ—"

ရန်ကုန်—

အနိစ္စဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊ ဥပဇ္ဇိတွာနိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ မိခင်ကြီး၏ ကောင်းချီးမေတ္တာဖြင့် တရားဆက်လက်ပြလျက်ရှိပါ သည်။ ကြံ့ကြံ့ခိုင်၍ သတ္တိမွေးကြပါလေ။ ဆရာကြီးသည် တရားအရာ၌ ကျွန်ုပ်တို့နှင့် အတူတကွပင် ရှိနေပါသည်။

ဆတ္တရာ၊ နာရယံ၊ ဂိုအင်ကာ။

ဟု မြန်မာပြည်မှ မိတ်ဆွေအပေါင်းတို့ကိုပင် ဦးဂိုအင်ကာက ကြေးနန်းဖြင့် ပြန်လည် နှစ်သိမ့်စကားပြောကြားရင်း တရားပြသလိုက်ပေသေးသည်။ ဤမျှပင် ဗုဒ္ဓတရားတော်၌ ရင့်ကျက်နေသော ပါရမီရှင်ကြီးပင် ဖြစ်ပေတော့သည်။

ဆရာကြီး ကွယ်လွန် အနိစ္စရောက်ကြောင်း သတင်းရရှိချိန်တွင် ဦးဂို အင်ကာသည် ၂၇-ကြိမ်မြောက် ၁၀-ရက် တရားပါတ်ကို ဗုဒ္ဓဂယာတွင် ပြသ လျက်ရှိသည်။ ၎င်းတရားပါတ်ကို စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ပြီးမြောက်အောင်

မြင်စွာ ဆောင်ရွက်ခဲ့ပေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာအား အမွန်မြတ်ဆုံး ပူဇော်ရန်နှင့် ၎င်း၏ ဆရာကြီးအား ရည်မှန်းကန်တော့ရန်၊ ဗုဒ္ဓဂါယာ ဗောဓိ ညောင်ပင် အရိပ်အာဝါသ၌ ကိုယ်တိုင် တရားတပတ် ဆောက်တည်အားထုတ် လေသည်။ ၁၀ ရက်ကြာ ဝိပဿနာ ကမ္မဋ္ဌာန်း တရားခွင်မှ ထွက်သောအခါ၊ ဦးဂိုအင်ကာသည် ဗောဓိရှေ့ပြင်တွင် ထေရဝါဒသံဃာတော်ပေါင်း ၁၅၀ ကျော်ကို ဆွမ်းဆက်ကပ်၍ ဒါတဗ္ဗဝတ္ထုလှူဘွယ် ပစ္စည်းစုတို့ဖြင့် လှူဒါန်း ပူဇော်ပြန် သည်။ ဗုဒ္ဓဂါယာတပိုက်ရှိ အိန္ဒိယ၊ ဘီဟိုင်း၊ ထိုင်း၊ ကမ္ဘောဇ စသည့် နိုင်ငံ သား သံဃာတော်များနှင့် အိန္ဒိယတဝှမ်း သီတင်းသုံးနေတော် မူကြသော မြန်မာ ဗုဒ္ဓဘာသာသံဃာတော် အရှင်မြတ်အားလုံး ကြွရောက်၍ ဦးဂိုအင်ကာ ၏ အလှူဒါနကို လက်ခံချီးမြှင့်တော်မူကြသည်။ ပူသမျှကောင်းမှုတို့၏ ကုသိုလ် အကျိုးကို၊ ဗောဓိညောင်ပင်ခြေရင်း၌ ရေစက်သွန်းလောင်း၍ ကွယ်လွန်သွား သူ မိမိဆရာကြီး အား ဦးဂိုအင်ကာသည် ကြည်ညိုသဒ္ဓါစိတ် ပြင်းပြစွာဖြင့် အမျှပေးဝေရင်း နောက်ဆုံးပူဇော်မှုကို ပြုခဲ့ပေသည်။ ဦးဂိုအင်ကာ၏ ကုသိုလ် ကောင်းမှုသတင်းများကို မြန်မာပြည်မှ ကြားသိရသော ဓမ္မမိတ်ဆွေအပေါင်း လည်း သာဓု၊ သာဓု၊ သာဓုဟု ကြည်နူးရွှင်လန်းစွာဖြင့် အနုမောဒနာပြုကြ ရပေသည်။

× × ×

## "ဝိပဿနာတရားသတင်းစာ"

ဦးဂိုအင်ကာ၏ တရားလုပ်ငန်းများနှင့် ပတ်သက်၍ အိန္ဒိယပြည် ကာလ ကတ္တားမြို့မှ ထုတ်ဝေ လျက် ရှိ သည့် "မဟာဗောဓိဂျာနယ်" လစဉ်ထုတ်စာ စောင် ၁၉၇၁ ခု၊ ဩဂုတ်လထုတ်တွင် ဖော်ပြပါရှိသည်မှာ—

"ကျွန်ုပ်တို့ ဝမ်းမြောက် ဝမ်းသာ မှတ်တမ်း တင်လိုသည်မှာ၊ အိန္ဒိယ ပြည်၌ ယခုအခါ ဝိပဿနာ ဘာဝနာတရား ပွားများ အားထုတ်လိုသူ များ ပြား လာသည်နှင့်အမျှ တရား အားထုတ်ခြင်းကို ပို၍ လူသိရှင်ကြား ဖြစ်လာ ရကြောင်း၊ မြန်မာနိုင်ငံမှ တရားနည်းပြ ကမ္မဋ္ဌာနာစရိယ ဆရာကြီး ဦးဘခင်၏ တပည့်တဦးဖြစ်သူ ရှရီ အက်စ် အင်န် ဂိုအင်ကာသည် လွန်ခဲ့သော ၂ နှစ်တာ ကာလပတ်လုံး အိန္ဒိယပြည် တပြည်လုံး အနှံ့ အမြို့မြို့တို့၌ တရား ၁၀-ရက် တပတ် တရားဌာနများကို အဆက်မပြတ် ဖွင့်လှစ် ပြသနိုင်ခဲ့ကြောင်း၊ ယင်း ကဲ့သို့ ရှင်လူအများ စိတ်ပါဝင်စားမှု ရှိလာသည်နှင့်အညီ စိတ်ပါဝင်စားသူတို့ အထူးသဖြင့် တရား အားထုတ်ပြီး သူတို့ ဘတ်စရာ၊ မှတ်စရာများ ရရှိစေရန် ရည်သန်ကာ ဦးဂိုအင်ကာသည် ဘုံဘေမြို့မှနေ၍ "ဝိပဿနာ" ဟု အမည်

တွင်ခေါ်သော **တရားသတင်းစာ** တစောင် အသစ်ကို ဟင်ဒီဘာသာ၊ ရာဂျစတန်နီ ဘာသာ၊ နှစ်ဘာသာဖြင့် ထုတ်ဝေ ဖြန့်ချီလျက် ရှိပါကြောင်း”

အထက်ဖော်ပြပါ တရား သတင်းစာကို လပြည့်နေ့တိုင်း ထုတ်ဝေလျက် ရှိပါသည်။ ၁၃၃၃၊ ဒု-ဝါဆိုလပြည့်နေ့၊ (၇-၇-၇၁) နေ့မှ စတင်ထုတ်ဝေခဲ့ရာ၊ ပထမ (၆) စောင်ကို မိတ္တူကူး စက်ဖြင့်သာ ရောင့်ရဲခဲ့ကြရသည်။ အမှတ်စဉ်(၇) (၃၁-၁၂-၇၁)၊ ပြာသိုလပြည့် စာစောင်မှစ၍မူ ပုံနှိပ်ဖြန့်ချိ နိုင်ခဲ့ကြပေသည်။ အဆိုပါ အမှတ်စဉ် (၇) စာစောင်ကို ကျေးဇူးရှင် ဆရာကြီး ဦးဘခင် ကွယ်လွန်သည့် တနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခြင်းဖြစ်၍ ဆရာကြီး ၏ ထူးခြားသည့် ဂုဏ်ပုဒ်များကို ဖော်ကျူး ရေးသားခဲ့ပေသည်။

ထို တနှစ်ပြည့်မြောက်နေ့တွင် ဦးဂိုအင်ကာသည် ဗုဒ္ဓဂယာ၌ မိမိကိုယ်တိုင် ၉-ရက်နေ့မှ (၁၉-၁-၇၂) နေ့ထိ တရားတပတ် အားထုတ်ခဲ့ပြီး၊ ဆရာတော် သံဃာတော်များကို ပင့်ဘိတ်ကာ၊ အလှူဒါနပြု၍ အမျှအတန်း ဝေငှခဲ့ပါသည်။ နှစ်စဉ် နှစ်တိုင်းလည်း ဇန်နဝါရီလ ၁၉-ရက်နေ့တွင် ဓမ္မရောင်ခြည် စေတီရိပ်သာမှာကဲ့သို့ပင်၊ အိန္ဒိယပြည်၌ ဦးဂိုအင်ကာက ဆရာကြီးပူဇော်ပွဲကို ပြုလုပ်လျက်ရှိပါသည်။

× × ×

**“ ဆရာကြီးဦးဘခင် အထိမ်းအမှတ် ရံပုံငွေ ”**

**SAYAJI U BA KHIN MEMORIAL TRUST**

**OFFICE: SYLVESTER BUILDING'**

**20, OLD CUSTOM HOUSE RD,**

**BOMBAY.**

ဆရာကြီး ကွယ်လွန်သွားပြီးနောက်၊ လပိုင်း အတွင်းမှာပင် ဆရာကြီး၏ ကမ္ဘာအရပ်ရပ်၌ ရှိကြသော တပည့်များက ဆရာကြီး၏ ကမ္ဘာ့သာသနာပြုလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းလုပ်ကိုင်ရန်အလို့ငှာ ဘုံဘေမြို့တွင် “ဆရာကြီး ဦးဘခင် အထိမ်းအမှတ်ရံပုံငွေ” ခေါင်းစဉ်ဖြင့် သာသနာပြု ရံပုံငွေစာရင်းတခုကို ဖွင့်လှစ်ခဲ့ကြပေသည်။ ဆရာကြီး၏ ထာဝရ အထိမ်းအမှတ် ဖြစ်သော ဤရံပုံငွေစာရင်းကို အိန္ဒိယပြည်မှ တပည့်ကြီးများက ဆရာကြီးအား အစဉ်အမြဲ ဂုဏ်ပြုသည့်အနေဖြင့် ကမကထပြုလုပ်ဆောင်ရွက်ခဲ့ကြပေသည်။

တပည့်ကြီးများဖြစ်သော(၁)ရှရီဆတ္တနာရာယံဂိုအင်ကာ။ (၂)ရှရီမင်္ဂလာချန်အဒုကီယား။ (၃)ရှရီဆဆံလာလ်ဂျာတီယာတို့က မတည်ငွေများစတင်ထည့်ဝင်၍(၁)ရှရီရှရီရမ်တပါရီးယား။(၂)ရှရီဒယာနန်အဒုကီယား။ (၃)ရှရီ

ရာဒေရှမ်ဂိုအင်ကာတို့က ဂေါပကလူကြီးများအဖြစ် ထိန်းသိမ်း စောင့်ရှောက်ကြမည်ဖြစ်သော ဤဆရာကြီးဦးဘခင် အထိမ်းအမှတ် ရံပုံငွေကို ၁၉၇၁ ခု၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဘုံဘေမြို့ တရားရုံးတော်ချုပ်တွင် မှတ်ပုံတင်စာချုပ်ပြုလုပ်ခဲ့ကြပေသည်။

ရံပုံငွေဖွင့်လှစ်ထူထောင်ရသော အကြောင်းရပ်များအဖြစ် စာချုပ်၏နိဒါန်းတွင် ဆရာကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ပုဒ်များကို အပြည့်အစုံချီးကျူးဖော်ပြပြီးနောက် ဆရာကြီးသည် ကမ္ဘာသူ ကမ္ဘာသားတို့၏ လောက၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် သူ တည်ထွင် ကြံဆ ခဲ့သော၊ ထိရောက်လှသော နည်းလမ်းများဖြင့် ဗုဒ္ဓဓမ္မကို လက်တွေ့သင်ကြားကာ၊ သာသနာပြုခဲ့ကြောင်း၊ မြန်မာပြည်တွင် အိန္ဒိယ အမျိုးသား အမြောက်အမြားသည် ဆရာကြီ ထံတွင် ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့ကြကြောင်း၊ အိန္ဒိယပြည်နှင့် ကမ္ဘာတဝှမ်းရှိ၊ သူ၏ တပည့်များက ဆရာကြီး၏ မွန်မြတ်လှသော သာသနာပြုလုပ်ငန်းကို သူ၏ နည်းလမ်းအစဉ်အလာများအတိုင်း ဆက်လက်ထိန်းသိမ်း၊ တိုးချဲ့ပြန့်ပွားရန် ဆန္ဒရှိကြကြောင်း၊ ဆရာကြီး၏ ကျေးဇူး ကြွေးမြီများကို ပြန်လည်ဆပ်သည့်အနေဖြင့် ထာဝရ အထိမ်း အမှတ် ဤရံပုံငွေကိုတည်ထောင်ဖွင့်လှစ်ကြောင်း၊ ဖော်ပြထားပေသည်။

ရံပုံငွေဆိုင်ရာ လုပ်ငန်းစဉ်များမှာ (က) ဆရာကြီး၏ နည်းလမ်း အတိုင်း ဝိပဿနာကမ္မဋ္ဌာန်းပြသပေးရန်။ (ခ) တရားပြဋ္ဌာနများ၊ ရိပ်သာများ၊ ကျောင်းများ၊ စာကြည့်တိုက်များ ဖွင့်လှစ်ရန်။ (ဂ) ဝိပဿနာကမ္မဋ္ဌာန်းလုပ်ငန်းများကို သိပ္ပံနည်းများဖြင့် ရှင်းပြနိုင်ရန်။သုတေသနဌာနငယ်များ ဖွင့်လှစ်၍ သိပ္ပံသုတေသနများပြုလုပ်ရန်။ (ဃ) တရား ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်၍ ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းအားတိုးချဲ့စည်ပင်စေရန်။ (င) ဝိပဿနာတရားဆိုင်ရာ စာအုပ်၊ စာတမ်း၊ မဂ္ဂဇင်း၊ သတင်းစဉ်များ ထုတ်ဝေဖြန့်ချီရန် စသည်တို့ဖြစ်ပေသည်။

အတိုချုပ်အားဖြင့် ဤရံပုံငွေ၏ ရည်ရွယ်ချက်မှာ "ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်သော နည်းလမ်းပြသပေးခြင်းဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဘာသာစကားမရွေး၊ တိုင်းပြည်မခွဲခြား၊ ယောကျ်ား၊ မိန်းမ မခွဲ ခြားဘဲ၊ ကမ္ဘာသူ ကမ္ဘာသား၊ လူသားအားလုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ လူသားတို့၌ ကပ်တွယ်နေသော စိတ်အညစ် အကြေး များသည် တကိုယ်ကောင်း စိတ်ထားမှု၊ သဘောထားသေးသိမ်မှု၊ သားဝ၊ မယားဝ၊ ဆွေမျိုးဝစိတ်ထားမှု၊ ကောက်ကျစ်စဉ်းလဲမှု၊ ရက်စက် ကြမ်းကြုတ်မှု၊ စိုးရိမ်ထိတ်လန့်မှု၊ အတ္တလွန်ကဲမှု စသော အလားတူ ယုတ်နိမ့်သော စိတ်သဘောထားများကို ဖြစ်ပေါ်စေသည်။ ထွန်းကားစေသည်။ စည်ပင်ပြန့်ပွားစေသည်။

ဤစိတ်အညစ်အကြေးများကို လူသားတို့၏ သဏ္ဍာန်မှ ဝိပဿနာလုပ်ငန်းဖြင့် ဆေးကြော၊ သန့်စင်ပစ်လိုက်သောအခါ၌၊ လူသည် သဘာဝနိယာမများအတိုင်း စိတ်သဘောဖြူစင်လာသည်။ သဒ္ဓါတရား ထက်မြက်လာသည်။ ပေးကမ်းစွန့်ကြဲလိုသောဆန္ဒ ပွားလာသည်။ သဘောထားကြီးလာသည်။ တည်ကြည်ဖြောင့်မတ်၍ သည်းခံစိတ် ထားတတ်လာသည်။ မေတ္တာ၊ ကရုဏာအရှင်ဖြစ်လာသည်။ ထို့ကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်း နည်းလမ်း ပြသပေးခြင်းသည် လူသားတို့၏ လောက အကျိုးစီးပွားကိုဆောင်ခြင်း ပင်ဖြစ်ပေသည်။

ဆရာကြီးအား ပွဲဦးထွက် ဂုဏ်ပြုသောအနေဖြင့် ဆရာကြီး ဦးဘခင် အထိမ်းအမှတ် ရံပုံငွေ ထိန်းသိမ်းရေးအဖွဲ့က၊ မဟာဗောဓိ စေတီတော် အုပ်ချုပ်ရေးသို့ အောက်ပါ ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ရန် မေတ္တာရပ်ခံခဲ့လေသည်။

(၁) ဗုဒ္ဓဂါယာစေတီတော်ကို ရွှေပိမ်းချခွင့်ပြုရန်။
(၂) ယင်းစေတီတော်၏ ထီးတော်၌ မာကြူရီမီးလုံး ထွန်းညှိပူဇော်ခွင့်ပြုရန်။
(၃) ထီးတော်သို့တက်ရောက်နိုင်ရန် လှေခါးတစင်းကို မြင်ကွင်းမထိခိုက်စေဘဲ တတ်ဆင်ခွင့်ပြုရန်။

မေတ္တာရပ်ခံခဲ့သည့်အတိုင်း မဟာဗောဓိစေတီတော်အုပ်ချုပ်ရေးအဖွဲ့က၊ လိုက်လျောခွင့် ပြုခဲ့ပါသည်။

× × ×

## မဟာဗောဓိဂျာနယ်၊ ဆရာကြီးဦးဘခင် အထိမ်းအမှတ် အထူး ထုတ်စာစောင်။

အိန္ဒိယပြည်မှ မဟာဗောဓိအသင်းကြီးသည် ဆရာကြီး၏ ဓမ္မဒူတလုပ်ငန်းများကို အမြဲတစေ အားပေးခဲ့သည်။ ချီးကျူးခဲ့သည်။ ၁၉၆၆-၆၇ နှစ်များတွင် ဆရာကြီးကိုယ်တိုင် အိန္ဒိယပြည်နှင့် သီရိလင်္ကာနိုင်ငံများသို့ကြွရောက်၍ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများ ပြသပေးရန်၊ ယင်းအသင်းကြီးက ဘိတ်မန္တက ပြုခဲ့လေသည်။ ကွယ်လွန်သွားသောအချိန်ကလည်း မဟာဗောဓိအသင်းကြီး၏ လစဉ်ထုတ်ဂျာနယ်တွင် ဆရာကြီး၏ ဂုဏ်ပုဒ်များကိုဖော်ထုတ်၍ ဝမ်းနည်းကြောင်း သတင်းဆောင်းပါး ရေးသားခဲ့ပေသည်။

ယင်း သတင်းဆောင်းပါး တစောင်မျှဖြင့် ဂုဏ်ပြုရသည်ကို ကျေနပ်၊ နှစ်သိမ့်ခြင်း မရှိသေးသဖြင့်၊ မဟာဗောဓိဂျာနယ်၏ အမှုဆောင်အယ်ဒီတာဖြစ်

---
¹ International F No 50

သော ဆရာတော် အရှင်ဇိနရတန၁၊ (အမ်အေ) သည် ဆရာကြီး ဦးဘခင်၏ အထိမ်းအမှတ်အဖြစ်ဖြင့် မိမိတို့၏ မဟာဗောဓိဂျာနယ် စာစောင်တလတွက်ကို အထူးထုတ်ဝေပေးမည်ဖြစ်ကြောင်း၊အင်းယားမြိုင်ဝိပဿနာအဖွဲ့သို့ အကြောင်း ကြားလာသည်။ ဆောင်းပါးများကို တောင်းခံလာသည်။ ထို့ကြောင့် ဦးချစ် တင်က၊ ကမကထပြုလုပ်၍ မြန်မာပြည်နှင့်တကွ၊ နိုင်ငံအသီးသီးရှိ ဆရာကြီး၏ တပည့်များထံမှ ဆောင်းပါးများကိုစုဆောင်း၍ မဟာဗောဓိဂျာနယ် အယ်ဒီ တာထံ ပို့ပေးခဲ့သည်။

မျက်နှာဖုံးကို ဆရာကြီး၏ တည်ငြိမ်သော ရုပ်ပုံဖော် တကြောင်းဆွဲ ပန်းချီဖြင့် တန်ဆာဆင်ထားသော ဆရာကြီး ဦးဘခင် အထိမ်းအမှတ်၊ မဟာ ဗောဓိဂျာနယ် အထူးထုတ်စာစောင်သည် ၁၉၇၂ ခု၊ ဧပြီလဘွင် ခန့်ညားစွာ ထွက်ပေါ်ခဲ့ပေသည်။ စာစောင် ၃၀၀၀-ရိုက်နှိပ် ထုတ်ဝေခဲ့သည့် အနက်၊ စာစောင် ၁၀၀-သာလျှင် မြန်မာပြည်သို့ ရောက်လာခဲ့သည်။

ရန်ကုန်သား မိတ်ဆွေတဦးသည် အမေရိကန်ပြည်၊ ဝါရှင်တန်မြို့သို့ ရောက်မှ အင်းယားမြိုင် စေတီရိပ်သာနှင့် ဆရာကြီး ဦးဘခင် အကြောင်းကို၊ နီဂရိုး ခရစ်ယန်ဘုန်းကြီး ဒေါက်တာရိုက်က ပြောပြ၍သိရှိရခဲ့ကြောင်း နိဒါန်း တွင် ဖော်ပြခဲ့ပါသည်။ ထိုနည်းအတူ ရန်ကုန်မှ ကျွန်တော်၏ယယ်သူငယ်ချင်း တဦးသည်လည်း ၁၉၇၉ ခုနှစ်တွင်မှ အထက် ဖော်ပြပါ မဟာဗောဓိ အထူး ထုတ် စာစောင်ကို တွေ့ရှိဘတ် ရှု ရ ပြီး၊ ဆရာကြီး အကြောင်းများနှင့် ဦးကို အင်ကာ၏ အောင်မြင်နေသော သာသနာပြုလုပ်ငန်းများအကြောင်းကို တအံ့ တသြ၊ ကျွန်တော့်အား ပြောပြခဲ့ပါသည်။ သူ ချီးကျူးနေသော ပုဂ္ဂိုလ်ကြီး နှစ်ဦးနှင့် ကျွန်တော် မည်မျှ နီးစပ်စွာ ဆက်သွယ်ဆောင်ရွက်ခဲ့သည်ကို သူမသိ ၍သာ မသိရှာသည်။ ကျွန်တော် အင်းယားမြိုင်ရိပ်သာသို့ တရားပတ်ဝင်ရန်၊ ရန်ကုန် ရောက်တိုင်းလိုပင် သူ၏အိမ်၌ အကြိမ်များစွာ တည်းခို နေထိုင် ခဲ့ပါ သည်။ ကျွန်တော်၏ ကမ္မဋ္ဌာန်းလုပ်ငန်းနှင့်ပတ်သက်၍ သူက မေးမြန်း စုံစမ်း ခြင်း မပြုခဲ့ပါ။ ကျွန်တော်ကလည်း သူမမေးသဖြင့် ပြောမပြခဲ့ပါ။ မိမိ၏ အလုပ်ကိစ္စကိုသာ သိသိပ်စွာပင် ဆောင်ရွက်ခဲ့ပါသည်။ ယခု ဤစာအုပ်ကို သူဖတ်ရသောအခါ၊မဟာဗောဓိဂျာနယ်ကို ဖတ်ရသည်ထက် ပိုမိုအံ့သြနေမည်ကို ကျွန်တော် မြင်ယောင်နေပါသည်။

× × ×

"ဆရာကြီး ဦးဘခင် အထိမ်းအမှတ်" မဟာဗောဓိဂျာနယ်အထူးထုတ် တွင် ဂျာနယ် ဘုတ်အဖွဲ့၊ နာယက ဆရာတော် ဒေါက်တာ ဓမ္မရတန၊(အမ်အေ၊ ဒီ ဖီးလ်) ကိုယ်တော်တိုင် ခေါင်းကြီးပိုင်းကို ရေးသား ဂုဏ်ပြုခဲ့ပါသည်။ ဦးဘ

ခင်၏ တပည့်ကြီး ဦးဂိုအင်ကာက၊ " ကျွန်ုပ်၏ဆရာ၊ ကျွန်ုပ်၏ ကျေးဇူးရှင် " ဆောင်းပါးကို ရေးသားပါသည်။ ဆရာကြီး ဦးဘခင် အထိမ်းအမှတ် ရုပ်ပုံငွေ ဂေါပကလူကြီးတဦးဖြစ်သူ ရှရီဒါယန်မင်္ဂလာချန်အဒူကီယားက၊ ရုပ်ပုံငွေ ဖွင့်လှစ်ရခြင်း အကြောင်း ရေးသား၍ ရုပ်ပုံငွေဆိုင်ရာ စာချုပ်ကို အပြည့်အစုံ ထည့်သွင်း ဖော်ပြပါသည်။

မြန်မာပြည်နှင့်တကွ၊ ကမ္ဘာ့အရပ်ရပ်မှ ဆရာကြီး၏ တပည့်များ၊ ဆရာကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ် အရည်အချင်းများကို ကောင်းစွာ လေ့လာ သိရှိခဲ့ကြသော ပညာရှင်ကြီးများကလည်း ဆောင်းပါး အသီးသီး ရေးသားခဲ့ကြသည်။ ယင်း ပုဂ္ဂိုလ်ကြီး များမှာ –

(၁) ဒေါက်တာ ကင်း၊ အမေရိကန်ပြည်။
(၂) မစ္စစ်ကင်း၊ ၎င်း၏ဇနီး၊ အမေရိကန်ပြည်။
(၃) မစ္စတာ ရောဘတ်ဟိုးဗား၊ အမေရိကန်ပြည်။
(၄) မစ္စတာ ဂျွန်ကိုးလ်မင်း အင်္ဂလန်။
(၅) ဒေါက်တာ အယ်လီဇဘက်၊ နေ့ာတင်ဂန်၊ အမေရိကန်ပြည်။
(၆) ဒေါက်တာ ဂျွန်စမစ်၊ ဟစ်စလော့ပ်၊ အမေရိကန်ပြည်။
(၇) မစ္စစ်အီး၊ အက်ဖ်၊ စတင်တန် (ယခင် မြန်မာနိုင်ငံ သံအမတ် ဟောင်း၏ ဇနီး)။
(၈) ဒေါ်မြစိန်၊ ရန်ကုန်တက္ကသိုလ်ကထိက (အငြိမ်းစား)။
(၉) ဦးလှမောင် (မစ္စတာကလုစမင်)၊ ကျောင်းဆရာကြီး (အငြိမ်း စား)။
(၁၀) ဦးကိုလေး၊ (ဇေယျာမောင်)။
(၁၁) ဦးချစ်တင်၊ (ခေတ်စမ်းမောင်၊ ရွှေမှိုင်-ကျော်ထင်)။
(၁၂) ဒေါက်တာအုံး၊ ပရကတ်(ရှ)။
(၁၃) ဒေါက်တာ ဦးရေဝတဓမ္မ၊ အမ် အေ၊ ပီအိပ်ချ်ဒီ။
(၁၄) အရှင်အနာဂါရိက၊ မုနိန္ဒရ၊ ဗုဒ္ဓဂါယာ။

နှင့် အိန္ဒိယပြည်မှ မစ္စတာ ဂိုအင်ကာ၏တပည့်များဖြစ်ကြပါသည်။

အထက်ပါ ပညာရှင်တို့၏ ဆောင်းပါးများ အနက်မှ အောက်ပါ ကောက်နှုတ်ချက်များကို တင်ပြလိုပါသည်။

အနာဂါရိက၊ မုနိန္ဒရ၊ ဗုဒ္ဓဂါယာ။

အနာဂါရိက၊ မုနိန္ဒရသည် ဗုဒ္ဓဂါယာတွင် ထင်ရှားကျော်ကြားသော ကမ္မဋ္ဌာနာစရိယတဦးဖြစ်ပေသည်။ ပရိယတ္တိ၌လည်း နံ့စပ်သည်။ မြန်မာပြည်သို့ ရောက်ခဲ့စဉ်ကပင် ဦးဂိုအင်ကာနှင့် သိကျွမ်းခဲ့ကြသည်။ အိန္ဒိယပြည်၌ ဦးဂိုအင်

ကာ တရားစတင်ပြသသည့်အခါ၊ များစွာအကူအညီပေးခဲ့သည်။ ဗုဒ္ဓဂါယာ၌ ဦးဂိုအင်ကာ တရားပတ်ပြတိုင်း၊ ဦးမုနိန္ဒရက၊ နေရာထိုင်ခင်း စီစဉ်ပေးခဲ့သည်။ ကိုယ်တိုင်လည်း ဝင်ရောက်တရား အားထုတ်ခဲ့သည်။ ၁၉၇၀ ခု၊ ဧပြီလတွင် ဗုဒ္ဓဂါယာ၌ဦးဂိုအင်ကာ ပထမဦးဆုံးအကြိမ် တရားပြသပေးပြီးနောက် ဦးမုနိန္ဒရက ဆရာကြီး ဦးဘခင်ထံ ချီးကျူးစာတစောင် ရေးခဲ့သည်။ ယင်းစာကို မဟာဗောဓိ အထူးထုတ်တွင် ဖော်ပြထားပါသည်။

ချစ်ကြည်လေးစားရသောဆရာကြီး ။

အထူးလေးစားစွာဖြင့်၊ မေတ္တာထား၍ စာရေးသားလိုက်ပါသည်။

ကျွန်ုပ်တို့၏ အထွဋ်အမြတ်ဆုံးဌာန၊ ဗုဒ္ဓဂါယာ၌၊ ဧပြီလ ၉ ရက်နေ့မှစ၍ တရားတပတ်စီစဉ်ခဲ့နိုင်သည့် သတင်းကိုကြားရ၍ ဝမ်းမြောက်နေပေလိမ့်မည်။ ယင်းတရားပတ်၌ ကျွန်ုပ်၏ ဓမ္မမိတ်ဆွေ ကလျာဏ မိတ် ဆွေ လည်းဖြစ်၍ ဆရာကြီးအထူးအားထားရသည့် ထူးချွန်လှသည့် တပည့်ကြီး၊ သာသနာတော်၌ ကြည်ညိုထက်သန်၊ သဒ္ဓါမှန်သည့် တပည့်ကြီးလည်းဖြစ်သည့် ရှရီဆတ္တရာ၊ နာရယန်ဂိုအင်ကာဂျီက တရားပြသပေးခဲ့ပါသည်။ တရားပတ်ကို ကြိုတင်စီစဉ်ခြင်းမရှိဘဲ၊ ရုတ်တရက်လုပ်ဖြစ်သွားခဲ့ကြပါသည်။ တရားသားယောဂီ ၂၅ ဦးရှိ၍ နိုင်ငံပေါင်းစုံမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ၆ ပါး ပါဝင်ခဲ့ပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း တရားပတ်ဝင်၍ အားထုတ်ခဲ့ရာ ဝိပဿနာကမ္မဋ္ဌာန်းတရား၏ အကျိုးကျေးဇူးများခံစားရရှိခဲ့ပါသည်။

ဆရာကြီး၏ တရားလုပ်ငန်း နည်းလမ်းမှာ အချိန်တိုတိုနှင့် ဉာဏ်အမြင်ပွင့်လင်း ကျယ်ပြန့်စေသောကြောင့် ထိရောက်လှပါသည်။ အံ့သြဘွယ်ကောင်းလှပါသည်။ ဘဝပါရမီ လုံလောက်၍ အမှန်တကယ် ကြိုးပမ်း အားထုတ်သည့် ယောဂီသည် ဤနည်းလမ်းဖြင့် သမာဓိကို ကောင်းစွာထူထောင်ပြီးသည့်နောက် မိမိ၏ခန္ဓာကိုယ်တွင်းရှိ ရုပ်ကလပ်ကလေးများ၏ အမူအရာ၊ သဘောလက္ခဏာများကို လျင်မြန်စွာပင် ထိုးထွင်းမြင်နိုင်လာသည်။ ထိတွေ့သိရှိနိုင်လာသည်။ နားလည်နိုင်လာပါသည်။ မဟာဘူတ ရုပ်လေးပါးတို့ အမြဲ မပြတ် ချုပ်ဆုံး ကွယ်ပျောက်သည့် အနိစ္စသဘောတရား၊ ခန္ဓာကိုယ်၏ ပင်ကိုယ်သဘာဝ အစစ်အမှန်များကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိမြင်ရသည်မှာ ထူးခြားလှပါသည်။ ညအိပ်ချိန်၌ပင် ကိုယ်တွင်းသို့ အာရုံစိုက်လိုက်ရုံမျှဖြင့် ရုပ်ခန္ဓာကြီး ပြောင်လဲဖေါက်ပြန်နေသော အနိစ္စကိုသိ၍ နေပါသည်။ သတိနှင့် သမာဓိကို နက်ရှိုင်းစွာ ထားလိုက်သည့် ဈာန်၌ ခန္ဓာကိုယ်တခုလုံး အနုံ့ ရေဘူဘောင်းကလေးများသဖွယ် ဖြစ်ပေါ်လိုက်၊ ပျောက်ကွယ်လိုက်ဖြစ်နေသည်ကို ကိုယ်တိုင်ထိတွေ့၊ သိမြင်နေခဲ့ပါသည်။

ဤတရားပတ် ၁၀ ရက်အတွင်း ကျွန်ုပ်၏ ဓမ္မမိတ်ဆွေရှဂိုရီအင်ကာသည် ညနေတိုင်းယောဂီအားလုံးအားတရားဓမ္မဟောပြပါသည်။ဟောပြောချက်အားလုံးမှာဗုဒ္ဓဓမ္မကိုနည်းမျိုးစုံဖြင့် ရှင်းလင်းတင်ပြခြင်းဖြစ်၍၊လုပ်ငန်းစဉ်နှင့် သက်ဆိုင်ပါသည်။ အချက်ကျပိုင်နိုင်၍ သဘောအဓိပ္ပာယ် မှန်ကန်ပါသည်။ မြတ်စွာဘုရား၏ ဒေသနာတော်များနှင့် လွန်စွာ ကိုက်ညီပါသည်။ ရှရိဂိုအင်ကာ ဟောကြားသော တရားများသည် စိတ်ကို ထက်သန်တက်ကြွစေပါသည်။ မွန်မြတ်သော စိတ်ထားများ ဖြင့်ပေါ်စေပါသည်။ မြန်မာပြည်မှ ပြန်လာကတည်းက၊ ဤမျှ ကောင်းမွန်သော တရားဒေသနာမျိုး၊ အိန္ဒိယပြည်တွင် ဘယ်မှာမျှ ကြားနာခွင့် မကြုံခဲ့ရပါ။ ကျွန်ုပ်၏ မိတ်ဆွေကြီးသည် ဤမျှတရားဓမ္မများကို သိရှိနားလည်လိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။ ကျွန်ုပ်သည် တရားတပတ်ဝင်ခဲ့မိသည့်အတွက် လွန်စွာ ကြည်နူးနှစ်သိမ့်နေပါသည်။ ကံကောင်းလေစွဟုအောင်းမေ့နေမိပါသည်။

မြန်မာပြည်၌ ၁၉၅၇ မှ ၁၉၆၆ နှစ်ထိ (၉) နှစ်ကြာမျှ နေထိုင်၍ ပရိယတ္တိ၊ ပဋိပတ္တိစွယ်စုံ ဆည်းပူးခဲ့စဉ်က ကျွန်ုပ်သည် ပိဋကတ္တပါရဂူ၊ ဗုဒ္ဓစာပေ တဖက်ကမ်းခတ် တတ်ကျွမ်းကြသည့် ဆရာတော်ကြီးများထံ၌ ပိဋကတ်သုံးပုံ အလုံးစုံနှင့်တကွ၊ အဋ္ဌကထာ၊ ဋီကာမကျန်၊ သင်အံလေ့လာခဲ့ပါသည်။ တဖန် ထင်ရှားကျော်ကြားသည့် ကမ္မဋ္ဌာနစရိယများထံ၌လည်း ကမ္မဋ္ဌာန်းတရားများကို အမှန်တကယ် လိုလိုချင်ချင်၊ စိတ်ထက်သန်စွာဖြင့်၊ အပတ်တကုတ်၊ ကြိုးပမ်း အားထုတ်ခဲ့ပါသည်။ များစွာ ကျေးဇူးဖြစ်ထွန်းခဲ့၍ အမြင်သစ်၊ စိတ်သစ် ရရှိသော လူသစ်ဘဝသို့ ရောက်ခဲ့ပါသည်။

မြန်မာပြည်မှ မထွက်ခွာမီ၊ နောက်ဆုံးအချိန်ပိုင်းများတွင် ရန်ကုန်မြို့ရှိ မင်းကွန်း၊ စွန်းလွန်း၊ လယ်တီရိပ်သာ၊ ဟံသာဝတီ၊ ညာဏစာဂီ အစရှိသည့် ကမ္မဋ္ဌာန်းဌာနကြီးများ အားလုံးနီးပါးသို့ သွားရောက် လေ့လာရန် အခွင့်ကောင်း ယူခဲ့ပါသည်။ ယင်းဌာနကြီးများ၌ ဝိပဿနာ၊ သတိပဋ္ဌာန်းနည်းမျိုးစုံကို စာတွေ့၊ လက်တွေ့ ပြည့်စုံအောင် ဆည်းပူးခဲ့သဖြင့် အကျိုးဘူးများ ရရှိခဲ့ပါသည်။

အိန္ဒိယပြည်သည် ကျွန်ုပ်၏ မွေးရာဇာတိ (ဇန်မဘူမိ) ဖြစ်ခဲ့သည်မှန်သော်လည်း၊ ကျွန်ုပ်အတွက် တရားသိမြင်ခဲ့ရာ၊ မွေးဖွားခဲ့ရာ၊ (ဓမ္မဘူမိ)သည်ကား၊ မြန်မာပြည်သာလျှင် ဖြစ်ပါတော့သည်။ ရောက်လေရာအရပ်၌ လူ...င်း ရှင်တိုင်းက ကျွန်ုပ်အပေါ် စေတနာ၊ မေတ္တာ၊ ထားရှိ၍ ရက်ရောစွာ၊ ကြင်နာစွာ ပြုစုစောင့်ရှောက်လိုက်ကြပုံကို ဘယ်သောအခါမျှ ... ပျောက် နိုင်... မဟုတ်ပါ။ မြန်မာပြည်၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ရပုံများကို ...

သတိရလျက်၊ မြန်မာပြည်သူ ပြည်သားများအား ချစ်ကြည်လေးစား ကျေးဇူး တင်လျက် ရှိရပါသည်။ မြန်မာပြည်သူအပေါင်း ပျော်ရွှင်ချမ်းသာ ကြီးပွား တိုးတက်စေကြောင်း နေ့စဉ် ဆုတောင်း၍ မေတ္တာပို့သလျက် ရှိပါသည်။

ကျွန်ုပ် မြန်မာပြည်တွင် နေထိုင်ခဲ့စဉ်က ဆရာကြီး၏ တရားရိပ်သာသို့ မကြာခဏ ရောက်ရှိခဲ့ပါသည်။ ရိပ်သာပတ်ဝန်းကျင်သည် တည်ငြိမ်အေးချမ်း လှသဖြင့် လွန်စွာ ကြည်နူးနှစ်သက်ခဲ့ပါသည်။ ရိပ်သာ၌ ရက်အတန်ကြာနေထိုင် ၍ ဆရာကြီးထံမှ နည်းနာခံပြီး တရားကမ္မဋ္ဌာန်းအားထုတ်ရန် လွန်စွာ စိတ် အားထက်သန်ခဲ့ပါသည်။ ဆရာကြီးကလည်း ကျွန်ုပ်အား များစွာ ကြင်နာ ယုယခဲ့ပါသည်။ သို့ရာတွင် ထိုအချိန်က ဆရာကြီး၌ ဆင်ခြင်စရာအကြောင်း ရပ်များ ရှိနေ၍ ကျွန်ုပ်သည် ရိပ်သာ၌ မနေထိုင်နိုင်ခဲ့ပါ။ တရားအားမထုတ် နိုင်ခဲ့ပါ။ ကျွန်ုပ်၏ ပြင်းပြသော အာသာဆန္ဒ မပြည့်ဝခဲ့ပါ။ ဆရာကြီး၏ အခက်အခဲများကို ကျွန်ုပ် ကောင်းစွာ ပြည့်စုံစွာ နားလည်ခဲ့ပါသည်။ ဆရာ ကြီး၏ မေတ္တာစေတနာနှင့် ကျွန်ုပ်အပေါ် ချစ်ခင် ကြင်နာမှုများကို ကျွန်ုပ် အလေးအနက် တန်ဖိုးထားပါသည်။

အင်းယားမြိုင်ရိပ်သာတွင် နေထိုင်၍ ဆရာကြီးထံမှ မြင့်မြတ်သောတရား လမ်းညွှန်မှုကို ခံယူခါ၊ ကမ္မဋ္ဌာန်း အားထုတ်လိုခဲ့သော ကျွန်ုပ်၏ ပြင်းပြသော အာသာဆန္ဒမှာ ယခု ဆရာကြီး၏ တပည့်ရင်းကြီး ထံမှောက်၌ ပြည့်ဝလာပါ ပြီ။ ၁၀-ရက် တရားပတ်သည် ဧပြီလ ၁၉-ရက်နေ့က အောင်မြင်စွာ ပြီးဆုံး ခဲ့ပါပြီ။ အားလုံး ကြေနပ်နှစ်သိမ့်မှု ရရှိခဲ့ကြပါသည်။ မျှော်မှန်းသည်ထက် ပိုမို၍ အကျိုးထူး ရကြပါသည်။ ယခင်က နားမလည်၊ မသိရှိသောတရားများ သိရှိလာပါသည်။ ယောဂီအားလုံး ၁၀-ရက် တရားပတ်ဝင်၍ ကမ္မဋ္ဌာန်း အား ထုတ်ခဲ့ရသည့်အတွက် များစွာ ရွှင်လန်း ကြည်နူးနေကြပါသည်။

ကျွန်ုပ်သည် အိန္ဒိယပြည်သို့ ပြန်လည်ရောက်ရှိသည့်အချိန်မှစ၍ သာသ နာ့ အကျိုးအတွက် ကျွန်ုပ်ဘဝကို လုံးဝ မြှုပ်နှံထားခဲ့ပါသည်။ တရားဓမ္မ ဟောကြားခြင်း၊ လက်တွေ့ ကျင့်သုံးခြင်းဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင် လျက် ရှိပါသည်။ ဤ ၁၀ ရက် တရားပတ်သည် အသိဉာဏ်ပညာကို ပိုမို တိုး ပွား စေခဲ့သဖြင့် ကျွန်ုပ်၏ ဓမ္မလုပ်ငန်းအတွက် များစွာ တန်ဖိုး ရှိလှပါသည်။ အကျိုးပြုစေပါသည်။ ဤတရားပတ်သည် ကျွန်ုပ်အတွက် ဓမ္မဆိုင်ရာ မှန်းမံ သင်တန်းပင် ဖြစ်ပါသည်။

ဤအောင်မြင်မှုများသည် ဆရာကြီး၏ အောင်မြင်မှုများ ဖြစ်ကြောင်း၊ ချီးကျူးရပါမည်။ ဆရာကြီးနှင့် ရှရီဂိုအင်ကာတို့၏ ကျေးဇူး ကြီးမားလှ ကြောင်း ဖော်ထုတ် ပြောပြရပါမည်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃ ရပ်

ကျင့်သုံးဆောက်တည်၍ရသမျှကုသိုလ်ကို၊ ဆရာကြီးအား အမျှပေးဝေပါသည်။ ဤကုသိုလ်ကောင်းမှုများကြောင့် ဆရာကြီးသည် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ရှိပါစေ၊ သာသနာပြုလုပ်ငန်းများ ဆထက်တိုး၍ ဆောင်ရွက်နိုင်ပါစေ၊ နှစ်လရှည်စွာ သတ္တဝါများအကျိုးကို ဆက်လက် သည်ပိုးနိုင်ပါစေ။

ဝေနေယျအပေါင်း ချမ်းမြေ့ သာယာနိုင်ကြစေရန် တရားဓမ္မ သည် ကာလ ကြာမြင့်စွာ တည်တန့်ခိုင်မြဲပါစေသတည်း။

တရားတော်၏ တပည့်ကောင်း ပြီသစွာ
အနာဂါရိက၊ မုနိန္ဒရ။

× × ×

ဒေါက်တာ ဦးရေဝတဓမ္မ၊ အမ် အေ၊ ပီအိပ်ချ်ဒီ၊ ဓမ္မာစရိယ။

မြန်မာပြည် ဗုဒ္ဓသာသနာ့အဖွဲ့၏ အထောက်အပန့်ဖြင့် ဗာရာဏသီတက္ကသိုလ်တွင် ပညာသင်ကြားခဲ့သော မြန်မာ ဘုန်းတော်ကြီး ဖြစ်သည်။ ယင်း တက္ကသိုလ်မှ အမ် အေ နှင့် ပီအိပ်ချ်ဒီ ဘွဲ့ထူးများ ဆွတ်ခူးခဲ့၍ ဗာရာဏသီတွင် ကျောင်းထိုင်ရင်း တက္ကသိုလ်စာပေပို့ချနေခဲ့၏။ ၁၉၇၀ ခု၊ ဒီဇင်ဘာလက ဗာရာဏသီတွင် ဦးဂိုအင်ကာ တရားပြသပေးပုံ အကြောင်းကို ချီးမွမ်း၍ ဒေါက်တာ ဦးရေဝတဓမ္မက ဆရာကြီးထံစာတစောင်ရေးသား ပေးပို့ခဲ့ကြောင်း အခန်း ၇ တွင် ဖော်ပြခဲ့ပြီးပေပြီ။

မဟာဗောဓိဂျာနယ် အထူးထုတ်စာစောင်တွင် ဒေါက်တာ ဦးရေဝတဓမ္မက ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းလမ်းစဉ်မှာ သတိပဋ္ဌာန်တရားတော်နှင့် ကိုက်ညီကြောင်း၊ ကာယနုပဿနာကို အဓိကထား၍ ကျင့်ရသော သတိပဋ္ဌာန် လမ်းစဉ်ပင်ဖြစ်ကြောင်း၊ ရှင်းလင်းဖော်ပြပြီးနောက် ဆက်လက် ရေးသားခဲ့ သည်မှာ ...

"......ပြည်တွင်း ပြည်ပ တပည့်အပေါင်းအား ဝိပဿနာ ကမ္မဋ္ဌာန်း လက်တွေ့ ပြသပေးရာ၌ ဆရာကြီးဦးဘခင်သည် ကောင်းစွာ အောင်မြင် ခဲ့ပေ သည်။ သူ၏ အောင်မြင်မှု၏ သော့ချက်မှာ ယောဂီများအား ကိုယ်တိုင်တဦးစီ ဂရုပြု၊ ပြသပေးခြင်း၊ ယောဂီကိုယ်တွေ့များကို တရားတော်နှင့်ယှဉ်၍ ရှင်း လင်းဟောပြနိုင်ခြင်းနှင့် တဆင့်တက်၍ အားထုတ်ရာတွင် လမ်းညွှန်ပြသကူညီ ပေးနိုင်ခြင်းတို့ဖြစ်ပေသည်။ ပေါ်ထွန်းခဲ့သမျှ ကမ္မဋ္ဌာနာစရိယများအနက် ဆရာ ကြီးဦးဘခင်သည် အထူးချွန်ဆုံး ဆရာတဦးဖြစ်ပေသည်ဟု ချီးကျူးခံခဲ့ရပေ သည်။ မြန်မာပြည်၌ အခြေစိုက်ခဲ့သော သူ၏ သာသနာပြု လုပ်ငန်းကြီးကို ပြည်တွင်း ပြည်ပ၌ သူ၏ တပည့်ကြီးများက ဆက်လက်ဆောင်ရွက်လျက်ရှိကြ ပေသည်။

အိန္ဒိယပြည်တွင် ဆရာကြီးဦးဘခင်၏ ဓမ္မဒူတ လုပ်ငန်းကြီးကို သူ၏ တပည့်ရင်းကြီး တဦးဖြစ်သူ ဆရာကြီးဦးဂိုအင်ကာက ဆက်လက် ဆောင်ရွက်နေပေသည်၊ ဆရာကြီးဦးဂိုအင်ကာသည်အိန္ဒိယပြည်သို့လာရောက်ခဲ့ပြီး အိန္ဒိယပြည် တိုက်တဝှမ်းလှည့်လည်ခါကမ္မဋ္ဌာန်းတရားပတ်များ ဖွင့်လှစ်ပြသလျက်ရှိပါသည်။ လွန်ခဲ့သော ၇ နှစ်အတွင်းက အိန္ဒိယသားနှင့်နိုင်ငံခြားသား၊ ရာပေါင်းများစွာ တို့အားသူ့ဆရာ၏နည်းလမ်းများအတိုင်းတရားပြသပေးပြီးခဲ့လေပြီ။ ယင်းတရားသမားများသည်ဘာ၏ မမြဲသောသဘောတရား အစစ်အမှန်၊ ဆင်းရဲသော သဘောတရား အစစ်အမှန်၊ ကိုယ်ပိုင်မဟုတ်၊ ကိုယ်အစိုးမရသည့် သဘောတရား အစစ်အမှန်တို့ကိုရှာခြင်း သိမြင်ရသော အခြေသို့တိုင်အောင်အကျိုးဖြစ်ခဲ့ကြပေသည်။ ဤသို့သိမြင်နိုင်ခြင်းသည်ပင်၊ ထာဝရငြိမ်းချမ်းရာ၊ နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်စေမည့် ဝိပဿနာ ကမ္မဋ္ဌာန်းတရား၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်ပေသည်။

ဆရာကြီးဦးဘခင်၏ သာသနာပြုလုပ်ငန်းကြီးသည် ခပ်သိမ်းသောသူအပေါင်းတို့၏ ကောင်းကျိုးအလို့ငှာ၊ ခပ်သိမ်းသောသူ အပေါင်းတို့၏ စီးပွားအလို့ငှာ၊ ဆက်လက်စည်ပင် တိုးတက်ပါစေသတည်း။

ဒေါက်တာဦးရေဝတဓမ္မနှင့်ပတ်သက်၍ အင်းယားမြိုင်၊ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၏ ၁၉၇၅ ခုနှစ်၊ နှစ်ပတ်လည် အစီရင် ခံစာ တွင် အောက်ပါ အကြောင်းအရာကို တွေ့ရှိဖတ်ရှုရပါသည်။

“မြန်မာနိုင်ငံမှ အိန္ဒိယ ပြည်သို့ ပညာတော်သင်အဖြစ် သွားရောက်ပြီး ဗာရာဏသီ တက္ကသိုလ်မှ အမ်၊ အေ နှင့် ဒေါက်တာဘွဲ့များကို ဆွတ်ခူးခဲ့သော ဒေါက်တာ ဦးရေဝတဓမ္မသည်၊ ဆရာဦးဂိုအင်ကာထံ၌ ဆရာကြီး၏ နည်းနာနိဿယအတိုင်း တရားများအားထုတ်ကာ၊ အိန္ဒိယပြည်နယ်များတွင် တရားဓမ္မဟောကြားခြင်း၊ ပို့ချခြင်းများပြုလုပ်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာ ဦးဂိုအင်ကာ၏ စိတ်ကြိုက်အတိုင်း တရားနည်းပြခြင်းကို ခံယူ လုပ် ကိုင် ခဲ့ ကြောင်း၊ အကြောင်းကြားစာများ ရရှိခဲ့ပါကြောင်း။”

အထက် ဖော်ပြပါအတိုင်း ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသာမက၊ ခရစ်ယန် ဘုန်းတော်ကြီးများလည်း၊ ဦးဂိုအင်ကာထံ၌ တရားနည်းနာခံယူ၍ တရားအားထုတ်ခဲ့ကြလေသည်။ ယင်းအကြောင်းအရာနှင့်ပတ်သက်၍ ခရစ်ယန် ဘုန်းတော်ကြီးတပါး၏ ကိုယ်တွေ့ ထင်မြင်ယူဆချက်များကို အောက်တွင်တင်ပြလိုက်ပါသည်။

## "ဗုဒ္ဓ၏ ဝိပဿနာဘာဝနာတရား"

(၁၉၇၂ ခု၊ အောက်တိုဘာလအတွင်း အိန္ဒိယပြည် ဒါလ်ဟိုဇီမြို့၌ ရက်ပေါင်း ၃၀ ကြာအောင် ဆရာကြီး ဦးဘခင် အထိမ်းအမှတ် တရားပြသရေးအဖွဲ့မှ ဖွင့်လှစ်ခဲ့သော ကမ္မဋ္ဌာန်း တရားပတ်အကြောင်း။)

ရေးသူ—ခရစ်ယန်ဘုန်းတော်ကြီး ဖာသာလောရင့်စ်

မြန်မာပြန်ဆိုသူ—ရွှေမှိုင်ကျော်ထင်။

ဤဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းတရားပတ်ကို မစ္စတာ ဂိုအင်ကာ၊ သို့မဟုတ် ကျွန်ုပ်တို့အမြတ်တနိုး ဆက်ဆံခေါ်ဝေါ်ခဲ့သော "ဂိုအင်ကာဂျီး" (ဆရာကြီးဂိုအင်ကာ)က ဖွင့်လှစ်ခဲ့သည့် တရားပတ်ဖြစ်သည်။ သူသည် အိန္ဒိယပြည်ဘုံဘေမြို့၌ ရောင်းရေးဝယ်တာ လုပ်ငန်းလုပ်ကိုင်နေသော မာရဝါရီ မျိုးဆက် ဗုဒ္ဓသာသနာဝင် မြန်မာတဦး ဖြစ်ပါ၏။

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ နေထိုင်ခဲ့စဉ် သူ၏ နဂိုမူလပုံစံဖြစ်သည့် မာန်မာနဖြင့် ဟန်ကြီးပန်ကြီး လုပ်တတ်မှု၊ ကျွတ်ဆတ်ဆတ် အမြဲတန်းစိတ်တိုမှုစသည့် မကောင်းသော အမူအကျင့်များနှင့် မိုင်ဂရိမ်းခေါ် ခေါင်းကိုက်ရောဂါဆိုးကြီး စွဲကပ်နေသူအဖြစ်မှ ယနေ့အသွင် သိမ်သိမ်မွေ့မွေ့၊ စိတ်ရှည်လက်ရှည်၊ မေတ္တာ၊ ကရုဏာ ပြည့်ဝသော ခေတ်ပညာတတ် တဦးအဖြစ်သို့ ပြောင်းလဲသွားအောင် ပြုပြင်ပေးခြင်းခံရသူပီပီ၊ သူသည် သူပေးသည့်တရားပတ်ကို အောင်မြင်ထိရောက်စေမည့် လက္ခဏာကို အထင်အရှားဆောင်ထားသူဖြစ်လေသည်။

သူ ကြွယ်ဝချမ်းသာလှသည်မှာလည်း မှန်ပါ၏။ သို့သော် ဥစ္စာဓနကို သူ လုံးဝတွယ်တာမှု မရှိတော့ပေ။ သူ့ညီများကသာ ဘုံဘေမြို့ရှိ သူတို့လုပ်ငန်းကို ဦးစီးနေကြသည်။ ဆရာဂိုအင်ကာသည် ဤတရားပတ်အတွက် မည်သည့်အခကြေးငွေကိုမျှလည်း မယူသည့်ပြင် သူ့သွားစရိတ်၊ လာစရိတ်အတွက်ပင် သူ့ကိုယ်ပိုင်ငွေကို သုံးစွဲသူဖြစ်သည်။ ထို့ထက် အရေးကြီးသော အချက်မှာ သူသည် သူရရှိထားသော တရားအမွေအနှစ်များကို ဖြန့်ဝေရန် လုပ်ငန်းတွင်သာ သူ့အသက်နှင့် အချိန်ကို လုံးဝ နှစ်မြှုပ်ထားခြင်းပင် ဖြစ်လေသည်။

## "ရည်မှန်းချက်ပန်းတိုင်"

ဝိပဿနာ ကမ္မဋ္ဌာန်းတရားပတ်များ ဖွင့်လှစ်သင်ကြားပေးခြင်းလုပ်ငန်းသည် တကမ္ဘာလုံးကို ဗုဒ္ဓသာသနာဝင်များ ဖြစ်လာအောင် ဖွင့်လှစ်လိုက်သော တရားပတ်မဟုတ်သည်မှာ သေချာပါသည်။ သို့သော် တရားအားထုတ်လာသည့် သူများကို တရားတော်၏ အထောက်အကူဖြင့် ပို၍ကောင်းသော လူဖြစ်လာ

နိုင်အောင်ကား စွမ်းဆောင်နိုင်ပေသည်။ တရားအားထုတ်လာသူများတွင် အယူဝါဒမရှိသူများ ပါဝင်သလို၊ အယူဝါဒရှိသူများလည်း ပါဝင်လေသည်။

မူးယစ်ဆေးစွဲသူများ၊ သေရည်သေရက်စွဲသူများ၊ စိတ်ဓာတ်ကျဆင်းနေသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စိတ်ဒုက္ခရောက်နေကြသူများထဲမှ လူများစွာမှာ တရား အားထုတ်ရခြင်း၏ အကျိုးကျေးဇူးရှိမှုကို တနေ့တခြားတိုး၍သာ သက်သေတင်နေကြသည်။ ထို့ပြင်လည်း စိတ်လက် ကြည်သာစွာဖြင့် ပင်ကိုယ်က အေးငြိမ်းချမ်းသာမှု ထိုက်သည့်အားလျော်စွာ ရှိသူတို့ပင်၊ ယင်းတရားကို လာရောက် အားထုတ်ပြီးသောအခါ၌ အေးငြိမ်းချမ်းသာ ပိုမိုရရှိလာကြောင်း၊ သာ၍ အားကောင်းလာကြောင်း၊ တည်ကြည်ငြိမ်သက်လာကြောင်း နက်ရှိုင်းစွာ ဓမ္မရသဖြင့် မွေ့လျော်နိုင်လာကြောင်း တွေ့မြင်ရပေသည်။ဤသို့ ဓမ္မရသ ခံစားရခြင်းမှာ တရားဓမ္မ ဟောပြရုံမျှဖြင့် ရရှိခြင်း မဟုတ်မူဘဲ ဆရာ၏ နည်း နိဿယအတိုင်း အားထုတ်မှုနှင့်သာ ရရှိခဲ့ခြင်း ဖြစ်ပေ၏။

## " နေ့စဉ် အချိန်ဇယား "

နံနက် ၄ နာရီ အိပ်ရာထချိန်။
နံနက် ၄၊ ၃၀ နာရီမှ ၆၊ ၃၀ နာရီ.... တဦးချင်း ဘာဝနာပွားချိန်။
နံနက် ၆၊ ၃၀ နာရီမှ ၈ နာရီ........စားချိန်နှင့် အနားယူချိန်။
နံနက် ၈ နာရီမှ ၉ နာရီ ........စုပေါင်း ဘာဝနာ ပွားချိန်။
နံနက် ၉ နာရီမှ ၁၁ နာရီ........တဦးချင်း ဘာဝနာပွားချိန်။
နံနက် ၁၁ နာရီမှ နေ့လည် ၁ နာရီ .... နေ့လည်စာနှင့် အနားယူချိန်။
နေ့လည် ၁ နာရီမှ ၂၊ ၃၀ နာရီ .... တဦးချင်း ဘာဝနာပွားချိန်။
နေ့လည် ၂၊ ၃၀ နာရီမှ ၃၊ ၃၀ နာရီ... စုပေါင်း ဘာဝနာပွားချိန်။
နေ့လည် ၃၊ ၃၀ နာရီမှ ၅ နာရီ .... တဦးချင်း ဘာဝနာ ပွားချိန်။
ညနေ ၅ နာရီမှ ၆ နာရီ ........ အနားယူချိန်။
ညနေ ၆ နာရီမှ ည ၉ နာရီ .... စုပေါင်း ဘာဝနာပွားချိန်နှင့် တရားဟောချိန်။
ည ၉ နာရီ အိပ်ချိန်။

## " အသိစစ် အသိမှန် "

ဤတရား အားထုတ်မှုသည် ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် သိမြင်တော်မူခဲ့သော တရားစစ် တရားမှန် လေးပါးတွင် အခြေခံ၍ ထားသည်။ ၎င်း လေးပါး မှာ....

(က) စကြာဝဠာ ကမ္ဘာအနှံ့မကင်းနိုင်သော ဆင်းရဲခြင်း (ဒုက္ခ)
(ခ) ဒုက္ခ၏ရင်းမြစ် တပ်မက်စွဲလန်းခြင်း တဏှာ (သမုဒယ)

(ဂ) သမုဒယတဏှာနှင့် ဒုက္ခများကို ကုစားရာဖြစ်သော အစွဲအလန်းကင်းမှု (နိရောဓ)

(ဃ) အစွဲအလန်းကင်းမှုကို ရရာရကြောင်း ဖြစ်သော နည်းနာ လမ်းကြောင်း (မဂ္ဂ)

ဤအမှန်တရားတို့က ကျွန်ုပ်အား ဘာဝနာပွားစဥ် ထွက်ပြေးလိုစိတ်ပေါက်အောင် ဖန်တီးခဲ့ပေသည်။

## "နည်းနာလမ်းကြောင်းကျင့်စဥ်"

တရားအားထုတ်ရာ လမ်းကြောင်း(နည်းနာ) သုံးပိုင်းခွဲခြားထားသည်။

၁။ သီလ၊ သို့မဟုတ် ကိုယ်ကျင့်တရား ဤအပိုင်းသည် ကျွန်ုပ်တို့၏ ပညတ်တော် (၁၀) ပါးနှင့် ဆင်တူသည်။

၂။ သမာဓိ၊ သို့မဟုတ် တခုတည်းသောအရာကို အာရုံစိုက်မှု၊ ဤသည်မှာ ယောဂအကျင့်နှင့် တူလှသော စိတ်ဓာတ်ရေးရာ ပြုပြင်မှုအလုပ်ဖြစ်သည်။ ယောဂီသည် မိမိစိတ်အာရုံကို ကြိုးစား၍ ထိန်းနေရ၏။

၃။ ပညာခေါ် ဉာဏ်ပိုင်း၊ ဤအပိုင်းကို ဝိပဿနာဖြင့် ရယူရသည်။ ဝိပဿနာဆိုသည်မှာ တွေ့တွေ့သမျှ အကောင်း၊ အဆိုးတို့ကို မြင်အပ်၊ ရှုအပ်သည့် နည်းအတိုင်း၊ အရှိအတိုင်း မြင်ခြင်းဖြစ်သည်။ မြင်မြင်သမျှ ရုပ်နာမ်ခန္ဓာကို မမြဲဟု ရှုခြင်းဖြစ်ပါ၏။ ဝိပဿနာတရားအားထုတ်မှုသည် အမှန်မှာ ဗုဒ္ဓသာသနာ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းပင် စင်စစ်ကေန်ဖြစ်ပါသည်။

## "အာနာပါန ကမ္မဋ္ဌာန်း"

ကိုယ်ကျင့်တရား ထိန်းသိမ်းပါမည် ဆိုသော ဝန်ခံချက်ကို ဆရာက လက်ခံရယူပြီး သည့်နောက်မှာ ချက်ချင်းဆိုသလိုပင် သမာဓိလုပ်ငန်းကို စတင်အားထုတ်ရသည်။ ယင်းလုပ်ငန်း၌ တချိန်တည်းပင် အာရုံတခုတည်းကို စိတ်စိုက်ရ၏။ စိတ်တည်ငြိမ်မှုရအောင် ပြုခြင်းပင်ဖြစ်သည်။ မေ့မြောသည့် အဖြစ်သို့ ရောက်စေခြင်းမဟုတ်ပေ။

ဤသို့ဖြင့် ပထမနေ့၌ နှာခေါင်းပေါက်မှ ဝင်ထွက်နေသော လေကို စိတ်မပျံ့လွင့်ဘဲ၊ အဝင်အထွက်မှန်အောင် မှတ်သားပြီး အာရုံပြုနေခြင်း၊ ဖမ်းနေခြင်းအလုပ်ဖြင့် အာနာပါန သတိကမ္မဋ္ဌာန်းထိုင်ကြသည်။

---

*International F No 51*

ဒုတိယနေ့မှာ အသိတိုးလာပြီးလျှင် နှာခေါင်းတွင်း၌ လေအဝင် အထွက် ထိတွေ့နေသည့် ဝင်လေ ထွက်လေ အသိကို မှန်အောင်ရှုရသည်။

တတိယနေ့မှာ နှာသီးဝ၊ နှာသီးဖျား၊ အထက် နှုတ်ခမ်း ဝင်လေ၊ ထွက်လေ ထိရာ နေရာ တနေရာတည်းကို အာရုံပြုပြီး ထိုနေရာ၌ ဝင်လေ၊ ထွက်လေကြောင့် ဖြစ်ပေါ်လာသော သွေးတိုးမှု၊ လှုပ်ရှားမှု၊ အေးမှု၊ ပူမှုစသည်ကိုသာ အာရုံပြုရသည်။ (အဓိကလုပ်ငန်းမှာ ဝင်လေ၊ ထွက်လေ မှန်အောင်မှတ်ပြီး သမာဓိဖြစ်လာအောင် ရှုခြင်းပင်ဖြစ်ပါသည်။

## "ဝိပဿနာ ဘာဝနာ"

စတုတ္ထမြောက်နေ့နှင့် ကျန်ရက်များအတွင်းမှာမူ တရားကျင့်သူ ယောဂီသည် အစ၌ ကိုယ်ခန္ဓာအစိတ်အပိုင်းအလိုက်ငှင်း၊ ထို့နောက် ကျယ်ကျယ်ပြန့်ပြန့်ငှင်း ကိုယ်ခန္ဓာ၌ ဆက်ကာ ဆက်ကာ နေရာပြောင်းလျက် တကိုယ်လုံး အနှံ့ရှုကြည့်သည်။ ကိုယ်ခန္ဓာအား ယင်းသို့ သုံးသပ်ရှုမြင်ရာ၌ ကြမ်းတမ်းသောအဖြစ်၊ နူးညံ့သောအဖြစ်၊ သာယာဖွယ်၊ မသာယာဖွယ် စသည်တို့၌ အနိစ္စလက္ခဏာထင်၍ ဥပေက္ခာသဘောထားပြီး ရှုမြင်ရသည်။ ဝိပဿနာ ဘာဝနာပွားကြရသည်။

ယင်းကဲ့သို့ မှတ်သားနေသည့် ပုဂ္ဂိုလ်၏စိတ်ကိုလည်း အနိစ္စဟု ထင်ပါတော့သည်။

ဤစိတ္တဗေဒမှာ အလွန်ပင် အခြေခံကျပါသည်။ ယင်းနည်းအရ စိတ်က ကိုယ်ခန္ဓာကို အကျိုးသက်ရောက်စေသလို ကိုယ်ခန္ဓာကလည်း စိတ်ကိုအကျိုးသက်ရောက်စေ၏။ ထို့ကြောင့်ပင်လျှင် ဤနည်းမှာ လွန်စွာ ထိရောက်လျက် ငြိမ်းချမ်းရေးသစ်၏ လမ်းစလည်း ပေါ်လာတော့သည်။

ရုပ်နာမ်ခန္ဓာတို့ကို ယင်းသို့ အနိစ္စမမြဲဟု ရှုမြင်နေခြင်းအားဖြင့်၊ ကျော်ကြားခြင်း၊ စီးပွားဥစ္စာတိုးခြင်းတို့ကြောင့် ဝမ်းသာလုံးဆို့မှုနှင့် ယင်းသို့သော အခြေအနေများ မရရှိခြင်းကြောင့် စိတ်ပျက်အားလျော့မှု စသည်တို့မှာအရှိန်လျော့သွားသည်။ လောကဓံတရားကို ခံနိုင်လာခြင်းပင် ဖြစ်သည်။

## "ငြိမ်းချမ်းရေး ရောင်ခြည်"

ဤသို့ ငြိမ်းချမ်းရေးရောင်ခြည်သန်းလျက် မြင်တွေ့သမျှ အရာအားလုံး တဒင်္ဂမျှသာ တည်သည်ဟူသော အသိဉာဏ်လည်း ထက်ချပ်ပါလာခြင်းကြောင့် ယခင်က မသိမိုက်မှားမှုကြောင့် ဒုက္ခအမျိုးမျိုးနှင့် ကြုံခဲ့ရသည့်ကို မြင်လာသည်။ ထို့မှတဖန် အခြားသူများလည်း ယင်းတို့၏ မသိမှု အဝိဇ္ဇာအမှောင်

တရားနှင့် ဆင်းရဲခြင်းဒုက္ခဘေးတို့မှ ကင်းဝေးစေပြီး ကျွန်ုပ်တို့ တွေ့သိရသော အေးငြိမ်းချမ်းသာမှု သုခမျိုးကိုရစေလိုသည့် စေတနာပါပေါ်လာတော့သည်။

ခန္ဓာကိုယ်တခုလုံးကို ဦးခေါင်းမှ ခြေဖျားထိအောင် ကြိမ်ဖန်များစွာ အနိစ္စဟု ရှုမှတ်နေခြင်းဖြင့် အားထုတ်ရသော ဤနည်းနာကို မေတ္တာနှင့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ ရောင်ခြည်ကို မြင်နိုင်ပါသည်။ ဤနည်းမှာ ရုပ်နာမ် ဓမ္မတမျိုး၏ ဖြစ်ပျက်ကိုမြင်လိုက်၊ နောက်တမျိုးကို ဖြစ်ပျက်ရှုလိုက် မြင်လိုက်ဖြင့် တကိုယ်လုံး၌ ဖြစ်ပျက်အမြင် ကွင်းကွင်းကွက်ကွက်ထင်ရှားလာသောနည်း ဖြစ်ပါသည်။

သိပ္ပံပညာရှင်တို့က အညစ်အကြေး ကင်းနေသော ငွေရိုင်းချောင်း တချောင်းကို အညစ်အကြေးကင်းအောင် ကြိမ်ဖန်များစွာ ပွတ်လုပ်လျှင် ငွေချောင်းစစ်စစ် ပြန်ဖြစ်လာသည်ဟုသာ ပြောကြသည်။ အဘယ့်ကြောင့်ဤသို့ တွေ့ကြုံရသည်ကိုကား မပြောနိုင်ကြပေ။ အလားတူပင် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ မေတ္တာရောင်ခြည်က ကျွန်ုပ်တို့၏ ဝိဉာဉ်နာမ်ရုပ်ကို အဘယ့်ကြောင့်သန့်စင်စေနိုင်သည်ဟူ၍လည်း မသိကြပါပေ။ သို့သော် ထွက်လေ ဝင်လေ ရှုမှတ်သောနည်းဖြင့် သမာဓိရလာသည့်အခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာဝင်သော နည်းအရ ကျွန်ုပ်တို့၏ ရုပ်နာမ် သန့်စင်ရေးမှာ ဤကဲ့သို့ အားထုတ်ခြင်းဖြင့် ထိရောက်အောင်မြင်မှု ရရှိပါလေသည်။

## "ရလာဒ်အကျိုးတရားများ"

ဆက်လက်၍ ထိထိမိမိ နက်နက်ရှိုင်းရှိုင်း ဘာဝနာပွားလျှင် မူကား ကျွန်ုပ်တို့၏ အသိစိတ်နှင့် ဆက်စပ်နေသော အာရုံများကိုသာမက၊ အဆုံး၌ မသိတသိစိတ်နှင့်ငင်း၊ မသိစိတ်နှင့်ငင်း၊ ဆက်စပ်နေသည့် အာရုံများကိုပါ အဖြစ်အတိုင်း အရှိအတိုင်း တွေ့လာလိမ့်မည်ဖြစ်၏။ ထိုအခါ ကျွန်ုပ်တို့သည် အံ့ဩခြင်းမဖြစ်တော့ဘဲ၊ ဝိပဿနာပညာဉာဏ်၊ အသိဉာဏ်ထက်မြက်လာသည်နှင့်အမျှ လူသားအားလုံးအပေါ် မေတ္တာ၊ ကရုဏာတရားများ တိုးပွားပြီး ထားနိုင်လာကြပေလိမ့်မည်။

## "လူတိုင်းအဖို့ ရယူနိုင်သောတရား"

ယင်းအဖြစ်ကို ရယူနိုင်သော ဤတရားနည်းနာ ကျင့်စဉ်မှာ ဘုန်းကြီး သီလရှင်တို့အတွက်သာ တည်ရှိနေသော နည်းနာမဟုတ်ပါချေ။ လူသားအားလုံး ဒုက္ခနှင့်မကင်းသူအားလုံးပင် ဤမဂ္ဂင်တရားလမ်းကြောင်း နည်းနာတို့ကို လိုက်နာထိုက်သည်။ ကျင့်သုံးထိုက်သည်။ အကျိုးထူးရန် ရနိုင်သော လမ်းကြောင်းဖြစ်သဖြင့် မည်သူမဆို အဆင့်အတန်းမရွေး ကိုယ်တွေ့ဖြစ်စေသင့်သော

နည်းကောင်းလမ်းကောင်း တရပ်ဖြစ်ကြောင်း ရေးသား နှီးဆော်လိုက်ပေါ သတည်း။

× × ×

## (၂) တိုးတက်အောင်မြင်လာသော ဦးဂိုအင်ကာ၏ ဆောင်ရွက်မှုများ။

ဆရာကြီး ဦးဘခင်၏ သာသနာပြု လုပ်ငန်းစဉ်အရ၊ အိန္ဒိယပြည်တွင် ၁၉၆၉ ခုနှစ်မှ စတင်၍ ကြိုးပမ်းခဲ့သော ဦးဂိုအင်ကာ၏ ဆောင်ရွက်မှုများ သည် ၁၉၇၆ ခုနှစ်တွင် မည်သို့ အခြေအနေရှိသည်ကို အောက်ပါ"ဦးဘခင် အထိမ်းအမှတ် ရံပုံငွေ" ဂေါပကလူကြီးတဦး၏ စာတမ်းမှ သုံးသပ်လေ့လာ နိုင်ကြပါမည်။ ယင်းစာတမ်းတွင် ဂေါပကလူကြီး ရှရီဒါယာနန်အဒူးကီးယား ကိုယ်တိုင် မည်မျှ တရားပြည့်ဝနေသည်။ နားလည် သဘောပေါက်နေသည်။ သာသနာပြုလုပ်ငန်း၌ မည်မျှ သဒ္ဓါထက်သန်နေသည်တို့ကိုလည်း ဖတ်ရှုနိုင်ကြ ပါသည်။

### ဝိပဿနာ ကမ္ဘာပျံ့ပြီ

ရေးသူ–ဒါယာနန်အာဒူးကီးယား
ဆရာကြီး ဦးဘခင် အထိမ်းအမှတ်အဖွဲ့။ ဂေါပကလူကြီး
(မြန်မာပြန်ဆိုသူ–ဦးစံမြင့်အောင်)

အိန္ဒိယပြည်တွင် ဦးဂိုအင်ကာ သင်ကြားပြသသော ဆယ် ရက် ပြည့် ဝိပဿနာတရားပတ်များကို ၁၉၇၂ ခု၊ ဧပြီလမှစ၍ ရေတွက်လျှင် ယခုတရား ပတ် ၄၀ ပင်ရှိလေပြီ။ ၁၉၆၉ ခု၊ ဇွန်လက သူမြန်မာနိုင်ငံမှ ရောက်ရှိလာ ပြီးနောက် ဖွင့်လှစ်သင်ကြားသော တရားပတ်များနှင့် ပေါင်းလျှင်မူ၊ အား လုံးတရားပတ် ၉၀ ဖြစ်သည်။ တရားအားထုတ်ခဲ့ကြသူတို့မှာ ယင်းတရားပတ် များမှ ကိုယ်ရောစိတ်ပါ အကျိုး ကျေးဇူးများ ခံရံမက၊ အသိတရား လည်း ပိုလာကြသည်။ သို့ဖြင့် အလားတူ တရားပတ်များ ဖွင့်ပေးရန် နေရာဌာန အသီးသီးမှ မေတ္တာရပ်ခံလိုက်ကြသည်မှာ လက်ခံနိုင် သည်ထက်ပင် ပိုသွား တော့သည်။

ဝိပဿနာ နည်းပညာသည် ကိုတ်တိုင်ကျင့်သုံးမှုနှင့် သက်ဆိုင်သည့်ပြင် သိပ္ပံနည်းကျ သည်သာမက၊ ကျင့်သုံးရာတွင် လွယ်ကူခြင်းကြောင့်လည်း အ များသူငါနှင့် ဆီလျော်သော နည်းဖြစ်ပေသည်။ ထို့ကြောင့် ကမ္ဘာ အရပ် ရပ်မှ လုပ်ငန်းအသီးသီး လုပ်ကိုင်နေကြသူတို့သည် အိန္ဒိယပြည်သို့ လာရောက်၍ တရားအားထုတ်ကြသည်၊ တချို့က တရားဝင်ရေး သက်သက်အတွက် လာ ရောက်၏။ ကျန်တချို့မှာ ခရီးသွားဟန်လွှဲ ဝင်ရောက်၍ ဝိပဿနာနည်းကို

မြည်းစမ်းကြခြင်းဖြစ်၏။ ထိုအခါ ဓမ္မတည်းဟူသော မွှေးရနံ့သည် ရင်းတရားသမားတို့မှ တဆင့် နေရာအနှံ့ပျံ့ သွားတော့သည်။ တရားသမား အရေအတွက်ကို ဖော်ပြရမည်ဆိုလျှင် ကမ္ဘာ့တိုက်ကြီး ခြောက်တိုက်ရှိ နိုင်ငံပေါင်း ၆၀ ကျော်မှ လူပေါင်း လေးထောင်ကျော်ဖြစ်လေသည်။ လွန်ခဲ့သည့် အချိန်ပိုင်းတွင်းကလည်း ဦးဂိုအင်ကာအား ဝိပဿနာ တရားပြသရန် ကြွရောက်ပါမည့်အကြောင်း ထပ်လောင်း ဖိတ်ခေါ်မှုများ ရှိခဲ့သည်။ သို့သော် ဦးဂိုအင်ကာအဖို့ မြန်မာနိုင်ငံအစိုးရထံမှ ပြည်ပတွင် သူဆက်လက် နေထိုင်ခွင့်ရရေးအတွက် ကြိုးပမ်းရန်ရှိသည်ကတဖက်၊ ဓမ္မဒူတလုပ်ငန်းဖြင့် မနားရဘဲ ဖြစ်နေသည်ကတဖက်ကြောင့် အဆိုပါ ဖိတ်ကြားချက်များကို လတ်တလောအားဖြင့် လက်ခံနိုင်ခြင်းမရှိသေးချေ။

ဓမ္မရသကို ခံစားလိုကြသူများ ကမ္ဘာအရပ်ရပ်တွင် များစွာ တိုးတက်နေသဖြင့် တရားသမားအဖြစ်ကို ခံယူကြပြီးသူများသည် တတ်နိုင်လျှင် ကိုယ်ကျိုးစွန့်လျက် ဓမ္မဒူတအလုပ်ကို လုပ်ဆောင်ကြရန် လိုပေသည်၊

စရထ ဘိက္ခဝေ စာရိကံ၊ ဗဟုဇန ဟိတာယ

ဗဟုဇနသုခါယ၊ လောကာနုမ္ပာယ –

(ချစ်သားရဟန်းတို့ ခရီးလှည့်လည်ကြလော့၊ သူခပ်သိမ်းတို့အကျိုးငှာ လှည့်လည်ကြလော့၊ လောကကို ကရုဏာရှေ့ထားလျက် ခပ်သိမ်းသောသူတို့၏ ကောင်းကျိုးကို ပွားစေဘိလော့။)

ဝိပဿနာ တရားသည် ဥာဏ်ကစားရသည့် အလုပ်မ ဟုတ်ပေ၊ ဗုဒ္ဓဝါဒလာ လက်တွေ့ ကျင့်ဆုံးဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို လက်တွေ့ကျင့်သုံး ခြင်းဖြင့် ထိုးထွင်း သိ ပြီ ဆို လျှင် ယင်းသို့ သိရှိပြီး သူသည် ကျန်းကျန်းမာမာနှင့် သဟဇာတ ဖြစ်စေသော နှစ်သက်ဖွယ် ဘဝကို ကျော်ငါးနိုင်သည့် စိတ်၏ ကြည်လင် အေးချမ်းမှုကို ရရှိနိုင်လေသည်။ ထိုအခါ ယင်းပုဂ္ဂိုလ်သည် တကိုယ်ရေအတွက်ရော ပတ်ဝန်းကျင်ရှိ မကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်များအတွက်ပါ အကျိုးပွားများ ကောင်းမွန်စေသူ ဖြစ်လေတော့သည်။ တရား ဘာဝနာ ပွားများသူသည် တဆင့်ပြီး တဆင့် သမ္မာမဂ္ဂင်လမ်းကို လိုက်ခြင်းဖြင့် အေးငြိမ်းသော ဓမ္မဘဝကို လက်ခံမိသည်နှင့်တူ၏။ သူသည် ဒေါသ ဗျာပါဒဣဿာ၊ မစ္ဆရိယ စသော "ပယ်" တရား များမှ ကင်းဝေးလျက်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် "ပွား" တရားများဖြင့် ထုံပြီးသား ဖြစ်ပေတော့မည်။ ဤအဖြစ်မျိုးမှာ နိုင်ငံဇာတိ ကွဲပြားသော အသွေးအရောင်၊ ဇာတ်၊ လူမျိုး၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ အယူအဆ၊ ယုံကြည်မှု၊ စသည် ကွဲပြားကြသော အသိစိတ် ရှိသူတိုင်း လိုမှို

ချင်ချင် တောင့်တသည့် အဖြစ်ပင်တည်း။ မည်သူ့အတွက်မျှ ဤတရားက တမျိုးတဖုံ ဖြစ်နေစရာ အကြောင်း မရှိပေ။ ငြိမ်းမှုသည် အများနှင့် အပ်စပ်သည်။ မေတ္တာ သည်လည်း ထို့အတူသာ။ ဓမ္မသည် ငြိမ်းမှုဖြစ်၏။ မေတ္တာဖြစ်၏။ ထို့ကြောင့် ဓမ္မသည် ခပ်သိမ်းသော သူတို့နှင့် လျော်ကန်လျက်ရှိပေသည်။

ဝိပဿနာ ဓမ္မသည် လူများအား အဖွဲ့အစည်းနှင့်ရှိသော ကိုးကွယ်ရာ ဘာသာတခုမှ အခြား အဖွဲ့ဝင်အဖြစ်သို့ ပြောင်းသွားအောင် စိုးပြင်းမှု မရှိပေ။ ဓမ္မဘဝကို ရယူထားသူအဖို့ ယင်းသို့ အဖွဲ့တခုမှတခုသို့ ပြောင်းဝင်ခြင်းသည် အဓိပ္ပာယ်မရှိချေ။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကိုထုထောင်၍ ဓမ္မဘဝကို လေ့ကျင့်လျက်ရှိသူသည် ဟိန္ဒူပင်ဖြစ်စေ၊ ခရစ်ယာန်၊ မူစလင်၊ ဂျိန်းနှင့် ဂျူး ပင် ဖြစ်စေ၊ မိမိအဖြစ်ကို ပြောင်းလဲပြီးသား ပုဂ္ဂိုလ်မည်၏။ လွတ်မြောက်သော လမ်းကြောင်းပေါ်သို့ ရောက်သွားသူဖြစ်၏။ သို့သော် အလွန်ကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်ပင် ဖြစ်စေဦး၊ ယင်း သိက္ခာသုံးပါးကို မထူထောင်ဘဲနေလျှင်မူ၊ သူသည် တရားသမား မဟုတ်တော့ပေ။ လွတ်မြောက်ရေး လမ်းကြောင်းမှ အလွန် ဝေးကွာသွားပေပြီ၊ ဆရာကြီး ဦးဘခင်သည် ဤဂိုဏ်းဂဏ မခွဲခြားသောနည်းကို ပေးသဖြင့် ဦးဂိုအင်ကာ အပါအဝင် တပည့်တပန်းတို့က လိုက်နာကျင့်သုံးကြသည်။ နိုင်ငံမျိုးစုံမှ ကိုးကွယ်ရာ ဘာသာရေး အဖွဲ့ ပေါင်းစုံရှိ လူများကိုလည်း ဆွဲဆောင်လျက်ရှိသည်။ ယင်းပုဂ္ဂိုလ်များထဲတွင် လူဝတ်ကြောင်သာမက၊ အဖွဲ့စုံ၏ ထိပ်သီး ပုဂ္ဂိုလ်များလည်း ပါဝင်သည်။ သူတို့သည် ဝိပဿနာ တရားစခန်းများသို့ လာရောက် တရား အားထုတ်ကြ၍ တရား၏ လမ်းကြောင်းကို ကောင်းစွာ ကျေနပ် နှစ်သက်ကြသဖြင့် ယခုဆိုလျှင် အလားတူ တရားပတ်များကို ယင်းတို့အတွက်ရော၊ ဆိုင်ရာ နောက်လိုက်တပည့်တပန်းတို့အတွက်ပါ ဆက်လက် ဖွင့်လှစ်ပေးရန် မေတ္တာ ရပ်ခံနေကြပေသည်။

အိန္ဒိယပြည်တွင် ၁၉၆၉ ခုနှစ်၊ ဂျူလိုင်လ က ဦးဂိုအင်ကာ စ၍ ဖွင့်လှစ် ပေးခဲ့သော ဝိပဿနာ တရားပတ်များတွင် ဝင်ရောက် တရားအားထုတ်ကြသူတို့မှာ ဟိန္ဒူလူမျိုးက များသည်။ ထို့နောက် ဆက်ကာဆက်ကာ ဖွင့်ပေးသော တရားပတ်များ၌ ဟိန္ဒူများ တိုး၍ ပါဝင်လာကြသည်သာမက၊ တရားပတ်အတွက် စည်းရုံး စီစဉ်၍လည်း ပေးကြသေးသည်။

တရား သတင်း မွှေးပျံ့သင်းလေသောအခါ ခရစ်ယာန် သာသနာ့အဖွဲ့ ခေါင်းဆောင်များ၊ ဘုန်းကြီးနှင့် သီလရှင်များသည် ဒါလဟိုဇီ၊ ဘုံဘေ နှင့် မဒရပ် တရားပတ်များတွင် ဝင်ရောက်အားထုတ်ကြ၏။ ထို့ပြင် ခဒ္ဒါလာရှိ စိန့်မေရီဘုရားရှိခိုးကျောင်းတွင် ရိုမန်ကက်သလစ် ဘုန်းကြီးများနှင့် သီလရှင်များ အတွက် တရားပတ်အမှတ် ၈၇ ကိုလည်း သီးသန့်ဖွင့်ပေးရာ ပုဂ္ဂိုလ် တော်

တော်များများ (တရာကျော်) ပင် တရားအားထုတ်ခဲ့လေသည်။ သူတို့ ကြိုးစားမှုဖြင့် ရရှိသောအဖြေမှာ သူတို့မျှော်လင့် ထားသည့်အတိုင်း ဖြစ်ခဲ့၏။ သို့ဖြင့် ခရစ်ယန် အသိုင်းအဝိုင်း၏ မေတ္တာရပ်ခံချက်များ ပေါ်ထွက် လာခဲ့ပြန်ပေသည်။

အလားတူပင် ဘုံဘေ အာမက်ဒါဘက်နှင့် မော်ရီစီတို့တွင် ဖွင့်လှစ်ခဲ့သောတရားပတ်များတွင် ဂျိမ်းဘုန်းကြီးတချို့ တရားဝင်ခဲ့ပြီးနောက် ဘူ(ဂျ) ခရိုင်ဘာဒရက်ရ်ိင်ေါရှိဂျိန်းကျောင်းတော်ကြီးတွင် ဂျိန်းဝ ါဒီတို့အတွက် အဓိက ထားလျက် တရားပတ်ဖွင့်ရပြန်သည်၊ ဘုန်းကြီး၊ သီလရှင်နှင့်ဝတ်ကြောင်များစွာ တရားဝင်ကြ၏။ ထိုမှဆက်လက်၍ ကမ္ဗဒ္ဒန်း တရားပတ်များ ဖွင့်ပါဦးဟု တောင်းဆိုလာကြလေသည်။

ဂျိန်းဂိုဏ်းများအနက် အတိုးတက်ဆုံးဖြစ်နေသော တာရာပန္ထ်ဂိုဏ်း၊ ဂိုဏ်းအုပ် အာစရိယ သျှရီတူလ်စီကလည်း သူ၏ တပည့် ကြီးများ အတွက် တရားတပတ်ဖွင့်ပေးစေချင်သည်။ ထို့ကြောင့် နယူးဒေလီ၌ တရားပတ်အမှတ် ဂဂ ကိုဖွင့်ခဲ့ရ၏။ ထိပ်တန်းတာရာပန္ထ်ဂျိန်း ဘုန်းကြီး၊ သီလရှင်၊ ကိုရင်နှင့် လူဝတ်ကြောင်များ တရားအားထုတ်ကြပြီးလျှင် ကျေကျေနပ်နပ် ဖြစ်သွားကြလေသည်။

လာလှည့်၊ ရှုလှည့်ဟူသော တရားတော်၏ ဟေိပဿိ ဂုဏ်တော်မှာ ဂျိန်းဝါဒီများအတွင်း ပျံ့နှံ့သွား၍ မဟာဝီရ အထိမ်းအမှတ် ၂၅၀၀ ပြည့်ပွဲကြီးကျင်းပရန် စိုင်းပြင်းကြသည့် ဂျိန်းများသည် ဟိုက်ဒရာဘတ်တွင် ဖွင့်လှစ်သော ဇူလိုင် ၁၃-၁၄ တရားပတ်သို့ အနယ်နယ်မှ လာရောက် တရားအားထုတ်ကြပြန်သည်။ သို့ဖြင့် တရားလုပ်ငန်း၏ အဝန်းအဝိုင်းမှာ ထပ်မံကျယ်ပြန့်လာပြန်လေသည်။

ဓမ္မသည် သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံသည်။ အဓိပ္ပာယ်နှင့်ရသလည်း ဟပ်မိလှ၏။ ပင်ကိုယ်အားဖြင့်လည်း ထင်ရှားလှသည်။ လွယ်လည်း လွယ်ကူသည်။ ပေါ်ပေါ်လွင်လွင်လည်းရှိလှသည်။ သဘောပေါက်လွယ်သည်။ ထို့ကြောင့် လူတိုင်းလက်ခံနိုင်သော တရားဖြစ်လေသည်။

ဓမ္မသည် တွေးခေါ် မြှော်မြင်မှုနှင့် စိတ်ကူးယဉ်မှုမဟုတ်၊ ပုဂ္ဂိုလ်သေလွန်မှ ရရှိမည့် အရာလည်းမဟုတ်၊ သန္ဒိဋ္ဌိက ဂုဏ်နှင့်ပြည့်စုံသည်။ ယခုဘဝ ပစ္စက္ခကာလ၌ပင် ရယူနိုင်သည်။ အကာလိက ဂုဏ်တော်နှင့် ပြည့်စုံသည်။ အခါမလင့် အကျိုးပေးလေသည်။

ဓမ္မသည် ဩပနေယိက ဂုဏ်တော်နှင့် ပြည့်စုံသည်။ ဓမ္မလမ်းကြောင်းပေါ်၌ ကြိုးပမ်းသမျှမှာအချည်းအနှီးမဖြစ်ပေ။ ထိုက်လျောက်အပ်သောအဆင့်တိုင်းသည် ယောဂီပုဂ္ဂိုလ်အား ပန်းတိုင်နှင့် နီးစေသည်။ ဓမ္မသည်အစ၊ အလယ်

အဆုံး သုံးပါးလုံး ကောင်းမြတ်၍ အကျိုးများသည်။ ဓမ္မလမ်းကြောင်းပေါ် လျှောက်သူတိုင်း၏ ဘဝသည် ထင်ရှားသိသာ၍ ကောင်းမြတ်သော အပြောင်းအလဲကိုရရှိသည်။

ဓမ္မသည် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်နှင့် ပြည့်စုံသည်။ စစ်မှန်သော ရတနာ ၂ ဖြစ်၏။ ထူသား ပေသား ခံသည်။ ရွှေဇင် နှင့် လည်းတူ၏။ မီးဖြင့် အကျိုခံသည်။ ဓာတု ဗေဒ နည်းဖြင့် အစမ်းခံနိုင်သည်။ ဗုဒ္ဓဘာသာ ထေရဝါဒီဘုန်းတော်ကြီးများနှင့် ကျမ်းဂန်တတ်ပုဂ္ဂိုလ်များ ဇမ်းသပ် တွေ့သိ နေသော အရာလည်းဖြစ်သည်။ တရားပတ် (၇၉ မှ နာလန္ဒရှိ ပါဠိသုတေသနဌာနအတွက် သီးသန့် ဖွင့်ပေးရသော တရားပတ်ဖြစ်၏။ ညွှန်ကြားရေးမှူးအပါအဝင် ပါမောက္ခများ သုတေသီများ ဝင်ရောက် တရားအားထုတ်ကြည့်ကြရာ၊ တရားကျင့်သုံးရသော နည်းနာကို သူတို့က ရှင်းလင်းသန့်စင်ကြောင်းနှင့်တကွ ပြီးမောက်ပြည့်စုံပုံတို့ကို ဖော်ထုတ် ချီးကျူးကြသည်။ တရားကို သိပ္ပံသုတေသီများလည်း စမ်းသပ်ကြ၏။ ဆေးလောကမှ ထိပ်သီးများသည် ကိုယ်တိုင် တရားအားထုတ်ကာ ယင်းလုပ်ငန်း၏ ထိရောက်မှုကို လက်ခံကြလေသည်။ တရားပတ်အမှတ် (၇၂)မှာ အူရှ်လီကင်ချန်ရှိ သဘာဝကုသမှုဌာနတွင် ဖွင့်လှစ်ရသော အပတ်ဖြစ်သည်။ တရားဝင်သူများသည် စိတ်နှင့်ဆိုင်ရာ ဝေဒနာရှင်များဖြစ်ရာ၊ ကမ္မဋ္ဌာန်းတရားသည် သူတို့၏ ရော ါအတွက် အကျိုးဖြစ်ထွန်းကြောင်း တွေ့သိ သွားကြသည်။ ဗာရာဏသီတွင် တရားပတ်အမှတ် (၈၇) ဖွင့်သည့်အချိန်၌ ဗာရာဏသီ ဟိန္ဒူဆေးတက္ကသိုလ် သုတေသီအဖွဲ့သည် တရားဝင်မည့်သူများအား တရားအားမထုတ်ခင်နှင့် တရားအားထုတ်ပြီးသည့်နောက်တွင် ကာယနှင့် စိတ္တသုတေသနများ ပြုလုပ်ကြ၏။ ဟင်းသို့ သုတေသနနှင့်ပတ်သက်၍ တရားဝင်ခိုင်လုံသော အစီရင်ခံစာ အပြည့်အစုံ ထွက်ပေါ်မလာသေးသော်လည်း သူတို့နှင့်လက်လှမ်းမှီသမျှ သိရှိခဲ့သော အချက်စုများအရ၊ သူတို့တွင် တကယ်ပင် တိုးတက်မှုရှိခဲ့ကြောင်း သက်သေခံနေပေသည်။

ကာယိကဝေဒနာ ပျောက်ကင်းသွားခြင်းသည် တရားအားထုတ်ခြင်း၏ နောက်ဆွယ်မှ ရလဒ်သာဖြစ်သည်။ ဝိပဿနာ၏ ရည်ရွယ်ချက်ကား စိတ်ဝေဒနာကို ကုသခြင်းဖြစ်သည်။ စိတ်ကို လောဘ၊ ဒေါသ၊ မောဟ ဟူသော ဝေဒနာ ရရာရကြောင်း ဒုက္ခရရာရကြောင်းတို့မှ ကင်းစေရန်ဖြစ်သည်။

အားလုံးနှင့်မကင်းသော ဒုက္ခကို လူတိုင်းပင် ကင်းဝေးလိုကြသည်။ ဝိပဿနာသည် ဤအများဆိုင်ရောဂါအတွက် အားလုံး မှီဝဲနိုင်သောဆေးနည်းဖြစ်သည်။ ဒုက္ခခံနေရသည့်လူများအဖို့ ယင်းတရားမှာ အဆောတလျင်လိုအပ်

နေသည်။ ဝိပဿနာသည် ကမ္ဘာအနှံ့သို့ ဖြည်းဖြည်းမှန်မှန် ပျံ့နှံ့လျက်ရှိပေပြီ။ တွန်းအားပေးနိုင်ခြင်းသည် ဓမ္မ၏ဂုဏ်တရပ် ဖြစ်ပါ၏။

ဤ အံ့သြဖွယ်ဆေးစွမ်းကောင်း ဖြစ်သည်။ တရားသဘောဝါဒ ကင်းသော အံ့သြဖွယ်ဓမ္မ၊ ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏစွဲကင်းသော၊ မျက်စိစုံမှိတ်၍ ယုံကြည်ရမှုကင်းသော၊ စိတ်ကူးယဉ်မှုကင်းသော၊ ဆံခြည်မျှင်စိတ်၍ ငြင်းခုန်ဖွယ် အတွေးအမြင်များ ကင်းသောဓမ္မ၊ အမျှားနှင့်ဆီလျော်ပြီး လူသားဆံလှသော ယခုဘဝနှင့်ဆိုင်သော သိပ္ပံနည်းကျ၍ လက်တွေ့ဝါဒဖြစ်သော ဓမ္မ၊ လူတိုင်း ကျင့်သုံး၍ ကောင်းချီးပေးမည့်ဓမ္မကို ချီးမြှင့်ခဲ့သည့် ဗုဒ္ဓရှင်တော်ဘုရား၏ဂုဏ် ကျေးဇူးတော်ကား ကြီးမားလှပေစွ။

နှစ်ပေါင်း (၂၅၀၀) ကျော် အကြာက ဤအံ့ဖွယ်ဓမ္မအမြစ်တွယ်ရာ အိန္ဒိယပြည်ကြီး၏ ကျေးဇူးသည်လည်း ကြီးမားလှပါ၏။

ဓမ္မကို ရာစုနှစ်နှင့်ချီ၍ အစစ်အမှန်အတိုင်း ထိန်းသိမ်းလာခဲ့သော ဓမ္မ နယ်မြေ မြန်မာပြည်၏ ကျေးဇူးသည်လည်း ကြီးမားလှပါဘိ။

တရားပြဆရာစဉ်ဆက်တွင် ထင်ရှားသော ပုဂ္ဂိုလ်တဆူဖြစ်သည့် ဆရာကြီး ဦးဘခင်၏ ဂုဏ်ကျေးဇူးသည်လည်း ကြီးမားပါဘိတောင်း။

ဒုက္ခသည် လူ့ဘောင်ကြီးအား အကျိုးပြုရေးအတွက် မိမိတို့ဘဝကို တရားဘက်တွင် မြှုပ်နှံလျက် ဝိပဿနာတရားသုပ်င်နီး ပျံ့နှံ့စေလျက် ရှိသော ဆရာကြီး ဦးဘခင်၏ တပည့်ကြီးများဖြစ်ကြသူ မိခင်ဆရာမ ဒေါ်မြသွင်၊ ဦးကိုအင်ကာ နှင့် အခြား အလားတူပုဂ္ဂိုလ်များ၏ ကျေးဇူးတရားသည်လည်း ကြီးမား ပါပေသည်။

ဝိပဿနာတရားသည် မောဟ နှင့် ဒုက္ခအမှောင်အား ဖယ်ရှားရန် ဤ ကမ္ဘာတွင် ထပ်မံ၍ ထွန်းလင်းပါစေ။

သတ္တဝါအားလုံး ပျော်ရွှင်ချမ်း လွတ်မြောက်ကြပါစေ။

သဗ္ဗပါပဿ၊ အကရဏံ
ကုသလဿ ဥပသမ္ပဒါ
သစိတ္တ ပရိယော ဒပနံ
ဧတံ ဗုဒ္ဓါန သာသနံ။

ဒုစရိုက်တရား အားလုံး အဆုံးသတ်ရန်
သုစရိုက်တရား အားလုံး ပြည့်စုံရန်
စိတ်ကို ဆေးကြောသန့်စင်ရန်—

တို့မှာ ဘုရားရှင်စဉ်ဆက် ဟောမြွက်ခဲ့သော တရားပင်ဖြစ်သည်။

နေသည် နေ့အခါတွင်သာ ထွန်းလင်း တောက်ပ၏။ လသည် ညအခါ ၌သာ ထွန်းလင်း တောက်ပ၏။ ပြည့်ရှင်မင်းသည် လက်နက် တန်ဆာ ဖြင့်သာ တင့်တယ်၏။ ဗြာဟ္မဏသည် ဈာန်ဖြင့် တင့်တယ်၏။ ဘုရားရှင်ကား နေ့ရော ညပါ ဘုန်းတန်ခိုးဖြင့် ထွန်းလင်းတောက်ပ၏။ (ဓမ္မပဒ-၃၈၇)

စိရံ တိဋ္ဌတု သဒ္ဓမ္မော
ဗုဒ္ဓတရားတော် အစဉ်လွှမ်းမိုး တည်စေသော်။

× × ×

(**မှတ်ချက်** — ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ်မှ ဝိပဿနာ သုတေသနပြုလုပ်ချက် စာတန်းကို ၁၉၅၇ ခု၊ ဒီဇင်ဘာလထုတ်၊ အိန္ဒိယ ဆေးဘက်ဆိုင်ရာ သိပ္ပံဂျာနယ်တွင် ထည့်သွင်းဖော်ပြလိုက်ပေပြီ။ ဝိပဿနာကျင့်စဉ်သည် အမှန် ကာယ၊ စိတ္တ သုခ ပေး စွမ်း နိုင်ကြောင်း သိပ္ပံစမ်းသပ်ချက်များဖြင့် တောက်ခံခဲ့ပေပြီ။ )

**ဦးဂိုအင်ကာအား ဘွဲ့ထူး၊ ဂုဏ်ထူးများဖြင့် ဂုဏ်ပြုကြခြင်း**

ဆရာကြီးကွယ်လွန်သည့် တနှစ်မြောက်နေ့ အထိမ်းအမှတ်အဖြစ် ဦးဂိုအင်ကာနှင့် ဇနီး၊ ညီနှင့် ဆွေမျိုးသားချင်းတို့သည် ဗုဒ္ဓဂယာ၌ ၁၀ ရက်တရားတပတ်ဝင်ခဲ့ကြသည်။ ၁၀ ရက်ပြည့်မြောက်သော ၁၉-၁-၇၂ နေ့တွင် အိန္ဒိယပြည်ရှိ မြန်မာသံဃာတော်များ၊ အခြားဗုဒ္ဓဘာသာရဟန်းတော်များကို ပင့်ဖိတ်၍ အလှူကြီးပေးခဲ့သည်။ ဂယာမြို့အနီးရှိ ရွာများမှ ဆင်းရဲသူ၊ ဆင်းရဲသားတို့ကိုပါ ဖိတ်ကြား၍ ကျွေးမွေးသည်။ အဝတ်အစားများ လှူဒါန်းခဲ့သည်။ ပရိသတ် လွန်စွာများပြား၍ မထိန်းသိမ်းနိုင်သော အခြေသို့ပင်ရောက်ခဲ့လေသည်။

အလှူရေစက်ချပွဲ၌ သံဃာရာဇာမထေရ်ကြီးက၊ ယခုအခါ အိန္ဒိယတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ဝိပဿနာ ဘာဝနတရား လွန်စွာ ထွန်းကား လာကြောင်း၊ ဆရာကြီးဦးဘခင်နှင့် ဦးဂိုအင်ကာတို့၏ ကျေးဇူးများကြောင့် လုံ့လဝီရိယများကြောင့် ဤသို့ထွန်းကားလာရကြောင်း မိန့်ကြားပြီး၊ ဦးဂိုအင်ကာအား "ဓမ္မမူရတိ" ဘွဲ့ထူးကို ချီးမြှင့်အပ်နှင်းတော်မူခဲ့ပါသည်။ ဓမ္မမူရတိသည် ဟိန္ဒူစကားဖြစ်၍ ဓမ္မာရုပ်ပုံလွှာ၊ ဓမ္မသရုပ်ဆောင်၊ အဓိပ္ပာယ်ရသည်ဟု သိရှိရပါသည်။

× × ×

တဖန် ၁၉၇၇ ခု၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဘီဟာပြည်နယ်၊ နာလန္ဒတက္ကသိုလ်က၊ ဒုထူး ဘွဲ့နှင်း သဘင်ပွဲ ကျင်းပ၍ ဦးဂိုအင်ကာအား

"ဝိဇ္ဇာဝိရိယဒ္ဒိ" ဂုဏ်ထူးဆောင်၊ ဒေါက်တာဘွဲ့နှင်းအပ်၍ ဂုဏ်ပြုခဲ့ပါသည်။ ယင်း အခမ်းအနားၤ၌ တက္ကသိုလ် ပါမောက္ခချုပ်ကဦးဂိုအင်ကာ၏ သာသနာပြုလုပ်ငန်းများကို ချီးကျူးပြောဆိုရာ၌ ဦးဂိုအင်ကာသည် ဗုဒ္ဓ၏ တရားတော်မြတ်ကို မြန်မာပြည်မှ အိန္ဒိယပြည်သို့ ပြန်လည်ယူဆောင် လာနိုင်ခဲ့ကြောင်း၊ အိန္ဒိယပြည်တွင် အမြို့မြို့အနယ်နယ်လှည့်လည်ကာ ၁၀ ရက် တရားပတ်များပြုလုပ်ခဲ့ကြောင်း၊ ကမ္ဘာ့အရပ်ရပ်မှ လာရောက်ခါ၊ ဗုဒ္ဓတရားမြတ်ကို လက်တွေ့သင်ယူအားထုတ်စေခဲ့ကြောင်း၊ နာလန္ဒဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခများ၊ ဘွဲ့လွန်သင်တန်းသားများအတွက် အထူးတရားပတ်များ ပြုလုပ်ပေးခဲ့ရာ ဗုဒ္ဓတရားတော်နှင့်ကိုက်ညီစွာ လက်တွေ့အကျိုးထူးများ ရရှိခံစားခဲ့နိုင်ကြောင်း၊ ဤချီးကျူးဘွယ်ဂုဏ်ပုဒ်များကြောင့် ၊ရှရီ၊ ဆတ္တရာ၊ နာရယံ၊ ဂိုအင် ကာ ဂျီအား ဤကဲ့သို့ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့၊ နှင်းအပ်ဂုဏ်ပြုရကြောင်း၊ အကျယ်တဝင့် ရှင်းလင်းပြောပြသွားခဲ့ပေသည်။

× × ×

## အိန္ဒိယပြည်နယ် အစိုးရများအား ကူညီဆောင်ရွက်မှု

အိန္ဒိယပြည် အနယ်နယ်အရပ်ရပ်တွင် တရားပတ်များ ဖွင့်လှစ်ပေးနေသော ဦးဂိုအင်ကာအား မိမိတို့အဖွဲ့အစည်းလိုက်၊ သီးခြားတရားပြသမှု ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံလာကြသည်။ အိန္ဒိယတပြည်လုံးရှိ ဂျိန်းဘာသာဝင် ဘုန်းတော်ကြီးများနှင့် သီလရှင် များသည် တနှစ်တကြိမ် စုပေါင်းပြီး သီးသန့်အား ထုတ် လိုကြ သဖြင့် အထူး တရား ပတ်များ စီစဉ် ပေးခဲ့ရသည်။ ထိုနည်းတူစွာ ဘုရင်ဂျီ ဘုန်းတော်ကြီး ဖားသား ကပူးရှင်နှင့် သီလရှင်ကြီး မေရီ တို့က စတင်၍ ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့ကြရာ၊ လွန်စွာအကျိုးထူးကြောင်း သိရှိသွားခဲ့ကြသည်။ ထို့ကြောင့် ၁၉၇၂-ခုနှစ်၌ အိန္ဒိယတိုက်ယ်ရှိ ဘုရင်ဂျီ ဘာသာဝင် ဘုန်းတော်ကြီးများ နှင့် သီလရှင်များ အားလုံး အတွက် တနှစ်တကြိမ် သီးခြား တရားပတ်များ စီစဉ် ပေးခဲ့ရပေသည်။

ထိုမှတဆင့်တက်၍ ဘီဟာပြည်နယ်နှင့် ရာဂျစတန်ပြည်နယ် အစိုးရများကလည်း ဝိပဿနာတရား အားထုတ်ခြင်း၏ အကျိုးကျေးဇူးများတွင် စိတ်ပါဝင်စား လာကြကာ၊ ထူးခြားသော မေတ္တာရပ်ခံချက်များ ပြုလုပ်လာကြသည်။ ရာဂျစတန်အစိုးရသည် ဂျေပူမြို့ ထောင်ကြီး၌ အကျဉ်းကျနေသော ထောင်သား (၁၁၀) ကို တရား ပြသပေးရန် ဦးဂိုအင်ကာ အား ဖိတ်ကြား ခဲ့သည်။ တရား အားထုတ်ပြီးသော အကျဉ်းသမားများ၏ အကျင့်စာရိတ္တ နှင့် ပေါင်း

သင်း ဆက်ဆံရေးမှာ ကောင်းရာဘက်သို့ သိသိသာသာ တိုးတက် ပြောင်းလဲသွားကြောင်း တွေ့ခဲ့ကြသည်။

ထောင်သားများ၏ ပြောင်းလဲမှုကိုအကြောင်းပြု၍ ရာဂျစတန် ပြည်ထဲရေး ဌာနက ရဲဝန်ထမ်း (၁၀၀) ကျော်အား ဝိပဿနာတရား အားထုတ်စေခဲ့ပြန်သည်။ ရဲ ဝန်ထမ်းများတွင် ဝါရင့် အရာရှိများ၊ အလုပ်ခန့်စ အရာရှိများနှင့် ရာထူးတိုး အရာရှိများ ၃-စု ပါဝင်ခဲ့သည်။ ၎င်းတို့အပေါ် ဝိပဿနာကမ္မဋ္ဌာန်း လုပ်ငန်းက မည်သို့ အကျိုးသက်ရောက်မှုရှိကြောင်း စုံစမ်းရန်၊ ဂျေပူမြို့ရှိ ရာဂျစတန်တက္ကသိုလ်အား သိပ္ပံသုတေသန ပြုစေခဲ့လေသည်။

တက္ကသိုလ် သိပ္ပံအဖွဲ့သည် တရားထိုင်ကြသော ရဲအရာရှိများ၏အမှတ်သတိ ရှိမှု၊ ဖြတ်လတ်သွက်လက်မှုနှင့် စိတ်တည်ငြိမ်မှုများကို သိပ္ပံကိရိယာများနှင့် တိုင်းတာ လေ့လာခဲ့ကြသည်။ အုပ်စု ၃-ခုစလုံးမှ ရဲအရာရှိများသည် တရားထိုင်ကြပြီးနောက် အမှတ်သတိ ပိုမိုကောင်းလာကြကြောင်း၊ ပိုမိုဖြတ်လတ်လာကြောင်း၊ စိတ် ပိုမိုတည်ငြိမ်လာကြောင်း တွေ့ခဲ့ကြသည်။ ထို့ပြင် ရဲအရာရှိများသည် လူထုနှင့်၎င်း၊ လက်အောက် ငယ်သားများနှင့်၎င်း ဆက်ဆံရာတွင် ပိုမိုယဉ်ကျေး နူးညွှံ့၍ တည်ငြိမ်ချေမ်း လာကြောင်းကိုလည်း တွေ့ရှိရသည်။ ဤသို့ဖြင့် မေတ္တာရှင် ဂိုအင်ကာဂျီသည် ဆရာကြီး၏မေတ္တာကို ခံယူကာ၊ ဂျေပူမြို့တွင် အကျဉ်းသမားများနှင့် ရဲအရာရှိသင်တန်း တက်သူများအား နှစ်စဉ် တရား ပြသပေးလျက် ပြည်နယ်အစိုးရအား အကူအညီ ပေးနေရပေသည်။

× × ×

## (၃) အမြဲတန်း ဝိပဿနာကမ္မဋ္ဌာန်းဌာန ဖွင့်လှစ်ခြင်း။

ဦးဂိုအင်ကာသည် အိန္ဒိယပြည်တွင် အနယ်နယ် လှည့်လည်၍ ယာယီ တရား စခန်းများ ဖွင့်လှစ် တရားပြသခဲ့ရာမှ (၁၀) နှစ် ပြည့်မြောက်သော ၁၉၇၉-ခုနှစ်တွင်၊ အမြဲတန်း ဝိပဿနာကမ္မဋ္ဌာန်းဌာန (၃)ခုကို ပြည်နယ်ကြီး (၃) နယ်တွင် အခြေစိုက် တည်ထောင်နိုင်ခဲ့ပေသည်။

၁။ အိန္ဒိယတပြည်လုံးအတွက် ဘုံဘေပြည်နယ်၊ အီဂတ်ပူရီ မြို့ငယ်၌ အခြေစိုက်သော ဗဟိုပင်မ၊ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ တရားဌာန။

(The Vipassana International Academy.... Igatpuri.

၂။ အိန္ဒိယပြည် တောင်ပိုင်းအတွက် အန္ဓြာပရာဒေါက်ရှ်ပြည်နယ်၊ ဟိုက်ဒရာဘာဒ်မြို့တွင် အခြေစိုက်သော အပြည်ပြည် ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်း ဌာန။

(The. Vipashyana International Meditation Centre.... Hyderabad

၃။ အိန္ဒိယမြောက်ပိုင်းအတွက်၊ ရာဂျစတန်ပြည်နယ်၊ ဂျေပူမြို့တွင် အခြေစိုက်သော အပြည်ပြည်ဆိုင်ရာ ဝိပဿနာ ကမ္မဋ္ဌာန်းဌာန။ ဟူ၍ အခြေစိုက်တရားဌာန(၃) ခုကို တည်ထောင်ဖွင့်လှစ်ခဲ့ပေပြီ။

အီဂတ်ပူရီမြို့ရှိ ဗဟို ပင်မတရားဌာနကို အထက်တွင် ဖော်ပြခဲ့သော ဘုံဘေမြို့၊ ဆရာကြီး ဦးဘခင် အထိမ်းအမှတ်ရံပုံငွေအဖွဲ့မှ ဂေါပက လူကြီးများက တာဝန်ယူ၍ ကြီးကြပ်ဆောင်ရွက်လျက် ရှိကြပေသည်။ ဂျေပူနှင့် ဟိုက်ဒရာဘဒ်ဌာနများကိုလည်း ပြည်နယ်ဆိုင်ရာ "ဆရာကြီးဦးဘခင် အထိမ်းအမှတ် ရံပုံငွေ" အဖွဲ့အသီးသီးမှ ဂေါပကလူကြီးများက၊ ကြီးကြပ်အုပ်ချုပ်လျက် ရှိကြပေသည်။

**အီဂတ်ပူရီမှ၊ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ ဗဟိုပင်မ တရားဌာန။**

ဘုံဘေမြို့တွင် ဆရာကြီးဦးဘခင် အထိမ်းအမှတ် ရံပုံငွေ စတင်ဖွင့်လှစ်ခြင်း၏ ဦးတည်ချက်မှာ ဂိုအင်ကာ၏ သာသနာပြုလုပ်ငန်းအတွက် ဘုံဘေတွင်·အခြေစိုက်သော အမြဲတမ်းကမ္မဋ္ဌာန်း ဌာနတခု တည်ထောင်ဖွင့်လှစ်ရန် အဓိကဖြစ်ပေသည်။ ရံပုံငွေဖွင့်လှစ်ပြီးသည်နှင့် တပြိုင်နက်၊ ဂေါပကလူကြီးများနှင့် ဦးဂိုအင်ကာ၏ တပည့်အပေါင်းတို့သည် သင့်တော်မည့်နေရာများကို ဘုံဘေမြို့အနီးတဝိုက်၌ အပူတပြင်း လိုက်လံ ရှာခဲ့ကြပေသည်။ ၁၉၇၃ ခု၊ ဒီဇင်ဘာလတွင် အီဂတ်ပူရီမြို့ငယ်အနီး၌ တောင်ကုန်းတခုကို တွေ့ရှိခဲ့ကြသည်။

အီဂတ်ပူရီမြို့သည် ဘုံဘေမြို့ အရှေ့ဘက် (၈၅) မိုင်အကွာ၊ ပေ (၂၀၀၀) မြင့်သော ကုန်းမြေမြင့်အစွန်း၌တည်ရှိသည်။ လူဦးရေ(၁၀၊ ၀၀၀) မျှသာရှိသော မီးရထားလမ်းဖြတ်သွားသည့် မြို့ငယ်ကလေးဖြစ်သည်။ဂေါပက လူကြီးများနှင့် တပည့်အပေါင်းတို့ တွေ့ရှိရွေးချယ်ခဲ့ကြသည့်နေရာမှာ၊ အီဂတ်ပူရီမြို့ အပြင်ဘက် (၁၀) မိနစ်ခန့် သွားရသော တောင်ကမူကလေးဖြစ်သည်။ မြို့မြေမျက်နှာပြင်ထက်၊ ပေ (၁၀၀) ခန့်မြင့်သည်။ စိမ်းလန်းစိုပြေ၍ မြင့်မားသော တောင်တန်းကြီးက နောက်ခံပြုလျက်ရှိသည်။ ရေတံခွန်များ တသွင်သွင် စီးကျနေသည်။

ယင်းရှုမြင်ခင်းကို ရှုစားယင်း (ဒီနေရာကို ဒို့က ရှာတွေ့တာမဟုတ်ဘဲ၊ နေရာက ဒို့ကို ခေါ်ယူတာနှင့်တူတယ်။) ဟု ဦးဂိုအင်ကာက သူ့တပည့်များအား ဝမ်းသာအားရ ပြောပြခဲ့သည်။ ဧက (၂၀) ကျယ်ဝန်းပြီး သရက်ပင် များ အုပ်ဆိုင်းနေသော ကုန်းမြေပြန့်တခွင် လှည့်လည် ကြည့်ရှုပြီးနောက်၊

ခေတ္တ တရားအာရုံပြုခါ "အေး၊ ဒီနေရာဘဲ ဝယ်ကြပေတော့" ဟု ဦးကိုအင်ကာက အမိန့်ပေးခဲ့လေသည်။ ဤနေရာတွင် ဦးကိုအင်ကာ ဆောင်ရွက်ပုံနှင့် မိန့်ကြားပုံတို့မှာ ၁၉၅၂ ခုက ရန်ကုန်မြို့တွင် ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်နှင့် လုံးဝ တူညီနေပုံကို သတိရရှိစေပါသည်။ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ တိုးချဲ့ဆောင်ရွက်ရန်နှင့် အမြဲတမ်း ရိပ်သာဖွင့်လှစ်ရန်၊ ဦးချစ်တင် စသည့်တပည့်ကြီးများက ရန်ကုန်မြို့တဝိုက် အနှံ့အပြား နေရာရှာခဲ့ကြသည်။ သရက်ပင်များ အုပ်ဆိုင်းလျက်ရှိသည့် တောင်ကမူကလေးကို အင်းယားမြိုင်လမ်းကြားတွင်တွေ့ရှိသောအခါ ဆရာကြီးသည် ထိုနေရာကို သွားရောက်ကြည့်ရှုခဲ့သည်။ တောင်ကမူတခိုက် လှည့်လည်ကြည့်ရှုပြီး၊ နောင် ဓမ္မရောင်ခြည်စေတီတည်ဆောက်မည့် နေရာ၌ အရှေ့ဘက်မျက်နှာပြုလျက် တရားအာရုံပြုခါ "အေး၊ ဒီနေရာဘဲ၊ ဝယ်ကြပေတော့" ဟု အမိန့်ပေးခဲ့ပါသည်။

အိဂတ်ပူရီတောင်ကုန်းမှာ အင်းယားမြိုင်စေတီတည်ရာ ဌာနလောက်၊ မြေခံပသန့်ပြန့်ခဲ့ပါ။ လွန်စွာကြမ်းခဲ့ပါသည်။ တောင်ခြေတွင် ဟိန္ဒူမျိုးသဂြိုဟ် ဇရပ်၊ မူဆလင်သုသာန်၊ ပါရစီသင်္ချိုင်း၊ ဆိတ်သတ်ရုံ၊ မြို့၏အမှိုက်ပုံ စသည့် အနိဋ္ဌာရုံများပတ်ပတ်လည် ဝိုင်းရံနေပါသည်။ "ဒီကုန်းမြင့် သာယာဆီရောက်နိုင်အောင် တရားသမားဟာ အဲဒီအနိဋ္ဌာရုံကို ဖြတ်ကျော် လာနိုင်ရမှာပေါ့" ဟု ဦးကိုအင်ကာက မှတ်ချက်ချခဲ့ပေသည်။ ဤသို့ပြောဆိုနေကြစဉ်၊ တောင်အောက်၌ အလောင်းကောင် တကောင်ကို ဖုတ်ကျဉ်းမီးသဂြိုဟ်လျက်ရှိပေရာ "တရားသမားဟာ နောက်ဆုံးတော့ လူတိုင်းဒီလိုဘဲ ဘဝနိဂုံးချုပ်ရမှာဘဲလို့ သံဝေဂ ဉာဏ် ပွားနိုင်ကြမယ်" ဟု မှတ်ချက်ချခဲ့ပြန်သည်။

× × ×

နောက်ဆုံး ဝယ်ယူလိုက်သော ကုန်းမြေပြန့် အကျယ်အဝန်းမှာ ၂၅ ဧကရှိလေသည်။ ပိုင်ရှင်များ နွေရာသီ အပမ်းဖြေ အသုံးပြုသည့် ဘန်ဂလို အဆောက်အဦး (၃၊၄) လုံးပါဝင်သည်။ သာသနာ့ နယ်မြေအဖြစ် ပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ စာချုပ် ချုပ်ခြင်း၊ နာမည်လွှဲပြောင်းမှတ်ပုံတင်ခြင်းစသည့် ကိစ္စများသည် တနှစ်နီးပါးကြာသွားခဲ့သည်။ အိဂတ်ပူရီကုန်းမြင့် နယ်မြေကို "ဦးဘခင် အထိမ်းအမှတ် ဖောင်ဒေးရှင်း" မှ အပြီးအပိုင် ဝယ်ယူလိုက်၍အဖွဲ့ကြီးပိုင် ပစ္စည်းအဖြစ် တရားဝင်စာချုပ် ချုပ်ဆိုလိုက်ပြီဟူသော မင်္ဂလာသတင်းသည် အင်ဒိုမြို့တွင် တရားတပတ်ပြနေသော ဦးကိုအင်ကာထံ ရောက်ရှိလာသည်။ ထိုတရားပတ်မှာ ဦးကိုအင်ကာ အိန္ဒိယပြည်တွင် တရားပြသသည့်အကြိမ် ၁၀၀ မြောက် တရားပတ်ဖြစ်သည်။ ကမ္ဘာတဝှမ်းရှိ၊ ဦးကိုအင်ကာ၏ တပည့်များသည် မိမိတို့နေရာ အသီးသီးတွင် တချိန်တည်း၊ တပြိုင်နက်၊ အဓိဋ္ဌာန်တရားထိုင်ကြ၍၊ ဦးကိုအင်ကာထံသို့ စုပေါင်းမေတ္တာ ပို့လွှတ်နေသော အချိန်ဖြစ်ပေသည်။

ရှေးဦး ဆောင်ရွက်ချက်အနေဖြင့် ကုန်းမြင့်နယ်ကို အခိုင်အမာ ခြံဝင်း ကာရံ၍ နယ်မြေသတ်မှတ်စေသည်။ ထို့နောက် မြေပေါ်တွင် ပါရှိသော အဆောက်အဦးကို အလျင်အမြန် ပြင်ဆင်မွမ်းမံစေ၍ တပည့်ကြီးများအား၊ ထိုအဆောက်အဦးများတွင် ကမ္မဋ္ဌာန်းတရား စတင်ပွားများကြစေသည်။ ၁၀ ရက်တရားပတ်၊ ၂၄ ရက်တရားပတ် စသဖြင့် တရားရင့်ကျက်ပြီး တပည့်ကြီးများ၊ အဆက်မပြတ် ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ကြခါ၊ ရိပ်သာနယ်မြေကို သန့်စင်ရေးကို စတင်ဆောင်ရွက်ကြသည်။

၁၉၇၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့သည် ကမ္ဘာ့သာသနာပြု သမိုင်းတွင် မှတ်တမ်းဝင်နေ့ရက် တရက်ဖြစ်ခဲ့ပေသည်။ ထိုနေ့တွင် သာသနာပြုဆရာကြီး ဦးဂိုအင်ကာသည် ပိသုကာကြီးများ၊ အင်ဂျင်နီယာကြီးများ ခေါ်ဆောင်၍ အီဂတ်ပူရီ သာသနာ့ကုန်းမြေသို့ ရောက်ရှိလာခဲ့သည်။ အမြဲတမ်း သာသနာ့ ဗိမာန်ကြီး တည်ဆောက်မည့် အစီအစဉ်ကို ဦးဂိုအင်ကာက တင်ပြ၍ ပိသုကာကြီးများ၊ အင်ဂျင်နီယာများ၊ ဂေါပကလူကြီးများ၊ နိုင်ငံပေါင်းစုံမှ တပည့်ကြီးများ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထိုအချိန်တွင် မူလဘန်ဂလို အဆောက်အဦးများကို ပြုပြင်မွမ်းမံပြီးစီးခဲ့၍၊ ကုန်းမြေပြန့်ပေါ်အထိ၊ လမ်းများဖောက်လုပ်ပြီးစီးခဲ့ကြချေပြီ။

ဦးဂိုအင်ကာ တင်ပြသည့် သာသနာ့ဗိမာန်ကြီး ဆောက်လုပ်ရန် အစီအစဉ်မှာ လွန်စွာကြီးကျယ် ခန်းနားလှ၍၊ ပထမအဆင့် လုပ်ငန်းများ သည်ပင် အမေရိကန်ဒေါ်လာ ၁ သိန်းကုန်ကျပေမည်။ ပထမအဆင့် ဆောက်လုပ်ရေး အစီအစဉ်တွင်—

(၁) တရားသမားအားလုံး နေရာချထားပေးနိုင်မည့် ဓမ္မာရုံအဆောက်အဦး။
(၂) လူ (၂၀၀) စာ ချက်ပြုတ်၊ ကျွေးမွေးနိုင်မည့်အဟာရဆောင်။
(၃) ဓာတ်မီး၊ မိန်းလိုင်း၊ ရေမိန်းလိုင်းနှင့် ရိပ်သာတွင်း ဖြန့်ဝေမည့် ဓာတ်အားလိုင်းများ၊ ရေပိုက်လိုင်းများ။
(၄) ရေဆွဲအိမ်သာ၊ မိလ္လာပိုက်လိုင်းနှင့် မိလ္လာကန်များ။
(၅) တယောက်ထိုင် တရားခန်း (၁၀၀) ပါဝင်သည့် မြင်းခွာပုံ အဆောက်ဦး (ဓမ္မာရုံပတ်လည်တွင် တည်ဆောက်ရန်။)
(၆) "ဗဟိုပင်မ ဓမ္မဓာတ်အားရုံ" ရန်ကုန်မြို့ အင်းယားမြိုင်ရိပ်သာရှိ ဗဟိုလိုဏ်ဂူနှ ် ဓမ္မရောင်ခြည်စေတီတော် ပုံစံအတိုင်း ရှစ်မြောင့် ပုံသဏ္ဌာန် တရားခန်းများ ခြံရံထားသော ဗဟိုတရားလိုဏ်ဂူနှင့် ဓမ္မစေတီတော်။ (ဓမ္မလိုဏ်ဂူနှင့် စေတီသည် ဓမ္မာရုံနှင့် တဖြောင့်

တည်းတည်းရှိမည်ဖြစ်၍၊ မြင်းခွာပုံ အဆောက်အဦးက ယင်းနှစ်ခုစလုံးအား ဝန်းရံထားမည်။)

(၇) တရားသမား (၁၃၀) နေထိုင်ရန် အိပ်ခန်းဆောင်များ။ (မူလပါရှိသည့် အဆောက်အဦးများတွင် တရားသမား (၇၀)နေရာချထားပေးနိုင်သည်။)

(၈) ကမ္မဋ္ဌာန်းပြဆရာများ နေထိုင်ရန် အဆောက်အဦးနှင့်၊

(၉) ခိုင်ခန့်သော ခြံဝင်း အုတ်တံတိုင်းများ ပါဝင်သည်။

မမ္မလိုက်ဂူစေတီ၊ ဓမ္မာရုံနှင့် ကမ္မဋ္ဌာနာစရိယ နေအိမ်တို့သည် ရန်ကုန်၊ အင်းယားမြိုင်ရိပ်သာ ပုံစံအတိုင်း တဖြောင့်တည်းတည်း ရှိကြမည်။ "ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် အစဉ်အတိုင်း တဖြောင့်တည်း တည်နေကြပါသည်" ဟု ဦးဂိုအင်ကာက ပြောကြားခဲ့သည်။

အစီအစဉ်များ တင်ပြ ဆွေးနွေးကြပြီးနောက်၊ ဓမ္မလိုက်ဂူနှင့် စေတီတော် တည်ဆောက်မည့်နေရာကို ဦးဂိုအင်ကာက သတ်မှတ်ပေးသည်။ ယင်းနေရာ၊ ကွင်းပြင်ကျယ်တွင် တရားရင့်ကျက်ပြီးသော တပည့်ကြီးများဖြစ်သည့် ဂျိယိုပိုလင်၊ ဂရဟံရန်ဘီ၊ အာနီပေါ့ဆစ်တို့နှင့်အတူ ဦးဂိုအင်ကာသည် နာရီဝက်ခန့် အဓိဋ္ဌာန်ကမ္မဋ္ဌာန်း ထိုင်ခဲ့ကြသည်။ အဓိဋ္ဌာန်ပြီးသည်နှင့် တပြိုင်နက်၊ ရွှင်ပြုံးကြည်လင်သော မျက်နှာဖြင့် "တရားအား ကောင်းသည်။ ကောင်းသည်" ဟု ကြည်နူးစွာ မိန့်မြွက်ခဲ့လေသည်။

ဤအချိန်မှစ၍ အဆောက်အဦး အလုပ်သမားများသည် အီဂတ်ပူရီကုန်းမြေတွင် စတင် လုပ်ငန်းဝင်ခဲ့ကြသည်။ တချိန်တည်းမှာပင် ဦးဂိုအင်ကာ၏ နိုင်ငံပေါင်းစုံမှ တပည့်များကို အီဂတ်ပူရီဘန်ဂလိုများ၌ အဆက်မပြတ် တရားကမ္မဋ္ဌာန်း ထိုင်စေခဲ့၏။ ထိုအနောက်နိုင်ငံသား လူငယ်ကလေးများသည်၊ အီဂတ်ပူရီကုန်းမြေ ပတ်ဝန်းကျင်ကို ဓမ္မရေစင်ဖြင့် ဆေးကြော သန့်စင်ခဲ့ကြသည်။ အဆောက်အဦး ရံပုံငွေတွင် ရက်ရောစွာ အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။ အဆောက်အဦးဆောက်လုပ်ရာ ဓာတ်မီးလိုင်း၊ ရေပိုက်များတပ်ဆင်ရာတွင် ကျွမ်းကျင်စွာ ပါဝင်ကူညီခဲ့ကြပေသည်။ အီဂတ်ပူရီ၌ ကမ္ဘာ့သာသနာပြု ဗဟိုဓမ္မဗိမာန်ကြီး ငွါးငွါးစွင့်စွင့် ပေါ်ထွက်လာရာတွင် ယင်း သူတော်မွန်ကလေးများ၏ စေတနာအား၊ ဉာဏ်အား၊ လူအား၊ ငွေအား များပြားစွာ ပါဝင်ခဲ့ကြောင်း မှတ်တမ်းတင် ထားရပေမည်။

ဓမ္မဂိရိ ဟု နာမည်သတ်မှတ်လိုက်သော အီဂတ်ပူရီ ကုန်း မြေပြန့်တွင် ၉-လတိုင်တိုင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ၊ ၁၉၇၆ ခုနှစ်ဆန်းတွင် ဓမ္မာရုံ၊ အဟာရဆောင်နှင့် ဆရာ နေအိမ်များ ဆောက်လုပ် ပြီးစီးခဲ့ကြ

သည်။ တဆောင်လျှင် တရားသမား ၁၂ ယောက် နေထိုင်နိုင်သည့် အဆောက်တဦး ၄-ခုကိုလည်း ဆောက်လုပ် ပြီးစီးပေပြီ။ ထို့အပြင် နိုင်ငံခြားသားတရားသမားများက ကြီးကြပ်၍ နယ်ခံ အလုပ်သမားများနှင့် ဆောက်လုပ်ခဲ့သော ၂-ယောက်နေ မြေတဲကလေး ၂၅-လုံးလည်း အသုံးပြုရန် အဆင်သင့်ဖြစ်နေပေပြီ။ ယင်း မြေတဲကလေးများမှာ ထိုဒေသရှိ နယ်ခံလူများ နေထိုင်ကြသည့် တဲအိမ်ကလေးများ ပုံစံအတိုင်းဖြစ်၍ ကျောက်ပြားခင်း၊ ရွှံ့နံရံကာ၊ သက်ကယ်မိုး အဆောက်အဦးကလေးများ ဖြစ်သည်။ နွေခေါင်ခေါင်၌ပင်၊ တဲအတွင်း၌ အအေးဓာတ် ကောင်းမွန်လှသည် ဟု တရားသမားများ က ပြောကြသည်။

ဓမ္မဂီရိ ကုန်းမြေတဝှမ်းတွင် ရေသွယ်မြောင်းများ တူးဖော်ကာ၊ သစ်ပင်ပန်းပင်များကို စနစ်တကျ စိုက်ပျိုးခဲ့ကြ၏။ အကွက်ချ၍ ထူထောင်ခဲ့သော ဥယျာဉ်ပန်းခြံ၌ ၁၉၇၆-ခု၊ မတ်လတွင် ပန်းမျိုးစုံ ဖူးပွင့်ဝေဆာ၊ ရနံ့ဖြာလျက် ရှိချေပြီ။ ထိုနှစ် တပေါင်းလဆုတ် ၁၁-ရက်နေ့သည် ဆရာကြီး၏ မွေးနေ့ ဖြစ်သည့်အလျောက် မွေးနေ့ ပူဇော်ပွဲကျင်းပရင်း၊ တပြိုင်နက် ဓမ္မဂီရိကုန်းမြေ၊ အပြည်ပြည်ဆိုင်ရာ ဝိပဿနာတရား ဗဟိုပင်မ ဌာနကြီးကို တရားသမားသစ်များ လက်ခံ၍ တရား တပတ် ပြသပေးခြင်းဖြင့် ဖွင့်လှစ်ရန် စီစဉ်ခဲ့ကြလေသည်။ ဦးဂိုအင်ကာနှင့် ဂေါပကလူကြီးများ၊ တပည့်ဟောင်းများ ဓမ္မဂီရိကုန်းမြေသို့ စုံညီစွာ ရောက်ရှိလာခဲ့ကြပြီ။ လိုအပ်သောအစီအစဉ်များ ပြုလုပ်ခဲ့ကြပြီး၊ ပရိသတ်အပေါင်း ရွှင်လန်း အားတက်လျက်ရှိနေချိန်တွင် အဖျက်ရန်သူ၊ ပါပဓာတ်သည် ဤ သာသနာပြုလုပ်ငန်းကြီး၏ အဓိကတာဝန်ထမ်းဆောင်နေသူ ဦးဂိုအင်ကာ အား မမျှော်လင့်ဘဲ၊ ရုတ်တရက် ထိုးနှက်လိုက်လေသည်။

ဝမ်းဗိုက်တွင်း၌ ပြင်းထန်စွာ နာကြင်သောဝေဒနာဖြင့် ဦးဂိုအင်ကာသည် ရုတ်တရက် နာမကျန်း ဖြစ်လာသည်။ရောဂါအခြေအနေမှာ စိုးရိမ်ဘွယ်ဖြစ်လာ၍ ဘုံဘေမြို့သို့ အလျင်အမြန် ခေါ်ယူသွားကြရသည်။ ထိုအချိန်က ကျွန်တော်သည် ဆရာကြီး၏ မွေးနေ့ ပူဇော်ပွဲနှင့် အိဂတ်ပူရီ တရားရိပ်သာဖွင့်၊ အထိမ်းအမှတ်ပွဲအတွက် အင်းယားမြိုင် ရိပ်သာသို့ ရောက်ရှိနေပါသည်။ ဦးဂိုအင်ကာ ရုတ်တရက် မကျန်းမမာဖြစ်နေသည့် မကောင်းသတင်းသည် ဘုံဘေမြို့မှ အဝေးပြော တယ်လီဖုန်း၊ အမြန် ကြေးနန်းတို့ဖြင့် အဆက်မပြတ် ရောက်လာပါသည်။

ဆရာမနှင့်တကွ၊ ရိပ်သာတွင် ရောက်ရှိနေကြသည့် ဓမ္မမိတ်ဆွေအပေါင်းများစွာ စိတ်ထိခိုက်သွားကြသည်။ ရုတ်တရက် ပူပင်သောက ဖြစ်ကြရသည်။ သို့သော် ကျွန်တော်တို့အားလုံး အားလျော့၊ စိတ်ပျက်ခြင်းတော့ မဖြစ်ခဲ့ကြ

ပါ။ ကျွန်တော်တို့တွင် ကိုးကွယ်အားထားရာ၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူလှသော သဗ္ဗညုမြတ်စွာဘုရား ရှိသည် မဟုတ်ပါလော။ ရှင်တော်မြတ်ဘုရား၏ တရားတော်များနှင့် အရိယာသံဃာတော်မြတ်များလည်း ကျွန်ုပ်တို့၏ကိုးကွယ်ရာပင် မဟုတ်ပါလော။ မြတ်စွာ ဘုရား၏ ဗောဓိဓာတ်၊ ဓမ္မဓာတ် နိဗ္ဗာနဓာတ် အားများကို ခံယူ၍ ကျွန်တော်တို့၏ ဓမ္မမိတ်ဆွေ၊ သူတော်စင်ကြီး ဦးဂိုအင်ကာ အား ပါပဓာတ် လက်ထဲမှ ဆွဲထုတ်ယူကြမည်။ အဖျက်ဓာတ်၊ အမိုက်တိုက်ကို ဖြိုခွင်း ပစ်ကြမည် ဟု စုံညီစွာ သန္နိဋ္ဌာန်ပြုခဲ့ကြပါသည်။

ကျွန်တော်တို့သည် ဆရာသက်ကြီးနှင့် ဆရာကြီး ဦးဘခင်ကိုတိုင်တည်၍ ဆရာမဦးဆောင်ခါ၊ ဓမ္မလိုဏ်ဂူတော်တွင်း၌ ရတနာ ၃ ပါးအား ဓမ္မာနုဓမ္မ ပဋိပတ်ဖြင့် ပူဇော်ခဲ့ကြ၏။ နာရီဝက်နား၍ တနာရီ အဓိဋ္ဌာန် ကမ္မဋ္ဌာန်း စီးဖြန်းခဲ့ကြ၏။ တနာရီအဓိဋ္ဌာန် တရားထိုင်ကြပြီးတိုင်း၊ သမာဒေဝ နတ်အပေါင်းအား အမျှပေးဝေခါ၊ ဦးဂိုအင်ကာ ကျန်းမာစေကြောင်း ရည်စူး၍ မေတ္တာလှိုင်းများ ဖြန့်လွှင့်ခဲ့ကြ၏။

ရတနာ ၃ ပါး၏ ဂုဏ်ကျေးဇူးကား အတိုင်းမသိ ကြီးမားလှပါ၏။ တရားတော်၏ သန္ဒိဋ္ဌိကဂုဏ်တော်၊ အကာလိကဂုဏ်တော်များလည်း လွန်စွာထင်ရှားလှပါ၏။ မိမိကိုယ်အား ကိလေသာ အညစ်အကြေးမှ တဒင်္ဂဖြစ်စေ၊ ကင်းစေရန်၊ တရားတော်ဖြင့် ဆေးကြောသန့်စင်ပြီးနောက် ဖြူစင်သောကိုယ်ခန္ဓာမှ ဖြူစင်သော စိတ်စေတနာဖြင့် ဖြန့်ဝေပို့သသော မေတ္တာ ဓာတ်၏ အာဏာသင်မှာလည်း ထိရောက်၊ ထက်မြက်လှပါ၏။ တဦးတည်း၊ တယောက်တည်း ဆောက်ရွက်သည်ထက် စုပေါင်းပို့သသော မေတ္တာဓာတ်၏ တန်ခိုးလွန်စွာကြီးမားလှကြောင်း၊ ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့ရပါသည်။

ဘုံဘေမှ ဦးဂိုအင်ကာ အခြေအနေ သက်သာလာပြီ၊ ဆရာဝန်များက ခွဲစိပ်ရန်မလို ဆုံးဖြတ်သည် စသောသတင်းများ မကြာမီရောက်လာသည်။ ထိုအခါ၊ တနေ့ပတ်လုံး ရှင်တော်မြတ်၏ ဓမ္မဓာတ်အားဖြင့် ဓမ္မရောင်ခြည်စေတီမှ ပို့လွှတ်လိုက်သော မေတ္တာလှိုင်းသည် ဓမ္မမိတ်ဆွေကြီး ဦးဂိုအင်ကာအား လွှမ်းခြုံကာကွယ်ပေးခဲ့ပြီး၊ ဦးဂိုအင်ကာသည် ဘေးအန္တရာယ်မှ ကင်းလွတ်သွားပြီဟု ကျွန်တော်တို့အားလုံး စိတ်ချယုံကြည်ခဲ့ပါသည်။

ထိုသတင်းကောင်း ကြားရပြီးနောက် ဦးဂိုအင်ကာထံသို့ အောက်ပါအားပေးစာတစောင်ကို ကျွန်တော်ရေးသား ပေးပို့ခဲ့ပါသည်။

ခေတ္တစေတီရိပ်သာ
ရန်ကုန်မြို့။
၁၉၇၆ ခု၊ မတ်လ ၂၅ ရက်။

ချစ်စွာသော ဦးဂိုအင်ကာဂျီးခင်ဗျား........

အတိုင်းမသိ မေတ္တာအပြည့်အဝဖြင့် ပေးပို့လိုက်သော အသင်၏ ဓမ္မမိတ်ဆွေဟောင်းထံမှ ဤမမျှော်လင့်သော စာကိုရသဖြင့် များစွာရွှင်လန်းဝမ်းမြောက်လိမ့်မည်အမှန်ဖြစ်ပါသည်။ ယခုကဲ့သို့ ဂိုအင်ကာဂျီး အပြင်း အထန်နာမကျန်းဖြစ်နေချိန်တွင် ကျွန်ုပ်၏ စာက လိုအပ်သော စိတ်သက်သာမှုနှင့် ခွန်အားတို့ကို ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဤစာကို လွန်ခဲ့သော ၂ ရက်ကစ၍ ရေးခဲ့ပါသည်။ အိန္ဒိယပြည်တွင် မိတ်ဆွေကြီး၏ ထူးခြားစွာအောင်မြင်နေသော သာသနာပြုလုပ်ငန်းနှင့် မကြာခင်က အီဂတ်ပူရီမြို့တွင် နောက်ဆုံးတိုးတက်ဆောင်ရွက်လိုက်သည့် လုပ်ငန်းများအတွက် ချီးကျူးဂုဏ်ပြုရန် စတင်ရေးခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် မိတ်ဆွေကြီး၏ ရုတ်တရက် ဆိုးဝါးလာသော ကျန်းမာရေးအခြေအနေ သတင်းများသည် ဘုံဘေမြို့မှ အဆက်မပြတ် ရောက်ရှိ လာနေသောကြောင့် ကျွန်ုပ်သည် စာရေးရပ်ခဲ့ရပါသည်။ ထို့နောက် ပါပဓာတ်ဆိုးများရန်မှ မိတ်ဆွေကြီးအား ကာကွယ်ပေးကြရန် မေတ္တာ ဓာတ်လှိုင်း များကို ဆရာမနှင့် ဦးဆောင်၍ ပို့လွှတ်ပေးခဲ့ကြပါသည်။ ယနေ့နံနက်တွင် ဗဟိုလိုဏ်ဂူတော်၌ ရတနာသုံးပါးနှင့်တကွ ဆရာကြီးအား ရှိခိုးပူဇော်ခဲ့ကြစဉ်က ကျွန်ုပ်တို့၏ မေတ္တာစိတ်လှိုင်းများကို မိတ်ဆွေကြီးထံသို့ ပို့လွှတ်ကြပါသည်။ ဆရာကြီး၏ မေတ္တာများကိုခံယူ၍ ကျွန်ုပ်တို့ အားလုံး စုရုံးပြီး သင့်အား ပါပဓာတ်ဆိုးများ၏လက်မှ ဆွဲယူထုတ်နှုတ်ခဲ့ကြပါသည်။ ယခုအချိန်တွင် မိတ်ဆွေကြီးသည် ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့၍ ကျန်းမာရေး ကောင်းမွန်စပြုလာပြီဟု၊ မုချသိရှိကြပါသည်။ သင်၏ မွန်မြတ်သော လုပ်ငန်းများကို ယခင်ကထက် ဆထက်ထမ်းပိုး တိုး၍ ဆက်လက် ဆောင်ရွက်တော်မည်ဟု သန္နိဋ္ဌာန်ချမှတ်ပြီး ဖြစ်ကြောင်းလည်း ယုံကြည်ကြပါသည်။

ကျွန်တော်သည် ဆရာကြီး၏ မွေးနေ့ ပူဇော်ပွဲနှင့် အီဂတ်ပူရီတွင် မိတ်ဆွေကြီး၏ ရိပ်သာသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပွဲကို ဆရာမ ဦးချစ်တင်နှင့် အခြားဓမ္မမိတ်ဆွေများနှင့်အတူ ရိပ်သာ၌ ဆင်နွှဲရန် မေမြို့မှ ဆင်းလာ ခဲ့ပါသည်။ မိတ်ဆွေကြီး၊ ဤကဲ့သို့ မမျှော်လင့်ဘဲ ရုတ်တရက် ပြင်းထန်စွာ နာမကျန်းဖြစ်ရသည့်အတွက် စိတ်ပူပင်ကြရသော်လည်း ဓမ္မကသာလျှင် နောက်ဆုံး အောင်နိုင်မှုကို အရယူလိမ့်မည်ဟု ကျွန်ုပ်တို့အားလုံး ယုံကြည်ကြပြီး ဖြစ်

ပါသည်။ အမှန်တရားတည်းဟူသော သစ္စာ မီးရှူး မီးတိုင်ကြီးကို မိတ်ဆွေကြီးက စွဲမြဲစွာ ဆုတ်ကိုင်လျက် ဆက်လက် ချီတက်သွားနိုင်လိမ့်မည်ဟူ၍လည်း ယုံကြည်ကြပြီးဖြစ်ပါသည်။

ကျွန်တော်နှင့် မိတ်ဆွေကြီး စာအပေးအယူ မရှိခဲ့ကြသော်လည်း ဦးချစ်တင်နှင့် ဆရာမတို့မှတဆင့် မိတ်ဆွေကြီး၏ အံ့ဩလောက်ဖွယ်ရာ၊ သာသနာပြုလုပ်ငန်းများ အကြောင်းကို အစဉ်မပြတ် သိရှိခဲ့ရပါသည်။ ကျွန်ုပ်တို့၏ မေတ္တာများကို မိတ်ဆွေကြီးထံသို့ အစဉ်မပြတ် သွန်းလောင်းလျက်ရှိပြီး၊ အနိစ္စဘာဝနာ၊ မေတ္တာဘာဝနာများ၊ မပြတ်စီးဖြန်းခြင်းဖြင့် အသင်၏ သာသနာပြုလုပ်ငန်းကို မပျက်မကွက် ထောက်ပံ့ကူညီလျက်ရှိကြောင်း စိတ်ချ ယုံကြည်စေချင်ပါသည်။

သင်၏ဓမ္မမိတ်ဆွေ—
ဦးကိုလေး။

ဦးဂိုအင်ကာထံမှ (၁၂-၅ ၇၆) နေ့စွဲဖြင့် အောက်ပါပြန်စာကို ရရှိ၍ ရွှင်လန်းဝမ်းမြောက်ခဲ့ရပါသည်။

ဘုံဘေမြို့။
ရက်စွဲ ၁၂-၅-၇၆

ရှရီ၊ အက်—အင် ဂိုအင်ကာ။

ချစ်လှစွာသော ဓမ္မနောင်တော် ဦးကိုလေးခင်ဗျား—

မေတ္တာလှိုင်းများ လွှမ်းခြုံလျက် ကြင်နာမှု အပြည့် အဝဖြင့် မတ်လ ၂၅ ရက်နေ့က ပေးပို့လိုက်သော နောင်တော်ကြီးစာကို ရရှိသဖြင့် များစွာ ကြည်နူးဝမ်းမြောက်ခြင်း ဖြစ်ရပါသည်။ ယခုထက်စောစွာ စာမပြန်လိုက်နိုင်သည်ကို ခွင့်လွှတ်စေလိုပါသည်ခင်ဗျား။ မိခင်ဆရာမနှင့်တကွ ဓမ္မနောင်တော်များဖြစ်ကြသည့် မိတ်ဆွေကြီးနှင့် ဦးချစ်တင်၊ ဦးဘတိုး၊ ဦးတင့်ရီနှင့် အခြား မိတ်ဆွေများ၏ အင်အားကြီးမားသော မေတ္တာဓာတ်၊ ဓမ္မဓာတ်က ကျွန်တော်အား ပါပဓာတ်များ၏ လက်တွင်းမှ ကယ်တင် ဆွဲထုတ် ခဲ့ကြသည်မှာ မုချအမှန်ဖြစ်ပါသည်။ ဆရာကြီး၏ မွန်မြတ်တော ဓမ္မဒူတ လုပ်ငန်းတွင် ကျွန်တော်ဆက်လက်၍ ရိုကျိုးစွာ အမှုထမ်းနိုင်ရန် ကယ်တင်ပေးကြသည်ဟုလည်း ယုံကြည်ပါသည်။ ယခုအခါတွင် ကျွန်တော်၏ ကျန်းမာရေးမှာ တဖြည်းဖြည်း ကောင်းမွန်လာပါပြီ။ သို့ရာတွင် ပကတိ ခွန်အားပြည့်ဝလာရန် အချိန်အနည်းငယ် ကြာပါ လိမ့် ဦးမည်။ မိုးရာသီ ကုန်ဆုံးချိန် လောက်တွင် သာသနာတာဝန်ကြီးကိုပြန်လည်ထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်ခင်ဗျား။

ဦးကိုလေးခင်ဗျား၊ ကျွန်တော်သည် မိတ်ဆွေကြီးနှင့်တကွ အင်းယား မြို့င် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနမှ အခြား ဓမ္မနောင်တော်၊အစ်မ တော်များကို မကြာခဏ သတိရလျက်ရှိပါသည်။ အကြိမ်များစွာပင် ရိပ်သာ အား လွမ်းဆွတ်သတိရလျက် ရှိပါသည်။ ကျွန်တော်တို့နိုင်ငံအတွက် နိုင်ငံခြား ဝင်ငွေ ပိုမို တိုးတက်ကောင်းမွန်လာပြီး နိုင်ငံခြားသို့ အလွယ်တကူ ခရီးသွား ခွင့် ပြုပေးနိုင်မည့်နေ့ရက်ကိုသာ မျှော်မှန်းလျက်နေမိပါသည်။ ထိုအချိန်အခါ တွင် မိတ်ဆွေကြီးကဲ့သို့ ရဲဘော်များနှင့် အိုင်၊ အမ်၊ စီ၊ က အခြား မိတ်ဆွေ တို့သည် နှစ်စဉ်နှစ်တိုင်း၊ ရက်လအနည်းငယ်မျှဖြစ်စေ၊ အိန္ဒိယပြည်သို့လာနိုင် ကြပြီး သာသနာ့ပြုလုပ်ငန်းကြီး၏ တာဝန်များကို ခွဲဝေထမ်းဆောင်နိုင်ကြပါ လိမ့်မည်။

ဤဓမ္မဒူတလုပ်ငန်း တာဝန်ကြီးမှာ အိန္ဒိယပြည် တိုက်နယ်တခုအတွက် ပင်လျှင် လွန်စွာ ကြီးမားလှပါပေသည်။ လူတဦးတယောက်တည်း မထမ်း ဆောင်နိုင်လောက်သော အခြေသို့ ရောက်နေပါပြီ။ နယ်ခံလူများကိုသင်ကြား ပြသပေးရန် အချိန် ကြာမြင့်ပါလိမ့်မည်။ သို့ရာတွင် ဦးကိုလေးကဲ့သို့ ဓမ္မအရည် ဝပြီး၊ ဓမ္မလုပ်ငန်း အတွေ့အကြုံများပြီးဖြစ်သော ဓမ္မနောင်တော်တို့သည် ဤ သာသနာ့ပြုလုပ်ငန်းများကို လျင်မြန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်း ရှိကြမည်အမှန် ဖြစ်ပါသည်။ မိတ်ဆွေကြီးကဲ့သို့ ဆရာကြီး၏ ထင်ရှားသော သားကြီး သမီးကြီးတို့သည် လက်တွဲ ပူးပေါင်းကြ၍ ကျွန်ုပ်တို့ မိခင်နိုင်ငံက အိန္ဒိယတိုင်းပြည်ကြီးသို့ တင်ရှိခဲ့သော ဓမ္မကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် ကူညီဆောင်ရွက်နိုင်ကြလိမ့်မည်ဟု အထူးဆုတောင်းလျက် ရှိရပါသည်။

ဓမ္မဒူတလုပ်ငန်းထက် သာလွန်ကြီးမားသော၊ သာလွန်မြင့်မြတ်သော လုပ်ငန်းမရှိနိုင်တော့ပါ။ ဒါနအရာတွင် ဓမ္မဒါနသည် အထွဋ်အမြတ်ဆုံးဖြစ် ပါပေသည်။ ဤနိုင်ငံမှ လူအပေါင်း လူမျိုးပေါင်းစုံ၊ ဘာသာရေးပေါင်းစုံ တို့သည် ဓမ္မအစစ်အမှန်ကို လက်ခံလာကြ၍ သူတို့၏ ဒုက္ခဆင်းရဲမျိုးစုံမှ တစ တစ လွတ်မြောက်လာကြသည်ကို တွေ့မြင်ရသောအခါ ကျွန်တော် များစွာ ပျော်ရွှင်ရပါသည်။ စိတ်အား တက်ကြွရပါသည်။ နောင်တော်ကြီးတို့အားလုံး သာ ဒီကိုကြွရောက်၍ ဓမ္မအလုပ် လုပ်ကိုင်ပေးနိုင်ကြပါလျှင် ယခုထက် မည်မျှ လူပေါင်း ပိုမိုများပြားစွာ အကျိုးကျေးဇူး ခံစားနိုင်ကြမည်ကို စဉ်းစားမိ ပါသည်။

မကြာမကြာ ကျွန်တော် မြန်မာပြည်ကို သတိရလွမ်းဆွတ်မိကြောင်း အထက်၌ ဖော်ပြခဲ့ပါသည်။ ယခုကဲ့သို့ ဆင်းရဲဝေဒနာ ခံစားနေရစဉ်၊ ပို၍ပင်

လွှမ်းဆွတ် သတိရမိပါသည်။ ကျွန်တော်၏ ဘဝသစ်မွေးဖွားရာ၊ အိုင်၊အမ်၊စီ၊ ရိပ်သာသို့ ဓမ္မခွန်အား ပြန်လည်ဖြည့်တင်းရန် ဝေဟင်မှ ရုတ်ခြည်းပြန်လာရန် လွန်စွာ တောင့်တမိပါသည်။ အိုင်၊ အမ်၊ စီ ရိပ်သာမျိုး အိန္ဒိယပြည်တွင်သို့မဟုတ် ကျယ်ပြန့်သော ကမ္ဘာကြီးတလွှားတွင် ဘယ်နေရာမှ မရှိပါ။ မှန်ပါသည်။ ကျွန်တော်လိုလျက်ရှိသော သန့်စင်မွန်မြတ်သည့် ဓမ္မ အရှိန်အဝါနှင့် အေးချမ်းဆိတ်ငြိမ် ညီညွတ်သာယာသော အရိပ် အာဝါသအောက်၌ မိခင်ဆရာမနှင့် အခြား ဓမ္မနောင်တော်၊ အစ်မတော်များ၏ မေတ္တာခတ်လှိုင်းများဖြင့် ကျွန်တော်၏ ခွန်အားစွမ်းပကားများကို ပြန်လည် ဖြည့်တင်းနိုင်သော နေရာဌာနဟူ၍ 'ကမ္ဘာတလွှမ်းတွင် အိုင်၊အမ်၊စီ မှတပါး ဘယ်နေရာမှ မရှိပါ။

တခါတရံ ကျွန်တော်ကတရားပြပေးလိုက်သော ကျွန်တော်၏ ဓမ္မ သားသမီးများကို အားကျမိကြောင်း ကျွန်တော် ပြောပြရပါမည်။ ကျွန်တော့် တပည့် အနောက်တိုင်းသားများသည် ရန်ကုန် အိုင်၊ အမ်၊ စီ သို့ လွယ်ကူစွာ သွားနိုင်ကြပါသည်။ ရိပ်သာ၌ ဓမ္မခတ်အားများ ဖြည့်သွင်းခဲ့ပြီး ကျွန်တော့်ထံသို့ ပြုံးပြုံး ရွှင်ရွှင်ဖြင့် ပြန်လာတတ်ကြပါသည်။ အင်းယားမြိုင် ရိပ်သာမှ ဓမ္မရောင်ခြည် အရှိန်အဝါများဖြင့် အသားအရေများ ထူးခြားစွာ ကြည်လင်တောက်ပကြလျက်၊ အိုင်၊ အမ်၊ စီ ၏ ဓမ္မာရနံ့များ သင်းပြန့်လျက် ပြန်လာကြသည်ကို တွေ့မြင်ရသောအခါ၊ အမိနိုင်ငံသို့ ကိုယ်တိုင် နှစ်စဉ် ပြန်လာနိုင်မည့် နေ့ရက်ကိုသာ ရော်ရမ်း မျှော်မှန်း နေရပါသည်။ ကျွန်တော် ကိုယ်တိုင် ပင်လျှင် ရိပ်သာ၌ မေခင်ဆရာမ၏ ကြည်နူး အေးချမ်းဘွယ်ရာသောမျက်မှောက်၌ တရားပတ် ဝင်လိုသောစိတ်များ တဖွားဖွား ပေါ်ရပါသည်။

ထိုအချိန် မရောက်နိုင်မီအတွင်းမှာတော့ အဝေးမှ လှမ်း၍ မကြာမကြာ ပေးပို့တော်မူကြသည့် မေတ္တာခတ်များကိုခံယူလျက်သာ ကြေနပ်နှစ်သိမ့် နေရပါတော့သည် ခင်ဗျား။ ဤကဲ့သို့ မေတ္တာခတ်များ ခံယူရသော အခါတွင် တကိုယ်တည်း၊ တယောက်တည်း အားငယ်စိတ်များ ဖြေဖျောက်နိုင်ပါသည်။ လစဉ်မဂ္ဂဇင်း တစောင်တွင် နောင်တော်ကြီး ရေးသားလိုက်သော ဆောင်းပါး တစောင်ကို ဖတ်ခဲ့ရပါသည်။ ကျွန်တော့်အတွက် အားဆေး တခွက်ပင် ဖြစ်ခဲ့ပါသည်။ ဆရာကြီး၏ အတ္ထုပ္ပတ္တိစာအုပ် အတော် ရေးပြီးပါပြီလား။ ဒီတကြိမ် ဂျွန်ကိုးလ်မင်းနှင့်တွေ့စဉ်က သူလည်း ဆရာကြီး အတ္ထုပ္ပတ္တိရေးရန် စိတ်ဆန္ဒ ပြင်းပြနေကြောင်း တွေ့ခဲ့ပါသည်။

အားလုံးသော ဓမ္မမိတ်ဆွေများထံသို့ မေတ္တာပို့သလျက်—

အသင်၏ ဓမ္မမိတ်ဆွေ -

ဂိုအင်ကာ။

တဦးတည်း အိန္ဒိယပြည်တွင် ဆရာကြီး၏ သာသနာပြု လုပ်ငန်းတာဝန်ကို ထမ်းဆောင်နေရှာသော ဦးဂိုအင်ကာထံသို့ အပြေး သွားရောက်၍ သူတောင့်တ မျှော်မှန်းသည့်အတိုင်း အကူအညီများ ပေးလိုစိတ် တဖွားဖွားပေါ်ပေါက်ခဲ့သည်။ ကျွန်တော့်အတွက်ကား၊ အချိန်မရောက်သေး၊ အခွင့် မသင့်နိုင်ခဲ့သေး။ ဆရာမမူကား၊ ဦးဂိုအင်ကာ လိုလား တောင့်တသည့်အတိုင်း၊ဆရာကြီး၏ သာသနာပြုလုပ်ငန်းကို တဆင့်တက်၍ အရှိန်တိုးမြှင့်ပေးရန် အိန္ဒိယပြည်သို့ သွားပေတော့မည်။ စီစဉ်နေပြီ။ ဓမ္မဂီရိ စေတီတော် ထီးတင်ပွဲ အမီ သွားပေတော့မည်။

\+ \+ \+

ဦးဂိုအင်ကာ မကျန်းမာဖြစ်နေစဉ်အတွင်း ဓမ္မဂီရိ ရိပ်သာတွင် တပည့်ကြီး များက၊ ကိုယ်တိုင် တရားပတ်များ အဆက်မပြတ် ဝင်ခဲ့ကြလေသည်။ ဦးဂိုအင်ကာ ကျန်းမာလာသည်မှစ၍ တရားသမားအသစ်များ လက်ခံခါ၊ လစဉ်တရားပတ်မှန်မှန် ဖွင့်လှစ်ခဲ့ပေသည်။

အဆောက်အဦးဆိုင်ရာ လုပ်ငန်းများလည်း ဆက်လက်လုပ်ကိုင်လျက်ရှိရာ ၁၉၇၈-ခု၊ ဇန်နဝါရီလ ၁-ရက်နေ့ (ဆရာကြီး ကွယ်လွန်သည့် မြန်မာရက်နေ့) တွင် ဓမ္မဂီရိစေတီတော်အတွက် ပန္နက် ရိုက်ခဲ့ကြသည်။ ၁၉၇၈-ခု၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် ဆရာမနှင့် ဦးချစ်တင်တို့ အိဂတ်ပူရီသို့ ဆိုက်ရောက်လာသောအခါ စေတီတည်နေရာ အောက်မြေထပ် (၂၄) ခန်းပြီး၍ အပေါ်ထပ် (၈) ခန်းဆောက်လုပ်ပြီးနေချေပြီ။ အောက်တိုဘာလ (၁၆) ရက်နေ့၊ သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန် ဓမ္မရောင်ခြည်ရိပ်သာမှာ ကဲ့သို့ပင် ဓမ္မဂီရိရိပ်သာ၌ နံနက် အရုဏ်ဆွမ်းကပ်၍၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲကို ဆရာမဦးစီး၍ ကျင်းပပြုလုပ်ခဲ့ပေသည်။

ဦးချစ်တင် အင်္ဂလန်နိုင်ငံတွင် အလုပ်ရရှိသဖြင့် ဆရာမအတွက် ဆရာကြီး၏ နိုင်ငံခြား သာသနာပြုလုပ်ငန်းတွင် ကြီးကြပ်ဆောင်ရွက်နိုင်ရန် အခွင့်ကောင်းရခဲ့ပေသည်။ မြန်မာပြည်မှ ဘုံဘေသို့ ခရီးစတင်ထွက်ခဲ့စဉ်က ဦးဂိုအင်ကာ၏ နိုင်ငံခြားသားတပည့် (၄) ဦး၊ ရန်ကုန်သို့ အကြိုရောက်လာခဲ့သည်။ သူတို့က လမ်းပြအဖြစ် ကူညီဆောင်ရွက်ခါ ဘုံဘေမြို့အထိ ခေါ်ဆောင်သွားခဲ့ပေသည်။ ဘုံဘေလေဆိပ်၌ ဦးဂိုအင်ကာနှင့် ဝေပါကလူကြီးများ၊ တပည့်များ၊ လူပေါင်း (၃၀) ကျော်က ပန်းကုံးများစွပ်ခါ ခရီးကြိုဆိုခဲ့ကြသည်။ ထို့နောက် ဘုံဘေမြို့လယ်ရှိ ဦးဂိုအင်ကာ၏ညီတဦးအိမ်သို့ ခေါ်ဆောင်သွားကြရာ၊ ထိုအိမ်၏ အခန်းကျယ်ကြီး၌ တပည့်ဟောင်း၊ တပည့်သစ်ပေါင်း (၁၇၅) ဦးက ဆရာမအား ပူဇော်ကန်တော့ကြသည်။ ဆရာမ ဤသို့ ဆိုက်ရောက်လာသဖြင့် အားလုံးက ဝမ်းမြောက်နေကြသည်။

ဦးချစ်တင်သည် အလုပ်ကိစ္စဖြင့် အင်္ဂလန်သို့ ၂-၁၁-၇၇ နေ့တွင် ဆက်လက် ထွက်ခွာသွားခဲ့ရာ ဆရာမလည်း လိုက်ပါသွားရပြန်သည်။ အိန္ဒိယပြည် သာသနာပြုလုပ်ငန်းကို ဦးဂိုအင်ကာက ဦးဆောင်နေသကဲ့သို့၊ အင်္ဂလန်တွင် မစ္စတာကိုးလ်မင်းက တာဝန်ယူ ထမ်းဆောင်နေပါသည်။ မစ္စတာကိုးလ်မင်း၏ သာသနာပြုလုပ်ငန်းများတွင်လည်း ဆရာမက ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

ဆရာမနှင့်ဦးချစ်တင်တို့သည် ဆောင်းရာသီဝင်လာသောအခါ အင်္ဂလန်မှ အိန္ဒိယပြည်သို့ ပြန်လာခဲ့ကြသည်။ ယခုတခေါက်တွင် ဆရာမသည် ဟိုက်ဒရာဘဒ်နှင့် ဂျေပူတွင် ဖွင့်လှစ်ထားသော တရားရိပ်သာများသို့ လှည့်လည် သွားရောက်ခဲ့သည်။

## ဟိုက်ဒရာဘဒ် အပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းဌာန။

အန္ဓြာပရာဒက်ရှ်ပြည်နယ်မြို့တော် ဟိုက်ဒရာဘဒ် မြို့တွင်လည်း၊ ဘုံဘေမှာ ကဲ့သို့ပင် "ဆရာကြီး ဦးဘခင် အထိမ်းအမှတ်ရံပုံငွေ" ဖွင့်လှစ်၍ သာသနာပြု လုပ်ငန်းများ အခြေစိုက် လုပ်နေပေပြီ။ ယင်း ရံပုံငွေမှ မြေရိုင်းကေ ၁၀၀-ဝယ်ထား၍ ရှေးဦး ၁၀-ကေတွင် ခုတ်ထွင်ရှင်းလင်းခါ၊ အမြဲတမ်း တရားဌာနအဖြစ် အဆောက်အဦးများ ဆောက်လုပ် ပြီးစီးလေပြီ။ ၁၉၇၉-ခု၊ ဖေဖေဖော်ဝါရီလ ၈-ရက်မှ ၁၈ ရက်ထိ တရားပတ်ကို ဆရာမ သွားရောက်၍ ကြီးကြပ် ဆောင်ရွက် ပေးခဲ့လေသည်။"အလွန်ဘဲ တရားကို ယုံကြည်ကြတာတွေရ၊ ကြိုးစားတာ တွေ့ရ၊ အားထုတ်တာ တွေ့ရတော့ ဆရာကြီးကို အလွန်ဘဲ သတိရပါတယ်" ဟု ဦးချစ်တင်က စာရေးသား အကြောင်းကြားခဲ့ပါသည်။

ဟိုက်ဒရာဘဒ် တရားပတ် ပြီးသည့်နောက် ဆရာမနှင့် ဦးချစ်တင်တို့သည် ဘိတ်ကြားချက်အရ၊ အိန္ဒိယပြည့်အနှံ့အပြား လှည့်လည်သွားရင်း ဘုရားဖူးကြသည်။ နိုင်ငံခြားသား တပည့် (၅၀)မှ (၁၀၀)ထိ၊ ဆရာမ သွားလေရာ လိုက်ပြီး ကူညီစောင့်ရှောက်ကြသည်။ ဆရာမတို့သည် မဒရပ်၊ နဂပူ၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ ဗုဒ္ဓဂါယာ၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ နာလန္ဒ စသည့် နေရာဌာနများသို့ သွားရောက်ခဲ့ကြပြီး အီဂတ်ပူရီ၊ ဓမ္မဂိရိသို့ တပေါင်းလပြည့် အမီ ပြန်လာခဲ့ကြသည်။

## အီဂတ်ပူရီမှ ဓမ္မဂိရိစေတီတော် ထီးတော်တင်ပွဲ

၁၉၇၉ခု၊ မတ်လတွင် ဓမ္မဂိရိ ကုန်းမြေ သာယာတွင် ပထမအဆင့် စီမံကိန်းအားလုံး ပြီးစီးခဲ့လေပြီ။ မြန်မာကျပ်ငွေ ၁၀ သိန်းနီးပါးကုန်ကျခဲ့သည်ဟု သိရသည်။ ဓမ္မဂိရိစေတီတော်တွင် အလယ်ဗဟို လိုဏ်ဂူစေတီကြီးနှင့် အရံစေတီ ၈ ဆူပါဝင်ရာ၊ စေတီ ၉ ဆူအတွက် မြန်မာ့လက်ရာ ထီးတော်များကို

အိဂတ်ပူရီသို့အရောက် နိုင်ငံခြား တရားသမားများက ဆောင်သယ် ပို့ပေးခဲ့ကြသည်။

မတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဓမ္မဂိရိစေတီ ထီးတော်တင်ပွဲမှာ လွန်စွာစည်းကား သိုက်မြိုက်လှကြောင်း၊ ဦးချစ်တင်က သတင်းပေးပို့ခဲ့သည်။ ယင်းပွဲတော်ကြီးကို မြတ်စွာဘုရား ကြိုက်နှစ် သက်တော်မူသည့် ပူဇော်ပွဲများဖြင့်သာ အမှမ်းတင်ခဲ့ကြပါသည်။ နိဗ္ဗာန်စျေးကြီးဖွင့်၍ လာသမျှ ပရိသတ်အား ကျွေးမွေးသည်။ ဝတ္ထုပစ္စည်းလှူဒါန်းပေးကမ်းသည်။ အိန္ဒိယ ရူပီငွေရှစ်ထောင်ဘိုး လှူဒါန်းခဲ့သည်ဟု သိရသည်။ ဆရာကြီး၏ အသံသွင်းထားသော တိတ်ခွေများဖြင့် ဗောဓိဝင်ဥဒါန်း ဂါထာများ။ ပဌာန်းဥဒ္ဒေသ နိဒ္ဒေသဒေသနာတော်များနှင့် ပဌာန်းပစ္စဝါရကို နေ့ရောညပါ ရွတ်ဖတ်ပူဇော်ကြပါသည်။ တချိန်တည်းမှာပင် လူပုဂ္ဂိုလ်၂၀၅ဦးနှင့် မြန်မာပြည်မှ ခေတ္တ ရောက် လာ သောရဟန်းတော်နှစ်ပါးတို့သည် ၁၀ ရက် တရားမတ်၁င်ကြ၍၊ ဓမ္မဖြင့် ပူဇော်ကြပါသည်

အသစ်စက်စက်၊ ထီးတော်တင်၍ နိဗ္ဗာနဓာတ်ဖွင့်လိုက်သော ဓမ္မဂိရိစေတီရိပ်သာတွင် တပေါင်းလ တလလုံး တရား ပတ်များကျင်းပ၍ ဓမ္မပူဇော်ပွဲများ အဆက်မပြတ် ပြုလုပ်ခဲ့ကြသည်။ မတ်လ ၁၆ ရက်နေ့ ဆရာမမွေးနေ့၊ မတ်လ ၂၃ ရက်နေ့ ဆရာကြီးမွေးနေ့များတွင် အင်းယားမြိုင်ရိပ်သာမှာကဲ့သို့ ပူဇော်ပွဲများ ပြုလုပ်ခဲ့ကြပြီး၊ တရားအားထုတ် ခဲ့ကြပေသည်။ တပေါင်းလ ရာသီတွင်သဘာဝပွင့်ဖူးကြသည့် ပန်းမာလ်မျိုးစုံတို့၏ရနံ့သည်၊ ဓမ္မလိုဏ်ဂူများ မှပြန့်လွင့်ထွက်ပေါ်လာသည့် ဓမ္မရနံ့နှင့် ရောရှက်ပေါင်းစပ်ကာ ဓမ္မဂိရိကုန်းမြေပြင်တဝှမ်းကို ထုံသင်းကြိုင်လှိုင်နေစေပါတော့သည်။

## ဂျေပူ။ ။အပြည်ပြည်ဆိုင်ရာ ဝိပဿနာ ကမ္မဋ္ဌာန်းဌာန

မတ်လ ၃၁ ရက်နေ့တွင်ဂျေပူမြို့တွင်တရားတပတ်စတင်ဖွင့်လှစ်ပေးရန်၊ ဆရာမနှင့် ဦးချစ်တင်တို့သည် နိုင်ငံခြားသား တပည့်အပေါင်း လိုက်ပါလျက် ဂျေပူသို့ ခရီးထွက်ခဲ့ရပြန်သည်။ ပန်းရောင်ချယ်သထားသည့် အဆောက်အဦးကြီးများ ပေါများလှသဖြင့် ပန်းရောင်မြို့တော်ဟု ခေါ်တွင်ကြသည့် ဂျေပူတွင်လည်း ဦးဘခင်အထိမ်းအမှတ် ပိုင်ငွေဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

ဂျေပူရိပ်သာသည် ဂျေပူမြို့မှ ၁၂ ကီလိုမီတာ အကွာတွင် တောင်များဝိုင်းရံလျက်ရှိသော မြေပြန့်တွင်တည်ရှိ၏၊ ကေ ၄၀ ကျယ်ဝန်းသော ရိပ်သာ ပိုင်မြေပေါ်၌ ဓမ္မာရုံ အဟာရဆောင်နှင့် ဆရာ နေအိမ်များ၊ အခိုင် အခန့် ဆောက်လုပ်ပြီးစီးကြပေပြီ။ ဂျေပူတွင်လည်း ဆရာမအား မိခင်ကြီး အနေဖြင့် လူတိုင်းက ဂါရဝပြုကြပြီး လေးလေး စားစား ပူဇော်ကြ၏။

ဗုဒ္ဓတရား တော်မြတ်ကို ဂျပန်အရောက် ပို့ဆောင်ပေးကြသော ဆရာကြီး ဦးဘခင်၊ ဆရာဦးဂိုအင်ကာနှင့် တဂိုဏ်းတည်းထား၍ ဆရာမအား ကန်တော့ ဝတ်ပြုကြခြင်းဖြစ်ပေသည်။

× × ×

## ဓမ္မဂိရိ၌ ပထမဆုံးအကြိမ်ကျင်းပသော သင်္ကြန်အခါတော်ပူဇော်ပွဲ။

ဂျပန်၌ တရားပတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက်၊ ဆရာမတို့အဖွဲ့သည် အိဂတ်ပူရီရှိ ဓမ္မဂိရိစေတီရိပ်သာသို့ ဧပြီလ (၁၂) ရက်နေ့တွင် ပြန်ခဲ့ကြသည်။ရန်ကုန် အင်းယားမြိုင်ရိပ်သာ အစဉ်အလာအတိုင်း၊ အိဂတ်ပူရီ၌လည်း ပူဇော်ပွဲများ ကျင်းပ၍ အထူးတရားပတ် ဝင်ကြသည်။ ဆရာမ၊ ဦးချစ်တင်၊ ဦးဂိုအင်ကာနှင့် ဂေါပကလူကြီးများကိုယ်တိုင်၊ ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ရတနာ (၃) ပါးနှင့် ဆရာသမားအပေါင်းအား ပူဇော်ကန်တော့ကြသည်။

ရန်ကုန် ရိပ်သာမှာကဲ့သို့ပင် သင်္ကြန်အခါတော်တွင်း၌ အိဂတ်ပူရီ၌ တရားပရိသတ် လွန်စွာ စည်ကားသည်။ တရားတော်၌ သက်ဝင်ယုံကြည်မှု နက်ရှိုင်းလှသည်။ အားထုတ်မှု ဝီရိယ ချီးကျူးဘွယ်ကောင်းသည်။ တပေါင်းလနှင့် တန်ခူးလ၊ ၂ လ အဆက်မပြတ် တရားပတ်များ ကျင်းပခဲ့ပြီးနောက် ဓမ္မဂိရိကုန်းမြေပြန့်တွင် ခတ်ကြမ်း၊ ခတ်ရိုင်းများကင်းစင်၍ ဓမ္မရောင်ခြည် ကြည်လင်စွာ ထွန်းပလာပြီ အစရှိသော သတင်းကောင်းများကို ဦးချစ်တင်က ပေးပို့ခဲ့ပါသည်။ ထို့နောက် ဆရာမနှင့် ဦးချစ်တင်တို့သည် နွေဦးပေါက်ရာသီအချိန်၊ အင်္ဂလန်နှင့် ဥရောပ၌ သာသနာပြု လုပ်ငန်းတွင် မစ္စတာကိုးလ်မင်းအား ဝိုင်းဝန်းကူညီရန် အင်္ဂလန်သို့ ထွက်ခွာသွားခဲ့ကြပြန်ပါသည်။(၁၉၇၉ ခု မေလမှ ဩဂုတ်လကုန်အထိ)

× × ×

၁၉၆၉ ခုနှစ်တွင် စတင်ခဲ့သော ဦးဂိုအင်ကာ၏ အိန္ဒိယ သာသနာပြု လုပ်ငန်းသည် ၁၀ နှစ်အတွင်း မည်သို့ တိုးတက် စည်ပင်လာပုံကို တိကျထင်ရှားစွာ သိမြင်နိုင်လောက်ပေပြီ။ ရှေးဦးစွာ အိန္ဒိယပြည်တဝှမ်း လှည့်လည်၍ နေရာအနှံ့အပြား ဓမ္မမျိုးစေ့ဖြန့်ကြဲလိုက်သည်။ အိန္ဒိယပြည်ရောက် နိုင်ငံခြားသား လူငယ်အများ ဓမ္မမျိုးစေ့ ခံယူကြသည်။ ရေခံ၊ မြေခံ ကောင်းမွန်၍ ပြုစုပေးသူ၏ ကျွမ်းကျင်မှုကြောင့် ယင်းလူငယ်များသန္တာန်တွင် ဓမ္မပင်ပေါက်များ ရှင်သန်ဖွံ့ဖြိုးလာသည်။ မဟာဗောဓိ၊ ဗုဒ္ဓဂါယာ၊ ဆာရာနသ်(မိဂဒါဝုန်) ဗာရာဏသီ၊ နာလန္ဒ စသည့် ထင်ရှားသော ဌာနကြီးများမှ ဗုဒ္ဓဘာသာအဖွဲ့အစည်းများက ဦးဂိုအင်ကာ ပြသပေးသော ဆရာကြီး ဦးဘခင်၏ ဝိပဿနာ ကမ္မဋ္ဌာန်းနည်းလမ်းကို၊ ကျေနပ်နှစ်သက် လက်ခံလာကြသည်။ အားပေးကူညီ

လာကြသည်။ တချိန်တည်း၌ပင် ဂျိန်းဘာသာဝင် ဘုန်းတော်ကြီး၊ သီလရှင်များနှင့် ခရစ်ယန်ဘာသာဝင် ဘုန်းတော်ကြီး၊ သီလရှင်တို့လည်း ဦးဂိုအင်ကာပြသသော ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းတွင် စိတ်ဝင်စားလာကြသည်။ စမ်းသပ် အားထုတ်ကြည့်ကြသည်။ တရားတော်၏ အကျိုးကျေးဇူးများ လက်ငင်းမုချ တွေ့မြင် သွားကြသဖြင့် နှစ်စဉ် သီးခြား တရားပတ်များ ဖွင့်ပေးနေရသည်။

ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းသည် လူသား၏စိတ်ဓာတ်ကို ကောင်းရာဘက်သို့ ပြောင်းလဲစေကြောင်း သိရှိသဘောပေါက်ကြသည်နှင့်အညီ၊ အိန္ဒိယပြည် အစိုးရသည် အကျဉ်းသမားများနှင့် ရဲအရာရှိများအား နှစ်စဉ် ကမ္မဋ္ဌာန်းတရား အားထုတ်စေခဲ့လေသည်။ ဝိပဿနာ ကမ္မဋ္ဌာန်းတရားသည် စာရိတ္တမြှင့်တင်ရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် များစွာ ကျေးဇူးရှိစေကြောင်း၊ အထောက်အကူ ပြုစေကြောင်း၊ ဤဆောင်ရွက်မှုများက လက်တွေ့ သာဓက ပြနေပေသည်။

ဦးဂိုအင်ကာ၏ အထက်ပါ ကြိုးပမ်းမှုအရပ်ရပ်၊ အောင်မြင်မှု အဖုံဖုံတို့သည် အီဂတ်ပူရီ၊ ဟိုက်ဒရာဘဒ်နှင့် ဂျေပူမြို့များတွင် အထွဋ်အထိပ်သို့ ဆိုက်ရောက် ခဲ့လေပြီ။ ယင်း မြို့များတွင် "ဦးဘခင်အထိမ်းအမှတ်ရံပုံငွေအဖွဲ့"များက တည်ဆောက် ဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းဌာန များသည် ဦးဂိုအင်ကာ၏ သာသနာပြုလုပ်ငန်းအတွက် ၃-ပွင့်ဆိုင် အခြေခံမဏ္ဍိုင်ကြီးများ ဖြစ်ပေသည်။

ဆရာကြီး ဦးဘခင် မျှော်မှန်းခဲ့သည့် မဇ္ဈိမဒေသ သာသနာပြု လုပ်ငန်းကြီးသည်ကား၊ ယင်း ဌာနကြီးများကို ဗဟိုပြု၍ ခိုင်ခန့်မြဲမြံစွာ အခြေစိုက်မိပေပြီ။ ဆရာကြီး၏ လိုအင်ဆန္ဒအတိုင်း ဗုဒ္ဓဝါဒ၏ မူလဒေသတွင် ဓမ္မ ရောင်ခြည်သည် ပြန်လည်ထွန်းပြောင် ဝင်းထိန်လျက် ရှိပေပြီ။ သာသနာတော် (၂၅၀၀) ကုန်ဆုံးပြီးနောက်၊ ဝိမုတ္တိခေတ်သို့ တပတ်ပြန်လည်ရောက်ရှိသည်နှင့် အညီ၊ မြတ်စွာဘုရား ပွင့်တော်မူခဲ့ရာဒေသ၌ သာသနာ ပြန်လည်စည်ပင် ဖွံ့ဖြိုး၍ လာပေပြီ။ ပဋိပတ္တိဓမ္မ ပြန်လည်ရှင်သန်လာပေပြီ။

ဤ အောင်မြင်မှုများအတွက် ဦးဂိုအင်ကာ တဦးတည်း စတင်ဦးဆောင်၍ ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ ယခုအခါ၌ ဦးဂိုအင်ကာသည် အိန္ဒိယပြည်တွင်သာမက၊ ဥရောပ၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ နိုင်ငံများသို့ဖြန့်၍ သာသနာပြု လုပ်ငန်းများ လုပ်ဆောင်နေပေပြီ။ အိန္ဒိယပြည်မှာကဲ့သို့ပင် အောင်မြင်မှုများဖြင့် သရဖူ ဆောင်းနိုင်ပေဦးတော့မည်။

x x x

## အမေရိကန်၊ အင်္ဂလန်နှင့် ဥရောပတိုက်။

### (၁) အမေရိကန်ပြည်။

ဆရာကြီး မကွယ်လွန်မီကလေးအချိန်ကပင် ကမ္ဘာအရပ်ရပ်မှ တရားရင့်ကျက်ပြီးသော တပည့်ကြီး (၆) ဦးထံသို့ တရား မှမ်းမံသင်တန်းများ တက်ကြပြီး၊ စတင် တရား ပြသပေးရန် နိုးဆော် တိုက် တွန်း စာ များ ပေး ပို့ ခဲ့ သည်။ ဆရာကြီး၏ထံသို့ အမေရိကန်ပြည်မှ မစ္စတာ ဟိုးဗား တဦးသာလျှင် အချိန်မီ အကြောင်း ပြန်ကြားခဲ့သည်။ မစ္စတာ ဟိုးဗားသည် မှမ်းမံသင်တန်း ၅-ရက် အားထုတ်ပြီးနောက်၊ စတင် တရား ပြသပေးရန် ကြိုးပမ်းခဲ့သည်။ ဆရာကြီး ကွယ်လွန်ချိန်၌ မစ္စတာဟိုးဗားသည် ကာလီဖိုးနီးယားတွင် တရားသမား ၃ ဦး အား တရား ပြလျက် ရှိလေသည်။

အိန္ဒိယပြည်၌ ဦးဂိုအင်ကာထံမှ တရား အားထုတ်ပြီးသော အမေရိကန် လူငယ်များသည် အမေရိကန်အပြန်တွင် မစ္စတာ ဟိုးဗား နှင့် ဆက်သွယ်ကြ၍ ဆက်လက် တရား အားထုတ်ကြသည်။ ထို့မှစ၍ မစ္စတာ ဟိုးဗားသည် အမေရိကန် အနှံ့အပြား တရား လှည့်လည် ပြသခဲ့သည်။ ဦးဂိုအင်ကာထံတွင် တရား နည်း ခံပြီးသော အင်္ဂလန်နှင့် ဥရောပမှ တပည့်အပေါင်းကလည်း မစ္စတာဟိုးဗားကို ပင့်ဖိတ်၍ ပြင်သစ်၊ ဆွစ်ဇာလံ၊ ဘယ်လဂျီယံ၊ ဂျာမဏီ နိုင်ငံများတွင် နွေရာသီ တရားပတ်များ ဖွင့်လှစ်၍ တရား ပြပေး စေကြသည်။ အလားတူပင် သြစတြေး လီးယားနှင့် နယူးဇီလံ နိုင်ငံများသို့လည်း မစ္စတာ ဟိုးဗားသွားရောက်၍ တရား ပြသပေးခဲ့ရသည်။

ယင်းနိုင်ငံများအသွားတွင် မစ္စတာ ဟိုးဗားသည် အိန္ဒိယပြည်သို့ ဝင်ရောက်ခဲ့သည်။ ဦးဂိုအင်ကာထံမှ လူပေါင်း ၁၀၀ ကျော်၊ ၂၀၀ ထိ ပါဝင်သောတရားပတ်များတွင် တရားပြသပေးပုံ အုပ်ထိန်းပုံတို့ကို နည်းနာ ခံယူသွားသည်။ ကိုယ်တိုင်လည်း ဝင်ရောက်၍ နိုင်ငံခြားသားများ အုပ်စုအား တရားပေးရာတွင် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အင်းယားမြိုင်ရိပ်သာသို့ ဝင်ရောက်၍လည်း တရားအားထုတ်ခဲ့သည်။ ဆရာကြီးအား ရည်မှန်း ပူဇော်ကန်တော့သွားသည်။

### ဝိပဿနာသတင်းလွှာ

ဤသို့နိုင်ငံအသီးသီးမှ ပွဲတောင်း၍ တရားပရိသတ်များပြားလာသောအခါ မစ္စစ်ရှယ်ဒင်နီဆင်လည်း မစ္စတာဟိုးဗားကို အားကျ၍ စတင်တရားပြလာသည်။ မစ္စတာ ဟိုးဗားတရားပြပေးနေရာ၊ ဥရောပစခန်းများသို့ မစ္စစ်ရှယ်ဒင်နီဆင်၊ ပထမရောက်လာခဲ့သည်။ တရားပြသရာ၌ ပါဝင်ကူညီခဲ့သည်။ ထို့

နောက် အမေရိကန်တွင် ဆက်လက်တရားပြ ပေးလေတော့သည်။ ထိုအချိန် ၁၉၇၃–၇၄ တွင် အင်္ဂလန်၌ မစ္စတာ ကိုးလ်မင်းလည်း တရား စတင်ပြသ လျက်ရှိလေပြီ။

ဤသို့ ကမ္ဘာ့နိုင်ငံအသီးသီး၌ ဆရာကြီးဦးဘခင်၏ အစဉ် အလာ အတိုင်း၊ ကမ္မဋ္ဌာန်းတရားများ ပြသပေးလာကြသောအခါ၊ အချင်းချင်းဆက် သွယ်နိုင်ကြရန် တရားပတ် ကျင်းပရာနေရာဒေသ၊ ရက်စွဲများ ကြေငြာနိုင်ကြ ရန်၊ "ဝိပဿနာသတင်းလွှာ" တစောင်ကို အိန္ဒိယပြည်၌ ဦးဂိုအင်ကာ ထုတ် ဝေခဲ့သည့် ပုံစံအတိုင်း၊ ကာလီဖိုနီးယားပြည်၊ ဘာကလီမြို့၌ အခြေပြု၍ ထုတ် ဝေခဲ့လေသည်။ ရှေးဦး သတင်းလွှာကို ၁၉၇၄ ခု၊ ဧပြီလတွင် ထုတ်ဝေခဲ့ရာ ဦးဂိုအင်ကာက အမှာစာရေးခဲ့သည်။ ရှေးဦးသတင်းလွှာကို စာကူး စက်ဖြင့် လှည့်၍ ထုတ်ဝေခဲ့ရသော်လည်း နောက်စာတစောင်များမှစ၍ ပုံနှိပ်ထုတ်ဝေ နိုင်ခဲ့ကြပေသည်။ စာလွှာခေါင်းစီးနမူနာပုံစံမှာ အောက်ပါ အတိုင်း ဖြစ် ပေသည်။

**"ဝိပဿနာသတင်းလွှာ"**

စာတိုက်သေတ္တာအမှတ် ၉၄၂၆ ဘာကလီ၊ ကာလီဖိုးနီးယား။
ဆောင်းရာသီ ၁၉၇၆ သာသနာသက္ကရာဇ် ၂၉၁၉ တနှစ်လေးကြိမ်။
(ဆရာကြီးဦးဘခင်၏ အစဉ်အလာ နည်းလမ်းကို ထိန်းသိမ်းလျက်)

× × ×

ဆရာကြီးဦးဘခင်၏ အစဉ်အလာနည်းလမ်းကို ထိန်းသိမ်းလျက်တရားပြသ ပေးပါသည်ဆိုသော မစ္စတာကိုးဗားနှင့် မစ္စစ်ရုယ်ဒင်နီဆင်တို့ အမေရိကန်ပြည် တွင် ၁၉၇၇ ခုနှစ်ဆန်းပိုင်းလောက်မှစ၍ ပြဿနာပေါ်ပေါက်လာခဲ့သည်။

ယင်းပြဿာများကို နှစ်ပိုင်းခွဲခြား၍ လေ့လာမိပါသည်။ ပထမပိုင်း ပြဿနာမှာ "ထူးတော့ထူးပါ၏။ မဆန်းလှပါ" ဆိုသည့်အတိုင်းကမ္မဋ္ဌာန်းရိပ် သာတခု ထူထောင်ရာ၌၊ မြန်မာပြည်တွင် တွေ့နေကြ မြင်နေကြ၊ ကြားနေကြ ပြဿနာပင်ဖြစ်ပါ၏။ ရိပ်သာသစ် ထူထောင်သူသည် မူလ ပင်မ တရား ဌာန ကြီး၏ အမည်နာမ အရှိန်အဝါ၊ ဂုဏ်သိန်တို့ကို အသုံးချ၊ အသုံးပြုလျက်ရှိ၏။ တချိန်တည်းမှာပင် မိမိ၏ကိုယ်ပိုင် အသိုင်းအဝိုင်း၊ ပရိသတ်ဖွဲ့စည်းလျက် တစင် ထူထောင်၏။ မိမိရိပ်သာသစ်အပေါ်သို့ မူလ ပင်မ ဌာန၏ ဩဇာ မကျရောက် စေရန်၊ ခွဲခြားခွဲခြားတမူပြောင်း၍ ဆောင်ရွက်လာ၏။ ထိုအခါ ပြဿနာပေါ် ရမြဲ ဖြစ်ပေသည်။

ဆရာကြီးဦးဘခင်၏ အစီအစဉ်မှာ မိမိရည်မှန်းထားသော တပည့်ကြီး ၆ ဦးကို မွမ်းမံသင်တန်း တရားပတ်ထိုင်စေမည်။ ကြေနပ် စိတ်ချရလောက်သော အဆင့်အတန်းရောက်လျှင်၊ မိမိ၏နည်းနာနိဿရည်းအတိုင်း တရားပြသစေမည်။ မိမိ၏ အစဉ်အလာ နည်းလမ်းအတိုင်း တရားပြသောဆရာအဖြစ် အသိအမှတ်ပြုမည်။ သို့သော် အင်းယားမြိုင် စေတီရိပ်သာမှနေ၍ သူတို့၏ဆောင်ရွက်လုပ်ကိုင်မှုများကို အစဉ် စောင့်ကြပ်ကြည့်ရှုမည်။ ထိန်းကွပ်ပေးမည်။ ဤကား ဆရာကြီး၏ သာသနာပြုလုပ်ငန်း အစီအစဉ်ပေတည်း။

ဆရာကြီး ကွယ်လွန်သွားပြီးနောက်၊ အင်းယားမြိုင် ရိပ်သာရှိ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့နှင့် အိုင်၊ အမ်၊ စီခေါ် အပြည်ပြည်ဆိုင်ရာ တရားလုပ်ငန်းဌာန သာသနာပြု လုပ်ငန်းအရပ်ရပ်ကို ဦးတင့်ရီဦးဆောင်သော တရားပြသရေးဆိုင်ရာ ငါးဦးကော်မတီက ဆက်လက်ဆောင်ရွက်ရန် တာဝန်ပေးခြင်း ခံခဲ့ကြရသည်။ ဤငါးဦးကော်မတီသည် ကမ္ဘာ့သာသနာပြုလုပ်ငန်းကြီးကို ဆရာကြီး၏ကိုယ်စား ကြီးကြပ် ကွပ်ကဲ၊ ထိန်းသိမ်း သွားရပေမည်။ တိုးချဲ့ဆောင်ရွက်သွားရပေမည်။ ဆရာကြီးမရှိသည့်နောက် မည်သူ့သြဇာမျှခံရန် မလို၊ မိမိတို့လည်း ဆရာကြီး၏ လက်တွေ့ပြသခြင်း ခံခဲ့ရသူတပည့်များဖြစ်သည်ဟု ဆို၍ "ကိုယ့်လှေကိုယ်ထိုး၊ ပဂိုးရောက်ရောက်" သဘောထားလာကြလျှင် အိုင်၊ အမ်၊ စီ နှင့် အဆက်အသွယ်ပြတ်၍ အိုင်၊ အမ်၊ စီ ၏ ထိန်းကျောင်းလမ်းညွှန်မှုမှ ကင်းလွတ်သွားရမည်သာ ဖြစ်ပေသည်။

ဒုတိယပိုင်းပြဿနာများမှာ အမေရိကန်၏ ထူးခြားသော ရေမြေ၊ ထူးခြားသော လူမှုဆက်ဆံရေး၊ ထူးခြားသော လူနေမှုစနစ်များမှ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။ အမေရိကန်တွင် တရားထိုင်သော အလေ့အကျင့်စတင်ပေါ်ပေါက်ခဲ့သည်မှာ ကာလအတန်ကြာခဲ့ချေပြီ။ အမျိုးမျိုးသောတရားထိုင်နည်းများကို လိုက်စားခဲ့ကြသည်။ ဇင်တရားထိုင်နည်း၊ ဟိန္ဒူ ယောဂနည်းအမျိုးမျိုး၊ ဆရာအမျိုးမျိုး၊ တိဘက်လာမား ဘုန်းတော်ကြီး၏ ကမ္မဋ္ဌာန်းနည်းမျိုးစုံ။ ထေရဝါဒဝိပဿနာကမ္မဋ္ဌာန်း တရားတွင်လည်း မြန်မာပြည်မှနည်းမျိုးစုံ၊ ယိုးဒယား၊ လောပြည်မှ နည်းမျိုးစုံ၊ ကမ္ဘာတဝှမ်းရှိ စိတ်လေ့ကျင့်မှုအတတ်မျိုးစုံ၊ နည်းမျိုးစုံတို့သည် အမေရိကန်သို့ စုပြုံ ရောက်ရှိနေလေပြီ။

အမေရိကန်ပြည်၏ လူနေမှုစနစ်အရ၊ တရားတာတ် ဖွင့်လိုလျှင်မြန်မာပြည်၊ အိန္ဒိယပြည်ကဲ့သို့ ယာယီ ဌာနများ ဖွင့်လှစ်၍ မိမိတို့လုပ်ငန်းကို သီးခြား မဆောင်ရွက်နိုင်ကြချေ။ မြေငှားရမည်။ နေရာငှားရမည်။ ငှား၍ ရဦးတော့ ယာယီအဆောက်အဦး ဆောက်လုပ်ရန် ခဲယဉ်းလှသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်း ယောဂီများအကျိုးအတွက် ဖွင့်လှစ်သော "ကမ္မဋ္ဌာန်းလုပ်ငန်းဌာန" များကို မှီခို အားထားကြရသည်။

ယင်း ဌာနများကို စီးပွားရေးသမားများက ဦးစီး၍ ဖွင့်လှစ်ခဲ့ကြသည်။ အမေရိကန်ပြည်မှာသာမက၊ အင်္ဂလန်နှင့် ဥရောပတိုက်တွင်လည်း ဤကဲ့သို့ဌာနများ ရှိသည်။ ဌာနအလိုက် လူ ၁၀–ယောက်မှ ၁၀၀–ထိ တပြိုင်နက် တရားပတ် ဝင်နိုင်ကြသည်။ ယင်းဌာနများတွင် ဌာနပိုင်ရှင်များကိုယ်တိုင်သော်၎င်း၊ ကမ္မဋ္ဌာန်းပြဆရာများနှင့် ညှိနှိုင်း၍သော်၎င်း၊ တရားပတ်များ၊ တရားကျင့်စဉ် သင်တန်းများ ဖွင့်လှစ် ပေးနေကြသည်။ ယင်းဌာနများ၏ ကြော်ငြာစာလွှာများကိုကြည့်ပြီးနောက် ကြိုက်ရာ တရားကျင့်စဉ်များကို ရွေးချယ်၍ တရားအားထုတ်နိုင်ကြသည်။ မည်သည့်တရားကိုရွေးရွေး ပိုင်ရှင်မှာမူ နေရာ ငွေးခ ရမည် သေချာပြီး ဖြစ်သည်။

အဆိုပါဌာနများတွင် မုတ်ဆိတ်မွေးနှင့် ဟိန္ဒူယောဂီဆရာကြီး၏တရားပတ်ပြီးလျှင် ဇင်နည်းပြဆရာ တရားပတ်ဝင်ကြသည်။ ဇင်ဆရာထွက်လျှင် တိဘက်ဘုန်းကြီး၏ တရားပတ်စသည်။ ထို့နောက် ဝိပဿနာ ကမ္မဋ္ဌာန်းဆရာ၊ ဆရာမများက သင်တန်းပေးကြသည်။ မြန်မာပြည်နည်း၊ ယိုးဒယားနည်း၊ ကြိုက်ရာရွေးနိုင်သည်။ တနည်းတည်းအားမရလျှင် စိတ်သဘောထား ကြီးစွာဖြင့် ၂ နည်း၊ ၃ နည်း ရောပြပေမည်။ နေရာ၊ ဒေသ စရိုက်လိုက်၍လည်း ပွဲပြင်မှု လိုက်လျောမှုများ လုပ်ပေးကြသည်။ တရားတပတ်ပြီးလျှင် ထိန်းချုပ် ထားခဲ့ကြသော ကျဉ်းကြပ်စွာ နေခဲ့ရသော စိတ်များကို ရုတ်တရက် ဖွင့်လွှတ်လိုက်ကြသည်။ "ဓမ္မဂီတ" ဟု ဆိုသော သီချင်းများ စုဝေးဆိုကြသည်။ စိတ်လွတ်လပ်ပေါ့ပါးစွာဖြင့် တရားသင်တန်းပြီးဆုံးသော အထိမ်းအမှတ်အဖြစ် ကပွဲပြုလုပ်ကြသည်။ ထို့နောက် သင်တန်းဆရာက ဦးဆောင်၍ ပင်လယ်ကမ်းခြေစပ်သို့ ပြေးဆင်းကြပြီး ရေကူးပျော်ပါးကြသည်။

× × ×

ဆရာကြီးဦးဘခင်၏ အစဉ်အလာ နည်းလမ်းမူရင်း သန့်သန့်ကို အမှန်တကယ် ထိန်းသိမ်းစောင့်ရှောက်နေသူများ၊ ကျင့်သုံး ရှက်ဆောင် နေသူများကိုယ်စား၊ ဦးဂိုအင်ကာက သက်ဆိုင်သူများသို့ အမေရိကန် ဝိပဿနာသတင်းလွှာ ၁၉၇၆ ခု၊ ဧပြီလမှ တဆင့် အောက်ပါမေတ္တာရပ်ခံချက်များကို ကြေငြာခဲ့လေသည်။

ကမ္ဘာ့အရပ်ရပ် အဆက်အသွယ် အမည်စာရင်းကို အသုံးပြု၍ စုပေါင်း တရားထိုင်ပွဲများ စီစဉ်နေကြသူများသို့—

ကမ္ဘာ့အရပ်ရပ် အဆက်အသွယ် အမည်စာရင်းကို အသုံးပြု၍ စုပေါင်း တရားထိုင်ပွဲများ စီစဉ်ဆောင်ရွက် နေသူအချို့သည်၊ မသိနားမလည်စွာဖြင့်

တရားသမားအား တရားနည်းလမ်းမျိုးစုံ ရောပြွမ်း၍ ပြသပေးနေ ကြောင်း ကျွန်ုပ်ကြားသိလာရသည်။ အချင်းချင်း ဆက်သွယ်နိုင်ကြရန်နှင့် တွေ့ဆုံနိုင်ကြရန် အမည်စာရင်း နေရပ်လိပ်စာများ ထုတ်ပြန်ခြင်း၏ ရည်ရွယ်ချက်မှာ အထက်ပါမှားယွင်းမှုများ ပြုလုပ်ကြရန်အတွက် မဟုတ်ပေ။

တရားကမ္မဋ္ဌာန်းလုပ်ငန်းကို လေးနက်စွာ ကြိုးပမ်းလိုသူ တရားသမားအတွက် အထက်ဉာဏ်များ ပွင့်လင်းစေရန် ဆရာကြီးဦးဘခင်၏ အစဉ်အလာနည်းလမ်း မူရင်း သန့်သန့်ကို (အခြားမည်သည့် လုပ်ငန်းနှင့်မျှ မရောရှက်ဘဲ) စွဲကိုင်ကျင့်သုံးသွားရန် အထူးအရေးကြီးပေသည်။

အနောက်နိုင်ငံမှ တပည့်အချို့သည် ကျွန်ုပ်ဤသို့သဘောထားသည်ကို ဂိုဏ်းစွဲဝါဒ၊ သဘောထားသေးသောဝါဒ၊ အမြင်ကျဉ်းသောဝါဒ လက်ကိုင်ပြုသည်ဟု ထင်မှတ်ကောင်း ထင်မှတ်ပေလိမ့်မည်။ ထိုသို့ရှု့ချခံရသည့်တိုင်အောင် တရားသမားများ အကျိုးအစစ်အမှန် ရရှိရေးက ဟန်ဆောင် အမြင်ကျယ်မှု၊ သဘောထား ကြီးမှုထက် ပိုမိုအရေးကြီးကြောင်း အလေးအနက် ပြောဆိုရပေမည်။

အသင်သည် ကျွန်ုပ်နှင့် အယူအဆ တူညီမှ ကူညီ ပေမည်။ ဤသို့ဖြစ်လျှင် သင်၏ သဘောထား အယူအဆများ ပြောင်းလဲပစ်ရန် ကျွန်ုပ်ကမတိုက်တွန်းလိုပါ။ အသင်၏ဌာနကို ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းနည်းလမ်းသန့်သန့်အတွက် ဖွင့်မထားနိုင်ကြောင်း၊ ဝိပဿနာ သတင်းလွှာဆိုင်ရာ ပုဂ္ဂိုလ်များသို့ သင်အသိပေးလိုက လွတ်လပ်စွာ အသိပေးနိုင်ပါသည်။ ဤသို့အကြောင်းကြားလျှင် သင့်တာဝန်ပြီးဆုံးပြီဖြစ်၍ အသင်၏နေရာဌာနကို သင်ကြိုက်သလိုလွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။

ဤသို့ဆိုလျှင် ဝိပဿနာသတင်းလွှာဆိုင်ရာ ပုဂ္ဂိုလ်များက သင့်အားယုံကြည်စွာ ပေးအပ်ထားသော ကမ္ဘာ့အရပ်ရပ် အဆက်အသွယ် နေရပ်လိပ်စာ စာရင်းကို သင် ဆက်လက်အသုံးမပြုတော့ဟု အထူး မျှော်လင့်ပါသည်။ အဆိုပါ စာရင်းကိုလည်း သက်ဆိုင်ရာသို့ အလျင်အမြန် ပြန်ပို့ပေးစေလိုပါသည်။ ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းနည်းလမ်းဆိုင်ရာ တိတ်ခွေများကိုလည်း ပြန်လည် ပေးအပ်စေလိုပါသည်။

သင်၏ဌာနတွင် ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းနည်းလမ်းများကို သန့်စင်စွာ ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ယင်းနည်းလမ်း သန့်သန့်ဖြင့်သာ တရားပြသပေးသွားမည်ဆိုပါမူ၊ ဆရာကြီး ဦးဘခင်၏ အစဉ်အလာကို ရိုသေလေးစားသော ကျွန်ုပ်တို့ တပည့်အပေါင်းက၊ သင့်အား လွန်စွာကျေးဇူးတင်ရှိကြရမည် ဖြစ်ပါသည်။

ဤကဲ့သို့ ဆောင်ရွက် မပေးနိုင်သည့်တိုင်အောင် ကျွန်ုပ်က သင့်အား အစဉ် မေတ္တာထားနေမည်သာ ဖြစ်ပါသည်။ ဒေါသ၊ အာဃာတသဘောထား လုံးဝမရှိပါ။

ပျော်ရွှင်ကြပါစေ။ ချမ်းမြေ့ကြပါစေ။ လွတ်မြောက်ကြပါစေ။
အက်စ်၊ အင်န်၊ ဂိုအင်ကာ။

ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းကျင့်စဉ် နည်းလမ်းအမည်တပ်၍ နည်းမျိုးစုံ ရောပြွမ်းတရားပြနေသော ဌာနများသို့ ဤသို့ မေတ္တာရပ်ခံလိုက်ပြီးနောက်၊ ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းကျင့်စဉ် နည်းလမ်းကို လက်ခံကျင့်သုံးခဲ့ကြသည့် တပည့်ဟောင်းများထံသို့လည်း ဝိပဿနာ သတင်းလွှာမှတဆင့် အောက်ပါ အိတ်ဖွင့်စာကို ဦးဂိုအင်ကာက ရေးသားပေးပို့ခဲ့လေသည်။

"ကျွန်ုပ်ထံ၌ တရားအားထုတ်ဘူးသူ တပည့် တဦးစီအား ကျွန်ုပ်က အထူး ကျေးဇူးတင်လှကြောင်း ပြောလိုပါသည်။ သင်တို့သည် ကျွန်ုပ်အား တရားဓမ္မ ပြသပေးနိုင်ရန် အခွင့်အလမ်းပေးခဲ့ကြပါသည်။ ဤနည်းဖြင့် ကျွန်ုပ်၏ ပါရမီကို သင်တို့က ကူညီဖြည့်ပေးခဲ့ကြ၍ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ကျေးဇူးရှင် ဆရာကြီးဦးဘခင်၏ ဓမ္မကြွေးမြီများကို ပေးဆပ်နိုင်စွမ်း ရှိလာပါသည်။

ကျွန်ုပ်ထံသို့ တရားအားထုတ်ရန် ရောက်လာသော တပည့်တဦးစီအား မိမိကိုယ်ကို ဆရာအား၊ လုံးဝအပ်နှံရန်နှင့် သင်ကြား ပြသသော တရားနည်းလမ်း သက်သက်ကိုသာ သက်ခံကျင့်သုံးရန် ရှေးဦး ပဋိညာဉ် တောင်းခံခဲ့ပါသည်။ ဤပဋိညာဉ်ကို တပည့်သည် သင်ကြားပြသပေးသည့် တရားနည်းလမ်းအတိုင်း သင့်တင့်စွာ အမှန် ကျင့်သုံးဆောက်တည်စေရန် တောင်းခံခြင်းဖြစ်ပေသည်။ သို့သော် ဤပဋိညာဉ်မှာ တရားပတ်ဝင်နေချိန်အတွက်သာ ဖြစ်ပါသည်။

ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းနည်းလမ်းကို ဤသို့သင့်တင့်မှန်ကန်စွာ စမ်းသပ် ကျင့်သုံးကြည့်ပြီးနောက် တရားသမားတဦးသည် မိမိ၏ကိုယ်၊စိတ်နှင့် ပိုမိုသင့်လျော်သော၊ ပိုမို သပ္ပါယဖြစ်သော ကမ္မဋ္ဌာန်းဆရာ၊ ကမ္မဋ္ဌာန်းနည်းလမ်းအသစ်များကို တွေ့ရှိလာပါက ထိုတရားသမားသည် ထိုဆရာသစ်ထံ ချဉ်းကပ်၍ သူပြသသည့် ကမ္မဋ္ဌာန်း နည်းလမ်းကိုသာ လက်ခံ ကျင့်သုံးသွားသင့်ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် သတ္တဝါတို့၏ စရိုက်ကိုလိုက်၍၊ အသိဉာဏ်ကို လိုက်၍ ကျင့်သုံးနိုင်ကြရန် ကမ္မဋ္ဌာန်းတရားများစွာကို ဟောကြားတော်မူခဲ့ပေသည်။ ဤနည်းလမ်း အသီးသီး၏ အဓိကရည်ရွယ်ချက်သည်ကား ယောဂီအား စိတ္တဝိသုဒ္ဓိအဆင့်သို့ ရောက်နိုင်စေရန်၊ ကိလေသာအညစ်အကြေး၊ မြူမှုန်တစက်မျှမကျန်စေဘဲ ဆေးကြော သန့်စင်ပစ်နိုင်စေရန်ပင် ဖြစ်သည်။ ဖြူစင်

သန့်ရှင်းသော စိတ္တဝိသုဒ္ဓိ ဖြစ်ပေါ်လာ၍ နောက်ဆုံးအဆင့်၌ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်စေရန် ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ အတွင်းက ကမ္မဋ္ဌာန်းကျင့်စဉ် နည်းလမ်းအများသည် နောင်လာနောက်သားများအတွက် မရရှိနိုင်ဘဲ၊ ပျောက်ဆုံးသွားခဲ့ကြသည်။ သို့သော် အချို့သော ကျင့်စဉ်နည်းလမ်းများကိုမူ ဆရာစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့နိုင်သဖြင့် ယနေ့တိုင်အောင်ပင် ကမ္မဋ္ဌာနစရိယများ လက်စွဲ ကျင့်သုံးနေနိုင်ကြပေသည်။

ကံကောင်းထောက်မသဖြင့် ကျွန်ုပ်သည် ဤကျန်ရှိနေသေးသော တရားကျင့်စဉ်နည်းလမ်း တမျိုးကို ကျင့်သုံးနိုင်ခဲ့ပါသည်။ ဆရာစဉ်ဆက် လက်ဆင့်ကမ်း လွှဲပြောင်း သင်ကြားပေးခဲ့သော ဤနည်းလမ်းကို နောက်ဆုံး ထိန်းသိမ်းစောင့်ရှောက်၍ မီးရှူးတံဆောင်သဘွယ်၊ ကိုင်ဆောင်ထွန်းလင်း တောက်ပစေခဲ့သူမှာ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ တရားလုပ်ငန်းဌာနမှ ကွယ်လွန်သူ ဆရာကြီး ဦးဘခင်ဖြစ်ပါသည်။ ဆရာကြီးသည် (၁၄) နှစ်တိုင်တိုင် ကျွန်ုပ်အား သူ၏ ကျင့်စဉ်နည်းများကို လက်ပွန်းတတီး သင်ကြား ပြသပေးခဲ့ပြီးနောက်၊ သူ၏ ကျင့်စဉ်နည်းလမ်းများအတိုင်း တရားပြသပေးရန် အခွင့်အာဏာ ပေးအပ်ခဲ့ပါသည်။ ပုဂ္ဂိုလ်အချို့ကိုလည်း ကျွန်ုပ်နည်းတူ တရားပြကြစေရန် အခွင့်ပေးအပ်ခဲ့ပါသည်။

ဆရာကြီး၏ အစဉ်အလာ ထိန်းသိမ်းစောင့်ရှောက်သော ဌာနမှ လက်တွေ့ သင်ကြားယူခဲ့သော ဤတရားကျင့်စဉ်သည် ကျွန်ုပ်အား များစွာကျေးဇူးပြုပါသည်။ ဤတရားကျင့်စဉ် နည်းလမ်းကိုသာလျှင် ကျွန်ုပ်က ပြသပေးနိုင်ပါသည်။ အခြား ကျင့်စဉ်နည်းလမ်း တစုံတရာနှင့် ပတ်သက်၍ ကျွန်ုပ်၌ ပြောဆိုနိုင်ခွင့် မရှိပါ။ သို့ရာတွင် ကျွန်ုပ်၏ ကိုယ်တွေ့အရသော်၎င်း၊ အခြား တပည့်ပေါင်းများစွာ၏ အတွေ့အကြုံအရသော်၎င်း၊ မုချသိကြရသည်မှာ ဤဆရာကြီး ဦးဘခင်၏ တရားကျင့်စဉ်ဖြစ်စေ၊ အခြား တရားနည်းလမ်းဖြစ်စေ၊ အကောင်းဆုံး အကျိုးကျေးဇူး ဖြစ်ထွန်းစေလိုလျှင် နည်းလမ်း တခုတည်းကိုသာ မူရင်း သန့်သန့် ကျင့်သုံးအားထုတ်သွားရန်လိုကြောင်း ဖြစ်ပေသည်။

အခြား တရားကျင့်စဉ်တခုခုက မိမိအတွက် ပိုမိုအကျိုးရှိသည်ကို တွေ့ရှိသဖြင့် ယင်းကျင့်စဉ်ကို လိုက်နာ ကျင့်သုံးလိုသော တပည့်ဟောင်းများအား ကျွန်ုပ်သည် မေတ္တာမပျက်၊ ဆက်လက်၍ ကောင်းကျိုးကို လိုလားနေမည်သာ ဖြစ်ပါသည်။ မိမိနှင့် သင့်လျော်သည်ဟု တွေ့ရသော ကျင့်စဉ်သစ်ကိုသာ စွဲမြဲစွာ ဆုပ်ကိုင်လျက်၊ ပန်းတိုင်အရောက်၊ မနားမနေကြိုးပမ်းသွားပါလေဟုသာ အကြံကောင်း ပေးလိုက်ပါသည်။

ဆရာကြီးဦးဘခင်၏ အစဉ်အလာ တရားကျင့်စဉ်သက်သက် မူရင်းသန့်သန့်ကို (အခြားနည်းလမ်းများ မရောနှောဘဲ) ကျင့်သုံးခြင်းဖြင့် မိမိတို့အတွက် လိုလောက်သော အကျိုးစီးပွားများ ရရှိကြောင်း၊ ကိုယ်တွေ့ သိရှိသူ တပည့်ပေါင်းများစွာ ရှိပါသည်။ ထိုတပည့်များအားလည်း အလားတူ အကြံဉာဏ်ပေးပါသည်။ မိမိ၏ ကျင့်စဉ်နည်းလမ်းကိုသာ မြဲမြဲစွဲဆုပ်ကိုင်၍ နောက်ဆုံးပန်းတိုင်သို့ အရောက်ချီတက်ကြပါလေ။

တရားကျင့်စဉ်နည်းလမ်းမျိုးစုံကို ရောမွှေခြင်း၊ အာစရိယ အစဉ်အလာ တခုမှတခုသို့ ပြောင်းလဲချဉ်းကပ်နေခြင်းသည်၊ မည်သို့မျှ အကျိုး မပြုစေပါ။ "ချောင်းကိုပစ်၍မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့" စကားပုံ ဆိုရိုးရှိပေသည်။ အပေါ်ယံမြေလွှာကိုသာ ယက်လျက် ရေတွင်းတူးနေသူသည် အချည်းနှီးအလုပ်ကိုသာ လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း တပည့်တို့အား မကြာခဏ အလေးအနက်သတိပေးခဲ့သည်။ သူသည် အဘယ်အခါ သောက်ရေသုံးဆောင်ရပေလိမ့်မည်နည်း။ မိမိနှစ်သက်ရာ ကျင့်စဉ်ကို ရွေးချယ်၍ ထိုကျင့်စဉ်အတိုင်း တသမတ်တည်း ကျင့်သုံးခြင်းသည်သာ နည်းမှန်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ကျင့်ကြံမှသာ စမ်းပေါက်ဝကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရှိရပေသည်။

ကြိုက်ရာလမ်းကို ရွေးချယ်၍ လိုက်ပါလေ။ နယူးဒေလီမှ အရှေ့ဘက်သို့ရှိ၊ အနောက်ဘက်သို့ရှိ၊ တသမတ်တည်း ဦးတည်၍၊ ခရီးထွက်လျှင် နယူးရောက်မြို့သို့ အမှန်ရောက်ရှိပေမည်။ သို့သော် အရှေ့ဘက်သို့ ခြေ ၁၀ လှမ်းလှမ်းပြီးမှ၊ အနောက်သို့ခြေ ၁၀ လှမ်းပြန် လှမ်းလျှင် နယူးရောက်သို့ ဘယ်အချိန်အခါမှ ရောက်ပည်မဟုတ်ပါ။

ကျွန်ုပ်၏ တပည့်တချို့သည် ဤ "ရှေ့တိုး၊ နောက်ငင်" ကစားပွဲတွင် မသိနားပလည်စွာ ပါဝင်ဆင်နွဲနေကြကြောင်း၊ ကျွန်ုပ်ကြားသိရသည်။ အချို့က သူတို့ကိုယ်သူတို့ အနှောင်အဖွဲ့ကင်းသည့် "အလွတ်" သမားများဟု ဂုဏ်ယူနေကြသည်။ "စိတ်သဘောထားကြီးမား" ကြောင်း ဖော်ထုတ်ပြောဆို၍ ကျေနပ်နေကြသည်။ သင်သွားမည့် ခရီးလမ်းကြောင်းကို မျက်စိဖွင့်၍ ရွေးချယ်ခြင်းမပြုဘဲ၊ ဆင်ကန်းတောတိုး ဆောင်ရွက်လျှင် မည်သို့မျှ ခရီးမတွင်ဘဲ၊ ကရွတ်ကင်းလျှောက်၊ ဗိုင်းချာလည်၍သာ နေပေလိမ့်မည်။

ဤသို့ အန္တရာယ် ကြီးမားလှသောကြောင့်၊ ထိုတပည့်အပေါင်းအား ဆက်လက်၍ အမှားများပြုလုပ်မနေကြရန်၊ သတိပေးရမည့် တာဝန်ဝတ္တရားများ ကျွန်ုပ်အပေါ်သို့ ကျရောက်လာခဲ့သည်။ တပည့်အပေါင်း၏ ကျေးဇူးအစစ်အမှန်အတွက် ရှေ့ရှု၍သာ ကျွန်ုပ်သည် အောက်ပါ အရေးကြီးသောဆုံးဖြတ်ချက်အသစ် တခုကို ချမှတ်လိုက်ပေပြီ။

ယခုအချိန်မှစ၍ လေးလေးနက်နက် တရားအားထုတ်ရန် ပြုလုပ်ပေးသော ၂ ထပ်ကြော့၊ ၃ ထပ်ကြော့၊ တရားပတ်များတွင် တရားသမားများကို အကန့်အသတ်ဖြင့်သာ လက်ခံပေတော့မည်။ ဆရာကြီးဦးဘခင် ၏ တရားကျင့်စဉ်သာလျှင် မိမိအတွက် အသင့်လျော်ဆုံးဖြစ်သည်ဟု လုံးဝသန္နိဋ္ဌာန် ချပြီးသူများသာလျှင် ထိုအဆင့်မြင့် ရက်တိုတရားပတ်များကို တက်ခွင့်ရကြပေတော့မည်၊ ဤကဲ့သို့ ဆုံးဖြတ်ချက်ချနိုင်ပြီးသော တပည့်များသည် တရားကျင့်စဉ်ရှာဖွေခြင်း၊ ဆရာရှာဖွေခြင်းကိစ္စများ ပြီးဆုံးခဲ့ပေပြီ၊ နောက်ဆုံး ဝိမုတ္တိပန်းတိုင်သို့ တက်လှမ်းရန် ဝိပဿနာကမ္မဋ္ဌာန်းတရားကို အင်တိုက်၊ အားတိုက်၊ ဇွဲလုံ့လအပြည့်၊ သဒ္ဓါတရားအပြည့်ဖြင့် ကြိုးပမ်းအားထုတ်ရန် သူတို့သည် အဆင်သင့်ဖြစ်နေကြပေမည်။

ပျော်ရွှင်ကြပါစေ၊ ချမ်းမြေ့ကြပါစေ၊ လွတ်မြောက်ကြပါစေ။

အက်စ်၊ အင်န်၊ ဂိုအင်ကာ။

အမေရိကန်၌ ပေါ်ပေါက်ခဲ့သော ပြဿနာအရပ်ရပ်ကို အိုင်၊ အမ်၊ စီမှ "တရားပြသရေး အဖွဲ့ငယ်" ၏ ကိုယ်စား၊ ဦးဂိုအင်ကာက အထက်ပါစာနှစ်စောင် ထုတ်ပြန်ခြင်းဖြင့် ရှင်းလင်းပစ်လိုက်လေသည်။ ထို့သည့်နောက်၌မူ အိုင်၊အမ်၊စီ သည် သောဝစဿတ၊ တဂုဏ်နှင့်ပြည့်စုံသော ဆရာကြီး၏တပည့်ဟောင်း၊ ဦးဂိုအင်ကာ၏ တပည့်ဟောင်းများကိုသာ ဦးဆောင်မှုပေး၍ အမေရိကန်နိုင်ငံ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိပေသည်။ ဖြစ်ပေါ်ခဲ့သည့် ပြဿနာများမှ အဘိုးတန် သင်ခန်းစာများ ရရှိခဲ့ပေသည်။ ဤသင်ခန်းစာများအရ၊ အနောက်နိုင်ငံ သာသနာပြုလုပ်ငန်းများတွင် ဖြစ်ပေါ်လာနိုင်မည့် အခက်အခဲများ၊ ပြဿနာများကို ကြိုတင် ခန့်မှန်းနိုင်ကြပေမည်။ အဖြေ နည်းလမ်း များကို အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ကြပေမည်။

ယခုအခါတွင် အမေရိကန် ဝိပဿနာ သတင်းလွှာ အဖွဲ့ဝင် များသည်။ အိုင်၊အမ်၊စီ၏ ဦးဆောင်မှုအောက်၌ ရှေ့သို့မှန်မှန် ချီတက်နေကြပေသည်။ ဦးဂိုအင်ကာနှင့်မစ္စတာကိုးလ်မင်းတို့သည်လည်း အမေရိကန်နှင့် ကနေဒါနိုင်ငံများသို့ ခရီးထွက်၍ တရားပတ်များ ပြသပေးနေကြသည်။ အမေရိကန်တပည့်များသည် အိန္ဒိယပြည်နည်းတူ၊ အမေရိကန်နိုင်ငံ၌ "ဆရာကြီးဦးဘခင်၏ အစဉ်အလာတရားကျင့်စဉ်နည်းလမ်း "လက်တွေ့သင်ကြား ပြသပေးပေးသည့် အခြေခံဗဟိုတရားဌာနများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေကြပေပြီ။ မကြာမီအကောင်အထည်ပေါ်လာလိမ့်မည်ဟု ယုံကြည်ရပေသည်။

× × ×

## ၂။ အင်္ဂလန်နှင့် ဥရောပတိုက်

ဆရာကြီးဦးဘခင်ထံမှောက်၌ ဝိပဿနာ ကမ္မဋ္ဌာန်းတရားအားထုတ်ရန် ရောက်ခဲ့သူများအနက် မစ္စတာကိုးလ်မင်းသည် ထူးခြားသော ပါရမီရှင်တဦး ဖြစ်ကြောင်း အခန်း ၄ ၌ ဖော်ပြခဲ့ပါသည်။ သူ၏ တရား ရှာပုံတော် အကြောင်းကို မစ္စတာကိုးလ်မင်းသည် (သီ၊ ကွိုက်ယက်မိုင်း) အမည်ဖြင့် စာအုပ်ရေးသား၍ အင်္ဂလန်နှင့် အမေရိကန်တွင် ထုတ်ဝေပြီးဖြစ်သည်။ ဆရာကြီး ကိုယ်စား အနောက်နိုင်ငံများတွင် ဝိပဿနာတရားပြသပေးရန် တိုက်တွန်းခြင်း ခံခဲ့ရသူ ပုဂ္ဂိုလ်တဦးဖြစ်ပေသည်။

ဆရာကြီးကွယ်လွန်ပြီးနောက် အချိန်အနည်းငယ်အတွင်းမှာပင် မစ္စတာ ကိုးလ်မင်းသည် အင်္ဂလန်ပြည်တွင် ဆရာကြီးဦးဘခင်၏ အစဉ်အလာ အတိုင်း ဝိပဿနာတရားများ စတင်ပြသခဲ့သည်။ အင်္ဂလန်ပြည်တွင်လည်း အမေရိကန် ပြည်မှာကဲ့သို့ပင် သီးသန့်ယာယီတရားစခန်း ဖွင့်လှစ်ရန် နေရာအခက် အခဲရှိခဲ့ သည်။ သို့သော် တရားသမား အနည်းငယ်မျှဖြင့် ရနိုင်ရာစခန်းများ၌ စတင် တရားပြပေးခဲ့သည်။

အင်္ဂလန်ပြည်မှတဆင့် ဥရောပတိုက်ပြင်သစ်၊ ဆွစ်ဇလံ၊ ဘယ်လဂျီယံ၊အီတလီ၊ ဂျာမဏီနိုင်ငံများတွင် ၁၉၇၄ ခုနှစ်ဆန်းမှစ၍ တရားပတ် များကို တိုးချဲ့ဖွင့်လှစ်လာခဲ့နိုင်ပေသည်။ ဥရောပတိုက်၌ တရားပတ်များ ဖွင့်လှစ်ရာတွင် ရှေးဦးပိုင်း၌ ဆရာကြီး၏ တပည့်မဟောင်း၊ ဂျူးမန်အမျိုးသမီး မဥမ္မာခေါ် ဖရိဒ်ဂါဒ်လောတာမိုတာက၊ ကူညီဆောင်ရွက်ပေးခဲ့လေသည်။ ထိုအချိန်များ အတွင်း မစ္စတာကိုးလ်မင်းသည် အိန္ဒိယပြည်သို့ လာခဲ့၍ ဦးဂိုအင်ကာ တရား ပြပုံတို့ကို လေ့လာခဲ့သည်။ တရားပတ်အချို့တွင် ကိုယ်တိုင် ပါဝင် ကူညီ ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်သို့ လာရောက်၍လည်း အင်းယားမြိုင်စေတီရိပ် သာတွင် မွမ်းမံသင်တန်းများ တက်ရောက်ခဲ့သည်။

မစ္စတာကိုးလ်မင်း၏ အရည်အသွေးကို ခန့်မှန်းနိုင်ရန် ဆွဇ်ဇာလံပြည်၊ ဇူးရစ်မြို့၌ ပြုလုပ်သော တရားပတ်တခု၌၊ သူဟောကြားခဲ့သော တရားတပုဒ် ကို အောက်၌ ဖော်ပြလိုက်ပါသည်။

### "ကမ္မသဘောတရား"

ယနေ့ည ကျွန်ုပ်တို့ ကံသဘောတရားကို ဆွေးနွေးကြပါမည်။ ကံအမှု ကို ကျွန်ုပ်တို့ ပြုလုပ်ပုံနှင့် ယင်းအမှုက ကျွန်ုပ်တို့အပေါ် မည်သို့ အကျိုးသက် ရောက်ပုံတို့အကြောင်း တင်ပြပါမည်။ အကြောင်းကြောင့် အကျိုးဖြစ်ပေါ် သည်ဆိုသည့် ကမ္မသဘောတရားတို့ကို အသိဉာဏ်အားဖြင့် ကျွန်ုပ်တို့နားလည်

ပြီး ဖြစ်ပါသည်။ သက်ရောက်မှုတိုင်းတွင် ယင်းနှင့် ညီမျှသော ပြောင်းပြန်တုန့်ပြန်မှု တခုစီ ရှိပေသည်။

ကျွန်ုပ်တို့အများတွင် "ကောင်းသောကုသိုလ်ကံ" အသင့်အတင့် ကိုယ်စီရှိကြပါသည်။ ကုသိုလ်ကံ မကောင်းခဲ့လျှင် ယခုကဲ့သို့ လူ့ဘဝသို့ ရောက်ခဲ့ကြမည် မဟုတ်ပါ။ သို့ရာတွင် ယနေ့ လူသားအများအပြားသည် နောင်ဘဝများတွင် ဤမျှ "ကံကောင်း" ကြတော့မည် မဟုတ်ပါ။ လူပေါင်း မြောက်မြားစွာအတွက် လူ့ဘဝသို့ ပြန်လည်ရောက်နိုင်ရန် ခဲယဉ်းလှပေသည်။ နိမ့်ကျသော တိရစ္ဆာန်ဘဝသို့ လျောကျသွားမည်။ သို့မဟုတ် ငရဲပြည်သို့ တန်းဆင်းသွားနိုင်ကြပေသည်။

"ကမ္မ" ဆိုသည်မှာ ဈေးဆိုင်ကြီးများသို့ ဈေးဝယ်ထွက်သည်နှင့်တူပါသည်။ အချို့ ကုန်ပစ္စည်းများကို လက်ငင်း ငွေပေးချေ၍ ဝယ်ခဲ့ကြသည်။ အချို့ ပစ္စည်းများကို အကြွေးယူခဲ့ကြပါသည်။ သို့သော် "ကမ္မ" နှင့် ပတ်သက်၍ ကျွန်ုပ်တို့ ငြင်းဆန်၊ ရှောင်လွှဲမသွားနိုင်သည့် အခြေခံအချက်တခု ရှိပါသည်။ ဤအချက်မှာ နောက်ဆုံး၌ ကျွန်ုပ်တို့သည် ကြွေးစာရင်းကို အပြည့်အစုံ အပြေအလည် ပေးဆပ်ကြရပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် ပေးဆပ်ကြရပါမည် ဆိုသည်ပင် ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့အများသည် ဤနိယာမကို နားလည် သဘောပေါက်မှု မရှိကြပါ။ ကျွန်ုပ်တို့သည် ဈေးဝယ်ထွက်ခဲ့ကြ၍ ကုန်ပစ္စည်းများ ဝယ်ချမ်းခဲ့ကြသည်။ စားသုံးပစ်လိုက်ကြသည်။ ထို့နောက် ကုန်ပစ္စည်းဘိုးများ မပေးဆပ်ရအောင်၊ ကြွေးမဆပ်ရအောင် ရှောင်တိမ်းနေရန် ကြိုးပမ်းကြသည်။

ယခု ဒီမှာရောက်ရှိနေသော ပရိသတ်သည် ကြွေးပေးဆပ်ရန် ရောက်နေကြသဖြင့်၊ ကြွေးပေးဆပ်ရန် တာဝန်သိသော ပုဂ္ဂိုလ်များဖြစ်သည်ဟုဆိုရပါမည်။ ဒီတရားဌာနသို့ ကြိုးစားပြီး ရောက်လာခြင်း၊ စကားမပြောဘဲနေကြခြင်း၊ အဓိဋ္ဌာန်ပြုပြီး နာရီပေါင်းများစွာ တရားအားထုတ်ကြခြင်းများသည် အမှန်တကယ် ကြွေးများပေးဆပ်ပါမည်ဆိုသော ရည်ရွယ်ချက်ကို ဖော်ပြနေခြင်း ဖြစ်ပါသည်။

ဝိပဿနာတရားနှင့် ထိတွေ့မှု ရလာခဲ့သည်။ ကျွန်ုပ်တို့သည် ဒုက္ခသဘောတရား၊ ဒုက္ခ၏ မမြဲသော သဘောတရားကို သိရှိလာရသည့်အတွက် လွန်စွာကံကောင်းကြပါသည်။ ကျွန်ုပ်ဘိုသည် ဒုက္ခမှလွတ်မြောက်ရန် ကြိုးပမ်းနိုင်ကြသည်သာ ဖြစ်သည်။ ဒုက္ခငရဲဆိုတာ မြဲတယ်။ ကျရောက်မိလျှင် မလွတ်မြောက်တော့ဘူး။ "သို့မဟုတ်" ကောင်းကင်ဘုံသို့ရောက်ရန် နောက်ဘဝထိ စောင့်ရဦးမယ်။ အစရှိသဖြင့် ယုံကြည် ထင်မှတ် နေရှာသူများ အတွက် ဒီဘဝတွင်

စိတ်ငြိမ်းမှုကိုရှာ၍ တွေ့ကြမည်မဟုတ်ပါ။ သေသောအခါတွင်လည်း ကြေးများဝိုင်းစိုင်းလည်လျက် ကြွေးစာရင်းများ သေရာပါသွားကြမည်သာဖြစ်သည်။

ယခု ဓိတရားဌာနသို့ ရောက်နေလျက် တဦးနှင့်တဦး စကားမပြောဘဲ၊ တရားအားထုတ်နေကြပြီးဖြစ်သဖြင့် ကြွေးများကို အမှန်တကယ် ပေးဆပ်နေပြီ ဟု မိမိကိုယ်မိမိ မလှည့်စားကြပါနှင့် ကျွန်ုပ်တို့အားလုံးသည် ကြွေးကျန်များကို ပေးဆပ်မည့်ဟန်ဖြင့် တရားအားထုတ်နေပုံရသော်လည်း အမှန်တကယ်မှာမူ၊ စိတ်ကူးတွေးတောမှု၊ ကြံစည်မှုစသည့် စဉ်းလဲသော လှည့်စားမှုများကို ပြုလုပ်နေတတ်ကြပါသည်။

ဤကြွေးများကို အကုန်အစင် ထိထိရောက်ရောက် ပေးဆပ်မည်ဆိုပါလျှင် ကျွန်ုပ်တို့၏ "ဒုက္ခ" ငြိမ်သက်စွာ ရှုမှတ်ကြည့်မြင် နေရပေမည်။ ယင်းဒုက္ခကို ရှုံ့မုန်းခြင်းလည်းမရှိစေ၊ ဒုက္ခမှ ထွက်ပြေးရန် စိတ်ကူးကြံစည်မှုများဖြင့်လည်း မကြိုးပမ်းရ၊ ဒုက္ခကို တိုက်ရိုက်ရင်ဆိုင်၍သာလျှင် ဝဋ်ကြွေးများကိုဖြေရှင်းပါမည်။ ဤငြိမ်သက်စွာ တနာရီ အဓိဋ္ဌာန်တရားထိုင်ချိန်တွင် ကျွန်ုပ်တို့၏ သင်္ခါရဒုက္ခများကို တိတ်တဆိတ်ရှုမှတ် လျက်အသုံးချပါစို့။ ဤသင်္ခါရဒုက္ခများကို ကျွန်ုပ်တို့၏ ခန္ဓာကိုယ်မှ လောင်ကျွမ်းရှို့မြိုက်လျက် ထုတ်ပစ်ကြပါစို့။ ယင်းဒုက္ခများကို အမျိုးအစားခွဲရှိခြားသည့် ပညတ်တံဆိပ် ကပ်ပေးခြင်း၊ နာမည်ပေးခြင်း၊ အဓိပ္ပာယ်ဖော်ပြခြင်း၊ ခွဲခြားစိတ်ဖြာကြည့်ခြင်း၊ ပြောင်းလဲပစ်ရန် ကြိုးပမ်းခြင်း၊ ယင်းဒုက္ခမှ ထွက်ပြေးရန်ကြိုးစားခြင်း၊ ဒုက္ခကိုရှုံ့မုန်းခြင်း စသည်များ ပြုလုပ်သည်နှင့်တပြိုင်နက် သင်္ခါရကံဟောင်းကို ရှို့မြိုက်ချုပ်ငြိမ်းစေခြင်း မဟုတ်တော့ဘဲ၊ သင်္ခါရ သစ်များ စုဆောင်း နေသည်သာ ဖြစ်ပေသည်။

ဒုက္ခကို တိတ်ဆိတ်စွာ ရှုမှတ်နေစဉ်၊ ကြံစဉ်တွေးတောမှုများ တိုးဝင်ရောက်ရှိလာပါက၊ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး အာနာပါနကို အကူအညီတောင်းခံကြပါလေ။ အသက်ကို ဖြေးဖြေးနှန်မှန်နှင့် လေးလေးပင်ပင် အချိန်အနည်းငယ် ရှူရှိုက်ပေးပါက၊ "အရှိအပေါ်"တွင် အသိ အမှတ် ပြန်လည်ရောက်ရှိလာပေမည်။ ဤနည်းဖြင့် ကျွန်ုပ်တို့၏ ဝဋ်ကြွေး ကံကြွေးများ ဆက်လက်၍ ပေးဆပ်နေပေလိမ့်မည်။ ဤငြိမ်သက်စွာ အဓိဋ္ဌာန်ပြုနေသည့် အချိန်များ၌ အကျိုးမရှိသော တွေးတောကြံစည်မှုများဖြင့် အချိန်ကုန်နေလျှင် အဘိုးထိုက်တန်သော အချိန်များကို ဖြုန်းတီးပြစ်နေသည်သာ ဖြစ်သည်။ ထိုကျင့်ကြိုက်ခဲ၊ ခံရမှုများသည် အကျိုးမဲ့သာ ဖြစ်ပေလိမ့်မည်၊ ကိုယ်ခန္ဓာ တည်ငြိမ်မနေဘဲ လှုပ်ရှားသွားလာနေသည်ကပင် ပိုမိုကောင်းပေလိမ့်ဦးမည်။

ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာကိုသာလျှင် မဟုတ်၊ စိတ်ကိုလည်း တည်ငြိမ်စွာထားရှိကြရမည်။ ကြံစည်တွေးတော စိတ်ကူးမှုများသည် အမှန်ရှိသော ဝဋ်

ကြေးများမှ လွတ်မြောက်ထွက်ပြေးရန် ကြိုးပမ်းမှုများသာဖြစ်ပေသည်။ စကားများခြင်း၊ မေ့ဖျော်ယားမူးယစ်ဆေးဝါး သောက်သုံးခြင်း၊ရုပ်မြင်သံကြားကြည့်ရှုခြင်း စသည်တို့ကဲ့သို့ပင် အစစ်အမှန် အခြေအနေမှ ထွက်ပြေးရန် ကြိုးပမ်းမှုသာဖြစ်သည်။

အမျိုးအစားခွဲခြားသည့် ပညတ်တံဆိပ်ကပ်ခြင်း၊ အမည်ပေးခြင်းစသည့် ဖင့်နွဲ့စေမည့် အလုပ်များကို ရပ်ဆိုင်းပစ်ကြပါစို့။ ဤ "ဒုက္ခ" ကို ကျွန်ုပ်တို့ကိုယ်တိုင်လည်း "ဒုက္ခ" ဟု မြင်လာသည့်ထိုင်အောင် ငြိမ်သက်စွာစောင့်ကြည့်ရှုမှတ်ကြပါစို့၊ အရှုခံတရားနှင့် ရှုသူတို့သည် တပေါင်းတည်း တခုတည်းဖြစ်လာသည့်တိုင်အောင် ရှုမှတ်ကြပါစို့၊ ဒုက္ခကိုဒုက္ခစစ်စစ်သာဖြစ်ကြောင်းသိမြင်ခြင်းဖြင့်ယင်းဝဋ်ကြွေးတို့ကို အသစ်ထပ်မံမစုဆောင်းဘဲ ရှိ မြိုက်ချေဖျက်ပစ်ကြပါစို့။ ကျွန်ုပ်တို့၏ ကြွေးစာရင်းများ လုံးဝရှင်းလင်းပြီးသည့်တိုင်အောင် ကြိုးပမ်းအားထုတ်ကြပါစို့။

ကျွန်ုပ်တို့အများတွင် တရားအားထုတ်ခါစ၌ ဝဋ်ကြွေး ကံကြွေးများ သန်းချီလျက် ပါရှိခဲ့ကြပေမည်။ ဤမျှ များပြားသော ကြွေးမြီများကို ပေးဆပ်နိုင်ရန်၊ ကျွန်ုပ်တို့သည် အင်တိုက်အားတိုက်၊ အစွမ်းကုန် တရားကြိုးပမ်းကြရမည်။ ဤနည်းဖြင့်သာလျှင် များပြားသော ကြွေးများကို ပေးဆပ်ရန်နိုင်နင်းသော အခြေအနေသို့ ရောက်လာနိုင်ပါမည်။ နောက်ဆုံးတွင် ဒုက္ခကိုငြိမ်သက်တိတ်ဆိတ်စွာ ရှုမှတ်ခြင်းအားဖြင့်၊ ကျွန်ုပ်တို့၏ကြွေးစာရင်းကို အကုန်အစင် ရှင်းလင်းပစ်နိုင်ပေမည်။ ထိုအချိန်တွင် ဘဝ၊ ဘဝက စုဆောင်းတင်ရှိခဲ့သော ကြွေးဟောင်းများမှ လွတ်ကင်းကြပေမည်။

ထို့နောက်တွင်မူ နေ့စဉ် ဈေးဝယ် ထွက်သည့်အခါ တဒေါ်လာ၊ ၂ ဒေါ်လာဘိုး ဝယ်ယူတိုင်း တန်ဘိုးကိုချက်ခြင်းလက်ငင်း ပေးဆပ်ရှင်းလင်းကြရပေမည်။ နေ့စဉ် ငြိမ်သက်စွာ တရားကမ္မဋ္ဌာန်း အားထုတ်ခြင်းဖြင့် နေ့စဉ်တင်ရှိသည့် ကံကြွေးများကို မှန်မှန် ရှင်းပစ်နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ထိုအခါတွင် ကြွေးမြီကင်းလွတ်သဖြင့် ရွှင်လန်းဝမ်းမြောက် နေနိုင်ကြပါပြီ။ ကျွန်ုပ်တို့နှင့် ဆက်ဆံရသူ အပေါင်းလည်း ရွှင်လန်းနေကြပေမည်။ လူသားအားလုံး အပေါ်တွင် ကျွန်ုပ်တို့သည် မေတ္တာ၊ ကရုဏာ၊ သဘောထားများ အပြည့်အဝ ထားရှိနိုင်လာ၍ ကျွန်ုပ်တို့သွားလေရာတွင် ငြိမ်းချမ်းသာယာဖြောင့်ဖြူးစွာ ရှိပေမည်။

သတ္တဝါအပေါင်း ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

x x x

၁၉၇၀ ခု၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် ဦးချစ်တင်သည် အင်္ဂလန်သို့ အလုပ်ကိစ္စအတွက် သွားရောက်ခဲ့ရာ၊ ဆရာမ ဒေါ်မြသွင်လည်း တပါတည်း လိုက်ပါသွားခဲ့လေသည်။ ဆရာမတို့ အင်္ဂလန်သို့ ရောက်ရှိပုံနှင့် သာသနာပြု လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ပုံတို့ကို ဦးချစ်တင်က အောက်ပါအတိုင်း သတင်းပေးပို့ခဲ့ပါသည်။

॥....... ........ ၂-၁၁-၇၀ နေ့ ညသန်းခေါင်အချိန်၊ ဘုံဘေမှ အဲဟား ဖရန့်စ် (၇၄၇) ဂျက်နဲ့ လိုက်လာခဲ့ရာ၊ တဟီရန်မှာ တနာရီခွဲခန့် ဆိုက်ရပ်တယ်။ အဲဒီအချိန်လောက်မှာ မြို့တွင်း သောင်းကြမ်းနေပုံတွေကို နောက်မှ သတင်းစာမှာ ဖတ်ရတယ်။

ပဲရစ်ကို နံနက် (၆၊ ၁၅) ရောက်၊ တနာရီကျော် နားပြီး၊ လန်ဒန်ကို အဲယား ဘတ်စ်နှင့် နံနက် (၀၊ ၄၅) ရောက်ပါတယ်။ ဘုံဘေမှာလိုဘဲ၊ တပည့် (၃၀) ခန့် ကြိုနေပါတယ်။ ဟိုမှာက ဦးဂိုအင်ကာခေါင်းဆောင်သလို ဒီမှာ မစ္စတာကိုးလ်မင်းက ခေါင်းဆောင်ပါတယ်။ သူတို့အားလုံး ဆရာမ ရောက်လာလို့ အလွန် ဝမ်းသာနေကြပါတယ်။ မစ္စတာ ကိုးလ်မင်းအိမ်မှာ၊ နံနက်စာ အားလုံးကိုကျွေးပါတယ်။ ဘီဘီစီ ဦးခင်ပေါ လာကြိုပြီး လိုက်ခဲ့ ပါတယ်။ ရာသီဥတု ကောင်းပါတယ်။ နေထွက်လာလို့ သူတို့ပြောကြတယ်။

မစ္စတာကိုးလ်မင်းနှင့် ဆရာမတို့ ဒီဌာနမှာတရားပြရာ လူပေါင်း ၁၀၃ ဦး တရားဝင်ကြပါတယ်။ နိုင်ငံပေါင်း (၁၀) နိုင်ငံကပါဝင်တယ်။ အရှေ့ဘက် ဂျပန်မှ အနောက်ဘက် အမေရိကန်၊ ကနေဒါ၊ ဩစတြေးလီးယား၊ နယူးဇီလံ၊ တောင်အမေရိကနိုင်ငံများ ပါကြတယ်။ အိန္ဒိယမှာ တရားဘတ် လုပ်ခဲ့စဉ်က လူ (၁၅၀) ကျော်တယ်။ ဟိုမှာလဲ လူမျိုးပေါင်းစုံဘဲ။

(၂-၁၂-၇၀) နေ့မှာ အိန္ဒိယပြည် ပြန်မယ်။ ကျွန်တော့်အတွက် အလုပ်က ဒီမှာ နဲပါတယ်။ ဆရာမနဲ့အတူ နိုင်ငံခြားသား ၂၂ ဦး လိုက်ကြမယ်။ အီဂတ်ပူရီမှာ တရား ထိုင်ကြဦးမည်။ နောင်နှစ်မှာ အလုပ်ကိစ္စနှင့် ပြန်လာလျှင် ၆ လခန့် ဥရောပမှာ နေရဘို့ရှိတယ်။ အဲဒီအခါမှာ မစ္စတာကိုးလ်မင်းနှင့် ဦးဂိုအင်ကာက တလှည့်စီ ဥရောပမှာ (အထူးအားဖြင့် ပြင်သစ်မှာ) တရားပြကြမယ်....''

အထက်ပါစာတွင် ပါရှိသည့်အတိုင်း၊ ဦးချစ်တင် နှင့် ဆရာမ တို့သည် အိန္ဒိယပြည်မှ အင်္ဂလန်သို့ ၁၉၇၉ ခု၊ မေလတွင် ပြန်ရောက်သွားကြပြန်သည်။

---

*International F No 55*

ဦးဂိုအင်ကာလည်း နောက်မှ လိုက်သွားခဲ့သည်။ အင်္ဂလန်ပြည်တွင် နေရာ (၃) ဌာန၌ ၁၉၇၉ ခု၊ မေလ၊ ဇွန်လ၊ ဇူလိုင်လများတွင် တရားပတ် ဖွင့်ပေး ခဲ့ပြီးနောက် ဥရောပတိုက်သို့ ကူးကြသည်။ ဥရောပတွင် ပြင်သစ်ပြည်၊ ဆွစ်ဇာလံနှင့် ဂျာမဏီနိုင်ငံများတွင် လှည့်လည် တရား ပြကြသည်။ ဆောင်းဦး ပေါက်တွင် အိန္ဒိယပြည်သို့ ပြန်လာကြသည်။ ဦးဂိုအင်ကာက ကနေဒါနှင့် အမေရိကန်သို့ ခရီးဆက်ပြီး၊ မစ္စတာကိုးလ်မင်းက သြစတြေးလီးယား၊ နယူးဇီလံမှ တဆင့် ဂျပန်ပြည်သို့သွား၍ တရားပတ်များ ဖွင့်ခဲ့ကြပါသည်။

၁၉၈၀–ခုနှစ် ရာသီအတွက်လည်း၊ ဆရာမနှင့် ဦးချစ်တင် တို့သည် အင်္ဂလန် နိုင်ငံသို့ ခရီးထွက်ခဲ့ကြပြန်သည်။ ယခုအချိန် ၁၉၈၀ ခု၊ ဇူလိုင်လ တွင် အင်္ဂလန်နှင့် ဥရောပတိုက် ကူးခါ သန်းခါ တရားပတ်များ ပြ၍ မစ္စတာ ကိုးလ်မင်းအား အထောက်အကူပြုပေးနေသည်။ ၁၉၇၉ ခု ရာသီကဲ့သို့ပင် ဦးဂို အင်ကာ သည် ပြင်သစ်နိုင်ငံ၌ ဆရာမတို့နှင့် တွေ့ဆုံကြ၍ အင်္ဂလန်၊ အမေရိကန် နှင့် ကနေဒါသို့ ဆက်လက်သွားမည်။ မစ္စတာကိုးလ်မင်းလည်း သြစတြေးလီး ယား၊ နယူး ဇီလံနှင့် ဂျပန်သို့ သွားရမည်။ ဤတရားပတ် အစီအစဉ်များကို လပေါင်းများစွာက ကြိုတင်ရေးဆွဲ၍ ဝိပဿနာ သတင်းလွှာများတွင် ကြေငြာ ထားပြီး ဖြစ်ရာ၊ ထိုအချိန်ဇယားများအတိုင်း အတိအကျ၊ စနစ်တကျ သာ သနာပြုလုပ်ငန်းများတွင် လုပ်ဆောင်နေကြခြင်း ဖြစ်ပေသည်။

× × ×

အင်္ဂလန်နှင့် ဥရောပ သာသနာပြုလုပ်ငန်းများအကြောင်းဆိုင်ရာ အစီ ရင် ခံစာနှင့် စာရွက်စာတမ်းများ အပြည့်အစုံ မစုဆောင်းရသေးပါ။ စုဆောင်း ပြီးသည့်တိုင်အောင်ပင် "ဤစာအုပ်တွင် ယခုထက်ပိုမို၍ ဖော်ပြရန်နေရာမပေး နိုင်တော့ပါ။ အကျဉ်းချုပ်အားဖြင့် အင်္ဂလန်၊ ဥရောပ သာသနာပြု လုပ်ငန်း များသည် လွန်စွာ တိုးတက်ပြန့်ပွားနေပါသည်။ ဆရာကြီး ဦးဘခင်၏ အစဉ် အလာ တရားကျင့်စဉ် နည်းများအတိုင်း မစ္စတာ ကိုးလ်မင်းက ကြီးကြပ်ပြသ ပေးလျက်ရှိရာ၊ လုပ်ငန်းပမာဏ လွန်စွာကြီးမားလာသဖြင့် ဆရာမနှင့် ဦးဂိုအင် ကာတို့ပါ သွားရောက် ဝိုင်းဝန်း နေကြရပါသည်။ အင်္ဂလန်နိုင်ငံ တွင် လည်း ဦးဘခင်အထိမ်းအမှတ် ရုပ်ပုံငွေ သီးခြား ဖွင့်လှစ်ထားလိုက်ပေပြီ။ ယခုအခါ၌ အင်္ဂလန်ပြည် မာက်ဇင်တန်မြို့အနီးတွင် အီဂတ်ပူရီနည်းတူ၊ အပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်း အခြေစိုက်စခန်းတခု ထွန်းကား ပေါ်ပေါက်လာပေပြီ။

နောက်ဆုံးသတင်းအရ၊ ဆရာမသည် ၁၉၇၀ ခု၊ နိုဝင်ဘာလကုန်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာမည်။ မစ္စတာကိုးလ်မင်းသည် နိုင်ငံခြားသား တရားသမား (၅၀) ကျော်ဖြင့် ဒီဇင်ဘာလတွင် လိုက်ပါခဲ့ကြမည်။ သူတို့အား လုံးသည် ဓမ္မရောင်ခြည်စေတီရိပ်သာ၌ ရဟန်းခံပွဲကြီး ဝှဲချီးအံ့ဘွယ် ကျင်းပ၍၊ သာသနာ့ဘောင်သို့ ဝင်ရောက်ကြမည်။ စေတီရိပ်သာတွင် ရဟန်းဘဝဖြင့် ကမ္မဋ္ဌာန်းတရား အားထုတ်ကြ၍၊ ၁၉၇၁ ခု၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဆရာကြီး ကွယ်လွန်ခဲ့သည့် (၁၀) နှစ်မြောက် အထိမ်းအမှတ် ဓမ္မပူဇော်ပွဲကြီး ပြုလုပ်ကြပေမည်။

× × ×

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားသည် အင်းယားမြိုင်ရိပ်သာသို့ ကြွရောက် ချီးမြှင့်တော်မူတိုင်း၊ နိုင်ငံခြားသား တရားသမားများကို တပြုံးပြုံး ကြည့်တော်မူ၍ "သာသနာကြီး များစွာ ထွန်းကားပေဦး ည်" ဟု ဗျာဒိတ် ပေးတော်မူခဲ့သည်ကို သတိရ ကြည်နူးလျက်၊ ကျေးဇူးရှင် ဆရာကြီး ဦးဘခင်၏ အတ္ထုပ္ပတ္တိနှင့် ကမ္ဘာ့အဝှမ်း သာသနာပြုလုပ်ငန်း အကြောင်းအရာများကို ဤနေရာတွင် တခန်း ရပ်လိုက်ပါသည်။

# အခန်း ၁၁

# ဆရာကြီးဟောကြားခဲ့သော တရားများ

ဆရာကြီး ဦးဘခင်သည် အမှုကိစ္စအရာရာဆောင်ရွက်ရာတွင်၊ လက်တွေ့ကျကျ ဆောင်ရွက်လေ့ရှိသော လက်တွေ့သမားကြီးသာ ဖြစ်ခဲ့သည်။ အဟောသမား၊ အပြောသမား မဟုတ်ခဲ့ချေ။ ဝိပဿနာတရား ပြသပေးရာ၌ လက်တွေ့ပိုင်းဆိုင်ရာမျှသာ တရား ဟောပြတတ်သည်။ ဗုဒ္ဓဓမ္မ အခြေခံသဘောများကို ငွေစာရင်းမင်း ဦးရုံး ဝိပဿနာအဖွဲ့ မတည်ထောင်မီက ပြင်ပ ပရိသတ်အား၊ အခါကြီးနေ့ကြီးများတွင် အသံလွှင့် ဟောပြောခဲ့ဘူးသည်။ ရာမာကရစ်ရှနား ခန်းမဆောင်တွင် တကြိမ် ၂ ကြိမ် အင်္ဂလိပ်ဘာသာဖြင့် တရားဟောပြောခဲ့ဘူးသည်။ ၁၉၅၂ ခုနှစ်တွင် မြန်မာပြည်ရောက် လေ့လာရေးအဖွဲ့ဝင်များအား မက်သဒစ်ဘုရားရှိခိုးကျောင်းကြီး၌ ဗုဒ္ဓတရားများကို ၃ ကြိမ် ရှင်းလင်း ဟောကြားခဲ့ဘူးသည်။ ထို့နောက် အင်းယားမြိုင်ရိပ်သာ၌၊ တရားဌာန ဖွင့်လှစ်တည်ထောင်ပြီးသည့်အချိန်မှစ၍ ပြင်ပ၌ အလွတ်တရားပွဲများ မပြုလုပ်ခဲ့တော့ပေ။

ရှေးဦးစွာ ဆရာကြီး ဟောကြားခဲ့သော တရားမှာ ဓမ္မစကြာတရားဖြစ်သည်။ နိဗ္ဗာန် ရှေးရှုသည့် တော်လှန်မှု ခေါင်းစဉ်တပ်၍ ဓမ္မစကြာတရားတော်ကို အမြင်သစ်ဖြင့် တင်ပြခဲ့ခြင်း ဖြစ်သည်။ ယင်းတရားကို ၂၉-၆-၅၀ နေ့၊ (၁၃၁၂၊ ဝါဆိုလပြည့်၊ ဓမ္မစကြာ အခါတော်နေ့) တွင် အသံလွှင့်ဟောကြားခဲ့ရာ၊ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့က စာစောင်အဖြစ် ရိုက်နှိပ်ဖြန့်ချီခဲ့ပေသည်။

## (၁) နိဗ္ဗာန်ရှေးရှုသည့် တော်လှန်မှု။

တော်လှန်သူတကာတို့၏ အထွဋ်အထိပ်၊ တော်လှန်စိတ် ရှိသူတို့၏ အဓိပတိ သံသရာဝဋ်မှ လွတ်မြောက်အောင် တော်လှန်၍ လောကုတ္တရာတည်းဟူသော နိဗ္ဗာန်သို့ အရဟတ္တမဂ်ဉာဏ်ဖြင့် ဧကန် ရောက်ရှိတော်မူသော ပရိသထွဋ်ဖျား၊ ဘုရားဂေါတမ၏ ဓမ္မဓာတ်၊ ဗောဓိဓာတ်၊ နိဗ္ဗာနဓာတ် အပေါင်းတို့သည် ဤဓမ္မစကြာ အခါတော်တရားကို နာကြားကြည်ညိုလျက် ရှိကြကုန်

သော သူတော်စင်အပေါင်းတို့၏ ဦးခေါင်းထက်၌ ကိန်းစက်တည်နေ သီတင်း သုံးတော်မူကြပါစေသတည်း။

## "တော်လှန်ရေးတရား"

ယနေ့ည ကျွန်တော်ဟောမည့် တရားက မမ္မစကြာအခါတော်နှင့် ဆီလျော်သည့် တော်လှန်ရေးတရားပါဘဲ၊ ပုဂ္ဂိုလ်တဦး ပုဂ္ဂိုလ်တစုရဲ့ ချုပ်ချယ်ခြင်းမှ လွတ်ကင်းအောင် တော်လှန်ရမည့် တော်လှန်ရေးအားပေးတဲ့ တရားလို့ အချို့က ထင်ချင်လဲ ထင်ကြပေမည်။ မဟုတ်ပါဘူး။ ကျွန်တော် ဟောကြားမဲ့ တော်လှန်ရေးတရားက သံသရာဝဋ်က လွတ်မြောက်ရန် ကိုယ့်စိတ်ကို ကိုယ်တော်လှန်ပြီး နိဗ္ဗာန်ကိုရှေးရှုရမည့် လောကုတ္တရာ တော်လှန်ရေးတရားဖြစ်ပါတယ်။ စင်စစ် ဓမ္မစကြာတရားဟာ လောကကြီးကို မိမိကိုယ်တိုင် တော်လှန်ပြီး သဥပါဒိသေသနိဗ္ဗာန်နှင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရရှိပြီးသည့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက လူနတ်ဗြဟ္မာသတ္တဝါဝေနေယျတို့အား လောကကြီးကိုတော်လှန်ပြီး နိဗ္ဗာန်သွားနိုင်အောင်ဟောကြားသည့် တော်လှန်ရေး တရားလို့ဆိုလျှင် မှားမယ်မထင်ပါဘူး။

## "လောက (၃) ပါးမှ လွတ်မြောက်ရန်"

ကျွန်တော်တို့ရဲ့ ဘုရားကိုယ်တော်မြတ်ကြီးဟာ သုံးပါးသောလောကကို တော်လှန်ပြီး သဗ္ဗညုတရွှေဉာဏ်တော်၏ အထွဋ်အထိပ်သို့ သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် အရုဏ်တက်ချိန်တွင် ရောက်ပြီးသုံးပါးသော လောကကို လွှန်မြောက်ခဲ့ပါသည်။ ထိုမျှနှင့်မတင်းတိမ်သေး၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့အတွင်း ဖြည့်တင်းခဲ့သော ပါရမီအဖြာဖြာသည် သတ္တဝါ ဝေနေယျတို့အတွက် ဖြစ်လေရာ သတ္တဝါဝေနေယျတို့အား လောကသုံးပါးမှလွတ်မြောက်ရန်အတွက် တော်လှန်ရမည့် နိဿရည်းတွေကို ချီးမြှင့်ရန် တာဝန် ရှိပေသည်။

## "နိဗ္ဗာန်"

လွတ်လပ်ရေး ကေန်စင်စစ်မှန်သည့် (နိဗ္ဗာန်)။ ဤနိဗ္ဗာန်ကို ရှေးရှုသည့် တော်လှန်မှုလုပ်ငန်းစဉ်မှာ တိုက်ချင် ခိုက်ချင်သည့် အဝိဇ္ဇာဂိုဏ်းဝင်အင်အားစုက၊ ဒုန့် ဒေး ပြေးပေါက်ပင် မရှိ ထွက်ပေါက်လည်း မရှိအောင် ဖိနှိပ် ချုပ်ချယ်ထားသည့် ဒေဝပုတ္တမာရ်၊ ကိလေသာမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊အဘိသင်္ခါရမာရ် ဆိုတဲ့ မာရ်ငါးပါးကို ဘုရားကိုယ်တော်တပ်ပင်လျှင် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် **လေးသင်္ချေနှင့် ကမ္ဘာတသိန်း အထက်က** ဖြည့်ဆည်းပူးခဲ့သော ပါ **ရမီထုနဲ့ ခုခံပြီး တော်လှန်ရပါသည်။** ထို့နောက် မြတ်စွာဘုရားသည် တရားဦး

ကို မဟောမိ သတ္တ သတ္တာဟ၌ လေးဆယ့်ကိုးရက်တို့ကာလပတ်လုံး ဆွမ်းဘုဉ်းပေးခြင်း မရှိ၊ ဂမ္ဘီရ ဂမ္ဘီရာ အလွန်တရာမှ နက်နဲသိမ်မွေ့လှသည့် ဓမ္မအစုခေတ်အနုသို့တိုင်အောင် ရွှေဉာဏ်တော် ကျက်စား၍ အင်အား ဖြည့်တင်း နေတော်မူခဲ့ပါသည်။ သတ္တဝါဝေနေယျတို့အား အဝိဇ္ဇာ ရစ်ပတ်နေသည့် လောကမောဟ်ကြီးထဲမှ ဆွဲထုတ်ရန် မလွယ်လှပေ။ ထို့ကြောင့် သတ္တ သတ္တာဟ မှ အထ သတ္တဝါအနန္တကို သမန္တစက္ခုဖြင့် ရှုတော်မူသည့်အခါ ကိလေသာအညစ်ခေတ်တွေနှင့် ရစ်ပတ်လုံးထွေးပြီးနေသော သတ္တဝါတို့အား နက်နဲ လှသော သဘောတရားတွေကို ဟောကြားရန် ချင့်ချိန်စဉ်းစား၍ နေရပါသေးပေသည်။ ထို့ကြောင့်လည်း သဟမ္ပတိ ဗြဟ္မာကြီးသည် နတ်ဗြဟ္မာ ခြံရံပြီးကာ ရတနာပန်းကုံးကြီးဖြင့် ပူဇော်လျက် ဒေသေတု ဘန္တေ ဘဂဝါ၊ ဓမ္မံ ဒေသေတု သုဂတော စသော စကားဖြင့် မြတ်စွာဘုရားအား တရားချီးမြှင့်တော်မူရန် တောင်းပန် ရလေသည်။ သဟမ္ပတိဗြဟ္မာကြီးအား တရား ဟောရန် ပဋိညာဉ် ခံပြီးနောက် ဟောကြားမည့် တရားစကားကို မှတ်သား နာယူနိုင်မည့်ပုဂ္ဂိုလ်ကို ဆင်ခြင်ပြန်သောအခါ သက်ရှိ လူသတ္တဝါတို့တွင် ဒုက္ကရစရိယာ ကျင့်စဉ်အခါဝယ် မိမိအား လုပ်ကျွေး ပြုစု ကျေးဇူးရှိခဲ့ဘူးသော ပဥ္စဝဂ္ဂီငါးဦးကို မြင်တော်မူသည်။ ထို့ကြောင့် ပဥ္စဝဂ္ဂီငါးဦးရှိရာ ဗာရာဏသီ မိဂဒါဝုန်သို့ ကြွရောက်ပြီး ဝါဆိုလပြည့် ညဉ့်ဦးယံတွင် မြတ်စွာဘုရားသခင်သည် -

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိ တဗ္ဗာ၊ အစ ဖြာ တဲ့ "အရိယာဘဝ" တည်းဟူသော ဘဝသစ် ဖန်တီးရေးဖြစ်သော တနည်းအားဖြင့် ဆိုရလျှင် လောကကို တော်လှန်၍ နိဗ္ဗာန်သို့သွားရာ လမ်းကြောင်း လမ်းကောင်းကို ပြသော ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူပါသည်။ တရားတော်အဆုံးတွင် ပဥ္စဝဂ္ဂီငါးဦးတို့၏ အကြီးအမှူး အရှင်ကောဏ္ဍညသည် သောတာပတ္တိဖိုလ်နှင့်တကွ အရိယာဘဝ တည်းဟူသော "ဘဝသစ်" ကို ရရှိပါသည်။

ထိုအခါမှာပင်တသောင်းသော စကြာဝဠာမှလာရောက်ကြသော တရားနာ ပရိသတ် နတ်ဗြဟ္မာတို့သည်လည်း အရိယာ တည်းဟူသော (ဘဝသစ်) ကို ထူထောင်မိကြပါသည်။ အရိယာ ဖြစ်တယ်ဆိုတာ နိဗ္ဗာနခေတ်အနှစ်ကို စင်စစ်မြင်တွေ့လာသည့်အခါ ထိုပုဂ္ဂိုလ်မှာ ကိလေသာ စင်စမြဲ၊ အဲ ဤလို ကိလေသာ စင်ပြီး နိဗ္ဗာန်ကို မြင်ရသည့် ဘဝသစ် ပုထုဇဉ်ပုဂ္ဂိုလ်ဘဝမှ အရိယာ ပုဂ္ဂိုလ် ဘဝသို့ ကူးပြောင်းသွားရသည့် "ဘဝသစ်"၊ ဤဘဝသစ်မျိုးကို ထူထောင်ပေးဘို့ရာ သာမညပြင်ဆင်မှုနှင့် မဖြစ်နိုင်ပါဘူး။ ဒီပြင်ဆင်မှုကို ဘုရား ကိုယ်တော်မြတ်ကြီး ပြုခဲ့ပါသည်။ ဘာ့ကြောင့်နည်း ဟု ဆိုရပါမူ မြတ်စွာဘုရားသည် ကမ္ဘာ့ကမ္ဘာက ဆည်းပူးခဲ့သော ပါရမီကို သဗ္ဗညုတရွှေဉာဏ်တော်နှင့်

တကွသော ဉာဏ်တော်အစုကို အင်အားပြုပြီးမှသာ မြတ်စွာဘုရားသည် (ဓမ္မစကြာ) တည်းဟူသော ဓမ္မစက်ကို လှည့်တော်မူသည်၊ လည်စေတော်မူသည်၊ ဤကဲ့သို့ တရားစကြာလည်စေသည့်အခါမှာ ဘုရားကိုယ်တော်မြတ်၏ သန္တာန်တွင် အင်အားကြီးမားလှစွာသော ဓမ္မဓာတ်ဗောဓိဓာတ် နိဗ္ဗာနဓာတ်တို့သည် (ဥပမာအားဖြင့် ယခု အသံလွှင့်နေသည့် အသံဟာ ကမ္ဘာတဝှမ်း ဖြာသန်းယှက်ကူးနိုင်သလို) ဘုရားမြတ်၏ ဓာတ်ထူး ဓာတ်မြတ်တို့သည် အသံတော်နှင့် တကွ တသောင်းသော စကြာဝဠာကို ဖြာသန်းကူးစက်ကာ သတ္တလောကကြီးကို လွှမ်းခြုံ ရစ်ပတ်နေသည့် အဝိဇ္ဇာဓာတ်ခဲကြီးကိုလည်း ဖြိုခွဲ ဖောက်ထွင်းလျက် ထက်မြက် စူးရှသည့် နိဗ္ဗာနဓာတ်ကို ပေးစွမ်းနိုင်သည့် အလင်းရောင်ဖြင့် တသောင်းသော လောကကို ထွန်းပြောင် တောက်ပစေခဲ့ပါသည်။ ဓမ္မစကြာဒေသနာ၏ အဆုံး ရှင်ကောဏ္ဍညသည် သောတာပတ္တိဖိုလ် တည်သည့်အခါမှာ မြတ်စွာဘုရားက အားရတော်မူသည့်လက္ခဏာ(အညာသိ ဝတ ဘော ကောဏ္ဍညော၊ ကောဏ္ဍညသည် တရားတော်ကိုသိပြီဟူ၍ ဥဒါန်းကျူးလိုက်ပါသည်။) ဤအခါမှာ အဝိဇ္ဇာဖြင့် ရစ်ပတ်ထားသည့် လောကဓာတ်အသိုက်အမြုံကြီးသည် အုံပွင့်၍ထွက်သလို စကြာဝဠာတိုက်အလုံး ရိုက်ချုန်းမြည်ဟီး ကောင်းချီးပေး၍ ကြွေးကြော်သည့် အသံတို့ဖြင့် လျှံတက်သွားပါသည်။ ဗာရာဏသီပြည်ရှိ ဘုမ္မစိုးနတ်တွေမှ စပြီး ကြွေးကြော်လိုက်တဲ့ အသံတွေနဲ့ဆက်ပြီး စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ခြောက်ထပ်မှ နတ်တို့၏ ကြွေးကြော်သံတို့သည် ဗြဟ္မာ့ဘုံအထိ တဆင့်ထက်တဆင့်တက်ပြီးသော် အကနိဋ္ဌ ဗြဟ္မာ့ဘုံသို့တိုင်အောင် တမုဟုတ်ခြင်း ပျံ့နှံ့သွားပါသည်။

## "ထူးကဲသည့် အခြင်းအရာ"

အဝိဇ္ဇာရစ်ပတ်သည့် လောကဓာတ်တလွှားမှာ သန့်ရှင်း မြင့်မြတ်သည့် နိဗ္ဗာနဓာတ်တရား ဘွားကနဲ ပေါ်လာသည့် ခဏတာမျှတွင် မူလအခြေခံကို တော်လှန်သည့် သတ္တိတူကြောင့် မဖြစ်စဖူး ထူးကဲသည့် အခြင်းအရာတို့သည် ဖြစ်ပေါ်လာပါသည်။

## "ဓာတ်သုံးပါး"

သဘာဝအားဖြင့် ငြိမ်သက်တည်မြဲသည့် အခြေမှ ပြောင်းလဲပြီးသော် တသောင်းသော လောကဓာတ်သည် တုန်လှုပ်၍သွားပါသည်။ ထို့နောက် တသောင်းသော လောကဓာတ်မှာ မပြတ်ရှိမြဲဖြစ်သော အသံတို့သည်လည်း တပြိုင်နက် ငြိမ်သက်တိတ်ဆိတ်သွားပါသည်။ မသီးမပွင့်သော ပန်းသစ်ပင်တို့ သည်လည်း တပြိုင်နက်တည်း သီးပွင့်ကြပါသည်။ အမြဲစီးနေသည့်မြစ်ရေတို့သည်

လည်း တန့်ရပ်သွားပါသည်။ ရေရှစ်ထပ်၌ မပြတ်· လောင်ညီးနေသော ရေမီးတို့သည်လည်း ငြိမ်းအေးကြပါသည်။ လူ့ပြည်နတ်ပြည်ရှိ တူရိယာတို့သည်လည်း အလိုအလျောက်မြည်လာကြပါသည်။ မြို့တံခါး အိမ်တံခါးမှစ၍ ပိတ်ထားသမျှ ပွင့်ထွက်ကြပါသည်။တွင်းဂူလိုဏ်ခေါင်းအောင်းနေသမျှ သတ္တဝါတွေ မြေပြင်သို့ ထွက်လာကြပါသည်။ နတ်ပြည် ဗြဟ္မာ့ပြည် ငရဲပြည်တို့ကိုလည်း ပိတ်ဖုံး ကာကွယ်ခြင်း အလျဉ်းမရှိ ပကတိအတိုင်း မြင်နိုင်ကြရပါသည်။ ဤအခါမှာ ပဋိသန္ဓေနေသူ၊ဖွားသူ၊ သေသူဟူ၍မရှိ၊ သတ္တဝါတို့သည် ကိလေသာတို့မှ ဆိတ်ငြိမ်းကာ အနိဋ္ဌာရုံရှိသမျှ ပျောက်ကင်းကြရပါသည်။ နေ၊ လ၊ နက္ခတ်၊ တာရာတို့သည်လည်း အလွန်တရာ တောက်ပ၊ တလောကလုံးမှာလည်း အပြစ်ကင်းစင်ပြီး သန့်ရှင်းကြည်လင်၍သွားပါသည်။ ထို့ကြောင့် ဓမ္မစကြာအခါတော်ကြီးသည် ထူးလည်းထူး၊ မြတ်လည်းမြတ်ပါပေသည်။ ဝါဆိုလပြည့်တိုင်း၊ လပြည့်တိုင်း ညဦးယံအချိန်တွင် မြတ်စွာဘုရား၏ ဓမ္မဓာတ်၊ ဗောဓိဓာတ်၊ နိဗ္ဗာနဓာတ်တို့ကို ထပ်ကာထပ်ကာ ဖွင့်ဖွင့်ပေးဘို့ လိုပါသည်။ ဖွင့်သောအခါမှာလည်း သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသည့် ဆရာတော်ကြီးများနှင့် ဖွင့်ပေးဘို့ အရေးကြီးပါသည်။

## "ဘာကြောင့် ဓမ္မစကြာ ခေါ်ပါသလဲ"

ဤတရားဦးဖြစ်သည့် ဓမ္မစကြာတရားကိုဘာကြောင့် ဓမ္မစကြာလို့ခေါ်ပါသလဲဆိုသော် ဓမ္မစက္ကန္တိ ကေနဋ္ဌေန ဓမ္မစက္က ဓမ္မဥ္စ ပဝတ္တေတိ စက္ကဥ္စာတိ ဟူ၍ ပဋိသမ္ဘိဒါမဂ်ဓမ္မစက္ကကထာမှာ လာရှိသည့်အတိုင်း သစ္စာလေးရပ်တရားမြတ်ကို ဖြစ်စေတတ်၊ ယင်းသစ္စာလေးချက် ဓမ္မစက်ကိုလဲ အဆက်မပြတ်လည်စေတတ်သည့်အတွက် (ဓမ္မစကြာ)လို့ ခေါ်ဆိုရပါသည်။

(ဓမ္မစကြာ)၏ အဆီအနှစ်ကို ညှစ်ထုတ်လိုက်သည့်အခါ သစ္စာလေးပါးကိုပင် ရပါသည်။ သစ္စာလေးပါးဆိုရာဝယ်—

| | | |
|---|---|---|
| ဒုက္ခသစ္စာ | — | ဆင်းရဲအစစ်အမှန်။ |
| သမုဒယသစ္စာ | — | ဆင်းရဲခြင်း၏ အကြောင်းရင်းမူလအမှန်။ |
| နိရောဓသစ္စာ | — | ဆင်းရဲမူလ သမုဒယ၏ချုပ်ငြိမ်းခြင်း အမှန်။ |
| မဂ္ဂသစ္စာ | — | ဆင်းရဲမူလသမုဒယ ချုပ်ငြိမ်းခြင်း နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းအမှန်။ |

ဤသစ္စာလေးပါးတွင် (မဂ္ဂသစ္စာ)မှာ အကျုံးဝင်သော မဂ္ဂင်ရှစ်ပါး တရားအကျင့်သည် အရေးအကြီးဆုံး ဖြစ်ပါသည်။ မြတ်စွာဘုရားသည် (၄၅) ဝါပတ်လုံး ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်၍ အဆင်သင့်သလို ဟောသွားသော

တရားဓမ္မကျွန္ခာပေါင်း ရှစ်သောင်းလေးထောင် ရှိလင့်ကစား အခြေခံလုပ်ငန်း တရားသည်ကား ဆိုလျှင် မဂ္ဂင်ရှစ်ပါးပင်တည်း။

## "တော်လှန်ရေးလမ်းစဉ်"

မဂ္ဂင်ရှစ်ပါးမှာလည်း သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုသော သီလ မဂ္ဂင်သုံးပါး၊ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိဆိုသော သမာဓိ မဂ္ဂင်သုံးပါး ၊သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိဆိုသော ပညာမဂ္ဂင်နှစ်ပါး ပေါင်း(၈)ပါး မှာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ်နှင့် စပ်ထားသည်ကို တွေ့ရပါ သည်။ သိက္ခာသုံးရပ် အစပ်တည့်သည်နှင့် တပြိုင်နက် ပညိန္ဒြေနှင့် ရေချိန်ကိုက် သည်နှင့် တပြိုင်နက် မဂ်ကိုဝင်ပြီး တိုးမည်မှာ အမှန်ပါဘဲ၊ ဝင်ပြီးမတိုးသေးပါ လျှင် ဤသိက္ခာသုံးရပ် အစပ်မတည့်သေးလို့ ပညိန္ဒြေနှင့် ရေချိန်မကိုက်သေး လို့ဘဲ၊ သိက္ခာသုံးရပ်နှင့် စပ်ထားသော မဂ္ဂင်သည် ဘုရားရှင်၏ တော်လှန်ရေး လမ်းစဉ်ပေတည်း။

## "အကြီးအမှူးကား စိတ်"

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုသော သီလမဂ္ဂင်မှာ ဆို လျှင် ဘဝသံသရာက ဝါဆနာနှင့်တကွ ပါလာကြသော တဏှာ မာန ဒိဋ္ဌိ၏ အစေအပါး လောဘကြိုးဆွဲရာ၊ ဒေါသကြိုးဆွဲရာ၊ မောဟ ကြိုးဆွဲရာ ပါပါ သွားကြသည့် ကာယနှင့် ဝစီကို တုပ်ချည်နှောင်ဖွဲ့ပြီး ကိုယ်ဖြင့် ရင်းနှီး သည့် ကာယကံ၊ နှုတ်ဖြင့်ရင်းနှီးသည့် ဝစီကံ တို့ကိုတကယ့်တကယ် တော်လှန်ရမည့် တော်လှန်ရေးလမ်းစဉ်တွေပါဘဲ။

ဤနေရာမှာ (မနော ပုဗ္ဗင်္ဂမာ ဓမ္မာ ဆိုသည့်အတိုင်း ကာယကံ ဝစီကံ တို့၏ အကြီးအမှူး၊ ဦးစီးသည်ကား (စိတ်) ပေတည်း။ ဤစိတ်သည်လည်း ပါပသ္မိံ ရမတိ မနော ဆိုသလို မကောင်းမှုမှာသာ ပျော်မွေ့ မေ့မြောပြီး နေလေ့ရှိရာ၊ သာမန်အားဖြင့် ခုခံတော်လှန်လို့မရ၊ အတော်ပင် ကြိုးစားရ ပေမည်။ ကြိုးစားတော်မူနိုင်ကြပါစေ။

## "စိတ်ကို ဆုံးမပါ"

သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်မှာဆိုလျှင် ကာယကံ၊ ဝစီကံသို့ ရောက်အောင် ပြောက်ပင့်ပေးနိုင်သည့် အံ့ပုန်း စိတ်တွေကိုပါ ထင်ရာ သို့ မပြေးနိုင်အောင် ခိုင်ခိုင်မာမာ တုပ်ချည်ပြီးသော်၊ တည်ကြည် ငြိမ်သက်နေ အောင် ပြုလုပ်ထားမှုပါဘဲ၊ သမ္မာဝါယမ ကောင်းသော လုံ့လဝီရိယ ဖြင့် ဝါယမ စိုက်ထုတ်ခြင်း၊ သမ္မာသတိ စိတ်ကို တည်ကြည် ငြိမ်သက်ကြောင်း

ကောင်းသောသတိကို ရှေးရှုခြင်းတို့ကို မဖြစ်စေနိုင်ပါလျှင် သမ္မာသမာဓိ ကို မရစေနိုင်ပါ။ သမာဓိဖြစ်အောင် သတိလုပ်ငန်းကို ဝါယမဖြင့် ထူထောင်ရပါသည်။ ခေတ်ပွင့်အောင်ဖွင့်နိုင်သည့်ပုဂ္ဂိုလ်၏ အစောင့်အရှောက်နှင့်ဆိုပါလျှင် လျှင်လျှင်မြန်မြန်ကြီး သမာဓိဖြစ်နိုင်သည်ဆိုတာ ယုံကြည်စေလိုပါသည်။ ဘုရားကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ရှေးဦးစွာ သမာဓိစခန်းတွင် ဒေဝပုတ္တမာရ်ကို အတော်အတန် ခုခံ တိုက်ဖျက်ရပါသည်။ ဤမာရ်ကို အောင်လျှင်ပင် သမာဓိခေတ်ခံဖြင့် ကိလေသာမာရ် မစ္စုမာရ်တို့ကို အလွယ်တကူ အောင်မြင်တော်မူပါသည်။

ထိုနည်းတူစွာ ယခုအခါမှာလည်း ဒေဝပုတ္တမာရ်၏ ရန်စွယ်ကို အတန်ငယ် ကာကွယ်နိုင်သော ပါရမီရှင်တို့၏ ထံပါးမှာဆိုလျှင် သမာဓိတရားကို နေ့မခြား ရက်မခြား ပေါက်ရောက်နိုင်ဘို့ ရှိပေသည်။ သတ္တဝါတို့၏ စရိုက်(၆) ပါး ရှိရာ မည်သူဟာ မည်သည့်စရိုက် ရှိသည်ဟု ထိုးထွင်း၍ သိနိုင်သော်လည်း အဝိဇ္ဇာ၏ တရားကိုယ်မူလ မောဟနှ့် မည်သူမျှ မကင်းကြဘူး ဆိုသည်မှာ ကေန္တပါတဲ၊ ထို့ကြောင့် မောဟစရိုက် ရှိသူတို့နှင့် လျော်သော(အာနာပါနသတိ) နှင့် သမာဓိကို ဖြစ်စေခြင်းသည် သဘာဝမကျဘူးလို့ စောဒက တက်စရာ မရှိတော့၊ (အာနာပါနဿတိ) ဖြင့် သမာဓိဖြစ်ဘို့ရန် မခဲယဉ်းဘူးလို့ ဆိုပြန်လျှင် ယုံကြည်ချင်မှ ယုံကြည်ကြပေမည်။

ဤဟာကလည်း ဘဝသံသရာက ပေါက်လွတ်ပဲစား သွားချင်ရာ သွားနေချင်ရာ နေခဲ့သည့် စိတ်၊ အထိန်းအကွပ်မရှိသည့်စိတ်၊ ပြဒါးလို အစဉ်မပြတ် ပြေးလွှားနေသည့်စိတ်၊ ဤစိတ်ကို နှိပ်ကွပ်ပြီးသော် ချုပ်ချုပ်ရပ်ရပ် ပိပိရိရိ နှင့် မိမိထားသည့်နေရာမှာ နေအောင် ကျင့်ဆောင် ကြိုးစားဘို့ရာ ခဲယဉ်းမည် မှာ မှန်ပါသည်။ သို့သော်လည်း လောကီကျေးဇူးကိုမတောင့်တဘဲ အသခ်ံတခေတ် ပရမတ်နိဗ္ဗာန်ကို ရည်သန်သူများအဘို့မှာ ဆရာကောင်းနှင့် တွေ့ပြီဆိုလျှင် အလွယ်ကလေးပင်၊ တကြိမ်တခါ စမ်းသပ်ခါမျှနှင့် ဥဂ္ဂဟနိမိတ်ကို ကြည်ကြည်လင်လင် တောက်တောက်ပပနှင့် တွေ့ရသူတွေလည်း အများအပြား ရှိကြပါသည်။ ပဋိဘာဂနိမိတ်ဆိုပြန်ပါလျှင် မကြာမတင် ရရှိတတ်ကြပါသည်။

ထို့ကြောင့် နိဗ္ဗာန်ကို လိုလားကာ တရားရှာနေကြသော ပုဂ္ဂိုလ်တို့သည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ်မှာ သမာဓိအစပ်ကို လုပ်ပြီး မထားကြပါနှင့်လို့ တောင်းပန်လိုပါသည်။

ဘာ့ကြောင့်လဲဆိုလျှင် အလွန်ပင် သိမ်မွေ့နက်နဲသော ခန္ဓာအာယတနခေတ် ပရမတ်တရားစုကို ဝိပဿနာတင်၍ ဆင်ခြင်သည့်အခါ သာမည သမာဓိအင်အားနှင့် ပညတ်တရားတွေကို မဖယ်ရှားနိုင်ပါ။

ဥပမာ–မြင်းကြမ်းစီးပြီး ခရီးသွားသည့်သူသည် မြင်းဇက်ကို မနိုင်ရင် လိုချင်သည့်ခရီး မရောက်သလိုပါဘဲ၊ ထို့ကြောင့် စိတ်၏အခိုင်းကိုမခံ၊ ကိုယ့်စိတ်ကို ကိုယ်တော်လှန်ပြီးသော် ဤစိတ်ကိုပင် ပြန်လည်ဆုံးမ၍ အသုံးချနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုသည့် ပညာရှင်မဂ္ဂင်မှာတော့ သာသနာတော်တွင်း၌သာ ပေါ်လွင်ထင်ရှားသည့် ဥာဏ်တရားတွေပါဘဲ၊ သီလသမာဓိ မဂ္ဂင်မှာ ပါဝင်သည့် တရားတွေကား ကံတရား စျာန်တရားမျှသာ ဖြစ်ပါသည်။

လောကကို တော်လှန်ပြီး နိဗ္ဗာန်ကို ဦးညွတ်သည့်အခါ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိဆိုသော အဆင်ခြင်မှန်၊ အမြင်မှန်သည့်ဥာဏ်တရားများကသာ အချုပ်အချာ ဖြစ်ပါသည်။

## "သဘာဝအမှန်"

သမ္မာသင်္ကပ္ပဆိုသည်မှာ ခန္ဓာအာယတနဓာတ် သစ္စာတို့၏ သဘာဝကို ကြံဆဆင်ခြင် အမှန်ကိုမြင်အောင် နှလုံးသွင်းမှုပါဘဲ၊ အဲ ဤကဲ့သို့ ကြံဆဆင်ခြင်ပြီးလျှင် သဘာဝအမှန်ကို မြင်သည်ကိုပင် သမ္မာဒိဋ္ဌိမဂ္ဂင်လို့ ဆိုရပေမည်။

ထို့ကြောင့် သဘာဝအမှန်ဆိုသည်မှာ ဘာလဲဆိုသော ပြဿနာထွက်လာပါသည်။ ဤသဘာဝ အမှန်ဆိုသည်မှာကား–

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အမြဲကေန်အမှန် ဖောက်ပြန်ပျက်စီး၍ နေကြပါသည်ဆိုသော အနိစ္စသဘာဝ အမှန်။

ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ချမ်းသာသုခ မြူမျှမရှိ၊ ဒုက္ခအတိဆိုသော ဒုက္ခ သဘာဝအမှန်။

ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ငါဟူ၍ရှိရင်း၊ ငါ့ဥစ္စာဟူ၍ရှိရင်း၊ ငါ့ကိုယ်ဟူ၍ရှိရင်း၊ စွဲမှတ်စရာ ဘာမျှမရှိဆိုသည့် အနတ္တသဘာဝအမှန်။

ဤသဘာဝအမှန်တို့သည် တလံမျှသော ယခု တရားနာပရိသတ်တို့၏ ခန္ဓာထဲမှာဘဲ ရှိပါသည်။ ဤခန္ဓာအတွင်းသို့ သမာဓိအခြေခံနှင့် ဝိပဿနာဥာဏ်ကိုသွင်း၊ ရုပ်နာမ်ဓမ္မတို့၏ သဘာဝအမှန်ကို ဝေဖန်ခြင်းပြု၊ ခုခံနေတတ်တဲ့ ပညတ်တရားတွေကိုခွာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မမြဲသောသဘောတရားအမှန်၊ ဆင်းရဲသော သဘောတရား အမှန်၊ အစိုးမရသောသဘောတရားအမှန်တို့ကို အဖန်ဖန် သုံးသပ်ပြီးကာ ဝိပဿနာဥာဏ် ဆယ်ပါး ကြီးထွားရင့်သန်အောင် ထူထောင်ပြီးသွားသည့်ဟာကို (ဝိပဿနာ)ဟု၍ ခေါ်ပါသည်။

ယို့နောက်တဖြာ အဇ္ဈတ္တာယတန၊ ဗဟိဒ္ဓါယတန တွေ့ထိကြရာဝယ် ပေါ်လာသော အသိမှ ဓာတ်တဆယ့်ရှစ်ပါးအထိ ဥာဏ်မိအောင် ကြည့်သည့်

ဟာလည်း ဝိပဿနာပါဘဲ။ အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု၊ သူ့သဘော သူဆောင်နေသည့်အတွက် ဓာတုလို့ ဆိုရသော ဓာတ်အပေါင်းကို အကျိုးအကြောင်းနှင့် ဆက်စပ်ပြီး ဓာတ်ပေါက်အောင် ရှုသည့်ဟာလည်း ဝိပဿနာပါဘဲ။ ဤဟာတွေဟာ ပညတ်ကိုဖျောက် ပရမတ်ရောက်အောင် စောင့်ရှောက်သည့် ဝိပဿနာ ဉာဏ်ပညာတွေလို့ ဆိုရပေမည်။ လိုရင်းပြောရသော် သီလ- သမာဓိ- ပညာ သိက္ခာသုံးရပ်ကို အစပ်တည့်အောင် ထူထောင်ကြိုးစား ကျင့်ကြံသွားကြမည်ဆိုလျှင် သစ္စာလေးအင် တရားကိုမြင်ပြီး နိဗ္ဗာန်ဝင်နိုင်မည် ဆိုသည်ကို ယုံကြည်အပ်ပါသည်။

ယခုလို ဝိပဿနာဉာဏ်တရား ခေတ်စားနေသည့်အခါ သမာဓိ အခြေခံ မြဲလျှင် နိဗ္ဗာန်နှင့် မဝေးနိုင်မည်မှာ သေချာပါသည်။

သို့သော်လည်း ဒေဝပုတ္တမာရ် နှိပ်စက်လို့ သက်သက်မဲ့အကြောင်းရိုက်ပြီး အငိုက်မိနေသည့်သူတွေသာလျှင် ဘာမှ မဖြစ်နိုင်ဆိုလျက် လက်မှိုင်ချကာ ရေသာခိုနေချင်ကြမည်ပင်၊ ရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတရဟန်းကြီး ကမ္မဋ္ဌာန်းစီးဖြန်းနေခိုက်၊ ငိုက်မျဉ်းနေသည်ကို မြင်လျှင် မြတ်စွာဘုရားက အချင်း ကောလိတ နိဗ္ဗာန်တည်း ဟူသော အမြိုက်ချမ်းသာကို ရှာဖွေသူဖြစ်လျက် ဘာကြောင့် ထိနမိဒ္ဓပမာဒဆိုသော၊ မသူတော်တို့နှင့် ပေါင်းဖော်ချင်ပါသလဲလို့ ဆုံးမဘူးပါသည်။ ထို့ကြောင့် ထိန မိဒ္ဓ ပမာဒဆိုသော မေ့မေ့လျော့လျော့ တွေတွေဝေဝေနေစေတတ်သော တရားတွေကို ဖယ်ရှားပြီးကာ (ဓမ္မစကြာ)က (မဂ္ဂသစ္စာ)မှာ အကျုံးဝင်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အားဖြင့် သံသရာတလျှောက်တွင် ရုပ်နာမ် ဓမ္မ သင်္ခါရတို့၌—

နိစ္စဟု စွဲမှတ်လာခဲ့ကြသော စိတ်၊ ဤသို့သော စိတ်ကို တော်လှန်ပြီးမှ အနိစ္စဝိဇ္ဇာဉာဏ် ပွင့်လာအောင်—

သုခဟု စွဲမှတ်လာခဲ့သောစိတ်၊ ဤသို့သော စိတ်ကို တော်လှန်ပြီးမှ ဒုက္ခဝိဇ္ဇာဉာဏ် ပွင့်လာအောင်—

အတ္တဟု စွဲမှတ်လာခဲ့သော စိတ်၊ ဤသို့သော စိတ်ကို တော်လှန်ပြီးမှ အနတ္တဝိဇ္ဇာဉာဏ် ပွင့်လာအောင်—

## ''အေးမြ ချမ်းသာခြင်းသို့''

အချုပ်အားဖြင့် ဆိုရသော် လောကကိုတော်လှန်၍ လောကုတ္တရာဉာဏ်သို့ ဆိုက်ရောက်အောင် ယနေ့မှ အစပြု၍ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေသတည်း။

ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြသည့်ပုဂ္ဂိုလ်တို့အားလည်း ဘုရားကိုယ်တော်မြတ်၏ **ဓမ္မဓာတ်** ဗောဓိဓာတ်၊ နိဗ္ဗာနဓာတ်အပေါင်းတို့သည် ရစ်

ပတ် လွှမ်းခြုံ ကိုယ်လုံးထုံခြင်းကို ခံယူနိုင်ကြလျက် ထက်မြက်သောသီလ၊သမာဓိ၊ ပညာတို့ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပဥ္စတရားသံသရာ နယ်ချဲ့သမား တွေကို ထွားထွားညက်ညက် ပယ်ဖျက်ချေမှုန်းပြီးသော် အလုံးစုံသော သခ်ါရ ဓမ္မတို့ကို ဒိဋ္ဌကေန် တော်လှန်နိုင်ကြကုန်သည်ဖြစ်၍ သဥပါဒိသေသ နိဗ္ဗာန်သို့ လျှင်မြန်ထုတ်ချောက်ရောက်တော်မူနိုင်ကြပါစေကုန်သတည်း။မိမိတို့ရအပ်သော နိဗ္ဗာနဓာတ် အလင်းရောင်တို့ဖြင့်လည်း ဤကမ္ဘာ လောကကြီး အား အေးမြ ချမ်းသာခြင်းသို့ ပို့ဆောင်တော်မူနိုင်ကြပါစေ ကုန်သတည်း။

\+ \+ \+

## (၂) ဓမ္မဓာတ်နှင့် ပါပတရား။

ဒုတိယအကြိမ် ဆရာကြီး အသံလွှင့် ဟောပြောခဲ့သည်မှာ ၁၃၁၃-ခုနှစ်၊ နယုန်လပြည့်နေ့က ဖြစ်သည်။ တရားစာမူရင်းကို မှတ်တမ်းများတွင် ရှာဖွေ မရတော့ပါ။ ယင်း အသံလွှင့် တရားနှင့်ပတ်သက်၍ မြန်မာ့အလင်းမှ ဂျိုကာ က အောက်ပါအတိုင်း မှတ်ချက် ပြုခဲ့ပါသည်။

၂၁-၆-၅၁။ မြန်မာ့အလင်း သတင်းစာ။
မြန်မာ့ဇာတ်ခုံ။ ဂျိုကာ ရေးသည်။

၁။ နယုန်လပြည့်နေ့ အရုဏ်တက် အချိန်ကစ၍ အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်အောင်ဆန်း ခန်းမကြီးတွင် မဟာသမယ သုတ်တော် ကို ရွတ်ဘတ် သရဇ္ဈာယ်ကြသော အခမ်းအနားတရပ် ကျင်းပ ခဲ့ ရာ၊ အသံလွှင့်ရုံမှတဆင့် အသံလွှင့်ပေးလေသည်။

× × ×

၂။ ဗမာနိုင်ငံတွင် ယခုအခါ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးအခမ်း အနားများ အဆက်မပြတ် ပေါ်ပေါက် ကျင်းပလျက်ရှိရာ ဘာ သာရေးသည် လူ့ဘဝ၏ အရေးအရာတွင် အချုပ်အခြာ တရပ် ဖြစ်သည် ဟူသော အချက်ကို ကောင်းစွာ နှလုံးပိုက်မိကြပြီဟုယူဆ ရသည်

× × ×

၃။ အသံလွှင့်ရုံမှနေ၍ ငွေစာရင်းမင်းကြီးရုံး၊ ဗုဒ္ဓလာသာအသင်း ၏ [illegible]ဦးအာဝ၏ ဓမ္မဓာတ်နှင့် ပါပဓာတ် တရားသံမှာလည်း သာ ယာ နာပျော်ရှိ၍ စိတ်အာရုံကို နူးညွတ်စေခဲ့သည်။

× × ×

၄။ များစွာသော ဘာသာရေး ပြောဟောမှုတို့ကို လူပုဂ္ဂိုလ်များထံမှ ၎င်း၊ ရဟန်းပုဂ္ဂိုလ်များ ထံမှ၎င်း၊ အခါများစွာ ကြားနာခဲ့ဘူး

သော်လည်း၊ လူအများ စိတ်ပါဝင်စားအောင် စွမ်းဆောင်နိုင်သူ ရှားလှသည်။

× × ×

၅။ ဘာသာရေးတရားပင် ဖြစ်သော်လည်း ဦးဘခင်၏ အသံသြဇာ နှင့် အထစ်အငေါ့မရှိ ပြတ်သားသော ဟောပြောမှုမှာ နားရိုင်းများကို သော်မှ ဆွဲဆောင်နိုင်ခဲ့ရာ ကျွန်ုပ်တို့ ထပ်မံပွဲတောင်း လိုပေသည်။ ဤသို့ ပွဲတောင်းခဲ့ကြသော်လည်း ဆရာကြီးသည် နောက်ထပ် အသံလွှင့် ဟောပြောခြင်းများ မပြုလုပ်ခဲ့တော့ပါ။

× × ×

## ၃။ ဝါဆိုတရား။

(၁၂) လရာသီ ပူဇော်ပွဲ အစီအစဉ်အတိုင်း ဝါဆိုလပြည့်နေ့ရောက်တိုင်း ဓမ္မရောင်ခြည်စေတီရိပ်သာတွင် တနေ့ပတ်လုံး ပူဇော်ပွဲ ကျင်းပမြဲ ဖြစ်သည်။ နံနက်ပိုင်းတွင် ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲများပြုလုပ်၍၊ ညချမ်းတွင် ဆရာကြီးအား တပည့်အပေါင်းက ရှိခိုးပူဇော် ကန်တော့ကြ၏။ ထိုအချိန်တွင် ဆရာကြီးက တပည့်ပရိသတ်အား "ဝါဆိုတရား"ဖြင့် ချီးမြှင့်လေ့ရှိ၏။ တိတ်ခွေသွင်းထားသော ယင်းတရားတပုဒ်ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

"ဤသို့ ရှိခိုးပူဇော် ဖူးမြော်ကန်တော့ရသော ကုသိုလ်က စေတနာတို့ကြောင့် ယခု ပစ္စုပ္ပန်ဘဝမှ စတင်၍ သစ္စာလေးပါး တရားများကို အားလုံး တတ်အပ်ပိုင်ပိုင် သိမြင်နိုင်ကြပါစေသတည်း။ ဤသို့ ကန်တော့ရသော ကုသိုလ်က စေတနာတို့ကြောင့် အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းလွတ်ကြပါစေ။ လိုအင်ဆန္ဒ ရှိသမျှနှင့်လည်း အားလုံး တလုံးတဝတည်း ပြည့်စုံနိုင်ကြပါစေ။

ယနေ့ ဝါဆိုလပြည့်နေ့။ ဝါဝင်တော့မယ်။ ဝါဝင်တယ် ဆိုယင်ဘဲ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ တပည့်ရဟန်းတို့က ဝါတွင်း ၃ လမျှ ကာလပတ်လုံး တရားများ အာရုံပြုပြီးတော့၊ တရားအားထုတ်ပြီး မိမိ ကိုယ်ကျင့်တရားတွေ ပွားများအားထုတ်တဲ့ အချိန်အခါဖြစ်တယ်။ လူကြီးမိဘတွေ ဆရာသမားတွေကလဲ ထို့နည်းတူစွာ ဝါတွင်း ၃ လ ကာလပတ်လုံးမှာ ခါတိုင်း အချိန်ကနှင့် မတူဘဲ အထူးသဖြင့် ပွားများအားထုတ်ရတဲ့ အချိန်အခါမျိုး ဖြစ်တယ်။ ဒါကြောင့်မို့လို့ ဝါဦး အချိန်အခါမှာ မိဘဆရာသမားများအား ကန်တော့တဲ့ ဝတ်အစဉ်အလာ ရှိတယ်။ ကန်တော့လိုက်တဲ့အတွက်ကြောင့် ဆရာသမားများမှာလဲ တာဝန်ရှိသွားတယ်။ အဲဒီလို ဝါဦးမှာ ကန်တော့လိုက်တဲ့အတွက်၊ ဆရာသမားများကလဲ ကန်တော့တဲ့ ပုဂ္ဂိုလ်တွေအတွက်

ပါ မိမိတို့ ဝါမဝင်မီ ကာလပတ်လုံးမှာ မိမိတို့ ကျင့်ကြံအားထုတ်လို့ ရရှိတဲ့ ကုသိုလ်အဘို့ကို တပည့်အပေါင်းအား အမျှဝေပြီး ကျေးဇူးပြုကြရတယ်။ နောက်တခါ ဝါကျွတ်တဲ့အခါကျပြန်တော့လည်း ဝါတွင်း ၃ လ ပတ်လုံးမှာ ကျင့်ကြံအား;ထုတ်သဖြင့် ရရှိတဲ့ ကုသိုလ်အဘို့ကို တပည့်များအား ပြန်ပြီးအမျှ ပေးဝေရတယ်။ ကျေးဇူးပြုရတယ်။ အဲဒါ အတို့အလှည့်သဘောမျိုး ရှိတယ်။

ဒီတော့ ခုခေတ်အခါကြီးက ပြောင်းလွဲနေတဲ့ ခေတ်အခါကြီး၊ ခေတ်ပြောင်းချိန်ဆိုလဲ မမှားဘူးနော်။ အဲ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး နောက်၊ ဒီဖုဿဆရာဆိုတဲ့ ဖုဿမထေရ်ကြီး၊ ရဟန္တာကြီးရှိတယ်။ အဲဒီသံသရ ရသေ့ကြီးက သူ့ကို လျှောက်ထားတယ်။ လျှောက်ထားတဲ့ အတွက်ကြောင့် သံသရ ရသေ့အား ဖုဿမထေရ်က မှာကြားသွားတာ ရှိတဲ့စကား၊ ခေတ်၊ ခေတ်ပြောင်း အဲဒီခေတ်ဆိုတာက မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ သာသနာ ၅၀၀၀ ထားခဲ့တဲ့ဟာကို ၅၀၀၀ ကို ခေတ်အပိုင်းအခြားနဲ့၊ အဲ.... တခေတ်၊ တခေတ်ကို နှစ်ပေါင်း ၅၀၀ စီ၊ ပိုင်းခြားသွားတယ်။ အဲ....ပထမ ခေတ်က ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း ၅၀၀ ကို ဝိမုတ္တိခေတ်လို့ ခေါ်တယ်။ အဲဒီ ဝိမုတ္တိခေတ်ဆိုတာက ဝိမုတ္တိရသကို ခံစားနိုင်သောခေတ်၊ ဝိမုတ္တိရသဆိုတာ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး တရားပွားများအား ထုတ်ပီး မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ ရတာကို ဝိမုတ္တိချမ်းသာလို့ ခေါ်တယ်။ အဲဒီ ဝိမုတ္တိခေတ် ၅၀၀ ကုန်သွားတဲ့အခါကျတော့ နောက် ၅၀၀ က သမာဓိ ခေတ်လို့ ခေါ်တယ်။ အဲဒီအခါကျတော့ ဝိပဿနာလုပ်ငန်းထက် စျာန်သမာပတ်အလုပ်၊ သမာဓိလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ ပိုပြီးထွန်းကားလာတယ်။ အဲဒီလို သမာဓိခေတ်တွေကုန်သွားတဲ့အခါကျပြီ ဆိုရင်ဖြင့် သီလခေတ်၊အဲ-သီလသမာဓိ ပညာပေါ့လေ။ ပြန်ပြီး ဆင်းလာတာ ပညာ၊ သမာဓိ၊ သီလ .......

အဲ....သီလခေတ်အခါကျတော့၊ အဲ....လူပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်၊ ဗြဟ္မာ ပုဂ္ဂိုလ်တို့ဟာ အဲဒီ သီလကိုဘဲ အဓိကထားပြီး ပွားများ အားထုတ်ကြတယ်။ အဲဒီခေတ် (၅၀၀) ကုန်သွားတဲ့အခါ၊ ဘာလာသလဲဆိုတော့ သုတခေတ်ဘဲ။ သုတဆိုတာ ဗဟုသုတ အကြားအမြင်နဲ့ ပြည့်စုံတဲ့ခေတ်။ အဲဒီ ခေတ်မျိုးကျ တော့ ပရိယတ္တိနဲ့တကွ၊ အားလုံး ဒီဘုရားဟောတဲ့ ကျမ်းဂန်တွေ ဘာတွေ၊ အဲဒါ ထိန်းသိမ်းတဲ့နေရာမှာ၊ အဲ ပြောတဲ့ဆိုတဲ့ နေရာမှာ ဗဟုသုတနှင့်အလွန် ပြည့်စုံတယ်။ အဲဒီခေတ်ကနောက် (၅၀၀) ကျတော့ ဒါနခေတ်ဆိုတာ ရောက် သွားတယ်။ အဲ ဒါနခေတ်ရောက်သွားပြီးတော့ ဒါနခေတ်ကုန်ရင်- နှစ်ပေါင်း (၂၅၀၀) ကုန်သွားတယ်။ အဲဒီနှစ်ပေါင်း (၂၅၀၀) ကုန်ခဲ့ပြီ။ ကုန်ခဲ့ပြီးတဲ့ နောက် အခုနှစ်ပေါင်း(၂၅၀၀)။ ကျန်နှစ်ပေါင်း (၂၅၀၀)ကျတော့ တပတ် ပြန်ပြီး လည်လာတယ်၊ လည်လာတော့ နှစ်ပေါင်း (၂၅၀၁) က စပီးတော့

ဝိမုတ္တိခေတ်ဆိုပြီး ပြန်ပြီးပေါ်လာပြီးတော့၊ အဲဒီဝိမုတ္တိခေတ်က နှစ် (၅၀၀) အဲဒီဝိမုတ္တိခေတ်မှာ မဂ်ပညာ၊ ဖိုလ်ပညာတရားတွေရတယ်။ မြတ်စွာဘုရားပွင့်တော်မူစဉ် အခါက ကဲ့သို့ပင်၊ အဲ....သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး တရားကို တိကျပြတ်သားအောင် ပွားများအားထုတ်ရင်ဖြင့် မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ ရနိုင်တဲ့ခေတ်၊ ပဋိပတ္တိခေတ်။ ဝိပဿနာခေတ်။ .......

အဲဒီခေတ်က ဝင်လာတာ ဘယ်နေ့ကစပြီး ဝင်လာသလဲဆိုရင်၊ သာသနာ (၂၅၀၀) ပြည့်ပြီး၊ နောက်တနေ့က စပြီး ဝင်တယ်လို့ ဆိုရမယ်။ အဲဒီမှာ (၂၅၀၀) သာသနာမှာ ဘုရားပရိနိဗ္ဗာန်ပြုပြီးတဲ့နောက် တဖြေးဖြေး သာသနာတော်က ဆုတ်သွားတယ်။ ဝိပဿနာခေတ်က နှစ်က နှစ်ပေါင်း(၅၀၀) ပြီး၊ တိမ်ကောသွားတော့၊ ဝိပဿနာငုပ်သွားတယ်ဆိုတော့၊ အမိုက်တိုက်ကြီးက ဝင်လာတာဘဲ။ အဝိဇ္ဇာခေတ်တွေက လွှမ်းမိုး၊ အဲဒါ ငုပ်သွားတာ နှစ်ပေါင်း (၅၀၀)ထိ ငုပ်သွားတာ။ အဲ ပရိယတ္တိတော့ ကျန်ရစ်ခဲ့ပါ၏။ သို့သော်လဲ ပဋိပတ္တိက အောင်မြင်မှုတွေဟာ မရှိဘူး။ မရှိတော့ နှစ်ပေါင်း (၂၅၀၀)က ကျော်ပြီး (၂၅၀၁) ကို ရောက်လာတဲ့အခါကျတော့ ချက်ခြင်းဘဲ ဖြုန်းကနဲ အကုန်လုံးပြောင်းပြန်လှန်ပြီး၊ပြောင်းသွားမလားဆိုမပြောင်းဘူး။ တဖြေးဖြေးနဲ့ ပြောင်းတယ်။ အခု ဝိမုတ္တိခေတ်ရောက်တဲ့ အခါမှာ အဟုတ်တကယ် ဘုရားဟောတဲ့အတိုင်း၊ ဘုရားအကြိုက် သီလ၊ ဘုရားအကြိုက်၊သမာဓိ ဘုရားအကြိုက် ပညာ၊ အဲဒီလုပ်ငန်း လုပ်သွားမယ်ဆိုရင်၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ မရစရာ ဘာမှအကြောင်းမရှိဘူး၊ အဲဒီတော့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ ရဘို့ဟာ၊ အဲ-ဘုရားကြိုက်တဲ့နည်း၊ ဘုရားကြိုက်တဲ့နည်း၊ ဘုရားအကြိုက်ဆုံးနည်း။ အဲ....ဘုရားကိုယ်တော်မြတ် ရှေးဦးစွာ ဟောကြားတဲ့၊ ဓမ္မစကြာမှာ ပြခဲ့တဲ့နည်းကတော့ မဂ္ဂင်ရှစ်ပါးတရား။အဲဒီ မဂ္ဂင်ရှစ်ပါးတရားက ဘာအတွက်လဲ၊ သစ္စာ ၄ ပါးသိအောင် ...သစ္စာ ၄ ပါးသိတာ၊ သစ္စာလေးပါး ဆိုတာက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ သမုဒယသစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုး၊ မဂ္ဂသစ္စာက အကြောင်း၊ နိရောဓသစ္စာက အကျိုး၊ မဂ္ဂသစ္စာ ပွားများရင်ဖြင့် နိရောဓသစ္စာ ကောန်ချက်မှောက်ပြုရမှာပဲ။

ဒါကြောင့်မို့လို့ မဂ္ဂသစ္စာ ပွားများအပ်တယ်။ ဒုက္ခသစ္စာကို ပိုင်းခြားသိရမယ်။ မဂ္ဂသစ္စာ -ပွားများတာ ဘာကြောင့်လဲ၊ ဒုက္ခသစ္စာ ပိုင်းခြားသိဘို့၊ ဒုက္ခသစ္စာ ပိုင်းခြားသိတဲ့အခါမှာ သမုဒယသစ္စာလဲ ပယ်ပြီးသား ဖြစ်ထာပဲ။ သမုဒယသစ္စာပယ်တဲ့ အခါလဲ နိရောဓသစ္စာကို မျက်မှောက်ပြုရတယ်။ အဲဒီလို ဒီသစ္စာ ၄ ပါးနှင့် ကိုက်ညီအောင် ပွားများ အားထုတ်ရမယ်။ အဲ့...,သစ္စာ

၄-ပါးနှင့် ကိုက်ညီအောင် လမ်းစဉ် တက်သွားမယ်ဆိုရင် မြတ်စွာဘုရား မဟာပရိနိဗ္ဗာနသုတ်မှာ ဟောထားတဲ့၊ ရှေးဦးစွာ သီလနဲ့ ပြီးပြည့်စုံရမယ်။ သီလနဲ့ ပြည့်စုံပြီးနောက် သမာဓိနဲ့ တခါပြည့်စုံရမယ်။ သမာဓိနဲ့ ပြည့်စုံပြီးမှ ပညာနဲ့ ပြည့်စုံမယ်။ အဲ-ပညာနှင့်ပြည့်စုံမှ ဝိမုတ္တိရသ ရမယ်။ အဲတာ၊ မဟာပရိနိဗ္ဗာနသုတ်မှာ အကြိမ်များစွာ အထပ်ထပ် မြတ်စွာဘုရား ဟောခဲ့တယ်နော်။ ပြီးတော့ ရထဝိနိတသုတ်ဆိုတဲ့ မဇ္ဈိမ နိကာယ်မှာလဲ မြတ်စွာဘုရား အတိအကျ ပြတ်ပြတ်သားသားကြီး ဟောကြားထားတာ ရှိဘသ်။ ဘယ်လိုရှိသလဲ ဆိုရင်ဖြင့် ဝိသုဒ္ဓိ ၇-ပါးဆိုတာ ရှိတယ်။ အင်မတန် ဖြူစင် မြင့်မြတ်တဲ့ တရား (၇) ပါး။ အဲ့ဒီ ဝိသုဒ္ဓိ (၇) ပါးကို အစဉ်အတိုင်း သွားရမယ်။

ရှေးဦးစွာ သီလဝိသုဒ္ဓိ၊ ဘုရားကြိုက်တဲ့ သီလနှင့် ပြည့်စုံရမှာပေါ့။ အဲ သီလဝိသုဒ္ဓိပြီးတော့ စိတ္တ ဝိသုဒ္ဓိ တဲ့၊ စိတ္တဝိသုဒ္ဓိဆိုတာ သမာဓိအလုပ်၊ စိတ်ကို သိမြင်တဲ့အလုပ်၊ စိတ္တကေဂ္ဂတာဆို တခုသောအာရုံမှာ စိတ်၏ တည်ကြည်ငြိမ်သက်မှုကို ရအောင် ထားတာ၊ အဲ-ဘုရားအကြိုက် သမာဓိကတော့ ကမ္မဋ္ဌာန်း ၄၀-မှာ ဘယ်ကမ္မဋ္ဌာန်းနှင့်ဘဲ တရားအာရုံယူယူ၊ သမာဓိအလုပ် လုပ်တဲ့အခါမှာ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်နှင့်တကွ၊ စိတ်၏ တည်ငြိမ်မှုအစစ်ကို ရရမယ်။ အဲဒီ စိတ်၏ တည်ငြိမ်မှုအစစ်ကို မရရင်၊ စိတ္တ ဝိသုဒ္ဓိ မရရင်၊ ဒိဋ္ဌိဝိသုဒ္ဓိဏာ မဖြစ်ဘူး။ အဲဒီ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိဆိုတဲ့၊ ဝိသုဒ္ဓိတွေဟာတော့၊ သမ္မာဒိဋ္ဌိနယ်မှာ ပါသွားတယ်။ ပညာနယ်မှာ ပါသွားတယ်။

အဲဒီတော့ အကျဉ်းချုပ်လိုက်ရင်တော့ ဘာထွက်လာအလဲ ဆိုရင်ဖြင့် ပထမ သီလကို ပြည့်စုံစေရမယ်။ အဲ သီလ လုံခြုံမှု၊ မလုံခြုံမှု ဆိုတာတော့ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေပေါ်မှာ တည်တယ်။ ကိုယ့်သီလ လုံမလုံ ဆိုတာ ကိုယ်တိုင်သိတယ်၊ အဲ သမာဓိကျတော့ ဆရာ အကူအညီပေးလာရတယ်။ သမာဓိမှာ စိတ္တကေဂ္ဂတာ ဆိုတာ တခုသောအာရုံပေါ်မှာ စိတ်တည်ငြိမ်မှု ရဘို့ ဆိုတာ မလွယ်ဘူး။ စိတ်တည်ငြိမ်မှုကို ပျက်ပြားစေတဲ့ အကြောင်းတရားတွေဟာ အင်မတန် မြောက်မြားစွာရှိတယ်။ကိုယ့်ဟာကိုယ် တရားအားထုတ်ရင်ဖြင့် မရတာ တွေ့လိမ့်မယ်။ ဘယ်လိုငြိမ်အောင်လုပ်လုပ် အချိန်သာကုန်မယ်။ စိတ်က မငြိမ်ဘူး။ အဲ ထိန်းသိမ်း စောင့်ရှောက်နိုင်တဲ့ စွမ်းအင် စွမ်းပကားရှိတဲ့ ဆရာသမားများနှင့် အားထုတ်မယ်ဆိုရင်ဖြင့် သမာဓိဟာတော့ ရလာတာဘဲ။ ဒါကြောင့် မြတ်စွာဘုရားက၊ ယထာဘူတ ဉာဏဟာ၊ တထာပရိ ယေသိတဗ္ဗာ။ ယထာဘူတ ဉာဏ်အလို့ငှာ၊ တထာဆရာကို၊ ပရိယေသိတဗ္ဗာ ရှာအပ်၏။ ဆရာ မရှိဘဲနှင့် ဒါ မရဘူး။ ဆရာ၏ထိန်းသိမ်း စောင့်ရှောက်မှုဟာ အင်မတန် အရေးကြီးတယ်။အဲဒီလို ဆရာ၏ အထိန်းအသိမ်း အစောင့်အရှောက် ခံယူရတဲ့အတွက်

ကြောင့် ပတ်ဝန်းကျင်မှာ အဖျက်ရှိတယ်။ အဲဒီတော့ သမာဓိကို ပျက်ပြားစေတတ်တဲ့ အကြောင်းတွေ ရှိတယ်။ အဲဒီအကြောင်းတွေကို ဆရာက သိမ်းဆည်းပေးလို့ ရှိရင်ဖြင့်၊ အဲ–သမာဓိအလုပ်ကို လုပ်တဲ့လူဟာ စိတ်၏တည်ငြိမ်မှုကိုရတယ်။ စိတ်၏ တည်ငြိမ်မှုရလို့ စိတ္တဝိသုဒ္ဓိ ဆိုတဲ့ စိတ္တ စေတသိက သဘောတရားဖြစ်ပေါ်လာပြီ ဆိုတဲ့အခါမှ ဝိပဿနာအလုပ်ကို လုပ်ရတယ်။

ဝိပဿနာ ဆိုတာကတော့ ပညာကိုခွာပြီး ပရမတ္ထသဘာဝဖြစ်တဲ့ ရုပ်နာမ် တို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ သိတာကို ဝိပဿနာလို့ ခေါ်တယ်။ အဲဒီ ဝိပဿနာအလုပ် လုပ်ဘို့ဆိုဒါက၊ အဲ- ရုပ် ဆိုတဲ့ သဘောလက္ခဏာ၊ နာမ်တရားရဲ့ သဘောလက္ခဏာ သိရမယ်။ အဲဒီ သိပြီးတော့ ရုပ်တို့ရဲ့ မမြဲတဲ့ အနိစ္စလက္ခဏာ၊ ရုပ်တို့ရဲ့ ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ၊ ရုပ်တို့ရဲ့ အစိုးမရ၊ အနှစ်သာရမရှိတဲ့ အနတ္တလက္ခဏာနာမ်တို့ရဲ့ မမြဲတဲ့ သဘောလက္ခဏာ၊ နာမ်တရားတို့ရဲ့ ဆင်းရဲတဲ့ သဘောလက္ခဏာ၊ နာမ်တရားတို့ရဲ့ အနှစ်သာရမရှိတဲ့၊ အစိုးမရတဲ့လက္ခဏာ အဲဒါကို ကိုယ်တွေ့ဉာဏ်တွေ့ နှစ်ပါးတွေ့အောင်၊ အဲ–သေသေချာချာ အားထုတ်ရမယ်။ အဲ့ ဆရာကြီးရဲ့ အထိန်းအသိမ်း အစောင့်အရှောက်နဲ့ အားထုတ်သွားမယ်ဆိုရင်၊ ဒါတွေဟာ သိနိုင်တယ်လို့ ဆရာကြီးတို့ ယုံကြည်တယ်။

ဒီတော့ အခု တရားအားထုတ်တယ်ဆိုတာတွေဟာ အခု လောကကြီးမှာ ဝိမုတ္တိခေတ် ကူးပြောင်းလာတဲ့ အချိန်ကစပြီးတော့၊ အဲ... အနယ်နယ်အရွာရွာမှာဘဲ တရား အားထုတ်ကြတယ်။ တရားအားထုတ်ချင်တဲ့စိတ် ဖြစ်ပေါ်လာလို့ ကမ္မဋ္ဌာန်းကျောင်း ရောက်ရင်ဘဲ၊ အဲ....ဒီသီလစောင့်ထိန်းရတော့မယ်။ သီလ စောင့်ထိန်းရဘယ်ဆိုကထဲက သူ့မှာ မဟာကုသိုလ်ကတော့ ဖြစ်တော့မယ်။ အဲ... အင်မတန်အဘိုးတန်တဲ့ အလုပ်ဘဲ၊ အဲဒီကနေပြီး မျက်စိမှိတ်ပြီးတော့ စိတ်ကို တည်ငြိမ်မှုရအောင် ဘယ်နည်းနဲ့ဘဲ အားထုတ်၊ အားထုတ် အားထုတ်ပြီဆိုရင်ဖြင့် ဈာန်မှာ အကြိုးဝင်တဲ့ မဟဂ္ဂုတ်ကုသိုလ်တွေ ဖြစ်တယ်။ အဲဒီကုသိုလ် ဖြစ်လာပြီးတဲ့နောက် ဝိပဿနာလုပ်ငန်းအဆင့်ကို တဆင့်လှမ်းပြီး တက်မယ်ဆိုရင်ဖြင့်၊ အဲဒီဝိပဿနာအလုပ်မှာ လုပ်လာလို့ရှိယင်ဖြင့်၊ အဲ....မဟာဖလ အကျိုးကြီးမြတ်တဲ့ ပညာကုသိုလ်တွေ ရနိုင်တယ်။ အဲဒီပညာကုသိုလ်တွေ ရဘို့ဟာက ဘာလဲလို့ဆိုရင်၊ ဘာဝနာမယလို့ ခေါ်တယ်။ အဲဒီ ဘာဝနာမယဉာဏ် ရောက်ဘို့ဟာ အစစ်အမှန် ရောက်ဘို့ဟာ၊ ဒါ အင်မတန် အရေးကြီးတယ်။

အဲ သုတမယ၊ စိန္တာမယ၊ ဘာဝနာမယလို့ ရှိတယ်။ သုတမယဆိုတာကတော့ အကြားလေးနဲ့ဘဲ သူများဟောတာ၊ ပြောတာ၊ ကြားတာ၊ ဒါလည်း ကုသိုလ်တွေဖြစ်တာပါဘဲ။ ဝိပဿနာဉာဏ် ဝင်လာတာပါဘဲ။ စိန္တာမယဆိုတာ ကိုယ်ဘိုင် လေ့လာသုံးသပ်ပြီးတော့ အထပ်ထပ် အဲဒီလုပ်လာတဲ့

ဟာ။ စိန္တာမယဉာဏ်လည်း၊ ဝိပဿနာဉာဏ် ကုသိုလ်တွေဖြစ်တာဘဲ။ အဲ.... သို့သော်လည်း ဘာဝနာမယဉာဏ် အမြင်သန်လာတဲ့ အခါကျတော့မှ၊ အစစ်အမှန်ကို သွားတွေ့တယ်။ အဲဒီပြောတဲ့ ဘာဝနာမယဉာဏ် ရဘို့ဟာလည်း အရေးကြီးတာက၊ သမာဓိရဘို့ အရေးကြီးတယ်။ အဲဒီသမာဓိဟာ ခုထုံးကြီးဘဲ။ သမာဓိမှာ လန်ကျတာများတယ်။သမာဓိအခြေခံမကောင်းရင်၊ ဝိပဿနာဉာဏ်အစစ်အမှန်ကို မရဘူး။ အနိစ္စအစစ်အမှန်ကိုမတွေ့ဘူး။ ဒုက္ခအစစ်အမှန်ကို မတွေ့ဘူး။ အနတ္တအစစ်အမှန်ကို မတွေ့ဘူး။ ဒီတော့ အနိစ္စအစစ်အမှန်၊ ဒုက္ခအစစ်အမှန်၊ အနတ္တအစစ်အမှန်ကို တွေ့ဘို့ဟာ အရေးကြီးတာက သမာဓိ၊ အဲ....သမာဓိမှာ ဘယ်လို သမာဓိမျိုးလဲဆိုရင်၊ ဖြစ်နိုင်ရင် စိတ္တဝိသုဒ္ဓိအစစ်။ စိတ္တဝိသုဒ္ဓိအစစ်က ဥပစာရ သမာဓိလို့ခေါ်တယ်။ ဥပစာရ သမာဓိဆိုတာ ဈာန်ဇောကျလုနီးနီး အခြေအနေနားရောက်အောင်၊ ဥပမာအားဖြင့် အာနာပါနအလုပ်ကို လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ အာနာပါနသတိဖြင့် သမာဓိထူထောင်လာတဲ့အခါမှာ စိတ်၏တည်ငြိမ်မှု၊ စိတ္တဧကဂ္ဂတာဖြစ်လာတဲ့အခါမှာ ဥဂ္ဂဟနိမိတ်ဆိုတဲ့ အင်မတန်တောက်ပြောင်တဲ့၊ လက်တဲ့ စိန်တုံးကလေးကဲ့သို့ အင်မတန် တည်ငြိမ်တောက်ပြောင်တဲ့ ဥဂ္ဂဟနိမိတ်ကလေးတွေဟာ ဖြတ်ကနဲ ဖြတ်ကနဲ ပေါ်လာတတ်တယ်။ အဲဒီဥဂ္ဂဟနိမိတ်ကလေးငြိမ်လာလို့ ပဋိဘာဂနိမိတ်အခြေကို ရောက်လာရင်ဖြင့်၊ အဲ....ဒါ၊ စိတ္တဝိသုဒ္ဓိသဘောကို သက်ဝင်လာတယ်။ ဒါလောက် အခြေလောက်ရောက်ရင်တော့ သမာဓိ တော်တော်ကောင်းသွားပြီ။

အဲဒီ အာနာပါန အလုပ်မှာ နှာသီးဝကို၊ အဲ....အထက်နှုတ်ခမ်း ဗဟိုတနေရာမှာ စိတ်အာရုံကလေး စိုက်ထားလိုက်ခါမျှနှင့် မြုံးကနဲစိုက်ရုံကလေးနဲ့၊ စိုက်ခါမျှနဲ့ အာနာပါနသမာဓိရဲ့ ပဋိဘာဂနိမိတ် ပေါ်လာပြီ၊ ပေါ်လာပြီဆိုရင်တော့ဟာသမာဓိအားကောင်းလာပြီ။ အဲဒီလို သမာဓိအားကောင်းလာမှ သိမ်မွေ့လှစွာသော ရုပ်တို့ရဲ့ ဖောက်ပြန် ချုပ်ဆုံးနေတဲ့ သဘောအမှုအရာကို သိနိုင်တယ်။ အဲဒီတော့ သိဘို့ဟာက မလွယ်ဘူး။ သမာဓိ အင်မတန် အရေးကြီးတယ်ဆိုတာ ဆရာကြီး အထပ်ထပ်ပြောတယ်။

ဒီရုပ်တရားတို့ဟာ အမြဲပင် ဖောက်ပြန်ချုပ်ဆုံးနေတယ်။ ရုပ်တရားတို့ဆိုတာမမြဲဘူး။ ဖောက်ပြန်ချုပ်ဆုံးနေတယ်။ အဲဒီရုပ်တရားတွေဟာ ဘာကြောင့်ဖောက်ပြန်ချုပ်ဆုံးနေသလဲ ...ငြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တည်းဟူသော မဟာဘူတရုပ်ကြီးလေးပါးကြောင့်တဲ့။ ပထဝီဆိုတာ မာမှု၊ ပျော့မှုသဘော အမှုအရာလက္ခဏာ၊ အာပေါဆိုတာ ယိုစီးတဲ့ သဘောအမှုအရာလက္ခဏာ၊ ဝါယောဆိုတာ တောက်ကန်လှုပ်ရှားတဲ့ သဘောအမှုအရာလက္ခဏာ၊ တေဇောဆိုတာ ပူမှု အေးမှု သဘောအမှုအရာ လက္ခဏာ၊ အဲဒီ သဘောအမှုအရာ

လက္ခဏာမျှသာရှိတဲ့ မဟာဘူတရုပ်လေးပါး၊ စုမိတဲ့အခါမှာ ၎င်းတို့ထဲက ဝဏ္ဏဆိုတဲ့ အဆင်း၊ ဂန္ဓဆိုတဲ့ အနံ့၊ ရသဆိုတဲ့ အရသာ၊ ဩဇာဆိုတဲ့ ဓာတ်ဆီ။ အဲဒီရုပ်တရား၊ အမှီတရားလေး ပေါ်လာတယ်။ ပေါင်း ၈ ပါးဖြစ်တယ်။ အဲဒီ ၈ ပါးဟာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။ အဲဒီ ၈ ပါး စုမိရင်၊ အဌကလာပ်ရုပ်ကလေးဆိုတာ ဖြစ်တယ်။ အဌကလာပ်ရုပ်ကလေးဆိုတာ ၈ ခုပေါင်းလို့ ဖြစ်တဲ့ ရုပ်ကို အဌကလာပ်ရုပ်ခေါ်တယ်။ အဲဒီ အဌကလာပ်ရုပ်ကလေးဟာ ပရမာဏုမြူလောက် ရှိတယ်။

ပရမာဏုမြူဟာ ဘယ်လောက်လဲဆိုရင်ဖြင့်၊ အဲဒါ ထပ်ချီထပ်ချီ ပြောနေတာဘဲ။ အဲ ပိုပြီးသေချာအောင်၊ အဲ.... မနာရသေးတဲ့ လူလဲ နာရအောင်၊ ပရမာဏုမြူဆိုတာ ဘယ်လောက်ရှိသလဲ ဆိုရင်ဖြင့် လူတို့ဦးခေါင်းမှာရှိတဲ့ သန်းဥကလေး ၃၆ စိပ်၊ စိပ်၊ တစိပ်။ အဲဒါ ရထာရေဏုမြူတဲ့။ ရထားကလှင့်တဲ့ မြူမှုန်ကလေးလောက် ရှိတယ်။ ရထာရေဏုမြူ ၃၆ စိပ်၊ စိပ်၊ တစိပ်။ တဇ္ဇာရီဏုမြူ။ တဇ္ဇာရီဏုမြူ ၃၆ စိပ်၊ စိပ်၊ တစိပ်။ အဏုမြူ။ အဏုမြူ ၃၆ စိပ်၊ စိပ်၊တစိပ်။ ပရမာဏုမြူ၊ ပရမာဏုမြူဆိုတာ၊ ရုပ်ကလာပ်လေးတွေဘဲ၊ အင်မတန် သေးငယ်သိမ်မွေ့တယ်။

အဲဒီရုပ်ကလာပ်ကလေးတွေ မည်မျှ သေးငယ်သိမ်မွေ့စေကာမူ၊ သူတို့သတ္တိတော့ မစွန့်ဘူး။ ပထဝီက အမာခံလေး ခံပေးတယ်။ အာပေါက ဖွဲ့ပေးတယ်။ ဝါယောက ထောက်ကန်တယ်။ တေဇောက ပူမှုခြင်းနဲ့ လောင်ကျွမ်းစေတယ်။ ရုပ်ကလာပ်ကလေးတွေဟာ ဖြစ်ပြီးမှ လောင်ကျွမ်းချုပ်ငြိမ်းတဲ့ သဘာဝရှိတယ်။ အဲဒီရုပ်ကလာပ်ကလေးတွေဟာ ခန္ဓာအိမ်ထဲမှာအပြည့်၊ လောကကြီးထဲမှာ အပြည့်၊ မြင်မြင်သမျှ ဝတ္ထုပစ္စည်းမှာလဲ အပြည့်၊ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ကျမ်းဂန်တခုထဲမှ သူ့ခန့်မှန်းချက်ပြထားတာက အဲဒီရုပ်ကလာပ်ကလေးတွေ ကုဋေတသိန်းလောက်စုပေါင်းပြီးမှ သန်းဥ၊ သန်းခေါင်းလောက် ရှိတယ်။အင်မတန် သေးငယ်သိမ်မွေ့တယ်။သို့သော်လည်း ဒီရုပ်ကလာပ်တွေဟာ အမြဲတစေ လောင်ကျွမ်းချုပ်ငြိမ်းနေတယ်။ တခုချင်း ချုပ်ငြိမ်းတာ သာမဟုတ်။ အစုအပြုံလိုက်လဲ ချုပ်ငြိမ်းနေတာ။ ဒို့ခန္ဓာအိမ်ထဲမှာရှိတဲ့ ရုပ်ကလာပ်တွေကလည်း ထိုနည်းတူစွာလောင်ကျွမ်းချုပ်နေတာဘဲ။အဲဒီရုပ်ကလာပ်တွေဟာ လောင်ကျွမ်းချုပ်ငြိမ်းနေမှုလေးတွေဟာ အထဲမှာ၊ အဲ....လောင်ကျွမ်းချုပ်ငြိမ်းနေတဲ့အမှုအရာလက္ခဏာတွေကိုကိုယ်တွေ့၊ဉာဏ်တွေ့သိအောင်၊ သမာဓိအားကောင်းကောင်းနဲ့ ရှုတဲ့အလုပ်ဟာ ဝိပဿနာအလုပ်ဘဲ။

အဲဒီလို ရှုလို့ ရုပ်တို့ရဲ့ မမြဲတဲ့သဘော အစစ်အမှန်နော်- အစစ်အမှန်။ အဲဒီ မမြဲတဲ့ သဘောအစစ်အမှန်ကို ဉာဏ်နဲ့ တွေ့သွားပြီဆိုရင်၊ အဲ့....ဒီဆရာကြီး မပြောချင်တဲ့ဟာ၊ နိဗ္ဗာနဓာတ်ပေါ်လာတယ်။ ပဗ္ဗဘာမဂ် လို့လဲ ခေါ်တယ်။

နိဗ္ဗာန်မျိုးလေး ပေါ်လာတယ်။ အဲဒီနိဗ္ဗာနဓာတ်ကလေး၊ သာမန်ကလေး ပေါ်လာအုံးတော့၊ ဒီနိဗ္ဗာနဓာတ်ကလေးရဲ့သတ္တိဟာ၊ ဘာလဲလို့ ဆိုရင်ဖြင့် အဝိဇ္ဇာဓာတ်ကို သူ့ဆန့်ကျင်ဘက်ပြုပြီး ချေမှုန်းပစ်နိုင်တယ်။ ဒါကြောင့်မို့ မြတ်စွာဘုရား၏ တရား အစစ်အမှန်ဟာ အကုသိုလ် ကုန်ခြင်းကို ပြုတယ်။ အကုသိုလ်ကံ ကုန်ခြင်းကိုပြုတယ်။ လူတိုင်း လူတိုင်း၊ ဘဝအသချေကပြုထားတဲ့ ကံဟောင်း အသင်္ချေအနန္တရှိတယ်။အကုသိုလ်ကံဟောင်း အသင်္ချေအနန္တရှိတယ်။ ကုသိုလ်ကံဟောင်းတွေလဲ အသင်္ချေအနန္တရှိတယ်။ ကုသိုလ်ကံဟောင်းအသင်္ချေ အနန္တက၊ အကုသိုလ်အနန္တကံဟောင်းကို ချေပြီးမပစ်နိုင်ဘူး။ အကုသိုလ် ကလည်း သူ့အထိုက်အလျောက် သူ့အကျိုးပေးခွင့် သာလာတဲ့အခါ အကျိုး ပေးမှာဘဲ။ ကုသိုလ်ကလည်း အကျိုးပေးခွင့်သာရင် အကျိုးပေးမှာဘဲ။ ဒီတော့ လောကကြီးမှာ ကိုယ်၏ပိုင်ဆိုင်တဲ့ ကုသိုလ်ဓာတ်တွေရှိတယ်။ အကုသိုလ်ဓာတ် တွေရှိတယ်။ သတ္တဝါအနန္တတို့နဲ့ သက်ဆိုင်တဲ့ ကုသိုလ်ဓာတ်တွေ၊ အကုသိုလ် ဓာတ်တွေ ရှိတယ်။ အဲဒါကြီးက သင်္ခါရလောကကြီး ဖြစ်နေတာဘဲ....။

ဩကာသ လောကကြီး ဆိုတာ တည်ရာ လောက၊ ဩကာသ လောက တည်ရာလောကမှာ သင်္ခါရဓာတ်လောကကြီးရှိတယ်။ကုသိုလ်ဓာတ်နှင့်အကုသိုလ် ဓာတ် လောကကြီး။ အဲဒီ ကုသိုလ်ဓာတ်၊ အကုသိုလ်ဓာတ် လောကကြီးဟာ သံသရာကြီး၏ အဆောက်အအုံကြီးဘဲ။ အဲဒီ ကိုယ့်အကုသိုလ်ဓာတ်၊ ကိုယ့် ကုသိုလ်ဓာတ်တွေ ကုန်သွားရင်၊ ကုသလံ၊ အကုသလံ ဇဟံ။ ဆိုတာ နိဗ္ဗာန် ဘဲ။ အဲဒီအကုသိုလ်ဓာတ်၊ ကုသိုလ်ဓာတ်တွေကုန်အောင် ဘာနဲ့လုပ်ရမလဲ။ ဘာနဲ့တိုက်ပြီး ချေမှုန်းရမလဲ ဆိုရင်ဖြင့် နိဗ္ဗာနဓာတ်နဲ့တိုက်ပြီး ချေမှုန်းမှရမယ်။

နိဗ္ဗာနဓာတ်က ဘယ်အခါမှာ ပေါ်မလဲဆိုရင်ဖြင့် အနိစ္စဝိဇ္ဇာဉာဏ် ဖြစ်တဲ့အခါ ပေါ်တယ်။ ဒုက္ခဝိဇ္ဇာဉာဏ် ဖြစ်တဲ့အခါ ပေါ်တယ်။ အနတ္တ ဝိဇ္ဇာဉာဏ် ဖြစ်တဲ့အခါ ပေါ်တယ်။ အနိစ္စအစစ်အမှန်သိတဲ့အခါ ပေါ်တယ်။ ဒုက္ခအစစ်အမှန်သိတဲ့အခါ ပေါ်တယ်။ အနတ္တအစစ်အမှန် သိတဲ့အခါမှာ ပေါ်တယ်။ အဲ...အနိစ္စအစစ်အမှန်မဟုတ်ရင် မပေါ်ဘူး။ ဒုက္ခအစစ်အမှန် မဟုတ်ရင် မပေါ်ဘူး။ အနတ္တအစစ်အမှန်မဟုတ်ရင် မပေါ်ဘူး။ အဲဒီနိဗ္ဗာန ဓာတ်ပေါ်အောင် အားထုတ်ရမယ်။ ပေါ်လာလို့ ရှိရင်၊ ဒီနိဗ္ဗာနဓာတ်က ကိုယ့်ဘဝအသင်္ချေက ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံဟောင်း အသင်္ချေအနန္တကို တဖြည်းဖြည်းချေမှုန်းသွားတယ်။ နိဗ္ဗာနဓာတ်ကလေးပေါ်လာလို့ အသိဉာဏ် လေး ပွင့်လာတယ်ဆိုပါတော့၊ အဲ....ပွင့်လာစအခါမှာ ခုခံနေတဲ့ အဝိဇ္ဇာ ဓာတ်အားက ကြီးမားလို့ရှိရင်၊ ခုပွင့်လာတဲ့ အနိစ္စဝိဇ္ဇာဉာဏ် ဓာတ်ကလေး ဟာ ခဏလေး လင့်ပျောက်ပြီးသွားတယ်။ သူမထိုးဖောက်နိုင်ဘူး။ အဲ လင့်

ပျောက်သွားတဲ့ အခါကျ၊ အနိစ္စအသိဉာဏ်ဟာ ငုပ်ပျောက်ပြီးတော့၊ ဘာတွေ ဝင်လာလည်းဆိုရင် သံသယ၊ ကုက္ကုစ္စတွေနဲ့ ဝိပဿနာအန္တရာယ် (၁၀) ပါး တခုခု ဝင်လာပြီးတဲ့နောက် စိတ်တွေက လည်သွားတယ်။

အဲဒီတော့ ဘာလိုသလဲဆိုရင် ဆရာသမားလိုလာပြန်ရော။ ဆရာသမား အထိန်းအသိမ်း၊ အစောင့်အရှောက်နဲ့ လုပ်သွားမယ်ဆိုရင်၊ ဆရာသမား၏အားပေး ကူညီမှုဖြင့် ဒီနိဗ္ဗာနဓာတ်အားဟာ တဖြည်းဖြည်း တိုးပွားလာပြီဆိုရင်ဖြင့် အဲ... ကိုယ့်ဘဝ၊ သံသရာကိုယ်နှင့် ဆက်နေတဲ့ ကိုယ်နဲ့ အစဉ်ပါနေတဲ့၊ ကိုယ်နဲ့ပိုင်ဆိုင်တဲ့၊ ကိုယ်ပိုင်ဆိုင်တဲ့၊ အကုသိုလ်ဓာတ်တွေဟာ တဖြည်းဖြည်းချေမှုန်းသွားတယ်။ ဘယ်အထိချေမှုန်းသွားမလဲဆိုရင်၊ ဒီအကုသိုလ်ဓာတ်တွေကုန်အောင်ဘဲ ချေမှုန်းသွားမယ်။

အကုသိုလ်ဓာတ်တွေ မကုန်စေကာမူ ကုန်သလောက်ရှိလာတဲ့အခါမှာ ကုသိုလ်ဓာတ်အားတွေက ကောင်းနေတဲ့အတွက်ကြောင့်၊ ဇာသပေါက် သေဝအခါမှာ ဆိုရင်ဖြင့် ကုသိုလ်ဓာတ်က ဆွဲသွားတယ်ဆိုရင်ဖြင့် အကုသိုလ်၏ အကျိုးပေးရာ၊အပါယ်လေးပါး မကျနိုင်ဘူး။ ဒါကြောင့်မို့လို့ သောတာပတ္တိမဂ်ဖိုလ်၌တည်ပြီးသော အရိယာပုဂ္ဂိုလ်တွေဟာ၊ထိုက်သင့်သလောက် အကုသိုလ်တွေကျေအောင် နိဗ္ဗာနဓာတ်နှင့် ချေပြီးဖြစ်တဲ့အတွက်ကြောင့်၊ အဲထိုပုဂ္ဂိုလ်တွေဟာ အပါယ်လေးပါးမကျဘူးလို့ ဆိုတယ်။ အဲဒါကြောင့်မို့လို့ အဆင့်ဆင့်တက်ပြီး အားထုတ်သွားတဲ့ပုဂ္ဂိုလ်တွေဟာ အဲ ကိုယ်၏ဆောက်ရာတည်ရာရတယ်။ ဆောက်ရာတည်ရာ ရတယ်ဆိုတာက ကိုယ့်ဘဝ၊ ရှေ့အဖို့ကို ဖြစ်ရမဲ့ဟာကို ကိုယ်တိုင်ကိုယ်ကျ၊ ကိုယ့်ဟာကိုယ် စိတ်ချယုံကြည်တဲ့ နေရာကို ရောက်သွားရမယ်။

ဒီတော့ အခု ဆရာကြီးတို့ ဒီမှာတရားပြနေတဲ့အခါမှာ၊ အဲ... ရုပ်ဝါဒ၊ နာမ်ဝါဒ တော်တော်လေး စကားပြောရတယ်။ ရုပ်ဓာတ်၊ နာမ်ဓာတ်။ ရုပ်ဓာတ်၊ နာမ်ဓာတ်ဟာ လောကကြီးရှိ၍ ဒီရုပ်ဓာတ်၊ နာမ်ဓာတ် ရှိနေတာဘဲ။ အဲရုပ်နာမ် သင်္ခါရတွေ ကုန်ဆုံးရာဟာ နိဗ္ဗာန်၊ နိဗ္ဗာနဓာတ်၊ အဲဆရာကြီးတို့ ဝါဒကတော့ ရုပ်ဓာတ် ဝါ နာမ်ဓာတ် ဝါဒမဟုတ်ဘူး။ နိဗ္ဗာနဓာတ်ဝါဒ၊ အဲဒီ နိဗ္ဗာနဓာတ်ကို ဖြစ်ပေါ်အောင် ကူညီအားပေးတဲ့ အလုပ်ဘဲ။ အဲဒီနိဗ္ဗာန ဓာတ်ကိုရအောင် ယူဘို့က တပည့်တွေတာဝန် အဲဒီနိဗ္ဗာနဓာတ် ပေါ်လာအောင် ဖော်ပေးဘို့ဟာက ဆရာ့တာဝန်၊ အဲ တပည့်တွေကလည်း အားထုတ်ရမယ်။ ဒီတော့ ဒီနေရာမှာ လုပ်ငန်းအားဖြင့် ဆရာကြီးတို့ စမ်းသပ်ကြည့်တဲ့အခါမှာ အဲဒီနိဗ္ဗာနဓာတ်သဘောဟာ ကိုယ်၏ ဘဝသံသရာက အတူပါလာတဲ့ အကုသိုလ် ကံကြွေး ဝဋ်ကြွေးတွေကို ချေမှုန်းနိုင်တယ်ဆိုတာ ကိုယ်တိုင် ကိုယ်ကျ သိရတယ်။

အခုခေတ်က နိဗ္ဗာနဓာတ်ခေတ်၊ ဝိမုတ္တိခေတ်ဆိုတာ နိဗ္ဗာနဓာတ်ခေတ်၊ နိဗ္ဗာနဓာတ်ခေတ်ကြီးဝင်လာတာ၊ နိဗ္ဗာနဓာတ်အားက ဝင်လာလာခြင်းတော့ မကောင်းသေးဘူးပေါ့။ မကောင်းသေးဘူး၊ အခု ဝင်လာတာ ၆ နှစ်ရှိသေးတယ်။ နောက်သွားရမှာက နှစ်ပေါင်း (၂၅၀၀)၊ (၂၅၀၀)ကို ၆ နှစ်နဲ့ချိုးလိုက်တော့ အစလေးလောက်ဘဲရှိသေးတယ်။ အစလေးမှာ ချက်ချင်း ပြောင်းပြန် ပြန်ပြီး သောတာပန်တွေ တပြုံလုံး ဖြစ်ကုန်ဘို့ဆိုတာက မဖြစ်နိုင်သေးဘူး။ အဲ နိဗ္ဗာနဓာတ် အားမွေးရမယ်။ ဒီနေရာ ဒီဌာနကြီးဟာဖြင့် ဆရာကြီးတို့အမြင်အားဖြင့် နိဗ္ဗာနဓာတ် မွေးနေတဲ့ဌာန၊ နိဗ္ဗာနဓာတ်အား ဖြည့်ပေးနေတဲ့ဌာန၊ နိဗ္ဗာနဓာတ်အား တိုးပွားအောင် လုပ်နေတဲ့ဌာနလို့ ဆရာကြီးတို့စိတ်ထဲမှာ ယူဆတယ်။

ဒီတော့ နိဗ္ဗာနဓာတ်အားတွေ ဘယ်မှာရှိသလဲ။ နိဗ္ဗာနဓာတ်အားတွေ နိဗ္ဗာန်မှာရှိတယ်။ ဆရာသိတယ်၊ နိဗ္ဗာန်က လောကုတ္တရာ နိဗ္ဗာန်၊ အဲဒီနိဗ္ဗာန်မှာရှိသော်လည်း မြတ်စွာဘုရားက ပရိနိဗ္ဗာန် မစံမီ၊ သာသနာ ၅၀၀၀ ထားခဲ့တယ်။ သာသနာ ၅၀၀၀ ထားခဲ့တဲ့အတွက်ကြောင့် ဂေါတမ ရှင်တော်ဘုရားရဲ့ နိဗ္ဗာနဓာတ်အားတွေဟာ လောကကြီးမှာ လှည့်လည်ပြီးတော့နေသေးတယ်။ ဒီနိဗ္ဗာနဓာတ်အားတွေရဘို့ဟာ ဘယ်လိုပုဂ္ဂိုလ်တွေရမလဲ။ နိဗ္ဗာနဓာတ်ခံမရှိတဲ့ပုဂ္ဂိုလ် ဘယ်နှယ်မှလုပ်လို့မရဘူး။ နိဗ္ဗာန်ဓာတ်ခံရှိတဲ့သူမှ နိဗ္ဗာနဓာတ်အားရမယ်။ နိဗ္ဗာနဓာတ်ကို ဆွဲလို့ရမယ်။ ဆွဲလို့ရရင် အားဖြစ်မယ်။ အားဖြစ်ရင် ဒီဓာတ်အားက ခပ်သိမ်းသော ကပ်ကြီးသုံးပါး အန္တရာယ်တွေကို အကာအကွယ်ပြုနိုင်တယ်။

အဲဒီတော့ နိဗ္ဗာနဓာတ်အား အရေးကြီးတယ်။ အဲဒီလို နိဗ္ဗာနဓာတ်ဟာ ဘယ်ပုဂ္ဂိုလ်တွေမှာရှိသေးသလဲ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင် သွားတာ အခုမှနှစ်ပေါင်း ၂၅၀၀ ကျော်ရှိသေးတယ်။ မြတ်စွာဘုရားထံမှ တရားရပြီးတော့ အရိယမဂ်ဖိုလ်ဆိုက်တဲ့နတ်တွေ၊ ဗြဟ္မာတွေ အသင်္ချေများစွာရှိသေးတယ်။ သောတာပန်မှာတည်တဲ့၊ သကဒါဂါမ်မှာတည်တဲ့၊ အနာဂါမ်မှာတည်တဲ့နတ်တွေ ဗြဟ္မာတွေရှိတယ်။ အဲဒီနတ်တွေ၊ ဗြဟ္မာတွေမှာ နိဗ္ဗာနဓာတ်အားတွေရှိတယ်။ အဲဒီမှာ ဓာတ်ပေါင်းရမယ်နော်၊ ဓာတ်ပေါင်းစုပြီး ဓာတ်ဖွင့်ရမယ်။ အဲ.... လောကလူ့ဘုံမှာ အဲဒီလို အနိစ္စဝိဇ္ဇာဉာဏ် အစစ်နော် အစစ်၊ အစစ်၊ ဒုက္ခဝိဇ္ဇာဉာဏ်အစစ်၊ အနတ္တဝိဇ္ဇာဉာဏ် အစစ်ရတဲ့ပုဂ္ဂိုလ်တွေ၊ ပွား များ အောင်ကြိုးစားရမယ်။ အားပေးရမယ်။ အားထုတ်စေရမယ်။ အား ထုတ် စေ လို့ လောကကြီး လူ့ဘုံကြီးမှာ နိဗ္ဗာနဓာတ်အားတွေ ပေါ်လာတယ်ဆိုရင်ဖြင့် အဲ-နတ်ဘုံ၊ ဗြဟ္မာဘုံမှာရှိတဲ့ အရိယနတ်ဗြဟ္မာတွေရဲ့ နိဗ္ဗာနဓာတ်အားနဲ့ ဆက်သွားလိမ့်မယ်။ အဲ-ဆက်သွားတဲ့အခါမှာ ကျရင်ဖြင့် လောကကြီးတခုလုံးဟာ

နိဗ္ဗာနဓာတ်တွေ ဝင်လာမယ်။ ဘုရားသခင်ရှေ့လက်ထက်တော်က နိဗ္ဗာနဓာတ်တွေ ဝင်လာသလို၊ နိဗ္ဗာနဓာတ်တွေဟာ ဒီလောကကြီးမှာ ဝင်လာရင် နိဗ္ဗာနဓာတ်နဲ့ ဆန့်ကျင်ဖက်ဖြစ်တဲ့ ပါပဓာတ်တွေဟာ ဆုတ်ပေးရမယ်။

ပါပဓာတ်တွေဟာ လောကကြီးမှာ အခုအဖ် မတန်ဘဲထကြွနေတယ်။ ပါပဓာတ်တွေ ဘယ်လောက် ထကြွနေသလဲဆိုရင် ဘုရားသခင် ရှေ့လက်ထက်တော်က မဖြစ်ပေါ်တဲ့ ငရဲမီးဓာတ်၊ ဘုရားသခင်ရှေ့လက်ထက်တော်က လောကီပညာအားဖြင့် တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေ၊ အောက်ဆွဲတဲ့ဟာတွေ၊ အင်မတန်များတယ်။ ဘယ်လောက် များသလဲဆိုရင် ဘုရားသခင်ပွင့်တော်မူတဲ့အချိန်အခါက၊ အင်မတန် ကြမ်းတယ်။ ဒီသွေးချင်းချင်းရဲ့နေအောင်၊ နီနေအောင်၊ ယဇ်တွေပူဇော်ပြီး၊ အကြီးအကျယ် လုပ်နေတဲ့ ခေတ်အခါသမယကြီး။ အဲဒီအခါမှာ မြတ်စွာဘုရား ပွင့်တော်မူလာတယ်။အဲဒီလောက်ဘဲရှိတယ်။ အခုအခါမှာတော့ ငရဲမီးဓာတ်နဲ့ ကစားနေတယ်။ ငရဲမီးဟာ လောကကြီးမှာ ပျံ့နှံ့နေတယ်။ ဟုတ်လား။ ငရဲမီးရဲ့ အရှိန်အဝါမှာ လောကကြီးမှာ လူတွေဟာ ကိုယ်တွေ့ခံစားနေရတဲ့ အချိန်အခါကြီး။ ငရဲမီးဓာတ်တွေကို လက်နက်ပမာ အသုံးပြုနေတဲ့ အခါကြီး ဖြစ်တယ်။ ဒီတော့ ဒီငရဲမီးဟာ အလွန် ကြောက်စရာကောင်းတယ်။

အဲဒီ ငရဲမီးဓာတ်တွေဟာ လောကကြီးမှာ အခု အတော် ပျံ့နှံ့လာပြီ။ ပျံ့နှံ့လာတဲ့ ငရဲမီးဓာတ်တွေ ဘယ်သူ့ဆီဝင်မလဲ။ အကုသိုလ် အကျိုးပေးခွင့်သာတဲ့ပုဂ္ဂိုလ်တွေ။ အဲ....သူတို့ဆီမှာ ဝင်နိုင်တယ်။ အဲဒီတော့ လောကကြီးမှာ ဘယ်လိုပုဂ္ဂိုလ်တွေဟာ ငရဲမီးဓာတ် ရမလဲဆိုရင်ဖြင့် ဥပမာ–အားဖြင့်ဗျာ.... ကျုပ်တို့ ဘုရားသခင်လက်ထက်တော်က သိဋ္ဌည်းဆိုပါတော့။ အဲ... ရှင်သာရိပုတ္တရာနဲ့၊ရှင်မဟာမောဂ္ဂလာန်တို့၏ ဆရာကြီး။အဲ သိဋ္ဌည်း။မြတ်စွာဘုရားပွင့်လာတော်မူတဲ့အခါမှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်အလောင်း တို့ဟာ၊ အဲ....မြတ်စွာဘုရားနောက် ပါသွားတဲ့အခါမှာ သိဋ္ဌည်းကြီးက မကျေမနပ်ဖြစ်တယ်။ မကျေမနပ်ဖြစ်တယ်ဆိုတာ ဘာကြောင့်လဲ၊ ငါ့တပည့်တွေ ဘုရားဘက်ပါသွားတာဆိုပြီး ဘုရားအပေါ်မှာ ဒေါသစိတ်ကလေး သွားဖြစ်တယ်။ အဲဒီဒေါသစိတ်ကလေးက ပြန်ပြီး ခေတ်ကန်ပြီးတော့ သူ့ကို ငရဲမီးဓာတ်ဝင်ကပ်တယ်။ အဲဒီငရဲမီးဓာတ် ကန်ပြီးတော့၊ သွေးအန်ပြီးတော့ ဆုံးရတယ်။ အဲ.... ဒေဝဒတ်ဥပမာ၊ ဒေဝဒတ်-အထဲကို ဘယ်ကမှ ဒီအဏုမြူငရဲမီးဓာတ်တွေ အင်ဂျက်ရှင်းနဲ့ ထိုးမသွင်းလိုက်ပါဘူး ။ ဖြတ်ကနဲဆိုဒေဝဒတ်ထဲကိုငင်တယ်။ နော်....

လူတိုင်း လူတိုင်းမှာ ငရဲကိုကျစေတဲ့ အကုသိုလ်တွေ အသခေါ်အနန္တရှိတယ်။ ဘဝသံသရာကြီးတလျှောက်မှာ။ ဘဝသံသရာဆိုတာ ဘယ်လောက်ရှည်သလဲဆိုတာ၊ မြတ်စွာဘုရားဟောတာ ရှိပါတယ်။ အဲဒီ မြင့်မိုရ်တောင်နဲ့ ယှဉ်နေ

တဲ့ ဝေပုလ္လတောင်ဆိုတာ အင်မတန်မြင့်တယ်။ အဲ....သင်တို့ရဲ့ ဘဝသံသရာမှာ ဘဝပေါင်းများစွာက ဖြစ်လေရာဘဝက သတ္တဝါတို့ရဲ့၊ သင်တို့ရဲ့ အရိုးတွေကို စုပုံလိုက်မယ်ဆိုရင် **ဝေပုလ္လတောင်လောက်မက ရှိတယ်**။ ဒီလောက်ပေါများတယ်။ အဲဒီ ဘဝသံသရာမှာ ကိုယ်ပြုတဲ့ အကုသိုလ်ကံတွေကို၊ ကိုယ်ကနေချိန်ထိုးကြည့်စမ်း။ အဲဒီဘဝမှာဘဲ၊ ဒီတနေ့မှာဘဲ၊ ကိုယ့်အကုသိုလ်ကံဘယ်လောက်ရှိသလဲ။ အဲ ဘဝင်ကြွလာလို့ အသိဉာဏ်ကလေး ဝင်လာတာနဲ့၊ မနောကံ ဝင်လာတာဘဲ။ မနောကံ ဝင်လာလို့ရှိရင် မနောကံ နောက်ကနေပြီးဝစီကံ ပါလာတယ်။ ဝစီကံ နောက်က ကာယကံ ပါတယ်။ အဲဒီကံတွေကို ပြန်ပြီး ဆန်းစစ်ကြည့်။ တနေ့အဖို့ဟာ အကုသိုလ်နဲ့ ကုသိုလ် ဘယ်တင်းများသလဲ။

ကြိုက်ရင်လည်း လောဘ၊ မကြိုက်ရင်လည်းဒေါသ၊ အဲဒီနှစ်ခုကြားထဲမှာ နေတာဘဲ။ ဒီဟာလွတ်အောင်ရှုန်းတာက တရားအာရုံယူပြီး အနိစ္စသိနေတဲ့အခါ၊ သမာဓိရှိနေတဲ့အခါဘဲ လွတ်တယ်။ အဲဒီတော့ တော်တော်ခက်တယ်။အဲဒီတော့ အကုသိုလ်ကံကြွေးတွေက အင်မတန် များတာ ဒီကံကြွေးတွေကို မဆပ်နိုင်လို့ ဘဝသံသရာကြီး လည်နေတာ။ ဒီကံကြွေးတွေ ဘယ်အချိန်အခါမှ ဆပ်လို့ဖြစ်မလဲ ဆိုလို့ရှိရင် အဲဒီလို သာသနာကြီး ထွန်းကားပြီး ဝိပဿနာခေတ် ရောက်လာတဲ့ အခါ၊ အဲဒီ အခွင့်အရေး ရအောင် ယူနိုင်ရင် ယူလိုက်ပါ။ မယူလို့ ဘဝကလဲ အသက်တာ တိုပါဘိနဲ့၊ တိုလို့သာ ဆုံးသွားပြန်လဲ ဒါမမှီလိုက်ပြန်ဘူး။ လွတ်သွားပြန်ရော။ ဒါကြောင့်မို့ ဒီလို အချိန်အခါအခွင့် သင့်တဲ့အခါမှာ ကိုယ် ရသင့်ရခွင့်ရှိတဲ့တရားကို ဘယ်နေရာမှာဖြစ်ဖြစ်ပေါ့လေ၊ဆရာကြီးတို့ သတိပေးချင်တာက၊ သီလကလဲ ဘုရားအကြိုက် သီလဖြစ်ပါစေ၊ သမာဓိကလဲ ဘုရားအကြိုက် သမာဓိ ဖြစ်ပါစေ။ ပညာလဲ ဘုရားအကြိုက်ပညာ ဖြစ်ပါစေ။ အဲဒီတော့မှ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ပါး တရားကို တိကျပြတ်သားအောင် ပွားများ အားထုတ်ရာရောက်တယ်။ အဲဒီ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ပါး တိကျပြတ်သားအောင် ပွားများ အားထုတ်ရင်လဲ အဲဒီ ဝိပဿနာ ခေတ်ကြီးမှာ ပဋိပတ္တိခေတ်ကြီးမှာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်တယ်။

ဒီတော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ပါးကို တိကျပြတ်သားအောင် ပွားများ အားထုတ်လို့ အနိစ္စ ဝိဇ္ဇာဉာဏ် အစစ်၊ ဒုက္ခ ဝိဇ္ဇာဉာဏ် အစစ်၊ အနတ္တ ဝိဇ္ဇာဉာဏ်အစစ် ဖြစ်ပေါ်လာရင်၊ ကိုယ့်ခန္ဓာအစဉ်မှာ ကိန်းဝပ်နေတဲ့ အကုသိုလ်ဓာတ်တွေဟာ၊ ဘယ်လိုချေပြီး ဘယ်လို ကြွေသွားသလဲ ဆိုတာ ဆရာ့ကို မမေးနဲ့။ ကိုယ့်ဟာကိုယ်သိ။ ကိုယ့်ဟာကိုယ်သိပြီး၊ ကိုယ့်ဟာကိုယ် ဒီဝဋ်ကြီး ဘယ်လောက်ပေါ့သွားသလဲဆိုတာ ကိုယ့်ဟာကိုယ် နားလည်ရမယ်။ အဲ နားလည်ပြီးတဲ့နောက်၊ အဲဒီကနေ တဆင့်တဆင့် ကြိုးစားပွားများ အားထုတ်သွားမယ် ဆိုလို့ရှိရင် အဲ သစ္စာလေးပါး တရားမြတ်ကို တတ်

အပ် ပိုင်ပိုင် သိနိုင်ရှိသာမက၊ ယခုဘဝမှာပင်လျှင် ပါရမီအား လျော်စွာနော်။ ပါရမီလေးလဲ ထည့်အုံး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြကြတယ်။

အဲဒါကြောင့်မို့လို့၊အဲ–တပည့်အပေါင်းတို့က အကြောင်း ညီညွတ်တဲ့ အခါမှာ၊ သာသနာ့သမ္ပတ္တိခေတ်ကြီး ကြုံကြိုက်တဲ့အခါမှာ မဆုတ်မနစ်သော လုံ့လ ဝိရိယဖြင့် ယခုအချိန်ကစပြီးတော့ အဲဒီ သာသနာ့တရား၊ မဂ်ပညာ၊ ဖိုလ်ပညာတရား၊ ဝိပဿနာဉာဏ်တရားများ၊ အားလုံး ပွားများ အားထုတ်နိုင်ကြပါစေ လို့ ဆရာကြီး ဆုတောင်းပါတယ်။ ”

## ၄။ ဗုဒ္ဓဘာသာဆိုတာ ဒါဘဲ။ WHAT BUDDHISM IS

ဗုဒ္ဓဘာသာဆိုတာ ဒါဘဲ ဟူသော ခေါင်းစဉ်ဖြင့် ဗုဒ္ဓ ဓမ္မအကြောင်းများကို ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ၃-ကြိမ် ခွဲ၍ ဆရာကြီး ဟောပြောပို့ချခဲ့သည်။ ထိုအချိန်အခါက၊ မြန်မာပြည်တွင် ရောက်ရှိနေသော အမေရိကန် ထောက်ပံ့ရေးအဖွဲ့မှ အရာရှိများက၊ ဗုဒ္ဓဘာသာ ဆိုင်ရာ တရားသဘောများ သိလိုကြသောကြောင့်၊ ရန်ကုန်မြို့၊ အလံပြ ဘုရား လမ်း၊ မက်သဒစ် ခရစ်ယန်ဘုရားရှိခိုးကျောင်းတွင် ဟောပြောပွဲများကို စီစဉ် ခဲ့ကြပေသည်။

ပထမအကြိမ် ဟောပြောပွဲတွင်၊ ဂေါတမဗုဒ္ဓ၏ ပါရမီ ဖြည့်စဉ်များ၊ သိဒ္ဓတ္ထမင်းသားအဖြစ် လောကီစည်းစိမ် ခံစားခဲ့ပုံများ၊ ထို့နောက် တောထွက် ပုံနှင့် တရားရှာပုံများ၊ သဗ္ဗညုတဉာဏ်ကို ဆွတ်ခူး၍၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရား အဖြစ် ပွင့်တော်မူလာပုံများကို တင်ပြခဲ့လေသည်။

ဒုတိယအကြိမ် ဆွေးနွေးရာတွင်၊ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်၏ အဆီအနှစ်ဖြစ်သည့် ဓမ္မစကြာတရားတော် အရိယာသစ္စာ လေး ပါး နှင့် မဂ္ဂင်ရှစ်ပါး တရားများကို ဆွေးနွေး ရှင်းလင်းခဲ့ပေသည်။

တတိယအကြိမ် တရားပွဲ၌ ပဋိစ္စသမုပ္ပါဒ်တရားများကို ရှင်းလင်းတင်ပြ၍ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြင့် သံသရာတွင် ခန္ဓာဇာတ် သိမ်းနိုင်ပုံအကြောင်းများ ဟောပြောခဲ့သည်။

ဆရာကြီးသည် ဤတရားပွဲများတွင် ဗုဒ္ဓဓမ္မ၏ လက်တွေ့ ကျင့်သုံးရမည့် အခန်းကဏ္ဍကို အလေးအနက်ထား၍ တင်ပြခဲ့ပေသည်၊ ထို့နောက် အောက်ပါ အတိုင်း နိဂုံးချုပ်စကားများ ပြော၍ အဆုံးသတ်ခဲ့လေသည်။

“မျက်မှောက်ချိန်ခါတွင် နေရာတကာ၌ မကြေနပ်မှုများ ရှိနေကြ သည်။ မကြေနပ်မှုများသည် မကောင်းသောစိတ်ထားကို ဖြစ်ပေါ်စေသည်။ မကောင်းသော စိတ်ထားမှုသည် အမုန်း ကို ပွားစေလေသည်။ အမုန်းပွားမှုမှ

ရန်မူမှု ဖြစ်ထွန်းလာသည်။ ရန်မူမှုကြောင့် စစ်ဖြစ်ကြရသည်။ စစ်ဖြစ်လျှင် ရန်သူများ ဖြစ်လာသည်။ ရန်သူများသည် စစ်တိုက်ခိုက်ကြသည်။စစ်တိုက်ခိုက်ကြသဖြင့် ရန်သူများ ဖြစ်ကြရပြန်သည်။ ဤနည်းဖြင့် ကမ္ဘာကြီးသည် မကောင်းမှု သံသရာတွင် လည်ပတ်လျက် ရှိနေလေသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ရသနည်း။ စိတ်အပေါ်တွင် ထိန်းသိမ်းကွပ်ကဲမှု ကင်းမဲ့နေ၍ဖြစ်ပါသည်။

လူ ဆိုသည်ကား အဘယ်နည်း။ နောက်ဆုံး သတ္တဲချကြည့်လျှင် စိတ်အင်အားများ အကောင်အထည် ပေါ်လာမှုပင် ဖြစ်သည်။ ရုပ် ဟူသည်ကား အဘယ်နည်း။ ရုပ်သည် စိတ်အင်အားများမှ ဒြပ်ထုသဏ္ဍာန် ပေါ်ပေါက်လာခြင်းသာ ဖြစ်သည်။ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့၏ ထိတွေ့တုံ့ပြန်ပုံများ၏ အကျိုး ရလဒ်များသာ ဖြစ်ပေသည်။ ဗုဒ္ဓရှင်တော်ဘုရားက၊ စိတ္တေန၊ နီယတေ၊ လောကော ဟု ဟောကြားတော်မူခဲ့သည်။ ကမ္ဘာကြီးကို စိတ်က ပြုလုပ် ဖန်ဆင်း ထားသည်။ ထို့ကြောင့် စိတ်သည် အရာရာကို စိုးမိုးထားပေသည်။ ဤအကြောင်းများကြောင့် စိတ်ကို လေ့လာကြပါစို့။ စိတ်၏ ထူးခြားသော လက္ခဏာ အင်္ဂါရပ်များကို လေ့လာကြပြီးနောက်၊ ကမ္ဘာကြီးတဝှမ်း ရင်ဆိုင်နေရသော ပြဿနာကို ဖြေရှင်းကြပါစို့။

ဗုဒ္ဓဘာသာတရားတွင် လက်တွေ့ သုတေသန ပြုလုပ်ရန် အခန်းကဏ္ဍ ကျယ်ပြန့်စွာ ရှိပါသည်။ မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်များသည် ဤသို့ လက်တွေ့ စမ်းသပ်လိုသူတိုင်းအား သူတို့၏ ရင့်ကျက်ပြီးသော အတွေ့အကြုံများဖြင့် အကူအညီပေးရန် အစဉ်သဖြင့် စောင့်ကြိုလျက်ရှိကြပါသည်။"

အထက်ပါ ဆရာကြီး၏ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားချက်များကို (WHAT BUDDHISM IS.) ဟူသော စာအုပ်ကလေးဖြင့် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့က ပုံနှိပ်၍ အကြိမ်ကြိမ် ဖြန့်ချိခဲ့ပါသည်။ ယင်းစာအုပ်ကို ယခုအခါ နိုင်ငံတော်အစိုးရ၊ သာသနာရေး ဦးစီးဌာနမှ ဆက်လက်ထုတ်ဝေလျက် ရှိပေသည်။

× × ×

## ၅။ လက်တွေ့ဗုဒ္ဓဓမ္မ၏ အဆီအနှစ်များ။

## THE ESSENTIALS OF BUDDHA IN MEDITATION PRACTICE;

၁၉၆၈ ခု၊ ဖေဖော်ဝါရီလဆန်းတွင် ဆရာကြီးဦးဘခင်သည် နိုင်ငံခြားသား များအား၊ တရားတပတ် ပြသပေးခဲ့လေသည်။ ဒေါက်တာဟာစ် စလော့ပ် ဦးဆောင်သောတရားသမားများသည် ညနေတိုင်း တရားဆွေးနွေး

ရာ၌ မေးခွန်း အများအပြား မေးမြန်းခဲ့သည်။ ၎င်းတို့သိလိုသော တရားအချက် အလက် အားလုံးတို့ကို ဖြေရှင်းပြရန် တရားပတ်ပြီးဆုံးသည့် ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် ဆရာကြီးက စာတမ်းတစောင် ပြုစု၍ တင်ပြခဲ့လေသည်။ ယင်းစာတမ်းကို အပြည့်အစုံ ဘာသာပြန်၍ အောက်တွင်ဖော်ပြလိုက်ပါသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားများသည် ဗုဒ္ဓဓမ္မတွင် အခြေအမြစ် အကျဆုံး တရားများဖြစ်သည်။

အနိစ္စကို အမှန်ကောင်းစွာသိလျှင်၊ ဒုက္ခကိုနောက်ဆက်တွဲအဖြစ် အနတ္တကို ပရမတ္ထ တရားအစစ်အဖြစ် သိမြင်နိုင်သည်။ ဤတရား ၃ ပါးစလုံး အတူတကွ သဘောပေါက်နားလည်နိုင်ရန် အချိန်ကြာမြင့်စွာ လိုပေမည်။

အနိစ္စသဘောသည် အဓိကပင်ရင်း ဖြစ်သည်။ ယင်းသဘောကို ရှေးဦး ကိုယ်တွေ့သိရှိရန် ကျင့်ကြံအားထုတ်ရမည်။ ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များ ဖတ်ရှုခါမျှဖြင့် ဗုဒ္ဓဓမ္မအကြောင်း စာတွေ့သိရုံမျှဖြင့် အနိစ္စ သဘောအစစ် အမှန်ကို သိရန်မလုံလောက်ပါ။ မသိနိုင်ပါ။ ကိုယ်တွေ့အသိမျိုး ရနိုင်မည် မဟုတ်ပါ။ အနိစ္စသဘောကို ကိုယ်တွေ့သိရှိရပါမည်။ မိမိကိုယ်တွင်း၌ အမြဲ မပြတ် ပြောင်းလဲနေသော ဖြစ်စဉ်အဖြစ် အနိစ္စကို နားလည်ရပါမည်။ ဤသို့ သိရှိမှသာ ဗုဒ္ဓကိုယ်ဘော်က နားလည်စေချင်သကဲ့သို့ အနိစ္စကို နားလည်ရာ ရောက်ပါသည်။ ဗုဒ္ဓဘာသာကို စာတွေ့ဖြင့်ပင် မသိသေးသောသူများသည် ဘုရားရှင်လက်ထက်တော် အချိန်ကအတိုင်းပင်၊ အနိစ္စတရားကိုသဘောပေါက်ရန် ကျင့်ကြံအားထုတ်ယူနိုင်ကြပါသည်။

အနိစ္စတရားကို နားလည်ရန် မဂ္ဂင် (၈) ပါး တရားကို တိတိကျကျ၊ ဝိရိယရှိစွာ လိုက်နာကျင့်သုံးရပါမည်။ မဂ္ဂင် (၈) ပါးကို သီလ၊ သမာဓိ၊ ပညာသိက္ခာ (၃) ပါးအဖြစ် အဆင့် ၃ ဆင့် ခွဲခြားထားပါသည်။

သီလစောင့်ထိန်းမှုသည် သမာဓိ၏ အခြေခံဖြစ်သည်။ သမာဓိဟူသည် စိတ်ကို တနေရာ၌ တည်ငြိမ်အောင် ထိန်းချုပ်ထားမှုဖြစ်သည်။ သမာဓိအား ကောင်းမှသာလျှင် ပညာဖြစ်ပေါ်လာနိုင်မည်။

ထို့ကြောင့် ပညာရရန်အတွက်၊ ရှေးဦး လိုအပ်ချက်များမှာ သီလနှင့် သမာဓိဖြစ်သည်။ ဤ၌ ပညာဆိုသည်မှာ ဝိပဿနာလုပ်ငန်းအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများကို နားလည်ခြင်းကို ဆိုလိုသည်။

မြတ်စွာဘုရား တပါးပါး ပွင့်တော်မူသည်ဖြစ်စေ၊ မပွင့်တော်မူသည် ဖြစ်စေ၊ လူ့လောကတွင် သီလဆောက်တည်မှု၊ သမာဓိထူထောင်မှု လုပ်ငန်း လုပ်ကြသည်သာ ဖြစ်သည်။ အမှန်အားဖြင့် ဘာသာတိုင်း ဤလုပ်ငန်းနှစ်ရပ်၌ တူညီကြသည်သာ ဖြစ်သည်။ သို့ရာတွင် ယင်းသိက္ခာ ၂ ရပ်သည် ဒုက္ခဆင်းရဲ၏ ချုပ်ငြိမ်းပြီးဆုံးမှုကို မဖြစ်စေနိုင်ပါ။

ဒုက္ခငြိမ်းစေရန် နည်းလမ်းရှာဖွေခဲ့စဉ်၊ သိဒ္ဓတ္ထ မင်းသားသည် ဤအချက်....သီလ၊ သမာဓိဖြင့်သာ ဆင်းရဲကို မချုပ်ငြိမ်းစေနိုင်ဟူသောအချက်၊ ကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ဒုက္ခကို ချုပ်ငြိမ်းစေမည့် လမ်းစဉ်ကိုသာ ဆက်လက် ရှာဖွေခဲ့သည်။ (၆) နှစ်တိုင်တိုင်၊ ပြည့်စုံလုံလောက်စွာ ကြိုးပမ်းအားထုတ်ပြီးနောက်၊ ဒုက္ခငြိမ်းစေသော မဂ္ဂင်လမ်းမကြီးကို တွေ့ခဲ့ပေသည်။ သဗ္ဗညုတရွှေဉာဏ်တော်ကို ရခဲ့သည်။ ထိုအခါကျမှသာလျှင် လူ၊ နတ်တို့အား မဂ္ဂင်လမ်းမကြီးအတိုင်း လျှောက်၍ ဒုက္ခငြိမ်းရာသို့အရောက်သွားကြရန် ဟောကြားတော်မူခဲ့သည်။

ဤနေရာတွင် အများအားဖြင့် ကမ္မဟု ခေါ်တွင်နေကြသည့် သင်္ခါရအကြောင်းကို ရှင်းပြလိုသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ တခုခုပြုလုပ်တိုင်း သင်္ခါရ (သို့မဟုတ်၊ ကမ္မ) အင်အားများ ဖြစ်ပေါ်ကျန်ရှိနေရစ်သည်။ ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံအလျောက်၊ ယင်း ပုဂ္ဂိုလ်ဆိုင်ရာ သင်္ခါရအင်အား စာရင်းတွင် အသွင်း၊ အနှုတ်မှတ်သားပြီး ဖြစ်သွားသည်။ ထို့ကြောင့် လူတိုင်းတွင် သင်္ခါရအင်အား စုဆောင်းပြီးရှိသည်။ သင်္ခါရအင်အားစာရင်းဖွင့်ထားပြီး ဖြစ်သည်။ ယင်း သင်္ခါရအင်အားသည် ဘဝတခုတွင် ရှင်သန်နေမှုအတွက် စွမ်းအင်ဖြစ်သည်။ ယင်းဘဝ၏နောက်၌ ကပ်လျက် ဆင်းရဲခြင်းနှင့် သေခြင်းတို့က မလွဲမသွေ လိုက်ပါလာမြဲဖြစ်သည်။

ပုဂ္ဂိုလ်အသီးသီး စုဆောင်းထားသော သင်္ခါရစာရင်းကို အနိစ္စ၊ ဒုက္ခ အနတ္တ၊ သိမြင်ခြင်းဖြင့် ရှင်းလင်းပစ်နိုင်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သိမြင်သည်နှင့် တပြိုင်နက် သင်္ခါရစာရင်းကို ရှင်းပေးနိုင်သော တန်ခိုးသတ္တိများ ပေါ်ထွက်လာမြဲ ဖြစ်သည်။ အနိစ္စသဘော အစစ်အမှန်ကို သိနားလည်သည်နှင့်တပြိုင်နက် သင်္ခါရစာရင်းရှင်းမှု စတင်လေသည်။ တနေ့မှ တနေ့၊ တခဏမှ တခဏ၊ အချိန်တိုင်း သင်္ခါရစာရင်းကို အနိစ္စသိမြင်ခြင်းဖြင့် ရှင်းလင်းပစ်နေစဉ် အချိန်တွင်းမှာပင် ပြုလုပ်မှုအသစ်များကြောင့်၊ သင်္ခါရအသစ်များလည်း ဖြစ်ပေါ်လျက် ရှိပေသည်။ ထို့ကြောင့် မိမိသင်္ခါရများ ကုန်ဆုံးစေရန် တဘဝလုံးလုံး သို့မဟုတ် ဘဝပေါင်းများစွာ ဆောင်ရွက်ရမည့် ကိစ္စရပ်ကြီး ဖြစ်ပေသည်။

သင်္ခါရစာရင်း အားလုံး ရှင်းလင်းပြီးသူသည် ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ရှိပြီ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် သူ့၌ ဘဝသစ်ထူထောင်ရန်အတွက် လိုအပ်သော စွမ်းအင်ဖြင့် ထောက်ပံ့စေရန် သင်္ခါရ အင်အား မကျန်ရှိတော့၍ ဖြစ်ပေသည်။ အလုံးစုံ ပြည့်စုံပြီးတော်မူကြသော မြတ်စွာဘုရားများနှင့် ရဟန္တာ အရှင်မြတ်များသည် မျက်မှောက်ဘဝ ကုန်ဆုံးသော အချိန်တွင် ပရိနိဗ္ဗာန် ပြုတော်မူကြသည်။ ဒုက္ခဆင်းရဲခြင်း ကုန်ဆုံးတော်မူကြ

ပေသည်။ ယခုအခါ ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်လျက်ရှိသော ကျွန်ုပ်တို့၏ အတွက်မူ အနိစ္စသဘောတရားကို ကောင်းစွာ နားလည်ခြင်းဖြင့် အရိယာ ပုဂ္ဂိုလ်တို့၏ ပထမအဆင့်သို့ရောက်ရှိနိုင်လျှင်ပင် ကျေနပ်နှစ်သိမ့်လောက်ပေပြီ။ ယင်းအရိယာပထမအဆင့်မှာ သောတာပန်အဆင့်ပင်ဖြစ်၍၊ ထိုပုဂ္ဂိုလ်အတွက် ဒုက္ခအားလုံးချုပ်ငြိမ်းရန် ခုနှစ်ဘဝထက် မပိုလွန်တော့ချေ။

ဒုက္ခနှင့် အနတ္တ သဘောတရားများကို ပွင့်လင်းစွာ နားလည်စေ၍ နောက်ဆုံးတွင် ဒုက္ခဆင်းရဲခြင်း၊ ချုပ်ငြိမ်းစေနိုင်သော အနိစ္စတရားကို ဗုဒ္ဓ မြတ်စွာဘုရား ဟောကြားသော တရားတော်မှာသာလျှင် အနက် အဓိပ္ပာယ် ပြည့်စုံစွာ တွေ့ရှိနိုင်သည်။ မဂ္ဂင်ရှစ်ပါး တရားတော်နှင့် ဗောဓိပက္ခိယ တရား ၃၇-ပါးတို့ မပျောက်မပျက် တည်တန့်နေသမျှ အနိစ္စတရားကို သိရှိနေနိုင်ကြ ပေမည်။

ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ရာ၌ တိုးတက်မှုရှိစေရန် ယောဂီ သည် အနိစ္စသဘောတရားကို တတ်စွမ်းသမျှ အဆက်မပြတ် သိနေရပေမည်။ အနိစ္စ၊ ဒုက္ခ၊ သို့မဟုတ်၊ အနတ္တတရားတို့ကို ထိုင်စဉ်၊ ထစဉ်၊ လမ်းလျှောက်စဉ်၊ လဲလျောင်းစဉ် ဣရိယာပုတ် အားလုံးတို့င်း၌ သတိမလွှတ် မြဲမြံစွာသိနေရန် ကြိုးပမ်းရမည် ဟု မြတ်စွာဘုရားက ရဟန်းတို့အား ဆုံးမတော်မူခဲ့ပေသည်။ အနိစ္စကို အစဉ်အမြဲ သိနေခြင်းမှတဆင့် ဒုက္ခနှင့် အနတ္တ လက္ခဏာများကို အ ဆက် မပြတ် သိနေခြင်းသည် တရား ကြိုးပမ်းအားထုတ်ရာ၌ အောင်မြင်မှု ရစေ ရန် သော့ချက်ပင် ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် မဟာပရိနိဗ္ဗာန်ပြုတော် မမူမီ၊ နောက်ဆုံး မှာကြားသွားတော်မူသည့် စကားမှာ "ဝယ ဓမ္မ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ၊ ပြုပြင်အပ်သော သင်္ခါရ တရားတို့သည် ပျက်စီးခြင်း သဘော ရှိကုန်၏။ သင်တို့သည် မမေ့သောသတိဖြင့် ကိစ္စပြီးအောင် အားထုတ် ကြကုန်လော့" ဟူ၍ ဖြစ်သည်။

အမှန်စင်စစ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ၄၅-နှစ်ကာလ ပတ်လုံး ဟောကြားတော်မူခဲ့သမျှ တရားတို့၏ အဆီအနှစ်မှာ၊ ဤ နောက်ဆုံး မိန့်မြွက်တော်မူခဲ့သည့် တရားအချက်ပင်ဖြစ်ပေသည်။ ပြုပြင်အပ်သော သင်္ခါရ အားလုံး၌ စွဲကပ်ပါရှိနေသည့် ပျက်စီးခြင်းသဘော အနိစ္စကို အစဉ်သတိပြု သိ ရှိနေလျှင် နောက်ဆုံး ပန်းတိုင်သို့ အချိန်တန်သောအခါ၊ မုချ ဆိုက်ရောက်ရ မည်သာ ဖြစ်ပေသည်။

အနိစ္စသဘောတရား သိမှုကို ဖြစ်ပေါ်စေသောအခါ၌ သဘာဝတရား တို့၏ အစစ်အမှန်ကို သိမြင်သော ထိုးထွင်းဉာဏ်လည်း ပို၍ နက်ရှိုင်းလာပေ မည်။ နောက်ဆုံးအချိန်တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများ၏ အင်္ဂါလက္ခဏာ များကို ယုံမှားသံသယ လုံးဝ ကင်းရှင်းစွာ ကိုယ်တွေ့သိရှိ နားလည်လာပေ

လိမ့်မည်။ ထိုအခြေရောက်မှသာလျှင် မိမိ ရည်မှန်းထားသည့် ပန်းတိုင်သို့ အရောက် ချီတက်ရန် အဆင်သင့်ဖြစ်နေပေမည်။ ယခု အနိစ္စသိရန်သည် ရှေးဦးဆောင်ရွက်ရမည့် အဓိက ကိစ္စရပ်ကြီးဖြစ်ကြောင်း သဘောပေါက်ပြီးဖြစ်သဖြင့် အနိစ္စကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းစွာသိနိုင်ရန် ကြိုးပမ်း အားထုတ်ရပေလိမ့်မည်။ ထိုမှသာလျှင် လက်တွေ့ တရား အားထုတ်ရာ၌ရင်း၊ တရားဆွေးနွေးရာ၌ရင်း၊ စိတ်တွင်း၌ မရှင်းမလင်း ရှုတ်ထွေးနေမှုများ မဖြစ်ပေါ်နိုင်ပေမည်။

အနိစ္စ၏ အနက်အဓိပ္ပာယ် အစစ်အမှန်သည် စကြာဝဠာတခုလုံးရှိ သက်ရှိ သက်မဲ့ အရာဝတ္ထုတိုင်းတွင်၊ နိယာမသဘောအဖြစ် စွဲကပ်ပါလျက်ရှိသော မတည်မြဲခြင်း၊ ပျက်စီးခြင်း သဘောတရားပင် ဖြစ်သည်။ မြတ်စွာဘုရားသည်၊ သူ၏ တပည့်များအား ရုပ်လောကတခုလုံးရှိ အရာဝတ္ထုတိုင်းသည်၊ ရုပ်ကလာပ်ကလေးများဖြင့် ဖွဲ့စည်းထားသည်ဟု ဟောကြားတော်မူခဲ့သည်။ ရုပ်ကလာပ်ကလေးများသည် အဏုမြူများထက် များစွာသေးငယ်သော ရုပ်ဝတ္ထုကလေးများဖြစ်၍ ဖြစ်ပေါ်လာပြီးနောက်၊ ရုတ်တရက် ချက်ခြင်း ချုပ်ဆုံးပျက်စီးသွားကြသည်။ ရုပ်ကလာပ်တခုသည် အခြေခံ အဌကလာပ်ရုပ်များ ဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာရှစ်ပါး စုပေါင်း၍ ဒြပ်ထုအဖြစ်၊ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ပထမ လေးပါးကို မဟာဘူတရုပ်များဟု ခေါ်သည်။ ရုပ်ကလာပ်တခုတွင် ယင်းလေးပါးကကြီးစိုးလျက်ရှိသည်။ အခြား တရားလေးပါးမှာ အမှီတရားများသာဖြစ်သည်။မဟာဘူတလေးပါး အပေါ်တွင် မှီခိုနေကြ၍ ၎င်းလေးပါးမှ ဖြစ်ပေါ်လာခဲ့သည်။

ရုပ်ကလာပ်တခုသည် ရုပ်လောက၌ အသေးငယ်ဆုံးသောဝတ္ထုကလေးဖြစ်သည်။ မျက်မှောက်လောက သိပ္ပံပညာသည် ဤမျှ သေးငယ်လှသည့် အဆင့်သို့ရောက်အောင် သုံးသပ်နိုင်မှု မရှိသေးချေ။ ကလာပ်တခုသည် ဖော်ပြပါ အဌကလာပ်ရုပ်ရှစ်ခု စုပေါင်းမိမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် သဘောအမှုအရာ လက္ခဏာမျှသာဖြစ်သည့် အဌကလာပ်ရုပ်ရှစ်ပါး၊ တခဏမျှ တွေ့ဆုံခိုက်တွင် လူဟုခေါ်သည့် ရုပ်ကလာပ်သည် ထိုခဏလေးမျှအတွက် ဖြစ်ပေါ်လာပေသည်။ ကလာပ်တခု၏ သက်တမ်းကို တခဏဟု ခေါ်ဆိုသည်။ မျက်စိတမှိတ် အချိန်အတွင်း၌ ခဏပေါင်း ကုဋေတသန်းရှိသည်ဟု ဆိုကြသည်။ ဤရုပ်ကလာပ်ကလေးများသည် အစဉ်တစိုက် ပြောင်းလဲချုပ်ငြိမ်း ပျက်စီးနေကြသည်။ ဝိပဿနာ ကမ္မဌာန်းတရား၌ ရင့်ကျက်ပြီးသော ယောဂီသည် ရုပ်ကလာပ်ကလေးများကို စွမ်းအင်စီးချောင်းတခုအဖြစ် ထိတွေ့နိုင်ကြပေသည်။

လူ၏ ခန္ဓာကိုယ်သည် အများ ထင်မြင်ယူဆကြသကဲ့သို့ တည်တံ့ခိုင်မြဲသော ဒြပ်ဝတ္ထုတခု မဟုတ်ဘဲ၊ နာမ်နှင့် ယှဉ်တွဲလျက် ဖြစ်ပေါ်ပျက်ပြုန်းနေသည့် ရုပ်၏ အစဉ်တန်းမျှသာ ဖြစ်ပေသည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်သည် ပြောင်းလဲပျက်ပြုန်းနေသော ရုပ်ကလာပ်ကလေးများသာဖြစ်သည်ဟု သိမြင်ခြင်းသည် ပြောင်းလဲကုန်ဆုံး ပျက်ပြုန်းသည့် အနိစ္စသဘာဝ အစစ်အမှန်ကို သိနားလည်ခြင်းပင် ဖြစ်သည်။ ရုပ်ကလာပ်ကလေးများ အမြဲတစေ လောင်ကျွမ်းချုပ်ငြိမ်းပျက်ပြုန်းနေသော အနိစ္စသဘောတရားသည် ဒုက္ခသစ္စာနှင့် ထပ်တူဖြစ်ကြောင်း၊ အမှန် ယူဆရပေမည်။ ဤသို့ မတည်မြဲခြင်းသဘော အနိစ္စကို ဆင်းရဲခံစားရခြင်း သဘောအဖြစ် ကိုယ်တွေ့ သိမြင်လာမှ ဗုဒ္ဓတရားတွင် အခြေခံဖြစ်သည့် အရိယသစ္စာတရား လေးပါးအနက် ပထမဖြစ်သော ဒုက္ခသစ္စာကို မျက်ဝါးထင်ထင် သိမြင်နိုင်မည် ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော်၊ တခဏလေးမျှပင် ထွက်ပြေးလွတ်မြောက်ခြင်း မဖြစ်နိုင်သည့် ဒုက္ခ၏ သိမ်မွေ့လှသော သဘောတရား အစစ်ကို မျက်မှောက်ပြုမိရာတွင် သင်သည် နာမ်ရုပ်နှစ်ဖြာသာ ဖြစ်သည့် သင်၏ဘဝကို အမှန်တကယ် ကြောက်ရွံ့လာမည်။ ရွံမုန်းလာမည်။ စွဲလန်းခြင်းကင်းလာမည်။ ထိုအခါတွင် ဒုက္ခမှလွတ်မြောက်ရာ၊ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ထွက်ပြေးနိုင်ရန် နည်းလမ်းကို ရှာဖွေလိမ့်မည်။ ဤဒုက္ခ ချုပ်ငြိမ်းရာသည် မည်ကဲ့သို့ရှိလိမ့်မည်ဟု ယခုဘဝ၌ပင် သောတာပန်အဆင့်သို့ ရောက်သောအခါ၌ မျှော်မှန်း၍ သိနိုင်ပေမည်။ ဒုက္ခချုပ်ငြိမ်းခြင်း၏ ရသကို စတင်ခံစားနိုင်ပေမည်။ သောတာပန်အဆင့်သို့ ရောက်သည်ထိ၊ ကမ္မဋ္ဌာန်းတရား ပေါက်မြောက်အောင်ပွားများပြီးပါက ကိုယ်တွင်း ငြိမ်းချမ်းမှုဖြစ်သော ပြုပြင်မှုကင်းသည့် နိဗ္ဗာန်အရသာကို ထိတွေ့နိုင်ပေမည်။ သို့ရာတွင် နေ့စဉ် လောကီကိစ္စ အဝဝကို ဆောင်ရွက်နေစဉ်လျှင်ပင် အနိစ္စကို အစဉ်အမြဲသိရှိနိုင်အောင် လေ့ကျင့်ထားသည်နှင့်ကပြိုင်နက် စိတ်ရောကိုယ်ပါ ကောင်းသည့်ဘက်သို့ ပြောင်းလဲနေပြီဖြစ်ကြောင်း သင့်ကိုယ်တိုင်ပင် သိပါလိမ့်မည်။

သမာဓိကို သင့်တင့်သော အဆင့်သို့ ရောက်အောင် ကောင်းစွာ ထူထောင်ပြီးနောက်၊ ဝိပဿနာကမ္မဋ္ဌာန်းအဆင့်သို့ မတက်လှမ်းမီ ယောဂီသည် ရုပ်တို့၏ သဘောတရား၊ နာမ်တို့၏ သဘောတရားများကို၊ စာသိအဖြစ်လောက် သိရှိရန် လေ့လာ ထားသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာဘာဝနာစခန်း၌ ရုပ်တို့၏ ပြောင်းလဲသော သဘောတရားကိုသာဆင်ခြင်ရှုမှတ်သည် မဟုတ်ဘဲ၊ နာမ်တို့၏ ပြောင်းလဲသော သဘောတရားကိုလည်း၊ ဆင်ခြင်ရှုမှတ်ရပေမည်။ ရုပ်၌ ပြစ်ပျက်ပြောင်းလဲနေသည်ကို အာရုံပြုနေသည့် နာမ်၏ ပြောင်းလဲပုံများကိုလည်း ရှုမှတ်သိမြင်ရန် အားထုတ်ရပေမည်။တခါတရံ ရုပ်နှင့်

ဆိုင်ရာ လူ့ဘဝ၏ မမြဲသော သဘာဝ (ရုပ်၏ အနိစ္စသဘောတရား) ကို အာရုံစူးစိုက်၍ ရှုမှတ်ပြီးနောက်၊ တခါတရံ စိတ်၏ပြောင်းလဲလှုပ်ရှားမှု (နာမ်၏ အနိစ္စသဘောတရား) ကို ရှုမှတ်ဆင်ခြင်ရပေမည်။ ရုပ်၏ မမြဲသောသဘောတရားကို၊ ဆင်ခြင်နေစဉ်တွင် ဤဆင်ခြင်မှုနှင့် တပြိုင်နက် ဖြစ်ပေါ်သည့် အသိစိတ်များလည်း မတည်မမြဲ ပြောင်းလဲနေကြောင်း သိမြင်လာလိမ့်မည်။ ရုပ်၊ နာမ် ၂ မျိုးစလုံး အတူတကွ ယှဉ်ပြိုင်ပြောင်းလဲနေသော၊ အနိစ္စတရားကိုသိမြင်ခြင်းပင် ဖြစ်ပေသည်။

ယခုအထိ တင်ပြခဲ့သည်မှာ ကိုယ်ခန္ဓာ၌ ထိတွေ့မှုဖြင့် ရုပ်တို့၏ပြောင်းလဲခြင်းကို နားလည် သဘောပေါက်မှုနှင့် ထိုရုပ်တို့ ပြောင်းလဲခြင်းပေါ်တွင် တည်လျက် ပြောင်းလဲနေသော စိတ်၏မမြဲသောသဘောတို့ကို နားလည်မှု များအကြောင်း ဖြစ်ပေသည်။အနိစ္စကို အခြားထိတွေ့မှုမျိုးများဖြင့် နားလည်နိုင်ကြောင်း သင်တို့ သိထားသင့်ပေသည်။

(က) ရူပါရုံကို မျက်စေ့ဖြင့် ထိတွေ့ခြင်းဖြင့်၎င်း–
(ခ) အသံကို နားဖြင့် ထိတွေ့ခြင်းဖြင့်၎င်း–
(ဂ) အနံ့ကို နှာခေါင်းဖြင့် ထိတွေ့ခြင်းဖြင့်၎င်း–
(ဃ) အရသာကို လျှာဖြင့် ထိတွေ့ခြင်းဖြင့်၎င်း–
(င) ဖေါဋ္ဌဗ္ဗာရုံကို ကိုယ်ကာယဖြင့် ထိတွေ့ခြင်းဖြင့်၎င်း–
(စ) ဓမ္မာရုံ (အကြံအစည်စိတ်ကူး) တို့ကို မနောဒွါရဖြင့်ထိတွေ့ခြင်းဖြင့် ၎င်း–

အနိစ္စသဘောတရားကို ရှုမြင် သုံးသပ်နိုင်ပါသေးသည်။ ထို့ကြောင့် အနိစ္စကို ဒွါရခြောက်ပါး၌ ထိတွေ့ခံစားမှုများကို ရှုမြင် ဆင်ခြင်လျက် သိရှိနားလည်နိုင်ပါသည်။

လက်တွေ့တွင်မူ ဤထိတွေ့ခံစားမှု ခြောက်မျိုးအနက် ကိုယ်ခန္ဓာအစိတ်အပိုင်းနှင့် ဖောဋ္ဌဗ္ဗာရုံ ထိတွေ့ပြောင်းလဲ ဖြစ်ပေါ်မှုသည်၊ တရားရှုရန် ရှုကွက်ရှခင်း အကျယ်ပြန့်ဆုံး ရရှိနိုင်ကြောင်း တွေ့ကြရသည်။ ထိုမျှသာမကသေး၊ ခန္ဓာတွင်းမှ ရုပ်ကလာပ်များ၏ ပွတ်တိုက်မှု၊ လှုပ်ရှားတုန်ခါမှုနှင့် ရောင်ခြည်ဖြာထွက်ခြင်း စသော ဖောဋ္ဌဗ္ဗာရုံများနှင့် ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ထိတွေ့မှုသည် အခြားထိတွေ့မှုများထက် ပိုမိုထင်ရှားသည်။ပိုမိုသိသာသည်။ ထို့ကြောင့် ဝိပဿနာ ဘာဝနာစီးဖြန်းခါစ၊ ယောဂီသစ်သည် ကိုယ်ခန္ဓာထိတွေ့မှုဖြင့် ရုပ်တို့၏ ပြောင်းလဲမှု၊ အနိစ္စသဘောကို ပိုမို လွယ်ကူစွာ သိနားလည်နိုင်ပေသည်။ ဤအဓိကအကြောင်းကြောင့်ပင် အနိစ္စကို လျင်မြန်စွာသိနိုင်ရန်၊ ကိုယ်ခန္ဓာထိတွေ့မှုကို တရားအာရုံအဖြစ် ရွေးချယ် အသုံးပြုခြင်း ဖြစ်သည်။ တရားသမား

မည်သူမဆို၊ အခြားနည်းလမ်းများကိုလည်း စမ်းသပ် အားထုတ်နိုင်ကြပါသည်။ သို့ရာတွင် ကာယထိတွေ့မှုဖြင့် အနိစ္စနားလည်ရန် ကောင်းစွာ အခြေရပြီးမှ အခြားထိတွေ့မှုများနှင့် အနိစ္စကို ဆင်ခြင်ရန် ကျွန်ုပ် အကြံဉာဏ်ပေးပါသည်။

× × ×

ဝိပဿနာ ဘာဝနာလုပ်ငန်းတွင် ဉာဏ်အဆင့် (၁၀) ဆင့်ရှိပေသည်။

(၁) သမ္မသနဉာဏ်။ ။စေ့စပ်စွာ ရှုမှတ်ခြင်းနှင့် ဆင်ခြင် သုံးသပ်ခြင်းဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော သိမြင်သောဉာဏ်။

(၂) ဥဒယဗ္ဗယဉာဏ်။ ။ရုပ်နာမ်တို့၏ ဖြစ်ပေါ် ချုပ်ဆုံးနေမှုကို တိုက်ရိုက် ရှုမြင်ခြင်းဖြင့် ရရှိသောဉာဏ်။

(၃) ဘင်္ဂဉာဏ်။ ။အလျင်အမြန်ပြောင်းလဲနေသော ရုပ်နာမ်တို့၏သဘာဝကို လျင်မြန်သော ရေစီးကြောင်း၊ သို့မဟုတ် စွမ်းအင်စီးကြောင်းအဖြစ် ရှုမြင်သောဉာဏ်။ အထူး အားဖြင့် ပျက်သုဉ်းနေသောအပိုင်းကို ထင်ရှားစွာ သိမြင်သော ဉာဏ်။

(၄) ဘယဉာဏ်။ ။ဤဘဝသည် ကြောက်မက်ဖွယ်ကောင်းသည် ဟု မြင်သောဉာဏ်။

(၅) အာဒီနဝဉာဏ်။ ။ဤဘဝသည် မကောင်းမှုအပြစ် အတိ ရှိသည် ဟု သိသော ဉာဏ်။

(၆) နိဗ္ဗိဒါဉာဏ်။ ။ဤဘဝသည် စက်ဆုပ်ရွံရှာဘွယ်ရာ ကောင်းသည် ဟု ငြီးငွေ့လာသော ဉာဏ်။

(၇) မုစ္စိတုကမျတာဉာဏ်။ ။ဤဘဝမှ လွတ်မြောက်ရန် အပူတပြင်း အားထုတ်ရမည်ဟု ဆန္ဒဖြစ်ပေါ်လာသော ဉာဏ်။

(၈) ပဋိသင်္ခါဉာဏ်။ ။အနိစ္စကို အခြေခံပြု၍ လုံးဝ လွတ်မြောက်မှုရရန် အားထုတ်ရဘို့ အချိန်ကျကြောင်း သိရှိသည့် ဉာဏ်။

(၉) သင်္ခါရုပေက္ခာဉာဏ်။ ။ပုံပြင်ခံသင်္ခါရတရားတို့မှ လုံးဝ အဆက်ပြတ်ရန်နှင့် သက္ကာယဒိဋ္ဌိ ဖြတ်တောက်ရန်အဆင့်သို့ ရောက်ပြီ ဟု သိသောဉာဏ်။

(၁၀)အနုလောမဉာဏ်။ ။နောက်ဆုံး ပန်းတိုင် ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရန် အရှိန် တိုးမြှင့်ပေးလိုက်သော ဉာဏ်။

ဝိပဿနာ ဘာဝနာတရား အားထုတ်နေစဉ်အတွင်း ယောဂီပုဂ္ဂိုလ်သည် ဤ ဉာဏ်စဉ် အဆင့်ဆင့်အတိုင်း တက်သွားနိုင်ပေသည်။ တိုတောင်းသောအချိန် အတွင်း ပန်းတိုင်သို့ ဆိုက်ရောက်သွားသူများအတွက်မူ ဤ ဉာဏ်အဆင့်ဆင့် ကို

**ပစ္စဝေက္ခဏာဉာဏ်** အားဖြင့်သာ ပြန်လှန်သုံးသပ်ကြည့်နိုင်ကြပေသည်။ အနိစ္စကို ထိုးထွင်း သိနားလည်မှု- တိုးတက် နက်ရှိုင်းလာသည်နှင့်အမျှ တရားသမားသည် ဤဉာဏ်များသို့ တဆင့်ပြီးတဆင့် တက်လှမ်းသွားနိုင်ကြပါသည်။ သို့ရာတွင် အမှန်တကယ်တတ်ကျွမ်းသော ဆရာ၏ပြုပြင်ပေးမှုနှင့် ကူညီစောင့်ရှောက်မှု လိုပေလိမ့်မည်။ တရားသမားသည် ဤဉာဏ်စဉ်အဆင့်များကို ကြိုတင်၍ မျှော်မှန်းမနေမိရန် ဂရုပြုရပေမည်။ ဤသို့ ကြိုတင် မျှော်မှန်း နေလျှင် အနိစ္စကို အဆက်မပြတ် သိနေမှုသည်၊ အာရုံပြောင်း၍ ရပ်ဆိုင်းသွားပေလိမ့်မည်။ အနိစ္စကို အဆက်မပြတ် ရှုနိုင်မှုကသာလျှင် လိုအပ်သောပန်းတိုင်သို့ အရောက်ပို့ပေးနိုင်မည်ဖြစ်သည်။

× × ×

လောကလူ့ဘောင်တွင် လောကီအလုပ်များကို နေ့စဉ် ဆောင်ရွက်နေသော အိမ်ထောင်ရှင်တဦးအတွက် ဝိပဿနာဘာဝနာကို မည်သို့ ကြိုးပမ်းနိုင်ကြောင်း၊ ယခု ရှင်းလင်း ပြောဆိုလိုပါသည်။ ယခုမျက်မှောက်ဘဝ၌ပင်လျှင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း အားထုတ်ခြင်းဖြင့် မည်သို့ အကျိုးကျေးဇူးခံစားရမည်ကို ပြောပြလိုခြင်း ဖြစ်သည်။

ဝိပဿနာဘာဝနာ အားထုတ်ခြင်း၏ မူလရည်ရွယ်ချက်မှာ မိမိအတွင်းသန္တာန်၌ အနိစ္စသဘောတရားကို ကိုယ်တွေ့အားဖြင့် သိနေရန် ကြိုးပမ်းခြင်း ဖြစ်သည်။ ဤသို့ အားထုတ်ခြင်းဖြင့် နောက်ဆုံးတွင် ကိုယ်တွင်းကိုယ်ပ၊ တည်ငြိမ်အေးချမ်း၍ စိတ်သဘောမျှတသောအခြေသို့ ဆိုက်ရောက်ပေလိမ့်မည်။ တရားသမားသည် ကိုယ်တွင်း၌ ထိတွေ့သိရှိနေရသော အနိစ္စသဘော၌ လုံးဝစူးစိုက်နစ်မြုပ်နေနိုင်သော အခါ၌ ဤအခြေသို့ ရောက်ပေမည်။ လူ့လောကတခုလုံးအား ခြိမ်းခြောက်လျက်ရှိသော ခက်ခဲသည့် ပြဿနာပေါင်းများစွာနှင့် ကမ္ဘာကြီးသည် ယခု ရင်ဆိုင်နေရပေသည်။ ဤအချိန်သည် လူတိုင်း လူတိုင်း ဝိပဿနာ ဘာဝနာတရား စီးဖြန်းရန် အချိန်ကောင်းအချိန်မှန် ဖြစ်ပေသည်။ ယနေ့ ဖြစ်ပျက်နေသော ပြဿနာပေါင်း သောင်းခြောက်ထောင်အလယ်တွင် အေးချမ်းငြိမ်သက်သော စမ်းရေအိုင်ကလေးတခု ရှာဖွေယူနည်းကို သင်ကြားယူရန် အချိန်ကောင်း ဖြစ်ပေသည်။

လူတိုင်း၏ ခန္ဓာတွင်း၌ အနိစ္စတရား တည်ရှိပေသည်။ လူတိုင်း လက်လှမ်းမှီပါသည်။ မိမိကိုယ်တွင်းသာ စိုက်၍ ကြည့်ရှုလိုက်ပါ၊ အနိစ္စကို တွေ့မြင်ရပါမည်။ ကိုယ်တွေ့သိရပါမည်။ အနိစ္စကို ကိုယ်တွင်း၌ထိတွေ့၍၊ ကိုယ်တွေ့သိ၍ အနိစ္စတရားတွင် နစ်မြုပ်နေနိုင်လျှင် ပြင်ပလောကကြီးနှင့် မိမိကိုယ်မိမိ အလိုရှိသလို ဖြတ်တောက်ထားနိုင်ပါသည်။ ထို့ကြောင့် အိမ်ထောင်ရှင်တဦးအတွက်

အနိစ္စတရားသည် တန်ဘိုးလွန်စွာ ထားရှိရမည့်ဘဝ၏ ကျောက်မျက်ရတနာဖြစ်ပေသည်။ မိမိ၏ ကာယသုခ၊ စိတ္တသုခအတွက်သော်၎င်း၊ ပတ်ဝန်းကျင် လူ့ဘောင်အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက်၎င်း၊ မိမိကိုယ်မိမိ အနိစ္စသိမှုဖြင့် တည်ကြည်အေးငြိမ်းစွာ ထိန်းသိမ်းစောင့်ရှောက် ထားနိုင်ပေလိမ့်မည်။

အနိစ္စသဘောတရားကို ကိုယ်တွေ့သိမြင်လျက် ကောင်းစွာ ပေါက်မြောက်ပြီးသော အခါ၌ ကာယဝေဒနာ၊ စိတ္တဝေဒနာတို့ကို အမြစ်မှ ထုတ်ပယ်ပစ်နိုင်ပေသည်။ ဤနည်းဖြင့် ကာယဝေဒနာ၊ စိတ္တဝေဒနာများကိုဖြစ်စေသော မိမိကိုယ်တွင်းမှ မကောင်းသော အညစ်အကြေးဟူသမျှကို တဖြည်းဖြည်း ချေချွတ်ပစ်နိုင်ပေသည်။ ဤအကျိုးကျေးဇူးများကို လောကီလူ့ဘောင်ကို စွန့်လွှတ်၍ တောထွက်သွားကြသော ပုဂ္ဂိုလ်များသာ ခံစားနိုင်ကြသည်မဟုတ်ပါ။ အိမ်ထောင်ရှင်များလည်း ဤအကျိုးကျေးဇူး တရားများကို သိရှိခံစားနိုင်ကြပါသည်။ လူမှုကိစ္စအဝဝဖြင့် အလုပ်များနေသော အိမ်ထောင်ရှင်ပင်လျှင် အမှန်တကယ် တတ်ကျွမ်းသည့် ဆရာကောင်း၏ အကူအညီဖြင့် အချိန်အနည်းငယ်အတွင်း အနိစ္စသဘောတရားကို တွေ့မြင်သိရှိနိုင်ပါသည်။ အနိစ္စမျိုးစေ့တကြိမ်ရပြီးနောက်၊ ယင်းအားမပျောက်မပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ထားရန်သာ လိုပေသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်သည် အချိန်ရသည်နှင့် အခွင့်အရေးရသည်နှင့် တပြိုင်နက် တိုးတက်အောင်မြင်မှုရရန် ကြိုးပမ်းအားထုတ်ရပေမည်။ ဝိပဿနာဉာဏ်စဉ် တတိယအဆင့်ဖြစ်သော ဘင်္ဂဉာဏ်သို့ရောက်အောင် ကြိုးပမ်း အားထုတ်ရပေမည်။ ဤအဆင့်သို့ရောက်လျှင် သူ့၌ အခက်အခဲပြဿနာ မရှိနိုင်တော့ပါ။

ဘင်္ဂဉာဏ်အဆင့်သို့ ရောက်ပြီးသူသည် အနိစ္စတရားကို အခက်အခဲမရှိ အလိုအလျောက်နီးပါး လိုအပ်သလို တွေ့ရှိနိုင်ပေသည်။ ဤအခါတွင် အနိစ္စသည် သူ၏ အခြေစခန်း ဖြစ်လာပေလိမ့်မည်။ နေ့စဉ် အိမ်ထောင်ကိစ္စအဝဝပြီးဆုံသည်နှင့် တပြိုင်နက်၊ အိမ်ထောင်ရှင်တဦးသည် သူ၏ အနိစ္စ အခြေစခန်းသို့ ကိုယ်ရော စိတ်ပါ အာရုံပြုလိုက် နိုင်ပေသည်။ သို့ရာတွင် ဘင်္ဂဉာဏ်အဆင့်သို့ မရောက်သေးသောသူများအတွက် အခက်အခဲတွေ့ကောင်းတွေ့ပေလိမ့်မည်။ သူ့အတွက် ကိုယ်တွင်း၌ အနိစ္စသိမှုနှင့် ပြင်ပမှ ကာယ၊ စိတ္တအာရုံများသည် လွန်ဆွဲနေကြသကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် အလုပ်လုပ်ချိန်အလုပ်လုပ်၍ ကစားချိန်ကစားဟူသောဆောင်ပုဒ်ကို လက်ကိုင်ပြုရပေလိမ့်မည်။ သူ့အတွက်အချိန်တိုင်း အနိစ္စသိမှုဖြစ်ရန် ဆောင်ရွက်ရန် မလိုပါ။ နေ့၌ဖြစ်စေ၊ ညဉ့်၌ဖြစ်စေ၊ မှန်မှန်အချိန်သို့မဟုတ်၊ အချိန်များ သတ်မှတ်ထား၍သာ၊ တရားအာရုံပြုမှု လုပ်ပေးရမည်။ ဤအချိန်အတွင်းတွင် စိတ်အာရုံကို မိမိကိုယ်တွင်း၌ ထားနိုင်ရန် ကြိုးစားရမည်။ ထို့နောက်

အနိစ္စသဘောတရားကို မြင်အောင် ရှုပေးရမည်။ စိတ်ကူးကြံစည်၊ အတွေးအတောများ မနှောက်ယှက်စေဘဲ၊ အနိစ္စသိမှုသည် တခဏမှတခဏ၊ အဆက်မပြတ် ဖြစ်ပေါ်နေရန်အားထုတ်ပေးရမည်။ စဉ်းစားကြံစည် တွေးတောမှုများသည် တရားတိုးတက်မှု၌ များစွာ အနှောက်အယှက် ဖြစ်ပေသည်။ အနိစ္စအာရုံတွင် အဆက်မပြတ် စူးစိုက်မထားနိုင်လျှင်၊ အာနာပါန သတိလုပ်ငန်းကို ပြန်လည် လုပ်ဆောင်ရမည်။ အကြောင်းမူ သမာဓိသည် အနိစ္စရှုမှတ်၏သော့ချက် ဖြစ်သောကြောင့် ဖြစ်သည်။

သမာဓိကောင်းစေရန်၊ သီလစင်ကြယ်စေရမည်။ သီလအခြေခံပေါ်တွင် သမာဓိကို တည်ဆောက်ရသည်။ အနိစ္စသဘောတရား ကောင်းစွာ သိမြင်နိုင်ရန်၊ သမာဓိကောင်းရပေလိမ့်မည်။ သမာဓိကောင်းလျှင် အနိစ္စထင်မြင်မှုသည် လွန်စွာ ထင်ရှားပေလိမ့်မည်။ အနိစ္စတရားဖော်ထုတ်ရန် အထူးအထွေလုပ်ကိုင်ရမည့် နည်းလမ်းမရှိပါ။ စိတ်ကို တည်ငြိမ်စွာထား၍ ကမ္မဋ္ဌာန်းအာရုံပေါ်တွင် စူးစိုက်ထားရန်သာလိုသည်။ ဝိပဿနာကမ္မဋ္ဌာန်းလုပ်ငန်းတွင် ကမ္မဋ္ဌာန်းအာရုံမှာ အနိစ္စပင်ဖြစ်သည်။ ထို့ကြောင့် ကာယထိတွေ့မှု၌ အာရုံပြု၍ လေ့ကျင့်ခဲ့သူများသည် အနိစ္စကို တိုက်ရိုက် ထိတွေ့နိုင်ကြပေသည်။ ကာယပေါ်၌ အနိစ္စကို၊ ထိတွေ့ရာတွင် ပထမ၌ မိမိအာရုံကို လွယ်ကူစွာ စူးစိုက်ထားနိုင်သောနေရာမှ စတင်ရမည်။ ထို့နောက် အာရုံစူးစိုက်မှုကို ခေါင်းမှခြေသို့၊ ခြေမှခေါင်းသို့ နေရာပြောင်း၍ ပေးရမည်။ တခါတရံ ကိုယ်တွင်းသို့ စူးစိုက်၍ရှုပေးရမည်။ဤနေရာတွင် ကိုယ်ခန္ဓာအစိတ်အပိုင်းများအဖြစ် အာရုံမပြုရန် ရှင်းလင်းစွာ နားလည်ထားရပေမည်။ ရုပ်ကလာပ်များ ဖြစ်ပေါ်ပုံနှင့် အစဉ်မပြတ် ပြောင်းလဲနေပုံကိုသာ အာရုံပြု၍ ရှုပေးရမည်။

ဤညွှန်ကြားချက်များအတိုင်းသာလိုက်နာဆောင်ရွက်ပါလျှင်၊တိုးတက်မှု အမှန်မုချ ရရှိပေလိမ့်မည်။ သို့ရာတွင် တိုးတက်မှုသည် ပုဂ္ဂိုလ်တဦး၏ ပါရမီအပေါ်တွင်လည်း တည်ရှိသည်။ ကမ္မဋ္ဌာန်းလုပ်ငန်းတွင် ကြိုးပမ်းမှု၊ ဝီရိယပေါ်တွင်လည်း တည်ရှိသည်။ ဉာဏ်အဆင့် မြင့်၍မြင့်၍ လာသောအခါ အနိစ္စ၊ ဒုက္ခ၊ နှင့် အနတ္တလက္ခဏာများကို တိုးထွင်းသိမှုလည်း တိုးပွားလာလိမ့်မည်။ ထိုအခါ အရိယာပန်းတိုင်သို့ ပို၍ နီးကပ်လာပေလိမ့်မည်။ အိမ်ထောင်ရှင်တိုင်းသည် ဤအရိယာပန်းတိုင်ကို မျက်ခြေမပြတ်စေဘဲ ကြိုးပမ်း အားထုတ်သွားကြရပေလိမ့်မည်။

ယခုခေတ်သည် သိပ္ပံပညာခေတ် ဖြစ်သည်။ မျက်မှောက်ခေတ်လူသည် စိတ်ကူးယဉ်ဘဝကို မမျှော်မှန်းကြချေ။ သူသည် လက်တွေ့ ထင်ထင်ရှားရှား၊

တိကျခိုင်မာ၊ ကိုယ်တိုင်မျက်မှောက် ယခုချက်ခြင်း လက်ငင်းအကျိုးရှိမည့်အရာများကိုသာ လက်ခံလိမ့်မည်။

မြတ်စွာဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်က၊ ကာလာမအမျိုးသားတို့အား ဤသို့ ဩဝါဒစကား မြွက်ကြားတော်မူခဲ့ပေ၏။ "ယခုရှုကြပေလော့၊ ကာလာမအမျိုးသားတို့၊ သတင်းစကားကို ကြားယုံမျှနှင့် နားမယောင်နှင့်၊ အစဉ်အလာဖြစ်ပါသည်ဟူ၍လည်း လက်မခံနှင့်၊ လူပြော သူပြော တဆင့်စကားကိုလည်း မယုံလေနှင့်၊ ဘာသာရေးကျမ်းကြီးများ ကိုးကား ပြော၍လည်း မှန်လှပြီ မထင်လေနှင့်၊ တက္ကနည်းနှင့် ဆင်ခြင်ကြံဆ ယူယုံမှုကိုလည်း နားမယောင်လေနှင့်၊ ပုံပန်းအမြင်သဏ္ဌာန်ကြည့်၍လည်း မဆုံးဖြတ်နှင့်၊ ရော်ရမ်း မှန်းဆ ယူရသော သဘောထင်မြင်ချက်ကိုလည်း အမှန် ဟု မမှတ်ယူနှင့်၊ ဖြစ်နိုင်ကောင်း၏ ဟု ထင်မြင်ရရုံဖြင့်လည်း မယုံကြည်ပါလေနှင့်။ အသင်တို့ ကိုးကွယ်ဆည်းကပ်ရာ ဆရာသမားဖြစ်သည့် ဂုဏ်ကြောင့်လည်း မှန်လှပြီ ဟု တထစ်ချ မမှတ်ကြကုန်ရာ။

အို၊ ကာလာမနွယ်ဘွား တမျိုးသားတို့၊ အချို့သောအကြောင်းတရားသည် အကုသိုလ်ဖြစ်သည်။ မမှန်မကန်၊ မကောင်းကျိုးကို ဖြင့်စေသည်။ ပညာရှိတို့က ကဲ့ရဲ့သင့်ပယ်မည် သင်တို့၏အကျိုးကို ဆုတ်ယုတ် ပျက်ပြားစေမည်ဟု သင်တို့ကိုယ်တိုင်ကိုယ်ကျ သိရှိ၏။ ထိုအကြောင်းတရားများကို စွန့်ပယ်ကြပေလော့။ အချို့အကြောင်းတရားများမှာမူ ကုသိုလ်ဖြစ်သည်။ ကောင်းကျိုးကို ဖြစ်စေသည်။ အပြစ် ကင်းမဲ့သည်။ ပညာရှိများက ချီးမွမ်းကြသည်။ လက်တွေ့ ကျင့်သုံး လိုက်နာလျှင် သင်တို့အား ကောင်းကျိုးဖြစ်စေသည်။ ပျော်ရွှင်မှုကို ပေးသည်ဟု အသင်တို့ ကိုယ်တိုင်ကိုယ်ကျ သိ၏။ ထိုအကြောင်းတရားများကို နှစ်သက်စွာလက်ခံ၍ လိုက်နာ ကျင့်ကြံကြပေလော့။"

ယခုအချိန်အခါတွင် ဝိပဿနာ နာမ်ကြီး ထိုးလေပြီ။ ဗုဒ္ဓ မမွ ဝိပဿနာကျင့်စဉ် ပြန်လည်ပေါ်ပေါက် ထွန်းကားလာချေပြီ။ ကျွမ်းကျင်သောဆရာကို အမှီပြု၍ စိတ်နှလုံး ပွင့်လင်းစွာနှင့် ရိုးသား ဖြောင့်မတ်စွာ ဘာဝနာ တရားကျင့်ကြံ အားထုတ်ပါလျှင် အကျိုးကျေးဇူးများ မုချ ရရှိလိမ့်မည်ဟု ကျွန်ုပ်တို့ တထစ်ချ ယုံကြည်ပါသည်။ ဤအကျိုးကျေးဇူးများသည် လက်တွေ့၊ ထင်ထင်ရှားရှား တိကျခိုင်မာ၊ ကိုယ်တိုင်မျက်မှောက်- ယခုချက်ခြင်း လက်ငင်း အကျိုးပြုမည်ဖြစ်၍ အသင်တို့အား ဘဝထက်ဆုံး ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံစေပါလိမ့်မည်။

သတ္တဝါအပေါင်း ပျော်ရွှင်ချမ်းမြေ့ပါစေ၊ ကမ္ဘာတဝှမ်း ငြိမ်းချမ်းသာယာပါစေ။

အထက်ပါစာတမ်းကို သီရိလင်္ကာနိုင်ငံ၊ ဗုဒ္ဓစာပေထုတ်ဝေရေးအသင်းကြီး က စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။

× × ×

## (၆) ဗုဒ္ဓဘာသာ ဝိပဿနာတရားလုပ်ငန်း၏ တန်ဘိုး အစစ်အမှန်များ။

## THE REAL VALUES OF TRUE BUDDHIST MEDITATION.

၁၉၆၁-ခု၊ ဒီဇင်ဘာလတွင် အစ္စရေးလ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘင်ဂူရီယံ သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးထွက်ခဲ့သည်။ ၎င်းဝန်ကြီးချုပ် အား သက်ဆိုင်ရာတို့က အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာကမ္မဋ္ဌာန်း လုပ်ငန်းဌာနသို့ လေ့လာရန် ပို့ဆောင်ပေးခဲ့သည်။ ဆရာကြီး ဦးဘခင်က ၎င်း သည် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဗုဒ္ဓဘာသာ ဝိပဿနာတရား လုပ်ငန်း သဘောနှင့် ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြင့် ရရှိအပ်သော အကျိုးစီးပွား များကို ရှင်းလင်း ပြောပြရန် (THE REAL VALUES OF TRUE BUDDHIST MEDITATION.) ဗုဒ္ဓဘာသာ ဝိပဿနာ တရားလုပ်ငန်း၏ တန်ဘိုးအစစ်အမှန်များ ခေါင်းစဉ်ဖြင့် စာတမ်းတစောင်ကို ရေးသား ဖတ် ကြားခဲ့လေသည်။

ယင်းစာတမ်းတွင်–

(၁) ဗုဒ္ဓဘာသာဝင်တဦးအတွက် အခြေခံ၊
(၂) ဗုဒ္ဓဓမ္မ၏ အဆီအနှစ်၊
(၃) မဂ္ဂင်လမ်းကြောင်း၊
(၄) ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများ၊
(၅) လူမှုဆက်ဆံရေးများ၌ အသုံးပြုနိုင်ပုံ၊
(၆) နောက်ဆက်တွဲ အပိုဆုလာဘ် အကျိုးကျေးဇူးများ....။ စသည့် အခန်းကြီးများ ပါဝင်ပါသည်။ ယင်းစာတမ်းကို ငွေစာရင်း မင်းကြီးရုံး ဝိပဿနာအဖွဲ့က စာအုပ်ရိုက်နှိပ်၍ ဖြန့်ချိခဲ့ပြီး ဖြစ် ပေသည်။

အထက်ပါစာတမ်းတွင် တင်ပြခဲ့သော ဝိပဿနာ ဘာဝနာ အခြေခံ သဘောများနှင့် လုပ်ဆုံးလုပ်နည်းများကို ဒေါက်တာ ဟစ်စလော့ပ်နှင့် တရား သမားများအား ရှင်းလင်းပြခဲ့စဉ်က အပြည့်အစုံ ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

အခဏ်း (၄) တွင် ဖော်ပြသော ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများအကြောင်းကိုသာ အနည်းငယ်ထုတ်နှုတ်၍ တင်ပြလိုက်ပါသည်။

"ကမ္မဋ္ဌာန်းတရားမှ ရရှိသော အကျိုးကျေးဇူးများသည် များပြားလှပေသည်။ ရဟန်းဘဝ၏ အကျိုးမြင့်မြတ်ပုံကို မြတ်စွာဘုရားသည် သာမညဖလသုတ်တွင် ဟောကြားထားခဲ့တော် မူပေသည်။ ရဟန်းဘဝသို့ ဝင်ရောက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ အရိယ မဂ္ဂင်ရှစ်ပါးတရားများကို တိကျစွာ ကျင့်ကြံအားထုတ်ရန် ဖြစ်ပေသည်။ ဤသို့ အားထုတ်ခြင်းဖြင့် သောတာပတ္တိ၊ သကဒါဂါမိ၊ အနာဂါမိနှင့် အရဟတ္တမဂ်ဖိုလ် အကျိုးတရားများကို ခံစားရရုံသာမကဘဲ၊ အသိဉာဏ်တန်ခိုး ဣဒ္ဓိပါဒ် စသည်များကို ဖြစ်ပေါ်ပိုင်ဆိုင်လာစေနိုင်ပါသည်။

လောကီလူ့ဘောင်မှ ဝတ်ကြောင် တဦးသည်လည်း ပရမတ္ထသစ္စာကို မျက်မှောက်ပြုရန် တရားကျင့်မည်ဆိုလျှင် ရဟန်းများကဲ့သို့ပင် ကြိုးပမ်းအားထုတ်ရပါသည်။ သူ၏ ပါရမီ ပြည့်စုံလုံလောက်ပါလျှင် သူလည်း မဂ္ဂဖလအကျိုးထူးများရ၍ ဣဒ္ဓိပါဒ်တန်ခိုးများပိုင်ရှင် ဖြစ်လာနိုင်သည်။

မှန်ကန်သော ရည်မှန်းချက်များဖြင့် ဘာဝနာ ကမ္မဋ္ဌာန်းအားထုတ်ပါမှ အောင်မြင်မှု အပြည့်အဝ ရနိုင်ပါသည်။ စိတ္တဝိသုဒ္ဓိဖြစ်ပွား၍ ပရမတ္ထသစ္စာကို မျက်မှောက်ပြုခြင်းမှ ဖြစ်ပေါ်လာသော တန်ခိုးသတ္တိများ ရရှိလာလျှင် လူ့ဘဝ၏ အကျိုးစီးပွားများကို များစွာ ဆောင်ရွက်ပေးနိုင်ပေမည်။

ဗုဒ္ဓမြတ်စွာဘုရားက "ရဟန်းတို့ သမာဓိကိုထူထောင်ကြလော့။ သမာဓိတန်ခိုးပြည့်စုံသောသူသည် သဘာဝတရားများကို အမှန်အတိုင်း မြင်နိုင်ပေသည်"ဟု မိန့်ကြားတော် မူခဲ့ပေသည်။ သမာဓိကို ပြည့်စုံစွာ ထူထောင်ပြီးရုံမျှဖြင့် စွမ်းဆောင်နိုင်ပါလျှင် သမာဓိကိုသာမက ထိုးထွင်းသိမြင်နိုင်သည့် ပညာဉာဏ်ကိုပါ ရရှိလျှင် မည်မျှ ပိုမိုမြင်စွမ်းနိုင်ပေလိမ့်မည်နည်း။

စိတ်ကို တည်ငြိမ်စွာထား၍ အလုပ်ကိစ္စတခုတွင် အာရုံစူးစိုက်ခါ ဆောင်ရွက်နိုင်သူသည် သူကဲ့သို့ မရင့်ကျက်သောသူများထက် ပိုမိုအောင်မြင်စွာ လုပ်ငန်းဆောင်တာ လုပ်ဆောင်နိုင်ကြောင်း လောကမျက်မြင် ဖြစ်ပေသည်။ ထို့ကြောင့် တရားသမားဖြစ်စေ၊ အုပ်ချုပ်ရေးအရာရှိကြီးဖြစ်စေ၊ နိုင်ငံရေးသမား၊ စီးပွားရေးသမားနှင့် စာသင်ကျောင်းသားဖြစ်စေ၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ကောင်းစွာ လေ့ကျင့်ထားပါလျှင် အခြားသူများထက် တပန်းသာနေမည်မှာ ထင်ရှားလှပေသည်။

ထို့နောက် ဆရာကြီးက ဆက်လက်၍ သူ၏လက်တွေ့လုပ်ငန်းရပ်များတွင်၊ တရားတော်က အကျိုးပြုခဲ့ပုံများကို တင်ပြသွားခဲ့ပေသည်။ ၁၉၅၃ခု၊ မတ်လ ၂၆ ရက်နေ့တွင် အသက် ၅၅ နှစ်ပြည့်၍ အစိုးရတာဝန်မှ အငြိမ်းစားယူခဲ့ပုံ၊ ထိုနေ့မှစ၍ အစိုးရက ကြီးလေးသော တာဝန်ဝတ္တရားများ ဆက်လက်ပေးအပ်ခဲ့ပုံ၊ ဌာနကြီး ၃၊ ၄ ခုကို တပြိုင်နက် ဦးစီး၍ တာဝန် ထမ်းခဲ့ရပုံ၊ ခက်ခဲသော ပြဿနာအမျိုးမျိုးဖြင့် ရင်ဆိုင်ခဲ့ရပုံ၊ ယင်း အခက်အခဲပြဿနာများကို ဝိပဿနာဘာဝနာ တရားတော်မှရရှိသော စွမ်းအင်များကို အသုံးပြု၍ ဖြေရှင်းနိုင်ပုံများကို တိကျသော သာဓကများ၊ စာရင်းဇယား၊ အထောက်အထားများဖြင့် ရှင်းလင်း တင်ပြခဲ့ပေသည်။

အခန်း ၆ တွင် ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းမှ နောက်ဆက်တွဲ အစွယ်အပွား၊ အကျိုးတရားများ ရရှိနိုင်ပုံများကိုလည်း ရှင်းလင်း တင်ပြခဲ့ပေသည်။ ဤအကျိုးတရားများသည် ကာယဝေဒနာ၊ စိတ္တဝေဒနာများကို ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဖြင့်၊ ပျောက်ကင်းစေနိုင်ခြင်းပင်ဖြစ်သည်။

"မျက်မှောက်ခေတ်တွင် လေထဲ၌ပျံဝဲခြင်း၊ ရေပေါ်၌ လမ်းလျှောက်ခြင်း၊ စသည့် တန်ခိုးသတ္တိများသည် လူ့လောကတဝှမ်းအား မည်သို့မျှ တိုက်ရိုက် အကျိုးဖြစ်ထွန်းစေမည် မဟုတ်ပါ။ သို့ရာတွင် ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းဖြင့် ကာယဝေဒနာ၊ စိတ္တဝေဒနာများကို ပျောက်ကင်းစေပါလျှင် ဤအချက်မှာ လေးလေးနက်နက် စဉ်းစားရမည့် အကြောင်းအရာ ဖြစ်ပေသည်။

ဗုဒ္ဓဘာသာသဘောအရ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ အမှုတခုခု ပြုလုပ်တိုင်း၊ သင်္ခါရကံကြွင်း အင်အားသည် ဖြစ်ပေါ် ကျန်ရှိနေရစ်သည်။ ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံအလျောက် ယင်း ပုဂ္ဂိုလ်ဆိုင်ရာ သင်္ခါရအင်အား စာရင်းတွင် အသွင်းအနှုတ် မှတ်သားပြီးဖြစ်သွားပြီ။ ဤမမြင်ရသော သင်္ခါရအင်အားစုသည် ကံအမှုတခုခု ပြုစေသည့် စိတ်စေတနာနှင့် ဆက်စပ်လျက်ရှိလေသည်။ သက်ရှိသတ္တဝါများက ပြုလုပ်သောအမှုတို့မှ ဖြစ်ပေါ်လာသည့် သင်္ခါရအင်အားများသည် စကြာဝဠာတခုလုံး ပျံ့နှံ့တည်ရှိနေသည်။ လူတိုင်း လူတိုင်းသည် မိမိ၏ သင်္ခါရအင်အားများကို စုဆောင်းနေစဉ်၊ ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် သင်္ခါရအသစ်များကို ဖြစ်ပေါ်စေလျက် ရှိပေသည်။ ဤသင်္ခါရများဖြင့်သာ ဘဝတခုတွင် အသက်ရှင်လျက် ရွေ့ရှားလှုပ်ရှား သွားလာလျက်ရှိကြရသည်။

ကောင်းသော ကုသိုလ်သင်္ခါရကံကို အဖိုအင်အားဟု ခေါ်၍ မကောင်းသော အကုသိုလ်ကံကို အမအင်အားဟု အမည်ပေးကြလျှင်၊ စကြာဝဠာတခုလုံးတွင် ဤအဖို၊ အမသင်္ခါရအင်အားများ အချင်းချင်း တိုက်ခိုက်တုံ့ပြန်

လျက် ရှိကြပေသည်။ သက်ရှိသက်မဲ့အရာဝတ္ထုဟူသမျှ သင်၏ကိုယ်ခန္ဓာ၊ ကျွန်ုပ်၏ကိုယ်ခန္ဓာနှင့် သတ္တဝါအားလုံး၏ ကိုယ်ခန္ဓာများတွင် ဤအဖို၊ အမသဘောရှိ အား ၂ ပါးအစဉ်မပြတ်၊ ထိခိုက်တုံ့ပြန်လျက်ရှိကြပေသည်။ ဘာဝနာတရားကောင်းစွာစီးဖြန်းပြီးသူသည်၊ ဤသဘာဝအမှန် အကြောင်းအရာများကို နားလည် သိရှိလာပေသည်။ အနိစ္စအစစ်အမှန်၊ ဒုက္ခအစစ်အမှန်၊ အနတ္တအစစ်အမှန် သဘောများကို မျက်ဝါးထင်ထင် ကိုယ်ခန္ဓာတွင် သိမြင်လာသောခဏ၌ နိဗ္ဗာနဓာတ်ဟုခေါ်သော ဝင်းလက်သော ရောင်ခြည်ပွားများ ဖြစ်ပေါ်လာရသည်။

ဤနိဗ္ဗာနဓာတ်သည် ခန္ဓာတွင်း၌ ကာယဝေဒနာ၊ စိတ္တဝေဒနာများကို ဖြစ်ပေါ်စေသည့်၊ အကုသိုလ် သင်္ခါရကံကြွင်း ဖြစ်သော အညစ်အကြေးနှင့် အဆိပ်အတောက်များကို ချေမှုန်းဖျက်ဆီးပစ်ပေသည်။

မီးလောင်စာကို မီးရှို့သဖြင့် လောင်ကျွမ်း ကုန်ဆုံးသွားသကဲ့သို၊ အကုသိုလ် သင်္ခါရကံကြွင်းဖြစ်သည့် အညစ်အကြေးအဆိပ်အတောက်များကို နိဗ္ဗာနဓာတ်က ရှို့မြိုက်ကျွမ်းလောင်ကုန်ဆုံးသွားစေသည်။ ဝိပဿနာ ကမ္မဋ္ဌာန်းတရားအားထုတ်စဉ်၊ အနိစ္စသဘောတရား အစစ်အမှန်သိမှ နိဗ္ဗာနဓာတ် ဖြစ်ပေါ်လာသည်။ ဤသို့အားဖြင့် ကိုယ်နှင့်စိတ်တွင် အညစ်အကြေးအဆိပ်အတောက်ကင်းစင် သန့်ရှင်းသည့်တိုင်အောင် ချေမှုန်း ဖျက်ဆီးပစ်သွားရမည်။

ဤရိပ်သာတွင် တရားအားထုတ်ခဲ့သူ အချို့သည် သွေးတိုးရောဂါ၊ ဦးရည်းခေါင်းခဲနာ၊ ချောင်းဆိုးသွေးပါ ရောဂါ၊ သွေးကြောပိတ်ရောဂါ စသည့် ရောဂါရှင်များ ဖြစ်ခဲ့သည်။ ရှေးဦး ဆယ်ရက်တပတ် တရားထိုင်စဉ်မှာပင် အချို့ရောဂါရှင်များ ဝေဒနာသက်သာသွားခဲ့ကြပေသည်။ယင်းပုဂ္ဂိုလ်တို့သည် အနိစ္စသိမှုကို အစဉ်မပြတ် စောင့်ထိန်းလျက် ရိပ်သာတွင် ရက်ရှည် တရားအားထုတ်နိုင်ကြပါလျှင် ယင်းတို့၏ ရောဂါဝေဒနာများသည် အမြစ်ပြတ်ကင်းစင် ပျောက်ကင်းသွားဖွယ်ရာ ရှိသည်။

ပုဂ္ဂိုလ်တဦး၏ ကာယဝေဒနာ၊ စိတ္တဝေဒနာများ၏ ပင်ရင်း အခြေအမြစ်မှာ သမုဒယသာလျှင် ဖြစ်သည်။ ယင်းသမုဒယကို ဗုဒ္ဓဘာသာဆိုင်ရာ ဝိပဿနာ ဘာဝနာအားဖြင့် ဖော်ထုတ်ယူနိုင်သည့် နိဗ္ဗာနဓာတ်က ချေမှုန်းဖျက်ဆီးပေးနိုင်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကာယဝေဒနာ၊ စိတ္တဝေဒနာ၊ ဤရောဂါ ထိုရောဂါဟု ခွဲခြားမှု မထားတော့ပေ။ ဝိပဿနာ ဘာဝနာလုပ်ငန်း၏ ကိစ္စတရပ်မှာ သမုဒယပဟာတဗ္ဗ၊ ပင်ဖြစ်၍ အဓိပ္ပာယ်မှာ ဆင်းရဲဒုက္ခဖြစ်ရာ အကြောင်းအားလုံးကို ပယ်ဖျက်ရန်ပင် ဖြစ်လေသည်။”

x x x

## (၇) ဆရာကြီးဟောကြားသော တရားမျိုးစုံမှ ကောက်နုတ်ချက်များ။

(က) ကျွန်ုပ်သည် ဗုဒ္ဓဓမ္မကို လက်တွေ့လေ့လာနေသူ၊ သုတေသန ပြုနေသူ တဦး ဖြစ်သည်။ ဗုဒ္ဓဓမ္မမှတဆင့် သဘာဝအင်အားများ၏ အစစ်အမှန် သဘောတရားကို ရှာဖွေနေသူ ဖြစ်ပါသည်။

(ခ) ကျွန်ုပ်သည် ဗုဒ္ဓဓမ္မကို စာတွေ့လက်တွေ့အားဖြင့် ချဉ်းကပ်သည်။

(ဂ) ဗုဒ္ဓဓမ္မကို လက်တွေ့ မကျင့်သုံးသူကို ဗုဒ္ဓဘာသာဝင်ဟု မခေါ်ဆိုအပ်ပါ။

(ဃ) ရှေးဦးစွာ တရားတော်၌ သဒ္ဓါယုံကြည်မှုရှိရမည်မှန်ပါသည်။ သို့ရာတွင် ဓမ္မကို လက်တွေ့ကျင့်သုံးမှုသာလျှင် အဓိကဖြစ်ပါသည်။

(င) မကောင်းသောနည်းလမ်းဖြင့် ကောင်းမှုကို ပြုနိုင်သည်ထင်မှတ်ခြင်းမှာ ကြောက်မက်ဖွယ်ကောင်းလှသည့် ယူဆချက်ဖြစ်သည်။

(စ) အမြင့်မားဆုံးသောမေတ္တာတရားသည်သာ လူ့ဘဝကို သာယာချမ်းမြေ့စေနိုင်သည်။ မြင့်မားသော မေတ္တာတရားသည် အတိုင်းမသိ ဖြူစင်သော စိတ်မှသာ ဖြစ်ပေါ်လာနိုင်သည်။

(ဆ) ဖယောင်းတိုင်တတိုင်၏ အလင်းရောင်သည် တခန်းလုံး၏ အမိုက်မှောင်ကို ဖြိုခွင်းနိုင်သည်။ ထို့အတူ ပုဂ္ဂိုလ်တဦး၏ ပညာဉာဏ်အလင်းရောင်သည် လူပေါင်းများစွာအား ဖုံးလွှမ်းနေသည့် အမှိုက်တိုက်ကို ဖြိုခွင်းပစ်နိုင်သည်။

(ဇ) လူ့လောကကြီးကို စိုးမိုးလွှမ်းအုပ်နေသည့် ပါပဓာတ်များကို ဖြိုခွင်းတိုက်ဖျက်ရန်၊ ဖြူစင်ကြည်လင်သည့် စိတ်ဓာတ်အင်အားများ၊ မွေးမြူပေးရန် အရေးကြီးဆုံး ဖြစ်သည်။

(ဈ) အခြားသူများ၏ မတည်ငြိမ်၊ လှုပ်ရှားနေသောစိတ်ကို တည့်မတ်ပေးရန်၊ မိမိစိတ်ကို တည်ငြိမ်တည့်မတ်စွာ ထားရှိနိုင်ရမည်။

(ည) ကိုးကွယ်သော ဘာသာရပ်တိုင်း တူညီကြသည့်အချက်မှာ၊ (စိတ္တဝိသုဒ္ဓိ) စိတ်ကို ဖြူစင်သန့်ရှင်းစွာ ထားရှိခြင်းဖြစ်သည်။

✠ × ×

# ကျေးဇူးရှင်ဆရာကြီးထံတောင်းပန်လွှာနှင့် ဂတိပြုအပ်စာ တင်သွင်းခြင်း။

သစ္စာမြိုင်၊
ချယ်ရီလမ်း၊
မေမြို့။

၁၃၄၂ ခု၊ ဒုတိယဝါဆိုလဆန်း (၁) ရက်။
၁၉၈၀ ခု၊ ဇူလိုင်လ (၁၃) ရက်။

ကျေးဇူးရှင် ဆရာကြီးခင်ဗျား။

တပည့်အပေါင်းအား ဆရာကြီး မျက်ကွယ်ပြုသွားသည်မှာ ၁၉၇၁ ခု၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် (၁၀) နှစ် ပြည့်မြောက်ပါတော့မည်။ ဤ (၁၀) နှစ်အတွင်း ဆရာကြီး၏ တပည့်ကြီးများသည် ဆရာကြီး ယုံကြည်စိတ်ချသွားသည့်အတိုင်း ဆရာကြီး၏ သာသနာပြုလုပ်ငန်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ရုံသာမက တိုးချဲ့ဆောင်ရွက်လျက် ရှိကြပါသည်။ အသီးသီး တာဝန်ကျေပွန်ကြပါသည်။ ကျွန်တော် တဦးတည်းသာလျှင်၊ စေတီရိပ်သာမှ အဝေးရောက်နေပြီး၊ တာဝန်လစ်ဟင်း ပေါ့လျော့နေခဲ့ပါသည်။ ထို့ကြောင့် ဤစာကို ရေးသားတင်သွင်း၍ ဆရာကြီးအား အနူးအညွတ် တောင်းပန်ရခြင်း ဖြစ်ပါသည် ခင်ဗျား။

ဆရာကြီး ကွယ်လွန်သွားပြီး ရက်ပိုင်းအတွင်းမှာပင် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့က၊ သာသနာပြုလုပ်ငန်းတွင် အဓိကဖြစ်သည့် တရားပြသရေး တာဝန်ကို ထမ်းဆောင်ရန် "တရားဘက်ဆိုင်ရာ အဖွဲ့ငယ်" ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့တွင် ဆရာကြီး၏ လက်ရွေးစဉ်တပည့်ကြီး (၅) ဦး ပါဝင်ပါသည်။ သူတို့၏ အရည်အချင်း ဂုဏ်အင်များ အကြောင်းကို ဆရာကြီးအား ကျွန်တော်က အထူး တင်ပြနေရာမလိုပါ ခင်ဗျား။ ဦးတင့်ရီ၊ ဦးဘသိုး၊ ဦးအုန်းလွင်၊ ဆရာမ ဒေါ်မြသွင်၊ ဦးဂိုအင်ကာတို့သည် ဆရာကြီး၏ သာသနာပြုလုပ်ငန်းကြီးကို ထိန်းသိမ်းစောင့်ရှောက်သွားရန် ဆရာကြီးကိုယ်တိုင် ရွေးချယ်တာဝန်ပေးထားခဲ့သော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည် ခင်ဗျား။

ထိုပုဂ္ဂိုလ်ကြီးများ ကြီးကြပ်အုပ်ချုပ်နေသော ဓမ္မရောင်ခြည် စေတီ ရိပ်သာသည်၊ ဆရာကြီး လက်ထက်ကကဲ့သို့ပင် စည်ပင်သာယာလျက် ရှိပါ သည်။ ပန်းမာလ်ဥယျာဉ်ထိန်းသိမ်းပြုပြင်မှု၌ ဆရာကြီး၏စံချိန်ကို အမှီမလိုက် နိုင်ခဲ့စေကာမူ ဆရာကြီး၏ လက်ရာအစအနများကို ပျောက်ဆုံးမသွားစေရန် စောင့်ရှောက်နိုင်ခဲ့ကြပါသည်။ ပန်းစက္ကူ၊ ဂမုန်းနှင့် သဇင်များ ဝေဆာဖွံ့ဖြိုး လျက်ပင် ရှိကြပါသည်ခင်ဗျား။ သီးပင်များတွင် ပိန္နဲနှင့် သရက်ပင်တို့သည် ရာသီအလိုက် သီးပွင့်ကြ၍ တရားသမားများအား ကျွေးမွေးနိုင်ကြပါသည်။ မာလကာပင်များလည်း ဖြိုးဖြိုးသီးကြပါသည်။ မင်းကွတ်ပင်များကမူ အပွင့် မပြုကြသေး၍ မင်းကွတ်သီး မစားကြရသေးပါ ခင်ဗျား။

စေတီနှင့် ရိပ်သာအဆောက်အဦး ပြုပြင်မွမ်းမံရေး လုပ်ငန်းများလည်း အထူး တိုးတက်ပါသည်။ အသစ်စက်စက် ဆေးသုတ်ထားသော တရားလိုဏ်ဂူ များနှင့် ဓမ္မာရုံတွင် မီးရောင်စုံ ထွန်းညှိ ပူဇော်ကြသောအခါ လွန်စွာ ကြည်ညို ဘွယ် ကောင်းလှပါသည်။ ဆရာကြီးအား များစွာ သတိရအောင်းမေ့မိပါသည် ခင်ဗျား။

လင်းလွန်ပင်ဝိုင်း၊ အုတ်ခုံ၊ ကွဲအက် ပျက်စီးနေသည်ကို ဦးဘဘိုးက ကြီးကြပ်ပြင်ဆင်ထားလိုက်ရာ၊ လွန်စွာ သပ်ယပ် တင့်တယ်နေပါသည်။ အုတ်ခုံ ရှိးရှိးအစား၊ထိုင်ခုံအဖြစ် ပြုပြင်လိုက်သဖြင့်၊ ညနေချမ်းတွင် တရားသမားများ သက်သာစွာ နားနေနိုင်ကြပါသည် ခင်ဗျား။

ရိပ်သာတွင် ပြုပြင်ထိန်းသိမ်းရေး ရံပုံငွေတရပ် ဖွင့်လှစ်ထားခဲ့ပြီဖြစ်သ ဖြင့်၊ ပြုပြင် မွမ်းမံရေးတို့ကို တနှစ်ထက်တနှစ် တိုးတက် ဆောင်ရွက် သွားနိုင် မည် ဖြစ်ပါသည် ခင်ဗျား။

× × ×

ဆရာကြီး ရှိစဉ်က ပြုလုပ်ခဲ့သော ၁၂-လရာသီ ပူဇော်ပွဲများကို အစဉ် အလာ မပျက် ဆက်လက် ကျင်းပနိုင်ခဲ့ကြပါသည်။ နိုင်ငံခြား သာသနာပြုလုပ် ငန်းကို အခြေခံ ခိုင်မာလာစေမည့် ရဟန်းခံပွဲ၊ ရှင်ပြုပွဲများ (၁၉၇၇) ခုနှင့် (၁၉၇၈) ခုနှစ်များတွင် ကျင်းပခဲ့ကြပါသည်။ ယခုလာမည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလ (၁၉၇၀-၈၁) များတွင်လည်း၊ ရဟန်းလောင်း (၅၀) ကျော် သာသနာ့ဘောင် ဝင်နိုင်ကြရန်၊ စေတီရိပ်သာ၌ ရဟန်းခံ အလှူပွဲကြီး ခြိမ့်ခြိမ့် သဲမျှ ပြုလုပ်ကြဦးမည် ဖြစ်ပါသည် ခင်ဗျား။

ပြည်တွင်း သာသနာပြုလုပ်ငန်းကို အရှိန်မပျက် ဆောင်ရွက်ခဲ့ကြရာ၊ ၁၉၇၈-ခုနှစ်ထိ၊ ဦးတင့်ရီ နှင့် ဆရာမတို့က ဦးစီးခဲ့ကြပါသည်။ ၁၉၇၈-ခုမှ စ၍ ရိပ်သာ တာဝန်များကို ဦးတင့်ရီနှင့် ဦးဘဘိုးတို့က မညည်းမညူ ထမ်း ဆောင် ခဲ့ကြပါသည် ခင်ဗျား။

ပြည်ပ သာသနာပြုလုပ်ငန်းတွင်လည်း ဆရာကြီး၏ ဆန္ဒများ လုံး၀ ပြည့်စေ နိုင်ခဲ့ကြပါသည်။ ဆရာကြီး၏ လက်ရုံး တပည့်ကြီး ဦးဂိုအင်ကာသည်၊ဆရာကြီး အာသီသ ထားခဲ့သည့်၊ မဇ္ဈိမဒေသ၌ ဓမ္မဒူတလုပ်ငန်းကြီးကို ခိုင် မြဲ စွာ အခြေချလိုက်နိုင်ပါပြီ။ အိဂတ်ပူရီမြို့မှ ဓမ္မဂီရိ စေတီတော်သည် အင်းယားမြိုင် ဓမ္မရောင်ခြည် စေတီတော်ကဲ့သို့ပင်၊ ကမ္ဘာတဝှမ်း၊ တရား အလင်းရောင်များ ထွန်းလင်း ပြန့်ပွားစေလျက် ရှိနေပါပြီ ခင်ဗျား။

အမေရိကန်နိုင်ငံတွင် သာသနာပြုလုပ်ငန်းများ အစ ကောင်းခဲ့သော်လည်း အတန်ငယ် တုံ့ဆိုင်းသွားခဲ့ပါသည်။ ယခုအချိန်တွင် အရှိန် ပြန်လည်ကောင်းမွန်လာ၍ မစ္စတာ ကိုးလ်မင်းနှင့် ဦးဂိုအင်ကာတို့ ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်နေကြပါပြီ ခင်ဗျား။

အင်္ဂလန်ပြည်နှင့် ဥရောပတိုက်တွင် မစ္စတာ ကိုးလ်မင်း စတင်ခဲ့သည့် ဓမ္မဒူတ လုပ်ငန်းများသည် ဖြည်းဖြည်းနှင့် မှန်မှန် တိုးတက်ခဲ့ပါသည်။ ယခုအခါ၌ အရှိန် ကောင်းစွာ ရလာပြီဖြစ်သဖြင့်၊ ဆရာမနှင့် ဦးဂိုအင်ကာတို့ပင် သွားရောက်၍ ဝိုင်းဝန်း ကူညီနေကြရပါပြီ။ အင်္ဂလန်ပြည်တွင် ဆရာကြီး၏အထိမ်းအမှတ် ရုံပိုင်ငွေအဖွဲ့ ဖွဲ့လိုက်ပြီဖြစ်သဖြင့်၊ အခြေခံဗဟိုဌာနတခု မာက်ဒင်တန်မြို့တွင် ပေါ်ပေါက်လာပါပြီ ခင်ဗျား။

× × ×

ပြည်ပတွင် ဦးဂိုအင်ကာ၊ မစ္စတာ ကိုးလ်မင်း နှင့် တကွ၊ နောက်ပိုင်း အချိန်၌ ဆရာမပါ ပါဝင်၍၊ အားသွန်ခွန်စိုက်၊ ဆရာကြီး၏ ကမ္ဘာ့သာသနာပြု လုပ်ငန်းများကို စည်ပင်ပြန့်ပွား တိုးတက်စေရန် ဆောင် ရွက် နေ ကြ စဉ်၊ အင်းယားမြိုင် မိခင်ရိပ်သာကြီး၌ ဦးတင့်ရီနှင့် ဦးဘဘိုးတို့နှစ်ဦးက၊ ကြီးမားလှသော တာဝန်ကြီးများကို ကြုံး၍ ထမ်းဆောင်နေကြပါသည် ခင်ဗျား။ ဦးသိန်းဇော် နှင့် ဦးစံမြင့်အောင်တို့ကလည်း တတ်စွမ်းသမျှ၊ အားအားရှိသမျှ ဝိုင်းဝန်း ကူညီ ပေးနေကြပါသည်။ ဆရာကြီး၏ တပည့်ကောင်းကြီးများဖြစ်သော ကိုလှထွန်း နှင့် ကိုစိန်တို့ကလည်း အဟာရဆောင်မှုနေ၍၊ မညည်းမညူ ပြုစု စောင့်ရှောက် နေကြပါသည်။ အဟာရဆောင် စီမံခန့်ခွဲရေးနှင့် နေရာထိုင်ခင်း စီစဉ်ရေး တာဝန်များသည် ဆရာမ နိုင်ငံခြား ထွက်သွားသောအခါ၊ ဒေါ်ဘေဘီ (ဒေါ်ခင်သန်းနွယ်) အပေါ် သို့ စုပြုံလျက် ကျရောက်ခဲ့ပါသည်။ ယင်းတာဝန်များကို အခြား အမျိုးသမီး တပည့်အပေါင်းနှင့် ဒေါ်ဘေဘီတို့က မညည်းမညူ ထမ်းဆောင် နေကြပါသည် ခင်ဗျား။

အင်းယားမြိုင်ရိပ်သာ၌ လုပ်ငန်းတာဝန်များသည် ဆရာကြီးလက်ထက်ကထက် ပိုမို များပြားသည် ဟု ခန့်မှန်းရပါသည်။ ထိုအချိန်က ရိပ်သာတွင် တလလျှင် တရား တပတ်သာဖွင့်ပေး၍၊ နိုင်ငံခြားသားများ ရံဖန်ရံခါ ရောက်

လာသောအခါ အထူး တရားပတ်များ ပေးခဲ့ပါသည်။ ယခုမူ လစဉ် ရက်ဆက် နီ ပါး တရား ပတ်များ ပြပေးနေရပါသည်။ ဆရာကြီး ရှိစဉ်ကထက် နိုင်ငံခြား တရားသမားများ အလာ များပါသည်။ အဆက်မပြတ် ရောက်နေပါသည်။ ဦးဂိုအင်ကာနှင့် မစ္စတာ ကိုးလ်မင်းတို့ထံမှ တရား ရေအေးများကို သောက်သုံးရ ပြီးနောက်၊ ယင်း တရားရေယဉ် စီးဆင်းလာရာ စမ်းပေါက်ဝဖြစ်သော အင်း ယားမြိုင် ဓမ္မရောင်ခြည်စေတီသို့ ရောက်ရှိကြရန်၊ သဒ္ဓါဆန္ဒ တဖွားဖွား ဖြစ်ကြ ပါသည်။ ဖြစ်သည့်အလျောက် အင်းယားမြိုင်ရိပ်သာသို့ အရောက်လာနေကြ ပါသည်။

ဆရာကြီး၏ ကမ္ဘာ့ သာသနာပြုလုပ်ငန်းအတွက် ဆရာကြီး၏ လက်ရင်း တပည့်ကြီးများ အားလုံး တာဝန်ကျေပွန်ကြပါသည်။ ကျွန်တော်တဦးတည်း သာ အဝေးရောက်ပြီး၊ တာဝန်များ လစ်ဟင်း ပေါ့လျော့နေခဲ့ပါသည်။ မိမိ ကိုယ် မိမိ သုံးသပ်ကြည့်မိသောအခါ၊ အခွင့်မလွှတ်နိုင်လောက်အောင်ပင်၊ ကျွန် တော် ပေါ့လျော့ခဲ့ကြောင်း တွေ့မြင်ရပါသည် ခင်ဗျား။

ဆရာတော် ရှင်ရာဟုလာ ရေးသားစီရင်သော ကျမ်းစာအုပ်ကို ဘာသာ ပြန်ရန် ဆရာကြီးက ၁၉၆၀-ခုနှစ်ကပင် တိုက်တွန်းခဲ့ပါသည်။ ထိုအချိန်က ရုတ်တရက်ချက်ခြင်းလိုပင် ဘာသာပြန်ပြီးခဲ့သော်လည်း၊ ကျမ်းညွှန်းမူရင်းများ တိုက်ဆိုင် ဖတ်ဦးမည် ဟု ဆင်ခြေပေးပြီး၊ အချိန်များ ကုန်လွန်သွားခဲ့ပါသည်။ ၁၉၇၀–ခု ကျမှသာ စာအုပ်အဖြစ် ထွက်ပေါ်ခဲ့ပါသည်။ "မြတ်ဗုဒ္ဓဒေသနာ" ကို သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေခဲ့ပါပြီ။ ယခု ဒုတိယ အကြိမ် ပင် ပုံနှိပ်ရပါပြီ။ လူငယ်လူရွယ်များအတွက် ဤမျှ အကျိုးကျေးဇူး များပေ မည် ဟု ဆရာကြီးက မြော်မြင်၍၊ ကျွန်တော့်အား ဘာသာပြန်ရန် ခိုင်းခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်က အချိန်ကြာစွာ ဆိုင်းငံ့နေခဲ့ပါသည် ခင်ဗျား။

တဖန် ဆရာကြီး ကွယ်လွန်သွားချိန်မှစ၍၊ ဆရာကြီး၏ အတ္ထုပ္ပတ္တိ စာ အုပ်ကို ရေးသားရန်၊ ဦးချစ်တင်နှင့် ဓမ္မမိတ်ဆွေအပေါင်းက ဝိုင်းဝန်း တိုက် တွန်း ခဲ့ကြပါသည်။ရုတ်တရက်အားဖြင့် စိတ်ပါဝင်စားစွာ ရေးလိုက်ရာ၊ အခန်း (၄) ထိ ပြီးခဲ့ပါသည်။ ၁၉၇၁-ခုနှစ်က ဖြစ်ပါသည်။ ထိုနှစ်ထဲတွင် ဆရာကြီး အား အမှတ်တရ ဂုဏ်ပြုလွှာများကို မြန်မာပြည် စာနယ်ဇင်း အချို့နှင့် မဟာ ဗောဓိ ဂျာနယ်တွင် ရေးသားခဲ့ပါသည်။ ထို့နောက် ကျွန်တော့်အား ထိန မိဒ္ဓ အမိုက်တိုက်က ဖုံးလွှမ်း သွားခဲ့ပါသည်။ ဆရာကြီး၏ အတ္ထုပ္ပတ္တိစာအုပ်ကို ဆက်မရေးဖြစ်ခဲ့တော့ပါ ခင်ဗျား။

၁၉၇၉ ခုနှစ်ဦးက၊ ရိပ်သာတွင် မစ္စတာကိုးလ်မင်းနှင့် သွား၍ဆုံခဲ့ပါ သည်။ ဩစတြေးလီးယားနှင့် နယူးဇီလံတွင် တရားပတ်များ ပြသပေးခဲ့ပြီး

နောက်၊ ရန်ကုန် အင်းယားမြိုင်ရိပ်သာသို့ မွမ်းမံတရားပတ်ထိုင်ရန်၊ မစ္စတာ ကိုးလ်မင်း လာခဲ့ခြင်းဖြစ်ပါသည်။ ဆရာကြီးက ကျွန်တော်တို့နှစ်ဦး အချင်းချင်း တွေ့ဆုံကြစေရန် လွန်စွာ လိုလားခဲ့ပါသည်။ ယခု တွေ့ဆုံရပါပြီ။ တွေ့ဆုံရမှ ဆရာကြီးက ကျွန်တော်တို့နှစ်ဦး အဘယ်ကြောင့် တွေ့ဆုံစေလိုကြောင်း ကျွန်တော် သိလာရပါပြီ။ ကျွန်တော်၏ ကိုယ်သန္တာန်တွင် ဖုံးဖိနေသော ပါရမီဓာတ်ခံများနှင့် တိမ်မြုပ်နေသော စေတနာ သဒ္ဓါတရားများ ဖော်ထုတ်ပေးရန်ဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လာခဲ့ပါသည်ခင်ဗျား။

မစ္စတာကိုးလ်မင်းသည် ကမ္ဘာအနှံ့အပြား "တရား" လိုက်လံရှာဖွေခဲ့သူဖြစ်ပါသည်။ နောက်ဆုံး ဆရာကြီးထံမှောက်သို့ ရောက်လာပြီး တရား၏အမြိုက်အရသာကို ကိုယ်တိုင် ခံစားရပြီးနောက်၊ သူတပါးအား ဖြန့်ဖြူး ပေးလိုစိတ် လွန်စွာ ထက်သန်ခဲ့ပါသည်။ ယိုးဒယားကျောင်းသားကလေး တဝါဝါစူဝန်ကို ဆရာကြီးထံသို့ အရောက်ပို့၍ ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်စေခဲ့ပါသည်။ "သိက္ခုဂ်ယက်မိုင်း" စာအုပ်ရေးသား၍ ဆရာကြီး၏ ကမ္မဋ္ဌာန်းကျင့်စဉ်ကို ကမ္ဘာအား တင်ပြခဲ့ပါသည်။ ထိုနောက် ကိုယ်တိုင် ကမ္ဘာလှည့်၍ တရားပြသပေးနေပါသည်၊ မိမိ သုံးဆောင်ခံစားရသည့် တရားရသကို၊ ဒုက္ခပင်လယ်ဝေနေကြသူအပေါင်းအား ခွဲဝေဖြန့်ဖြူးပေးနေပါသည်။ ဆရာကြီး၏ ဓမ္မဒူတလုပ်ငန်းကြီးတွင် တာဝန်ထမ်းဆောင်နေပါသည် ခင်ဗျား။

ကျွန်တော်လည်း "တရား" ရှာဖွေခဲ့ပါသည်။ ဆရာကြီးထံမှောက်သို့ ရောက်၍ တရား၏ အကျိုးကျေးဇူးများ သိရှိခဲ့ပါသည်။ မန္တလေးတက္ကသိုလ်မှ တပည့်ဟောင်းအချို့ကို ဆရာကြီးနည်းလမ်းအတိုင်း တရားအားထုတ်နိုင်ရန် အင်းယားမြိုင်ရိပ်သာသို့ စေလွှတ်ခဲ့ပါသည်။ ထို့နောက် ကျွန်တော့်၌ ဆောင်ရွက်ရန်ကိစ္စများ ပြီးဆုံးသွားသကဲ့သို့ သဘောထားခဲ့ပါသည်။ မိမိ၏ သံသရာဝဋ်ကြွေးများကို တရားအားထုတ်ခြင်းဖြင့် ကိုယ်တိုင် ပေးဆပ်ရမည် ဆိုသည်ကိုသာ နားလည်နေခဲ့ပါသည် ခင်ဗျား။

ယခု မစ္စတာကိုးလ်မင်းကို ကိုယ်တိုင် တွေ့မြင်၍ သူဆောင်ရွက်နေသော သာသနာပြု လုပ်ငန်းများအကြောင်းကို ကြားသိရမှ၊ ကျွန်တော့်၏ ချို့ယွင်းချက်များကို သိမြင်လာပါသည်။ သံသရာ ဝဋ်ကြွေးများကို မိမိအတွက် ချေချွတ်ပစ်နေခြင်းမှာ တကိုယ်ကောင်းအတွက်သာ ဆောင်ရွက်နေသေးခြင်း ဖြစ်ကြောင်း၊ မိမိ ရရှိသောတရားကို ဖြန့်ဖြူးမပေးဘဲ၊ ကိုယ်ပိုင်သဘော ဆုပ်ကိုင်ထားနေသမျှ၊ မြင့်မြတ်သော စိတ်ထားမထားသေးကြောင်း၊ သဒ္ဓါတရားနည်းပါးလှသေးကြောင်း၊ သဘောပေါက်လာပါသည်။ မစ္စတာကိုးလ်မင်းကို တွေ့မြင်ရ၍ သူ၏စေတနာသဒ္ဓါတရားကို ချီးမွမ်းရပါသည်။ အားကျရပါသည်။

"ဆရာကြီး စာအုပ်မပြီးသေးဘူးလား"ဟုပြုံးပြုံးကလေး သူကမေးလိုက်သောအခါ ကျွန်တော်၏ ပေါ့လျော့မှုအတွက် အရှက် ရခဲ့ရပါသည်ခင်ဗျား။

မစ္စတာကိုးလ်မင်းနှင့်တွေ့ဆုံခဲ့ပြီးနောက်၊ ဆရာကြီးစာအုပ်ကို ကျွန်တော် ဆက်လက် ရေးသားခဲ့ပါသည်။ ဆရာကြီး၏ လက်ရေးဖြင့် ပေးပို့ခဲ့သော မှတ်တမ်းများ ပြန်လည်ဖတ်ရှုပါသည်။ ယခင်က ရှင်းလင်းစွာ နားမလည်ခဲ့သော အကြောင်းအရာများ ရှင်းလင်းလာပါသည်။ ဆရာကြီး၏ သာသနာပြုလုပ်ငန်း အစီအစဉ်များ၊ ရည်ရွယ်ချက်များ ပိုမို နားလည်လာပါသည်။ စေတီလိုဏ်ဂူ၌ ဌာပနာထားသော ကြေးပြားတွင် "ဘုရား၊ တရား၊ သံဃာ ရတနာမြတ်(၃) ပါးတို့၏ ကျေးဇူးမြို၊ ကျေးဇူးကြွေး တို့ကို ဝန်မလေးရအောင်၊ ဆပ်ပေး ပူဇော်သောအားဖြင့်၊ ဓမ္မရောင်ခြည်၊ ဤစေတီတော်ကို တည်ထားပူဇော်၍ (မဂ်ပညာ၊ ဖိုလ်ပညာ) တရားတော်ကို ပေးလှူခြင်း တည်းဟူသော ဓမ္မဒါန အမှုတို့ကို ပြုကြပါကုန်အံ့" ဟူသော စာတမ်းကို ယခုအခါမှ စေ့စေ့စပ်စပ် သုံးသပ်ကြည့်မိပါသည် ခင်ဗျား။

ဆရာကြီး သာသနာပြု လုပ်ငန်း လုပ်ခဲ့သည်မှာ ရတနာ (၃) ပါး၏ ကြွေးမြီများ ပေးဆပ်တာပါလား။ ဆရာမ အစရှိသော တပည့်ကြီးများ က၊ ကိုယ်တိုင် တရား ပြသပေးခြင်း၊ တရား ပြသနိုင်ရန် ပိုင်းဝန်းကူညီပေးခြင်း တို့မှာ ရတနာ (၃) ပါး၏ ကြွေးမြီများ ပေးဆပ်တာပါလား၊ ဆရာကြီး၏ ကြွေးမြီများ ပေးဆပ်တာပါလား ဟု သိမြင်လာပါသည် ခင်ဗျား။

ဒီတကြိမ် ဆရာကြီး၏ စာအုပ်ကို အပြီးသတ် ရေးရာတွင်၊ ယခင်ကကဲ့သို့ ဖင့်လေး ဆိုင်းနွဲခြင်း မရှိတော့ပါ ခင်ဗျား။ ရေးရင်း ရေးရင်း ပင်လျှင် သဒ္ဓါတရား ထက်သန်လာပါသည်။ စိတ်ကူးဉာဏ် ပွင့် လင်း လာ ပါသည်။ နောက်ထပ် ဖြည့်စွက်ရေးသားသော အခန်း (၈) ခန်းကို ၂·လနှင့်အပြီး ရေးနိုင်ခဲ့ပါသည်။ ကျွန်တော် ဆရာကြီးထံ ရောက်ခဲ့ပုံ အကြောင်းများ၊ စိတ်ရှည်စွာ ဆရာကြီး တရား ပြသပေးပုံများ၊ နောက်ဆုံး ဝေဘူဆရာတော် ထံ တွင်၊ ဆရာကြီးနှင့်အကူတကွ သာသနာ့ဘောင်ဝင်ရန်၊ တပည့်များစွာအနက် ကျွန်တော့်အား ရွေးချယ်၍ လာရောက် ခေါ်ယူပုံများ၊ ရိပ်သာသို့ ရောက်ရှိတိုင်း ကျွန်တော့်အား သားတယောက်သဖွယ် မေတ္တာ စေတနာ ထားခဲ့ပုံများကို ရေးသား သွားရင်း၊ ကျွန်တော့်အပေါ် ဆရာကြီး ပြုခဲ့သောကျေးဇူးများ ကြီးမားလှကြောင်း၊ ကောင်းစွာ ဆင်ခြင်မိလာပါသည် ခင်ဗျား။

မြတ်စွာဘုရား၏ ကြွေးမြီများ၊ တရားတော်၏ ကြွေးမြီများ၊ သံဃာတော်များ၏ ကြွေးမြီများ၊ ဆရာကြီး၏ ကြွေးမြီများ ဆပ်၍ မကုန်နိုင်လောက်အောင် များပြားလှပါသည် ခင်ဗျား။ သို့တိုင်အောင်၊ ကျွန်တော်တွင် ပေးဆပ်

နိုင်သမျှ ပြန်လည်ပေးဆပ်ရန် တာဝန် ရှိနေကြောင်း၊ ၊ စွတာ ကိုးလ်မင်း နှင့် တွေ့လိုက်စဉ်က ထင်လင်းစွာ သဘောပေါက်ခဲ့ပါပြီ ခင်ဗျား။ ထို့ကြောင့် ကျွန်တော် တာဝန်ပေါ့လျော့ခဲ့မှုများအတွက် ခွင့်လွှတ်ပါရန်၊ အနူးအညွတ် တောင်းပန်ရင်း၊ တပည့်အပေါ် တင်ရှိနေသည့် ဆရာကြီး၏ ကျေးမြီများကို တစိပ်တဒေသ ပေးဆပ်သည့်အနေဖြင့်၊ ဤစာ (၁၂) ခန်း၊ ပုလဲပန်းဖြင့် ရိုသေ လေးမြတ်စွာ ပူဇော်ကန်တော့ပါသည် ဆရာကြီး ခင်ဗျား။

ဆက်လက်၍လည်း ရတနာ (၃) ပါး ကျေးမြီများကို ပြန်လည် ပေးဆပ်ရန် ကြိုးပမ်းရပါမည် ခင်ဗျား။ ဆရာကြီး စတင်ခဲ့သော ကမ္ဘာ့သာသနာပြု လုပ်ငန်းကြီးသည် အိန္ဒိယပြည်တွင်ပင်လျှင် လွန်စွာ ကြီးမား ကျယ်ပြန့်လာနေပြီ ဖြစ်ရာ၊ ဓမ္မမိတ်ဆွေကြီး ဦးဂိုအင်ကာက၊ သူတဦးတည်း မနိုင်ဝန် ထမ်းနေရပါပြီ။ မြန်မာပြည်မှ ဆရာမ နှင့် ဓမ္မ နေ ာင်တော်ကြီးများ အိန္ဒိယပြည် သို့ ကြွရောက်ခဲ့ကြပါ။ ဝိုင်းဝန်း ကူညီလှည့်ကြပါ ဟု အကူအညီကို ဟစ်အော် တောင်းခံခဲ့ပါသည် ခင်ဗျား။ ထိုနည်းတူစွာပင်၊ ဂေါပကလူကြီး ရှရီအဒူ ကီယား က ၁၉၇၂-ခုနှစ်ကပင်၊ "မဟာဗောဓိဂျာနယ် ဟစ်တိုင်မှနေ၍" မေခင် ဆရာမ ဒေါ်မြသွင်၊ ဦးချစ်တင်၊ ဦးဘတိုး၊ ဦးတင့်ရီ၊ ဦးကိုလေး နှင့် အခြား ဆရာကြီး ဦးဘခင်၏ ဝါရင့် တပည့်ကြီးများသည် မြန်မာပြည်မှ ထွက်လာ ခဲ့ကြ၍ ကမ္ဘာတဝှမ်းရှိ ပိုမိုများပြားသော တရားပရိသတ်အကျိုးကို သည်ပိုး ဆောင်ရွက်ပေးတော် မူကြပါ"ဟု ဟစ်အော်ခဲ့ရှာပါသည် ခင်ဗျား။

ဆရာမတို့သည် သူတို့တောင်းခံကြသော အကူအညီများပေးရန် မြန်မာ ပြည်မှ ထွက်ခွာသွားခဲ့ကြပါတည်။ ဦးတင့်ရီနှင့် ဦးဘတိုးတို့က ဆရာမတို့မရှိစဉ်၊ အင်းယားမြိုင်ရိပ်သာ၌ တာဝန်များကို ပခုံးလွဲပြောင်းလက်ခံ၍ ကျေပွန်စွာ ထမ်းဆောင်နေကြပါသည်။ ကျွန်တော်တဦးတည်းသာလျှင်၊ ဓမ္မမိတ်ဆွေကြီး များ အော်ဟစ်၊ ခေါ်ငင်နေသည်ကို မသိကျိုးကျွန် ပြုနေခဲ့မိပါသည်ခင်ဗျား။

ယခုအခါတွင် ကျွန်တော့်၌ တာဝန်သိသောစိတ်ဓာတ်များ ဖြစ်ပေါ် လာပါပြီ ခင်ဗျား။ ဆရာမနှင့် နောင်တော်ကြီးများ မနိုင်ဝန်ထမ်းနေကြရသည် ကို ယခင်ကကဲ့သို့ အဝေးမှနေ၍ လက်ပိုက်ကြည့်မနေရက်တော့ပါ ခင်ဗျား။ ယခုအချိန်မှစ၍ ဆရာကြီး၏ သာသနာပြုလုပ်ငန်းကြီးတွင် ကိုယ်တိုင်လက်ရောက် ပါဝင်ခါ၊ ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းရွက်သွားပါမည်ဟု ဤစာဖြင့် ဆရာကြီးအား ရိုသေလေးမြတ်စွာ ကတိပြုအပ်ပါသည်။ ကျေးဇူးရှင်ဆရာကြီး ခင်ဗျား။ ။

တပည့်–
မောင်ကိုလေး (ဇေယျာမောင်)။

## နောက်ဆက်တွဲ။

### ၁။ သရေစည်သူ ဆရာကြီးဦးဘခင် အတ္ထုပ္ပတ္တိအကျဉ်းချုပ် အဓိကရအကြောင်းအရာ၊ နေ့စွဲ၊ ရက်စွဲများ

အမျိုးသားမှတ်ပုံတင်အမှတ် .. စီ၊ အက်ဖ်၊ ၀၀၉၅၉၂ (၁၇-၁-၅၉)

ဘွဲ့ထူးဂုဏ်ထူး ............. စည်သူ (၁၉၄၉)။သရေစည်သူ (၁၉၅၇)။

၂-၁-၁၀၉၉။ ။ကောဇာသက္ကရာဇ် ၁၂၆၀ ခု၊ တပေါင်းလဆုတ် ၁၁ ရက် နေ့ မွေး ဖွား သည်။ အဘ-ဦး ပေါ၊ အမိ-ဒေါ် စောမေ။ ပြုံးချိုရပ်။ အထက်ပုဇွန်တောင်။ ရန်ကုန်မြို့။

၁၉၀၇ ခုနှစ်ထိ။ ။မြန်မာဘုန်းတော်ကြီးကျောင်း။

၁၉၀၇—၁၉၁၄။ ။မက်သဒစ် အထက်တန်းကျောင်း၊ အစိုးရအသယ်တန်း စကောလားရှစ်ဆု ချီးမြှင့်ခံရခြင်း။

၁၉၁၄-၁၉၁၇ မတ်လ။ ။စိန့်ပေါ်အထက်တန်းကျောင်း၊ ၁၀ တန်း စာမေးပွဲ ပထမစွဲ၍၊ တက္ကသိုလ် စကောလားရှစ်ဆု ချီးမြှင့် ခံရခြင်း။ သို့သော် တက္ကသိုလ်၌ ပညာဆက်လက်မသင်ကြားခဲ့။

၁၉၁၇ ခုနှစ်။ ။သူရိယ သတင်းစာတိုက်တွင် ခေတ္တ အလုပ်လုပ်ခဲ့ခြင်း။ နိုဝင်ဘာလတွင်၊ငွေစာရင်းမင်းကြီးရုံး၌ အောက်တန်းစာရေးအဖြစ် စတင် အမှုထမ်းခြင်း။

၁၉၂၆ ခု၊ နိုဝင်ဘာလ။ ။ဗဟို အိန္ဒိယအစိုးရ၏ စာရင်းစစ်၊ စာရင်းကိုင် စာမေးပွဲများအောင်မြင်၍၊ ရုံးဝန်ထောက်ရာထူး တိုးမြှင့်ခံရခြင်း။

၁၉၃၁ ခုနှစ်။ ။ပုသိမ်မြို့၌ အဘိဓမ္မာတရား စတင်လေ့လာခြင်း။

၁-၁-၃၇။ ။သမထဘာဝနာ စတင်အားထုတ်ခြင်း။

၈-၁ ၁၉၃၇။ ။ကျေးဇူးရှင် ဆရာသက်ကြီးထံ ပထမဆုံးအကြိမ် သွားရောက်၍ ဝိပဿနာကမ္မဋ္ဌာန်းတရား (၇) ရက် အားထုတ်ခဲ့ခြင်း။

၁-၄-၁၉၃၇။ ။အိန္ဒိယ မြန်မာ ခွဲခွာရေးလုပ်ပြီးနောက်၊ မြန်မာပြည် စာရင်းစစ်ချုပ်ရုံး၌၊ အထူးရုံးဝန်ထောက်ရာထူးတွင် ခန့်ထားခံရခြင်း။

၂၀-၂-၄၁။ ။မီးရထားအုပ်ချုပ်ရေးအဖွဲ့၊ ငွေစာရင်းကိုင် အရာရှိအဖြစ် ရာထူးတိုးခြင်း။

၁၉၄၁ ခု၊ ဇူလိုင်လ။ ။ကျောက်ဆည်ဝေဘူချောင်၌ ကျေးဇူးရှင် ဝေဘူဆရာတော်ကို ပထမဆုံးအကြိမ် ဖူးတွေ့ခြင်း။ ဆရာတော်က ဆရာကြီးအား ပါရမီရှိသူဖြစ်၍ မိမိရရှိသည့် တရားကို သူတပါးအား ဖြန့်ဝေရန် တိုက်တွန်းခြင်း။ လက်ထောက်မီးရထားရုံပိုင်ကို တရားစပြခဲ့ခြင်း။

၁၉၄၂-၁၉၄၅။ ။ဂျပန်ခေတ်၊ ငွေစာရင်းနှင့် စာရင်းစစ်ဌာန ညွှန်ကြားရေးဝန်။

၁၆-၅-၄၅။ ။ငွေစာရင်းနှင့် စာရင်းစစ်ဝန်ထမ်း ပထမတန်းသို့ ရာထူးတိုးခြင်း။

၁၄-၁၂ ၄၅။ ။ဓမ္မစကြာတရားဟောရန်၊ ဝိပဿနာ ကမ္မဋ္ဌာန်းပြရန် ဆရာသက်ကြီးက အိပ်မက်ဖြင့် တာဝန်ပေးခြင်း။

၄-၁- ၄၀။ ။လွတ်လပ်သော မြန်မာပြည်၊ ရှေးဦးငွေစာရင်းမင်းကြီး။

၁၉၄၉ ခုနှစ်။ ။စည်သူဘွဲ့ ချီးမြှင့်ခံရခြင်း။

၂၉-၆-၅၀။ ။၁၃၁၂၊ ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့၊ နိဗ္ဗာန်ရှေးရှုသည့် တော်လှန်မှုတရားကို အသံလွှင့်ဟောကြားခြင်း။

၁၀-၁၁-၅၀။ ။ငွေစာရင်းမင်းကြီးရုံး၌၊ ဗုဒ္ဓသာသနာ့ အကျိုးဆောင် အသင်းတည်ထောင်ခြင်း၊ အသင်းဝင်ဦးရေ (၄၉၇)။ အမှုဆောင် (၂၄)။

၁-၁-၅၁။ ။ယင်း ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း။

၁၉-၆-၅၁။ ။၁၃၁၃ ခု၊ နယုန်လပြည့်နေ့၊ ဓမ္မခေတ်နှင့် ပါပခေတ် တရား အသံလွှင့်ဟောကြားခြင်း။

၁၀-၇- ၅၁။ ။ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာ ခေတ်ပညာအဖွဲ့ ဖွဲ့စည်းခြင်း၊ ၁၃၁၃ ခု၊ ဝါဆိုလပြည့်နေ့၊ ဓမ္မစကြာနေ့ အခမ်းအနား ကျင်းပခြင်း။

၁၁-၁ ၅၂။ ။၁၃၁၃ ပြာသိုလပြည့်နေ့၊ ကိုယ်ပိုင် သာသနာ့မြေဝယ်ရန် ဆုံးဖြတ်။ (၁၀ ဦးကော်မတီ ဖွဲ့ခြင်း။

၁၄-၁-၅၂။ ။အင်းယားမြိုင်လမ်းတွင်၊ မြေနေရာတွေ့ခြင်း။

၁၅-၁ ၅၂။ ။မြေနေရာ ရှာဖွေရေးအဖွဲ့ဝင်များနှင့်၊ အင်းယားမြိုင်လမ်း မြေနေရာ သွားရောက် ကြည့်ရှုခြင်း၊ စေတီတော်တည်ထားရန် နေရာမှတ်ခဲ့ခြင်း။

၂၄ ၄-၅၂။ ။သာသနာ သက္ကရာဇ် ၂၄၉၅ ခု၊ ကောဇာ သက္ကရာဇ် ၁၃၁၄ ခု၊ ကဆုန်လဆန်း ၁ ရက်တွင် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ စတင်တည်ထောင်ခြင်း။

၁-၅-၅၂။ ။၁၃၁၄ ခု၊ ကဆုန်လဆန်း (၈) ရက်နေ့၊ အင်းယားမြိုင်လမ်း ဌာနသစ်တွင်၊ ယာယီတဲများထိုး၍ တရားစတင်ပြခြင်း။

၈-၅-၅၂။ ။ကဆုန်လပြည့်နေ့တွင်၊ ဓမ္မရောင်ခြည်စေတီတော် စတင်တည်ဆောက်ခြင်း။

၁၉၅၂ ခု၊ ဇွန်လ။ ။ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိအဖြေမှန်စာတမ်း၊ မူကြမ်းကို ကျေးဇူးရှင် ဝေဘူဆရာတော်ထံ ဆက်ကပ်ခြင်း။

၆-၇-၅၂။ ။၁၃၁၄ ခု၊ ဝါဆိုလပြည့်နေ့တွင် ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိအဖြေမှန် စာတမ်း ရိုက်နှိပ်ထုတ်ဝေခြင်း။

၉–၁၁–၅၂။ ။ဓမ္မရောင်ခြည်စေတီတော် ထီးတော်တင်ခြင်း။

၂၆-၆-၅၃။ ။ငွေစာရင်းမင်းကြီးရုံးထူးမှ အငြိမ်းစားယူခဲ့ခြင်း။ ထိုနေ့မှာပင် နိုင်ငံတော် စာရင်းစစ်ချုပ်ရုံး၌ အထူးအရာရှိအဖြစ် ပြန်လည်ခန့်ထားခြင်း။

၁–၇–၅၃။ ။ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရား၊ အင်းယားမြိုင် ရိပ်သာသို့ ပင့်ဆောင်ရန်၊ ဦးဘွန်ရှိန် အား ဆရာကြီး စေလွှတ်ခြင်း။

၃–၇–၅၃။ ။ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရား၊ ရန်ကုန်သို့ ပထမဆုံး

၁၀–၇–၅၃။ အကြိမ် ကြွရောက်၍ အင်းယားမြိုင်ရိပ်သာ၌ (၇) ရက် သီတင်း သုံးတော်မူခြင်း။

၁–၉–၅၅။ ။ဦးဂိုအင်ကာ အား အင်းယားမြိုင် ၌ တရား စတင် ပြခြင်း။

၁၉၅၆-၁၉၅၇။ ။ဒေါက်တာ နော့တင်ဂန်၊ ဒေါက်တာ ရိုက်၊ မေရီယံဒစ် တို့ကို တရား ပြခြင်း။

၁၉၅၇ ခုနှစ်။ ။သရေစည်သူဘွဲ့ ချီးမြှင့်ခံရခြင်း။

၁၆ ၁၁–၅၇။ ။၁၃၁၉၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ အပြည်ပြည် [illegible]ရာ ကမ္ဘာ့ဌာန်း လုပ်ငန်းဌာနဖွင့်ခြင်း ၅ နှစ်မြောက်အထိမ်းအ[illegible] ကျင်းပခြင်း။

၁၉၅[illegible]–[illegible]။ ။[illegible]ာ ကိုးလ်မင်း၊ မစ္စတာ ကာ်း၊ မစ္စစ်ကင်း၊ ဒေါက်[illegible] [illegible]ပ်၊ ဒေါက်တာ ဂျေနီတို့ကို စတင် တရားပြခြင်း။

၁၉၆၀–[illegible]။ ။အ[illegible]ရေးလ် သံအမတ်ကြီး အီလီရာရှိဖ်ဘင်ဟို[illegible]င်နှင့် ဇနီး၊ [illegible]လေး၊ မစ္စစ်ပြူလာစမစ်နှင့် မစ္စတာ ဟိုးဗား တို့အာ[illegible] စတင် တရား ပြခြင်း။

၁၂ ၁၂ [illegible]၁။ ။အစ္စရေးလ်ဝန်ကြီးချုပ် မစ္စတာ ဂူရီယံနှင့်အဖွဲ့၊ ရိပ်သာတွင် ညှိခံ၍၊ ဗုဒ္ဓဓမ္မ လက်တွေ့တရား ရှင်းလင်း ပြခြ[illegible]။

၁၂–၂–၆၂။ ။ပြည်ထောင်စုနေ့တွင် ဒလ၊ ပျော်ဘွယ်ကြီးရွာသို့ တပည့် ပရိသတ် (၂၀) ဖြင့် သွားရောက်၍ ဆရာသက်ကြီးအား ပူဇော် ဂါရဝ ပြုခြင်း။

၂၂–၁၀–၆၄။ ။အစိုးရတာဝန်များ အားလုံးမှ အငြိမ်းစားယူခြင်း။

၁၆–၆–၆၅။ ။ရန်ကုန်မှ မေမြို့သို့ကြွရောက်၍ ဦးကိုလေးအိမ်တွင် တရက် နားနေခြင်း။

၁၇–၆–၆၅။ ။ရွှေဘို ခင်ဦး အင်ကြင်းပင်တောရသို့သွား၍ ဦးကိုလေးနှင့် အတူ သာမဏေ ဝတ်ခြင်း။

၁၈–၆–၆၅။ ။ကျေးဇူးရှင် ဝေဘူဆရာတော်ကို ဥပဇ္ဈာယ်ဆရာပြု၍ရဟန်း ဘောင် ဝင်ကြခြင်း၊ ဆရာကြီး၏ ရဟန်းဘွဲ့တော် ဦးကုသလ၊ ဦးကို လေး ၏ ရဟန်းဘွဲ့ ဦးတေဇိန္ဒ။

၂၄–၆–၆၅။ ။ဝေဘူဆရာတော်၏ ရွှေချက်သိုစေတီ၊ ပိန္နဲတိုင်ထူရာတွင် ပါ ဝင် ဆောင်ရွက်ခြင်း။

၂၆–၆–၆၅။ ။နိုင်ငံခြား သာသနာပြုကိစ္စအတွက် ဆရာတော်၏ ဩဝါဒ ခံယူခြင်း။

၂၇–၆–၆၅။ ။အင်ကြင်းပင်တောရ၊ သံဃာကုန်၊ ပရိသတ်အကုန် ဆွမ်း ကျွေးခြင်း။

၂၈–၆–၆၅။ ။ဆရာတော့်ထံတွင် သိက္ခာချ၍ လူဝတ်လဲခြင်း၊ ကောင်းမှု တော် စေတီတော် ဖူးမြော်၍၊ ကျောက်ဆည် ဝေဘူချောင်သို့ သွား ရောက်ခြင်း၊ မေမြို့ ပြန်ရောက်ကြခြင်း။

၂၉–၆–၆၅။ ။မေမြို့၊ ဦးကိုလေးအိမ်တွင် တရက်နား၍၊ ပဋ္ဌာန်းတရား ရွတ်ဖတ် ချီးမြှင့်ခြင်း။

၃၀–၆–၆၅။ ။ရန်ကုန် ပြန်ခြင်း။

၆–၇–၆၅။ ။အင်းယားမြိုင် ဝိပဿနာ အဖွဲ့ဝင် တပည့်များအား ဝေဘူ ဆရာတော် ထံမှောက်၌ ပြုခဲ့သည့် ကုသိုလ်ကောင်းမှု အစုစု အ ကြောင်းကို ပြောပြ၍၊ အမျှ ပေးဝေခြင်း။

၁၄–၁–၆၆။ ။သီဟိုဠ် မဟာဗောဓိအသင်း (မဒရပ်) မှ၊ အိန္ဒိယ နှင့် သီရိ လင်္ကာသို့ ကြွရောက်၍ ဝိပဿနာကမ္မဋ္ဌာန်း ပြသပေးရန်၊ ဘိတ် ကြား တောင်းပန်စာ ရခြင်း။

၁–၁–၆၇။ ။ဆရာကြီး၏ ဝိပဿနာဆိုင်ရာ စိတ္တသုတေသနပြုလုပ်ငန်း နှစ် (၃၀) ပြည့်မြောက်သော အထိမ်းအမှတ်နှင့် ဓမ္မရောင်ခြည် စေတီ

တော်တွင်၊ ကမ္ဘာ့ သာသနာပြုလုပ်ငန်း ဗဟိုဌာန ဖွင့်လှစ်ခြင်း (၁၅) နှစ်မြောက် အထိမ်းအမှတ်အတွက် ထူးခြားသော ဗုဒ္ဓ-ဓမ္မ၊ သံဃ ပူဇနီယပွဲများ ကျင်းပခြင်း။

၈—၁—၆၇။ ။မန္တလေးတွင် အထူးတရားတပတ်ဖွင့်လှစ်၍ ဦးဂိုအင်ကာအား ကွင်းဆင်း လက်တွေ့ တရားပြပုံ သင်ကြားပေးခြင်း။

၁၀—၄—၆၇။ ။မေမြို့တွင် အထူး တရားတပတ် ပြပေးခြင်း။

၁၉၆၈-ဇန်နဝါရီလ။ ။၂ လ ဆက်၍ ကိုယ်တိုင် အဓိဋ္ဌာန်တရားပတ် ဝင်နှင့် ဖေဖော်ဝါရီလ ခြင်း။

၂၄—၄—၆၉။ ။နိုင်ငံခြား တပည့်ကြီးများထံ မိမိရရှိထားသော တရားများကို တပါးသူများအား ပေးစေရန် တိုက်တွန်းစာများ ပေးပို့ခြင်း၊ "အဝေးမှ ထိန်းကွပ်သောစနစ်" ကို ရှင်းပြခြင်း။

၂၂—၆—၆၉။ ။ဦးဂိုအင်ကာ မိခင် မကျန်းမာ၍ အိန္ဒိယသို့ ရှုတ်တရက် ထွက်ခွာ သွားရခြင်း။

၃—၇—၆၉။ ။ဦးဂိုအင်ကာ၊ အိန္ဒိယတွင် ပထမအကြိမ် ဝိပဿနာတရားပြသ
၁၃—၇—၆၉။ ပေးခြင်း။

၂၂—၂—၇၀။ ။ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၊ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ တပည့်အပေါင်းအား နောက်ဆုံး ဩဝါဒမိန့်ခွန်း မြွက်ကြားခဲ့ခြင်း။

၁၇—၁၀—၇၀။ ။မေမြို့ ဦးကိုလေးထံ၊ ဆရာကြီး၏ မှတ်စု၊ မှတ်တမ်းများ ပေးပို့ခဲ့ခြင်း။

၂၄—၁၀—၇၀။ ။ဦးကိုလေး နှင့် ဦးချစ်တင် တို့အား ညဉ့် ၁၂-နာရီထိ၊ ကိုယ်ရေးရာအကြောင်းများ၊ တရားရှာခဲ့ပုံ၊ တွေ့ခဲ့ပုံ အကြောင်းများ ပြောပြခဲ့ခြင်း။

၁၄—၁၂—၇၀။ ။ဆရာသက်ကြီး နေ့ အထူးပူဇော်ပွဲ၊ ဆရာကြီး အား တရားပြသပေးရန်၊ ဆရာသက်ကြီးက တာဝန်ပေးခဲ့သည့်(၂၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် လက်ရွေးစဉ် တပည့်ရင်းများထံ မေတ္တာပို့ ကဒ်ပြားများ ပေးပို့ခြင်း။

၁၅—၁၂—၇၀။ ။မစ္စတာ ဟိုးဗား‌ထံ၊ တရားပြရန် ထပ်မံ တိုက်တွန်းစာ ရေးခြင်း။

၁၆—၁၂—၇၀။ ။မေမြို့ ဦးကိုလေးထံ မစ္စတာဟိုးဗား၏ စာအုပ်ရကြောင်း တယ်လီဖုန်းဆက်၍ စကား ပြောခြင်း၊ (နောက်ဆုံးနက်ဆက်ခြင်း)။

၁၆—၁—၇၁။ ။ဘုရားကြီး ခြောက်ထပ်ကြီး ကျောင်းတိုက်သို့ သွား၍ ဆရာတော်ကြီးများ ကန်တော့ခြင်း၊ အင်းယားမြို့ရိပ်သာသို့ ကြွရောက်၍ တရားအားထုတ်ရန် ပင့်ဘိတ်ခဲ့ခြင်း။

၁၇—၁—၇၁။ ။ဦးဂိုအင်ကာ၊ ဦးမြတ်ကျော်၊ ဦးလှမောင်တို့ထံ စာ ရေးသား ပေးပို့ခြင်း။

၁၈—၁—၇၁။ ။ပြင်းထန်စွာ ဝေဒနာခံစားရခြင်း၊ ညနေ (၅၊ ၂၅) တွင် ရန်ကုန်ဆေးရုံကြီးသို့ ပို့ရခြင်း။

၁၉—၁—၇၁။ ။ဝေဒနာမသက်သာ၍ နေ့လည် (၂၊ ၂၅) တွင် စေတီရိပ်သာသို့ ပြန်ယူဆောင်ခဲ့ကြခြင်း၊ (၃၊ ၂၀)တွင် ဘဝနိဂုံး ချုပ်သွား ရှာခြင်း။

၁၁—၁—၇၁။ ။နံနက်တွင် ဆရာတော် (၇၃) ပါး၊ ဆွမ်းကျွေး လှူဒါန်း ဝတ္ထုများ ဆက်ကပ်ကြခြင်း။ နေ့လည် ၂ နာရီတွင် ဆရာကြီး ရုပ်ကလာပ်ကို ကြံတောသုဿန်သို့စည်ကားသိုက်မြိုက်စွာ ပို့ဆောင်၍ မီးသင်္ဂြိုဟ်ခြင်း။ (၆) နာရီအချိန်တွင် ရန်ကုန်မြစ်ဝ၊ ပင်လယ်အဝတွင် အရိုးပြာများကို ဖြန့်ကြဲစွန့်ပစ်ခဲ့ကြခြင်း။

## (၂) ဆရာကြီးဦးဘခင် ထမ်းဆောင်ခဲ့သော အစိုးရတာဝန်ဝတ္တရားများ၊ အစိုးရဌာနကြီးများ။

| | | |
|---|---|---|
| (၁) | ၁၉၄၁ ခု ဇန်နဝါရီလ ၄ ရက်။<br>၁၉၅၃ ခု ဇွန်လ ၂၆ ရက်။ | ။မြန်မာနိုင်ငံတော် ငွေစာရင်းမင်းကြီး။ |
| (၂) | ၁၉၅၃ ခု ဇွန်လ ၂၆ ရက်။<br>၁၉၅၆ ခု မတ်လ ၁ ရက်။ | ။မြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး၊ အထူးအရာရှိ။ |
| (၃) | ၁၉၅၆ ခု မတ်လ ၁ ရက်။<br>၁၉၅၆ ခု ဩဂုတ်လ ၃၁ ရက်။ | ။ကုန် သွယ် တိုး တက် ရေး ဝန်ကြီးဌာနအထူးအရာရှိ။ |
| (၄) | ၁၉၅၆ ခု ဇွန်လ ၁၁ ရက်။<br>၁၉၆၄ ခု အောက်တိုဘာလ ၂၂ ရက်။ | ။ကူးသန်း ရောင်းဝယ်ရေး စာရင်းစစ် ညွှန်ကြားရေးဝန်။ |
| (၅) | ၁၉၅၆ ခု ဇွန်လ ၂၁ ရက်။<br>၁၉၅၉ ခု မတ်လ ၁၆ ရက်။ | နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌ။ |
| (၆) | ၁၉၅၈ ခု ဧပြီလ ၁ ရက်။<br>၁၉၆၄ ခု အောက်တိုဘာလ ၂၂ ရက်။ | ။အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ကျောင်းအုပ်ကြီး။ |

(အထက်ပါ ၁၆၀၀ိ/စား ရာထူးကြီး ( ၃၊၄၊၅၊၆) တို့ကို တချိန်တည်း သုံးလေးခု ပူးတွဲ၍ တာဝန်ယူခဲ့ရသည်။)

(၇) ၁၉၆၄ ခု အောက်တိုဘာလ ၂၂ ရက်နေ့မှစ၍ အစိုးရတာဝန်များ လုံး၀ အငြိမ်းစားယူခဲ့သည်။

**အထူးတာဝန်ဝတ္တရားများ။**

**ဖဆပလအစိုးရခေတ်။**

(က) အမြဲတမ်းကော်မတီများ။

(၁) စီမံကိန်းကော်မရှင်၊ အကြံပေးကော်မတီ။
(၂) ဝန်ကြီးချုပ်ရုံး အထွေထွေကြီးကြပ်မှုကော်မတီ။
(၃) လမ်းပန်းဆက်သွယ်ရေး ကြီးကြပ်မှုကော်မတီ။
(၄) ဗုဒ္ဓသာသနာ့ကောင်စီ အမှုဆောင်အဖွဲ့ဝင်။
(၅) ဗုဒ္ဓသာသနာ့ကောင်စီ၊ဝိပဿနာကမ္မဋ္ဌာန်း၊ဆပ်ကော်မတီဥက္ကဋ္ဌ။
(၆) ဆဋ္ဌသံဂါယနာ အကြံပေးအဖွဲ့ဝင်။

**(ခ) ယာယီကော်မတီများ။**

(၁) နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ကော်မရှင်။
(၂) ပြည်သူ့ထောက်ပံ့ရေး၊ စုံစမ်းရေးကော်မတီ။
(၃) သွင်းကုန်လုပ်ငန်း စုံစမ်းရေးကော်မတီ။
(၄) ဘုတ်အဖွဲ့များ စုံစမ်းရေးကော်မရှင်။

**အိမ်စောင့်အစိုးရခေတ်။**

(၁) ဘုတ်၊ ကော်ပိုရေးရှင်းအားလုံး၌ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ ဘတ်ဂျက်စနစ် အသုံးပြုရေး တည်ထွင်ခြင်း။
(၂) ဘီအိုစီကုမ္ပဏီ၊ ဘဏ္ဍာရေးအခြေအနေ သုံးသင်ခြင်း။
(၃) မော်ချီးသတ္တုတွင်းကုမ္ပဏီ အခြေအနေသုံးသပ်ခြင်း။
(၄) အဲဗင်းစ်ဆေးဝါးကုမ္ပဏီနှင့် မြန်မာပြည် ဘီဘီအိုင်ဆောင်ရွက်မှုများ စုံစမ်းခြင်း။

**တော်လှန်ရေးအစိုးရခေတ်။**

အထက်ပါ ကော်မတီလုပ်ငန်းအချို့အပြင်၊ ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေး ကော်မတီ အဖွဲ့ဝင်အဖြစ် ၁၉၆၂ ခုနှစ်မှ ပါဝင်ခဲ့၍၊ ဥက္ကဋ္ဌ ဦးလွန်းဘော်ကွယ်လွန်သောအချိန်မှ ၁၉၆၇ ခုနှစ် ဇန်နဝါရီလအထိ ယာယီသဘာပတိအဖြစ် ထမ်းရွက်ခဲ့ရသည်။

## ၃။ အင်းယားမြိုင် ဓမ္မရောင်ခြည် စေတီတော်၊ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၏ ကမ္ဘာ့သာသနာပြုလုပ်ငန်းစဉ်ကို အားပေးချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော် သံဃာတော်များ

### (က) ကျေးဇူးတော်ရှင် ဝေဘူဆရာတော်

ဆရာကြီး ဦးဘခင် ဦးစီးသော ငွေစာရင်းမင်းကြီး ဝိပဿနာအသင်းက ပင့်လျှောက်ထားသဖြင့် ပထမဆုံးအကြိမ် ရန်ကုန်သို့ ၁၉၅၃ ခု၊ ဇူလိုင်လ ၃ ရက်နေ့တွင် ကြွတော်မူလာသည်။ (၁၀-၇-၅၃) နေ့ထိ အင်းယားမြိုင် ဓမ္မရောင်ခြည် စေတီရိပ်သာ၌ နောက်ပါသံဃာတော် ၁၀ ပါးနှင့်အတူ သီတင်းသုံးတော်မူသည်။ ဓမ္မရောင်ခြည် စေတီတော်မှစတင်၍ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းကို တိုးဆင့် ခေတ်ဖွင့်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ၁၉၅၅ ခု၊ မေလ ၁၀ ရက်၊ ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ ၁၉၅၈ ခု၊ ဧပြီလ ၅ ရက်နေ့များတွင် ရန်ကုန်သို့ ကြွရောက်တော်မူလာတိုင်း အင်းယားမြိုင်ရိပ်သာသို့ ကြွရောက် ချီးမြှင့်တော်မူခဲ့သည်။ ၁၉၆၀ ခု၊ မေလ ၅ ရက်နေ့မှ ၁၀ ရက်နေ့ထိ မြစ်ဝကျွန်းပေါ်မှ ပြန်ကြွခဲ့ပြီးနောက် အင်းယားမြိုင်ရိပ်သာတွင် ၅ ရက်တိုင်သီတင်းသုံး၍ တရားချီးမြှင့်တော်မူခဲ့သည်။ နိုင်ငံခြားသားများ သရဏဂုံဆောက်တည်၍ သူတော်စင်ဖြစ်လာကြသည်ကို အားရဝမ်းသာတော်မူလှ၍ ဆရာကြီး၏ နိုင်ငံခြားသာသနာပြုလုပ်ငန်းကြီးကို အထူး အားပေးတော်မူခဲ့သည်။ "ဒီမျှား သာသနာပြုလုပ်ငန်းဟာ ဒီဌာနက အစပြုခဲ့တာဗျာ"ဟု အကြိမ်ကြိမ်မိန့်မြွက်တော် မူခဲ့သည်။

### (ခ) ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး

ဆရာကြီး၏ သာသနာပြုလုပ်ငန်းကို ၁၉၅၀ ခုနှစ်ကစ၍ပင် အားပေးချီးမြှောက်တော်မူခဲ့ပေသည်။ အိန္ဒိယအမျိုးသားအရာရှိ ၂ ဦး ဗုဒ္ဓဘာသာဝင်ဖြစ်လာသည့် အထိမ်းအမှတ်ပူဇော်ပွဲသို့ ၁၉၅၀ ခုနှစ်က ငွေစာရင်းမင်းကြီးရုံးဘုရားခန်းသို့ ကြွရောက်တော်မူခဲ့သည်။ ၁၉၅၂ ခုတွင် အင်းယားမြိုင်လမ်း ပဋိပတ္တိလုပ်ငန်းဌာနကို တည်ထောင်ဖွင့်လှစ်ပြီးနောက် စေတီရိပ်သာသို့ အကြိမ်ကြိမ်ကြွရောက်တော်မူ၍ နိုင်ငံခြားသားများ တရားပြသပေးသည်ကို အားပေးချီးမြှောက်တော်မူခဲ့သည်။ အထူးသဖြင့် ၁၉၅၆ ခု၊ ဓမ္မရောင်ခြည်စေတီတော်၏ ၄ နှစ်မြောက် အထိမ်းအမှတ်ပွဲတော်နှင့် ၁၉၆၀ ခု၊ နတ်တော်လ ပူဇော်ပွဲသို့ ကြွရောက်၍ အထူးအားပေးတော်မူခဲ့သည်။

(ဂ) ဆရာကြီး၏ နိုင်ငံခြားသာသနာပြုလုပ်ငန်းတွင် စိတ်ဝင်စားလျက် စုံစမ်း စစ်ဆေး ကျေနပ်နှစ်သက်တော်မူကြပြီးနောက် အစဉ်သဖြင့် အားပေး ချီးမြှင့်တော်မူခဲ့ကြသော အခြား ကျေးဇူးတော်ရှင် ဆရာတော် သံဃာ တော်များမှာ –

၁။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ နှစ်ကျိပ်ရှစ်ဆူဆရာတော်၊
၂။ သရက်တော ဥယျာဉ်တိုက် အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော်၊
၃။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီး ခြောက်ထပ်ကြီးဆရာတော်၊
၄။ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဗဟန်း ကန်ဦးဆရာတော်၊
၅။ အမရပူရ မဟာဂန္ဓာရုံ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဇနကာဘိဝံသ၊
၆။ မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးဝိသုဒ္ဓ၊
၇။ စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာ တော် ဦးဉာဏုတ္တရ အစရှိသော ဂိုဏ်းပေါင်းစုံ မဟာနာယက၊ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ကြီးများ ဖြစ်ကြပါသည်။

### ၄။ နိုင်ငံတော်ငွေစာရင်းမင်းကြီးရုံး ဝိပဿနာလုပ်ငန်းဌာန၊ အင်းယားမြိုင်လမ်း

### တရားအားထုတ်သူများ လိုက်နာရန် လိုလားအပ်သည့် အချက်များ

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် ပါရှိသည့်နည်းအတိုင်း သီလ၊ သမာဓိ၊ ပညာ လုပ်ငန်းများကို သင်ကြားပြသမည်ဖြစ်၍ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သံသ ယမရှိစေရ။ သံသယရှိနေလျှင်လည်း တရားအားထုတ်ရာ၌ ကျေးဇူးများ မည်မဟုတ်။
၂။ တရားအားထုတ်သည့် အချိန်ကာလအတွင်း မိမိတို့ စွဲလမ်းလိုက်စားခဲ့သော အခြား အယူဝါဒများကို စွန့်ပစ်ထားရမည်။ အထူးသဖြင့် လောကီပညာ ဖြင့် စီရင်ထားသော အင်းအိုင် ခလှဲ့ လက်ဖွဲ့ ပုတီး စသည် တို့ကို ကိုင် ဆောင်၍မထားရ။
၃။ ဤနေရာဌာနသို့လာရောက်၍ တရားအားထုတ်ရန်ခဲယဉ်းစွာရရှိသော အခွင့် အရေးကို ရိုသေလေးစားစွာ အသုံးပြုကြပါ။
၄။ အချင်းချင်း စကားပြောခြင်းကို ရှောင်ရှားနိုင်သရွေ့ ရှောင်ရှားခါ နှလုံး သွင်းလျက်ရှိသော တရား၌ အာရုံမလွတ်စေရန် အထူးသတိပြုကြပါ။
၅။ တရားအားထုတ်ရာ၌ မိမိတို့ တွေ့ကြုံရသည်တို့ကို တိကျမှန်ကန်စွာ ဆရာ့ ထံတွင် အနည်းဆုံး တနေ့လျှင် တကြိမ် အစစ်ခံရမည်။

၆။ နံနက်စောစောနှင့် ညဥ့်ဦးတိတ်ဆိတ်ချိန်များတွင် ပို၍ အားထုတ်နိုင်ရန် အထူးဂရုစိုက်ကြရမည်။ ဤလုပ်ငန်း၌ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ ဟုဆိုအပ်သော အဓိပတိတရား ၄ ပါး ရှေ့ရှုထား၍ အားတုတ်မှသာ လိုရာခရီးသို့ ရောက်နိုင်မည်ကို သတိပြုကြပါ။

၇။ လောကီကျေးဇူးကို အာရုံပြု၍ တရားအားထုတ်ပါက ကျေးဇူးများမည်မဟုတ်။ သံသရာဝဋ်မှလွတ်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ အာရုံပြု၍ တရားအားထုတ်ပါလေ။

(အရေးကြီးသောကိစ္စများ ပေါ်ပေါက်လာမှု ဆရာအား အချိန်မရွေးအကြောင်းကြားစေလိုသည်။)

ဥက္ကဋ္ဌ၊ ဝိပဿနာလုပ်ငန်းဌာန

× × ×

သင့်ဘဝမဂ္ဂဇင်း၊ အတွဲ ၁၇၊ အမှတ် ၇၊ စာမျက်နှာ ၂၆

**၅။ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့သာသနာပြုပုဂ္ဂိုလ်ထူး "ဆရာကြီး" သို့**

ဇေယျာမောင်

၁၃၃၂ ခုနှစ် တပေါင်းလပြည့်ကျော် (၇) ရက်။ ၁၉-၃-၇၁ နေ့သည် သရေစည်သူ ဆရာကြီး ဦးဘခင်ကွယ်လွန်ခဲ့ပြီး (၂)လပြည့်မြောက်သောနေ့ဖြစ်ပေသည်။ တပေါင်းလပြည့်ကျော် (၁၁)ရက်နေ့တွင် ဆရာကြီး၏အသက် (၇၂)နှစ် တင်းတင်းပြည့်မည်။ ရာထောင်များပြားသည့် တပည့်များအတွက် သရေစည်သူ ဂုဏ်ထူးဝိသေသထက် "ဆရာကြီး" ဟူသော ဂုဏ်ပုဒ်ကို ပို၍မြတ်နိုးကြသည်။ ပို၍အဓိပ္ပာယ်လေးနက်သောကြောင့် ဖြစ်သည်။

ငွေစာရင်းမင်းကြီးအဖြစ် အလုပ်ခွင်၌ ဆရာကြီးနှင့် ဆရာတပည့်ဖြစ်ခဲ့ကြသည်။ ကူးသန်းရောင်းဝယ်ရေး စာရင်းဌာနတွင်လည်း လုပ်ငန်းအရ ဆရာတပည့်အဖြစ်ဆက်ဆံခဲ့ကြသည်။ စာရင်းစစ်သင်တန်း ကျောင်းတွင်မူ စာသင်သား တပည့်အနေဖြင့် လေးစားခဲ့ကြသည်။ ၁၉၅၀ ခုနှစ်တွင် ငွေစာရင်းမင်းကြီးရုံး၌ ဝိပဿနာကမ္မဋ္ဌာန်းလုပ်ငန်း စတင်ခဲ့သည်မှ လောကီရေးရာလုပ်ငန်းခွင်ဆရာသာ မဟုတ်တော့ဘဲ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတရားမြတ်ကို လက်တွေ့ပြသပေးသည့် ဓမ္မဆရာ ဖြစ်လာပြန်သည်။ ထို့ကြောင့် စာရင်းစစ်ဌာနခွဲပေါင်းစုံ၊ အစိုးရဌာန၊ ဘဏ်၊ ကော်ပိုရေးရှင်း၊ ကျောင်းအသီးသီးမှ ၎င်း၏တပည့်တပန်းများအတွက် နာယကဂုဏ်နှင့်ပြည့်စုံသည့် ဌာနအကြီးအကဲတယောက်အဖြစ်သာ ကြည်ညိုလေးစားခဲ့ကြသည်မဟုတ်၊ သံသရာဝဲသြဃတွင် ထောက်တည်ကိုးကွယ်ရာ ဆရာကြီးအဖြစ် ယုံကြည်အားထားမှီခိုဆည်းကပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

စာရေးသူအနေဖြင့်မူ လောကဓံ၏ အထုအနှက်ကို ကြံ့ကြံ့ခံနိုင်စေသော၊ နိဗ္ဗာန်ချမ်းသာသို့ ပို့ဆောင်ပေးနိုင်စွမ်းသော ဗုဒ္ဓ၏တရားထူး တရားမြတ်ကို လက်တွေ့ပြသ ပေးသနားခဲ့သည့် ပဋိပတ္တိအရာ သင်ဆရာကြီးအဖြစ် ၁၉၆၀ ခုနှစ်မှစ၍ မြတ်နိုးကြည်ညိုခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီး၏ ထူးခြားသော ပါရမီနှင့် ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သော သာသနာ့ပြုလုပ်ငန်းများကို လွန်ခဲ့သော (၁၀)နှစ် အတွင်းက ဆရာကြီးအား နီးနီးကပ်ကပ်ပူဇော်ဆည်းကပ်ခဲ့ရာမှ သိရှိခဲ့ရသည့်အလျောက် အမှတ်တရ ဂုဏ်ပြုမှတ်တမ်းတင်လိုပါသည်။

ဗုဒ္ဓသာသနာ ထွန်းပြောင်အခြေစိုက်ပြီးဖြစ်သည့် မြန်မာနိုင်ငံတွင် သာသနာ အဓွန့်ရှည်စွာ တည်တံ့စေရန် ဆောင်ရွက်မှုများကိုတကဏ္ဍ။ သာသနာရောင်ဝါ မထွန်းလင်းသေးသော သို့မဟုတ် မှေးမှိန်ကွယ်ပျောက်ခဲ့သော တိုင်းပြည်များအတွက် ကြိုးစားလုပ်ဆောင်မှုများကို တကဏ္ဍဟူ၍ ဆရာကြီး၏ သာသနာပြု လုပ်ငန်းများကို (၂)ပိုင်းခွဲခြား၍ သိမြင်ကြရပေမည်။

ငွေစာရင်းမင်းကြီး ရုံးခန်းငယ်တွင် ဝိပဿနာတရား စတင်ပြသရာမှ အင်ယားမြိုင်လမ်းရှိ ဓမ္မရောင်ခြည်စေတီတော်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ ကမ္မဋ္ဌာန်းလုပ်ငန်းကြီးကို တည်ထောင်ဦးစီးပေးသည့်အထိ စည်ပင်တိုးတက်လာပုံမှာ ဆရာကြီး၏ ပြည်တွင်းသာသနပြု ကြိုးပမ်းမှုအတိုင်းအတာပင်ဖြစ်ပေသည်။

ပြည်ပဆောင်ရွက်မှုအနေဖြင့် ဗာရာဏသီတက္ကသိုလ် အရှင် ရေဝတဓမ္မ (အမ်၊ အေ၊ ပီ၊ အိပ်ချ်၊ ဒီ)က ဆရာကြီးထံ ၁၉၇၀ ခု၊ ဒီဇင်ဘာလအတွင်းမှ ပေးပို့လိုက်သော စာတစောင်မှ ကောက်နှုတ်ချက် အနည်းငယ်ကို တင်ပြလိုပါသည်။ အရှင်ရေဝတမှာ ဗုဒ္ဓသာသနာ့အဖွဲ့မှ အိန္ဒိယသို့ ပညာတော်သင် စေလွှတ်ခဲ့သော မြန်မာရဟန်းတော်တပါး ဖြစ်ပါသည်။

''ဦးဂိုအင်ကာ၏ ဝိပဿနာ လုပ်ငန်းများ အတော်အောင်မြင် သဖြင့် အိန္ဒိယမှပုဂ္ဂိုလ်များက ဒါယကာကြီးအားတွေ့လို၊ ဒါယကာကြီး တရားနည်းလမ်းများ ကျင့်လိုနေကြပါသည်။ ယခုအခါ ဗုဒ္ဓဂါယာတွင် ဦးဂိုအင်ကာထံ အမေရိကန်နှင့် ဥရောပတိုက်သား ယောဂီ (၅၀)ကျော် တရားလေ့ကျင့်နေကြတာတွေ့ရပါသည်။ သို့အတွက် အိန္ဒိယသာသနာရေးကိစ္စတွင် ဦးဂိုအင်ကာ၏ ဆောင်ရွက်ချက်များသည် အလွန်အလွန် တန်ဘိုးရှိပါသဖြင့် ဒါယကာကြီးအတွက် အားကိုးစရာ တပည့်ကောင်းတယောက် ဖြစ်ပါတော့သည်။''

ဦးဂိုအင်ကာ၏နည်းတူ အမေရိကန်မှ စက်မှုလက်မှုသိပ္ပံပါရဂူ မစ္စတာ ဟိုးဗားသည်လည်း ဆရာကြီးထံသို့ အကြိမ်ကြိမ်လာရောက် တရားဆည်းပူးခဲ့၍ ပါရမီပြည့်ဝသူဖြစ်သည့်အလျောက် ဆရာကြီးကိုယ်စား အမေရိကန်တွင် တရား ပြသပေးရန် တာဝန်လွှဲအပ်ခံရသူ ဖြစ်ပေသည်။ ဆရာကြီး၏ ဈာပနကိစ္စ ဆောင်ရွက်ရသည့်နေ့တွင်ပင် ဆရာကြီး၏ ညွှန်ကြားချက်အတိုင်း ကာလီဖိုးနီး ယားတွင် တရားများကိုပြသရန် စီစဉ်နေပြီဖြစ်ကြောင်း ၎င်းထံမှ အကြောင်း ကြားစာ ရောက်လာပေသည်။

ဆရာကြီး၏ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းကြီးကို ကမ္ဘာ့အရပ် ရပ်မှ အာရုံစူးစိုက် စိတ်ဝင်စားခဲ့ကြသည်။ အင်္ဂလန်၊ အမေရိကန်၊ ဟော်လန်၊ ဆွီဒင်၊ ဂျာမနီ၊ ပြင်သစ်၊ တောင်အမေရိက၊ စကာပူ၊ ဟောင်ကောင်၊ ဟိုနိုလူလူ၊ သြစတြေးလျ၊ အိန္ဒိယ၊ ယိုးဒယားစသော တိုင်းပြည်နိုင်ငံအသီးသီးမှ ထာဝရငြိမ်းချမ်းရေးလိုလားသူ အမြောက်အမြား ဆရာကြီးထံပါးသို့ချဉ်းကပ် ၍ တရားယူသွားခဲ့ကြပေပြီ။ ဆရာကြီးကွယ်လွန်သည့်နေ့တိုင်အောင် ကမ္ဘာ တဝှမ်းမှ စာဖြင့်၎င်း၊ လူကိုယ်တိုင်၎င်း၊ ဆက်သွယ်စုံစမ်း ဩဝါဒခံယူ ခဲ့ကြ ပေသည်။

မြန်မာပြည်တွင် ရန်ကုန်၊ မန္တလေး၊ မေမြို့၊ တောင်ကြီး၊ တောင်ငူ အစရှိသော မြို့အသီးသီးမှ အိန္ဒိယန္နယ်ဘွား အမျိုးသား အမြောက်အမြားလည်း ဆရာကြီး၏ မေတ္တာစေတနာခံယူ၍ သရဏဂုံ ဆောက်တည်သွား ခဲ့ကြပေ၏။ ဦးဂိုအင်ကာနှင့် မစ္စတာဟိုးဗားတို့သည် ဆရာကြီး၏ နိုင်ငံခြားသာသနာပြု လုပ် ငန်းကို အကောင်အထည်ဖော်ပေးရန် ဤပရိသတ်ထုမှ ပေါ်ထွန်းလာခဲ့သော သားကောင်း (၂)ယောက် ဖြစ်ပေသည်။

ဤလုပ်ငန်းကြီးများသည် မြန်မာတမျိုးသားလုံးအား ဂုဏ်ယူကြရမည့် ဆောင်ရွက်မှုကြီးများဖြစ်ပေရာ ဆရာကြီးအား မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့သာ သနာပြု ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါပေသည်ဟု မှတ်တမ်းတင်ဂုဏ်ပြု ကန်တော့ လိုက်ရပေသည်။ ။

ရန်ကုန်မြို့ အင်းယားမြိုင်လမ်း၊ အပြည်ပြည်ဆိုင်ရာပဋ္ဌိပတ္တိလုပ်ငန်းဌာန တရားပြဆရာကြီး သရေစည်သူ ဦးဘခင်အား ရည်စူးလျက် ရေးသားအပ်သော ၆။ "ဂုဏ်ပြုစာတမ်း" မဟာဗောဓိဂျာနယ် အထူးထုတ်။

(ရေးသူ–ဦးကိုလေး မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ၊ အငြိမ်းစား။)

မဟာရန်ကုန် နယ်မြေအတွင်း ခေတ်ဆန်သည့် လူနေရပ်ကွက်တခု ဖြစ်သော အင်းယားမြိုင်လမ်း၌၊ လမ်းနှင့် ကိုက် (၂၀၀) ခန့်အကွာ တောင်ကုန်းကမူကလေးပေါ်တွင် ၁၉၅၂–ခုနှစ် မြန်မာနိုင်ငံငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့မှ ကြီးမှူးလျက် တည်ထားပူဇော်ခဲ့သော စေတီတဆူကို ဖူးတွေ့နိုင်ပေသည်။ အဖွဲ့၏ ဥက္ကဌအဖြစ်နှင့် ဘာသာရေးဆိုင်ရာ လမ်းညွှန်မှု ပေးနေသော ပုဂ္ဂိုလ်မှာ ဆရာကြီးဦးဘခင်ပင် ဖြစ်ပါ၏။ ဆရာကြီးသည် အဆိုပါ ဝိပဿနာအဖွဲ့ စတင်တည်ထောင်သည်မှ၊ ၁၉၇၁ ခုနှစ် ဇန်နဝါရီလ (၁၉) ရက်နေ့ ကွယ်လွန်ချိန်အထိပင် ကမ္မဋ္ဌာန်းတရားပြ လုပ်ငန်းကို ဆောင်ရွက်သွားခဲ့သော ဆရာတဆူ ဖြစ်လေသည်။

တောင်ကမူအထက်ပိုင်း ပတ်လျက်ရှိသော ကမ္မဋ္ဌာန်း ဂူငယ်များ၏ အပေါ်ဘက် အလယ်တည့်တည့်တွင်၊ ရွှေရောင် တဝင်းဝင်းဖြင့် သပ္ပာယ်စွာ ဖူးမြော်ရသော အဆိုပါ စေတီသည် ဓမ္မရောင်ခြည်စေတီဟု ခေါ်တွင်ပြီး အပြည်ပြည်ဆိုင်ရာ ပဋ္ဌိပတ္တိလုပ်ငန်းဌာန၏ အချက်အချာနေရာနှင့် အဖွဲ့တည်ရာ နေရာဖြစ်ပေသည်။ အမှန်တရားနှင့် ငြိမ်းအေးမှုတို့ကို ရှာဖွေနေသူ သံသရာ ခရီးသည်တို့အား လမ်းကြောင်းပြသည့် မီးရှူးတိုင်အဖြစ်လည်း တည်ရှိနေပေသည်။

ဤစေတီနှင့် ကမ္မဋ္ဌာန်းဌာနတို့၏ သမိုင်းကား၊ တရားဓမ္မထွန်းကားရေး အတွက် ရည်ရွယ်လျက် ကိုယ်ကျိုးမဖက်၊ ဘဝကိုနှစ်မြှုပ်ကာ ကြိုးပမ်း၍ တရားပြခဲ့သော ဆရာကြီးဦးဘခင်၏ အကြောင်း အတ္ထုပ္ပတ္တိနှင့် တသားတည်းပင် ဆက်စပ်နေပါ၏။ ဆရာကြီးသည် ဘုရားဟောတော်မူသော တရားကို သဘောပေါက်သိရှိရာ၌ နက်ရှိုင်းစွာ ထိုးထွင်းသိမြင်သော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ တရားရှာဖွေ ဆည်းပူးရာတွင် ခေတ်မီစွာ သိပ္ပံနည်းကျ ရှာဖွေနိုင်ခဲ့သည်။ ကျမ်းဂန်လာ တရားတို့ကို မိရိုးဖလာယုံကြည်မှုလောက်ဖြင့် တင်းတိမ်နေသူ မဟုတ်မူဘဲ၊ မိမိကိုယ်တိုင် ကမ္မဋ္ဌာန်းကို လက်တွေ့ကျင့်ကြံ အားထုတ်ကာ၊ မိမိ ခံစားသိမြင်ရသော ဓမ္မရသ၏ အကျိုးကျေးဇူးကြောင့် တရားတော်ကို ခိုင်မြဲသော အသိ၊ မယိမ်းယိုင်သော သဒ္ဓါတရားတို့ဖြင့် လှိုက်လှိုက်လှဲလှဲ ကြည်ညိုလက်ခံသူပင် ဖြစ်ပေ၏။

ဆရာကြီးသည် ဝိပဿနာကမ္မဋ္ဌာန်းကို နိုင်ငံ့ဦးသျှောင် အကျော်အမော် တပါးဖြစ်သော လယ်တီဆရာတော်၏ တပည့်တဦးဖြစ်သူ ဆရာကြီး ဆရာသက်ထံမှ နည်းနာခံခဲ့ရသည်။ ကမ္မဋ္ဌာန်းတရားကို တတ်စွမ်းသ၍ ကြိုးစားအားထုတ်ခြင်းဖြင့် အတော်အတန် ရင့်ကျက်လာသောအခါတွင်၊ ဆရာကြီး ဆရာသက်က ... "မိမိကွယ်လွန်ပြီးနောက်၌ တရားတည်းဟူသော မီးရှူးတန်ဆောင်ကို ဆက်လက် ထွန်းညှိနိုင်မည့်သူ ဖြစ်လေပြီ" ဟု ဆရာကြီးဦးဘခင်အား အာစရိယဂုဏ်ထူး ဖော်ကျူးလျက် တရားလုပ်ငန်းဆောင်ရွက်ရေးအတွက် အပ်နှံခဲ့ဘူးလေသည်။

သို့သော် ဆရာကြီးသည် ထိုအချိန်၌ တရားပြသမှုကိစ္စကို စတင်ဆောင်ရွက်ခြင်း မပြုသေးချေ။ ရဟန္တာဟုကျော်ကြားလျက် ပြည်သူအများ ယုံကြည်ပူဇော်မှုပြုနေသော ဝေဘူဆရာတော်ဘုရားအား ၁၉၄၁ ခုနှစ်အတွင်း၌ ဖူးတွေ့ခွင့်ရသည့် အချိန်သို့ ရောက်မှသာ... တရား ပြတော့မည်ဟူသော သန္နိဋ္ဌာန်ကို ချမှတ်ခဲ့ပါလေသည်။

ဆရာကြီး၏ လမ်းညွှန်ပြသမှုမှာ ဘုရားဟောနှင့် စိုးစဉ်းမျှ တိမ်းပါးလွဲမှားခြင်း မရှိပါချေ။ သို့သော် လက်တွေ့တရား ပြသရာ၌ကား၊ လက်တွေ့မနားတမ်း သုတေသနလုပ်ပြီးမှ အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်သော၊ ခေတ်နှင့်လည်း လျော်ညီသောနည်းကို လက်သုံး ထားလေသည်။

မျက်မှောက် ခေတ်သစ်တွင် အိမ်ထောင်သည် လူဝတ်ကြောင် တို့အား ဆုံးမ ဩဝါဒကောင်းများ ပေးပြီး လမ်းမှန်သို့ဆောင်ရန် လိုအပ်နေသည်ကို ဆရာကြီးက မျက်ခြည် မပြတ်ခဲ့ပေ။ လောကီလူ့ဘောင်ကို စွန့်ခွာထားသော ရဟန်းများအတွက် သက်ဆိုင်ရာ ပညတ်ချက် သိက္ခာပုဒ်များ ရှိနေပေသည်။ သို့သော် ရဟန်းသံဃာတို့အတွက် ပညတ်ချက်သည် လူဝတ်ကြောင်တို့ အတွက် တထပ်တည်း ဆီလျော်နိုင်မည် မဟုတ် ဟူ၍လည်းကောင်း၊ ခေတ်လူသည် ရဟန်းသံဃာ ကဲ့သို့ ကျင့်သုံးရမှုကို ခြွင်းချက်မရှိ လိုက်နာနိုင်မည်မဟုတ် ဟူ၍လည်းကောင်း၊၊ ဆရာကြီး ကောင်းစွာ သဘောပေါက်ခဲ့သည်။ ဤတွင် ဆရာကြီးသည် ဝိပဿနာ သုတေသနအဖွဲ့ကို ဖွဲ့စည်းကာ ဝိပဿနာကမ္မဋ္ဌာန်း လေ့လာစူးစမ်းမှုများ ပြုရန် စိုင်းပြင်းလေတော့၏။ သို့ဖြင့် ငွေစာရင်းမင်းကြီးဘဝတွင် ငွေစာရင်းမင်းကြီးရုံး အထူး သီးသန့်ခန်းထဲ၌ တရား အားထုတ် လေ့လာရာ မိမိ လက်စွဲပြုနိုင်သော ရလဒ်များ ပေါ်ထွက်လာလေတော့သည်။ ယင်းအကျိုးကျေးဇူးများဖြင့် ဆရာကြီးသည် ဗုဒ္ဓတရားတော်ကို လူဝတ်ကြောင် တို့အား တွေ့သိအောင် ကြိုးစားဖေရာဘွင့် စနစ်လည်းကျ၊ သိပ္ပံနည်းလည်းဆန်ပြီး၊ခေတ်လူတို့၏ စိတ်ကြိုက်လည်း ဖြစ်ခဲ့ကြောင်း မျက်မြင်ကိုယ်တွေ့ ကြုံရပါသည်။ ဆရာကြီး၏ ဝိပဿနာနည်းနာ နိဿယမှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးစလုံး

အကျုံးဝင်လျက်၊ ယင်းတို့၏ အစပ်ထည့်ခြင်း၊ စနစ်ကျ၊ အချိုးကျခြင်း တို့ကြောင့် အချိန်တိုတို အားထုတ်မိရုံဖြင့် မျှော်လင့်ထားသော အဆင့်များ သို့ ကျေနပ် နှစ်သိမ့်စွာ ရရှိနိုင်သည့်နည်းပင် ဖြစ်ပါ၏။

နိုင်ငံခြား ပညာရှင်များနှင့် အဖွဲ့အစည်းများသည် ဆရာကြီးနှင့် ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလကပင် ဆက်သွယ်မိခဲ့သည်။ ထိုအချိန်က ရန်ကုန် မြို့၊ အလံပြဘုရားလမ်း ရှိ မက်သဒစ် ဘုရားရှိခိုးကျောင်း၌ အမေရိကန်ဘာသာရေး သုတေသီတစုဖြစ်သော စက်မှုလက်မှုနှင့် စီးပွားရေးမစ်ရှင်အဖွဲ့ကို ၎င်းတို့မိသား စုများနှင့်တကွ ဆရာကြီးကိုယ်တိုင် "ဗုဒ္ဓဘာသာဆိုတာ ဒါဘဲ..." ဟူသော တရား ဟောကြားခဲ့လေသည်။

ထို့နောက် "ဗုဒ္ဓဘာသာဆိုတာ ဒါဘဲ" ဟူသည့် ဟောကြားချက်များသည် နှုတ်မြွက်စကားများမှသည် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၏ လုံးပမ်းမှုကြောင့် ပုံနှိပ်စာလုံးဖြင့် စာအုပ်ငယ်တအုပ်အဖြစ်သို့ ကူးပြောင်းလာခဲ့သည့်ပြင် ကမ္ဘာ့အရပ်ရပ်ရှိ ဗုဒ္ဓဘာသာအဖွဲ့များနှင့် မြန်မာသံရုံးများသို့ ပျံ့နှံ့သွားခဲ့လေသည်။ ထို့နောက် ဆရာကြီးသည် ဘုရားရှင်၏ ဘဝဖြစ်တော်စဉ်နှင့် ဘုရားဟော တရားများကို အကြိမ် အနည်းငယ် ဆက်လက် ဟောကြားခဲ့သေး၏။ သို့သော် ဆရာကြီးအဖို့ တရားကို နှုတ်ဖြင့် ရှင်းပြသော အလုပ်သည် အဓိက ရည်ရွယ်ချက် မဟုတ်ချေ။ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ခြင်းဖြင့် စိတ်ဓာတ် သန့်ရှင်းပြီး ဒုက္ခအစစ်ကိုသိကာ ကိုယ်တွင်း၌ ငြိမ်းအေးမှုရအောင် ရိုးရိုးသားသား တရား ရှာလိုကြသူတို့အတွက် ကူညီရန်သာပဓာနထားလျက် ဆောင်ရွက်ခဲ့လေသည်။ မိမိကိုယ်တိုင် စမ်းသပ်ရှာဖွေခဲ့သော တရားပြသပုံ နည်းစနစ်မှ အံ့ဩဘွယ်ရလဒ်များ ထွက်ခဲ့သည်ကို တွေ့မြင်ရသည့် ဆရာကြီးသည်၊ ဘဝ နိဂုံးချုပ်သည်အထိ၊ ဝိပဿနာတရားတွင် အဟောသမားထက်၊ အလုပ်သမား လက်တွေ့သမားအဖြစ်သာ ခံယူထားနိုင်ခဲ့သူ ဖြစ်ပါလေသည်။

ဤသို့ဖြင့် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနသည် ကမ္ဘာ့အရပ်ရပ်မှ အမှန်တရားရှာဖွေသူတို့ ကျက်စားရာဌာန၊ ငြိမ်းအေးမှုနှင့် ဘဝရည်မှန်းချက် ပြည့်ဝရေးအတွက်၊ အားထားရာဌာန ဖြစ်ခဲ့ရပေသည်။ ထို့ကြောင့်လည်း ဆရာကြီးသည် အစိုးရတာဝန်များစွာကို ထမ်းဆောင်နေရင်းကပင် အချိန်လု၍ နိုင်ငံခြားသားတို့အား ငြိမ်းအေးမှုနှင့် ချမ်းသာသုခကို ယင်းတို့ ကိုယ်တွင်း၌ ရှာဖွေတွေ့သိအောင် ကူညီပေးခဲ့လေသည်။

နိုင်ငံခြားမှ လာရောက်ကာ တရားအားထုတ်ပြီးနောက် ဆရာကြီး၏ တပည့်ဖြစ်သွားသူများမှာ အရေအတွက်လည်း များ၏။ လူမျိုးစုံလည်းပါဝင်နေ၏။ ထိုအထဲတွင် ရှေးဦးစွာ တရားတွေ့သွားခဲ့သူ ဥရောပတိုက်သားများမှာ ဟော်လန်ပြည်၊ ဟေ့ဂ်မြို့မှ နယ်သာလင် ဗုဒ္ဓဘာသာအသင်း၊ ဥက္ကဋ္ဌမစ္စတာဂျေ၊

ဗန်း၊ အမွာစ်ဖုတ်ပင် ဖြစ်ပါလိမ့်မည်။ သူသည် ထိုစဉ်က အရှေ့ဖျားနိုင်ငံတို့တွင် အလုပ်ကိစ္စရှိ၍ ထွက်ခဲ့ရာ၌ ရန်ကုန်မြို့တွင် ခေတ္တဝင်နားရင်း၊ ငွေစာရင်းမင်းကြီးရုံးအတွင်း ဆရာကြီးနှင့် ဆက်သွယ်မိသူ ဖြစ်လေသည်။ အချိန်အနည်းငယ်မျှသာဆွေးနွေး အကြံဉာဏ်များဖလှယ်ပြီးနောက်၊အမွာစ်ဖုတ်က ဆရာကြီး၏ ညွှန်ကြားပြသမှုခံယူ၍ ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်လိုလှကြောင်း ထုတ်ဖော် ပြောဆိုခဲ့သည်။ဆရာကြီးကလည်း အမွာစ်ဖုတ်သည် မကြာမီ ရန်ကုန်မှထွက်ခွာသွားရမည့် ခရီးစဉ်ရှိသည်ကို သိလင့်ကစား၊ သူ့ဆန္ဒပြည့်ဝစေရန်၊ တရားပြပေးလိုက်လေသည်။

ဤသို့ဖြင့် လေးရက်အကြာ အမွာစ်ဖုတ် ဘန်ကောက်မြို့သို့ ထွက်ခွာအသွားတွင်ကား၊ သူသည် လူသစ်တဦးဖြစ်သွားလေသည်။ ဝိပဿနာကမ္မဋ္ဌာန်းမှ ရအပ်သော အကျိုးကျေးဇူးအဖြစ် ကိုယ်နှင့်စိတ်ကို ကောင်းစွာ ထိန်းသိမ်းနိုင်သူ ဖြစ်ခဲ့လေသည်။ (ယနေ့အထိပင် အမွာစ်ဖုတ်သည် ဘုရားရှင်၏ တပည့်စစ်အနေဖြင့်သော် လည်းကောင်း၊ ဆရာကြီး၏တပည့်ထဲမှ ဦးစွာပထမ တရားပေါက်ရောက်ရာ၌ အဆင့်မြင့်မြင့် တွေ့သိခဲ့သူအနေဖြင့်သော် လည်းကောင်း၊ ဓမ္မရသကို မိမိ လိုသလို ခံစားနိုင်သော ပုဂ္ဂိုလ်တယောက် ဖြစ်၍နေပါလေပြီ)

ဆရာကြီးသည် ၁၉၆၅ ခုနှစ်၊ အသက် ၆၇ နှစ် အရွယ်တွင် ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ညွှန်ကြားရေးဝန်၊ အစိုးရစာရင်းနှင့် စာရင်းစစ်ကျောင်း၊ ကျောင်းအုပ်ကြီး၊ အစိုးရကော်မတီ များစွာ၏ ဥက္ကဋ္ဌ ဟူသော အစိုးရတာဝန်ဝတ္တရားများအားလုံးမှ လုံးဝအနားယူလိုက်ပြီးလျှင် မေ့လုပ်ငန်းတွင် ဇောက်ချ၍ ဆောင်ရွက်နေခဲ့သည်။ ယင်းလုပ်ငန်းနှစ်ရပ်မှာ....

(၁) မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာအစစ်အမှန် တည်တံ့နေစေရန် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရေး။

(၂) ဗုဒ္ဓသာသနာ ပေါ်ထွန်းရာ မူလဒေသဖြစ်သော အိန္ဒိယပြည်သို့သာသနာ ပြန်လည် ရောက်ရှိ ထွန်းကားစေရေးနှင့် ဗုဒ္ဓသာသနာမှေးမှိန်စွာ တည်နေသည့် ဒေသများ၌လည်း သာသနာ စည်ပင် တိုးပွားစေရေး ...

တို့ပင်တည်း။ ပထမလုပ်ငန်းရပ်တွင် ဆရာကြီးကြိုးပမ်းအောင်မြင်မှုရပ်တို့မှာ ဖော်ထုတ်၍ ကုန်နိုင်ဖွယ်မရှိပါ။ ယင်းလုပ်ငန်းသည် သာသနာပြု စိတ်ဓာတ်ဖြင့် ဆရာကြီးတရားစ၍ ပြသည်မှ ကွယ်လွန်သွားသည်အထိ၊ အာသးပေးဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါသည်။

ဒုတိယလုပ်ငန်းအတွက် အကောင်အထည်ဖော်ရာ၌ကား၊ အစိုးရတာဝန်များကို ပြန်လည် အပ်နှံလိုက်ပြီးနောက်တွင် မိမိ၏တပည့်ရင်းနှစ်ဦးဖြစ်သူ မြန်မာနိုင်ငံမှ ဦးဂိုအင်ကာနှင့် အမေရိကန်မှ မစ္စတာရောဘတ်ဟိုးဗားတို့အား ကျကျနန တရားပြသနည်း သင်ကြားပေးခြင်းဖြင့် ခိုင်မြဲစွာ အုတ်မြစ်ချကာ၊ အိန္ဒိယပြည်

နှင့် အမေရိကန်ပြည်ထောင်စုတို့၌ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရေး အတွက် ဆရာကြီးမကွယ်လွန်မီကပင် လွှဲအပ်ထားခဲ့ပေသည်။

ဦးဂိုအင်ကာသည် အိန္ဒိယပြည်၌ ၁၉၇၆ ခု၊ ဇူလိုင်လ ၅ရက်နေ့မှ လုပ်ငန်းများ စခဲ့၏။ ဘုံဘေမြို့နှင့် မဒရပ်မြို့မှ အစပြု၍ ကမ္မဋ္ဌာန်းတရားပတ်များဖွင့်ပေးကာ တရားပြသခဲ့ရာဝယ်၊ နယူးဒေလီ၊ ဗာရာဏသီ၊ နာလန္ဒာ၊ ကာလကတ္တားနှင့် ဗုဒ္ဓဂယာတို့အပါအဝင် ဖြစ်လေသည်၊ ထို့ပြင် ဦးဂိုအင်ကာ တရားပြသလေရာအရပ်တိုင်း၌ တရားဝင်သူတို့၏ ထောမနာမှုကို ရလျက် ဆရာကြီး၏ ဝိပဿနာ ကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ "အများလက်ခံနိုင်သော ထာဝရ တည်မြဲသော ငြိမ်းချမ်းမှု ပေးစွမ်းနိုင်သည့် လမ်းစဉ်မှန်" အဖြစ် လက်ခံ သွားကြကြောင်းကို ကြားသိနေရပေသည်။

အမေရိကန်ပြည်တွင်လည်း ကာလီဖိုးနီးယားမှ မစ္စတာရောဘတ်ဟိုးဗားသည် မကြာမီက ဆရာကြီးထံမှ ဩဝါဒခံယူလျက် တရားပြသရန် စီစဉ်ခဲ့လေသည်။ ဦးဂိုအင်ကာထံ တရားအားထုတ်သွားသူ အမေရိကန်များအဖို့ မိမိတို့နိုင်ငံသို့ ပြန်ရောက်လျှင်လည်း မစ္စတာဟိုးဗားထံ၌ ထပ်မံ တရားရယူနိုင်သည့် အခွင့်အရေးများ ရှိနေပြန်လေသည်။

ကမ္ဘာအရပ်ရပ်တွင် ယဉ်ကျေးမှုမျိုးစုံ ဖလှယ်နေချိန်၌ ဆရာကြီးသည် မြန်မာနိုင်ငံ၏ လက်ဆောင်ကောင်း အဖြစ် ဗုဒ္ဓ တရားတော်ကို ဖြန့်ချိနိုင်အောင် ကြိုးပမ်းလျက်ရှိခဲ့သည်။ အိန္ဒိယပြည်အဖို့ဆိုပါလျှင် ဗုဒ္ဓသာသနာမူလပေါ်ထွန်းရာ အရပ်ဖြစ်၍ အထူးတလည် ကျေးဇူးဆပ်သောအနေဖြင့် ဓမ္မရောင်ခြည် ပြန့်ပွားစည်ပင်စေရန် ဆောင်ရွက်ပေးခဲ့လေသည်။

ဆရာကြီးကွယ်လွန်သွားခြင်းအတွက် ကျွန်ုပ်တို့ မည်မျှ ကြေကွဲရသည်ကို စာဖြင့် ဖော်ကျူး၍ မကုန်နိုင်ပါချေ။ သို့သော်ဆရာကြီး ကွယ်လွန်စေကာမူ ဆရာကြီး၏အရေးအပါဆုံး ဘဝတာလုပ်ငန်းကြီးတရပ် အဆုံးသတ်သွားခြင်း မရှိသည့်အတွက်ကြောင့်ကား ကျွန်ုပ်တို့မှာ ဖြေသာနေပါသည်။ ဆရာကြီးရှိစဉ်က ရဲရဲဝံ့ဝံ့ ထိပ်တန်းကျကျ စွဲကိုင်လာခဲ့သော တရားမီးရှူးတန်ဆောင်ကိုယခုလည်း မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့ရှိ ဆရာကြီး၏ တပည့်ရင်းများက ဆက်လက်ထွန်းညှိ တောက်ပြောင်နေစေပြီ မဟုတ်ပါလော။ ထို့မှတပါး လက်တွေ့လုပ်ငန်းဖြင့် ဗုဒ္ဓတရားကို ထင်ရှားအောင်ပြသခဲ့သော ဆရာကြီး၏ လမ်းစဉ်သည် အင်္ဂလန်နှင့် အမေရိကန်ပြည်တို့တွင် ဆရာကြီး၏ တပည့်တဦးဖြစ်သူ မစ္စတာကိုလ်မင်း ထုတ်ဝေလိုက်သော "ငြိမ်သက်သော စိတ်"(THE QUIET MIND)ကျမ်းစာအုပ်၌အမှတ်တရတည်ရှိနေတော့မည် မလွဲဖြစ်ပေတော့သတည်း။

x x x

## ၇။ ၁၉၇၀ ခု၊ မတ်လ (၂) ရက် (၁၃၃၁ ခု၊ တပေါင်းလဆုတ် ၁ ရက်) နေ့တွင် ကျင်းပသော (၂၇) ကြိမ်မြောက် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့နှစ်ပတ်လည်အစည်းအဝေး သဘာပတိ ဦးတင့်ရီ မိန့်ခွန်း

ကြွရောက်လာကြသော ဓမ္မမိတ်ဆွေများခင်ဗျား၊ ဒီနေ့ အစည်းအဝေးဟာ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၏ (၂၇ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ မူလ ဒီအဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌကြီးလည်းဖြစ်၊ ကျွန်တော်တို့ ဆရာကြီးလည်းဖြစ်တဲ့ ဆရာကြီးဦးဘခင် အနိစ္စရောက်ပြီးသည့်နောက် ဒီ နှစ်ပတ်လည် အစည်းအဝေးကြီးဟာ (၁၀) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကြီး ဖြစ်ပါတယ်၊ ပြီခဲ့တဲ့နှစ်အတွင်းမှာ ကျွန်တော်တို့ဟာ အများကိုယ်စား ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေဟာ အတွင်းရေးမှူးရဲ့ အစီရင်ခံစာထဲမှာ ပြည့်ပြည့်ဝဝ အစီရင်ခံထားတာကို တွေ့ရပါလိမ့်မယ်၊ ငွေရေးကြေးရေးကိစ္စရော တရားနှင့် ပတ်သက်တဲ့ကိစ္စရော ဆရာကြီးကိုယ်တိုင် ချမှတ်ထားတဲ့မူအတိုင်း လုပ်ဆောင်ကြတဲ့အတွက် ကျွန်တော်တို့ဗမာပြည်မှာ တိုးတက်မှု၊ နိုင်ငံခြားမှာ တိုးတက်မှုဒါတွေအားလုံးဟာ အစီရင်ခံစာထဲမှာ ပါပြီးသားဖြစ်လို့ ကျွန်တော်အနေနှင့် ထပ်ပြီးရှင်းပြဘို့ မလို တာ့ပါ။

ကျွန်တော် နဲနဲလေး သတိပေးချင်တာတခုတော့ရှိပါတယ်။ ကျွန်တော်တို့ ဝိပဿနာအဖွဲ့ကြီးကို မူလတည်ထောင်ခဲ့စဉ်က ဆရာကြီးရဲ့ ရည်ရွယ်ချက်တခုဟာ ဘာလဲဆိုတော့၊ ကျွန်တော်တို့ မြတ်စွာဘုရားရဲ့ သာသနာတော်၊ မြတ်စွာဘုရားရဲ့ အဆုံးအမဩဝါဒကို လိုက်နာကြတဲ့နေရာမှာ အထူးသဖြင့် ဝိပဿနာတရားကို ပွားများတဲ့နေရာမှာ လောကကြီးကို စွန့်ခွာပြီး တောထွက်ပြီးမှ ကျင့်ရတဲ့လုပ်ငန်းမျိုး မဟုတ်ဘူး၊ လောကီလုပ်ငန်း ဝတ္တရားတွေကိုဆောင်ရွက်ရင်းနဲ့ဘဲ မြတ်စွာဘုရားရဲ့ အဆုံးအမဖြစ်တဲ့ ဝိပဿနာတရားများကို တပြိုင်နက်တခါထဲဘဲ ကျင့်သွားနိုင်တယ်ဆိုဒါကို ရည်ရွယ်ချက်ထားပြီး ဒီအဖွဲ့ကြီးကို တည်ထောင်ခဲ့ပါတယ်၊ တည်ထောင်ခဲ့တဲ့အတိုင်းလဲ ဆရာကြီးကိုယ်တိုင် နမူနာပြပြီး ဆောင်ရွက်သွားပါတယ်၊ သူ့တပည့်များလဲဘဲ ဒီနည်းအတိုင်း လုပ်ခဲ့ကြပါတယ်၊ အဲဒီတော့ ကျွန်တော်တို့တတွေဟာ လောကဝတ္တရားတွေနဲ့ မကင်းမကွာသေးပေမဲ့လဲ၊ ဝိပဿနာတရားတွေကိုပါ တချိန်ထဲ ပွားများနိုင်တယ်ဆိုဒါ သတိပေးချင်တဲ့သဘောနှင့် ဒီမူလ ရည်ရွယ်ချက်ကြီးကို ကျွန်တော် ဖော်ပြပါတယ်။

နောက်တခုက ဒီဝိပဿနာအဖွဲ့ကို တည်ထောင်တုန်းက ကျွန်တော်တို့ ရည်ရွယ်ချက်က သီးသန့်အဖွဲ့အနေနှင့် တည်ထောင်ဘို့၊ ဘယ်ပုဂ္ဂိုလ်မျိုးတွေကို ရည်ရွယ်ပြီး တည်ထောင်ခဲ့သလဲဆိုတော့၊ ပထမ ငွေစာရင်းမင်းကြီး၊ နောက်တော့ ငွေစာရင်းစစ်ဌာန ရုံးသူရုံးသားများနှင့် သူတို့ရဲ့ မိဘဆွေမျိုးများ ဝိပဿနာတရားများ ပွားများလိုခဲ့သော် ဟိုနေရာ၊ ဒီနေရာ၊ မသိလို့ရှိရင် ဒီမှာ သီးသန့်ထိုင်နိုင်ဘို့ အခွင့်အရေးပေးတဲ့အနေနဲ့ ဒီအဖွဲ့ကြီးကို ရုံးသူရုံးသားများ၏ ဒါနကို အခြေခံပြီးတော့ တည်ထောင်ခဲ့ပါတယ်၊ ဒုတိယပုဂ္ဂိုလ်မျိုးကို ရည်ရွယ်ခဲ့တာကတော့ နိုင်ငံခြားသားများအား ကျွန်တော်တို့ အနေနဲ့က အင်္ဂလိပ်ဘာသာကို ဘတ်ကြသည့်အားလျော်စွာ သူတို့ကို အင်္ဂလိပ်လိုရှင်းပြတဲ့ နေရာမှာ ဆရာတော်တွေထက်ပိုပြီး ဖြစ်မြောက်နိုင်တယ်၊ အဲဒါကြောင့်မို့လို့ နိုင်ငံခြားသားများကို တရားပြမယ်ဆိုပြီး ရည်ရွယ်ခဲ့ပါတယ်၊ တတိယ ပုဂ္ဂိုလ်မျိုးကတော့ ဒီမှာ တရားအားထုတ်သွားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီးတော့ သိကြတဲ့ မိတ်ဆွေရင်းခြာထဲက တရားအားထုတ်လိုခဲ့သော်၊ ဒီမှာလာပြီး တရားအားထုတ်နိုင်ကြပါတယ်၊ ဒီလိုပုဂ္ဂိုလ် (၃) မျိုးကို ရည်ရွယ်ပြီးတော့ ဒီတရားဌာနကြီးကို ဖွင့်ခဲ့ပါတယ်။

ဒီတရားဌာနစခန်းကတော့ ကျွန်တော်တို့မူလပထမ ရည်ရွယ်ချက်အရ ရုံးသူရုံးသားများဟာ ဒီမှာလာပြီး တော်တော်များများ လာအားထုတ်ကြပါတယ်၊ ဆရာကြီး၏ တပည့်များလဲ ဖြစ်ခဲ့ပါတယ်၊ အဲဒီနောက်တော့ နိုင်ငံခြားသား နည်းနည်းပါးပါး တယောက်စ နှစ်ယောက်စ ရောက်လာကြပါတယ်၊ အဲဒီနောက်တော့ တတိယအမျိုးအစားဖြစ်တဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေကို လက်ခံခဲ့ပါတယ်၊ အဲဒီလိုနဲ့ဘဲ တဖြည်းဖြည်း ဒီလုပ်ငန်းကြီးကို ဆောင်ရွက်သွားပါတယ်၊ ဒီနေ့အခြေအနေက ဘယ်လိုဖြစ်လာသလဲဆိုတော့၊ ရုံးသူရုံးသားများထဲက တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ တဖြည်းဖြည်း နည်းလာတယ်၊ ပြင်ပပုဂ္ဂိုလ်တွေက များလာတယ်၊ အဲဒီနောက်တော့ နိုင်ငံခြားသားတွေ များလာကြတယ်၊ ယခုလက်ရှိ အခြေအနေကတော့ သိကြတဲ့အတိုင်းဘဲ ပထမ ဦးစားပေးတဲ့ ရုံးသူရုံးသားများက တော်တော် နည်းသွားပါတယ်၊ ဒီနှစ်ဆိုလျှင် ရုံးသူရုံးသားများထဲက တရားအားထုတ်တဲ့သူ မရှိသလောက်ပါဘဲ၊ တဖက်ကတော့ နိုင်ငံခြားသားတွေဟာ တော်တော်များလာကြပါတယ်၊ နောက်ပြင်ပပုဂ္ဂိုလ်တွေလဲ အသိုက်အလျောက်တော့ လာကြပါတယ်။

ဒီတော့ ရုံးသူရုံးသားတွေနှင့် ပတ်သက်ပြီး မလာကြတာကတော့ ကျွန်တော်တို့ စဉ်းစားမိတာကတော့ တချို့ လူသစ်ကလေးတွေက ဒီရိပ်သာရှိမှန်းတောင် မသိကြဘူး၊ အဲဒီတော့ မသိလို့ မလာကြတာရယ်၊ အလုပ်တွေကများလို့ ခွင့်မရလို့ မလာကြတာရယ် စသည်ဖြင့် ဖြစ်ကြပါလိမ့်မယ် ထင်ပါတယ်၊

ကျွန်တော့်အနေနဲ့ ကိုယ့်အချင်းချင်း လူရင်းမို့လို့သတိပေးချင်တာကတော့ ဒီမြတ်စွာဘုရားရဲ့ သာသနာမှာ ဒါန၊ သီလ၊ ဘာဝနာဆိုဒါ ရှိတယ်၊ ဘာဝနာဆိုဒါက သမထဘာဝနာ၊ ဝိပဿနာဘာဝနာရယ်လို့ပွားများစရာရှိတယ်၊ အဲဒီလေးမျိုးထဲမှာ ဒါန၊ သီလ၊ သမထဘာဝနာများကတော့ မြတ်စွာဘုရားပွင့်တော်မူတဲ့အချိန်၊ မြတ်စွာဘုရား သာသနာတည်တဲ့အချိန် မဟုတ်တဲ့ သာသနာပအချိန်တွေမှာလဲ ပြုလုပ်နိုင်တဲ့ ကုသိုလ်တွေပါဘဲ၊ ဘယ်အချိန်ဖြစ်ဖြစ် ဒါနဆိုတာ ရှိတယ်၊ သီလဆိုတာ ရှိတယ်၊ သမထဆိုတာ အထိုက်အလျောက်တော့ ရှိတယ်၊ ဒီနိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သံသရာက လွတ်မြောက်ရာလွတ်မြောက်ကြောင်း တခုတည်းဖြစ်တဲ့ ဝိပဿနာတရားဆိုတာကတော့ မြတ်စွာဘုရားများ သဗ္ဗညုတဉာဏ်တော်ရပြီး မြတ်စွာဘုရားတို့ပွင့်တော်မူတဲ့အချိန် မြတ်စွာဘုရားတို့ရဲ့ သာသနာ တည်တော်မူတဲ့ အချိန်မှာသာလျှင် ဝိပဿနာတရားများ ပွားများနိုင်ပါတယ်၊ ပေါ်ပေါက်ပါတယ်၊ သာသနာပသွားတာနဲ့ ဒီတရားဟာ ငုပ်သွားတယ်၊ မရှိတော့ဘူး။

အဲဒီတော့ ဒီသံသရာက လွတ်ဘို့ဆိုတာကလည်း ဝိပဿနာတရား၊ မဂ္ဂင်လမ်းကြောင်းအတိုင်း ကျင့်သုံးတဲ့ ဝိပဿနာတရားမှအပ မရှိဘူးတဲ့၊ အဲဒီတော့ ကျွန်တော်တို့တတွေဟာ အဲဒါကို သတိထားဘို့ပါ။ ကျွန်တော်တို့ဟာ လူ့ဘဝဆိုဒါ၊ မြတ်စွာဘုရားလဲ ဟောကြားခဲ့တယ်၊ လူ့ဘဝဆိုဒါ အင်မတန်ရခဲတယ်၊ လူ့ပြည်က အပ်တစင်းထောင်၊ ဗြဟ္မာပြည်က အပ်တစင်းထောင်ပြီးချလိုက်ရင် အပ်ဖျားချင်း ထိချင်ထိအုံးမယ်၊ လူ့ဘဝရဘို့ဟာ ဒီထက်ခဲယဉ်းတယ်တဲ့၊ ဒါက မြတ်စွာဘုရားဟောတာ၊ မြတ်စွာဘုရားဟောတော့ ကျွန်တော်တို့တော့ ယုံကြည်တာဘဲ၊ မြတ်စွာဘုရားက မဟုတ်တာမဟောဘူး၊ ခုတ်သိ သေသေချာချာ တိုက်တိုက်ရိုက်ရိုက် သိတာဘဲ ဟောတော့ ဒါယုံကြည်တာဘဲ၊ အဲဒီတော့ ဒီလောက် ခဲယဉ်းတဲ့လူ့ဘဝကို ရခဲ့ပြီး ဒီရခဲ့တဲ့အထဲမှ ကျွန်တော်တို့ဟာ နောက်တဆင့်တိုးပြီး မြတ်စွာဘုရားရဲ့သာသနာနဲ့လဲ ကြုံကြိုက်နေပြီ၊ ဒီမြတ်စွာဘုရားနဲ့ ကြုံကြိုက်ဘို့ဆိုတာလဲ အင်မတန် ခဲယဉ်းတယ်၊ ဘုရားပွင့်ဘို့ဆိုတာလဲဘဲ ဒုလ္လဘတရားထဲမှာလဲ ပါတယ်၊ အင်မတန်ခဲယဉ်းတယ်၊ ဒါ သာမန်အားဖြင့် တွေးကြည့်ရင်လဲဘဲ သိနိုင်ပါတယ်၊ ဘယ်လောက်ခဲယဉ်းလဲဆိုတာ။

ဂေါတမမြတ်စွာဘုရားဟာ ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်မှာ ဗျာဒိတ်တော် ရခဲ့တယ်၊ ဒီဘဒ္ဒကမ္ဘာမှာ ဘုရားအဖြစ်ကို ရောက်တော်မူခဲ့တယ်။ ဒီကာလကြားထဲမှာ ဘယ်လောက်ကြာသလဲဆိုတော့ ကမ္ဘာပေါင်း ၄ သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့ရတယ်၊ တသင်္ချေမှာ ၁ နောက်ကသုညပေါင်း ၁၄၀ လို့ပြောတယ်၊ အဲဒီကမ္ဘာပေါင်း ၄ သင်္ချေနဲ့ ကမ္ဘာတသိန်း ကာလအတွင်းမှာ ဘုရားဘယ်နှစ်ဆူ ပွင့်သလဲဆိုတော့ ၂၈ ဆူ ပွင့်သွားတယ်။ ဒါ

ကြောင့် ဘုရားနှင့်တွေ့ဘို့ ဘယ်လောက်ခဲယဉ်းသလဲဆိုတာ စဉ်းစားကြည့်ပေတော့၊ သာမညအားဖြင့် ပြောမယ်ဆိုရင် ကျွန်တော်တို့ သိန်းထီထိုးတိုင်းပေါက်ချင်ပေါက်မယ်၊ လူဖြစ်ဘို့ဆိုတာခက်တယ်၊ ဒီထက်ခက်တာက လူဖြစ်ပြီးမြတ်စွာဘုရားနှင့် တွေ့ဘို့ဆိုတာ ပိုခက်တယ်၊ အဲဒီလောက်ခက်တဲ့ ခဲယဉ်းတဲ့အင်မတန်မှ တွေ့လို့မရတဲ့ ခေတ်ကောင်း အခါကောင်းမျိုးကို ယခု ရတယ်၊ နဲနဲနောနော ပါရမီမဟုတ်ဘူး၊ ဒါ ကျွန်တော်တို့ဘဝက တော်တော်လေးကို ကြိုးစားခဲ့လို့ ဒီပါရမီမျိုးကို ရတယ်၊ အဲ့ဒီတော့ ဒီလိုဘဝမျိုးဖြစ်တဲ့အချိန်မှ အထွဋ်အမြတ်ဖြစ်တဲ့ ဝိပဿနာတရားကိုတော့ တတ်နိုင်သလောက် အားထုတ်ကြပါလို့ ပြောလိုပါတယ်။

ဒါနှင့် ပတ်သက်ပြီးတော့ နိုင်ငံခြားသားတွေဟာ တယ်အားရစရာကောင်းတယ်၊ သူတို့ဟာ ကံကိုယုံတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ဘူး၊ ဒါပေမဲ့ မြတ်စွာဘုရားရဲ့ တရားတော်၊ ဒီဝိပဿနာတရားကို ပွားများလိုက်တယ် ဆိုတာနဲ့ သူတို့ပါရမီကလည်း ပါတော့၊ ဒါတခါဘဲ ဒီအကျိုးတွေကို သက်ဝင်ယုံကြည်လာတယ်၊ သက်ဝင်ယုံကြည်လာပြီးတော့ နောင်ဘဝကိုထားအုံး၊ ဒီဘဝတွင်ဘဲ အခါမလင့် ကိုယ်ကျိုးတွေ ခံစားရတယ်ဆိုတာ သူတို့ ကိုယ်တွေ့ တွေ့လာတော့ ဒီတရားကိုမထိုင်ရရင် မနေကိုမနေနိုင်လောက်အောင် ဖြစ်လာတယ်၊ တချို့ဆိုလို့ရှိရင် ဒီကို ဘယ်လောက်လာသလဲ၊ သူငယ်တယောက်ဆိုရင် ဒီကိုလာတာ အခေါက် (၃၀) ရှိပြီ၊ ယခု ဒီမှာထိုင်နေတဲ့ (ဆွစ်ဇာလံ) က သူငယ်ဆိုလျှင် မနှစ်က ပထမဆုံးတခေါက်လာပြီးတော့ ဆက်တိုက် (၇) ရက်တပတ် ပြန်လာပြီး ထိုင်လိုက်တာ (၇) ခေါက်လောက် ပြန်လာတယ်၊ ဒီတော့ သူတို့တတွေကို ကြည့်လိုက်လျှင် တယ်အားကျစရာကောင်းတယ်၊ သူတို့အနေနှင့် ဘုရားပွင့်တယ် ဆိုတာ အင်မတန်ခဲယဉ်းတယ်ဆိုတာ သိတယ်၊ ဝိပဿနာ တရားမှသာလျှင် ချမ်းသာအစစ်ကို ရမယ်ဆိုတာ သိတယ်၊ ဒီတော့ သူတို့လိုပုဂ္ဂိုလ်မျိုးတောင်မှ ဒီလိုသိလျှင်၊ ဒီလိုကြိုးစားလျှင် ကျွန်တော်တို့ တတွေဟာလည်း သူတို့ထက် လွယ်လွယ်ကူကူ အခြေခံလည်း ပိုကောင်းတယ်၊ အခြေအနေလည်း ပိုပြီးလွယ်တယ်၊ တရားထိုင်ဘို့။

ဒါကြောင့် ကျွန်တော်တို့တတွေလဲဘဲ အဲဒါလေးတွေ စဉ်းစားပြီးတော့ မြတ်စွာဘုရားနှင့် သာသနာနှင့်ကြုံတဲ့အခိုက်အတန့်၊ မြတ်စွာဘုရားသာသနာကြုံတာတောင် မြတ်စွာဘုရားရဲ့ သာသနာ ၅၀၀၀ ကို နှစ် ၅၀၀ အားဖြင့် ပိုင်းထားတဲ့ခေတ်တွေရှိမယ်၊ မြတ်စွာဘုရားပွင့်တော်မူပြီးသည်နောက်၊ ဝိပဿနာ

တရားထွန်းကားတဲ့ ဝိမုတ္တိခေတ်၊ နောက် သမာဓိခေတ် ၅၀၀၊ နောက်သီလ ခေတ် ၅၀၀၊ နောက် ဒါနခေတ် ၅၀၀ ရှိတယ်၊ နောက် သုတဆိုတဲ့ တရား နာရုံမျှသာဖြစ်၍ သုတခေတ် ၅၀၀ ရှိတယ်၊အဲဒါ သာသနာခေတ် ၂၅၀၀ ပြည့် သွားပြီ၊ နောက် ၂၅၁၀ ကျော်မှာ၊ နှစ်ငါးရာဟာ ဝိမုတ္တိခေတ်၊ မြတ်စွာ ဘုရားရဲ့ ဝိပဿနာတရားတော်များ ပြန်ပြီး ထွန်းကားလာတဲ့ခေတ်၊ ဝိပဿနာ ခေတ်ကောင်းလာတဲ့ခေတ် အဲဒီခေတ်နှင့်လဲ ကျွန်တော်တို့ ခုကြုံနေရတယ်။ အဲဒီ တော့ ဒီထက်ကောင်းတဲ့ ကာလတော့ မရှိဘူး၊ မဂ်တရား၊ ဖိုလ်တရား၊ ရစရာ အကြောင်းရင်းတွေကတော့ ဒီအချိန်မှာ အကောင်းဆုံးဘဲ။

အဲဒါကို သတိထားပြီး ကျွန်တော်တို့တတွေဟာ ကြိုးစားကြဘို့၊ တတ် နိုင်လို့ရှိရင်လဲ ကိုယ်နှင့်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေကိုလဲဘဲ၊ ဝိပဿနာတရားရဲ့တန်ဘိုး ရှိပုံ၊ ဒါတွေကတော့ အားလုံးသိကြတဲ့အတိုင်းဘဲ၊ ဒီဟာထက်အခွင့်အရေးလည်း ပေးဘို့ ငွေစာရင်းမင်းကြီးရုံးကို အခြေခံပြီး တရားဌာနဖွင့်ထားပါတယ်၊ဒီတော့ သူတို့တတွေကိုလဲ အခါအားလျော်စွာ တွေ့တဲ့အခါမှာ တိုက်တွန်းပြီးတော့ သူတို့ကိုလဲ အနည်းဆုံး ပါရမီရသွားအောင်၊ ပါရမီဖြစ်အောင်၊ ပါရမီမရှိ သေးတဲ့သူ ပါရမီဖြစ်အောင်၊ ပါရမီရှိလို့ သူတို့ဆန္ဒ ပေါ်လာလျှင်လဲ ပါရမီ ရင့်ကြက်သထက် ရင့်ကျက်အောင် ဖြစ်လာဘို့ကို ထောက်ပံ့ ကူညီကြပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။

## (ဂ) အထောက်အထားပြုစာရွက်စာတမ်း၊ စာနယ်ဇင်းနှင့်ကျမ်းညွှန်းစာရင်း။

၁။ မြန်မာနိုင်ငံ၊ ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့ အထွေထွေစာပေး စာယူ ဖိုင်တွဲများ။

၂။ အင်းယားမြို့လမ်း၊ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန စာပေး စာယူ ဖိုင်တွဲများ။

၃။ နိုင်ငံခြား တရားသမားများဆိုင်ရာ ဖိုင်တွဲအသီးသီးများ။

၄။ မြန်မာနိုင်ငံ၊ ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၊ နှစ်ပတ်လည် အစည်းအဝေး အစီရင်ခံစာများ။ (၁၉၅၆) ခုမှ (၁၉၇၉)ခုနှစ်ထိ။

၅။ ဆရာကြီးဦးဘခင် ပေးအပ်ခဲ့သော ကိုယ်ရေးကိုယ်တာ မှတ်တမ်းများ။

၆။ ဆရာကြီးဦးဘခင်၏ နေ့စဉ်ဒိုင်ယာရီမှတ်တမ်း ကောက်နုတ်ချက်များ။

၇။ ဦးချစ်တင်၏ထံမှ ပေးပို့သောစာများ။

၈။ ဦးချစ်တင်၏ နေ့စဉ်ဒိုင်ယာရီမှတ်တမ်း ကောက်နုတ်ချက်များ။

၉။ ဦးကိုလေး၏ နေ့စဉ်ဒိုင်ယာရီမှတ်တမ်းများ။

၁၀။ အတွင်းရေးမှူး ဦးဘဘိုးပေးအပ်သောမှတ်တမ်း၊ စာရွက်စာတမ်းများ။

၁၁။ နိဗ္ဗာန်ရှေးရှုသည့် တော်လှန်မှု၊ ၁၉၅၀၊ ၁၁၁၂ ဝါဆိုလပြည့် အသံလွှင့်ဟောပြောချက်။ ဝိပဿနာအဖွဲ့စာစောင်။

၁၂။ ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိအဖြေမှန်၊ ဝိပဿနာအဖွဲ့စာစောင်။

၁၃။ ဗုဒ္ဓတရားနှင့် နိုင်ငံခြားသားများ၏ကိုယ်တွေ့၊ ဝိပဿနာအဖွဲ့စာစောင်။

၁၄။ လောကုတ်လောကီစွယ်စုံညီသော သရေစည်သူ ဦးဘခင်၊ မောင်ရဲလွင်။
သင့်ဘဝ ၁၉၆၀ ခု၊ ဒီဇင်ဘာလ၊ အတွဲ ဂ အမှတ် ၅။

၁၅။ ကမ္ဘာ့သာသနာပြု ပုဂ္ဂိုလ်ထူး၊ ဇေယျာမောင်။
သင့်ဘဝ၊ ၁၉၇၁ ခု၊ မတ်လ၊ အတွဲ ၁၈၊ အမှတ် ဂ။

၁၆။ မြန်မာ့ဂုဏ်ဆောင် ဆရာကြီး ဦးဘခင်။ ဦးကိုလေး။
ရတနာမွန် မဂ္ဂဇင်း၊ ၁၉၇၃ ခု၊ မေ-ဇွန်၊ အတွဲ ၃၊ အမှတ် ၄။

၁၇။ ဆရာကြီးဦးဘခင်၏ သာသနာပြုလုပ်ငန်းများ။ ဇေယျာမောင်။
ရတနာမွန် မဂ္ဂဇင်း၊ ၁၉၇၅၊ နိုဝင်ဘာလ၊ အတွဲ ၅၊ အမှတ် ၂။

၁၈။ ဗုဒ္ဓ၏ ဝိပဿနာ ဘာဝနာတရား။ ခရစ်ယန် ဘုန်းတော်ကြီး ဖာသာ လောရင့်စ်။ ဘာသာပြန်ဆိုသူ - ရွှေမြိုင်ကျော်ထင်။
ဗုဒ္ဓ၊ ဓမ္မ၊ လောက၊ ၁၉၇၃ မေလ။ အတွဲ ၁၀၊ အမှတ် ၄၉နှင့် ၅၀။

၁၉။ ကမ္ဘာမှာ မြန်မာ့အတွက် ခေါင်းဆောင်တနေရာ။ ဦးရဲလွင်။
သင့်ဘဝ၊ ၁၉၇၈ ခု၊ မတ်လ၊ ၂၅ နှစ်မြောက်စာစောင်။

၂၀။ ကြာပင်အောက်ကဖား။ သုခ။
ဇေယျာမဂ္ဂဇင်း၊ ၁၉၈၀ မေလ၊ အတွဲ ၁။

၂၁။ ဝိပဿနာ ကမ္ဘာပျံ့ပြီ။ ဒါယာနန်၊ အဒူးကီးယား၊ ဆရာကြီး ဦးဘခင် အထိမ်းအမှတ် ရံပုံငွေအဖွဲ့၊ ဂေါပကလူကြီး၊ ဘာသာပြန်သူ ဦးစံမြင့်အောင်။

၂၂။ တရားပြသူ ဆရာတဆူ၊ ဦးဘခင်အားရည်စူးလျက်။
ရွှေမြိုင်ကျော်ထင်၊ ဗုဒ္ဓ၊ ဓမ္မ၊ လောက။ ၁၉၇၂ ခု၊ အတွဲ ၁၀၊ အမှတ် ၂၅။

၂၃။ ကမ္ဘာလှည့် နိုင်ငံခြားသား တရားအားထုတ်သူများ၊ ဝေဘူဆရာတော်အား ဖူးမြော်ခန်း။ ၁ နှင့် ၂။ တင်ပြသူ—ရွှေမြိုင်ကျော်ထင်။

1. Practical Buddhist Meditation. Personal Experiences of Candidates Buddhists and Non. Buddhists. Vipassana Association. Inya Myaing.

2. Introduction to the International Meditation Centre. Inya Myaing.

3. What Buddhism Is. Department of Religious Affairs Publication.

4. The Essentials of Buddha Dhamma in Meditation Practice. by U Ba Khin.

5. The Real Values of True Buddhist Meditation. A paper read by Thray Sithu U Ba Khin. Vipassana Association, Inya Myaing.

6. The Maha Bodhi Journal. U Ba Khin Memorial Number. B.E 2515 April 1972 C.E.

7. Vipassana Newsletters. Berkeley. California. U. S. A.

8. In Memory of Thray Sithu Sayagyi U Ba Khin. An appreciation by Zeya Maung. The Guardian 4-2-71

9. Can Buddhism Provide the answer. U Chit Tin.

10. The Guru (Sayagyi) U Ba Khin and the Internatioal Meditation Centre. What they say about. Khit Sann Maung. The Maha Bodhi Journal. April 1972.

# ဇေယျာမောင် ၏ မြတ်ဗုဒ္ဓစာစဉ်

## ※ ထွက်ပြီးစာအုပ်များ ※

စာစဉ် ၁။ မြတ်ဗုဒ္ဓဒေသနာ။

စာစဉ် ၂။ မြတ်ဗုဒ္ဓသာသနာရောင်ပြာ
ဝင်းစေဘို့ ဆရာကြီးဦးဘခင်။

## ※ ဆက်လက်ထွက်မည့်စာအုပ်များ ※

စာစဉ် ၃။ မြတ်ဗုဒ္ဓသာသနာ
ကမ္ဘာတွင်ထွန်းချိန်မို့။

စာစဉ် ၄။ မြတ်ဗုဒ္ဓအဘိဓမ္မာလာ စိတ်ပညာ။

စာစဉ် ၅။ မြတ်ဗုဒ္ဓဝိပဿနာ
ရောင်ပြာလင်းပြီမို့



Vipassana Meditation in the tradition of Sayagyi U Ba Khin is now being taught on an ongoing basis at three international centres: The International Meditation Centre, Rangoon Burma; The Vipassana International Academy, Igatpuri, India; and The International Meditation Centre, Heddington, England.

The purpose of establishing facilities that are totally devoted to teaching Vipassana meditation in this tradition is to provide students with an atmosphere where more serious work can be done and a deeper appreciation of anicca developed. Experience has shown that progress on the path proceeds through the knowing of anicca as continuously as possible with a minimum of distracting influences. Such atmospheres are found in the centres in Burma, India and England.

